
www.burmeseclassic.com

ကြည်သာ

# DICTIONARY OF LEGAL TERMS

# အင်္ဂလိပ် - မြန်မာ ဥပဒေဝေါဟာရ အဘိဓာန်



ဦးကိုကို
တရားလွှတ်တော်ရှေ့နေ

ကြည်သာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ● | ၂၀၁၄ ဒီဇင်ဘာလ |
| အုပ်ရေ | ● | ၁၀၀၀ |
| တန်ဖိုး | ● | ၇၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ● | မြင့်စိုး(လင်း) ၀၉-၇၃၀ ၈၇၁၂၆ |
| ကွန်ပျူတာစာစီ | ● | ရွှေပြည်တန် |
| ဖလင် | ● | ထွန်းထွန်း |
| စာအုပ်ချုပ် | ● | ကိုမြင့်လွင် |
| မျက်နှာဖုံးနှင့် | ● | ဦးနိုင်လေး |
| အတွင်းပုံနှိပ် | ● | သီရိတိပိဋကတ်ပုံနှိပ်တိုက် အမှတ် ၃၃၃၊ ဗိုလ်ချုပ်လမ်း ကျောက်တံတားမြို့နယ် |
| ထုတ်ဝေသူ | ● | ဒေါ်သင်းသင်းမွန် (သင်းစာပေ) အမှတ် ၁၀၊ ရတနာမြိုင်လမ်း ကမာရွတ်မြို့နယ် |


## Dedication

to my parents U Tin Ohn Daw Kyi Kyi Nu and my devoted wife Khin Mar Aye.

www.burmeseclassic.com

www.burmeseclassic.com

# စည်သူဦးမြတ်သူ(ခ)ဦးကျော်ဇင်ညွန့်
# (တရားလွှတ်တော်ရှေ့နေ)၏
# အမှာစာ

တရားလွှတ်တော်ရှေ့နေ ဦးကိုကို၏ ဥပဒေဝေါဟာရအဘိဓာန်စာအုပ်ကို စာမူအဆင့်တွင် ဤစာရေးသူဖတ်ခွင့်လိုက်ရပါသည်။ အဘိဓာန် DICTIONARY ဟူသည် ဘာသာစကားတစ်ခု၏ စကားလုံးဝေါဟာရများကို အခြားလူမျိုးများ အခြားဘာသာစကားသုံးစွဲသူများသိရှိနားလည်ရန် အဓိပ္ပါယ်အနက်ဖွင့်ဆိုပြသော စာအုပ်ပင်ဖြစ်သည်။ မြန်မာစာ မြန်မာစကားအဘိဓာန်များ၌ ဝေါဟာရများကို မြန်မာသင်ပုန်းကြီးအက္ခရာစဉ်အလိုက် သရတွဲသံစဉ်အလိုက်စီကာ ယင်းဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို လွယ်ကူရှင်းလင်းစွာ အနက်ဖွင့်ပြခြင်းဖြစ်လေသည်။ အင်္ဂလိပ်အဘိဓာန်များကို နိုင်ငံအလိုက်သုံးစွဲကြသောဘာသာစကားဖြင့် အဓိပ္ပါယ်ဖွင့်ကြသည်။ နိုင်ငံတိုင်းလူမျိုးတိုင်းက တပြိုင်နက်သုံးနိုင်ရန် ကမ္ဘာတွင် လူသုံးများသောအင်္ဂလိပ်ဝေါဟာရတစ်ခုကို အင်္ဂလိပ်ဘာသာဖြင့်ပင် လွယ်ကူစွာရှင်းပြထားသော(English to English dictionary) အဘိဓာန်များလည်းရှိပါသည်။

မြန်မာဘာသာသို့ ပြန်ဆိုသော အင်္ဂလိပ်မြန်မာအဘိဓာန်ကို မြန်မာတို့အသုံးများကြသည်။ မြန်မာဝေါဟာရများကို အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပါယ်ဖလှယ်ပြန်ဆိုပေးသော မြန်မာ–အင်္ဂလိပ် အဘိဓာန်မျိုးလည်းရှိပါသည်။ ပါဠိ–မြန်မာအဘိဓာန်များလည်းရှိပေသေးသည်။ ဝေါဟာရတစ်ခု၏ အဓိပ္ပါယ်ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း နိုင်ငံခြားဘာသာစကားဖြင့်လည်းကောင်း အနက်ဖွင့်ကြသည့်အပြင်အသံထွက်မှန်ကန်စေရန်အတွက် အသံထွက်သင်္ကေတ (Phonetic Symbol)ဖြင့် ဝေါဟာရ၏နောက်တွင် ထည့်သွင်းဖော်ပြလာသည် ကိုတွေ့မြင်လာရပါသည်။ သဒ္ဒါနည်းအရ ထိုဝေါဟာရသည် ကြိယာ (Verb) အဖြစ်သည်နာမ်(Noun) အဖြစ်သည် နာမဝိသေသန(Adverb) ဖြစ်သည့်ကိုသိရန် အတိုကောက် အမှတ် အသားဖြင့်လည်းပြကြပါသည်။ ယင်းဝေါဟာရစာလုံးကို နမူနာဝါကျသုံးသုံး၍ လည်းပြလာကြပါသည်။ ထို့ပြင် ထိုဝေါဟာရနှင့်ဆက်စပ်ဆုံးသောစကားလုံး များကိုပါဖွင့်ပြလာကြသည်။

ဘာသာရပ်ဆိုင်ရာ အဘိဓာန်များလည်း သက်ဆိုင်ရာဘာသာရပ် ပညာရပ်အလိုက် ဝေါဟာရများရွေးချယ်စုစည်းကာ အနက်ဖွင့်ပြုစုထုတ်ဝေလာကြသည်။ အင်္ဂလိပ်ဘာသာထုတ် အဘိဓာန်များတွင် ဆေးပညာရပ်အဘိဓာန် အင်ဂျင်နီယာသုံးအဘိဓာန် ဘာသာရေးအဘိဓာန် ဂီတအဘိဓာန် ဥပဒေဝေါဟာရအဘိဓာန် စသည်များလည်း အသီးသီးအသကပြုစုထုတ်ဝေလာကြသဖြင့် ပညာရှာသူများ လေ့လာသုတေသနပြုသူများ စာသင်သားများအတွက် အားကိုးအားထားရာ အဘိဓာန်များပေါ်ကြွယ်ပြည့်စုံလာရပေသည်။

ပြည်ပမှထုတ်ဝေသော ဥပဒေဝေါဟာရအဘိဓာန်များ မြန်မာနိုင်ငံအတွင်းမှ သုတေသီပညာရှင် ဥပဒေပညာရှင် များပြုစုထုတ်ဝေသော ဥပဒေဝေါဟာရအဘိဓာန်စာအုပ်များ အများအပြားထွက်ပေါ်ပြီးဖြစ်ပေသည်။ ဥပဒေအဘိဓာန်များ၌ အင်္ဂလိပ်ဘာသာဥပဒေ ဝေါဟာရကို မြန်မာဘာသာသို့ သိသာနိုင်အောင် အနက်ဖွင့်ပြန်ဆိုဖော်ပြကြသည့် အဘိဓာန်ကများသည်။ နှောင်းပိုင်းကာလထုတ်ဥပဒေ အဘိဓာန်အချို့တွင် ယင်းဥပဒေဝေါဟာရ အဓိပ္ပါယ်ကို ကျယ်ကျယ်ဝန်းဝန်း အနက်ဖွင့်ကာဖော်ပြလာကြသည်ကိုတွေ့ရသည်။

တရားလွှတ်တော်ရှေ့နေ ဦးကိုကို၏ ဤဥပဒေဝေါဟာရအဘိဓာန်က ဝေါဟာရတစ်ခု၏ ဆိုလိုရင်းကို သာမန်ဖွင့်ဆိုပြရုံမျှသာမက ဆက်စပ်ပတ်သက်သော ဥပဒေပါပုဒ်မများကိုလည်းကောင်း ယင်းအမှုများနှင့်စပ်လျဉ်း၍ ရှေ့နေရှေ့ရပ်များ အလွယ်တကူကိုးကားနိုင်မည့် တရားစီရင်ထုံးများကိုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဥပဒေဝေါဟာရတစ်ခုသည် မူလလက်တင်ဘာသာ ဂရိဘာသာ ပြင်သစ်ဘာသာတို့မှဖြစ်သော ဝေါဟာရသို့မဟုတ် ယင်းဝေါဟာရများမှ ဆင်းသက်လာသောဝေါဟာရဖြစ်ကြောင်းကိုပါ လိုအပ်သလိုတင်ပြထားပါသည်။ အကြောင်းအားလျော်စွာဝေါဟာရတစ်ခု၏ အနက်ကိုဖွင့်ရင်း ယင်းဝေါဟာရပါဝင်သော ဥပဒေဆောင်ပုဒ် နီတိ များစွာကိုပါ ဖော်ပြထားပါသည်။ ဥပမာ ဥပဒေအထက်တွင် မည်သူမျှမရှိစေရ(No one is above the law) ဟူသောဆောင်ပုဒ်၏ မူလထက်တွင် ဘာသာ စကားဆောင်ပုဒ် ပူးတွဲဖော်ပြပေးထားပါသည်။ (nemo est supra leges) ဟုပါ ပူးတွဲဖော်ပြ ပေးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာရနှင့် ဆက်စပ်ပတ်သက်သော တည်ဆဲဥပဒေများကိုပါ သဆော ပေါက်အောင် ရှင်းလင်းတင်ပြထားသဖြင့် ဤဥပဒေအဘိဓာန်သည် ရိုးရိုး သာမန်အဘိဓာန်စာအုပ်တစ်ခုမျှသာမက စွယ်စုံအဘိဓာန်ဟုပင် ခေါ်ဆိုနိုင်လောက် ပါသည်။

ဤအဘိဓာန်ပြုစုသူ တရားလွှတ်တော်ရှေ့နေ ဦးကိုကိုအား ၁၉၈၀ ပြည့်လွန် စနှစ်များကတည်းက ဤစာရေးသူရှေ့နေလောကသို့ ဝင်ရောက်စမှာပင် အတူ တွဲ၍ တရားရုံးများသို့ သွားလာအမှုလိုက်ခဲ့ကြသည်။ ဦးကိုကိုသည် အမှု လိုက်ရာတွင် စေ့စပ်သေချာမှုရှိသည်။ ဝိရိယထားနိုင်သူဖြစ်သည်။ ဦးကိုကို သည် ဥပဒေပညာရပ်ကို အပတ်တကုတ်လေ့လာမှတ်သားခဲ့သူဖြစ်ကြောင်း ဦးကိုကို ရေးသားထုတ်ဝေခဲ့သည့် (၁) တည်ဆဲဥပဒေများပါ တရားစွဲဆိုခွင့် ပြုမိန့်များအညွှန်း(၂) ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုလား လိမ်လည်မှုလား တရားမမှုလားစာအုပ်(၃) တရားမဥပဒေအမေးအဖြေမှတ်စုများစာအုပ်(၄) တရား စီရင်ထုံးများအညွှန်း(ပြစ်မှု) စာအုပ်တို့တွင် ပေါ်လွင်လေသည်။ ဦးကိုကို သည် အမှုလိုက်နေသောဘဝတူ ရှေ့နေများအတွက် အသင့်ဆောင်ထားနိုင် သည် ဥပဒေဆိုင်ရာ အမှုအခင်းဆိုင်ရာ သိမှတ်ဖွယ်ကိုးကားဖွယ်များကို ဝေမျှ ပေးလိုသောစေတနာဗလဝဖြင့် အပင်ပန်းခံထုတ်ဝေလိုက်သည်ဟု မှတ်ချက် ပြုလိုက်ရပါကြောင်း။ .

စည်သူဦးမြတ်သူ(ခ)ဦးကျော်ဇင်ညွန့်
(တက္ကသိုလ်မြတ်သူ)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၇၇၃)
၂၀၁၄ စက်တင်ဘာ ၂၄ရက်

BURMESE CLASSIC

# ကျေးဇူးတင်လွှာ

စာရေးသူအား ဥပဒေပညာစတင်သင်ကြားပေးပါသော ဆရာဦးအောင် သန်းထွန်းဘီအေ(ဂုဏ်ထူး)အမ်အေ၊ ဘီအယ်လ်နှင့် ဇနီးဒေါ်ခင်ခင်စိန်အမ်အေ ဘီအယ်လ်အားလည်းကောင်း၊ ရှေ့နေပညာသင်ကြားပေးပါသော ဝတ်လုံတော်ရ ဦးဖိုးအေး၊ 'အငြိမ်းစားစက်ရှင်မင်းကြီး'ဦးခင်မောင်(၄)ဘီအေ ဘီအယ်လ် တရား လွှတ်တော်ရှေ့နေနှင့် ဦးနိုင်ဝင်းဘီအေဘီအယ်လ် ဒီအမ်အေ တရားလွှတ်တော် ရှေ့နေကြီးအားလည်းကောင်း၊ လိုအပ်သည့်စာအုပ်စာတမ်းများကို ရှာဖွေစုဆောင်း ပေးပါသော ညီမဒေါ်ခင်မာလှဲနှင့်တူမ မယုယုသွင်၊ စက်ပျှရောက်သားဖြစ်သူ ရဲမြင့်အောင်နှင့် စာအုပ်ထုတ်ဝေရာတွင် အကူအညီပေးသော သားဖြစ်သူ အောင်မျိုးမင်းတို့အားလည်းကောင်း၊ ဥပဒေပညာအရပ်ရပ်ကို သင်ကြားပေးပါ သော ရှေ့နေချုပ်ရုံးမှ အနေဝ္မာအနန္တဂုဏ်ဝင်ဆရာဆရာမအပေါင်းတို့အား အစဉ် ဦးညွတ်၍လည်းကောင်း၊ ဤစာမူအားအချိန်ပေးကာ သေသေချာချာဖတ်ရှု စီစစ်လမ်းညွှန်ပြသပြီး အမှာစာရေးသားချီးမြှင့်ပေးပါသော ဆရာဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ) တရားလွှတ်တော်ရှေ့နေအားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း။

ကိုကို
တရားလွှတ်တော်ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com

## ABBREVIATION

| | |
|---|---|
| B.L.R | Burma Law Report (Myanmar) |
| CC | Chief Court |
| PC | Penal Code |
| UBR | Upper Burma Rulings |
| CPC | Civil Procedure Code |
| CrPC | Criminal Procedure Code |
| Sec | Section |
| Ran | Rangoon |
| Chap | Chapter |
| O | Order |
| r(R) | rule |
| E.Act | Evidence Act |
| T.P.Act | Transfer of Property Act. |
| FB | Full Bench |
| ATT | (U)Aung Than Htun |
| AGO | Attorney General Office |
| adj | adjective |
| adv | adverb |
| n | noun |
| Lat | Latin |
| Prep | Preposition |
| UK | United Kingdom |
| US | United States |
| V | Verb |

## BIBLIOGRAPHY


1. English Myanmar Law Dictionary 4th edition (AGO)
2. Black's Law Dictionary (second pocket edition)Bryan. A.Garner
3. Oxford Dictionary of Law(2001) 5 th.edition
4. Myanmar Code Vol: 1 to 13
5. Myanmar Law Reports & Dunkle's, U Pho Tha's, U Thein Han Myanmar Rulings digests.
6. Barron's Dictionary of Legal Terms 4th. edition(2008) Steven H Gifis
7. Barron's Capital Law Dictionary Six edition (2010) Steven H Gifis
8. Academic's Legal Dictionary By S.L.Salwan M.A:LLM. Advocate of Dalhi High Court and U Narang M.A; LLB
9. Osborn's Concise Law Dictionary 8th.edition By By Leslie Rutherford and Sheila Bone
10. Law Guid; Law.com Dictionary
11. Nolo's Plain English Dictionary Gerald N Hill & Kathleen Thompson Hill, First Edition May2009
12. Aiyer, K.J Manual of Law Terms and Phrases
13. Wharton's Law Laxicon

၁၄။ အင်္ဂလိပ်မြန်မာဥပဒေဝေါဟာရ အဘိဓာန်...... ဦးအောင်သန်းထွန်း:B.A (Hons)M.A; B.L Advocate and Notary public

၁၅။ အားလုံးအတွက် စီးပွားရေးပညာအဘိဓာန်.....ဦးကြည်မြင့်

၁၆။ စီပွားရေးဝေါဟာရအဘိဓာန်..........ဦးသိန်းခိုင်(ဘဏ်)

၁၇။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ


www.burmeseclassic.com

www.burmeseclassic.com

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနည်းဥပဒေများ
ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနည်းဥပဒေများ
အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနည်းဥပဒေများ
၁၉။ ဘိနာမိဥပဒေ(အမည်ငှားစနစ်) ဦးမြတ်လှ ဘီအေဘီအယ်လ် ဗဟို တရားရုံးရှေ့နေ
၂၀။ ဉာဏပစ္စည်းမှုပိုင်ခွင့်ဆိုင်ရာ ဥပဒေဆောင်းပါးများ ဦးသန်းမောင်(စစ်တွေ)
၂၁။ သက်သေခံဥပဒေလက်စွဲ ဦးဝင်းကြည် အမ်အေ၊ဘီအယ်လ် ဗဟိုတရားရုံး ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
၂၂။ ဖိုးနစ်တစ်အသံထွက် နည်းသစ် အင်္ဂလိပ်မြန်မာအဘိဓာန် ဦးသောင်းလွင် ဘီအေ၊ ဓမ္မာစရိယဝဋ္ဋသာကာ
၂၃။ ဥပဒေရေးရာဆောင်းပါးများ ဥပဒေမြန်မာပြန်စာအုပ်များ၊ အခြားသောပညာရှင်များပြုမည့် အင်္ဂလိပ်မြန်မာအဘိဓာန်များ
၂၄။ ဥပဒေရေးရာဆေးပညာနှင့်အဆိပ်ဗေဒ ဦးဖေစန်း ဗဟိုတရားရုံးချုပ်ရှေ့နေနှင့် ဒေါက်တာ ခင်ခင်ထွေး မန်းဆေးတက္ကသိုလ်ဆရာမဟောင်း။

# A

**A** တရားရုံးသို့ သက်သေခံစာရွက်စာတမ်းများကို တရားလိုဘက်မှ တင်သွင်းရာတွင် မှတ်သားသည့်အမှတ်အသား "က"

တရားလိုဘက်မှ တင်သွင်းရာတွင် သက်သေခံ "က" "ခ" စသဖြင့်လည်းကောင်း တရားခံ တရားပြိုင်ဘက်မှ တင်သွင်းရာတွင် သက်သေခံ "၁" "၂" စသဖြင့်လည်းကောင်း မှတ်သားလေ့ရှိသည်။

**A fortiori (prep; Latin)** with stronger reason ပိုမိုခိုင်လုံသောအကြောင်း ဥပမာ မောင်ကကို အမွေထိန်းခန့်အပ်ရန် အသက်အရွယ်ငယ်လွန်းသေးသည်ဆိုလျှင် မောင်က၏ညီဖြစ်သူ မောင်လှမှာ အမွေထိန်းခန့်အပ်ရန်ပို၍ငယ်လွန်းကြောင်းခိုင်လုံသည့်အချက်ဖြစ်သည်။

**a mensa et thoro** (latin) from board and hearth; from board and bed; from table and bed.

လင်မယားကွာရှင်းခြင်းတစ်မျိုး။ သီးခြားစီခွဲခွာနေထိုင်ရန် အကျိုးသက်ရောက်သည်။ (မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာရသူများနှင့် မသက်ဆိုင်ပါ။)သို့သော် လက်ထပ်ထိမ်းမြားခြင်းမှာ မပျက်ပြယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**a prendre, profit.** အခြားသူ၏ မြေပေါ်သို့ ဝင်ရောက်ခွင့်နှင့် ထိုမြေမှအကျိုးအမြတ် များကို ရယူခံစားခွင့်။

**a priori assumption** (latin) ယူဆချက်သည် ထင်ရှားပြီးဖြစ်၍ နောက်ထပ်သက်သေခံချက်ရယူရန် မလိုသော သို့မဟုတ် အတွေ့အကြုံအရ ထင်ရှားပြီးဖြစ်သော

**a posteriori** from effect to the cause. အကျိုးတရားမှ အကြောင်းတရားသို့ ဆင်ခြင်စဉ်းစားခြင်း။

**a priori -** from the cause to the effect.

အကြောင်းတရားမှ အကျိုးတရားသို့ဆင်ခြင်စဉ်းစားခြင်း။

**ab absurdo (latin)** leading to absurility သဘာဝမကျမှုကို ဦးတည်သော။ ဖြစ်ရိုး ဖြစ်စဉ်မဟုတ်ခြင်းသို့ ဦးတည်သော

**ab initio (latin for) "from the beginning"** အစကတည်းက။ ဥပမာ the contract was void ab initio. the unlawful marriage is void 'ab initio'အစကတည်းကပဋိညာဉ်မမြောက်၊လက်ထပ်ထိမ်းမြားခြင်းမမြောက်။

**ab invito** against one's will; un willingly. တစ်စုံတစ်ယောက်၏ ဆန္ဒကို ဆန့်ကျင်၍။ စိတ်ဆန္ဒမပါဘဲ။

**ab intra-** from within; အထဲမှ

**ab intestato** from an intestate; သေတမ်းစာရေးသားခဲ့ခြင်း မရှိသော သေဆုံးသူပိုင်ပစ္စည်းများကို အမွေဆက်ခံပိုင်ခွင့်။

**ab intestat -** an heir, ab intested, is one on whom the law casts the inheritance or estate of a person who dies intestate.

သေတမ်းစာရေးသားခဲ့ခြင်း မရှိသည့် သေဆုံးသူပိုင်ပစ္စည်းကို ဥပဒေအရ အမွေဆက်ခံသူ

**ab intestato** (latin) from and intestate, သေတမ်းစာရေးသားခဲ့ခြင်း မရှိသော သေဆုံးသူပိုင်ပစ္စည်းဥစ္စာကို အမွေဆက်ခံခြင်း။

**ab irato-** (a latin phrase) which signifies by a man in anger.

ဒေါသဖြစ်နေသော သူကို ဆိုလိုသည်။ သေတမ်းစာဖြင့်ပေးသော





အမွေ သို့မဟုတ် မေတ္တာဖြင့် ပေးကမ်းခြင်းတွင် သုံးသည်။ အမွေရှင်သည် အမွေဆက်ခံမည့်သူ၏ အကျိုးကိုဆန့်ကျင်ခြင်းပြုသည့်အတွက် အကျိုးဆက်အနေဖြင့် ၎င်းအပေါ်ဒေါသနှင့် အမုန်းတရားများကျရောက်သည်။ ထိုကဲ့သို့သော အခြေအနေအောက်တွင် သေတမ်းစာဖြင့်အမွေပေးခြင်းကို testament ab irato ဟုခေါ်သည်။ အမွေခံများက ထိုသေတမ်းစာကို ပျက်ပြယ်ကြောင်း တရားတစ်ထုံးစွဲဆိုခြင်းအား an action ab irato ဟု ခေါ်သည်။

**ad testificandum (latin)** သက်သေခံရန်အတွက်

**ad primisor** အာမခံသူ အခြားသူတစ်ဦးဦး၏ ကြွေးမြီအတွက် သို့မဟုတ် တာဝန်တစ်ရပ်အတွက် အာမခံသူ

**ad rem** အတိအကျ

**ad seriatim** တစ်ခုပြီးတစ်ခု။ဥပမာ– အိမ်နီးနားခြင်းများက ကျွန်ုပ်၏ အမှုသည် အပေါ် တစ်မှုပြီးတစ်မှုစွဲဆိုသည်။

**abandon (v)** ရည်ရွယ်ချက်ဖြင့် အမြဲတန်းစွန့်လွှတ်သည်။ အရှုံးပေးသည်။ စွန့်ခွာ သည်။ ပစ်ထားသည် (သို့မဟုတ်) အားလုံးသော အကျိုးစီးပွားများဆောင်ရွက်မှုများသို့မဟုတ် အိမ်ပိုင်ဆိုင်ခွင့်၊ အိမ်ခန်းပိုင်ဆိုင်ခွင့် သို့မဟုတ် အခြားပစ္စည်းများ ပိုင်ဆိုင်ခွင့် (မူပိုင်ခွင့်ကဲ့သို့သော) ဖြတ်သန်းသွားလာခွင့် သားသမီး၊ အိမ်ထောင်ဖက် အစရှိသည်တို့ကို စွန့်လွှတ်သည်။

အဆိုပါ ဝေါဟာရ abandon ကို တစ်ခါတစ်ရံ သုံးတတ်သေးသည်မှာ အိမ်ငှားဖြစ်သူက ငှားရမ်းထားသည့်ဥပစာမှ ထွက်သွားသောအခါတွင်ဖြစ်သည်။ အိမ်ငှားသည် ငှားရမ်းထားသည့်ဥပစာအတွင်း အဖိုးမတန်သည့် ပစ္စည်းတစ်ချို့ကို ချန်ထားခဲ့သော်လည်း ပြန်လာရန်ရည်ရွယ်ချက် မရှိတော့သည့် စွန့်ခွာခြင်း။

ဇနီးသားသမီးများကို စွန့်ပစ်သည်ဆိုရာတွင် သတ်မှတ်ထားသော အချိန်နှစ်လရက်အတွင်း ဇနီးသားသမီးများကို စွန့်ခွာသူက အဆက်အသွယ်လုံးဝမလုပ်ခြင်း စားစရိတ်ထောက်ပံ့မှုများ မပေးခြင်း။

**abandonee (n)** တစ်ဦးတစ်ယောက်က စွန့်လွှတ်သော ရပိုင်ခွင့်သို့မဟုတ် အကျိုးခံ စားခွင့်ကို လက်ခံယူ။



www.burmeseclassic.com

www.burmeseclassic.com



**abandoned property** ပစ္စည်းကို ပိုင်ရှင်ဖြစ်သူက မိမိဆန္ဒအလျောက် စွန့်လွှတ်ခြင်း လက်လွှတ်ခြင်း မတောင်းဆိုတော့ခြင်း။ ပစ္စည်းဆိုရာတွင် ဉာဏ ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်လည်း ပါဝင်သည်။

**abandonment (n)** လက်လွှတ်လိုက်ခြင်း။ ပစ်ပယ်လိုက်ခြင်း။ မိမိ၏ လွတ်လပ်သော စိတ်ဆန္ဒဖြင့် စွန့်လွှတ်ခြင်း။ တစ်နည်းအားဖြင့် လိမ်လည်ခြင်း၊ မတရားဩဇာ လွှမ်းမိုးခြင်းများ မပါဘဲ စွန့်လွှတ်ခြင်း။ ထိုသို့ စွန့်လွှတ်ရာတွင် ပြန်လည်ရယူရန် ဆန္ဒမရှိခြင်း။ ဥပမာ ဦးဘသည် ဆရာဝန်ပြသရန် ဆေးခန်းတွင် စောင့်စား နေစဉ်အတွင်း မိမိဝယ်လာသော ဂျာနယ်ကို ပြီးစီးအောင် ဖတ်ရှုလိုက် သည်။ ဆရာဝန်ပြသပြီး ပြန်ထွက်လာသည့်အခါ ဂျာနယ်ကို အလုပ်တိုက်အထိ ယူ မသွားရန်ဆုံးဖြတ်လိုက်သည်။ ထို့နောက်ဦးဘသည် ဂျာနယ်ကို ဆေးခန်းရှိ အမှိုက်ပုံး အတွင်း စွန့်ပစ်ခဲ့သည်။ (U Ba abandoned the journal) ထိုသို့ စွန့်ပစ်ခြင်းသည် ပြန်လည်ရယူရန် ရည်ရွယ်ချက်မရှိသော စွန့်ပစ်ခြင်းဖြစ်သည်။

စွန့်လွှတ်ခြင်းတွင် အောက်ပါအချက် တစ်ရပ်ရပ်ပါရှိရပါမည်။

(၁) အကျိုးအကြောင်းကို သိရှိနားလည်ပြီးနောက် မတရားဩဇာလွှမ်းမိုးမှုသို့မဟုတ် လိမ်လည်မှုမပါရှိဘဲ မိမိ၏လွတ်လပ်သောဆန္ဒအလျောက် စွန့်လွှတ်ခြင်းဖြစ်ရမည်။

(၂) မြီစားသည် မြီရှင်များ၏ အကျိုးငှာ ၎င်းပိုင်ပစ္စည်းများကို စွန့်လွှတ်ခြင်းဖြစ်ရမည်။

(၃) တရားမမှုစွဲဆိုထားရာတွင် တရားလိုသည် အမှုကိုဆက်လက်မစွဲလိုတော့ကြောင်း သို့မဟုတ် အဆိုလွှာပါတောင်းဆိုသည့် အစိတ်အပိုင်း တစ်ရပ်ရပ်ကို ရုပ်သိမ်းလိုကြောင်း စာဖြင့်ရေးသား၍ တရားရုံး၏ ခွင့်ပြုချက်ကို တောင်းခံခြင်း။

(၄) ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် နိုင်ငံတော်ဖြစ်၍ဥပဒေအရာရှိမှ အမှုကိုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားရမည်ဖြစ်ပြီး တရားရုံး၏ ခွင့်ပြုချက်ရမှသာ ရုပ်သိမ်းနိုင်သည်။

(ရေကြောင်းအာမခံ) ပင်လယ်ပြင်တွင် သင်္ဘောပျက်စီးနစ်မြုပ်သည့်





အခါ သင်္ဘောပိုင်ရှင်မှ သင်္ဘောပေါ်မှ ရပိုင်ခွင့်များကို စွန့်လွှတ်ခြင်း။ ထိုသို့ စွန့်လွှတ်ခြင်းမှာ နစ်မြုပ်နေသော သင်္ဘောနှင့်ကုန်များကို ဆယ်တင်ပြုပြင်ရမည်ဆိုပါက စရိတ်ကြီးမြင့်ပြီး ဆုံးရှုံးမှုနှင့် မကာမိသောကြောင့် ဖြစ်သည်။ ထိုအခြေအနေတွင် သင်္ဘောပိုင်ရှင်သည် သင်္ဘောနှင့်ကုန်များပေါ်တွင် ရပိုင်ခွင့်များကို စွန့်လွှတ်ကြောင်း အာမခံကုမ္ပဏီသို့ သင့်လျော်သောအချိန်အတွင်း စာဖြင့်အကြောင်းကြားရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်သည့်အတွက် အာမခံထားသည့် ငွေအပြည့်အဝကို သင်္ဘောပိုင်ရှင်သို့ ပြန်လည်ပေးလျော်မည်ဖြစ်သည်။

**abandonment of action or claim.** စွဲဆိုချက် တောင်းဆိုချက်ကို ရုပ်သိမ်းစွန့်လွှတ်ခြင်း။ တရားလိုသည် တရားပြိုင်တစ်ဦးအပေါ်တွင်ဖြစ်စေ၊ တရားပြိုင်အားလုံးအပေါ်တွင်ဖြစ်စေ၊ တောင်းဆိုသော အကျိုးခံစားခွင့်အားလုံးသို့မဟုတ် အကျိုးခံစားခွင့်အချို့အဝက် ကို ရုပ်သိမ်းခွင့်၊ စွန့်လွှတ်ခွင့်ရသည်။ သို့ရာတွင် တရားရုံးတော်၏ ခွင့်ပြုချက် မရဘဲ၊ တရားလိုမှရုပ်သိမ်းစွန့်လွှတ်လျှင် တရားစရိတ်ကိုပေးရမည့်အပြင် ထိုအကြောင်းအရာ သို့မဟုတ် စွန့်လွှတ်လိုက်သော တောင်းဆိုချက်တစ်ချို့ နှင့် စပ်လျဉ်း၍ ထပ်မံတရားစွဲဆိုခွင့် မရနိုင်တော့ပေ။ (CPC O23 R1)

အမိန့် ၂၃ နည်း ၁ အရ အမှုသစ်စွဲဆိုချက်ဖြင့် ရုပ်သိမ်းခွင့်လျှောက်ထားလျှင် တရားရုံးသည် ခွင့်ပြုခြင်း၊ ပယ်ခြင်း အမိန့်ချမှတ်နိုင်ပြီး အမှုသစ်စွဲဆိုခွင့် မရှိဘဲ အမှုကိုရုပ်သိမ်းခွင့်ပြုသည်ဟု အမိန့်မချမှတ်နိုင်။ 1978 BLR (CC)32။ အမှုရုပ်သိမ်းပြီး နောက်ထပ်စွဲဆိုသော အမှုတွင်သက်သာခွင့် အသစ်တစ်ရပ်ကို ထပ်မထည့်ရဟုတားမြစ်ထားမှုလည်း မရှိပေ။ 1979 BLR (CC) 103။

**abandonment of children.** ကလေးကိုစွန့်ပစ်ခြင်း။ မိဘသို့မဟုတ် အုပ်ထိန်းသူက အသက် (၁၂)နှစ်အောက်ကလေးကို လုံးဝစွန့်ပစ်ရန်အကြံဖြင့် မည်သည့်နေရာတွင် မဆိုစွန့်ပစ်ထားခြင်း။ စွန့်ပစ်ထားခြင်းကြောင့် ကလေးသေဆုံးလျှင် လူသတ်မှုဖြင့် ဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုဖြင့် ဖြစ်စေ အရေးယူခြင်းခံရမည်။ (P.C sec317) ဤနေရာတွင် စွန့်ပစ်ခြင်းစကားရပ်သည် ကလေး၏အသက် ဘေးအန္တရာယ်ကို ထိခိုက်စေမည့် ပြုလုပ်မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ရည်ညွှန်းသည်။ ကလေး၏ အသက်ဘေးအန္တရာယ် ထိခိုက်နိုင်သည်ဆိုသော အချက်ကို လုံးဝအလေး ဂရုမပြုဘဲ လုံးဝစွန့်ပစ်ရန် အကြံဖြင့်ပြုခဲ့သည်ဟူသော အထောက်အထားရှိမှသာ ပြစ်မှုမြောက်သည်။ (xx that mother had intention of abandoning the child wholly without any regard for its safety. (1914-16 UBR 5)

**abandonment of domicile** တရားဝင်အမြဲနေထိုင်ရာအရပ်သို့မဟုတ်နိုင်ငံကို စွန့်ခွာခြင်း။ မိမိအမြဲ နေထိုင်ရာအရပ်ကို ဖယ်ခွာ၍ အခြားဒေသနိုင်ငံတစ်ခုခုတွင် သွားရောက် အခြေချနေထိုင်ခြင်း။

**abandonment of excess** တရားလိုက တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအလို့ငှာ ရပိုင်ခွင့်တစ်ချို့တစ်ဝက်ကို စွန့်လွှတ်ခြင်း။ ထိုစွန့်လွှတ်ခဲ့သောအစိတ် အပိုင်းနှင့် စပ်လျဉ်း ၍နောက်ထပ်တရားစွဲခြင်း မပြုနိုင်ပါ။ (CPC O2R2) ဥပမာ အေသည် ဘီကို ကုန်များအကြွေးရောင်းချရာတွင် ပထမအကြိမ် ကျပ်သိန်း ၁၀၀ဖိုး ရောင်းချခဲ့သည်။ ဘီမှ ကုန်အနည်းငယ်လိုနေသေးသဖြင့် ထပ်မံတောင်းဆိုသောကြောင့် ကျပ်သိန်း (၂၀)ဖိုး ထပ်မံအကြွေးရောင်းချခဲ့သည်။ အချိန်စေ့ရောက်၍ ကုန်ဖိုးငွေတောင်းခံသည့်အခါ ဘီမှ ပေးချေခြင်းမပြုခဲ့ပါ။ အေ အနေဖြင့် ဘီအပေါ်ကုန်ဖိုးငွေ အကြွေးရလိုမှုတရားစွဲဆိုရန် စီစဉ်ရာတွင် မြို့နယ်တရားရုံး၌သာ တရားစွဲဆိုရန် ဆန္ဒဖြစ်သဖြင့် မြို့နယ်တရားရုံး၏ ငွေကြေးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်စေရန်အကြွေးကျပ်သိန်း(၁၂၀)အစား သိန်း(၂၀)ကို စွန့်လွှတ်၍ ကျပ်သိန်း(၁၀၀)ကုန်ဖိုးရလိုမှု စွဲဆိုခဲ့သည်။ ကျပ်သိန်း(၂၀)နှင့် စပ်လျဉ်း၍ အေ အနေဖြင့်စွန့်လွှတ်ရာ ရောက်သောကြောင့် နောက်ထပ်တရားတစ်ထုံး စွဲဆိုခွင့်မရှိတော့ပါ။

**abandonment of suit by election minor** တရားမမှုတစ်မှုစွဲဆိုရာတွင်စွဲဆိုစဉ်က အရွယ်မရောက်သေးသော တရားလိုသည် အရွယ်ရောက်လာသည့်အခါ မပြီးပြတ်သေးသော အမှုကို ဆက်လက်ဆောင်ရန် ဆန္ဒရှိမရှိ ရွေးချယ်ရပါမည်။ အရွယ်ရောက်ပြီးနောက် တရားလိုသည် နီးစပ်ရာမိတ်ဆွေနှင့် စွဲဆိုထားသော အမှုကိုစွန့်ပယ်လျှင် နီးစပ်ရာမိတ်ဆွေကုန်ကျထားသော တရားစရိတ်များကိုပေးရမည်။





**abandonment (of trademark)** ကုန်အမှတ် တံဆိပ်ပိုင်ရှင်သည် ၎င်း၏ အမှတ်တံဆိပ်ကို ထပ်မံ အသုံးပြုရန်ရည်ရွယ်ချက် မရှိခြင်း။ သက်တမ်းတိုးဆောင်ရွက်မှု မရှိတော့ခြင်း။ ကုန်အမှတ်တံဆိပ်အပေါ်သင့်လျော် လုံလောက်သော ကြီးကြပ်မှုမရှိခြင်းတို့ကြောင့် ကုန်အမှတ်တံဆိပ်ကို စွန့်လွှတ်ရာရောက်သွားခြင်း။ ထို့ကြောင့် ကုန်အမှတ်တံဆိပ်မှာအခြားသူများသုံးရန်တရားဝင်ခွင့်ပြုပေးရာ ရောက်သွားသည်။

**abate (v)** လျှော့ပါးစေသည်၊ ဆုတ်ယုတ်စေသည်၊ ရပ်စဲစေသည်။ ဥပမာ abate a nuisance အနှောက်အယှက်ပြုမှုကို လျှော့ပါးစေခြင်း၊ ရပ်စဲစေခြင်း၊ တန်ဖိုးကို အချိုးကျလျှော့နည်းစေခြင်း။

**abatement (n)** ယေဘုယျအားဖြင့် လျှော့ပါးစေခြင်း၊ ဆုတ်ယုတ်စေခြင်း၊ ရပ်စဲခြင်း။ ထိုအတူ တရားမမှုတစ်ခုကို အဆုံးသတ်သွားစေခြင်း သို့မဟုတ်ယာယီရပ်စဲထားခြင်း။ တစ်ဘက်မှ ကတိအတိုင်း ဆောင်ရွက်ခြင်း မပြုသောကြောင့် ပဋိညာဉ်အရ ပေးရန်ရှိသော ငွေကြေးကို ရပ်ဆိုင်းထားခြင်း။ ဥပမာ အိမ်ရှင်သည် ငှားရမ်းထားသည့် ဥပစာကို ဝတ္တရားရှိသည့်အတိုင်း ထိန်းသိမ်းပြုပြင်ပေးရန် ပျက်ကွက်သောကြောင့် အိမ်ငှားက အိမ်လခမပေးဘဲ ရပ်ဆိုင်းထားခြင်း။

ပုဂ္ဂလိက သို့မဟုတ် အများပြည်သူအပေါ် ဆန့်ကျင်နှောက်ယှက်မှု (ဥပမာ အိမ်ဘေးမြေကွက်လပ်တွင် ဓာတ်ဆီပေပါများ သိုလှောင်ထား၍ မီးဘေးစိုးရိမ်ရခြင်း) ပြဿနာများကို လျှော့ပါးစေခြင်း။ မြီစားများအနေဖြင့် မြီရှင်များ၏ ကြွေးများကို ပေးဆပ်ရန် ငွေကြေးပစ္စည်း မလုံလောက်တော့သဖြင့် မြီရှင်များက အချိုးကျလျှော့ပေါ့ယူရခြင်း၊ သေဆုံးသူတွင် ပေးရမည့်အခွန်အခများ အကြွေးများရှိနေ၍ ၎င်းသေတမ်းစာအရ အကျိုးခံစားခွင့်ရှိသူများကို ခွဲဝေပေးရမည့် ပစ္စည်းများသည် လုံလောက်မှု မရှိတော့၍ အကျိုးခံစားခွင့်ရရှိသူများက အချိုးကျယူရခြင်း။

**abatement of appeal** အယူခံမှုများ ဆုံးခန်းတိုင် ရောက်ခြင်း။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံမှုတိုင်းသည် တရားခံသေဆုံးသည့်အခါ အပြီးသတ်ရပ်စဲ စေရမည်။ ထို့ပြင် ငွေဒဏ်ကို အယူခံဝင်သည့်အမှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးအခြား အယူခံမှုတိုင်းသည် အယူခံတရားလို သေဆုံးချိန်တွင် အပြီးသတ် ရပ်စဲစေရမည်။ **(CrPC Sec 431)**

**abatement of an action or suit.** အမှုသည်တစ်ဦးဦး ကွယ်လွန်သော အခါ တရားဝင်ကိုယ်စားလှယ် မရှိခြင်း၊ တရားလို လူမွဲအဖြစ် ကြေငြာခံရခြင်း တို့ဖြစ်လျှင် အမှုမှာ ရပ်စဲသွားသည်။ တရားလိုဖြစ်စေ တရားပြိုင်ဖြစ်စေ သေဆုံး သည့်အခါ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းရန်ရှိနေသော်လည်း တရား စွဲဆိုခွင့် (သက်သာခွင့်/ တောင်းဆိုခွင့်) မကျန်လျှင်လည်း အမှုမှာရပ်စဲ သွားသည်။(CPC.022)

**abatement of criminal procedings** ပြစ်မှုများ (ဝရမ်းမှုတွင်) တရားလိုအဖြစ်တစ်ဦးတစ်ယောက်က အမှုဖွင့်သော်လည်း အမှန်စင်စစ်အားဖြင့် တရားလိုသည်နိုင်ငံတော်သာဖြစ်သည်။ တရားလို (နစ်နာသူ)သေဆုံးရုံဖြင့် အမှုမှာရပ်စဲသွားခြင်း မရှိပေ။ နိုင်ငံတော် ရှေ့နေချုပ်မှတစ်ပါး ဥပဒေအရာရှိများ သည် အကြောင်းမပြဘဲ၊ တရားရုံး၏ သဘောတူညီချက်မရဘဲ တရားစွဲဆိုထား သည့်အမှုကို မရုပ်သိမ်းနိုင်။(1 Ran 756)

**abatement of debts** တရားနိုင်မြီရှင်များ၏ ကြွေးမြီများကို ပေးဆပ်ရန် တရားရုံးပိုင်ပစ္စည်း များလုံလောက်မှုမရှိလျှင် အချိုးကျလျှော့ပေါ့၍ ပေးဆပ်ရခြင်း တရားရုံးပိုင် ပစ္စည်းများကို လေလံပစ်ပြီး ရငွေကို တရားနိုင်မြီရှင်များအား တရားရုံးဘီလစ်က တရားရုံး၏ အမိန့်နှင့်အညီ အချိုးကျခွဲဝေပေးခြင်း။

**abatement of legacies** သေတမ်းစာရေးသားသူက ကျန်ရစ်မည့် ၎င်းပိုင်ပစ္စည်းများကို မည်ကဲ့သို့ ခွဲဝေယူရမည်၊ မည်ကဲ့သို့ ကြွေးများကို ပေးဆပ်ရမည်ဟု သေတမ်းစာတွင် ထည့်သွင်းရေးသားထားသည့်အခါ ၎င်း၏ ကြွေးမြီများသည် မျှော်မှန်းထားသည်ထက် များပြားနေ၍ သေတမ်းစာပါအတိုင်း ပေးဆပ်ရန် မလုံမလောက် ဖြစ်လာသည်။ ထိုအခါ သေတမ်းစာအရ အကျိုး ကျေးဇူးရမည့်သူများက ၎င်းတို့ အသီးသီးရမည့် ဝေစုထဲမှ သေတမ်းစာ ရေးသားသူ၏ ကြွေးမြီများပြေလည်သည်အထိ အချိုးကျထုတ်နုတ်ကာ ပေးချေရခြင်း။ ကျန်ငွေကို လက်ခံရယူရမည်ဖြစ်ကာ မကျန်ပါက သေတမ်းစာမှာ ရပ်စဲသွားသည်။





**abatement of nuisances.** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ၎င်းအားစိတ် အနှောက်အယှက်ဖြစ်စေခြင်း၊ စိတ်ငြိုငြင်မှုဖြစ်စေခြင်းတို့ အပေါ်ဥပဒေကို အားကိုးအားထားမပြုဘဲ မိမိနည်း မိမိဟန်ဖြင့် ဖြေရှင်းခြင်း။ သို့ရာတွင် အများပြည်သူဆိုင်ရာ အနှောက်အယှက်ဖြစ်စေခြင်း စိတ်ငြိုငြင်မှု ဖြစ်စေခြင်း တို့အပေါ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ရပ်စဲအောင်ဆောင်ရွက်ပိုင်ခွင့် မရှိပါ။

**abatement of rent.** မူလငှားရမ်းခြင်း စာချုပ်တွင်ပါရှိသော ငှားရမ်းခနှုန်း ထားထက် လျှော့နည်းသော ငှားရမ်းခကိုလက်ခံရန် သဘောတူညီကြခြင်း။

**abator (or) abater** နှောက်ယှက်မှုကို ရပ်စဲစေသူ၊ လျှော့ပေါ့စေသူ

**abatuda(absolete)**(ခေတ်နောက်ကျနေသောစာလုံး) ဘာမဆို ဆုတ်ယုတ်လာခြင်း။ moneta abatuda ဆိုလျှင် ငွေတန်ဖိုးဆုတ် ယုတ်လာခြင်း။ တန်ဖိုးလျော့ခြင်း။

**abavus (Civil law)** မိမိမှစတင် ရေတွက်လျှင် အထက်သို့ လေးယောက် မြောက်အဘိုး။ **abavia** မိမိမှစတင် ရေတွက်လျှင် အထက်သို့လေးယောက် မြောက်အဘွား။

**abbreviation** အတိုကောက်ရေးမှတ်ချက်၊ အကျဉ်းချုပ်။ အများပြည်သူ နှင့်သက်ဆိုင်သော စာရွက်စာတမ်းများတွင် အတိုကောက်စာလုံး များကို အသုံးပြုရန်မသင့်ပါ။ မည်သည့်အဓိပ္ပာယ်ကို ဆောင်ယူကြောင်း ရှုတ်ထွေးမှု ကိုသာ ဖြစ်ပေါ်နိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ပဋိညာဉ်တစ်ရပ်တွင် ဖတ်၍မရနိုင်သော၊ သာမန် နားမလည်နိုင်သော စကားလုံးများ၊ နိုင်ငံခြားစကား များ ရှေးဟောင်းစကားများ အတတ်ပညာသို့မဟုတ် ဒေသသုံးစကားများ အတိုကောက်ရေးသားချက် များနှင့် ထူးခြားသောစကားလုံးများ၏ အဓိပ္ပာယ်ကို ဖော်ပြရန် သက်သေခံတင်ပြနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၉၈တွင် ပြဋ္ဌာန်းထားသည်။ ဥပမာ ငွေပေးချေခြင်းကို မှတ်သားထားသော စာရွက် စာတမ်းပေါ်တွင် မည်သည့်နေ့ရက်၌ ss သို့ ငွေတစ်သိန်းပေးမည်ဟု မှတ်သား ထားသည်။ အဆိုပါစာတမ်းကို သက်သေခံတင်သွင်းသူအနေဖြင့် (ss) အတို ကောက်စာလုံးမှာမည်သည်ကို ရည်ညွှန်းကြောင်းရှင်းပြနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**abbreviature (n)** အတိုချုပ်။ မှုကြမ်း၊ စာရွက်စာတမ်း တစ်စောင်၏ အတိုချုပ်မှုကြမ်း။

**abbroach (v)** ကုန်ပစ္စည်းများကို တစ်ဦးတည်းချုပ်ကိုင်သည်။ ဈေးကွက်လက်ဝါးကြီးအုပ်သည်။

**abbuttals (abuttals)** မြေတစ်ကွက်၏ နယ်နိမိတ်ကို အရှေ့အနောက်တောင်မြောက်လားရာ ဖော်ပြချက်။ မြေအရောင်းအဝယ် စာချုပ်များတွင် ရေးသားလေ့ရှိပါသည်။

ဥပမာ။ ဟံသာဝတီခရိုင်၊ ခရမ်းမြို့နယ် သပြေကုန်းအမှတ် ၁ဘီ/အီး ခရမ်းအုပ်စုအမှတ် ၁၀/၁၈၆၀၊ ၆၁ ဦးပိုင်အမှတ် ၂၀။ မြောက်လားသော် သပြေကုန်းလမ်းမ အရှေ့လားသော် ဦးဖြူ ဒေါ်နက်မြေ၊ တောင်လားသော်ခရမ်းချောင်းအနောက်ဘက်လားသော် ဒေါ်ပြာ၏ မြေကွက်။

**abdication (n)** ဘုရင်မှနန်းစွန့်ခြင်း။ တရားသူကြီးများသော်လည်းကောင်း၊ ရုံးဝန်ထမ်းများသည်လည်းကောင်း ပုံမှန်သက်တမ်း မကုန်ဆုံးမီ ရာထူးမှ ပယ်ချခြင်း။

**abduction (n)** လူကိုသွေးဆောင်ခေါ်ယူမှု။ တစ်ဦးတစ်ယောက်သော သူအားတစ်နေရာရာမှ သွားစေရန်အနိုင်အထက် ပြုခြင်းဖြင့် အတင်းအဓမ္မပြုလျှင် သို့မဟုတ် လှည့်ဖျားသောနည်းဖြင့် သွေးဆောင်လျှင် လူကိုသွေးဆောင်ခေါ်ယူမှုဖြစ်သည်။ (P.C sec 362)

**abductor (n)** အနိုင်အထက် သို့မဟုတ် ဖြားယောင်းသွေးဆောင်၍ ခေါ်ဆောင်သူ။

**abearance (aberance)** အမူအကျင့်။ good abearance ဆိုလျှင် ကောင်းသောအမူအကျင့်ဟု အသိအမှတ်ပြုရာရောက်သည်။

**abere murder** သွေးအေးအေးနှင့် လူသတ်ခြင်း(သို့မဟုတ်) ကြိုတင်ကြံစည်၍ လူသတ်ခြင်း down right murder ပြောင်ပြောင်တင်းတင်း လူသတ်ခြင်း။

**aberration (n)** လမ်းမှန်မှသွေဖယ်ခြင်း စိတ်နောက်ခြင်း။

**abet (v)** ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသည်။ ပြစ်မှုကျူးလွန်သည့် တရားခံကို ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းမှ ထွက်ပြေးလွတ်မြောက်စေရန် ကူညီသည်။ ပြစ်မှုကျူးလွန်ရန် အစီအစဉ် ပြုလုပ်ပေးသည်။





**abetment (n)** အားပေးကူညီခြင်း၊ ပြစ်မှုတစ်ခုကို ကျူးလွန်ရန်လူတစ်ဦးတစ်ယောက်အား လှုံ့ဆော်ခြင်း သို့မဟုတ် အခြားသူတစ်ဦးနှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကူညီခြင်း (P.C. chap.5)

**abettor (n)** အားပေးကူညီသူ (PC sec 108)

**abeyance (n)** ဆိုင်းငံ့ထားခြင်း။ မရွှေ့မပြောင်းနိုင်သော မြေယာကိုမည်သူပိုင်ဆိုင်ကြောင်း ဥပဒေကြောင်းအရ ရှင်းရှင်းလင်းလင်း မသိရသေးသောအခြေ အနေ အမွေခန်းတွင် မည်သူ၏အမွေပုံပစ္စည်းဖြစ်ကြောင်း တိတိကျကျမရှိသေး သော အခါ။ ဥပမာ မြေပိုင်ရှင်တစ်ဦး သေဆုံးသွားသည့်အခါကျန်ရစ်သော မြေယာကို မည်သူသည် ဥပဒေအရ ပိုင်ရှင်ဖြစ်ကြောင်း အဆုံးအဖြတ်ပြုရန် အချိန်ကာလရယူခြင်း။

**abide (V)** အလေးဂရုပြုသည်။ ကြံ့ကြံ့ခံသည်။ လိုက်နာသည် အမိန့်သို့မဟုတ် စီရင်ချက်ကို လိုက်နာသည်။ အကျိုးသက်ရောက်မှုကို လက်ခံသည်။

**abide by the law** ဥပဒေနှင့်အညီ နေထိုင်သည်။

**abiding conviction** အမှုတစ်ခုလုံးကို ဥပဒေနှင့်အညီ စစ်ဆေးကြားနာပြီးနောက် ပြစ်ဒဏ်စီရင်ခြင်း။

**abigeat (n)** ခိုးမှုတစ်မျိုး။ ရွေ့လျားနိုင်သည့် ဥစ္စာပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်သွားသည့် ပြစ်မှုမဟုတ်သော်လည်း တူညီသော ကြီးလေးသည့်ပြစ်မှုဖြစ်သည့် သက်ရှိကျွဲနွားတိရစ္ဆာန်များကိုခိုးယူရန်အလို့ငှာ၊ မောင်းနှင်သွားခြင်း။

**ability (n)** စွမ်းဆောင်ရည်။ စွမ်းဆောင်နိုင်မှု။

**abjudicate** စီရင်ချက်အရ လွှဲပြောင်းပေးအပ်သည်။ ဥပဒေနှင့်အညီ ဆုံးဖြတ်သည်။

**abjuration**-နိုင်ငံအပေါ်သစ္စာခံယူထားခြင်းကိုကာယကံရှင်ကပယ်ဖျက်ခြင်း

**able-bodied (adj)** ကိုယ်ကာယ ကျန်းမာသန်စွမ်းသော၊ သန်မာတောင့်တင်းသော



www.burmeseclassic.com

www.burmeseclassic.com



**able - bodied seaman.** တက်မကိုင်။ အရည်အချင်းပြည့်သင်္ဘောသား။ ပင်လယ်ပြင်လုပ်သက် (၃)နှစ် ရပြီးသော သင်္ဘောသား။

**ablocation.** ငွေကြေးအတွက် ငှားရမ်းခြင်း။

**abode (n)** အိမ်၊ အမြဲနေထိုင်ရာအရပ်။ မိသားစုနှင့်အတူ နေထိုင်ရာနေရာ။ domicile နှင့် အနည်းငယ်ကွဲပြားသည်။

**abolish (v)** ရုပ်သိမ်းသည် ဖျက်သိမ်းသည်၊ ပြန်လည်စဉ်းစားသည်၊ ပြန်လည်ရုပ်သိမ်းသည်။ အဆိုပါအသုံးကို ယခင်ကရှိပြီး ဥပဒေ၊ ဓလေ့ထုံးစံနှင့် အလေ့အထ များအား ပြန်လည်ရုပ်သိမ်းခြင်း ဖျက်သိမ်းခြင်းပြုရာတွင် သုံးသည်။

**abominable (adj)** ရွံရှာစက်ဆုတ်ဖွယ်ကောင်းသော abominable crime အလွန်မနှစ် မြို့ဖွယ်ရာကောင်းသော ပြစ်မှု။ ဥပမာ တိရိစ္ဆာန်နှင့် ကာမ စပ်ယှက်မှု။

**abortion (n)** မွေးဖွားချိန် မစေ့ရောက်မီ သန္ဓေသားပျက်စီးခြင်း၊ ကိုယ်ဝန်ပျက်စေခြင်း။ ထိုသို့ ပျက်စေခြင်းသည် ကိုယ်ဝန်ဆောင် မိန်းမ၏အသက် အန္တရာယ်ကို စိုးရိမ်ရ၍ ခွဲစိတ်ပြီး သန္ဓေသားကို ထုတ်ပစ်ခြင်းဖြစ်ပါမူ ပြစ်မှုမမြောက်ပေ။ ကိုယ်ဝန်ဆောင် မိန်းမက မိမိကိုယ်ဝန်ကို ပျက်စေလျှင်လည်း ပြစ်မှုမြောက်သည်။ (Pc sec 312,313)ပြစ်မှုဆိုင်ရာဥပဒေတွင် miscarriage ဟူသော စကားလုံးကို သုံးထားပါသည်။ (causing miscarriage)

**abortive (adj)** မအောင်မြင်သော စစ်ဆေးစီရင်ခြင်း။ ဆုံးဖြတ်ချက် မချနိုင်သော စစ်ဆေးစီရင်ခြင်း

**above cited/mentioned.** ယခင်က ဖော်ပြပြီးသော ရည်ညွှန်းပြီးသော အရာ။ စာရွက်စာတမ်း၊ စာချုပ်၊ စာအုပ်များတွင် အကြောင်းအရာတစ်ခုကို ရှေ့ပိုင်း၌ ဖော်ပြပြီးလျှင် နောက်တစ်ကြိမ်ထပ်မံ မဖော်ပြတော့ဘဲ။ ဖော်ပြပြီးသည့် အကြောင်းအရာကို ရည်ညွှန်းခြင်း။

**abridge (v)** အတိုကောက်၊ အနှစ်ချုပ်၊ ချုံ့လိုက်သည်။ ဆိုလိုရင်း အဓိပ္ပာယ်ကို မထိခိုက်စေဘဲ ချုံ့လိုက်သည်။

**abridgement of damages** တစ်ချို့သောအမှုများတွင် နစ်နာကြေးကို လျှော့ပေါ့သည့်တရားရုံး၏ လုပ်ပိုင်ခွင့်။





**abrogate (v)** ယခင်ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းကို ဥပဒေပြဋ္ဌာန်း၍ ဖျက်သိမ်းသည်။ အဆုံးသတ်စေသည်။ ပျက်ပြယ်စေသည်။ ပြဋ္ဌာန်းလိုက်သော ဥပဒေ တစ်ရပ်သည် ယခင်ဥပဒေနှင့် ဆန့်ကျင်ကွဲလွဲနေပါက ယခင်ဥပဒေကို ပယ်ဖျက် ခြင်း။ ပဋိညာဉ်တစ်ရပ်ကို ရုပ်သိမ်းခြင်းပြုရာတွင်လည်း abrogate ကို သုံးသည်။

**abscond (v)** တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ရန် ရှောင်ရှားနေသည်။ လျှို့ဝှက်စွာရှောင်တိမ်းနေသည်။ မိမိနေထိုင်ရာအရပ်မှ ထွက်ခွာသွားရန်မလို။ တရားရုံးလုပ်ငန်းစဉ်များကို မပြုလုပ်နိုင်ရန် ရှောင်တိမ်း နေရုံဖြင့် လုံလောက်သည်။ အခြားသူပိုင်ငွေနှင့် ပစ္စည်းများကို ယူဆောင်၍ ရှောင်တိမ်းနေခြင်း။ မြီရှင်များ မတွေ့ရလေအောင် မြီးစားမှ ရှောင်တိမ်းနေခြင်း။

**absconder (n)** တရားခံပြေး၊ ဝရမ်းပြေး၊ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင် ရန် ထွက်ပြေးတိမ်းရှောင်နေသူ။

**absconding (adj)** ဥပဒေအရ အရေးယူမှုမှ တိမ်းရှောင်သော။

**absence (n)** ပျက်ကွက်ခြင်း၊ မရှိခြင်း၊ မလာရောက်ပျက်ကွက်ခြင်း။ သက်သေအဖြစ်လာရောက် အစစ်ခံရန် သမ္မာန်စာဖြင့် ဆင့်ခေါ်သော်လည်း မလာရောက်ခြင်း။ အမှုကိုလာရောက်ရင်ဆိုင်ရန် ပျက်ကွက်ခြင်း။

**absent (adj)** မလာမရောက်ပျက်ကွက်သော။ သက်သေခံဥပဒေပုဒ်မ ၁၀၈အရ တစ်ဦးတစ်ယောက်အကြောင်းသတင်း စကားကြားရမည့် လူများ အနေဖြင့် (၇)နှစ်အတွင်းသတင်းစကားမကြားရခြင်းရှိလျှင် ထိုသူအသက် ရှင်လျက် မရှိတော့ဟု ယူဆရမည်ဖြစ်ပြီး အသက်ရှင်လျက်ရှိသေးသည်ဆိုလျှင် ထိုပြောဆိုသူကသက်သေပြရန်တာဝန်ဖြစ်သည်။ပုဒ်မ ၁၀၇ အရလူ တစ်ယောက် အသက်ရှင်လျက်မရှိတော့ဆိုလျှင် သေဆုံးပြီဟုပြောသူက သက်သေပြရန် တာဝန်ရှိသည်။

**absent without leave** ခွင့်ပြုချက်မရဘဲပျက်ကွက်ခြင်း။

**absentee (n)** ပျက်ကွက်သူ၊ အမြဲနေထိုင်ရာနေအိမ်မှ ထွက်ခွာနေသူ။ အမှုခေါ်ရာတွင် မလာရောက်ဘဲနေသောသူ။

**absentee landlord.** ၎င်းပိုင်ဆိုင်သည့် မြေပေါ်တွင် နေထိုင်ခြင်း မပြုဘဲ အခြားသော ဒေသတွင် သွားရောက်နေသည့် မြေရှင်။



www.burmeseclassic.com

www.burmeseclassic.com



**absentee voting** ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒရှင်သည် မဲပေးရန်သတ်မှတ်ထားသော နေ့ရက်တွင် မိမိ၏မဲဆန္ဒနယ်မှ ခရီးထွက်ခွာမည်ဖြစ်သောကြောင့် မိမိနှစ်သက်သည့် ကိုယ်စားလှယ်လောင်းအားပေးမည့် မဲကို စာတိုက်မှ တစ်ဆင့်ရွေးကောက် ပွဲကြီးကြပ်သူထံ ပေးပို့ခြင်း။ မဲကို စာအိတ်တွင် လုံခြုံစွာထည့်၍ မဲရုံကြီးကြပ်သူများထံပေးပို့ထားခြင်း။

**absolute (adj)** ခြွင်းချက်မရှိ။ ထပ်မံဆောင်ရွက်မလို။

**absolute ownership** ခြွင်းချက်မရှိပိုင်ဆိုင်ခြင်း။

**absolute divorce** အပြီးအပြတ်ကွာရှင်းခြင်း။

**absolute majority** မဲအများစုဖြစ်ခြင်း။

**absolute acceptance** တစ်ဘက်မှကမ်းလှမ်းချက်ကိုခြွင်းချက်မရှိလက်ခံခြင်း၊ အဆိုပြုချက်ကိုခြွင်းချက်မရှိ လက်ခံမှသာလျှင် ကတိအဖြစ်ရောက်ရှိမည်ဖြစ်သည်။ အဆိုပြုချက်အတိုင်း မဟုတ်ဘဲ ကွဲလွဲချက်ဖြင့်လက်ခံ ခြင်းဖြစ်လျှင် အဆိုပြုချက်အသစ်ကိုကမ်းလှမ်းရာရောက်ပြီး အပြန်အလှန်အဆို ပြုခြင်းဖြစ်သဖြင့် ပဋိညာဉ်တစ်ရပ်မဖြစ်ပေါ်နိုင်တော့ပါ။

**absolution (n)** တာဝန်မှကင်းလွတ်ခြင်း၊ ကြွေးမြီမှ**ကင်းလွတ်ခြင်း**၊ အပြစ် ကျခံနေခြင်းမှ လွတ်ပေးခြင်း၊ လျှော့ပေါ့ပေးခြင်း။ မှားယွင်းသော အပြုအမူ အတွက် ပြစ်ဒဏ်ကျခံရမည်ကို လွတ်လပ်ခွင့်ပြုခြင်း။

**absolve (v)** ပြစ်မှုမှအပြီး အပြတ်လွတ်သည်။ ကြွေးမြီ (သို့မဟုတ်) ဆောင်ရွက်ရန် တာဝန်ရှိမှုကိုမှ လွတ်ငြိမ်းစေသည်။

**absorption (n)** သတ်မှတ်ထားသော အချိန်ကာလ၌ ဈေးကွက်အတွင်း ပစ္စည်းကို ငှားရမ်းခြင်း ရောင်းချခြင်း ပြုရာတွင် ထိုအချိန်ကာလရှိနှုန်းထား။

**absortive (adj)** စီရင်ချက်၊ ဆုံးဖြတ်ချက် မချနိုင်သော။ (အမှု)အောင်မြင်မှုမရှိသော အခါ ဆောင်ရွက်မှုတစ်ရပ်သည် အချည်းနှီးဖြစ်ခြင်း။

**abstain (v)** ရှောင်ကြဉ်သည် ချုပ်တီးသည်၊ မဲမပေးဘဲကြားနေသည်။

**abstention (n)** မဲမပေးဘဲ ကြားနေသည်။

**abstract (n)** အတိုချုပ်၊ အကျဉ်းချုပ်၊ ကောက်နုတ်ချက်။ an epitome စာအုပ် အကျဉ်းချုပ် အချိုးကိုက်ပုံစံငယ်။





**abstract of judgement.** စာဖြင့်ရေးသားထားသော တရားရုံး၏စီရင်ချက်အနှစ်ချုပ် ၎င်းတွင် တရားရုံးက တရားနိုင်သို့ ပေးချေရမည့် ငွေပမာဏထိုငွေပေါ် ပေးရန်အတိုး တရားရုံးစရိတ်နှင့် တရားရုံးက လိုက်နာရမည့်သီးခြားအမိန့်များ ပါဝင်သည်။

**abstract of title** ပိုင်ဆိုင်မှုဖြစ်စဉ် အကျဉ်းချုပ်။ မြေရာဇဝင်၊ အဆိုပါမြေရာဇဝင် တွင် မြေယာတစ်ခုနှင့် စပ်လျဉ်း၍ မည်သူသည်။ မူလပိုင်ရှင်ဖြစ်ပြီး ၎င်းမှ အဆင့်ဆင့် ပိုင်ဆိုင်သူများသို့ မည်သည့်နေရက်တွင် မည်ကဲ့သို့သော စာချုပ် စာတမ်းများဖြင့် လွှဲပြောင်းရောက်ရှိကြောင်းကို ဇယားဖြင့် ဖော်ပြထားခြင်း။ ယခုအခါ မြေရာဇဝင်ကို မြေပုံနှင့်အတူပူးတွဲ၍ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများတွင် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားရယူရမည်ဖြစ်သည်။ ကျန်မြို့များတွင် သက်ဆိုင်ရာမြို့နယ်မြေစာရင်း ဦးစီးမှုရုံးတွင် လျှောက်ထားရယူရပါမည်။

အိမ်သစ်ဆောက်လုပ်ရာတွင်လည်းကောင်း၊ အကြီးစားပြင်ဆင်ရာတွင်လည်းကောင်း၊ အဝိစီတွင်းတူးဖော်ရာတွင်လည်းကောင်း၊ မြေကိုခွဲစိတ်ပိုင်းခြားရာတွင်လည်းကောင်း ခြံစည်းရိုးကာရာတွင်လည်းကောင်း၊ မှတ်တမ်းထားရန်လည်းကောင်း၊ ပိုင်ဆိုင်ကြောင်းမှတ်ပုံတင် စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း၊ အပိုင်ပေး မှတ်ပုံတင်စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း၊ စွန့်လွှတ်ကြောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း၊ အမှားပြင်စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း မြေပုံမြေရာဇဝင်ကို လျှောက်ထားရယူရမည်ဖြစ်သည်။

**abuse (n)** တရားဝင် သို့မဟုတ် လက်ခံနိုင်လောက်သော အသုံးပြုခြင်းမှ သွေဖယ်ခြင်း တလွဲအသုံးပြုခြင်း။ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မတရား အနိုင်အကျင့်ခြင်း၊ တစ်ခါတစ်ရံရလာဒ်အနေဖြင့် စိတ်ဝေဒနာခံစားရခြင်း၊ လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်း။

**abuse (v)** ပျက်စီးဆုံးရှုံးစေသည်။ အလွဲသုံးမှုဖြစ်စေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု ဖြစ်စေသည်။ ကလေးသူငယ်၏ ဘဝလုံခြုံရေးကို မတရားအနိုင်ကျင့်ခြင်းအားဖြင့် ထိခိုက်နစ်နာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



**abuse, child** ရည်ရွယ်ချက်ရှိရှိဖြင့် သို့မဟုတ် ဥပေက္ခာပြုခြင်းဖြင့် ကလေး၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေခြင်း။ ထိုအထဲတွင် လိင်မှု ကိစ္စအကြမ်းဖက်မှုကို ခံရစေခြင်း၊ အထူးသဖြင့် မိဘသို့မဟုတ် ကလေးသူငယ် စောင့်ရှောက်သူတို့၏ ပြုမူချက် သို့မဟုတ် ပျက်ကွက်မှုကြောင့် ကလေးသူငယ်မှာ ခေါင်းပုံဖြတ်မှုကို ခံရခြင်း အရေးကြီးသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တွင် နစ်နာမှုကိုဖြစ်စေခြင်း လိင်အကြမ်းဖတ်မှုကို ခံရစေခြင်းနှင့် တစ်ခါတစ်ရံ သေဆုံးသည့်အထိ ဖြစ်နိုင်သည်။ ပြုလုပ်သူ သို့မဟုတ် ပျက်ကွက်မှုကြောင့် ကလေးတွင် ပြင်းထန်သောထိခိုက်မှု ကျရောက်လုနီးနီး ဖြစ်ပေါ်ခြင်း။

**abuse of discretion** အယူခံဝင်ရောက်ရာတွင် အယူခံတရားရုံး၏ လုပ်ပိုင်ခွင့်များအရ အယူခံဝင်ရောက်လာသော အမှုကိုပြန်လည်သုံးသပ်ရာ၌ မူလရုံး၏ ဆုံးဖြတ်ချက်သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့၏ဆုံးဖြတ်ချက်သို့မဟုတ်အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်များသည်၊ သက်သေမခိုင်လုံသည့်အပေါ် ဆွဲယူထားခြင်း၊ ဆင်ခြင်တုံတရားကိုတလွဲအသုံးပြုထားခြင်း၊ မသင့်လျော် ယုတ္တိမရှိ သိသိသာသာကြီး မှားယွင်းနေခြင်းတို့ကိုတွေ့ရှိပါက မူလရုံး၏ ဆုံးဖြတ်ချက်များကို ပြောင်းလဲပစ်နိုင်ခြင်း။

စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသူအနေဖြင့် မှန်ကန်ယုတ္တိရှိသော ကျိုးကြောင်းဆီလျော်သော အမိန့်ချမှတ်ရန်ပျက်ကွက်ခဲ့ခြင်း။

ယုတ္တိမရှိသော၊ လက်ခံနိုင်ဘွယ်မရှိသော ဥပဒေနှင့် သိသိသာသာကွဲလွဲသော ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန်အတွက် အယူခံတရားရုံး၏ လုပ်ပိုင်ခွင့်စံ။

မူလတရားရုံးက ချမှတ်သော စီရင်ချက်အပေါ်ပြန်လည် သုံးသပ်ခွင့်။ ဆုံးဖြတ်ချက် တစ်ရပ်လုံးသည် သက်သေခံအထောက်အထား မရှိခြင်း၊ ဥပဒေ နှင့် ကွဲလွဲခြင်း မမှန်ကြောင်း ထင်ရှားခြင်းတို့ကို အယူခံရုံးမှ ရှာဖွေသုံးသပ် ရမည်။

**abuse of distress** တရားဥပဒေအရ သိမ်းဆည်းထားသော တိရစ္ဆာန်





သို့မဟုတ် ရွှေ့ပြောင်း နိုင်သော ပစ္စည်းကို အလွဲအသုံးချခြင်း။

**abuse of elderly** အသက်အရွယ်ကြီးရင့်နေသူကို စောင့်ရှောက်နေသူက မတရားပြုခြင်း။ ဥပမာ အစားအစာနှင့် ဆေးဝါးများမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားပြောဆိုခြင်း။ ပတ်ဝန်းကျင်နှင့်မတွေ့ရှိရလေအောင် အခန်းတစ်ခုအတွင်း သီးသန့်ထားခြင်း။

**abuse excuse** ကာကွယ်ခုခံပိုင်ခွင့် ပုံစံတစ်မျိုးဖြစ်သည်။ တရားခံကငင်းတို့သည် နှစ်ပေါင်းရှည်ကြာစွာ ကလေးသူငယ်ဘဝတွင်လည်းကောင်း အိမ်ထောင်သည် ဘဝတွင်လည်းကောင်း အကြမ်းဖက်မှုမတရား ညှင်းပန်းနှိပ်စက်မှုများကို ခံခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြုမူချက်များသည် အယက် ပါလောင်းရိုပ်များကြောင့် ဖြစ်ပွားခဲ့ရကြောင်းဖြင့် ဖော်ထုတ်သက်သေပြပြီး ၎င်းတို့ အပေါ် ပြစ်ဒဏ်ကို သနားညှာတာ သက်တာစွာစဉ်းစားပေးပါရန် တောင်းဆို ခြင်း။ တရားခံမှ ခုခံသည်မှာ မိမိအနေဖြင့် အမှားမှအမှန်ကို ပြောရန် မတတ်နိုင် ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများကို ကလေးငယ်တစ်ဦးကဲ့သို့ ခံစားနေရကြောင်းဖြင့် ထုချေခြင်း။

**abuse of process** တရားစီရင်ရေး ယန္တရားကို အလွဲသုံးစားပြုခြင်း။ မလျော်မကန် အသုံးချခြင်း။ ဥပမာ မလျော်ကန်သော ရည်ရွယ်ချက်ဖြင့် အမှုတစ်ခုကို ဖန်တီးတရားစွဲဆိုထားပြီး၊ တရားစွဲဆိုခြင်း ခံရသူအပေါ် တရားရုံးမှ ဖြေရှင်းရန် သမ္မာန်စာဖြင့် ဆင့်ခေါ်လိုက်ရာ တရားစွဲဆိုခံရသူမှာ အထိတ်အလန့်ဖြစ်ရခြင်း။ တရားမမှုရာဇဝတ်မှုများဖွင့်ပြီး တရားစီရင်ရေးယန္တရားကို အသုံးပြုရာတွင် သို့မဟုတ်ထွက်ချက်များ ရယူရာတွင် တစ်ဘက်အမှုသည်ကို ကသိ ကအောက်ဖြစ်စေခြင်း၊ တစ်နည်းအားဖြင့် တရားစီရင်ရေးယန္တရားကို ခုတုံးလုပ်၍ တစ်ဖက်လူကို ဖိအားပေးခြင်း ဥပမာ အေသည် စီးပွားရေးအရ အကျိုးအမြတ် များစွာရနိုင်သည့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန်စီစဉ်လျှက်ရှိပြီး ထိုလုပ်ငန်းအတွက် သတင်းအချက်အလက်များကို ဘီထံမှ ရယူရန် လိုအပ်နေသည်။ ဘီအနေဖြင့်လည်း ထိုသတင်းအချက်အလက်များမှာ စီးပွားရေးလျှို့ဝှက်ချက် များဖြစ်နေ၍ အေသို့ထုတ်ပေးရန် ငြင်းဆိုလိုက်သည်။ အေက



www.burmeseclassic.com

www.burmeseclassic.com



ဘီကို တရားရုံးရှေ့သို့ရောက်အောင်ခေါ်ဆောင်ပြီး စစ်ဆေးလျှင် သတင်းအချက်အလက်များ ထွက်လာနိုင်သည်ဟု တွက်ဆပြီး ဘီအပေါ်အမှုတစ်ခုကို ဖန်တီးတရားစွဲဆို ခဲ့သောကြောင့် တရားရုံးက ဘီကိုလာရောက်ဖြေရှင်းရန် သမ္မာန်စာဖြင့် ဆင့်ခေါ် လိုက်သည်။ အေသည် တရားရုံးကို ခုတုံးလုပ်ပြီး ဘီအပေါ် ဖိအားပေးခဲ့ခြင်း ဖြစ်သည်။ အေသည် တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုကာ ဘီထံမှ သတင်းအချက်အလက်များ ထွက်ပေါ်လာစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

**abuse, sexual** တရားမဝင်သော လိင်မှုကိစ္စဆိုင်ရာ အကြမ်းဖက်မှု၊ အထူးသဖြင့် အရွယ်ရောက်ပြီး သူများက ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်း။ မုဒိန်းမှု။

**abuse, spousal** ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာဖြစ်စေ၊ အိမ်ထောင်ဖက်တစ်ဦးက ကျန်တစ်ဦးကို အကြမ်းဖက်မှု ကျူးလွန်ခြင်း။

**abutt (abut) (v)** ကပ်လျက်တည်ရှိသည်။ နယ်နမိတ်ခြင်း ထိစပ်သည်။ ချဉ်းကပ်သည်။ မြေယာနှစ်ခုထိစပ်သည့်နေရာ။ မြေယာနှစ်၏ ဆုံနယ်နမိတ်။

**abuttals (abbuttals)** အခြားနီးကပ်ချက်ရှိသော မြေများနှင့်ဆက်စပ်နေသော မြေကွက်၏ နယ်နိမိတ်မျဉ်း။ အလားအလာလေးရပ် ဖော်ပြချက်။ မြေကွက်တစ်ကွက်ကို စာချုပ်စာတမ်းဖြင့် ရောင်းချရာတွင် အဆိုပါမြေကွက်၏ တည်နေရာကို ရှင်းလင်းပြတ်သားစေရန် အရှေ့အနောက်တောင်မြောက် ထိစပ်လျက်ရှိသော နယ်နမိတ်ကို ဖော်ပြချက်။

**accede (v)** သဘောတူလက်ခံသည်။ ရုံးတာဝန်များ ထမ်းဆောင်သည်။

**accelerated depreciation** တိုက်ရိုက်တန်ဖိုးလျှော့ချသည့် နည်းစနစ်ကို အသုံးပြု၍လုပ်ငန်း၏ ပိုင်ဆိုင်ပစ္စည်းတန်ဖိုးကို အကြိမ်ကြိမ်တစ်ပြေးတည်း တန်ဖိုးလျှော့နုတ်ပယ်သည့်နည်း။ (ဥပမာ ပစ္စည်း၏ဝယ်ရင်းတန်းဖိုးမှာ ၁၀၀ကျပ်ဖြစ်ပြီး နှစ်စဉ် ၁၀% ပုံသေတန်ဖိုးလျှော့ချသည့်အခါ (၁၀)နှစ်ကြာသောအခါ စာရင်းအရ တန်ဖိုးလုံးဝမရှိတော့ခြင်း)





**acceleration (n)** မျှော်မှန်းသည့်အချိန်ထက် စော၍ဖြစ်လာစေခြင်း။ ရင်းနှီးထားမှုအပေါ် မျှော်လင့်ထားသော အတိုးကိုစော၍ရခြင်း။ ပစ္စည်းပေါ်တွင် ရမည်ဟုမျှော်မှန်း ထားသည့် အကျိုးအမြတ်ကို ဆောလျှင်စွာ ရအောင်ပြုခြင်း။ ထိုသို့ ပြုရာတွင် ခွန့်လွှတ်ခြင်း၊ ပေါင်းစပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း စသည် တို့ပြုခြင်း။

**acceleration clause** ကတိစာချုပ်များ ချုပ်ဆိုရာတွင် ကတိပေးသူက တိတိကျကျ သတ်မှတ်ထားသော ကိစ္စများဖြစ်သည့် အရစ်ကျပေးသွင်းငွေများကို မပေးသွင်း ခြင်း သို့မဟုတ် အပေါင်ပစ္စည်းပေး၍ ငွေချေးယူရာတွင် အပေါင် ပစ္စည်း (ဥပမာ- အိမ်) ကို အာမခံထားရန်ပါရှိရာ၊ ကတိပေးသူက အာမခံဆက်လက်မထားရှိတော့ခြင်း စသည့်ကိစ္စများ ဖြစ်ပေါ်လာလျှင်ကတိပေးသူ မှီစားသည်ကျန်နေ သော ချေးငွေအားလုံးကို အချိန်မစေ့ရောက်မီ တစ်ချိန်တည်း (တစ်ရစ်တည်း)ပေးချေရမည်ဟုပါရှိသည့်စာပိုဒ် (ငွေချေးကတိစာချုပ်ချုပ်ဆိုရာ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်)

**accept (v)** လက်ခံသည်။ အကြံပေးချက်၊ အဆိုပြုချက်၊ စီမံချက် စသည်များကို လက်ခံသည်။

**acceptance (n)** တစ်ဖက်မှ ကမ်းလှမ်းချက်အပေါ် အတိအလင်းဖြစ်စေ၊ အမူအယာ အားဖြင့် သွယ်ဝိုက်၍ ဖြစ်စေလက်ခံခြင်း။ ထိုသို့ လက်ခံခြင်းအားဖြင့် ပဋိညာဉ် တစ်ရပ်ဖြစ်ပေါ်စေသည်။ (Contract Act sec.3)

**acceptance of a bill of exchange** ငွေလွှဲလက်မှတ်ကိုပေးချေရန် လက်ခံခြင်း။ လက်ခံခြင်းဆိုသည်မှာ လက်ခံသူက လက်မှတ်ပေးသူ၏ အမိန့် အရ လိုက်နာဆောင်ရွက်ရန်သဘောတူညီချက်ပေးအပ်ခြင်းဖြစ်သည်။ လက်ခံခြင်းတွင် ယေဘုယျလက်ခံခြင်း general acceptance နှင့် ခြွင်းချက်ဖြင့် လက်ခံခြင်း qualified acceptance ဟူ၍ နှစ်မျိုးရှိသည်။

**acceptance of service** သမ္မာန်စာ သို့မဟုတ် နို့တစ်စာကို အမှုသည်ထံ တိုက်ရိုက်ပေးပို့နိုင်သည်။ အမှုသည်ကိုယ်စား ၎င်း၏ကိုယ်စားလှယ်နှင့် ရှေ့နေထံသို့လည်း သမ္မာန်စာချနိုင်သည်။ ထိုသို့ပို့လျှင် အမှုသည်ထံ တိုက်ရိုက်ချသကဲ့သို့ အကျိုးသက်ရောက်သည်။ တရားပြိုင်သည် တရားစွဲဆိုသောရုံး၏

www.burmeseclassic.com

www.burmeseclassic.com



စီရင်ပိုင်ခွင့် ဒေသအတွင်းနေထိုင်ပါက ၎င်းထံသမ္မာန်စာ တိုက်ရိုက်ပေးပို့နိုင်သည်။ လက်ခံနိုင်ခွင့်ရှိသော ကိုယ်စားလှယ်ရှိလျှင် ကိုယ်စားလှယ်ထံချအပ်ပါက လုံလောက်သည်။ တရားပြိုင်တစ်ဦးထက်များလျှင် တရားပြိုင် အသီးသီးထံ တစ်စောင်စီ ချရမည်။ စီရင်ပိုင်ခွင့်ပြင်ပ၌ နေသော်လည်း လုပ်ငန်းကိစ္စအရ စွဲဆိုလျှင် စီရင်ပိုင်ခွင့်ဒေသအတွင်း တရားပြိုင်၏ အလုပ်ကိုကြီးကြပ်သူ သို့မဟုတ် ကိုယ်စားလှယ် ထံချအပ်ရမည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ သမ္မာန်စာကို တရားပြိုင်ထံ တိုက်ရိုက်မချနိုင်လျှင်လည်းကောင်း လက်ခံခွင့်ရှိ သည့် ကိုယ်စားလှယ်လည်း မရှိလျှင်လည်းကောင်း ထိုပစ္စည်းကို ကြီးကြပ်သူထံ ချအပ်နိုင်သည်။ တရားပြိုင်ကိုလည်း ရှာမတွေ့ လက်ခံနိုင်သော ကိုယ်စားလှယ်လည်း မရှိလျှင် တရားပြိုင်နှင့် အတူနေအရွယ်ရောက်သော မိသားစုဝင်ထံ သမ္မာန်စာချရမည်။

မူရင်းသမ္မာန်စာပေါ်တွင် လက်ခံရရှိသူက လက်မှတ်ရေးထိုးရမည်။ သမ္မာန်စာလက်ခံမည့်သူ မတွေ့လျှင်တရားပြိုင် အမြဲနေထိုင်သော နေအိမ်၊ အလုပ်တိုက် ပြင်ပတံခါးမြင်သာသော နေရာတွင် ကပ်ထားရမည်။ တရားပြိုင်၏ အိမ်မှန်ကြောင်း ပြသသူသက်သေကို မူရင်းသမ္မာန်စာတွင် မှတ်သားပြီး ထုတ်ပေးသည့် တရားရုံးသို့ ပြန်သွင်းရမည်။ သမ္မာန်စာပို့သူနှင့် သက်သေက ကျမ်းသစ္စာကျိန်ဆို၍ မှန်ကြောင်းဝန်ခံတာ တရားရုံးသို့ သမ္မာန်စာပြန်သွင်းရမည်။ ရုံးတော်၏အမိန့်အရဖြစ်စေ၊ အခြားနည်းဖြစ်စေ သမ္မာန်စာကို အတည်ပြုခြင်းသည် တရားပြိုင်ကိုယ်တိုင်သို့ ချအပ်သကဲ့သို့ ခိုင်မာသည်။ သမ္မာန်စာကို စာတိုက်မှ ပို့နိုင်သည်။ တစ်ခြားစီရင်ပိုင်ခွင့် ဒေသအတွင်း ပို့ရမည်ဆိုလျှင် သက်ဆိုင်ရာ တရားရုံးမှ တစ်ဆင့်သမ္မာန်စာချရမည်။

တရားပြိုင်မှာ အကျဉ်းကျခံနေရလျှင် သက်ဆိုင်ရာထောင်ပိုင်ကြီးမှ တစ်ဆင့်ချရမည်။ လက်နက်ကိုင်အဖွဲ့အစည်းဝင်ဖြစ်လျှင် တရားပြိုင်ကို အုပ်ချုပ်သော အရာရှိမှတစ်ဆင့် ချအပ်ရမည်။ တရားပြိုင်သည် ဂုဏ်သရေရှိ ပုဂ္ဂိုလ်ဖြစ်လျှင် သမ္မာန်စာအစား အမှာတော်စာကို ပေးပို့ရမည်။ (CPC sec27;O5)

**acceptor (n)** တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်က ချက်လက်မှတ် သို့မဟုတ် ငွေလွှဲလက်မှတ်ပေါ်ရှိ ငွေကိုပေးချေရန်။





**acceptor for honour** မူလငွေပေးချေရမည့် လူအစားငွေပေးရန် တာဝန်ယူသူ။ ငွေလွှဲ လက်မှတ်ပါ ငွေကိုပေးချေရန် ငွေလွှဲခံရသူက ငြင်းပယ်ကြောင်းကို မှတ်သားပြီးနောက် ထိုငွေကို ပေးချေရန်လက်ခံသူ။ (AGO)

**access (n)** ချဉ်းကပ်ဝင်ရောက်ခွင့်။ အတွင်းကျသော မြေကွက်နှင့် လမ်းမသို့ အခြားသူတစ်ဦး၏ မြေပေါ်မှနေ၍ အနှောက်အယှက်ကင်းစွာ ဖြတ်သန်းသွားလာခွင့်။ လင်နှင့်မယား ကိုယ်လက်နှီးနှောခွင့် ရရန်အခွင့်အလမ်း။ (လင်နှင့်မယား ကွာရှင်းပြီးနောက်၊ မယားနောက် အိမ်ထောင်မပြုဘဲ ရက်ပေါင်း ၂၈၀ အတွင်း ကလေးမွေးဖွားခဲ့ပါက ထိုကလေးသည် ယင်းအိမ်ထောင်၏ တရားဝင် သား သမီးဟု မှတ်ယူရမည်။ သို့သော် ပဋိသန္ဓေတည်နိုင်သည့် ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ကိုယ်လက်နှီးနှောခြင်း မရှိကြောင်း (no access to each other) တင်ပြနိုင်သည်။ (EACT. sec 112)

မြန်မာနိုင်ငံသည် တည်ဆဲ ၁၉၀၈ ခုနှစ်ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၆ အရ အဆောက်အအုံ တစ်ခုအတွက် အလင်းရောင် သို့မဟုတ် လေအဝင်အထွက်သုံးစွဲခွင့်နှင့် လမ်းသွားလာခွင့်ကိုဖြစ်စေ၊ ရေစီးကြောင်းမှန်မှုကိုဖြစ်စေ၊ ရေသုံးစွဲခွင့်ကိုဖြစ်စေ အခြားရယူပိုင်သော သို့တည်းမဟုတ် တားမြစ်ပိုင်သော သုံးစွဲခွင့်ကိုဖြစ်စေ နှစ်ပေါင်း(၂၀)နှင့်အထက် အနှောက် အယှက်မရှိ အထင်အရှားခံစားခဲ့ရသည့် ကိစ္စ၌ လုံးဝမပယ်ဖျက်နိုင်သော ခံစားသူ ရရှိသည့် အခွင့်အရေးဖြစ်သည်။

(Limitation Act. sec.26)

(မူပိုင်ခွင့်) တစ်ဦးတစ်ယောက်အပေါ် အခြားသူတစ်ဦးပိုင် မူပိုင်ခွင့်ရထားသည့် ပစ္စည်းကို အတုပြုလုပ်မှုဖြင့် တရားစွဲဆိုထားရာ စွတ်စွဲခံရသူက ၎င်းအပေါ်စွတ်စွဲထားချက်မှာ မှားယွင်းကြောင်း ၎င်းအနေဖြင့် အဆိုပါ မူပိုင်ခွင့်ရထားသော ပစ္စည်းကို မြင်ခြင်းကြားခြင်း သို့မဟုတ် မိတ္တူရရှိရန် အခွင့်အရေး မရှိခဲ့ကြောင်း သို့အတွက် ၎င်းအနေဖြင့် အတုပြုလုပ်ခြင်း မရှိကြောင်း (he had no access) ခုခံချေပသည်။

**accessible (adj)** ဝင်ရောက်ရန် လွယ်ကူသော။ ချဉ်းကပ်ရန် လွယ်ကူသော၊ အခက်အခဲ မရှိရယူခွင့်ရှိသော။



www.burmeseclassic.com

www.burmeseclassic.com



**accession (n)** ၁။သဘောတူလက်ခံသည် သို့မဟုတ် သဘောတူညီသည်။
၂။ ရာထူး သို့မဟုတ် ရပိုင်ခွင့်များကို လက်ရှိပိုင်ဆိုင်လာခြင်း။ ၃။ ပုဂ္ဂိုလ်ပိုင်ဆိုင်သော ပစ္စည်းကို သိမ်းယူ၍ ကုန်ကြမ်းပစ္စည်း ပေါ်တွင် လုပ်အားစိုက်ထုတ်ကာ အခြားအရာဝတ္ထုတစ်ခုအဖြစ် ပြောင်းလဲခြင်း။ ၄။ သဘာဝအလျောက်ဖြစ်စေ လုပ်အားကြောင့်ဖြစ်စေ၊ ရေကြီးခြင်းကြောင့်ဖြစ်စေ၊ အခြားတိုးတက်ကောင်းမွန်စသော အချက်များ ကြောင့်ဖြစ်စေ မူလပိုင်နက်မှ တိုးပွားလာသော နယ်မြေကို ပိုင်ဆိုင်ခွင့်။ ၅။ ပစ္စည်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်းဖြင့် တိုးပွားခြင်း ဥပမာ နေအိမ်ဆောက်လွတ်နေသော မြေကွက်တွင် နေအိမ်နှင့် တွဲ၍ မော်တော်ကားထားရန် ကားရုံကိုတိုးချဲ့ဆောက်လုပ်ခြင်း။ ၆။ ပေါင်နှံထားသော မြေနှင့်ဆက်စပ်၍ မြေနုကျွန်းဖြစ်ပေါ်ခဲ့လျှင် အပေါင်ပစ္စည်း၏ သဘာဝတိုးပွားမှုဖြစ်ပြီး ဆန့်ကျင်ကွဲလွဲသော ပဋိညာဉ်မရှိလျှင် ထိုတိုးပွားသည့်အရာကို အပေါင်ပစ္စည်း ပြန်လည်ရွေးနုတ်သည့်အခါ အပေါင်ခံသူကိုတန်းဖိုးမပေးဘဲ ပေါင်နှံသူက ခံစားခွင့်ရှိသည်။ အပေါင်ပစ္စည်းကို တိုးပွားအောင် မပျက်စီးအောင် အပေါင်ခံသူက စရိတ်အကုန်အကျခံ၍ ဆောင်ရွက်ထားလျှင် အပေါင်ပစ္စည်းရွေးနုတ်ချိန်တွင် ပေါင်နှံသူသည် စရိတ်နှင့်တကွ ဖြရာခိုင်နှုန်း အတိုးပေးပြီး ရွေးခွင့်ရှိသည်။ (T.PACT.sec 63,-A) ၇။ ပင်လယ်ပြင် သို့မဟုတ် မြစ်ကြောင်း ၏ မူလပိုင်နက်နယ်မြေ တိုးပွားလာခြင်း။ (ဥပမာမြေနုကျွန်းများ ပေါ်ပေါက်ခြင်း) ၈။ အဆင့်မြင့်ရာထူးသို့ တက်လှမ်းခြင်း၊ ထီးနန်းဆက်ခံခြင်း

**accessory (n)** ပြစ်မှုကျူးလွန်ရာတွင် လက်အောက်ခံ၊ ဩဇာခံတစ်ဦးအနေဖြင့် အကူအညီပေးသူ။ သို့မဟုတ် အထောက်အကူပြု ရိုင်းပင်းကူညီသူ။ အားပေး ကူညီသူသည် အခြားသူတစ်ဦး ပြစ်မှုကျူးလွန်နိုင်ရန် အကူအညီပေးသူ ဖြစ် ခြင်း သို့မဟုတ် ပြစ်မှုကျူးသူကို ဖမ်းဆီးခံရခြင်းမှ ရှောင်လွှဲနိုင်ရန် အကူအညီ ပေးသူ။ accessory ကို aiders ဟူ၍လည်းကောင်း၊ abettor ဟူ၍လည်းကောင်း ခေါ်ဝေါ်တတ်သည်။

တစ်စုံတစ်ယောက်သည် အခြားသူတစ်ဦး ပြစ်မှုကြီးများကို ကျူးလွန်နိုင်ရန်အတွက် ပြစ်မှုမကျူးလွန်မီ အကြံဉာဏ်များပေးခြင်း (သို့မဟုတ်)ကျူး





လွန်ပြီးနောက်သက်သေခံအချက်အလက်များ ဖုံးကွယ်သိမ်းရန်ကူညီခြင်း (သို့မဟုတ်) ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးမခံရစေရန် ဖုံးကွယ်ထားခြင်း။ ထိုအားပေးကူညီသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်း မရှိပေ။
(PC sec. 107 to 120)

**accessory after the fact.** ပြစ်မှုကျူးလွန်ခဲ့သူတစ်ဦးကို လက်ခံခြင်း၊ ကူညီထောက်ပံ့ခြင်း၊ နှစ်သိမ့်ခြင်း၊ အကာအကွယ်ပေးခြင်း၊ ဖုံးကွယ်ထားခြင်း တစ်နည်းအားဖြင့် ဖမ်းဆီးတရားစွဲဆိုခြင်း မခံရလေအောင် အားပေးကူညီသူ။

**accessory before the fact.** ပြစ်မှုမကျူးလွန်မီ ပူးတွဲကြံစည်သူနှင့် အားပေးကူညီသူများ။ တစ်ဦး တစ်ယောက်သည် အမှန်တကယ်ပြစ်မှုဖြစ်ပွားစဉ်က အနီးအနားတွင် ရှိမနေသော်လည်း အဆိုပါပြစ်မှုကို ကျူးလွန်စေရန် အမိန့်ပေးခြင်း၊ လိုအပ်သော အကြံဉာဏ်များပေးခြင်းဖြင့် ကူညီသူ။

**accident. (n)** ဂရုမပြုမိသော၊ ကြိုတင်မသိ မမြင်နိုင်သော ထိခိုက်နာကျင်စေသည့် အဖြစ်အပျက်တစ်ရပ်ဖြစ်ပွားခြင်း။ သဘာဝမှန်ဖြစ်ရိုး ဖြစ်စဉ်အရ မဖြစ်ပျက်နိုင်သော အကြောင်းအရာတစ်ရပ် ဖြစ်ပွားခြင်း သို့မဟုတ် ကြိုတင်မမျှော်မှန်းနိုင်သော အဖြစ်အပျက်တစ်ရပ်ဖြစ်ပွားခြင်း။ accident ဆိုသော ဝေါဟာရသည် လက်တင်ဘာသာ accidere မှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ ကျရောက်သည့် ဖြစ်ပျက်သည့် ဖြစ်ပွားသည့် မတော်တဆဟု ဆိုသည်။ ပြုလုပ်မှုတစ်ခုသည် ပြစ်မှုမကင်းသောအကြံ သို့မဟုတ် ရည်ရွယ်ချက်ရှိ၍ဖြင့် မပြုလုပ်ခဲ့ခြင်းတို့ သာမက ဥပဒေနှင့် ဆန့်ကျင်ခြင်းလည်းမရှိ၊ ဥပဒေနှင့်ညီသော နည်းလမ်း အတိုင်း သတိကောင်းစွာထား၍ ပြုလုပ်ခဲ့ရာတွင် ကံဆိုး၍ဖြစ်ခြင်း။ ထိုသို့ မဟုတ်တဆဖြစ်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုမမြောက်ပါ။
(PC sec 80)

ဥပမာ တောထဲတွင် အမဲလိုက်ရင်း တောကောင်ကို သေနတ်ဖြင့် တစ်ချက်ပစ်ရာ တောထဲတစ်နေရာတွင် ပဒတ်တူးနေသူကို ထိမှန်ပြီး သေဆုံးရာ ၌ တောထဲ၌ အမဲလိုက်စဉ် တောကောင်ကို သေနတ်ဖြင့် ပစ်ခြင်းသည် ဥပဒေနှင့် မညီသောပြုလုပ်မှုဟု မဆိုနိုင်သည့်အပြင် ပဒတ်တူးနေသူအား သေစေရန်ပြစ်မှု မကင်းသော အကြံ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်ဖြင့် ပြုလုပ်ခြင်း မဟုတ်၍ ပြစ်မှုမမြောက်ပေ။
အပျက်အစီးဖြစ်ပေါ်ခြင်းသည် ပေါ့လျော့မှု မှားယွင်းမှုကြောင့် မဟုတ်ဘဲ
သဘာဝအလျောက်ပျက်စီးမှုဖြစ်ခြင်း။ (E.ACT sec.15)

**accidental (adj)** မည်သို့မျှ မမျှော်မှန်းခဲ့သော အကြောင်းတစ်ရပ်ဖြစ်ပွားခြင်း ကြိုတင်မသိရသောအဖြစ်အပျက်ဖြစ်ပွားခြင်း။အဆိုပါအဖြစ်အပျက်မှာ စီစဉ်ထားသော ရည်မှန်းထားသော အဖြစ်အပျက်မဟုတ်ခြင်း။

ဥပမာ။ မတော်တဆထိခိုက်မှုကြောင့် သေဆုံးရခြင်း။ ဆိုလိုသည်မှာ သေဆုံးခြင်း သည် မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး မတော် တဆမှုမှာ စီစဉ်ထားသော ရည်ရွယ်ထားသော အချက်မဟုတ်။ ကသိုလ်ကံကြမ္မာကြောင့်လည်းကောင်း၊ ရုတ်တရက်လည်းကောင်း ဖြစ်ပွားခြင်း။

**accidental slip** တရားရုံး၏ မှတ်တမ်းများတွင် အမှတ်မဲ့စာများ ဂဏန်းများ ကျကျန် နေခြင်း။ clerical error ဖြစ်ပါက ပြင်ဆင်နိုင်သည်။ စီရင်ချက်တွင် လက်မှတ်ရေးထိုး၍ clerical error ကို ပြင်ဆင်နိုင်သော်လည်း အခြားကိစ္စများကို ပြင်ဆင်လျှင် ဥပဒေနှင့်ဆန့်ကျင်သည်။ (CrPC sec.369)

**accommenda** ပစ္စည်းပိုင်ရှင်နှင့် သင်္ဘောဦးစီးတို့ ပဋိညာဉ်တစ်ရပ် ချုပ်ဆိုကြသည်မှာ ပစ္စည်းပိုင်ရှင်က ၎င်းပိုင်ကုန်များကို ရောင်းချရန်အတွက် သင်္ဘောဦးစီးထံ ယုံကြည်စွာအပ်နှံထားပြီး အဆိုပါကုန်များကို သင်္ဘောဦးစီးက ရောင်းချပေးရန်နှင့် ရရှိမည့်အမြတ်ငွေများကို ပူးတွဲအကျိုးခံစားခွင့် ရယူကြရန်ဖြစ်သည်။

**accommodate (v)** သင့်မြတ်အောင်ညှိပေးသည်။ အခွင့်အလမ်းဆောင်ရွက်ပေးသည်။

**accommodating (adj)** တူညီသော၊ လိုက်လျောသော၊ ဖော်ရွေသော၊ ကျေးဇူးပြုတတ်သော။

**accommodation (n)** ငွေကြေး သို့မဟုတ်အဖိုးအစားနားမပါဘဲ မျက်နှာသာပေးခြင်း ထောက်ပံ့ခြင်း။ အခြားသူအတွက် အာမခံအနေဖြင့် ချေးငွေ စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ အခြားသူများကို ငှားရမ်းရန်အတွက် အဆောက်အအုံ များဆောက်လုပ်ခြင်း။ တစ်ဦးတစ်ယောက်သည် လုပ်ကိုင်မြဲအလုပ်တွင်





အခက်အခဲဖြစ်နေခြင်း သို့မဟုတ် အိမ်ငှားတစ်ဦးသည် နေထိုင်သော ဥပစာအတွက် ငှားရမ်းခအခက်အခဲတွေ့နေခြင်းတို့ဖြစ်လျှင် အလုပ်ရှင်၊ မြေပိုင်ရှင်မှ မူဝါဒလုပ်ငန်းစဉ်ပြောင်းပေးခြင်းဖြင့် အဆိုပါသူအပေါ် သက်သာခွင့်ရရှိစေခြင်း။

**accommodation bill (paper)** အခြားသူ၏ အကျိုးအတွက် အကျိုးအမြတ်မယူဘဲ ထုတ်ပေးသော သို့မဟုတ် လက်ခံသော သို့မဟုတ် ထပ်ဆင့်လက်မှတ်ရေးထိုးသော ငွေလွှဲ လက်မှတ်။

**accompany (v)** တွဲဖက် သို့မဟုတ် အဖော်အဖြစ်လိုက်ပါခြင်း။

**accomplice (n)** ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါသူ၊ အကူအညီပေးသူ။ accessory နှင့် မတူသည့်အချက်မှာ များသောအားဖြင့် ကြံရာပါသည် ပြစ်မှုဖြစ်ပွားသည့် နေရာတွင် ရှိနေတတ်သည်။ ပြစ်မှုကို ကိုယ်တိုင်ကျူးလွန်သူနှင့်ထပ်တူပြစ်ဒဏ် ကျခံရတတ်သည်။ ဥပမာ အိမ်တစ်အိမ်ကို အေနှင့်ဘီက ဖောက်ထွင်းဝင် ရောက်ခိုးယူပြီး စီက အိမ်ပြင်မှ စောင့်ဆိုင်းနေရာ စီသည် အိမ်အတွင်းဝင်ရောက် ခိုးယူခြင်း မပြုသော်လည်း စီသည် အေနှင့်ဘီကဲ့သို့ ထပ်တူပြစ်ဒဏ်ထိုက်စေသည်။ ကြံရာပါတစ်ဦး၏ ထွက်ဆိုချက်မှာ အရေးကြီးသော အချက်များတွင် ထောက်ခံချက်မရှိလျှင် ယုံကြည်လောက်သော ထွက်ဆိုချက်မဟုတ်ဟု ယူဆနိုင်သည်။ (E ACT sec 114 eg B)။ ကြံရာပါတစ်ဦးသည် တရားခံတစ်ဦး အပေါ်တွင် သက်သေခံနိုင်သည်။ ၎င်း၏ သက်သေခံချက်မှာ ထောက်ခံချက်မရှိရုံမျှနှင့် တရားခံအပေါ်အပြစ်ဒဏ်စီရင်ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင် ခြင်းမရှိ (E ACT sec 133)။ အဆိုပါ ပုဒ်မနှစ်ခုတွင် ထုံးဖွဲ့ထားသော စီရင်ထုံးများကို လေ့လာပါ။

**accord (n)** အမှုသည်များထဲမှ တစ်ဦးတစ်ယောက်က ပေးရန် သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ခံခြင်းအားဖြင့် ကျန်လူများက လက်ခံရာ တောင်းဆိုချက်များ ပြေငြိမ်းသွားခြင်း။ တစ်ဦးက ကျန်တစ်ဦးအပေါ် တရားစွဲဆိုပိုင်ခွင့်ရှိနေသည့်အချက်၌ နောက်လူက ဆောင်ရွက်ပေးမည် သို့မဟုတ် ပေးဆပ်မည်ကို ပထမလူက လက်ခံ၍ တရားစွဲဆိုခွင့်ပြေငြိမ်းကြရန် သဘောတူကြခြင်း။

**accord and satisfaction** တစ်ဦးတစ်ယောက်ထက်ပိုသောသူများအပေါ်တရားစွဲဆိုခွင့်ရှိနေခြင်းအတွက် ထိုသူ သို့မဟုတ် ထိုသူများက ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြုလုပ်ပေးပါမည်ဟူသော သဘောတူညီချက်။ ထိုသဘောတူညီချက်အရ လိုအပ်သလိုဆောင်ရွက်ပြီးပါက နောက်ထပ်အမှုစွဲဆိုပိုင်ခွင့် မရှိတော့ပေ။ သဘောတူညီချက်ကို လိမ်လည်ခြင်း အလွဲပြောဆိုခြင်းဖြင့် ရယူခဲ့ခြင်းမရှိစေရ။ သဘောတူညီခြင်းတွင် ကျေနပ်မှုမရှိပါက တရားစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိ။

အပေးအယူလုပ်၍ ကျေအေးခြင်း။ မြီးစားအနေဖြင့် ပေးရန်ရှိသော ကြွေးမြီအားလုံးကို ပေးဆပ်နိုင်ခြင်း မရှိသောအခါ မြီရှင်အနေဖြင့်လည်း ရသလောက်ထေမိစေရန်အတွက် ရရန်ရှိသော ငွေပမာဏထက်လျှော့နည်း တောင်းခံရာ မြီစားမှသဘောတူပေးဆပ်ခြင်းဖြင့် ကြွေးမြီပြေငြိမ်းသွားခြင်း။

**account (n)** ရငွေ ပေးငွေ ကုန်ပစ္စည်းအဝင်အထွက် ရရန်ရှိပေးရန်ရှိများကို အသေးစိတ်မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောအခါ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်တမ်းရေးဆွဲရသည့် အခြေခံစာရင်း

**account, a suit for** စာရင်းရှင်းလင်းပေးစေလိုသူ

**account payable** ပေးရန်ရှိငွေစာရင်း

**account receivable** ရရန်ရှိငွေစာရင်း

**account stated** တစ်ဦးမှတစ်ဦးသို့ ငွေပေးရန်ဝန်ခံချက်

**account joint** ဘဏ်တွင်နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ပူးတွဲ၍ငွေစာရင်းဖွင့်ခြင်း

**account, falsification** မမှန်မကန်စာရင်းပြုစုခြင်း(PC sec471-A)

**accountable person** အိမ်ခြံမြေ အခွန်အခအတွက် ရှင်းလင်းတင်ပြရန် တာဝန်ရှိသော ပုဂ္ဂိုလ်။

**accountant (n)** ဘဏ္ဍာရေးစာရင်းဇယားများနှင့် လုပ်ငန်းလုပ်ကိုင်ရသူ။ ပုံမှန်အားဖြင့် ဘဏ္ဍာရေးဆိုင်ရာ စာရင်းများပြုစုခြင်း စနစ်ကို အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်အနေဖြင့် လေ့ကျင့်တတ်မြောက်ထားသူ (စာရင်းကိုင်)။ အချို့သော လုပ်ငန်းများတွင် စာရင်းများရေးသွင်းရန်နှင့် အရောင်းအဝယ်စာရင်း၊ အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်းများကို စာရင်းရေးသမား book keeping အောင်မြင်သူများက ရေးဆွဲလေ့ရှိပြီး ၎င်းတို့အထဲတွင် နက်နဲသော စာရင်းပညာရပ်များ ရေးဆွဲရန်အရည်အချင်း ပြည့်ဝသော ချာတာစာရင်းကိုင်





များ၊ စီပီအေလက်မှတ်ရထားသူများနှင့် မှတ်ပုံတင်စာရင်းကိုင်လက်မှတ်ရထားသူများ၊ စာရင်းကိုင်ပညာဘွဲ့ရသူများကို ခန့်ထားလေ့ရှိသည်။

**accredit (v)** သံတမန်တစ်ဦးကဲ့သို့ လုပ်ငန်းဆောင်ရွက်ရန် အခွင့်အာဏာနှင့် ရာထူးကိုပေးအပ်၍ အသိအမှတ်ပြုသည်။ အခွင့်အာဏာပေးအပ်သည်။

**accretion** သဘာဝအလျောက် တိုးတက်လာခြင်း၊ ကြီးထွားလာခြင်း၊ ပြင်ပမှ ပေါင်းစည်းခြင်းဖြင့် တိုးပွားလာခြင်း။ ဥပမာမြေနုကျွန်းပေါ်ခြင်း၊ ပစ္စည်းတိုးပွားလာခြင်းကို ပစ္စည်းပိုင်ရှင်မှ ရယူခံစားနိုင်ခြင်းဥပမာ မွေးမြူထားသော တိရိစ္ဆာန်များမှ သားပေါက်ခြင်း။ မြေယာနှင့်စပ်လျဉ်း၍ မြစ်များ၊ ပင်လယ်သမုဒ္ဒရာများမှ အနယ်ကျခြင်းအားဖြင့် မြေယာဧရိယာကျယ်ဝန်းလာခြင်း။ တိုးပွားလာခြင်း နောက်တစ်မျိုးမှာ တစ်စုံတစ်ယောက်သည်မိမိမျှော်မှန်းထားသော အမွေဝေပုံကျထက် ပို၍ရလာခြင်း ထိုသို့ရလာခြင်းသည် အမွေရှင်ထက်စော၍ အခြားအမွေဆိုင်များ သေဆုံးပြီး ဆက်ခံသူမရှိခြင်း သို့မဟုတ်အခြား အမွေဆိုင်မှ အမွေဝေစုကို စွန့်လွှတ်ခြင်းသို့မဟုတ် အပ်နှံထားသော ငွေများမှာ အတိုးနှုန်းပြောင်းလဲ မြင့်တက်မှုကြောင့် တိုးပွားလာခြင်းတို့ဖြစ်သည်။

**accrimination (n)** ပြစ်မှုကျူးလွန်သူ၏ အမည်ကိုဖော်ထုတ်ခြင်း။ အဆိုပါသူသည် ပြစ်မှုကျူးလွန်သူဖြစ်ပါသည်ဟု တိတိကျကျ စွတ်စွဲခြင်း။

**accrue (v)** စေ့ရောက်သောအခါ ငွေရင်းပေါ်တွင် အတိုးပေါင်းထည့်ခြင်း၊ ငွေချေး ရာတွင် အတိုးပွားလာခြင်း၊ ရပိုင်ခွင့်ကို ဖောက်ဖျက်လာသည့်အတွက် နစ်နာသူ တွင်အခင်းဖြစ်အကြောင်းအရာများ တိုးပွားလာခြင်း၊ နာရီပေါင်းများစွာ အလုပ် လုပ်ကိုင်ပေးခြင်းဖြင့် အားလပ်ချိန်များရရှိလာခြင်း ဥပမာ လမ်းလျှောက်နေသူတစ်ဦးကို မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိ၍ ဒဏ်ရာရရှိခဲ့ရာတွင် ယာဉ်မောင်း အပေါ်တရားစွဲဆိုရန်အခင်းဖြစ်အကြောင်းခြင်းရာ ပေါ်ပေါက်လာခြင်း။

ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာတွင် နစ်နာသူပိုင်ရှင်မှ အတုပြုလုပ်သူအပေါ်တရားစွဲဆိုရန် အကြောင်းအပေါ်ပေါက်လာခြင်း။

**accumulation (n)** ရင်းနှီးမြှုပ်နှံမှုကြောင့် တဖြည်းဖြည်းခြင်း ငွေများ ပိုင်ဆိုင်မှုများစုဆောင်း ရရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**accumulation trust.** သတ်မှတ်ထားသော စည်းကမ်းချက် မစေ့ရောက်မီအတွင်း အကျိုးခံစားခွင့်ရှိသူက ထုတ်ယူသုံးစွဲခွင့်မရသေးသော ထိုသူအတွက် မြှုပ်နှံပေးထားသည့် ငွေကြေး။ ဥပမာ ဦးလေးဖြစ်သူဦးဘက တူဖြစ်သူ မောင်ဖြူအတွက် ငွေကြေးတစ်ရပ်မြှုပ်နှံထားရာ သတ်မှတ်ထားသည့် စည်းကမ်းချက်မှာ မောင်ဖြူအနေဖြင့် မြန်မာစာကို ပါရဂူဘွဲ့ရမှသာ ထုတ်ယူရမည်ဟုပါရှိသည်။ မောင်ဖြူသည် အဆိုပါငွေကို စည်းကမ်းချက်အတိုင်း မြန်မာစာပါရဂူဘွဲ့ရမှသာ အကျိုးခံစားခွင့်ရှိမည်ဖြစ်သည်။

**accumulative sentence** တရားခံအပေါ် နောက်တစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်သည့် အခါ ပထမအမှုတွင် ချမှတ်ထားသော ပြစ်ဒဏ်ကုန်ဆုံးမှသာ အစပြု၍ ကျခံရခြင်း။ ထို့ကြောင့် ပြစ်ဒဏ်နှစ်ရပ်သည် အဆက်မပြတ် အစဉ်လိုက် ကျခံရမည်။

**accusation (n)** တရားလို၏ ရှေ့နေက တရားခံသည်ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း အခိုင်အမာ စွတ်စွဲပြောဆိုခြင်း။

**accused (n)** ပြစ်မှုဖြင့် တရားစွဲတင်ပို့ခြင်းခံရသူ။

**accusare nemo se debet.** မိမိကိုယ်ကို မိမိအပြစ်ရှိကြောင်း မည်သူမျှ ပြောဆိုရန်တာဝန်မရှိ။ ဆိုလိုသည်မှာ စွတ်စွဲခံရသော ပုဂ္ဂိုလ်သည် အပြစ်မရှိကြောင်း လျှောက်လဲတင်ပြရန် အခွင့်အရေးရှိသောကြောင့်ဖြစ်သည်။

**acknowledge (v)** အဆိုးအကောင်း အရေးမထားဘဲ ဝန်ခံခြင်း။ စာရွက်စာတမ်းပေါ်ရှိ ရေထိုးထားသော လက်မှတ်သည်၊ အဆိုပါသူရေးထိုးခြင်းဖြစ်ကြောင်း နိုတြီပဗ္ဗလစ် သို့မဟုတ် ပြန်တမ်းဝင်အရာရှိမှ ထောက်ခံပေးခြင်း။

**acknowledgement** နိုတြီပဗ္ဗလစ်ရှေ့မှောက်တွင် ပြုလုပ်သော စာရွက်စာတမ်း သို့မဟုတ် အခြားအခွင့်ရ ကျမ်းကျိန်သူအရာရှိ ရှေ့မှောက်တွင် ပြုလုပ်သော စာရွက်စာတမ်းပေါ်ရှိရေးထိုးထားသည့် လက်မှတ်မှာ စာရွက်စာတမ်းပြုလုပ်သူ၏ လက်မှတ်မှန်ကန်ကြောင်း အသိအမှတ်ပြုပေးခြင်း။ သိကြောင်း မှန်ကြောင်း ရရှိကြောင်း ဝန်ခံသည်။ အတည်ပြုချက်၊ ဝန်ခံချက်၊ ကြွေးမြီဝန်ခံချက်။

**acquainted (v)** နားလည်တတ်ကျွမ်းသည်။ သိကျွမ်းနားလည်သည်။





**acquiesce (v)** အရောင်းအဝယ်နှင့် စပ်လျဉ်း၍ သွယ်ဝိုက်၍သဘောတူညီချက်ပေး ခြင်း သို့မဟုတ် မည်သည့်ဆောင်ရွက်မှုတွင်မဆို ဆိတ်ဆိတ်နေခြင်း သို့မဟုတ် စာဖြင့်လည်းကောင်း ဝန်ခံခြင်းဖြင့်လည်းကောင်း မပေးဘဲနေခြင်းဖြင့် ရပိုင်ခွင့်များတိုးပွားလာခြင်း။ တိတ်တိတ်နေခြင်းဖြင့် သဘောတူခြင်း။ လိုက်လျောခြင်း လက်ခံခွင့်ပြုခြင်း။

**acquiescence (n)** သဘောတူကျေနပ်ခြင်း (သို့မဟုတ်) သွယ်ဝိုက်၍ သဘောတူခြင်း တစ်ခါတစ်ရံတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်အပေါ် ဆိတ်ဆိတ်နေခြင်း။

**acquire (v)** တစ်စုံတစ်ရာကို လက်ဝယ်ရှိခြင်း သို့မဟုတ်ရယူခြင်း။ ပိုင်ရှင်လက်ဝယ်ရှိခြင်း။ ပိုင်ရှင်အပြောင်းအလဲတွင် ညွှန်းခြင်းနှင့် ဝယ်ယူခြင်းသို့မဟုတ် အင်အားသုံး၍ ရယူခြင်းကို ညွှန်းသည်။ တစ်စုံတစ်ယောက်ထံမှ ပထမအကြိမ် တစ်စုံတရာကို လက်ဝယ်ရယူခြင်း (သို့မဟုတ်)လက်ခံခြင်း။ မရောင်းနိုင်သော ပစ္စည်းများကို ရယူနိုင်ခြင်းလည်း မရှိပါ။

**acquisition (n)** ပိုင်ဆိုင်ရယူခြင်း၊ သိမ်းဆည်းခြင်း။ သိမ်းယူခြင်း။ လက်ဝယ်ရယူခြင်း ဆိုသည်မှာ ပိုင်ဆိုင်မှု သို့မဟုတ် ပိုင်ရှင်လွှဲပြောင်းခြင်း သို့မဟုတ် နိုင်ငံတော်သို့လွှဲပြောင်းခြင်း သို့မဟုတ် နိုင်ငံပိုင်ကော်ပိုရေးရှင်းမှ ရယူခြင်း။

**acquisition of land** မြေကို သိမ်းယူခြင်းရယူခြင်း။

**acquisitive prescription** ကာလစည်းကမ်းသတ် အက်ဥပဒေအရ အချိန်ကြာမြင့်စွာ လက်ရှိထားမှုကြောင့် အခွင့်အရေးတစ်ရပ်ရလာခြင်း။ (ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၁၄၂နှင့် ပုဒ်မ ၁၄၄။ ၎င်းတို့နှင့် စပ်ဆိုင်သော စီရင်ထုံးများကြည့်ပါ)

**acquit (v)** တရားခံသည် ပြစ်မှုကိုကျူးလွန်သူမဟုတ်ကြောင်း တရားသူကြီး သို့မဟုတ် ဂျူရီအဖွဲ့မှ တွေ့ရှိချက်။

**acquittals (n)** တရားသေလွှတ်ခြင်း။ တရားသူကြီး သို့မဟုတ် ဂျူရီအဖွဲ့က ၎င်းတို့ ရှေ့မှောက်ရောက်ရှိနေသော ပြစ်မှုတွင် တရားခံသည်ပြစ်မှုကျူးလွန်သည်ကို မတွေ့ရှိကြောင်း ဆုံးဖြတ်ခြင်း။ ထိုသို့ ဆုံးဖြတ်ခြင်းသည် တရားခံသည် အပြစ်ကင်းကြောင်း တွေ့ရှိရသည်ဟု ဆုံးဖြတ်ခြင်းမဟုတ်။ တရားလိုဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းစွာ သက်သေမပြနိုင်၍ ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့တရားခံအပေါ် တရားသေလွှတ်ပြီးပါက သက်ဆိုင်ရာတရားလိုက ကျေနပ်မှုမရှိလျှင် ဥပဒေရုံးမှတစ်ဆင့် တရားသေလွှတ်မိန့်အယူခံတင်သွင်းခွင့်ရှိသည်။ တရားသေလွှတ်မိန့်အတည်ဖြစ်နေလျှင် ထိုတရားခံအပေါ်တူညီသော အကြောင်းခြင်းရာကို အခြေပြု၍ ထပ်မံတရားစွဲဆိုခွင့် မရှိတော့ပါ။

**acquittance (n)** ငွေကြေးသို့မဟုတ် ကြွေးမြီကို ‌ေစ့ရောက်သည့်အခါ ပေးချေခြင်းဖြင့် ကြွေးမြီပေးဆပ်ပြီးဖြစ်ကြောင်း စာဖြင့်ရေးသားခြင်း။ ပြေစာဟုခေါ်သည်။ စာအောက်ခြေတွင် တံဆိပ်ခတ်နှိပ်ထားပါက အင်္ဂလိပ်ဥပဒေတွင် ကြွေးမြီတာဝန်မှ ကင်းလွတ်သည်ဆိုပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ တာဝန်မှ ပျက်ပြယ်သွားသည်။

**act (n)** လွှတ်တော်မှဖြစ်စေ၊ ဥပဒေပြုအာဏာပိုင်အဖွဲ့မှဖြစ်စေ၊ အတည်ပြုပြီးသော ဥပဒေကြမ်းသည်၊ နိုင်ငံတော်သမ္မတက အတည်ပြုပြီးပါက ဥပဒေအဖြစ်အသက်ဝင်လာသည်။ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်စုံတစ်ရာကို ပြုမူဆောင်ရွက်ခြင်း။ တမူထူးခြားစွာဖြင့် ပြုမူဆောင်ရွက်ချက်၊ ပြုမူချက်တစ်ရပ်ကို ပြုလုပ်ခြင်းအားဖြင့် အကျိုးကျေးဇူးများနှင့် တန်ပြန်မှုများ ရရှိလာခြင်း။

**act in pais** ရပ်ထဲ ရွာထဲ ပြုမူဆောင်ရွက်ချက်များသည် တရားခွင်အတွင်း ဆောင်ရွက်ချက်များနှင့် ကွာခြင်းသည်။ တရားခွင်အတွင်း ဆောင်ရွက်ချက် များသည် မှတ်တမ်းဝင်သွား၍ဖြစ်သည်။

**act of god** ကြိုတင်မမျှော်မှန်းနိုင်သော ဖြစ်ရပ်ဖြစ်ပွားခြင်း။ ဥပမာရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မီးကြိုးပစ်ခြင်း၊ ငလျင်လှုပ်ခြင်း။

**act of grace** ဘုရင်သို့မဟုတ် နိုင်ငံတော်အကြီးအကဲမှ ပါလီမန်၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်းအား act of grace ဟု ခေါ်သည်။

ဘုရင်သို့မဟုတ် နိုင်ငံတော်အကြီးအကဲက ထုတ်ပြန်သော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်။





**act of indemnity** ယခင်က ကျူးလွန်ခဲ့သော ဥပဒေဖောက်ဖျက်ကျူးလွန်မှုများအတွက်ကျခံရမည့် ပြစ်ဒဏ်များကို အကာအကွယ်ပေးသော (ကင်းလွတ်ခွင့်ပေးသော) အက်ဥပဒေကို ပြဋ္ဌာန်းပေးခြင်း။

**act of parliament** လွှတ်တော်က ထုတ်ပြန်ပြဋ္ဌာန်းလိုက်သော ဥပဒေ။

**acting (adj)** ရာထူးတစ်ခုခုတွင်ယာယီတာဝန်ထမ်းဆောင်ခြင်း။

**action (n)** တရားရုံးတွင် အခြားသူတစ်ဦးအပေါ် တရားစွဲဆိုခြင်း။ တစ်နည်းအားဖြင့် ပြစ်မှုဆိုင်ရာအမှုများကို ဆောင်ရွက်ခြင်း။

ဥပမာ။ တရားလိုဖြစ်သူဦးဘက ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံတွင် လမ်းဖြတ်ကူးရာ၌ ယာဉ်မောင်းဒေါ်နီသည် မီးနီနေသည်ကို သတိမထားဘဲ ပေါ့ဆစွာမော်တော်ကားကို ဖြတ်မောင်းသောကြောင့် တိုက်မိပြီး ဒဏ်ရာများရရှိသဖြင့် ဒေါ်နီအပေါ် တရားစွဲဆိုရခြင်းဖြစ်ကြောင်း ပြောဆိုသည်။

**action in personam (latin)** ပုဂ္ဂိုလ်ရေး အရေးယူဆောင်ရွက်ခြင်း။ ၎င်းတွင်အကန့်အသတ်သဘောရှိသည်။ဆိုလိုသည်မှာ ပုဂ္ဂိုလ်ဆိုင်ရာ အခွင့်အရေး သီးသီးသန့်သန့် အရေးယူဆောင်ရွက်ရခြင်းဖြစ်သည်။ (ကိုယ်ခန္ဓာထိခိုက် ဒဏ်ရာရမှု သို့မဟုတ် ဂုဏ်သိက္ခာထိခိုက်နစ်နာစေမှု၊ အသရေဖျက်မှု) ထိခိုက်နစ်နာသူက ကိုယ်တိုင်တရား စွဲဆိုရမည်ဖြစ်ပြီး ကိုယ်စားလှယ်ဖြင့် တရားစွဲခွင့်မရှိပါ။ ဥပဒေဆိုရိုး စကားဖြစ်သော actio personalis cum persona အရ တရားစွဲဆိုခြင်းမှာလည်း ရပ်စဲသွားသည်။

**action in rem (latin)** ပစ္စည်း၏ ပိုင်ဆိုင်မှုနှင့် အမှုသည်များ၏ ရပိုင်ခွင့်များကို အရေးယူဆုံးဖြတ်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် အမှုသည်များသာမက မည်သည့်အချိန်အခါ၌မဆို အဆိုပါပစ္စည်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ကို တောင်းဆိုသောသူများကိုပါထည့်သွင်းသည်။

**action of the writ** တရားပြိုင်က တရားလိုစွဲဆိုထားသော အမှုသည် ၎င်းအပေါ်တွင် ထိုသို့စွဲဆိုခွင့်မရှိပါဟု စာချုန်တော်ဖြင့် ထုချေခြင်း။ အောက်တရားရုံးတစ်ခုက မိမိအားအပ်နှံထားခြင်း မရှိသော စီရင်ပိုင်ခွင့်အာဏာကို အတင်းအကြပ် အသုံးပြုနေလျှင် တားမြစ်စေ စာချုန်တော်အမိန့်တစ်ရပ်ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။ သို့သော် သက်ဆိုင်ရာဥပဒေတွင် ကုစားနိုင်သောနည်းလမ်းပြဋ္ဌာန်းထားလျှင် တားမြစ်စေ စာချွန်တော်အမိန့် မလျှောက်ထားနိုင်။

**actionable (adj)** ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သော။ တရားစွဲဆိုမှု သို့မဟုတ် အခြားဥပဒေဆိုင်ရာ ဆောင်ရွက်မှုအတွက် အခြေခံအကြောင်းအချက်ဖြစ်သော။ အကယ်၍ တရားစွဲဆိုလွှာတွင် အမှုအတွက် သက်သေပြရန်လိုအပ်သော အကြောင်းအချက်များ မပါရှိလျှင် အဆိုပါအမှုမှာ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သော အမှုမဟုတ်။

**actionable claim** တရားစွဲဆို တောင်းယူပိုင်ခွင့်ရှိသော အခွင့်အရေး

**actionable wrong** ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သော မှားယွင်းမှု။

**active service** တန်းပြည့်စစ်မှုထမ်းချိန်။တန်းပြည့်စစ်မှုထမ်းချိန်ဆိုသည်မှာ ၁၉၅၅ ခုနှစ် တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးသည် (က)ရန်ကုန်နှင့် တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသောအချိန် သို့မဟုတ် ပါဝင်သည့်အချိန်(ခ)ရန်သူကလုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော် လည်းကောင်း သိမ်းပိုက်ထားသော တိုင်းပြည်တစ်ပြည်၌ဖြစ်စေ၊ နေရာတစ်ခု ၌ဖြစ်စေ၊ နေရာတစ်ခုသို့ဖြစ်စေ စစ်ချီတက်ရာ၌ ပါဝင်သည့်အချိန် (ဂ)နိုင်ငံခြား နိုင်ငံတစ်ခုကို သိမ်းပိုက်ထားသော အဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားချိန် သို့မဟုတ် ပါဝင်သည့်အချိန်ဖြစ်သည်။ [ပုဒ်မ ၃(က)]

**active trust** တာဝန်နှင့် ဆက်နွယ်နေသော ယုံမှတ်အပ်နှံမှု။

**actual (adj)** အမှန်အကန် တည်ရှိသောအကြောင်းအချက်။

**actual damages** အမှန်ဆုံးရှုံးနစ်နာမှုအတွက်ပေးသော လျော်ကြေး။ တစ်ဦးတစ်ယောက်၏ ထိခိုက်ဒဏ်ရာရမှုအပေါ် အခြေခံ၍ တရားမမှုစွဲဆိုရာ တောင်းဆိုသော လျော်ကြေးငွေပမာဏတွင် ထိုထိခိုက်ဒဏ်ရာရသူအနေဖြင့် လုပ်ကိုင်မြဲအလုပ်များကို မလုပ်နိုင်၍ လုပ်အားခများဆုံးရှုံးမှုနှင့် ဒဏ်ရာကို ဆေးကုသရသော စရိတ်ငွေများအပါအဝင်ဖြစ်သည်။ တောင်းဆိုသော ငွေကြေးပမာဏမှာ အမှန်တကယ် ဆုံးရှုံးနစ်နာမှုအတွက် ပေးရသောလျော်ကြေးဖြစ်သည်။

**actuary (n)** အာမခံနှင့်ပစ္စည်းတန်ဖိုး တွက်ချက်မှုတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်။ အထူးသဖြင့် အသက်အာမခံနှင့် ပရီမီယံကြေးကို တွက်ချက်သူ။





အာမခံသင်္ချာပညာရှင်။ ဘဏ်လုပ်ငန်းစာရင်းကိုင် လုပ်ငန်းစာရင်းစစ် လုပ်ငန်းကျွမ်းကျင်သူ။

**actio personalis moritur cum persona (latin)** လူတစ်ဦးတစ်ယောက်၏ တရားစွဲဆိုပိုင်ခွင့်သည် ထိုသူသေဆုံးသည့်အခါ ရပ်စဲသွားသည်။

**actore incubit onus proband (latin)** သက်သေပြရန်တာဝန်သည် တရားလိုအပေါ်တွင် ကျရောက်သည်။

**actore non probante absolvitur reus (latin)** တရားလိုသည် မိမိအမှုကို နိုင်လုံအောင် သက်သေမပြနိုင်ပါက တရားခံအား တရားသေလွှတ်ရမည်ဖြစ်သည်။

**actus curiae nemine fact injuriam (latin)** တရားရုံး၏ ဆောင်ရွက်ချက်များသည် မည်သူတစ်ဦးတစ်ယောက် အပေါ်တွင်မှ နစ်နာမှုကို မဖြစ်စေရ။

**actus curiae neminem gravabit (latin)** တရားရုံး၏ ဆောင်ရွက်ချက်များသည် မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်း ပြုမည်မဟုတ်။

**actus reus (latin)** လက်တင်ဘာသာဖြင့် ပြစ်မှုမြောက်သော လုပ်ဆောင်ချက်ဖြစ်သည်။ ပြစ်မှုမြောက်သော လုပ်ဆောင်ချက်သည် တစ်ချို့သော စိတ်အခြေအနေနှင့် ပေါင်းစပ်နေသည်။ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခြင်း သို့မဟုတ် မဆင်မခြင် ပြုလုပ်ခြင်းတို့ဖြစ်ပြီး ပြစ်မှုတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ ဥပမာ ခိုးမှုတစ်မှုတွင် ပစ္စည်းကို ရွှေ့လျားစေခြင်းမှာ လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ရည်ရွယ်ချက်မှာ ပစ္စည်းပိုင်ရှင်အနေဖြင့် ပစ္စည်းကို အမြဲတစေ လက်လွှတ်သွားစေရန်ဖြစ်သည်။

**actus non facit reum, nisi mens sit rea.** ပြုလုပ်မှုတစ်ခုကို ပြုလုပ်မှုသက်သက်ဖြင့် အပြစ်မရှိ။ သို့သော် ပြစ်မှုကျူးလွန်ရန် ကြံရွယ်သည့် စိတ်ဓာတ်နောက်ကွယ်မှ ပါရှိသာလျှင်ပြစ်မှု မြောက်သည်။

**adapt (v)** ဆီလျော်အောင် ဆောင်ရွက်သည်။

**adaptation (n)** ဥပဒေစကားရပ်များ အစားထိုးပြောင်းလဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



**adaptation of laws** ဥပဒေများအား ဆက်ခံကျင့်သုံးခြင်း။
**ad damnum (latin)** တောင်းဆိုသော နစ်နာကြေးပမာဏ။
**ad hoc (latin)** သီးသန့်ကိစ္စရပ်အတွက်။ သီးခြားကိစ္စရပ်အလိုငှာ။
**ad idem (latin)** အရေးကြီးသောအချက်ကို သဘောတူညီကြခြင်း။ တသဘောတည်းဖြစ်ခြင်း။
**ad interim** ထိုအချိန်ကာလအတွင်း
**ad litem** အမှုအတွက်
**ad referendum.** ထပ်မံစဉ်းစားဆင်ခြင်ရန်၊ ဆုံးဖြတ်ရန်
**ad volorem** တန်ဖိုးအလျောက်
**addendum (n)** နောက်ဆက်တွဲ၊ ထပ်တိုးခြင်း၊ ဖြည့်စွက်ချက်၊ ဖြည့်စွက်ချက်စာချုပ်။ ပဋိညာဉ်ကို ထပ်မံဖြည့်စွက်ခြင်း သို့မဟုတ် စာဖြင့် ရေးသားထားသော စာချုပ်စာတမ်းများကို ပြီးပြည့်စုံစေခြင်း၊ ပဋိညာဉ်ပါ စာပိုဒ်များကို အသေး စိတ်ရှင်းလင်းခြင်း သို့မဟုတ် ပဋိညာဉ်ကို ပြောင်းလဲရန်အဆိုပြုခြင်း၊ ကမ်းလှမ်းခြင်း၊ တစ်ခါတစ်ရံ အိမ်အရောင်းအဝယ်စာချုပ်များတွင် ဖြည့်စွက်ချက်များပါ တတ်လေ့ရှိသည်။ ပစ္စည်းရောင်းချရာတွင် နှစ်ဦးသဘောတူထားသည့် ငွေကို မည်ကဲ့သို့ပေးချေမည့် အစီအစဉ်များနှင့် အခြားငွေရေးကြေးရေးဆိုင်ရာ စည်းကမ်းချက်များ။ ပစ္စည်း၏ ပိုင်ဆိုင်ခွင့်ကို မည်သည့်နေ့တွင် လွှဲပြောင်း ပေးရန်စသည်တို့ ဖြည့်စွက်ချက်၊ နောက်ဆက်တွဲအနေဖြင့် ပါလေ့ရှိသည်။ ဖြည့်စွက်ချက်စာချုပ်ကို သီးခြားလက်မှတ် အသီးသီးရေးထိုးရမည်ဖြစ်ပြီး မူလစာချုပ်နှင့် ပူးတွဲထားရမည်။ သို့မှသာ နှစ်ဘက်အငြင်းပွားမှုကို မဖြစ်စေ နိုင်တော့ပါ။
**addict (v)** တစ်စုံတစ်ရာကို နှစ်သက်စွဲလမ်းပြီး အမြဲတစ်စေပြုလုပ်သည်။ ထိုသို့ စွဲလမ်းစွာပြုလုပ်ခြင်းမှာ ဥပဒေနှင့်မညီသော လူ့ခန္ဓာကိုယ်ကို ထိခိုက်စေသော ကိစ္စရပ်မျိုးကို စွဲလမ်းခြင်းဖြစ်သည်။ ဆေးခြောက်၊ ဘိန်းဖြူ၊ မော်ဖိန်း၊ အရက်စသည်တို့ကို အမြဲတန်းနှင့် အကြိမ်ကြိမ်သုံးစွဲခြင်း။ တစ်စုံတစ်ရာကို စွဲလမ်းခြင်းဆိုသော စကားရပ်တွင် မူးယစ်ဆေးဝါးကိုသာမက ဥပဒေအရ





အရေး ယူခြင်း မပြုနိုင်သော ဆေးလိပ်စွဲခြင်း၊ အရက်စွဲခြင်း၊ ဓာတ်ဆီရှူခြင်း စသည့် ကိစ္စများလည်းပါဝင်သည်။
**addition (n)** ပေါင်းစပ်ခြင်း ထပ်ထည့်ခြင်း၊ နောက်ဆက်တွဲ
**additional evidence** နောက်ထပ်သက်သေခံချက်
**address (n)** နေထိုင်ရာ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာလိပ်စာ
**address book (n)** အီးမေး(လ်)လိပ်စာနှင့် အမည်စာရင်းများ သိမ်းသည့် ကွန်ပျူတာမှတ်စု။
**address for service** ဆင့်စာချရန်လိပ်စာ။ တရားလို၊ အယူခံတရားလိုနှင့် လျှောက်ထားသူတို့သည်၊ တရားရုံးသို့ အဆိုလွှာအယူခံလွှာ လျှောက်လွှာတို့ကို တင်သွင်းသည့်အခါ ၎င်းတို့ထံ သမ္မာန်စာချအပ်နိုင်ရန်အတွက် လိပ်စာကို တရားရုံးသို့ တင်သွင်းထားရသည်။ ထို့အတူ တရားပြိုင်၊ အယူခံတရားပြိုင် လျှောက်ထားခံရသူတို့သည် တရားရုံးတွင် အမှုကို ဝင်ရောက်ဆိုင်ပြိုင်သည့်အခါ၊ ၎င်းတို့ ထံသမ္မာန်စာချအပ်နိုင်ရန် လိပ်စာတင်သွင်းထားရသည်။
(CPC.O5 R20-A)
**adduce (v)** အကိုးအကား၊ အထောက်အထားတင်ပြသည်။ အကြောင်းပြချက် ပေးသည်။
**ademption (v)** ဖယ်ရှားသည်။ ချုပ်ငြိမ်းသွားသည်။ ယူသွားစေသည်။ သေတမ်းစာဖြင့် ပေးထားပြီး ပစ္စည်းကို သေတမ်းစာရေးသားသူက ၎င်းမကွယ်လွန်မီ ပြန်နုတ်သိမ်းခြင်း။ ဥပမာ ဦးဖြူက မောင်မဲသို့ သေတမ်းစာရေးသား၍ သေတ္တာထဲ ရှိ ငွေ –၁၀၀၀ိ/–ကျပ်နှင့် မြင်းဇောင်းရှိ မြင်း (၁၀)ကောင်ကို အမွေပေးခဲ့သည်။ ဦးဖြူသေဆုံးသည့်အခါ သေတမ်းစာပါ ငွေလည်းမတွေ့ခြင်းလည်း မတွေ့ရပေ။ ထိုသို့ဖြစ်သည်မှာ ပြန်လည်သိမ်းယူသည်မည်၏။
သေတမ်းစာတွင်ပါရှိသော အမွေပေးထားသည့် ပစ္စည်းမှာပျက်ပြယ်သွားခြင်း။ ပေးကမ်းခြင်း ရပ်ဆိုင်းရခြင်းမှာ သေတမ်းစာရေးသားသူသည် အဆိုပါပစ္စည်းကို သေဆုံးသည့်အခါ ပိုင်ဆိုင်မှုမရှိတော့၍ဖြစ်သည်။ တစ်ခါတစ်ရံ သေတမ်းစာဖြင့် အမွေပေးထားသည့် ပစ္စည်းကို ရောင်းချခဲ့ခြင်း၊ ပျက်ဆီး ခံရခြင်း သို့မဟုတ် သေတမ်းစာဖြင့် အမွေရမည့်သူမှလွှဲ၍ အခြားသူသို့ပေးကမ်း ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေတမ်းစာဖြင့် အမွေပေးထားသည့် ပစ္စည်းမှာ အကြောင်းတစ်ခုခုကြောင့် ယုတ်လျော့သွားလျှင် အမွေရမည့်သူအနေဖြင့် ကုသိုလ်ကံအကြောင်းမလှ၍ဟုသာဆိုရပေမည်။

**ademption by satisfaction.** သီးခြားပစ္စည်းတစ်ခုခုကို သေတမ်းစာရေးသား၍ အမွေပေးခဲ့ရာတွင် သေတမ်းစာရေးသားသူသည် ၎င်းမကွယ်လွန်မီကပင် အဆိုပါပစ္စည်းကို အကျိုးခံစား ထိုက်သူသို့ ပေးကမ်းလိုက်ခြင်း။

**adequate (adj)** သင့်လျော်လုံလောက် ငွေကြေးပမာဏသည် လက်မှတ်ထားသော ကိစ္စရပ်အတွက် လုံလောက်မှုရှိခြင်း။ ဆိုလိုသည်မှာ ထိုကိစ္စရပ်အတွက် ပေးချေရမည့် ငွေပမာဏအပြည့်ရှိခြင်း လုံလောက်ခြင်း၊ လိုငွေမဖြစ်ပေါ်ခြင်း။

**adhesion contract** တစ်ဦးကိုအလွန်အမင်း အသားပေးချုပ်ဆိုသော ပဋိညာဉ်သို့မဟုတ် အခြားပါဝင်သူကို မမျှမတကန့်သတ်ချုပ်ချယ်ထားသော ပဋိညာဉ်။ ထိုသို့ ပြုလုပ်ထားခြင်းဖြင့် တစ်ဘက်သောသူသည် ပဋိညာဉ်တွင် ပါဝင်သည့်အခါ ရွေးချယ်စရာ မရှိတော့ဟု မှတ်ယူသွားစေသည်။ တရားရုံးမှ အဆိုပါပဋိညာဉ် စာချုပ်သည် အလွန်အမင်းမျှတမှု မရှိဟုတွေ့မြင်သောအခါ မတရားပြုခြင်းခံရသူအပေါ် ပဋိညာဉ်ပါ သဘောတူညီချက်ကို အတည်ပြုပေးရန် ငြင်းဆိုနိုင်ဖွယ်ရှိသည်။ တစ်ဖက်သတ် အသားပေးချုပ် ဆိုသော စာချုပ်များသည် ကျင့်ဝတ်သိက္ခာနှင့်မညီသော ကုမ္ပဏီများစာချုပ်ဆိုသည့် ပုံစံဖြစ်သည်။ တစ်ဘက်ဘက်ကို အသားပေးချုပ်ဆိုသော ပဋိညာဉ်သည် တစ်ခါတစ်ရံ စာချုပ်ပါအဖွဲ့ဝင်များ၏ နှိုင်းယှဉ်စွမ်းရည်ပြသည့် အထောက်အထားဖြစ်သည်။ ဥပမာ ကော်ပိုရေးရှင်းကြီးနှင့် သာမန်နိုင်ငံသားတို့ကို နှိုင်းယှဉ်ခြင်း။

**adjourn (v)** ရွှေ့ဆိုင်းခြင်း။ ရွှေ့ဆိုင်းခြင်းသည် ခေတ္တထမင်းစားချိန်ရပ်နား ခြင်းနှင့် မတူပါ။ အမှုစစ်ဆေးခြင်းကို ရပ်နားပြီးနောက် သတ်မှတ်သောရက်တွင် ပြန်လည်စတင်ခြင်းကိုခေါ်သည်။ ရက်ကြာမြင့်စွာ ရပ်နားရွှေ့ဆိုင်းလျှင် continuance ဟု ခေါ်သည်။ နောက်ရက်ချိန်း တိတိကျကျ မသတ်မှတ်ဘဲ ရက်ရွှေ့ဆိုင်းခြင်းကို adjounment sine dine ဟု သုံးနှုန်းသည်။





အမှုရွှေ့ဆိုင်းခြင်း၊ ရက်ချိန်းပေးခြင်း CPC O XVII

ဒါရိုက်မှုတွင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခြင်း CPC O XXI R 69

**adjudication (n)** အမိန့်၊ စီရင်ချက်၊ ဒီကရီကိုချမှတ်ခြင်း။ တရားစီရင်ရေးဆောင်ရွက်မှုများတွင် အငြင်းပွားသော ကိစ္စကိုအဆုံးအဖြတ်ပေးခြင်း သို့မဟုတ် အမှုကို ဆုံးဖြတ်ခြင်း။

**adjuration (n)** ကျမ်းကျိန်ချက်၊ လေးနက်စွာတောင်းဆိုချက်။

**adjuster (n)** အာမခံကုမ္ပဏီများက အာမခံကြေးတောင်းခံလွှာများနှင့် ခပ်လျဉ်းပြီး ညှိနှိုင်းပြေလည်မှုရရှိစေရန်နှင့် တောင်းဆိုသည့်ကိစ္စများကို ဆောင်ရွက်ရန် ငှားရမ်းထားသည့် ကျွမ်းကျင်ပုဂ္ဂိုလ်။

**adjustment (n)** ရေကြောင်းအာမခံတွင် သင်္ဘောများအား အာမခံသတ်မှတ်ခြင်း ရေကြောင်း အာမခံလုပ်ငန်းကျွမ်းကျင်သော average adjusters များကရေကြောင်းအာမခံကုမ္ပဏီသို့ ပျက်စီးမှုအတွက် လျော်ကြေးပမာဏ အစီရင်ခံစာ တင်ပြခြင်း။ တရားရုံးပြင်ပတွင် တရားနိုင်သို့ ညှိနှိုင်းပေးအပ် ရှင်းလင်းခြင်း။ တရားလို (တရားနိုင်)က တရားရုံးသို့ ထိုသို့ ညှိနှိုင်းပြီးကြောင်းကို အကြောင်း ကြား တင်ပြရမည်။

CPC O21 R2

**administer(v)** လုပ်ငန်း သို့မဟုတ် ရာထူးတာဝန်ကို စီမံခန့်ခွဲသည်။

**administration (n)** စီမံခန့်ခွဲခြင်း။ အစိုးရ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့၏ အခွင့်အာဏာရှိသော တာဝန်ကိုဆောင်ရွက်ခြင်း။

**adminstration of justice** တရားဥပဒေနှင့်အညီ စီမံခန့်ခွဲမှု၊ တရားရေးဌာန။

**administration, letter of** အမွေထိန်းလက်မှတ်၊ သေတမ်းစာမရေးသားခဲ့ဘဲ သေဆုံးသွားသူနှင့် ဟိန္ဒူမဟာဗေဒင် ဗုဒ္ဓဘာသာ၊ ဆစ်ခ်၊ ဂျိန်း သို့မဟုတ် ကင်းလွတ်ခွင့်ရသူပိုင်ပစ္စည်းကို စီမံခန့်ခွဲနိုင်ရန် သက်ဆိုင်ရာတရားရုံးတော်က ထုတ်ပေးသော လက်မှတ်။

**administration, suit for** အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု

**administrative law** အုပ်ချုပ်ရေးဥပဒေ။ အစိုးရဝန်ကြီးဌာနများက ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အကြံပေးချက်များနှင့် အခြား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထုံးလုပ်နည်းများ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်သော ကိစ္စများ ဖြစ်၍ များသောအားဖြင့် လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ စာရင်းတွင် မတွေ့ရှိနိုင်ပါ။

**administrator** သေတမ်းစာမရေးသားဘဲ သေဆုံးသွားသော သူ၏ ကျန်ရစ်သော ပစ္စည်းများကို သက်ဆိုင်သူများသို့ ခွဲဝေပေးရန် အမွေထိန်း တရားရုံးက ခန့်အပ်သည့်ပုဂ္ဂိုလ်။ သေတမ်းစာရေးသားခဲ့သော်လည်း သေတမ်း စာတွင် မည်သူ ဆောင်ရွက်ရမည်ကို မသတ်မှတ်ထားသည့်အခါ တရားရုံးက ဆောင်ရွက်ရန် ခန့်အပ်ထားသည့်ပုဂ္ဂိုလ်။ တရားရုံးကခန့်အပ်သည့် အမွေထိန်း။

**The Succession Act:Part1X :Chap1&2 (CPC O20 R13)**

**administrator general** အမွေထိန်းဝန်။

**administratrix** အမွေထိန်းခွင့်ရသော အမျိုးသမီး။ ယခုအခါ ထိုအသုံး အနှုန်းကို အသုံးမပြုတော့ပါ။ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ အမွေထိန်း တာဝန်ထမ်းဆောင်လျှင် administrator ဟုသာ ခေါ်ဝေါ်ပါသည်။

**administrator ad litem** အမွေထိန်းတရားရုံးက အမှုအတောအတွင်း အမွေပစ္စည်းများကို စီမံခန့်ခွဲရန် ခန့်အပ်ထားသည့်ပုဂ္ဂိုလ်၊ ထိုသို့ခန့်အပ်ရာတွင် သေတမ်းစာ အတည်ပြုသူ သို့မဟုတ် သေတမ်းစာအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို စီမံခန့်ခွဲသူမရှိမှသာ တရားရုံးကခန့်အပ်ခြင်းပြုသည်။ ထိုသို့မဟုတ် လျှင် သေတမ်းစာအရ ခန့်အပ်ထားခြင်းခံရသူသည် သေသူပိုင်ပစ္စည်းများအပေါ် အကျိုးကျေးဇူးခံစားခွင့်ရှိသူဖြစ်ပြီး အခြားသောသူများနှင့် ပဋိပက္ခဖြစ်နေသည့် အခါတွင်လည်း ခန့်အပ်လေ့ရှိသည်။

ဥပမာ – ဦးဖြူသည် သေတမ်းစာရေးသားရာတွင် ၎င်းပိုင်ပစ္စည်းအများစုကို ဦးမဲသို့ပေးထားသည်။ ထို့ပြင် ၎င်း၏သေတမ်းစာကို အတည်ပြုသူအဖြစ်နှင့်ပါ ခန့်အပ်ခဲ့သည်။ သို့သော် ဦးဖြူ၏ ညီမဖြစ်သူ ဒေါ်နီက ထိုသေတမ်းစာ အပေါ် သံသယဝင်နေပြီး ဦးမဲ၏ မတရားသြဇာလွှမ်းမိုးမှုဖြင့် ဦးဖြူသည် အဆိုပါ သေတမ်းစာကို ရေးသားကြောင်း စိတ်ခံစားမှုပေါ်ပေါက်နေသည်။

သို့အတွက် ဒေါ်နီက အဆိုပါသေတမ်းစာနှင့်စပ်လျဉ်း၍ အမွေထိန်း တရားရုံးတွင် ဦးမဲအပေါ် တရားစွဲဆိုခဲ့သည်။ ထိုအခါ တရားရုံးက ဦးဖြူ၏





မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ် အမွေထိန်း (administrator ad litem) အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးကို အမှုအတောအတွင်း ခန့်အပ်ခဲ့သည်။ အဆိုပါခန့်အပ်ခံရသူကို adminiustrator ad prosequendum ဟုလည်း ခေါ်ဆိုသည်။ အဓိပ္ပါယ်မှာ အမှုစွဲဆိုနေစဉ်အတွင်း အမွေထိန်းဟုခေါ်သည်။

**admiralty and maritime jurisdiction** ကမ်းဝေးပင်လယ်ပြင်တွင် ဖြစ်ပွားသောပြစ်မှုများကို စစ်ဆေးစီရင် ပိုင်ခွင့်။ ထိုမှုဝါဒမှာ ပင်လယ်ပြင်ကို ရောက်ရှိနေသောသင်္ဘောများသည် ၎င်းတို့လွှင့်ထူထားသော နိုင်ငံအလံအရ အဆိုပါနိုင်ငံ၏ ရွေ့လျားနေသော ကျွန်းများဟု အသိအမှတ်ပြု၍ဖြစ်သည်။

**admissibility of evidence** သက်သေခံအဖြစ် လက်ခံနိုင်ခြင်းရှိမရှိ။ တရားသူကြီးများအနေဖြင့် နှစ်ဘက်အငြင်းပွားမှုများကို ဆုံးဖြတ်နိုင်ရန် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများကို လက်ခံခြင်း။ သက်သေခံ အက်ဥပဒေ၏ ပထမပိုင်း ပုဒ်မ ၅ မှ ၵ၅ တွင် မည်သည့် အကြောင်းခြင်းရာများသည် သက်သေခံဝင်ပြီး မည်သည့်အကြောင်းအချက်များကို ကျိုးကြောင်းဆင်ခြင်၍ အဖြေရှာနိုင်ကြောင်း သို့မဟုတ် တန်ဖိုးရှိသော သက်သေ ခံချက်များကို ကောက်ချက်ထုတ်နိုင်ကြောင်း ဖော်ပြထားသည်။ ၎င်းတို့မှာ အငြင်းထွက် အကြောင်းအရာများသာဖြစ်သည်။ ပုဒ်မ (၅)မှ (၅၅) အထိ ကန့်သတ်ထားသော အငြင်းထွက်အကြောင်းအရာများမှအပ အခြားမည်သည့် အကြောင်းခြင်းရာများကိုမဆို အမှုသည်က သက်သေခံအဖြစ်တင်သွင်း လာလျှင်ခွင့်ပြုလိမ့်မည် မဟုတ်ပေ။

**admission (n)** တရားမမှုတွင် အမှုသည်က ဝန်ခံချက်ပေးခြင်း၊ ဝန်ခံချက်ပြုသူ အပေါ်ဆန့်ကျင်ဘက်ကောက်ယူနိုင်ခြင်း၊ မိမိအကျိုးကို ဆန့်ကျင်ပြောဆိုနေခြင်း သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၇ အရ ဝန်ခံချက်ဖြစ်ပြီး၊ ဝန်ခံသူအပေါ် တွင်ဖြစ်စေ၊ ထိုသူ၏အကျိုးကိုဆက်ခံသူအပေါ်တွင်ဖြစ်စေ သက်သေခံ ဥပဒေ ပုဒ်မ ၂၁ အရ သက်သေထင်ရှားပြသနိုင်သည်။(1997 BLR .FB. 16)

တရားမမှုတွင် အဆိုလွှာ၌ တိတိကျကျငြင်းဆိုခြင်း မပြုလျှင်၊ ယင်း အဆိုပြုချက်များမှာ မှန်ကန်ကြောင်း တရားပြိုင်က ဝန်ခံသည်ဟု မှတ်ယူရ သည်။ (C.P.C O8 R5 1989 BLR 90)။ သို့သော် တရားလိုဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲချက်ကို တရားပြိုင်ဘက်မှ ပြတ်ပြတ်သားသားငြင်းဆိုခြင်း မပြုသည့် ကိစ္စ တွင် ဝန်ခံရာရောက်သည်ဟု မှတ်ယူသင့်မသင့် တရားရုံးက လေးလေး နက်နက် စိစစ်ရန်လိုသည်။ (1990 BLR (FB) 152 (155) ဥပဒေကြောင်း နှင့် စပ်လျဉ်း၍ ရှေ့နေတစ်ဦး၏ မှားယွင်းသောဝန်ခံချက်သည် အမှုသည်၏ အကျိုးကို ထိခိုက်စေခြင်းမရှိ (1990 BLR 152)။ တရားမကျင့်ထုံး ဥပဒေ အရ ဝန်ခံချက်သည် အမှုမစတင်မီ ထုတ်ဖော်စေခြင်းဖြစ်ပြီး တစ်ဖက်သော အမှုသည်က အခြားတစ်ဖက်သို့ ဝန်ခံစေခြင်း သို့မဟုတ် အရေးပါသော အချက် စွပ်စွဲချက်ကို ငြင်းဆိုစေခြင်း၊ အမှုမစတင်မီ ဝန်ခံချက်များကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၃၁ တွင်လည်းကောင်း၊ တရားမမှုစွဲဆိုပြီး နောက် ပေါ်ပေါက်လာသော ဝန်ခံချက်များကို CPC O8R5; O10R1; O11R8; O11R8; O12 R43, O14R3 တို့တွင်လည်းကောင်း လေ့လာနိုင်သည်။

ပြစ်မှုများတွင် တရားခံက ဖြောင့်ချက်ပေးခြင်း၊ ဝန်ခံခြင်း (ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ နှင့် သက်သေခံ အက်ဥပဒေပုဒ်မ ၂၄ မှ ပုဒ်မ ၃၀)၊ အယူခံ၊ ပြင်ဆင်မှုများ တင်သွင်းရာတွင် တရားရုံးက လက်ခံခြင်း။

**admission, informal** တရားမမှုမစစ်ဆေးမီ သို့မဟုတ် စစ်ဆေးနေဆဲ ဝန်ခံခြင်း

**admit (v)** ဝန်ခံသည် (တစ်စုံတစ်ရာသည် မှန်ကန်ကြောင်း)၊ တရားမမှုများ တွင် တရားပြိုင်သည် ၎င်းအပေါ် စွပ်စွဲထားမှုများကို တစ်ခုခြင်းအလိုက်ဝန်ခံခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့်အချက်များကို တရားရုံးသို့တင်ပြရလိမ့်မည်။ အကယ်၍ တရားပြိုင်က ဝန်ခံပါက ဝန်ခံသည့်အချက်နှင့်စပ်လျဉ်း၍ အမှု တွင် သက်သေပြရန်မလိုပေ။ ပြစ်မှုများတွင် တရားခံက ၎င်းအပေါ်စွပ်စွဲ ထားမှုကို ဝန်ခံကြောင်း သို့မဟုတ် ပြစ်မှုကို ကျူးလွန်ခဲ့ပါသည်ဟု ဖြောင့်ချက် ပေးကြောင်း။ စစ်ဆေးဆဲအမှုတွင် တင်ပြလာခြင်းအပေါ် တရားရုံးက လက်ခံ ခဲ့လျှင် တရားလိုဘက်တင်ပြချက်ကို သက်သေခံ "က" "ခ" စသည်ဖြင့် လည်းကောင်း တရားခံတရားပြိုင်ဘက် တင်ပြချက်ကို သက်သေခံ "၁" "၂" စသဖြင့် လည်းကောင်း အမှတ်အသားပြု၍လက်ခံသည်။





**admit to practice (to the bar)** အရည်အချင်းပြည့်မီသော ရှေ့နေများကို တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ရန် ခွင့်ပြုခြင်း (တရားလွှတ်တော်ရှေ့နေ အဖြစ် အသိအမှတ်ပြု လက်ခံခြင်း)

**admonition (n)** သတိပေးခြင်း၊ ဆိုဆုံးမခြင်း၊ တစ်စုံတစ်ယောက်သောသူကို ခိုးမှု အဆောက်အအုံအတွင်းခိုးမှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှု သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မတစ်ခုခုအရ (၂)နှစ်ထက် မပိုသော ထောင်ဒဏ်စီရင်ထိုက် သည့် ပြစ်မှုတစ်ခုခုအတွက် အပြစ်ပေးသည့်အခါ ထိုသူအပေါ် ယခင်က ပြစ်မှုထင်ရှား စီရင်ခံရဘူးကြောင်းမရှိလျှင် ၎င်း၏ အသက်အရွယ်၊အထက်က အကျင့်စာရိတ္တပြစ်မှုဖြစ်ရသည့်အကြောင်းအချက်များ၊ ၎င်း၏ ကိုယ်ကာယ အခြေအနေ သို့မဟုတ် စိတ်နေစိတ်ထားနှင့်တကွ ပြစ်မှုသေးငယ်သော အကြောင်းခြင်းရာများကိုလည်းကောင်း သို့မဟုတ် ကျူးလွန်သည့်အချက်နှင့် စပ်လျဉ်း၍ ထောက်ထားသင့်သည့်အချက်များကို ထောက်ချင့်၍လည်းကောင်း ထိုသူအား အပြစ်ပေးမည့်အစား ဆိုဆုံးမ၍လွှတ်နိုင်သည်။ Release with admonition [Crpc sec 562 (1A)]

**adolescent (n)** ကြီးကောင်ဝင်ချိန် (အပျိုဘော် လူပျိုဘော်ဝင်ချိန်) မြီးကောင်ပေါက်အရွယ်။

**adoption (n)** မွေးစားခြင်း၊ ယာယီလက်ခံခြင်း၊ မြန်မာဗုဒ္ဓဘာသာဝင် များတွင် သားသမီးမွေးစားခြင်းများရှိရာ ကိတ္တိမ၊ အပတိဋ္ဌ ဆာတတာတ္တဟူ၍ ရှိသည်။ ကိတ္တိမသားသမီးအဖြစ် မွေးစားလိုလျှင် ၁၉၃၉ ခုနှစ်၊ ကိတ္တိမသားသမီး မွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေအရ လိုက်နာဆောင်ရွက်ရပါမည်။

**adult (adj)** ဥပဒေအရ အရွယ်ရောက်သည့် အသက်ပြည့်မီသူ အရွယ် ရောက်ပြီးသူ လူကြီး။

**adulterant (v)** အမျိုးအစားအညံ့နှင့်ရောနှောသည်။ တန်ဖိုးရှိသော ပစ္စည်း တစ်ခုကို ထိုပစ္စည်းထက် အမျိုးအစားညံ့သော ဈေးပေါသော ပစ္စည်းတစ်ခုကို ရောနှော ပေးလိုက်ခြင်းဖြင့် အရည်အသွေးနိမ့်ကျသော ပစ္စည်းဖြစ်လာခြင်း။ ဥပမာ ငရုတ်သီးမှုန့်သန့်သန့်ထဲတွင် စွန့်ပစ်ရမည့် ဖလံဖြူ ငရုတ်သီးများကို အမှုန့် ပြု အရောင်ဆိုး၍ ရောနှောခြင်း၊ ဈေးပေါပေါနှင့် ရောင်းချနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အခြား ပစ္စည်းများနှင့် ရောနှောခြင်း (အမျိုးသား အစားအသောက်ဥပဒေ၊ အမျိုးသား ဆေးဝါးဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် ၂၇၂ မှ ၂၇၆ အထိ)

**adulteration (n)** ပြင်ပမှ အရာဝတ္ထုများနှင့် ရောနှောခြင်း

**adulterant (n)** အကောင်းနှင့်အညံ့ရောနှောသူ

**adultery (n)** မယားခိုးမှု။ လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦး၏ မယားကို ထိုမိန်းမ၏သဘောတူညီချက်ဖြင့် ကာမစပ်ယှက်ခြင်း။ ထိုသို့စပ်ယှက်ရာတွင် ထိုမိန်းမ၏ ခင်ပွန်းဖြစ်သူက သဘောမတူခြင်း (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၇)

**adulterer (n)** သူတစ်ပါး၏ မယားကို ခိုးယူပေါင်းသင်းသူ

**adulteress (n)** လင်ငယ်နေသည့်မိန်းမ။

**adulterous (adj)** မယားခိုးမှု၊ လင်ခိုးမှု ကျူးလွန်သော

**advance (v)** ငွေချေးငှားခြင်းတစ်မျိုး၊ အချိန်မစေ့ရောက်မီ ကြို၍ငွေပေးထားခြင်း၊ ချေးထားငွေကို ကြို၍ပြန်ရခြင်း သို့မဟုတ် စာရင်းညှိနှိုင်းချက်များအတွက် ကြိုတင်ပေးခြင်း။ ဥပမာ သင်္ဘောဖြင့် တင်ပို့လိုက်သော ကုန်ပစ္စည်းများ အတွက် ငွေကြိုတင်ပေးထားခြင်း။ ကြိုတင်ပေးငွေ၊ စရန်ငွေ။

**advancement (n)** မိဘ (သို့မဟုတ်) အုပ်ထိန်းသူက သားသမီးအကျိုးအတွက် သားသမီးအမည်ဖြင့် ပစ္စည်းဥစ္စာဝယ်ပေးခြင်း။ ထိုဝယ်ပေးတန်ဖိုးသည် ထိုသားသမီး အမွေရမည့်ထဲမှ ထုတ်နုတ်ရန်ဖြစ်သည်။ (English law) အေသည် ၎င်းသေဆုံးပြီးနောက်တွင် သားဖြစ်သူ ဘီကို သိန်းတစ်ထောင်ရရှိစေရန် စီမံထားရှိသည်။ သို့သော် သားဖြစ်သူဘီက ၎င်း၏ ဖခင်အေ မသေမီ လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံလို၍ ဖခင်ထံမှ ငွေသိန်းငါးရာကို တောင်းခံရာ ဖခင်က အမွေကြိုတင်အနေဖြင့် ထုတ်ပေးလိုက်သည်။ သို့အတွက် ဖခင်ဖြစ်သူ အေ သေဆုံးချိန်တွင် သားဖြစ်သူ ဘီသည် သိန်းတစ်ထောင်ရရှိမည့်အစား သိန်းငါးရာ ထုတ်ယူပြီးဖြစ်၍ ကျန်ငွေကို သာရရှိမည်ဖြစ်သည်။ ကြိုတင်ထုတ်ပေးထား သော သိန်းငါးရာမှာ advancement ဖြစ်သည်။ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ပြုလုပ်ခြင်း





**advance freight** သင်္ဘောဖြင့် တင်ပို့သောကုန်များအတွက် သင်္ဘောတင်ခ ကြိုတင်ပေးရငွေ။

**adventure (n)** ကုန်ပို့သူက မိမိကိုယ်တိုင် စွန့်စားတာဝန်ယူပြီး ကိုယ်စားလှယ်သို့ ကုန်များအပ်နှံကာ သင်္ဘောဖြင့် ကုန်များတင်ပို့ခြင်း၊ ပျက်စီးမှု ပေါ်ပေါက်ပါက ကုန်ပို့သူ၏ တာဝန်သာဖြစ်ခြင်း။ (maritime law)

**adversary (n)** ဆန့်ကျင်ဘက်၊ ပြိုင်ဘက်၊ ဆန့်ကျင်ဘက်အမှုသည် သို့မဟုတ် ဆန့်ကျင်ဘက်အကျိုးစီးပွား။

**adverse (adj)** ဆန့်ကျင်သော။ တစ်ဦး၏ ကိုယ်ပိုင်အကျိုးစီးပွားကို ဆန့်ကျင်သော

**adverse claim** ပစ္စည်းတစ်မျိုးပေါ်တွင် ပိုင်ဆိုင်မှုကို အပြိုင်အဆိုင် တောင်းဆိုမှု

**adverse party** အမှုတစ်ခုတွင် ရင်ဆိုင်ရသော ဆန့်ကျင်ဘက်အမှုသည်။ တစ်ခါတစ်ရံ အမှုတစ်မှုတွင် အမှုသည်အများအပြားပါရှိပြီး တစ်ချို့သော ကောက်ချက်များတွင် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်ဖြစ်နေကြပြီး အချို့သော အကြောင်း အချက်များတွင် သဘောထားကိုက်ညီခြင်းများလည်း ဖြစ်ပွားတတ်သည်။

ဆန့်ကျင်ဘက်အမှုသည်ဆိုရာတွင် တရားလို တရားပြိုင်များကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ တရားပြိုင်အချင်းချင်း တစ်ဦး၏အကျိုးကို တစ်ဦးက ဆန့်ကျင်ဆောင်ရွက်လာလျှင် တရားပြိုင်အချင်းချင်းသည်လည်း ဆန့်ကျင်ဘက်အမှုသည်အဖြစ် အဓိပ္ပါယ်သက်ရောက်သည်ဟု မှတ်ယူရမည်။ (2004 BLR 81)

**adverse possession** ဆန့်ကျင်ဘက် လက်ရှိထားခြင်း၊ အခြားသူ၏မြေကို မြေပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ လက်ရောက်လက်ဝယ်ထားသည့်အခါ မြေပိုင်ရှင်အစစ်သည် လက်ဝယ်ရှိသူကို မြေပေါ်မှ ဖယ်ရှားပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ ပိုင်ရှင် မည်သူမည်ဝါဖြစ်သည်ကို မသိဘဲ အဆိုပါမြေကွက်ကို သာမန်လက်ရှိထား၍ နေထိုင်ခြင်းသည် မြေရှင်ကို ဆန့်ကျင်လက်ရှိထားခြင်း မဟုတ် [2003 BLR (FB)105(114)] (ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ။ ၂၈၊နောက်ဆက်တွဲ ဇယားအစဉ် ၁၄၂၊ ၁၄၄)



www.burmeseclassic.com

www.burmeseclassic.com



**adverse witness** ဆန့်ကျင်သက်သေ။ တင်ပြသူ၏ အကျိုးကို ဆန့်ကျင်ထွက်ဆိုနေသော သက်သေ။ အဆိုပါ ဆန့်ကျင်သက်သေကို သက်သေတင်ပြသူက ရုံးတော်၏ခွင့်ပြုချက်ဖြင့် ပြန်လှန်စစ်မေးခွင့်ရသည်။ (E.Act sec 154)

**advertisement (n)** တစ်စုံတစ်ရာကို အများပြည်သူသိရှိနိုင်ရန် ကြော်ငြာခြင်း။ ထိုသို့ ကြော်ငြာရာတွင် ရုပ်ပုံဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ ရုပ်ရှင်ဖြင့် လည်းကောင်းကြော်ငြာခြင်း။ တစ်နည်းအားဖြင့် မိမိထုတ်ကုန်အကြောင်း ဝန်ဆောင်မှုအကြောင်း ပစ္စည်း၏အကြောင်းအချက်များ၊ ကောင်းသတင်းများ အစရှိသည်တို့ကို အများပြည်သူသိရှိရန်ပြောကြားခြင်း။

**advice (n)** မည်ကဲ့သို့လုပ်ဆောင်ရမည်ကို အကြံဉာဏ်ပေးခြင်း၊ သို့မဟုတ် ညွှန်ကြားခြင်း၊ ဥပဒေအကြောင်းအရလည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်လည်းကောင်း ဆေးပညာအရလည်းကောင်း အကြံဉာဏ်ပေးခြင်း။

**advice of counsel** ရှေ့နေမှ ၎င်း၏အမှုသည်အား ဥပဒေနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်ပေးခြင်း။

**advisory committee** အကြံပေးအဖွဲ့။

**advocacy (n)** တင်ပြမှုအတတ်ပညာ၊ ရှေ့နေပညာ။

**advocate (n)** တရားလွှတ်တော်ရှေ့နေ။ မြန်မာနိုင်ငံရှေ့နေများ ကောင်စီဥပဒေအရ တရားလွှတ်တော်ရှေ့နေဆိုသည်မှာ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တစ်ဦးဖြစ်ပြီး ၎င်း၏အမည်စာရင်းကို တရားလွှတ်တော်သို့ တင်သွင်းထားခြင်း ခံရသူဖြစ်သည်။ တရားလွှတ်တော်ရှေ့နေတစ်ဦးသည် တရားရုံးများတွင် အခြားသူတစ်ဦးအတွက် ကူညီမှု၊ ခုခံမှု၊ လျှောက်လဲမှု၊ တရားစွဲဆိုမှုများကို ဆောင်ရွက်ခွင့် ရှိသူဖြစ်သည်။ (The Bar Council Act ကြည့်ပါ)။

**advocate general** ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေဆိုင်ရာအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံသူ။ [၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ (က)]





**advocoson (n)** ခရစ်ယာန်ဘုန်းတော်ကြီးအား ဘုရားကျောင်းတွင် သတင်းသုံးနေထိုင်ရန် အခွင့်အာဏာကိုပေးအပ်ခြင်း။

**aerial cabotage** လေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ပြည်ပလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ကို ပြည်တွင်းခရီးစဉ်များတွင် ပျံသန်းခွင့်ပြုခြင်း။

**aerial line** ကောင်းကင်လျှပ်စစ်ကြိုး။ ဓါတ်အားပို့လွှတ်သည့်ဓါတ်တိုင်မှ နေအိမ်သို့ အမြင့်မှသွယ်တန်းထားသည့်ကြိုး။

**affairs (n)** နိုင်ငံတော်၊ ဥပဒေ၊ နိုင်ငံခြားရေး၊ ပုဂ္ဂိုလ်၊ လိင်ကိစ္စများစသည်နှင့် ဆက်စပ်နေသောအဖြစ်အပျက်ရေးရာများ၊ သီးခြားကိစ္စရပ်များ သို့မဟုတ် သတ်မှတ်ထားသော ကိစ္စရပ်များတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပါဝင်မှု တာဝန်ယူမှုကိုညွှန်ပြသည်။

- foreign affairs = နိုင်ငံခြားရေးရာ

**affidavit (n)** စာဖြင့်ရေးသားထားသောစာရွက်စာတမ်းပေါ်တွင် ရေးသားသူက လက်မှတ်ရေးထိုးကာ နိုတာရီပဗ္ဗလစ်ရှေ့တွင်လည်းကောင်း၊ တရားသူကြီးရှေ့တွင် လည်းကောင်း၊ အခွင့်အာဏာပေးအပ်ထားသော ကျမ်းတိုက်သူအရာရှိရှေ့တွင် လည်းကောင်း ကျမ်းကျိန်ဆိုခြင်း၊ လက်မှတ်ရေးထိုးသူက အဆိုပါစာရွက်စာတမ်းပေါ်ရှိ ရေးသားထားချက်များသည် မှန်ကန်ကြောင်းကျမ်းကျိန်ခြင်းဖြစ်သည်။

ကျမ်းကျိန်ဆိုချက်သည် ထွက်ချက်နှင့်ခြားနားသည်။ ကျမ်းကျိန်ဆိုချက်မှာ ကျိန်ဆိုသူတစ်ဦးတည်းက ပြုလုပ်ထားခြင်းဖြစ်ပြီး ပြန်လှန်မေးခွန်းထုတ်ခံခြင်းမရှိပေ။ ထွက်ချက်သည် ရုံးရှေ့သက်သေတစ်ဦး၏ ထွက်ဆိုချက်ဖြစ်ပြီး တစ်ဖက်မှ ပြန်လှန်မေးခွန်းထုတ်ခွင့်ရှိသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁ တွင် တရားရုံးသို့တင်သွင်းသော ကတိသစ္စာပြုလွှာ (ကျမ်းကျိန်လွှာ) သည် သက်သေခံအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပြဋ္ဌာန်းထားသော်သည်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၉ အရ လုံလောက်သောအကြောင်းရှိပါက တရားရုံးသည် မည်သည့်အခါ၌မဆို လျော်ကန်သင့်မြတ်သောနည်းကမ်းချက်များ ချမှတ်၍ သီးခြားအကြောင်းခြင်းရာ သို့မဟုတ် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန်လည်းကောင်း၊ သက်သေတစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်လည်းကောင်း အမိန့် ချမှတ်နိုင်သည်။ (1994 BLR 26)

**affidavit of document or discovery** တစ်ဖက်အမှုသည် လက်ဝယ်ရှိအားကိုး အားထားပြုသော စာရွက်စာတမ်းများကို ဖော်ထုတ်ပြသစေရန် လျှောက်ထားသည့်အခါ၊ ထုတ်ဖော်ပြသ ရန်အမိန့်ချခံရသည့် အမှုသည်က အမှုနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ပြသရန်တာဝန်ရှိသည်။ အမှုသည်က ကျမ်းကျိန်ထွက်ဆိုချက်တွင် မည်သည့် ကိုတင်ပြခြင်း မပြုလိုသေးကြောင်း ဖော်ပြနိုင်သည်။ အမှုနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျမ်းကျိန်လွှာတွင် ဖော်ပြ၍ တင်သွင်းခြင်းအား affidavit of document ဟုခေါ်သည်။ (CPC O11 R 12, R13)

**affadavit of service** နို့တစ်စာပို့ခြင်း၊ သမ္မာန်စာပို့ခြင်းတို့နှင့် စပ်လျဉ်း၍ အတည်ဖြစ်မဖြစ် သမ္မာန်စာလုလင်က တရားရုံးသို့ပြန်လည် အစီရင်ခံရာတွင် သမ္မာန်လုလင်က ပြုလုပ်သည့် ကျမ်းကျိန်လွှာ။ [CPC 05 R 23-A(1)]

**affiliation (n)** ဖခင်မည်သူဖြစ်ကြောင်း ဖော်ထုတ်ခြင်း သို့မဟုတ် တရားမဝင်သားသမီး၏ ဖခင်မည်သူဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

**affinity (n)** လူအများ အကြားနီးစပ်ဆက်သွယ်မှု။ အလွန်နှစ်သက်ခြင်း။ အိမ်ထောင်ပြုခြင်းအားဖြင့် ဆွေမျိုးတော်စပ်ခြင်း။

direct affinity တိုက်ရိုက်ဆွေမျိုး။ (ယောကျ်ား၏ညီနှင့်မယားအကြား)

secondary affinity ဒုတိယအဆင့်ဆွေမျိုးတော်စပ်မှု။(ယောကျ်ား၏ညီမိန်းမနှင့် မယားအကြား)

collateral affinity ဇနီးဖြစ်သူနှင့်ယောကျ်ားဘက်မှ ဦးလေး၊ ဝမ်းကွဲညီအစ်ကိုမောင်နှမများဆက်စပ်မှု။

**affirm (v)** မူလတရားရုံး သို့မဟုတ် အောက်ရုံး၏ ဆုံးဖြတ်ချက်ကို အယူခံရုံးက သဘောတူခြင်း၊ အတည်ပြုခြင်း။ ဥပဒေ၊ စီရင်ချက် သို့မဟုတ်ရေးသားဖော်ပြချက်သည် မှန်ကန်ကြောင်း အတည်ပြုခြင်း။ ဥပဒေအရ တရားရုံးတွင် မှန်မှန်ကန်ကန် ထွက်ဆိုခြင်း။





**affirmation (n)** ကတိသစ္စာပြုခြင်း။ သက်သေဘာသာပြန် စသူတို့သည်။ ၎င်းတို့ ကိုးကွယ်သည့်ဘာသာအရ ကျမ်းကျိန်ဆိုမှု မပြုရသည့်အခါ၊ တရားရုံးရှေ့တွင် အမှန်အကန်ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုခြင်း။

**affirmative action** သမိုင်းတစ်လျှောက်ခေတ်နောက်ကျနေသောလူအစုအတွက်အလုပ် အကိုင်ဖော်ထုတ်ပေးမှုများ၊ ပညာရေးနှင့် အခြားသောအခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အစိုးရနှင့် အခြားသောအဖွဲ့အစည်းများက ပေါ်လစီချမှတ်၍ ဆောင်ရွက်ခြင်း။ အဘယ်ကြောင့်ဆိုသော် အချို့သောသူများ အပေါ်အခွင့်အရေးပိုပေးပါက အဖွဲ့အစည်းများ၏ affirmative polices မှာ အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိရန် အလွန်ခက်ခဲ လိမ့်မည်။ ထိုအတွက် အသားအရောင်ခွဲခြားမှုများ၏ အကျိုးသက်ရောက်မှုကိုသို့မဟုတ်ကျောင်းပတ်ဝန်းကျင်တွင် ခွဲခြားဆက်ဆံမှုများကို ပပျောက်အောင်အကောင်အထည်ဖော် ကုစားရမည်ဖြစ်သည်။

**afforest (v)** မြေလွတ်များကို သစ်တောဖြစ်အောင်ပြုစုပျိုးထောင်သည်။ သစ်တော မြေနေရာကို အခြားကိစ္စအလို့ငှာ အသုံးပြုလျှင် disafforested ဟု ခေါ်သည်။

**aforethought** ကြိုတင်ကြံရွယ်ချက်၊ ရည်ရွယ်ဆောင်ရွက်ချက်၊ တင်ကူးကြံရွယ်ချက်။

**affray (n)** သတ်ပုတ်နှောက်ယှက်မှု။ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် အများပြည်သူဆိုင်ရာနေရာတွင် ရန်ဖြစ်ကြလျှင် သတ်ပုတ်နှောက်ယှက်မှုကို ကျူးလွန်သည်။ (PC sec 159)

**affix (v)** တွဲကပ်ထားသည်။ မြေယာပေါ်တွင် အစဉ်အမြဲ တွယ်ကပ်နေသော (ဥပမာ သစ်ပင်၊ အဆောက်အအုံ)။ ကမ္ပည်းထိုးထားသည်။ (ဥပမာ စာရွက်စာတမ်းပေါ်တွင် လက်မှတ်ရေးထိုးခြင်း)

**affreight** ကုန်ပစ္စည်းများ တင်ဆောင်ရန်သင်္ဘောစင်းလုံးငှားခြင်း contract of affreightment သင်္ဘောဖြင့် ကုန်ပစ္စည်းများ သယ်ဆောင်ရန်ပြုလုပ်သည့် အငှားပဋိညာဉ်။



www.burmeseclassic.com

www.burmeseclassic.com



**afis** အလိုအလျောက် လက်ဗွေစစ်ဆေးသည့်စနစ်

**aforesaid (adj)** အထက်တွင်ဆိုခဲ့ပြီးသော ယခင်ကရေးသားထားသော သို့မဟုတ် ရည်ညွှန်းထားသော တစ်ခုတည်းသော စာရွက်စာတမ်း၏ ရှေ့က အပိုင်း။

**after (adv)** နောက်၊ ပြီးနောက်၊ ...ကြာပြီးနောက်။

**after acquired property** ကြွေးမြီအပေါ် မြီစား၏ပစ္စည်းများကို နောက်ပိုင်း ရယူထားခြင်းမှာ ကြွေးမြီအတွက် ဒွန်တွဲနေသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ပုံစံအားဖြင့် မြီစားအနေဖြင့် ကြွေးမြီရယူရာတွင် အာမခံအတွက် ၎င်းပိုင်ပစ္စည်းများကို အပေါင်ထားရန် သဘောတူကြောင်း လက်မှတ်ရေးထိုးပြီးနောက် ဖြစ်သည်။ လွှမ့်ခံယူရန်အတွက် လျှောက်ထားပြီးနောက်မှ မြီစားသည် ပစ္စည်းများကို သိမ်းဆည်းရယူထားခြင်း။ သေတမ်းစာရေးသားပြီးနောက်တွင် တစ်ဦးဦးက ပစ္စည်းကို ရယူထားခြင်း။

**after born child** နောက်မှ မွေးသောသားသမီး။ သေတမ်းစာရေးသားပြီး ချိန်နှင့် သေတမ်းစာရေးသားသူ သေဆုံးချိန်အကြား မွေးဖွားသော သားသမီး။ ၎င်းကို သီးခြားလက်ဆောင်ပေးသည်။

**against (prep)** ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်

**age (n)(v)** လူတစ်ဦးတစ်ယောက်၏ မွေးဖွားသည့်အချိန်မှ ရောက်ဆဲ ကာလအထိ အပိုင်းအခြား (အသက်)။ ဥပဒေအရ သတ်မှတ်ထားသော အသက်ထက်ငယ် သော သူသည် ပြစ်မှုကျူးလွန်သော်လည်း ပြစ်မှုမမြောက်ပေ။ ဥပမာ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၈၂ အရ အသက်(၇) နှစ်အောက်ကလေး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားသည်။ (ထုတ်လုပ်ထားသော ပစ္စည်းနှင့်စပ်လျဉ်းလျှင်) သက်တမ်း။ (အရွယ်ရောက်ခြင်း) အသက် ၁၈ နှစ်ပြည့်လျှင် အရွယ်ရောက်သည် လူလားမြောက်သည်ဟု သတ်မှတ်ထားသည်။ သို့သော် အချို့သောကိစ္စများတွင် အသက် (၂၁)နှစ်ပြည့်မြောက်မှသာ အရွယ်ရောက်သည်။ မြန်မာ့လူမှုထုံးတမ်း ဥပဒေအရ ထိမ်းမြားမည့်မိန်းကလေးသည် မုဆိုးမ သို့မဟုတ် တစ်ခုလပ် မဟုတ်ပါက အသက် ၂၀ပြည့်ရမည်။ အသက် ၂၀ မပြည့်သေးလျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက်ရှိရမည်။





ပြစ်မှုဆိုင်ရာဥပဒေတွင် အသက်ကန့်ချက်ကို ပုဒ်မ ၈၂၊ ၈၃၊ ၉၀၊ ၃၁၇၊ ၃၆၁၊ ၃၇၅ တွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

**age discrimination** အသက်အရွယ်ခွဲခြားခြင်း။ အလုပ်သမား သို့မဟုတ် လုပ်ငန်းအတွက် အလုပ်လာရောက်လျှောက်ထားသူသည် အသက် ၄၀ ကျော်နေ ပါက အလုပ်ရှင်က အသက်အရွယ်ကြောင့် ရွေးချယ်ရန် ငြင်းပယ် လေ့ရှိခြင်း။ ကြိုက်နှစ်သက်မှု မရှိခြင်း။ အမေရိကန်နိုင်ငံတွင် Age Discrimination in Employment Act အရလည်းကောင်း၊ Older workers Benefit Protection Act အရလည်းကောင်း၊ အသက် ၄၀ အနည်းဆုံးရှိသော အလုပ်သမားများကို အကာအကွယ်ပေးထားသည်။

**agency (n)** ကိုယ်စားလှယ်လုပ်ငန်း လူတစ်ဦးတစ်ယောက် (ကိုယ်စားလှယ်) နှင့် ဆက်နွယ်မှု။ ၎င်းသည် အခြားသူတစ်ဦး၏ ကိုယ်စားအဖြစ်လည်းကောင်း ကုမ္ပဏီသို့မဟုတ် အစိုးရဌာနများ၏ ကိုယ်စား အကြီးအကဲဟု ခေါ်သည်။ အကြီးအကဲသည် အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကိုယ်စားလှယ်ကို ခွင့်ပြုချက်ပေးပြီးဖြစ်ရမည်။ ကိုယ်စားလှယ်၏ ဆောင်ရွက်ချက်သည် အကြီး အကဲတွင် တာဝန်ရှိသည်။

**agent (n)** ကိုယ်စားလှယ်။ သူတစ်ပါးကိစ္စအတွက် ဆောင်ရွက်ပေးရန် ခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့် ဆက်ဆံရာတွင် သူတစ်ပါး အတွက် ကိုယ်စားပြုသူဖြစ်သည်။ (The Contract Act. sec 182)

**agent's lien** ကိုယ်စားလှယ်၏ အခွင့်အရေး။ ကိုယ်စားလှယ်တစ်ဦးသည် မိမိ စိုက်ထုတ်ထားသော စရိတ်နှင့် မိမိရသင့်သော ငွေများကို အကြီးအကဲရမည့် ငွေထဲမှ ခုနှိမ်ခွင့်။ ကော်မရှင်နှင့် အခကြေးငွေရထိုက်ခွင့်။ စိုက်ထုတ်ထားသော ငွေကြေးနှင့်ရသင့်ရထိုက်သော ငွေများကို အကြီးအကဲထံမှ မရသေးလျှင် အကြီးအကဲပိုင်ကုန်စည်၊ စာရင်းအင်း၊ စာချုပ်စာတမ်း အစရှိသည်တို့ကို လက်ဝယ်သိမ်းထားပိုင်ခွင့်။ ကိုယ်စားလှယ်က ဥပဒေနှင့်အညီ ဆောင်ရွက်ရာ တွင် ဆုံးရှုံးခြင်းအတွက် လျော်ကြေးရပိုင်ခွင့်။ ရိုးဖြောင့်သော သဘောဖြင့် ဆောင်ရွက်ရာတွင် ထိခိုက်နစ်နာခြင်းအတွက် အကြီးအကဲထံမှ လျော်ကြေးရပိုင် ခွင့်။ အကြီးအကဲ၏ ပေါ့လျော့မကျွမ်းကျင်သူကြောင့် ကိုယ်စားလှယ်မှ



www.burmeseclassic.com

www.burmeseclassic.com



နစ်နာလျှင် လျော်ကြေးရပိုင်ခွင့်ရှိသည်။ (The Contract Act sec 217 to sec 225)

**agent fiduciary** ယုံမှတ်အပ်နှံခံရသူ၏ လက္ခဏာအမှန်ရှိသောပုဂ္ဂိုလ်

**agenda (n)** အစည်းအဝေးတွင် ဆွေးနွေးကြမည့် သို့မဟုတ် ဆောင်ရွက်ကြမည် အကြောင်းအရာများ။ ခေါင်းစဉ်များ။

**aggravate (v)** အပြစ်ကို ပိုမိုလေးစေသည်။ ပိုမိုဆိုးဝါးစေသည်၊ အနှောက် အယှက်ပြုသည်။ aggravation (n) ပိုမိုဆိုးဝါးစေရန် ဖန်တီးခြင်း၊ နှောက်ယှက်ခြင်း။

**aggravated assault** ကြီးလေးသော လက်ရောက်မှု။ အခြားသူတစ်ဦး၏ ခန္ဓာကိုယ်၌ အပြင်းအထန်ဒဏ်ရာရရှိစေရန် လက်ရောက်မှုကျူးလွန်ရာတွင် သေနိုင်သော သို့မဟုတ် အန္တရာယ်ဖြစ်စေသော လက်နက်များဖြစ်သည့် ဓား၊ ပုဆိန် သို့မဟုတ် အသွားထက်လက်နက် တစ်မျိုးမျိုးကို အသုံးပြုခြင်း။

**aggravated sodomy** ပြစ်မှုမကင်းသော ဓမ္မတာနှင့်ဆန့်ကျင်သော ကာမ စပ်ယှက်မှုတွင် အင်အားသုံး၍ အကြမ်းဖက်စပ်ယှက်ခြင်း သို့မဟုတ် စပ်ယှက်ခံရသူ၏ ခန္ဓာကိုယ်တွင် ဒဏ်ရာအနာတရဖြစ်ပြီး စိတ်ဓာတ်ရေးရာ ပျက်ပြားစေခြင်း။

**aggregate (v)** စုစုပေါင်း။ စုပေါင်းထားသော။ အစိတ်အပိုင်းများအားလုံး သို့မဟုတ် ကိန်းဂဏန်းများအားလုံးကို ပေါင်းထားခြင်း။ အစုအဖွဲ့ သို့မဟုတ် စုစုပေါင်း ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။

**aggrieved party** ထိခိုက်နစ်နာသောသူ၊ အရှုံးကိုခံစားနေရသူ။ တစ်ဦး တစ်ယောက် သည် စီရင်ချက်၊ အမိန့်၊ ဒီဂရီအရ သူ၏ပစ္စည်း၊ ငွေကြေး သို့မဟုတ် ရပိုင်ခွင့်အပေါ်တိုက်ရိုက်ထိခိုက်နစ်နာခြင်း။

**agistator (n)** အခြားသူတစ်ဦးသို့ဖြစ်စေ၊ အဖွဲ့တစ်ဖွဲ့သို့ဖြစ်စေ အမုန်းတရားများပြန့်ပွားလာအောင် လှုံ့ဆော်ရာတွင် ပါဝင်ဆောင်ရွက်သူ။

**agitation (adj)** နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင်အပြောင်းအလဲဖြစ်စေရန် ငြိမ်းချမ်းစွာ(သို့)အကြမ်းဖက်နည်းဖြင့်လှုံ့ဆော်မှု၊လှုပ်ရှားမှု။ အဆိုပါကိစ္စများ ရပ်ဆိုင်းသွားအောင် အစိုးရက အမိန့်များထုတ်ပြန်ဆောင်ရွက်နိုင်သည်။

**agnate (n)** အမျိုးသားဘက်မှ တိုက်ရိုက်ဆင်းသက်လာသော ဆွေမျိုးများ





ငှင်းသည် မျိုးရိုးတူအမျိုးသမီးဘက်မှ ဆင်းသက်လာသော ဆွေမျိုးများနှင့် ခြားနားသည်။ ဖခင်ဘက်မှ တော်စပ်သောဆွေမျိုး။

**agrarian (adj)** လယ်ယာမြေနှင့်ဆိုင်သော။ လယ်ယာလုပ်ငန်း။ လယ်သမား သို့မဟုတ် ရွာသူရွာသားများနှင့် သက်ဆိုင်သော။ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ပညာရှင်များနှင့်ဆက်နွယ်သော။

**agreed rent** နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော လူများအကြား။ အိမ်ရှင် မြေရှင်နှင့် အိမ်ငှား၊ မြေငှားတို့ အကြားသဘောတူထားသော ငှားရမ်းခ။

**agreement (n)** သဘောတူညီချက်။ စဉ်းစားဆင်ခြင် စိတ်များကိုက်ညီခြင်း။ လူနှစ်ဦး သတ်မှတ်ထားသော အကြောင်းခြင်းရာ တစ်ရပ်နှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်ကြပြီး သဘောတူညီချက်များကို ပြုလုပ်ခြင်း။ ထိုသို့ ပြုရာတွင် တာဝန်ရှိခြင်း၊ တာဝန်ထမ်းဆောင်ခြင်း၊ ရပိုင်ခွင့်များရှိခြင်းတို့ပါဝင်သည်။ သဘောတူညီချက် များကို ပဋိညာဉ်များတွင်လည်း တွေ့ရသည်။ ပဋိညာဉ်တစ်ရပ်ဖြစ်စေရန် သဘောတူညီချက်သည် လွတ်လပ်သော သဘောတူညီချက် တစ်ရပ်ဖြစ်ရန် လိုသည်။ နှုတ်ဖြင့်လည်းကောင်း စာဖြင့်ရေးသားခြင်းဖြင့်လည်းကောင်း၊ ပဋိညာဉ် တစ်ရပ်ကိုပြုနိုင်သည်။ သဘောတူညီချက် တစ်ရပ်ပင်ဖြစ်သော်လည်း လွတ်လပ်သော သဘောတူညီချက်တစ်ရပ် မဟုတ်လျှင် ဥပဒေအရ စည်းနှောင်အားမရှိပေ။

**aid and abet** တစ်ဦးတစ်ယောက်ကို ပြစ်မှုကျူးလွန်နိုင်ရန် အကူအညီ ပေးခြင်း။ အထောက်အပံ့ပေးသူနှင့် အားပေးသူတို့သည် ကူညီသူများဖြစ်ကြပြီး ပြစ်မှုကျူး လွန်ရာနေရာတွင် ရှိနေတတ်သည်။ သို့သော် ကိုယ်ထိလက်ရောက် ပါဝင်ကျူးလွန်ခြင်းမပြု။ ပွဲကြည့်သူအဖြစ်သာ ရှိနေတတ်သည်။ များသောအားဖြင့် ၎င်းတို့ကို ပြစ်မှုကျူးလွန်သူနှင့် ထပ်တူထပ်မျှ ပြစ်ဒဏ်ချမှတ်လေ့ရှိသည် (PC chap 5)

**aim (n)** ရည်ရွယ်ချက်။ ဦးတည်ချက်။ ဆန္ဒ။

**air, right to** မြေတစ်ကွက်အား ပိုင်ဆိုင်ရာတွင် ထိုမြေပေါ်ရှိလေထုကိုလည်း ပိုင်ဆိုင်သည်။ အကျိုးခံစားခွင့်ရှိသည်။ သဘာဝအလျောက် အကျိုးခံစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ ထိပါးမှုရှိလျှင် လျော်ကြေးတောင်းဆိုခွင့်ရှိသည်။ အခြားသူ၏ မြေကွက်ပေါ်တွင် ပေါက်နေသော သစ်ပင်တစ်ပင်၏ အကိုင်းသည် တစ်ဖက်မြေပေါ်သို့ ထိုးထွက်နေပါက ထိုမြေကွက်၏ လေထုကို နှောက်ယှက်ရာရောက်သည်။ လေထုကိုညစ်ညမ်းစေသော ကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူကို ထိခိုက်စေပါက ပြစ်မှုကြောင်းအရ အရေးယူနိုင်သည်။ (PC sec 278)

မြေပေါ်ရှိလေထုအမြင့်ကို အတိုင်းအဆမရှိ ပုဂ္ဂလိကမှ ပိုင်သည်ဟု ပြောမရပါ။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁ ပုဒ်မ ၅ အရ မြန်မာနိုင်ငံနယ်နမိတ်ပေါ်ရှိလေထုမှာ နိုင်ငံတော် ပိုင်ဖြစ်သည်။ လေယာဉ်ပျံသန်းခွင့်ကို နိုင်ငံတော်မှ ချမှတ်ပေးရာတွင် လေထုကို လေယာဉ်များ ဖြတ်သန်းခြင်းကြောင့် လေထုညစ်ညမ်းသည်ဟု အခွင့်အရေး တောင်းဆိုခွင့် မရှိပေ။

**aleatory (adj)** မသေချာ မရေရာသော အချက်ပေါ်တွင် အမှီပြုထားသော။ အာမခံစာချုပ်များတွင် အသုံးချသည်။ အဆိုပါအာမခံ စာချုပ်များတွင် မရေရာသော အဖြစ်အပျက်ဖြစ်ပွားခြင်း အပေါ်မူတည်၍ ငွေပေးလျော်ခြင်း။ ဥပမာ ထိခိုက်ဒဏ်ရာရမှု အာမခံထားသူတစ်ဦး ထိခိုက်ဒဏ်ရာရလာသည့်အခါ။ မီးအာမခံထားသော အဆောက်အဦး မီးလောင်ကျွမ်းသွားသောအခါ။

**aleatory contract** မသေချာသေးသော အချက်အပေါ်မူတည်၍ ချုပ်ဆိုသော ပဋိညာဉ်။ ၁၈၇၂ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၃၁ တွင် contingent contract ဟု သုံးနှုန်းသည်။ ဥပမာ အာမခံကုမ္ပဏီတစ်ခုတွင် မောင်နီက ၎င်း၏နေအိမ်ကို မီးအာမခံ ငွေကျပ် ၁၀၀၀ိ/-ဖြင့် အာမခံထားရာ အကယ်၍ မီးလောင်ပါက ငွေကျပ် ၁၀၀၀ိ/-ကို အာမခံကုမ္ပဏီက ပေးလျော်ရမည်ဖြစ်သောကြောင့် ထိုအာမခံစာချုပ်မှာ aleatory (contingent) contract ဖြစ်သည်။

**alias (n)** အမည်ကွဲ၊ အခြားအမည်။ ဥပမာ မောင်ခွေး (ခ)မောင်လှ။

**alias writ** အမှုတစ်မှုထဲတွင် ပထမအကြိမ်ထုတ်သော စာချွန်တော်မှာ အချိန်ကုန်ဆုံးသော်လည်း အကျိုးသက်ရောက်မှုမရှိ ဖြစ်နေပါက နောက်ထပ်ထုတ်သောစာချွန်တော်။





**alibi (n)** တရားခံက ၎င်းအပေါ် စွတ်စွဲထားသော အမှုကိုကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ကျူးလွန်ရန်လည်း မဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခင်းဖြစ်ပွားချိန်က ၎င်းမှာအခင်းဖြစ်နေရာတွင် မရှိဘဲ အခြားနေရာတွင် ရောက်ရှိနေကြောင်း ထုချေခြင်း။

**alibi witness** တရားခံက အလီဘိုင်ပြသ၍ ထုချေရာတွင် အတည်ပြုပေးသော သက်သေ၊ ထောက်ခံသော သက်သေ။

**alien (n)** ၎င်းနေထိုင်ရာတိုင်းပြည်မှ မဟုတ်သော ပုဂ္ဂိုလ်။ နိုင်ငံခြားသား။ အဆိုပါ ပုဂ္ဂိုလ်သည် နေထိုင်ရာတိုင်းပြည်တွင် စီးပွားရေးလုပ်ကိုင် ဆောင်ရွက်သော်လည်း ၎င်း၏သက်ဆိုင်ရာနိုင်ငံမှာ အခြားတိုင်းပြည်ဖြစ်နေခြင်း။

Resident alien ဆိုသည်မှာ တိုင်းပြည်တစ်ပြည်တွင် အမြဲတမ်းနေထိုင်ခွင့် Permanent resident အဆင့်ကို ရရှိထားသော်လည်း နိုင်ငံသားအဖြစ် ခွင့်ပြုခြင်းမခံရသေးသော သူကိုခေါ်သည်။ an illegal alien ဆိုသည်မှာ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များ၏ တိုင်းပြည်အတွင်း နေထိုင်ရန် ခွင့်ပြုချက်မရသော နိုင်ငံသားမဟုတ်သည့် ပုဂ္ဂိုလ်ကိုခေါ်သည်။

**alien amy (ami)** မိတ်ဆွေနိုင်ငံတွင် မွေးဖွားသော နိုင်ငံခြားသား။

**alien enemy** ရန်သူ့နိုင်ငံတွင် မွေးဖွားသော နိုင်ငံခြားသား။ ၎င်းတို့အပေါ်တရားစွဲ ဆိုခြင်းနှင့် စပ်လျဉ်း၍ တရားမကျင့်သုံး ဥပဒေပုဒ်မ ၈၃ တွင်

– အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သော ရန်သူနိုင်ငံ၏ နိုင်ငံသားများကိုလည်းကောင်း၊ မိတ်ဆွေနိုင်ငံ၏ နိုင်ငံသားများကိုလည်းကောင်း၊ မြန်မာနိုင်ငံတရားရုံးများတွင် တရားစွဲဆိုခွင့်ရှိသည်။ အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ မြန်မာနိုင်ငံအတွင်း နေထိုင်သော ရန်သူနိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တွင်နေထိုင်သော ရန်သူနိုင်ငံခြားသားများကို မြန်မာနိုင်ငံတရားရုံးများတွင် တရားစွဲဆိုခွင့်မရှိ။

မြန်မာနိုင်ငံနှင့် စစ်ဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံ၌ နေထိုင်ပြီး မြန်မာနိုင်ငံ၏ ခွင့်ပြုချက်မရဘဲ ထိုတိုင်းပြည်၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူတိုင်းကို ရန်သူနိုင်ငံခြားသားဟု သတ်မှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားမခြေကြောင်းအရထိုသို့ သတ်မှတ်ထားသော်လည်း မည်သည့်နိုင်ငံခြားသားပင်ဖြစ်စေကာမူ မြန်မာနိုင်ငံအတွင်း ပြစ်မှုကျူးလွန်ပါက တည်ဆဲပြစ်မှုနှင့်စပ်လျဉ်းသော ဥပဒေများအရ တရားစွဲဆိုခြင်းကို ခံရမည်ဖြစ်သည်။
(PC sec 2)

**alienate (v)** အခြားသူတစ်ဦးတစ်ယောက်သို့ ပစ္စည်းသို့မဟုတ် ပစ္စည်း၏ အကျိုးခံ စားခွင့်ကို လွှဲပြောင်းပေးသည်။

**alienee (n)** လွှဲပြောင်းပေးသည့် ပစ္စည်းလက်ခံရရှိသူ။

**alienor (n)** အခြားသူသို့ ပစ္စည်းကို လွှဲပြောင်းပေးသူ။

**alienation (n)** (မရွှေ့မပြောင်းနိုင်သော ပစ္စည်း)။ မိမိ၏လွတ်လပ်သော ဆန္ဒဖြင့် မိမိပိုင်ပစ္စည်းကို အခြားသူတစ်ဦးတစ်ယောက်သို့ လွှဲပြောင်းပေးခြင်း။

**alimony (n)** တရားရုံး၏ အမိန့်အရ သီးခြားစီနေသော ဇနီးအတွက်ထောက်ပံ့ကြေးပေးခြင်း သို့မဟုတ် ကွာရှင်းရာတွင် နှစ်ဦးသဘောတူညီချက်အရ ထောက်ပံ့ကြေးပေးခြင်း။

**aliquot (latin)** သေဆုံးသူပိုင်ဆိုင်သော ပစ္စည်းများသို့မဟုတ် စုဆောင်းထားသည့် ပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာဝေငှရာတွင် တိကျသော အစုများ အဖြစ်ခွဲဝေရန် အတွက် သုံးနှုန်းသည်။

**aliud est celare - aliud tacere (latin)** ဆိတ်ဆိတ်နေခြင်းသည် ဖုံးကွယ်ခြင်းနှင့် တူညီမှုမရှိပေ။

**aliunde (latin)** အခြားသော အရင်းအမြစ်မှ၊ အခြားသောတစ်နေရာရာမှ ပြင်ပမှ။

**allegans contraria non est audiendus (latin)** တစ်ဦးတစ်ယောက်၏ ထွက်ဆိုချက်သည် အများ၏ ထွက်ဆိုချက်နှင့် ဆန့်ကျင်ကွဲပြားနေပါက ထိုသူ၏ ထွက်ဆိုချက်ကို အလေးပေး မစဉ်းစားထိုက်ပေ။

**allegation (n)** အဆိုလွှာ၊ အချေလွှာတွင် အမှုသည်က တင်ပြရာ၌ မိမိမှာ မည်သည့် အနေအထားတွင် ရှိကြောင်းနှင့် မည်သည်ကို သက်သေပြရည်ရွယ်ကြောင်း ရေးသားဖော်ပြချက်။ တစ်ချို့သော စွပ်စွဲချက်များသည် တရားလို





အနေဖြင့်မိမိစွဲဆို သော အမှုနိုင်မာရေးအတွက် လိုအပ်ချက်ဖြစ်ပြီး သက်သေပြရန် တာဝန်ရှိသည်။

**allege (v)** ရေးသားဖော်ပြချက်ပြုရာတွင် သက်သေမပြနိုင်သော်လည်း မှန်ကန်သည်ဟု ယုံကြည်နိုင်လောက်သည့် မြင်သာသော အထောက်အထားရှိခြင်း ဥပမာ အသရေဖျက်ကြောင်း စွပ်စွဲချက်။

**allegiance (n)** သစ္စာစောင့်သိခြင်း၊ သစ္စာခံခြင်း။ နိုင်ငံသားများအနေဖြင့် မိမိနိုင်ငံအပေါ်တွင် ထားရှိရမည့် ကတိသစ္စာ။ နိုင်ငံခြားသားတစ်ဦးသည် အခြားနိုင်ငံ တစ်ခုခုသို့ ရောက်ရှိစီးပွားရှာနေစဉ်အတွင်း ထိုနိုင်ငံမှ ထုတ်ပြန်ထားသော တရားဥပဒေ၏ အကာအကွယ် အခွင့်အရေးကို ခံစားခွင့်ရှိသလို ဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန်လည်း တာဝန်ရှိသည်။

**all - fours** တထပ်တည်း။ အမှုတစ်မှု၏ အကြောင်းခြင်းရာ အားလုံးနှင့် စီရင်ဆုံး ဖြတ်ချက်သည် အခြားအမှုတစ်မှု၏ အကြောင်းခြင်းရာ အားလုံးနှင့် တူညီနေ သည့်အခါ တရားရုံးကသုံးစွဲသော ဝေါဟာရ။ စီရင်ထုံးဖွဲ့ပြီးဖြစ်သော အမှုနှင့် အရေးကြီးသောအချက်များတွင် တထပ်တည်းကျခြင်း။

**alliance (n)** မဟာမိတ်ဖွဲ့ခြင်း၊ မိတ်ဖက်။ အဖွဲ့အစည်းနှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများ၊ ပါတီတစ်ခုနှင့် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော ပါတီများနိုင်ငံအများ၊ ကုမ္ပဏီများ သို့မဟုတ်လုပ်ငန်း တစ်ခုကို အတူလုပ်ကိုင်ကြသော ပုဂ္ဂိုလ်များစသည်တို့အကြား သဘောတူညီချက်ပြုလုပ်ကြခြင်း။

**allied (adj)** စက်မှုလုပ်ငန်းများ တစ်ခုနှင့်တစ်ခု ဆက်နွယ်ခြင်း၊ တွဲဖက်ခြင်း။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းများမှာ တူညီနေ၍လည်းကောင်း၊ သို့မဟုတ် တစ်ဦးကတစ်ဦးကို အမှီပြုလို၍လည်းကောင်းဖြစ်ကြသည်။

**allocatin (n)** သီးခြားရည်ရွယ်ထားသော ကိစ္စရပ်များအတွက် ရံပုံငွေခွဲဝေသတ်မှတ်ပေးခြင်း။ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် လူတစ်စုသို့ ငွေများကို ခွဲဝေ သတ်မှတ်ခြင်း လျာထားခြင်း၊ နေရာချထားခြင်း။

**allocatur** တရားမမှုတွင် တရားရုံးရှေ့နေစရိတ် သတ်မှတ်ပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**allodial (adj)** အချုပ်အချယ်မရှိဘဲ ဥပစာကို လွတ်လွတ်လပ်လပ် ပိုင်ဆိုင်ခြင်း ခြွင်းချက်မရှိပိုင်ဆိုင်ခြင်း (feudum နှင့် ဆန့်ကျင်ဘက်)

**allograph** နှစ်ဘက်အမှုသည်များက ရေးသားခြင်းမဟုတ်သော စာချုပ်စာတမ်း။ ကိုယ်စားလှယ်က အကြီးအကဲအတွက် ရေးသားခြင်း သို့မဟုတ် လက်မှတ်ထိုးခြင်း။

**allonge (n)** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်စောင်၏ ကြောဘက်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးချက်များနှင့် ပြည့်နေသည့်အခါ နောက်ထပ်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အဆိုပါလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတွင် တွဲထားသည့် စာရွက်ပိုင်း။

**allotment (n)** ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ပစ္စည်းသို့မဟုတ် ပစ္စည်း၏ အစိတ် အပိုင်းကို တိတိကျကျ သတ်မှတ်ထားသော ပုဂ္ဂိုလ် (allottee) ထံ ဝေပုံချ ခြင်း သို့မဟုတ် ခွဲဝေခြင်း။ လုပ်ငန်း၏ ပူးတွဲပိုင်ရှင်များအကြား ပစ္စည်းများ ခွဲဝေခြင်း။

**allotment, letter of** အစုရှယ်ယာများအတွက် လျှောက်ထားသူထံသို့ ကုမ္ပဏီမှ အကြောင်း ကြားစာပေးပို့ရာတွင် ရှယ်ယာအရည်အတွက် မည်မျှခွင့်ပြုကြောင်းအသိပေးစာ။ ထိုစာပေါ်တွင် ကျသင့်သော အခွန်တံဆိပ်ခေါင်း ကပ်ထား ရမည်။

**allotment note** သင်္ဘောသားတစ်ဦးသည် ၎င်း၏လစာကို မိသားစုထံ လွှဲပို့စာ။

**allowance (n)** ဥပဒေက ခွင့်ပြုထားသော စရိတ်။ အကြောင်းတစ်စုံတစ်ရာ အတွက် မှန်မှန်ပေးရသည့် ငွေပမာဏ။

**all right reserve** အလုံးစုံမူပိုင်ခွင့်။

**allusion (n)** သွယ်ဝိုက်ရည်ညွှန်းခြင်း၊ စောင်းမြောင်းပြောဆိုခြင်း။

**alluvial land** နုန်းတင်မြေနုကျွန်း။

**alluvial mining** မြစ်ကြမ်းပြင်ပေါ်တွင် အနယ်ကျနေသော သဲနှင့် ကျောက်စရစ်များကို ဖယ်ရှားသည့်လုပ်ငန်း။

**alluviation** မြစ်ရေစီးဆင်းမှုကြောင့် မြေကြီး သဲ၊ ကျောက်စရစ် အစရှိသည်များအနယ်ကျခြင်း။





**alluvion (n) From latin alluvio** တစ်ဦးတစ်ယောက်၏ မြေယာသည် ခမ်းချောင်း၊ မြစ်၊ ပင်လယ်အော် သို့မဟုတ် သမုဒ္ဒရာများ၏ ရေပြင်နှင့် အနား သတ်နေသည့်အခါ မြေများနုန်းများ အရည်ကျလာခြင်းဖြင့် မြေဧရိယာ တိုးပွား လာခြင်း alluvial (adj)

**ally (v)** အချုပ်အခြာအာဏာပိုင် သို့မဟုတ်နိုင်ငံတော်သည် တိုက်ခိုက်ခြင်း၊ ကာကွယ်ခြင်းတို့အတွက်လည်းကောင်း၊ အခြားကိစ္စများ သို့မဟုတ် နိုင်ငံသားများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိစ္စများအတွက်လည်းကောင်း အခြားသော နိုင်ငံများနှင့် မိတ်ဆွေဖွဲ့ဆက်သွယ်ကာ စာချုပ်များချုပ်ဆိုခြင်း။ တစ်နည်းအားဖြင့် ရည်ရွယ်ချက် သို့မဟုတ် လုပ်ဆောင်ချက်များအတွက် တခြားနိုင်ငံများနှင့် မဟာမိတ်ဖွဲ့ခြင်း။

**almanac (n)** နက္ခတ်ဗေဒဆိုင်ရာ နှစ်စဉ်ထုတ်ဝေသည့် ပြက္ခဒိန်။ ၎င်းတွင် နေ့ လရက်များနှင့် လ၏ရွေ့လျားမှု ဒီရေအတတ်အကျ နေကြတ်လကြတ်သည်များပါဝင်သည်။

တစ်နှစ်အတွင်း သိကောင်းစရာများပါသော နှစ်ချုပ်စာအုပ်။ ၎င်းတွင် ပြီးခဲ့သောနှစ်တစ်နှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ သိကောင်းစရာအတိုချုပ် စသည်ဖြင့်ပါရှိသည်။

ရေကြောင်းပြအရာရှိများ သုံးသောပြက္ခဒိန် nautical almanace

**alma mater (latin)** သနားကြင်နာတတ်သော မိခင်။ ၎င်းစကားလုံးကို ကျောင်းသားဟောင်းများက ၎င်းတို့ပညာသင်ကြားခဲ့သော တက္ကသိုလ်များ ကျောင်းများကို အထိမ်းအမှတ်ပြုတင်စားပြောဆိုခြင်းဖြစ်သည်။

**almoner (n)** မဟာဒန်ဝန်။ လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်ကိုယ်စား လှူဒါန်းသူ။ လူမှုရေးတာဝန်ခံ။

**alms (n)** လှူဖွယ်ဝတ္ထု။ ငွေအစားအသောက် အဝတ်အစားလှူဖွယ်ပစ္စည်းများ။

**alongside (adv)** နဘေးကပ်လျက်။ ဘေးချင်းယှဉ်လျက်။ နိုင်ငံခြားသင်္ဘောခေါ်ပါ လေးလံသောကုန်ပစ္စည်းများကို တင်ဆောင်မည့်ရေယာဉ်ပေါ်ချရာတွင် ရေလယ် ခေါင်တွင်ရပ်ထားသော နိုင်ငံခြားသင်္ဘောကြီးဘေး၌ တင်ဆောင်မည့် ရေယာဉ်ကို ဘေးချင်းယှဉ်ကပ်လျက် ကုန်များချယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**alteration (n)** ပြုပြင်ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ စာချုပ်စာတမ်းများတွင် သုံးသည်။ စာချုပ်စာတမ်းများကို ချုပ်ဆိုအတည်ပြုပြီး နောက်မှပြောင်းလဲလျှင် စာချုပ်မှာ ပျက်ပြယ်သော စာချုပ်ဖြစ်သွားသည်။ အကယ်၍ လိမ်လည်လှည့်ဖျားပြီး ပြောင်းလဲမှုများ ပြုလုပ်ခဲ့လျှင် ပြစ်မှုကြောင်းအရ တာဝန်ရှိလာသည်။ စာချုပ် မှာလည်း လိမ်လည်အတုပြုထားသော စာချုပ်စာတမ်းအဖြစ် သတ်မှတ်ခြင်းခံ ရမည်။

**alterate benefeciary** သေတမ်းစာ၊ ယုံမှတ်အပ်နှံမှု သို့မဟုတ် အာမခံပေါ်လစီတို့အရ ပထမအကျိုးခံစားရမည့်သူသည် ပစ္စည်းကို ရယူရန် မစွမ်းဆောင်နိုင်လျှင် သို့မဟုတ် ရယူရန်ငြင်းဆိုလျှင် ဒုတိယအဆင့်ဖြစ်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအဖွဲ့တို့မှ ဒုတိယအဆင့်အနေဖြင့် အဆိုပါပစ္စည်းများကို လက်ခံရယူနိုင်ခြင်း။ ဥပမာ ဦးနီသည် သေတမ်းစာတစ်စောင် ရေးသားခဲ့ရာတွင် ၎င်းစုဆောင်းထားသော ဂီတနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သမီးဖြစ်သူ မဖြူကို ရယူစေရန်နှင့် ဒေသဆိုင်ရာ တီးဝိုင်းအဖွဲ့ကို ဒုတိယအဆင့် အကျိုးခံစားခွင့်ရယူစေရန် ရေးသားထားခဲ့သည်။ အကယ်၍ မဖြူသည် ဖခင်ဖြစ်သူဦးနီထက် စောစွာကွယ်လွန်ခဲ့လျှင်လည်းကောင်း သို့မဟုတ် မဖြူသည် ဖခင်ပေးခဲ့သော ပစ္စည်းများကို မတောင်းဆို ခဲ့လျှင်လည်းကောင်း ဦးနီ စုဆောင်းထားသော ဂီတနှင့်စပ်လျဉ်း သည့် စာရွက် စာတမ်းများကို ဒေသဆိုင်ရာ တီးဝိုင်းအဖွဲ့မှ တိုက်ရိုက်လက်ခံ ရရှိမည်ဖြစ် သည်။

**alteration of charge** တရားရုံးက ဖွဲ့ချက်ကိုဖြည့်စွက်ပြင်ဆင်ခြင်း။ တရားရုံးသည် ဖွဲ့ချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်နိုင်သည်။ (CrPC 227)။ ထိုသို့ပြုလုပ်ခြင်းသည် တရားလို တရားခံများကို မထိခိုက်ဟု ယူဆလျှင် ပြင်ဆင်ထားသော ဖွဲ့ချက်ကို မူလဖွဲ့ချက်ကဲ့သို့ မှတ်ယူ၍ ဆက်လက်စစ်ဆေးခြင်း (CrPC sec 228)။ အကယ်၍ ထိခိုက်မည်ဆိုလျှင် အမှုကိုအသစ်တစ်ဖန် စစ်ရန် ရက်ချိန်းပေးခြင်း (CrPc sec 229)။ ဖွဲ့ချက်များပြင်ဆင်ဖြည့်စွက်လျှင် စစ်ဆေးပြီးသောသက်သေ များကို ပြန်လည်ခေါ်ယူစစ်ဆေးခွင့်ပေးရမည်။





(CrPC sec 231)။ တရားခံ ကျူးလွန်သော ပြစ်မှုများကို မည်သည့်ပုဒ်မနှင့် စွဲချက်တင်ရမည်ဟု သံသယရှိသည့်အခါ တရားခံအပေါ် ပြစ်မှုတစ်ရပ်သို့မဟုတ် အခြားပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်းဖြင့် စွဲချက်တင်စစ်ဆေးနိုင်ခြင်း။ (CrPc sec 236)

**alternative pleading** တစ်ခုမဟုတ် တစ်ခုလျှောက်လဲတင်ပြခြင်း။ အမှုတစ်မှုတွင် တစ်ခုမဟုတ် တစ်ခုဖြစ်ကြောင်း လျှောက်လဲတင်ပြရာတွင် အဆိုပါလျှောက်လဲချက်တွင် တင်ပြသော အချက်များမှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေခြင်း။

ဥပမာ (၁) ယာဉ်တိုက်မှုတစ်မှုတွင် ယာဉ်မောင်းသူက အတိုက်ခံရသူသည် နမော်နမဲ့နှင့် ပေါ်ဆစ္စာလမ်းဖြတ်ကူး၍ တိုက်မိသွားခြင်းဖြစ်ပါသည်ဟု လည်းကောင်း အတိုက်ခံရသူကသာ မိမိယာဉ်ကို တမင်ဝင်ရောက်ပြီး ဒဏ်ရာရအောင်ပြုခြင်းသာဖြစ်ကြောင်း ထုချေတင်ပြခြင်း။

ဥပမာ (၂) ပြစ်မှုတစ်မှုစစ်ဆေးရာတွင် တရားခံက ပြစ်မှုကိုကျူးလွန်ခဲ့ခြင်း မရှိကြောင်းထုချေရာ၌ ၎င်းအနေဖြင့် စွတ်စွဲထားသောပြစ်မှုကို ကျူးလွန်ခဲ့ခြင်းမရှိ အခင်းဖြစ်ချိန်က အဝေးသို့ရောက်ရှိနေခြင်းဖြစ်သည်ဟု လည်းကောင်း ပြစ်မှု ကျူးလွန်သည်ဆိုရာတွင် မိမိအနေဖြင့် စိတ်ဝေဒနာခံစားနေရပြီး၊ ထိုအချိန်က ရောဂါဖောက်၍ မည်သို့ပြုမူခဲ့သည့်ကို မသိကြောင်းဟုလည်းကောင်း၊ ထုချေခြင်း (ဤနေရာတွင် တရားခံကပြစ်မှုဖြစ်ပွားကြောင်း သွယ်ဝိုက်ဝန်ခံရာရောက်သည်)

**alumnus (n)** မွေးဖွားခြင်း သို့မဟုတ် မွေးစားခြင်း မဟုတ်သော်လည်း မိဘမဟုတ်သူ၏ ကျွေးမွေးစောင့်ရှောက်ခြင်းကို ခံရသောကလေး။ ကျောင်းသားဟောင်း။

**amalgamation (n)** ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကုမ္ပဏီများပေါင်းစပ်ခြင်း။ ထိုသို့ ပေါင်းစည်းခြင်းသည် စီးပွားရေးအကျိုး သက်ရောက်မှုဖြစ်သည့် ပြိုင်ဆိုင်မှုလျော့ချရန်နှင့် ဈေးကွက်များကို အမိအရ ဖမ်းယူနိုင်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ambassador (n)** အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ခန့်အပ်လွှာဖြင့် စေလွှတ်ခြင်းခံရသော အထူးအာဏာကုန် လွှဲအပ်ခံရသည့် သံအမတ်ကြီး။

**ambiguity (n)** (၁) ဒွိဟမကင်းဖြစ်ခြင်း၊ အနက်နှစ်ခွထွက်ခြင်း မသဲမကွဲဖြစ်ခြင်း။

latent ambiguity စာချုပ်စာတမ်းပါစကားရပ်များမှာ ရှင်းလင်းသော်လည်း တည်ဆဲအကြောင်းခြင်းရာနှင့် အဓိပ္ပာယ်ကွဲပြားနေလျှင် အဓိပ္ပာယ် အမှန်သိရှိရန် သက်သေခံတင်ပြခွင့်ရှိသည်။ (Evidence Act sec 95)

ဥပမာ (က)မှ (ခ) စာချုပ်စာတမ်းဖြင့် ရန်ကုန်မြို့ရှိ ကျွန်ုပ်ပိုင်အိမ်ဟု ရေးသား ရောင်းချလိုက်သည်။ (က)၌ရန်ကုန်တွင် အိမ်ပိုင်မရှိ။ ဒဂုံမြို့သစ် မြောက်ပိုင်းတွင် အိမ်တစ်ရှိရာ စာချုပ်ပြီးသည့်အချိန်တွင် (ခ)သည် ထိုအိမ်တွင် လက်ရှိနေထိုင် လျှက်ရှိသည်။ စာချုပ်သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ အိမ်နှင့်သက်ဆိုင် ကြောင်း အထက်ဖော်ပြပါအကြောင်းခြင်းရာများကို သက်သေခံ တင်ပြခွင့် ရှိသည်။

patent ambiguity စာချုပ်တွင်ပါရှိသော စကားရပ်သည် အဓိပ္ပာယ်မရှင်း မလင်း သို့မဟုတ်ချို့တဲ့ကြောင်း ထင်ရှားပေါ်လွင်နေလျှင် ထိုစကားရပ်ကို ရှင်းလင်းဖြည့်သွင်းရန်အတွက် သက်သေခံတင်ပြခွင့်မရှိ။

ဥပမာ– (က)မှ (ခ)သို့ မြင်းတစ်ကောင်ကို ငွေတစ်သောင်း သို့မဟုတ် ငွေသောင်း ငါးထောင်ကျပ်နှင့် ရောင်းရန်သဘောတူစာချုပ်ပြုလုပ်သည်။ အဆိုပါ နှစ်ရပ် အနက် မည်သည့်အဖိုးကိုပေးရမည်ဖြစ်ကြောင်း သက်သေခံတင်ပြခွင့်မရှိ။

(၂) စာချုပ်တစ်ခုတွင် ကွက်လပ်နေရာများပါရှိသည်။ ၎င်းကွက်လပ် နေရာများတွင် မည်သည့်စာသားကို ဖြည့်သွင်းရန် ရည်ရွယ်ကြောင်း သက်သေ တင်ပြခွင့်မရှိ။ (သက်သေခံအက်ဥပဒေပုဒ်မ ၉၃)

**ambiguous instrument** အဓိပ္ပာယ်နှစ်ခွထွက်သော စာချုပ်

**ambit (n)** နေအိမ်သို့မဟုတ် မြို့ပြပတ်ဝန်းကျင်ရှိ ကွက်လပ်၊ မြေကွက် ဥပဒေ၏အတိုင်းအတာ၊ စီရင်ပိုင်ခွင့်ကန့်သတ်ချက်။





**ambulatory (adj)** ဆက်လက်လျှောက်လှမ်းနိုင်သော။ ပြင်ဆင်ပြောင်းလဲ နိုင်သော အမွေရှင်မသေဆုံးမီ သေတမ်းစာကို ပြင်ဆင်နိုင်သည်။ ရုပ်သိမ်းနိုင် သည်။

**amenable (adj)** တာဝန်ရှိသော တရားရုံးတွင် ဥပဒေနှင့်အကြောင်းခြင်းရာ များကို ဖြေကြားရန် တာဝန်ရှိသော။

**amendment (n)** ပြင်ဆင်ချက်။ ပြင်ဆင်ခြင်း။ အဆိုအချေများမှ မှားယွင်းချက်များကို ပြင်ဆင်ခြင်း။ (CPC 06 R17)။ စီရင်ချက် အမိန့်ဒီကရီများ ကို ပြင်ဆင်ခြင်း။ (CPC sec 152)။ အယူခံလွှာကို ပယ်ခြင်းသို့မဟုတ် ပြင်ဆင်ခြင်း (CPC 041 R3)။

**amercement (or) amerciament** ဒဏ်ငွေအနေဖြင့် ကျခံရသော ပြစ်ဒဏ်။ ငွေဒဏ်။

**amicable action** နှစ်ဘက်အမှုသည်များက ဥပဒေပြဿနာများနှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန် သဘောတူညီကြပြီး တရားရုံးမှ အဆုံးအဖြတ်ပေးနိုင်ရန် တင်ပြခြင်း။ ၎င်းသည် အနုညာတခုံရုံး၏ ဆောင်ရွက်ချက်နှင့် ကွာခြားသည်။ အနုညာတခုံရုံးသည် တရားရုံး၏ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ခုံသမာဓိလူကြီးက အငြင်းပွားသည့် ပြဿနာကို တတိယလူအနေဖြင့် ဖြေရှင်းဆုံးဖြတ်ပေးခြင်း။

**amicus curiae (latin)** တရားရုံး၏ မိတ်ဆွေ (ရုံးတော်၏သဟာယ)။ အမှုတစ်မှုတွင် နှစ်ဘက်အမှုသည်များအဖြစ် ပါဝင်ခြင်း မရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်သည် အဆိုပါအမှုကို စိတ်ဝင်စားပြီး အမှုတွင် ပါဝင်လိုခြင်း။ ရုံးတော်၏ သဟာယကို တရားရုံးကဖိတ်ခေါ်ရမည်။ သို့မဟုတ် အမှုတွင် မပါဝင်မီ တရားရုံး၏ခွင့်ပြုချက်ကို ရယူထားခြင်းရှိရမည်။

တရားရုံး၏မိတ်ဆွေသည်တရားသူကြီး၏ ဖိတ်ခေါ်ချက်အရ တရားရုံး သို့တက်ရောက်ကာဥပဒေပြဿနာအချို့နှင့်စပ်လျဉ်း၍သတင်း အချက် အလက်များပေးခြင်း။ ၎င်းသည် နှစ်ဘက်သော အမှုသည်များက ဖိတ်ခေါ်ထားခြင်း မဟုတ်သော်လည်း ပြဿနာနှင့်စပ်လျဉ်း၍ မိမိ၏အတွေ့ အကြုံ ကျွမ်းကျင်မှုအရ သိရှိချက်များကို တရားရုံးသို့ အချက်အလက်ပေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



တင်ပြခြင်း။ ၎င်း၏ တင်ပြချက်များကို တရားရုံးအနေဖြင့် တရားရေးဆိုင်ရာ ဆောင်ရွက်ချက်များ အဖြစ်အသုံးပြုနိုင်သည်။

**ammunition (n)** ခဲယမ်းမီးကျောက်။ ၎င်းအထဲတွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ကျည်ဆန်များ၊အမြောက်ဆန်များ အစရှိသဖြင့်ပါဝင်သည်။ သေနတ်ဖြင့် ပစ်ခတ်သော ပစ္စည်းများနှင့် အခြားပေါက်ကွဲမတတ်သော ပစ္စည်းများပါဝင်သည်။

**amnesty (n)** အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်။ သတ်မှတ်ထားသော နေ့ရက်အထိ ကျူးလွန်ခဲ့သော ယခင်ပြစ်မှုများနှင့် စပ်လျဉ်း၍အစိုးရက ထုတ်ပြန် ကြေငြာသော စည်းကမ်းချက်သတ်မှတ်မထားသည့် လွတ်ငြိမ်းချမ်းသာခွင့်။

**amortization (amortisation) (n)** အပေါင်သို့မဟုတ် အကြွေးဝယ်ယူခြင်းကဲ့သို့သော ကြွေးမြီများကို သတ်မှတ်ထားသော နေ့ရက်တွင် အရစ်ကျပုံမှန်ပေးသွားရန် အစီအစဉ်ချထားခြင်း။ ထိုသို့ပေးချေငွေတွင် ချေးယူထားသော ငွေရင်းအစိတ်အပိုင်းနှင့် အတိုးငွေများပါဝင်သည်။ ပေးချေငွေများကို လစဉ်အရစ်ကျတူညီသော ပမာဏနှင့် ပေးချေနိုင်ရန်တွက်ချက်ထားလေ့ရှိသည်။ ပထမဆုံး အရစ်ကျပေးချေငွေတွင် ငွေပမာဏများသော အစိတ်အပိုင်းမှာ အတိုးဖြစ်ခဲ့ပြီး (၎င်းသည်ချေးယူ ငွေပမာဏအပေါ် အခြေခံသည်။) ငွေရင်းမှာ ချေးငွေကာလ၏ နောက်ဆုံးအရစ်တိုင်အောင် လျှော့ကျမည်မဟုတ်ပေ။

အရစ်ကျပေးဆပ်ခြင်းဖြင့်ကြွေးမြီကိုလျှော့ချခြင်း။ ဥပမာ တိုက်ပိုင်ရှင်က မော်တော်ကားများ ရပ်နားရန်အတွက် လမ်းခင်းပေးထားပြီး အိမ်ငှားများထံမှ ကားရပ်နားရန်အတွက် ငွေကိုကောက်ခံခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ပါးစေသည်။ အကယ်၍ ငွေချေးငှားပြီး လုပ်ငန်းကို ဆောင်ရွက်ထားခြင်းဖြစ်လျှင် ထိုသို့အရစ်ကျ ကောက်ခံကာ စုပေါင်းပြီး ငွေချေးသူကို ပေးဆပ်ခြင်းဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း ကြွေးများပြေငြိမ်းသွားမည်ဖြစ်သည်။

**amotion** ရာထူးမှ ဖယ်ရှားခြင်း။

**analogous (adj)** တစ်စိတ်တစ်ဒေသ တူညီသော၊ နှိုင်းယှဉ်၍ရသော၊ အလားတူသော။

**analyst (n)** စိစစ်သူ၊ ပိုင်းခြားဝေဖန်သူ၊ ဆန်းစစ်သူ၊ သရုပ်ခွဲလေ့လာသူ။

**anarchy (n)** မင်းမဲ့ဖြစ်ခြင်း။ စည်းမဲ့ကမ်းမဲ့အခြေအနေ anarchist (n) မင်းမဲ့ဝါဒကြိုက်သူ။ မင်းမဲ့စိုးမဲ့ဖြစ်အောင်လုပ်သူ anarchism (n) မင်းမဲ့ဝါဒ။

**ancestor (n)** လူတစ်ဦးသို့မဟုတ် မိသားစု တစ်စုမှဆင်းသက်လာသူ။ ဘိုးဘေး ဘီဘင်။

**ancestral property** ဘိုးဘွားပိုင်ပစ္စည်း။ အဖဘက်မှ ဆင်းသက်လာသော အမွေပစ္စည်း။ အမိဘက် အဘိုးအဘွားများမှ ဆင်းသက်လာသော ပစ္စည်းသော်ဖြင့်။

**ancient (adj)** ရှေးဟောင်း။ အချိန်ကြာမြင့်စွာကပင်တည်ရှိနေသော ancient writings

ရှေးဟောင်းရေးသားချက်များ။ နှစ်ပေါင်း ၃၀ တိုင် ကာလကချုပ်ဆိုခဲ့သော ရေးသားခဲ့သော စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူနိုင်ခြင်း (Evidence Act sec 90)

**ancillary (adj)** အထောက်အကူပြုသော၊ လက်အောက်ခံ၊ လက်ထောက်၊ အနိုင်းအစေ ဒုတိယဆင့်အနေဖြင့် အရေးကြီးသော။

**ancillary relief** ဆက်စပ်တွဲဖက်နေသော သက်သာခွင့်။ တရားပြိုင်၏ နေအိမ်တံစက်မြိတ်သည် တရားလိုပိုင်အိမ်အမိုးပေါ် ကျူးကျော်နေ၍ ဖယ်ဖျက်ပေးရန်နှင့် ထပ်မံမကျူးကျော်စေရန် အမြဲတမ်းတားမြစ်စေ အမိန့်ရလိုသော စွဲဆိုမှုတွင် အမြဲတမ်းတားမြစ်စေ အမိန့်တောင်းဆိုမှုမှာ ancillary relief ဖြစ်သည်။

**animus (animo) (latin)** ရည်ရွယ်ချက်။ ကြံရွယ်ချက်။

**animo testandi (latin)** သေတမ်းစာရေးသားရန်၊ ရည်ရွယ်ချက်နှင့်အတူ။

**animo revoke (latin)** ပြန်လည်ရုပ်သိမ်းရန် ကြံရွယ်ချက်နှင့်အတူ။

**animo revertendi (latin)** မိမိနေရင်းသို့ ပြန်ရန်ရည်ရွယ်သော။

**animo furandi (latin)** ခိုးရန်ကြံရွယ်ချက်။

**animus manendi (latin)** နိုင်ငံတစ်နိုင်ငံတွင် အမြဲတမ်းနေထိုင်ရန် ရည်ရွယ်ချက်။

**annex (v)** ပူးတွဲထားသည်။ အဖွဲ့ချသည်။ အစီရင်ခံစာတွင် စာရွက်စာတမ်းများပူးတွဲထားသည်။







www.burmeseclassic.com

www.burmeseclassic.com



**annexation (n)** နယ်မြေသိမ်းပိုက်ခြင်း၊ နယ်မြေသိမ်းသွင်းခြင်း၊ ထိုသို့ပြုရာတွင် လက်ဝယ်ရရုံသာမက အဆိုပါနယ်မြေအပေါ်တွင် ခုခံမှုကင်းရှင်း သော အချုပ်အခြာကိုပါရရှိခြင်း။ နယ်မြေသိမ်းပိုက်ရာတွင် ထိုနယ်မြေအတွင်း နေထိုင်သော ပြည်သူများ၏ ဆန္ဒကို အရေးမထားဘဲ သိမ်းပိုက်ထားခြင်း။

**anni nubiles** အမျိုးသမီးတစ်ဦးအနေဖြင့် တရားဝင်လက်ထပ်နိုင်သော အသက်အရွယ်။

**annotation (n)** ရှင်းလင်းချက် မှတ်စုရေးသားခြင်း။

**annoyance (n)** စိတ်ငြိုငြင်စေခြင်း၊ နှောင်ယှက်ခြင်း။

**annual report** နှစ်ချုပ်အစီရင်ခံစာ အများဆိုင်ကော်ပိုရေးရှင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးသောအခါ ကော်ပိုရေးရှင်း၏ လက်ကျန်ရှင်းတမ်း၊ ဝင်ငွေ စာရင်းအစီရင်ခံစာ။ တရားဝင်ပုဂ္ဂလိက စာရင်းစစ်အဖွဲ့မှ စစ်ဆေးထားသည့် ငွေစာရင်းရှင်းတမ်းများနှင့် ပူးတွဲ၍ နှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်သည်။

**annuity** နှစ်စဉ်ကြေး၊ ပုံသေပေးရသည့် ငွေပမာဏ။

**annuitant** နှစ်စဉ်ကြေး လက်ခံရရှိသူ။

**annul (v)** ပယ်ဖျက်သည်။ ဥပမာ ဒီဂရီကို ပယ်ဖျက်သည်။ လူမွဲအဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက်သည်။ တည်ရှိနေသော အရာကိုပယ်ဖျက်သည်။ လက်ထပ်ထိမ်းမြားခြင်းကို ပယ်ဖျက်သည်။ လက်ထပ်ထိမ်းမြားခြင်းကို ပယ်ဖျက် ခြင်းမှာ စတင်လက်ထပ်စဉ်အချိန်တည်းက ပယ်ဖျက်ရာ ရောက်ပြီး ကွာရှင်းခြင်း မှာ ကွာရှင်းသည့်အချိန်မှ စတင်ခြင်းဖြစ်ပြီး ယခင်ထိမ်းမြားထားခြင်းကို အကျိုးသက်ရောက်ခြင်း မရှိပေ။

**annulment (n)** တရားရုံး၏ လုပ်ထုံးလုပ်နည်းအရ လက်ထပ်ထိမ်းမြားမှုကို ဖျက်သိမ်းပေးရာတွင် ယခင်ကလက်ထပ်ခဲ့ခြင်း မရှိသကဲ့သို့ သတ်မှတ်ရာ ရောက်သည်။ လူတစ်ဦးတစ်ယောက်သည် ကွာရှင်းခြင်းအစား လက်ထပ်ထိမ်းမြားမှုကို ဖျက်သိမ်းလိုခြင်းမှာ များသောအားဖြင့် ဘာသာရေးအကြောင်းပြချက်ကို တင်ပြလေ့ရှိသည်။ ထိုသို့လက်ထပ်ထိမ်းမြားခြင်းကို ဖျက်သိမ်းကြောင်း တရား စွဲဆိုမှုမှာ နည်းပါးသော်လည်း အောက်ပါအကြောင်းပြချက် တစ်ခုခု ဖြစ်သော အလွဲဖော်ပြပြောဆို လက်ထပ်ခဲ့ခြင်း (ဥပမာ ဆေးစွဲနေခြင်း။





ပြစ်မှု မှတ်တမ်း ရှိခြင်းစသည်) နားလည်မှုလွဲမှားခဲ့ခြင်းနှင့် ပေါင်းသင်းဆက်ဆံရန် ငြင်းဆန်ခဲ့ခြင်းတို့ဖြင့် လက်ထပ်ထိမ်းမြားခြင်းကို ဖျက်သိမ်းလိုကြောင်း အကြောင်းပြစွဲဆိုလေ့ရှိသည်။

**annunciation (n)** တရားဝင်နှင့် အများပြည်သူသိရှိရန်ကြေငြာခြင်း။

**anomaly (n)** ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော။ တရားဥပဒေစိုးမိုးရေး၏ သဘောယူချက်စည်း မျဉ်းများနှင့် ဆန့်ကျင်နေသောအရာ။ ထိုမမှန်မတ ဖြစ်နေမှုကို ဆောလျှင်စွာ ပြောင်းလဲရန်လိုအပ်သည်။

**anomalous mortgage** ထုံးနည်းမကျသောအပေါင်။

**anonymous (adj)** အမည်ဝှက်ထားသော၊ အမည်မသိသော၊ စီရင်ထုံးများတွင် အမှုသည် အမည်မဖော်ပြလိုသည့်အခါတွင် သုံးတတ်သည်။

**anonymous letter** ပစ်စာ။

**answer (v)** တရားလိုမှ တရားရုံးသို့ ရှေးဦးတင်ပြတရားစွဲဆိုထားသော အဆိုလွှာ သို့မဟုတ် လျှောက်ထားလွှာအပေါ်တွင် တရားပြိုင်က စာဖြင့်ရေးသား တုံ့ပြန် ခြင်း။ တရားပြိုင်မှ တုံ့ပြန်ဖြေကြားရာတွင် ပုံမှန်အားဖြင့် တစ်ချို့ကိုငြင်းဆိုတတ်ကြပြီး တစ်ခါတစ်ရံအဆိုလွှာ လျှောက်လွှာပါအချက်အားလုံးကို ငြင်းဆိုတတ်ကြပါသည်။ တစ်ချို့တရားပြိုင်များသည် အဆိုလွှာပါအချက်များကို ငြင်းဆိုယုံသာမက ပြန်လှန်တောင်းဆိုမှုများ (called counter claims) သည်းပြုတတ်သည်။ မေးခွန်းများကို ဖြေကြားစေရန် (CPC 021 R1) ထုတ်ဖော်တင်ပြစေရန် မေးခွန်းများထုတ်၍ ဖြေခြင်း (CPC 011R1)

**ante litem motam** တရားမစွဲဆိုမီကာလက။ အမှုမစွဲဆိုမီအချိန်က။

**antecedent (adj)** ဦးစွာနေရာရထားသော ရှေးကျသော။

**antedate (v)** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်စောင် (ဥပမာ ချက်လက်မှတ်) တွင် လက်မှတ်ရေးထိုးရာ၌ နေ့ရက်ကိုကြိုတင်ဖော်ပြထားခြင်း။ ငွေလွှဲလက်မှတ်များ ချက်လက်မှတ်များ သို့မဟုတ် ငွေပေးကတိစာချုပ်များတွင် ကြိုတင်ရက်စွဲကို တပ်လေ့ရှိရှိသည်။

**ante nuptial agreement(prenuptial agreement)** လက်မထပ်မီ သဘောတူညီချက်။လက်ထပ်ရန်ရည်ရွယ်သောအခါတွင်သို့မဟုတ် လက်မထပ်မီ တွင်ပစ္စည်းခန်းနှင့် စပ်လျဉ်း၍ သဘောတူညီချက်။ လင်မယားကွဲကွာသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ၌ဖြစ်စေ၊ သေဆုံးသည့်အခါ၌ဖြစ်စေ၊ ပစ္စည်းခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ကို ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။

**ante nuptial children (n)** တရားဝင်ထိမ်းမြားလက်ထပ်ခြင်း မပြုမီ မွေးဖွားသော ကလေးများ။

**anticipation (n)**တီထွင်ခြင်းတစ်ရပ်သည် ရှေးကတီထွင်ထားမှုနှင့် အလွန်တူနေသည့် အခြေအနေတွင် အသစ်သို့မဟုတ် ဆန်းသစ်တီထွင်မှုကို ဆင်ခြင်သုံးသပ်ရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆန်းသစ်ခြင်းသည် မူပိုင်ခွင့်အရည်အချင်း အတွက် လိုအပ်သော အချက်ဖြစ်နေ၍ ဖြစ်သည်။ တင်ကူးရရှိခံစားသည့် တီထွင်မှုကြိုတင်မှန်းဆခြင်းမှာ များသောအားဖြင့်

(၁) ဦးစွာပေးထုတ်ပေးခြင်း (သတင်းဆောင်းပါး ကုန်သွယ်ရေး ဂျာနယ် ဆောင်းပါးပညာရေးကျမ်းပြုမှုများ သို့မဟုတ် ကြိုတင်မူပိုင်ခွင့်)

(၂) ဦးစွာတီထွင်ခြင်း (နောက်မှ တီထွင်မှု၏ထူးခြားသော အချက်များသည် ဦးစွာတီထွင်ထားခြင်းတွင် တွေ့ရှိရခြင်း)

(၃) တီထွင်မှုရောင်းချခြင်းမတိုင်မီ တစ်နှစ်ကပင် မှတ်ပုံတင်ထားမှုရှိနေခြင်း။

(၄) တီထွင်မှုကို အများပြည်သူသို့ ပြသခြင်း (သို့)သုံးစွဲခြင်းသည် မူပိုင်ခွင့်မလျှောက်ထားမီ တစ်နှစ်ထက်ကျော်လွန်နေခြင်း။

တင်ကူးရရှိခံစားခြင်း၊ ကြိုတင်ခြင်း၊ မျှော်လင့်ခြင်း။

**anticipatory breach** ပဋိညာဉ်တွင် ပါဝင်သူတစ်ဦးက ပဋိညာဉ်ပါ တာဝန်ရှိမှုများကို ဆောင်ရွက်တော့မည် မဟုတ်ကြောင်းနှုတ်ဖြင့် (ကျန်ရှိသည့် ကုန်များကို ဆက်လက်ပို့ဆောင်တော့မည် မဟုတ်ကြောင်း ပြောကြားခြင်း) သို့မဟုတ် လုပ်ဆောင်ချက်ဖြင့် (ငွေမပေးတော့ခြင်း) ချိုးဖောက်ခြင်း။ ဥပမာ မောင်ဖြူသည် မိမိ၏သင်္ဘောကို မောင်မဲအား သတ်မှတ်သည့်သင်္ဘောခဖြင့် ဇန်နဝါရီ (၁) ရက်နေ့မှစ၍ တစ်နှစ်ငှားရမ်းရန် ပဋိညာဉ်ပြုသည်။ သင်္ဘောခများတက်လာသဖြင့် ဇန်နဝါရီလ (၁)ရက်နေ့တွင်ရရှိမည့် သင်္ဘောခသည် ပဋိညာဉ်ပါ သင်္ဘောခထက်ပိုလာသောကြောင့် မောင်ဖြူသည် ၎င်း၏ကတိကို ဖျက်လိုက်သည်။ ၎င်း၏ပြုမှုချက်သည် anticipatory breach ဖြစ်သည်။





မောင်မဲသည် ထိုနေ့တွင် အလားတူသင်္ဘောကို တစ်နှစ်အတွက် ငှားရမ်းပါက ပေးရမည့် သင်္ဘောခနှင့် ပဋိညာဉ်ပါသင်္ဘောခတို့ကို နှိုင်းယှဉ်၍ ကွာခြားငွေကို မောင်ဖြူက လျော်ကြေးအဖြစ်ပေးရမည်ဖြစ်သည်။ (Contract Act sec.73)

**antigraphy** စာချုပ်မိတ္တူမူရင်းခွဲ။

**antinomy (n)** သဘောတရားကိုက်ညီမှုကို ဆန့်ကျင်ခြင်း။ ဥပဒေအချင်းချင်း ဝိရုဒ္ဓ ဖြစ်မှု။ ဥပဒေတစ်ရပ်တည်းတွင် ပြဋ္ဌာန်းချက်များဆန့်ကျင်ခြင်း။

**antiquites** နိုင်ငံတော်မှ ရွှေ့ပြောင်းနိုင်သော ရှေးဟောင်းပစ္စည်းများနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးခြင်း။

**anxiety (n)** စိုးရိမ်ကြောင့်ကြခြင်း။ ပူပန်ခြင်း၊ သောက၊ ကြောက်စရာကောင်းသောအရာ။

**apology (n)** မှားယွင်းခြင်း၊ ချို့ယွင်းခြင်း၊ စံမမီခြင်းသို့မဟုတ် ရိုင်းစိုင်းခြင်းတို့အတွက် အလေးအနက်ထားကာ လေးစားမှုဖြင့် ဝန်ချတောင်းပန်ခြင်း တရားခံက ထိခိုက်နစ်နာသူ တရားလိုကို ဝန်ချတောင်းပန်ခြင်း။

**apothecary (n)** အများပြည်သူသို့ ဆေးဝါးများကို စီမံဖော်စပ်ပြီး ရောင်းချသူ။

**apparent (adj)** ရှင်းလင်းသော၊ သိသာထင်ရှားသော၊ ဟန်ပန်ပြသသော။

**apparent authority** အကြီးအကဲ သို့မဟုတ် ကုမ္ပဏီတစ်ခုမှ အမှန်တကယ် အခွင့်အာဏာ ပေးအပ်ထားခြင်း မရှိသော်လည်း ကိုယ်စားလှယ်တစ်ဦး၏ လုပ်ဆောင်ချက်သည် တတိယပုဂ္ဂိုလ်အနေဖြင့် ကိုယ်စားလှယ်မှာ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူဟု ယုံကြည်မှုကိုဖြစ်စေလျှင် သိသာထင်ရှားသော အခွင့် အာဏာရရှိသူအဖြစ် ဆိုက်ရောက်သွားခြင်း။ ကိုယ်စားလှယ်၏ အခွင့်အာဏာရရှိကြောင်း ထင်သာမြင်သာရှိလျှင် ကိုယ်စားလှယ်၏ လုပ်ဆောင်ချက်များသည် အကြီး အကဲတွင် ဥပဒေအရ တာဝန်ရှိလာခြင်း။ ဥပမာ– ဝန်ထမ်းတစ်ဦးသည် ၎င်း ကုမ္ပဏီ ကိုယ်စားလက်မှတ်ရေးထိုးခွင့်ရှိသည်ဟု ဖောက်သည်မှ ယုံကြည် ခြင်း။ အဆိုပါ ဝန်ထမ်းသည် ပဋိညာဉ်စာချုပ်ချုပ်ဆိုရန် အခွင့်အာဏာ မရှိလျှင် တောင်မှ လက်မှတ်ရေးထိုးသဘောတူထားမှုကို ကုမ္ပဏီအနေဖြင့် ဥပဒေ အရ စည်းနှောင်မှုရှိလိမ့်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**appeal (v)** အောက်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲရန် သို့မဟုတ် ပယ်ဖျက်ရန် အဆင့်မြင့်တရားရုံးသို့ ရေးသားလျှောက်လွှာ (အယူခံလွှာ) ကို တင်သွင်းသည်။ အောက်တရားရုံးဆိုရာတွင် မူလရုံးသို့မဟုတ် ပထမအယူခံ တရားရုံးကို ဆိုလိုသည်။ အောက်တရားရုံး တစ်ခုခုတွင် အမှုရှုံးနိမ့်သွားသူ (အယူခံတရားလို)က ၎င်း၏ အယူခံလွှာကို သတ်မှတ်ထားသော အချိန်ကာလ အတွင်း (ကာလစည်းကမ်းသတ် ဥပဒေအရ) တင်သွင်းရမည်ဖြစ်ပါသည်။ အယူခံရုံးတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် နှုတ်အားဖြင့်လည်းကောင်း စာဖြင့်ရေးသား၍လည်းကောင်း အောက်ရုံးမှချမှတ်သော အမိန့်ကို ပြင်ဆင်သင့်ကြောင်း ပယ်ဖျက်သင့်ကြောင်း ဆက်လက်အတည်ပြုသင့်ကြောင်း ရှင်းလင်းလျှောက်ထားရမည်။

**appear (v)** တရားရုံးသို့ လာရောက်သည်။ တရားရုံးရှေ့သို့ရောက်ရှိသည်။ အမှုသည် တစ်ဦးဦးသည် တရားခွင်သို့မဟုတ် တရားရုံး၏ ဥပစာတွင် ရောက်ရှိ နေခြင်း။ အမှုသည် မဟုတ်သူရောက်ရှိနေခြင်းနှင့် မသက်ဆိုင်။

**appearance (n)** အမှုသည်အဖြစ် တရားရုံးသို့ရောက်ရှိနေခြင်း။ စိတ်ဝင်စားသူအဖြစ် တရားရုံးသို့ ရောက်ရှိနေခြင်း။ အမှုသည် ကိုယ်စား ရှေ့နေက ရောက်ရှိခြင်း။ တရားမမှုများတွင် တရားရုံးက ဆင့်ခေါ်သည့်အခါ အမှုသည်ကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ဖြစ်သူ သို့မဟုတ် ၎င်း၏ ရှေ့နေတို့အနက် တစ်ဦးဦး တရားရုံးရှေ့ရောက်ရှိနေရခြင်း။ မလာရောက်ပါက တရားလိုဖြစ်လျှင် အမှုပလပ်ခံရမည်ဖြစ်ပြီး တရားပြိုင်ဖြစ်ပါက တစ်ဖက်သတ် ကြားနာစစ်ဆေးမှုကိုခံရနိုင်သည်။ (CPC O.9)

**appellant (n)** အယူခံဝင်သူ။ အယူခံတရားလို။ အမှုတစ်ခုတွင် ပါဝင်သော အမှုသည် သည် အမှုရှုံးနိမ့်သွားသောအခါ အဆိုပါအမိန့်ကို ပြောင်းလဲရန် ပယ်ဖျက်ရန် အဆင့်မြင့်တရားရုံးသို့ အယူခံလွှာတင်သွင်းသူ။

**appellate court** အောက်တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ရှုံးနိမ့်သူက အယူခံတင်သွင်းရာတွင် အဆိုပါဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ခွင့်ရှိသည့် အဆင့်မြင့်တရားရုံး။





**appellate jurisdiction** အောက်တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြောင်းလဲပြင်ဆင်နိုင်သော ပြန်လည်သုံးသပ်နိုင်သော လုပ်ပိုင်ခွင့်များရရှိထားသည့် အယူခံတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ။

**appellee** မူလရုံးတရားနိုင်။ အယူခံလျှောက်ထားခံရသူ။ respondent ဟု သုံးနှုန်းလေ့ရှိပါသည်။ ပထမအယူခံမှုနိုင်ထားသူ။

**appendant (adj)** မရွေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ပူးတွဲ အကျိုးခံစားခွင့်များ၊ ဆက်စပ်၍ အကျိုးခံစားခွင့်များ။ ဥပမာ မြေကွက်ကျယ် တစ်ခုကို ငှားရမ်းရာတွင် မြေကွက်၌ ရေကန်တစ်ကန်ပါရှိ၍ ထိုရေကန်မှ ငါးများ ကိုလည်း ဖမ်းယူရနိုင်ခွင့်။

**appendix (n)** နောက်ဆက်တွဲ။ မူလရေးသားချက် နောက်မှတွဲထားသည့် စာများ။ စာရွက်များ။

**applicant (n)** တစ်စုံတစ်ရာကို လျှောက်ထားတောင်းဆိုသူ။ အမွေထိန်းစာ အတွက် လျှောက်ထားသူ။

**application (n)** နှုတ်ဖြင့် သို့မဟုတ် စာဖြင့်တရားရုံးသို့ တင်ပြတောင်းဆိုသည့် လျှောက်လွှာ။ တရားရုံးတွင် အမှုစစ်ဆေးနေစဉ် အတွင်းအားလုံးသော ကြားဖြတ် တောင်းဆိုခြင်းများကို လျှောက်လွှာ သို့မဟုတ် အသနားခံစာ ဟုခေါ်သည်။

**appoint (v)** ခန့်အပ်သည်။ ရွေးချယ်သည်။ တာဝန်ပေးသည်။

**appointee (n)** ကိစ္စတစ်ရပ်အတွက် ခန့်အပ်ခြင်းခံရသူ။

**apportionment (n)** ရှယ်ယာနှင့်အတိုးများအတွက် ခွဲဝေခြင်း၊ ဝေပုံချခြင်း။ (ပစ္စည်းလွှဲ ပြောင်းခြင်း ဥပဒေပုဒ်မ ၃၆၊ ၃၇ နှင့် ၁၀၉ ကြည့်ပါ။)

**appraisal (n)** အကဲဖြတ်ခြင်း။ တန်ဖိုးဖြတ်ခြင်း၊ ရာဖြတ်။

အိမ်၊ ကျောက်မျက်ရတနာများ သို့မဟုတ် ကုန်ပစ္စည်းများ၏ တန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း။ ကျွမ်းကျင်ရာဖြတ်ဆိုသည်မှာ ပစ္စည်း၏ခန့်မှန်းတန်ဖိုးကို သတ်မှတ်ပေးနိုင်သော အရည်အချင်းပြည့်မီသူဖြစ်သည်။ ပစ္စည်း၏ ဝယ်ရင်းဈေးနှင့် အလားတူပစ္စည်း၏ လက်ရှိပေါက်ဈေးတို့ကို နှိုင်းယှဉ်ကြည့်ပြီးခန့်မှန်း တန်ဖိုးသတ်မှတ်ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေတမ်းအတည်ပြု လက်မှတ်ထုတ်ပေးရာတွင်လည်းကောင်း လူမွဲခံယူမှုတွင်လည်းကောင်း အပေါင်ရွေးနှုတ်ခွင့် ပိတ်ပင်ခြင်းများတွင်လည်းကောင်း ပစ္စည်းများ၏ ဈေးကွက်ရှိမျှတသော ဈေးနှုန်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် တရားရုံးက ရာဖြတ်ကိုညွှန်ကြားလေ့ရှိသည်။

ဘဏ်နှင့်အိမ်ခြံမြေရောင်းဝယ်ရေး ကုမ္ပဏီများကလည်း အပေါင်ခံ၍ ငွေထုတ်ချေးရာတွင် အပေါင်ခံပစ္စည်းများ၏ တန်ဖိုးတိကျစေရန် ရာဖြတ်များကို အသုံးပြုလေ့ရှိသည်။

ထို့အတူ အာမခံကုမ္ပဏီများကလည်း အာမခံငွေကြေး တောင်းဆိုမှုကို ပြေငြိမ်းအောင် မဆောင်ရွက်မီ ပျက်စီးသွားသော ပစ္စည်းတန်ဖိုး အမှန်သိရှိနိုင်ရန် ရာဖြတ်များကို ဆုံးဖြတ်တွက်ချက်စေသည်။

**appraise (v)** ဈေးနှုန်းသတ်မှတ်ခြင်း အကဲဖြတ်ခြင်း။

**appraiser (n)** အိမ်ခြံမြေနှင့်အခြားသော ပစ္စည်းများ၏ ကာလတန်ဖိုးကို သတ်မှတ် ပေးနိုင်ရန် ငှားရမ်းခြင်းခံရသော ကျွမ်းကျင်ပုဂ္ဂိုလ် (ရာဖြတ်)အချို့သော ရာဖြတ် များသည် လူနေအိမ်များ ပြန်လည်ရောင်းချရန်အတွက် ဈေးနှုန်းဖြတ်ပေးရန်အတွက်သာ သီးသန့်ဆောင်ရွက်ခြင်း သို့မဟုတ်အပေါင်ပစ္စည်း အာမခံအတွက်သာ သီးသန့်ဆောင်ရွက်ခြင်း။

တစ်ခြားရာဖြတ်များသည် အထူးဆောင်ရွက်သော ပစ္စည်းတစ်မျိုးခြင်းအတွက် တန်ဖိုးဖြတ်ခြင်း။ ဥပမာ စိန်တန်ဖိုးဖြတ်ခြင်း။

**appreciation (n)** တန်ဖိုးတက်ခြင်း။ ပိုင်ရှင်မှပစ္စည်းကို အဆင့်မြင့်ပြုပြင်ခြင်း သို့မဟုတ် ထပ်တိုးခြင်း မပြုလုပ်ဘဲ အချိန်ကာလတစ်ခု လွန်မြောက်သည့်အခါ ပြင်ပ စီးပွားရေးအခြေအနေများကြောင့် ပစ္စည်းတစ်ခု သို့မဟုတ် ပစ္စည်း၏အစိတ်အပိုင်းလေးတစ်ခုမှာ တန်ဖိုးမြင့်တက်လာခြင်း။

ဥပမာ ဈေးကွက်အတွင်း ဝယ်လိုအားတိုးလာ၍ ဈေးနှုန်းမြင့်တက်လာခြင်း။ ငွေကြေးတန်ဖိုး ဖောင်းပွခြင်းကြောင့် ဈေးနှုန်းမြင့်လာခြင်း။ ၎င်းစကားလုံးကို အိမ်ခြံမြေဈေးကွက်နှင့် ပက်သက်သော ကိစ္စများတွင် သုံးနှုန်းလေ့ရှိသည်။

**apprehension (n)** ကြောက်ရွံ့ခြင်း၊ စိုးရိမ်မကင်းဖြစ်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းကို ထောက်လှမ်းစုံစမ်းနေစဉ် လူတစ်ဦးတစ်ယောက်ကို ဖမ်းဆီးခြင်း။ သိမြင် နားလည်ခြင်း။ သဘောပေါက်နားလည်ခြင်း။





**apprentice (n)** အလုပ်သင်။ အလုပ်သင်ဆိုသည်မှာ အခြားသူထံတွင် အတွေ့အကြုံရရှိရန်နှင့် လုပ်ငန်းနှင့်စပ်လျဉ်း၍ သင်ကြားပေးမှုကို ခံယူရန် သင်ရောက် အလုပ်လုပ်ကိုင်နေသူ။

**approach (v)** ချဉ်းကပ်ခြင်း။ အဆိုပါစကားလုံးကို ရှေ့နေဖြစ်သူက တစ်ဘက်ရှေ့နေနှင့် လည်းကောင်း တရားသူကြီးနှင့်လည်းကောင်း (ဂျူရီလူကြီးများမကြားသိစေရန်) တရားသူကြီး၏ စားပွဲအနီးလာရောက် ပြောဆိုခွင့်ပြုရန်လျှောက်ထားသည်အခါသုံးနှုန်းသည်။ (your honor mayI approach the bench?)

**approach the witness** ရှေ့နေက သက်သေအနီးသို့ သွားခွင့်ပြုပါရန်နှင့် သက်သေအား စာရွက်စာတမ်းသို့မဟုတ် သက်သေခံပစ္စည်းကို ပြခွင့်ပြုပါရန် မေတ္တာရပ်ခံခြင်း။ (may I approach the witness?)

**approval (n)** သေချာစွာသိရှိနားလည်ပြီးနောက် အတည်ပြုခြင်း။ သဘောတူညီချက်။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ရာသည် အမှန်အကန်ဆုံးအရာကို အကောင်းဆုံးရွေးချယ်ထားသည်ဟု အကျိုးသက်ရောက်သည်။

**approbate and reprobate-** တာဝန်နှင့်ရပိုင်ခွင့်များကို ရည်ညွှန်းသည်။ အကယ်၍တစ်ဦးတစ် ယောက်က စာချုပ်စာတမ်းပါ အကျိုးခံစားခွင့်များကို လက်ခံခြင်းနှင့်တိုစာချုပ်ပါ တာဝန်ရှိမှုကို ငြင်းပယ်ခြင်းဖြစ်လျှင် တစ်ခုကိုလက်ခံပြီး တစ်ခုကိုစွန့်လွှတ်နိုင် ခွင့်မရှိပါ။

"qui approbat not reprobat" mean he who approbates cannot reprobate. ဥပဒေဆိုရိုးစကား။ လက်ခံလျှင် ကျန်အပိုင်းကို ငြင်းပယ်ခွင့်မရ။ (ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၂၇အရ) မေတ္တာဖြင့် ပေးရာတွင် အချို့မှာ တာဝန်ယူရမည့်ပစ္စည်းဖြစ်ပြီး အချို့မှာတာဝန်ယူရန် မရှိသည့်ပစ္စည်းဖြစ်ပါက ရယူသူသည် ပစ္စည်းအားလုံးကို လက်ခံယူရမည်ဖြစ်သည်။ တာဝန်ယူရမည့်ပစ္စည်းကို ငြင်းပယ်ပြီးတာဝန်ယူရန်မရှိသည့် ပစ္စည်းကိုသာ လက်ခံခြင်း မပြုနိုင်ပေ။ အားလုံးကို လက်မခံလိုပါက အားလုံးကိုငြင်းပယ်ရမည်ဖြစ်သည်။

**appropriation (n)** ပစ္စည်းတစ်ရပ်ကိုလိုအပ်မှု တစ်ရပ်အတွက် သီးခြားခွဲထားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



– အစိုးရဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းကို လျှာထားခြင်း။

– မြီစားတစ်ဦးသည် မြီရှင်ထံမှ တစ်ခုထက်ပိုသော ကြွေးကိုယူထားလျှင် ပေးဆပ်သည့်အခါ မည်သည့်ကြွေးအတွက်ဖြစ်ကြောင်း သတ်သတ်မှတ်မှတ် ဖော်ပြရမည်။ ထိုသို့သတ်မှတ်မဖော်ပြလျှင် မြီလျှင်က ကာလစည်းကမ်းသတ်ကုန်ဆုံးကာနီးကြွေးမြီကိုဆပ်သည်ဟု သတ်မှတ်နိုင်သည်။ မြီစားမြီရှင်နှစ်ဦးစလုံးက သတ်မှတ်ခြင်းမရှိလျှင် အစောဆုံး ယူထားသော ကြွေးကိုပေးဆပ်သည်ဟု ဥပဒေအရ သတ်မှတ်သည်။

**approver (n)**အစိုးရသက်သေ သို့မဟုတ် ဖော်ကောင်။ ပြစ်မှုဆိုင်ရာဥပဒေအရ ထောင်ဒဏ် (၇)နှစ်နှင့် (၁၀)နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုများတွင် ဖြစ်စေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၆–က၊ ၃၆၉၊ ၄၉၁၊ ၄၃၅၊ ၄၇၇–က အရ တရားစွဲဆိုခြင်းခံရသူများကိုဖြစ်စေ၊ ၎င်းတရားခံများအနက်မှ မည်သူကိုမဆို ရဲကစုံစမ်းထောက်လှမ်းစဉ် တရားရုံးက စုံစမ်းစစ်ဆေးနေစဉ်၊ ပြစ်မှုနှင့်စပ်လျဉ်း၍ မခြွင်းမချန်ပြောမည်ဆိုလျှင် တရားရုံးက စည်းကမ်းချက်ထား၍ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပေးနိုင်သည်။ ထိုသို့ရရှိသူကို အစိုးရသက်သေ သို့မဟုတ် ဖော်ကောင်ဟုခေါ်သည်။ ထိုအစိုးရသက်သေသည် ပြစ်မှုနှင့် စပ်လျဉ်း၍ မခြွင်းမချန် ထွက်ဆိုလျှင် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ရသည်။ အကယ်၍ ပျက်ကွက်ခဲ့ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၃၉ (၁)အတိုင်း အရေးယူခြင်းခံရမည်။

**appurtenant (n)** တွဲဖက်ပါရှိသည့် အခွင့်အရေး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် သဘာဝအလျောက်ဖြစ်စေ၊ မူလကဖြစ်စေပူးတွဲမပါရှိသော်လည်း၊ စာချုပ် စာတမ်းနှင့် ဖြစ်စေ၊ အချိန်ကာလကြာမြင့်၍ဖြစ်စေ ရရှိအပ်သော အကျိုးခံစားခွင့်။

ဥပမာ အကယ်၍ Aက ၎င်း၏နောက်ဘက်တွင်ရှိသော မြေကွက်ပိုင်ရှင် Bကို ၎င်း A၏မြေကွက်ပေါ်မှ ဝင်ထွက်ခွင့်ပြုနိုင်ရန် လမ်းခွင့်ပြုထားသည်။ ထို့ကြောင့် Bသည် Aထံမှ မြေကွက်ဝယ်ယူထားသည့် အဓိကအကြောင်းမှ တွဲဖက်ပါရှိလာသော Aမြေပေါ်မှ ဝင်ထွက်သွားလာခွင့်ရှိသည်လမ်းကို အသုံးပြုခွင့် တစ်ပါးတည်း ပါရှိလာသည်။





**arbiter (n)** အငြင်းပွားမှုများကို ဆုံးဖြတ်ရန် တရားရုံးကခန့်အပ်ထားသော ပုဂ္ဂိုလ်။ Arbitrator နှင့် မတူညီပါ။ Arbiter ၏ ဆုံးဖြတ်ချက်များသည် အပြီးသတ် ဖြစ်စေရန် တရားရုံး၏ အတည်ပြုချက်ရယူရသည်။

**arbitration(n)**အနုညာတ စီရင်ဆုံးဖြတ်ခြင်း၊ ခုံသမာဓိဖြင့်စီရင် ဆုံးဖြတ်ခြင်း။ တစ်ယောက်သို့မဟုတ် တစ်ယောက်ထက်ပိုသော ပုဂ္ဂိုလ်များ (ခုံသမာဓိ လူကြီးများ)သည် တရားရုံးကျင့်စဉ်များကို တိတိကျကျ မလိုက်နာဘဲ သက်သေခံချက်များကို ကြားနာကာ အငြင်းပွားမှုများကို ပြေငြိမ်းစေခြင်းဖြင့် ဆုံးဖြတ်ချက်များချခြင်း။ ခုံသမာဓိဆောင်ရွက်ခြင်းမှာ တစ်နည်းအားဖြင့် အမှုစစ်ဆေးခြင်းနှင့် ဆင်တူသော်လည်း၊ မြန်ဆန်ခြင်းနှင့် တရားရုံးကျင့်စဉ် (ဥပဒေအရ တိကျခြင်း) လျော့နည်းစွာကျင့်သုံးသော ထူးခြားသော အမှုစစ်ဆေးချက် ဖြစ်သည်။ (The Arbitration Act, 1944)

**arbitrary (adj)** တစ်ဦးတစ်ယောက်တည်း၏ စဉ်းစားချင့်ချိန်မှုအပေါ်တွင်သာ အမှီပြုသော။ ပုံသေသတ်မှတ်ထားသော နည်းဥပဒေများ တရားရုံးလုပ်ထုံးလုပ်နည်းများ ဥပဒေများအစား တရားသူကြီးက မိမိဆန္ဒအရ ဆုံးဖြတ်သော။ အကြောင်း ပြချက် သို့မဟုတ် အချက်အလက်များကို သွေဖီ၍ ဘက်လိုက်ခြင်း သို့မဟုတ် ဦးစားပေးခြင်းတို့ တွေ့ရှိရသော (တရားရုံး၏ ဆုံးဖြတ်ချက်များ) ထိုကဲ့သို့သော ဆုံးဖြတ်ချက်ကို တစ်ခါတစ်ရံ arbitrary and capricious ဟုလည်း သုံးနှုန်းသည်။

**arbitrator (n)** သမာဓိရှိသော ပုဂ္ဂိုလ်ဖြစ်ပြီး အငြင်းပွားနေသော နှစ်ဘက်မှ ရွေးချယ်ထားသူ၊ ဖြေရှင်း ပေးရန် ရွေးချယ်ထားသူ။ ၎င်းမှာအငြင်းပွားနေသော အကြောင်းအရာနှင့် စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပေးရန် အာဏာအပ်နှင်းခြင်းခံရသူ ဖြစ်သည်။တရားဥပဒေနှင့်သာနာညီမျှမှုမပါဘဲ ၎င်း၏ကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်နိုင်သည်။

**argument (n)** ဥပဒေနှင့်အမှုတွင် အငြင်းပွားသောအကြောင်းအချက်များကို အလေး ထား၍ အကျဉ်းချုံးပြီး တရားရုံးမှ စိတ်ဝင်စားလာအောင် ချိုသာစွာ တင်ပြ လျှောက်လဲခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**arguendo (latin) in arguing** for the sake of argument
ရှင်းရှင်းလင်းလင်းတင်ပြခြင်း။ လျှောက်လဲချက်အတွက်။
ဥပမာ။ အောတာဆေဒကုမ္ပဏီသည် မြို့ပြင်ဘက်ရှိ တူးမြောင်းအတွင်း ရေဆိုးများကို စွန့်ပစ်ကြောင်းစွတ်စွဲခံရသည်။ သို့သော် ကုမ္ပဏီအနေဖြင့် ၎င်းတို့ကြောင့် တူးမြောင်းညစ်ညမ်းမှုဖြစ်စေခဲ့ကြောင်း ဝန်ခံရန်ဆန္ဒမရှိပေ။ ပြည်သူ့ အကျိုးပြုအဖွဲ့က တူးမြောင်းအား သန့်ရှင်းအောင်ပြုလုပ်ခကို ကုမ္ပဏီမှ ကျခံစေလိုသည်။ ထို့ကြောင့် ပြည်သူ့အကျိုးပြုအဖွဲ့မှ ကုန်ကျစရိတ်ကို တွက်ချက်ရန်နှင့် အကယ်၍ ကုမ္ပဏီကြောင့် တူးမြောင်းညစ်ညမ်းမှုဖြစ်စေပါက ပြန်လည်သန့်စင်ခမည်မျှ ကျသင့်မည်ကို မြို့တော်ကောင်စီမှ ဆုံးဖြတ်ရန်ဖြစ်သည်။

သို့သော် ကုမ္ပဏီအနေဖြင့် ပြစ်မှုကျူးလွန်ကြောင်းဝန်ခံရန် ရှောင်ရှားပြီး သန့်ရှင်းအောင် ပြုလုပ်စရိတ်ကို ပေးဆောင်ရန် ပြဿနာအားအရေးကြီးသော ပြဿနာအဖြစ် (assuming arguendo) လွှဲပြောင်းတင်ပြလျှောက်ထားလာသည်။

**arraignment (n)** ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုတွင် စွတ်စွဲခံရသူကို ပထမဦးဆုံး အဆင့်အနေဖြင့် ရုံးရှေ့သို့ တင်ပို့ရန်နှင့် တရားရုံးက စွဲချက်များကို ရှင်းလင်း ဖတ်ပြပြီးအပြစ်ရှိမရှိ မေးမြန်းခြင်း။

**arrear (n)** အချိန်စေ့ရောက်သော်လည်း ပေးဆပ်ခြင်းမရှိသေးသော ကြွေးမြီးမပြေကျန်ငွေများ၊ ငှားရမ်းခများ၊ အရစ်ကျပေးငွေများ၊ ငွေပေးကတိလက်မှတ်များ။လစဉ်ကလေးစရိတ်များကို ပေးဆပ်ရန် ပျက်ကွက်ခြင်းဖြင့်တစ်ခါတစ်ရံငွေ ပမာဏများလာခြင်း စေ့ရောက်သည့် ကာလအတွက် ပေးချေရန်ပျက်ကွက်သော သူသည် မပြေကျန်ငွေများရှိနေသူဖြစ်သည်။

arreas of rent ငှားရမ်းခကြွေးကျန်
arreas of revenue အခွန်ကြွေးကျန်

**arrest (n)** မည်သည့်မသင်္ကာဖွယ်လူတစ်ဦးတစ်ယောက်ကိုမဆို လွတ်လွတ်လပ်လပ်သွားလာခြင်းမပြုနိုင်အောင် ရဲအရာရှိက ဖမ်းဆီးချုပ်နှောင်ထားသည့် လုပ်ရပ်။ ရဲအရာရှိမှ ဖမ်းဆီးကြောင်း ကြေငြာရန်မလိုခြင်း၊ သို့မဟုတ်





လက်ထိပ်ခတ်မထားခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက်ထိန်းချုပ်မှုမရှိခြင်း၊ under arrest ဆိုလျှင် ဖမ်းဆီးထိန်းချုပ်မှုအောက်ရောက်သွားနိုင်သည်။ ဖမ်းဆီးထားသူကို ပြစ်မှုတွင်ပါဝင်ခြင်း ရှိ/မရှိ၊ ပြစ်မှုအကြောင်း သိရှိမှု ရှိ/မရှိ စစ်ဆေးနိုင်သည်။ Arrest စကားတွင် imprisonment မပါရှိပါ။

**arrest under criminal law**

(၁) ရဲအရေးပိုင်သော ပြစ်မှုများကို ရဲအရာရှိက ဖမ်းဆီးနိုင်ခြင်း
(၂) တရားရုံး၏ထုတ်ထားသောဝရမ်းအရသာမန်လူကဖမ်းဆီးခြင်း
(၃) တရားခံပြေးကိုဖမ်းဆီးခြင်း။ ဥပဒေနှင့်အညီ ဖမ်းဆီးရာတွင် ပြန်လည်ခုခံခြင်းနှင့်တားဆီးခြင်း။
ဖမ်းဆီးခြင်းတွင် အကျဉ်းချထားခြင်းမပါဝင်ပါ။

**arrest under the civil law**

(၁) ဒီကရီအတည်ပြုရာတွင် တရားရှုံးအားဖမ်းဆီးခြင်း
(၂) အမိန့် ၃၈ အရ စီရင်ချက်မချမီ တရားပြိုင်အားဖမ်းဆီးခြင်း

ဖမ်းဆီးခြင်းပြုရာတွင် ထိုသို့ဖမ်းဆီးခြင်းသည် အကြောင်းမလုံလောက်ဘဲ လျှောက်ထားခြင်းကြောင့် ဖြစ်ရသည်ဟု တရားရုံးက ထင်မြင်လျှင် တရားပြိုင် မှ နစ်နာကြေးလျှောက်ထားလာပါက တရားလိုကို လျော်ကြေးပေးရန် အမိန့်ချ နိုင်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၅ (၁)။

arrest warrant - တရားသူကြီးက တရားခံ သို့မဟုတ် အခြားသူတစ်ဦးဦးကို ဖမ်းဆီးရန် တာဝန်ရှိရဲအရာရှိသို့ ထုတ်ပေးသည့်ဝရမ်း။

**arson (n)** မီးဖြင့်အကျိုးဖျက်ဆီးမှု။အခြားသူတစ်ဦး၏ နေထိုင်ရာအိမ်သို့မဟုတ် ကိုးကွယ်ဝတ်ပြုရာ နေရာ သို့မဟုတ် အများပြည်သူဆိုင်ရာနေရာများဖြစ်သော မီးရထား (ဘူတာရုံ) ဆိပ်ကမ်းအဆောက်အအုံများ သို့မဟုတ် စာတိုက်တို့ကို ဖျက်ဆီးရန်အကြံဖြင့် ဖြစ်စေ၊ ထိုသို့ပျက်စီးစေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မီးဖြင့် သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခြင်း။(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆)



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မီး သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့်တန်ဖိုး ငွေကျပ် တစ်ရာအောက် မနည်းသည့် စိုက်ပျိုးရေးလုပ်ငန်းထွက် ပစ္စည်း သို့မဟုတ် ကျပ်တစ်ဆယ်အောက်မနည်းသောပစ္စည်းကို အကျိုးဖျက်ဆီးခြင်း။ (ပြစ်မှု ပုဒ်မ ၄၃၅)

**article (n)** -ပုဒ်မများ၊အပိုဒ်များ

(က) ၁။ စာချုပ်စာတမ်း သို့မဟုတ် သဘောတူညီချက်၏ စာပိုဒ် သို့မဟုတ် စာပိုဒ်ခွဲ

၂။ သဘောတူညီချက်

၃။ စည်းနှောင်အားရှိသောဘာသာအယူဝါဒအပေါ် သဘောတူညီချက်။ဥပမာ ဘာသာကိုးကွယ်မှုစာပိုဒ်၊ ယုံကြည်မှု အထောက်အထား စာပိုဒ်

၄။ ကုမ္ပဏီစည်းမျဉ်းများ

(ခ) – ပုဒ်မများ၊ အပိုဒ်များ

– စည်းမျဉ်းများ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ။

– သင်းဖွဲ့စည်းမျဉ်း

**articles of association** သင်းဖွဲ့စည်းမျဉ်း။

သင်းဖွဲ့စည်းမျဉ်းများဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ မူလကရေးဆွဲထားသော သင်းဖွဲ့စည်းမျဉ်းများ သို့မဟုတ် အထူးဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ထားသော သင်းဖွဲ့စည်းမျဉ်းများကိုဆိုလိုသည်။ (ကုမ္ပဏီအက်ဥပဒေပုဒ်မ ၂(၁)၊ သင်းဖွဲ့စည်းမျဉ်းကို မှတ်ပုံမတင်မနေရတင်ရမည်။ ထိုစည်းမျဉ်းတွင် ကုမ္ပဏီအစုရှယ်ယာ၊ မတည်ငွေရင်း၊ အဖွဲ့ဝင်အရည်အတွက်၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားခြင်း၊ စာပိုဒ်ခွဲရေးခြင်း၊ အဖွဲ့ဝင်များကသင်းဖွဲ့ မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်း၊ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံ၊ လုပ်ငန်းဆောင်ရွက်ပုံ၊ မဲပေးပုံ၊ ဒါရိုက်တာလူကြီးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ အကျိုးအမြတ်ခွဲဝေခံစားပုံ ငွေစာရင်းကိစ္စများစသဖြင့်ပါရှိသည်။





(အသေးစိတ်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၇ မှ ၂၆ ကိုကြည့်ပါ။)

**article of faith** ဘာသာရေးဆိုင်ရာ ယုံကြည်မှု၏ ပင်မ သို့မဟုတ် မရှိမဖြစ် လိုအပ်သောအချက်များ၊ ဘာသာရေးဆိုင်ရာဩဝါဒ။

**articles of partnership** အစုဝင်များအကြား သဘောတူညီချက်ဖြစ်ပြီး အစုစပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ထားရှိသည့်စည်းမျဉ်း စည်းကမ်းများ။

**articles of peace** ကောင်းစွာကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ် (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၈ ကြည့်ပါ)

**articles of war** စစ်ပုန်ကန်ခြင်း၊ စစ်တပ်မှ ထွက်ပြေးခြင်းစသည်တို့ကို မဖြစ်ပွားစေ ရန် ပြဋ္ဌာန်းထားသော စစ်စည်းမျဉ်းများ

**artificial (adj)** သဘာဝမဟုတ်။ ဥပဒေအရ ဖွဲ့စည်းထားသော

**artificer** ကျွမ်းကျင်သော အလုပ်သမား။ လုပ်ငန်းတစ်ခုတွင် ဆရာတင်ရမည့်သူ ယေဘုယျအဓိပ္ပါယ်မှာ အခြားသူတစ်ဦးတစ်ယောက်အား ပရိယာယ်သုံး၍ လှည့်စားတတ်သူ။

**artificial person** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မဟုတ်၊ သို့ရာတွင် ဥပဒေအရဖွဲ့စည်း ထားသော ကော်ပိုရေးရှင်း၊ ကုမ္ပဏီ အစရှိသည်များ။

**artillery (n)** စက်လက်နက်ပစ္စည်းများ၊ အထူးသဖြင့် ဘီးများတပ်ဆင်ထား၍ဖြစ်စေ၊ နေရာတစ်နေရာတွင် ခိုင်မြဲစွာဖြစ်စေထားရှိသည့် လက်နက်ကြီးများ (အမြောက်)၊ အဆိုပါ အမြောက်လက်နက်များကို ကိုင်တွယ်သည့်စစ်တပ် (အမြောက်တပ်)

**artisan (n)** ကျွမ်းကျင်သော လက်မှုပညာသည်

**as is (adv, adj)**အရောင်းပဋိညာဉ်တွင် သုံးစွဲသောဝေါဟာရ။ နေအိမ်၊ မော်တော်ကား သို့မဟုတ် အသုံးအဆောင်များကို ဝယ်ယူသူက မျက်မြင်အနေအထားအတိုင်း ဝယ်ယူသူက ဝယ်ယူရန် သဘောတူညီပြီး အပြစ်အနာအဆာများနောက်မှ တွေ့ရှိပါက မကျေနပ်ချက်ကိုပြောရန် အခွင့်အရေးမရှိခြင်း၊ မည်သို့ပင် ဆိုစေကာမူ ဝယ်ယူသူအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်မြင်အနေအထားအတိုင်း ဝယ်ယူခြင်း မဟုတ်ပါက ပစ္စည်းကို သင့်တင့်လျောက်ပတ်စွာ စစ်ဆေးရန် အခွင့်အရေးရှိသည်။ ထိုသို့ စစ်ဆေးခြင်းအားဖြင့် ဝယ်ယူခြင်းမပြုမီ ပစ္စည်း၏ အနာအဆာကို မြင်တွေ့နိုင်ရန် အခွင့်အရေးရှိသည်။

**ascendant (n)** တန်ခိုးအရှိန်အဝါတက်ခြင်း။ မိသားစု၏အထက်မျိုးဆက်။ ဥပမာ-- အဖေမှ အထက်သို့ ဆန်တတ်သည့် အဖေ၊ အဖိုး၊ အဘိုးစသဖြင့်။

**ascertain (v)**သေသေချာချာ တိတိကျကျသိရှိအောင်လုပ်သည်။

**asportation (n)**ယူဆောင်သွားခြင်းသို့မဟုတ် ကုန်ပစ္စည်းများ ရွှေ့ပြောင်းခြင်း။

**assassination (n)**ထင်ရှားသော ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်များကို လုပ်ကြံမှု

**assault (n)** လက်ရောက်မှု။ တစ်ဦးတစ်ယောက်သည် မိမိရှေ့မှောက်ရှိလူတစ်ဦးတစ်ယောက်ကို ကိုယ်အမူအယာ သို့မဟုတ် ပြင်ဆင်မှုတစ်ခုခုပြုခြင်း။ ထိုသို့ပြုခြင်းသည် အပြုခံရသူအား ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုသုံးစွဲလိမ့်မည်ဟု စိုးရိမ်စေသည့် ကိုယ်အမူအယာဖြင့် သို့မဟုတ် ပြင်ဆင်မှုဖြင့် ဖြစ်စေမည်ဟု ရည်ရွယ်၍လည်းကောင်း၊ ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်လည်းကောင်း ပြုခြင်း။

ဥပမာ။ မောင်နီသည် မောင်ဖြူကို လက်သီးနှင့်ထိုးမည်ဟု ရွယ်သောကြောင့် မောင်ဖြူအနေဖြင့် အမှန်တစ်ကယ် လက်သီးနှင့်အထိုးခံရတော့မည်ဟု ယုံကြည်သည်။ မောင်နီသည် လက်ရောက်မှုကိုကျူးလွန်သည်။

**assay (n)** စမ်းသပ်ခြင်း၊ မှတ်ကျောက်တင်ခြင်း။

အလေးတင်းတောင်းများ၊ အတိုင်းအတာများ၊ ရွှေငွေဒင်္ဂါး စားသောက် ကုန်များ ဓါတ်သတ္တုများ၊ အရည်အသွေးမီမမီ၊ မှန်ကန်မှုရှိ/မရှိ စစ်ဆေးခြင်း။

**assess (v)**(၁) တစ်စုံတစ်ခု၏ တန်ဖိုးကိုသတ်မှတ်ခြင်း

(၂)ပစ္စည်းခွန်ကို တွက်ချက်မည့်အပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ခြင်း

**assessor (n)** တန်ဖိုးဖြတ်သူ၊ ရာဖြတ်

ဒေသန္တရ အိမ်၊ ခြံ၊ မြေ အခွန်အတွက် အစိုးရကိုယ်စားလှယ်က မြေယာ၏ တန်ဘိုးကိုသတ်မှတ်ပေးသူ။





**assessee (n)** စည်းကြပ်သတ်မှတ်ခြင်းခံရသူ၊ တန်ဖိုးဖြတ်ခြင်းခံရသူ၊ အကဲဖြတ်ခြင်းခံရသူ

**assessment (n)** စည်းကြပ်သတ်မှတ်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ အကဲဖြတ်ခြင်း

**asset (n)** ငွေနှင့်တန်ဖိုးသင့်နိုင်သော ပစ္စည်းပိုင်ဆိုင်မှု၊ မြေယာသို့မဟုတ် ကြွေးမြီ များ ပေးဆပ်ရန် အသုံးပြုနိုင်သော ရွှေ့ပြောင်း/ မရွှေ့ပြောင်းနိုင်သော ပစ္စည်း အပေါ်တွင် မည်သည့်အကျိုးခံစားခွင့်မဆို။ (ရရန်ရှိ ကြွေးမြီနှင့် ပိုင်ခွင့်များ အပါအဝင်)

ရရန်ပိုင်ခွင့်များ လက်ငင်းရရန်ပိုင်ခွင့်နှင့် ပုံသေရရန်ပိုင်ခွင့်။ ရင်းနှီးမြှုပ်နှံထားရှိမှု၊ မူပိုင်ခွင့်စသည့် မမြင်သာသော ရပိုင်ခွင့်များပါဝင်သည်။

ဥပမာ၊ စက်ပစ္စည်းများ၊ အဆောက်အဦးများ၊ ယာဉ်များ အသုံးအဆောင်ပစ္စည်းများ၊ ကုန်အမှတ်တံဆိပ်များနှင့်ငွေများ။

**assign (v)** တစ်ဦးတစ်ယောက်ပိုင်ပစ္စည်း၊ အခွင့်အရေးနှင့် ရပိုင်ခွင့်တို့ကို အခြားသူသို့ လွှဲပြောင်းပေးခြင်း။အခြားသူတစ်ဦးတစ်ယောက် (လွှဲအပ်ခံရသူသို့ လွှဲအပ်သူက ရပိုင်ခွင့် နှင့် အခွင့်အရေးများအားလုံး သို့မဟုတ် တစ်ချို့ကို လွှဲပြောင်းပေးခြင်း။

ဥပမာ။ ငှားရမ်းသူသည် ငှားရမ်းထားသည့်ပစ္စည်းကို အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးခြင်း။ လွှဲအပ်ခံရသူသည် ငှားရမ်းထားသည့် ပစ္စည်းပေါ်တွင် နေထိုင်ခွင့်နှင့် ငှားရမ်းသည့် စာချုပ်ပါစည်းကမ်းချက်များကို လေးစား လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

**assignee (n)** အခွင့်အရေးနှင့် ရပိုင်ခွင့်တို့ကို ဥပဒေအရ လွှဲပြောင်းအပ်ခံရသူ တာဝန်ပေးခံရသူ။ ပစ္စည်း၏ ရပိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူ။

ဥပမာ။ အိမ်ငှား တစ်ဦးသည် ငှားရမ်းသည့် ကာလမစေ့ရောက်မီ ငှားရမ်းသည့် ဥပစာနှင့် အပြီးအပိုင်ထွက်ခွာရန် ဆန္ဒရှိသည့်အခါ လွှဲပြောင်းပေးခဲ့ခြင်း။ တစ်ဆင့်ခံ လွှဲပြောင်းခြင်းခံရသူသည် ငှားရမ်းထားသည့် ဥပစာကို စီမံခန့်ခွဲနိုင်မှုရှိသည့်အပြင် ငှားရမ်းသူ၏ ရပိုင်ခွင့်နှင့် တာဝန်များ ဆက်ခံရမည်။ ထို့ပြင် ငှားရမ်းခကို မှန်မှန်ပေးရန် တာဝန်ရှိမည်။ မည်သို့ပင်ဖြစ်စေ၊ လွှဲပြောင်းခံရသူ တစ်ဆင့်ခံအိမ်ငှားက ငှားရမ်းခပေးရန် ပျက်ကွက်လျှင် မူလငှားရမ်းသူအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ ငှားရမ်းခပေးရန် တာဝန်ရှိသည်။

**assignment** (n) (၁) ပစ္စည်း၏ ရပိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်မှု၏ ရပိုင်ခွင့်ကို တစ်စုံတစ်ဦးက အခြားသူတစ်ဦးတစ်ယောက် (လွှဲပြောင်းခြင်းကို လက်ခံရရှိသူ) သို့ လွှဲပြောင်းပေးခြင်း။ ဥပမာ။ ငှားရမ်းထားသည့် ဥပစာကို မူလငှားရမ်းသူက အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် မူပိုင်ခွင့် အခွင့်အရေး၊ ကုန်အမှတ် တံဆိပ် မူပိုင်ခွင့် သို့မဟုတ် ကုန်သွယ်ရေး လျှို့ဝှက်ချက် စာပေဆိုင်ရာ မူပိုင်ခွင့်များကို ဥပဒေအရ လွှဲအပ်ပေးနိုင်ခြင်း။ (၂) ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်ကို လွှဲပြောင်းပေးခြင်း

**assisted suicide**-- (**see** also euthanasia)

သေလုနီးပါး နာမကျန်းဖြစ်နေသူက မိမိကိုယ်ကို မိမိသေကြောင်းကြံစည်ရာတွင် သို့မဟုတ် မစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်က မိမိကိုယ်ကို မိမိသေကြောင်းကြံစည်ရာတွင် ဆရာဝန်၊ မိသားစု သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဝေဒနာခံစားရမှု သက်သာစေရန် ဆေးဝါးကို ရယူခြင်း၊ ငြင်သာစွာ အသက်ထွက်စေရန်ပြုလုပ်ခြင်း။ ထိုသို့ ပြုလုပ်ခြင်းမှာ တရားမဝင်၊ ဥပဒေနှင့်ငြိစွန်းသည်။မြန်မာနိုင်ငံတွင် မိမိကိုယ်ကို မိမိသေကြောင်းကြံစည်မှုပြုရာတွင် သေဆုံးခြင်းမရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၉ အရ အပြစ်ပေးခံရမည်။ တစ်ဦးတစ်ယောက်သောသူသည် မိမိကိုယ်ကို မိမိသတ်ရာတွင် အားပေး ကူညီ ပါက အားပေးကူညီသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၆ အရ အရေးယူ အပြစ်ပေးခြင်းခံရမည်။(PC - Sec 306)(မချစ်စိန်နှင့် ပထစ၁၉၉၈ မတစ၁၄)

**associate** (n) ပူးပေါင်းပါဝင်ခြင်း။ ဥပမာ ရှေ့နေလုပ်ငန်းကြီးတစ်ခုတွင် အတွေ့အကြုံနုနယ်သေးသည့် ရှေ့နေတစ်ဦးက အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း။

**associate citizen** ဧည့်နိုင်ငံသား

**associate justice** ပြည်ထောင်စုတရားစီရင်ရေးအဖွဲ့တွင် တရားသူကြီးချုပ်မှအပ ကျန်အဖွဲ့ဝင် တရားသူကြီးများ။





**association** (n) တူညီသော ရည်ရွယ်ချက်အတွက် ပူးပေါင်းသော လူတစ်စုအသင်း အဖွဲ့၊ အဖွဲ့အစည်း။

**assume** (v) အခြားသူတစ်ဦး တစ်ယောက်၏ ရပိုင်ခွင့်နှင့် သို့မဟုတ် ဝတ္တရား များကို တာဝန်ယူခြင်း။

ဥပမာ။ အခြားသူတစ်ဦး၏ ကားငှားရမ်းခြင်း၊ အိမ်ငှားရမ်းခြင်းနှင့် အကြွေးယူခြင်းများကို တာဝန်ယူခြင်း။ ယူဆသည်၊ မှတ်ယူသည်၊ တာဝန်ယူသည်။

**assumpsit**(n) - ကတိပြုခြင်း၊ တာဝန်ယူခြင်း၊ ပဋိညာဉ်ဥပဒေတွင် အတိအလင်း သို့မဟုတ် သဘောသက်ရောက်သော ကတိပြုခြင်း သို့မဟုတ် တာဝန်ယူခြင်း ကို နှုတ်ဖြင့်ဖြစ်စေ၊ တံဆိပ်ခတ်နှိပ်ခြင်း မရှိသောစာဖြင့်ဖြစ်စေ အဓိပ္ပါယ် သက်ရောက်စေခြင်း။

**assurance** (n) သေချာအောင်ပြုလုပ်ခြင်း၊ အသက်အာမခံထားခြင်းတွင်ဤအသုံးအနှုန်းကို အသုံးပြုသည်။ ထိုကဲ့သို့ လုပ်ငန်းကို အသက်အာမခံလုပ်ငန်းဟု လူသိများသည်။ ယခုအခါ Insurance ဟုသုံးနှုန်းသည်။

**assured** (n) **(adj)** The person or entity that is insured often found in insurance contract.

အာမခံထားသည့် ပုဂ္ဂိုလ်။ အာမခံပဋိညာဉ်စာချုပ်များတွင် တွေ့နိုင် သည်။ အာမခံသော၊ တိတိကျကျပြောသော၊ သေချာသော

**asylum** (n) ဒုက္ခရောက်နေသော သို့မဟုတ် ကံဆိုးမိုးမှောင်ကျနေသောသူများအတွက် ခိုလှုံခွင့်နေရာ။ ဥပမာ လုံခြုံမှု၊ အကာအကွယ်ပြုလုပ်မှု ဆေးအန္တရာယ်ကင်းရှင်းမှုအတွက် အာမခံချက်ရှိသည့်နေရာ။ အဆိုပါစကားလုံးကို ယခုအခါနိုင်ငံရေးခိုလှုံခွင့် (political asylum) ကိစ္စများတွင် အသုံးပြုလာသည်။ အမေရိကန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်အတည်ပြုပြီး တစ်နှစ်အကြာတွင် green card (အမြဲတမ်းနေထိုင်ခွင့်)လျှောက်ထားနိုင်သည်။

**at arm's length** ထိန်းသိမ်းမှုအောက်တွင်ရှိခြင်း

**at any time** အခွန်ကောက်ခံခြင်းနှင့် ဆက်နွယ်နေသော ဝေါဟာရ အဓိပ္ပါယ်မှာ အခွန်စည်းကြပ်သည့်နှစ်အတွင်း မည်သည့်အချိန်၌မဆို။

**atbar** တရားရုံး၏ရှေ့မှောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



**atlarge** ထိန်းချုပ်မှုမှ လွတ်ကင်းနေခြင်း။ မသင်္ကာသူသည် ယခုအချိန်အထိ လွတ်မြောက်နေသည်။

**at law** ဥပဒေနှင့် အညီ

**at sight** စီးပွားရေးဆိုင်ရာ ဥပဒေများတွင် အသုံးပြုသည့်စကားလုံး။ ငွေလွှဲ လက်မှတ်၊ ဟွန်ဒီ ငွေပေးကတိစာချုပ်များကို ငွေထုတ်ပေးရန် ညွှန်ကြားခံရသူ ကို ပြသသည့်အခါ ချက်ခြင်းထုတ်ပေးရန်ဖြစ်သည်။ ထို့ပြင် တောင်းဆိုသည့် အခါ ငွေထုတ်ပေးရန်ဟု အဓိပ္ပါယ် သက်ရောက်သည်။

**attached (v)** (၁)အဆောက်အအုံနှင့် စပ်လျဉ်း၍ အသုံးအဆောင်များ၊ နံရံကပ် ဘီဒိုများ၊ ပရိဘောဂပစ္စည်းများသည်၊ အိမ်အဆောက်အဦးတွင် အခိုင်အမာ တွဲကပ် ထားခြင်း။ ဥပမာ ကြမ်းပြင်တွင် မူလီဖြင့်စုတ်ထားခြင်း၊ မျက်နှာကြက် တွင် ဝါယာကြိုးများ သွယ်တန်းထားခြင်း (အဆောက်အအုံကို ဖြိုဖျက်ခြင်း မပြုဘဲ ဖယ်ထုတ်ခြင်း မပြုနိုင်သောအရာများ) အဆောက်အအုံ၌ ထိုကဲ့သို့ တွယ်ကပ် ထားသောအရာကို fixture ဟုခေါ်ဆိုသည်။

(၂)သက်သေခံချက်များအရ တရားရုံးက ဖမ်းဆီးမိန့် (စွဲကပ်) ထုတ်ထားသော ငွေနှင့်ပစ္စည်းများသည် ပိုင်ရှင်မြီစား၏ ကြွေးမြီများကို အမြန်ဆုံး ပြေကြေစေရန်ဖြစ်သည်။

**attachment (n)** တရားရုံး၏ အမိန့်ကိုတည်စေရန် တစ်ဦးတစ်ယောက်၏ ပစ္စည်းကို အာမခံအနေဖြင့် စွဲကပ်ခြင်း သို့မဟုတ် စီရင်ချက်ကို အကောင်အထည်ဖော်ရန် ဓာရီမှုဖွင့်၍ ရောင်းချနိုင်ရေးအတွက် ဝရမ်းစွဲကပ်ခြင်း။

**attachee (n)** သံတမန်အဖွဲ့ဝင်

**attachment of immovable property** တရားရုံးပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝါးရမ်းကပ်ရခြင်း သည့် တရားရုံးအနေဖြင့် ဓာရီမှုတွင် ဒီကရီကို အတည်မပြုနိုင်ရန်အတွက် တစ်နည်းနည်းဖြင့် ပစ္စည်းကို လွှဲပြောင်းခြင်း သို့မဟုတ် ထုခွဲခြင်းတို့ကို တားမြစ်ရန်ဖြစ်သည်။

[တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၅၄ (၁)]

**attempt (v)** အားထုတ်သည်၊ အားထုတ်မှု၊ ပြစ်မှုဆိုင်ရာအမှုများကို ကျူးလွန်မှု ပြီးမြောက်စေရန် စတင်ဆောင်ရွက်ခြင်း။ ကြံစည်ခြင်း၊ ပြင်ဆင်ခြင်း အဆင့်ကို လွန်မြောက်ခဲ့ခြင်း။ (အားထုတ်ခြင်းကြောင့် ပြစ်မှုမြောက်ခြင်းကို ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၁ (ဃ)၊ ၁၂၅၊ ၁၃၀၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၉၃၊ ၃၉၇၊ တစ်ကျွန်းပို့ဒဏ် ထောင်ဒဏ်ထိုက်သော ပြစ်မှုများကို အားထုတ်ခြင်း ပုဒ်မ ၅၁၁ တို့တွင်ကြည့်ပါ။)





**attempting to desertion** တပ်ပြေးမှု ကျူးလွန်ရန်အားထုတ်မှု

**attention (n)** အာရုံစိုက်ခြင်း

**attest** - တစ်စုံတစ်ရာသည် မှန်ကန်ကြောင်း အစစ်အမှန်ဖြစ်ကြောင်း ထောက်ခံ ခြင်း၊ အတည်ပြုခြင်း။ ဥပမာ သေတမ်းစာပေါ်တွင် သက်သေနေရာ၌ လက်မှတ် ရေးထိုးထားသူသည် သေတမ်းစာရေးသူ၏ လက်မှတ်မှန်ကန်ကြောင်း ထိုသူ သည် သေတမ်းစာကို ရေးသားခြင်းဖြစ်ကြောင်း သက်သေခံခြင်း။

**attestation** စာချုပ်စာတမ်းတစ်စောင်ကို ပြုလုပ်သူ၏ မေတ္တာရပ်ခံချက်ဖြင့် အဆိုပါ စာချုပ်စာတမ်းအပေါ်တွင် မှန်ကန်ကြောင်း ထင်ရှားစေရန် သက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း၊ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးခြင်း သည် သက်သေအဖြစ်လည်းကောင်း၊ အဆိုပါ စာချုပ်စာတမ်းမှာ တည်ရှိ နေကြောင်း အကျိုးဆက်သက်ရောက်စေသည်။

စာချုပ်စာတမ်းများ၊ သေတမ်းစာများ၊ အပေါင်စာချုပ်များတွင် သက်သေ အဖြစ် လက်မှတ်ရေးထိုးပေးခြင်း၊ စာချုပ်စာတမ်းရေးသားသူသည် သူ နေရာ၌ လက်မှတ်ရေးထိုးရုံဖြင့် စာချုပ်သက်သေဖြစ်မလာနိုင်။ သက်သေ လက်မှတ်ရေးထိုးရန်လိုသည့် ကိတ္တိမမွေးစားစာချုပ်များတွင် သက်သေနှစ်ဦး အနည်းဆုံး လက်မှတ်ရေးထိုးရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် မွေးစား စာချုပ်ကို မှတ်ပုံတင်ရမည်။ သက်သေတစ်ဦးတည်း လက်မှတ်ရေးထိုးလျှင် လည်းကောင်း၊ မှတ်ပုံမတင်လျှင်လည်းကောင်း၊ တရားဝင်မွေးစားစာချုပ် ဖြစ်လာပါ။ [The Registration of Kittima Adoptions Act 1939. Sec 5 (II) (III) ]

**attesting witness** မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည့် သက်သေ

**attested copy** မှန်ကန်ကြောင်း စစ်ဆေးပြီးသော မိတ္တူ

**attestation clause** စာချုပ်စာတမ်းများတွင် မှန်ကန်ကြောင်း ဖော်ပြသည့် အပိုဒ်။



www.burmeseclassic.com

www.burmeseclassic.com



**attorn (v)** မြေငှားက မြေရှင်အသစ်အား အသိအမှတ်ပြုခြင်း မြေငှားအနေဖြင့် မြေငှားခကောက်ခံသည့် ပိုင်ရှင်အသစ်ကို အသိအမှတ်ပြုခြင်း။ ထိုသို့ အသိ အမှတ် ပြုပြီးပါက မြေငှားသည် အဆိုပါမြေရှင်အသစ်မှာ ငှားရမ်းထားသည့် ဥပစာနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်မရှိကြောင်း ပိုင်ဆိုင်ခြင်းမရှိကြောင်း လျှောက်လဲပြောဆိုခွင့်မရှိပေ။ ငြင်းဆိုခွင့်ကိုပိတ်ပင်သည်။

**attorney (n)** (၁) အခြားသူတစ်ဦးတစ်ယောက်အတွက် အခွင့်အာဏာရရှိသူ သို့မဟုတ် ကိုယ်စားလှယ်၊ (၂) ဥပဒေဆိုင်ရာ စာမေးပွဲများ အောင်မြင်ပြီး ရှေ့နေတစ်ဦး အဖြစ် ဆောင်ရွက်ရန် လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံသည့် ရှေ့နေများကောင်စီမှ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ခွင့်ပြုခြင်းခံရသူ ရှေ့နေ။

**attorney client privilege--** ရှေ့နေနှင့် အမှုသည်တို့၏ အခွင့်ထူး ရှေ့နေတစ်ဦးသည် အမှုသည် တစ်ဦးတစ်ယောက်၏ ရှေ့နေအဖြစ် ဆောင်ရွက် နေစဉ်ကာလအတွင်း မိမိငှားရမ်းထားသည့်အမှုသည်၏ အတိအလင်း သဘောတူညီချက်မရှိဘဲ အမှုသည် ပြောသောစကားများ၊ အမှုသည်ထံမှ သိရှိရသောစာချုပ်စာတမ်းပါ အကြောင်းအရာများ အမှုသည်သို့ အကြံပေးချက် များကို ထုတ်ဖော်ပြောခွင့်မရှိ။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၂၆ ကိုကြည့်ပါ)

**attoreny general** နိုင်ငံတော်ရှေ့နေချုပ်

the Attorney General of the Union ပြည်ထောင်စုရှေ့နေချုပ်

**attractive nuisance** ပစ္စည်းပေါ်တွင်ရှိသော တစ်စုံတစ်ရာသည် ကလေးများကို ဆွဲဆောင်မှု ရှိသည်။ သို့သော် ၎င်းတို့၏ ဘေးအန္တရာယ် ကင်းရှင်းရေးကို ခြိမ်းခြောက်လျက် ရှိ၏။

ဥပမာ။ ခြံဝင်းအတွင်းရှိ အကာအရံမရှိသော ရေကူးကန်။ အဖုံးမရှိသော တွင်းများ၊ လယ်ယာသုံးထွန်သွားများစသည်။ စွန့်ပစ်ထားသော ရေခဲ သေတ္တာများ၊ မြေပိုင်ရှင်ပစ္စည်းပိုင်ရှင်သည် ဆွဲဆောင်မှုရှိသော အနှောက်အယှက်များကို ကောင်းမွန်စွာထိန်းသိမ်းထားရန် တာဝန်ရှိ သည်။





**ction (n)** လေလံတင်ရောင်းချခြင်း၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း ရုံးက ခန့်အပ်ထားသောအရာရှိ(လေလံတင်ရောင်းချခြင်းကို ဆောင်ရွက် ခွင့်ရသူအရာရှိ) ရှေ့မှောက်တွင် ရောင်းချသည့် ပစ္စည်းတန်ဘိုးကို နှုန်းအပြိုင်ပေးခြင်း၊ လေလံအရာရှိက ကုန်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပြောင်းနိုင်သော ပစ္စည်းများကို လေလံတင်ရောင်းချရာတွင် အမြင့်ဆုံး ပေးနိုင်သူကို အဆိုပါပစ္စည်းအား ရောင်းချခြင်း။

**ctioneer (n)** လေလံတင်ရောင်းချသူ။ ရောင်းသူ၏ ကိုယ်စားလှယ်က ရောင်းသူ၏ ကုန်ပစ္စည်းများကို ရောင်းသူကိုယ်စား လေလံတင်ရောင်းချပေးသူ

**ction purchaser** -လေလံပွဲတွင် လေလံတင်ရောင်းချသည့်ပစ္စည်းကို ပြိုင်ပေး၍ ဝယ်ယူသူ။

**ction sale** လေလံတင်ရောင်းချခြင်း

**dit (n)** လူပုဂ္ဂိုလ်၊ လုပ်ငန်း သို့မဟုတ် အဖွဲ့စည်း၏ ဘဏ္ဍာရေးဆိုင်ရာ တမ်းများကို စစ်ဆေးခြင်း၊ ထိုသို့စစ်ဆေးရာတွင် ပေါ်ဆစ္စာ ရေးသွင်းမှု ကို အမှန်သို့ ပြင်ဆင်ပေးခြင်း သို့မဟုတ် မမှန်မကန်စာရင်း စာအုပ်များ ရှိမှုကို တည့်မတ်ပေးခြင်း သို့မဟုတ် မှန်ကန်သော စာရင်းရေးသွင်းမှုကို တည်ပြုခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အမြတ်အစွန်း ဦးတည်မထားသော လုပ်ငန်းများကို နှစ်စဉ်လွှတ်လပ်သော စာရင်းစစ်လုပ်ငန်းများက စစ်ဆေးပြီး ရင်းစစ် အစီရင်ခံစာတင်သွင်းပေးခြင်း။

**ditor (n)** စာရင်းစစ်။ ဌာနတွင်း စာရင်းစစ်နှင့် ပြင်ပအဖွဲ့ အစည်း ရင်းစစ်ရုံး) ၏ စာရင်းစစ်ဟူ၍ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းများကို တစ်နှစ် ကြိမ် လိုင်စင်ရ စာရင်းစစ်အဖွဲ့သို့ ပေးအပ်စာရင်းစစ်စေပြီး အစီရင်ခံစာကို ဝင်တင်သွင်းရခြင်း။

**ditor general (of the union)** ပြည်ထောင်စုစာရင်းစစ်ချုပ်

**thentic (adj)** အစစ်အမှန်ဖြစ်သော မှန်ကန်သော

**thentic act** တာဝန်ခံအစိုးရအရာရှိက သို့မဟုတ် နိုတြီပဗ္ဗလစ်က န် ကြောင်း သက်သေခံလက်မှတ်ရေးထိုးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**authenticate (v)** မည်သည့်သက်သေခံတည်ရှိခြင်းနှင့်အမှုတွင် မည်သို့ဆက်နွှယ်နေပုံ တို့ကို တရားသူကြီးက သက်သေခံချက် ဆောင်းဆိုခြင်း မှန်ကန်ကြောင်း ထင်ရှားစေခြင်း၏ ရည်ရွယ်ချက်သည် များသောအားဖြင့် အမှုကို အဆုံးအဖြတ် ပြုနိုင်ရန် အထောက်အကူအတွက် ခိုင်မာသော သက်သေခံတင်သွင်းနိုင် ရန်ဖြစ်သည်။

**authentiation (n)** သက်ဆိုင်ရာ တာဝန်ခံအရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးသော စာရွက်စာတမ်း။ ထို့ကြောင့် သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

**author (n)** စတင်ဖြစ်ပွားစေသူ၊ ဖန်တီးသူ၊ စာရေးသူ

**authority (n)**အာဏာပိုင်ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ဥပဒေ အရ အာဏာအပ်နှင်းထားသော အဖွဲ့အစည်း။ အာဏာပိုင်များသည် ပြည်သူ့ ရေးရာကိစ္စတစ်ချို့ကို စီရင်ပိုင်ခွင့်ရှိသည်။

**authorized capital** ခွင့်ပြုအရင်းအနှီး။ ကုမ္ပဏီဥပဒေအရ သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့ မှတ်တမ်းတို့တွင် အတိအလင်း ဖော်ပြရသော ကုမ္ပဏီရှယ်ယာအရင်း အနှီး စုစုပေါင်းတန်ဖိုး။

**autocracy (n)** တစ်ဦးတည်းက အာဏာကို အဆုံးမရှိ ကိုင်တွယ်အုပ်ချုပ်ခြင်း သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်ချုပ်ခြင်း။

**autonomy (n)** လွတ်လပ်မှုရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်

**autopsy (n)** သေဆုံးသူ၏ အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း၊ သေသူ၏ အလောင်းကို ခွဲစိတ်စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်မှာ သေဆုံးသူသည် မည်သူမည်ဝါ ဖြစ်ကြောင်း၊ မည်သည့်အချိန်၌ သေဆုံးကြောင်း၊ သေဆုံးရသည့် အကြောင်း ရင်းများကို သိရှိနိုင်ရန်ဖြစ်သည်။

**autre fois acquit (french) previously acquitted)**

တစ်ဦးတစ်ယောက်အပေါ် ပြစ်မှုတစ်ရပ်ဖြင့် စွတ်စွဲတရားစွဲဆိုရာတွင် တရားခံမှ ခုခံချေပရာ၌ ၎င်းသည် အဆိုပါပြစ်မှုနှင့်ပင် ယခင်က တရားစွဲ ခံရပြီး စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ကို ချမှတ်ခံရပြီးဖြစ်ကြောင်း ယခုအခါအဆိုပါပြစ်မှုနှင့်ပင် တရားစွဲဆို ခံနေရကြောင်း ဖြင့် လျှောက်ထားခြင်း။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃)

ယခင်က စီရင်ပိုင်ခွင့်ရှိသော တရားရုံးက အပြီးအပြတ်လွှတ်ခဲ့ခြင်း။ တရားနည်းလမ်းတကျအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်သော





**autre fois convit (french) : previously convicted--** တရားနည်းလမ်း တကျအပြစ်ဒဏ်ကျခံပြီးဖြစ်သော

တရားခံတစ်ဦးအပေါ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်ဒဏ်စီရင်ခဲ့ပြီးဖြစ်လျှင်၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ နောက်ထပ်မံတရားစွဲအရေးယူပြစ်ဒဏ် စီရင်ခွင့်မရှိခြင်း။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃)

**avails** တစ်ဦးတစ်ယောက်၏ ကံကြမ္မာနှင့် အခွင့်အရေးကို အသုံးချခြင်းနှင့် အကျိုးရှိစေခြင်း

**aventure ---** မရည်ရွယ်ဘဲ လူတစ်ဦးသည် ကံမကောင်းသဖြင့် မတော်တဆ သေဆုံးခြင်း။ လူမတော်တဆ သေဆုံးစေသည့်ဖြစ်ရပ် (AGO)

**aver (v)** အမှန်အကန်ပြောဆိုခြင်း။ Averment ဆိုသည်မှာ အဆိုအချေများတွင် အခိုင်အမာပြောဆိုခြင်း သို့မဟုတ် ဟုတ်မှန်ကြောင်းပြောဆိုခြင်း။

**avoid (v)** ပျက်ပြယ်စေသည်။ ပယ်ဖျက်သည်။ ရှောင်ကြဉ်သည်။

**avoidance (n)** တရားလို၏အဆိုလွှာအရ ၎င်းအပေါ်စွဲချက်များသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မှန်ကန်ကြောင်း ဝန်ခံသော်လည်း အခြားအကြောင်းအရာသစ် (new matter) အရ စွပ်စွဲချက်များသည် ပျက်ပြယ်ကြောင်းခုခံ ချေပခြင်း။

**avowal (n)** ဝန်ခံချက်။ တိုက်ရိုက်ထွက်ဆိုချက် သို့မဟုတ် ကြေငြာချက်။ ဝန်ခံချက်။

တရားသူကြီးမှ သူ၏ အစစ်ခံချက်သည် အမှုတွင် တင်သွင်းခွင့်ပြုလိမ့်မည်မဟုတ်ဟု စည်းကမ်းသတ်မှတ်ပြီးနောက် တစ်ခါတစ်ရံ သက်သေက ကျမ်းကျိန်အစစ်ခံချက်ကိုပြုလုပ်ခြင်း။

**auvlsion (n)** ရေတိုက်စားမှုကြောင့် မြေဆီမြေနှစ်များ အခြားသို့ ရောက်ရှိသွားပြီး မြေနုဖြစ်ပေါ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**award (n) (v)** အနုညာတခုံရုံး၏ စီရင်ဆုံးဖြတ်ချက်။ လျော်ကြေးငွေနှင့် စပ်လျဉ်း၍ သမာဓိခုံရုံးမှသတ်မှတ်ချက်၊ တရားရုံး ၏ စီရင်ဆုံးဖြတ်ချက်။ တရားစီရင်ရေးဆိုင်ရာ ဒီကရီအရခွင့်ပြုခြင်း

**aware (adj)** သိရှိနားလည်သော

**awol (desertion)** တပ်မှထွက်ပြေးခြင်း (အိမ်ထောင်ဖက်ကို) စွန့်ပစ်ခြင်း ခွင့်မဲ့ပျက်ကွက်ခြင်း။



# B

**bbachelor of laws** တက္ကသိုလ်များက ချီးမြှင့်သည့် ဥပဒေဘွဲ့၊ အတိုကောက် LL.B (for legum Baccalaureus)

**back (n)** ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း၊ ငွေချေးစာချုပ်၊ လွှဲပြောင်းနိုင်သော ဘချုပ်စာတမ်းများ၏ ကျောဘက်တွင် လက်ခံသည့်သဘောဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် တာဝန်ယူသည့်အနေဖြင့် လက်မှတ်ရေးထိုးခြင်း။

**back bond** ပစ္စည်းပိုင်ဆိုင်သူက ၎င်း၏ပိုင်ဆိုင်မှုကို အဖိုးစားနားရယူ၍ ယုံမှတ် ရသူသို့ အပ်နှံထားပြီး ၎င်းငွေပြန်ပေးသည့်အထိ ထိန်းသိမ်းထားရန် ချုပ်ဆို သောစာချုပ်။

**back to back life sentences** --၎င်းစကားစုမှာ ဘန်းစကားဖြစ်ပါသည်။ တရားခံ တစ်ဦးသည် ပြစ်မှုတစ်ခုထက်ပို၍ ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားမှုဖြစ်စေသည့်အခါ တရားသူကြီးမှ ပြစ်မှုတစ်ခုစီကို တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ပြီး ပြစ်ဒဏ်များ ကို အစဉ်လိုက် ကျခံစေရန် အမိန့်ချခြင်းအတွက် သုံးသည့်ဘန်းစကားဖြစ် သည်။ ပြစ်ဒဏ်များကို တစ်ခုပြီး တစ်ခုကျခံစေရန်နှင့် တစ်ပေါင်းတည်း ကျခံခွင့်မရသော တရားခံအနေဖြင့် ခံဝန်ချုပ် ချုပ်ဆိုရန် အခွင့်အရေးနည်းပါး သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ်ကာလအပိုင်းအခြားကို ရေတွက်ရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို နှစ်ပေါင်းနှစ်ဆယ် တစ်ကျွန်းပို့ဒဏ်နှင့်အညီထား၍ ရေတွက်သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၇) သို့ရာတွင် တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၆/၅၇ အရ ထောင်ဝါရမ်း၌ အကျဉ်းသား အမျိုးအစားကို (၁) သို့မဟုတ် (၂) သတ်မှတ်လျှင် အကျဉ်းထောင် လက်စွဲအပိုဒ် ၈၃၃ အရ (၂၅) နှစ် ထောင်ဒဏ်ဟူ၍လည်းကောင်း အမျိုးအစားကို (၃)ဟု သတ်မှတ်လျှင် ထောင်ဒဏ်အနှစ် (၂၀)ဟုလည်းကောင်း ကောက်ယူရသည်။ (ဦးသက်ဖေ၏ ပြစ်မှုဆိုင်ရာ ဥပဒေသိကောင်းစရာများ (ပအကြိမ်စာ ၅၉)

နိုင်ငံတော်သမ္မတသည် တစ်သက်တစ်ကျွန်းဒဏ်မှ (၁၄)နှစ်ထက် မပိုသည့် ထောင်ဒဏ်တစ်မျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၅) .

**back cheque** --ချက်လက်မှတ် ရရှိသူသည် ဘဏ်တိုက်သို့ သွားရောက်၍ ချက် လက်မှတ်တင်ပြပြီး ငွေထုတ်ယူသည့်အခါ ချက်လက်မှတ် ရေးသားသူ၏ ငွေစာရင်းတွင် ငွေအလုံအလောက်မရှိခြင်း၊ ငွေစာရင်းပိတ်ပြီးဖြစ်ခြင်းတို့ကြောင့် ငြင်းပယ်ခံရသော ချက်လက်မှတ် (cheque (UK) : check (US)

**Backing** ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း၊ အထူးသဖြင့် ရာဇဝတ်တရားသူကြီးက ဝရမ်းတွင် လက်မှတ်ရေးထိုးခြင်း။

**back freight** သင်္ဘောဖြင့် ကုန်ပစ္စည်းများကို တင်ပို့ရာတွင် အကြောင်းကြောင်းကြောင့် သတ်မှတ်ထားသည့် ဆိပ်ကမ်းတွင် ကုန်များမချနိုင်ဘဲ မူလပစ္စည်း တင်ပို့သည့် ဆိပ်ကမ်းသို့ ကုန်များပြန်သယ်လာရ သည့်အခါ ပစ္စည်းပိုင်ရှင်က ကျခံရသည့် ပစ္စည်းပြန်သယ်ခ။

**bad debt** ပြန်လည်တောင်းခံ၍ မရသောကြွေးမြီ၊ ကြွေးဆုံး၊ လုပ်ငန်းတစ်ခုတွင် ပြန်လည်တောင်းခံ၍ မရသော ကြွေးမြီရှိနေပါက သာမန်ဝင်ငွေထဲမှ နှုတ်ရမည်။ ငွေချေးငှားသူ (လိုင်စင်ဖြင့် ငွေချေးစားသူ) သည် မြီစားထံမှ ချေးထားသော ငွေပြန်မရပါက ကာလတို ရင်းနှီးငွေအရှုံးအဖြစ်နှုတ်ရသည်။ နှစ်ကုန်ဆုံးသည့် အခါ ကြွေးဆုံးများကို စာရင်းမှ ပယ်ဖျက်ရသည်။





**bad debt reserve** ကြွေးဆုံးလျာထားချက်၊ ဥပမာ ရှေ့နေတစ်ဦးမှ နှစ်ချုပ်စာရင်း ရေးဆွဲရာတွင် တောင်းခံမရသေးသော ရှေ့နေခများကို ကြွေးဆုံးလျာထားချက်စာရင်းတွင် ထည့်သွင်းရခြင်း။

**bad faith** မရိုးသားသောစိတ်

**bad title** မခိုင်လုံသော ပိုင်ဆိုင်ခွင့်

**bagman** တရားမဝင်ရရှိသော ငွေများကို စုစည်းခြင်း၊ ပေးကမ်းခြင်း၊ အထူး သဖြင့် ပြည်သူ့ဝန်ထမ်းအတွက် လာဘ်ပေးခြင်းကို ကြားခံအဖြစ် ရယူပေးခြင်း။

**bail** အာမခံ။ ပြစ်မှုတစ်ရပ်ဖြင့် ချုပ်နှောင်ခံရသော တရားခံကို အချုပ်လွှတ် ထုချေခွင့်ပေးခြင်း။ ထိုသို့ အချုပ်လွှတ် ထုချေခွင့်ပေးခြင်းကို ငွေကြေး အာမခံ ဖြင့်ဖြစ်စေ၊ အခြားခိုင်မာသော တန်ဖိုးရှိသည့် စာရွက်စာတမ်းများကို တင်သွင်း ခြင်းဖြင့်ဖြစ်စေ၊ အမှုကြားနာရန် ရုံးသို့ မှန်မှန်လာရောက်ရန် သတိပေးပြီး အချုပ် လွှတ်ထုချေခွင့်ပေးခြင်း။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား ၂ ပါ အာမခံပေးဆိုင်သောပြစ်မှု Bailable Offence များကို တရားရုံးက အမှုမစစ်ဆေးမီ ရဲအရာရှိကဖြစ်စေ၊ တရားရုံးကဖြစ်စေ အာမခံပေးနိုင်သည်။ အာမခံပေးခွင့် ရသောပြစ်မှုများကို တရားရုံးတွင် တရားခံက အာမခံလျှောက်ထားလာပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇၊ ၄၉၈ တို့အရ တရားသူကြီး၏ ဆင်ခြင်တုံတရားဖြင့် အာမခံပေးနိုင်သည်။

**bail bond** တရားရုံးက တရားခံကို အာမခံပေးသည့်အခါ ချုပ်ဆိုသည့် ဝန်ချုပ်၊ အာမခံရလျှင် တရားခံသည်အမှုပြီးဆုံးသည့် နေ့ရက်အထိ အချုပ်လွှတ် ထုချေခွင့်ရှိသည်။ တရားခံသည် ရုံးချိန်းရက်တွင် ခွင့်ပြုချက်မရဘဲ လာရောက်ရန် ပျက်ကွက်ပါက တရားရုံးက အာမခံပေးထားသူများကို ဆင့်ခေါ် ကာ အာမခံ ငွေကိုပေးလျော်စေပြီး တရားခံအပေါ် ဖမ်းဝါရမ်းထုတ်ဆင့် သည်။ အာမခံပေးသူများက တရားခံကို ခေါ်ဆောင်ပြီး တရားရုံးသို့ ပေးအပ်ပါက အာမခံငွေပေး လျော်ခြင်းမှ ကင်းလွတ်ခွင့်ရသည်။

**bailable offence** အာမခံပေးရမည့် ပြစ်မှုများ၊ အာမခံပေးနိုင်သော ပြစ်မှုများတွင် တရားခံအား ရဲအရာရှိက ဝါရမ်းမပါဘဲ ဖမ်းဆီးထားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဖြစ်စေ၊ တရားရုံးသို့အချုပ်ဖြင့် တင်ပို့လာသည့်အခါ၌ဖြစ်စေ၊ ကိုယ်တိုင်ခံဝန် ဖြင့်သော်လည်းကောင်း၊ အာမခံပေးမည့်သူ အသင့်ရှိလျှင် အာမခံဝန်ချုပ် ပြုလုပ်စေခြင်းဖြင့်လည်းကောင်း တရားခံကို ချိန်းဆိုသောရက်များတွင် မှန်မှန် လာရန် သတိပေး၍ လွှတ်ထားနိုင်သည်။ ဥပဒေအရ အာမခံပေးနိုင်သော အမှုများကို ခိုင်လုံသော အကြောင်းမရှိဘဲ အာမခံမပေးမနေရပါ။ (ပြစ်/ကျင့် ပုဒ်မ ၄၉၆)

**bailee** --ပစ္စည်းပိုင်ဆိုင်သူက ၎င်းပိုင်ပစ္စည်းကို ယုံကြည်၍ အပ်နှံခြင်းခံရသူ၊ အပ်နှံခြင်းခံရသူသည် ပစ္စည်း၏ ပိုင်ဆိုင်မှုကို လွှဲပြောင်းပေးနိုင်သော အခွင့်အရေး မရှိပေ။(ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၄၈ မှ ၁၈၁ အတွင်းကြည့်ပါ)

**bailiff** --တရားရုံး၏ ဝန်ထမ်း၊ တရားရုံးမှ ပစ္စည်းများ ဖမ်းဆီးထားသည့် ပစ္စည်းများနှင့် ငွေစာရင်းလုပ်ငန်းများ ဆောင်ရွက်ရသူ။ ဘီလစ်စာရေးကြီး။

**bailment** -- ပုဂ္ဂလိကပိုင်ပစ္စည်းကို တစ်စုံတစ်ဦး (ယုံမှတ်အပ်နှံသူက) အခြားသူ တစ်ဦး (ယုံမှတ်အပ်နှံခြင်းခံရသူ)သို့ အတိအလင်း သို့မဟုတ် သဘော သက်ရောက်စေသော ပဋိညာဉ်အရ တိကျသောကိစ္စတစ်ရပ်အတွက် လွှဲပြောင်း ပေးခြင်း။

**bailor** ယုံမှတ်သဖြင့်အပ်နှံသူ

**bail revocation** တရားခံအပေါ် ယခင်က အာမခံခွင့်ပြုထားချက်အား တရားရုံးက ပြန်လည်ရုပ်သိမ်းခြင်း။

**bailout** --အဖိုးရှုံးနှ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် စီးပွားရေးလုပ်ငန်းများတွင် ဆုံးရှုံးခြင်းများဖြစ်နေပေါ်နေသည့်အခါ အရေးပေါ်ဘဏ္ဍာရေး အထောက် အကူဖြည့်တင်းပေးခြင်း။ သို့မဟုတ် ပြိုပျက်ခြင်း၏အကျိုးဆက်ကို ရှောင်ကြဉ်နိုင်ရန်နှင့် အမှန်တကယ်တည်ရှိသော အုပ်ချုပ်ရေးစနစ်ကို စောင့်ထိန်းရန်အတွက် ငွေကြေးများအထောက်အပံ့ပေးခြင်း။

**balance** --လက်ကျန်ငွေစာရင်းတွင် မြီစားနှင့်မြီရှင်တို့၏ စာရင်းများခြားနားချက်။ တိုင်းပြည်အတွင်းသွင်းကုန်တန်ဘိုးနှင့် တိုင်းပြည်မှထွက်ကုန်တန်ဘိုးခြားနားချက်များကို စီးပွားရေးလောကတွင် တင်ပြသည့်အခါ သုံးနှုန်းထားခြင်း Balance အသုံးအနှုန်းကို ထွက်ကုန်တန်ဘိုးသည်





သွင်းကုန်တန်ဘိုးထက် မြင့်မားသည့်အခါ လက်ကျန် အမြတ်ငွေ သာလွန်ကြောင်းနှင့် သွင်းကုန်တန်ဘိုးက ထွက်ကုန် တန်ဘိုးထက်များနေပါက လက်ကျန်မှာ အရှုံးပေါ်နေကြောင်း ပြောလေ့ရှိသည်။

**balance sheet** --ကုမ္ပဏီ၊ ဘာသာရေးအသင်းနှင့် အခြားအဖွဲ့အစည်းများ၏ ရှင်းနီး ငွေ၊ ပေးရန်တာဝန်နှင့်ရပိုင်ခွင့်များကိုဖော်ပြထားသည့်ဇယား။ လက်ကျန်ရှင်းတမ်း။

လက်ကျန်ရှင်းတမ်းကို တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်နှင့်ဘဏ္ဍာရေးနှစ်တစ်နှစ်တွင် တစ်ကြိမ်ရေးဆွဲလေ့ရှိသည်။ သို့မဟုတ် လုပ်ငန်းအား ရောင်းချသည့်အခါတွင်လည်းရေးဆွဲသည်။ လက်ကျန်ရှင်းတမ်းသည် လုပ်ငန်း တစ်ခု၏ အခြေအနေအလုံးစုံကို ဖော်ပြရန်အတွက် ရေးဆွဲခြင်းဖြစ်သည်။

**balance of trade favourable** ကုန်သွယ်မှုရှင်းတမ်းအပိုပြခြင်း၊ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုး ကိုကျော်လွန်လျှင် ကုန်သွယ်မှုရှင်းတမ်း အပိုပြပေမည်။ ၎င်းကိုအသာစီးရသည်ဟု ခေါ်သည်။ ပို့ကုန်တန်ဖိုးပိုများသည့်အတွက် ပြည်တွင်းသို့ နိုင်ငံခြားသုံးငွေများသို့မဟုတ် ရွှေများပို၍ ဝင်လာသည်။

**balloon mortage** --ငွေချေးကာလ (၅နှစ်၊ ၇နှစ်၊ ၁၀နှစ်စသည်) ကုန်ဆုံးသွားသော် လည်း အပြည့်အဝငွေပေးချေခြင်းမပြုသော လက်ကျန်ချန်ထားသည့် အပေါင်၊ ငွေချေး ငှားသူအနေဖြင့် ကျန်အပေါင်ချေးငွေကို ပေးဆပ်ရန်ဖြစ်စေ၊ ချေးငွေကို ပြန်လည် စာချုပ်ချုပ်ရန်ဖြစ်စေ၊ တစ်ခုခုပြုလုပ်ရမည်ဖြစ်သည်။

**balloon payment** မော်တော်ကားသို့မဟုတ် မြေအိမ်ကိုအရစ်ကျပေးချေစနစ်ဖြင့်ဝယ်ယူ ခဲ့ရာတွင် နောက်ဆုံးအရစ်ပေးရမည့်ငွေသည် လစဉ်အရစ်ကျပေးချေရမည့် ငွေထက်များပြားနေခြင်း။

**ballot** ဆန္ဒမဲပြား။ စက္ကူသော်လည်းကောင်း၊ ကဒ်ပြားသော်လည်းကောင်း စက်ခလုတ်ဖြင့်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မဲပေးခြင်းပြုနိုင်သည်။

**banishment** ပြည်နှင်ဒဏ်ပေးခြင်း။မလွဲမသွေပြည်နှင်ဒဏ်ပေးခြင်း၊ နိုင်ငံမှထွက်ပြေးတိမ်းရှောင်လျှင် နိုင်ငံသားအခွင့်အရေးဆုံးရှုံးသည့်အပြင် ၎င်းပိုင်ပစ္စည်းများကိုလည်း သိမ်းဆည်း ခြင်းခံရမည်။

**bank** ဘဏ်တိုက်။ ယေဘုယျအားဖြင့်အဓိကလုပ်ငန်းမှာ ဘဏ်သည် ငွေအပ်နှံခြင်းနှင့် ငွေထုတ်ချေးခြင်းဖြစ်သည်။ ဘဏ်သည် ပြည်သူလူထုထံမှ



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံငွေများကို အတိုးပေး၍လက်ခံသည်။ ရရှိသောအပ်ငွေများကို သတ်မှတ်ထားသည့်ငွေပမာဏကို အရန်ထားပြီး ကျန်ပိုလျှံငွေများကိုအများပြည်သူသို့ အာမခံပစ္စည်းတင်သွင်းစေပြီး ငွေချေးငှားခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များသို့ ငွေချေးငှားခြင်းပြုလုပ်သည်။ ငွေလွှဲသည့်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှု အမြောက်အများ (ဥပမာ – ဖောက်သည်ကိုယ်စား တယ်လီဖုန်းဘီလ်ဆောင်ခြင်း၊ အသက်အာမခံကြေးပေးချေခြင်းစသည်)လည်း ပြုလုပ်သည်။

**bank note** ဗဟိုဘဏ်မှအများပြည်သူလှည့်လည်သုံးစွဲရန် ထုတ်ဝေသော ငွေစက္ကူ မြန်မာနိုင်ငံတွင် ကျပ်အမည်ဖြင့်ထုတ်သည်။ တန်ဖိုးအားဖြင့် ၁ကျပ်၊ ၅ကျပ်၊ ၁၀ကျပ်၊ ၁၅ကျပ်၊ ၂၀ကျပ်၊ ၅၀ကျပ်၊ ၁၀၀ကျပ်၊ ၂၀၀ကျပ်၊ ၅၀၀ကျပ်၊ ၁၀၀၀ကျပ်၊ ၅၀၀၀ကျပ်၊ ၁၀၀၀၀ကျပ် စသည်ဖြင့်တန်ဖိုးသတ်မှတ်၍ထုတ်သည်။

**bankruptcy (n)** ကြွေးများပေးဆပ်ရန်အချိန်စေ့ရောက်သော်လည်း မြီစားအနေဖြင့် ပေးဆပ်ရန်မစွမ်းဆောင်နိုင်ခြင်း။ ဒေဝါလီခံရခြင်း။

bankrupt - ကြွေးမြီမဆပ်နိုင်သူအဖြစ် တရားရုံးက ကြေငြာခြင်းခံရသူ လူမွဲ အဖြစ် (insolvent person) အဖြစ် ကြေငြာခြင်းခံရသူ။ လူမွဲခံယူခြင်း ဥပဒေအရ မြီရှင် သို့မဟုတ်မြီစားက တရားရုံးသို့လျှောက်ထားလာသည့်အခါ စိစစ်၍ မှန်ကန်ကြောင်းတွေ့ရှိရလျှင် မြီစားပိုင်ပစ္စည်းများကို စီမံခန့်ခွဲရေးအဖွဲ့က ထိန်းသိမ်းပြီး ရောင်းချထုခွဲကာ ကြွေးရှင်များကို အချိုးကျခွဲဝေပေးသည်။ ကြွေးကြေလျှင် လူမွဲအဖြစ်မှ ကင်းလွတ်ခွင့်ရသည်။

**Bar** -- (၁) အဟန့်အတား တားမြစ်ပိတ်ပင်သည်။

(၂) ဝတ်လုံတော်ရရှေ့နေ

(၃) အကြောင်းခြင်းရာတစ်ခုကို ထပ်တလဲလဲတရားစွဲဆိုခြင်း တားမြစ်ပိတ်ပင်သည်။

(၄) တရားရုံးခန်းမအတွင်း တရားသူကြီး၊ တရားခွင်စာရေးရှေ့နေများတရားရုံးသို့လာရောက်သက်သေခံသော သက်သေများနှင့် တရားခွင် တရားစစ်ဆေးသည်နေသည်ကို တက်ရောက်နားထောင်သည့် ပရိသတ် အကြား ခြားထားသည့်အကာအရံ။





**bar association** ရှေ့နေအသင်း။အထက်တန်းရှေ့နေများအနေဖြင့် ...ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းမပြုမီ ...ဆိုင်ရာပြည်နယ် တိုင်းဒေသကြီးတရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ကို ...ျှောက်ထားတောင်းယူထားရမည်။ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် ...ည်းကောင်းအခြားမြို့နယ်များတွင်လည်းကောင်းရှေ့နေများက ရှေ့နေ ...သင်းများ ဖွဲ့စည်းထားလေ့ရှိသည်။

**bar council** ရှေ့နေများကောင်စီ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ...များ လွှတ်တော်ရှေ့နေများကောင်စီသည် ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာများ၊ ...ဝန်များ စည်းကမ်းများနှင့် အခွင့်အရေးများကို ရှေ့နေများလိုက်နာခြင်း ...ရှိကြီးကြပ်ဆောင်ရွက်သောအဖွဲ့အစည်း။

**bare licensee** စည်းကမ်းချက်ဖြင့်ထိန်းချုပ်ထားခြင်းမပြုဘဲ ဥပစာတွင် ...ထိုင်ခွင့်ရသူ၊ အခွင့်အမိန့်သက်သက်အရနေထိုင်သူ။

**bargain (n)** နှစ်ဘက်သောအမှုသည်များသည် မိမိ၏လွတ်လပ်သောစိတ်ဆန္ဒ ... အပြန်အလှန်လွှဲပြောင်းခြင်းများပြုလုပ်ရန် သဘောတူညီချက် (အပြန်အလှန် ...ပြောင်းခြင်းသည် ငွေ၊ ပစ္စည်း၊ ဆောင်ရွက်မှု သို့မဟုတ် တစ်စုံတစ်ရာကို ...လုပ်ရန် ကတိကဝတ်များဖြစ်နိုင်သည်) အကယ်၍ သဘောတူညီချက်သည် ...ဒေနှင့်မညီသောကိစ္စဖြစ်လျှင် သို့မဟုတ် အဖိုးစားနားမလုံလောက်လျှင် ...သဘောတူညီချက်သည် ပဋိဉာဉ်တစ်ရပ်ဖြစ်လာမည်မဟုတ်ပေ။ (a bargain does not constitute a contract)

ဥပမာ – အိမ်နီးခြင်း၏အကျိုးငှာ ဦးဘသည် ၎င်း၏ခြံဝင်းအတွင်း ...လေးကစားသည့်ဒန်းကို တည်ဆောက်ခြင်းမပြုပါဟု ကတိပေးခဲ့သည်။ ...နှစ်ခန့်ကြာသောအခါ ဦးဘ၏မြေးတစ်ဦးသည် ဦးဘနှင့်အတူလာရောက် ...ထိုင်သည်။ ဦးဘက ၎င်း၏မြေးဖြစ်သူ မပျင်းစေရန်နှင့် ပျော်ရွှင်စွာ ...စားနိုင်စေရန်အတွက် ဒန်းတစ်ခုကို တည်ဆောက်ပေးခဲ့သည်။ ဦးဘအနေ ... အိမ်နီးခြင်းကို ယခင်ကဒန်းမဆောက်ပါဟု ကတိပေးခဲ့သော်လည်း ...ခု ဆောက်လုပ်မှုအပေါ်တွင် ကာကွယ်ပြောဆိုမှုကိုတော့ မလုပ်ခဲ့ပေ။ ယခင်က ဦးဘပေးခဲ့သောကတိမှာ ဥပဒေအရ ၎င်းအပေါ်တွင် အတည်မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



(စည်းနှောင်ခြင်းမရှိ)ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကတိမှာ တစ်စုံတစ်ရာ အလဲအလှယ် အတွက်ပေးခဲ့ခြင်းမဟုတ်သောကြောင့်ဖြစ်သည်။ (it was not a bargain of exchange) အိမ်နီးခြင်းအနေဖြင့် ဦးဘပေးသော ကတိ အတွက်ဖြည့်ဆည်းလာရ ခြင်းလည်းမရှိပါ။ ထိုကတိစာချုပ် အပြန်အလှန် ရယူရန်အတွက် ပေးခဲ့သော ကတိမဟုတ်ပေ။

**bargain sale** ကုန်တိုက်ကြီးများမှ ကုန်ပစ္စည်းများကို ဈေးကွက် ပေါက်ဈေးထက် လျှော့၍ ရောင်းခြင်း။ အခွန်ကိစ္စအလို့ငှာ ဈေးကွက်ပေါက်ဈေးနှင့် လျှော့ရောင်း ဈေးကွာခြားချက်များစာရင်းသွင်းခြင်းဖြင့် ကုန်တိုက်များမှ အကျိုးရှိတတ်သည်။ ထို့ပြင် မိသားစုဝင်အချင်းချင်း ဈေးလျှော့ရောင်းခြင်းဖြင့် လက်ဆောင်ခွန် gift tax အပေါ် အကျိုးသက်ရောက်သွားစေသည်။

**bargaining unit** လုပ်ခသတ်မှတ်ရေးအတွက် အလုပ်သမားသမဂ္ဂ သို့မဟုတ်အလုပ် သမားများကို ကိုယ်စားပြုသောအဖွဲ့အစည်း

**barratry** (၁) သင်္ဘောရေယာဉ်မှူး သို့မဟုတ် သင်္ဘောသားများက တမင်သက်သက်မတရားပြုလုပ်မှုကြောင့် သင်္ဘောပိုင်ရှင်တွင် လည်းကောင်း၊ ပစ္စည်းတင်ပို့သူ (ကုန်သည်)တွင်လည်းကောင်း ဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်း။ (၂)တရားသူကြီးသည် တံစိုးလက်ဆောင်ရယူပြီးနောက် စီရင် ဆုံးဖြတ်သောပြစ်မှု။ (၃)အငြင်းပွားမှု ပဋိပက္ခဖြစ်မှုများကို အားပေးအားမြှောက် လှုံ့ဆော် ပေးခြင်းဖြင့် အမှုများကိုဖြစ်ပွားစေခြင်း။ ယေဘုယျအားဖြင့် ရှေ့နေသည်ရှေ့နေခ ရရှိရန် မျှော်လင့်ချက်ဖြင့်၎င်း၏အကျိုးငှာ တရားစွဲဆိုရန်အကြောင်းခြင်းရာမပေါ်ပေါက်ဘဲ ဆောင်ရွက်ခြင်း ဖြစ်သည်။

**barred debt** ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကြွေးမြီ

**barrister** ဝတ်လုံတော်ရရှေ့နေ၊ မြန်မာနိုင်ငံတွင် တရားလွှတ်တော်ရှေ့နေ။ ဝတ်လုံတော်ရများသည် အင်္ဂလန်နိုင်ငံတွင် ကိုယ်တိုင်အမှုကိုလက်ခံစီစဉ် ဆောင်ရွက်ခွင့်မရှိပေ။ Solicitor များကအမှုကိုလက်ခံပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ကာ ဝတ်လုံတော်ရများကို လွှဲပြောင်းပေးပြီး၊ ဝတ်လုံတော်ရများက တရားခွင်တွင်လိုက်ပါဆောင်ရွက်ခြင်းပြုရသည်။

အင်္ဂလန်နိုင်ငံရှိ ဝတ်လုံပညာသင်ကျောင်းများဖြစ်သော (Inns နှင့် Court) များက မွေးထုတ်ပေးသူများဖြစ်သည်။





**bar sinister (bastard)** တရားမဝင်မွေးဖွားသောသားသမီး၊ တရားဝင် လက်ထပ် ထိမ်းမြားခြင်းမပြုဘဲ အတူနေထိုင်ရာမှ မွေးဖွားလာသောသားသမီး။

**barter (v)** ငွေကြေးကိုကြားခံအဖြစ်မထားဘဲ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု များကို တန်ဖိုးသင့်တိုက်ရိုက်ဖလှယ်မှု။

**base line** အခြေခံမျဉ်း။ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေတွင် သုံးသည်။

**basic wage** The value of labour to be paid by the employer to workmen of all categories

လုပ်ငန်းအမျိုးအစားအားလုံးအတွက် အလုပ်ရှင်ကအလုပ်သမားသို့ ပေးသည့်အခြေခံလုပ်ခ။

**battery (n)** လက်ရောက်မှု။ တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးကို နာကျင်စေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်အမူအရာ သို့မဟုတ် ပြင်ဆင်မှုကို ပြုလုပ်ခြင်း။

ဥပမာ - အေက ဘီကို နာကျင်စေရန် ရည်ရွယ်ချက်ဖြင့်လက်သီးနှင့်ထိုးရန် ရွယ်ခြင်း။

**bawdy house** A brothel : a place of prostitution

ပြည့်တန်ဆာများထားရှိသည့်နေရာ။

**bearer (n)** လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဖြစ်သော ချက်လက်မှတ် ငွေပေး ကတိစာချုပ်၊ ဘဏ်ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးခံဝန်ချုပ်များကို လက်ဝယ်ရှိသူ။ အဆိုပါစာချုပ်စာတမ်းများပေါ်တွင် ဆောင်ယူလာသူ သို့ပေးရန်ဟု ရေးသားထားပါက လက်ဝယ်ရှိသူသည် ထိုစာချုပ်စာတမ်းပေါ်ရှိ ငွေကြေးတန်ဘိုး ကို လက်ခံရရှိနိုင်သည်။

**bearer paper** ငွေပေးရမည့်သူ သတ်သတ်မှတ်မှတ်မဟုတ်ဘဲ လွှဲပြောင်း နိုင်သော စာချုပ်စာတမ်းကို လက်ဝယ်ရှိသူသို့ ငွေပေးချေရန်ဖြစ်သည်။ ဥပမာ -သူခိုး တစ်ယောက်သည် ပစ္စည်းများကို ခိုးယူရာတွင် ဆောင်ယူလာသူသို့ပေးရန် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း များလည်းပါဝင်လာသည်။ သူခိုးက လွှဲပြောင်း နိုင်သော စာရွက်စာတမ်းများကို A သို့ရောင်းချလိုက်သည်။ A သည် နိုးရာ

www.burmeseclassic.com



ပါပစ္စည်းမှန်းမသိ၍ ဝယ်လိုက်သည်။ ဝယ်လိုက်သည်မှာလည်း bearer paper များဖြစ်နေသည်။ အချိန်စေ့ရောက်သည့်အခါ A ကငွေပေးချေရန် သွားရောက် တင်ပြသည်။ အဆိုပါစာရွက်စာတမ်းသည် ခိုးရာပါပစ္စည်းဖြစ်သော်လည်း ငွေတောင်းခံရာတွင် အဟန့်အတားမဖြစ်ပေ။ A သည် လက်ဝယ်ရှိသော ဆောင်ယူလာသူ ဖြစ်နေသောကြောင့်ဖြစ်သည်။ အဆိုပါစာရွက်စာတမ်းများသည် မည်သူကိုမဆိုလက်ဝယ်ရှိသူကိုထုတ်ပေးရမည့် စာရွက်စာတမ်းများ ဖြစ်နေ၍ဖြစ်သည်။ (အမေရိကန်နိုင်ငံတွင်)

မြန်မာနိုင်ငံတွင် ခိုးရာပါပစ္စည်းဖြစ်နေပါက ခိုးလာသူကရောင်းချစေကာမူ ပိုင်ရှင်လွှဲပြောင်းသွားခြင်းမရှိပေ။ သူခိုးကို ဖမ်းမိ၍ ၎င်းကထုတ်ဖော်ခြင်းဖြင့်လက်ဝယ်ရှိသူထံမှ ပြန်လည်သိမ်းဆည်းရမိလျှင် လက်ဝယ်ရှိသူသည် ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့်ဝယ်ယူထားသူဖြစ်စေကာမူ ပိုင်ဆိုင်ခွင့်ကို မရရှိနိုင်ပေ။ ခိုးရာပါပစ္စည်းလက်ခံသူအဖြစ်မှသာ ကင်းလွတ်ခွင့်သာရရှိသည်။

**bed and board** ကွာရှင်းခြင်းတစ်မျိုး။ ကွဲကွာနေထိုင်ခွင့်ရှိပြီး လက်ထပ်ထားခြင်းမှ ပျက်ပြယ်ခြင်းမရှိပေ။ (divorce a mensa et thoro)

**before the fact** --- ရှေးကျသော တရားဥပဒေနှင့်ညီသောအဖြစ်အပျက်။

**before it takes effect** ယင်းကိစ္စအတည်မဖြစ်မီ။

**below (court)** မူလရုံး။

**below par** သာမန်ဈေးနှုန်းထက်လျော့နည်းသောအခါ။

**begin ,the right to** ---တရားရုံးကောက်ချက်များအရ မည်သူက စတင်သက်သေပြရမည်ဟု ပေါ်ပေါက်သည့်အခါအမှုတွင် သက်သေပြရန်တာဝန်ရှိသည့် တရားလို သို့မဟုတ် တရားပြိုင်ဘက်မှ သက်သေထင်ရှားပြသရန်အမှုကို စတင်ဆောင်ရွက် ပိုင်ခွင့် အမှုစပေါင်ဆောင်ရွက်ခွင့်ကို သက်သေခံဥပဒေအရ ဆုံးဖြတ်ရမည့် ဖြစ်သည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁မှ ၁၀၄ပါ ပြဋ္ဌာန်းချက်များသည် သက်သေပြရန်တာဝန်နှင့်သက်ဆိုင်ပြီး ယေဘုယျအားဖြင့်သက်သေပြရန် တာဝန်ရှိသူက စတင်ဆောင်ရွက်ရန်ဖြစ်သည်။





မည်သည့်ဘက်ကမှ သက်သေ ထင်ရှားမပြလျှင် ရှုံးမည့်အမှုသည်အပေါ် သက်သေပြရန် တာဝန်ကျရောက်သွားသည်။

တရားလိုစွပ်စွဲထားသောအကြောင်းခြင်းရာများကို တရားပြိုင်က ဝန်ခံသော်လည်း ဥပဒေအချက်အလက်အရလည်းကောင်း၊ တရားပြိုင်ကအဆိုပြုချက်အသစ်ကိုတင်ပြလာလျှင်လည်းကောင်း။ ထိုသို့တင်ပြခြင်းဖြင့် တရားလိုသည် မည်သည့်သက်သာခွင့်အစိတ်အပိုင်းကိုမျှ မရထိုက်ကြောင်း ချေပလာလျှင် တရားပြိုင်သည်အမှုကိုစတင်ရန်အခွင့်အရေးရှိသည်။ (CPC O 18 R1- Evidence Act see 101 to 104)

**begar** ----အတင်းအကြပ်အလုပ်စေခိုင်းခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပုံစံ တစ်မျိုး၊ ထိုသို့စေခိုင်းခြင်းမှာ အလုပ်သမားများကို လုပ်ခထုတ်ပေးခြင်းမရှိပေ။

**behaviour (n)** အပြုအမူ၊ အလေ့အကျင့်

**benami** အမည်ငှား။ ဘီနာမီဆိုသည်မှာ တစ်ဦးတစ်ယောက်သောသူက မရွေ့ မပြောင်းနိုင်သောပစ္စည်းကို အခြားသူ၏အမည်ဖြင့်ဝယ်ယူခြင်းအားခေါ်သည်။ ဘီနာမီအရ ပြုလုပ်ဆောင်ရွက်ချက်တစ်ခုတွင် ပုဂ္ဂိုလ်သုံးဦးပါဝင်သည်။ ၎င်းတို့မှာ အရောင်းအဝယ်ပြုလုပ်သော ပစ္စည်း၏တန်ဖိုးကိုပေးချေသူ (ပိုင်ရှင်အစစ်) ပစ္စည်းဝယ်ယူရာတွင် အမည်ငှားအသုံးခံရသူ (ပိုင်ဆိုင်ဟန်လက္ခဏာရှိသူ)နှင့် ပစ္စည်းရောင်းသူဟူ၍ဖြစ်သည်။

**benami transaction** အမည်ငှားဖြင့်ပစ္စည်းလွှဲပြောင်းခြင်း

**bench (n)** တရားခွင် တရားသူကြီးရုံးထိုင်စစ်ဆေးသည့်နေရာ၊ ခုံရုံး

**bench trial** ဂျူရီလူကြီးမပါဝင်ဘဲ တရားသူကြီးက အမှုကိုဆုံးဖြတ်ပေးခြင်း

**bench warrant** ---တရားရုံးမှ တရားသူကြီးသည် ရုံးထိုင်နေစဉ် အတွင်းထုတ်ပေးသော လူဖမ်းဝရမ်း။ ၎င်းလူဖမ်းဝရမ်းကို တရားခံမှ အာမခံမပေးနိုင်သည့်အခါတွင် လည်းကောင်း၊ တရားရုံးကဆင့်ခေါ်သော်လည်း တရားရုံးသို့လာရောက်ရန်ပျက်ကွက်သည့်သက်သေကိုလည်းကောင်း ဖမ်းဆီးရာတွင်သုံးသည်။ တရားသူကြီးသည် တစ်ချိန်တည်း အာမခံ ပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ– ဒေါ်မမသည် မော်တော်ယာဉ်ကိုမောင်းနှင်လာရာတွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုအတွက် ယာဉ်ထိန်းရဲမှဖမ်းဆီးပြီး မော်တော်ယာဉ်တရားရုံးသို့ လာရောက်ပြီးအမှုကို ရင်ဆိုင်ရန်ချိန်းဆိုလိုက်သည်။ သို့ရာတွင် ဒေါ်မမသည် ချောင်းသာသို့ မိသားစုနှင့်အပန်းဖြေခရီးထွက်ရန်ရှိသဖြင့် ခရီးစဉ်ကို မဖျက်ဘဲ ခရီးထွက်ခွာသွားခဲ့ပြီး ရုံးချိန်းသွားရန်ပျက်ကွက်ခဲ့သည်။ ထို့အတွက် မော်တော်ယာဉ်ရဲအရာရှိက တရားသူကြီးထံ တင်ပြရာ တရားသူကြီးက ဒေါ်မမသို့ Bench warrant ထုတ်ဆင့်လိုက်သည်။ ထိုဝရမ်းအရ ဒေါ်မမကို ဖမ်းဆီးပြီး တရားရုံးရှေ့သို့တင်ပို့ရန်ဖြစ်သည်။

**benefit (n)** အကျိုးကျေးဇူး၊ အကျိုးစီးပွားဖြစ်ထွန်းသည်။

**benefit of counsel** ရှေ့နေထံမှအကြံဉာဏ်ရယူခြင်း

**benefit of doubt** သံသယအကျိုး။

ပြစ်မှုဆိုင်ရာအမှုများတွင်တရားခံသည် သံသယအကျိုးကို ရရှိခံစား နိုင်သည်။ တရားခံတစ်ဦးတစ်ယောက်ကိုပြစ်ဒဏ်ပေးရန် သံသယရှိနေ၍ သံသယအကျိုးကိုခံစားခွင့်ပြုပြီး လွှတ်ပစ်လိုက်ခြင်းသည်။ အပြစ်မဲ့သူတစ်ဦးကို မှားယွင်းစွာပြစ်ဒဏ်ချမှတ်မိမည်စိုး၍ဖြစ်သည်။

သံသယအကျိုးဆိုသောစကားရပ်နှင့်စပ်လျဉ်း၍ ၎င်းစကားရပ်ကို ဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင်ပေါ်ပေါက်သောအထောက်အထားတို့ကို ချိန်ဆ၍အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်မျှသာဖြစ်စေရန်လိုပေသည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယမဟုတ်ရ။ မည်သည့်အရာမျိုး၌မဆို ဒွိဟအုပ်ဖုံးတတ်သော စိတ်တွင်ဖြစ်ပေါ်သည့်သံသယလည်းမဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့်နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယမျိုးကိုသာဆိုလိုပေလိမ့်မည်ဟု မှတ်ချက်ပြုထားသည်။ (၁၉၆၆ အထူးရာဇဝတ်အယူခံရုံး စာ-၉၄)

**beneficiary (n)** အကျိုးခံစားထိုက်သော၊ အကျိုးခံစားထိုက်သူ

ဥပမာ – ဦးနီသည် ၎င်း၏သမီးနှစ်ဦးဖြစ်သော မလှနှင့်မမြတို့ကို တက္ကသိုလ်တက်ရောက်ရာတွင် ငွေကြေးဖူလုံမှုရှိစေရန် စီစဉ်ဆောင်ရွက်လိုသည်။ သို့အတွက် ဦးနီသည်ဘဏ်သို့ဆက်သွယ်ညှိနှိုင်းပြီး သမီးများအတွက်ဆောင်ရွက်





ပေးရန်ငွေကြေးအလုံအလောက်အပ်နှံထားသည်။ ဘဏ်သည် trustee ဖြစ်ပြီး မလှနှင့်မမြတို့မှာ အကျိုးခံစားထိုက်သူများ Beneficiary ဖြစ်သည်။ ဘဏ်သည် မလှနှင့်မမြတို့၏ တက္ကသိုလ်တက်နိုင်ရန်စရိတ်အတွက် အပ်နှံငွေများကို ထိန်းသိမ်းထားသည်။

သေတမ်းစာအရဖြစ်စေ ဂေါပကအဖွဲ့၏စီမံခန့်ခွဲမှုအရဖြစ်စေ အသက်အာမခံပေါ်လစီအရဖြစ်စေ အကျိုးခံစားခွင့်ရသူများသည်လည်း beneficiary ဖြစ်သည်။

**beneficial interest** ပစ္စည်းနှင့်စပ်လျဉ်း၍အကျိုးခံစားခွင့်ရရှိသူ တစ်ဦး၏ ခံစားခွင့်။

**beneficial ownership** ပိုင်ရှင်ကဲ့သို့အကျိုးခံစားခွင့်ရှိသူ။ ပစ္စည်းကိုမဟုတ်ဘဲ ပစ္စည်းပေါ်မှအကျိုးခံစားခွင့်ကိုပိုင်ရှင်ကဲ့သို့အကျိုး ခံစားခွင့်ရှိသူ။ ဥပမာ – ပစ္စည်းကိုဘဏ္ဍာထိန်းအဖြစ် အပ်နှံခံရသူ၏ ဝင်ငွေ သည် ပိုင်ရှင်ကဲ့သို့ အကျိုးခံစားခွင့်ရှိခြင်းဖြစ်သည်။ ထို့ပြင် အာမခံ စာချုပ်များ အပေါ်ပိုင်ရှင်ကဲ့သို့ အကျိုးခံစားခွင့်ရှိသူသည် မဲပေးပိုင်ခွင့် သို့မဟုတ် ရင်းနှီး မြှုပ်နှံခွင့်ကိုရရှိသည်။ ၎င်းသည် ပစ္စည်း၏ပိုင်ဆိုင်သူအဖြစ် ၎င်း၏အမည်ဖြင့် ရှိနေရန်မလိုပေ။

**benevolent society** လူမှုရေးကူညီစောင့်ရှောက်မှုအသင်း

**bequeath (v)** သေတမ်းစာဖြင့်အမွေပေးသည်။ သေတမ်းစာဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အမွေပေးခြင်း။

**bequest (v)** သေတမ်းစာဖြင့်ပေးသည့်အမွေ၊ ပစ္စည်း။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှအပ ကျန်ပစ္စည်းများကို သေတမ်းစာအရ အမွေပေးခြင်း။

**best evidence rule** အကောင်းဆုံးသက်သေခံချက်ကိုသာ တင်သွင်းရမည့် ဥပဒေသ။ သက်သေခံဥပဒေ၏အခြေခံမှုတစ်ရပ်မှာ အမှုသည်တို့သည် မိမိ ရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကိုတင်ပြရန် လိုအပ်သည် ဟူသော မူပင်ဖြစ်သည်။ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ သက်သေထင်ရှားပြသရန်အတွက် သက်သေခံများတင်ပြသည့်အခါ၌ တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်များအနက် အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရမည်။ ယင်းသို့မတင်ပြဘဲ တန်ဘိုးလျော့နည်းသော သက်သေခံချက်များကို မတင်ပြထိုက်ဟု (၁၉၇၁–ရုံးချုပ် ၁၄၂)တွင်လမ်းညွှန်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မူရင်းစာရွက်စာတမ်းများ၊ မူရင်းဓါတ်ပုံများစသဖြင့် တင်ပြရမည်။ မိတ္တူတင်ပြခြင်းမပြုရပါ။ သက်သေခံအဖြစ် ဒုတိယအဆင့်သက်သေခံချက်ကို တင်သွင်းလိုလျှင် သက်သေခံအက်ဥပဒေပုဒ်မ ၆၃နှင့်အညီ တင်သွင်းရမည်ဖြစ်ပြီး မူရင်းမရှိသော်လည်း သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်လျှင် မိတ္တူပြခွင့်ရှိသည်။ (ပုဒ်မ ၆၁)

**bestiality (n)** တိရစ္ဆာန်နှင့် ကာမစပ်ယှက်ခြင်း။ ဤအပြုအမူမျိုးမှာ ရှားပါးလှသော်လည်း လူသူမနီးသည့် နေရာ၌ အထီးကျန်တိရစ္ဆာန်များ ထိန်းကျောင်းနေရစဉ် ဖြစ်တတ်သည်။ စိတ္တဇရောဂါရှိသူများ ပညာမဲ့သူများ ဖြစ်တတ်သည်။

(ညွှန်း-ဥပဒေရေးရာဆေးပညာနှင့် အဆိပ်ဗေဒ-ဗဟိုတရားရုံးရှေ့နေ ဦးဖေစန်းနှင့် ဒေါက်တာခင်ခင်ထွေး) (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇) (Sodomy လည်းကြည့်ပါ။)

**betting** လောင်းကစားခြင်း။ လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင်ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန်သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းဖြစ်သည်။ [၁၉၈၆ လောင်းကစားဥပဒေပုဒ်မ ၂ (က)]

**betting house** လောင်းကစားအိမ်။ လောင်းကစားအိမ်ဆိုသည်မှာ လောင်းကစားခြင်း ပြုလုပ်သည့်အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်းခြံ အခန်း ယာဉ်တစ်ခုခုဖြစ်သည်။ [၁၉၈၆ လောင်းကစားဥပဒေပုဒ်မ ၂(ဂ)]

**beyond a reasonable doubt** သင့်လျော်သောသံသယရှိခြင်းမှ လွတ်ကင်းခြင်း။

**bias (n)** Inclination; prejudice တိမ်းညွတ်ခြင်း၊ ဘက်လိုက်ခြင်း၊ ဦးစားပေးခြင်း၊ကြိုတင်၍ ထင်မြင်ဆုံးဖြတ်ခြင်း။ မျက်နှာလိုက်ခြင်း။

**bid (v) (n)** ပစ္စည်းဈေးနှုန်း သို့မဟုတ် ဝန်ဆောင်ခကို မည်သည့်ဈေးပေးမည်၊ သို့မဟုတ် မည်သည့်ဈေးနှင့်ဆောင်ရွက်မည်ကို ဈေးနှုန်းတင်ပြသည်။ မည်သည့်





ဈေးဖြင့် ပစ္စည်းကိုရောင်းနိုင်ကြောင်း ဈေးနှုန်းတင်ပြသည်။ လေလံပွဲတွင် ဈေးအပြိုင်ပေးရာ အမြင့်ဆုံးဈေးပေးနိုင်သူက အောင်မြင်မှုကို ရရှိသည်။

ကန်ထရိုက်လုပ်ငန်းနှင့်စပ်လျဉ်း၍စီမံကိန်းများ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ကုန်များရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်ခတင်ပြခြင်းတို့တွင် ဈေးနှုန်းအပြိုင်ပေးကြရာ၌ ဈေးအနိမ့်ဆုံးဖြင့် ဆောင်ရွက်နိုင်ကြောင်း ဈေးပေးသူက လုပ်ငန်းကိုရရှိခြင်း။

**bid shopping** မူလကန်ထရိုက်လုပ်ငန်းရရှိသူက လုပ်ငန်းများကို တစ်ဆင့်ခံကန်ထရိုက် တာများသို့ ခွဲဝေပေးပြီး၊ ကုန်ကျစရိတ်သက်သာအောင်ပြုလုပ်ခြင်း။

**bigamy (n)** လင် သို့မဟုတ် မယားရှိနေစဉ် (တရားဝင်အိမ်ထောင်ဘက်ဖြစ်နေစဉ်)အတွင်း ထပ်မံထိမ်းမြားခြင်း။ ၎င်းတားမြစ်ချက်သည် ခရစ်ယာန်ဘာသာဝင်လင်မယားများနှင့်သာ အကျုံးဝင်သည်။ မယားတစ်ယောက်ထက်မက ယူပိုင်ခွင့်ရှိသည့် ဗုဒ္ဓဘာသာဝင်လင်ယောကျ်ားနှင့်သက်ဆိုင်ခြင်းမရှိပေ။ ဗုဒ္ဓဘာသာ ဝင်ဇနီးမယားသည် တရားဝင်လင်ယောကျ်ားရှိပါလျက် နောက်အိမ်ထောင်ပြုလျှင် ပထမအိမ်ထောင်မှ မယားခိုးမှုစွဲဆိုခြင်းမပြုသော်လည်း ဇနီးဖြစ်သူမှာ ပြစ်မှုမြောက်မည်ဖြစ်သည်။ သို့သော်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၈အရ နစ်နာသူကတိုင်ကြားမှသာ အရေးယူနိုင်သော ပုဒ်မဖြစ်သည်။

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၄၊ ၄၉၅ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၈နှင့် ပုဒ်မ ၁၉၈ ခြွင်းချက်များကြည့်ပါ။)

**bilateral contract** – နှစ်ဦးနှစ်ဘက်ချုပ်ဆိုသောပဋိညာဉ်။

– အပြန်အလှန်ဆောင်ရွက်ကြရန် ကတိပြုကြပြီး နှစ်ဦးသဘောတူ ပြုလုပ်သောပဋိညာဉ်

**bill (v)** (၁) ပေးရန်ရှိသောငွေကြေးတောင်းခံလွှာ (မီတာဘီလ်-မီတာတောင်းခံလွှာ)

(၂) ဥပဒေပြုလွှတ်တော်သို့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် တင်ပြသည့်ဥပဒေကြမ်း။

(၃) လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများတွင် ပါဝင်သည့် treasury bill, bill of exchange စသည်များ

**bill of credit** ငွေချေးသက်သေခံလက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



**bill of certiorari** -- အမှုခေါ်စာချွန်တော် အမိန့်အတွက်လျှောက်လွှာ။
**bill of entry (BE)** ပြည်ပမှတင်သွင်းလာသောပစ္စည်းစာရင်းကို အကောက်ခွန် ဌာနသို့ အခွန်ကောက်နိုင်ရန်အတွက် တင်ပြရာတွင် ဖြည့်သွင်းရသည့်ပုံစံ။ ၎င်းပုံစံတွင် ကုန်တင်သွင်းသူ၏အမည်၊ ကုန်ပစ္စည်းအမျိုးအစားအရေအတွက် စသည်များ ပါဝင်သည်။
**bill of exchange** --ငွေလွှဲလက်မှတ်။ တစ်ဦးတစ်ယောက် (ငွေလွှဲလက်မှတ်ရေးသားသူ)က အခြားသူတစ်ဦးတစ်ယောက် (ငွေထုတ်ပေးသူ) သို့စည်းကမ်းချက် သတ်မှတ်ထားခြင်းမရှိသော စာဖြင့် ရေးထားသည့် ငွေပေးအမိန့်ဖြင့်သတ်မှတ် ထားသောငွေပမာဏကို အမည်ဖော်ပြထားသူ (ငွေလက်ခံမည့်သူ)အားပေးရန်ငွေလွှဲခြင်း။ ၎င်းမှာ draft နှင့် အလားတူဖြစ်သည်။ ဘဏ်ရှိငွေစာရင်းမှ ငွေထုတ် ပေးစေလိုလျှင် ဘဏ်ချက်လက်မှတ်ဖြင့် ရေးသားပေးသည်။
**bill of lading (BL)** ပင်လယ်ရပ်ခြားကုမ္ပဏီများက ကုန်များကိုသင်္ဘောဖြင့် တင်ပို့ရာတွင် သင်္ဘောကုမ္ပဏီကကုန်လက်ခံရရှိကြောင်းနှင့် မည်သည့် သင်္ဘောဖြင့် ကုန်များပါလာကြောင်း တင်ပို့လာသောကုန်ပစ္စည်း အသေးစိတ်စာရင်း။ ၎င်းတွင်သင်္ဘောအမည်၊ ခရီးစဉ်အမှတ်၊ ကုန်ပို့သူနှင့်လက်ခံသူအမည်များ လည်းပါဝင်သည်။ မိတ္တူကို ကုန်တင်လာသည့်သင်္ဘောတွင် တစ်စောင်၊ တင်ပို့သူတွင်တစ်စောင် ထားရှိပြီး ကုန်လက်ခံသူသို့သင်္ဘောတင်ပြီးသည်နှင့် ကြိုတင်ပို့ထားသည်။
**bill of sale** ----ပစ္စည်းဝယ်ယူသူသို့ပစ္စည်းများ ပိုင်ဆိုင်မှုများ သို့မဟုတ် လုပ်ငန်း များကိုရောင်းချရာတွင် တွဲပေးရသောရေးသား စာရွက်စာတမ်း။ ၎င်းသည် ဝယ်ယူသူအနေဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်ဝယ်ယူသည့်ပစ္စည်း အသေးစိတ်ကို သိရှိ နိုင်စေသည်။

Bill of sale တွင် သဘောတူညီထားချက်များဖြစ်သော အရောင်းအဝယ်စည်းကမ်းချက်များ၊ လွှဲပြောင်းမည့်နေ့၊ ဈေးနှုန်း၊ မည်ကဲ့သို့ငွေပေးချေမည်နှင့် အခြားလိုအပ်ချက်များပါဝင်မည်ဖြစ်သည်။
**bill of particular** တရားလိုမှရေးသားထားသောအဆိုလွှာနှင့်စပ်လျဉ်း၍ တရားပြိုင်မှ ချေပလွှာမတင်မီ အဆိုလွှာတွင် အားကိုးအားထားပြုသော





စာရွက် စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ မေးခွန်းများကို မေးမြန်း ခြင်းဖြင့် တရားလိုတောင်းဆိုသည့် အချက်များကို အသေးစိတ် သိရှိအောင် ပြုလုပ်ခြင်း၊ ထိုသို့သိရှိပြီးနောက် တရားပြိုင်မှ ခုခံရေးလမ်းကြောင်းကို စဉ်းစား နိုင်မည် ဖြစ်သည်။
**bill of mortality** သေစာရင်း။ သေဆုံးမှုစာရင်းဇယား။
**bill of rights** --နိုင်ငံရေးရပိုင်ခွင့်နှင့်တာဝန်များကို ဒီကရီသို့မဟုတ် ဥပဒေများတွင် အတိအလင်းပေးအပ်ခြင်း သို့မဟုတ်ပါဝင်ခြင်း။
**bind (v)** တဦးတစ်ယောက်အပေါ်ဥပဒေအရ လိုက်နာရမည့်တာဝန်တင်ရှိခြင်း။
**binder (n)** အမြဲတန်းပေါ်လစီစာချုပ်ကို ဆောင်ရွက်နေစဉ်အတွင်း ယာယီအာမခံ ပဋိညာဉ်ပေါ်လစီသည် အာမခံကိစ္စရပ်အတွက် အပြည့်အဝ အထောက်အပံ့ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းဝယ်ရာတွင်ပစ္စည်း၏ပိုင်ဆိုင်မှုကိုလွှဲပြောင်းရန် ရောင်းသူနှင့်ဝယ်သူတို့တူညီသောရည်ရွယ်ချက်ရှိသည့် စာချုပ်စာတမ်း၊ များသောအားဖြင့် ဝယ်သူ၏ပထမအရစ် ပေးချေငွေအပေါ် အထောက်အထားပြုသည်။
**binder (n)** လိုက်နာရန်တာဝန်။ သဘောတူညီချက်အရ လိုက်နာရန်တာဝန်။ အမိန့်အရ လိုက်နာရန်လိုအပ်ချက်။ တာဝန်သက်ရောက်သော။
**binding agreement** An enforceable contract ဥပဒေဖြင့်အတည်ပြုနိုင်သော ပဋိညာဉ်။
**bind over** --စွပ်စွဲခံရသည့်ပြစ်မှုတရားခံကို အမှုစစ်ဆေးဆဲအဆင့်၏အကျိုးသက်ရောက်မှုအဖြစ် တရားခံကိုအချုပ်တွင်ထားရန်အမိန့်ချမှတ်ခြင်း။
**bipartite** (စာချုပ်စာတမ်း)နှစ်ဘက်သောစာချုပ်ပါအဖွဲ့ဝင်များက အပိုင်းနှစ်ပိုင်း ခွဲခြား၍ အတည်ပြုသည်။
**birth records** နိုင်ငံတော်မှ ပြည်သူများ၏ဖွားမြင်သည့်နေ့၊ မွေးဖွားရာဒေသနှင့် မျိုးရိုးစဉ်ဆက်များကို ကောက်ယူထိန်းသိမ်းပေးသော စာရင်းအင်းအချက်အလက်များ။
**blackmail**---နှုတ်ပိတ်ခတောင်းသည်။ လူတစ်ဦးကိုအရှက်ရစရာများဖော်ထုတ်လိုက်မည် သို့မဟုတ် အများပြည်သူသိရှိအောင် လျှို့ဝှက်ချက်တွေဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မည်နှင့် ပြစ်မှုကိုအကွက်ချစီမံပြီး ခြိမ်းခြောက်ကာ အဆိုပါလူထံမှ ငွေ၊ တန်ဘိုးရှိသောအရာ သို့မဟုတ် အခြားအခွင့်အရေးများကို ညှစ်ယူတောင်းဆိုခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၃ မှ ၃၈၉ ကိုလည်းကြည့်ပါ)

**blacklist** နာမည်ပျက်စာရင်း။

**blank endosement** ---ဗလာလက်မှတ်ရေးထိုးခြင်း။ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ တွင် မည်သူ့အားငွေပေးချေရမည်ဟု အမည်တပ်ဖော်ပြခြင်းမရှိဘဲ လက်မှတ် ရေးထိုးခြင်း။

**blasphemy (n)** ဘုရားကိုဖြစ်စေ၊ ဘာသာရေးကို ဖြစ်စေ၊ သာသနာ့ဝန်ကိုထမ်းဆောင်နေသော ပုဂ္ဂိုလ်များကိုဖြစ်စေ၊ အရိုအသေ တန်သော စော်ကားသော အကြည်ညိုမဲ့စေသောစကားများကိုပြောဆိုခြင်း။

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ မှ ၂၉၈ ကိုကြည့်ပါ။)

**bloc (n)** နိုင်ငံစု၊ အုပ်စု။ တူညီသောအကျိုးစီးပွား သို့မဟုတ် ရည်ရွယ်ချက်တစ်ခုအတွက်စုစည်းထားသော လူတစ်စုသို့မဟုတ် နိုင်ငံစု။

**block** ----လမ်းများဖြင့် ပိုင်းခြားထားသောစည်ပင်သာယာနယ်နမိတ်။

**blockade-----** ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းပိုင်နက်မှ ဝိုင်းဝန်းပိတ်ဆို့ခြင်း၊ ရန်သူပိုင်ဆိပ်ကမ်းမြို့များသို့ သင်္ဘောများ အဝင်အထွက်မပြုလုပ်နိုင်ရန် စစ်သင်္ဘောများဖြင့် ပိတ်ဆို့ခြင်း။

**blood** ---တိုက်ရိုက်ဆင်းသက်ပေါက်ဖွားလာသော ပုဂ္ဂိုလ်များအကြား ဆွေမျိုးတော်စပ်မှု။

| | |
|---|---|
| full blood | မိဘတူဖတူမှဆင်းသက်လာသောသားသမီးများ |
| half blood | ဖအေတူ မအေကွဲ၊ မအေတူဖအေကွဲမှဆင်းသက်လာသောသားသမီးများ |
| mixed blood | လူမျိုးကွဲများနှင့် သွေးနှောရာမှ ဆင်းသက်လာသော သားသမီးများ |

**blood alcohol content** သွေးအတွင်း အယ်ကိုဟောရာခိုင်နှုန်းမည်မျှရှိသည်ကိုတိုင်းတာခြင်း။ အထူးသဖြင့် အရက်မူးယစ်ပြီး မော်တော်ယာဉ်မောင်း





နှင်သူများကို စစ်ဆေးတိုင်းတာပြီး သတ်မှတ်ထားသည့် ရာခိုင်နှုန်းထက်ပိုနေပါက ဥပဒေအရ အရေးယူရန်ဖြစ်သည်။

**blood grouping test** သွေးအုပ်စုစစ်ဆေးခြင်းကို မွေးဖွားလာသော ကလေး၏ဖခင်ဖော်ထုတ်နိုင်ရန်စွဲဆိုသောအမှုများတွင် အသုံးပြုသည်။ စွပ်စွဲခံရသူသည် ကလေး၏ ဖခင်ဟုတ်မဟုတ် ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ ထိုသို့စစ်ဆေးခြင်းသည် ဖခင် ဖြစ်သည်ဟု အတိအကျသတ်မှတ်ရန်မဟုတ်ပေ။ ဖခင်မဖြစ်နိုင်သူများကို ဖယ် ထုတ်ရန်အတွက် ပိုမိုလွယ်ကူစေရန်ဖြစ်သည်။ သွေးအမျိုးအစားအုပ်စုခွဲသည်။

**blue book** အမေရိကန်နိုင်ငံစီရင်ထုံးပေါင်းစာချုပ်။ စာအုပ်အမည်အပြည့်အစုံမှာ The Bluebook : A Uniform System of Citation ဖြစ်ပါသည်။ Bluebook ကို Harvard Law Review မှ Yaie law journal, Columbia law Review, University of Pennsylvania law Review တို့နှင့်ပူးပေါင်းထုတ်ဝေသည်။

**board of directors** ဒါရိုက်တာဘုတ်အဖွဲ့။ ကုမ္ပဏီရှယ်ယာဝင်များက ရွေးချယ်သော စီမံအုပ်ချုပ်သူများအဖွဲ့။

**bodily injury** ကိုယ်ခန္ဓာနာကျင်စေမှု။

**bona fide** သဘောရိုးဖြင့်။ လိမ်လည်လှည့်ဖျားမှုကင်းသော၊ ရိုးဖြောင့်မှန်ကန်သော။

**bona fide purchaser** ပစ္စည်းရောင်းချသူထံမှ ထိုသူသည် ပစ္စည်းပိုင်ရှင်ဖြစ်သည်ဟု သဘောရိုးဖြင့်ယုံကြည်၍ ပစ္စည်း၏တန်ရာတန်ဖိုးကိုပေးဝယ်သူ။

(မြန်မာနိုင်ငံတွင်ပစ္စည်းကို ရောင်းချပိုင်ခွင့်မရှိသူထံမှ သဘောရိုးဖြင့်ဝယ်ယူခဲ့သော်လည်း ပစ္စည်း၏ပိုင်ဆိုင်ခွင့်ကိုရရှိမည်မဟုတ်ပေ။ သဘောရိုးဖြင့်ဝယ်ယူခဲ့၍သာ ပစ္စည်းကိုပြန်လည်ပေးအပ်ပါက ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကိုသာ ရရှိမည်ဖြစ်သည်။)

**bona vacantia (lat)** စွန့်ပစ်ထားသောပစ္စည်းဟုအဓိပ္ပါယ်ရသည်။ ပိုင်ရှင်မဲ့ပစ္စည်း။ ပိုင်ရှင်ဖော်ထုတ်နိုင်ခြင်းမရှိသည့်အခါ၊ ကွယ်လွန်သူပိုင်ပစ္စည်းကို တရားဝင်အမွေဆက် ခံသူမရှိသည့်အခါတို့တွင် နိုင်ငံပိုင်ပစ္စည်းဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



**bond (n)** ခံဝန်၊ ခံဝန်ချုပ် ကတိခံဝန်ချုပ်

ရိုးသားစွာဆောင်ရွက်မည်၊ စူးစူးစိုက်စိုက်တာဝန်ထမ်းဆောင်မည်တို့ကို အာမခံခြင်း၊ ခံဝန်ပေးခြင်းများပါရှိသည့်စာချုပ်၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအကြား စည်းနှောင်ထားရှိသော သဘောတူညီချက်။ ရေးသားသူကိုယ်တိုင်နှင့် သူ၏အမွေဆက်ခံသူများ။ သေတမ်းစာအတည်ပြုသူများစသည်တို့အပေါ်တွင် လိုက်နာရန်တာဝန်ရှိစေသောစာချုပ်။

ငွေပေးမည်ကတိဝန်ခံချက်။ အခြေအနေတစ်ရပ်ဖြစ်ပေါ်ခဲ့လျှင် သို့မဟုတ် သတ်မှတ်ကာလကုန်ဆုံးလျှင် တစ်စုံတစ်ရာဆောင်ရွက်ပေးမည့် ဝန်ခံချက်။ နောက်ပိုင်းအကျိုးဆက်တစ်ရပ်၏ အခြေအနေပေါ်တွင် ကတိမှာ အချည်းနှီးဖြစ်စေသည်။

ကော်ပိုရေးရှင်းသို့မဟုတ် အစိုးရအဖွဲ့အစည်းက ဘဏ္ဍာရေးလိုအပ် ချက်အရ အတိုးပေးသော ကာလရှည်စာချုပ်များထုတ်ဝေခြင်း။

**bond, registered** မှတ်ပုံတင်စာချုပ်များ၊ အတိုးငွေကို စာတိုက်မှတစ်ဆင့် လက်ရှိဖြစ်သူထံပို့ပေးသည်။

**bond - creditor-----** မြီရှင်က ငင်းထုတ်ချေးထားသောအကြွေးအတွက် အာမခံချက်အနေ ဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်း။

**bond-bearer--** ငွေချေးစာချုပ် လက်ဝယ်ရှိသူအား ထုတ်ပေးခြင်း။

**bond, performance** ကန်ထရိုက်လုပ်ငန်းကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ပါမည်ဟု ခံဝန်ပေးထားသောစာချုပ်၊ အမှားအယွင်းဖြစ်ပေါ်လာပါက ကန်ထရိုက်လုပ်ငန်း ရပ်စဲမည်။ သို့မဟုတ် ခံဝန်ချုပ်တွင်သတ်မှတ်သည်အထိ လျော်ကြေးပေးရန် ဖြစ်သည်။

**bondsman** ---(၁) အာမခံစာချုပ်များကိုရောင်းချသူ

(၂) အခြားသူတစ်ဦးတစ်ယောက်၏ ပဋိညာဉ်အပေါ်ဆောင်ရွက်မှုကို အာမခံပေးသူ (ဥပမာ-အာမခံကုမ္ပဏီ)

**bonded goods** အကောက်ခွန်မဆောင်ရသေးသဖြင့် ဂိုဒေါင်တွင်သိမ်းဆည်းထားသော သွင်းကုန်ပစ္စည်းများ။

**bounded warehouse** အကောက်ခွန်မဆောင်ရသေးသော ကုန်ပစ္စည်းများထားသည့် သိုလှောင်ရုံ၊ (custom warehouse)





**bonus-----**အပိုဆုကြေး၊ ချီးမြှင့်ငွေ၊ သဒ္ဓါကြေး။

ရောက်သည့်အခါ မျှော်လင့်ထားသည့်အချိန်ရောက်သည့်အခါ အပိုပေးဆောင်ရသော အာမခံအတွက်ပေးသွင်းရငွေ။

အလုပ်သမားများအလုပ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်သမားများ ရရှိသောအပိုဆုကြေးငွေများသည် လက်ဆောင်သို့မဟုတ် လုပ်သက်ဆုကြေးမဟုတ်ပေ။ အလုပ်သမားများလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုများ တိုးတက်ခြင်း၊ အမြတ်ငွေများပုံမှန်ထက်တိုးတက်ရရှိခြင်းတို့ အတွက် အလုပ်ရှင်မှအပိုပေးသောငွေ။

**bonus issue** ကုမ္ပဏီမှအမြတ်ငွေများကို အစုရှယ်ယာဝင်များသို့ ငွေသားဖြင့်ပေးဘဲ ကုမ္ပဏီ၏မတည်ရင်းနှီးငွေများသို့ ထည့်သွင်းပြီးရှယ်ယာများထပ်မံထုတ်ပေးခြင်းဖြစ်သည်။

**books -----** လုပ်ငန်းတစ်ခု၏ ဘဏ္ဍာရေးဆိုင်ရာစာရင်းဇယားကို စာအုပ်များတွင် ဖြစ်စေ၊ ကွန်ပျူတာဖိုင်ထဲတွင်ဖြစ်စေ စုဆောင်းထားခြင်း။

**booking** တရားခံ၏ဓါတ်ပုံ၊ လက်ဗွေစသည့်တရားခံနှင့်ပတ်သက်သည့် အချက်များကို မှတ်တမ်းတင်ရေးသွင်းထားသည့်စာအုပ်။

**book account** လုပ်ငန်းမှဖောက်သည်၏မြီစား မြီရှင် (ရငွေပေးငွေ)စာရင်းကို ရေးမှတ်ထားသည့် လယ်ဂျာစာရင်း။ သက်ဆိုင်ရာစာရင်းနှစ်အတွင်း အဆိုပါဖောက်သည်နှင့် ရောင်းဝယ်ဖောက်ကားသောကိစ္စများ (transactions)ကို ရေးသွင်းထားသည်။ ထိုသို့ရေးမှတ်ထားခြင်းဖြင့် အဆိုပါဖောက်သည်နှင့် ရရန် ပေးရန်များကိုအချိန်မရွေးရှင်းရှင်းလင်းလင်းသိရှိနိုင်သည်။

**book keeper--** ကုမ္ပဏီသို့မဟုတ် လုပ်ငန်းတစ်ခု၏ငွေစာရင်းဆိုင်ရာ အချက်အလက် များကိုရေးသွင်းရသောသူ။

**book value--** ကုမ္ပဏီ၏ငွေစာရင်းလက်ကျန်ရှင်းတမ်းတွင် ဖော်ပြသော ပိုင်ခွင့်များ၏တန်ဘိုး။ ငွေလက်ကျန်တွင် ပစ္စည်းများ၏တန်ဖိုးကို ဖော်ပြရာတွင် ဝယ်ဈေးများဖြင့်သာဖော်ပြသဖြင့် လက်ငင်းဈေးကွက်တန်ဖိုးထက် နည်းပါးသည်။

**bootleg** ----ဥပဒေနှင့်မညီသော သို့မဟုတ် တရားဝင်ခွင့်ပြုချက်မရသော ကုန် ထုတ်လုပ်ခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**booty** တိုက်ရာပါပစ္စည်း၊ လုယက်မှုမှရသောပစ္စည်း။

**booty of war**– စစ်မြေပြင်တွင်သိမ်းဆည်းရမိသောရန်သူ၏ပစ္စည်းများ။

**borrowed money** ချေးယူငွေ။

**borrower** ချေးယူသူ

**borstal school** ပြစ်မှုကျူးလွန်သောကလေးသူငယ်များအား အကျင့်စာရိတ္တ ပြုပြင်ပေးရာစခန်း။ လူငယ်သင်တန်းကျောင်း။

(၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၅၅၊ ၅၆အရ training school ဟုသုံးနှုန်းပါသည်။)

**bottomry** သင်္ဘောကိုပေါင်နှံ၍ ငွေချေးယူခြင်း၊ ပေါင်နှံမှုပြုရာတွင်သင်္ဘောနှင့် တကွ သင်္ဘောပေါ်ရှိလှေများ၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် သင်္ဘော အသုံးအဆောင်ပစ္စည်းများ (၎င်းမှာသင်္ဘောပေါ်တွင်အသုံးပြုသောပစ္စည်းများ သင်္ဘောသွားလာရေးအတွက်လည်းကောင်း၊ ခရီးစဉ်အောင်မြင်ရေးအတွက် လည်းကောင်း၊ အသုံးပြုရသည့်ပစ္စည်းများအားလုံးပါသည်။) ပေါင်နှံချိန်တွင် သင်္ဘောပေါ်တွင်ရှိသော ကုန်စည်များသည် ပေါင်နှံသူပိုင်ဆိုင်သည့်တိုင်အောင် သင်္ဘောအသုံးအဆောင်ပစ္စည်းအဖြစ် ပေါင်နှံခံသူထံပါမသွားပေ။ သို့သော် တစ်ခါတစ်ရံသင်္ဘောပေါ်မှကုန်များကိုထည့်၍ပေါင်နှံသည်။ သင်္ဘောပျောက်ဆုံး ခဲ့သော် ချေးငွေ (သို့) ကြွေးမြီပြန်မရနိုင်။ သင်္ဘောဘေးမသီရန်မခ ပြန်ရောက် လာသော် ချေးငွေကိုအတိုးနှင့်တကွ ရယူခံစားခွင့်ရှိသည်။

**bound** တရားရုံး၏လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်တာဝန်ရှိသော၊ ဆောင်ရွက်မှုကို ကန့်သတ်သော။ ပဋိညာဉ်အရဖြစ်စေ၊ သဘောတူဆောင်ရွက် ချက်များဖြစ်စေ၊ အတင်းအဓမ္မပြုစေသော။ ပစ္စည်း၏အကန့်အသတ်ကို ပုံဖော် သော။

**boundary (n)** နယ်နမိတ်

**bounty (n)** ၁။ ဆုငွေ သို့မဟုတ် အကျိုးအမြတ်ကိုပေးရန်ကမ်းလှမ်းခြင်း သို့မဟုတ်ပေးခြင်း။ တစ်ဦးတစ်ယောက်တာဝန်ဝတ္တရားဆောင်ရွက်ရာတွင် ဆွဲဆောင်သည့်အနေဖြင့် အစိုးရမှပေးခြင်း။





၂။ သေတမ်းစာတွင်ပေးကမ်းခြင်း။ ရက်ရောစွာပေးကမ်းခြင်း။

**bounty hunter**--ပြစ်မှုနှင့် စွပ်စွဲခံရသူ သို့မဟုတ် မသင်္ကာသူနောက်သို့ ဆုငွေရရှိရန် အတွက် လိုက်လံရှာဖွေသူ။ ပြစ်မှုတရားခံတစ်ဦးသည် ခံဝန်ချုပ်ပါ သဘော တူညီချက်များကို ဖောက်ဖျက်ပြီး နောက်တရားရုံးသို့ မလာရောက်ဘဲ ရှောင်တိမ်း နေရာ၊ ၎င်းတို့အာမခံပေးသော Bill Bond ကုမ္ပဏီက တရားခံအား ရှာဖွေ ဖမ်းဆီးပေးရန် ငှားရမ်းထားသောသူ။

**boutique (n)** သေးငယ်သော အထူးလုပ်ငန်း၊ ကိစ္စရပ်တစ်ခုတည်းကိုသာ အထူးပြုလိုက်ပါဆောင်ရွက်သော ရှေ့နေလုပ်ငန်းငယ်။ (အခွန်ကိစ္စ ဆောင်ရွက်သည့် ရှေ့နေလုပ်ငန်း၊ အိမ်ခြံမြေ အရောင်း အဝယ် စာချုပ်ကိစ္စသာ သီးသန့်လိုက်ပါ ဆောင်ရွက်သော ရှေ့နေလုပ်ငန်း)

**bovine, bovine cattle (adj)** နွားထီးကဲ့သို့သော။ ၎င်းထဲတွင် နွားမများ၊ နွားမတန်းများ၊ နွားသိုးများသင်းကွတ်ပြီး နွားထီးများ၊ ကျွဲထီး၊ ကျွဲမနှင့် ကျွဲကလေးများပါဝင်သည်။

**boycott (v)** သပိတ်မှောက်သည်၊ ဝိုင်းပယ်သည်။

**bradymaterial** ပြစ်မှုများတွင် သတင်းပေးချက်သို့မဟုတ် သက်သေခံ အထောက်အထားများအရ တရားခံဘက်သို့ အလေးသာနေလျှင် တရားလို အနေဖြင့် အမှုပိတ်သိမ်းရန် တာဝန်ရှိသည်။ (the prosecution has a duty to disclose)

ပြစ်မှုများတွင် သတင်းပေးချက်သို့မဟုတ် သက်သေခံ အထောက် အထားများအရ တရားခံဘက်သို့ အလေးသာနေလျှင် တရားလို အနေဖြင့် ဆိုအချက်ကို ထုတ်ဖော်ပြောဆိုရမည်ဖြစ်သည်။

(Ah Tu (alias)Kyaw Nyun Vs The King 1947 RLR 405)

**brain death** ဦးနှောက်၏ လုပ်ဆောင်မှုများ တစ်စုံတစ်ရာတုံ့ပြန်မှု မရှိတော့ဘဲ ရပ်တန့်သွားခြင်း။

**branch (n)** အရင်းအမြစ်မှ ဆွယ်ပွားသောအရာ၊ လမ်းခွဲ၊ ဌာနခွဲ

**brawl (n)** ဆူညံစွာရန်ဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



**breach (n)** ဥပဒေဆိုင်ရာ တာဝန်ကို ပျက်ကွက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်း ဥပမာ ပဋိညာဉ်အရ ဆောင်ရွက်ရမည့် ကိစ္စကိုချိုးဖောက်ခြင်း၊ တစ်ဦး တစ်ယောက် ထမ်းဆောင်ရမည့် တာဝန်ကိုပျက်ကွက်ခြင်း (တာဝန် ဖောက်ဖျက် ခြင်း သို့မဟုတ် ယုံကြည်အပ်နှံမှုချိုးဖောက်ခြင်း၊ ပြည်သူလူထု၏ အေးချမ်း ငြိမ်းသက်စွာ နေထိုင်မှုအပေါ် နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အခြားသော အကြမ်းဖက်မှုများပြုလုပ်ခြင်း(ငြိမ်းအေးမှုကို ပျက်ပြားစေခြင်း) သို့မဟုတ် သူတစ်ပါးပိုင်မြေပေါ်သို့ ဥပဒေမဲ့ ခွင့်ပြုချက်မရဘဲ ကျူးကျော် ဝင်ရောက်ခြင်း (breach of close)

**breach of Contract** တစ်ဘက်သောအမှုသည်သည် အခြားတစ်ဘက်သော အမှုသည်နှင့် စာအားဖြင့်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ ပြုလုပ်ထားသော တရားဝင်သဘောတူညီ ချက်အရ လိုအပ်သော ဆောင်ရွက်ရမည်ကိစ္စကို ဆောင်ရွက်ရန် ပျက်ကွက် ခြင်းကြောင့် နစ်နာသူက ဥပဒေအရတောင်းဆိုခြင်း။ (ပဋိညာဉ်အရဆောင်ရွက်ရန် ပျက်ကွက်ခြင်း)

**breach of covenant** - ပဋိညာဉ်အရဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက် ခြင်းမှ ရှောင်ကြဉ် ရန် အတိအလင်း သို့မဟုတ် သဘောသက်ရောက်သော ကတိကိုချိုးဖောက် ခြင်း။

**breach of duty** ဥပဒေအရသို့မဟုတ် ကိုယ်ကျင့်တရားအရ တာဝန်သိစိတ်ကို ချိုးဖောက်ခြင်း။

**breach of promise** ကတိပျက်ကွက်ခြင်း (ဥပမာ - လက်ထပ်ရန် ကတိ ပျက်ကွက်ခြင်း)

**breach of peace** အများပြည်သူတို့ အေးချမ်းစွာ နေထိုင်ခြင်းကို ပျက်ပြား စေသော ပြစ်မှု၊ ငြိမ်းချမ်းရေးချိုးဖောက်မှု။

**breach of trust** ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု။ဘဏ္ဍာထိန်းသည် ဘဏ္ဍာထိန်း၏ တာဝန်ဝတ္တရားများနှင့် အပ်နှံသည့် စည်းကမ်းများကို ချိုးဖောက်ခြင်း၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုသည် ရည်ရွယ်ချက် သို့မဟုတ် မသမာသောစိတ်ရှိရန်မလို။ သတိမထားသော ပေါ့ဆသောဆောင်ရွက်မှုကြောင့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဖြစ်နိုင်သည်။





**breach of warranty** ပစ္စည်းရောင်းချရာတွင် ပစ္စည်း၏ ပိုင်ဆိုင်မှု အရည်အသွေးအခြေအနေများကို အတိအလင်းဖြစ်စေ၊ သဘောသက်ရောက် ခြင်းဖြင့်ဖြစ်စေ အာမခံချက်ပေးထားခြင်းကို ချိုးဖောက်ခြင်း။

**break (v)** ဥပဒေမလိုက်နာခြင်း၊ ချိုးဖောက်ခြင်း၊ ခွင့်ပြုချက်မရဘဲ ထိန်းချုပ် ထား သည့်နေရာမှ ထွက်ပြေးခြင်း၊ တရားမဝင်ဝင်ရောက်ခြင်း။

**breakage (n)** ကုန်ထုတ်သူမှ ၎င်း၏ ထုတ်ကုန်များ ဝယ်ယူသူကို ကုန်များ သယ်ဆောင်ရာလမ်းခရီးတွင်ဖြစ်စေ၊ သိုလှောင်ရာတွင်ဖြစ်စေ ပေါ်ပေါက်လာ သည့် အပျက်အစီးများအတွက် ခွင့်ပြုသည့်ငွေ။

**breaking (n)** အဆောက်အဦးအတွင်းသို့ ဖောက်ထွင်းဝင်ရောက်ခြင်း

- house breaking အိမ်ဖောက်ထွင်းမှု
- house breaking by night ညဉ့်အချိန် အိမ်ဖောက်ထွင်းမှု

**breaking and entering**---ခွင့်ပြုချက်မရှိဘဲ အဆောက်အဦးအတွင်းသို့ အင်အားအနည်းငယ် သာသုံးပြီး (တံခါးကို အသာအယာတွန်းဖွင့်ခြင်း) ဝင်ရောက်ခြင်း၊ တစ်စုံ တစ်ယောက်သည် ထိုသို့ဝင်ရောက်ပြီး ပြစ်မှုကို ကျူးလွန်ပါကဖောက်ထွင်းမှု ဖြစ်သည်။ ထိုသို့ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်မရှိဘဲ ဖောက်ထွင်း ဝင်ရောက် ရုံသက်သက်ဖြစ်လျှင် တရားမဝင် ကျူးကျော်ဝင်ရောက်ခြင်း ဖြစ်ပါက ၎င်းမှာ ပြစ်မှုအငယ်စားသာဖြစ်သည်။

(မြန်မာနိုင်ငံတည်ဆဲ ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်မကင်းသော ကျော်နင်းမှုအမျိုးမျိုးရှိရာ ပုဒ်မ ၄၄၁ မှ ၄၆၂ အထိလေ့လာပါ)

**breaking buck** ကြီးမားသည့် ကုန်ပစ္စည်းကို သေးငယ်သော ပမာဏအဖြစ် ခွဲပစ်ခြင်း၊ ယုံမှတ်အပ်နှံခြင်းခံရသူက ခိုးယူခြင်း။ အထူးသဖြင့် ကုန်ပစ္စည်း သယ်ဆောင်သူက ကုန်ပစ္စည်းများကို ဖောက်ပြီးပစ္စည်းများ ထုတ်ယူကာ ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်း။

**breathalyzer (n)** ယာဉ်ထိန်းရဲက အရက်မူးနေသော မော်တော် ယာဉ်မောင်းနှင်သူ၏ သွေးထဲရှိ အယ်ကိုဟောပမာဏကို အသက်ရှူခြင်းမှ တိုင်းတာသည့် ကိရိယာရရှိသည့်အဖြေကို တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းနိုင်သည်။ ယာဉ်မောင်းသူသည် ထိုသို့စစ်ဆေးမှုကို မခံယူပါက ယာဉ်မောင်းလိုင်စင် သိမ်းဆည်းခံရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**brevet (brevit) (n)** အမိန့်စာချွန်တော်၊ အဆင့်မြင့်ရာထူးပေးအပ်သည့်အမိန့်။

**bribe (n) (v)** လာဘ်ပေးသည်၊ လာဘ်ထိုးသည်။

**bribery (n)** လုပ်ကိုင်မြဲတာဝန်ကို ဆောင်ရွက်ရာတွင် လွှမ်းမိုးနိုင်ရန်အတွက် တစ်စုံတစ်ရာသော အဘိုးတန်ပစ္စည်းကို အလိုအလျောက်ပေးခြင်း။
ဥပမာ။ Frank သည် မြို့လယ်ခေါင်တွင် ဈေးဝယ်ကုန်တိုက်ကြီးတစ်ခုကို ဖွင့်ရန်ဆန္ဒရှိနေသည်။ ကုန်တိုက်ကြီး တည်ဆောက်ရန် လျှောက်ထားချက်ကို နှစ်အတန်ကြာသည့်အထိ ဆောက်လုပ်ရန် ခွင့်ပြုမိန့်ကိုမရဘဲ အကြိမ်ကြိမ်ပယ်ချခြင်းခံရသည်။ အခြားကုမ္ပဏီတစ်ခုသည် အဆိုပါနေရာတွင်ပင် ကုန်တိုက်ကြီးတစ်ခု တည်ဆောက်ခွင့်ကို လျှောက်ထားရာ တစ်ကြိမ်တည်းနှင့်ပင် ခွင့်ပြုမိန့် ရရှိခဲ့သည်။ ထို့ကြောင့် Frank က အဆိုပါ ကုမ္ပဏီသည် မည်ကဲ့သို့ ကွဲပြား ဆောင်ရွက်မှုကြောင့် ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း စုံစမ်းသည်။ Frank သည် နားလည်သဘောပေါက်သွားပြီး လုပ်ပိုင်ခွင့်ရှိသူများသို့ ငွေပေးရန်လိုအပ်ကြောင်း သိရှိသွားသည်။ အကယ်၍ Frank သည် ငွေပေးခဲ့သည်ရှိသော် ခွင့်ပြုမိန့် ရရှိအောင် ငွေပေးခြင်းဖြစ်၍ လာဘ်ပေးမှု bribery ကို ကျူးလွန်ရာ ရောက်သွား သည်။

**brief (n)** အမှုတွဲနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများ၊ အင်္ဂလန်နိုင်ငံတွင် ရုံးထိုင်ရှေ့နေ solicitor က အမှုလိုက်သော ဝတ်လုံတော်ရ barrister များထံ ပေးအပ်သည့် အမှုနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများ ညွှန်ကြားချက်များပါသည့် အမှုတွဲအကျဉ်းချုပ်။ အယူခံမှုတွင် ဥပဒေအချက်အလက်များနှင့် စပ်လျဉ်း၍ နှစ်ဘက်ရှေ့နေများက တင်ပြလျှောက်ထားခြင်း၊ တရားရုံးအား အထောက်အကူဖြစ်စေရန် တင်ပြသည့်အမှုဖြစ်စဉ်။

**broker (n)** အရောင်းအဝယ် (အိမ် ခြံ မြေ၊ အာမခံ၊ စတော့၊ ကားစသည်) တွင် ရောင်းသူနှင့်ဝယ်သူတို့အကြား ကော်မရှင်ရယူကာ ညှိနှိုင်းပေးသောသူ။ ပွဲစား။

**brokerage (n)** ပွဲရုံ၊ ပွဲခ။





**brothel (n)** ပြည့်တန်ဆာအိမ်၊ မိန်းကလေးများထားရှိကာ လာရောက်ပျော်ပါးသော ယောကျ်ားများထံမှ အခကြေးငွေရယူပြီး ပြည့်တန်ဆာလုပ်ငန်းဖြင့် မီးပွားရှာသည့်အိမ်။

**budget (n)** ရသုံးမှန်းခြေငွေစာရင်း လုပ်ငန်းတစ်ခု သို့မဟုတ် အစိုးရတစ်ဖွဲ့၏ ရှေ့လာမည့် တစ်နှစ်အတွက် စုစုပေါင်းရငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်း။

**buffer zone** ကြားခံနယ်မြေ

**buggery (n)** ယောကျ်ားချင်း ကာမစပ်ယှက်ခြင်း။ စပ်ယှက်ခံရသူမှာ ကလေးသူငယ်ဖြစ်လျှင် paederasty

**bulk Sale (n)** ကုန်ထုတ်လုပ်သူက ကုန်စည်အားလုံးကို ရောင်းချခြင်း သို့မဟုတ် ထုတ်ကုန်များ အသုံးအဆောင်ပစ္စည်းများထဲမှ အများစုကို ရောင်းချခြင်း။

**bull (n)** စတော့ဈေးကွက်တွင် ဈေးတက်မည့်အချိန်ကိုစောင့်ပြီး အမြတ်ယူကာ ပြန်ရောင်းမည့်သူ။

**bullion (n)** ရွှေငွေနှင့် အခြားအဖိုးတန်သတ္တုများကို အတုံး သို့မဟုတ် အချောင်း ပုံလောင်းကာ နိုင်ငံတကာ ငွေပေးချေမှုတွင် ဗဟိုဘဏ်ချင်းသုံးသည်။

**bullpen (n)** တရားရုံး မတင်မီ တရားခံများကို ချုပ်နှောင်ထားသည့်အချုပ်ခန်း။

**burden of Proof** သက်သေပြရန်တာဝန်။ သက်သေပြရန် တာဝန်ဆိုသည့် စကားရပ်နှင့် စပ်လျဉ်း၍ အဓိပ္ပါယ်နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားမှာ ည်သူက စတင်၍ သက်သေပြရမည်ဆိုသည့်ကိစ္စဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ဆိုသော အမှု ထင်ရှားအောင် သက်သေပြရမည့်တာဝန်ဖြစ်သည်။ ပြစ်မှုများတွင် တရားခံ အပြစ်ရှိကြောင်း ပြသရန်တာဝန်သည် တရားလိုအပေါ်၌ အစဉ်ရှိသည်။ တရားမမှုများ၌ ဒီကရီတောင်းဆိုသူသည် မည်သည့်အတွက် ဒီကရီရသင့်ကြောင်း တင်ပြရန်တာဝန်ရှိသည်။

(၁၉၇၀ မတစ ၁၁၆ နှင့် သက်သေခံအက်ဥပဒေပုဒ် ၁၀၁ မှ ၁၁၄ မှ အထိကြည့်ပါ။)

**burglary (n)** ညဥ့်အချိန်တွင် အိမ်ကိုဖောက်ထွင်းခိုးယူခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၅၊ ပုဒ်မ ၄၄၆ ကြည့်ပါ)



www.burmeseclassic.com

www.burmeseclassic.com



**business (n)** စီးပွားရေးလုပ်ငန်း

**buy sell agreement** လုပ်ငန်းပိုင်ရှင်များအကြားနှုတ်ထွက်သွားသော လုပ်ငန်းရှင် သို့မဟုတ် သေဆုံးသွားသော လုပ်ငန်းရှင်တို့၏ အကျိုးစီးပွားများကို ဝယ်ယူ ရန် သဘောယူထားသည့် စီစဉ်ဆောင်ရွက်မှု။

**by election** ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲ။

**by law** ဌာနတွင်းရေးရာများကို ဆောင်ရွက်ရန်နှင့် ကော်ပိုရေးရှင်းများတွင် ဆောင်ရွက်ရန် ထုတ်ပြန်သော စည်းကမ်းဥပဒေများ။

ပြည်တွင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်း၏ အာဏာအပ်နှင်းချက်အရ ဒေသအာဏာပိုင်အဖွဲ့က စာထုတ်ပြန်သော စည်းမျဉ်းဥပဒေများဖြစ်သည်။

ကော်ပိုရေးရှင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေများဖြစ်ပြီး ရှယ်ယာပိုင်ရှင်များနှင့် ဒါရိုက်တာများအဖွဲ့က လိုက်နာဆောင်ရွက်ကြသည်။ စည်းမျဉ်းဥပဒေတွင် အစည်းအဝေးများကျင်းပခြင်း၊ ဒါရိုက်တာအဖွဲ့နှင့်အဆင့်မြင့်အရာရှိကြီးများကို ရွေးချယ်ခြင်းလုပ်ငန်းစဉ်များ ပါဝင်သည်။ ထို့ပြင် ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကိုလည်း ပြဋ္ဌာန်းထားသည်။

**by stander (n)** အခင်းဖြစ်ပွားချိန်က အနားတွင်ရှိနေသော်လည်း ပါဝင်ပတ်သက်ခြင်း မရှိသူ။



# C

**cabal (n)** နိုင်ငံရေးအာဏာရရှိရန် လျှို့ဝှက်စီမံချက်ရေးဆွဲသော အစုငယ်၊ ၎င်း စာလုံးသည် လူပုဂ္ဂိုလ် (၅) ဦးတို့၏ ရှေ့စာလုံးများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ၎င်းလူ (၅)ဦးမှာ Clifford, Ashley, Buckingham, Arlinton and Lawderdale တို့ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် ဒုတိယချားလ်းဘုရင် အုပ်စိုး စဉ်ကာလက ပစ္စည်းပိုင်ဆိုင်မှုများကို မူလအတိုင်းပြန်လည်ထားရှိစေရန် စီမံကိန်း ရေးဆွဲကြသူများဖြစ်သည်။

**cabinet (n)** ဝန်ကြီးများအဖွဲ့၊ အစိုးရအဖွဲ့။

**cadet (n)** a young trainee for a rank in the forces လက်နက်ကိုင်အဖွဲ့အစည်းများ၊ ရေကြောင်းသွားလာရေး သင်္ဘောများတွင် ရာထူးခန့်ထားနိုင်ရေးအတွက် အလုပ်သင်လူငယ်။

**cafeteria plan** အလုပ်သမားအနေဖြင့် ရွေးချယ်ခွင့်ရှိသော အကျိုးခံစားခွင့်အစီအစဉ်။ ၎င်းအစီအစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်အာမခံ၊ သေနံမစွမ်း အာမခံနှင့် အလားတူအကျိုးခံစားခွင့်များပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**calendar (n)** တရားရုံး၏ အမှုခေါ်စာရင်း။

**calendar month** ပြက္ခဒိန်လ။ ပြက္ခဒိန်လသည် တစ်နှစ်လျှင် ၁၂ လရှိသည်။ ဧပြီ၊ ဇွန်လ၊ စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင် ရက်ပေါင်း ၃၀ ရှိပြီး ဖေဖော်ဝါရီလမှအပ ကျန်လများတွင် တစ်လလျှင် ရက်ပေါင်း (၃၁) ရက် ရှိသည်။ ဖေဖော်ဝါရီလတွင် ရက်ပေါင်း ၂၈ ရက်ရှိပြီး ရက်ထပ်နှစ်တွင် ရက်ပေါင်း (၂၉) ရက်ရှိသည်။ အိမ်ရှင်/အိမ်ငှားအမှုများတွင် ဥပစာမှ ဖယ်ရှား ပေးရန် စွဲဆိုသော အမှုများ၌ အကြောင်းကြားစာပေးပို့ရာတွင် ငှားရမ်းခြင်းသည် ပြက္ခဒိန်လအလိုက် ငှားရမ်းခြင်းလား၊ သတ်မှတ်ထားသည့် ငှားရမ်းကာလ အလိုက်ငှားရမ်းခြင်း (ဥပမာလ တစ်လ၏ (၁၀) ရက်နေ့မှ နောက်လ တစ်လ၏ (၉) ရက်ကို တစ်လသတ်မှတ်ခြင်း)လားဆိုသည့်အချက်ကို သတိထားရမည်။

**call (v)** (၁) ငွေပေးရန်တောင်းဆိုခြင်း၊ ရှယ်ယာတစ်ခု၏ ငွေမကြေသေးသော အပိုင်းကို အပြည့်ပေးသွင်းရန် အကြောင်းကြားခြင်း။
(၂) လူအများစုဝေးရန် အကြောင်းကြားခြင်း။
(၃) အချိန်မစေ့ရောက်မီ ပြန်လည်ရွေးနှုတ်ရန်အတွက် အာမခံတင်ပြရန်တောင်းဆိုခြင်း။

**call to the bar--** barrister at law ပြီးမြောက်အောင်မြင်ပြီးသူများအား ဝတ်လုံတော်ရ လက်မှတ်ပေးအပ်ခြင်း။

**called for trial --** နှစ်ဘက်သောအမှုသည်များသည် အမှုကို ရင်ဆိုင်ရန်အဆင်သင့်ဖြစ်နေသည်ဟုဆိုလိုသည်။

**calumny** သွားပုတ်လေလွင့်ပြောခြင်း၊ မုသားတိုက်ခိုက်ပြောခြင်း။

**cambist** ငွေပေးကတိစာချုပ်များ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို အရောင်းအဝယ်ပြုလုပ်သူ။ ပွဲစား။

**camera---** **see in camera**

**cannabis (n)** ဆေးခြောက်

**cancel (v)** ပယ်ဖျက်ခြင်း၊ စာချုပ်စာတမ်းတစ်စောင်ပေါ်တွင် ကန့်လန့်ဖြတ်မျဉ်းဆွဲခြင်း၊ စုတ်ဖြဲခြင်း၊ စာချုပ်စာတမ်းပေါ်တွင် ပယ်ဖျက်ခြင်းဟု ရေးသားခြင်းနှင့် အခြားနည်းအားဖြင့် ဖတ်မရအောင်ပြုလုပ်ခြင်း၊ တံဆိပ်ခေါင်းများကို ထပ်မံအသုံးမပြုနိုင်အောင် ဖောက်ခြင်း၊ တံဆိပ်ခေါင်းပေါ်တွင်ဖြတ်၍ လက်မှတ်ရေးထိုးခြင်း။

**cancellation of document** စာဖြင့် ရေးသားထားသော စာချုပ်စာတမ်းတစ်စောင်ကို မဖျက်သိမ်းပါက နစ်နာမည်ဟုစိုးရိမ်ရန်ရှိသော၊ ပျက်ပြယ်သော၊ ပျက်ပြယ်ခွင့်ရသော စာချုပ်စာတမ်းကို ချုပ်ဆိုခြင်းခံရသောသူတစ်ယောက်သည် ပျက်ပြယ်ကြောင်း၊ ပျက်ပြယ်ခွင့်ရှိကြောင်း ဆုံးဖြတ်ပေးရန် တရားစွဲဆိုနိုင်သည်။ ထို့ပြင် စာချုပ်စာတမ်း တစ်စောင်တွင် ကွဲပြားခြားနားသော ရပိုင်ခွင့်များ သို့မဟုတ် ကွဲပြားခြားနားသော တာဝန်များပါရှိကြောင်း သက်သေရှိလျှင် စာချုပ်ပါ အချို့အဝက်ကို ဖျက်သိမ်းခြင်း (1877 Specific Relief Act sec . 39,40)

**candidate (n)** ယှဉ်ပြိုင်သူ၊ မိမိကိုယ်ကိုမိမိရုံးတာဝန်အတွက် ရွေးကောက်ပွဲအတွက် တောင်းခံခြင်း သို့မဟုတ် အဆိုပြုခြင်း ပြုလုပ်သူ၊ ကိုယ်စားလှယ်လောင်း။

**caning** ကြိမ်ဒဏ်၊ မြန်မာနိုင်ငံတွင် ကြိမ်ဒဏ်အဖြစ်ပေးခြင်းမရှိတော့ပါ။

**canon (n)** ယေဘုယျဥပဒေ နည်းဥပဒေ သို့မဟုတ် မူဝါဒ။ အခြေခံနည်းဥပဒေအဖြစ် လက်ခံသော။

**canon law** ဘာသာရေးဆိုင်ရာတရားဥပဒေ။

**cantonment (n)** တပ်နယ်မြေ

**canvassing (n)** မဲဆွယ်ခြင်း၊ မဲဆန္ဒနယ်မြေအတွင်း မဲဆန္ဒရှင်များ၏ ပြိုင်ရေးအရ ထောက်ခံမှုရရန် ပန်ကြားခြင်း၊ အသေးစိတ်စစ်ဆေးခြင်း၊ စေ့စပ်သေချာစွာ ရှာဖွေစစ်ဆေးသည်။ အသေးစိတ်ဆွေးနွေးသည်။ စီစစ်သည်။

**canvass (V)** မဲဆွယ်သည်။ ဆန္ဒသဘောထားတောင်းသည်။

**cap (n)** အမြင့်ဆုံး(ဗန်းစကား)။ ဈေးငွေတစ်ခုအပေါ်အမြင့်ဆုံး အတိုးသတ်မှတ်ချက်။

**capacity (n)** စွမ်းဆောင်နိုင်မှု၊ အရည်အသွေး၊ ကြံ့ခိုင်ခြင်း၊ ပဋိညာဉ်ချုပ်ဆိုရန် သို့မဟုတ် ရပိုင်ခွင့်များကို ကျင့်သုံးရန် စွမ်းအား။ ဥပဒေအရ







www.burmeseclassic.com

www.burmeseclassic.com



စွမ်းဆောင်နိုင်ခြင်း ကလေးသူငယ်သည့်ပေးရန် တာဝန်ခွဲဝေခြင်းနှင့် စပ်လျဉ်း၍ အကန့် အသတ်နှင့်သာ စွမ်းဆောင်ရည်ရှိသည်။ စိတ်ဝေဒနာရှင်များသည် တရားမ ကိစ္စတွင် ဆောင်ရွက်နိုင်စွမ်းမရှိ။ ကြီးလေးသောပြစ်မှုကျူးလွန်သည့် ရာဇဝတ် သားသည် ယာယီအားဖြင့် တရားမကိစ္စတွင် စွမ်းဆောင်နိုင်မှုမရှိပေ။

**capital (n)** လုပ်ငန်း၏ အခြေခံမတည်ရင်းနှီးငွေ သို့မဟုတ် လုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံမှု။ ၎င်းတွင်လုပ်ငန်းအတွင်း ယူဆောင်လာသည့် အခြားပစ္စည်းများလည်း ပါဝင်သည်။ ကော်ပိုရေးရှင်းတစ်ခု၏ ဥပဒေအရပေးရန် တာဝန်သည် ၎င်း၏ ရင်းနှီးမြှုပ်နှံငွေက သာမာန်အားဖြင့် ကန့်သတ်ထားသည်။

**capital account** နိုင်ငံတစ်ခု၏ ပြည်ပငွေပေးစာရင်းကို ဆန်းစစ်ရာတွင် နိုင်ငံတကာနယ်ပယ်တွင် ငွေရေးကြေးရေးအဝင်အထွက်များကို capital account အလုံးအရင်းစာရင်းဟုခေါ်သည်။ [ဦးသိန်းခိုင် (ဘဏ်)]

**Capital Asset** လုပ်ငန်းမှပိုင်ဆိုင်သောမည်သည့်ပစ္စည်းမဆို။ အဆိုပါပစ္စည်းသည် တစ်သက်တာအသုံးဝင်ခြင်း(သို့) တစ်နှစ်ထက်ပို၍အသုံးဝင်ခြင်း။ ဥပမာ - ကွန်ပျူတာ၊ ထရပ်ကား စသည် ...။

**capital case (offences)** သေဒဏ်ကျခံထိုက်သော ပြစ်မှုများ၊ လူသတ်မှု၊ နိုင်ငံတော်ကို ပုန်ကန်မှု

**capital punishment** Death penalty သေဒဏ်စီရင်ခြင်း။

**capitulation (n)** The act of surrendering လက်နက်ချခြင်း၊ အရှုံးပေးခြင်း

capitalate (v) လက်နက်ချသည်။

**capitulary** ပြဋ္ဌာန်းဥပဒေအတွဲများ။ ပြဋ္ဌာန်းထားသည့်ဥပဒေများ။

**capricious (adj)** (လူပုဂ္ဂိုလ်) ကြိုတင်မပြောနိုင်သော (သို့) တိုက်တွန်းသော အပြုအမူ ဖြစ်သော၊ ထိန်းကျောင်းသောလက္ခဏာ။ (ဒီကရီ) သက်သေခံချက်ကို ဆန့်ကျင် သော သို့မဟုတ် ဥပဒေ စိုးမိုးရေးတည်တန့်မှုကိုဆန့်ကျင်သော

**caption (n)** တရားရုံးအမှုတွဲ မျက်နှာဖုံးပေါ်တွင် မှတ်သားထားသောအမှုသည်များ၏ အမည်၊ တရားရုံး၏ အမည်၊ အမှုနံပါတ်၊ မည်သည့်ဥပဒေပုဒ်မဖြင့် စွဲဆို ထားကြောင်းတို့ကိုနိဒါန်းအနေဖြင့်ဖော်ပြခြင်း။ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးခြင်း။





**care (n)** အာရုံစိုက်ခြင်း၊ မျှော်မြင်တတ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ သတိဝီရိယ ခြင်း၊ သာမန်ဝီရိယရှိသူ၌ ရှိရမည့်ဝီရိယဖြင့် ပြုလုပ်သောပုဂ္ဂိုလ်၏ ပြုလုပ်မှု ထိခိုက်ဒဏ်ရာရမှု အကျိုးဆက်ဖြစ်ပေါ်ခဲ့လျှင် ထိုသူ၌ တာဝန်မရှိစေရ။ ...မှုများတွင် ပြစ်မှုမကင်းသော အကြံဖြင့်ပြုမှသာ ပြစ်မှုမြောက်သည်။ ...ကြီးစွာထားပါလျက် လုံးဝမမျှော်လင့်ဘဲ ဖြစ်ပွားရခြင်းမှာ မတော်တဆ ...ခြင်းဖြစ်သည်။ တောထဲ အမဲလိုက်သွားရင်း သားကောင်ကို သေနတ်ဖြင့် ...ရာတွင် မမြင်ရသည့်အဝေးတစ်နေရာမှ လူကိုထိမှန်ခြင်းမှာ မတော်တဆ ...သည်။ အသိဉာဏ်ဖြင့် ပြုလုပ်ခြင်းမဟုတ်၍ ပြစ်မှုမမြောက်ပေ။ သို့သော် ...လိုက်ရာတွင် လူစုကွဲသွားရာ၌ မမြင်ရာပစ်၍ လူကိုသေစေသည့် ကိစ္စတွင် ...တော်တဆ ဖြစ်သည်ဟု မဆိုနိုင်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၀၊ ပုဒ်မ ... ကြည့်ပါ)

**careless (a)** ပေါ့ဆသော၊ ပေါ့ပေါ့ဆဆပြုလုပ်ခြင်းကြောင့် တစ်စုံတစ်ရာ ...ပျက်စီးခဲ့လျှင် ပေါ့ဆသူတွင် တာဝန်ရှိသည်။

**cargo (n)** ကုန်၊ ကုန်စည်၊ သင်္ဘောတင်ကုန်ပစ္စည်း။

**cargo insurance** လမ်းခုလတ်တွင် အာမခံထားသော သင်္ဘောတင် ...ပစ္စည်းများ ပျက်စီးခဲ့သော် ပေါ်လစီပါတန်ဘိုးအတိုင်း အကျိုးခံစားခွင့် ...ပေးသည့် အာမခံ။

**caricature (n)** တစ်ဦးတစ်ယောက်၏ပုံသဏ္ဍာန်ကို လွန်လွန်ကဲကဲရေးဆွဲ ...သည့် ရုပ်ပြောင်။

**carnal knowledge** -- အရွယ်မရောက်သေးသောမိန်းကလေးနှင့် ကာမ ...ယှက်ခြင်း။ အမျိုးသားနှင့် အမျိုးသမီးတို့နှစ်ဦး ကာမစပ်ယှက်ခြင်း။ ...သို့စပ်ယှက်ခြင်းမှာ တစ်ကြိမ်ပင်ဖြစ်စေကာမူ ယောကျ်ား၏အင်္ဂါသည် ...၏အင်္ဂါအတွင်းသို့ အနည်းငယ်ထိုးသွင်းရုံဖြင့် စပ်ယှက်မှုမြောက်သည်။ carnal knowledge သည် လိင်မှုရေးရာအမှုအခင်းများတွင် ဥပဒေကြောင်းအရ ...ပါသောကိစ္စဖြစ်သည်။

**carrier (n)** စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အခကြေးငွေရယူကာ ကုန်ပစ္စည်း ...ကို (ကုန်တင်ကား၊ လူစီးကား၊ တက္ကစီကား၊ ဘတ်စ်ကား၊ လေယာဉ်ပျံ၊ ...ထားနှင့် သင်္ဘောများ)သယ်ယူပို့ဆောင်ခြင်း။ ပို့ဆောင်သူ။



www.burmeseclassic.com

www.burmeseclassic.com



သယ်ယူပို့ဆောင်သူကို နှစ်ပိုင်းခွဲခြားနိုင်သည်။အများပိုင်ပစ္စည်းများကို အခကြေးငွေရယူပြီးအချိန်မှန်သယ်ဆောင်ပေးသည့် လုပ်ငန်းလုပ်ကိုင်သူနှင့် private carrier စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း မဟုတ်သောအဖွဲ့ဖြစ်ပြီး၊ သီးခြားကိစ္စရပ်များတွင်ကုန်ပစ္စည်းများနှင့်ခရီးသည်များကို ပို့ဆောင်ပေးရန် သဘောတူညီသောတို့ဖြစ်သည်။

**carry over** ဝင်ငွေခွန်ဖြတ်တောက်ခြင်းကို (အထူးသဖြင့် အသားတင်ဆုံးရှုံးမှုအတွက်)သက်ဆိုင်ရာကာလအတွင်း ကောက်ခံခြင်းမပြုသော်လည်း၊ နောင်နှစ်များတွင်ကောက်ခံခြင်း။

စတော့ဈေးကွက်တွင် စာချုပ်၊ ပြေစာစာရင်းစသည်တို့တွင် ရက်စွဲစေ့ရောက်သော်လည်း အတိုးတွက်ချက်သည့်နေ့ရက်ရောက်သည်အထိ ပေးချေလွှဲပြောင်းရန် ရွှေ့ဆိုင်းမှု။ (ဦးကြည်မြင့် အားလုံးအတွက်စီးပွားရေးအဘိဓါန်)

**cartel (n)** ၁။ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း၊ ဈေးနှုန်းကိုလည်းကောင်း၊ ထိန်းချုပ်နိုင်ရန် ကုန်ထုတ်လုပ်သူနှင့်ရောင်းချသူများ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်း။

၂။ တူညီသောအကျိုးစီးပွားရှိသော လုပ်ငန်းများစုပေါင်းထားသည့်အသင်း။ ၎င်းအသင်းသည် ဈေးကွက်အတွင်း အလွန်အကျွံမမျှမတ ယှဉ်ပြိုင်ခြင်းကို ကာကွယ်ခြင်း၊ ဈေးကွက်ခွဲဝေပေးခြင်းနှင့် ရှယ်ယာသတင်းကို ဖြန့်ဝေခြင်းများပြုလုပ်သည်။

၃။ စစ်ဖြစ်ပွားနေသောနိုင်ငံအချင်းချင်း စစ်သုံ့ပန်းများလဲလှယ်ခြင်းနှင့် အခြားကိစ္စများဆောင်ရွက်ရန်ပြုလုပ်သောစာချုပ်။

**case (n)** ၁။ တရားစွဲဆိုခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်ခြင်း။ active case စစ်ဆေးနေဆဲအမှု။

case of first impression တရားစီရင်ပိုင်ခွင့်အာဏာအရ ယခင်က ဆုံးဖြတ်ခဲ့ခြင်းမရှိသောဥပဒေပြဿနာကို အဆုံးအဖြတ်ခံရန် တရားရုံးသို့ အမှုတင် သွင်းလာခြင်း။

care reserve ဥပဒေရေးရာကို အထူးကြားနာစဉ်းစားရန် သီးသန့်ထားသောအမှု။ အဆိုပါပြဿနာကိုအယူခံရုံးမှ စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။





၂။ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်း။

၃။ လျှောက်လဲချက်။

**case stated** အောက်ရုံးများမှ အထက်ရုံးဖြစ်သောတရားလွှတ်တော်သို့ အမှု၏ အကြောင်းခြင်းရာအချက်အလက်များဖော်ပြပြီး ဥပဒေရေးရာပြဿနာကို တင်ပြ ၍ အကြံဉာဏ်တောင်းခံခြင်း၊ အဆုံးအဖြတ်ခံယူခြင်း။

(တရားမကျင့်ထုံးဥပဒေအမိန့် ၄၆ လွှဲအပ်လွှာကြည့်ပါ)

**cases of special urgency** အထူးအရေးတကြီးဆောင်ရွက်ရမည့်ကိစ္စများ။

**cash (n)** ငွေစက္ကူ၊ ငွေဒင်္ဂါး

**cash flow** လုပ်ငန်းတစ်ခု၏ငွေသားအဝင်အထွက်စီးဆင်းမှု

**cash payment** ငွေဖြင့်ပေးချေခြင်း။ ဘဏ်လွှဲငွေ bankdeaft ဖြင့်ပေးချေခြင်းမှာလည်း ငွေပေးချေခြင်းဖြစ်သည်။

**cashier (n)** (n) ငွေကိုင်၊ ငွေထိန်း

(vt)လုပ်ငန်းတွင်ရိုးဖြောင့်မှုမရှိ၍ ရှုတ်ချပြီးရာထူးမှထုတ်ပယ်သည်။ (မရိုးမဖြောင့်စွာတာဝန်ထမ်းဆောင်ခြင်းမှာသုံ့ကြိမ်အထိ ဖြစ်ပွားလာသဖြင့် A ကို ရာထူးမှထုတ်ပယ်လိုက်သည်။) A was cashiered.

**cast (v)** အမှုရှုံးနိမ့်သည့်အခါ လျော်ကြေးနှင့်တရားစရိတ်များပေးရန် အမိန့်ချခံရခြင်း။ မဲနှင့်ရွေးသည်။

**casting vote** မဲအရေအတွက်တူညီနေသည့်အခါ ဥက္ကဋ္ဌက အဆုံးအဖြတ်မဲပေးခြင်း။

**caucus** -နိုင်ငံရေးပါတီမှကိုယ်စားလှယ်များသည် ပါတီဝင်လောင်းအမည်စာရင်းတင်သွင်းရန်နှင့်ပါတီမူဝါဒများကို ဆုံးဖြတ်ချက်ချရန်စုဝေးခြင်း။

မူဝါဒနှင့်မဟာဗျူဟာကိုပုံစံချရန် လူအများစုဝေးကြခြင်း။

**causal labour** --တစ်ခါတစ်ရံမှခေါ်ယူအသုံးပြုသောအလုပ်သမား။ အလုပ်ရှင်၏ အလုပ်ကို အရေးပေါ်သို့မဟုတ် လုပ်ငန်းပမာဏအပေါ် အခြေခံ၍ ခေါ်ယူ နိုင်စေမည့်အလုပ်သမား။ ဥပမာ – မော်တော်ကားအဟောင်းပြခန်းမှ မှန်များကို သန့်ရှင်းရေးပြုလုပ်ရန်။ ရုံးခန်းအတွက်ရောက်ရှိလာသော ပရိဘောဂများကို သယ်ယူပြီးနေရာချထားပေးရန် ငှားရမ်းထားသည့် အလုပ်သမားအဖွဲ့။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေကာမူ ထိုအလုပ်သမားများကို ဥပဒေအရအသိအမှတ်မပြုပေ။ အရေးပေါ်ခေါ်ယူအသုံးပြုသောအလုပ်သမားများသည် အလွတ်ကန်ထရိုက်တာများသော်လည်းကောင်း ဇောက်အလုပ်သမားများသော်လည်းကောင်းဖြစ်ပြီးငှားရမ်းသည့် ကုမ္ပဏီ၏ဥပဒေကြောင်းနှင့် အခွန်ကိစ္စများတွင်မူ ထိုအလုပ်သမား၏ဆောင်ရွက်မှုသည် အခြားအမြဲတမ်းလုပ်သား များနှင့်အတူတူပင်ဖြစ် သည်။

**causal vacancy** ရှောင်တခင်လစ်လပ်သောနေရာ။

**casualty** (၁) ကြိုတင်မသိနိုင်သော၊ ရှောင်ကြဉ်ရန်အချိန်မရသော မတော်တဆ ဖြစ်မှု သို့မဟုတ် အဖြစ်အပျက်။ ဥပမာ – သင်္ဘောပျက်ခြင်း၊ မီးလောင် ခြင်း၊ သို့မဟုတ် မြေငလျင်လှုပ်ခြင်း။ (၂) ထိုသို့သော မတော်တဆဖြစ်မှုများ အတွက် ဆုံးရှုံးခြင်းဆိုးကျိုး များ ဖြစ်စေခြင်း။

**casualty loss** မမျှော်လင့်နိုင်သောကိစ္စများဖြစ်သည့် လေမုန်တိုင်းတိုက်ခြင်း။ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ သင်္ဘောပျက်ခြင်း၊ မြေငလျင်လှုပ်ခြင်းကြောင့် ငွေကြေး သို့မဟုတ် ပစ္စည်းများဆုံးရှုံးခြင်း။ ထိုဆုံးရှုံးမှုများကို အခွန်ကောက်ခံရာတွင် တရားဝင်နှုတ်ပယ်ခွင့်ရှိသည်။

**cause (n)** တစ်စုံတစ်ရာဖြစ်ပွားသည့်အကြောင်းရင်း။ တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးတစ်ယောက်ကို နာကျင်စေရာတွင် ထိုသူမှထိုနာကျင်စေမှု အကြောင်းရင်းအတွက် တာဝန်ရှိကြောင်းအမိန့်ချမှတ် ခံရသည်။

**cause list** . တရားရုံး၏အမှုခေါ်စာရင်း။

**causa mortis** အသက်အရွယ်အားဖြင့်လည်းကောင်း၊ နေမကောင်း၍လည်းကောင်း ထိခိုက်ဒဏ်ရာရမှုကြောင့်လည်းကောင်း အသက်ဆုံးရှုံးတော့မည်ဟု မျှော်လင့်သည့်အခါ ပေးကမ်းခြင်း၊ ပစ္စည်းလွှဲပြောင်းပေးခြင်း။ (မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဗုဒ္ဓဘာသာဝင်မြန်မာများသည် သေခါနီးဆဲဆဲပေးကမ်းလျှင်လုံးဝတရားမဝင်ပါ။)

**cause of action** တရားမမှုတစ်မှုကိုစွဲဆိုရန်အကြောင်းပေါ်ပေါက်ခြင်း။ တစ်ဖက် အမှုသည်ထံမှ ကုစားမှုရရှိရန် တရားရုံးတွင် တရားလိုမှတရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်သည့်အချက်။





တစ်ဖက်မှငြင်းဆိုပါက တရားလိုအနေဖြင့် မိမိ၏အခွင့်အရေးကို အထောက်အခံအဖြစ် သက်သေထင်ရှားပြရန်လိုအပ်သော အကြောင်းခြင်းရာ အသီးသီးဖြစ်သည်။ **(1995 BLRSA)**

**caution (n)** ဘေးအန္တရာယ်ရှိကြောင်းသတိပေးချက်။

**caution money** ကန်ထရိုက်လုပ်ငန်းသို့မဟုတ် ငွေကိုင်ကဲ့သို့လုပ်ငန်းများတွင် အာမခံအဖြစ်တင်သွင်းထားရသည့်ငွေ။

**cautioner** အခြားသူ၏ကြွေးမြီအတွက်အာမခံသူ။

**caveat (lat)** (၁)သတိပြုရန်။(၂) တရားရုံး၊ တရားသူကြီးနှင့် တရားရုံးအရာရှိအနေဖြင့် အမှုသည်အား ကြားနာရန်အခွင့်အလမ်း အကြောင်းကြားစာအရရှိသည့်တိုင်အောင် တစ်စုံတစ်ရာဆောင်ရွက်ခြင်း မပြုရန် အမှုနှင့်သက်ဆိုင်သူက ပုံမှန်အကြောင်းကြားစာ ထုတ်ခြင်း။

**caveat emptor** ဝယ်သူသတိပြုရန်။ ဝယ်သူက မိမိဝယ်ယူသည့်ပစ္စည်းကို ကောင်း မကောင်းစစ်ဆေးပြီးမှဝယ်ယူရန်မှာ ဝယ်သူ၏တာဝန်ဖြစ်သည်။ မျက်မြင်ရောင်းချသောပစ္စည်းတစ်စုံတစ်ရာတွင် ဝယ်ယူပြီးနောက်မှ ချို့တဲ့မှုတွေ့ရလျှင် ရောင်းသူတွင်တာဝန်မရှိပေ။ ဝယ်သူသည် သာမန်သတိတရားရှိသူတစ်ဦးကဲ့သို့ ပြုကျင့်ရမည်ဖြစ်၍ ရောင်းသူ၏ရိုး...ားဖြောင့်မတ်မှု အပေါ် လုံးဝယုံကြည်ခြင်းမပြုအပ်ပေ။(ကုန်စည်ရောင်းဝယ်ရေးဥပဒေ အခန်း–၂၊ ၃ကြည့်ပါ)

**cease** ပြီးဆုံးသည်၊ ရပ်စဲသည်၊ ရပ်တန့်သည်။

**cease fire** အပစ်အခတ်ခေတ္တရပ်စဲသည်။

**cease and desist letter** ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ပိုင်ရှင်က ဥပဒေမဲ့ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပေးပို့သောပန်ကြားလွှာ။ ဥပမာ မူပိုင်ခွင့်သီပါးကျူးလွန်ခြင်းကို ချက်ခြင်းရပ်ဆိုင်းပေးရန်တောင်းဆိုခြင်း။

**cease and desist order** --တစ်စုံတစ်ခုကိုဆောင်ရွက်နေခြင်းမှရပ်ဆိုင်းရန် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၊ လုပ်ငန်းတစ်ခု (သို့)အဖွဲ့အစည်းတစ်ရပ်သို့ တရားရုံးသို့မဟုတ် အစိုးရဌာနတို့မှ အမိန့်ချမှတ်ခြင်း။ ထိုသို့သော အမိန့်ရရှိရန် တရားလိုအနေဖြင့်၊ တစ်ဦးတစ်ယောက်၏ဆောင်ရွက်မှုသည် [illegible]ရင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှုရှိကြောင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်ကြောင်း အခိုင်အမာသက်သေပြရန်လိုသည်။ ဥပမာသစ်တော များ ခုတ်ခြင်း၊ စတော့ရှယ်ယာများကိုရောင်းချခြင်းတို့သည် တရားဝင်ပါမစ်မရှိဘဲ စည်းမျဉ်းဥပဒေ များကိုဆန့်ကျင်ကြောင်းတွေ့ရပါက ဆောင်ရွက်နေခြင်းကို ရပ်ဆိုင်းရန် အမိန့်ထုတ်နိုင်သည်။ ထိုသို့ထုတ်ပြန်သောအမိန့်သည် အမြဲတန်း သော်လည်းကောင်း အပြီးသတ်ဆုံးဖြတ်ချက်မချမှီအထိသော်လည်းကောင်း ဖြစ်နိုင်သည်။

**cede (v)** စွန့်လွှတ်ပေးအပ်သည်။ လက်လွှတ်သည်။ ခန့်အပ်ခြင်း။ လွှဲပြောင်းခြင်း။

**censor (v)** ဆင်ဆာ စာအုပ်သို့မဟုတ် ရုပ်ရှင်ကိုတရားဝင်စစ်ဆေးခြင်းနှင့် နိုင်ငံတော်၏ မူဝါဒနှင့်ဆန့်ကျင်သောအချက်များကို ဖြတ်တောက်ခြင်း၊ ဖျက်ခြင်း။

**censure (n)** တရားဝင်ပြစ်တင်ကြိမ်းမောင်းခြင်းသို့မဟုတ် ရှုတ်ချခြင်း၊ ပြင်းပြင်း ထန်ထန်ဝေဖန်ခြင်း။

**census (n)** သန်းခေါင်စာရင်း။ နိုင်ငံတော်အတွင်းနေထိုင်သော လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက် များ ကောက်ယူခြင်း (လူဦးရေနှင့်အိမ်အကြောင်းအရာဥပဒေ)

**certificate (n)** အထောက်အထားလက်မှတ်။ တရားရုံးတစ်ရုံးက အခြား တရားရုံးသို့ အမှုကိုဆောင်ရွက်နေကြောင်း အကြောင်းကြားစာ။

**certificate of conformity** လူမွဲတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်တာဝန် ဟူသမျှ ပြုလုပ်ပြီးစီးကြောင်း တာဝန်ကျေကြောင်းနှင့် စပ်လျဉ်း၍ကင်းလွတ်ခွင့် ရရန်လျှောက်ထားသည့်အခါတရားရုံးကကင်းလွတ်ခွင့်အမိန့်ချပေးလျှင် လူမွဲအား ထုတ်ပေးသော လက်မှတ်။ (The Rangoon Insolvency Act, The Myanmar insolvency Act)

**certified copy** တာဝန်ခံမိတ္တူ။ တာဝန်ခံအရာရှိသည် ၎င်း၏လက်ဝယ်ရှိ စာရွက် စာတမ်းမှ ကူးယူထုတ်နုတ်၍ မှန်ကန်ကြောင်းထောက်ခံလက်မှတ် ရေးထိုးထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်နှိပ်ထားသည့်မိတ္တူမှန်။ ရုံးခွန် တံဆိပ် ခေါင်း ကပ်နှိပ်ခြင်းမရှိဘဲ ထုတ်ပေးထားသောတာဝန်ခံမိတ္တူကို uncertified copy ဟုခေါ်သည်။





**certiorari, writ of** ( Latin) to be fully informed ;

အမှုခေါ်စာချွန်တော်အမိန့်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သက်ဆောက်ခံရုံးများတွင် စစ်ဆေးဆဲ၊ စစ်ဆေးပြီးအမှုများကိုခေါ်ယူလေ့လာသုံးသပ်ကာ ပယ်ဖျက်သင့်က ပယ်ဖျက်နိုင်ရန်ထုတ်ပြန်သောအမိန့်။ (၂၀၁၀ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆)

**cession (n)** ၁။ ပစ္စည်း၏ရပိုင်ခွင့်ကိုစွန့်လွှတ်ခြင်း။ ၂။ မြေယာကိုစွန့်လွှတ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း။၃။ စစ်ပြီးဆုံးသည့်အခါ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်ခုသို့ ငြိမ်းချမ်းရေးအစိတ်အပိုင်းတစ်ရပ်အနေဖြင့် နယ်မြေကို ပေးအပ်ခြင်း။ ထိုသို့ ပေးအပ်ခြင်းမှာ မိမိဆန္ဒအလျောက်သော်လည်းကောင်း သို့မဟုတ် အင်အား သုံး၍တွဲဖက်လိုက်ခြင်းကြောင့်လည်းကောင်း လွှဲပြောင်းပေးရခြင်းဖြစ်သည်။

**cestui (set-ee or ses-twee) (French)** "be who" beneficiary အကျိုးခံစားထိုက်သော၊ အကျိုးခံစားထိုက်သူ။

**cestui que trust (French) The one who trust** ယုံမှတ်အပ်နှံမှုကြောင့် ပစ္စည်းပေါ်တွင်အကျိုးကျေးဇူးခံစားထိုက်သူ။ ငှားရမ်းခများလက်ခံခြင်း၊ ထုတ်ပေးခြင်းနှင့်အကျိုးအမြတ်များရရှိခြင်း။

**cestui que use (old french).The one who has the use** တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူ၏ ပစ္စည်းပေါ်တွင်သုံးစွဲခွင့်နှင့် အကျိုးခံစားခွင့်ရရှိသူ။ သို့သော် ပိုင်ဆိုင်ခွင့်မှာ မူလပိုင်ရှင်ထံတွင်ရှိသည်။

**cestui que vie (old french) the one who lives** တစ်သက်တာကာလ အတွင်းအခြားသူတစ်ဦး၏ ပစ္စည်းအသုံးပြုခွင့်ပေးခြင်း။ အသက်ရှင်နေသရွေ့ ကာလပတ်လုံးအပေးခံရသူကိုခေါ်သည်။

**chain of title** မြေတစ်ကွက်၏ပိုင်ရှင်အဆက်ဆက်။ မြေရာဇဝင်။

**chairman (n)** အစည်းအဝေးများ၊ လူထုအဖွဲ့အစည်းများ၊ ဒါရိုက်တာ လူကြီးများ တွေ့ဆုံပွဲတွင် သဘာပတိဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသူ၊ သဘာပတိ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူသည် အစည်းအဝေးများကို ချောမွေ့ပြီးဆုံး စေရန် ကောင်းစွာဆင်ခြင်ပြီးစဉ်းစားဆောင်ရွက်သွားရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**challan** တရားစွဲဆိုရန်စတင်ခြင်း။ initation of prosecution

**challenge (n)** စိန်ခေါ်ခြင်း၊ မှန်ကန်မှုစစ်ဆေးရန်တောင်းဆိုချက်။ ရွေးချယ်ထားသော ဂျူရီလူကြီးများနှင့်စပ်လျဉ်း၍ကန့်ကွက်ခြင်း။

**chambers (n)** The offices and seats of judges or advocates တရားသူကြီးများ၏သီးသန့်ရုံးခန်း။ ရှေ့နေ၏ရုံးခန်း

**champerty (lat:) campi partitio** အမှုသည်နှင့်အမှုနှင့်သက်ဆိုင်ခြင်းမရှိသူတို့အကြားအမှုနှင့်စပ်လျဉ်းပြီး သဘောတူညီချက်တစ်ရပ်ပြုလုပ်ခြင်း။ ထိုသို့ပြုလုပ်ခြင်းသည် အမှုနိုင်လျှင် အကျိုးခံစားခွင့်ခွဲဝေရရှိရန်ဖြစ်ပြီး အမှုအတွင်း ကုန်ကျစရိတ်ကို အမှုသည်မဟုတ် သူက (အပြင်လူက) ကျခံရန်ဖြစ်သည်။ (အမှုဝယ်ခြင်း)

**chance (v)** ကံတရား၊ မမျှော်လင့်ဘဲကြုံတွေ့သည်၊ စွန့်စားသည်။

**chancellor(n)** ရှေးဟောင်းအင်္ဂလိပ်ရိုးရာဥပဒေအရ သာနာညီမျှမှုတရားရုံးတွင် ရုံးထိုင် သည့်တရားသူကြီး။ တစ်စုံတစ်ရာ ကိုဆောင်ရွက်ရန် အမိန့်ပေးနိုင်သော အာဏာ ရှိသည်။ တရားခံအား နစ်နာကြေးပေးဆောင်စေရန် အမိန့်ချခြင်းနှင့် ကွာခြား သည်။

နားလည်လွယ်သောစကားလုံးဖြစ်ပြီး တက္ကသိုလ်အဓိပတိ၊ တက္ကသိုလ်အကြီးအကဲနှင့်ကြီးကြပ်ဆောင်ရွက်သူဟုလည်းကောင်း ဗြိတိန်နိုင်ငံတွင် ဘဏ္ဍာရေး ဌာနအကြီးအကဲဟုလည်းကောင်း အဓိပ္ပါယ်ရသည်။

**chancery (n)** ဗြိတိန်နိုင်ငံတရားလွှတ်တော်၏သာနာညီမျှခြင်းဆိုင်ရာအမှုများ စစ်ဆေးကြားနာသည့်ဌာန (တရားရုံး)။ သာနာညီမျှမှုတရားရုံးတွင် ဥပဒေကို သိပ္ပံနည်းကျပိုင်းခြားစိတ်ဖြာလေ့လာခြင်း။

**chance - medley** --- ရုတ်တရက်သတ်ပုတ်နှောက်ယှက်မှု။ ရုတ်တရက် ခိုက်ရန် ဖြစ်ပွားရာမှ ကာကွယ်ခုခံရာတွင် တစ်ဦးတစ်ယောက်အား သေစေမှု သို့မဟုတ်ဥပဒေနှင့် မညီသော ပြုမှုဆောင်ရွက်ရာတွင် တမင်သက်သက်ကြိုတင်ကြံရွယ်ချက်မရှိဘဲ မည်သည့်အကျိုးဖျက်ဆီးမှုကိုမဆိုပြုလုပ်မှု။

**change of venue** ခရိုင်တစ်ခုအတွင်းအမှုရုံးပြောင်းသွားခြင်း။

**change of circumstances** ---- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၉တွင်





သုံးနှုန်းသည်။ လစဉ်ထောက်ပံ့ကြေးငွေကို မူလကသတ်မှတ်ထားခဲ့သော်လည်း အမှုသည်အနေဖြင့် ငွေရေးကြေးရေး သို့မဟုတ် အခြားသောအခြေအနေ ပြောင်းလဲလာသည့်အခါ စရိတ်ငွေကိုပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့အတွက် တရားမျှတမှုရှိစေရန် တိုးမြှင့်ပေးခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းကိုပြုနိုင်သည်။ အကယ်၍ အခြေအနေပြောင်းလဲခြင်း မဖြစ်ပေါ်ခဲ့လျှင် စရိတ်မှာမူလ အမိန့်ချမှတ်သည့်အတိုင်း ပေးရန်ဖြစ်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၉ကြည့်ပါ။)

**character (n)** အကျင့်စာရိတ္တ၊ ထူးခြားသည့်အမှုအယာ၊ အမှတ်လက္ခဏာ။

**character evidence** တစ်ဦးတစ်ယောက်၏အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း/ ဆိုးသွမ်း ကြောင်းသက်သေပြသည်။

**character witness** အခြားသူ တစ်ဦးတစ်ယောက်၏ ကောင်းသော ထူးခြားသောအကျင့် စာရိတ္တနှင့်ပတ်ဝန်းကျင်တွင် ကောင်းသတင်း ထင်ပေါ်ကျော်စောမှုတို့ကို ထိုသူအတွက် တရားရုံးတွင်သက်သေခံ ပေးသောသက်သေ။ အမှု၏လိုအပ်ချက်အရ လူတစ်ဦးတစ်ယောက်၏ ရိုးသားမှု သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန် ကြောင်းပြသရန် တစ်ခါတစ်ရံတောင်းဆိုလေ့ရှိသည်။ ဥပမာပြစ်မှုနှင့် တရားမမှုများတွင် လိမ်လည်ကြောင်း စွပ်စွဲခံရသည့်အမှုများတွင်ဖြစ်သည်။

**charge** ပြစ်မှုဆိုင်ရာအမှုများတွင် စွဲချက်တင်ခြင်း။ ဥပဒေအရာရှိသည် ရဲတပ်ဖွဲ့မှတင်ပြလာသော တိုင်ချက်၊ ရဲစွဲချက်၊ သက်သေထွက်ချက်များနှင့် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ၊ ရဲတပ်ဖွဲ့၏အစီရင်ခံစာများကို လေ့လာတော်ရှု သုံးသပ်ပြီးနောက် တရားခံ (စွပ်စွဲခံရသူအပေါ်) မည်သည့်ဥပဒေ၊ ပုဒ်မနှင့် တရားစွဲတင်ပို့ရန်ဖြစ်ကြောင်း အကြံဉာဏ်ပေးခြင်း၊ တရားရုံးတွင် စွဲချက်အရ တရားခံရုံးရှေ့ရောက်ပြီးနောက် တရားလိုပြသက်သေများစစ်ဆေးပြီးသည့်အခါ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း မြင်သာသောအချက်များပေါ်ပေါက်ပါက ဖြေရှင်းနိုင်ရန် စွဲချက်တင်သည်။ တာဝန်ရှိခြင်း၊ တာဝန်ပေးအပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**charge sheet** စွဲချက်ပုံစံ

**charge d' affaires** --ယာယီတာဝန်ခံသံမှူး၊ အချုပ်အခြာအာဏာရှိသော နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့အာဏာကုန်လွှဲအပ်သော သံအမတ်ကြီးအစား ၎င်းထက် အဆင့်နိမ့်သော သံမှူးအဖြစ်စေလွှတ်ခြင်းခံရသူ၊ သံမှူး၊ သံအရာရှိ၊ သံရုံး။

**charging order**------ တရားရုံးအပေါ်တွင် ချမှတ်သည့် ဒီကရီကျ ကြွေးမြီငွေအတွက် တရားရုံး ပိုင်ပစ္စည်းများအပေါ် ဝရမ်းကပ်ရန် တရားနိုင်မှရရှိသည့်တရားရုံး၏ အမိန့်။

**charity (n)** ဘာသာရေး၊ လူမှုရေးများအတွက် လှူဒါန်းသည့်ပစ္စည်း၊ အလှူငွေ လှူဒါန်းငွေကို အောက်ပါအတိုင်း လေးမျိုးခွဲခြားထားသည်။

(၁) ဆင်းရဲနွမ်းပါးမှုများအတွက် ယုံကြည်အပ်နှံထားမှု

(၂) ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရန်

(၃) ဘာသာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန်

(၄) လူမှုအဖွဲ့အစည်းအကျိုးဖြစ်ထွန်းစေရေးအတွက် ဆောင်ရွက်ရန်

**charitable contribution** ----ငွေသို့မဟုတ် ငွေကဲ့သို့တန်ဘိုးရှိသော (ပစ္စည်းအမျိုးမျိုး)ကို လူမှု ထောက်ပံ့ရေးအဖွဲ့အစည်းအသီးသီးသို့ လှူဒါန်းခြင်း။ တရားဝင်အလှူခံအဖွဲ့ အစည်းများသို့ လှူဒါန်းလျှင် (တရားဝင်ဖွဲ့စည်းထားသော ကူညီစောင့်ရှောက် ရေးအဖွဲ့၊ ဘာသာရေး၊ ပညာရေး၊ သိပ္ပံဆိုင်ရာအနုပညာ စာပေနှင့် အခြား သောအကျိုးဆောင်လုပ်ငန်းများ လုပ်နေသော အဖွဲ့အစည်းများသို့) ထည့်ဝင် လှူဒါန်းငွေသည် အလှူရှင်အပေါ် အခွန်ကောက်ခံနိုင်သည့်ဝင်ငွေထဲမှ နုတ်ပယ် ခွင့်ရှိသည်။

**charter (n)** ကြေငြာစာတမ်း။ အဖွဲ့အစည်းတစ်ရပ်၏မူဝါဒများ၊ တာဝန်များ လုပ်ဆောင်ချက်များကို ထုတ်ဖော်ကြေငြာထားသည့်စာတမ်း။ ယာယီအသုံးပြုရန် အတွက် ယာဉ်များကိုစီးလုံးငှားခြင်း။ (ဥပမာ– မော်တော်ယာဉ်စီးလုံးငှားခြင်း)

**charter party** -----ကုန်ပစ္စည်းပိုင်ရှင် ကုန်သည်နှင့်သင်္ဘောပိုင်ရှင်တို့အကြား ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ပေးရန်အတွက် ပြုလုပ်သည့် အထူး ပဋိညာဉ်စာချုပ် (သင်္ဘော စင်းလုံးငှားစာချုပ်)





**chartered ship** စင်းလုံးငှားသင်္ဘော သို့မဟုတ် စင်းလုံးငှားကုန်တင်သင်္ဘော။

**chatisement** ---ကလေးသူငယ်များကို လိမ္မာယဉ်ကျေးအောင်မိဘဖြစ်သူက ဆိုဆုံးမ ခြင်း။ အလုပ်သင်၊ ကျောင်းသားများကို ၎င်းတို့၏ဆရာကပြုပြင်ပေးခြင်း ပြစ်မှုအကျဉ်းသားများကို အုပ်ချုပ်ရေးအာဏာပိုင်က အကျင့်စာရိတ္တပြုပြင် အောင်ဆုံးမပေးခြင်း။

**chattel (n)** တစ်နေရာမှ တစ်နေရာသို့ရွှေ့ပြောင်းနိုင်သော ပုဂ္ဂလိကပိုင်ပစ္စည်း

**chattel personal** - ကိုင်တွယ်၍ရသောပစ္စည်း သို့မဟုတ်အသိဉာဏ်ဆိုင်ရာ ပစ္စည်း။

**chattel paper** ကြွေးမြီနှင့်ကြွေးမြီအာမခံချက်များပါသောစာရွက်စာတမ်း သို့မဟုတ် သီးခြားကုန်စည်ငှားရမ်းသည့် စာရွက်စာတမ်း။

**cheats (v)**deciful people who defraud others by using tricks and such other means of dishonestly

လိမ်လည်လှည့်ဖျားရန်အကြံရှိသော လူတစ်ဦးသည် လှည့်ဖျားသော နည်းကိုသုံး၍လည်းကောင်း မရိုးဖြောင့်သောသဘောဖြင့်လည်းကောင်း အခြား သူများအပေါ်လိမ်လည်ခြင်း။(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၅မှ၄၂၀အထိကြည့်ပါ)

**cheating by personation** သူတစ်ပါးအယောင်ဆောင်၍လိမ်လည်ခြင်း။ အောင်ဖြူသည် သေဆုံးသွားသော မောင်မဲဟန်ဆောင်၍လိမ်လည်သည်။ အောင်ဖြူသည် သူတစ်ပါး အယောင်ဆောင်၍ လိမ်လည်မှုကို ကျူးလွန်ခြင်း ဖြစ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၆ ကြည့်ပါ)

**chemist (n)** ဆေးစပ်ဆရာ။ ဆရာဝန်များ သမားတော်များမှ ရည်ညွှန်း သောဆေးများကို စပ်ပေးခြင်းရောင်းချခြင်း။ ၎င်းကိုယ်တိုင် မည်သည့်ဆေးကိုမှ ညွှန်းဆို ခြင်းမပြုသည့်အပြင် ကုသခြင်းလည်းမပြုလုပ်ပေ။

**chemical examiner** ဓာတုဗေဒဝန်

**cheque (check)** ပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ဘဏ် တစ်ခု တွင် ငွေထုတ်ယူနိုင်ရန်အတွက် ဘဏ်တွင်ငွေအပ်နှံထားရှိသူက ရေးပေး သောလက်မှတ်။

**cheque payable to bearer** ဆောင်ယူလာသူသို့ပေးရန်ချက်လက်မှတ်။ ဆောင်ယူလာသူသို့ ပေးရန် ချက်လက်မှတ်မှာ (၁) ဆောင်ယူလာသူသို့ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



အတိအလင်းဖော်ပြထားလျှင် –

(၂) နောက်ဆုံးလက်မှတ်ရေးထိုးခြင်းသည် ပလာထပ်ဆင့်လက်မှတ်ရေးထိုးခြင်းဖြစ်လျှင်

(၃) မည်သူ့အားပေးရန်အတိအလင်းဖော်ပြမထားလျှင် ဆောင်ယူလာသူသို့ပေးရန်ချက်လက်မှတ်ဖြစ်သည်။

**cheque crossed generally** ယေဘုယျမျဉ်းသားခြင်း။ ချက်လက်မှတ်အပေါ် ထောင့်တွင် ကန့်လတ်ဖြတ်မျဉ်းပြိုင်နှစ်ခုပါဝင်သည်။ ထိုမျဉ်းပြိုင်နှစ်ခုကြားတွင် "နှင့်ကုမ္ပဏီ" သို့မဟုတ် "လွှဲပြောင်းခြင်းမပြုနိုင်"ဆိုသောစာသားများပါဝင်သည့်အခါရှိသကဲ့သို့ မပါဝင်သည့်အခါလည်းရှိသည်။

**cheque crossed specially** အထူးမျဉ်းသားခြင်း။ အပေါ်ထောင့်၌ကန့်လတ်ဖြတ်မျဉ်းပြိုင်နှစ်ခု အပြင် ဘဏ်၏နာမည်ကိုရေးသားထားနိုင်သည်။ သို့မဟုတ် ကန့်လတ်ဖြတ် မျဉ်းပြိုင်များမပါဘဲ ဘဏ်၏အမည်သက်သက်ကိုသာ ရေးထားခြင်းဖြစ်နိုင်သည်။ ထိုကဲ့သို့ မျဉ်းသားထားသောချက်လက်မှတ်ကို ဖော်ပြပါဘဏ်မှ တစ်ဆင့်သာလျှင် ငွေထုတ်ယူနိုင်သည်။

**cheque to order** အခွင့်လွှဲအပ်သူသို့သာထုတ်ပေးရန်ချက်လက်မှတ်။ ဘဏ်မှငွေထုတ် မပေးမီငွေလက်ခံမည့်သူက ၎င်း၏နာမည်ကိုချက်လက်မှတ်၏ကျောဘက်တွင် ရေးထိုးရမည်။ ထို့ကြောင့်စာနှင့်လွှဲအပ်သူသို့သာ ပေးရန်ချက်လက်မှတ်သည် ဆောင်ယူသူသို့ပေးရန်ချက်လက်မှတ် ထက်ပိုမိုလုံခြုံ သဖြင့် အဆိုပါအခွင့်လွှဲအပ်သူသို့သာ ထုတ်ပေးရန်ချက်လက်မှတ်ကို ပိုမိုသုံးစွဲသည်။

**chicanery (n) chicanerous (adj)** လိမ်လည်လှည့်ဖျားမှု၊ လှည့်ကွက်၊ ဟန်ဆောင်မှုပရိယာယ်ဝေ့စ်။

**chief justice** တရားသူကြီးချုပ်

**chief examination** အဓိကစစ်မေးခြင်း၊ သက်သေပြသူအမှုသည်က ၎င်း၏သက်သေကို စစ်ဆေးခြင်း။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၃၇)

**chief of staff** ကာကွယ်ရေးဦးစီးချုပ်

**chief executive officer** အမှုဆောင်အရာရှိချုပ်

**child** ကလေးသူငယ်။ အသက် (၁၆)နှစ်မပြည့်သေးသောသူ။





**child abuse** ကလေးသူငယ်အပေါ်မတရားပြုမှု၊ အလွဲသုံးမှု

**child law** ကလေးသူငယ်ဥပဒေ

**child marriage** အရွယ်မရောက်သေးသော ကလေးသူငယ်ကို ထိမ်းမြားလက်ထပ်ခြင်း။ (မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားကလေး၏ အသက်ကို တိကျ စွာ သတ်မှတ်ထားခြင်းမရှိဘဲ ကျန်းမာရေးနှင့်ပြည့်စုံလျှင် လက်ထပ်နိုင်သည်ဟု တွေ့ရပါသည်။ မိန်းကလေး၏အသက်နှင့်စပ်လျဉ်း၍မူ အသက် ၁၅နှစ် ၁၆နှစ် အရွယ်တွင် မိဘများက အိမ်ထောင်ချပေးနိုင်ပြီး အသက် ၂၀နှစ် ကျော်လျှင် မိမိနှစ်သက်သူကို အိမ်ထောင်ပြုနိုင်သည်။ အသက် ၁၄နှစ်အောက် မိန်းကလေးသည် အိမ်ထောင်ပြုရန် မိဘကသဘောတူစေကာမူ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၆အရ ပြစ်မှုမြောက်သည်။

အစ္စလာမ်တရားဥပဒေအရ ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လူပျိုဖော် အပျိုဖော်ဝင်လျှင် တရားဝင်ထိမ်းမြားနိုင်သည်။ အသက် ၁၅နှစ်ပြည့်လျှင် အရွယ်ရောက်သည်ဟု ဥပဒေကမှတ်ယူသည်။

ခရစ်ယာန်ဘာသာဝင်များထိမ်းမြားခြင်းဥပဒေပုဒ်မ ၆၀အရ ယောကျ်ားလေးအသက်မှာ (၁၆)နှစ်အထက်ဖြစ်လျှင် မိဘအုပ်ထိန်းသူ၏ခွင့်ပြုချက်ရပါကတရားဝင်ထိမ်းမြားနိုင်သည်ဟုဆိုထားသည်။ မိန်းကလေးအသက် ၁၃နှစ်ဖြစ်လျှင် မိဘခွင့်ပြုကတရားဝင်ထိမ်းမြားနိုင်သည်။ ၁၄နှစ်အောက်ဖြစ်ပါက ပြစ်မှုဆိုင်ရာဥပဒေနှင့်ညိစွန်းသည်။

မြန်မာနိုင်ငံတွင်အာဏာသက်ရောက်လျက်ရှိသော ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားလေးအသက်မှာ ကန့်သတ်ချက်မရှိ။ သို့သော် ၁၆နှစ်ပြည့်လျှင် အရွယ်ရောက်သည်ဟု သတ်မှတ်ထား၍ (၁၆)နှစ်ပြည့်မှလက်ထပ်နိုင်သည်။ အိန္ဒိယနိုင်ငံတွင် အာဏာသက်ရောက်သော ၁၉၅၅ခုနှစ် ဟိန္ဒူထိမ်းမြားခြင်းဥပဒေအရ ယောကျ်ားကလေးထိမ်းမြားမည့်အချိန်မှာ (၁၈)နှစ်ပြည့်ရမည်။ မိန်းကလေးအသက်မှာ (၁၅)နှစ်ပြည့်ရမည်။ (၁၈)နှစ်မပြည့်သေးလျှင် မိဘခွင့်ပြုချက်ယူရမည်။

ပြစ်မှုဆိုင်ရာဥပဒေအရ ၁၆နှစ်မပြည့်သေးသော မိန်းကလေးတစ်ဦးကို မိဘခွင့်ပြုချက်မရဘဲ ခေါ်ဆောင်သွားလျှင် ပုဒ်မ ၃၆၃ကို ကျူးလွန်ရာရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**chill** တားဆီးချုပ်တီးထားသည်။ ယုံကြည်ချက်ကင်းမဲ့စေသည်။ ဥပမာ ဆန္ဒပြမည့်အဖွဲ့တစ်ဖွဲ့သည် ၎င်းတို့အဖွဲ့၏အနေအထားကို အထောက်အကူပြုရန် စနေ တနင်္ဂနွေနေ့တွင် ချီတက်မည်ဟု အစီအစဉ်ဆွဲထားသည်။ အဆိုပါ အဖွဲ့သည် ဆန္ဒဖော်ထုတ်ခွင့် ခွင့်ပြုမိန့်ကိုရရှိထားသော်လည်း ကောလဟာလ အနေဖြင့် ရဲတပ်ဖွဲ့မှ မျက်ရည်ယိုဗုံးအသုံးပြုကာ လူအုပ်စုကိုဖြိုခွင်းပြီး ဖမ်းဆီး မည်ဟု သတင်းပြန့်နှံ့နေသည်။ ကောလဟာလထွက်ပေါ်မှုမှာ chilling effect ဖြစ်ပေါ်စေပြီး အချို့လူများအနေဖြင့် ဆန္ဒပြပွဲတွင်မပါဝင်တော့ဘဲ နေအိမ် များတွင်သာရှိနေတော့သည်။

**chilling a sale** လေလံဆွဲဝယ်သူများ (သို့) လူအများသည် စုပေါင်း၍ အုပ်စုဖွဲ့၍သော်လည်းကောင်း၊ ကြံဖော်ကြံဖက်အဖြစ်လည်းကောင်း ပေါင်းစည်းပြီး ကုန်ပစ္စည်းများကို အခြားသူဝယ်မရစေရန် ပြုလုပ်ကြပြီး ၎င်းတို့သာကုန်များကို ဈေးလျှော့ဝယ်ခွင့်ရရန် ဆောင်ရွက်ခြင်း။

**chit** ငွေရရှိကြောင်းလက်မှတ်ရေးထိုးထားသည့်ဘောက်ချာ။ သို့မဟုတ် ငွေချေးယူကြောင်းလက်မှတ်ထိုးထားသည့် စာရွက်ပိုင်း။

**choate (adj)** ပြီးပြည့်စုံသော၊ အလုံးစုံပြည့်စုံသော။

**choice of law** ပြဿနာမှာ (တရားရုံးရှေ့)ရောက်ရှိနေသော အမှုကိုမည်သည့်စီရင်ပိုင်ခွင့်ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ကြောင်း။

**chose (french)** ကိုင်တွယ်၍ရသော သို့မဟုတ် ကိုင်တွယ်၍မရသောပစ္စည်း ပုဂ္ဂိုလ်ရေးရာပစ္စည်း။ ရွှေ့ပြောင်းနိုင်သော ကိုယ်ပိုင်ပစ္စည်း။

**chose in action** ပုဂ္ဂိုလ်ဆိုင်ရာပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်း။ ၎င်းတွင်အခြားသူထံချေး ငှားထားသော ကြွေးမြီ၊ အစုရှယ်ယာများ တရားမနစ်နာမှုအလျော်ကြေး တောင်းဆိုမှုများစသဖြင့်။ကြွေး မြီပြန်လည်ရလိုမှု ငွေရလိုမှုပစ္စည်းရလိုမှုတို့အတွက် တရားစွဲဆိုပိုင်ခွင့်၊ ပုဂ္ဂလိကပိုင်ပစ္စည်းမှာ တစ်ဦးတစ်ယောက်ကပိုင်ဆိုင်ပြီး အခြားသူတစ်ဦးတစ်ယောက်၏လက်ဝယ်တွင် ရှိနေခြင်း။ ပိုင်ရှင်သည် တရားစွဲဆိုခြင်းဖြင့် ပြန်လည်ရယူနိုင်သည်။

**circa (lat) prep** ဝန်းကျင် (သို့) အနီးတဝိုက်။ ဥပမာ ရှေးခေတ်ကိုခန့်မှန်းပြောဆိုခြင်း။ (လွန်ခဲ့သည့်နှစ် နှစ်ထောင်ခန့်က) အနီးစပ်ဆုံး။





**circuit (n)** စီရင်ပိုင်ခွင့်နယ်မြေ။

**circumstance (n)** ပတ်ဝန်းကျင်အခြေအနေ။

**circumstantial evidence** ပတ်ဝန်းကျင်သက်သေခံချက်၊ ထင်ရှားအောင်ပြုလုပ်ရမည်။ အကြောင်းခြင်းရာကို မျက်မြင်သက်သေတစ်ဦးက တိုက်ရိုက်အစစ်ခံခြင်းမဟုတ်ဘဲ အခြားအကြောင်းခြင်းရာမှတစ်ဆင့် ထင်ရှားအောင်ပြုလုပ်ရခြင်းဖြစ်သည်။ သက်သေများ၊ အရာဝတ္ထုများ၊ စာရွက်စာတမ်းများမှာ တိုက်ရိုက်အစစ်ခံခြင်းဖြစ်ပြီး ကျန်အကြောင်းခြင်းရာအားလုံးသည် ပတ်ဝန်းကျင်သက်သေခံချက်များဖြစ်သည်။ (ပတ်ဝန်းကျင်နှင့် တစ်ဆင့်ကြား သက်သေခံဥပဒေ–ဦးချစ်မောင်)

အမှုနှင့်စပ်လျဉ်း၍ တိုက်ရိုက်သက်သေခံချက်မဟုတ်ဘဲ အမှုဖြစ်ပွားရာဖြစ်ပွားကြောင်း၊ ဖြစ်ပွားပုံအမှုနှင့်ဆက်စပ်နေသောအခြင်းအရာများကွင်းဆက်များ စသည်တို့ကိုဖော်ထုတ်တင်ပြသည့်သက်သေခံချက်။

(အင်္ဂလိပ်မြန်မာဝေါဟာရအဘိဓါန် ဦးအောင်သန်းထွန်း)

ဥပမာ – ယာဉ်တိုက်မှုဖြစ်ပွားသောနေရာတွင် မောင်ဘကိုမြင်တွေ့သော မျက်မြင်သက်သေတစ်ဦးမှမရှိချေ။ သို့သော် ပတ်ဝန်းကျင် သက်သေခံချက်များ များပြားစွာရှိနေပြီး။ မောင်ဘသည် ယာဉ်တိုက်မှုတွင်ပါဝင်ပတ်သက်နေကြောင်း ညွှန်ပြနေသည်။ အခင်းဖြစ်နေရာရှိ ကားဘီးရာများကို ပုံစံယူပြီးစစ်ဆေးရာ မောင်ဘ၏ကားဘီးရာနှင့်တူညီနေကြောင်း၊ အတိုက်ခံရသောအခြားသူတစ်ဦး၏ မော်တော်ယာဉ်ပေါ်မှ ခြစ်ရာများတွင်ကပ်ညှိနေသော ကားဆေးအရောင်များသည် မောင်ဘ၏ကားဆေးအရောင်နှင့်တူညီခဲ့ကြောင်း မောင်က၏ ကားဘော်ဒီပေါ်မှ ချိုင့်ရာများသည် အခြားဒရိုင်ဘာကပြောသောနေရာတွင်ပင်ရှိနေကြောင်း စသည့်အချက်များသည် မောင်ဘအနေဖြင့် ယာဉ်တိုက်မှုတွင် ပါဝင်ပတ်သက်ကြောင်း ညွှန်ပြသည့်ပတ်ဝန်းကျင် သက်သေခံချက်များဖြစ်သည်။

**citation (n)** ၁။ လူတစ်ဦးတစ်ယောက်အားသတ်မှတ်ထားသော နေ့ရက်အချိန် နေရာသို့လာရောက်ရန် မလာရောက်နိုင်ပါက အကြောင်းပြရန် တရားရုံးက ဆင့်ဆိုသည့်သမ္မာန်စာဆင့်စာ။ ၂။ မော်တော်ယာဉ်အမှုများတွင် ရဲအရာရှိက



www.burmeseclassic.com

www.burmeseclassic.com



တရားခံအား တရားရုံး ရှေ့သွားရောက်ရန် ထုတ်ပေးသည့်ချလံစာရွက်။ ၃။ ကန့်ကွက်နိုင်ကြောင်းတရားရုံး၏ ကြော်ငြာစာ (AGO) ၄။ စီရင်ထုံးများကို ကိုးကားခြင်း။

**cite (v)** ၁။ တရားရုံး၊ ခုံရုံးသို့ဆင့်ခေါ်သည့်စာ

၂။ တပ်မတော်သားတစ်ဦးအား ၎င်း၏ရဲရင့်စွာတာဝန်ထမ်းဆောင်မှုအတွက်ဂုဏ်ပြုခြင်း။ The soldier was cited for bravery.

**citizen** နိုင်ငံသား။ citizen of the republic of the union of Myanmar. ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသား။ (၂၀၀၈ဖွဲ့စည်းပုံအပိုဒ် ၃၄၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနှင့် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့သည် နိုင်ငံသားဖြစ်ကြသည်။

**civil action** တရားမကြောင်းနှင့်အရေးယူမှု။ ပုဂ္ဂိုလ်ရေးဆိုင်ရာတရားမ အခွင့်အရေးကို ကာကွယ်ရန်အရေးယူမှု၊ ကုစားမှု။ ဥပမာ ချေးငွေပြန်ရလိုမှု၊ ရေ၊ လေ၊ အလင်းရောင်ရရှိနေမှုကို မနှောင့်ယှက်စေလိုမှု။

**civil court** တရားမတရားရုံး

**civildeath**တရားမကြောင်းအရာအခွင့်အရေး တောင်းဆိုမှု နှင့်တာဝန်ဝတ္တရားများကို ဆုံးရှုံးသွားခြင်း။ ဥပမာ - ရဟန်းဘောင် သို့ အမြဲကူးပြောင်းသွားခြင်း။

**civil commotion** လူပ်ရှားထကြွခြင်း။ ပြည်သူသို့မဟုတ်ပစ္စည်းများကို ထိခိုက်စေသည်။ အဓိကရုဏ်းတွင်ပါဝင်သောလူအုပ်ထက်ပို၍ များပြားစွာပါဝင် လှုပ်ရှားသည်။ ပုန်ကန်ထကြွသည့်အဆင့်သို့မရောက်ပါ။ အဓိကရုဏ်းနှင့် ပြည်တွင်းစစ် အသုံးအနှုန်းကြားတွင်ရှိသည်။

**civil law** တရားမဥပဒေ။ ပြစ်မှုနှင့်သက်ဆိုင်ခြင်းမရှိသော ဥပဒေများအားလုံးကို ယေဘုယျခေါ်ဝေါ်ခြင်း။

**civil list** နိုင်ငံ့တာဝန်ထမ်းဆောင်နေသောအရာရှိကြီးများ၏စာရင်း။

**civil miscellaneous** တရားမအထွေထွေလျှောက်လွှာ။

**civil procedure code** တရားမကျင့်ထုံးဥပဒေ





**civil proceding** တရားမမှု

**civil remedy** ပုဂ္ဂလိကနစ်နာမှုများအတွက် တရားမကြောင်းအရ အရေးယူကုစားခြင်း။ နစ်နာသူကိုယ်တိုင်စွဲဆိုရပါမည်။

**civil revision case** တရားမပြင်ဆင်မှု။

**civil service** နိုင်ငံ့ဝန်ထမ်း

**civil service regulation** နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းများ

**civil liability** A legal obligation that arises to a private party, usually for payment of damages or other court enforcement of a law-suit. ပုံမှန်အားဖြင့် နစ်နာကြေးများပေးရန်သို့မဟုတ် တရားမမှုတွင် တရားရုံးမှ အတည်ပြုနိုင်ရန် ပုဂ္ဂလိကအမှုသည်အပေါ် ဥပဒေအရဆောင်ရွက်ရန် တိစ္စ ကျရောက်နေခြင်း။

**claim (v)** အခွင့်အရေးကိုတောင်းဆိုခြင်း။

**claim to attached property** ဝရမ်းကပ်ထားသောပစ္စည်းအပေါ် တောင်းဆိုမှု။

**claimant (n)** The party who asserts a right to money or property. ဥပဒေနှင့်အညီငွေနှင့်ပစ္စည်းများကိုတောင်းဆိုခွင့်ရှိသူ။

**clandestine (adj)** Secert .or concelaed esp for illegal or unauthorized purposes. လျှို့ဝှက်သော သို့မဟုတ် ဖုံးကွယ်ထားသော။ အထူးသဖြင့် တရားမဝင်သော သို့မဟုတ် ခွင့်ပြုချက်မရှိသောကိစ္စများတွင် သုံးသည်။

**clandestine mortgage** - ဥပဒေအရမဟုတ်သောပေါင်နှံခြင်း။

**clandestine marriage** - တိတ်တိတ်ပုန်းလက်ထပ်ခြင်း။

**class (n)** ပစ္စည်း၊ အရည်အချင်း၊ အတန်းအစား၊ အမျိုးအစား၊ ရည်ရွယ်ချက်ခြင်းတူညီသောလက္ခဏာနှင့်ပြည့်စုံသည့်လူတစ်စု။

အရေးအတွက်အတိအကျမသိရသောလူတစ်စု။

အမှုတစ်ခုစွဲဆိုရာ၌ ထိုအမှုမှ သို့မဟုတ် တစ်စုံတစ်ရာဆောင်ရွက်ရာမှ သက်သာခွင့်ရနိုင်သူအားလုံးတို့သည်။ တစ်ဦးစီသီးခြားစွဲဆိုမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအချက်အလက်အကြောင်းခြင်းရာခြင်းတူညီနေမည်ဆိုပါက ၎င်းတို့သည် တရားလိုများအဖြစ် အတူပေါင်း၍ တရားစွဲဆိုနိုင်သည်။ CPC O1 R1

တရားလိုများရနိုင်သောသက်သာခွင့်သည် သီးခြားဖြစ်စေ စုပေါင်း၍ဖြစ်စေ၊ ဥပဒေအချက်အလက်သို့မဟုတ် အကြောင်းခြင်းရာခြင်းတူညီနေမည်ဆိုလျှင် သို့မဟုတ် တောင်းဆိုသည့်သက်သာခွင့်မှာ တရားပြိုင်များအပေါ်တူညီနေလျှင် သို့မဟုတ် အမှုတစ်ခုစီခွဲစွဲမည်ဆိုပါက ဥပဒေအချက်အလက်သို့မဟုတ် အကြောင်းခြင်းရာချင်း တူညီနေမည်ဆိုလျှင် အမှုတစ်မှုတည်းတွင် တရားပြိုင်အားလုံးကိုပေါင်း၍ တရားပြိုင်အဖြစ်ထည့်စွဲနိုင်သည်။ O1 R3 (အကျယ်ကြည့်ပါ။)

**classified (adj)** ကန့်သတ်ထားသော အမျိုးအစားခွဲထားသော

**clause (n)** အပိုဒ်၊ ပုဒ်မခွဲငယ်။

**clean-hand doctrine** --မူဝါဒအရ အမှုသည်တစ်ဦးသည်၊ ကျင့်ဝတ်သိက္ခာမညီသော သို့ မဟုတ် မရိုးမဖြောင့်သောစိတ်ထားဖြင့် တရားစွဲဆိုရာတွင် အောင်မြင်လိမ့်မည် မဟုတ်ပေ။ တရားရုံးမှ မည်သည့်သက်သာခွင့်မှ ခွင့်ပြုပေးလိမ့်မည်မဟုတ်ပေ။ ဥပမာ – ကန်ထရိုက်တာတစ်ဦးသည် အိမ်ပိုင်ရှင်ထံမှ ၎င်းဆောင်ရွက်ခဲ့မှု အပေါ် ငွေရလိုမှုတောင်းခံရာ၊ ၎င်းအနေဖြင့် ကန်ထရိုက်စာချုပ်ပါစည်းကမ်းအတိုင်း အလုပ်ကိုပြီးစီးအောင်မပြုလုပ်ခဲ့ဘဲ ငွေကိုတောင်းခံခြင်းဖြစ်လျှင် ပဋိညာဉ်ကို ဖောက်ဖျက်ခဲ့သောကြောင့် အောင်မြင်ရန်အကြောင်းမရှိပေ။

**clear and convincing evidence** ရှင်းလင်းနားလည်စေသော သက်သေခံချက်။လိမ်လည်မှုကဲ့သို့သော တရားမှုတွင် သက်သေပြရန်တာဝန်သည်တရားလိုအပေါ်တွင် ကျရောက်ပြီးတရားပြိုင် အနေဖြင့်ပါဝင်ပတ်သက်ကြောင်း တင်ပြရမည်။ ရှင်းရှင်းလင်းလင်းနှင့် သဘောပေါက်စေခြင်းသည် တရားမမှု များတွင်စံဖြစ်သော သက်သေခံ အလေးထားခြင်းထက်ပို၍ အဆင့်မြင့် သည်။ သို့သော် ပြစ်မှုများတွင် တရားလိုအနေဖြင့် တရားခံပြစ်မှုကျူးလွန် ကြောင်းကို သံသယကင်းအောင် သက်သေပြရမည်ဖြစ်သည်ဟူသော မှုကို မကျော်လွန်ပေ။





**clearance** အကောက်ခွန်ကင်းရှင်းကြောင်းလက်မှတ်။ ကင်းရှင်းခြင်း။

**clearing house**--၁။ဘဏ်လုပ်ငန်းရှင်များတွေ့ဆုံကြပြီးဘဏ်တစ်ခုနှင့်တစ်ခု နေ့စဉ်ပေးရန်ရရန်များကိုစာရင်းရှင်းသည့်နေရာ။

ဘဏ်လုပ်ငန်းရှင်များအသင်း သို့မဟုတ် အခြားငွေထုတ်ပေးသူများ ပုံမှန်စာရင်းရှင်းလင်းရန်နေရာ။

၂။ ပွဲစားများနေ့စဉ်ရောင်းဝယ်နေသောစတော့နှင့် ကုန်ပစ္စည်း လဲလှယ်ခြင်းကိုစာရင်းရှင်းလင်းရန်နေရာ။

၃။ အထူးသတင်းလဲလှယ်ရန်အတွက် မည်သည့်နေရာမဆို။

**clear title** ပစ္စည်း၏ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အခြားသူတစ်ဦးက တောင်းဆိုခြင်း သို့မဟုတ် အငြင်းပွားခြင်းမရှိသော ပိုင်ဆိုင်မှု။ ပစ္စည်းရောင်းချရန် ဆောင်ရွက်ရာတွင် ထိုအချက်မှာအရေးကြီးသောအချက်ဖြစ်သည်။

**clemency (n)** သနားကြင်နာခြင်း သို့မဟုတ် သက်ညှာခြင်း။ သမ္မတသို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြစ်မှုတရားခံများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း သို့မဟုတ် ပြစ်ဒဏ်ကိုလျှော့ပေါ့ပေးခြင်း။

**clerk (n)** လက်ထောက်သို့ လက်အောက်ခံ။ Courtclerk သည် အရာရှိဖြစ်ပြီး ၎င်း၏တာဝန်ထဲတွင် မှတ်တမ်းများကိုထိန်းသိမ်းခြင်း။ ဆင့်စာများထုတ်ပေးခြင်းနှင့်စီရင်ချက်များကို စာရင်းသွင်းခြင်းများပါဝင်သည်။

Law clerk သည် ရှေ့နေ၏လက်ထောက်သို့မဟုတ် တရားသူကြီး၏လက်ထောက်ဖြစ်သည်။ ၎င်း၏အခြေခံအလုပ်မှာ အမှုနှင့်စပ်လျဉ်း၍ ဖြေရှင်းရာတွင် အကူအညီပေးခြင်း၊ အမှုတွဲများရေးသားခြင်း၊ အကြံဉာဏ်ပေးခြင်း၊ စီစဉ်ခြင်း။

**clerical error** -- အမှုတွဲကို စာရေးက ရေးကူးရာတွင် အမှတ်တမဲ့ များယွင်းရေးကူးမိခြင်း၊ တရားရုံးအနေဖြင့် မတော်တဆဖြစ်ပွားသော ရုံးလုပ်ငန်းဆိုင်ရာအမှားများ သို့မဟုတ် ဂဏန်းသင်္ချာဆိုင်ရာအမှားများကို အမှုသည်များအား အကြောင်းမကြားဘဲ ပြင်ဆင်နိုင်သည်။ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂)



www.burmeseclassic.com

www.burmeseclassic.com



**client (n)** ရှေ့နေထံမှ ဥပဒေအကြံဉာဏ်ရယူသူ (အမှုသည်)။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်သောပုဂ္ဂိုလ်ထံမှအကြံဉာဏ်တောင်းခံသူ။

**clinical legal studies** ဥပဒေပညာသင်ကျောင်းမှ ကျောင်းသားများသည် ဥပဒေပါမောက္ခများ သို့မဟုတ် အမှုလိုက်ပါဆောင်ရွက်နေသောရှေ့နေများ၏ ကြီးကြပ်မှုအောက်မှ အမှုများကိုဝင်ရောက်ဆောင်ရွက်ခြင်း။

**close (v)**--ပိတ်ဆို့ခြံခတ်ထားသည့်မြေအစိတ်အပိုင်း။ စတော့ဈေးကွက်ပိတ်သည့် အချိန်တွင်ရှိသောဈေးနှုန်း။ အဆုံးသတ်သည်။ ဆွေးနွေးမှု၊ ညှိနှိုင်းမှုကို အဆုံး သတ်ခြင်း၊ အမှုပိတ်ခြင်း။

**close of bankruptcy** --ပစ္စည်းနှင့်ရပိုင်ခွင့်ရှိသောကြွေးမြီများကို ရောင်းချပြီးနောက် ရရှိသော ငွေကြေးကိုမြီရှင်အသီးသီးအား ဝေပြီးသောအခါ လူမွဲအဖြစ်မှ ကင်းလွတ်ခွင့် ရရှိသည်။

**closing argument-** နှစ်ဖက်အမှုသည်အသီးသီးက သက်သေခံချက် များတင်သွင်းပြီးနောက် နှုတ်ဖြင့်လျှောက်လဲတင်ပြချင်း။အပြီးသတ် လျှောက်လဲတင်ပြခြင်းသည် အမှုစစ်ဆေးရာတွင် တင်ပြသော သက်သေ ထွက်ချက်များ သက်သေခံပစ္စည်းအထောက်အထားများကို အကျဉ်းချုံးသုံးသပ်ပြီး ၎င်း၏အမှုသည်အပေါ် မည်သည့်အတွက် အသာပေးသင့်ကြောင်း လျှောက်ထားခြင်းဖြစ်သည်။

သို့ရာတွင် တရားသူကြီးအနေဖြင့် အမှုကိုဆုံးဖြတ်ရန် အဆင်သင့်ဖြစ်နေသောအခါ နှစ်ဘက်အမှုသည်များက သဘောတူညီချက်ဖြင့် အပြီးသတ်လျှောက်လဲချက်ပေးခြင်းကို စွန့်လွှတ်နိုင်သည်။

**close near relatives** ဆွေမျိုးရင်းခြာများ

**close copy** အမှုသည်အတွက်ရှေ့နေကပြုလုပ်ပေးသောစာချုပ်စာတမ်းမိတ္တူ

**cloture(n)** ဥပဒေပြုအဖွဲ့အစည်းတွင်အချေအတင်ပြောဆိုဆွေးနွေးကြပြီးနောက်ချက်ခြင်း မဲခွဲရန်အတွက် တောင်းဆိုသည့်ကျင့်စဉ်။

**cloud on title** -- အပြစ်အနာအဆာရှိသော ပိုင်ဆိုင်ခွင့်။ ပိုင်ရှင်ရှိသောမြေတစ်ကွက်တွင် ရှင်းရှင်းလင်းလင်းပိုင်ဆိုင်ခြင်းမရှိဘဲ အပြစ်အနာအဆာချို့ယွင်းချက်။ ဖြစ်နိုင်ချေရှိသော ချို့ယွင်းချက်များပေါ်ပေါက်





နေပြီး အခြားသူတစ်ဦးမှ တောင်းဆိုခြင်း သို့မဟုတ် အနှောင့်အယှက်ရှိနေခြင်း။ ဥပမာ – ပိုင်ဆိုင်ခွင့်ကိုတောင်းဆိုခြင်း၊ ရေ၊ မြေ၊ အလင်းရောင်အကျိုးခံစားခွင့်ကိုတောင်းဆိုခြင်းတရားရုံးမှ ချမှတ်ထားသည့် အမိန့်အရပိုင်ဆိုင်မှုတွင်ထိခိုက်ခြင်း။

**coadjutor (n)** တွဲဘက်အလုပ်သမား။ လက်ထောက်

**coconspirator**--အခြားသူတစ်ဦးနှင့်အတူ ပြစ်မှုဆိုင်ရာ ပူးပေါင်း ကြံစည်မှုကိုကျူးလွန်သူ။

**code** ကိုဒ်ဥပဒေ။ စနစ်တကျစီစဉ်စုစည်းထားသော ဥပဒေပေါင်းချုပ်။

ဘာသာရပ်တူရာဥပဒေများကိုစုစည်းထားသောပေါင်းချုပ်။ ဥပမာ ပြစ်မှုဆိုင်ရာကျင့်ထုံး၊ တရားမကျင့်ထုံး။ The Myanmar code, စသည် ..

**co-defendant**---နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ပြစ်မှုတစ်ခုတည်းတွင် တရားခံအဖြစ် ပူးတွဲစွဲဆိုခြင်း သို့မဟုတ် တရားမမှုများတွင် တရားပြိုင်အဖြစ် ပူးတွဲစွဲဆိုခြင်း။ ပူးတွဲတရားခံ/ပူးတွဲ တရားပြိုင်ဟုလည်း ခေါ်သည်။

**code of conduct** သီးခြားအဖွဲ့အစည်းများဖြစ်သော၊ ရှေ့နေ၊ အစိုးရဝန်ထမ်းကော်ပို ရေးရှင်းဝန်ထမ်းစသည့် အဖွဲ့အစည်းအသီးသီးရှိ ပုဂ္ဂိုလ်များလိုက်နာရမည့် ကျင့်ဝတ်သိက္ခာစာတမ်း၊ ဝန်ထမ်းစည်းမျဉ်းများ။

**codicial (n)** သေတမ်းစာနောက်ဆက်တွဲ။ သေတမ်းစာရေးသားချုပ်ဆိုပြီး၊ ၎င်း သေတမ်းစာအရ စီမံခန့်ခွဲသည့်အချက်များကိုရှင်းလင်းဖော်ပြခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ ထပ်မံထည့်သွင်းခြင်းပြုလုပ်သည့် စာချုပ်စာတမ်းကိုခေါ်သည်။ အဆိုပါသေတမ်းစာနောက်ဆက်တွဲမှာ မူလသေတမ်းစာ၏အစိတ်အပိုင်းဖြစ်လာသည်။ [၁၉၂၅ခု အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂(ခ)]

**codification (n)** ဥပဒေများကိုစနစ်တကျစီစဉ်စုစည်းသည်။ ကိုဒ်ဥပဒေအဖြစ်ခုတွင် ဥပဒေများကိုအစီအစဉ်တကျဖြစ်အောင်ပြုသည်။ (codify)

**coemption (n)** The act of purcharing the entire quantity of any commodity. မည်သည့်ကုန်ပစ္စည်းကိုမဆို အရေအတွက်အကုန်လုံးကို အပြီးကျူးဝယ်ယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**coercion** အနိုင်အထက်ပြုခြင်း၊ အင်အားသုံး၍ခြိမ်းခြောက်ခြင်း။ မည်သူကိုမဆို သဘောတူစေလိုသော သို့မဟုတ် ပဋိညာဉ်ပြုလုပ်စေလိုသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုဆိုင်ရာဥပဒေတွင် တားမြစ်ထားသော ပြုမူချက်တစ်ခုခုကိုပြုလုပ်ခြင်း သို့မဟုတ် ကျူးလွန်ရန်ခြိမ်းခြောက်ခြင်းသို့မဟုတ် တစ်ဦးတစ်ယောက်၏အကျိုးကို ထိခိုက်နစ်နာစေရန် မည်သည့်ပစ္စည်းကိုမဆို ဥပဒေနှင့်ဆန့်ကျင်၍ရယူထားခြင်း သို့မဟုတ် ရယူရန်ခြိမ်းခြောက်ခြင်းကိုဆိုလိုသည်။ (၁၈၇၂ခုနှစ်ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၅)

**cognate (adj)** သွေးသားတော်စပ်သော သို့မဟုတ် မိခင်ဘက်မှ ဆွေမျိုးတော်စပ်သော။မျိုးတူသော။ ဇစ်မြစ်တူသော။

**cognation** -- လက်ထပ်ထိမ်းမြားခြင်းကြောင့်မဟုတ်ဘဲ သွေးရင်း သားရင်းဖြစ်၍ ဆွေမျိုးတော်စပ်ခြင်း။

**cognitive test** တစ်စုံတစ်ရာကိုသိမသိ တရားခံ၏စွမ်းရည်ကိုစစ်ဆေးခြင်း။ အထူး သဖြင့် ၎င်း၏ပြုမူချက်မှန်မမှန်စစ်ခြင်း။ တရားခံက ရူးသွပ်နေပါသည်ဟု ထုချေချက်ကို မှန်မမှန်ဆုံးဖြတ်နိုင်ရန်စစ်ဆေးခြင်း။

**congnizable offence/ case** ရဲအရေးပိုင်သောပြစ်မှု/ အမှု။ ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ဒုတိယဇယားတွင် ဖော်ပြထားချက်နှင့်အညီ သို့မဟုတ် တည်ဆဲ ဥပဒေအရဖမ်းဆီးမိန့်မပါဘဲ ဖမ်းဆီးနိုင်သောပြစ်မှု/ အမှုများဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၆၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၂၂၈၊ ၂၉၅-က၊ ၂၉၈၊ ၅၀၅၊ ၅၀၆၊ ၅၀၇အမှုများကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ထားသောဒေသများ၌ ကျူးလွန်လျှင် ထိုပြစ်မှုများသည်လည်း ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်သည်။ [ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄ (၁) (စ)]

**cognizance (n)** ပြစ်မှုတစ်ခုကိုအရေးယူခြင်း။ ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှု ကျူးလွန်သူ အပေါ်တရားစီရင်ရေးဆိုင်ရာမှုခင်းကိုစတင်အရေးယူရန် ရည်ရွယ်ခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာမှုခင်းအနေဖြင့် စတင်အရေးယူရန် အခြေခံ တစ်စုံတစ်ရာ ရှိမရှိ ကြည့်ရှုခြင်း သို့မဟုတ် အခြား ကိစ္စများအတွက် ဆောင်ရွက်ရန်ရှိခြင်းတို့ဖြစ်သည်။[ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁)]





**cognovit [latin]** ကြွေးမြီသို့မဟုတ် ပေးရန်တာဝန်ရှိကြောင်း တရားရုံး၏စီရင်ချက်အပေါ် ဝန်ခံချက်။ များသောအားဖြင့် ထိုသို့ဝန်ခံပြီး ကြွေးများပေးဆပ်နိုင်ရန် အချိန် တောင်းသည်။

**cognovit actionem** တရားမမှုတွင် တရားပြိုင်ကခုခံချေပရန်မရှိကြောင်း စာဖြင့်ရေးသားဝန်ခံချက်။ များသောအားဖြင့်ကြွေးများပေးဆပ်ရန်အချိန်တောင်းသည်။

**cohabitation (n)** လင်မယားကဲ့သို့အတူတကွနေထိုင်ခြင်း။ ဆန့်ကျင်ဘက်ထောက်ပြမှုမရှိသော်လည်း ၎င်းတို့မှာ လက်ထပ်ထားပြီးဖြစ်ကြောင်း သက်သေပြရန် လိုသည်။ ထိုသို့နေထိုင်ခြင်းမှာ မယားစရိတ်အဆုံးသတ်ရန်အတွက် အကြောင်း ပြချက်တစ်ရပ် တစ်ခါတစ်ရံရှိနိုင်သည်။ ထိုအပေါ်ယူဆချက်မှာ အခြားသူ တစ်ဦးနှင်အတူတကွနေထိုင်သည်ဆိုလျှင် ယခင်မယားကိုစားရိတ်ထောက်ပံ့ရန် မလိုခြင်း။ (no longer needs the support) ပင်ဖြစ်သည်။

**co-hire** အခြားသူနှင့်ပူးတွဲအမွေဆက်ခံသူ။

**coin** ငွေဒင်္ဂါး၊ အကြွေစေ့၊ အကြွေစေ့သည် သတ္တုအား သွန်းလောင်းထားသောပစ္စည်းဖြစ်ပြီး တန်ဘိုးသတ်မှတ်ထားသည်။ ဒင်္ဂါးပေါ်တွင်အရုပ်များအစုတ်အသားများရိုက်နှိပ်ထားသည်။ အလဲအလှယ်ပြုရာတွင် ငွေတန်ဘိုးတစ်ခု၏ ကြားခံအဖြစ်အသုံးပြုသည်။

**cold blood** သွေးအေးအေးနှင့်

**collaborate** ပူးပေါင်းဆောင်ရွက်သည်။

**collateral (n)** မွေးချင်းပေါက်ဖော်တို့နှင့်ဆိုင်သော။ ငွေကြေးချေးငှားရာတွင် အာမခံအဖြစ်တင်သွင်းသောပစ္စည်း။ နောက်ဆက်တွဲ။ အတူပါရှိသည့်ဆော် ဒုတိယအဆင့် (သို့) လက်အောက်ခံအဆင့်။ တိုက်ရိုက်ဆင်းသက်ခြင်းမဟုတ်။ အပြိုင်သို့မဟုတ်ဘေးမှဆင်းသက်ခြင်း။ ဥပမာ ဦးလေးသည် ကျွန်ုပ်၏တိုက်ရိုက်မွေးချင်းမဟုတ်။ ကျွန်ုပ်၏ မိခင်/ဖခင်နှင့်အပြိုင် ဆင်းသက်ခြင်းသာဖြစ်သည်။

**collateral agreement** နှစ်ဦးနှစ်ဘက်ထားရှိသောသဘောတူညီချက်



www.burmeseclassic.com

www.burmeseclassic.com



**collateral attack** အမှုတစ်ခုကို ဥပဒေအရ ဆောင်ရွက်ရာတွင်အခြားသော အမှု သို့မဟုတ် အခြားတရားရုံးများ၏ စီရင်ချက်များကို လိုက်နာရန်မလိုဟုတင်ပြခြင်း။ ဥပမာ– မင်နီဆိုတာ တရားရုံးက လင်မယားကွာရှင်းသည့်အမှုတွင် ဖခင်ဖြစ်သူက ကလေးကိုစရိတ် ထောက်ပံ့ရန် အမိန့်ချသည်။ အဆိုပါအမိန့်နှင့်စပ်လျဉ်း၍ ပြည်နယ်တရားရုံးက ၎င်းအပေါ်တွင် အာဏာသက်ရောက်မှုမရှိကြောင်း လက်အောက်ခံမဟုတ်၍ လိုက်နာရန်မလိုကြောင်း ကြေငြာသည်။

ရှေ့တော်သွင်းစာချွန်တော် (habeas corpus) တင်သွင်းခြင်းမှာ collateral attrack ပုံစံတစ်မျိုးဖြစ်သည်။

**collateral estoppel** ဥပဒေမူဝါဒအရ အမှုတစ်ခု၏ဆုံးဖြတ်ချက်သည် အဆိုပါအမှု၏ တရားခံအပေါ် တူညီသောအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ နောက်ထပ် တရား တစ်ထုံးထပ်မံစွဲဆိုခြင်းမပြုရန် အကာအကွယ်ပေးခြင်း (ပိတ်ပင်ခြင်း)ပြုသည်။သို့သော် ပထမအမှုမှ ဆုံးဖြတ်ချက်ချမှတ်သော တရားရုံးသည် အမှုနှင့်စပ်၍ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးဖြစ်ရပါမည်။ issue preclusion ဟုလည်း ခေါ်သည်။

**collateral security** ပေါင်နှံခြင်းများတွင် ပိုမိုခိုင်မာစေရန်အတွက် ထပ်မံပေးသွင်းရသော အာမခံပစ္စည်း။ ပူးတွဲအာမခံ။

**collation (n)** (၁) မှန်မမှန်မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်း(၂)သေတမ်းစာ ရေးသားခဲ့ခြင်းမရှိသော်လည်း သားသမီးများသို့ ပေးရန် ပစ္စည်း ၏ တန်ဘိုးကိုခန့်မှန်းတွက်ချက်၍ ပြင်ဆင်ထားခဲ့ရာ ထိုသူ သေဆုံးသည့်အခါ အဆိုပါပစ္စည်းကို သားသမီးများသို့ ဥပဒေနှင့်အညီ ခွဲဝေ ပေးရန်ဖြစ်သည်။

**collision (n)** ယာဉ်အချင်းချင်းတိုက်မိခြင်း၊ အရာဝတ္ထုချင်းတိုက်မိခြင်း။

**colloquey** တရားသူကြီး၊ အစိုးရရှေ့နေ၊ တရားခံရှေ့နေနှင့် တရားခံတို့တွေ့ဆုံ၍ တရားခံအနေဖြင့် အမှုအသွားအလာကို နားလည်မလည်၊ ၎င်း၏အခွင့်အရေးကို နားလည်ခြင်းရှိ/မရှိ၊ သေချာစွာစိစစ်နိုင်ရန် အလွှတ်သဘော ဆွေးနွေးခြင်း။





**collusion (n)** အခြားသူတစ်ဦးတစ်ယောက်အပေါ်လိမ်လည်လှည့်ဖျားရန် သို့မဟုတ် ဆောင်ရွက်စေရန် သို့မဟုတ် ဥပဒေကတားမြစ်ထားသော တစ်စုံတစ်ရာကို ရယူရန် နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများ၏ သဘောတူညီချက်။ တိတ်တဆိတ်ပူးပေါင်းကြံစည်ခြင်း။

**color (colour)** အထင်မှားလောက်အောင်ထင်မှတ်ရခြင်း သို့မဟုတ် ဟန်ဆောင်ခြင်း လှည့်ပတ်ဖုံးကွယ်ခြင်း။ မမှန်ကန်သော နောက်ကွယ်အချက်အလက်များ ဖုံးကွယ်နေခြင်းကို ညွှန်ပြခြင်း သို့သော် ဥပဒေသီအိုရီအရ မှန်ကန်နေခြင်း။ အထူးသဖြင့် ဥပဒေအရတောင်းဆိုမှုဟု ထင်မြင်ရသောရပိုင်ခွင့်နှင့် အခွင့်အာဏာ

ဟန်ဆောင်နေခြင်း လှည့်ပတ်ဖုံးကွယ်ခြင်း (သို့) မမှန်ကန်သော အသွင် အပြင် semblance၊ ရပိုင်ခွင့်၊ အခွင့်အာဏာသို့မဟုတ် ရာထူးကို ဥပဒေအရ တောင်းဆိုသည်ဟုသွင်ပြင်လက္ခဏာရှိခြင်း။

**colorable transaction** ဟန်ဆောင်ရောင်းဝယ်ခြင်း။ အမှန်အကန်ဟု ယုံကြည်လောက်သော သွင်ပြင်လက္ခဏာရှိခြင်း။

**come into force** စတင်အာဏာသက်ရောက်သည်။

**comity (n)** နိုင်ငံအချင်းချင်း ချစ်ခင်လေးစားစွာ ဆက်ဆံခြင်း။ နိုင်ငံတစ်နိုင်ငံ၏စီရင်ပိုင်ခွင့်မူဝါဒသည် အခြားနိုင်ငံ၏ စီရင်ပိုင်ခွင့် များဖြစ်သော စီမံခန့်ခွဲရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးများကို အသိအမှတ် ပြုလိမ့်မည်ဖြစ်ပြီး အခြားနိုင်ငံ၏ဥပဒေများအကျိုးသက်ရောက်မှုကို ပေးလိမ့်မည်ဖြစ်သည်။

comity of nations နိုင်ငံများအကြား တစ်နိုင်ငံ၏တရားဥပဒေကိုတစ်နိုင်ငံက အပြန် အလှန် အသိအမှတ်ပြုဆောင်ရွက်ခြင်း။

**command (n)** အမိန့်ပေးသည်။ ညွှန်ကြားသည်။

**comment (n)**(၁) မှတ်စု (၂) ပြဋ္ဌာန်းဥပဒေ၊ ပုဒ်မများသို့မဟုတ် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရေးဆွဲသူကရှင်းလင်းတင်ပြသည့်အစီရင်ခံစာ။

**commentary** ဝေဖန်ချက်၊ ဖွင့်ဆိုချက်



www.burmeseclassic.com

www.burmeseclassic.com



**commerce (n)** စီးပွားကုန်သွယ်မှု။ကုန်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများ၊ ဝန်ဆောင်မှုများကိုရောင်းခြင်း၊ လဲလှယ် ခြင်း၊ တစ်နေရာမှတစ်နေရာသို့သယ်ယူပို့ဆောင်ခြင်းလည်းပါဝင်သည်။

**commercial bank** ကူးသန်းရောင်းဝယ်ရေးဘဏ်။ ပုဂ္ဂလိကပိုင်အပ်ငွေလက်ခံခြင်း။ ထုတ်ချေးခြင်းပြုသောစီးပွားရေးဘဏ်များ၊ ပုဂ္ဂလိကများသို့ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်ပေးခြင်း၊ အာမခံလုပ်ငန်းငွေချေးစာချုပ် ရောင်းဝယ်ပေးခြင်း၊ ငွေပေးချေမှုပြုပေးခြင်း၊ အကြွေးဝယ်ကဒ်ထုတ်ပေးခြင်းများလည်း ပြုလုပ်သည်။

**commercial laws** ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေများ (ဥပမာ - ပဋိညာဉ်ဥပဒေ၊ မှုပိုင်ခွင့်ဥပဒေ၊ ကုမ္ပဏီဥပဒေ၊ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ ဥပဒေစသဖြင့်)

**commercial frustration**—မမြင်ရနိုင်သောအဖြစ်အပျက်နှင့်ထိန်းချုပ်မရနိုင်သောအဖြစ်အပျက် များ ပေါ်ပေါက်ခဲ့၍ပဋိညာဉ်စာချုပ်ပါအဖွဲ့ဝင်တစ်ဦးက ပဋိညာဉ်အရ တာဝန်များ ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ကင်းလွတ်ခွင့်ပေးခြင်း။

ဥပမာ - အိမ်ရှင်တစ်ဦးက ၎င်းပိုင်အိမ်တစ်လုံးကို ငှားရမ်းရန် စာချုပ်ချုပ်ဆိုထားရာ အိမ်ငှားသည် ငှားရမ်းသည့်အိမ်ပေါ်သို့မတက်ရောက်ရသေးမီမမျှော်လင့်ဘဲ အဆိုပါအိမ်မှာ မီးလောင်ပြာကျသွားသည့်အတွက် အိမ်ရှင်အနေဖြင့် ပဋိညာဉ်ကိုပယ်ဖျက်ခွင့်ရသည်။

**commincling (n)** ပေါင်းစပ်ခြင်း။ အဖွဲ့တစ်ဖွဲ့က အခြားအဖွဲ့တစ်ဖွဲ့နှင့် ရန်ပုံငွေများ ပေါင်းစပ်ခြင်း။ ပုံမှန်အားဖြင့် မိသားစုအချင်းချင်း၊ စီးပွားရေးလုပ်ငန်းအစုဝင်များအချင်းချင်းပိုင်ဆိုင်မှုများပေါင်းစပ်ခြင်းမှာ ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက် ပေ။ ထိုသို့ပေါင်းစပ်ခြင်းအားဖြင့် အများဆိုင်ရံပုံငွေ (into common fund)ဖြစ်လာသည်။

**commissary (n)** တစ်စုံတစ်ရာသော တာဝန်ကိုဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးခြင်းခံရသူ သို့မဟုတ် ကိုယ်စားလှယ် အစဉ်အလာအရ ရာထူးကြီးမြင့်သူကိုယ်စား တာဝန်ထမ်းဆောင်ရသူ။ အထူးကိုယ်စားလှယ်။





**commission (n)**(၁)လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးသော ကိုယ်စားလှယ်သို့မဟုတ်ဝန်ထမ်းကိုငွေ(ကော်မရှင်) ပေးခြင်း။ ၎င်းကော်မရှင်မှာ ပုံမှန်ပေးသောလစာ လုပ်ခနှင့် ကွဲပြားသည်။

(၂) အစိုးရ၏ လုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေအရ ခန့်အပ်ထားသောလူတစ်စု။

(၃) တရားရုံးသို့ အကြောင်းကြောင်းကြောင့် လာရောက်ခြင်းမပြုနိုင်သောသက်သေကို ကော်မရှင်ဖြင့်စစ်ဆေးခြင်း။

(ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၀၃ မှ ၅၀၈ က အထိ)

**Commissioner** (၁) တရားရုံး၏ အမိန့်အရ ခန့်အပ်သော စုံစမ်းရေးအရာရှိ။ (တရားမမှုတွင် ပမာဏဒီကရီချမှတ်ပြီးနောက် သက်သေစစ်ဆေးခြင်း၊ စာရင်းစစ်ခြင်း၊ အမွေပုံပစ္စည်း စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန်။

(၂) တိုင်းမင်းကြီး၊ အစိုးရဌာနအကြီးအကဲ

**commit (v)** ကျူးလွန်သည် **commitment (n)** တရားသူကြီးကတရားခံအပေါ် ပြစ်မှုထင်ရှားတွေ့ရှိရ၍ အကျဉ်း ထောင်သို့ပို့ခြင်း သို့မဟုတ်အမှုစတင်မစစ်ဆေးထားမီ (ရောဂါရှာဖွေ စစ်ဆေး ရန်အတွက်) အချုပ်ထောင်သို့ပို့ခြင်း။ စိတ်ရောဂါတရားခံကို စိတ်ရောဂါကု ဆေးရုံသို့ပို့ပြီး ချုပ်နှောင်ထားရန် အမိန့်ချခြင်း၊ လုပ်ရိုးလုပ်စဉ်အရ တရားသူကြီး သည် အဆိုပါတရားခံသို့မဟုတ် ဝေဒနာရှင်ကို အဆိုပါနေရာများသို့ပို့ရန် ရဲတပ်ဖွဲ့ဝင်များကို အမိန့်ပေးခြင်း။

**committal (n)** တရားရုံးကို မထီမဲ့မြင်ပြုမှုကြောင့်ဖြစ်စေ၊ တရားရုံး၏အမိန့်ကို နှောင့်ခံ ခြင်း၊ ဖော်ကားခြင်းကြောင့်ဖြစ်စေ၊ တရားရုံးကဆင့်ခေါ်ရာတွင် မလာ၍ဖြစ်စေ၊ တရားခံကို ဝါရမ်းဖြင့် ဖမ်းဆီးပြီး ခရိုင်တရားရုံးသို့လည်းကောင်း၊ တရား လွှတ်တော်သို့လည်းကောင်း တင်ပို့ရန် အမိန့်ထုတ်ခြင်း။

**committing magistrate** စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သည့် ပြစ်မှုဆိုင်ရာတရားသူကြီး။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၈၇)

**commodity** ကုန်ပစ္စည်း၊ စားကုန်၊ ရောင်းကုန်



www.burmeseclassic.com

www.burmeseclassic.com



**commodity agreement** စားသုံးသည့် နိုင်ငံများနှင့် ကုန်စည်ထုတ်လုပ်သည့် နိုင်ငံများအကြား ချုပ်ဆိုသည့် ကုန်ပစ္စည်းပေးသွင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုဆိုင်ရာစာချုပ်။

**common (n)** အခြားသူပိုင်မြေပေါ်တွင် ဥပဒေအရ အကျိုးအမြတ်ရယူခံစားရခြင်း။ ဥပမာ - စားကျက်၊ ငါးဖမ်းခွင့်၊ သစ်ခုတ်ခွင့်၊ ရေမြေအလင်းရောင်အကျိုးခံစားခွင့်။

**common assault** --အပြစ်ကြီးပေးစေသော အခြေအနေမပါဝင်သည့် လက်ရောက်မှု

**common area**---(၁) အများဆိုင်နေရာ။ ကွန်ဒိုမီဒီယံများ၊ တိုက်ခန်းတွဲများ၊ စုပေါင်း တိုက်ခန်းများတွင် သက်သာချောင်ချိရေးနှင့် မြေကွက်လပ်များထားရှိပေးရခြင်း။ ဥပမာ အပန်းဖြေရန်အားကစားခန်းမများ၊ ရေကူးကန်များ ကားရပ်ရန် နေရာများ အဝတ်အစားလျှော်ဖွတ်ရန်နေရာများထားရှိရမည်။

ငှားရမ်းထားသည့်တိုက်ခန်းများနှင့် စပ်လျဉ်း၍ အိမ်ရှင် မြေရှင်သည် အများဆိုင်နေရာတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ထိန်းသိမ်းရန် တာဝန်ရှိသည်။

အများဆိုင်နေရာကို တိုက်ခန်းပိုင်ရှင်များက ပုဂ္ဂလိကပိုင်ဆိုင်ခွင့်မရှိ။ သို့သော် ပူးတွဲအသုံးပြုခွင့်ရှိပြီး စီမံခန့်ခွဲရေးအဖွဲ့အစည်းကသာ ပိုင်ဆိုင်သည်။

(၂) ကုန်တိုက်ကြီးများ၏နေရာတွင် တစ်ဦးချင်းပိုင် စတိုးဆိုင်များ၏ အပြင်ဘက်၌ ထိန်းသိမ်းစရိတ်ကို စတိုးဆိုင်များရယူထားသည့် အကျယ်အဝန်းအတိုင်း ထိုဆိုင်များက အချိုးကျပေးရမည်။

**common carrier** အများအတွက် သယ်ယူပို့ဆောင်ပေးသူ တစ်ဦးတစ်ယောက်၊ ကုမ္ပဏီ၊ မော်တော်ယာဉ်ထိန်းရေးအသင်းတို့မှ ပြည်သူများနှင့် ကုန်များကို ပုံမှန်ပို့ဆောင်နေသောလုပ်ငန်း။ ထိုသို့ ဆောင်ရွက် ခြင်းဖြင့် သတ်မှတ်ထားသော ကုန်ပို့ခနှင့် အခကြေးငွေကိုရရှိသည်။

**common intention** အကြံတူတစ်ခု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄)

**common law** ပြဋ္ဌာန်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှလွဲ၍ တရားရုံး၏ ဆုံးဖြတ်ချက် များ အင်္ဂလိပ်ရိုးရာဥပဒေ။





**common law marriage** လက်ထပ်အခမ်းအနား မပြုလုပ်ဘဲ ယောက်ျားနှင့် မိန်းမ အတူနေထိုင်ခြင်း။ လူကြီးမိဘ မိတ်ဆွေအိမ်နီးနားခြင်းများက လင်မယားအဖြစ် အသိအမှတ် ပြုခြင်း၊ ဘုရားသွား၊ ကျောင်းတက်အတူတကွ သွားကြခြင်းနှင့်ဘက်ဆွေမျိုးများက လင်မယားအဖြစ် အသိအမှတ်ပြုခြင်း (ပုဆိုးတန်းတင်အကြင်လင်မယား)

**common tenancy** --အတူပိုင်ဆိုင်ခြင်း၊ နှစ်ဦးသို့မဟုတ် နှစ်ဦးဆက်ပိုသောသူများသည် ပစ္စည်းပေါ်တွင် ခွဲခြားမရသော ပိုင်ဆိုင်ခြင်းဖြစ်သည်။ အတူပိုင်ဆိုင်သူ တစ်ဦး ကွယ်လွန်သွားလျှင် ၎င်း၏အစုကို အကျိုးဆက်ခံသူကရရှိမည်ဖြစ်သည်။ Joint tenancy နှင့်မတူသည်မှာ တစ်ဦးသေလျှင် ကျန်တစ်ဦးက ထိုပစ္စည်းကို ဆက်ခံရရှိခြင်းဖြစ်သည်။

မြန်မာ့ခလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာ လင်မယားတို့သည် ပစ္စည်းခန်းတွင် အတူပိုင်ဆိုင်သူများဖြစ်ကြသည်။

**commonwealth** နိုင်ငံများအဖွဲ့၊ ဓနသဟာယအဖွဲ့။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော်လည်း နိုင်ငံရေးအရပေါင်းစည်းထားခြင်း။

**commotion (n)** အုတ်အော်သောင်းနင်းဖြစ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားခြင်း၊ ဆူကြွ သောင်းကျန်းခြင်း၊ ဝရုန်းသုံးကားဖြစ်ခြင်း။

**commote (v)** ဆူပူလှုပ်ရှားသည့် စိတ်ကြွအောင်ဆွပေးသည်။

**commune (n)** ပစ္စည်းကိုခွဲဝေသုံးစွဲသောအတူနေထိုင်သည့်လူများ။ဘုံအဖွဲ့ ဘုံရိပ်သာ။

**communicate (v)** အကြောင်းကြားသည်။ ဆက်သွယ်သည်။

**communication (n)**(၁) သတင်းအချက်အလက်များကို ဖော်ပြခြင်း၊ လဲလှယ်ခြင်း ပြုရာ တွင် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ ဆက်သွယ်ခြင်း။ (၂)သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် လဲလှယ်ခြင်း။

**communique (n)** တရားဝင်ထုတ်ပြန်ကြေငြာချက်၊ နိုင်ငံတော်ပြန်တမ်း၊ အစိုးရသတင်း ကြေငြာချက်။



www.burmeseclassic.com

www.burmeseclassic.com



**community** အကျိုးကျေးဇူးတူညီစွာရှိသူများ ပေါင်းစည်းထားသည့် အဖွဲ့အစည်း။လူ့အဖွဲ့အစည်း။

**commutation (n)** ပြစ်ဒဏ်လျှော့ပေးခြင်း၊ ပြစ်ဒဏ်အစားထိုးခြင်း၊ ပြစ်ဒဏ်ကျခံနေရသော ထောင်ကျများအတွက် ၎င်းတို့ကျခံရသည့် အပြစ်ဒဏ်ကို နိုင်ငံတော် သမ္မတက လျှော့ပေါ့ပေးခြင်း၊ ပြစ်ဒဏ်လျှော့ပေးခြင်းသည် အပြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း pardon နှင့် ခြားနားသည်။ ပြစ်ဒဏ်အကြီးမှ အသေးသို့ အစားထိုး ခြင်း၊– ဥပမာ သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းပေးခြင်း၊ နှစ်ရှည်ထောင်ဒဏ်မှ နှစ်တိုထောင်ဒဏ်သို့ အစားထိုးပေးခြင်း၊ နိုင်ငံတော် သမ္မတမှ ထိုသို့ပြောင်းလဲပေးနိုင်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ၄၀၂ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၄၊ ၅၅ တို့အရဖြစ်သည်။

**compact (n)** ကျစ်လစ်သိပ်သည်းသော၊ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော သူများက ပြုလုပ်ကြသော သဘောတူညီချက် သို့မဟုတ် သဘောတူစာချုပ်

**company** ကုမ္ပဏီ၊ ပုဂ္ဂလိကကုမ္ပဏီနှင့် အများဆိုင်ကုမ္ပဏီဟူ၍ရှိသည်။ ကူးသန်းရောင်းဝယ်ရေးအတွက် ဖွဲ့စည်းထားသောအဖွဲ့အစည်း။

**comparable** ပစ္စည်းတစ်ခုကို အလားတူပစ္စည်းတစ်ခု၏ တန်ဖိုးနှင့်နှိုင်းယှဉ် ဆုံးဖြတ်ခြင်း။

**comparative negligence** a rule of law applied in negligence cases in which responsibility and danages are based on the proportional fault of every party directly involved.

တိုက်ရိုက်ပါဝင်ပတ်သက်သောအမှုသည် တိုင်း၏အချိုးကျအမှားပေါ်တွင် အခြေခံသည့် တာဝန်ရှိမှုနှင့် နစ်နာမှုစွဲဆိုသော ပျက်ကွက်မှု (negligence case) များတွင် အသုံးချသည့်ဥပဒေ။

**compassing** သနားခြင်း၊ ဂရုဏာစိတ်

**compatible** သင့်မြတ်ဆီလျော်သော၊ ညီညွတ်သော

**compelled --** အမှုတွင် အငြင်းထွက်အကြောင်းအရာနှင့်စပ်လျဉ်း၍ သက်သေမှ မဖြေဆိုကြောင်း ငြင်းဆိုလျှင် သက်သေစစ်မေးစဉ်အဆိုပါ မေးခွန်းကို ဖြေကြားရန် တရားရုံးမှ အတင်းအကြပ်ပြုနိုင်ခြင်း။





သက်သေတစ်ဦးသည် မိမိအားမေးသော မေးခွန်းအား ဖြေဆိုလျှင် မိမိအပေါ်ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်လိမ့်မည်ဟု အကြောင်းပြပြီး မဖြေဆိုဘဲ မနေရပါ။ ဖြေဆိုရမည်သာဖြစ်သည်။ သို့သော်ထိုသို့ ဖြေဆိုခြင်းကြောင့် သက်သေကို ဖမ်းဆီးခြင်းတရားစွဲဆိုခြင်းမပြုရပါ။ (သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၃၂)

**compensation (n)** ဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှုတစ်စုံတစ်ရာအတွက် ပေးလျော်သော လျော်ကြေး။ အလုပ်သမားတစ်ဦးသည် အလုပ်ချိန်အတွင်း အလုပ်ခွင်၌ တာဝန်ထမ်းဆောင်နေလျှင် ထိခိုက်ဒဏ်ရာရပါကသတ်မှတ်ထားသော လျော်ကြေးကို အလုပ်ရှင်မှပေးလျော်ရမည်။ (အလုပ်သမားလျော်ကြေး အက်ဥပဒေ)

**competence--** တစ်စုံတစ်ရာကိုဆောင်ရွက်ရန် အရည်အချင်းပြည့်ဝသော သို့မဟုတ် စွမ်းရည်ရှိသော။ ဥပမာ ပဋိညာဉ်ပြုရန်အရည်အချင်းပြည့်သော တရားရုံးတွင် သက်သေအဖြစ် အစစ်ခံရန် အရည်အချင်းပြည့်ဝသော။

**competency (n)** ပြဿနာများကို နားလည်သဘောပေါက်ပြီးဆုံးဖြတ်ချက်ချနိုင်စွမ်းရှိသော စိတ်စွမ်းရည်။

တရားခံသည် တရားရုံးရှေ့မှောက်တွင် ရင်ဆိုင်နိုင်ပြီး၊ စွဲဆိုထားသည့် အချက်များကို ကောင်းစွာနားလည်ကာ မိမိသက်သေနှင့် တိုင်ပင်နိုင်ခြင်းအမှုကို ကောင်းစွာခုခံနိုင်ခြင်း။

**competent witness** ဥပဒေအရ သက်သေခံဝင်သော သက်သေခံချက်။ အငြင်းပွားသော အချက်များကို အရည်အချင်းပြည့်သက်သေခံချက်များက ရှင်းလင်းစေသည်။ လူသတ်မှုတွင် အရည်အချင်းပြည့်သက်သေခံဖြစ်သော ဘက်နက်ပေါ်ရှိ တရားခံ၏ လက်ဗွေရာကဖော်ထုတ်နေသည်။

တရားရုံးတွင် သက်သေအဖြစ် အစစ်ဆေးခံရန်အတွက် အရည်အချင်းပြည့်သက်သေ။ ဥပဒေအရ အရည်အချင်းပြည့်ဆိုသည်မှာ သက်သေ၏ အသက်၊ စိတ်အခြေအနေအငြင်းပွားပြဿနာနှင့် ဆက်နွယ်မှုရှိမရှိပေါ်တွင် မူတည်သည်။



www.burmeseclassic.com

www.burmeseclassic.com



**compilation (n)** စာပေစုဆောင်းခြင်း၊ ကွန်ပြူတာအချက်အလက်စုဆောင်းခြင်း။စာပြုခြင်း။

**complainant (n)** တရားလို၊ တိုင်တန်းသူ၊ လျှောက်ထားသူ။

**complaint (n)** တိုင်တန်းချက်၊ လျှောက်ထားချက်။

**comply (v)** လိုက်နာသည်၊ လိုက်လျောသည်။

**complicity (n)** ပြစ်မှုဆိုင်ရာအမှုများတွင် အတူပါဝင်ခြင်း၊ ပူးပေါင်းကျူးလွန်ခြင်း။ ကြံရာပါအဖြစ်ပါဝင်ခြင်း။

**compos mentis( Latin)** စိတ်မှန်သော၊စိတ်တည်ငြိမ်သော၊ ရူးသွပ်ခြင်းမရှိသော၊ စိတ်မနှံ့ခြင်း မဖြစ်သော။

**composition (n)**၁။မြီးစားနှင့်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော မြီရှင်တို့သည် ရရန်ရှိ သော ကြွေးများကို သင်လျှော့သလို ညှိနှိုင်းဆောင်ရွက်ရန်နှင့်ပမာဏနည်းသော ကြွေးများကို လျှော်ပစ်ရန်သဘောတူညီကြသည်။ ထိုသို့သဘောတူညီကြသည့် အတွက် မြီစားအနေဖြင့် မြီရှင်များသို့ အပြည့်အဝပေးဆပ်ရန် မလိုတော့ဘဲ ကြွေးများပြေကြေသွားလေသည်။

၂။ ထိုသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် လျှော်ကြေးပေးခြင်းဖြစ်သည်။

**compound (n)** ပြစ်မှုကို ကြေအေးခြင်း။ အမှုစွဲဆိုခြင်း မပြုရန်သဘောတူခြင်း။ ပေါင်းစပ်ခြင်း။ အတိုးများကို အရင်းနှင့်ပေါင်းခြင်း။ ကြွေးမြီနှင့်စပ်လျဉ်း၍ ပြီးပြတ်စေခြင်း၊ ပြီးပြတ်အောင် ဆောင်ရွက်ခြင်း။

**compound question** အမှုစစ်ဆေးရာတွင် သက်သေကို မေးခွန်းများပေါင်းစပ်၍ မေးမြန်းခြင်း။ ထိုကဲ့သို့သော မေးခွန်းများကို တစ်ဘက်မှ ကန့်ကွက်နိုင်သည်။ ကန့်ကွက်ချက်ကို တရားရုံးက လက်ခံပါက အဆိုပါပေါင်းစပ် မေးခွန်းကို ပြန်လည်ရုပ် သိမ်းပြီး တစ်ခုချင်းခွဲ၍ မေးမြန်းနိုင်သည်။

**compromise (n)** အငြင်းပွားသော ပြဿနာကို ဖျေစပ်ပြေငြိမ်းခြင်း။ ဆန့်ကျင်ဘက် အမှုသည်များ အမှုကိုဆက်လက်မဆောင်ရွက်လိုတော့သဖြင့် ညှိနှိုင်းပြီးပြေငြိမ်းခြင်း။





မြို့ရှင်သည် မြီစားထံမှ ကြွေးတစ်ချို့ကို ပြန်လည်ရရှိပြီးဖြစ်၍ ကျန်ငွေ ကို တောင်းဆိုခြင်း မပြုတော့ရန်ကတိပြုခြင်း။

**compromise decree** တရားမမှုတွင် တရားလိုတရားပြိုင်များ အချင်းချင်းသဘောညီညွတ် ကြ၍ ရုံးသို့လျှောက်ထားသဖြင့် တရားရုံးကချမှတ်ပေးသော ဒီကရီ။

**comptroller (n)** စီးပွားရေးလုပ်ငန်း၊ ကိုယ်ပိုင်လုပ်ငန်း၊ အစိုးရဌာနနှင့် စည်ပင်သာယာရေး အဖွဲ့နှင့် ကော်ပိုရေးရှင်းများတွင် အရာရှိအဖြစ်ဘဏ္ဍာရေးကိစ္စများဆောင်ရွက်ရသူ။ ၎င်း၏တာဝန်တွင် စာရင်းစစ်ဆေးခြင်းစသည်း ပါဝင်ပြီး ဘဏ္ဍာရေးအခြေအနေကို လစဉ်နှစ်စဉ်အစီရင်ခံရသူ။

**compulsion (n)** အတင်းအကြပ်ပြုခြင်း။ မလုပ်မနေရခိုင်းသော အခြေအနေ။ တစ်စုံ တစ်ရာပြုလုပ်ရန်တိမ်းညွတ်နေခြင်းအပေါ် ထိန်းချုပ်၍ မရခြင်း။

**compulsory (adj)** မလုပ်မနေရဖြစ်သော။ အတင်းအကြပ်ပြုသော။ ဥပဒေ အရ အမိန့်အာဏာအပ်နှံခံရသော၊ တရားရုံးလုပ်ထုံးလုပ်နည်းအရ အမိန့်အာဏာ အပ်နှံခြင်းခံရသော။

**computation (n)** တွက်ချက်ခြင်း။

**computer crime** ကွန်ပြူတာနည်းပညာလို အပ်သော ပြစ်မှု။ ဆောက်ကွဲဖျက်ဆီးခြင်း သို့မဟုတ် ကွန်ပြူတာအချက်အလက်များကို ခိုးယူခြင်း သို့မဟုတ် ကွန်ပြူ တာကို အသုံးပြု၍အခြား ပြစ်မှုများကို ကျူးလွန်ခြင်း။

**conceal (v)** လျှို့ဝှက်ဖုံးကွယ်ထားခြင်း၊ ထိန်ချန်ခြင်း။

**concealment (n)** ထိန်ဝှက်ထားခြင်း။ ဖွင့်လှစ်ပြသရမည့်အစား ဖုံးကွယ်ထားခြင်း။ မြင်ကွင်းမှ ဖယ်ရှားခြင်း သို့မဟုတ် အကြောင်းမကြားခြင်း။ တစ်စုံ တစ်ရာကို ဖော်ထုတ်ရန်ကာကွယ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။ အမှန်ကို မသိအောင် ဖုံးကွယ်ခြင်းသာမက ဆိတ်ဆိတ်နေခြင်းသည်လည်း ထိန်ဝှက် ထားခြင်းဖြစ်နိုင်သည်။ ( ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၇(၂)နှင့် ဥပမာများကြည့် ပါ။)

**conciliation (n)** နှစ်ဘက်သောအဖွဲ့များက အငြင်းပွားနေသော ကိစ္စများကို သင့်သင့်မြတ်မြတ် သဘောတူဖြေရှင်းခြင်း အငြင်းပွားနေသော နှစ်ဘက်အဖွဲ့များ



www.burmeseclassic.com

www.burmeseclassic.com



ကြားတွင် မည်သည့်ဘက်နှင့်မျှ သက်ဆိုင်ခြင်းမရှိသူက ကြားဝင်၍ အငြင်းပွားသည့် ပြဿနာကိုမည်သို့ဖြေရှင်းနိုင်မည်ကို ဖော်ထုတ်ခြင်း ဈေးစပ်ဖြန်ဖြေခြင်း။

**conciliators (n)** ဖျန်ဖြေရေးအရာရှိများ။

**conclude (v)** အပြည့်ပြည့်ဆိုင်ရာ စာချုပ်များ၊ ကွန်ဗင်းရှင်းများ ပဋိညာဉ်စာချုပ်များကို အတည်ပြုခြင်း သို့မဟုတ် ချုပ်ဆိုခြင်း။

**conclusion**--၁။ အမှုစစ်ဆေးရာတွင် နှစ်ဘက်သက်သေခံချက်များ တင်သွင်းပြီးနောက် အပြီးသတ်လျှောက်လဲချက်ပေးပြီးသောအခါ အပြီးသတ် အမိန့်ချမှတ်ရန်မှတစ်ပါး နောက်ထပ်တစ်စုံတစ်ရာ ဆောင်ရွက်ရန်မရှိတော့ သည့်အဆင့်။

၂။ အမှုကိုတရားရုံးမှ ကြားနာနေစဉ်အချက်အလက်တစ်ရပ် သို့မဟုတ် ဥပဒေပြဿနာနှင့် စပ်လျဉ်း၍တရားသူကြီးများ အဆုံးအဖြတ်အမိန့်ချခြင်း။

**conclusive (adj)**နိုင်လုံသော၊ အပြီးသတ်ဖြစ်သော၊ ထင်ရှားသိမြင်စေသော။

**conclusiveproof**---အပြီးသတ်သက်သေခံချက်။ အကြောင်းခြင်းရာတစ်ခုသည်အခြား အကြောင်းခြင်းရာ တစ်ခုအတွက် အပြီးသတ် သက်သေခံချက်ဖြစ်သည်ဟု ဤသက်သေခံဥပဒေက ပြဋ္ဌာန်းထားလျှင် တရားရုံးသည် ပထမအကြောင်းခြင်း ရာသက်သေထင်ရှားရှိသည့်အခါ ဒုတိယအကြောင်းခြင်းရာ မထင်ရှားကြောင်း ပြသရန်အတွက် သက်သေခံချက်တင်ပြခွင့်မပြုရပါ။

(သက်သေခံအက်ဥပဒေပုဒ်မ ၄)

**concord (n)** နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော သူများသည် မြေများပေါ်တွင်ဒဏ်ငွေကောက်ခံရန်ရည်ရွယ်ပြီးသဘောတူညီခြင်းသို့မဟုတ် ပြေငြိမ်းကြခြင်း။

**concurrent (adj)** ---တစ်ချိန်တည်းတွင် တည်ရှိသော သို့မဟုတ် ဖြစ်ပွားသော။ တစ်ပြိုင်တည်းဖြစ်သော။

**concurrent jurisdiction** အလားတူစီရင်ပိုင်ခွင့်ရှိသော တရားရုံးများ။

**concurrent sentence** တရားခံတစ်ဦးအပေါ် ပြစ်ဒဏ်များကို တပေါင်းတည်းကျခံစေခြင်း။ ဥပမာ။ တရားခံအပေါ် ပြစ်မှုတစ်ခုအတွက် (၅)နှစ်၊ နောက်ပြစ်မှုတစ်ခုအတွက် (၁၀)နှစ်ချမှတ်ပြီး တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချပါက တရားခံမှာ စုစုပေါင်း (၁၀)နှစ်သာ ပြစ်ဒဏ်ခံရမည်။





**condemn (v)** အဆောက်အဦမှာ လူနေထိုင်ရန် မသင့်ကြောင်း၊ ထို့ကြောင့် ဖြိုဖျက်ပြီး စည်းကမ်းချက်နှင့် အညီပြန်ဆောက်ရန်၊ ကျန်းမာရေးလိုအပ်ချက်နှင့် ပြည့်စုံရန် စည်ပင်သာယာရေးကော်မတီမှ ဆုံးဖြတ်ခြင်း။

ပုဂ္ဂလိကပိုင်ပစ္စည်းကို အများပြည်သူအကျိုးငှာ သိမ်းဆည်းသည့်အခါ သင့်လျော်သော လျော်ကြေးပေးရန်။ တရားခံအားပြစ်ဒဏ်ချမှတ်ခြင်း။ အကျဉ်းထောင်သို့ပို့ခြင်း။ အစားအစာနှင့် အဖျော်ယမကာများကို စစ်ဆေးပြီး လူများစားသုံးရန် မသင့်ပါက မသင့်ကြောင်းဆုံးဖြတ်သည်။

**condemnation (n)** ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည်။ အများပြည်သူအကျိုးငှာ သင့်လျော်သော လျော်ကြေးငွေပေးအပ်၍ ပုဂ္ဂလိကပိုင်ပစ္စည်းကို သိမ်းဆည်းခြင်း။

**condemnation of money**--၁။တရားမမှုတွင် ရှုံးနိမ့်သွားသည့်အမှုသည်က ပေးရသောနစ်နာကြေး။၂။မြေပိုင်ရှင်ထံမှ ၎င်း၏မြေကို ပြည်သူအကျိုးအတွက် နိုင်ငံပိုင်အဖြစ် သိမ်းယူရာတွင် နိုင်ငံပိုင်ပြုလုပ်ရေးအဖွဲ့က မြေရှင်သို့ လျော်ကြေးပေးရခြင်း။ [expropriator ပြည်သူ့အကျိုးအတွက် မြေသိမ်းယူသူ (နိုင်ငံပိုင်ပြုလုပ်ရေး အဖွဲ့]

**condition** --- ပဋိညာဉ်တွင်ပါဝင်သော နှစ်ဘက်အမှုသည်များ၏ ရပိုင်ခွင့်နှင့် ထမ်းဆောင်ရမည့် တာဝန်များကိုမည်သူဆောင်ရွက်မည် မဆောင်ရွက်မည် ဆုံးဖြတ်ရန် ပဋိညာဉ်တွင်ပါဝင်သော စည်းကမ်းချက်များ သို့မဟုတ် တောင်းဆိုချက်များ။

**conditonal bequest**-- စည်းကမ်းချက်ပါသော သေတမ်းစာဖြင့်ပေးသော အမွေအနှစ် သေတမ်းစာတွင် တစ်စုံတစ်ရာသော အခြေအနေပေါ် ပေါက်မှသာ ပေးမည်ဟုပါရှိခြင်း။ ဥပမာ။ သေတမ်းစာပါစာပိုဒ် တစ်ပိုဒ်တွင် ၎င်း၏သမီးဖြစ်သူ အိမ်ထောင်ပြုသည့်အခါတွင် ၎င်းပိုင်အိမ်ကိုပေးရန်ဟုပါရှိခြင်း။

**conditional precedent** ကြိုတင်စည်းကမ်းချက်။

**conditional legacy** အကြောင်းအရာ တစ်ရပ်ဖြစ်မှု မဖြစ်မှုအပေါ် မူတည်၍ သေတမ်းစာဖြင့် ပေးသော အမွေပစ္စည်းမှာ အကျိုးသက်ရောက်ခြင်း သို့မဟုတ် အချည်းနှီးဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**conditonal sale** မြေပဘာသို့မဟုတ် ပစ္စည်းကိုရောင်းချရာတွင် ပြီးပြည့်စုံမှု ဖြစ်စေရန် တစ်ဘက်သို့မဟုတ် နှစ်ဘက်စလုံးမှ လွှဲပြောင်းခြင်းအတွက် တစ်စုံ တစ်ရာသော အခြေအနေတစ်ရပ်ဖြစ်မှသာလျှင် ပြည့်စုံသည့်အရောင်း အဝယ် ဖြစ်စေသောရောင်းချခြင်း။ ဥပမာ အေသည် ဘီသို့ စီအမည်ပေါက်နေ သော အိမ်ခြံမြေကို ရောင်းချရာတွင် အမည်ပေါက်စီမှ အေအမည်သို့ပြောင်းပြီးမှ သာ ငွေအကြေချေမည်ဟု စည်းကမ်းချက်ထားခြင်းသည် စည်းကမ်းချက်ဖြင့် ရောင်းချခြင်းဖြစ်သည်။

**conditional purpose** ပြစ်မှုမကျူးလွန်ကြောင်း ထုချေချက်။ ဥပမာ စားပွဲပေါ်တွင် အမှန်တကယ် ငွေထုတ်ထားရှိခဲ့ပါက ကျွန်ုပ်ခိုးယူမိလိမ့်မည်ဟူ သော ထုချေချက်။ ထိုနေရာတွင် ငွေထုတ်မရှိကြောင်း ထုချေခြင်းဖြစ်သည်။

**condonation (n)** အိမ်ထောင်ရေး ပြစ်ချက်များကို ခွင့်လွှတ်ခြင်း။ ဥပမာ ဇနီးဖြစ်သူသည် ခင်ပွန်းသည်ဖြစ်သူ၏ အိမ်ထောင်ရေးဖောက်ပြန်မှုကို သိသော်လည်း တစ်စုံ တစ်ရာကန့်ကွက် ပြောဆိုခြင်းမရှိခဲ့လျှင် နောင်အခါ လင်မယားကွာရှင်းရန် အတွက် ထိုအချက်ကို အသုံးပြုခြင်း သို့မဟုတ် နှစ်ဘက်ပြေငြိမ်းရန် ညှိနှိုင်း ရန်အတွက် အခြေခံတစ်ရပ်အဖြစ် အသုံးပြုခြင်း မရှိစေရ။

အပြစ်ကျူးလွန်ခြင်းခံရသူက အပြစ်ကျူးလွန်သူကို သွယ်ဝိုက်သော နည်းဖြင့် ခွင့်လွှတ်ခြင်း။

**conduct (n)** လုပ်ဆောင်ခြင်း သို့မဟုတ် မလုပ်ဆောင်ခြင်းရှိစေကာမူ လူတစ်ဦး ၏ အပြုအမူ၊ အမူအယာ။ သက်သေခံအက်ဥပဒေပုဒ်မ(၈) ဥပမာ(စ)ကို ကြည့်လျှင် အေကဘီကို လုယက်ခြင်းရှိမရှိ ပြဿနာ၌ ဘီလုယက်ခံရပြီးနောက် စီက အေ၏ရှေ့မှောက်တွင် ဘီကိုလုယက်သူအား ရှာရန် ရဲများလာနေသည်ဟု ပြောဆိုရာ အေကထွက်ပြေးသည်။ ဤပြုမှုချက်မှာ မှုခင်းဖြစ်ပွားပြီးနောက် ပြစ်မှုကျူးလွန်သူ၏ အမူအယာသည် စပ်ဆိုင် သည့်အကြောင်းခြင်းရာဖြစ်သည်။(သက်သေခံအက်ဥပဒေပုဒ် ၈ ဥပမာ စ)

**conduct money** --သက်သေများအား ခရီးစရိတ်ပေးခြင်း။





**confederacy (n)** ဥပဒေနှင့် မညီသောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ဦး (သို့) နှစ်ဦး ထက်ပိုသောသူများ ပါဝင်သည့်အဖွဲ့အစည်း။ အပေါင်းပါ၊ ကြံရာပါ။

**confederation (n)** ပြည်နယ်များ၊ နိုင်ငံများစုစည်းထားသည် အဖွဲ့အစည်း။ အဖွဲ့ဝင်တိုင်းတွင် အချုပ်အာဏာများ ဆက်လက်တည်ရှိသည်။

**confession (n)** ဖြောင့်ချက်။ တရားခံသည် ၎င်းအပေါ် စွပ်စွဲထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ပြစ်မှုကျူးလွန်ခဲ့ကြောင်း မိမိအလိုအလျောက် တရားသူကြီး ထံတွင် ဝန်ခံခြင်း။(သက်သေခံအက်ဥပဒေပုဒ်မ ၂၄မှ ၃၀။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ ကြည့်ပါ။)

**confession and avoidance** တရားခံမှ ၎င်းအပေါ်စွပ်စွဲထားချက်များကို ဝန်ခံသော်လည်း ထိုအချက်များသည် ဥပဒေအကြောင်းအချက်များနှင့် ဆန့်ကျင်ပြီးအကျိုးသက်ရောက်မှု မရှိကြောင်းထုချေခြင်း။

ဥပမာ။ တရားခံက ၎င်းအနေဖြင့် တရားလိုကို တုတ်ဖြင့် ရိုက်ခဲ့သည် ဝန်ခံသော် လည်း ထိုသို့တုတ်ဖြင့် ရိုက်ရခြင်းမှာ တရားလိုကဓားဖြင့် ရန်ပြုရန် ...၍ မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ထုချေခြင်း။

**confession of judgement** --မြီစား၏စာဖြင့် ရေးသား သဘော တူညီချက် ...ပေါ် အခြေခံ၍ မြီရှင်က မြီစားအပေါ်စွဲဆိုထားသည့်အမှုကို စီရင် ချက် ...ခြင်း။

**confidence (n)** ယုံကြည်စိတ်ချခြင်း၊ တစ်စုံတစ်ယောက်၏ အရည်အချင်း ... ယုံကြည်ခြင်း။ အများပြည်သူသို့ ထုတ်ပြောရန် မဟုတ်ဘဲ ယုံကြည်မှုဖြင့် ...သွယ်ပြောဆိုသူများ။ ဥပမာရှေ့နေနှင့် အမှုသည်တိုင်ပင် ပြောဆိုသည့် ...။

**confidence game** တစ်စုံတစ်ယောက်သည် အခြားသူတစ်ဦး၏ ငွေနှင့် ...ကို ရယူရန်အတွက် ထိုသူ၏ ယုံကြည်မှုကို အလွဲသုံးစားပြု၍ လိမ်လည် ... အလိမ်ခံရသူက၊ အယုံသွင်းခံရသူက၊ ၎င်းပိုင်ငွေနှင့် ပစ္စည်းကို ...ပြောင်း ပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**confidential communication**–အတွင်းရေးဆက်သွယ်ပြောဆိုခြင်း။ (၁)လူနှစ်ဦးက သတင်းစကား ဖလှယ်ခြင်း။ ထိုသို့ သတင်းစကားဖလှယ်မှုမှာ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောဆိုမှု ဖြစ်ပြီး ထိုသတင်းစကားကို မပေါက်ကြားရန် ဥပဒေအရ တားမြစ်ထားခြင်း။ (၂)နဂိုကပင် လျှို့ဝှက်ထားရန်ရည်ရွယ်ခြင်း။ ဥပဒေက အသိအမှတ်ပြုထားသော အချို့သော သူများ၏ ပြောဆိုမှုများကို လျှို့ဝှက်ထားခြင်းနှင့် အကာအကွယ် ပေးခြင်း။ ၎င်းထဲတွင် လင်နှင့်မယား ဆရာဝန်နှင့်လူနာ၊ရှေ့နေနှင့်အမှုသည် ခရစ်ယာန်ဘုန်းကြီးနှင့် အပြစ် ဝန်ခံချက် ပေးသူတို့ ပါဝင်သည်။

(အကျယ်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၂၂,၁၂၆,၁၂၇,၁၂၈,၁၂၉,ကြည့်ပါ)

**confinement (n)** တစ်စုံတစ်ယောက်ကို ချုပ်နှောင်ထားခြင်း၊ ထိန်းချုပ်ထားခြင်း နာမကျန်းဖြစ်နေသူ အထူးသဖြင့် ကလေးမီးဖွားထားသော အမျိုးသမီးကို နိုင်ငံရပ်ခြားသို့ ခရီးသွားလာခြင်းအား တားမြစ်ခြင်း။

**confiscate (v)** သင့်တော်သောလျော်ကြေးမပေးဘဲ အများပြည်သူအသုံးပြုရန်အတွက် ပုဂ္ဂလိကပိုင်ပစ္စည်းကို သိမ်းဆည်းရယူခြင်း။

**confiscation (n)** ဥပဒေချိုးဖောက်သော တရားခံ၏ လက်ဝယ်မှ ဖမ်းဆည်းရမိသော ဥပဒေမဲ့ပစ္စည်းကို နိုင်ငံပိုင်အဖြစ်သိမ်းဆည်းခြင်း။

**shall be liable to confiscation** သိမ်းဆည်းခြင်းခံထိုက်စေရမည်။

**shall be confiscated** သိမ်းယူခြင်းခံရမည်။

**conflict of laws.** ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှု။ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေနှင့် အခြား တစ်နိုင်ငံ၏ဥပဒေတို့ ကွဲပြားခြင်း။

**conform** လိုက်လျောညီထွေဖြစ်သည်။ တူညီစေသည်။

**conformed copy** စာရွက်စာတမ်းတစ်ခု၏ တိကျသော တူညီသော မိတ္တူ။ အဆိုပါ မိတ္တူသည် ခေါင်းကပ်ထားသည့် မိတ္တူမှန်သော်လည်းကောင်း ခေါင်းမကပ်ထားသည့် မိတ္တူမှန်သော်လည်းကောင်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ အစိုးရ ဌာန တစ်ခုခုမှ အဆိုပါမိတ္တူသည် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီးသော မိတ္တူဖြစ်ကြောင်း အတည်ပြုပြီးဖြစ်သည်။

**confrontation (n)** ထိပ်တိုက်တွေ့ဆုံခြင်း၊ ရင်ဆိုင်ခြင်း။





**confusion (n)** ပိုင်ရှင်အများ၏အမျိုးအစားတူသော ကုန်များကိုပေါင်းစပ်လိုက်ခြင်း။ ထိုသို့ပေါင်းစပ်လိုက်ခြင်းအားဖြင့် ကုန်များခွဲခြားရန် မလွယ်ကူတော့ခြင်း။

**congeries** စုဆောင်းခြင်း သို့မဟုတ် အစုအပေါင်း။

**conjugal rights** လင်ခန်းမယားခန်းနှင့် ဆိုင်သောအခွင့်အရေးများ၊ ၎င်းတွင် တစ်ဦးနှင့် တစ်ဦးစိတ်ချမ်းသာမှု နွေးထွေးမှု ချစ်ခင်မှုနှင့် လိင်မှုကိစ္စပါဝင်သည်။

restitution of conjugal rights မှာ လင်နှင့်မယားပြန်လည်ပေါင်းသင်း စေလိုမှုဖြစ်သည်။ မိမိထံမှ အကြောင်းမဲ့ ထွက်ခွာသွားသော မယား သို့မဟုတ် လင်အား လင်မယားအဖြစ်ပြန်လည်ပေါင်းသင်းစေလိုမှုဖြင့် တရား စွဲဆိုနိုင်သည်။ တရားစွဲ ဆိုလိုသူသည် မိမိ၌အပြစ်ကင်းကြောင်း ထွက်ခွာသွားသူ၌ သာလျှင် အပြစ်ရှိကြောင်း ထင်ရှားပြရန်လိုသည်။

**connivance (n)** တစ်ခြားသူအမှားအယွင်း ပြုလုပ်နေသည်ကို မသိဟန်ဆောင်နေခြင်း၊ မျက်နှာလွှဲနေခြင်း။ အိမ်ထောင်ဘက်၏ မကောင်းသော အပြုအမူကို မသိဟန်ဆောင်ခြင်း။

ဥပမာ။ ခင်ပွန်းဖြစ်သူက မယားဖြစ်သူနှင့် ကွာရှင်းလိုသဖြင့် မယားလင်ငယ်နေသည်ကို မသိဟန်ဆောင်နေခြင်း၊ လင်ဖြစ်သူသည် မယားဖြစ်သူအားခေါ်ပြီး အပန်းဖြေစခန်းသို့ သွားရာတွင် မယား၏လင်ငယ်ဖြစ် သူကိုပါခေါ်ဆောင်သွားသည်။ ခင်ပွန်းဖြစ်သူအနေဖြင့် မယားလင်ငယ်နေသည်ကို အသားစီးရယူလို၍ ထိုသို့ပြုလုပ်ခြင်းဖြစ်သော်လည်း မယားဖြစ်သူက ယောကျ်ားဖြစ်သူ သိကျိုးကျွံပြုခဲ့သည်ကို အကြောင်းပြ၍ ခုခံနိုင်သည်။ ထိုသို့ လင်ဖြစ်သူ၏ ဆောင်ရွက်ချက်မှာ လင်မယားကွာရှင်းခွင့် ရနိုင်မည် မဟုတ်ပေ။

**consanguinity (adj)** တစ်အူတုံဆင်း သွေးရင်းသားရင်းတော်စပ်သော။ ညီအစ်ကို မောင်နှမ အရင်းကို ဆိုလိုသည်။ လင်နှင့်မယား ဆက်နွယ်မှုနှင့် မသက်ဆိုင်ပါ။

**conscience of the court** ----တရားရုံး၏သာနာညီမျှမှုအာဏာသည် တရားမျှတပြီး သမာသမတ် ကျမှုအချက်များပေါ်တွင် အခြေခံ၍ ဆုံးဖြတ်သည်။

**consecutive sentence** ပြစ်ဒဏ်ကို တစ်ခုပြီးမှတစ်ခု ကျခံစေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ တရားခံတစ်ယောက် အပေါ်ပြစ်မှုတစ်ရပ်အရ ထောင်ဒဏ် (၁၀)နှစ်ကျခံစေပြီး နောက် ပြစ်မှုအတွက် ထောင်ဒဏ် (၁၀)နှစ် အမိန့်ချခဲ့ရာ တရားသူကြီးက ပြစ်ဒဏ်များကို တစ်ခုပြီးမှ နောက်တစ်ခုကျခံစေရန် အမိန့်တွင်ပါရှိခြင်း။ တရားခံသည် ထိုအမိန့်အရ စုစုပေါင်း ထောင်ဒဏ်နှစ် (၂၀)ကျခံရမည်ဖြစ်သည်။

**consent (v)** သဘောတူခွင့်ပြုချက်။ တစ်ဦးတစ်ယောက်၏ အဆိုပြုချက်ကို ပဋိညာဉ် ပြုပိုင်ခွင့်အရည်အချင်းနှင့် ပြည့်စုံသောလူတစ်ဦးက မိမိ၏ လွတ်လပ်သော စိတ်ဆန္ဒဖြင့် သဘောတူညီချက်ပေးခြင်း။(ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၃နှင့်၁၄ ကြည့်ပါ။ ပြစ်မှုဆိုင်ရာ ဥပဒေ ၈၇၊ ၈၉၊ ၉၀၊ ၉၂၊ ၃၇၅ တို့တွင်လည်း ကြည့်ပါ။)

**consent decree**---အမှုသည်အားလုံး သဘောတူညီချက်ဖြင့် ချမှတ်သည့်ဒီကရီ။ အကြောင်းခြင်းရာ တစ်ခုကိုအမှုသည်များ အချင်းချင်း ညှိနှိုင်းပြေငြိမ်းပြီးခါမှ တရားရုံး၏အတည်ပြုချက်ရယူရန် တင်ပြတတ်ကြခြင်း။

**consent judgement** ထိုကဲ့သို့ စီရင်ချက်မျိုးကို အမှုသည်များ၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်းဖြစ်ပြီး အယူခံဝင်ခွင့် မရှိပေ။ နှစ်ဦးသဘောတူညီချက်ဖြင့် ချမှတ်သောအမှုတွဲတွင် စီရင်ချက်ချမှတ်ခြင်းဖြစ်သည်။

**consequence (n)** အကျိုးသက်ရောက်ခြင်း၊ အကျိုးဆက်။ လူတစ်ယောက်သည် ပြုလုပ်မှု တစ်ခုကို ပြုလုပ်ရာ၊ ပြုလုပ်မှုမှ အကျိုးဆက်ပေါ် ထွက်ရာတွင် ပြုလုပ်မှုဖြစ်ရာ နယ်မြေစီရင်ပိုင်ခွင့် တရားရုံးကဖြစ်စေ၊ အကျိုးဆက်ဖြစ်ပေါ်ရာ နယ်မြေ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကဖြစ်စေ၊ ထိုပြစ်မှုကို စုံစမ်းစစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ် ၁၇၉)

**consequential loss or damage, injury** အကျိုးဆက်ဆုံးရှုံးမှု၊ နစ်နာမှု

**consequential relief** အကျိုးဆက်သက်သာခွင့်။ ထိုအမှုမျိုးမှာ တရားလိုသည် ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဆိုရုံမျှမက ထပ်မံ၍သက်သာခွင့်ရရန် တောင်းဆို နိုင်ခွင့်ရှိပါလျက်နှင့် မတောင်းမဆိုချန်ထားသောအချက်တွင် ထိုမြွက်ဆိုချက်မျိုး ကို တရားရုံးကချမှတ်မပေးနိုင်ပါ။(declaratory suit-Specific Relief Act sce42)





**conservatee** လူတစ်ဦး၏ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စများကို ထိန်းသိမ်းရန် တရားရုံးကခန့်ထားသည့် အုပ်ထိန်းသူ/ ကာကွယ်စောင့် ရှောက်သူလိုအပ်နေသောသူ။

**conservator** ဥပဒေအရ စွမ်းဆောင်ရည်မပြည့်ဝသောသူ၏ အရေးအရာများကို စောင့်ရှောက်ရန် တရားရုံးမှခန့်ထားသောပုဂ္ဂိုလ်။ ငွေရေးကြေးရေးကိစ္စများကို စီမံခန့်ခွဲပေးရန် ခန့်ထားသူကို conservator of the estate ခေါ်ပြီး လူမှုရေး၊ ကျန်းမာရေးတို့ကို စောင့်ရှောက်ရန်ခန့်ထားသူကို conservator of the person ဟုခေါ်သည်။

**consideration (n)** အဘိုးစားနား၊ အပေးအယူ၊ ကတိနှင့်ညီညွတ်ချက်။ ကတိပြုသူသည် အကျိုးတစ်စုံတစ်ရာ ခံစားရန်ရည်ရွယ်၍ ကတိပြုခြင်းဖြစ်သောကြောင့် ၎င်း၏ အလိုအတိုင်း သဘောတူသူကဖြစ်စေ၊ အခြားသူတစ်ဦးဦးကဖြစ်စေ၊ အလုပ်ကိစ္စ တစ်စုံတစ်ရာကိုပြုပြီး သို့မဟုတ် မပြုဘဲနေပြီးဖြစ်လျှင်သော်သည်းကောင်း၊ ပြုရန်သို့မဟုတ် မပြုဘဲနေရန်ကတိပြုလျှင်သော်လည်းကောင်း၊ ပြုလုပ်မည်၊ မပြုလုပ်ဘဲနေမည်ဟု သဘောတူလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ ပြုလုပ်ခြင်း။ မပြုလုပ်ဘဲနေခြင်း (သို့)ကတိပြုခြင်းသည်၊ ကတိနှင့် ညီညွတ်ချက်ဟုခေါ်သည်။ [ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂(ဃ)]

**consideration good** ချစ်ခြင်းမေတ္တာ၊ မြတ်နိုးမှု၊ လူ့ကျင့်ဝတ်တို့အပေါ်တွင် အခြေခံ၍ တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း။

**consideration, valuable** တရားဝင်ပဋိညာဉ်တိုင်းတွင် အပြန်အလှန်အကျိုးသက်ရောက်မှုရှိခြင်း။ ဥပဒေအမြင်တွင် တရားဝင်အဘိုး စားနားရှိခြင်း။

**consience (n)** ကောင်းမကောင်းသိတတ်သောစိတ်။ အမှားအမှန်ကို ခွဲခြား သိတတ်သောစိတ်။

**consign (v)** အခြားသူ၏ ထိန်းချုပ်မှုသို့မဟုတ် စီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်းပေးခြင်း။ သတ်မှတ်ထားသော နေရာရှိလက်ခံသူထံ ကုန်များကို သယ်ဆောင်သူမှတစ်ဆင့် ပို့ပေးခြင်း။

**consignee (n)** လွှဲအပ်ပေးပို့ခြင်းခံရသူ။



www.burmeseclassic.com

www.burmeseclassic.com



**consignment (n)** အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် လုပ်ငန်းတစ်ခုသို့ မိမိကိုယ် စားကုန်များရောင်းချပေးရန် ယုံကြည်သဖြင့် တင်ပို့ပေးခြင်း။ ထိုသို့ရောင်းချပေး ခြင်းဖြင့်၊ ရောင်းချခသို့မဟုတ် ကော်မရှင်ပေးရခြင်း။ မရောင်းရလျှင် ကုန်များ ပြန်ပို့ပေးခြင်း။

**consignor (n)** ကုန်စည်တင်ပို့သူ။

**consolidation (n)** ပေါင်းစည်းခြင်း၊ ပူးပေါင်းခြင်း၊ ပေါင်းစပ်ခြင်း၊ စုစည်းခြင်း။ တစ်ခုတည်းဖြစ်အောင် ပေါင်းစပ်သည်။ နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော ကော်ပိုရေး ရှင်းများသည် တစ်ခုတည်းဖြစ်အောင် ပေါင်းစည်း၍ကော်ပိုရေးရှင်း အသစ်တစ် ခုဖြစ်ပေါ်စေသည်။ (see also-- merger)

တရားမကျင့်ထုံးဥပဒေအရ တရားရုံးတစ်ခုတွင် မပြီးပြတ်သေးသော အမှုများရှိရာတွင် တူညီသောတရားလိုများက ကွဲပြားသောတရားပြိုင်များအပေါ်တွင် တရားစွဲဆိုထားရာ၊ တူညီသောအကြောင်းခြင်းရာအပေါ်စွဲဆိုခြင်း၊ သက်သေပြရန်အချက်များ တူညီနေခြင်းဖြစ်ပါက၊ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ၊ အမှုများပူးပေါင်းရန် အမိန့်ချခြင်း။ ထို့ကြောင့် အမှုတစ်မှုတည်းဖြစ်လာပြီး အမှုပွားများခြင်းကို ရှောင်ကြဉ်နိုင်သည်။

အကယ်၍အကြောင်းခြင်းရာ နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော အကြောင်းခြင်းရာများကို တူညီသောအမှုသည်များက စွဲဆိုလျှင် အကြောင်းခြင်းရာကိုလည်းကောင်း အမှုသည်များအားလည်းကောင်း စုပေါင်းခြင်း။

**consortium (n)** တစ်ဦးတစ်ယောက်၏ အကျိုးအမြတ် (အထူးသဖြင့်) ခင်ပွန်းနှင့်ဇနီး တစ်ဦးထံမှတစ်ဦးရပိုင်ခွင့် ၎င်းတွင် အဖော်၊ ပူးပေါင်းမှု ချစ်ခင်မှု အကူအညီရရှိမှု လင်နှင်မယား လိင်မှုကိစ္စဆက်နွယ်မှုတို့ပါဝင်သည်။ ကုမ္ပဏီတစ်ခုသည် ကြီးမားသောလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်သည့်အခါ ငွေကြေး တောင့်တင်းရန် အတွက် အခြားကုမ္ပဏီများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ခြင်း။ ၎င်းအဖွဲ့သည် ယာယီစုပေါင်းထားသောအဖွဲ့ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက်သာ ပေါင်းစည်းခြင်းဖြစ်သည်။

**conspicuous (adj)** ရှင်းရှင်းလင်းလင်း ထင်ရှားသော သို့မဟုတ်မြင်နိုင်သော။

**conspiracy** ပူးပေါင်းကြံစည်မှု။ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် ပြစ်မှုမကင်းသော ကိစ္စရပ်ကို ဆောင်ရွက်ရန် ပူးပေါင်းကြံစည်ခြင်း။





ထိုအတူ တရားမမှုများတွင်လည်း နှစ်ဦးသို့မဟုတ်နှစ်ဦး ထက်ပိုသောသူများသည် ဥပဒေနှင့်မညီသော လုပ်ငန်းလုပ်ဆောင်ရန် သဘောတူပြီး လုပ်ဆောင်ခြင်း။ ထို့ကြောင့် လူတစ်ဦးသို့မဟုတ် ပစ္စည်းအပေါ်တွင် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း။ ဥပမာ အရောင်းသမားအုပ်စုသည် အကွက်ချပြီး တပတ်ရစ်မော်တော်ကားကိုအသစ်ဖြစ်ကြောင်း ပြောဆိုကြပြီး ရောင်းချခြင်းဖြင့် ပြစ်မှုကြောင်းအရရော တရားမကြောင်းအရပါ ပြစ်မှုကျူးလွန်ခြင်း။

ပြစ်မှုကြောင်းအရ အရောင်းသမားအုပ်စုသည် လိမ်လည်ပူးပေါင်းကြံစည်မှုကို ကျူးလွန်ရာရောက်ပြီး တရားမကြောင်းအရ လိမ်လည်မှုကို ပူးပေါင်းကြံစည်လုပ်ကိုင်မှုကြောင့် နစ်နာသူသည်လျော်ကြေးရပိုင်ခွင့်ရှိလာသည်။

**conspirator (n)** ပူးပေါင်းကြံစည်မှုတွင် ပါဝင်သူ။

**constable (n)** သတ်မှတ်ထားသော ပထဝီဒေသနယ်မြေအတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းသော အရာရှိ။ ၎င်းသည် ဥပဒေချိုးဖောက်သူများကို ဖမ်းဆီးခွင့်ရှိသည်။ ရဲတပ်သား။

**constituecy (n)** မဲဆန္ဒနယ်။

**constituent (n)** မဲဆန္ဒရှင်။ ကိုယ်စားလှယ်ကို ခန့်ထားသူ (အလုပ်ရှင်) လွှတ်တော်ကိုယ်စားလှယ် အမတ်ကို ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်သူ။

**constitution (n)** နိုင်ငံတော်၏ အခြေခံအကျဆုံးဥပဒေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ။

**constitutional court** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

**construction (n)** ရှင်းရှင်းလင်းလင်း မရှိသည်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း။ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေ၊ ပဋိညာဉ်ဥပဒေ သို့မဟုတ် သဘောတမ်းစာများတွင်ပါရှိသော အဓိပ္ပါယ်မသဲကွဲသည့် စကားလုံးများ အငြင်းပွားဖွယ်ရာ စကားလုံးများ၊ အဓိပ္ပါယ်ဒွိဟဖြစ်စေသည့် စကားလုံးများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း။

**constructive (adj)** လက်တွေ့တကယ်မဖြစ်သေးသော်လည်း ဥပဒေအရ၊ ဥပဒေအမြင်တွင် အမှန်တကယ်ဖြစ်မိသကဲ့သို့ ယူဆရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**constructive discharge** --အလုပ်သမားသည် အလုပ်မှနုတ်ထွက်ခြင်း၊ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းခွင်အတွင်း သည်းမခံနိုင်လောက်အောင် အခြေအနေကြောင့်ဖြစ်ခြင်း။တစ်နည်းအားဖြင့် သာမန်စဉ်းစားဉာဏ်ရှိသူတစ်ဦးအနေဖြင့် အလားတူ အခြေအနေမျိုးနှင့် ရင်ဆိုင်ရလျှင် ထွက်ခွာလိမ့်မည့်အနေအထားဖြစ်ခြင်း၊

လူမျိုးရေးခွဲခြားမှု သို့မဟုတ် အကြမ်းဖက်မှုဖြင့် တရားစွဲဆိုရန်အတွက် ထိုကဲ့သို့ နုတ်ထွက်ခြင်းသည် အခြားသော တိကျသည့်အလုပ်ခွင်အရေးယူဆောင်ရွက်ခြင်းနှင့် အလားတူသည်။

**constructive delivery** ကိုယ်ထိလက်ရောက် ပိုင်ဆိုင်မှုကိုပေးအပ်ရန် မဖြစ်နိုင်သောအခါ လက်ရောက်ပေးအပ်ရာ ရောက်သည့်အပြုအမူကိုပြု၍ ပေးအပ်ခြင်း။ ဥပမာ ခရီးအဝေးတွင်ရှိနေသော လုံခြုံရေးသေတ္တာကို ပေးအပ်ရန်အတွက် ၎င်းအစား အဆိုပါသေတ္တာ၏သော့ကို ပေးအပ်ခြင်း။

**constructive dismissal** -- အလုပ်သမားသည် အလုပ်လုပ်ကိုင်ခြင်း ပဋိညာဉ်စာချုပ်ကို ဆုံးခန်း တိုင်ရောက်ရှိသွားစေခြင်း။ ထိုသို့ ပဋိညာဉ်ကို ဆုံးခန်းတိုင်ရောက်စေခြင်းမှာ သူ၏ အလုပ်ရှင်က ပဋိညာဉ်စာချုပ်ပါ အရေးကြီးသော စည်းကမ်းချက်တစ်ချို့ ကို အရေးမထားကြောင်း ပြသခဲ့၍ဖြစ်သည်။

အလုပ်သမားသည် ထိုသို့နုတ်ထွက်လိုက်ရသော်လည်း ၎င်း၏ အလုပ်ရှင်မှ မျှတမှုမရှိဘဲ ၎င်းကိုအလုပ်မှနုတ်ထွက်ရန် ဖိအားပေးခံရ၍ ဖြစ်ကြောင်း ဝါဏိဇ္ဇပဋိပက္ခမှုဖြေရှင်းရေးခုံရုံးသို့ လျှောက်ထားခွင့်ရှိသည်။

**constructive liability** လူသတ်မှုတစ်ခုကို တစ်ဦးထက်ပိုသောသူများက တူညီသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်ကြရာတွင် ပြုလုပ်သူများသည် မိမိတို့ကိုယ်တိုင် ပြုဘိသကဲ့သို့ လူသတ်မှုဖြင့် စွဲချက်တင်ခံရမည်။

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ ကြည့်ပါ)

**constructive murder** လူတစ်ဦးအား သေစေရန်ရည်ရွယ်ချက် မရှိသော်လည်း လုပ်ရပ်တစ်ခု၏ အကျိုးသက်ရောက်မှုကြောင့် သေစေခြင်း၊ လူသတ်မှု မြောက်သည်ဟု အဓိပ္ပါယ်ကောက်ယူနိုင်သည်။





**constructive notice** လူတစ်ဦးတစ်ယောက်ထံ အကြောင်းကြားစာကို တိုက်ရိုက်ပေးပို့ ရခြင်းမရှိသေးသော်လည်း ထိုသူက အကြောင်းကြားစာပို့လာမည့်အကြောင်းကို သိနေခြင်း။ တရားရုံး၏ ကြော်ငြာသင်ပုန်းတွင် အကြောင်းကြားစာ ကပ်ထားခြင်းမှာ အကြောင်းကြားစာအား အခြားနည်းဖြင့် အစားထိုးခြင်းဖြစ်ကြောင်း ဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှတ်ယူနိုင်သည်။ တဖန် အကြောင်းကြားစာထုတ်ပေးရမည့်သူ၏ နေရပ်လိပ်စာအမှန်တကယ် မသိရှိသည့်အခါ၊ နေ့စဉ်ထုတ်သတင်းစာများ၌ ကြော်ငြာထည့်ခြင်းသည်လည်း constructive notice ဖြစ်သည်။ ထိုသို့ ထုတ်ခြင်းဖြင့် ထိုသူထံ အမှန်တကယ် အကြောင်းကြားစာပေးပို့ပြီးဖြစ်သည်ဟု ဥပဒေအရ မှတ်ယူနိုင်သည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်း ၂၀)

**constructive possession** တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ခုကို အမှန်တကယ်ပိုင်ဆိုင်ခြင်း မရှိသော်လည်း ထိုပစ္စည်းပေါ်တွင် စီမံဆောင်ရွက်ပိုင်ခွင့်ရှိသူဖြစ်ခြင်း၊ ထိုသူကို ပိုင်ဆိုင်ဟန် လက္ခဏာရှိသူ ဟုဆိုရမည်။

**constructive trust** ယုံမှတ်အပ်နှံမှုဖြစ်ဘိသကဲ့သို့ အဓိပ္ပါယ် ကောက်ယူနိုင်ခြင်း။

**constuctive total loss** ရေကြောင်းဆိုင်ရာ အာမခံကိစ္စတွင် သင်္ဘောများကို အာမခံထားသည့်ကိစ္စများ၌ သင်္ဘောပျက်စီးခြင်းမှာ ပြန်လည်အသုံးချ၍ မရအောင် ပျက်စီးခြင်းဖြစ်ပါက လုံးဝဆုံးရှုံးသည်ဟုယူဆရခြင်း။

**constructive treason** ကျူးလွန်မှုတစ်ရပ်သည် နိုင်ငံတော်သစ္စာဖောက်မှုကျူးလွန်မှု ဖြစ်ဘိသကဲ့သို့ ယူဆရခြင်း။

**construe (v)** စာချုပ်စာတမ်း၊ ပြဋ္ဌာန်းဥပဒေများကို ဥပဒေစကားရပ်များအနက် အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ စည်းမျဉ်းများကိုအခြေခံ၍ အဓိပ္ပါယ်ကောက်ခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း။

**consul (n)** ကောင်စစ်ဝန်။ အချုပ်အခြာနိုင်ငံတစ်ခုက အခြားပြင်ပနိုင်ငံတစ်ခုသို့ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခံထားရသူ၊ စေလွှတ်သည့်နိုင်ငံ၏ ကိုယ်စားစီးပွားရေး ကုန်သွယ်ရေးကိစ္စရပ်များဆောင်ရွက်ပေးရသည်။ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းတွင် စေလွှတ်သည့်နိုင်ငံ၏ အလံကိုလွှင့်ထူခွင့်ရသည်။ ကောင်စစ်ဝန်သည် စီးပွားရေးကိစ္စသက်သက်သာဖြစ်ပါက စေလွှတ်ခံရသည့်နိုင်ငံ၏ နိုင်ငံသားကိုလည်း ကိုယ်စားလှယ်အဖြစ်ခန့်ထားလေ့ရှိသည်။

အမေရိကန်သံရုံးများတွင် ကောင်စစ်ဝန်ဌာနခွဲတစ်ခု ဖွင့်လှစ်ထားပြီး ဗီဇာကိစ္စ၊ green card ကိစ္စများကိုလည်း ဆောင်ရွက်ပေးသည်။

**consultant (n)** အတိုင်ပင်ခံ၊ အကြံပေးပုဂ္ဂိုလ်

**consultancy agreement--** အတိုင်ပင်ခံစာချုပ်၊ အတိုင်ပင်ခံငှားရမ်းသည့်စာချုပ်

**consultation (n)** တစ်ဦးတစ်ယောက် (ဥပမာ၊ ရှေ့နေ၊ ဆရာဝန်) ထံမှ အကြံဉာဏ် ရယူရန်တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း

**consumable (n)** တစ်စုံတစ်ရာ (အစားအသောက်) ပစ္စည်းကို ၎င်းတွင် ပါဝင်သော ပစ္စည်းများထဲမှ တစ်ချို့ကိုပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ဖယ်ထုတ်ခြင်း မပြုဘဲ သုံးစွဲ၍မရသောအရာ။

**consumer (n)** စားသုံးသူ၊ ပြန်လည်ရောင်းချရန်မဟုတ်ဘဲ မိမိနှင့် မိသားစုစားသုံးရန် အတွက် ပစ္စည်းဝယ်ယူသူ

**consumer protection laws** စားသုံးသူများအပေါ် ကာကွယ်စောင့်ရှောက်ရေးဥပဒေများ။

**consummate (v)** ပြီးမြောက်သည်အထိ။ အိမ်ထောင်ပြုခြင်းတွင် လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်မှုပြီးမြောက်ခြင်း။

**consummation (n)** လင်မယားအဖြစ် ပေါင်းသင်းစပ်ယှက်မှု။ မြန်မာဓလေ့ထုံးတမ်း ဥပဒေတွင် လင်မယားအဖြစ် အတည်ဖြစ်ရန် ပေါင်းသင်းစပ်ယှက်မှု မလို ကြောင်း။ နှစ်ဘက်သောမိဘများ၏ သဘောတူညီချက်ဖြင့် သတို့သားနှင့် သတို့သမီးတို့ ထိမ်းမြားမင်္ဂလာအခမ်းအနား ပြုလုပ်ပြီးစီးလျှင် လက်ထပ်ထိမ်းမြားမှု အတည်ဖြစ်သည်။ ပေါင်းသင်းစပ်ယှက်မှုရှိရန် မလိုဟုဆုံးဖြတ်ထားသည်။(မောင်စန်းအောင်နှင့် မကြည်ကြည်ဝေ ၁၉၆၃ မတစ ၉၉၅ ဒေါ်ခင်မြမာ (ခ) မာမာနှင့် ဦးညွန့်လှိုင် ၁၉၇၂ ပယူအမှတ် ၃၉

**contemplation of death --**အသက်ကြီးရင့်၍လည်းကောင်း





ကျန်းမာ၍လည်းကောင်း ထိခိုက် ဒဏ်ရာရမှုကြောင့်လည်းကောင်း အသက်ဆုံးရှုံးရတော့မည်ဟု ယုံကြည်သည့် အခါ မိမိပိုင်ပစ္စည်းများကို ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အခြားထူးခြားသော ရတ်တရက် ဆောင်ရွက်မှုများကိုပြုလုပ်ခြင်း။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ သေခါနီးဆဲဆဲ ပေးကမ်းခြင်း၊၊ မိမိပိုင်ပစ္စည်းများကို လွှဲပြောင်းခြင်းဖြင့် ချက်ခြင်း၊ အကျိုးသက်ရောက်စေခြင်း အတည်မဖြစ်ပေ။

**contemmer (n) --** တရားရုံးကို မထေမဲ့မြင် ပြစ်မှုဖြင့် အပြစ်ရှိသူ။

**contempt (n)** တရားရုံး၏ အခွင့်အာဏာရှိသူအပေါ် (သို့မဟုတ်) တရားရုံး၏ ဂုဏ်သိက္ခာသို့မဟုတ် တရားစီရင်ရေးဆောင်ရွက်မှုတို့အပေါ် မလေးမစားလုပ်ခြင်း၊ အံတုခြင်း။

**contempt of court** တရားရုံးကို မထေမဲ့မြင်ပြုခြင်း၊ တရားရုံး၏အမိန့်များ ညွှန်ကြားချက် များ လုပ်ငန်းစဉ်များ၊ ကျင့်ဝတ်သိက္ခာများကို မထေမဲ့မြင်ပြုခြင်း၊ ရုံးတွင် တရားခွင်အတွင်း လျောင်ပြောင်ရယ်မောခြင်း၊ ဆူညံကြမ်းတမ်းစွာ စကားပြော ဆိုခြင်း၊ အခြားသူတစ်ဦးတစ်ယောက်ကို ထိခိုက်စေအောင်ပြုခြင်း များပါဝင်သည်။ ထို့ပြင်စစ်ဆေးဆဲ ရာဇဝတ်မှုများ၊ တရားမမှုများနှင့် စပ်လျဉ်း၍ တရားရုံးက တစ်စုံတစ်ရာ အမိန့်မချမှတ်သေးမီ၊ ကြိုတင်ထင်မြင်ချက်ကို ရေးသား ထုတ်ဝေ ခြင်း၊ အများပြည်သူသိရှိအောင် ကြေငြာခြင်းများလည်း ပါဝင်သည်။ ထိုသို့ ပြုလုပ်ပါက တရားရုံးက ရေးသားသူနှင့် ထုတ်ဝေသူကို တရားစွဲဆိုပြီး ပြစ်မှု ထင်ရှားပါက ငွေဒဏ် ထောင်ဒဏ်ချမှတ်နိုင်သည်။

တရားရုံး၏ အမိန့်သမ္မာန်စာများ၊ စာချွန်တော်များကို လာရောက်အတည်ပြုသော (သမ္မာန်စာလုလင်) အပေါ် လက်ရောက်မှုကျူးလွန်ခြင်းလည်း ပါဝင်သည်။ တားဝါရမ်းကို မလိုက်နာသူလည်း မထေမဲ့မြင်ပြုရာရောက်သည်။

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ နှင့်ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀၊ တရာရုံးကိုမထေမဲ့မြင် ပြုမှုအက်ဥပဒေတို့ကိုကြည့်ပါ။)

**contest (v)** ယှဉ်ပြိုင်ခြင်း၊ စိန်ခေါ်ခြင်း၊ စွဲဆိုထားသောအမှု၌ တစ်ဖက်မှ ပြောင်းဆို ခြင်းကို ငြင်းပယ်ခြင်း၊ သေတမ်းစာကို မကျေနပ်သော ဆွေမျိုးများက ကန့်ကွက် ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**context (n)** စကားအစီအစဉ်၊ စကားဆက်၊ ရှေ့နောက်စကားအဆက်အစပ် ရှေ့နောက်စကားအဆက်အစပ်ကိုကြည့်၍ အကြောင်းအရာနှင့်ဖြစ်စေ အဓိပ္ပါယ်နှင့်ဖြစ်စေ ဆန့်ကျင်ကွဲလွဲသော သဘောမရှိလျှင် ရှေ့နောက်စကားတို့၌ ဆန့်ကျင်သော ရည်ရွယ်ချက်မပေါ်ပေါက်လျှင်။

**contiguous (adj)** နီးကပ်နေသော ဆက်စပ်နေသော မြေနယ်နမိတ်ခြင်းထိစပ်နေသော

**contiguous zone** ဆက်စပ်ဇုန်

**continental shelf** ကမ်းလွန်ရေတိမ်ပိုင်း။

**contingent (adj)** ဖြစ်တန်ရာသော၊ ရှောင်တခင်ဖြစ်ပေါ်လာသော၊ မဖြစ်ပေါ်တော့သည့် ကိစ္စ။

**contingent annuity** -- နှစ်စဉ်ကြေးပမာဏမှာ တိကျမှုမရှိဘဲ သတ်မှတ်ထားသော အနာဂါတ် အဖြစ်အပျက်ပေါ်တွင်မူတည်သည်။

**contingent beneficiary**--(၁) အသက်အာမခံပေါ်လစီ၌ ညွှန်ပြထားသော ပုဂ္ဂိုလ်သည် မူလ အကျိုး ခံစားခွင့်ရှိသူက မစွမ်းဆောင်နိုင်ဟုဆိုလျှင် ဆက်လက်ဆောင်ရွက်ရန် လက်ခံ နိုင်သည်။

(၂) သေတမ်းစာရေးသားသူက ပေးကမ်းခြင်းကိုလက်ခံရန်အမည် သတ်မှတ်ခြင်း ခံရသူသည်၊ မူလအကျိုးခံစားခွင့်ရှိသူက ပေးကမ်းခြင်းကို ရယူရန် စိတ်မပါခြင်း (သို့) မစွမ်းဆောင်နိုင်ခြင်းရှိမှသာ ပေးကမ်းခြင်းကို လက်ခံနိုင်သည်။

**contingent legacy** စည်းကမ်းချက်သတ်မှတ်၍ပေးသော အမွေ၊ ယင်းစည်းကမ်းချက်များ ကို လိုက်နာမှသာလျှင် အမွေအတည်ဖြစ်၍ မလိုက်နာလျှင် ပျက်ပြယ်သည်။ ဥပမာ၊ အသက်မည်မျှရောက်ရှိမှသာလျှင် အမွေစားအမွေခံ လက်ထပ်သည့် အခါတွင်။ contingent will ဟုလည်း ခေါ်သည်။

**contingent contract** ဖြစ်ရပ်တစ်ခုပေါ်ပေါက်နိုင်မှု မပေါ်ပေါက်နိုင်မှုအပေါ် မူတည်၍ ဖွဲ့သော ပဋိညာဉ်။

**continuance (n)** နှစ်ဘက်သောအမှုသည်များအနက် တစ်ဖက်ဖက်ကဖြစ်စေ၊ သို့မဟုတ် တရားသူကြီးက ၎င်း၏ သဘောအလျောက်ဖြစ်စေ





အမှု ကြားနာခြင်း၊ စစ်ဆေးခြင်း၊ အခြားသောတရားရုံးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရွှေ့ဆိုင်းခြင်း။

**continuation (n)** ဆက်လက်ထားရှိသော တဆက်တည်းဖြစ်သော၊ စတော့အိတ်ချိန်းများတွင် စတော့များကို ရောင်းချရာ၌ အဆိုပါစတော့ကို တစ်ချိန်တွင် ဈေးရင်းအတိုင်း ပြန်လည်ဝယ်ယူရန်နှင့် သင့်တင့်သောအပိုငွေကို ညှိနှိုင်း၍ ထပ်ပေးရန် သဘောတူညီခြင်း။ ချေငှားခြင်းမဟုတ်ဘဲ ပြန်ဝယ်ယူရန် သဘောတူညီချက်ဖြင့် ရောင်းခြင်းဖြစ်သည်။

**continuing guaranty** ဆက်ကာဆက်ကာပြုလုပ်သော အမှုကိစ္စများအတွက်ပေးသည့် အာမခံချက်၊ ဆက်လက်တည်သည့် အာမခံချက်။

ဥပမာ။ မောင်နီက မိမိ၏ မြေယာခများကို မောင်ဝါအား ကောက်ခံခိုင်းသည့် မောင်ဝါသည် မှန်မှန်ကန်ကန် အလုပ်လုပ်စေရမည်။ ကောက်ခံရငွေ ၅၀၀ိ/– အထိ တာဝန်ယူမည်ဟု မောင်ဖြူက မောင်ဝါအတွက် အာမခံသည်။ ဤသည်မှာ ဆက်လက်တည်မြဲသော အာမခံချက်ဖြစ်သည်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ၁၂၉)

**contra (prep)** အခြားတစ်ဘက်၊ ဆန့်ကျင်ဘက်

**contraband (n)** တရားမဝင်သော ဥပဒေအရတားမြစ်ပိတ်ပင်ထားသော ပစ္စည်းမှောင်ခို ရောင်းဝယ်ရေး၊ တရားမဝင်သော ကုန်ပစ္စည်းများကို တင်သွင်းခြင်း၊ ထုတ်ရောင်းခြင်း၊လက်ခံထားခြင်း၊ တားမြစ်ဟန့်တားထားသော အရာဝတ္ထုပစ္စည်း ရောင်းဝယ်မှု။

**contract (n) (v)** ပဋိညာဉ်စာချုပ်။ ဥပဒေအရစည်းနှောင်အားရှိသော သဘောတူညီ ချက်။ ၎င်းတွင် နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောအမှုသည်များ သို့မဟုတ် လုပ်ငန်းများသည် အကြောင်းအရာတစ်ခုကို ဆောင်ရွက်မည် သို့မဟုတ် မဆောင်ရွက်နိုင်သည်ကို သဘောတူကြခြင်း။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် အိမ်ခြံမြေရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်များကို စာဖြင့်ရေးသားခြင်းအားဖြင့် ပိုမိုထိရောက်စေခြင်း၊ ပဋိညာဉ်တစ်ရပ်ကို အရည်အချင်းပြည့်သူများဖြစ်သော အရွယ်ရောက်သူ စိတ်အခြေအနေ ကောင်းမွန်သူ၊ တရားဝင်မှတ်ပုံတင်ထားသော စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်များ အကျိုးစီးပွားဖြင့် စာချုပ်ချုပ်ဆိုသောအခါ ပဋိညာဉ်တစ်ရပ် ဖြစ်လာသည်။

တရားဝင် ပဋိညာဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန် အောက်ပါအချက်များ နှင့် ပြည့်စုံရန်လိုသည်။

(၁) ပဋိညာဉ်ပြုလုပ်သူများသည် ပဋိညာဉ်ပြုပိုင်ခွင့်ရှိသော အရွယ်ရောက်ခြင်း၊ စိတ်အခြေအနေကောင်းမွန်ခြင်း။

(၂) လွတ်လပ်သော အနှောင်အဖွဲ့တစ်စုံတစ်ရာမရှိသော၊ လိမ်လည်ခြင်း၊ မတရားသြဇာလွှမ်းမိုးခြင်းမရှိသော သဘောတူညီချက် ရှိရမည်။

(၃) ဥပဒေနှင့် ညီညွတ်သောအကျိုးစီးပွားပါရှိရခြင်း။

(၄) တစ်ဘက်မှ ကမ်းလှမ်းသည်ကို တစ်ဘက်ကို တန်ပြန် တောင်းဆိုမှုမရှိဘဲ လက်ခံခြင်း။

(၅) သဘောတူညီသော လုပ်ငန်းသည် ဥပဒေနှင့်မဆန့်ကျင်သော လုပ်ငန်းဖြစ်ခြင်း။

**voidable contract** ပျက်ပြယ်စေနိုင်သောပဋိညာဉ်၊ ပဋိညာဉ်တွင် ပါဝင်သည့်သူတစ်ဦး သို့မဟုတ်တစ်ဘက်က သဘော တူညီထားချက်ကို အတည်ပြုဆောင်ရွက်လိုက ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း နစ်နာသူက ကန့်ကွက်လျှင် ပျက်ပြယ်ခွင့်ရသော ပဋိညာဉ်မျိုးကိုဆိုလိုသည်။

ဥပမာ A က B ကို ၎င်း၏ကြာဆံစက်မှာ တစ်နေ့လျှင် ပိဿာ ၁၀၀၀ မထွက်ဘဲ ထွက်သည်ဟု လိမ်လည်ပြောဆို၍ ရောင်းချရာ B က ယုံကြည်၍ ဝယ်ယူလိုက်သည်။ ထိုအရောင်းအဝယ် ပဋိညာဉ်မှာ လိမ်လည် ရောင်းချခြင်းဖြစ်၍ B က ပျက်ပြယ်စေလိုက ပျက်ပြယ်စေနိုင်သည်။ A က B ကို ဝယ်ရမည်ဟု အတင်းအကြပ် မပြောနိုင်။ တရားဥပဒေအရ အရေးယူ၍ လည်း မရနိုင်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၉)

**contract void** တရားဥပဒေအရ အရေးယူ၍မရသော သဘောတူညီချက်။

(က) အရေးကြီးသော အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ပဋိညာဉ် ပြုလုပ်





ကြသူ နှစ်ဘက်စလုံးက အထင်အရှား မှားယွင်းသဘောတူညီချက် သည် ပျက်ပြယ်သည်။

ဥပမာ A က B ထံမှ မြင်းတစ်ကောင်ဝယ်ယူရန် သဘောတူကြသည်။ ဝယ်ယူ မည့်အချိန်တွင် မြင်းမှာသေဆုံးသွားပြီဖြစ်သည်။ သို့သော် သဘောတူ ချိန်၌ မြင်းသေဆုံးပြီးဖြစ်ကြောင်း နှစ်ဘက်စလုံးက မသိကြပေ။ ထို ပဋိညာဉ်မှာပျက်ပြယ်သည်။

(ခ) အကျိုးစီးပွားမပါသော သဘောတူညီချက်မှာ ပျက်ပြယ်သည်။

(ဂ) ထိမ်းမြားလက်ထပ်ခြင်းမပြုရန် တားမြစ်သော သဘောတူညီချက် သည် လည်းကောင်း ကုန်သွယ်ခြင်းမပြုရန် တားမြစ်သော သဘော တူညီချက်သည်လည်းကောင်း၊ တရားစွဲရန်တားမြစ်သည့် သဘော တူညီချက်သည်လည်းကောင်း၊ မသေချာမပြတ်သားသော သဘော တူညီချက်သည်လည်းကောင်း၊ တရားမဝင်ဥပဒေနှင့် မကိုက်ညီ မဖြစ် နိုင်သည့် အလုပ်ကို ပြုလုပ်ရန်သဘောတူညီချက်သည် လည်းကောင်း ပျက်ပြယ်သည်။

**contract unenforceble** တရားဥပဒေအရ အရေးမယူနိုင်သော ပဋိညာဉ်

**contract conditional** နောင်ဖြစ်ပေါ်လာမည့်အချက်အပေါ် ဆောင်ရွက်ချုပ် ဆိုသော ပဋိညာဉ်။

ဥပမာ။ A သည် စက်ရုံဆောက်လုပ်ရန် B ထံမှ မြေကွက်ဝယ်ယူရာ၌ ကုန်ကျစရိတ်ကို ဘဏ်မှငွေချေးယူရရှိမှသာ ဝယ်ယူမည်ဖြစ်ကြောင်း ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

**contract contingent** --အမှန်တကယ်ဖြစ်မဖြစ် မသေချာသော အဖြစ် အပျက်အပေါ် အခြေ ပြုသည့်ပဋိညာဉ်။

ဥပမာ။ A က B ၏ ဆန်စက်မီးလောင်ပါက B ကို သိန်း ၅၀၀ ပေးရန် သဘောတူညီချက်မှာ မသေချာမရေရာသော ပဋိညာဉ်မျိုးဖြစ်သည်။

**conrtact of carriage** သယ်ယူပို့ဆောင်မှုစာချုပ်။

**contract of guarantee** အာမခံ ပဋိညာဉ်။

**contract of idemnity** လျော်ကြေးပဋိညာဉ်။ လူတစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင် ကတိပြုသူဖြစ်၍ မိမိ၏ပြုလုပ်ချက်အရဖြစ်စေ အခြားသူတစ်ယောက်၏ ပြုလုပ်ချက်အရ ဖြစ်စေ၊ တစ်ဦးတစ်ယောက်အား ဆုံးရှုံးနစ်နာမှု မရှိစေရန် ပေးလျော်ပါမည်ဟု တာဝန်ယူကတိပြုချုပ်ဆိုကာ ပဋိညာဉ်ဖြစ်သည်။

ဥပမာ။ ငွေတစ်သိန်းကျပ်နှင့် စပ်လျဉ်း၍ A က B ကို တရားစွဲဆိုခြင်းကြောင့် ပေါ်ပေါက်လာမည့် အကျိုးဆက်များအတွက် မဆုံးရှုံးအောင် ပေးလျော်ရန် C က ပဋိညာဉ်ပြုသည်။ ဤပဋိညာဉ်သည် လျော်ကြေးပဋိညာဉ်ဖြစ်သည်။

(ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၁၄)

**contract , quasi**–ပြုလုပ်သူတို့၏ အခြေအနေအရပ်ရပ်ပေါ်တွင် ဥပဒေအရ ကောက်ယူ ရသော ပဋိညာဉ်။

ဥပမာ။ မော်တော်အားပိုင်ရှင်က ၎င်းကား၏ဘရိတ်များကို ပြုပြင်ပေးရန် စက်ပြင်ဆရာသို့ အပ်သည်။ စက်ပြင်ဆရာကဘရိတ်များကို ပြုပြင်ရာတွင် ပိုမိုကောင်းမွန်အောင် သီးခြားအစိတ်အပိုင်း တစ်ခုကိုဝင်ရိုးတွင် တပ်ဆင်ပေးလိုက်သည်။ ထိုသို့ပြုလုပ်ရာတွင် သီးခြားပဋိညာဉ်တစ်ရပ် အနေဖြင့်ပြုလုပ်ခြင်း မဟုတ်သော်လည်း quasi contrct တစ်ရပ် အနေဖြင့် ဘရိတ်ကို ပြုပြင်ပေးရာရောက်၍ ကားပိုင်ရှင်က ထိုအတွက် စက်ပြင်ဆရာကို အခကြေးငွေပေးရမည်ဖြစ်သည်။

**contractor (n)** ကန်ထရိုက်တာ ပုတ်ပြတ်အလုပ်လုပ်သူ။ အဆောက်အအုံများ ဆောက်လုပ်ရန်၊ ဆောက်လုပ်ဆဲအဆောက်အအုံတွင် သီးခြားတပ်ဆင်ရသော လုပ်ငန်းများ (ဥပမာ လျှပ်စစ်မီးအပိုင်း)တွင် ပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်သူ။ အဆောက်အအုံတစ်ခုလုံး အပြီးအစီးလုပ်ငန်းကို တာဝန်ယူရသူမှာ အထွေထွေ ကန်ထရိုက်တာဖြစ်ပြီး ထိုထဲမှ လျှပ်စစ်ပိုင်း၊ ရေသန့်ပိုင်းခွဲဝေတာဝန်ယူရသူကို ဆပ်ကန်ထရိုက်တာဟုခေါ်သည်။ ဆပ်ကန်ထရိုက်တာသည် အထွေထွေ ကန်ထရိုက်တာကို တာဝန်ခံရသူဖြစ်ပြီး ပစ္စည်းပိုင်ရှင်အပေါ် တာဝန်မခံရပေ။ ပိုင်ရှင်နှင့်အထွေထွေ ကန်ထရိုက်တာတို့ ချုပ်ဆိုသောစာချုပ်ပါ စည်းကမ်းချက် များ ဖောက်ဖျက်ပါက ပိုင်ရှင်နှင့် အထွေထွေ ကန်ထရိုက်တာတို့သာ ရှင်းလင်း ရမည် ဖြစ်သည်။

**contraction (n)** အတိုချုပ်၊ အတိုကောက်။





**contractual licensee** ခွင့်ပြုသူနှင့်အခွင့်အမိန့်အရ နေသူတို့သဘောတူညီကြသည့် စည်းကမ်းချက် သို့မဟုတ် စည်းကမ်းချက်များအရ ဥပစာတွင် နေထိုင်ခွင့်ရသူ။ (1995 BLR 171)

**contrary (adj)** ဆန့်ကျင်ဘက်ဖြစ်သော၊ ခေါင်းမာသော။

- **a contra pacem (latin- against the peace)** ပြစ်မှုဖြင့်တရားစွဲဆိုခြင်းကို လက်တင်ဘာသာဖြင့် သုံးနှုန်းခြင်းဖြစ်သည်။ ပြည်သူတို့၏ အေးချမ်းသောဘဝကို ခြိမ်းခြောက်ခြင်းအား ညွှန်ပြသည်။

**contravention (n)** ဥပဒေချိုးဖောက်ခြင်း၊ ကျူးလွန်ခြင်း။

**contribution (n)** (၁) စုပေါင်းတာဝန်ရှိသော ကြွေးမြီကို ကင်းလွတ်ရန် သို့မဟုတ် အရှုံးကို မျှ၍ကျခံခြင်း။အစုစပ်လုပ်ငန်းဥပဒေအရ ဥပမာအားဖြင့် အကယ်၍ အစုဝင်တစ်ဦး သည် အစုစပ်လုပ်ငန်းအပေါ် ချမှတ်သည့် စီရင်ချက်အရ ငွေပေးချေ ခြင်း ပြုခဲ့လျှင် ထိုအစုဝင်အနေဖြင့်အခြားသော အစုဝင်များထံမှ အချိုးကျသည့် ဝင်ငွေကို တောင်းခံနိုင်သည်။

(၁) အလှူငွေကို ပြန်လည်ရရှိရန် မရှိသောအဖွဲ့ (လူမှုဝန်ထမ်းအဖွဲ့)သို့ လှူဒါန်းခြင်း။

(၂) ထည့်ဝင်ငွေ (လူမှုဖူလုံရေးအဖွဲ့သို့ အလုပ်ရှင်အလုပ်သမားများက အချိုးကျထည့်ဝင်သည့်ငွေ)

(၃) သင်္ဘောဖြင့် ကုန်များတင်ပို့ရာတွင် ပင်လယ်ခရီး၌ ပျက်စီးဆုံးရှုံးမှုကို မိမိတင်ပို့လိုက်သော ကုန်အလိုက်အချိုးကျပေးဆပ်ရန် တာဝန်ယူခြင်း။

**contributoty (adj)** ကုမ္ပဏီဖျက်သိမ်းရန် အကြောင်းပေါ်ပေါက်သည့်အခါ။ ကုမ္ပဏီသည် အစုရှယ်ယာမတည်ငွေရင်းရှိသော အာမခံချက်ဖြင့် ပေးရန်တာဝန်ကို ကန့်သတ်ထားသော ကုမ္ပဏီဖြစ်လျှင်၊ ကုမ္ပဏီ၏အဖွဲ့ဝင်တိုင်းက ကုမ္ပဏီ၏ ပိုင်ခွင့်သို့ ထည့်ဝင်ရန်တာဝန်ယူခဲ့သော ငွေရပ်အပြင်ယင်းအဖွဲ့ဝင် ရယူပိုင်ဆိုင်ထားသော အစုရှယ်ယာအတွက် မပေးသွင်းရသေးသော ငွေပမာဏအထိ ထည့်ဝင်ရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၅၆ (၂)။ ပုဒ်မ ၁၅၆မှ ၁၆၀ အထိလေ့လာပါ။



www.burmeseclassic.com

www.burmeseclassic.com



**contributory negligence** ပေါ့လျော့မှုကြောင့် ထိခိုက်နစ်နာစေရာတွင် နစ်နာသူကိုယ်တိုင် အပြစ်မကင်း၊ တာဝန်မကင်းဖြစ်ခြင်း။ (ယင်းသို့ဖြစ်လျှင် နစ်နာသူတရားလို အနေဖြင့်လျော်ကြေးရထိုက်မည် မဟုတ်)။

**controller (n)** ဌာနခွဲတစ်ခုကို အုပ်ချုပ်စီမံခန့်ခွဲသူ။

**control (v)** ညွှန်ကြားနိုင်သည်။ စည်းကမ်းထိန်းသိမ်းခွင့်။ စီမံခန့်ခွဲခွင့်။ ကြီးကြပ် ခွင့် သို့မဟုတ်ရေးရာများကို ချုပ်ထိန်းခွင့်။ လူတစ်ယောက်၏ လုပ်ငန်း သို့မဟုတ် ပိုင်ဆိုင်သည့်ပစ္စည်းများ ခန့်ခွဲခွင့်အာဏာ။

**controlled substance** နိုင်ငံတော်က တရားမဝင်ဆေးဝါးဟု ကြေငြာထားသည့် ဆေးဝါးကို ဥပဒေမဲ့ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သုံးစွဲခြင်း ထုတ်လုပ်ခြင်းမပြုပါရန် ထိန်းချုပ်ခြင်း။ သို့သော်ဥပဒေနှင့်အညီ ခွင့်ပြုခြင်းခံရသူများက သုတေသနပြုရန် ဆေးကုသရန်အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၃-ခု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေအရ အကျုံးဝင်သော မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစာရင်းကို ထုတ်ပြန်ထား ပြီးဖြစ်သည်။

**controlled precursor chemicals** ထိန်းချုပ်ဓာတုဗေဒပစ္စည်း (ပရီကာဆာများ) (၁၉၉၃ ခုနှစ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်သော ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြေငြာစာ။ ညွှန်ကြားချက်များကို လေ့လာပါ။)

**controversy (n)** သဘောမတူခြင်း၊ အငြင်းပွားခြင်း သို့မဟုတ် ငြင်းခုံခြင်း ဆင်ခြေ တက်ခြင်း။

**contumacy (n)** တရားရုံး၏ အမိန့်များကို မလိုက်နာခြင်း။ တရားရုံးကို မထေမဲ့မြင်ပြုခြင်း။

**contutor (n)** A joint guardian of a ward အုပ်ထိန်းခြင်းခံရသူကို ပူးတွဲအုပ်ထိန်းသူ။

**convene (v)** အစည်းအဝေးခေါ်သည်။

**convention** လွှတ်တော်အစည်းအဝေးများ။ နိုင်ငံအချင်းချင်းချုပ်ဆိုသော စာချုပ်။ ညီလာခံ။





**conventional estate** လူအချင်းချင်း အတိအလင်းပြုမှု ဆောင်ရွက်ချက်ကြောင့် ပေါ်ပေါက်လာသောပစ္စည်းဥပဒေအရ ပေါ်ပေါက်ခြင်းမဟုတ်။

**conversion (n)** ဥပဒေအရ ပိုင်ဆိုင်သူရှိသော ပစ္စည်းကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း အလွဲသုံးစားပြုခြင်း၊ ပြောင်းလဲခြင်း၊ လဲလှယ်ခြင်း။ မူလပိုင်ရှင်အနေဖြင့်ပစ္စည်းအတွက် တရားစွဲဆိုခွင့် သို့မဟုတ် တန်ဘိုးကိုရလိုခွင့် သို့မဟုတ် အသုံးပြုသဖြင့် ပျက်စီးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ရှိသည်။ တရားစွဲဆိုခွင့်ဆိုရာတွင် ပေါ်ပေါက်သည့်အနေအထားအရ ပြစ်မှုသော်လည်းကောင်း၊ တရားမမှုသော်လည်းကောင်း စွဲဆိုခွင့်ရှိသည်။

**convertible securities** ဈေးကွက်အတွင်း ငွေကြေးနှင့်အလွယ်တကူ ပြောင်းလဲနိုင်သော အာမခံစာချုပ်များ။

**convertible currency** အလွယ်တကူလဲလှယ်သုံးစွဲနိုင်သော ငွေကြေး။

**convey (v)** သယ်ယူပို့ဆောင်သည်။ ရပိုင်ခွင့် သို့မဟုတ် ပစ္စည်းပိုင်ဆိုင်ခွင့်ကို အခြားသူတစ်ဦးတစ်ယောက်သို့ စာချုပ်စာတမ်းဖြင့် လွှဲပြောင်းခြင်း။

**conveyance (n)** ပစ္စည်းကိုတစ်ဦးက အခြားတစ်ဦးအား ပစ္စည်းလွှဲပြောင်းခြင်း။ စာချုပ် သို့မဟုတ် သေတမ်းစာဖြင့် လွှဲပြောင်းပေးခြင်း။

A document, such as a deed or will, that transfers property from one party to another.

**conveyancer (n)** အိမ်ခြံမြေလွှဲပြောင်းရောင်းဝယ်ရေးတွင် ကျွမ်းကျင်သူ၏ရှေ့နေက စာချုပ်ချုပ် ဆိုပေးခြင်း။

**conveyancing** အရောင်းအဝယ်စာချုပ်၊ ငှားရမ်းသည့်စာချုပ်များကို စိစဉ်ခြင်း၊ ရေးဆွဲပေးခြင်းဖြင့် အိမ်ခြံမြေများ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းနိုင်ရန် ဆောင်ရွက် ပေးခြင်း။

**conveyee (n)** ပစ္စည်းကို သယ်ယူပို့ဆောင်ပေးသူ။

**conveyor (n)** ပစ္စည်း၏ပိုင်ဆိုင်မှုကို အခြားသူသို့လွှဲပြောင်းပေးသူ။

**convict (n)** ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ပြီးနောက် ထိုပြစ်မှုအတွက် ပြစ်ဒဏ်ကျခံရသူအဖြစ် ကျခံရသူအကျဉ်းသား။

**conviction (n)** အမှုစစ်ဆေးရာတွင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိ ရသဖြင့် တရားရုံးမှ ပြစ်မှုထင်ရှားစီရင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**cool blood--** သွေးအေးအေးနှင့်။

**co-operation (n)** ပူးပေါင်းဆောင်ရွက်ရေး။

**co-operative (adj)** အကျိုးတူပူးပေါင်းဆောင်ရွက်သော။

**co-owner** ပူးတွဲပိုင်ဆိုင်သူ။

**cop a plea (slang) (v)** တရားခံပြစ်မှုကြီးဖြင့် တရားစွဲဆိုခံနေရာ၌ လျှောက်လဲ ချက်ပေးရာတွင် သေးငယ်သောပြစ်မှုကိုသာ ကျူးလွန်ကြောင်း အသနားခံ သက်ညှာခွင့် (leniency) တောင်းဆိုလျှောက်ထားခြင်း။

**coparcenary (n)**(၁)ပူးတွဲပိုင်ဆိုင်ခြင်း(၂) နှစ်ဦး သို့မဟုတ် နှစ်ဦးထက် ပိုသောသူများသည် တစ်ဦး တစ်ယောက်သော အထက်အမွေရှင်ထံမှ အမွေကို အညီအမျှပူးတွဲပိုင်ဆိုင်ကြပြီး ပိုင်ရှင်အခွင့်အရေးကို အားလုံးအညီအမျှ အမွေ ဆက်ခံခြင်း။

**co party (n)** တရားမမှုတစ်ခုတွင် တစ်ဆက်တည်း၌ရှိနေသူ

**co plaintiff (n)** တရားမမှုတစ်မှုတွင် ပူးတွဲတရားလိုအဖြစ် တရားစွဲဆိုသူ

**co partner (n)** အစုစပ်လုပ်ငန်းတစ်ခုတွင် ပူးတွဲအစုဝင်ပိုင်ရှင်

**copy (n)** မူရင်းမှ ရေးကူးထားသည့် စာ၊ ပုံ။ သက်သေခံဥပဒေအရ မိတ္တူ စာတမ်းအမှက်အသားကို ဒုတိယအဆင့် သက်သေခံချက်ဟုခေါ်သည်။ မူရင်းကို တုပထားသောသို့မဟုတ် မိတ္တူကူးထားသောအရာ။ (မူပိုင်ခွင့်အလို့ငှာ) မူရင်းကို မည်သို့မည်ပုံ အကျဉ်းချုံ့ထားသည်မှာ အကြောင်းမဟုတ်ဘဲ ဖန်တီး ပြုလုပ် သော ရေးသားတင်ပြချက်သည် မိတ္တူကူးခြင်းနှင့် ရယူထားခြင်းသည် အဓိက ဖြစ်သည်။

--certified copy တာဝန်ခံလက်မှတ်ထိုးထားသော မိတ္တူ။

**copyright (n)** စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်။ စာရေးဆရာများ အနုပညာသည်များနှင့် အခြားဖန်တီးသူများအား ယင်းတို့၏ စာပေအနုပညာ လက်ရာများ အတွက် အကာအကွယ်ပေးထားခြင်းဖြစ်သည်။ ယင်းတွင် စာအုပ်၊ ရုပ်ရှင်သီချင်း၊ ပန်းချီ၊ ဓါတ်ပုံ၊ ဒီဇိုင်း၊ ကွန်ပျူတာဆော့ဝဲ ဗိသုကာပညာများ ပါဝင်သည်။ မူပိုင်ခွင့်ရရှိထားသူသည် မိမိမူပိုင်ပစ္စည်းကို မည်သည့်ပုံသဏ္ဌာန်နှင့် မဆို ပြန်လည် ပြုလုပ်ချက်၊ အများပြည်သူသို့





ဖြေဖျော်ပြသတင်းဆက်ချက်၊ အသံထုတ်လွှင့် ချက်၊ အခြားဘာသာသို့ ပြန်ဆိုချက် တစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးခွင့်များ ရရှိသည်။ မိမိဖန်တီးထားသောပစ္စည်း။

**co-respondent (n)** ပူးတွဲတရားပြိုင်၊ ပူးတွဲလျှောက်ထားခံရသူ။

**corroboration** ထောက်ခံထွက်ဆိုခြင်း (သက်သေခံဥပဒေပုဒ်မ ၁၁၄ ဥပမာ (ခ)၊ ပုဒ်မ ၁၅၆၊ ပုဒ်မ ၁၅၇)

**coroner (n)** သေမှုသေခင်းများကို စစ်ဆေးရသောအရာရှိ။

**corporal (adj)** ကိုယ်ခန္ဓာနှင့်ဆိုင်သော

**corporation (n)** စီးပွားရေးကုန်သွယ်ရေးအတွက် လူအများစုပေါင်းဖွဲ့စည်း တည်ထောင်သော အသင်း၊ အဖွဲ့အစည်း။

**corporeal hereditaments** generally are tangible property ယေဘုယျအားဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်၍ ရသောပစ္စည်းများ။ ဥပမာ မြေနှင့်အဆောက်အအုံများ။

**corpus (latin body) (n)** အကျဉ်းချုပ်စုဆောင်းခြင်း၊ ကိုယ်ခန္ဓာ။ An abstract collection or body.

**corpus delicti (lat) body of the crime** ပြစ်မှုကျူးလွန်ကြောင်း ခိုင်မာခိုင်လုံ ကျသော သက်သေပြချက် ပြစ်မှုမြောက်စေသည့် အကြောင်းခြင်းရာများ၊ လူသတ်မှုတွင် ရုပ်ဝတ္ထုပစ္စည်းများသည် လူသတ်မှုကို ဖော်ညွှန်းလေ့ရှိသည်။

**corpus juris (latin- for the body of law)** ဥပဒေပေါင်းချုပ်ကျမ်း

**corruption of the blood** ----ပြစ်မှုကြီး (နိုင်ငံတော်ပုန်ကန်မှု) အတွက် ပြစ်ဒဏ်ကျခံရသော ကျူးလွန်သူအနေဖြင့် ၎င်းပိုင်ပစ္စည်းအရပ်ရပ်ကို အမွေပေး၍ ရသလို အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းနိုင်ခြင်းလည်းမရှိပါ။ (US)

**correction (n)** အမှားပြင်ခြင်း

**correspondent (n)** သတင်းဌာနများမှ ခန့်အပ်ထားသောသတင်းထောက်။

**corruption (n)** အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူမှု၊ ပြည်သူ့ဝန်ထမ်းများက လုပ်ပိုင်ခွင့်ရှိသည်ကို ငွေကြေးရယူ၍ဆောင်ရွက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**cosign (v)** စာချုပ်စာတမ်းများကို အခြားသူတစ်ဦးနှင့်အတူ ပူးတွဲလက်မှတ်ရေးထိုးသူ။

**costs (n)** တရားစရိတ်၊ အမှုနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်များ

**cost-benefit analysis-** စရိတ်နှင့် လူမှုစီးပွားအကျိုးစီမံချက်၊ အပိုကုန်ကျငွေမှရရှိသည့် အကျိုး အမြတ်ကို တိုင်းတာရန် ကြိုးစားသည့်ဆန်းစစ်မှုတစ်မျိုး။

**co-tenancy** ---တစ်ဦးထက်ပိုသောသူများသည် မြေယာ/အိမ်ခြံမြေတွင် တစ်ချိန် တည်း၌ ပူးတွဲရှိနေသည့်အခြေအနေ။ (တိုက်ခန်းတစ်ခုကို ပူးတွဲလက်မှတ်ထိုး ငှားရမ်းခြင်း)

**co-tenants (n)** ပူးတွဲအိမ်ငှား

**counsel (n)** အမှုသည်အား ကိုယ်စားပြုသည့်ရှေ့နေ၊ အကြံပေးသူ။

**count (v)** တရားလို၏ တရားစွဲဆိုရန်အကြောင်းထူးခြားသောရေးသားဖော်ပြချက်။

**counter - claim** တရားမမှုတွင် တရားပြိုင်က တရားလိုထံမှ ပြန်လှန်တောင်းဆိုချက်။ ပြန်လှန်တောင်းဆိုချက်တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၈ နည်းဥပဒေ ၆ အရ ငွေရလိုကြောင်း စွဲဆိုသောအမှုတွင် မိမိကလည်း တရားလိုထံမှ ဥပဒေနှင့် အညီရရန်ရှိပါက ခုနှိမ်ရန် ပြန်လှန်တောင်းဆိုနိုင်သည်။

တရားလိုက အဆိုလွှာတွင် နှစ်ဦးပိုင်ပစ္စည်းခွဲဝေပေးရန် စွဲဆိုသောကိစ္စတွင် တစ်ချို့ပစ္စည်းကို ခွဲဝေရန်ချန်လှပ်ထားခဲ့ပါက ချေလွှာတွင် ဥပဒေနှင့်အညီ ထည့်သွင်းပြီး ပြန်လှန်တောင်းဆိုနိုင်ခြင်း။

**counter deed** လူအများသိစေရန် ထုတ်ဖော်သည့် စာချုပ်အား ပြောင်းလဲပယ်ဖျက် စေသည့် စာချုပ်ကို နိုတြီပဗ္ဗလစ်ထံတွင် လျှို့ဝှက်ချုပ်ဆိုထားခြင်း

**counterfeit (n)** အတုပြုလုပ်သည်။ အတု၊ အထူးသဖြင့် ငွေစက္ကူများ တံဆိပ်ခေါင်းများကို အတုပြုခြင်း၊ အစစ်အဖြစ် လိမ်လည်ရန်အတွက် အစစ်နှင့်ခွဲခြားရ ခက်ခဲအောင် အတုပြုခြင်း၊ စာရွက်စာတမ်းများ၊ အနုပညာပစ္စည်းများ ရှေးဟောင်းပစ္စည်းများကို အတုပြုလုပ်ခြင်း။

**countermand (v)** ယခင်က ထုတ်ပြန်ခဲ့ပြီးသည့် အမိန့်တစ်စုံတစ်ရာ ပျက်ပြယ်စေ သည့် အကျိုးသက်ရောက်မှုရှိသော ဆောင်ရွက်မှု။ ပြန်လည်ရုပ်သိမ်းခြင်း။





**counter offer (n)** ပြန်လှန်တောင်းဆိုခြင်း၊ ပဋိညာဉ်အက်ဥပဒေအရ အဆိုပြုချက် တစ်ရပ်ကို ခြွင်းချက်မရှိ လက်ခံခြင်းမပြုဘဲ ပြောင်းလဲအဆိုပြုခြင်း။ ဥပမာ။ A ထံတွင်ရှိသော တပတ်ရစ်မော်တော်ကားကို B မှ ဝယ်ယူလို၍ ဒေါ်လာ ၅၀၀၀ ပေးမည်ဟု ကမ်းလှမ်းသည်။ B က ကမ်းလှမ်းချက် ကို လက်မခံဘဲ ၎င်းပိုင်ကားကို ဒေါ်လာ ၅၅၀၀ ရမှ ရောင်းချ မည်ဖြစ်ကြောင်း ပြန်လှန်တောင်းဆိုလိုက်သည်။ ထိုသို့ပြန်လှန် တောင်းဆိုလိုက်သည့်အတွက် A ၏ ပထမကမ်းလှမ်းချက်မှာ ပျက်ပြယ်သွားသည်။

**counterpart (n)**

(၁) စာချုပ်စာတမ်း၏ မူရင်းခွဲကို တင်သွင်းခြင်း။ (စာချုပ်စာတမ်း၏ မူရင်းမှာရှာဖွေမတွေ့ရှိတော့၍)

(၂) ဥပဒေဆိုင်ရာစာချုပ်စာတမ်းများကို တစ်ချိန်တည်းတွင် နှစ်ခုသို့မဟုတ် နှစ်ခုထက်ပို၍ ချုပ်ဆိုရာ၌ အားလုံးမှာမူရင်းခွဲများဖြစ်ခြင်း (အငှား စာချုပ်ကို မူရင်းခွဲများဖြင့် အတည်ပြုရာတွင် မူရင်းခွဲတစ်ခုစီသည် မူရင်းအဖြစ်မှတ်ယူရခြင်း)

(၃) အဆင့်တူပုဂ္ဂိုလ်(အမေရိကန်နိုင်ငံ၏သမ္မတသည်ပြည်ထောင်စုမြန်မာနိုင်ငံ သမ္မတကြီး နှင့်အဆင့်တူ (counterpart) ဖြစ်သည်။

**counter sign (n)** မူလလက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းကို မှန်ကန်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။

**coup d' etat (fr)** စစ်တပ်မှ အင်အားသုံး၍ အာဏာသိမ်းခြင်း။

**couponds (n)** ငွေချေးယူကြောင်း အထောက်အထားအဖြစ်စာချုပ်နှင့်တွဲထားသော လက်မှတ်၊ ကူပွန်၊ သီးခြားစာရွက်၊ မူရင်းစာချုပ်တွင် ကူပွန်ပူးတွဲထားပြီး ထိုကူပွန်ဖြင့် အတိုးကောက်ခံနိုင်သည်။ ငွေသားထုတ်ပေးရန် ငွေလွှဲချေး သို့မဟုတ် အခမဲ့ပစ္စည်းထုတ်ပေးရန် ခွဲတမ်းထုတ်ရန်လည်း အသုံးပြုသည်။

**court (n)** တရားရုံးဆိုသည်မှာ တရားသူကြီးတစ်ဦး သို့မဟုတ် တရားသူကြီးများက အကြီးအမှူးအဖြစ် ဆောင်ရွက်ပြီး ၎င်းတို့၏ ရှေ့မှောက်သို့ တင်ပို့လာသော ဥပဒေဆိုင်ရာ အငြင်းပွားချက်များ၊ တောင်းဆိုချက်များ၊ တရားခံအဖြစ် စွတ်စွဲတင်ပို့လာသော အမှုများကို ကြားနာပြီး အဆုံးအဖြစ်ပေးသော ရုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| appellate court | - | အယူခံတရားရုံး |
| civil court | - | တရားမဆိုင်ရာအမှုများကို သာစစ်ဆေးသောတရားရုံး |
| constitutional court | - | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (တရားရုံး) |
| court of special session | - | အထူးကိစ္စရပ်များကြားနာရန် အတွက်သာ ဖွဲ့စည်းထားသည့်တရားရုံး |
| township court | - | မြို့နယ်တရားရုံး |
| district court | - | ခရိုင်တရားရုံး |
| juvenile court | - | ကလေးသူငယ်တရားရုံး |
| municipal court | - | စည်ပင်တရားရုံး |
| foreign court | - | နိုင်ငံခြားတရားရုံး |

**court calendar (n)** နေ့စဉ်တရားခွင်၌ ကြားနာမည့်အမှုစာရင်း။ တရားလွှတ်တော်မှ သုံးပတ်ကြိုတင်၍ ထုတ်ပြန်သည့်စာရင်းလည်း ပါဝင်သည်။

**courts manual** တရားရုံးများလက်စွဲ

**court of first instance** original court မူလတရားရုံး

**court martial** စစ်တရားရုံး

**court reporter** တရားရုံးချုပ်မှ ကြားနာသောအမှုများမှ အမိန့်များကို စိစစ်မှတ်တမ်းတင်ပြီး စီရင်ထုံးပြုစုရေးကောင်စီသို့ တင်ပြရသူ ယခင်က မြန်မာ နိုင်ငံ တရားလွှတ်တော် တရားစီရင်ထုံးများပြုစုရေးကောင်စီတွင် ဥပဒေပညာရှင် တစ်ဦးကို Reporter အဖြစ် ခန့်အပ်လေ့ရှိသည်။

**court recorder** အမှုတွဲထိန်းအရာရှိ

**court witness** ရုံးခေါ်သက်သေ။

**covenant** သဘောတူညီချက်၊ ပဋိညာဉ် သို့မဟုတ် ကတိကဝတ်ကို နှစ်ဘက် သောသူများကပြုလုပ်ကြခြင်း။ တစ်စုံတစ်ရာကို ဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန်အတွက်ဖြစ်သည်။





**convenant against encum brances** မြေယာအဆောက်အဦးနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်သူ အရှုပ်အရှင်း ကင်းရှင်းကြောင်းအာမခံခြင်း။

**conventurer (n)** တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများနှင့် ဖက်စပ်လုပ်ကိုင်ရန် တာဝန်ယူသူ။

**cover** ရောင်းသူ၏ ပျက်ကွက်မှုကြောင့် နစ်နာကြေးတောင်းခံခြင်း။ ရောင်းသူက ပဋိညာဉ်ပြုထားသော ကုန်များကို တင်ပို့ခြင်းမပြုဘဲ၊ ပဋိညာဉ်ကို ချိုးဖောက် သည့်အခါ (များသောအားဖြင့် ဈေးနှုန်းတက်လာ၍) ဝယ်သူသည် ရောင်းသူနှင့် ပဋိညာဉ်စာချုပ်ချုပ်ထားသော ကုန်ပစ္စည်းနှင့် အလားတူ ကုန်ပစ္စည်းကို ပြင်ပဈေးကွက်မှ ဝယ်ယူပြီး ကွာခြားငွေအတွက် ရောင်းသူထံမှ ပြန်လည်တောင်းဆိုနိုင်ခြင်း။

ပေးရန် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီတစ်ခု၏ စုစုပေါင်း အမြတ်ငွေဖြင့် စုစုပေါင်းရှယ်ယာများသို့ အမြတ်ဝေစုခွဲဝေပေးရန် အချိုးအမြတ်ခွဲဝေမှုကို ၎င်း၏အမြတ်ဖြင့် ကာမိစေသောအဆ။

**coverture (n)** အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရှင်ဇနီးမယားဖြစ်လာသည့်အခါ ခင်ပွန်းဖြစ်သူနှင့် တရားမကိစ္စများတွင်တစ်သားတည်းပေါင်းစပ်သွားပြီး ပစ္စည်းပိုင်ဆိုင်မှုအပေါ်တွင်လည်း ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိလာသည်။

**credit (n)** ကြွေးမြီ၊ ကုန်စည်နှင့် ဆောင်ရွက်မှုများကို တိုးငွေမကြေသေးဘဲ သက်ဝယ်ထားမှု။

**creditor (n)** မြီးရှင်၊ ကြွေးရှင်၊ လူပုဂ္ဂိုလ် သို့မဟုတ် ဘဏ် သို့မဟုတ် အကြွေးဝယ်ခွင့်ကဒ် ကုမ္ပဏီက ငွေထုတ်ချေးထားခြင်း။

**credit cards** အကြွေးဝယ်ယူခွင့်ကဒ်ပြား၊ ငွေရေးကြေးရေးအဖွဲ့အစည်းများက စားသုံးသူသို့ ငွေပေးချေခြင်းမပြုဘဲ ပစ္စည်းဝယ်ယူနိုင်ရန် ဝန်ဆောင်မှုရယူရန် ထုတ်ပေးသည်။ စားသုံးသူက ငွေကို ကြိုတင်ပေးသွင်းထားရပြီး အသုံးပြုသည့်အခါတိုင်း အတိုးအပါအဝင် လစဉ်ရှင်းလင်းပေးရသည်။

**crier (n)** တရားရုံး၏ လိုအပ်ချက်အရ အများပြည်သူသိရှိရန် ကြေငြာချက်ထုတ်ပြန်ရသော တရားရုံးအရာရှိ။



www.burmeseclassic.com

www.burmeseclassic.com



**crime (n)** ပြစ်မှု (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀ ကြည့်ပါ)
commercial crime-စီးပွားရေးဆိုင်ရာပြစ်မှု
computer crime-ကွန်ပျူတာနည်းပညာများ အသုံးပြု၍ ကျူးလွန်သောပြစ်မှု

**criminate (v)** ပြစ်မှုဖြစ်စေသည်။

**criminal (adj)** ပြစ်မှုကျူးလွန်သူ၊ ပြစ်မှုနှင့်ဆိုင်သော။

**criminal act** ပြစ်မှုဖြစ်စေသော ကျူးလွန်မှု။

**criminal breach of trust** ပြစ်မှုမြောက်သော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု။

**criminology (n)** ပြစ်မှုဗေဒ။ ပြစ်မှုပြစ်ဒဏ်များ မည်သည့်အတွက်ဖြစ်ပွားရသည်တို့ကို လေ့လာသည့်ပညာ။

**cross action** အပြန်အလှန်စွဲဆိုမှု။

**cross appeal** တရားရုံးက ချမှတ်သည့် အမိန့်အပေါ် နှစ်ဘက်အမှုသည်များက ကျေနပ်မှုမရှိ၍ နှစ်ဘက်စလုံးမှ အယူခံဝင်ခြင်း။

**cross claim** တရားမမှုတွင် တရားလိုစွဲဆိုသည့်အမှုအပေါ် တရားပြိုင်ဘက်မှ အပြန်အလှန် တောင်းဆိုခြင်း၊ ခုခံမိန့်ခွင့်တောင်းခြင်း။

**crossed cheque** မျဉ်းသားချက်။ ချက်လက်မှတ်၏ မျဉ်းအပြင်တွင် ဘဏ်လုပ်ငန်း ရှင်၏ အမည်ကို ကန့်လန့်ဖြတ်ရေးခြင်းဖြင့် ချက်လက်မှတ်သည် ဆုံးရှုံးခြင်း၊ ငွေရရန် အခွင့်မရှိသောသူတစ်ဦးအား အခွင့်မဲ့ထုတ်ပေးခြင်းမှ အကာအကွယ်ရသည်။ မျဉ်းသားချက်ရသူသည် ငွေသားထုတ်ယူခွင့်မရှိဘဲ ၎င်း၏စာရင်းရှင်တွင် ဘဏ်မှ ငွေလွှဲကြောင်း ဖြည့်သွင်းပေးမည်သာဖြစ်သည်။

**cross examination** ပြန်လှန်စစ်မေးခြင်း။ သက်သေများကို စစ်ဆေးရာတွင် တစ်ဘက် အမှုသည် သို့မဟုတ် ၎င်း၏ရှေ့နေက ပြန်လှန်စစ်မေးခြင်း။
(သက်သေခံအက်ဥပဒေပုဒ်မ ၁၃၇ (ခ)

**cruelty (n)** ရက်စက်မှု၊ မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် လင်မယားကွာရှင်းနိုင်ရန် အချက်တစ်ချက်ဖြစ်သည်။

**culpable (adj)** အပြစ်တင်ထိုက်သော၊ ပြစ်ဒဏ်ခံထိုက်သော၊ အပြစ်ရှိသော

**culpable homicide** ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု။





**culpable negligence** အပြစ်ပေးထိုက်သော ပေါ့လျော့မှု။

**culprit (n)** ပြစ်မှုကျူးလွန်သူ။

**curator (n)** အရွယ်မရောက်သေးသူသို့မဟုတ် မစွမ်းဆောင်နိုင်သူ၏ ပစ္စည်းနှင့် လူပုဂ္ဂိုလ်အပေါ် စောင့်ရှောက်ရန်တရားရုံးကခန့်အပ်ထားသောသူ ပြတိုက်မှူး။

**cure (v)** ကုစားခြင်း

**curfew (n)** နေဝင်မီးငြိမ်းအမိန့်

**currency (n)** ပစ္စည်းဖလှယ်ရာတွင် ကြားခံအဖြစ် အသုံးပြုသောအရာ (ငွေကြေး) ဒင်္ဂါး၊ ငွေစက္ကူ၊ ဘဏ်ချက်လက်မှတ်များစသည်။

**custodian (n)** ပစ္စည်း၊ စာရွက်စာတမ်း၊ အဖိုးတန်ပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းရသည့်ပုဂ္ဂိုလ် (သို့) အဖွဲ့အစည်း။

**custody (n)** ပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို ထိန်းသိမ်းထားခြင်း၊ ချုပ်နှောင်ထားခြင်း၊ စောင့်ရှောက်ထားခြင်း။

**custom (adj)** ဓလေ့ထုံးတမ်း/ ဓလေ့ထုံးစံ။

**customarry law** ဓလေ့ထုံးတမ်းဥပဒေ

**cyber crime** အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ ကျူးလွန်သော ပြစ်မှု။

**cyber law** ကွန်ပျူတာ၊ အင်တာနက်များနှင့် စပ်လျဉ်းသည့်ဥပဒေ။

**cypher** လျှို့ဝှက်စာ

**cypres (doctrine)** အနီးစပ်ဆုံးဆောင်ရွက်မှု။ ဥပမာ ဒေါ်ခသည် ဘိုးဘွားရိပ်သာ A သို့ ငွေတစ်သိန်းလှူဒါန်းရန် သေတမ်းစာရေးသားခဲ့သည်။ သို့သော် ဒေါ်ခ ကွယ်လွန်သည့်အခါ ဘိုးဘွားရိပ်သာ A မှာလည်း ငွေကြေးအခက်အခဲကြောင့် ဆက်လက်မရပ်တည်နိုင်၍ ဖျက်သိမ်းခဲ့ပြီးဖြစ်နေ သည်။ တရားရုံးက သေတမ်းစာအရ ငွေတစ်သိန်းကို ဒေါ်ခ စေတနာရှိသည့် ဘိုးဘွား ရိပ်သာမျိုးဖြစ်သော ဘိုးဘွားရိပ်သာ B သို့ ပြောင်းလဲလှူဒါန်းခြင်း မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# D

**dacoity (n)** ဓားပြမှု။ ငါးဦးသို့မဟုတ် ငါးဦးထက်ပိုသော သူများက လုယက်မှုကို ကျူးလွန်လျှင်ဓားပြမှုဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၁အရ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော သူများသည် လုယက်မှုကို ကျူးလွန်ရန် အားထုတ်ပါက ၎င်းတို့အသီးသီးသည် ဓားပြမှုကျူးလွန်ခြင်းမြောက် သည်။ (1995 BLR69) ပြစ်မှုကျူးလွန်စဉ် ကိုယ်တိုင်ကိုယ်ကျမပါဝင်သော်လည်း ကိုယ်တိုင်ရှိနေပြီးတစ်နည်းနည်းဖြင့် အကူအညီပေးလျှင် ပြစ်မှုကျူးလွန်သူများ၏ ဦးရေကို တွက်ချက်ရာ၌ ထည့်သွင်းရမည်။ တစ်နည်းနည်းဖြင့် ကူညီမှုဆိုရာတွင် အတိအလင်းခြိမ်းခြောက်မှု ဘစ်ခုခုပြုရန်မလို။ အမူအယာအားဖြင့်လည်း ပြုနိုင်သည်။ ပြစ်မှုကျူးလွန်ရန် ကြံရွယ်ထားသူများသည် ငါးဦးသို့မဟုတ် ငါးဦးထက်ပိုမှသာ ဓားပြမှုဖြစ်သော်လည်း ပြစ်မှုကျူးလွန်ရန် ကြံရွယ်သူများနှင့် စကားပြောမိသူသည် ပူးပေါင်းကြံစည်ကြောင်း သက်သေထင်ရှားမပြနိုင်ပါက ထိုစကား ပြောမိသူကို ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါဟု မယူဆနိုင်၍ ပြစ်မှုကျူးလွန်သူများ စာရင်းတွင်ထည့်သွင်းရေတွက်ခြင်း မပြုနိုင်ပေ။ (1996 BLR 62)





**damage (n)** လူပုဂ္ဂိုလ် သို့မဟုတ်ပစ္စည်း ဆုံးရှုံးနစ်နာခြင်း။

**damages (n)** နစ်နာကြေး။ အခြားသူတစ်ဦး တစ်ယောက်ကြောင့် လူတစ်ဦး တစ် ယောက်သည် နစ်နာခြင်း ထိခိုက်ဒဏ်ရာရခြင်းအတွက် ငွေကြေးတောင်း ဆိုခြင်း။ တရားရုံးက ငွေကြေးပေးလျော်ရန် အမိန့်ချခြင်း။ လျော်ကြေးငွေ တောင်းဆိုသည့် ကိစ္စ၌အထွေထွေ လျော်ကြေးငွေနှင့် အထူးလျော်ကြေးငွေဟု နှစ်မျိုးနှစ်စားရှိ သည်။ <u>အထွေထွေလျော်ကြေးငွေမှာ</u> အခြားသူတစ်ယောက်၏ မတရားသောပြု မူချက်ကြောင့် တရားလိုတွင် နစ်နာခဲ့ရသည့်အတွက် လျော်ကြေးငွေရထိုက်သည်ဟု ဥပဒေက ခွင့်ပြုထားသော လျော်ကြေးငွေပင် ဖြစ်သည်။ ထိုလျော် ကြေးငွေနှင့် စပ်လျဉ်း၍ နစ်နာသူသည် ၎င်း၏အဆိုလွှာတွင် တစ်လုံးတစ်ခဲ တည်းခန့်မှန်းကာ ဖော်ပြနိုင်သည်။ အချက်အလက် အသေးစိတ် ကို ခန့်မှန်းရန်မလို။ ထိုလျော်ကြေးငွေအား တွက်ချက်ရန် တာဝန်မှာ တရားရုံး အပေါ်၌ တည်ရှိနေသည်။

<u>အထူးလျော်ကြေးငွေမှာ</u> ပစ္စည်းသို့မဟုတ် ငွေအရေအတွက်အားဖြင့် တွက်ချက်၍ရသည့် လျော်ကြေးငွေဖြစ်သည့်အလျောက် ထိုလျော်ကြေးငွေမျိုး တောင်းဆိုလျှင် တရားလိုသည် မိမိမည်သို့ ကုန်ကျခဲ့ရသည်၊ မည်၍မည်မျှ ကုန်ကျခဲ့သည်ဟု အချက်အလက်အသေးစိတ် ဖော်ပြရန်လိုသည်။ ဥပဒေက အထူးလျော်ကြေးငွေကို အစဉ်အားဖြင့် အသိအမှတ်မပြု။ တရားလိုအနေဖြင့် အထူးလျော်ကြေးငွေရထိုက်ကြောင်း တိကျစွာစွတ်စွဲပြီး စွတ်စွဲချက်များ ထင်ရှား အောင် ပြနိုင်မှသာ ရရန်အခွင့်အထူးရှိသောကြောင့် ၎င်း၏အဆိုလွှာအချက် အလက်အသေးစိတ်ကို ဖော်ပြရန်လိုသည်။ (1967BLR(cc)636)

**damnify (v)** အခြားသူအား ထိခိုက်နစ်နာစေခြင်း။ ဆုံးရှုံးစေခြင်း။

**damnum (n) (latin)** ငွေကြေးမြောက်များစွာ ဆုံးရှုံးခြင်း၊ မသက်မသာရှိခြင်း၊ ကိုယ်စိတ် ဆင်းရဲခြင်း ကျန်းမာရေးဆုံးရှုံးခြင်း။ အစဉ်ချောမွေ့မှု မရှိခြင်းနှင့် အလားတူ သော။

**damnum absque injuria (latin: harm without injury)** ဥပဒေ ချိုးဖောက်မှုမရှိဘဲ တစ်ဦးတစ်ယောက်တွင် နစ်နာမှုဖြစ်ပေါ်ခြင်း။ ဥပမာ အောင်မြင်သော စားသောက်ဆိုင်တစ်ဆိုင်အားတွင် ကပ်လျက်အခြား အလားတူ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင် ဖွင့်ခြင်း။ တရားစွဲရန် အကြောင်းမပေါ်ပေါက်သော် လည်း ပထမလူတွင် နစ်နာမှုဖြစ်စေမည်။ လျော်ကြေးတောင်းပိုင်ခွင့်လည်း မရှိပါ။

**damnum sine injuria** (latin- damages without wrongful act) မှားယွင်းမှုမပါသော နစ်နာမှု။ဥပဒေအရ ကုစား၍မရနိုင် (same as damnum absque injuria) ထိခိုက်မှုမပါသော ဆုံးရှုံးနစ်နာမှု၊ ဥပမာ စက်ရုံတစ်ရုံ အနားတွင်ကပ်လျက် အလားတူကုန်ပစ္စည်း ထုတ်လုပ်သော စက်ရုံတစ်ရုံ လာရောက်တည်ဆောက် ဖွင့်လှစ်ကုန်ထုတ်ခြင်း။

**damnum fatale** မလွဲမရှောင်သာသောဖြစ်ရပ်ကြောင့် သို့မဟုတ် ကံကြမ္မာ၏ ဆန်းကြယ် မှုကြောင့် လွန်မင်းစွာထိခိုက်နစ်နာစေခြင်း။

**danger (n)** ဘေးအန္တရာယ်၊ ဘေးသင့်မှု၊ တစ်ဦးတစ်ယောက်အား ထိခိုက်ဒဏ်ရာရစေရန် ဖြစ်နိုင်ချေရှိမှု။

**dangerous (adj)** သေရန်၊ နာကျင်ရန်၊ ဒဏ်ရာရရန်၊ အန္တရာယ်ရှိသော၊ မလုံခြုံသော ဘေးအန္တရာယ်ဖြစ်စေသော၊

**dangerous goods**--ဘေးအန္တရာယ်ဖြစ်စေသော ကုန်စည်များ

**dangerous weapons**--အသက်အန္တရာယ်ဖြစ်သော သေနတ်၊ဓားမြှောင်၊ ဓားရှည်၊ ဒူးလေး၊ လင်းလေး စသည့် လက်နက်များ

**data (n)** ကိန်းဂဏန်းများအား စာလုံးပုံသင်္ကေတများဖြင့် ပြုလုပ်ဖော်ဆောင်ထားသော အချက်အလက်အစုအဝေးဖြစ်သည်။ ကွန်ပြူတာသည် အချက်အလက်များကို သိုလှောင်သိမ်းဆည်းရန် ဖော်ပြသည့်စကားလုံး။ လိုအပ်သောအခါ ဖတ်ရှုတွက်ချက်၍ အဖြေထုတ်ပေးနိုင်သည်။ (အိတ်ဆောင်ကွန်ပြူတာ အဘိဓာန် မောင်ထူးချွန်)

**data bank** data bases များ၏ စုစည်းမှုတစ်ခုဖြစ်သည်။ ယင်းကို ကွန်ပြူတာ တစ်လုံးထဲတွင် သိုလှောင်သိမ်းဆည်းထားပြီး အသုံးပြုသူများအတွက် on-line ပေါ်မှ ရရှိနိုင်သည်။ data bank တစ်ခုမှ အချက်အလက်သတင်းများကို လူအမြောက်အများက တစ်ချိန်တည်းမှာပင် ဆွဲထုတ်ရယူနိုင်သည်။ (အိတ်ဆောင်ကွန်ပြူတာ အဘိဓာန် မောင်ထူးချွန်)





**date (n)** ရက်စွဲ။ နေ့စွဲ။ ချိန်းဆိုထားချက်။ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများပြုလုပ်သည့် ရက်စွဲ။

**date of amendant**--ပြင်ဆင်သည့်ရက်စွဲ။

**date of order**--အမိန့်ချမှတ်သည့် ရက်စွဲ။

**date of sale** --ရောင်းချသည့် ရက်စွဲ။

**date rape** အစကနဦးက အမျိုးသားနှင့်အမျိုးသမီးတို့ ချိန်းတွေ့ကြရာတွင် အမျိုးသမီးမှ (များသောအားဖြင့် သမီးရည်းစား)လိုလိုလားလား လိုက်ပါလာခဲ့သော်လည်း နောက်ပိုင်းတွင် အမျိုးသားမှအမျိုးသမီးအပေါ်အင်အားသုံး၍ သားမယားအဖြစ် စပ်ယှက်ခြင်း။ ဆေးဝါးများတိုက်ကျွေးပြီး အမျိုးသမီးမှ အလိုမတူဘဲ လိုက်လျောခြင်းဖြင့် ကျူးလွန်ခံရခြင်း။ အမျိုးသမီးမှ နှုတ်ဖြင့်လည်းကောင်း၊ ရုန်းကန်ခြင်းဖြင့်လည်းကောင်း လက်မခံဘဲငြင်းပယ်ခြင်း။ ကျူးလွန်ခြင်း မပြုရန်တောင်းပန်ခြင်း၊ ပြန်လည်ခုခံခြင်း။ ဤနေရာတွင် အမျိုးသားနှင့်အမျိုးသမီးတို့မှာ ယခင်ကပင်သိကျွမ်းကြသူများဖြစ်ကြသည်။ ချိန်းတွေ့ရာတွင် သဘောတူလိုက်ပါခြင်းဖြစ်သော်လည်း ကျူးလွန်ရာတွင် အမျိုးသမီးမှ အလိုမတူခြင်းဆန့်ခြင်းပြု၍ အမျိုးသားမှ ၎င်းအပေါ်မှဒိန်းမှုဖြင့် ဒွတ်စွဲခံရရာတွင် ချိန်းတွေ့ရန်သဘောတူလိုက်ပါခြင်းကို တင်ပြပြီး ခုခံချေပခြင်းမပြုနိုင်။

**days of grace** ငွေပေးချေရန် သတ်မှတ်ရက်စေ့ရောက်ပြီးနောက် ထပ်မံတိုးပေးသည့် ခွင့်ပြုပေးသည့်ရက်များ။ အာမခံပရီမီယံစေ့ရောက်ပြီးနောက် ထပ်မံတိုးပေးသည့် ရက်။ ကြွေးမြီပေးဆပ်ခြင်း၊ အခြားကိစ္စများ ဆောင်ရွက်ခြင်း စီရင်ချက်မိတ္တူ ကူးခြင်းစသည်တို့တွင် သတ်မှတ်ရက်ကို ကျော်လွန်၍ပေးသော ခွင့်ပြုချက်။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဥပဒေပုဒ်မ ၂၂အရ ငွေတောင်းလာ သည့်အခါ၌ဖြစ်စေ၊ လက်မှတ်ကိုပြလာသည့်အခါ၌ဖြစ်စေ၊ ငွေပေးကတိလက်မှတ် ငွေလွှဲလက်မှတ်တွင် ပေးရန်ပါရှိသည့်နေ့ရက်စေ့ပြီးနောက် (၃)ရက်မြောက် သောနေ့မှာ အချိန်စေ့ရောက်ခြင်းကိုဆိုလိုသည်။ သို့ရာတွင် ချက်လက်မှတ်မှာ တင်ပြတောင်းခံလာသည့်အခါ ပေးချေရမည်ဖြစ်၍ days of grace မရှိပါ။ (လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဥပဒေပုဒ်မ ၂၂၊ ၂၃၊ ၂၄၊ ၂၅)



www.burmeseclassic.com

www.burmeseclassic.com



**day to day loan** နေ့ပြန်တိုး။

**de bene esse** ပုံမှန်အချိန်မရောက်မီ ကိစ္စရပ်တစ်ခုကို လောလောဆယ် ဆောင်ရွက် စေခြင်း။ နောင်အနာဂါတ်ကာလ၌ ဆောင်ရွက်ရမည့်ကိစ္စကို ယခုပစ္စုပ္ပန်ကာလတွင် ဆောင်ရွက်ရန် သုံးသည့်စကားလုံး။ သက်သေများကို အသက်အရွယ် ကြီးရင့်၍လည်းကောင်း၊ သက်သေမှာပြင်းထန်စွာ နာမကျန်း ဖြစ်နေ၍လည်းကောင်း၊ သက်သေသည်တရားရုံး၏စီရင်ပိုင်ခွင့်နယ်မြေ ဒေသသို့ အချိန်ကြာမြင့်စွာ ခရီးထွက်ခွာရန်ရှိနေလျှင်လည်းကောင်း၊ (အမှုစွဲတင်ပြီးနောက်) အမှုသည်တစ်ဦးဦးက ဖြစ်စေ၊ သက်သေကဖြစ်စေ လျှောက်ထားလာသည့်အခါ တရားရုံးက ကျေနပ်လောက်အောင် လုံလောက် သော အကြောင်းပြနိုင်လျှင် အမှုသည်များရှေ့၌ အဆိုပါသက်သေကိုရုံးတော်က စစ်မေးခွင့်ရသည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၁၆ (၁))

**de bonis now** သေဆုံးသူ၏ ကျန်ရစ်သောပစ္စည်းများကို အပြည့်အဝ စီမံခန့်ခွဲနိုင်ခြင်း မရှိသည့်အခါတွင် သုံးသည်။ သေဆုံးသူ၏ ကျန်ရစ်သော ပစ္စည်းများကို စီမံခန့်ခွဲရန် အမွေထိန်းခန့်အပ်ထားသည့်အခါ၊ ပစ္စည်းအားလုံးကို ပြေငြိမ်းအောင် မဆောင်ရွက်နိုင်မီ အမွေထိန်းသို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ပိုင်ခွင့်ရှိ သူသည် ကွယ်လွန်သွားလျှင် ရှောင်ဖယ်နေလျှင် သို့မဟုတ် အကြောင်းတစ် ချက်ချက်ကြောင့် ဖယ်ရှားခြင်းခံရလျှင် သေဆုံးသူပိုင်ပစ္စည်းကို စီမံခန့်ခွဲပေးရန် ကျန်ရှိနေသေးပါက ဆက်လက် ဆောင်ရွက်ရန် ဒုတိယ အမွေထိန်းကို ခန့်အပ်ရမည်။ ၎င်းကို administrator de bonis non ဟု ခေါ်သည်။ ၎င်းသည် သေသူ၏ တစ်ဦးတည်းသော ကိုယ်စားလှယ် အဖြစ်ခန့်အပ်ခံရသည်။

**de die in diem** တစ်ရက်ပြီးတစ်ရက်၊ နေ့စဉ်၊ အမှုကိုနေ့စဉ်ရက်ဆက်ချိန်းဆို စစ်ဆေးသည်။

**de facto** in actual fact အမှန်တစ်ကယ်အာဏာရှိသူ။ de facto government (illegitimate but in effect) ဥပဒေအရ တရားမဝင် အစိုးရဖြစ်သော်လည်း အမှန်တကယ်အာဏာရှိသော အစိုးရ။

**defacto recognition** ခြွင်းချက်ဖြင့် အသိအမှတ်ပြုခြင်း။





**de minimis non curat lex** ---- အရေးမယူ လောက်အောင်သေးနုပ်သော ကျူးလွန်မှုများကို ဥပဒေက အရေးယူလောက်သော ပြစ်မှုဟု မမှတ်ယူပေ။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၅)

**de novo** အသစ်။

**de novo trial** အမှုကို အသစ်တစ်ဖန်ပြန်လည် စစ်ဆေးခြင်း။

**dead account** စာရင်းသေ။ ငွေစာရင်းရှင်သေဆုံးသောအခါ (သို့မဟုတ်) စာရင်း ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့သည့်အခါ။

**dead beat (n)**-ငွေပေးချေရန်ရှောင်တိမ်းနေသူ

**dead beat dad (mom) slang** ဖခင် (မိခင်)က မိမိကလေးအတွက် ထောက်ပံ့ကြေးကို မပေးခြင်း။ အကြွေးထားခြင်း ကျန်းမာသန်စွမ်းသော ဖခင်ဖြစ်သော်လည်း အလုပ်အကိုင် မရှိ၍ ဝင်ငွေမရှိ။ လူမှုရေးအထောက်အပံ့ ဝင်ငွေသာရှိသဖြင့် ကလေးစရိတ်မပေးနိုင်ခြင်း။ တရားရုံး၏အမိန့်အရ ကလေးစရိတ်ထောက်ပံ့ငွေကို မပေးဆောင်ပါက ၎င်း၏လစာလုပ်ခပေါ်တွင် ဝါရမ်းကပ်ခြင်း၊ နိုင်ငံကူးလက်မှတ်လျှောက်ထားလာပါက ငြင်းပယ်ခြင်း။ အလုပ်လက်မဲ့ထောက်ပံ့ကြေးကို ထုတ်မပေးရန် ဟန့်တားခြင်းစသည့် အရေးယူမှုများ ပြုလုပ်နိုင်သည်။

**dead end** တစ်ဖက်ပိတ်လမ်း။

**dead freight** ငှားရမ်းထားပြီးမပို့ဆောင်ရသေးသော ကုန်အစိတ်အပိုင်းနေရာ အတွက် ပေးသွင်းရသည့် ပို့ဆောင်ခ

**dead line** ကန့်သတ်ထားသောအချိန်။

**dead loans** ပြန်လည်ပေးဆပ်ရမည့်နေ့ရက်ကို သတ်မှတ်ထားခြင်း ဖော်ပြထားခြင်း မရှိဘဲချေးထားသည့်ငွေ။

**dead lock (n)** နှစ်ဖက်အားညီနေသဖြင့် တန့်နေခြင်း။

**dead rent** သတ္တုတူးဖော်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သတ္တုတွင်းစာချုပ်အရ ပေးဆောင်ရသည့် အနိမ့်ဆုံးငှားရမ်းခ (the minium rent)။ ဆုံးရှုံးမှုကို ရှေ့နှစ်များသို့စာရင်းယူဆောင်သွားပြီး နောင်နှစ်များတွင် ငှားရမ်းခများထဲမှ နှိမ်သွားမည်ဖြစ်သည်။

**dead use** အနာဂါတ်အသုံးပြုရန်။



www.burmeseclassic.com

www.burmeseclassic.com



**dead weight** ကုန်ပစ္စည်း၏ အတိုင်းအတာပေါ်မူမတည်ဘဲ အလေးချိန်ပေါ် မူတည်၍ ပို့ဆောင်ခပေးရသည့် ကုန်များ။ ဥပမာ သံထည်၊ သံမဏိ၊ ကျောက်မီး သွေးစသည့်များ။

**deadly (adj)** သေစေလောက်သော။

**deadly weapon** သေစေရန်အတွက် အသုံးပြုသော လက်နက်။ ခြောက်လုံးပြူး၊ ဓါးမြှောင်။ သံတူရွင်း၊ တူ၊ စသဖြင့်။

**deaf and dumb** ဆွံ့အ နားမကြား၊ အရည်အချင်းပြည့် သက်သေမဟုတ်။ သို့သော် ဆွံ့အ နားမကြားသူသည် အမူအယာနှင့်ဖြစ်စေ၊ အမူအယာကို အဓိပ္ပါယ် ဖော်နိုင်သူနှင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ သက်သေခံနိုင်သည်။

**dealer (n)** ကုန်ပစ္စည်းများကို ရောင်းချရန်အလို့ငှာ ဝယ်ယူသူ။ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်သူ။ တစ်ခါတစ်ရံ ဝယ်ယူရောင်းချသူနှင့် ကွာခြင်းသည်။ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်သူသည် စီးပွားရေးလုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင်ရယူထားခြင်း၊ မှတ်ပုံတင်ထားခြင်း ရှိရမည်။ စတော့ရောင်းဝယ်ရေးဌာနတွင် အာမခံစာချုပ်များ ရှယ်ယာများစတော့များ ရောင်းဝယ်သူ။

**death bed gift** သေခါနီးဆဲဆဲ ပေးကမ်းခြင်း။ ပေးသူသည် မကျန်းမာ၍ သေခါနီး အသက်ရှင်ရန် လုံးဝမျှော်လင့်ချက်မရှိသော အချိန်တွင် တစ်ဦးတစ်ယောက်ကို မိမိပိုင်ပစ္စည်းများ အားပေးကမ်းခြင်း။

**death benefit** သေဆုံးသူ၏ တရားဝင်ဆက်ခံသူသို့ ပေးရသည့် အာမခံငွေ သို့မဟုတ် ပင်စင်ခံစားခွင့်ငွေ။

**death duties** သေဆုံးသွားသူပိုင်ပစ္စည်းလွှဲပြောင်းခြင်းအပေါ် ပေးဆောင်ရသည့် အခွန် death estate duty, succession duty and legacy duty ဟူ၍ရှိရာ succession duty နှင့် legacy duty တို့ကို အင်္ဂလန်နိုင်ငံတွင် 1949 Finance Act s.27 အရ ဖျက်သိမ်းပြီးဖြစ်ပြီး death estate duty မှာ capital transfer tax က လွှမ်းမိုးသွားသည်။ အမေရိကန်နိုင်ငံတွင် estate taxes နှင့် inheritance taxes ဟူ၍ရှိသည်။

**death penalty** လူသတ်မှု၊ ကြီးလေးသောပြစ်မှုများ (နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု)တွင် ချမှတ်သည့်သေဒဏ်။





**death row** သေဒဏ်ကျခံရသူများ သေဒဏ်ကို အယူခံဝင်ရောက်ထားသူများအား ထားရှိသည့်အဆောင်။

**debar (v)** တားမြစ်သည်၊ ပိတ်ပင်သည်၊ ထုတ်ပယ်သည်။

**debarment** တစ်စုံတစ်ယောက်ကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း ပိတ်ပင်ခြင်း တားဆီးခြင်း။

**debasement (n)** ပစ္စည်း၏တန်ဖိုး၊ အရည်အသွေး စင်ကြယ်ခြင်း (သန့်စင်ခြင်း)ကို လျှော့ချခြင်း၊ ငွေဒင်္ဂါးတစ်ပြားတွင် ပါဝင်သော ရွှေနှင့်ငွေတို့၏ အချိုးအဆ ကို လျှော့ချပြီး သတ္တုစပ်အချိုးကို တိုးမြှင့်ခြင်း။ အဆင့်လျှော့ချခြင်း။ (A grade မှ B grade သို့)

**debauchery (n)** အလွန်အကျွံကာမဂုဏ်ခံစားခြင်း။ သူများသားမိုးသမီးပျိုကို ဖျက်ဆီးခြင်း။

**debenture (n)** ငွေချေးစာချုပ်တစ်မျိုးဖြစ်သည်။ မြန်မာဘာသာဖြင့် ဒီဘင်ချာဟုသုံးသည် (ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂(၄)) ပေးရန်တာဝန် ကန့်သတ်ထားသည့်ကုမ္ပဏီများက ပုံသေအတိုးနှုန်းဖြင့် ကာလရှည်ချေးယူငွေအတွက် ရောင်းချသော စတော့စာချုပ်ဖြစ်သည်။ ကုမ္ပဏီရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ အတိုးများပေးရသည်။ ကုမ္ပဏီဖျက်သိမ်းလျှင် ရှယ်ယာရှင်များထက် ဦးစွာပြန်ရခွင့်ရှိသည်။

convertible debenture ပြောင်းလဲနိုင်သောဒီဘင်ချာ။ သာမန်ရှယ်ယာ သာမန်ဒီဘင်ချာများနှင့် ငွေအရင်းအနှီးရရှိအောင် ဆောင်ရွက်နိုင်စွမ်းမရှိသည့် အခါ ပြောင်းလဲနိုင်သော ဒီဘင်ချာများဖြင့် အရင်းအနှီးရှာဖွေလေ့ရှိသည်။ ကုမ္ပဏီရှယ်ယာများကို တစ်ချိန်ချိန်တွင် ဈေးပေါပေါဖြင့် ဝယ်ယူနိုင်သောကြောင့် ဆွဲဆောင်မှုပိုသည်။

**debit (n)** (ငွေစာရင်း) မြီစား။ (စာရင်းရေးသွင်းသည့်ပညာ) လယ်ဂျာစာရင်း၌ ဘယ်ဘက်တွင်ရေးသွင်းသည်။

**debit card** မြီစားကဒ်။ ဘဏ်မှထုတ်ပေးသည့် ATM card နှင့် ချက်လက်မှတ်စာအုပ်ငန်းများကို ပေါင်းစပ်ထားသည့်ကဒ်။ မြီးစားကဒ်သည် ATM card ကဲ့သို့ ဘဏ်မှငွေထုတ်ယူနိုင်သည်။ ထို့ပြင် စဆိုးဆိုင်များတွင် ကုန်ပစ္စည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်မှုအတွက် ချက်လက်မှတ်ကဲ့သို့ သုံးနိုင်သည်။ မြီစားကဒ်သည် အသုံးပြုသူ၏ ဘဏ်ရှိငွေစာရင်းနှင့် ဆက်သွယ်မှုရှိပြီး အသုံးပြုသည့်အခါ ထိုကဒ်ပိုင်ရှင်၏ ငွေစာရင်းမှ တိုက်ရိုက်နုတ်ယူပြီး စဆိုးဆိုင်စာရင်းသို့ အလိုအလျောက်ထည့်ပေးသည်။ သို့သော် ဘဏ်စာရင်းတွင် ငွေမလုံလောက်ပါက ထိုကဒ်ဖြင့် ဝယ်ခွင့်မရပေ။

**debt (n)** သူတစ်ပါးထံတွင် အကြွေးဝယ်ငွေချေးမှုကြောင့် တင်ရှိနေသော ပြန်ဆပ်ရန်ငွေသို့မဟုတ် ကုန်စည်။ ပေးရန်ကြွေးမြီ။

**debtor (n)** သူတစ်ပါးထံမှ ငွေချေးငှားထားသူ။ မြီစား

**decedent (n)** သေဆုံးသူ။ လတ်တလောသေဆုံးသူ။

**deceit (n)** တစ်ဦးတစ်ယောက်သည် မမှန်မှန်းသိလျက်နှင့် သူတစ်ပါးကို လိမ်လည်လှည့်ဖျားရန် အကြံဖြင့် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ရှိရှိ အလွဲပြောဆိုခြင်း။

deceitful (adj)လိမ်လည်လှည့်ဖျားရန် အကြံရှိသော။

deceitfully (adv)လိမ်လည်လှည့်ဖျားရန် အကြံရှိချက်။

deceitfulness (n) လိမ်လည်လှည့်ဖျားရန် အကြံရှိခြင်း။

တရားလိုသည် သူ၏နစ်နာမှုအတွက် ထိုက်သည့်အားလျော်စွာပရိ ယယ်ကို အသုံးပြုသည်။

**deception (n)** လိမ်လည်လှည့်ဖျားမှု၊ လှည့်ကွက်။

**decertify (v)** အထောက်အထား လက်မှတ်ကို ရုပ်သိမ်းခြင်း။

**decision (n)** တရားသူကြီး၊ သမာဓိလူကြီး၊ အစိုးရဌာနများ သို့မဟုတ် အခြားဥပဒေဆိုင်ရာခုံရုံးများက ၎င်းတို့စစ်ဆေးခဲ့သော အမှုတွဲများ၏ ရလဒ်ကို ဆုံးဖြတ်ချက်ချခြင်း။ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို စီရင်ချက်ဟုလည်းကောင်း ခုံရုံးဆုံးဖြတ်ချက်ကို award ဟုလည်းကောင်း သုံးနှုန်းလေ့ရှိသည်။

**declarant (n)** ရေးသားဖော်ပြချက် သို့မဟုတ် ကြေငြာချက်တွင် လက်မှတ်ရေးထိုးပြီး ၎င်းတွင်ပါသော အချက်အလက်အများသည် မှန်ကန်ကြောင်း ကြေငြာသူ။





**declaration (n)** မြွက်ဟကြေငြာချက်။ အတည်ပြုချက်။ ရပိုင်ခွင့်များရှိကြောင်း သို့မဟုတ် မရှိကြောင်း တရားရုံးမှ ချမှတ်သည့်အမိန့်။

**declaration of dividend** ကုမ္ပဏီမှ ၎င်း၏အစုရှယ်ယာဝင်များကို ခွဲဝေပေးရန်အတွက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေတစ်စိုက်တစ်ဒေသကို ဖယ်ထား ခြင်း။ သီးသန့်ထားခြင်း။

**declaration of insolvency** လူမွဲအဖြစ် တရားရုံးက ကြေငြာခြင်း။

**declaration of trust** တစ်ဦးတစ်ယောက်က ၎င်းသည် အခြားသူတစ်ဦး၏ ကိုယ်စားပစ္စည်းများကို ထိန်းသိမ်းရသူ၊ ယုံမှတ်အပ်နှံခံရသူဖြစ်ကြောင်း ကြေငြာခြင်း။ ထိုသို့ ကြေငြာခြင်းဖြင့် အကျိုးသက်ရောက်မှုရှိလာခြင်း။

**declaration suit (declatory suit)** တရားလိုက ၎င်းတွင်ရပိုင်ခွင့်များ သည်ရှိနေကြောင်း တရားရုံးက တိကျပြတ်သားစွာ ကြေငြာပေးနိုင်ရန်အတွက် တရားစွဲဆိုခြင်း။ (မြွက်ဟကြေ ငြာပေးစေလို့မှု၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂)

**declaratory decree** အမှုသည် တရားလိုတွင် အခွင့်အရေးတစ်ရပ်ရှိကြောင်း သာ ကြေငြာချမှတ်ပေးသည့် ဒီဂရီ။

**declination (n)** ပုံမှန်လမ်းကြောင်းမှ သွေဖည်ခြင်း။ ငြင်းဆန်ခြင်း။ ယုံမှတ်အပ်နှံခြင် ခံရသူက တာဝန်ကိုမဆောင်ရွက်လိုတော့ကြောင်း လျှောက်လွှာတင်သွင်းခြင်း။ အမှုစစ်ဆေးနေသော တရားသူကြီးသည် တစ်ဖက်အမှုသည်နှင့် ဆက်သက်နေခြင်း၊ ပုဂ္ဂိုလ်ရေးရာစိတ်ဝင်စားမှုရှိနေခြင်းကြောင့် တရားရုံးမှစစ်ဆေးနေခြင်းကို အခြားစီရင် ပိုင်ခွင့်ရှိသော တရားရုံးသို့ပြောင်းလဲ စစ်ဆေးပေးပါရန် လျှောက်ထားခြင်း။

**decomposition (v)** အလောင်းပုံပျက်နေသည်၊ ပုတ်သိုးဆွေးမြေ့နေသည်။

**decoy (n) (v)** တယ်ကြက်။ မျှားရှဲခေါ်သူ။ တစ်ဦးတစ်ယောက်ကို အင်အားသုံးဘဲ သွေးဆောင်သည်။ ဖြားယောင်းသည်။ မြူဆွယ်သည်၊ မျှားခေါ်သည်။ ဆန့်ဆောင်သည်။

**decree (n)** တရားမမှုတွင် အငြင်းပွားသည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ နှစ်ဘက်အမှုသည်တို့၏ တာဝန်နှင့်ရပိုင်ခွင့်ကို သတ်မှတ်ပေးသည့် စီရင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်တစ်ရပ်အား နည်းလမ်းတကျရေးသားဖော်ပြချက်။ ဒီကရီသည် အဆိုလွှာ မှအစပြုသော အမှုမှသာ ပေါ်ပေါက်သည်။ အချို့သောအမှုများ (ဥပမာ-အမွေမှု)တွင် ပဏာမဒီကရီနှင့် အပြီးသတ်ဒီကရီဟူ၍ နှစ်မျိုးချမှတ်သည့်မှအပ အမှုတိုင်းတွင် ဒီကရီတစ်မျိုးသာချမှတ်လေ့ရှိသည်။ [CPC sec 2(2)]

**decree, consent** နှစ်ဘက်အမှုသည်တို့ သဘောတူညီချက်အရ ချမှတ်ပေးသောဒီဂရီ

**decree absolute** အပြီးသတ်နှင့် နောက်ဆုံးဒီကရီ။

**decree nisi** ပဏာမဒီကရီ။ လင်မယားကွာရှင်းပြတ်စဲရေးနှင့် စပ်လျဉ်း၍ ချမှတ်ပေးသောဒီကရီ။ အင်္ဂလိပ်ရိုးရာဥပဒေအရ ဒီကရီချ မှတ်ပြီး သတ်မှတ်ထားသည့်အချိန်စေ့ရောက်မှ (ပုံမှန်အားဖြင့် ၆ပတ်)ကွာရှင်းပြတ်စဲခြင်းပြီးမြောက်သည်။ ထိုကာလအတွင်း အမှုသည်တစ်ဦးက အပြီးသတ်ကွာရှင်းဒီကရီ မချသင့်ကြောင်း အကြောင်းပြရန် အခွင့်အရေးရှိသည်။

**decree of insolvency** တရားရုံးက လူမွဲအဖြစ်ကြေငြာ သည့်ဒီကရီ။

**decree holder** တရားနိုင် (ဒီကရီရသူ)။

**decrepit (adj)** အိုမင်းမစွမ်းသော။ မသန်မစွမ်းဖြစ်သော။

**decriminalization** ပြစ်မှုမြောက်သည့် ဆောင်ရွက်ချက် သို့မဟုတ် တရားမဝင်သော ဆောင်ရွက်ချက်တို့ကို ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် ပြဋ္ဌာန်းထားသည့် ဥပဒေကို ရုပ်သိမ်းခြင်း သို့မဟုတ်ပြင်ဆင်ခြင်း။

**decriminalize (v)** ပြစ်မှုကိုပယ်ဖျက်သည်၊ လျှော့ချသည်။

**decry (v)** ရှုံ့ချသည်၊ ကန့်ကွက်သည်။ တစ်စုံတစ်ယောက်သို့မဟုတ် တစ်ခု တစ်ရာကို ကဲ့ရဲ့ခြင်း၊ နှိမ့်ချပြောဆိုခြင်း။

**dedication (v)** စွန့်လွှတ်ခြင်း၊ ပေးလှူခြင်း။ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ပိုင် မြေနေရာကို လမ်းအတွက် လည်းကောင်း၊ ပန်းခြံကစားကွင်း တည်ဆောက်ရန်လည်းကောင်း ကျောင်းများ တည်ဆောက်ရန်လည်းကောင်း မြို့ရွာဖွံ့ဖြိုးရေးကိစ္စဆောင်ရွက်ရန်လည်းကောင်း အများပြည်သူသို့ ပေးလှူခြင်း အစိုးရအဖွဲ့အစည်းက အများပြည်သူကိုယ်စား လက်ခံရယူခြင်း။





ဥပမာ။ ကုမ္ပဏီကြီးတစ်ခုသည် ကြီးမားကျယ်ပြန့်သော မြေနေရာတစ်ကွက်ကို ဝယ်ပြီးရုံးချုပ်တည်ဆောက်ရန် စီမံကိန်းချထားသည်။ကုမ္ပဏီကြီးနှင့်ပတ်ဝန်းကျင်နေထိုင်သူများအကြား ဆက်ဆံရေးကောင်းမွန်စေရန်နှင့်နာမည်ကောင်းသတင်းကျော်ဇော်စေရန်မြို့နယ်လူမှုရေးအဖွဲ့သို့အများပြည်သူအတွက်အပန်းဖြေစခန်းတည်ဆောက်နိုင်ရန်ကုမ္ပဏီပိုင်မြေတစ်စိတ်တစ်ပိုင်းကိုပေးအပ်လှူဒါန်းခဲ့ခြင်း။ မြို့နယ်လူမှုရေးအဖွဲ့ အနေဖြင့်ထိုလှူဒါန်းသောမြေအစိတ်အပိုင်းကို အမြဲတန်းပိုင်ဆိုင် ခွင့်ရရှိသည်။

**dedication of way** ပုဂ္ဂလိကပိုင် ကိုယ်ပိုင်လမ်းအား အများပြည်သူဖြတ်သန်းသွားလာနိုင်ရေးအတွက် စွန့်လွှတ်လှူဒါန်းခြင်း။

**dedition (n) (from latin detitio)** ပစ္စည်းတစ်စုံတစ်ရာကို စွန့်လွှတ်ခြင်း၊ လက်လွှတ်ခြင်း။

**dedimus potestatum (we have given the power)** အမှုစစ်ဆေးမှု မစတင်မီ သက်သေ၏ထွက်ချက်ကို ရယူမှတ်တမ်း တင်ထားရန် အမှုသည်အား ခွင့်ပြုခြင်း။ သို့သော် သက်သေပျောက်ဆုံးသွားမှ သာလျှင် အသုံးဝင်သည်။ ဥပမာ အမှုသည်တစ်ဦးသည် ထိုကျင့်ထုံးကို အသုံးပြုမည်ဆိုပါက ထွက်ချက်ပေးမည့်သက်သေသည် ကျန်းမာရေးလွန်စွာ ဆိုးဝါးနေပြီး တရားရုံးသို့ လာရောက်သက်သေခံရန် မဖြစ်နိုင်တော့မှ သုံးစွဲနိုင်သည်။

**deduction (n)** နုတ်ယူခြင်း။ ဖြစ်တတ်သည့်သဘောကို ယုတ္တိဆင်ခြင်၍ ကောက်ချက် ချခြင်း။

**deductible (adj)** တစ်စုံတစ်ရာကို ယူသွားခြင်းသို့မဟုတ် နုတ်ယူခြင်း။

**deed (n)** စာချုပ်စာတမ်းအမျိုးမျိုး၊ ပြုမှုဆောင်ရွက်ချက် အလုပ်။ ပစ္စည်းကို လွှဲပြောင်းပေးအပ်ရန်အတွက် စာဖြင့်ရေးသားပြီး လက်မှတ်ထိုးတံဆိပ်နှိပ်ထားသည့်စာချုပ်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပိုင်ဆိုင်ခွင့်လွှဲပြောင်းပေးနိုင်ရန် စာဖြင့်ရေးသားပြီး (မြေစာရင်းဦးစီးဌာန) စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင် မှတ်တမ်းတင်ထားသည့်စာချုပ်။

**deed poll** တစ်ဦးတည်းအပေါ်တွင် တာဝန်သက်ရောက်သော သို့မဟုတ် အကျိုးစီးပွားတူညီသောနှစ်ဦးသို့မဟုတ်နှစ်ဦးထက်ပိုသောသူများအပေါ်တာဝန် သက်ရောက်သော စာချုပ်။



www.burmeseclassic.com

www.burmeseclassic.com



**deed of gift** မေတ္တာသက်ဝင်ချစ်ခင်၍ အခမဲ့ပေးကမ်းသည့်စာချုပ်။
**deed wild** အထက်ပိုင်ဆိုင်ခွင့် အဆက်ပြတ်နေသော စာချုပ်။
**deed of assignment** ကိုယ်စားလှယ်လွှဲအပ်ခြင်း စာချုပ်။
**deed of arrangement** မြီရှင်နှင့် မြီစားတို့ကြွေးမြီပေးဆပ်ရန် အစီအစဉ်ပြုလုပ်ခြင်း။
**deed of partition** ပစ္စည်းခွဲဝေသည့်စာချုပ်။
**deem (v)** ယုံကြည်ယူဆသည်။ ထင်မှတ်သည်။ တွေးတောသည်။ ဆင်ခြင်သည်။
**defalcation (n)** အခြားသူတစ်ဦးတစ်ယောက်သို့စေ့ရောက်သောအချိန်တွင် ငွေပေးချေ နိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်သို့ ငွေများအပ်နှံထားရာ၊ အချိန်စေ့ရောက်သောအခါ ထိုသူမှငွေပေးချေရန် ပျက်ကွက်ခြင်း။ ၎င်းစာလုံးသည် အလွဲသုံးစားခြင်း (misappropriation နှင့် embezzlement) နှင့် ဆင်တူသည်။ သို့သော် ပိုမိုကျယ်ပြန့်သော အဓိပ္ပါယ်ဆောင်သည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုဆိုင်ရာ လိမ်လည်လှည့်ဖျားမှုကို သွယ်ဝိုက်သောအားဖြင့် အဓိပ္ပါယ်မသက် ရောက်ခြင်းကြောင့်ဖြစ်သည်။
**defamacast (slang)** တယ်လီဗွီရှင်း (ရုပ်မြင်သံကြား) နှင့် ရေဒီယိုတို့မှ နေ၍အသရေ ဖျက်ခြင်း။
**defamation (n)** အခြားသူတစ်ဦး၏ နာမည်ကောင်းဖြင့် သတင်းကျော်ဇော်မှု ထင်ပေါ်မှုကို ထိခိုက်နစ်နာစေသော မည်သည့်ထုတ်ဟပြောဆိုခြင်းမျိုးကို မဆိုအသရေဖျက်ခြင်းဟုခေါ်သည်။ စာဖြင့်ရေးသားအသရေဖျက်ခြင်းကို libel ဟု ခေါ်ပြီး နှုတ်ဖြင့်အသရေဖျက်ခြင်းကို slander ဟုခေါ်သည်။ မြန်မာနိုင်ငံ ဥပဒေတွင်ထိုသို့ခွဲခြားထားခြင်း မရှိပါ။ (PC sec 499)
ဥပမာ။ သတင်းထောက်တစ်ဦးသည် သတင်းဆောင်းပါးတစ်ပုဒ်ကို ရေးသားထုတ် ဝေခဲ့ရာတွင် ဦးသန့်ရှင်းသည်ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုသဖြင့် စုံစမ်းစစ်ဆေးမှုခံနေရကြောင်း ပါရှိသည်။ ထိုသတင်းမှာ အခြေအမြစ်မရှိသော သတင်းတစ်ပုဒ်ဖြစ်သော်လည်း ထိုသတင်းကြောင့် ဦးသန့်ရှင်းသည် ညွှန်ကြားရေးမှူးရာထူးမှ ခေတ္တရပ်ဆိုင်းခြင်းခံရသည်။ ဦးသန့်ရှင်းသည် သတင်းထောက်





၏ စာဖြင့်ရေးသားအသရေဖျက်ခြင်း (libeled) ကိုခံရ၍ သတင်းထောက်ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုနိုင်သည်။
**default (n)** ပျက်ကွက်ခြင်း။ ပျက်ကွက်မှု။ တာဝန်လစ်ဟင်းပျက်ကွက်ခြင်း။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) (ခ)အရ ရုံးတော်သို့ မလာမရောက် ပျက်ကွက်ခြင်းကြောင့် ပယ်ရှားသည့်အမိန့်သည် ဒီကရီတွင် မပါဝင်ပါက ပေါင်နှံခြင်းတွင် ပေါင်နှံသူသည် အရစ်ကျ ပေးဆပ်ရန် အချိန်စေ့ ရောက်သော်လည်း ပေးရန် ပျက်ကွက်ခြင်း။ ကြွေးမြီကိုပေးရန် ပျက်ကွက် ခြင်း သို့မဟုတ်ငွေချေးသဘောတူညီချက်အရဆောင်ရွက်ရမည့်တာဝန်ကို ပျက်ကွက်ခြင်း။ ဥပမာ မော်တော်ကားကိုအရစ်ကျ အကြွေးဝယ် ယူကထားရာတွင် စာချုပ်အရ မော်တော်ကားအာမခံကို မပျက်မကွက် ထားရမည် ဖြစ်ရာ လစဉ်ပေးသွင်းရမည့် အာမခံပရီမီယံကြေးကို ပေးရန်ပျက်ကွက်ခြင်း။
**default judgement** တရားလိုမှတရားစွဲဆိုထားခြင်းအပေါ် တရားပြိုင်မှ အလေးမထား ချေပလွှာ မတင်သွင်းခြင်း သို့မဟုတ် အမှုကြားနာရန် မလာရောက်ပျက်ကွက်ခြင်း။ ဥပမာ။ လက်သမားဆရာက အိမ်ပိုင်ရှင်အပေါ် လွန်ခဲ့သည့် ၆လက နေအိမ်ကို ပြုပြင်ပေးရာတွင် လက်သမားခ မရရှိသဖြင့် တရားစွဲဆိုလာသည်။ အမေရိကန်နိုင်ငံ ပြည်နယ်ဥပဒေအရ အိမ်ပိုင်ရှင်သည် ရက်ပေါင်း ၂၀ အတွင်း တရားစွဲဆိုခံထားရမှုကို ဖြေရှင်းရမည်ဖြစ်သည်။ ရက် ၂၀ ကျော်လွန်ပြီးနောက် အိမ်ပိုင်ရှင်မှလာရောက်ဖြေရှင်းခြင်း မပြုလျှင် တရားရုံးသည် အိမ်ပိုင်ရှင်အပေါ် ဆန့်ကျင်၍ အမိန့်ချမှတ်မည်ဖြစ်သည်။ (default judgement)။ ထိုအခါ အိမ်ပိုင်ရှင်မှ လက်သမားတောင်းဆိုသည့် လုပ်ခများကို ပေးချေရ မည်ဖြစ်သည်။ (တစ်ဖက်သတ်ကြားနေခြင်း exparte နှင့် ဆင်တူသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၉ နည်း ၆/၈)
**defeasance (n)** ပျက်ပြယ်သော လုပ်ရပ်။ စာချုပ်၊ ငှားရမ်းစာချုပ်၊ သေတမ်းစာ သို့မဟုတ် အခြားစာချုပ်စာတမ်းများတွင် အပြည့်အစုံ သို့မဟုတ် တစ်စိတ် တစ်ပိုင်းပျက်ခြင်း။ အဆိုပါ စာချုပ်စာတမ်းများ၌ အချို့က အခြေအနေပေါ် ပေါက်ခဲ့လျှင် သို့မဟုတ် မပေါ်ပေါက်ခဲ့လျှင်ဟူသော အချက်များ ပါရှိပါက ဖြစ်တတ်သည်။ ဥပမာ သတ်မှတ်ထားသောရက်မတိုင်မီ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ် ထားသော အသက်မရောက်မီ မင်္ဂလာဆောင်ပါက သေတမ်းစာဖြင့် ပစ္စည်း ပေးထားခြင်းမှာ ပျက်ပြယ်မည်ဆိုလျှင် ထိုအချိန်မတိုင်မီ လက်ထပ်သွားပါက သေတမ်းစာဖြင့်ပေးသော ပစ္စည်းကို ရပိုင်ခွင့်မရှိတော့ပါ။ သေတမ်းစာတွင် ပါရှိသည့်အထက်ပါအချက်ကြောင့် ပျက်ပြယ်သွားသည်။

**defeasible (adj)**စာချုပ်ကို ပျက်ပြယ်စေနိုင်သော စည်းကမ်းချက်ထားရှိသည်။ တစ်နည်းအားဖြင့် ရုပ်သိမ်းပယ်ဖျက်ခြင်းလည်း ပြုနိုင်သည်။

**defeat of jurisdiction** စီရင်ပိုင်ခွင့်အာဏာချို့တဲ့ခြင်း။

**defect of parties** တရားမမှုတွင် ပါဝင်သင့်သည့်အမှုသည်များ မပါဝင်ဘဲ မပါသင့်သည့်အမှုသည်များ ပါဝင်နေခြင်း။ (CPC O1)

**defective (adj)** မပြည့်စုံသော၊ ချို့ယွင်းချက်ရှိသော။ အမှားအယွင်းအပြစ်အနာအဆာရှိနေ၍ မိမိ၏လုပ်ဆောင်ချက်များကို အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းဆောင်ရွက်ချက်။ အသိဉာဏ်စိတ်မမှန်သော။

**defective delivery** မပြည့်မစုံ လက်ရောက်ပေးအပ်ခြင်း။

**defective pleadings** အဆိုလွှာအချေလွှာ၊ဦးတိုက်လျှောက်လွှာ၊ ပြန်လှန်တောင်းဆိုလွှာ အစရှိသည်များတွင် ပုံစံမကျခြင်း။ တစ်ခါတစ်ရံ အမှုရှုံးသည့်အထိ ဖြစ်နိုင်သည်။ သို့သော် အချို့သော အခြေအနေများတွင် ပြန်လည်ပြင်ဆင်ခြင်းဖြင့် ကုစားနိုင်သည်။

**defective title** ဥပဒေအရ မခိုင်လုံသော ပိုင်ဆိုင်ခွင့်။ ပြီးပြည့်စုံသော ပိုင်ဆိုင်ခွင့်မဟုတ်။ လက်ဝယ်ရှိသော်လည်း ပြန်လည်ရောင်းချရာတွင် အခက်အခဲရှိနိုင် သည်။ ဥပမာ အေက ၎င်းအမည်ပေါက်မြေကို ဘီသို့ အရပ်စာချုပ်ဖြင့် ရောင်းလိုက်သည်။ ဘီတွင် သားသမီးသုံးဦး စီ ဒီ အီး တို့ရှိပြီး ဘီသေဆုံးသည့်အခါ ဒီက ၎င်းမြေကို ကျန်လူများ သဘောတူညီချက်ဖြင့် အက်ဖ်သို့ ရောင်းလိုက်သည်။ အက်ဖ်က ဂျီသို့ တဖန်ပြန်ရောင်းရာတွင် မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ချို့ယွင်းချက်များရှိနေသဖြင့် အခက်အခဲတွေ့ရတတ်သည်။

**defence (n)** ခုခံကာကွယ်ခြင်း။ နိုင်ငံကာကွယ်ရေး၊ တရားခံကလျှောက်လဲချေပချက်။

**defence witness** တရားခံ/တရားပြိုင်ပြသက်သေ။





**defendant (n)** တရားမမှုတစ်ခုတွင် တရားစွဲဆိုခြင်းခံရသူ၊ တရားပြိုင်။ ဘစ်ချို့အမှုများ ဖြစ်သော လင်မယားကွာရှင်းလိုမှုတွင် တရားစွဲဆိုခြင်း ခံရသူကို defendant ဟု မသုံးဘဲ respondant ဟုသုံးသည်။

**defending officer** တရားခံဘက်အရာရှိ။ တရားခံ၏ကိုယ်စားလိုက်ပါ ဆောင်ရွက်ပေးသူ။ စစ်ဘက်ဆိုင်ရာ တရားရုံးများတွင် တရားခံဘက်မှ လိုက်ပါ ဆောင်ရွက်သူ။

**deferment (n)** ရွှေ့ဆိုင်းထားခြင်း။ အနာဂါတ်ကာလတစ်ခုသို့ ရွှေ့ဆိုင်းခြင်း။ စစ်မှု ထမ်းရန် ဆင့်ခေါ်ခြင်းကို အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းထားခြင်း။ ထိုသို့ ရွှေ့ဆိုင်းခြင်းသည် ကိစ္စရပ်ကို ပယ်ဖျက်ခြင်း ချန်ထားခြင်းမဟုတ်။

**deferment of sentence** ပြစ်ဒဏ်ကို ရွှေ့ဆိုင်းခြင်း။

**deferred (v)** ရွှေ့ဆိုင်းသည် ရပ်နားသည်။

**deferred claim** –– နောက်စာရင်းနှစ်ကျရောက်မှ တောင်းခံရန်ရွှေ့ဆိုင်းထားခြင်း။

**definitive judgement** အထက်တရားရုံးမှ စီရင်ချက်ကိုပြောင်းလဲခြင်း မပြုခဲ့လျှင် သို့မဟုတ် စီရင်ချက်ကို အယူခံဝင်ရောက်ခြင်း မပြုလျှင် စီရင်ချက်မှာ ဆုံးခန်းတိုင်ရောက်စေသည်။

**Deficiency (n)** လျော့နည်းချို့တဲ့ခြင်း၊ မလုံလောက်ခြင်း၊ အခွန်ဆောင်ရာတွင် လျော့၍ ပေးဆောင်ခြင်း။ deficit ငွေစာရင်းတွင်လိုငွေပြခြင်း။ အသုံးစရိတ်သည် ဝင်ငွေထက်ပိုနေခြင်း။

**defile (v)** ညစ်ညမ်းစေသည်။ ကျဉ်းမြောင်းသော။

**defile traffic act** မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ

**define term** (ဥပဒေရေးဆွဲခြင်း) စကားလုံးတစ်လုံး စကားစုတစ်စုသည် ရည်ရွယ်သည့်ဥပဒေတွင် တိကျသောအဓိပ္ပါယ်ကိုဖော်ဆောင်ခြင်း။

**definition (n)** စာချုပ်စာတမ်းများဖြစ်သော၊ ပဋိညာဉ်စာချုပ်များ၊ စည်းကမ်းဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်။ တစ်ချက်လွှတ်ဥပဒေများ သို့မဟုတ် ပြဋ္ဌာန်းဥပဒေများပါ ဝေါဟာရအသုံးအနှုန်းများကို ရှင်းလင်းပြတ်သားစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



-- Lexical definition အဘိဓာန်ပုံစံဖြင့် စာလုံးအသုံးအနှုန်းကို အဓိပ္ပါယ် အပြည့်အဝဖွင့်ဆိုခြင်း။

**defloration (n)** အပျို၊ လူပျိုဘဝကိုပျက်ပြားသွားစေခြင်း။

**deflower (v)** အပျိုရည်ပျက်သည်၊ ဖျက်ဆီးသည်။

**deforce (vb)** ပိုင်ရှင်အစစ်ထံမှမြေကိုအင်အားသုံး၍ရယူထားခြင်း။ အခြားသူ လက်ဝယ် ရှိခြင်းကို အင်အားသုံး၍ ဖယ်ထုတ်ခြင်း။ တရားမျှတမှုမရှိဘဲ အင်အား သုံး၍ ထိန်းသိမ်းထားခြင်း။ deforcement – သူတစ်ပါးပိုင်မြေကို မတရားလက်ဝယ် ရယူထားခြင်း။

**defraud (v)** တစ်ဦးတစ်ယောက်၏ပစ္စည်း၊ အကျိုးစီးပွား၊ မြေယာသို့မဟုတ် ရပိုင် ခွင့်ကိုလိမ်လည်လှည့်ဖျားခြင်းဖြင့် သိမ်းပိုက်ခြင်း သို့မဟုတ်ဆုံးရှုံးစေခြင်း။ သူတစ်ပါးအား နစ်နာစေရန်အကြံဖြင့်လိမ်လည်ခြင်း။ လိမ်လည်ခြင်းအပြင် နစ်နာစေခြင်းလည်းရှိရမည်။

**degradation (n)** ရာထူးအဆင့်အတန်း၊ အရည်အသွေးအဆင့်၊ ဂုဏ်သိက္ခာလျော့ကျခြင်း။

**degree (n)** ယေဘုယျအားဖြင့် အမျိုးအစားအလိုက်ခွဲခြားခြင်း၊ ပုံစံတူအသေး စိတ်ခွဲခြားခြင်း. ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ပေါ့ဆခြင်း အတိမ်အနက်။ ဆွေမျိုးတော်စပ်မှုအနီးအဝေး။ တက္ကသိုလ်ကောလိပ်များမှ သင်ယူပြီးမြောက် ကြောင်း ဖော်ပြသည့်ဒီကရီဘွဲ့။

**dehors (law french)** ပြင်ပ၊ အခြားတစ်ဘက်။ တင်ပြလာသောစာရွက် စာတမ်းသည် စပ်ဆိုင်ခြင်းမရှိသော စာရွက်စာတမ်း (dehors the record) ဖြစ်၍ တရားရုံးက လက်ခံစဉ်းစားခြင်းမပြုနိုင်။

**de jure (latin) as a matter of law** ဥပဒေနှင့်အညီသော် လည်းကောင်း အခွင့်အရေးတစ်ရပ်အနေဖြင့် လည်းကောင်းတည်ရှိခြင်း။

ဥပမာ – မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ကုမ္ပဏီအသစ်တစ်ခုကို တည်ထောင်ခြင်း။ အဆိုပါကုမ္ပဏီအသစ်မှာ ဥပဒေနှင့်အညီတည်ထောင် ထားသောကုမ္ပဏီ (de jure) ဖြစ်သည်။

**delay (n)** နှောင့်နှေးနေခြင်း။ ကြန့်ကြာနေခြင်း။





**delay setence** တရားခံအပေါ်အပြစ်ရှိကြောင်းတွေ့ရှိပြီးနောက် ချက်ခြင်း ပြစ်ဒဏ် ချမှတ်ခြင်းမပြုသေးဘဲ ဆိုင်းငံ့ကာလပေးထားခြင်း။ တရားခံသည် ထိုကာလ အတွင်း သတ်မှတ်ထားသောစည်းကမ်းများကိုလိုက်နာခြင်း ရှိမရှိ တရားရုံးက စောင့်ကြည့်နေပြီး တရားရုံးကျေနပ်အောင်နေထိုင်ရန် အခွင့်အရေး ပေးခြင်း။ ကောင်းမွန်စွာနေထိုင်ခြင်းရှိမရှိ စောင့်ကြည့်ရန် ပြစ်ဒဏ်ဆိုင်းငံ့ ထားခြင်းသည် တရားခံကိုအခွင့်အရေးပေးခြင်းဖြစ်ပြီး သတ်မှတ်စည်းကမ်း များဖောက်ဖျက်ပါက အကျဉ်းထောင်တွင်ပြစ်ဒဏ်ကိုခံယူရမည်ဖြစ်သည်။ see also deferment of sentence.

**del credere agent** တတိယလူ၏ကြွေးမြီပေးဆပ်နိုင်မှုကို အာမခံသော အကြီးအကဲ၏ ကိုယ်စားပဋိညာဉ်ချုပ်ဆိုသည့် ကိုယ်စားလှယ်။

ကုန်ပစ္စည်းရောင်းချရာ၌ တန်ဖိုးငွေပေးချေရန်တာဝန်ယူသည့် ကုန်ရောင်း ကိုယ်စားလှယ်

**delegate (n)** ၁။အခြားသူတစ်ဦးအတွက် အခွင့်အာဏာအပ်နှင်းခြင်းခံရသူ ၂။ညီလာခံ၊ ကွန်ဖရင့်သို့မဟုတ် အစည်းအဝေးများသို့ နိုင်ငံတော် ကိုယ်စား၊ အဖွဲ့အစည်းကိုယ်စား စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကိုယ်စား တက်ရောက်ရန် ရွေးချယ်ခြင်းခံရသူ။ ကိုယ်စားလှယ်။

**delegation of powers** အစိုးရဌာနခွဲတစ်ခုမှ အခြားဌာနခွဲတစ်ခုသို့ဖြစ်စေ၊ စီမံခန့်ခွဲရေး အဖွဲ့ တစ်ဖွဲ့သို့ဖြစ်စေလုပ်ပိုင်ခွင့် လွှဲပြောင်းပေးခြင်း။ သူ၏အကျိုးစီးပွားအတွက် သူ၏ကိုယ်စားဆောင်ရွက်နိုင်ရန် အခြား သူသို့လွှဲပြောင်းပေးသည့်အာဏာ။

**delete (v)** နှုတ်ပယ်သည်။ ပယ်ဖျက်သည်။ စာရင်းမှဖျက်သည်။

**delf (delft)** ကြွေထည်၊ မြေထည်၊ ကျောက်တွင်း၊ သတ္တုတွင်း

**deleterious (adj)** အဆိပ်သင့်သော၊ မကျန်းမာသော၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ဖြစ်စေသော။ ကျန်းမာရေးနှင့် မညီညွတ် သော။

**deliberate (adj)** (၁) သတိရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံရွယ်ချင့် ချိန်ပြုလုပ်သော။ (၂) အကြောင်းခြင်းရာများ၊ ဥပဒေအချက်အလက်များ၊



www.burmeseclassic.com

www.burmeseclassic.com



အခြားရေးရာကိစ္စများကို ဂျူရီအဖွဲ့ဝင်များ၊ တရားသူကြီးအဖွဲ့ဝင်များ၊ ဥပဒေပြု အဖွဲ့ဝင်များ အဖွဲ့အစည်းများကတင်ပြဆွေးနွေးခြင်း။
(၃) ဖြေးဖြေးဆုံးဖြတ်ချက်ချခြင်း။(၄) သေသေချာချာစဉ်းစားဆင်ခြင်ခြင်း။
deliberate speed - ချက်ခြင်း၊ မနှေး၊ လတ်တလော။ deliberation (n) ကောင်းစွာဆင်ခြင်ခြင်း။

**delict (latin) delictum an offence**—ဥပဒေကိုချိုးဖောက်မှု၊ မှားယွင်းမှု၊ တရားမနစ်နာမှုဖြစ်စေခြင်း။

**deliction** တရွေ့ရွေ့ပြောင်းလဲခြင်းဖြင့် မြေယာများဆုံးရှုံးခြင်း၊ နှစ်ပေါင်းများစွာကြာလာသည့်အခါ သဘာဝပြောင်းလဲမှုကြောင့် မြေယာများဆုံးရှုံးခြင်း၊ ရေစီးကြောင်းပြောင်းလဲမှုကြောင့်လည်းကောင်း ကမ်းပြိုခြင်းကြောင့်လည်းကောင်း မြေယာများဆုံးရှုံးခြင်း။

**delimit (v)** နယ်နမိတ်ကိုအမှတ်အသားပြုသတ်မှတ်ခြင်း၊ စီရင်ပိုင်ခွင့်ကိုဖွင့်ဆိုခြင်း။ အနားသတ်ခြင်း ကန့်သတ်ခြင်း၊ ပိုင်းခြားခြင်း။

**delinquency (n)** ဥပဒေနှင့်တာဝန်ဝတ္တရားကို ချိုးဖောက်ခြင်း။ မအောင်မြင်ခြင်း၊ ပျက်ကွက်ခြင်း။ ပြစ်မှုကျူးလွန်ခြင်း။

**delinquent (n)** ပေးရန်အချိန်ကာလကျော်လွန်သောကြွေးမြီသို့မဟုတ် အပြည့်အဝ မပေးဆပ်သောကြွေးမြီ။တာဝန်ဝတ္တရားဆောင်ရွက်ရာတွင် ပျက်ကွက်ခြင်း။ ဥပဒေကိုမလေးစား ဘဲချိုးဖောက်ခြင်း။

**delirium (n)** အပြင်းဖျား၍စိတ်ဂယောက်ဂယက်ဖြစ်ခြင်း။ မရှိသည်ကို အရှိထင်ခြင်း။ ချဲ့ကားလွန်းခြင်း။ အသိမှားအမှတ်မှားခြင်း။

**deliverance (n)** တရားသူကြီး (ဂျူရီ)၏အဆုံးအဖြတ်၊ တရားရေးအကြံပြုချက်၊ စီရင်ချက်၊ အချုပ်ကျနေသော တရားခံကိုတရားရုံးက လွှတ်ရန်အမိန့်ချခြင်း။

**delivery (n)** အရာဝတ္ထု၊ ငွေကြေး သို့မဟုတ် စာရွက်စာတမ်းများကို အခြားသူသို့ လွှဲပြောင်းပေးခြင်း။

**delivery order** ပစ္စည်းပိုင်ရှင်က ပစ္စည်းများခေတ္တအပ်နှံခံရသူကို အခြားသူတစ်ဦးသို့ ထိုပစ္စည်းများလွှဲပြောင်းပေးရန် ညွှန်ကြားခြင်း။





တရားမတရားရုံး သို့မဟုတ် အခွန်ရုံးမှ လေလံအောင်သူသို့ ပိုင်ဆိုင် ခွင့်ကို အနှောင့်အယှက်မရှိပေးအပ်ခြင်း။

**delivery of deed** စာချုပ်စာတမ်းပြုလုပ်ပေးသူတစ်ဦးက သက်ဆိုင်သူအား အဆိုပါ စာချုပ်ကို ကိုယ်ထိလက်ရောက်ပေးအပ်ခြင်း။ သို့မဟုတ် ထိုသူ၏ သိန်းချုပ်မှု အောက်သို့ပို့ပေးခြင်း။ ထိုသို့ပြုလုပ်ခြင်းသည် စာချုပ်မှာ ချက်ခြင်း အသက်ဝင် လှုပ်ရှားလာပြီး လွှဲပြောင်းပေးသူ၏ရည်ရွယ်ချက်ကိုလည်း ဖော်ပြရာရောက်သည်။

**delusion (n)** ယုံမှားလွန်ခြင်း။ အမှန်မဟုတ်သည်ကို ဟုတ်သည်ဟု ယုံမှားနေခြင်း။ ကျန်းမာရေးညံ့ဖျင်းနေသည်ကို သူတစ်ပါးက အောက်လမ်းအတတ်ဖြင့်ပြုစားထားခြင်းကြောင့်ဟု ထင်မှတ်နေခြင်း။

**demand (v)** ဥပဒေပါအခွင့်အရေးကိုအနိုင်အမာတောင်းဆိုခြင်း။ တောင်းဆိုသည်။ တောင်းဆိုချက်။ စေ့ရောက်သောကြွေးမြီအတွက်တောင်းဆိုခြင်း။
cross demand - တစ်ဖက်မှပြန်လှန်တောင်းဆိုခြင်း။

**demand draft** တောင်းဆိုသည့်အခါပေးရမည့်ငွေလွှဲစာ

**demand note**-ငွေပေး ချေရန် ကတိစာချုပ်။အချိန်မရွေးလက်ဝယ်ရှိသူက တောင်းဆိုသည့်အခါ ငွေပေါ်ရခြင်း။

**demeanor (n)** အမူအယာ။ ပြင်ပလက္ခဏာအမူအကျင့် (မျက်နှာအမူအယာ၊ အသံ အနိမ့်အမြင့်၊ လက်ဟန်ခြေဟန်၊ မေးခွန်းများဖြေကြားရာတွင် တုံ့ဆိုင်းနေခြင်း။ အလွတ်ကျက်ထားသည့်ပုံစံမျိုးဖြစ်နေခြင်း) တရားခွင်တွင်စစ်ဆေးခံနေသော သက်သေကိုယုံကြည်ထိုက် မယုံကြည်ထိုက် သက်သေ၏တန်ဖိုးကိုချင့်ချိန်ရာတွင်သက်သေ၏အမူအယာကို (လိုအပ်လျှင်) မှတ်တမ်းတင်ခြင်း၊ တရားသူကြီးက ဆင်ခြင်ခြင်း။

**demesne- (di-mayn or di meen)** တစ်ဦးတစ်ယောက်သည် ကိုယ်ပိုင်အခွင့်အရေးအရ မြေကို လက်ဝယ် ပိုင်ဆိုင်ခြင်း။ ဘိုးဘွားမှတစ်ဆင့် ပိုင်ဆိုင်ခြင်းမဟုတ်။

**de minimis (adj)** မဖြစ်စလောက်အသေးအဖွဲ့၊ အရေးမယူလောက်သော ပြဿနာ။



www.burmeseclassic.com

www.burmeseclassic.com



**demise (n)** သေတမ်းစာအရ သို့မဟုတ် ငှားရမ်းခြင်းအရ အိမ်ခြံမြေကို လွှဲပြောင်း ပေးခြင်း (တစ်နှစ်ငှားရမ်းလွှဲပြောင်းပေးခြင်း) လွှဲပြောင်းခြင်းစာချုပ်သည် ထမြောက် အောင်မြင်ခြင်း၊ ပစ္စည်းကိုအမွေခံများသို့ သေတမ်းစာဖြင့်လွှဲပြောင်း ပေးခြင်း၊ သေဆုံးကွယ်လွန်ခြင်း၊ သေတမ်းစာဖြင့်အမွေပေးခြင်း။

**demonstrative evidence**---အမှုသည် သည်သက်သေပြရန်အတွက် အရာဝတ္ထု၊ ဓါတ်ပုံပန်းချီ ကားများ ပုံစံတူများနှင့် အခြားသော အထောက် အထားတို့ကို အမှုစစ်ဆေးရာ တွင် တရားရုံးရှေ့၌ တင်သွင်း၍ သရုပ်ပြခြင်း ရှင်းလင်းတင်ပြခြင်း။

**demonetize(demonetization) (v)**တိုင်းပြည်အတွင်းလည်ပတ် သုံးစွဲနေသောငွေကြေးကို တရားဝင်ငွေ အဖြစ်မှ ရုပ်စဲစေခြင်း။ ငွေစက္ကူများကို တရားမဝင်ဟုကြေငြာခြင်း။

**demur (v)** ခုခံချေပချက်ကို (ကန့်ကွက်ချက်ကို) တရားရုံးသို့တင်သွင်းခြင်း။

**demurrer (dee-mur-ur) (n)**

တရားလိုမှတရားစွဲဆိုထားခြင်းအပေါ် ခုခံချေပရာတွင် တရားရုံး အနေဖြင့် တရားလို၏အမှုကိုပယ်ချသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တရားလို၏တိုင်လျှောက်လွှာပါအချက်များသည် အမှန်ဖြစ်နိုင်စေကာမူ သက်သာ ခွင့်တောင်းဆိုမှုမှာ လုံလောက်မှုမရှိကြောင်းနှင့် တရားပြိုင်အနေဖြင့် ဖြေကြား ရန်မဖြစ်နိုင်ကြောင်း လျှောက်ထားခြင်း။ တရားသူကြီးမှအမှုကိုကြားနာပြီးနောက် ကန့်ကွက်ချက်မှာ ဥပဒေနှင့်ညီမညီ အဆုံးအဖြတ်ပေးရမည်။ အမှုတွဲပါ အချို့သောအချက်အလက်များသည် ကန့်ကွက်ချက်ကြောင့် ရှုံးနိမ့်သွားပြီး အချို့သောအချက်များမှာ ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။ တစ်ချို့သော ကန့်ကွက်ချက်များတွင် တိုင် လျှောက်လွှာသည် ရှင်းရှင်းလင်းလင်းမရှိဘဲ သို့မဟုတ် တစ်ချို့သောအရေးကြီးသောအချက်များကို ထိန်ချန်ထားသည်ဟု ပါရှိပါသည်။

အကယ်၍တရားသူကြီးအနေဖြင့် ထိုအမှားများကို တွေ့ရှိသည့်အခါ ကန့်ကွက်ချက်ကိုအတည်ပြုပြီး မူလတိုင်လျှောက်လွှာကိုပြင်ဆင်ရန် ခွင့်ပြုလေ့ ရှိသည်။ အကယ်၍ထိုသို့ပြင်ဆင်ခွင့်ပေးပါလျက် ပြင်ဆင်ထားသည့်တိုင် လျှောက်လွှာသည် ဥပဒေနှင့်မညီဘဲ ဆက်လက်တွေ့ရှိနေပါက ကန့်ကွက်ချက် ကို ခွင့်ပြုရလိမ့်မည်ဖြစ်သည်။

အချို့သောကိစ္စရပ်အနည်းငယ်တွင်အမှုပယ်ရန် ကန့်ကွက်ချက်ကို တရားလို၏အဆိုလွှာ (တိုင်လျှောက်လွှာ)ကို တိုက်ခိုက်ဖြေကြားရန် အသုံးပြု ကြသည်။

(မြန်မာနိုင်ငံတွင် တရားရုံးများတွင် အဆိုလွှာ (တိုင်လျှောက်လွှာ) တင်ပြစွဲဆိုချိန်တွင် ပဏာမကန့်ကွက်လွှာတင်သွင်းခွင့်မရှိပါ။)

**demurrage (charges) (n)** ကြန့်ကြာခကြေး။ ဆိပ်ကမ်းယာဉ်ဝင်းနှင့် ဂိုဒေါင်များအတွင်း သင်္ဘော မှချလာသည့်သွင်းကုန်များကို သတ်မှတ်အချိန် အတွင်း ပိုင်ရှင်မှထုတ်ယူခြင်း မပြုနိုင်သည့်အခါ ရက်လွန်ကြေးပေးဆောင်ရခြင်း။

**denomination (n)** ငွေစက္ကူများကိုတန်ဘိုးတူခြင်းတွဲ၍အရေအတွက် မှတ်ထားခြင်း။ ဘာသာရေးအဖွဲ့ခွဲ။

**denial (n)** ငြင်းဆိုခြင်း၊ ပယ်ဖျက်ခြင်း။ တရားလို၏အဆိုလွှာပါ အချက်များသည် မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခြင်း။ တရားပြိုင်သည် မှန်ကန်သောအချက်များ ကိုသာ ချေလွှာတွင်ဖော်ပြရမည်။ အဆိုလွှာတွင်ပါသော စွဲချက်တစ်ပိုဒ်စီ နှင့်စပ်လျဉ်း၍ ဝန်ခံကြောင်း သို့မဟုတ်ငြင်းဆိုကြောင်း၊ သို့မဟုတ် ဝန်မခံဘဲ တရားလိုက သက်သေထင်ရှားပြသစေလိုကြောင်း ဖော်ပြရမည်။

**denounce (v)** အများပြည်သူသိအောင် ရှုံ့ချခြင်း။ လူသိရှင်ကြားစွပ်စွဲခြင်း၊ တစ်ဦး ဆောင်ချက်သည် ပြစ်မှုဖြစ်ကြောင်းနှင့် ပြစ်ဒဏ်များကျခံရမည်ဖြစ်ကြောင်း ကြေငြာခြင်း။

**denovo (latin) a new** denovo trial အမှုကိုအစမှပြန်လည်စစ်ဆေးခြင်း

**denunciation (n)** စာချုပ်ရုပ်စဲခြင်း၊ ပျက်ပြယ်ကြောင်းကြေငြာခြင်း။

**denumeration** လက်ငင်းပေး ချေမှု ပြုလုပ်ခြင်း။

**departure (n)** ထွက်ခွာခြင်း၊ ဖောက်လွှဲဖောက်ပြန်ပြုခြင်း။ ဥပဒေနည်းဥပဒေ ထုံးထုံး လုပ်နည်းအတိုင်းအတာကိုယ်ကျင့်တရားတို့မှသွေဖီခြင်း၊ လမ်းမှန်မှ ချော်ယွင်းခြင်း၊ မူလတင်သွင်းသည့်အဆိုလွှာအချေလွှာများနှင့် နောက်ဆက်တွဲ




www.burmeseclassic.com

www.burmeseclassic.com



တင်သွင်းသည့် အဆိုအချေများ ကွဲပြားခြားနားခြင်း။ (တရားမကျင့်ထုံးဥပဒေ အမိန့်၆ နည်း၇)

**dependency (n)** လက်အောက်ခံနိုင်ငံ။ အုပ်ချုပ်ခံနိုင်ငံ။ နိုင်ငံတစ်နိုင်ငံ၏ နယ်နမိတ်အတွင်း မတည်ရှိသော်လည်း ထိုနိုင်ငံ၏ အုပ်ချုပ်မှုအောက်တွင် ရှိခြင်း။ ဥပမာ အမေရိကနိုင်ငံ၏အုပ်ချုပ်ခံနိုင်ငံများမှာ puerto rico, guam စသည်တို့ဖြစ်သည်။

**dependent (dependant) (n)** အခြားသူတစ်ဦးတစ်ယောက်၏ ထောက်ပံ့ငွေကိုလက်ခံရယူသူ။ မှီခိုသူ။ အရွယ်မရောက်သေးသောသားသမီးများသည် မိဘများကို မှီခိုနေရသည်။ မိဘများအနေဖြင့် ထိုသို့ထောက်ပံ့ခြင်းအားဖြင့် ဝင်ငွေခွန်စာရင်းမှ ထောက်ပံ့ကြေးငွေကို ထုတ်နှုတ်ခွင့်ရသည်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ မှီခိုသူဆိုသည်မှာ အလုပ်သမားကို မှီခိုနေသောအလုပ်သမား၏ဇနီးသို့မဟုတ် ခင်ပွန်းကိုလည်းကောင်း ထိုအလုပ်သမား၏အသက် ၁၈နှစ်အောက် သားသမီးနှင့်အချိန်ပြည့်ပညာသင်ကြားနေပြီး အိမ်ထောင်မပြုရသေးသော အသက် ၂၁နှစ် အောက်ရှိ သားသမီးသည်လည်းကောင်း ထိုအလုပ်သမား၏မိဘကိုလည်းကောင်းခေါ်ဆိုခြင်းဖြစ်သည်။မှီခိုသူ။၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၂ (၄)

**dependents benefits** မှီခိုသူများအကျိုးခံစားခွင့်။ (၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ၁၃(ခ)(ဂ)။ ပုဒ်မ ၃၁။)

**depletion (n)** ကုန်ခမ်းသွားခြင်း၊ ခန်းခြောက်သွားခြင်း၊ ငှားရမ်းထားသော မြေတွင် သယံဇာတများ တူးဖော်ထုတ်ယူခြင်းကြောင့် မြေယာတန်ဘိုးယုတ်လျော့သွားခြင်း။

**deponent (n)** ကတိသစ္စာပြု၍ ကျမ်းကျိန်ပြီးသက်သေအဖြစ်အစစ်ခံသူ ထွက်ဆိုသူ။

**deportation** ပြည်နှင်ဒဏ်ပေးခြင်း၊ နယ်နှင်ခြင်း။

**depose (n)(v)** သက်သေအစစ်ခံချက်ပေးရ မည့်နေရာ (သက်သေဖော်ပြ၍ သက်သေထွက်ချက် ပေးသည်။ နန်းချသည်၊ ရာထူးချသည်။





**deposit (n)** ပဋိညာဉ်တစ်ရပ်ကိုဆောင်ရွက်ရန်အတွက် အာမခံအနေဖြင့် စရံငွေပေးခြင်း။ အိမ်ခြံမြေရောင်းဝယ်ရေးတွင် ဝယ်သူကစရန်ငွေပေးခြင်း။ ဘဏ်သို့ ငွေများအပ်နှံထားခြင်း။ ငွေနှင့်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခြား သူတစ်ဦးသို့အပ်နှံခြင်း။ အိမ်ခြံမြေငှားရမ်းရာတွင် စဘော်ငွေပေးခြင်း၊ ပိုင်ရှင် သို့ပြန်လည်အပ်နှံရာတွင် စဘော်ငွေပြန်လည်ရယူခွင့်ရှိခြင်း။

**deposit of the title** ပိုင်ဆိုင်ခွင့်ရှိသော စာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံခြင်း (equitable mortgage) ထိုသို့အပ်နှံခြင်းမြောက်စေရန် (၁) ကြွေးမြီရှိခြင်း (၂) လက်ထိ လက်ရောက်အပ်နှံခြင်း (၃) ထိုသို့အပ်နှံရခြင်းမှာ ကြွေးမီရရှိလာမည့် အပေါင်ချေးငွေလုံခြုံမှု သို့မဟုတ် အာမခံအတွက် ရည်ရွယ်ခြင်းရှိရမည်။ [ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈ (စ)]

**deposition (n)** တရားရုံးတွင် ကတိသစ္စာဆို၍နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ ဖြစ်စေ၊ ထွက်ဆိုသောသက်သေ၏ထွက်ချက်။ သက်သေ၏အစစ်ခံချက်။ သက်သေခံချက်။

**depositary (depository) (n)** တစ်ဦးတစ်ယောက်ကငွေ သို့မဟုတ် အဖိုးတန်ပစ္စည်းများကို လုံခြုံ ရေးအတွက်အပ်နှံထားသည့်နေရာ။ (ဘဏ်တိုက်များတွင် သက်ဝတ်ရတနာများ ကို safe box ငှားရမ်း၍သိမ်းဆည်းထားသည့်နေရာ safe deposit)

**depraved (v)** ကိုယ်ကျင့်တရားပျက်ပြားစေသည်။ လမ်းမှားလိုက်သူ။ ရှုပ်ပွယ် ကောင်းသောပြစ်မှု။ စိတ်ဓါတ်အားဖြင့်ကြောက်မက်ဖွယ်ဖြစ်သော။

**depredation** ပစ္စည်းလုယက်ဖျက်ဆီးခြင်း။ နိုင်ငံတော်နှင့်ငြိမ်းချမ်းလျက်ရှိသော နယ်ပယ်များတွင်တိုက်ခိုက်ဖျက်ဆီးခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၆)

**depreciation (n)** အသုံးပြုခြင်းကြောင့် ဝတ်ဆင်ခြင်းကြောင့် သို့မဟုတ်ခေတ်မမီတော့ ကြောင့်ပစ္စည်း၏ တန်ဘိုးကျဆင်းလျော့ကျခြင်း။ တန်ဘိုးလျော့ တွက်ချက်ရာတွင် မူလတန်ဘိုးအပေါ်မူတည်၍ တွက်ချက်ခြင်းနှင့် Book value တန်ဖိုး အပေါ်မူတည်၍ တွက်ချက်ခြင်းဟူ၍နှစ်မျိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**deprivation (n) (v)** ကင်းလွတ်စေခြင်း၊ ဆုံးရှုံးစေခြင်း။ သိမ်းယူသွားသည်။ တားမြစ် ပိတ်ပင်သည်။ လက်လွတ်စေသည်။ ရာထူးမှထုတ်ပယ်သည်။

**deputy (n)** အခြားသူတစ်ဦးတစ်ယောက်၏ကိုယ်စားဆောင်ရွက်ရန် ခန့်အပ်ထားသော၊ ရွေးချယ်ထားသော လူပုဂ္ဂိုလ်။ လုပ်ပိုင်ခွင့်နှင့်ဒုတိယအဆင့်ရှိသော ပုဂ္ဂိုလ်။ ၎င်း၏အထက်အရာရှိမရှိပါက ၎င်း၏ကိုယ်စားဆောင်ရွက်ရန် အခွင့် အာဏာပေးအပ်ခံရသူ။

**deregulation (n)** အစိုးရ၏လုပ်ငန်းများအပေါ်ထိန်းချုပ်မှုကို လျှော့ချပေးခြင်းသို့မဟုတ် ဖယ်ရှားပေးခြင်း။ လွတ်လပ်သောဈေးကွက်နှင့် ယှဉ်ပြိုင်မှုကို ခွင့်ပြုပေးခြင်း။

**derelict (adj)** ပစ်ထားသော။ တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ယောက်ကို စွန့်ပစ်ထားသော။ ပင်လယ်ပြင်တွင် မျောပါနေသော သင်္ဘောကို စွန့်ပစ်ထားခဲ့ခြင်း။ မိသားစု သို့မဟုတ် အဖွဲ့အစည်းက အိုးအိမ်မဲ့သူ တစ်ဦးကိုဂရုမပြုဘဲထားသော ပိုင်ရှင်က ၎င်းပိုင်ပစ္စည်းကို ပြန်လည်တောင်းဆိုရန်မရှိဘဲ စွန့်ပစ်ခြင်း။ တာဝန် ဝတ္တရားပျက်ကွက်သော။ ဥပဒေ သို့မဟုတ် ကိုယ်ကျင့်တရား ဖောက်ဖျက်သော။

**dereliction (n)** ပင်လယ်မြစ်ချောင်းများ ရေဆုတ်သွားခြင်းကြောင့် မူလရေအမှတ်ထက် (အမြင့်ဆုံးဒီရေတက်သည့်အမှတ်/မျဉ်းထက်) နိမ့်သော အမှတ်ထိသာ ရေရောက်လာခြင်းကြောင့် မြေသားများပေါ်ထွန်းလာခြင်း။

**derivative action** အစုရှယ်ယာဝင်တစ်ဦးက ကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့ဝင်များကိုလည်းကောင်း၊ ကော်ပိုရေးရှင်း၏ အခြားသောရှယ်ယာဝင်များကို လည်းကောင်း သို့မဟုတ် တတိယအဖွဲ့ဝင်ကိုလည်းကောင်း စီမံခန့်ခွဲမှု လျော့ရဲခြင်း သို့မဟုတ် လိမ်လည်မှုအတွက်တရားစွဲဆိုခြင်း။

**derivative conveyance** ယခင်စာချုပ်စာတမ်းဟောင်းကို နောက်ထပ်ပြုပြင်ပြောင်းလဲသော စာချုပ်။

**derivative evidence** တစ်ဆင့်ကြားသက်သေခံချက်။

**derogation (n)** –နောက်ဥပဒေက ရှေးကျသောဥပဒေ၏ တစ်စိတ်တစ်ပိုင်းကို ရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ဥပဒေ၏အတိုင်းအတာကို ကန့်သတ်ခြင်း သို့မဟုတ် ဥပဒေ၏ အသုံးဝင်မှုကို အစွမ်းသတ္တိကို ဆုတ်ယုတ်စေခြင်း။





**derration (n)** ရေယာဉ်ထွက်ခွာရာတွင် ပုံမှန် သွားနေကြလမ်းကြောင်းမှသွေဖီခြင်း။

**descendant (n)** အဆက်အနွယ်၊ သားစဉ်မြေးဆက်၊ တိုက်ရိုက်ဆင်းသက်ပေါက်ဖွားခြင်း။

**descent and distribution** သေတမ်းစာရေးသားခဲ့ခြင်းမရှိသူပိုင်ပစ္စည်းများကို ထိုသူ၏အမွေခံများသို့ ခွဲဝေပေးခြင်း။

**description (n)** သရုပ်ဖော်ပြချက်။

**deserter** စစ်ပြေး၊ ထွက်ပြေးသူ

**desertion (n)** မိသားစုကိုစွန့်ခွာထွက်ပြေးခြင်း။ မိမိထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားကိုစွန့်ခွာခြင်း။ စစ်မှုထမ်းခြင်းမှ စွန့်ခွာထွက်ပြေးခြင်း (စစ်ပြေး)

**design (n)** ရည်ရွယ်ချက်။ အစီအစဉ်တကျကြံရွယ်သည်။ ဒီဇိုင်းထုတ်သည်။ ပုံစံထုတ်သည်။

**designate (v)** ရာထူးခန့်အပ်သည်။ လျာထားသတ်မှတ်ခံရသူ။ ဘွဲ့နာမည်ချီးမြှင့်သည်။ designation ရာထူးအဆင့်။

**designedly (adv)** စေတနာပါသော၊ ခေါင်းမာသော ရည်ရွယ်ချက်ရှိရှိ။ အမင်သက်သက်။

**desperate debt** မျှော်လင့်ချက်မရှိသောကြွေး

**despoil (v)** အကြမ်းဖက်၍ သို့မဟုတ် လျှို့ဝှက်၍ (clandestine means) သက်ဝယ်ရှိခြင်းကို တရားဥပဒေမဲ့သိမ်းယူသွားခြင်း သို့မဟုတ် ဆုံးရှုံးစေခြင်း။

**despot (n)** အာဏာရှင်အုပ်စိုးခြင်း။ အနိုင်အထက်စိုးမိုးခြင်း။

**despotism (n)** သက်ဦးဆံပိုင်ဝါဒ

**destination (n)** ပန်းတိုင်

**destitute (adj)** ဘဝရှင်သန်ရေးအတွက်လိုအပ်ချက်များလက်ဝယ်မရှိခြင်း။ ငတ်ပြတ် သောဆင်းရဲမွဲတေသော။



www.burmeseclassic.com

www.burmeseclassic.com



**destroy** (v) ဖျက်ဆီးသည်။

**destructibility** တစ်ချို့သောလုပ်ဆောင်ချက်များကြောင့်လည်းကောင်း၊ အဖြစ်အပျက် များပြောင်းလဲသွားသောကြောင့်လည်းကောင်း သို့မဟုတ် ဥပဒေဆောင်ရွက် ချက်ကြောင့်လည်းကောင်း စွမ်းဆောင်နိုင်မှုပျက်စီးသွားခြင်း။

**detain** (v) ထိန်းသိမ်းထားသည်။

**detainer** (n) လူတစ်ဦး၊ လူတစ်ဦးပိုင်ဥပဒေအရရပိုင်ခွင့်ရှိသော ပစ္စည်းကို အတင်း အဓမ္မထိန်းသိမ်းထားခြင်း၊ ချုပ်ခြယ်ထားခြင်း၊ ထိန်းချုပ်ခြင်း။

**detente** (fr) နိုင်ငံအချင်းချင်းတင်းမာမှုလျော့ခြင်း၊ ကြေအေးခြင်း၊ ပြန်လည် သင့်မြတ်ခြင်း။

**detention** (n) ဖမ်းဆီးချုပ်နှောင်ထားခြင်း။ ထိန်းချုပ်ထားခြင်း။ ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲ၍ချုပ်နှောင်ထားခြင်း။

**deteriorate** (v) ဆိုးဝါးလာသည်။ ဆုတ်ယုတ်လာသည်။

**determinable fee** သတ်မှတ်ထားသောအမွေဆက်ခံခြင်း။ ဥပမာ - ကြီးမားသော ရုံးအဆောက်အဦးကို အစ်ကိုဖြစ်သူက ညီမဖြစ်သူသို့ အိမ်ထောင် မပြုမချင်း အသုံးပြုရန်လွှဲပြောင်းပေးသည်။ သူသည် အပျိုကြီးဘဝနှင့် အရိုးထုတ်သွားလျှင် ထိုအဆောက်အဦးကို စိတ်တိုင်းကျသေတမ်းစာတွင် ထည့်ရေးပြီး ထုခွဲနိုင်သည်။ သို့သော် အိမ်ထောင်ပြုခဲ့သော် ထိုအဆောက်အဦး ပိုင်ဆိုင်မှုမှာ အစ်ကိုဖြစ်သူထံ ပြန်ရောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ညီမ ဖြစ်သူ၏ အကျိုးခံစားခွင့်မှာ လွှဲပြောင်းခံရပြီးနောက်တွင်လည်း သတ်မှတ် ထားသောအမွေဆက်ခံ ခြင်း determinable fee သာဖြစ်သည်။

**determination** (n) တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့မှ ဆုံးဖြတ်ချက်ချခြင်း။

**determine** (v) ဆုံးဖြတ်သတ်မှတ်သည်။ သံနိဋ္ဌာန်ချမှတ်ခြင်း။

**deterrent** (n) တားဆီးပိတ်ပင်သည့်အရာ။ ဟန့်တားခြင်း။ တားမြစ်ချက်။

**deterrent punishment** ထိရောက်ဟန့်တားလောက်သောပြစ်ဒဏ်။

**detinue** တစ်ဦးတစ်ယောက်၏ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုအခြား သူတစ်ဦး က မတရားရယူသွားရာတွင် ပိုင်ရှင်ကပြန်လည်ရယူရန်အတွက် တရားစွဲဆိုခြင်း။





**detour** (n) (v) ကိုယ်ရေးကိုယ်တာအကြောင်းပြချက်ဖြင့်အလုပ်ရှင်၏ လုပ်ငန်းခွင်မှ အလုပ်သမား၏အရေးမကြီးသော သာမန်လမ်းလွဲမှုသွေဖီမှု။

**detraction** (n) သေတမ်းစာအရလည်းကောင်း အမွေရရှိပြီးနောက် လည်းကောင်းပိုင်ဆိုင်မှုကိုလွှဲပြောင်းရရှိပြီးနောက် ပစ္စည်းကိုဒေသတစ်ခုမှ အခြား ဒေသတစ်ခုသို့ ရွှေ့ပြောင်းခြင်း။

**detriment** (n) လူ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှု၊ အကျိုးပျက်စီးမှု

**deuce** (n) အရှုံးအနိုင်မရှိ (slang) မှုးယစ်၍ဥပဒေချိုးဖောက်မောင်းနှင်ခြင်း။

**devastation** (n) (၁)ကွယ်လွန်သူပိုင်ပစ္စည်းကို သေတမ်းစာအတည်ပြုသူက ဖြုန်းတီး ခြင်း၊ ဆုတ်ယုတ်ပျက်ပြားစေခြင်း၊ အလွဲလွဲအမှားမှား စီမံခန့်ခွဲခြင်း။ (၂) ပျက်စီးအောင်ပြုလုပ်ခြင်း

**deviance** (n) (adj) လူမှုဓလေ့ထုံးစံစံနှုန်းများမှ အရည်အသွေးသို့မဟုတ် အခြေအနေ လွဲဖယ်ခြင်း၊ သွေဖီခြင်း။ လွဲမှားချွတ်ချော်ခြင်း။

**device** (n) တီထွင်ထားသည့်ပုံစံသို့မဟုတ် ကြံစည်ပြုလုပ်ထားခြင်း။ အထူးစီမံ ထားသောကိရိယာ။

**devisable** ထုံးတမ်းစဉ်လာအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုသေတမ်းစာ ဖြင့် ပေးကမ်းခြင်း။ သေတမ်းစာ ရေးသားသူက သေတမ်းစာဖြင့်အမွေပေးရာတွင် ၎င်း၏နောက်ဆုံးသေတမ်းစာ ဥဿဖြေပေးထားခြင်း။

**devise** (v) (အထူးသဖြင့်မရွှေ့မပြောင်းနိုင်သော) ပစ္စည်းကိုသေတမ်းစာဖြင့် ပေးခြင်း။

**devisee** (n) သေတမ်းစာဖြင့် ပစ္စည်းကိုလက်ခံရရှိသူ။

**deviser** (n) တီထွင်သူ၊ ကြံစည်ပြုလုပ်ထားသူ

**devisor** (n) သေတမ်းစာဖြင့်ပစ္စည်းကိုလွှဲပြောင်းပေးသူ

**devolution** (n) တာဝန်လွှဲပြောင်းကျရောက်ခြင်း၊ အာဏာခွဲဝေပေးခြင်း။ တစ်ဦး တစ်ယောက် သို့မဟုတ် အစိုးရမှ အခြားသူတစ်ဦးသို့ အခွင့်အရေးများ အာဏာ များ တာဝန်များကိုလွှဲပြောင်းပေးခြင်း။

**devolve** (v) ရပိုင်ခွင့်၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းပေး ခြင်း။ ကူးပြောင်းခြင်း သို့မဟုတ် အမွေဆက်ခံခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရပိုင်ခွင့်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို လွှဲပေးခြင်း။ ယခင် သို့မဟုတ် လက်ရှိပိုင်ဆိုင်သူ၏ တစ်စုံ တစ်ရာဆောင်ရွက်မှုမရှိဘဲ ပစ္စည်းမှာဥပဒေအရ အခြားတစ်ဦးသို့ အလို အလျောက်လွှဲပြောင်းပေးကမ်းခြင်း။ ဥပမာ တစ်ဦးတစ်ယောက်သေဆုံးသွား သည့်အခါ ပစ္စည်းပိုင်ဆိုင်မှုမှာ ဆက်ခံသူသို့ လွှဲပြောင်းရောက်သွားခြင်း။

**diagnosis (n)** ရောဂါရှာဖွေတွေ့ရှိချက်

**dialectic (n)** ယုတ္တိဗေဒပညာဖြင့် ဝေဖန်ဆန်းစစ်ခြင်း

**dictum (n)** ထင်မြင်ယူဆချက်။ obiter dictum ခရီးသွားဟန်လွှဲဆုံးဖြတ်ချက်။ တရားသူကြီးက ၎င်းရှေ့မှောက်ရောက်ရှိနေသောအမှုတွဲကို ဆုံးဖြတ်ရာတွင် အမှုနှင့်တိုက်ရိုက်မပတ်သက်သော အကြောင်းအရာကို ထည့်သွင်းဆုံးဖြတ်ခြင်း။ ထိုသို့ဆုံးဖြတ်ချက်မှာ လက်ရှိအမှုအတွက် အရေးကြီးသောအချက်မဟုတ်ပေ။

dicta- the plural of dictum

**digest (n)** စီရင်ထုံးအနှစ်ချုပ်/ အကျဉ်းချုပ်။

**dignity (n)** ဂုဏ်သိက္ခာ၊ ကျက်သရေ။

**dignitary (n)** အရေးကြီးသောရာထူးကို ထမ်းဆောင်ရသူ။ ရာထူးဂုဏ်ကြီးမြင့်သူ။

**dilatory (adj)** ကြန့်ကြာစေသော။ ဖင့်နွှဲ့ကြန့်ကြာစေသော။

**dilatory plea-** အမှု၏အရည်အသွေးပေါ်တွင် စိမ်ခေါ်လျှောက်လဲခြင်း မပြုသော လျှောက်လဲချက်၊ သို့သော် အမှုကိုကြန့်ကြာစေရန် သို့မဟုတ် ကျင့်ထုံးကို အချည်းနှီးဖြစ်စေရန်ပြုခြင်းဖြစ်သည်။

**diligence (n)** ထားသင့်သောသတိထားခြင်း၊ လုံ့လဝီရိယရှိခြင်း တတ်နိုင်သမျှ အကောင်းဆုံးပြုခြင်း။

**diligently (adv)** လုံ့လဝီရိယ၊ ကြိုးကြိုးစားစား

**dilution (n)** အစုရှယ်ယာ၏အင်အားကို လျော့ပါးသွားအောင်ပြုခြင်း သို့မဟုတ် တန်ဖိုးလျော့နည်းအောင် ပြုလုပ်ခြင်း (ကော်ပိုရေးရှင်းများတွင်) ငွေကြေး တန်ဖိုးကိုလျှော့ချခြင်းသို့မဟုတ် မဲပေးပိုင်ခွင့်ရှိသော စတော့များသည် ရှယ်ယာ အသစ်များကို လက်ရှိဈေးကွက်တန်ဖိုးထက်ချရောင်းသဖြင့် မူလစတော့များ၏





တန်ဖိုးကျဆင်းခြင်း The reduction in the monetary value or voting power of stock by increasing the total number of outstanding shares.

**dimination (n)** လျော့ပါးစေခြင်း။ နုတ်ပယ်ခြင်း။ Asin completness or lack of certificate in a court record sent from alower court to a higher one for review. မူလရုံးမှ အထက်ရုံးသို့အမှုကိုပြန်လည်သုံးသပ်နိုင်ရန် အတွက် ပို့ရာတွင်အမှုတွဲမှတ်တမ်းများမပြည့်စုံခြင်း။

**diplomacy (n)** သံတမန်ဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပရိယာယ်။

**diplomtic (adj)** အကင်းပါးသောသံတမန်ဆိုင်ရာဆက်ဆံရေးကျွမ်းကျင်မှုရှိသော။

**diplomatic privileges** သံတမန်ဆိုင်ရာအခွင့်အရေးများ၊သံတမန်ကင်းလွတ်ခွင့် အခွင့်အရေးများ

**diplomatic relations** သံတမန်အဆက်အသွယ်

**dipsomania (n)** အရက်စွဲရောဂါ

**derect (v)** တိုက်ရိုက်၊ ညွှန်ကြားသည်။ လမ်းညွှန်သည်။

**direct evidence** တိုက်ရိုက်သက်သေခံချက်။ မြင်နိုင်သည့်အကြောင်းခြင်းရာ ဖြစ်လျှင် မြင်သူကလည်းကောင်း ကြားနိုင်သောအကြောင်းခြင်းရာဖြစ်လျှင် ကြားသူက လည်းကောင်း အခြားအာရုံတစ်ခုခုဖြင့်သိနိုင်သော အကြောင်းအရာ ဖြစ်လျှင် ထိုသို့သိရှိသူကိုယ်တိုင်ကလည်းကောင်း သက်သေခံချက်ဖြစ်ရမည်။ (သက်သေခံ အက်ဥပဒေပုဒ်မ ၆၀ကြည့်ပါ)

**direct complaint** ပြစ်မှုတွင်နစ်နာသူတရားလိုက တရားရုံးသို့ ဦးတိုက်လျှောက်ထား ခြင်း။

**direct examination** အမှုတွင်သက်သေကိုတင်ပြသူက ဦးစွာစစ်မေးခြင်း

**director (n)** ညွှန်ကြားရေးမှူး။ ကုမ္ပဏီတွင်အုပ်ချုပ်သူလူကြီးများ

**disability (n)** တစ်ချို့သောလုပ်ငန်းများကို ဆောင်ရွက်ရန်မစွမ်းဆောင်နိုင်သူ။ ကိုယ်အင်္ဂါ၊ စိတ်အရည်အချင်းချို့တဲ့ခြင်း။ ဥပဒေအရ စွမ်းဆောင်နိုင်ခြင်း ချို့သူ။ မိမိနှင့်ဆိုင်သောတရားဥပဒေအရ ပဋိညာဉ်ပြုရန်အရည်အချင်း ချို့ယွင်းချက်ရှိသူ။



www.burmeseclassic.com

www.burmeseclassic.com



**disabling statute** ယခင်က ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း ယခု ဆောင်ရွက်ခွင့်မပြုနိုင်ဟု သတ်မှတ်သောအက်ဥပဒေ။ တစ်စုံတစ်ရာသောလုပ်ပိုင်ခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုသည့်ဥပဒေ။

**disablements (n)** The act of incapacitating or immobilizing

မလှုပ်ရှားနိုင်သော သို့မဟုတ် ဥပဒေဘောင်မဝင်သော မစွမ်းမသန်ဖြစ်သောဆောင်ရွက်မှု။

**disaffection (n)** မေတ္တာပျက်ခြင်း၊ သစ္စာမစောင့်ခြင်း၊ မရောင့်ရဲခြင်း။ မကျေနပ်ခြင်း အကြည်ညိုမဲ့ခြင်း။

**disaffirm (v)** ငြင်းပယ်သည်။ အတည်မပြုဘဲထားသည်။ သဘောတူညီချက်ကို ပြန်ရုပ်သိမ်းသည်။ to declare (a voidable contract) to be void. (ပျက် ပြယ်စေနိုင်သောပဋိညာဉ်ကို) ပျက်ပြယ်ကြောင်းကြေငြာခြင်း။

**disapperared person** တစ်ဦးတစ်ယောက်သည် နေအိမ်မှတစ်ဆက်တစ်စပ်တည်း ခုနစ်နှစ် (၇နှစ်) ပျောက်ကွယ်နေသူ။ ထိုကာလအတွင်း ထိုသူသည် မည်သည့်နေရာသို့ ရောက်ရှိနေကြောင်း အဆက်အသွယ်မပြုလုပ်သူ။ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၈အရ ထိုသူအသက်ရှင်နေသေးကြောင်း အတည်ပြုပြောဆိုသူက သက်သေပြရန်တာဝန်ရှိသည်။

**disaster (n)** ရုတ်တရက်ကျရောက်တတ်သော ဘေးဥပါဒ်အန္တရာယ်။

**disbarment (n)** ရှေ့နေလိုက်ပါခွင့်ရုပ်စဲခံရခြင်း။ ရှေ့နေတစ်ဦးသည် ရှေ့နေကျင့်ဝတ် သိက္ခာဖောက်ဖျက်ခဲ့လျှင် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ကို ရုပ်သိမ်းခြင်းခံရ မည်။

**discharge (n)** ကြွေးမြီများ ပေးဆပ်ပြီးသည့်အခါ သို့မဟုတ်အခြားဆောင်ရွက်ရန် ကိစ္စများ ဆောင်ရွက်ပြီးသည့်အခါ ကင်းလွတ်သွားခြင်း၊ လူမှု အဖြစ်တရားရုံးက အဆုံးအဖြတ်ပေးပြီးသောအခါ မြီစားအဖြစ်မှ လွတ်ကင်းသွားခြင်း။ တရားရှင်လွှတ်ခြင်း၊ စွဲချက်မတင်မီလွှတ်ခြင်း။ တရားရုံး၏အမိန့်ကို ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း။ အကျဉ်းသားကို ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးခြင်း။ အလုပ်သမားကိုထုတ်ပစ်ခြင်း။ စစ်မှုထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း။





**disclaimer (n)** တစ်ဦးတစ်ယောက်၏ဥပဒေဆိုင်ရာရပိုင်ခွင့် သို့မဟုတ် အောင်းဆိုခွင့် ကို အသိအမှတ်ပြုရန် ငြင်းပယ်သူ။ ဆိုင်ရာဆိုင်ခွင့်မရှိကြောင်း ကန့်ကွက် သူ။

**disclosure (n)** ယခင်ကမသိသေးသောအရာများကိုဖော်ထုတ်ခြင်း။ ရှင်းလင်းထုတ် ဖော်ပြသည်။

**discontinuance (n)** The termination of law suit by the plaintifl တရားလိုမှ မိမိ စွဲဆိုထားသောအမှုကိုရုပ်ဆိုင်းလိုက်ခြင်း။

**discount (n)** သတ်မှတ်ထားသည့်ရောင်းချဈေးနှုန်းမှလျှော့ပေးခြင်း။

**discovery (n)** ထုတ်ဖော်ပြသခြင်း။ တရားမမှုများတွင် အမှုမစစ်ဆေးမီ တစ်ဘက်သောအမှုသည်က အခြားတစ်ဘက်အမှုသည်ကို အမှုနှင့်စပ်လျဉ်းသည့် သိလိုသည့်ကိစ္စကို ရုံး၏ခွင့်ပြုချက်အရ မေးခွန်းများမေးမြန်းခြင်း။ ငြင်းချက်နှင့် စပ်လျဉ်း၍ အရေးပါသောစာချုပ်စာတမ်းနှင့်စပ်လျဉ်းသော အချက်အလက်ကို ရလိုလျှင် ထိုသူလက်ဝယ်သို့မဟုတ် စီမံခန့်ခွဲမှုအောက်ရှိ စာချုပ်စာတမ်း စာရင်းကို တင်ပြစေပြီး စစ်ဆေးသောမိတ္တူရယူခွင့်ရှိသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ထုတ်ဖော်ပြသစေခြင်းဖြစ်သည်။

ဥပမာ A သည် ငှင်းမောင်းနှင်သော မော်တော်ကား၏ နောက်ပိုင်းပြဿနာဖြစ်ခြင်းကြောင့် လမ်းလယ်ကျွန်းကို ဝင်တိုက်မိသွားသည်။ A က မော်တော်ကားရောင်းချခဲ့သည့် ကုမ္ပဏီသို့ လျော်ကြေးတောင်းဆိုရန် အမှုဖွင့်သည်။ အဆိုပါကား ထုတ်လုပ်ရာတွင် တွေ့ရှိချက်ကို တင်ပြရန်တောင်းဆိုသည်။ A အနေဖြင့် ထိုသို့ထုတ်ဖော်စေရန် တောင်းဆိုခြင်း မရှိလျှင်ကားနှင့်စပ်လျဉ်း၍အချက်အလက် မရရှိနိုင်ဖြစ်သည်။ (CPC 011)

**discovert** လင်ယောကျ်ားမရှိသူ၊ လက်မထပ်ရသေးသူ။ မုဆိုးမ။

**discredit (vt)** မယုံကြည်ထိုက်ကြောင်းတင်ပြသည်။ သက်သေတစ်ဦး၏ထွက်ချက် ကို မယုံကြည်ထိုက်ကြောင်းတရားရုံးကလက်ခံမစဉ်းစားထိုက်ကြောင်းတင်ပြခြင်း ထိုသို့တရားရုံးကသိရှိစေရန် အဆိုပါသက်သေကို ယခင်ရေးမှတ်ထားသောအစစ်ခံချက်နှင့်တိုက်ဆိုင်စစ်ဆေး၍ ကွဲလွဲမှုကို ပေါ်ပေါက်စေခြင်း ထိုသက်သေမှာ ယုံကြည်ထိုက်သူမဟုတ်ကြောင်းသိသူများ၏



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုချက် မသင့်လျော်သော သွေးဆောင်မှုကို ရရှိထားကြောင်းဖြင့် ပေါ်ပေါက်အောင်စစ်ဆေးရမည်။

(သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၅၄၊ ၁၅၅နှင့် ၁၅၇ ကြည့်ပါ)

**discretion (n)** ဝေဖန်ပိုင်းခြားခြင်း။ ဆင်ခြင်တုံတရားကိုသုံးစွဲသော တရားစီရင်ရေးအာဏာ။ တရားရုံးသည် ဥပဒေအချက်များအကြောင်းအချက်များ ပေါ်ပေါက်မှုကိုအသုံးပြုရန် လွတ်လွတ် လပ်လပ်ဆုံးဖြတ်ခြင်း။

**discrimination (n)** လူမျိုး၊ အသက်၊ လိင်၊ နိုင်ငံသား၊ ကိုးကွယ်မှု သို့မဟုတ် ဦးစားပေး မှုခွဲခြားခြင်း

**disenfranchise (vb)** မဲပေးခွင့်ရုပ်ဆိုင်းသည်။ နိုင်ငံသားအခွင့်အရေး ရုပ်သိမ်းသည်။

**disentitle (vb)** တစ်စုံတစ်ဦး၏ပိုင်ဆိုင်မှု သို့မဟုတ် တောင်းဆိုမှုကို ရုပ်သိမ်းခြင်း။

**disgorgement (v)** တောင်းဆိုခြင်း သို့မဟုတ် ဥပဒေအရအတင်း အကြံ ပြုခြင်းတို့ကို စွန့်လွှတ်ခြင်း (တရားမဝင်အမြတ်ရရှိမှု)

**dishonor (dishonour) (v)** လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းတစ်စောင် ဥပမာ ချက်လက်မှတ်ကို လာရောက်တင်ပြသည့်အခါလက်ခံရန် သို့မဟုတ် ငွေထုတ်ပေးရန်ငြင်းပယ် ခြင်း။

**disinheritance (n)** တစ်စုံတစ်ယောက်သည် ပစ္စည်းပေါ်တွင် အမွေဆက်ခံ ရန်။ ယခင်က အခွင့်အရေးရရှိခဲ့သော်လည်း အမွေရှင်က ထိုအခွင့်အရေးကို ရုပ်သိမ်းလိုက်ခြင်း။ ဆက်ခံခွင့်မပေးဘဲထားခြင်း သို့မဟုတ် အမွေဖြတ်ခြင်း။

**disinter (v) (n)** မြှုပ်ထားသည်ကိုပြန်ဖော်သည်။ (အလောင်းကိုစစ်ဆေးရန် တူးဖော် သည်။) တစ်စုံတစ်ရာမသဲမကွဲ မရှင်းမလင်းဖြစ်နေခြင်းမှဖယ်ရှားခြင်း

**disinterested (adj)** အဂတိမလိုက်စားသော ဘက်မလိုက်သော ကိုယ်ကျိုးမငဲ့သော။

**disjoinder (n)** see also misjoinder

**disloyalty (n)** သစ္စာမဲ့ခြင်း။ သစ္စာဖောက်ခြင်း။





**dismissal (n)** (၁) နောက်ထပ်တစ်စုံတစ်ရာ ကြားနာခြင်း မပြုတော့ဘဲ တောင်းဆို မှုကိုပယ်ခြင်း။ အယူခံလွှာကိုပယ်ခြင်း

dismissal without prejudice တရားလို၏အဆိုလွှာကို ပယ်လိုက်သည့် အခါကာလစည်းကမ်းသတ်ကာလအတွင်း အဆိုလွှာအသစ်တင်သွင်းနိုင်ခြင်း။

dimissal with prejudice တရားလို၏ အဆိုလွှာကိုပယ်ခြင်းသည် အမှု၏ အမှားအမှန်ကို ကြည့်ပြီးဆုံးဖြတ်ချက်ချခဲ့လျှင် တရားလိုအနေဖြင့် တူညီသော အကြောင်းအရာဖြင့် နောက်ထပ်အမှု စွဲဆိုခွင့်မရှိပေ။ (၂) အလုပ်မှ ထုတ်ပယ်ခြင်း။ အလုပ်ထွက်ခွာခွင့်ပြုခြင်း။

**disorder (n)** စည်းစနစ်မရှိခြင်း။ အစီအစဉ်နေရာတကျမရှိခြင်း။ စိတ်ပိုင်းနှင့် ရုပ် ပိုင်းဆိုင်ရာကျန်းမာရေးကိုအနှောင့်အယှက်ဖြစ်သော။

**disorderly house** (၁) အနီးအနားပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေ သောအိမ်ယာ။ (၂)နေအိမ်ကိုပြည့်တန်ဆာလုပ်ငန်းသို့မဟုတ် မူးယစ် ဆေးဝါးရောင်းချသည့်လုပ်ငန်းစသည့် ပြစ်မှုမကင်းသောအလုပ်ကို လုပ်ကိုင်သူ များ နေထိုင်ရာအိမ်။

**disorderly person** (၁) ဥပဒေဖောက်ဖျက်၍ အပြစ်ရှိသောသူ၊ (၂) ငြိမ်ဝပ်ပိပြားရေးအမိန့် ၊ ဟိုရိုးသြတပွပြည်သူတို့၏ လုံခြုံရေးများကို ဖောက်သူ

**disparagement (n)** အခြားသူတစ်ဦး၏ပစ္စည်း၊ ထုတ်ကုန်သို့မဟုတ် လုပ်ငန်း၏ ဂုဏ်သတင်းကျော်ဇောခြင်းအပေါ် မတရားချိုးနှိမ်ခြင်း။ မှီချိုး ချိုးပြောခြင်း။ ရှုတ်ချသိက္ခာချခြင်းဖြစ်စေသည်။ မှားယွင်းပြီးနစ်နာ စေသော ပြောဆိုချက် သို့မဟုတ် ရေးသားဖော်ပြချက်။

**dispauper** လူမွဲအဖြစ်တရားမစွဲဆိုခွင့်ကိုရုပ်ဆိုင်းခြင်း။ လူမွဲအဖြစ်စစ်ဆေးဆဲ အမှုတွင် အစိုးရရှေ့နေကဖြစ်စေ၊ အမှုသည်တစ်ဦးဦးက ဖြစ်စေလျှောက်ထား သည့်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၃နည်း ၆ပါအချက်များကိုထောက် ထားပြီးအမှုကိုရုံးခွန်တော် ပေးသည့်အချိန်အထိရုပ်ဆိုင်းရန် အမိန့်ချနိုင်သည်။

**dispensation** ခွင့်ပြုခြင်း။ တစ်ချို့သောဥပဒေများမှ ကင်းလွတ်ခွင့်ပေးခြင်း။ ထားမြဲစံချက်အချို့ကို ဆောင်ရွက်ရန်ခွင့်ပြုခြင်းအချို့သောအမိန့်များကို ချက်ကွယ်ပြုရန် အခွင့်ပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**disparity (n)** မညီမျှခြင်း။ နှစ်ခုသို့မဟုတ်နှစ်ခုထက်ပိုသော ပစ္စည်းများသည် အရည် အသွေးအားဖြင့်လည်းကောင်း အရေအတွက်အားဖြင့်လည်းကောင်း ခြားနား ချက်များရှိခြင်း

**disperse** တစ်ကွဲတစ်ပြားဖြစ်စေသည်။ လူစုခွဲသည်။

**disposal** စီမံခန့်ခွဲခြင်း၊ သုံးပြီးစွန့်ပစ်ခြင်း

**disposition** (၁) အခြားသူတစ်ဦးထံစောင့်ရှောက်ခွင့်။ လက်ဝယ်ထားရှိခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို စာချုပ်စာတမ်းအရဖြစ်စေ သေတမ်းစာအရဖြစ်စေ လွှဲပြောင်း ပေးခြင်း။ (၂) ပစ္စည်းကိုစွန့်လွှတ်ခြင်း လက်လွှတ်ခြင်း၊ (၃) အပြီးသတ် ပြေငြိမ်းခြင်းသို့မဟုတ် ဆုံးဖြတ်ချက်ချခြင်း၊ (၄)စိတ်ရင်းသဘောရင်း (သို့) စရိုက်လက္ခဏာ (၅) တရားမမှုတွင်ဖြစ်စေ ပြစ်မှုများတွင်ဖြစ်စေ တရားရုံး၏ နောက်ဆုံး ဆုံးဖြတ်ချက်။

**dispossess (v)** လက်မဲ့ဖြစ်စေသည်။ အခြားသူလက်ဝယ်ရှိမြေသို့မဟုတ် ဥပစာ မှနှင်ထုတ်သည်။ ထိုသို့ လက်မဲ့ဖြစ်စေရာတွင် ဥပဒေအရသော်လည်း ကောင်း ဥပဒေမဲ့သော်လည်းကောင်း ဖြစ်နိုင်သည်။

**dispossession (n)**လက်မဲ့ဖြစ်စေခြင်း။ မြေယာသို့မဟုတ် ဥပစာမှ တစ်ဦးတစ်ယောက်ကိုနှင်ထုတ်ခြင်း သို့မဟုတ်ဖယ်ရှားခြင်း။ ထုတ်ပယ်ခြင်း ထိုသို့ပြုလုပ်ရာတွင်ဥပဒေနှင့်အညီဖယ်ထုတ်ခြင်းသော်လည်းကောင်း ဥပဒေမဲ့ဆောင်ရွက်ခြင်းသော် လည်းကောင်း ဖြစ်နိုင်သည်။

**disproved** သက်သေထင်ရှားမရှိခြင်း။ တရားရုံးရှေ့ရှိအမှု၏အကြောင်းခြင်း များကို စဉ်းစားဆင်ခြင်ပြီးနောက် အကြောင်းခြင်းရာတစ်ခုသည် မရှိသည်ဟု ယုံကြည် ခြင်း(သို့) စဉ်းစားဆင်ခြင်တတ်သူတစ်ဦးကမရှိဟုန်ရာဟု ယူဆခြင်း (သက်သေခံအက်ဥပဒေ ပုဒ်မ ၃)

**dispute (v)** ဆန့်ကျင်ကွဲလွဲခြင်း။ ပဋိပက္ခ၊ အချေအတင်ပြောဆိုခြင်း အငြင်းပွားမှု၊ ထိုသို့ဖြစ်ခြင်းသည်တရားစွဲဆိုရန် အထိ ဦးတည်သွားခြင်း

**disqualification** အရည်အချင်းမပြည့်စုံသောမသင့်လျော်သော ဥပမာ တရားသူကြီး တစ်ဦးသည် ၎င်းရှေ့မှောက်ရောက်ရှိနေသော အမှုကို စစ်ဆေး





စီရင်ဆုံးဖြတ်ရန်မသင့်လျော်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအမှုမှ တစ်ဘက် သော အမှုသည် ၎င်းနှင့်ပတ်သက်နေသောကြောင့်ဖြစ်သည်။

**disseisin (n)** တစ်ဦးတစ်ယောက်လက်ဝယ်ရှိ မြေယာကိုမတရားသိမ်းယူခြင်း ဆုံးရှုံးစေ ခြင်း။ ဘိုးဘွားပိုင်မြေကို သူတစ်ပါးလက်ဝယ်မှ မတရားသိမ်းယူခြင်း။

**dissent (n)** သဘောထားကွဲလွဲခြင်း အယူအဆကွဲပြားခြင်း။ စုံညီတရားရုံးတွင် အမှုနှင့်စပ်လျဉ်း၍ တရားသူကြီးတစ်ဦးက ကျန်တရားသူကြီးများနှင့် သဘော ထားကွဲလွဲခြင်း။ တရားသူကြီးအများသဘောတူရာအရ ဆုံးဖြတ်သည်။ သဘော ထားကွဲလွဲသူတရားသူကြီး၏ ကွဲလွဲချက်ကို သီခြားဖော်ပြသည်။

**dissipation (n)** အပျော်အပါးလိုက်စားခြင်း၊ ဖြုန်းတီးခြင်း။ ပိုင်ဆိုင်သည့် ပစ္စည်းများကို ဥပဒေနှင့်မညီသော သို့မဟုတ် မျှတမှုမရှိသော ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်း ဥပမာ လင်မယားကွဲအံ့ဆဲဆဲတွင် နှစ်ဦးပိုင်ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း။

**dissolution (n)** ဖျက်သိမ်းခြင်း။(အစုစပ်လုပ်ငန်း)တရားရုံးအမိန့်ဖြင့် ဖျက်သိမ်းခြင်း (ပုဒ်မ ၄၄) သဘောတူ ညီချက်ဖြင့် ဖျက်သိမ်းခြင်း။ (ပုဒ်မ ၃၀)မဖျက်သိမ်း မနေရဖျက်သိမ်းခြင်း (ပုဒ်မ၄၁) အချို့အကြောင်းအရာ ဖြစ်ပွားမည်ကို အမှီပြု၍ ဖျက်သိမ်းခြင်း (ပုဒ်မ ၄၂) နို့တစ်စာဖြင့် ဖျက်သိမ်းခြင်း (ပုဒ်မ ၃၄)။

(ကုမ္ပဏီ)(၁)ရုံးတော်ကဖျက်သိမ်းခြင်း (ပုဒ်မ ၁၆၂) ကုမ္ပဏီ၏သဘော ဆန္ဒဖြင့် ဖျက်သိမ်းခြင်း (ပုဒ်မ ၂၀၃) ရုံးတော်၏ကြီးကြပ် မှုဖြင့် ဖျက်သိမ်းခြင်း။ (ပုဒ်မ ၂၂၁)။

**distinguish (v)** ကွဲပြားခြားနားသည်။ ခွဲခြားသိမြင်သည် ထင်ရှားကျော်ဇော သောဂုဏ်ရှိသော။

**distraint (n)** ကြွေးနှင့်ပစ္စည်းသိမ်းခြင်း။ အိမ်ငှားသည် အိမ်လခပေးရန် ကြွေးများ ကျန်နေ၍ ၎င်းပိုင်ပစ္စည်းများကို သိမ်းယူခြင်း။ ဒီကရီအရ ပေးရန်ရှိ သော ကြွေးများမပေး၍ ပစ္စည်းများသိမ်းယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**distress (n)** ပစ္စည်းကို ဖမ်းယူသိမ်းဆည်းထားခြင်း။ ဥပမာ ကုန်လှောင်ရုံပိုင်ရှင်တစ်ဦးသည် လယ်သမားတစ်ဦး၏ ကုန်များကို လက်ခံသိုလှောင်ထားရာတွင် လယ်သမားအနေဖြင့် သိုလှောင်ခကို တစ်နှစ်ကျော်ခန့်ပေးရန်ကျန်ရှိနေသည်။ထို့ကြောင့်သိုလှောင်ရုံပိုင်ရှင်သည် သိုလှောင်ရုံအတွင်းရှိ လယ်သမားပိုင်ကုန်များကို ဖမ်းယူသိမ်းဆည်းလိုက်သည်။ အကယ်၍ လယ်သမားက ပေးရန်ကျန်နေသော သိုလှောင်ခများကို မပေးတော့လျှင် သိုလှောင်ပိုင်ရှင်သည် လယ်သမား၏ ကုန်များကို ရောင်းချကာ သိုလှောင်ခကို ရယူပြီးကျန်ငွေကို လယ်သမားသို့ ပေးအပ်နိုင်သည်။ မူလအားဖြင့် မြေပိုင်ရှင်နစ်နာမှုအပေါ် ကုစားချက်ဖြစ်သည်။ attachment နှင့် ကွဲပြားသည်။ attachment သည် တရားရုံးအမိန့်အရ ဆောင်ရွက်ခြင်းဖြစ်သည်။

**distribution (n)** ခွဲဝေပေးခြင်း။ ကွယ်လွန်သူပိုင်ပစ္စည်းများကို အမွေဆက်ခံပိုင်ခွင့်ရှိသူများအား ခွဲဝေပေးခြင်း။ အမြတ်ငွေများကို ခွဲဝေပေးခြင်း။ ဥပမာ။ သုံးလကုန်ဆုံးသွားသည့်အချိန်တိုင်း ကော်ပိုရေးရှင်းသည် ၎င်း၏ အစုရှယ်ယာဝင်များကို အမြတ်ဝေစုခွဲဝေပေးသည်။

**distribution right** မူပိုင်ခွင့်ရှိသူသည် ၎င်း၏ မူပိုင်ခွင့်ကိုရောင်းချခြင်း ငှားရမ်းခြင်းပြုပိုင် ခွင့်။

**district attorney (district law officer)** ခရိုင်ဥပဒေအရာရှိ။

**district court** ခရိုင်တရားရုံး။

**disturbance of the peace** လူတစ်ဦးတစ်ယောက်၏ ရေမြေအလင်းရောင်ခံစားခွင့်နှင့် ပတ်ဝန်းကျင်အေးချမ်းမှုကို ဆူညံနှောက်ယှက်ခြင်း။ တမင်အနှောက်အယှက်ပေးခြင်း။ သာမန်လူပုဂ္ဂိုလ်များကြောက်ရွံ့ထိတ်လန့်မှုကို ဖြစ်ပေါ်စေခြင်း။ သို့သော် တစ်ဦး တစ်ယောက်အပေါ်တွင်သာ စိတ်ဆိုးဒေါသထွက်အောင်ပြုမှုသည့် disturbance of the peace မဟုတ်ပေ။

**divers (adj)** အမျိုးအစားများပြားသော။ မည်သူမည်ဝါဟု ခွဲခြားမရသော လူတစ် စုသို့မဟုတ် အရာဝတ္ထုများ။ ဆောင်ရွက်ချက်များ။ ခြားနားသော။

diversion (n) ပုံမှန်လမ်းကြောင်းမှ သွေဖီသော။ အာရုံပြောင်းလဲခြင်း။





divestiture (n) ကုမ္ပဏီသို့မဟုတ် အစိုးရအဖွဲ့အစည်းမှ ပိုင်ဆိုင်ပစ္စည်းများကို ရောင်းကျခြင်း။ နေရာချထားခြင်း။ မိမိဆန္ဒအလျောက်လည်းကောင်း တရားရုံး၏ အမိန့်အရလည်းကောင်း ဆောင်ရွက်ခြင်းဖြစ်နိုင်သည်။

**diversity (n)** အသွင်ပြောင်းလဲခြင်း၊ အမျိုးမျိုးအဖုံဖုံဖြစ်ခြင်း။ ကွဲပြားခြင်း။

**dividend (n)** ရှယ်ယာအပေါ်ခွဲဝေပေးရန် အမြတ်ဝေစု။ ထိုငွေသည် ကုမ္ပဏီ၏ ဝင်ငွေမှအသုံးစရိတ်များနှင့် အခွန်များနှုတ်ပြီး ကျန်ငွေအမြတ်၏ အစိတ်အပိုင်းတစ်ခုကို သတ်မှတ်ပေးခြင်းဖြစ်သည်။

**dividend cover** အမှန်ခွဲဝေပေးသော အမြတ်ဝေစုပေါင်းနှင့် အသားတင်အမြတ်ကွာ ခြားမှုအကြိမ်။ အမြတ်ကို အမြတ်ခွဲဝေမှုဖြင့် စားခြင်းဖြစ်သည်။ ဥပမာ ကုမ္ပဏီ အမြတ်ငွေ ၁၀၀၀၀၀ိ/- ဆိုပါစို့ အမှန်ခွဲဝေရာတွင် ငွေ ၅၀၀၀ိ/- ဖြစ်သည် ဆိုလျှင် ၁၀၀၀၀၀ အစား ၅၀၀၀ = ၂၀ကြိမ်ဖြစ်သည်။ ထုတ်ပေးသောအချိုး pay- out ratio၏ ပြောင်းပြန် ဖြစ်ပါသည်။(ဦးကြည်မြင့်-အားလုံးအတွက် စီးပွားရေးပညာအဘိဓာန်)

**dividend warrant** ရှယ်ယာရှင်များသို့ အမြတ်ဝေစုထုတ်ပေးသော ငါရမ်း(သို့)ချက် လက်မှတ်။

**divorce (n)(v)** ကွာရှင်းခြင်း ပြတ်စဲခြင်း၊ ဥပဒေအရ တရားဝင်ကွာရှင်းခြင်း။

**divorce agreement** ကွာရှင်းစာချုပ်။ ၎င်းတွင်ကလေးစောင့်ရှောက်ခြင်း၊ ပစ္စည်းခွဲဝေခြင်း။ ကလေးထံလာရောက် တွေ့ဆုံခေါ်ဆောင်ခွင့်၊ ကလေးထောက်ပံ့ကြေးမည်သို့ ပေးရမည် စသည်တို့အသေးစိတ်ပါဝင်သည်။ ၎င်းစာချုပ်ကို စာဖြင့်ရေးထား၍ နှစ်ဘက်စလုံးမှ လက်မှတ်ရေးထိုးပြီး မှတ်ပုံတင်လေ့ရှိသည်။

**dock (n)** တရားခွင်အတွင်း တရားခံထိုင်ရသောနေရာ။

**dock brief case** (၁)သေဒဏ်ထိုက်သော အမှုများတွင် တရားခံက ရှေ့နေငှားရမ်းရန် မစွမ်းဆောင်နိုင်ပါက (ငွေကြေးမတတ်နိုင်၍ဖြစ်စေ၊ ငွေကြေးတတ်နိုင်သော်လည်းအခြားအကြောင်းဖြစ်စေ) ရှေ့နေတစ်ဦးကို တရားခံအတွက် ငှားရမ်းပေး ခြင်း။ ၂၀၁၀ခုနှစ်ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၆ (၄)။ (၂) သေဒဏ်ထိုက်သည့် အမှုတွင်တရားခံအတွက် အစိုးရက ငှားပေး



www.burmeseclassic.com

www.burmeseclassic.com



သည့်ရှေ့နေလက်ဝယ်ရှိ အမှုဆိုင်ရာအချက်အလက် စာရွက်စာတမ်းညွှန်ကြားချက် စသည့်များ။

**dock warrant** ဆိပ်ကမ်းသိုလှောင်ရုံများရှိ ပြည်ပမှတင်သွင်းလာသော ကုန်များကို လာရောက်ထုတ်ယူရန် ပစ္စည်းပိုင်ရှင်သို့ ထုတ်ပေးသည့်လက်မှတ်။

**docket (n)** တရားရုံးအမှုခေါ်စာရင်း။ အယူခံဝင်နိုင်သောအမှုတွင် တရားရုံးအမှုတွဲ ပါသက်သေအစစ်ခံချက်များနှင့် သက်သေခံစာရွက်စာတမ်းများကို တရားသူကြီးကဖြစ်စေ၊ တရားရုံးစာရေးကဖြစ်စေ အတိုချုပ်ရေးမှတ်ထားသည့် စာတွဲ။ အမိန့် အကျဉ်းချုပ် ဒီကရီအကျဉ်းချုပ်။

**document (n)** စာဖြင့်ရေးသားထားသော အသံသွင်းထားသော ကွန်ပြူတာတွင် မှတ်သားထားသော၊ ဓာတ်မှန်ရိုက်ထားသော၊ ဓာတ်ပုံ၊ ပန်းချီ အကြောင်းအရာများ မည်သည့်အရာပေါ်တွင်မဆိုအက္ခရာ၊ ဂဏန်းအမှတ်အသား ဖြင့် ဖော်ပြချက်။ (သက်သေခံအက်ဥပဒေပုဒ်မ ၃)

**documentary evidence** ရုံးကကြည့်ရှုစစ်ဆေးရန် တင်ပြသောစာတမ်းအမှတ်အသား။ စာရွက် စာတမ်းသက်သေခံချက်။

**document of title** ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း (သင်္ဘောတင်ကုန်စာရင်း ကုန်လှောင် ရုံလက်ခံပြေစာ ကုန်ပို့အမိန့်များ အစရှိသည်။)

**domain (a)** ၁။ အစစ်အမှန်ပိုင်ရှင်၏မြေ။ ၂။ သီးသန့် web page ကို ကိုယ်စားပြုနေသော အင်တာနက်လိပ်စာ။

**domestic (adj)** အိမ်ရှင်နှင့်ဆိုင်သော ပြည်တွင်း၊ အိမ်ဖော်

**domicile (n)** တရားဝင်အမြဲနေထိုင်ရာအရပ်ဒေသသို့မဟုတ် နိုင်ငံသို့မဟုတ် နေအိမ်။ တစ်ဦးတစ်ယောက်တွင် နေထိုင်ရာ အိမ်တစ်လုံးထက်ပို၍ရှိနိုင်သည်။ တစ်ခြား နိုင်ငံတွင်လည်း နေထိုင်ရာအိမ်ရှိနိုင်သည်။ မည်သည့်နေရာ၌ နေအိမ်ရှိသည် ဖြစ်စေကာမူ မြန်မာနိုင်ငံတွင် အိမ်ထောင်စုစာရင်းရှိသည့် နေအိမ်သာလျှင် အမြဲနေထိုင်ရာဖြစ်သည်။ ဥပမာ ဦးဘောဂသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများ ရေရှည်ဆောင်ရွက်ရန်အတွက် ရန်ကုန်တွင် အိမ်တစ်လုံး၊ မန္တလေးတွင် အိမ်တစ်လုံး နေပြည်တော်တွင် အိမ်တစ်လုံး၊ စင်္ကာပူနိုင်ငံတွင် အိမ်တစ်လုံး၊ ဘန်ကောက်တွင် အိမ်တစ်လုံးရှိသည်။ ၎င်း၏လုပ်ငန်း ဌာနချုပ်ကို ရန်ကုန်တွင်





ဖွင့်လှစ်ထားပြီး ကျန်ဒေသများသို့ လုပ်ငန်းကိစ္စဖြင့်သာ သွားလာလေ့ရှိသည်။ လုပ်ငန်းဌာနချုပ်သည် ရန်ကုန်နေအိမ်မှ မိနစ်သုံးဆယ်ခရီးသာကွာထားသည်။ ဦးဘောဂသည် ရန်ကုန်နေအိမ်တွင် နေထိုင်ပြီးလုပ်ငန်းများကို စီမံခန့်ခွဲလေ့ရှိသည်။ ထို့ကြောင့် ဦးဘောဂတွင် နေရာအနှံ့၌ နေအိမ်များရှိသော်လည်း ရန်ကုန်နေအိမ်သည်သာ တရားဝင်အမြဲနေထိုင်ရာအရပ်ဖြစ်သည်။

**domicilary(adj)** နေအိမ်နှင့်ဆိုင်သော

**dominion (n)** ထိန်းချုပ်မှု၊ ပိုင်ဆိုင်မှု၊ အချုပ်အခြာအာဏာ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့် လက်ဝယ်ထားမှုနှစ်မျိုးလုံးရှိခြင်း၊ ပစ္စည်းကိုပိုင်ဆိုင်ပြီး လက်ဝယ်ထားသော အသုံးပြုစီမံခန့်ခွဲနေခြင်း။

**donate (v)** လှူဒါန်းသည်။ ပစ္စည်းနှင့်ငွေများကို အဖိုးစားနားမပါဘဲ လွှဲပြောင်း သည်။

**donatio mortis causa** သေခါနီးဆဲဆဲပေးကမ်းခြင်း။

**doner (n)** အလှူရှင်

**dormant claim** မပြီးပြတ်သေးသော တောင်းဆိုမှု၊ တောင်းဆိုမှုကို ဆိုင်းငံ့ထားခြင်း။

**dope** –မူးယစ်ဆေး (n)

**double entry** နှစ်ဘက်သွင်းစာရင်းကိုင်စနစ်။

**double insurance** ပစ္စည်းတစ်ခုပေါ်တွင် အာမခံနှစ်ကြိမ်ထားခြင်း အာမခံကုမဏီနှစ်ခုတွင် အာမခံထားသော်လည်း ဆုံးရှုံးမှုဖြစ်ပေါ်လျှင် ကုမ္ပဏီတစ်ခုမှသာ အာမခံငွေကို ရယူခံစားခွင့်ရှိသည်။

**double jeopardy** ပြစ်မှုတစ်ခုတည်းပေါ်တွင် နှစ်ကြိမ်တရားစီ ရင်ခြင်း။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ လူတစ်ဦးတစ်ယောက် ပေါ်တွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ခုအတွက် တစ်ကြိမ် အပြစ်ပေးပြီး ဖြစ်လျှင် (သို့)တရားသေလွှတ်ပြီးဖြစ်လျှင် ထိုအမိန့်အတည်ဖြစ်နေပါက ထိုအကြောင်းခြင်းရာပေါ်တွင် ထပ်မံ၍ တရားစွဲဆိုစစ်ဆေးစီရင်ပိုင် ခွင့်မရှိပေ။

**doubt (n)** သံသယ၊ ယုံမှားခြင်း၊ **reasonable doubt** ယုတ္တိတန်သော သံသယရှိမှု။



www.burmeseclassic.com

www.burmeseclassic.com



**draft** မူကြမ်း၊ ငွေလွှဲစာ (bank draft)

**drafting** မူကြမ်းရေးဆွဲခြင်း

**draw (n)** ဘဏ် သို့မဟုတ် ငွေအပ်နှံထားသည့်နေရာမှ ငွေများ ပြန်ထုတ်ခြင်း၊ ချက်လက်မှတ် သို့မဟုတ် ငွေလွှဲလက်မှတ်ဖြင့် ငွေထုတ်ခြင်း။ ဥပဒေနှင့် ဆိုင်သော စာရွက်စာတမ်းများဖြစ်သည့် တရားရုံးသို့ လျှောက်ထားလွှာ စာချုပ်နှင့် သေတမ်းစာမူကြမ်းကို ပြုစုခြင်း၊ ကုန်ဝယ်ရာတွင် ချက်လက်မှတ် ရေးသားပေးခြင်း။

**drawback (n)** အကောက်ခွန်ထမ်းဆောင်ပြီးသော ကုန်များကို ပြည်ပနိုင်ငံသို့ ပြန် လည်တင်ပို့ရာတွင် (နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ လုပ်ဆောင်ရန် စက်ပစ္စည်းများတင်သွင်းလာပြီး လုပ်ငန်းပြီးဆုံးသည့်အခါ ထိုစက်ကို အခြားနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်း) ထမ်းဆောင်ပြီး အကောက်ခွန်ငွေကို အကောက်ခွန်ဌာနမှ ပြန်ထုတ်ပေးခြင်း။

**drawee (n)** ငွေလွှဲလက်မှတ် သို့မဟုတ် ချက်လက်မှတ်ပါ ငွေပမာဏကို အခြားသူ တစ်ဦးတစ်ယောက်သို့ ထုတ်ပေးရန် ညွှန်ကြားခြင်းခံရသူ။ ဘဏ်တွင် ငွေအပ်နှံထားသူက ရေးသားပေးလျှင် ဘဏ်သည် ငွေထုတ်ပေးရန် ညွှန်ကြားခြင်း ခံရသူဖြစ်သည်။ ရေးသားပေးသူမှာ drawer ဖြစ်ပြီး ငွေလက်ခံရရှိမည့်သူမှာ payee ဖြစ်သည်။

**drawer (n)** ငွေထုတ်နိုင်ရန်အတွက် ချက်လက်မှတ် သို့မဟုတ် ငွေလွှဲလက်မှတ် ကို ရေးသားပေးသူ အခြားသူတစ်ဦးတစ်ယောက်သို့ ငွေပေးရန် ချက်လက်မှတ် ဖြင့် ညွှန်ကြားသူ။

**driving while intoxicated** အယ်ကိုဟော သို့မဟုတ် မူးယစ်ဆေးဝါးများ သောက်သုံးထားပြီး မော်တော်ယာဉ်မောင်းနှင်ခြင်း။ (မော်တော်ယာဉ်ဥပဒေအရ ပြစ်မှုဖြင့် အရေးယူ နိုင်ခြင်း)

**droit** အခွင့်အရေး၊ ဥပဒေ၊ ဥပဒေတစ်ခုလုံး

**drug abuse** ထိန်းချုပ်မူးယစ်ဆေးဝါးများကို အကြိမ်ကြိမ်သုံးစွဲသူ မူးယစ်ဆေးဝါး စွဲနေသူ

**drug law** မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ။ ဥပဒေအမှတ် ၁/၉၃။





**drues (narcotic drug)** မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသော ဆေးဝါးများနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါး (psychotropic substance) များ။(မူးယစ်/ စိတ်ပြောင်းဥပဒေ ပုဒ်မ ၂ (က) (ခ)

**dual citizenship** နိုင်ငံနှစ်နိုင်ငံတွင် နိုင်ငံသားအဖြစ်ခံယူထားခြင်း (နိုင်ငံတစ်ခုတွင် နိုင်ငံသားအဖြစ် ခံယူထားသူသည် မြန်မာနိုင်ငံသားအဖြစ် ပူးတွဲခံယူခွင့်မရှိ။ ထို့အတူ မြန်မာနိုင်ငံသားတစ်ဦးသည် နိုင်ငံသားအဖြစ် စွန့်လွှတ်ခြင်းမရှိဘဲ အခြားနိုင်ငံသားအဖြစ် ထပ်မံခံယူခွင့်မရှိ။ အခြားနိုင်ငံသား အဖြစ်ခံယူလျှင် မြန်မာနိုင်ငံသားအဖြစ်မှ စွန့်လွှတ်ရာရောက်သည်။

**duces tecum (lat) subpoena decus tecum** -- တစ်ဦးတစ်ယောက်၏ တရားရုံးသို့ လျှောက်ထားချက်အရ တရားရုံးက subpoena issue ကို ထုတ်ပေးခြင်း။ အမှုတွင် သက်သေတစ်ဦးတစ်ယောက်အား ၎င်း၏ လက်ဝယ်ရှိသောထိန်းချုပ်မှု အောက်တွင်ရှိသော စာရွက်စာတမ်း များ၊ အထောက်အထားများကို တရားရုံးသို့ ယူဆောင်လာ၍ စစ်ဆေးဆဲအမှုတွင် လာရောက်အစစ်ခံရန်ဆင့်ခေါ်ခြင်း။

ဥပမာ။ A သည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုတွင် ဈေးကွက်အကြံပေးအဖြစ် နှစ်ပေါင်းအတန်ကြာကာပင် လုပ်ကိုင်လျက်ရှိသည်။ ကုမ္ပဏီတစ်ခုက အဆိုပါ စီးပွားရေးလုပ်ငန်းကြီးကို မှားယွင်းသောအချက်အလက်များ ပေးခဲ့သည်ဆိုကာ တရားစွဲဆိုသည်။ A သည် ပုဂ္ဂိုလ်ရေးအရ တရားစွဲဆိုခြင်း မခံရသော်လည်း တရားရုံးက Subpoena Decus Tecum ထုတ်ပေးပြီး သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ လာရောက်အစစ်ခံရန် A ကို အမိန့်ထုတ်ဆင့်သည်။

**due course (payment in due course)** ထိုက်သည့်အလျောက် ငွေပေးချေခြင်း။ ငွေလွှဲလက်မှတ်တစ်စောင်လက်ခံရရှိသူကို ထိုလက်မှတ်ပါ ငွေပမာဏ အား ရိုးသားမှုနှင့် ပေါ့ဆမှုမပါရှိဘဲ အချိန်စေ့ရောက်သည့်နေ့၌ဖြစ်စေ၊ ကျော်လွန်မည့်နေ့၌ဖြစ်စေ ပေးချေရမည်ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေတွင် လက်ဝယ်ရှိသူသည် လက်မှတ်ပါငွေပမာဏကို လက်ခံရန် တရားမဝင်ဟု ကြည်ရန် အကြောင်းပြခွင့်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



**due date** ကြွေးပေးရန်။ အခွန်ပေးဆောင်ရန်။ အတိုးပေးရန် အချိန်စေ့ရောက်ခြင်း။

**dui (n)** အရက်၊ မူးယစ်ဆေးဝါး သုံးစွဲ၍ ယာဉ်မောင်းခြင်း။

**dum bene se gesserit** ကောင်းမွန်စွာနေထိုင်သမျှကာလပတ်လုံး

**dum fuit infra actatem (latin)**စိတ်ဝေဒနာခံစားနေရစဉ်အတွင်း၊ အရွယ်မရောက်မီကာလအတွင်း။

**dummy (n)** အမည်ခံ၊ ပျော့ညံ့သူ။ dummy director ကုမ္ပဏီတစ်ခုတွင် လုပ်ပိုင်ခွင့်မရှိဘဲ ဒါရိုက်တာ အမည်ခံထားသူ။ dummy shareholder ကော်ပိုရေးရှင်းတစ်ခုတွင် ရှယ်ယာများကို ပိုင်ဆိုင်ထားသော်လည်း ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများတွင်ပါဝင်ခြင်း မရှိသူ။

**dumpine** ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ဈေးကွက်ရှိ ပုံမှန်ဈေးနှုန်းထက် လျှော့ရောင်းခြင်း နိုင်ငံခြားဈေးကွက်တွင် ရောင်းချသော ဈေးနှုန်းသည် ပြည်တွင်းဈေးကွက်ရှိ ဈေးနှုန်းထက်လျှော့ရောင်းခြင်း၊ နိုင်ငံခြားဈေးကွက် ထိုးဖောက်နိုင်ရန်ပြုလုပ်ခြင်း။

**dun (v)** ကြွေးတောင်းသည်။

**duplicity (n)** နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသောတရားစွဲဆိုရန် အကြောင်းများကို အဆိုလွှာတင်ရာတွင် တစ်ပေါင်းတည်းထည့်သွင်းခြင်းဖြင့် ပုံစံတကျမဖြစ်ခြင်း။ သို့မဟုတ်ချေပလွှာတွင် ထုချေချက်များကို ပေါင်း၍တင်ပြခြင်း။ ယင်းထုချေချက်များကို ပေါင်း၍တင်ပြခြင်း။ ယင်းထုချေချက်မှာ မရေရာသဖြင့် တရားရုံးကပယ်ဖျက်ခြင်းခံရမည်။ သို့သော် ပလပ်ခြင်းမဟုတ်။ စုပေါင်းစစ် ဆေးခြင်းမပြုနိုင်ပါက သီးခြားစစ်ဆေးရန် အမိန့်ချနိုင်သည်။

**duress (n)** အတင်းအကြပ်လုပ်ခိုင်းသည်။ ဥပမာ ငွေကိုင် Aကို ဓားပြများက သေနတ်ဖြင့်ချိန်ပြီး ငွေတိုက်မီးခံသေတ္တာသော့၏ နံပါတ်တွဲကိုပြောခိုင်းသည်။ ငွေတိုက်ဓားပြများကို ဖမ်းမိလာသောအခါ Aကို မီးခံသေတ္တာသော့နံပါတ်တွဲ ပြောပြခဲ့သည့်အတွက် အားပေးကူညီသူအဖြစ် ထည့်သွင်းတရားစွဲသည်။ အမှုစစ်ဆေးသည့်အခါ Aမှ ခုခံချေပသည်မှာ ဓားပြများက ၎င်းကို သေနတ်ဖြင့် ချိန်၍ပြောခိုင်းသောကြောင့် ပြောခဲ့ရခြင်းဖြစ်ကြောင်းထုချေသည်။





A ၏ထုချေချက်ကို တရားရုံးက ကျေနပ်လက်ခံပါက ၎င်းအပေါ် တရားစွဲဆိုထားခြင်းကိုလွှတ်ပစ်မည်ဖြစ်သည်။

**duty** တစ်ဦးတစ်ယောက်ကအခြားသူတစ်ဦးကိုဆောင်ရွက်ရန်တာဝန်ပေး ခြင်း။ ပေးဆောင်ရန်တာဝန် အခွန်အကောက်။

**dwell (v)** နေထိုင်သည်။

**dwelling house** တစ်ဦးတစ်ယောက်၏နေအိမ်။ မိသားစုနေထိုင်ရန် သီးခြားအိမ်သော်လည်းကောင်းတိုက်ခန်းသော်လည်းကောင်း။ မြေယာဥပဒေတွင် နေအိမ်ဆိုရာ၌ မူလအိမ်မကြီးနှင့်ပူးတွဲထားသောဂိုဒေါင်စပါးကျီ၊အဖီသည်တို့ပါဝင်သည်။

**dying declaration** လူသတ်မှုလုသေမှုများတွင်အသတ်ခံရသူ၏ သေခါးနီးထွက်ဆိုချက်။ သက်သေခံအက်ဥပဒေပုဒ်မ (၂)အရ တစ်ဦးတစ်ယောက်က သူသေရသည့် အကြောင်းပြောသွားသော အစစ်ခံချက်သည် သက်သေခံဝင်သည်။ တရားသူကြီးတစ်ဦးက ရေးယူခဲ့ပါက တရားခံရှေ့ရေးယူခြင်း မဟုတ်သော်လည်း တရားသူကြီးကို သက်သေပြရန် မလိုမှတ်ဖြင့်ပေးသော အစစ်ခံချက်ဖြစ်လျှင် အစစ်ခံချက်ကိုကြားခဲ့သူအား သက်သေအဖြစ်ကျမ်းကျိန် စစ်ဆေးရသည်။

**dying deposition** သေတမ်းစစ်ချက်

**dying without issue** ကွယ်လွန်ချိန်အထိ သားသမီးမရဘဲသေဆုံးခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# E

**earmark (v)(n)** ငွေပမာဏတစ်ခုကို သီးခြားကိစ္စတစ်ခုတွင် အနာဂါတ်၌ အသုံးပြုရန် ဆုံးဖြတ်ထားခြင်း။ ထူးခြားသည့်အမှတ်အသား။ အမှတ်အသား ပြုထားသည်။

**earnest (n)** စရံငွေ။ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပဋိညာဉ်အတည်ဖြစ်ရန် (ဥပမာ အရောင်းအဝယ်စာချုပ်) တစ်စိတ်တစ်ပိုင်းသော အဘိုးစားနား (သို့) ကုန်ပစ္စည်း တစ်ချို့တစ်ဝက်ကို ပေးခြင်း။ ထိုသို့ ပေးရာတွင် ပဋိညာဉ်ချိုးဖောက်မှု ဖြစ်ပေါ်ခဲ့လျှင် ပယ်ဖျက်ရန် ကြိုတင်မျှော်မှန်းထားပြီး ဝယ်သူကချိုးဖောက်ပါက ရောင်းသူသည်စရံငွေကို သိမ်းပိုက်နိုင်ပြီး ရောင်းသူကချိုးဖောက်လျှင် ပေးထားသော စရံငွေ၏နှစ်ဆကို ဝယ်သူက ရပိုင်ခွင့်ရှိလာသည်။

earnest သည် တစ်ခါတစ်ရံလတ်ငင်းပေးချေမှုကို ဖော်ညွှန်းသော်လည်း၊ လက်ငင်းပေးချေမှုနှင့် မတူသည်က ပဋိညာဉ်ချိုးဖောက်လျှင် သိမ်းယူနိုင်သည့်အဓိပ္ပါယ်ကို ဖော်ဆောင်သည်။

**earnest money** စရံငွေ၊ စဘော်ငွေ။





**earning and profit** ကော်ပိုရေးရှင်းတစ်ခု၏ ဝင်ငွေဖြစ်ပြီး၊ ရှယ်ယာဝင်များကိုခွဲပေးသည့် အခါရှယ်ယာဝင်များသို့ အမြတ်ခွဲဝေငွေ **dividend** ဖြစ်လာသည်။ **accumulated earnings and profit** - ပြီးခဲ့သည့်နှစ်က ကော်ပို ရေးရှင်းမှရရှိသည့် အမြတ်ငွေဖြစ်သည် သို့သော် အစုရှယ်ယာဝင်များသို့ ခွဲဝေ ပေးခြင်းမပြုရသေးသော ငွေများ။

**easement (n)** အတိအလင်းသို့မဟုတ် သွယ်ဝိုက်သော သဘောတူညီချက်ဖြင့် သူတစ်ပါးပိုင်မြေပေါ်မှ ဥပဒေနှင့်အညီ ရေမြေအလင်းရောင်စသည် အကျိုးခံစားခွင့်များရရှိခြင်း။ အများပိုင်လမ်းပေါ်သို့ ထိုမြေပေါ်မှ ဖြတ်သန်းသွားလာခွင့်ရရှိခြင်း။ အခြားသောမြေပိုင်ရှင်တစ်ဦးထံမှ မိမိအတွက်ရမြဲဖြစ်သော ရေမြေ အလင်းရောင်စသည့် အကျိုးခံစားခွင့်များ။

**eavesdropping (n)** ဆက်သွယ်ပြောကြားနေသူများသိရှိခြင်း မရှိဘဲ ဘတိယလူက ခိုး၍နားထောင်ခြင်း။

**ecclesiastical (adj)** ခရစ်ယာန်ဘာသာရေးကိစ္စများ ဆောင်ရွက်သည့်နေရာ (တရားရုံး) **ecclesiastical law** ခရစ်ယာန်ဘုရားကျောင်းကိစ္စအဝဝနှင့် သက်ဆိုင် သော အင်္ဂလိပ်ဥပဒေ။

**economics (n)** ဘောဂဗေဒပညာရပ်။ အမြတ်အစွန်းရရှိရန်ရည်ရွယ်သော။

**edict (n)**-အမိန့်တော်၊ အမိန့်ကြေငြာချက်။ အများနှင့်ဆိုင်သောအမိန့်။

**effect (v)**- အကျိုးဆက်ရလာဘ်၊ ထင်မြင်ချက်။

**effects(n)** -ကုန်ပစ္စည်း။ အထူးပြုလုပ်ချက်။

**effective (adj)** အကျိုးသက်ရောက်သော။ ထိရောက်သော။ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့်အချိန်။

**ejectment (n)** အိမ်ခြံမြေကို လက်ဝယ်သိမ်းပိုက်ထားသူအား ဖယ်ရှားပေးရန် တရားစွဲ ဆိုခြင်း။ **eviction** နှင့် တူညီခြင်းမရှိပါ။ တစ်ဦးတစ်ယောက်က အခြားသူ တစ်ဦး (ဆန့်ကျင်လက်ဝယ်ထားသူ)ကိုလည်းကောင်း အိမ်ရှင်က အိမ်ငှားသည့် ငှားရမ်းကာလလွန်ဆုံးသော်လည်း ဖယ်ရှားမပေး၍လည်းကောင်း တရားစွဲဆို နှင်ထုတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ A သည်မြေတစ်ကွက်ပေါ်တွင် အဖိုးဝမ်းကွဲထံမှ အမွေရသည်ဆိုကာ လက်ဝယ်ထားရှိခဲ့သည်။ သို့သော် B က ၎င်းမြေကွက်သည် မိဘများမှတစ်ဆင့် ပိုင်ဆိုင်လာသည်ဆိုကာ မြေကွက်ပေါ်မှ A ကို ဖယ်ရှားပေးရန် တရားစွဲဆို ဖယ်ခိုင်းခြင်း။ (ပစ္စည်းလွှဲပြောင်းခြင်းဥပဒေနှင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေတို့ကို ကြည့်ပါ။)

**ejusdem generis (ce joose-dem genris) (latin) of the same kind (class)** ဥပဒေများ၏ အဓိပ္ပါယ်ကောက်ယူရာ၌ ရှေ့တွင် သီးခြားအဓိပ္ပါယ်ဖြင့် ဖော်ပြထားသောစကားရပ်များနှင့်အညီ နောင်တွင် ဖော်ပြထားသော ယေဘုယျ စကားရပ်များကို အဓိပ္ပါယ်ကောက်ယူခြင်း။ ဥပမာ။ ဥပဒေတစ်ရပ်တွင် ညွှန်းဆိုရာ၌ မော်တော်ကားများ၊ ကုန်တင်ကားများ၊ ထရက်တာလယ်ထွန်စက်များ၊ မော်တော်ဆိုင်ကယ်များနှင့်အခြားသော စက်ဖြင့်မောင်းနှင်သည့်ယာဉ်များဆိုလျှင် တရားရုံးအနေဖြင့် ထိုဥပဒေတွင် လေယာဉ်ပျံများပါဝင်ခြင်း မရှိကြောင်းအဓိပ္ပါယ်ကောက်ယူရမည်။ အဘယ်ကြောင့်ဆိုသော် ညွှန်ပြထားသည်မှာ မြေပြင်ပေါ်တွင် သွားလာသောယာဉ်များကိုသာ ဖော်ပြထား၍ ဖြစ်သည်။

**eleder law** သက်ကြီးရွယ်အိုများအတွက် ရည်ညွှန်းထားသော ဥပဒေ။ အဆိုပါ ဥပဒေတွင် အနားယူသည့်အခါ အကျိုးခံစားခွင့်၊ နေထိုင်ရန် အိမ်ယာစီမံကိန်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခြားသက်ကြီးရွယ်အိုများကြုံတွေ့နိုင်သည့် အကြောင်းအချက်များကို ထည့်သွင်းရေးဆွဲထားသည့် ဥပဒေ။

**election (n)** (၁)ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စသည့်တို့နှင့် ဒေသဆိုင်ရာလွှတ်တော်အသီးသီးသို့ အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းများထဲမှ ပြည်သူပြည်သားများက ရွေးချယ်တင်မြှောက်ခြင်း။ ဥပဒေပြုအဖွဲ့၊ မြူနီစပါယ်လူကြီးများ၊ ပြည်သူ့အဖွဲ့အစည်းများရှိ အဖွဲ့ဝင်များကို ရွေးချယ်ခြင်း။ (၂) ဥပဒေအရဖြစ်စေ၊ ပဋိညာဉ်အရဖြစ်စေ သို့မဟုတ် အခြားနည်းလမ်း တစ်ခုခုကဖြစ်စေ ပေါ်ပေါက်လာသော နှစ်ခုသို့မဟုတ် နှစ်ခု ထက်ပိုသော အခွင့်အလမ်းထဲမှ တစ်ခုကိုရွေးချယ်ခြင်း။





**electioneering (n)** မဲရုံအနီး မဲဆွယ်သည့်လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲဥပဒေ (ဥပဒေအမှတ် ၃/၂၀၁၀)ပုဒ်မ ၆၁ အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှကိုက် ၅၀၀ အတွင်း မဲဆွယ်ခြင်း ပြုလုပ်ပါက ပြစ်ဒဏ်ထိုက်သင့်စေမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

**elector (n)** (၁) အမေရိကန်သမ္မတနှင့် ဒုတိယသမ္မတရွေးချယ်ရန်ဖွဲ့စည်းထားသော **electoral college** အဖွဲ့မှအဖွဲ့ဝင်။ (၂) မဲပေးရန် အရည်အချင်းနှင့် ပြည့်စုံသူ။ မဲဆန္ဒရှင်။ **electoral** ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ။

**eleemosynary (adj)** လှူဒါန်းပေးကမ်းသော၊ အလှူဒါနနှင့် သက်ဆိုင်သော၊ အလှူဒါနပြု ရန်ဖွဲ့စည်းထားသော။

**element (n)** သဘာဝဓာတ်စွမ်းအားများ၊ ဓာတ်ကြီးလေးပါး။တရားရုံး၌ တောင်းဆိုရာတွင်လည်းကောင်း၊ ခုခံချေပရာတွင်လည်းကောင်း၊ မရှိမဖြစ်လိုအပ်သည့်အချက်။ဥပမာ–လက်ရောက်မှုတစ်ခုတွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကို သုံးစွဲလိမ့်မည်ဟုစိုးရိမ်လောက်အောင် အကြံဖြင့်သော်လည်းကောင်း စိုးရိမ်စေတန်သည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုမှုခြင်းသည် အရေးကြီးသော လိုအပ်သည့် အချက်တစ်ရပ်ဖြစ်သည်။အကယ်၍ ထိုသို့ သက်သေခံချက်မရှိပါကလက်ရောက်မှုမမြောက်ပေ။

**element**(တရားမမှု) တောင်းဆိုရာတွင်ဖြစ်စေ၊အမှုအကြောင်းခြင်းရာတွင်ဖြစ်စေ ပါဝင်ရမည့် အစိတ်အပိုင်းတစ်ရပ်။ တရားမမှုတစ်ခုကို အနိုင်ရရှိစေရန်တရားလိုသည် မိမိတောင်းဆိုသည့် အချက်တိုင်းကို ထင်ရှား အောင် သက်သေပြရမည်။ဥပမာ–ပဋိညာဉ်ဖောက်ဖျက်မှု၌ အောက်ပါအချက် များကို သက်သေပြရမည်။(၁)ပဋိညာဉ်မှာတရားဝင်ပဋိညာဉ်ဖြစ်ခြင်း(၂)တရားလို အနေဖြင့်ပဋိညာဉ်ပါအချက်များကို ဆောင်ရွက်ပြီးစီးခြင်း(၃)ပဋိညာဉ်အရ တရားပြိုင်မှ ဆောင်ရွက်ရမည့်အချက်များကို မဆောင်ရွက်ခြင်း(၄)တရားပြိုင်မှ ပဋိညာဉ်ချိုးဖောက်မှုကြောင့် တရားလိုတွင် နစ်နာဆုံးရှုံးမှုများကို ခံစားရခြင်း။

**element**(ပြစ်မှု) ပြစ်မှုတစ်ခုတွင် ပါဝင်ရမည့် အင်္ဂါရပ်များ။ ဥပမာ–ခိုးမှုတစ်ခုဆိုကြပါစို့။အင်္ဂါရပ်များမှာ––––လုယက်မှုကျူးလွန်ခြင်း သို့မဟုတ်ကျူးလွန်ရန်အားထုတ် ခြင်း။ငါးဦးသို့မဟုတ်ငါးဦးထက်ပိုသောသူ



www.burmeseclassic.com

www.burmeseclassic.com



များက ကျူးလွန်ခြင်း။ထိုလူစုကပူးပေါင်း၍ကျူးလွန်ခြင်း။တရားလိုအနေဖြင့် တရားခံများသည် အထက်ပါအင်္ဂါရပ်များကိုကျူးလွန်ခဲ့ကြကြောင်း သံသယ ကင်းစွာဖြင့် သက်သေပြရန်လိုအပ်သည်။

**eligible (adj)** ရွေးချယ်ခံထိုက်သော ရွေးချယ်ရန်သင့်လျော်သော၊ အရည်အချင်းနှင့် ပြည့်စုံသော၊ သတ်မှတ်ချက်နှင့်ကိုက်ညီသော။

**eleminate (v)** ဖယ်ရှားသည်၊ ရှင်းလင်းသည်၊ ထုတ်ပယ်သည်၊ ပပျောက် သွားအောင်ပြုလုပ်သည်။

**eloign (v)** လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ တရားရုံး၏စီရင်ပိုင်ခွင့်ဒေသမှ သို့မဟုတ် မြို့နယ်မှ ထုတ်ပယ်ခြင်း။

**eloignment (n)** ဖယ်ရှားခြင်း၊ ရွှေ့ပြောင်းစေခြင်း။ လက်လှမ်း မမှီသည့် နေရာသို့ ရွှေ့ပြောင်းစေခြင်း။

**elopement (n)** အိမ်ထောင်ရှိအမျိုးသမီးက အခြားသူနှင့်နေထိုင်ရန် မိမိဆန္ဒအလျှောက် နေအိမ်မှ တိတ်တဆိတ်ထွက်ခွာသွားခြင်း။ ခိုးရာလိုက် ပြေးခြင်း။

**elsewhere** အခြားတစ်နေရာတွင်/ အခြားတစ်နေရာသို့။

**eluviation** မြေဆီလွှာတွင် ရေများ အများအပြား စိမ့်ဝင်လာခြင်းကြောင့် မြေဆီလွှာများ ရွေ့လျားသွားခြင်း။ ဥပမာ ကမ်းပါးပြိုခြင်း။

**emancipated minor** မိဘများ၏ထိန်းချုပ်မှုအောက်မှ ကင်းလွတ်နေသော အရွယ်မရောက်သေးသူ။

**emancipation** သူတစ်ပါး၏ထိန်းချုပ်မှုအောက်မှ တစ်ဦးတစ်ယောက် လွတ်မြောက်ခြင်း။ အတိအလင်းဖြစ်စေ သွယ်ဝိုက်ခြင်းဖြင့်ဖြစ်စေ၊ မိဘ၏ အခွင့်အရေးကို စွန့်လွှတ်ခြင်း။ သို့မဟုတ် အရွယ်မရောက်သေးသော သားသမီး အပေါ်တွင် အုပ်ထိန်းခွင့်ကိုစွန့်လွှတ်ခြင်း။

**emasculation (n)** လူကိုသင်းကွပ်ခြင်း။ သတ္တဝါတို့၏အထီးလိင်သဘာဝကို မြုံအောင်ပြုခြင်း။ လူညွှန့်တုံးပြီး အသက်ဘေးအန္တရာယ်လည်းရှိ၍ အပြင်း အထန်နာကျင်စေမှုအဖြစ်သတ်မှတ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀) အားအင်ယုတ်လျော့စေခြင်း။





**emabankment (n)** တာတမံဆည်ဖို့ခြင်း၊ ရေကာတာ။

**embargo (n)** ကုန်သင်္ဘောအဝင်အထွက်ပိတ်ပင်သော အမိန့်၊ ကုန်သွယ်မှု ပိတ်ပင်ခြင်း။ သင်္ဘောများကို ရပ်နိုင်းခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း။

**emabarrassed** အမှုသည်တစ်ဦး၏ အဆိုအချေတွင် ဖော်ပြချက်အရ ဆိုအကြောင်း အရာနှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် ထိရောက်စွာအသုံးချနိုင်ရန် အခွင့်အရေး မရရှိခဲ့ကြောင်း တင်ပြခြင်း။ စိတ်ရှုတ်ထွေးကျဉ်းကြပ်စေသည်။ သောကရောက် သည်။

**embezzlement (n)** အလုပ်ရှင်၊ ကုမ္ပဏီ၊ အစိုးရဌာနများမှ ရံပုံငွေများ ပစ္စည်းများကို ခိုးယူခြင်းသို့မဟုတ် အလွဲသုံးစားပြုခြင်း သို့မဟုတ် ယုံမှတ်အပ်နှံ ထားသည့် ပစ္စည်းကိုအလွဲသုံးစားပြုခြင်း။

**embezzler (n)** အလုပ်ရှင်သို့မဟုတ် ပစ္စည်းထိန်းသိမ်းထားသူထံမှ ငွေနှင့် ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့်လိမ်လည်ရယူခြင်း၊ ခိုးယူခြင်း ပြစ်မှုကိုကျူးလွန်သူ။

**emblements** မြေငှားက ငှားရမ်းထားသည့်မြေပေါ်တွင် ထွန်ယက်စိုက်ပျိုး ထားခဲ့ရာထွက်ရှိလာသော သီးနှံများကိုရပိုင်ခွင့်။ စိုက်ပျိုးထားသော သီးနှံများ ထွက်ရှိမီ မြေငှားမှ သေဆုံးသွားလျှင် ကျန်ရှိမိသားစုများက အမွေဆက်ခံခွင့် ရှိသည်။ ရိတ်သိမ်းချိန်မရောက်မီ မြေယာငှားရမ်းခြင်းကာလ လွန်မြောက်သွား သော်လည်း စိုက်ပျိုးထားသော သီးနှံများကိုမူ စိုက်ပျိုးထားသော မြေငှားက ရိတ်သိမ်းခွင့်ရသည်။ (ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ လည်း ကြည့်ပါ။)

**emergency (n)** အရေးပေါ်၊ လတ်တလောအခြေအနေများကြောင့် လူ့အသက်နှင့် ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်ခြင်း။

**emergency session** အရေးပေါ်အစည်းအဝေး။

**eminent domain** မူလပိုင်ရှင်က သဘောမတူကန့်ကွက်မှုများရှိသော်လည်း နိုင်ငံတော်သည် အများပြည်သူသူအကျိုးငှာ ပုဂ္ဂလိကပိုင်ပစ္စည်းကို သိမ်းယူပိုင် ခွင့်အာဏာ။ သို့သော်သိမ်းယူသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ မူလပစ္စည်းပိုင်ရှင်သို့ ကာလပေါက် ဈေးအတိုင်းလျော်ကြေးပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



**emolument (n)** ရုံးလုပ်ငန်း၊ ရာထူးအဆင့်အတန်း၊ လုပ်ငန်းပမာဏ သို့မဟုတ် လုပ်အား (၎င်းတွင် လစာစရိတ်နှင့်အခြားလျော်ကြေးငွေများ)မှ အကျိုး အမြတ်ပေါ်ပေါက်ခြင်း။ ရရှိခြင်း။

**emotional distress** အခြားသူတစ်ဦး၏ အပြုအမူလုပ်ဆောင်ချက်ကြောင့် ဂရုမစိုက်မှုကြောင့် ပြင်းထန်သောစိတ်မသက်မသာဖြစ်ရခြင်း (ပြင်းထန်သော ကိုယ်စိတ်ဆင်းရဲခြင်း၊ သောကပရိဒေဝ၊ ကြောက်လန့်ခြင်း၊ စိတ်ညှိုးငယ်ခြင်း သို့မဟုတ် စိတ်ခြောက်ခြားခြင်း စသည်တို့ဖြစ်ရခြင်း။)

**employee (n)** အလုပ်သမား။ အခြားသူတစ်ဦးတစ်ယောက်ထံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်သူ။ထိုသူသည် အတိအလင်း သို့မဟုတ်သဘောသက်ရောက်သော အလုပ်သမားငှားရမ်းသည့် ပဋိညာဉ်အရ ဝင်ရောက် လုပ်ကိုင်ခြင်းဖြစ်ပြီး၊ စာချုပ်အရ လုပ်ငန်းကိုအသေးစိတ်ဆောင်ရွက်စီမံခန့်ခွဲရန် အခွင့်အာဏာရှိသည်။

**employer (n)** အလုပ်ရှင်။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းက လုပ်ငန်းလုပ်ဆောင်ရန် တစ်ဦးတစ်ယောက် (အလုပ်သမား)ကို ငှားရမ်းဆောင်ရွက်စေသူ။ ၎င်းအနေဖြင့် အလုပ်သမားလုပ်ငန်းဆောင်ရွက်နေသည်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

**employment (n)** အလုပ်၊ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရှင်က ငှားရမ်းလုပ်ကိုင်စေသည့် အလုပ်။

**empowered (v)** လုပ်ပိုင်ခွင့်အပ်နှင်းသည်။ အာဏာအပ်နှင်းသည်။

**emptor (latin)** ပစ္စည်းဝယ်ယူသူ။

**enabling clause** -များသောအားဖြင့် ဥပဒေအသစ်များ၊ ပြဋ္ဌာန်းဥပဒေများတွင် သင့်တော် သည့်အရာရှိများကို အဆိုပါဥပဒေအားအရေးယူဆောင်ရွက်နိုင်အောင်နှင့် အကောင် အထည်ဖော်ရန် အာဏာပေးပြဋ္ဌာန်းထားခြင်း။ ဥပမာ ပြည်သူ့အိမ်ယာများ ဆောက်လုပ်ရန်အပိုထပ်ပေးငွေများကို ခွင့်ပြုကြောင်း ဥပဒေပြဋ္ဌာန်းခဲ့သည်။ ထိုပြဋ္ဌာန်းဥပဒေတွင် **enabling clause** အနေဖြင့် အိမ်ယာဆောက်လုပ်ရေးနှင့် မြို့ပြဖွံ့ဖြိုးမှုဌာနသို့ ထိုငွေများကို လိုအပ်သလို သုံးစွဲရန်ခွင့်ပြုကြောင်းထည့်သွင်းထားခြင်း။





**en banc (law french) on the bench** အမှုကိုတရားသူကြီးအားလုံး တက်ရောက်၍ကြားနာခြင်း (စုံညီခုံရုံး)

**enclosure (n) (inclosure)** မြေကို ပိတ်ဆို့ခြံခတ်ခြင်း။ (ဥပမာ သစ်သားဖြင့်ခြံခတ်ခြင်း၊ အုတ်နံရံဖြင့်ခတ်ခြင်း၊ သစ်ပင်ဖြင့်စည်းရိုးခတ်ခြင်း၊ မြောင်းတူး၍ခတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အကာအရံများပြုခြင်း) ပါဆယ်သို့မဟုတ် စာအိပ်အတွင်း ပစ္စည်းထည့်၍ပိတ်ထားခြင်း။

**encourage (vt)** မြှောက်ပေးသည်။ လှုံ့ဆော်သည်။ ပြစ်မှုကျူး လွန်ရန် လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း။ ကူညီခြင်း၊ ရဲဆေးတင်ပေးသည်။

**encroash (vt)** သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း။ သူတစ်ပါး၏အခွင့်အရေးကို ကျူးကျော်စော်ကားခြင်း။ သူတစ်ပါးပိုင်မြေ သို့မဟုတ် မြေတစ်စိတ်တစ်ပိုင်းအပေါ်ကျူးကျော်၍ အဆောက်အအုံ တည်ဆောက်ခြင်း။

**encumbrace (n)** ပစ္စည်းပေါ်တွင်အပေါင် သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရှိနေ၍ ပစ္စည်းတန်ဖိုးလျော့ကျခြင်း။ဥပမာ။ မောင်ကသည် ပေါင်နှံထားသည့် မြေတစ်ကွက်ကို ပေါက်ဈေးထက် များမှန်းသိလျက်နှင့် ဝယ်ယူလိုက်သည်။ နောင်တစ်ချိန်တွင် ပြန်ရောင်းပါက အမြတ်များများရမည့်ကိုမျှော်မှန်း၍ အပေါင်ကြောင့် တာဝန်ကြီးနေသော ထိုမြေကွက်ကို ဝယ်ယူခြင်းဖြစ်သည်။ ကြွေးမြီ၊ ဝန်လေးစေသောအရာ။

**endangerment (n)** ဘေးအန္တရာယ် (သို့မဟုတ်) ဘေးဥပါဒ်ကျရောက်သည်ကို ဖော်ပြခြင်း။ ဘေးအန္တရာယ်ကျရောက်မည် သို့မဟုတ် ထိခိုက်နစ်နာမည်ကို ဖော်ထုတ်ခြင်း။

**endevour (n)** အားထုတ်ကြိုးပမ်းမှု။

**endenizen (vb)** တရားဝင်အတည်တကျနေထိုင်သူကဲ့သို့ အသိအမှတ်ပြုခြင်း။ နိုင်ငံသားအဖြစ်ခံယူခွင့်ပြုသည်။

**endosement (n)** (၁)အာမခံပေါ်လစီ စာချုပ်ကို ပြင်ဆင်ခြင်း။ နောက်ဆက်တွဲစီရင်ချက်။ ထင်မြင် သုံးသပ်ချက်။ (၂)ချက်လက်မှတ်များ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ ငွေလွှဲလက်မှတ်များနောက်ကျောတွင်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းဖြင့် လက်ဝယ်ရှိသူသည်။ ငွေထုတ်နိုင်ခြင်း သို့မဟုတ် လွှဲပြောင်းပေးနိုင်ခြင်း။(**indosement**ကိုလည်းကြည့်ပါ။)

**endowment (n)** မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ငွေကြေးများကို လူမှုရေးပညာရေး စသည့်အဖွဲ့အစည်းများသို့လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သို့လည်းကောင်း သီးခြားသတ်မှတ်ထားသည့်ကိစ္စများတွင် သုံးရန်လှူဒါန်းပေးကမ်းခြင်း။ တစ်နည်းအားဖြင့် ငွေပဒေသာပင်စိုက်ထူပေးခြင်း။ မူဝါဒမှာ အဖွဲ့အစည်းသို့မဟုတ် လူပုဂ္ဂိုလ်သည် ထိုငွေများကို သုံးစွဲခွင့်မရှိဘဲ တိုးပွားလာသည့်ငွေကြေးများကိုသာ အကျိုးရှိစွာသုံးစွဲရမည်ဖြစ်သည်။

**endowment insurance** အသက်အာမခံထားသော ပုဂ္ဂိုလ်သည် အာမခံကာလပြည့်မြောက်သည့်အထိ အသက်ရှင်လျက်ရှိနေပါက ပေါ်လစီစာချုပ်ပါ အာမခံငွေတန်ဖိုးကို ပြန်လည်ထုတ်ယူခွင့်ရှိသော စည်းကမ်းချက်သတ်မှတ်ခြင်း အကယ်၍အာမခံ ကာလမစေ့ရောက်မီ အာမခံထားသူသေဆုံးပါက ပေါ်လစီစာချုပ်ပါ အကျိုးခံစားခွင့်အမည်ပါသူသည် အာမခံကြေးကို လက်ခံရယူရမည်ဖြစ်သည်။ အာမခံထားသူသည် ထားရှိသည့်အာမခံငွေကြေးကို အာမခံကာလအလိုက်အချိုးချပြီး အရစ်ကျပေးသွင်းရမည်ဖြစ်သည်။

**ends of justic** တရားဖြောင့်မှန်စွာဖြစ်ခြင်း။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ တရားရုံးသို့တရားမျှတမှုဖြစ်စေရန် အာဏာအပ်နှင်း ထားခြင်းဖြစ်သော်လည်း ပြဋ္ဌာန်းဥပဒေများကို ကျော်လွန်၍အမိန့်ချမှတ်ပိုင်ခွင့်မရှိပါ။

**enemy (n)** ရန်သူ။ ဘေးအန္တရာယ်ပြုသူ။

**enfeoff (vb)** သီးစားမြေကို ဖန်တီးခြင်း။ စတင်ပြုလုပ်ခြင်း။ ဘိုးဘွားပိုင်အကျိုးစီးပွားကို ဥပဒေနှင့်အညီ လက်ဝယ်ရ အောင်ပြုခြင်း။

**enforce (vt)** ဥပဒေကို အတည်ဖြစ်အောင်ပြုသည်။ အတင်းအကြပ်လိုက်နာဆောင်ရွက်စေသည်။

**enforceable by law** ဥပဒေအရ အတည်ပြုနိုင်သော၊ အရေးယူဆောင်ရွက်နိုင်သော။

**enfranchise (vt)**နိုင်ငံသားတစ်ဦးတစ်ယောက်အား မဲပေးပိုင်ခွင့်နှင့် အခြားအခွင့်အရေးများခွင့်ပြုခြင်း ကျေးကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးခြင်း။





**engagement (n)** ပဋိညာဉ်သို့မဟုတ် သဘောတူညီချက်တွင် အပြန်အလှန်ကတိပြုချက်များပါဝင်ခြင်း။ လက်ထပ်ရန်သဘောတူညီကြခြင်း။ လက်ထပ်မည့်အချိန်မရောက်မီစုံတွဲများ လက်ထပ်ရန်စေ့စပ်ကြောင်းလမ်းခြင်း၊ ယှဉ်ပြိုင်တိုက်ခိုက် ခြင်း။

**english mortgage** အင်္ဂလိပ်နည်းပေါင်နှံခြင်း။ ပေါင်သူက အပေါင်နှင့်ချေးငွေကို မည်သည့်နေ့ရက်တွင် ပေးဆပ်ပါမည်ဟု ဝန်ခံ၍အပေါင်ပစ္စည်းကို အပေါင်ခံသူလက်သို့ အပြီးအပိုင်ပေးအပ်ထားသော်လည်း အပေါင်ချေးငွေကို တာဝန်ယူသည့်အတိုင်း ပေးဆပ်လျှင်ပစ္စည်းကို ပေါင်သူလက်သို့ပြန်၍ လွှဲပြောင်းပေးရန် စည်းကမ်းချက်ထား၍ ပေါင်နှံခြင်းမျိုးကို အင်္ဂလိပ်နည်းပေါင်နှံခြင်းဟုခေါ်သည်။ (ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၅၈ (င))

**engross (v)** စာချုပ်စာတမ်းများကို ကူးယူခြင်း။ ဥပဒေနှင့်အညီ ပြုလုပ်ထားသော စာချုပ်စာတမ်းများကို ရေးကူးခြင်း။ ကုန်သည်လောကတွင် လက်ဝါးကြီးအုပ် ဈေးမြှင့်ရောင်းချရန် ရည်ရွယ်၍ ကုန်ပစ္စည်းများကို ဝယ်ယူသိမ်းဆည်းထားခြင်း။ စာချုပ်စာတမ်းများကို အပြီးသတ်ဆောင်ရွက်ရန်အတွက် ရေးကူးပြင်ဆင်ခြင်း။ ဥပဒေကြမ်း သို့မဟုတ် အာဏာပေးအမိန့်များကို အတည်ပြုမဲပေးနိုင်ရန် ရေကူးပြင်ဆင်ခြင်း။

**enjoin (v)** ကြပ်တည်းစွာအမိန့်ထုတ်သည်။ ဥပဒေနှင့်အညီ တားမြစ်ခြင်း သို့မဟုတ် တားဝရမ်းဖြင့် တားမြစ်ခြင်း။ ဥပမာ ပလပ်စတစ်ကုမ္ပဏီသည် ၎င်းတို့စက်ရုံမှထွက်သော စွန့်ပစ်ပစ္စည်းများကို အနီးအနားရှိမြစ်အတွင်း ပစ်ချသည်မှာ ဆယ်စုနှစ်တစ်ခုခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက စောင့်ကြည့်လေ့လာပြီး ထိုစွန့်ပစ်ပစ္စည်းများတွင် လူ့အသက်ကို သေစေနိုင်သော **carcinogen**ပါရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ထိုတွေ့ရှိချက်အပေါ် အခြေခံ၍ တရားရုံးကအဆိုပါ ပလပ်စတစ်စက်ရုံ ကို စွန့်ပစ်ပစ္စည်းများအား မြစ်အတွင်းစွန့်ပစ်ခြင်းမပြုရန် ကြပ်တည်းစွာ (ပြင်းထန်) အမိန့် **(A court enjoins)** ထုတ်ပြန်ခဲ့သည်။

**enjoyment (n)** အခွင့်အရေးများနှင့် ပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် အသုံးပြုခြင်း။ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အသုံးချခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**enlarge (v)** (၁)လုပ်ရှားမှုနယ်ပယ်ချဲ့ထွင်ခြင်း သို့မဟုတ် အချိန်ကာလကို ချဲ့ထွင် ခြင်း သို့မဟုတ် အရွယ်အစားကို ကြီးထွားစေခြင်း။
(၂)အချုပ်သို့မဟုတ် အကျဉ်းထောင်မှ လွတ်မြောက်ခြင်း။
**enlangement of time** –ကျင့်ထုံးအရဆောင်ရွက်ရန် အချိန်ကာလ ကို တရားရုံးကတိုးပေးခြင်း။
**en masse** လူစုလူဝေး။ တစ်ပြိုင်နက်တည်း။ တစ်စုတစ်လုံးတည်း။
**enmity (n)** မုန်းတီးခြင်း၊ ရန်ငြိုးထားခြင်း။
**enroll (vb)** စာချုပ်စာတမ်းများကို အတည်ပြုပြီး မှတ်ပုံတင်ခြင်း၊ အတိုချုပ်ရေး မှတ်ခြင်းကို တရားဝင်မှတ်တမ်းတွင် ရေးသွင်းခြင်း။
**ensue (v)** အကျိုးဆက်လိုက်ပါလာသည်။
**entail (n)** လူတစ်ဦးနှင့် ၎င်း၏သားစဉ်မြေးဆက်များ ပိုင်ဆိုင်ခွင့်အမွေဆက်ခံ ပိုင်ခွင့်ရှိသော မြေနှင့်ပစ္စည်း။ အမွေခံလယ်မြေ **(v)** အမွေပေးသည်။
**entente (n)** တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု။
**enter (v)** အခွင့်အရေးအရ မြေပေါ်သို့ဝင်ရောက်၍ လက်ဝယ်ရယူခြင်း။ ပုံမှန်အားဖြင့် တရားရုံးရှေ့တင်သွင်းခြင်း သို့မဟုတ်မှတ်တမ်းသွင်းခြင်း။ သဘောတူစာချုပ်တွင် အမှုသည်အဖြစ် ဝင်ရောက်ချုပ်ဆိုခြင်း။
**enter into** ပါဝင်ဆောင်ရွက်သည်။ စာချုပ်တွင် အမှုသည်တစ်ဦးအဖြစ် ပါဝင် ဆောင်ရွက်သည်။ **enter into force** - အတည်ဖြစ်လာသည်။
**enter upon** လက်ရှိသိမ်းပိုက်သည်။ စတင်လုပ်ဆောင်သည်။ ဝင်ရောက် ဆောင်ရွက်သည်။
**entering judgement**

(ကျင့်ထုံးဥပဒေ) တရားမတရားရုံးသည် စီရင်ချက်ကိုချမှတ်ပြီးနောက် လုပ်ရိုးလုပ်စဉ်အရ မှတ်တမ်းတင်သိမ်းဆည်းထားခြင်း။ အဆိုပါလုပ်ငန်းသည် တရားရုံးစာရေး၏ တာဝန်ဝတ္တရားဖြစ်သည်။
**entertain (v)** လက်ခံစဉ်းစားသည်။ စိတ်ကူးထားသည်။
**entice (v)** သွေးဆောင်ဖြားယောင်းသည်။ ဆွဲဆောင်သည် **entices away any woman)** (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၈)





**entirety (adj)** အလုံးစုံသော တစ်ပေါင်းတစ်စည်းတည်း။ လုံးဝဥဿုံ။
**entire contract** ပြည့်စုံစွာချုပ်ဆိုထားသော စာချုပ်။ ပဋိညာဉ်ကိုတစ်ဖက်မှ အလုံးစုံ ဆောင်ရွက်ခြင်းသည် အခြားတစ်ဘက်မှလည်း အလုံးစုံဆောင်ရွက်ရန် အတွက် အဘိုးစားနား (အပေးအယူ)ဖြစ်သည်။
**entire tenancy** A tenancy possessed by one person, as apposed to a joint or common tenancy.

တစ်ဦးတည်းကသာ ငှားရမ်းလက်ဝယ်ထားခြင်း ပူးတွဲသို့မဟုတ် အများပိုင် စုပေါင်းငှားရမ်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။
**entrapment (n)** ထောင်ချောက်ဆင်၍ ဖမ်းဆီးခြင်း။ ရဲအရာရှိ သို့မဟုတ် ရဲသတင်းပေးဖြစ်သူက ယခင်က ပြစ်ချက်ဟောင်းရှိနေသူတစ်ဦးကို သွေးဆောင် ဖြားယောင်း ပြီးပြစ်မှုကျူးလွန်စေကာဖမ်းဆီးခြင်း။
ဥပမာ။ မောင်ဘသည် မူးယစ်ဆေးဝါးအမှုနှင့် ပြစ်ဒဏ်ကျခံရပြီးနောက် ပြန်လည်လွတ်မြောက်လာသည့်အခါ မူးယစ်ဆေးဝါးနှင့်ကင်းကင်းရှင်းရှင်း နေထိုင်သူတစ်ဦးဖြစ်သည်။ တစ်နေ့တွင် ရဲအရာရှိတစ်ဦးသည်မူးယစ်ဆေးဝါး သုံးစွဲသူပမာ အသွင်ယူပြီး မောင်ဘထံလာရောက်ကာမူးယစ်ဆေးဝါး ဝယ်ယူလိုကြောင်း ပြောရာမောင်ဘက ၎င်းအနေ ဖြင့်မူးယစ်ဆေးဝါးနှင့် ပတ်သက်တော့ကြောင်း အကြိမ်ကြိမ်ငြင်း ဆိုသည်။အသွင်ယူထားသူက ၎င်းအနေဖြင့် မသုံးစွဲရလျှင် မနေနိုင်ကြောင်းအဆက်အသွယ်ဟောင်းများထံမှ ဝယ်ပေးရန်အကြိမ်ကြိမ် ထပ်မံပြောဆိုသဖြင့်မောင်ဘက ဝယ်ယူလာပြီးပေးအပ်စဉ် ဖမ်းဆီး ခြင်းကို ခံလိုက်ရသည်။ မောင်ဘ အနေဖြင့် မူးယစ်ဆေးဝါးနှင့် ကင်းရှင်းအောင်ခဲ့သော်လည်း သုံးစွဲသူအသွင်ယူထားသည့် ရဲအရာရှိ ၏ ဖြားပေးမှု ထောင်ချောက်ဆင်မှုကြောင့် မောင်ဘမှ မူးယစ်ဆေးဝါး အမှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ရဲအရာရှိ၏ဆောင်ရွက်မှုသည်မောင်ဘမှအကြိမ်ကြိမ် ငြင်းဆိုသော်လည်း ထောင်ချောက်ဆင်ကာဖမ်းဆီးခြင်းဖြစ်သည်။
**entrepreneur** ကုန်သည် စီးပွားရေးသမား၊ လုပ်ငန်းရှင်။
**entrustment (n)** ယုံကြည်အပ်နှံခြင်း၊ ယုံမှတ်လွှဲအပ်ခြင်း၊ အလုပ်လွှဲအပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**entry (n)** စီးပွားရေးလုပ်ငန်းများတွင် ထားရှိသောစာရင်းစာအုပ်များ၌ ငွေပစ္စည်း အဝင်အထွက်စာရင်းများ ရေးသွင်းခြင်း။ အိမ်ခြံမြေအတွင်းသို့ အကျိုးခံစားခွင့် သို့မဟုတ် အခွင့်အရေးအရ ဝင်ရောက်ခြင်း ကုန်ပစ္စည်းများရောက်ရှိကြောင်း အကောက်ခွန်ဌာနမှကြေငြာခြင်း။ lawfull entry ရှာဖွေဝါရမ်းဖြင့် ဥပစာ အတွင်းသို့ ဝင်ရောက်ခြင်း။

unlawful entry ပိုင်ရှင်သဘောမတူဘဲ လိမ်လည်လှည့်ဖျား၍ ကျူးကျော်ဝင်ရောက်ခြင်း။ အဆောက်အဦး အတွင်းသို့ ဥပဒေဖောက်ဖျက်၍ ဝင်ရောက်ခြင်း။

**enumerate (v)** စာရင်းကိုတစ်ခုချင်း ကောက်ယူရေတွက်ခြင်း၊ စာရင်းကောက်ခြင်း၊ **enumerators** သန်းကောင်စာရင်းကောက်ယူရန် တာဝန်ပေးအပ်ထားသူများ။

**enunciate (v)** (၁) လူသိရှင်ကြား အခြေအနေ။ ကြေငြာသည်သို့မဟုတ် ကြေငြာချက် ထုတ်သည်။(၂)ရှင်းလင်းပေါ်လွင်သော သို့မဟုတ် အသံထွက်သော၊ ထင်ရှား ပြတ်သားသော။ (၃) အမိန့်ချသည်၊ ထင်မြင်ချက်ပေးသည်။ (၄) အခိုင်အမာ အဆိုပြုသည်။ ရှင်းပြသည်။

**enure** အကျိုးသက်ရောက်စေသည်။ ရယူခံစားစေသည်။ နေရာယူသည်။ တစ်ဦးတစ်ယောက်၏အကျိုးခံစားခွင့်အတွက်ဆောင်ရွက်ပေးသည်။

**en ventre sa mere (french)** ကိုယ်ဝန်ရှိခြင်း။ (in the womb of one's mother) မိခင်၏ သားအိမ်တွင်း။

**en vie (french inlife)** အသက်ရှင်နေသော၊ အသက်ရှိသော။

eo die on the same day. တစ်နေ့တည်းမှာပင်

**environment (n)** သဘာဝပတ်ဝန်းကျင်။ ပတ်ဝန်းကျင်

environmental law. ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ။

environmental protection agency. သဘာဝပတ်ဝန်းကျင် စောင့်ရှောက်ထိန်းသိမ်းရေးအေဂျင်စီ။

**eo instante (latin)** at that very instant ရုတ်တရက်ချက်ခြင်း အဖြစ်အပျက်။

**eo nomine (latin)** by or in that time; ထိုအချိန်မှ





**equal - opportunity employer**-လူမျိုး၊ အသားအရောင်၊ နိုင်ငံသား၊ လိင်၊ကိုးကွယ်သည့်ဘာသာ၊ အသက်အရွယ် သို့မဟုတ် စွမ်းဆောင်ရည်မရှိမှုပေါ်တွင် အခြေခံပြီးခွဲခြား ဆက်ဆံမှုမပြုသည့်အလုပ်ရှင်။

**equally authentic** ညီတူညီမျှမှုမှန်ဖြစ်သော (AGO)

**equitable (adj)** မျှတခြင်း။ တရားမျှတခြင်း မူဝါဒအပေါ်အခြေခံ၍။

**equitable distribution** ပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူများကို မျှတတခွဲဝေပေးခြင်း။

**equitable mortgage** ပိုင်ဆိုင်ခွင့်ရှိသော စာချုပ်စာတမ်းများအပ်နှံသည့် အပေါင်။ အပေါင်ပစ္စည်းကို ပေါင်နှံသူက အပေါင်ခံသူသို့လက်ရောက် ပေးအပ်ခြင်းမရှိဘဲအဆိုပါ အပေါင်းပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသောစာချုပ် စာတမ်းများကိုသာ လက်ရောက်ပေးအပ်သည့်အပေါင်။ ၎င်းစာချုပ်စာတမ်းများမှာ မြေငှားစာချုပ် (ဂရန်)များ။ တရားဝင်မှတ်ပုံတင်ထားသော အရောင်းအဝယ်စာချုပ်များနှင့် အပေးစာချုပ်များ ဘိုးဘွားပိုင်မြေဖြစ်လျှင် မြေပုံနှင့်ဦးပိုင်ရာဇဝင်မှတ်တမ်းများ။

**equity(n)** သာနာညီမျှမှု။ အိမ်ခြံမြေ၏ ဈေးကွက်တန်ဖိုးမှ အိမ်ခြံမြေကို အာမခံထားပြီး ချေးယူထားသော ပေးဆပ်ခြင်းမပြုရသေးသည့်ကြွေးများကို နုတ်ကာ ကျန်ရှိသည့်အိမ်ခြံမြေတန်ဖိုး။

**equity of redemption** အပေါင်စာချုပ်တွင် သတ်မှတ်ထားသည့်အချိန် ကာလကျော်လွန်သွားပါက ရွေးနုတ်ခွင့်ကို အဆုံးရှုံးခံပါမည်ဟု သဘောတူညီထားသည့်တိုင်အောင် ယင်းသဘောတူညီချက်ကို မလိုက်နာဘဲ ပေါင်နှံသူက ငွေရင်းနှင့်အတိုးများကို ပေးဆပ်ပါက သာနာညီမျှသဘောတရားအရ အပေါင်ပစ္စည်းရွေးနုတ်ခွင့် ရရှိနိုင်ခြင်း သို့ရာတွင် အပေါင်ပစ္စည်းကို ပြန်လည်ရွေးနုတ်ရန် ပေါင်နှံသူက ပျက်ကွက်ခြင်းကြောင့် တရားရုံးက ပေါင်နှံသူအပေါ် ရွေးနုတ်ခွင့် ပိတ်ပင်သည့် ဒီကရီကျသွားလျှင်မူ ရွေးနုတ်ခွင့်ဆုံးရှုံးသွားနိုင်ပါသည်။ ပေါင်နှံသူက ငွေနှင့်အတိုး ပေးပြီး ပေါင်နှံသူထံမှ အပေါင်ပစ္စည်းကို ပြန်ပေးရန်တောင်းပိုင်ခွင့်ရှိသည်။ ထိုသို့သော အခွင့်အရေးကို the equity of redemption ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**equity to a settlement**-အိမ်ထောင်ရှင် အမျိုးသမီး(ဇနီး)အနေဖြင့် သာနာညီမျှမှုသဘောတရားအရ ရသင့်ရထိုက်သော အမွေဆိုင်ပစ္စည်း။

**equivalent (adj)** တန်ဘိုး၊ အင်အားစု၊ အဓိပ္ပါယ်များတူညီခြင်း။ အားမျှခြင်း
**equivocal (adj)** မေးခွန်းထုတ်စရာဖြစ်သော၊ သံသယဖြစ်ဖွယ်လက္ခဏာ၊ အဓိပ္ပါယ် နှစ်ခွထွက်သော မရှင်းလင်းသော။
**erase (vb)** ရေးသားထားချက်များကို ဖျက်ပစ်ခြင်း၊ ခြစ်ပစ်ခြင်း၊ ဖျောက်ဖျက်ပစ်ခြင်း။ ပြစ်မှုမှတ်တမ်းများကို ဖော်ထုတ်ခြင်း မပြုနိုင်ရန် ချိတ်ပိတ်ထားခြင်း။
**erasure (n)** ဖျက်ပစ်ခြင်း၊ ဖျက်ပစ်သောအရာ၊ ဖျက်ရာ။
**ergo (adv) (latin)** သို့ဖြစ်၍၊ ထို့ကြောင့်။
**err (v)** မှားယွင်းသည်။ အမှားပြုသည်။
**erroneous (adj)** ဥပဒေအချက်အလက်မှ သွေဖီသော၊ မှားယွင်းသော၊
**error (n)** ဥပဒေအချက် သို့မဟုတ်အကြောင်းအချက်ပေါ်တွင် တရားရုံးက မှားယွင်းခြင်း။ အယူခံရုံးအနေဖြင့် ဥပဒေဆိုင်ရာမှားယွင်းချက်ကို ပြင်ဆင်ပြီး စီရင်ချက်ကို ပြောင်းလဲအမိန့်ချခြင်း။
ဥပဒေနှင့် အကြောင်းအချက်များ မှားယွင်းသွားသော တရားရုံးသည် အမှုသည်က ပြန်လည်သုံးသပ်ပေးစေလိုမှု တင်ပြလာသည့်အခါ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။
**escape (n)** ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ တိမ်းရှောင်ထွက်ပြေးခြင်း။ ဥပဒေနှင့်အညီ ထိန်းသိမ်းထားသော တရားခံကို ထွက်ပြေးနိုင်စေရန် ထိန်းသိမ်းသူအရာရှိက သိလျက်နှင့်လွှတ်ပေးခြင်း။ criminal offence commited by a peace officer who allows a prisoner to depart unlawfully from legal custody.
**escape clause** A provision in a contract that allows one of the parties to be excused from an obligation it a certain event occures.
ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တွင် တစ်ဖက်ဖက်သော ပဋိညာဉ်စာချုပ်ဝင်အနေဖြင့် အချို့သောအကြောင်းအရာများပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်ကို ဆောင်ရွက်ခြင်းမှ ခွင့်ပြုသောအပိုဒ်။





**escape warrant** ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံအား ဖမ်းဆီးရန် ထုတ်ပေးသည့်ဝါရမ်း။
**escheat (n)** သေဆုံးသူတွင် အမွေခံများ မကျန်ခဲ့လျှင် သေဆုံးသူကျန်ရစ်သော ပစ္စည်းများသည် နိုင်ငံတော်ဘဏ္ဍာအဖြစ် ရောက်ရှိသွားခြင်း။
**escrow (n)** စာဖြင့်ရေးသားထားသော စာရွက်စာတမ်း၊ စာချုပ်နှင့်ပစ္စည်းတစ်ခုခုကို တတိယလူ (ကြားလူ) (escrow agent ဟုခေါ်သည်။)ထံ ကတိပြုသူက ပေးအပ်ထားသည်။ ကတိပြုသူနှင့် ကတိရသူစာချုပ်ဝင် နှစ်ဘက်အမှုသည်များသည် သဘောတူညီချက်အရ တရားဝင်ပဋိညာဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန် ပေးအပ်ထားခြင်းဖြစ်သည်။ ပဋိညာဉ်ပါ စည်းကမ်းချက်များ အကောင်အထည်ဖော်ပြီးသည့်အခါ အကျိုးခံစားခွင့်ရှိသူသို့ တတိယလူမှ ပေးအပ်ရန်ဖြစ်သည်။ ထိုအခါမှ တရားဝင်စာချုပ်ဖြစ်သည်။ ပေးအပ်ထားသူအနေဖြင့် တတိယလူလက်ဝယ်ရှိစာချုပ်စာတမ်းပေါ်တွင် လွှမ်းမိုးမှုမပြုနိုင်ပါ။ ပဋိညာဉ်ပါ စည်းကမ်းချက်များကို အကောင်အထည်ဖော်ဆောင်ခြင်း မပြုရသေးလျှင် တရားဝင်ပဋိညာဉ်အဖြစ် ဖြစ်ပေါ်လာခြင်းမရှိသေးပါ။
**escrow aggrement** တတိယလူ(ကြားလူescrow agent) သို့ စာဖြင့်ရေးသားပေးသည့် ညွှန်ကြားချက်။
**espionage (n)** အခြားနိုင်ငံများသို့ဖြစ်စေ၊ ကုမ္ပဏီများကိုဖြစ်စေ မည်သည့်လုပ်ငန်းများစီမံချက်ချလုပ်ဆောင်နေသည်ကို အီလက်ထရောနစ်နည်း ပညာအပါအဝင် နည်းမျိုးစုံဖြင့် ထောက်လှမ်းခြင်း၊ သူလျှိုလုပ်ခြင်း။
**espousal** အမျိုးသားနှင့်အမျိုးသမီးတို့အကြားတစ်ဦးကိုတစ်ဦး လက်ထပ်ရန်ပြုလုပ်သောကတိ။
**esquire (n)** လိပ်စာတပ်သည့် ပုံစံတစ်မျိုး နာမည်နောက်တွင် ရေးသားခြင်းဖြင့် ဆိုသူသည် အကျိုးဆောင်ဖြစ်ကြောင်း၊ ရှေ့နေဖြစ်ကြောင်း၊ ဂုဏ်သရေရှိသူဖြစ်ကြောင်း ဖော်ပြရာရောက်ခြင်း။ ဥပမာ U Ba, esquire သို့မဟုတ် U Ba esq.
**essential (adj)** မရှိမဖြစ်လိုအပ်သော။
**essential basis** အခြေခံအကြောင်းရင်း၊ အရေးကြီးသောအခြေခံ။



www.burmeseclassic.com

www.burmeseclassic.com



**establish (v)** နေရာတကျချထားရန်။ ဆောင်ရွက်ရန် သို့မဟုတ်မြဲမြံခိုင်ခန့်စွာနေရာချ ခြင်း။ အမြဲတန်းဥပဒေပြုရန်။ သက်သေပြရန်၊ သဘောပေါက်ရန်။

**estate (n)** ပစ္စည်းတစ်ရပ်ရပ်ကို ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ ယေဘုယျအားဖြင့် သေဆုံးသည့်အခါ လူတစ်ဦး၏ ပိုင်ဆိုင်သော ပစ္စည်းအားလုံး

**estimate (n) (v)** မှန်းချက်၊ ခန့်မှန်းတွက်ချက်ခြင်း။

**estop (v)** ရပ်တန့်သည်၊ တားဆီးသည်၊ ပိတ်ပင်သည်။

**estoppel (n)** ကွဲလွဲသော သက်သေခံချက်များ မတင်ပြနိုင်ရန် အပြီးသတ်ပိတ်ပင် ခြင်း။ ငြင်းဆိုခွင့်မရှိခြင်း။ ဥပမာ A သည် မြေတစ်ကွက်ကို ၎င်းပိုင်မြေဖြစ် ကြောင်း B ကို ယုံကြည်စေရန် မမှန်မကန် ပြောဆိုပြီး B ကို ရောင်းချလိုက် သည်။ နောက်ပိုင်းယင်းမြေမှာ A အမှန်တကယ်ပိုင်ဆိုင်လာသည့်အခါ မြေကို ရောင်းစဉ်က ၎င်းပိုင်မြေမဟုတ်သဖြင့် အရောင်းအဝယ်ကို ပယ်ဖျက် ပေးရန် လျှောက်ထားလာသည်။ ထိုသို့ရောင်းစဉ်က မိမိမပိုင်ဆိုင်ကြောင်း ယခုမှ သက်သေထင်ရှားပြသရန် A ကို ခွင့်မပြုရ။

(သက်သေခံအက်ဥပဒေ အခန်း ၈ ကိုလေ့လာပါ။)

**estoppel by deed** စာချုပ်စာတမ်း သို့မဟုတ် ပဋိညာဉ်အရ ပိတ်ပင်ခြင်း။ စာချုပ်ချုပ်ဆို ရာ၌ စာချုပ်ပါလက်မှတ်ထိုးသူများသည် စာချုပ်ပါစကားရပ်များမမှန်ပါဟု နောင်အခါ ငြင်းဆိုခွင့်မရှိ။ (သက်သေခံအက်ဥပဒေပုဒ် ၁၁၆၊ ၁၁၇)

**estoppel by silence** ဆိတ်ဆိတ်နေခြင်းဖြင့် ပိတ်ပင်ခြင်း။ ပြောဆိုရန်တာဝန်ရှိသော အမှုသည်တစ်ဦးသည် ပြောဆိုရန်ပျက်ကွက်ခဲ့ခြင်းကြောင့် နောင်အခါ ပိတ်ပင်ခြင်းခံရမည်။

**estoppel by laches** တရားရုံးက တောင်းဆိုသော သက်သာခွင့်ကို ခွင့်ပြုရန်ငြင်းဆိုခြင်း။ ထိုသို့ငြင်းရခြင်းမှာ တောင်းဆိုသူသည် အကြောင်းမဲ့နှောင့်နှေးခြင်း ပေါ်ဆ ခြင်း (ကာလစည်းကမ်းသတ်ကျော်လွန်မှ ရပိုင်ခွင့်ကိုတောင်းဆိုလာခြင်း) တို့ကြောင့် ရပိုင်ခွင့်မှာ ပိတ်ပင်သွားခြင်း။

**estovers** အိမ်ငှား၏အခွင့်အရေး။ ငှားရမ်းသည့်ကာလအတွင်း ငှားရမ်းထားသည့် ဥပစာကို ပြုပြင်မွမ်းမံထိန်းသိမ်းရန်အတွက် သစ်သားကို အသုံးပြုနိုင်ခြင်း။





**estrepe** လက်လွတ်စေသည်။ ဖျက်ဆီးသည်။ မြေပေါ်သို့ စွန့်ပစ်ပစ္စည်းများပုံခြင်း၊ သစ်ကိုင်းများဖြတ်တောက်ခြင်းနှင့် အတောက်အဦးကို ဖယ်ရှားခြင်း။ မြေယာ၏ တန်ဘိုးယုတ်လျော့သွားစေရန် ဖျက်ဆီးခြင်း။

**etal (et äl)( latin)** နှင့် အခြားသူများ။ တရားရုံးအသုံးအနှုန်းအနေဖြင့် အဘိစိဒီတို့သည် တရားပြိုင်သော်လည်းကောင်း တရားလိုသော်လည်းကောင်း ပူးတွဲဖြစ်လျှင် အေပါ၄ ဦးဟု ရေးခြင်း (သို့) အေနှင့်၃ဦးရေးခြင်း။ A,B,C သုံးဦးထိုင်သော ရုံးခန်းကို the office of a etal ဟုရေးခြင်း။

**ethical (adj)** ကျင့်ဝတ်သိက္ခာနှင့်ဆိုင်သော။

**ethnic groups** မျိုးနွယ်စုများ။ လူမျိုးတစ်မျိုးနှင့်သက်ဆိုင်သော။

**ethnic cleansing** ပထဝီနယ်မြေဒေသတွင် နေထိုင်ကြသော မျိုးနွယ်စုတစ်ခုကို အခြားဒေသတစ်ခုသို့ အင်အားသုံး၍ရွှေ့ပြောင်း နေထိုင်စေသည့်မူဝါဒ။ ထိုကဲ့သို့ပြုမှု ခြင်းသည် အကြမ်းဖက်မှုတစ်ရပ်သို့ တစ်ခါတစ်ရံဦးတည်သွားနိုင်ပြီး လူမျိုးကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းဖြစ်ပွားနိုင်သည်။

**et seq (abbr: latin et sequentes)** စာမျက်နှာသို့မဟုတ် ပုဒ်မများညွှန်းဆိုရာတွင် ရှေ့ဆုံးတစ်ခုကို ဖော်ပြပြီး နောက် ဆက်တိုက်လာသည့် စာမျက်နှာများကို ညွှန်းသည့်စာလုံး။

ဥပမာ estoppel နှင့် စပ်လျဉ်း၍ သက်သေခံဥပဒေပုဒ်မ ၁၁၅ et seq တွင် တွေ့မြင်နိုင်ပါသည်။

**euro** ဥရောပသမ္မဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း သုံးစွဲသည့်ငွေကြေး။

**euthanasia (n) (greek- easy death)** ငြိမ်သာစွာ အသက်ထွက်ခြင်း၊ ငြိမ်သာစွာသေစေခြင်း။ ဝေဒနာ မခံစားရဘဲ အလွယ်တကူ သေဆုံးစေခြင်း။

**evade (v)** ရှောင်တိမ်းသည်။ လွှဲဖယ်သည်၊ ဝိနည်းရှောင်သည်။

**evasive answer** မေးခွန်းတစ်ခုကို တိတိကျကျ ဝန်ခံခြင်းလည်း မပြုငြင်းဆိုခြင်းလည်း မပြုသောဖြေကြားချက်။ ထိုသို့သော ဖြေကြားချက်ကို ဖြေကြားသူအား ဖြေဆိုရန်သို့မဟုတ် ဖြည့်စွက်ဖြေဆိုရန် အမိန့်ချနိုင်သည်။

(တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁ နည်းဥပဒေ ၁၁)



www.burmeseclassic.com

www.burmeseclassic.com



**eviction (n)** နှင်ထုတ်ခြင်း။ ဖယ်ထုတ်ခြင်း။ ငှားရမ်းထားသည့် ဥပစာမှ အိမ်ငှားကို တရားနိုင်အိမ်ရှင်၏လျှောက်ထားချက်အရ တရားရုံးအမိန့်ဖြင့် အရာရှိ မှ သွားရောက်နှင်ထုတ်ခြင်း။

**evidence act** ဥပဒေနှင့်အညီ တရားရုံးသို့ စွဲတင်သော တရားမမှုတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်အမှုတွင်ဖြစ်စေ တောင်းဆိုသော သက်သာခွင့်ကို ခွင့်ပြုနိုင်ရန် မည်သူက သက်သေထင်ရှားပြရမည်၊ မည်သည့်သက်သေခံ အထောက်အထားများ တင်ပြရမည်ကို သတ်မှတ်ပေးသော ဥပဒေ။

သက်သေခံချက်တွင် သက်သေများ၏ အစစ်ခံချက်များ၊ စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ပျက်စီးသွားသောပစ္စည်း အပိုင်းအစများ၊ အစိုးရမှတ်တမ်းများ၊ ဗီဒီယိုတိတ်ခွေများနှင့် ဓာတ်ခွဲခန်းအစီရင်ခံစာများ၊ ဆေးစစ်ချက်များ စသည့်တို့ပါရှိသည်။

-admissible evidence သက်သေခံဝင်သည်။ အငြင်းထွက် အကြောင်းခြင်းရာ (သို့)စပ်ဆိုင်သော အကြောင်းခြင်းရာများ သက်သေခံဝင်သည်။

-best evidence - အကောင်းဆုံးသက်သေခံချက်။

-character evidence - အကျင့်စာရိတ္တနှင့်စပ်ဆိုင်သော သက်သေခံချက်။

-conclusive evidence-အပြီးသတ်သက်သေခံချက်။

-corroborating evidence - ပိုမိုခိုင်မြဲသောသက်သေခံချက်။

-credible evidence - ယုံကြည်လောက်သော သက်သေခံချက်။

-critical evidence - တရားသူကြီး၏စဉ်းစားဉာဏ်ကို ပြောင်းလဲစေသည့် သက်သေခံချက်။

-demeanor evidence - သက်သေ၏အမူအယာအရ ယုံလောက်သော သက်သေခံချက်။

- direct evidence - တိုက်ရိုက်သက်သေခံချက်။

- documentary evidence--စာရွက်စာတမ်းသက်သေခံချက်။

- expert evidence - ကျွမ်းကျင်ပညာရှင်၏ သက်သေခံချက်။

- fabricated evibence -အတုပြုလုပ်ထားသော သက်သေခံချက်။

- false evidence - မမှန်ကန်သော သက်သေခံချက်။





- **forensic evidence** - တရားရုံးက အသုံးပြုသော သက်သေခံချက်။ (သိပ္ပံပညာနှင့် သက်ဆိုင်သော သက်သေခံချက်)

- **impeachmentevidence**-သက်သေထွက်ချက်ကိုမှန်မမှန် ဖွတ်ဖွဲမေးမြန်းသည့် သက်သေခံချက်။

- **incompetent evidence**-သက်သေခံမဝင်သည့်အကြောင်း: သက်သေခံ မဝင်ကြောင်း။

- **insufficient evidence**-သက်သေထူရန် မလုံလောက်သေးသည့် သက်သေခံချက်။

**exaction (n)** ငွေညှစ်ခြင်း၊ အလိုလောဘကြီးခြင်း။ အမှန်ရှိမည့် ငွေထက် ပိုတောင်းခြင်း။ ခြိမ်းခြောက်၍တောင်းယူခြင်း။

**examination (n)** သက်သေအား ကျမ်းသစ္စာ၊ ကတိသစ္စာ ပြုစေ၍ မေးခွန်း များမေးခြင်း။ သက်သေကို တင်ပြသည့်ဘက်မှ အဓိကစစ်မေးခြင်း။ တစ်ဖက်မှ ပြန်လှန်စစ် ပေးခြင်း။

လူမွဲဥပဒေပုဒ်မ ၁၉အရ လူမွဲလျှောက်လွှာကို ရုံးတော်ကလက်ခံရရှိသည့်အခါ တရားမကျင့်ထုံးဥပဒေအရ ကြားနာရန်ရက်ချိန်းပေးပြီး ထိုနေ့တွင် [illegible]အားကို တရားသူကြီးကဖြစ်စေ ပစ္စည်းထိန်းကဖြစ်စေ၊ ရှေ့နေသို့မဟုတ် ရှင်များကဖြစ်စေ၊ လူမွဲလျှောက်လွှာအပေါ် မြီစားအားမေးခွန်းများ မေးနိုင်သည်။

(မြန်မာနိုင်ငံ အင်ဆော်လဗင်စီဥပဒေ ပုဒ်မ ၁၉၊ ၂၄ ကြည့်ပါ)

**examining (n)** ကြည့်ရှုစစ်ဆေးခြင်း။

**excavate (v)** တူးဖော်သည်။

**exceeding (adj)** ကျော်လွန်သည်။ ပိုသွားသည်။

**except as provided** ပြဋ္ဌာန်းထားသည့်အတိုင်းမှ တစ်ပါး။

**excepted (v)** ချန်ထားသည်၊ ခြွင်းချက်ပြုသည်၊ သီးသန့်ဖယ်ထားသည်။

**exception (n)** ခြွင်းချက်၊ ကင်းလွတ်ချက်၊ အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အမှုသည်က အယူခံဝင်ရောက်ရန်အတွက် ကန့်ကွက်ခြင်း။ ပဋိညာဉ်စာချုပ်တွင်ဖြစ်စေ၊ ပြဋ္ဌာန်းဥပဒေတွင်ဖြစ်စေ၊ တစ်စုံတစ်ရာမပါဝင်ကြောင်း ဖော်ပြချက်။ ဥပမာ- အိမ်ငှားရာတွင် ကားဂိုဒေါင် မပါဝင်ကြောင်းစာချုပ်တွင်ဖော်ပြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**excess of jurisdiction** စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်၍။ ဒေသဆိုင်ရာ၊ လူပုဂ္ဂိုလ်ဆိုင်ရာ၊ အမှုအမျိုးအစားဆိုင်ရာ (ဥပမာ လူသတ်မှုကို မြို့နယ်တရားရုံးက စစ်ဆေးပိုင်ခွင့်မရှိခြင်း။)

**excess of privilege** ဘောင်လွန်၍ အခွင့်အရေးပိုယူပြီး ထုတ်ဝေခြင်း အခွင့်အရေးကို မလျော်မကန်နှင့် မသမာစိတ်ဓာတ်သုံးကာ statement ထုတ်ဝေခြင်း။

**exchange (n)(v)** ကုန်စည်နှင့်ဝန်ဆောင်မှုများကို နှစ်ဦးနှစ်ဘက်လဲလှယ်ခြင်း။ ကုန်သွယ်သည် သို့မဟုတ် ကုန်စည်ဖလှယ်သည်။

**exchange control** ငွေလဲလှယ်မှု ထိန်းချုပ်ခြင်း။

**exchange rate** ငွေလဲနှုန်း။ ငွေကြေးတစ်ခုမှအခြား ငွေကြေးတစ်ခုနှင့် လဲလှယ်ရာတွင်ရရှိသည့်ငွေပမာဏ။

**excise (n)** ယစ်မျိုးခွန်။ အခွန်ကောက်ခြင်း။

**excise duty** ယစ်မျိုးခွန်။ ပြည်တွင်းသုံးရန် ထုတ်လုပ်သော ကုန်စည်များအပေါ် ကောက်ခံသည့်အခွန် (စီးကရက်အခွန်၊ အရက်ခွန်)

**exclusion (n)** ထုတ်ပယ်ထားခြင်း။ ချန်လှပ်ထားခြင်း။

**exclusion of evidence** သက်သေခံချက်ကို ထုတ်ပယ်ခြင်း၊ ချန်လှပ်ထားခြင်း။

**exclusive (adj)** သီးသန့်ဖြစ်သော၊ ထုတ်ထားသော၊ တစ်ဦးတည်းပိုင်ဆိုင်သော။

**exclusive license** တစ်ဦးတည်းလုပ်ပိုင်ခွင့်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကုန်စည် အမှတ်အသား၊ ကုန်စည်ရောင်းဝယ်ရေး လျှို့ဝှက်ချက်တို့၏ ပိုင်ရှင်ဖြစ်သူက အချိန်သတ်မှတ်၍ တစ်ဦးတစ်ယောက်အား တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အခွင့်အရေးများပေးခြင်း။

ဥပမာ= ကမ္ဘာကျော်အချိုရည်ထုတ်လုပ်သည့် ကုမ္ပဏီကြီးက မြန်မာနိုင်ငံတွင်၎င်းတို့၏ အမှတ်တံဆိပ်နှင့် နည်းပညာတူအချိုရည်ကို ထုတ်လုပ်ရောင်းချရန် မြန်မာနိုင်ငံမှ A .Co သို့ တစ်ဦးတည်းထုတ်လုပ်ခွင့်ပေးခြင်း။





အချိန်သတ်မှတ်၍ ထုတ်လုပ်ရန်ခွင့်ပြုခြင်းဖြစ်လျှင် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ A. Co သည်အဆိုပါ အချိုရည်ကို ထုတ်လုပ်ခွင့်မရဘဲ မူပိုင်ခွင့်မှာ မူလပိုင်ရှင်ထံသို့ ပြန်ရောက်သွားသည်။

**exculpatory confession** ကိုယ်လွတ်ရုန်းသော ဖြောင့်ချက်။

**ex delicto (latin)** arising out of wrongs. ကျူးလွန်မှုတစ်ရပ်ကြောင့် ပေါ်ပေါက်အပ်သော အရေးယူခြင်း၊ ဆောင်ရွက်ခြင်း။

**execute** စာချုပ်များကို လက်မှတ်ရေးထိုးခြင်းဖြင့် ပြီးမြောက်အောင်ချုပ်ဆိုသည်။ လိုအပ်သည်ကို ဆောင်ရွက်သည်။သေဒဏ်အမိန့်ကိုဆောင်ရွက်သည်။

**execution (n)** တရားရုံး၏ အမိန့်များကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ ပဋိညာဉ်စာချုပ် သို့မဟုတ် သေတမ်းစာများကို တရားဝင်စေရန် ဥပဒေလို အပ်ချက်များ ဖြည့်ဆည်းပေးခြင်း တရားရုံးမှငွေပေးစေရန်ချမှတ်သည့် အမိန့် များကို အကျိုးသက်ရောက်စေရန် တရားရုံးပိုင်ပစ္စည်းများကို သိမ်းဆည်းခြင်း ရောင်းချခြင်း ထိုသို့ပြုလုပ်၍ တရားရုံးက တရားရေးအရာရှိကို အမိန့်ထုတ်ခြင်း။ သေဒဏ်အမိန့်ကို အတည်ပြုဆောင်ရွက်စေခြင်း။

**executive (adj)** စီမံခန့်ခွဲအာဏာ။ စီမံခန့်ခွဲရေးဌာနတွင် အဆင့်မြင့် အရာရှိ။

chief executive အမှုဆောင်အရာရှိချုပ်။

**executor (n)** သေတမ်းစာအရ ဆောင်ရွက်ရန်လွှဲအပ်ခံရသူ။ **executrix** သေတမ်းစာအရ ဆောင်ရွက်ပေးရန်လွှဲအပ်ခံရသောအမျိုးသမီး။

**executor de son tort (french) (executor of his own wrong)** သေသူ၏ပစ္စည်းနှင့်စပ်လျဉ်း၍ ပါဝင်စွက်ဖက်သူ။ လူတစ်ဦး တစ်ယောက်သည် ဥပဒေအရ ဆောင်ရွက်ရန်အခွင့်အာဏာမရှိဘဲ သေသူ၏ ကျန်ရှိသော ပစ္စည်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးကဲ့သို့ သေတမ်းစာ အတည်ပြုသူသို့မဟုတ် စီမံခန့်ခွဲသူအဖြစ် ဝင်ရောက်ဆောင်ရွက်ခြင်း။

**executio juris non habet injuriam** ဥပဒေအရ စနစ်တကျ ဆောင်ရွက်ခြင်းသည် မည်သူကိုမျှ မထိခိုက်မနစ်နာစေပါ။

**executory**--နောင်အနာဂါတ်ကာလတွင်အကျိုးသက်ရောက်မှု အပြည့် အဝရှိသော။



www.burmeseclassic.com

www.burmeseclassic.com



**executory interest** အကယ်၍ သတ်မှတ်ထားသော ကိစ္စဖြစ်ပွားမှသာ ပစ္စည်းပေါ်အကျိုးကျေးဇူး(အထူးသဖြင့်အိမ်မြဲမြေ)သည် အခြားသူတစ်ဦးထံ ရောက်ရှိ သွားမည်ဖြစ်ခြင်း။ အနာဂါတ်အကျိုးခံစားခွင့်။

**exemplary punishment** စံနမူနာပြ ပြစ်ဒဏ်။ မှတ်လောက်သောပြစ်ဒဏ်။

**exemplary damages** - ကြိုတင်ကြံစည်ထားသော သို့မဟုတ် မသမာသောစိတ်ထားဖြင့် ပြုလုပ်ခြင်းကြောင့် တစ်ဖက်သားတွင် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ထိုသို့ပြုလုပ်သော အမှုသည်အပေါ် တရားလိုမှ အမှုစွဲဆိုခြင်း အနိုင်ရရှိခဲ့လျှင် အမှုရှုံးနိမ့်သူကို ပြစ်ဒဏ်ချကာ လျော်ကြေးပေးစေခြင်း။ အံဆိုပါလျော်ကြေးသည် နစ်နာဆုံးရှုံး သွားသော တရားလို၏ ငွေကြေးတန်ဖိုး အပေါ်တွင် အခြေခံပြီး တွက်ချက် ပေးခြင်းဖြစ်သည်။

**exemption (n)** ကင်းလွတ်ခွင့်၊တာဝန်မှကင်းလွတ်ခွင့်၊ အခွန်ပေး ဆောင်ရာတွင် အရွယ်မရောက်သေးသော သားသမီးနှင့် အိမ်ထောင်မရှိဘဲ ပညာသင်ကြားနေသော သားသမီးများအတွက် အခွန်ကင်းလွတ်ခွင့်။

**exempt property** တရားမကျင့်ထုံးဥပဒေအရဖြစ်စေ၊ လူမွဲဥပဒေအရဖြစ်စေ ဝါရမ်းစွဲကပ် ခြင်း မပြုနိုင်သော သိမ်းဆည်းခြင်း မပြုနိုင်သောပစ္စည်းများ။ တရားမကျင့်ထုံးဥပဒေပုဒ်မ၆၀၊ မြန်မာနိုင်ငံအင်အော်လဗင်ဥပဒေ ပုဒ်မ ၂၈(၅)။

**exercise (v)** အသုံးချသည်၊ သုံးစွဲသည်၊ စည်းကမ်းအရပြုသည်။ (မဲပေးပိုင်ခွင့် အရမဲပေးသည်။)

**ex facie (latin)from the face** ထင်ရှားပေါ်လွင်သော။

**ex facto (latin)** from a fact အကြောင်းခြင်းရာမှ။ ex facto jus oritur ဥပဒေသည် အကြောင်းခြင်းရာမှ ပေါ်ပေါက်မြဲဖြစ်သည်။

**ex gratia (latin)by favour** ကျေးဇူးတရားကြောင့် ဥပဒေ အရမဟုတ် အပ်သော်လည်း သူ့အကျိုးအတွက် သက်သက်ရည်ရွယ်၍။

**exhibit (n)** သက်သေခံပစ္စည်း၊ တရားရုံးအမှုစစ်ဆေးနေစဉ်အတွင်း တင်သွင်းသော စာရွက်စာတမ်းများနှင့် အရာဝတ္ထု။

**ex officio** (latin-- from the office) ရာထူးအလျောက်





**ex parte** တစ်ဖက်သတ်ကြားနာစစ်ဆေးခြင်း။ တစ်ဖက်အမှုသည်၏ မျက်ကွယ်တရားမမှုတစ်မှုတွင် အမှုကိုကြားနာစစ်ဆေးရန်အတွက် တရားပြိုင် ထံသို့သမ္မာန်စာကို နည်းလမ်းတကျချမှတ်ပြီးဖြစ်လျှင် ချိန်းဆိုသည့်နေ့ တရားလိုကလာပြီး တရားပြိုင်လာရောက်ခြင်း မရှိပါက တရားရုံးအနေဖြင့် အမှုကို တစ်ဖက်သတ်ဆက်လက်ဆောင်ရွက်နိုင်သည်။ (တရားမကျင့်ထုံး ဥပဒေ အမိန့် ၉ နည်းဥပဒေ ၆(၁)(က)

**exonerate (v)** တာဝန်မှ ကင်းလွတ်ခွင့်ပြုခြင်း။ အနှောက်အယှက်/ ကြွေးမြီ/ ဝန်လေးစေသော အရာမှကင်းလွတ်ခြင်း။

**ex.ord** executive order ၏ အတိုကောက်။ စီမံခန့်ခွဲမှု ဆိုင်ရာအမိန့်

**expatriate (n)** မိမိနိုင်ငံမှ အခြားနိုင်ငံတွင် အမြဲတမ်းသွားရောက်နေနိုင်သူ ပြည်ပြေး။

**expatriation (n)** နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း။ (ago)

**expectancy** အနာဂါတ်တွင် တစ်စုံတစ်ရာရရှိရန် မျှော်လင့်စောင့်စားခြင်း

**expectation (n)** မျှော်လင့်ခြင်း။ စောင့်စားခြင်း၊ ရှေ့သို့မျှော်ကြည့်ခြင်း အခြေခံအားဖြင့် တစ်စုံတစ်ရာဖြစ်ပွားမည်ဟု မျှော်လင့်ခြင်း၊ ငွေကြေး ဘွဲ့တံဆိပ် ရာထူးဆောင်အစရှိတို့ ရရှိမည်ဟုမျှော်လင့်ထားခြင်း။

**expectant heir** အမွေခံတစ်ဦးသည် ပစ္စည်းပိုင်ရှင်သေဆုံးသွားသည့်အခါ ထိုပစ္စည်းကို အမွေဆက်ခံရရှိမည်ဟု မျှော်လင့်ထားခြင်း။

**expediment** -- တစ်စုံ တစ်ယောက်၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် ကုန်များအားလုံး။

**expel (v)** နှင်ထုတ်သည်၊ အင်အားသုံး၍နှင်ထုတ်သည်။

**expenditure (n)** အသုံးစရိတ်၊ ကုန်ကျစရိတ်။

**expense (n)** စီးပွားရေးဆိုင်ရာစာရင်း ပညာနှင့်အခွန်စာရင်းတွင် ဖော်ပြသည့် အမြန် အသုံးစရိတ် ဥပမာ ငှားရမ်းခများ၊ လစာများ၊ အသုံးအဆောင်ပစ္စည်းများ ဆင်းလျှသည့်တန်ဖိုး။

**expert (n)** ပညာရပ်ဆိုင်ရာ အထူးကျွမ်းကျင်သူ၊ ပါရဂူ။

**expert testimony** ပညာဆိုင်ရာ အထူးကျွမ်းကျင်သူက ပြစ်မှုများစစ်ဆေးရာတွင်ဖြစ်စေ၊ သက်သေထွက်ချက်ပေးရာတွင် ဖြစ်စေအမှုနှင့် သက်ဆိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရပ်များတွင် စပ်ဆိုင်သောကိစ္စများကို သက်သေတစ်ဦးအနေဖြင့် တရားရုံးတွင် ထင်မြင်ချက်ပေးခြင်း။

**expert witness** ကျွမ်းကျင်သူ (ပါရဂူ) သက်သေ။ နိုင်ငံခြားဟရားဥပဒေကိုဖြစ်စေ၊ သိပ္ပံပညာဖြစ်စေ၊ ဝိဇ္ဇာပညာဖြစ်စေ၊ လက်ဗွေပုံစံခွဲခြားပညာဖြစ်စေ (အခြား သော သီးခြားပညာရပ်များတွင်ဖြစ်စေ) အထူးကျွမ်းကျင်သောပညာရှင်၏ တရားရုံးရှေ့တွင် ထွက်ချက်ပေးသည့် သက်သေ။ ၎င်းတို့၏ ထင်မြင်ချက်များသည်သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ သက်သေခံဝင်သည်။

**expost facto** (latin- 'after the fact'.made after the occurence. အဖြစ်အပျက်ဖြစ်ပွားပြီးနောက် ဆောင်ရွက်ချက်။

**exposure**-(အသက်တစ်ဆယ့်နှစ်နှစ်အောက်ကလေးကို) စွန့်ပစ်ထား ခြင်း (ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၁၇) အကာအကွယ်မရှိဘဲထားခြင်း။ ဖွင့်ပြခြင်း ဖော်ထုတ်ခြင်း။

**express** - တိုက်ရိုက်သို့မဟုတ် အဓိပ္ပါယ်ရှင်းလင်းသော ဖော်ပြချက်။

**experss contract** – ပဋိညာဉ်တွင် အရေးကြီးသော စည်းကမ်းချက်များကို ရှင်းရှင်းလင်းလင်း ဖော်ထားခြင်း။

**express warranty** ပဋိညာဉ်ပြုလုပ်သူက အာမခံချက် သို့မဟုတ် ကတိပေးခြင်း။ အရောင်း အဝယ်ပြုရာတွင် ရောင်းချသူကရင်း၏ ပစ္စည်းနှင့် တစ်နှစ်အာမခံချက်ပေးကြောင်း ဖော်ပြခြင်း။

**expropriation (n)** တစ်ဦးတစ်ယောက်၏ ပစ္စည်းသို့မဟုတ် အခွင့်အရေးကို နိုင်ငံတော် အာဏာပိုင်အဖွဲ့မှ သိမ်းယူခြင်း။ နိုင်ငံပိုင်ပြုလုပ်ခြင်း။

**expunge (v)** to erase or destroy ဖျက်ပစ်သည်၊ စာပိုဒ်ကို ဖျက်ပစ်သည်။

**extension** အချိန်တိုးပေးခြင်း၊ တိုးချဲ့ခြင်း၊ သတ်မှတ်ကာလကုန်ဆုံးသွားပြီးနောက်အချိန်တိုးပေးခြင်း။

**extenuate (v)** နာကျင်မှုလျော့ပါးစေသည်။ သက်သာစေသည်။ အပြစ်ပေါ့စေသည်။ အပြစ်ပေါ့ရန်ဆင်ခြေပေးသည်။

**extinct (adj)** - ကြာရှည်မတည့်တံ့သော၊ ကြာရှည်အသုံးပြုမရသော။ ကွယ်ပျောက်သော။





**extinguishment (n)** –ရပ်စဲခြင်း၊ ချုပ်ငြိမ်းခြင်း၊ ဖျက်သိမ်းခြင်း (သို့) အခွင့်အရေး၊ ရပိုင်ခွင့် အကျိုးစီးပွားတို့သည် အကျိုးသက်ရောက်သော အချိန်ကာလ ကုန်လွန်သွားသောကြောင့် ဖျက်သိမ်းလိုက်ခြင်း။

**extortoin (n)** ခြောက်လှန့်တောင်းယူမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၃)

**extract** ကောက်နုတ်ချက်၊ ထုတ်နုတ်ထားခြင်း၊ အဆီအနှစ်။

**extraction (n)** အင်အားသုံး၍ ရယူခြင်း။

**extradite (v)** စီရင်ပိုင်ခွင့်နယ်မြေပြင်ပသို့ ထွက်ပြေးတိမ်းရှောင်လာသူ၊ (သို့)အခြားသော နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာသူကို မူလနိုင်ငံစီရင်ပိုင်ခွင့်အသသို့ လွှဲပြောင်းပေးသည်။

**extrajudicial (adj)** တရားစီရင်ရေး၏ ပြင်ပဖြစ်သော။ ဥပမာ တရားခံမှ ဖြောင့်ချက်ကို တရားသူကြီးမဟုတ်သော ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံပေးခြင်း။

**extraordinary (adj)** - သာမန်မဟုတ်သောထူးခြားသော။

**extra territorial offences** ပြည်ပ၌ ကျူးလွန်သော ပြစ်မှုများ (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄)

**eye witness** မျက်မြင်သက်သေ။



www.burmeseclassic.com

www.burmeseclassic.com

# F

**fabricate (v)** ညာဏ်ဆင်ပြုလုပ်သည်။ ကြံစည်ပြုလုပ်သည်။ အတုပြုလုပ်သည်။ မမှန်မကန် ဖန်တီးသည်။

**fabricating false evidence** မမှန်သက်သေခံ ဖန်တီးသည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၂)

**face (n)(v)** အရာဝတ္ထု၏ မျက်နှာအပြင်၊ အသွင်အပြင်။ မျက်နှာချင်းဆိုင်သည်။ ရင်ဆိုင်သည်။

**face value** ငွေပေးကတိလက်မှတ်ပေါ်တွင် စေ့ရောက်သည့်ကာလ မူလငွေပမာဏ သို့မဟုတ် အာမခံပေါ်လစီတွင် ဖော်ပြထားငွေပမာဏ။ ၎င်းတို့တွင် အတိုးတွက်ချက်ဖော်ပြခြင်း မပါဝင်ပါ။

**facilitation (n)** ပြစ်မှုများကျူးလွန်ရာတွင် လွယ်ကူစေခြင်း။ ဥပမာ အလွှ ဒေါသထွက်နေသော လူတစ်ဦးသည် သေနတ်ရောင်းသော ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီး ကျယ်လောင်စွာ အော်ဟစ်သည်မှာ မီးနိမ့်နေသည်ကို ဖြတ်မောင်း





သော ကားတစ်စီးသည် ၎င်း၏ကားကို ဝင်ရောက်တိုက်သွား၍ ၎င်း၏ ကားအသစ်မှာ ပျက်စီးသွားကြောင်း၊ ထိုသူကို သွားသတ်မည်ဟုဆိုကာ သေနတ်တစ်လက်ကို ဝယ်ယူသည်။ သေနတ်ရောင်းသူသည် ထိုဒေါသထွက် နေသူ၏ စိတ်အခြေအနေကို အရေးမထားဘဲ ပုံစံများဖြည့်သွင်းစေကာ သေနတ်တစ်လက်ကို ရောင်းချလိုက်သည်။ ဒေါသထွက်နေသူသည် သေနတ်ကိုရယူပြီး ၎င်း၏ မော်တော်ကားအား ဝင်တိုက်သွားသူကို ရှာဖွေကာသေနတ်ဖြင့် ပစ်သတ်လိုက်လျှင် သေနတ်ရောင်းလိုက်သူသည် criminal facilitation ပြစ်မှုမြောက်မည် ဖြစ်သည်။

**facsimile (n)** အတိုကောက် fax အဝေးသို့ မိတ္တူပို့ခြင်း။ တယ်လီဖုန်းကွန်ရက်တစ်ခုကိုသုံး၍ ရုပ်ပုံများပို့ခြင်း။

**fact (n)** အကြောင်းခြင်းရာ။ အာရုံဖြင့်သိမြင်နိုင်သော အရာများ သို့မဟုတ် ထိုအရာများ၏ အခြေအနေ သို့မဟုတ် ထိုအကြောင်းခြင်းရာများ တစ်ခုနှင့်တစ်ခုဆက်နွယ်မှုနှင့် စိတ်ဖြင့်သိရှိနိုင်သော အရာများကို ဆိုလိုသည်။ အကြောင်းခြင်းရာ နှစ်မျိုးရှိရာ စပ်ဆိုင်သည့်အကြောင်းခြင်းရာနှင့် အငြင်းထွက်ကြောင်းခြင်းရာတို့ဖြစ်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၃)

**facta sunt protentiori verbis (lat)** အကြောင်းခြင်းရာများ စာချုပ်စာတမ်းများ သို့မဟုတ် ပစ္စည်းများသည် နှုတ်ဖြင့်ပြောကြားသော စကားလုံးထက်ပို၍ အင်အားရှိသည်။

**fact in issue** - အငြင်းထွက်အကြောင်းခြင်းရာ။

**factor (n)** အခြားသူ၏ကိုယ်စား မိမိနာမည်ဖြင့် ကုန်ပစ္စည်းများကို ဝယ်ယူခြင်း ရောင်းချခြင်းပြုသူ။ ၎င်း၏ဆောင်ရွက်မှုအတွက် ပွဲခရယူသည်။ ၎င်းအနေဖြင့် ကုန်များကို အရောင်းအဝယ်ပြုရန် ယုံကြည်အပ်နှံခြင်း ခံရသူသာဖြစ်ပြီး ပွဲစားနှင့်ခြားနားသည်။

**factorage** - ကော်မရှင်ခ၊ ပွဲခ၊ အခကြေးငွေ။

**factory (n)** - စက်ရုံအလုပ်ရုံ။

**factual (adj)**- အမှန်တကယ်ဖြစ်သော၊ အဖြစ်မှန်၊ အချက်အလက်နှင့် သက်ဆိုင် သော။



www.burmeseclassic.com

www.burmeseclassic.com



**factum (latin)** နေရာသစ်တွင် အခြေချနေထိုင်သော ပုဂ္ဂိုလ်၏အကြောင်းအချက်။ အကြောင်းခြင်းရာများ ဖော်ပြချက်။

**factum probandum (us)** သက်သေထူရန် တာဝန်ရှိသည့်အကြောင်းအချက် များ၊သက်သေခံအက်ဥပဒေအရသက်သေထူရန်လိုအပ်သည့်အချက်များ

**facts relevant to the issue** အကြောင်းခြင်းရာတစ်ရပ်သည် အခြားအကြောင်းခြင်းရာတစ်ရပ်နှင့် စပ်ဆိုင်သည်ဆိုလျှင် သက်သေခံအက်ဥပဒေပုဒ်မ၅မှ၅၅ ပါ ပြဋ္ဌာန်းချက်များအရ မှန်ကန်သည် မမှန်ကန်သည်၊ တည်ရှိသည် မတည်ရှိသည်ကို သက်သေခံချက်တင်ပြခွင့်ရှိသည်။

**faculty (n)** ဉာဏ်စွမ်းအား လုပ်နိုင်စွမ်းရည်၊ ပြုလုပ်ဆောင်ရွက်နိုင်ခြင်း။

**faculty of law** - ဥပဒေပညာ မဟာဌာန။

**fail (n)** မအောင်မြင်ခြင်း။ ကျရှုံးခြင်း၊ ပျက်ကွက်ခြင်း၊ ချို့တဲ့ခြင်း။ လူမွဲဖြစ်သွားခြင်း၊ အခွင့်အရေးကုန်ခြင်း။

**fail to appear** ရုံးချိန်းပျက်ကွက်ခြင်း၊ အမှုသည်လာရောက်မှု မရှိခြင်း၊ တရားမ ကျင့်ထုံးဥပဒေအရ အမှုသည်ရုံးရှေ့လာရောက်ခြင်း မရှိသော်လည်း ၎င်း၏ ရှေ့နေရှိနေပြီး အမှုကိုဆက်လက်ဆောင်ရွက်သွားခြင်းသည် အမှုသည် လာရောက် သိသကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်။

**failure(n)**--ရှုံးနိမ့်ခြင်း၊ မအောင်မြင်ခြင်း၊ မမျှတခြင်း။

**failure of issue**--တစ်ဦးတစ်ယောက်သေဆုံးသွားသည့်အခါ အမွေပစ္စည်းများ ကျန်ရစ်သော်လည်း အမွေဆက်ခံရန် သားသမီးသော်လည်းကောင်း၊ အမွေဆက်ခံခွင့် ရှိသူသော်လည်းကောင်း မကျန်ရစ်ခြင်း။

**faint pleader** မမှန်သော၊ မရိုးသားသော၊ လိမ်လည်ပူးပေါင်းကြံစည်ထားသော လျှောက်လဲချက် (pleading) တင်ပြခြင်း။

**fair (adj)**တရားမျှတသော၊ မျက်နှာမလိုက်သော၊ ဘက်လိုက် ခြင်းကင်းရှင်းသော ကုန်စည်ပြပွဲ။

**fair comment** --အများပြည်သူဆိုင်ရာ ရေးရာများအပေါ် စာရေးဆရာ သို့မဟုတ်ဟောပြောသူ၏ အလေးအမြတ်ပြုရမည့် ထင်မြင်ချက်ပေါ်တွင် အခြေပြုသည့်ဖော်ပြချက်။





**fair play**--- အခြားသူနှင့်ဆက်ဆံရာတွင်သာ တူညီမျှရှိခြင်း။ ပွင့်လင်းစွာ ပြောဆိုခြင်းနှင့် သစ္စာရှိခြင်း။ တရားသဖြင့် ကစားသောပွဲ။ တရားသဖြင့် ဆောင်ရွက်ခြင်း။

**false (n)**--မမှန်ကန်သော၊ လွဲမှားသော၊ အမှန်တကယ်မဟုတ်သော။

**false answer (plea)** အဆိုလွှာ၊ အချေလွှာတွင် မမှန်ကန်သောအချက်များ (အမှုကြန့်ကြာစေရန်) ထည့်သွင်းဖြေဆိုခြင်း (လျှောက်ထားခြင်း)

**false advertising** လိမ်လည်သော၊ ပြစ်မှုမြောက်သော မမှန်ကန်သော၊ အထင်လွဲစေသောအချက်များကို ကြေငြာခြင်း။

**false action** မမှန်မကန်တရားစွဲခြင်း။

**false charge** မမှန်မကန်စွတ်စွဲခြင်း။ နစ်နာစေရန်အကြံဖြင့် ပြစ်မှုကျူးလွန်သည်ဟု မမှန်စွတ်စွဲခြင်း။

**false claim** တစ်ဦးတစ်ယောက်သည် ပစ္စည်းပေါ်တွင် ရပိုင်ခွင့်မရှိသောတောင်းဆို ပိုင်ခွင့်မရှိသော၊ အကျိုးခံစားခွင့်မရှိသော သူဖြစ်ပါလျက် ထိုပစ္စည်းကို ရလိုကြောင်း မမှန်မကန်တောင်းဆိုခြင်း။

**false evidence** မမှန်သော သက်သေခံချက်၊ မမှန်မှန်းသိလျက်နှင့် ကျမ်းကျိန်ဆို၍ ထွက်ချက်ပေးခြင်း၊ မမှန်သောသက်သေခံကို ဖန်တီးပြုလုပ်ခြင်း။

**false imprisonment** မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ဥပဒေနှင့် မညီဘဲ လူတစ်ဦးတစ်ယောက်ကို သွားလိုရာသွားခွင့်မရအောင်၊ လုံးဝပိတ်ပင်တားခြင်း (ပြစ်မှုပုဒ်မ ၃၄၀)

**false personation**--သူတစ်ပါးအယောင်ဆောင်ခြင်း။လိမ်လည်ရန် ရည်ရွယ်၍လူတစ်ဦးတစ်ယောက်က မိမိသည်သူတစ်ပါးဖြစ်ကြောင်း မဟုတ်မှန်းသိလျက်နှင့် ထိုသူဖြစ်ကြောင်းပြောဆို၍ လိမ်လည် ခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၆)

**falsify** အလွဲအမှားပြောဆိုသည်။ အကြောင်းခြင်းရာတစ်ခုသည် မှားယွင်းကြောင်းသက်သေပြရန်၊ ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို ပြောင်းလဲခြင်းဖြင့် မှားယွင်းသော သတင်းဖြစ်လာခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**falsifying a record** မှတ်တမ်းကိုလွဲမှားအောင် ပြုလုပ်ခြင်း။ မဟုတ်မမှန်သော စာရင်းများကို ရေးသွင်းခြင်း အများပြည်သူဆိုင်ရာ မှတ်တမ်းများတွင် လိမ်လည်ရန် သို့မဟုတ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ရေးသွင်းခြင်း သို့မဟုတ် မှားယွင်းခြင်းကို မသိမမြင်စေရန် ဖုံးကွယ်ရန်ဆန္ဒဖြင့် အချက်အလက်များ လိမ်လည်ရေးသွင်းခြင်း။

**family (n)** သွေးသားတော်စပ်ခြင်းဖြင့်လည်းကောင်း၊ လက်ထပ်ထိမ်းမြားခြင်းဖြင့်လည်းကောင်း၊ ဥပဒေအရလည်းကောင်း မိသားစုဝင်ဖြစ်လာသည့် လူတစ်စု။ အဆိုပါ လူတစ်စုတွင် မိဘနှင့်သားသမီးများပါဝင်သည်။

**family allowance (widows)** သေဆုံးသူခင်ပွန်းသည်ကြောင့် ကျန်ရစ်သူမုဆိုးမ (ဇနီးမယား)က ရရှိသည့်ထောက်ပံ့ကြေး။ သေတမ်းစာရေးသားခွင့်ရှိသော ခင်ပွန်းသည် သေဆုံးသွားလျှင် ကျန်ရစ်သည့်ငွေထဲမှ ပမာဏတစ်ခုကို သေတမ်းစာအတည်ပြု လက်မှတ်မရမီစပ်ကြား ချက်ခြင်း ထုတ်ပေးသည့် မိသားစုထောက်ပံ့ကြေး။ အဆိုပါထောက်ပံ့ကြေးမှာ ကျန်ရစ်သူဇနီးနှင့် သားသမီးများကို အထောက်အကူ ဖြစ်စေရန်ဖြစ်သည်။

**family arrangement** မိသားစုစီမံမှု သားချင်းတစ်စုစီမံမှု။ ပစ္စည်းရှင်မသေဆုံးမီ ပစ္စည်းရှင်နှင့် မိသားစုများသည် ကျန်ရစ်သည့်အမွေပစ္စည်းကို ပစ္စည်းရှင်သေဆုံးသည့်အခါ မည်သို့ခွဲဝေယူကြမည်ကို သဘောတူထားချက်ကိုခေါ်သည်။

**family partnership** အစုစပ်လုပ်ငန်းတစ်ခုတွင် မိသားစုဝင်များသာ အစုဝင်အဖြစ်ပါဝင် လုပ်ကိုင်သော အစုစပ်လုပ်ငန်း။

**fatal (adj)** သေစေလောက်သော။

**fatigue duties (n)** ပင်ပန်းသောတာဝန်၊ သင်တန်းကျောင်းများတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အမှိုက်ရှင်းခြင်း၊ မြက်ရှင်းခြင်း တာဝန်။

**fault** ချို့ယွင်းချက်၊ အမှားအယွင်း။

**fault divorce** အိမ်ထောင်ဘက်များတွင် ကွာရှင်းလိုသူက အိမ်ထောင်ဘက်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ရေးပြစ်မှုများ ကျူးလွန်ကြောင်း၊ ရက်စက်မှုကျူးလွန်ကြောင်း တရားရုံးတွင် သက်သေပြနိုင်မှ





သာကွာရှင်းခွင့်ရမည်။ ဥပမာ–လင်ငယ်နေခြင်း၊ မယားငယ်နေခြင်း၊ ခွန့်ပစ်ထားခြင်း၊ရက်စက်ခြင်း။

**feasance** - . အပြုအမူဆောင်ရွက်ချက်၊ ကန့်သတ်ချက် သို့မဟုတ် ဆောင်ရွက်ရန် တာဝန်တို့ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း။

**feasor** ပြုလုပ်သူ၊ ဆောင်ရွက်သူ။

**federal (adj)** ပြည်နယ်များပေါင်းစည်းထားသော ပြည်ထောင်စုစနစ်။ ၎င်းပြည်နယ်များတွင် ကိုယ်ပိုင်အစိုးရများ သီးခြားရှိကြသော်လည်း ဗဟိုအစိုးရသည် ပြည်နယ်အားလုံး၏ နိုင်ငံခြားရေးရာမူဝါဒ၊ ကာကွယ်ရေးနှင့် ဘဏ္ဍာရေးတို့ကို ဆောင်ရွက်သည်။

**federal government** ပြည်ထောင်စုအစိုးရ။

**fee**--(၁) အလုပ်သမားခ၊ ဝန်ဆောင်ခ၊ ပညာရှင်ဉာဏ်ပူဇော်ခ၊

-docket fee တရားစွဲဆိုလွှာအတွက် တရားရုံးက သတ်မှတ်သည့် ခရိုတ်။

-franchise fee အထူးအခွင့်အရေး လုပ်ပိုင်ခွင့်တစ်ရပ်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက franchisor သို့ပေးသည့်အခကြေးငွေ။

(၂) မြေကိုသားစဉ်မြေးဆက်အကျိုးဆက်ခံ အမွေဆက်ခံနိုင်ခွင့်ရှိခြင်း။

**fee simple**--မြေယာကို အပြီးအပိုင်ပိုင်ဆိုင်ခြင်း။ ဘိုးဘွားပိုင်မြေ။ ၎င်းကိုပိုင်ရှင်မှ ၎င်း၏အမွေစား အမွေခံများကို လွှဲပြောင်းအသုံးပြုခွင့်ပေးခြင်း (အင်္ဂလိပ်ရိုးရာဥပဒေ)ပိုင်ရှင်အနေဖြင့် fee simple အရ အဆိုပါမြေယာအပေါ် ဥပဒေများဖြင့် တားမြစ်ထားခြင်း မရှိဘဲ၊ ၎င်း၏ဆန္ဒအရ မြေကိုရောင်းချခြင်း၊ ပေးကမ်းခြင်း၊ သေဆုံးသည့်အခါ အမွေဆက်ခံခြင်းများ ပြုနိုင်သည်။

**feetail** အင်္ဂလိပ်ရိုးရာဥပဒေအရ (ယခုအခါဖျက်သိမ်းပြီး) မြေယာပိုင်ရှင်မှ ၎င်းမြေယာကို ၎င်းမှဆင်းသက်ပေါက်ဖွားသူကိုသာ လွှဲပြောင်းပေးနိုင်ခြင်း။

**felon (n)**သေဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်သူ။

**felony (n)**အနောက်နိုင်ငံဥပဒေ (UK, USA) အရ ကြီးလေးသည်ဟု သတ်မှတ်ထားသောအမှု၊ သေဒဏ်တစ်နှစ်ထက်ပိုသော ထောင်ဒဏ်ချမှတ်နိုင်သော အမှုများ။ ဥပမာ– လူသတ်မှု၊ ခြောက်လှန့်တောင်း ယူမှု၊ လူခိုးမှု။

**feme covert**-လက်ထပ်ပြီးသော အမျိုးသမီး။



www.burmeseclassic.com

www.burmeseclassic.com



**feme sole-** လက်မထပ်ရသေးသော အမျိုးသမီး။

**fence--**ခိုးရာပါပစ္စည်းလက်ခံသူ၊ ခိုးရာပါပစ္စည်းရောင်းချသည့်နေရာ။

**feticide---**ရတ်တရက်သန္ဓေသားကို ပျက်ကျစေခြင်း။

**fetter (n)---**ခြေထောက်တွင် ခတ်ထားသည့်သံကြိုး၊ သံခြေကျင်း။

**fiat (n)** အမိန့်ပြဋ္ဌာန်းချက်၊ ချက်ခြင်းအာဏာတည်စေသောအမိန့်။

**fiat justicia ruat coelum---**. မိုးပြိုပင် ပြိုစေကာမူ အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ပါ။

**fictitious (adj)** မမှန်ကန်သော၊ လုပ်ကြံသော၊ လိမ်လည်အတုလုပ်ထားသော။ အစစ် အမှန်မဟုတ်သော။ ဥပမာ လိပ်စာအတု၊ စိတ်ကူးယဉ်ဝတ္ထု။

**fictitious deed** အကယ်၍ တစ်စုံတစ်ခုသော စာချုပ်စာတမ်းသည် အစစ်အမှန်မဟုတ်သော စာချုပ်စာတမ်း (လိမ်လည်အတုပြုထားသော စာချုပ်စာတမ်း)ဖြစ်နေပါက စာချုပ်ဝင်များအပေါ်တွင် စည်းနှောင်အား ရှိမည်မဟုတ်၊ တစ်နည်းအားဖြင့် ဆိုသော် ဥပဒေအရ အကျိုးသက်ရောက်မှု ရှိမည်မဟုတ်။ အဆိုပါစာချုပ်မျိုး၏ အကျိုးသက်ရောက်မှုမှာ လွှဲပြောင်းသူနှင့် လွှဲပြောင်းခြင်းလက်ခံသူတို့နှစ်ဦး အပေါ်တွင် အတူတူပင်ဖြစ်သည်။ (သက်သေ ခံပုဒ်မ၁၁၅)

**fidelity (n)-**သစ္စာရှိခြင်း၊ တိကျခြင်း။

**fiduciary-**ယုံမှတ်အပ်နှံခြင်းခံရသော၊ ယုံမှတ်အပ်နှံခြင်းခံရသူ၊ ဂေါပကလူကြီး၊ မည်သည့်အရာမဆိုယုံမှတ်အပ်နှံခြင်းခံရသူ။ သူတစ်ပါး၏ပစ္စည်း သို့မဟုတ် ငွေများကိုကာကွယ်စောင့်ရှောက်ရန်အတွက် ကိုင်တွယ်စီမံဆောင်ရွက်သူ။

**fiduciary loan** နောက်ခံအာမခံမထားရှိဘဲ ငွေချေးငှားခြင်း။

**file (n)** တရားရုံးတွင် သိမ်းဆည်းထားသော မှတ်တမ်း။ ရှေ့နေ၏ပြီးပြတ်သွားသော အမှုတွဲ၊ အမှုတွဲ။ တရားရုံးစာရွက်စာတမ်းများဖြစ်သော အဆိုအချေလွှာများ၊ ထွက်ချက်များ၊ သက်သေခံစာရွက်စာတမ်းများ တွဲထားသည့်မှတ်တမ်း/ဖိုင်စာတွဲ။ သက်ဆိုင်သည့်အရာရှိထံသို့ စာရွက်စာတမ်းများတင်သွင်းသည်။

**final (n)** အပြီးသတ်ဖြစ်သော။ ထိုစကားလုံးသည် အယူခံဝင်ရောက်ရန် တားမြစ်သည့် သဘောရှိသော်လည်း ပြင်ဆင်မှုလျှောက်ထားရန်အတွက် တားမြစ်ထားခြင်းမရှိပေ။





**final decree** အပြီးသတ်ဒီကရီ၊ အမှုကိုအပြီးအပြတ်ဆုံးခန်းတိုင်ဆုံးဖြတ်ပြီးလျှင် အပြီးသတ်ဒီကရီဟုခေါ်သည်။

**final order--**အပြီးသတ်အမိန့်။

**final judgement** အပြီးသတ်စီရင်ဆုံးဖြတ်ချက်။ နောက်ဆုံး စီရင်ချက်။

**final settlement** တရားမမှုတစ်ခုတွင် ပါဝင်သောအမှုသည်များ အချင်းချင်းသဘောတူ ညီချက်ကို စာဖြင့်ရေးသား၍ တရားရုံးမှတ်တမ်းသို့ ရေးသွင်းပြီးငြင်းချက်များ အားလုံးကို ပြေငြိမ်းခြင်း။

**finance (n)---**တိုင်းပြည်၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတွင် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်း။ ငွေကြေးသုံးစွဲခြင်းသည် စားသုံးမှုသို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော အချိန်တွင် သုံးစွဲခြင်း။

**financial** ငွေရေးကြေးရေးဆိုင်သော သို့မဟုတ် ငွေရေးကြေးရေး စီမံခန့်ခွဲသော ဘဏ္ဍာ။ အစရှိသော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများမှ ငွေများချေးယူခြင်းနှင့် ထုတ်ချေးခြင်း။

**financial credibility** ငွေရေး ကြေးရေးယုံကြည်စိတ်ချရမှု။

**financial year** ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံတွင် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁)ရက်ထိ။ (fiscal year နှင့် အတူတူ)

**finding (n)** အမှုစစ်ဆေးရာတွင် ပေါ်ပေါက်လာသော အကြောင်းခြင်းရာပြဿနာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်၊ ဂျူရီနှင့် စစ်ဆေးသောအမှုတွင် အကြောင်းခြင်းရာ ပြဿနာကို ဂျူရီအဖွဲ့မှ ဆုံးဖြတ်ချက်ချပြီး ဂျူရီမပါသည့်အခါ တရားသူကြီး က အကြောင်းခြင်းရာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ အငြင်းပွားမှုကို ဆုံးဖြတ် သည်။ တွေ့ရှိချက်ဆိုရာတွင် အပြစ်ရှိမရှိဆိုသည့် အချက်ပါဝင်သည်။

**fine (n)** ငွေဒဏ်။ ဒဏ်ငွေတပ်သည်။ ပြစ်မှုကျူးလွန်သူကို ကျူးလွန်သည့်အမှုအလိုက် ငွေဒဏ်ချင့်ပြုပါက ဒဏ်ငွေတပ်သည်။ တရားမမှုတွင် နစ်နာသူသို့ ပေးသောငွေ။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၃)။

မြေငှားရမ်းခများ လျော့ပေါ့သည်အခါ ငှားရမ်းကာလအစတွင် မြေငှား က မြေရှင်သို့ပေးရသော ငှားရမ်းခ။

**finerprint (n)** လက်ဗွေပုံစံ။



www.burmeseclassic.com

www.burmeseclassic.com



**fire arm (n)** သေနတ်၊ ခြောက်လုံးပြူး၊ ပစ္စတိုစသည့်ယမ်းဖြင့် ပစ်ခတ်ရသော လက်နက်။ အမျိုးမျိုး။

**fire insurance** မီးအာမခံ။

**firm (n)**--လူတစ်စုက စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် ဖွဲ့စည်း ထားသော အသင်း (သို့)အဖွဲ့အစည်း။

**first chair (slang)**--အမှုတွင်ဦးဆောင်လိုက်ပါသည့်ရှေ့နေ။

**first devisee** သေတမ်းစာဖြင့် အမွေပေးရာတွင် ဦးစွာလက်ခံရရှိသူ။ ကျန်ရစ်သည့် ပစ္စည်းများကို ဆက်လက်အမွေခံသူကို next devisee ဟု ခေါ်သည်။

**first impression, case of---** ဥပဒေပြဿနာနှင့်စပ်လျဉ်း၍၊ တရားရုံးများတွင်ယခင်က စီရင်ဆုံးဖြတ်ခဲ့ဘူးခြင်း မရှိသေးသော အမှုတွဲ။

**first information report (F.I.R)**--ပထမသတင်းပေးတိုင်ချက်။

**first hearing** ပထမအကြိမ်အမှုကြားနာခြင်း။ တရားမကျင့်ထုံးဥပဒေ အမိန့် ၉ နည်းဥပဒေ ၈ တွင် ပြဋ္ဌာန်းထားသော အမှုကိုကြားနာရန်ချိန်းဆိုသောနေ့ ငြင်းချက်ထုတ်သည့်နေ့ကို ဦးစွာပထမ ကြားနာသည့်နေ့အဖြစ်သတ်မှတ်သည်။

**first offender** ပထမအကြိမ်ပြစ်မှုကျူးလွန်သူ။

**fishery** --ရေလုပ်ငန်း။

**first to file rule (CPC)**တူညီသောအမှုသည်များက တူညီသော အကြောင်းခြင်းရာနှင့် စပ်လျဉ်း ၍ စီရင်ပိုင်ခွင့်ရှိသော တရားရုံးနှစ်ရုံးတွင် တစ်ပြိုင်တည်းအမှုဖွင့်လှစ်ခဲ့ရာ ပထမစွဲတင်သည့် တရားရုံးတွင် အမှုကို ဆက်လက်ထားရှိစစ်ဆေးရန်ဖြစ်ပြီး ကျန်တရားရုံးမှ အမှုကို ပိတ်ပစ်ရန်ဖြစ်သည်။

**fitness** သင့်တော်လျော်ကန်ခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ အဆင်သင့်ဖြစ်ခြင်း။

**fixation** သတ်မှတ်ခြင်း။

**fixed annuity** --လက်ခံသူ၏ တစ်သက်တာအတွက် သို့မဟုတ် အခြားသတ်မှတ်ထား သော ကာလအတွက် ငွေကြေးတစ်စုံတစ်ရာကို နှစ်စဉ်ပေးရန်။

**fixed assets** စီးပွားရေးလုပ်ငန်းတစ်ခုတွင် ကာလရှည်ကြာအသုံးပြုနိုင်သော ရပိုင်ခွင့်ဖြစ်ပြီး ၎င်းကို ငွေကြေးနှင့် ပြောင်းလဲခွင့်မရှိပေ။ ဥပမာ





ကော်ပစ္စည်း များ အဆောက်အဦးများ စက်ရုံနှင့်ပူးတွဲပစ္စည်းများဖြစ်သည်။ ...ဲ့သေရပိုင်ခွင့်ဟု လည်းခေါ်သည်။

**fixture (n)** မြေနှင့်အဆောက်အအုံများတွင် ဖယ်ထုတ်ရန် မလွယ်ကူသော အခိုင်အမာတပ်ဆင်ထားသည့်အရာ၊ ဥပမာ မီးဖို၊ ပြူတင်းပေါက်၊ သံနှင့် ဝက်အူတို့ဖြင့် စုတ်ထားသောခန်းဆီး။

**flagitious (adj)** အလွန့်အလွန်ဆိုးဝါးသော၊ ရှက်ဖွယ်လိလိဖြစ်သော။

**flagrante delicto (latin)** An act being committed leading to a crime. ပြစ်မှုကျူးလွန်မည့်အဆင့်ကို ဦးတည်နေသော လုပ်ဆောင်ချက်။

**flat bond**--ငွေတန်ဖိုးသတ်မှတ်ဖော်ပြချုပ်ဆိုသည့်စာချုပ်။

**flat yield** -ပုံသေပုတ်ပြတ်အတိုး။ ငွေချေးစာချုပ်အချို့တွင် ရောင်းချ သည့်ဈေးနှုန်းပေါ်၌ နှစ်စဉ်ပုံသေ အတိုးနှုန်းဖော်ပြပါရှိခြင်း၊ များသောအားဖြင့် အချိန်ရောက်သောအခါ၊ လဲလှယ်လျှင် ရရှိမည့်တန်ဖိုးကိုသာ ဖော်ပြလေ့ ရှိသည်။

**float (n)**--မျှောထားသည်။

**floating capital** နေ့စဉ်ကုန်ကျစရိတ်အတွက် သီးသန့်ထားသော မတည်ငွေ၊ ငွေရင်း။

**floating charge**--ငွေချေးယူသူ၏ပြောင်းလဲနေသော ရပိုင်ခွင့်များ အပေါ် အပေါင်ပြုခြင်း၊ ငွေချေးယူရာတွင် ကုမ္ပဏီ၏ပိုင်ဆိုင်မှု အရပ်ရပ်ကို သဘာဝယျအားဖြင့် အာမခံ အပေါင် collateral security အဖြစ်ထားခြင်း။

**foot note**---အောက်ခြေမှတ်ချက်။

**foot print**--ခြေရာ၊ ဖိနပ်အရာ။

**forbearance (n)**----အခွင့်အရေးရှိသော်လည်း မဆောင်ရွက်ဘဲ ရှောင်ကြဉ်ခြင်း။ အခွင့်အရေး ကတိဝန်ခံချက် သို့မဟုတ်အကြွေးကို အရေးယူ ဆောင်ရွက်နိုင်ခြင်းမှ သက်ညှာခြင်း။

ဥပမာ။ အဖိုးဖြစ်သူ ဦးဘသည် မြေးဖြစ်သူ မောင်မြဆေးလိပ်စွဲနေသည်ကို အလွန်စိတ်ပျက်နေပြီး ဦးဘသည် မောင်မြအားခေါ်ယူပြီး အသက် ၂၅နှစ် ပြည့်သည်တိုင်အောင် ဆေးလိပ်မသောက်ဘဲ ရှောင်ကြဉ်ပါက ဒေါ်လာ ၁၀၀၀၀၀ ပေးမည်ဟု ကတိပြုပြီး မောင်မြကလည်း သဘောတူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြအသက် ၂၃ နှစ်တွင် ဦးဘသေဆုံး သွားသည်။ မောင်မြသည် အသက် ၂၅နှစ်ပြည့်သည့်အထိ ဆေးလိပ် မသောက်ဘဲ ရှောင်ကြဉ်နေပြီး ဦးဘ၏သေတမ်းစာအတည်ပြုသူထံမှ ငွေဒေါ်လာ ၁၀၀၀၀၀သွားတောင်းသည်။ သေတမ်းစာအတည်ပြုက မောင်မြသည်အဆိုပါငွေအတွက်မည်သည့်အရာကို ပြန်ပေးရန် ကတိမရှိဆိုကာငြင်းပယ်လိုက်သည်။ မောင်မြသည် တရားရုံးမှ တစ်ဆင့် တောင်းခံရာတွင်တရားရုံးက မောင်မြသည် ဆေးလိပ်သောက်ရန်အခွင့်အရေး ရှိပါလျက်ရှောင်ကြဉ်ခြင်းအားဖြင့် အဖိုး ဖြစ်သူနှင့်ပဋိညာဉ်ကို ပြုလုပ်ရာရောက်ပြီးသေတမ်းစာ အတည်ပြုသူ အနေဖြင့် မောင်မြကိုငွေထုတ်ပေးရန် အမိန့်ချသည်။

**for the purpose of this article** ဤစာပုဒ်ပါကိစ္စများ အလိုငှာ။

**forbidden (adj)** တားမြစ်ထားသော ဟန့်တားထားသော။

**for cause** - for a legal reason or gronnd. ဥပဒေအကြောင်းပြချက် သို့မဟုတ် ဥပဒေအခြေခံအတွက်။

**force** (v)(n)- လူတစ်ဦးတစ်ယောက် သို့မဟုတ် အကြောင်းအရာတစ်ခုအပေါ်တွင် အင်အားသုံးခြင်း၊ အကြမ်းဖက်ခြင်း သို့မဟုတ် တိုက်ရိုက်ဖိအား ပေးခြင်း။

**force sale** အတင်းအကြပ် ရောင်းချစေမှု။ တရားရုံးအမိန့်အရ ပစ္စည်းများရောင်းချစေခြင်း၊ ဥပမာ လူမွဲလျှောက်ထားလာသည့်အခါ သို့မဟုတ် အပေါင်ပစ္စည်းရွေးနှုတ်ခွင့် လျှောက်ထားလာသည့်အခါ ပစ္စည်းကို အတင်းအကြပ်ရောင်းချစေမှုဖြစ်ပေါ်စေသည်။

**force majeure** မလွန်ဆန်နိုင်သောဖြစ်ရပ်၊ မတားဆီးနိုင်သော ဖြစ်ရပ်။ ပဋိညာဉ်စာချုပ်များ ချုပ်ဆိုရာတွင် သုံးနှုန်းလေ့ရှိသည်။ မိုးကြိုးပစ်ခြင်း၊ မီးလောင်ခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်း စသည်တို့ကြောင့် ပဋိညာဉ်ကို ဆက်လက်မဆောင်ရွက်နိုင်သောအခါ တစ်ဖက်မှပဋိညာဉ်အတိုင်းဆက်လက် ဆောင်ရွက်ပေးရန် မတောင်းဆိုရန်အတွက် ထည့်သွင်းချုပ်ဆိုလေ့ရှိသည်။ ထိုအထဲတွင် ရေကြီး ခြင်း၊ အဓိကရုဏ်းဖြစ်ပွားခြင်းနှင့် စစ်ဖြစ်နေခြင်းများလည်း ပါဝင်သည်။

**forced labour** ကာယကံရှင်ဆန္ဒမပါဘဲ အတင်းအကြပ် အလုပ်ကြမ်းများကို စေခိုင်းခြင်း။





**forcible entry** သူတစ်ပါးပိုင်မြေပေါ်သို့ ပိုင်ရှင်၏အခွင့်အမိန့် မရဘဲ၊ အင်အားသုံး၍ လည်းကောင်း၊ ခြိမ်းခြောက်၍လည်း လည်းကောင်း၊ ဝင်ရောက်ပြီး လက်ရောက် ရယူထားခြင်း။

**foreclosure** - အပေါင်ပစ္စည်းရွေးနှုတ်ခွင့်ကို ပိတ်ပင်ခြင်း။(ပစ္စည်းလွှဲပြောင်းခြင်း၊ အက်ဥပဒေ ပုဒ်မ၆၇)

**foregoing** အထက်တွင် ဖော်ပြခဲ့သော၊ အထက်တွင် ပြဆိုခဲ့သော၊ ဆိုခဲ့ပြီးသော (AGO)

**foreign investment** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။

**forensic (adj)** တရားရုံးနှင့်သက်ဆိုင်သော ဥပဒေနှင့်ဆိုင်သော၊ တရားရုံးတွင် အသုံးပြုရန်အတွက် သင့်လျော်သော သက်သေခံနှင့် သက်သေ အစစ်ခံချက် သို့မဟုတ် အခြားဥပဒေဆိုင်ရာအချက်များ။

**forensic animation** ကွန်ပြူတာဖြင့် အထူးပြုဆောင်ရွက်ထားသည့် ပုံရိပ်များ။ မတော်တဆဖြစ်ပွားခြင်း၏ အဖြစ်အပျက်များကို တရားရုံးတွင် တင်ပြအသုံးပြုရန်အတွက် ကွန်ပြူတာဖြင့် ပြန်လည်ဖန်တီးထားသည့် ပုံရိပ်များ။

**forensic medicine** ဥပဒေရေးရာဆေးပညာ။ (မှုခင်းဆိုင်ရာဆေးပညာ)။ ဥပဒေဆိုင်ရာ (မှုခင်းပိုင်းဆိုင်ရာ) ပြဿနာများကို သိပ္ပံပညာရပ်ကို အသုံးပြု၍ ဖြေရှင်းပေးသည့်ပညာ။ ဆေးပညာမှုသဘောနှင့် ဥပဒေပညာတို့ ပေါင်းစပ်လာခြင်း ဖြစ်သည်။ ဥပမာ လူသေအလောင်းတစ်လောင်းကို လမ်းဘေးတစ်နေရာရာ၌ တွေ့လျှင် သွေးရိုးသားဖြင့် သေဆုံးခြင်းဟုတ်မဟုတ် (သေမှုသေခင်း) ကို စုံစမ်းစစ်ဆေးပြီး တစ်ခါတစ်ရံ လူသတ်မှုအဖြစ် စစ်ဆေးရခြင်းမျိုးဖြစ်သည်။

**forensic testimony** ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်၏ တရားရုံးရှေ့ သက်သေအဖြစ်အစစ်ခံချက်။

**forensic oratory**--အများပြည်သူရှေ့တွင် စကားပြောကျွမ်းကျင်သူ။

**foreseeability** ကျိုးကြောင်းသင့်လျော်သော ကြိုတင်မျှော်လင့်နိုင်သည့် အရည်အချင်း။



www.burmeseclassic.com

www.burmeseclassic.com



**forfeit (v)**--ဥပဒေကို နှောက်ယှက်ဖောက်ဖျက်သည့် ပြစ်ဒဏ်အနေဖြင့် အလိုအလျှောက် ပစ္စည်းနှင့် အခွင့်အရေးဆုံးပါးသွားခြင်း။ ဥပမာ အရက်သေစာသောက်စားမူးယစ်ပြီး ယာဉ်မောင်းခြင်း သို့မဟုတ် အကြိမ်ကြိမ်လမ်းစည်းကမ်းချိုးဖောက်ခြင်းတို့အတွက် ယာဉ်မောင်းလိုင်စင် အသိမ်းခံရခြင်း။

**forfeiture(n)** -ဥပဒေကို ချိုးဖောက်မှုအတွက် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

**forger (n)** စာရွက်စာတမ်း၊ လက်မှတ်သို့မဟုတ် အခြားအဖိုးတန်ပစ္စည်းများကို အတုပြုလုပ်သူ သို့မဟုတ် အတုပြုလုပ်ရန် အားထုတ်သူ။

**forgery** အစစ်ဟုထင်မြင်စေရန်အတွက် လိမ်လည်လှည့်ဖျားရန် အကြံဖြင့် စာရွက်စာတမ်းများ၊ လက်မှတ်သို့မဟုတ် အခြားသောအဖိုးတန်ပစ္စည်းများကို အတုပြုလုပ်ခြင်း။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၆၃ (ပုဒ်မ ၄၆၅အရအရေးယူနိုင်သည်)

**form(n)**--ပုံစံ။ တရားရုံးသို့ တင်သွင်းရသည့် သတ်မှတ်ပုံစံများ။

**fornication (n)** လက်မထပ်ရသေးသော စုံတွဲများ နှစ်ဦးသဘောတူညီချက်ဖြင့် ကိုယ်လက်နှီးနှောကြခြင်း။

**forth coming** လာဆဲ၊ လာလတ္တံ့သော။

**forth with** ချက်ခြင်း။ အဆိုပါစကားလုံးကို ပဋိညာဉ်စာချုပ်များ၊ တရားရုံးအမိန့်များ ပြဋ္ဌာန်းဥပဒေများတွင် တွေ့ရတတ်ပြီး အဓိပ္ပါယ်မှာ ချက်ခြင်းသင့်လျော်သော ဆောင်ရွက်ချက်ပြုနိုင်ကြောင်းဖြစ်သည်။ကြန့်ကြာအောင်အကြောင်းပြခြင်းကို လက်မခံဘဲချက်ခြင်း ဆောင်ရွက်ရန်သွယ်ဝိုက်သော အဓိပ္ပါယ်ရှိသည်။

**forum(n)** တရားစီရင် စီရင်ရန် ကြားနာရန်၊ အမှုစွဲဆိုရန် ဆောင်ရွက်နေရာ တရားစီရင်ပိုင်ခွင့် နယ်မြေ။ ဆွေးနွေးရာ နေရာ။

**foster (v)** သွေးသားမတော်စပ်ဘဲ မိဘကဲ့သို့ ကျွေးမွေးစောင့်ရှောက်ခြင်း။

**foster parent** မွေးစား မိဘများ။ ကလေးမိဘရှိသော်လည်း မစောင့်ရှောက်နိုင်သည့် အတွက် အရွယ်မရောက်သေးသော ကလေးကို ပြုစုစောင့်ရှောက်ပေးသူ။

**foster child** အစိုးရအဖွဲ့အစည်းမှဖြစ်စေ၊ တရားရုံးကဖြစ်စေ၊ တစ်ဦးတစ်ယောက်မှစောင့်ရှောက်ထိန်းသိမ်းထားရန်ပို့အပ်ခံရသည့်ကလေး။





**foundation (n)** အုတ်မြစ်။ ပညာရေးဘာသာရေး သုတေသနလုပ်ငန်းစသည့်တို့အတွက်တည်ထောင်ထားသော ရံပုံငွေအဖွဲ့။ အခြားသက်သေခံအထောက်အထားများကို သက်သေခံတင်သွင်း နိုင်ရန်အတွက် အထောက်အကူဖြစ်စေသော သက်သေခံနှင့် ထွက်ချက်များ။

**fourth estate** သတင်းမီဒီယာ၊ စတုတ္ထမဏ္ဍိုင်။

**four corners** စာချုပ်စာတမ်းများတွင်ပါရှိသည့် ဘောင်အတွင်းမှ ကောက်ယူသည်။

**fractional (adj)** ဧရိယာအလွန်နည်းသော မြေအစိတ်ပိုင်း။

**frame (n)** မှုကြမ်းတစ်နည်းအားဖြင့် စာချုပ်စာတမ်းများရေးဆွဲခြင်း၊ ပုံစံချခြင်း၊ တည်ဆောက်ခြင်း သာမန်ပုဂ္ဂိုလ်တစ်ဦးကို ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်း မမှန်ကန်သော သက်သေအထောက်အထားများဖြင့် စွဲဆိုခြင်း။

**franchise (n)** မဲပေးပိုင်ခွင့်၊ နိုင်ငံတော်က တစ်ဦးတစ်ယောက် သို့မဟုတ် ကော်ပို ရေးရှင်းတစ်ခုသို့ လုပ်ငန်းလိုင်စင်ချပေးခြင်း။ ဥပမာ မော်တော်ယာဉ်လိုင်းဆွဲခွင့်ပြုခြင်း။ လေကြောင်းလိုင်း လိုင်စင်ရသူသို့ နိုင်ငံပိုင်လေဆိပ်ကို အသုံးပြုခွင့် ပေးခြင်း။ စီးပွားရေးလုပ်ပိုင်ခွင့်များချပေးခြင်း။

**franchise agreement** လုပ်ငန်းခွဲဝေ လုပ်ကိုင်မှု။

**franchising** ကုန်အမှတ်တံဆိပ် brand name တစ်ခုကို ခိုင်ကြေး royalties ပေး၍ မူလပိုင်ရှင်နှင့် စာချုပ်ချုပ်ဆိုကာ သတ်မှတ်ထားသော ဧရိယာ ဒေသတွင် ထုတ်လုပ်ရောင်းချခြင်း။

**fratricide (n)** ညီအစ်ကို ချင်းသတ်ခြင်း။

**fraud(n)** လိမ်လည်လှည့်ဖျားခြင်း (များသောအားဖြင့် တရားမနစ်နာမှုဖြစ်သော်လည်း၊ တမင်ဖြစ်စေချင်သော သဘောဖြင့်ပြုလျှင် when the conduct is willful ပြစ်မှုမြောက်သည်။ သူတစ်ပါးပေါ်တွင် မတရားအမြတ်ထုတ်ရန်အတွက် လိမ်ညာခြင်း၊ မဟုတ်မမှန်လုပ်ကြံ တင်ပြခြင်း။ အခြားသူတစ်ဦးတစ်ယောက်ကို နစ်နာစေရန်ရည်ရွယ်ချက်ဖြင့် လိမ်လည်လှည့်ဖျားမှု fraud ဆိုသော စကားရပ်တွင် အလွဲပြောဆိုခြင်း၊ ထိန်ချန်ခြင်း သို့မဟုတ် အရေးပါသော အဓိကကျသော အချက်များကို ထုတ်ဖော်ပြောရန် ထိန်ချန်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် အနည်းဆုံးတစ်ဖက်မှ အသိလွဲမှားစေရန် ပြခြင်း (သို့မဟုတ်)လှည့်စားခြင်း သို့မဟုတ် အကြံအဖန်ပြုလုပ်ခြင်းများလည်း ပါဝင်သည်။ တရားမကြောင်းဆိုင်ရာ လိမ်လည်လှည့်ဖျားခြင်း။ စိတ်ဆန္ဒမပါသော် လည်း အခွန်များရှောင်လွှဲရန် တမင်သက်သက်ပြုခြင်း။ တရားမဆိုင်ရာတွင် သုံးသော intentional နှင့် ပြစ်မှုများတွင် သုံးသော willful ဆိုသော ဝေါဟာရ၏ခြားနားမှုတွင် အမြဲတန်းရှင်းလင်းမှု မရှိပါ။ (the distinction between an intentional (ie civil) and willful (ie criminal) fraud is not always clear သို့သော် Civil fraud သည် ငွေကြေးဆိုင်ရာကိစ္စသာဖြစ်ပြီး ပြစ်မှုပြစ်ဒဏ် မကျရောက်နိုင်ပါ။ constructive fraud စေတနာမပါသော လိမ်လည်ခြင်း သို့မဟုတ် အလွဲပြောဆိုခြင်းဖြင့် တစ်ဦးတစ်ယောက်ကို နစ်နာစေခြင်း။

အများအကျိုး သို့မဟုတ် ပုဂ္ဂလိက အကျိုးကိုထိခိုက်ရာရောက်သည့် လိမ်ညာလုပ်ကြံ ပြောဆိုခြင်း။

criminal fraud ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်ကျရောက်နိုင်သော လိမ်လည်မှု။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၅/၄၆၃ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၇ တို့ကိုလည်း ကြည့်ပါ။)

**fraudulent (adj)** လိမ်လည်လှည့်ဖျားလျက်။

**fraudulent conduct** လိမ်လည်လှည့်ဖျားလိုသော သဘောဖြင့်။

**fraudulent conveyance** မြီရှင်တို့ ရရန်ရှိသည်များကို နှောင့်နှေးစေရန်၊ လိမ်လည်ရန်ရည်ရွယ်၍ မြီစားက ၎င်းပိုင်ပစ္စည်းကို မြီရှင်လက်လှမ်းမမီသည့် နေရာသို့ ပြောင်းရွှေ့ထားခြင်း လွှဲပြောင်းပေးလိုက်ခြင်း။ ထိုကဲ့သို့သော ကိစ္စများတွင် မြီရှင်ဘက်မှ မြီစား၏လွှဲပြောင်းခြင်းသည် ပျက်ပြယ်ကြောင်း တရားတစ်ထုံးဖွဲ့နိုင်သည်။

**fraudulent preference** လိမ်လည်လှည့်ဖျားလိုသော သဘောဖြင့်ဦးစားပေးခြင်း။ ကြွေးမြီများကို ပေးဆပ်ရန်အချိန်ကျရောက်၍ ကြွေးမဆပ်နိုင်သော မြီစားတစ်ဦးသည်။ မြီရှင်အများအနက် မြီရှင်တစ်ဦးကို မသမာသောဆန္ဒဖြင့် ဦးစားပေးကြွေးဆပ်ခြင်း။ ထိုသို့ ကြွေးဆပ်ပြီးနောက် (၃)လအတွင်း လူမွဲခံယူခဲ့သော်၊ လူမွဲဖြစ်သွားပါက လွန်ခဲ့သည့် (၃)လက ကြွေးဆပ်ခဲ့ခြင်းနှင့် လွှဲပြောင်း





ပေးခဲ့ခြင်းမှာ မတရားလွှဲပြောင်းပေးခြင်းဟု ယူဆပြီး ပစ္စည်းထိန်းက လျှောက်ထားကန့်ကွက်လျှင် ပျက်ပြယ်စေနိုင်သည်။ (Myarmar Insolvency|Act sec 45)

**free and clear** အပေါင်အနှံကင်းရှင်းသော ပစ္စည်း။ ပစ္စည်းပိုင်ရှင်က ပစ္စည်းကို အာမခံအဖြစ်ထားပြီး ငွေချေးယူလျှင်၊ ချေးငွေကိုပေးဆပ်ကာ အပေါင်ပစ္စည်း ရယူခဲ့ပြီးနောက် ထိုပစ္စည်းပေါ်တွင် မည်သူမျှမတောင်းဆိုတော့လျှင် အပေါင်အနှံ ကင်းရှင်းသည့် အာမခံကင်းရှင်းသည့် ပစ္စည်းဖြစ်လာသည်။

**free consent** လွတ်လပ်သော သဘောတူညီချက်။ ပဋိညာဉ်ပြုလုပ်ရာ၌ ပေးသော သဘောတူညီချက်သည်၊ အနိုင်အထက်ပြုခြင်း၊ မတရားသြဇာလွှမ်းမိုးခြင်း၊ လိမ်လည်ခြင်း၊ အလွဲဖော်ပြခြင်း၊ မှားယွင်းခြင်းတို့မှ ကင်းလွတ်သော သဘောတူညီချက်ဖြစ်သည်။

**free on board** အတိုကောက် FOB၊ ကုန်များ သင်္ဘောပေါ်အရောက် တန်ဖိုးဖြစ်သည်။ ဝယ်သူကကုန်ပစ္စည်းသယ်ဆောင်ခနှင့် အာမခံကြေးကို ပေးဆောင်ရန်ဖြစ်သည်။

**freedom of conscience** လွတ်လပ်စွာ ယုံကြည်ခွင့်။

**freehold land** ဘိုးဘွားပိုင်မြေ။ မြေယာကို သားစဉ်မြေးဆက်ပိုင်ဆိုင်ခြင်း။

**freeze(n)**--စီးပွားရေးလုပ်ငန်းတစ်ချို့ကို နိုင်ငံတော်က ထိန်းချုပ်ထားသည့်ကာလ။

**fresh (adj)** ဆန်းသစ်သော၊ လတ်ဆတ်သော၊ အသစ်ဖြစ်သော။

**fresh pursuit** လွတ်မြောက်နေသော မသင်္ကာတရားခံကို ရဲအရာရှိက ဝါရမ်းမပါဘဲ ဖမ်းဆီးခွင့်၊ လတ်တလော လုယူသွားသည့် ပစ္စည်းကို ပြန်လည်ရယူရန်အတွက် သင့်တော်သော အင်အားကို အသုံးပြုပိုင်ခွင့်။ hot pursuit ဟုလည်းသုံးသည်။

**freight(n)**—ကုန်ပစ္စည်း၊ ကုန်တင်သည်။

**freight charges** - သင်္ဘော၊ ရထား၊ လေယာဉ်ပျံဖြင့် ကုန်များတင်ပို့ရာတွင် ပေးရသော သယ်ယူပို့ဆောင်ခ။

**freight forwarder** ကုန်များကို စီစဉ်တင်ပို့သူ။ ကုန်ပစ္စည်းများကို ပို့ဆောင်ပေးရန် လက်ခံစုဆောင်းပြီး ကားတစ်စီးတိုက်၊ ရထားတစ်တွဲစာ၊



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံတစ်ခေါက်၊ သင်္ဘောတစ်ခေါက်စာ ကုန်များရသောအခါ အဆိုပါ ယာဉ်များဖြင့် သက်ဆိုင်ရာ ဒေသများသို့ အပျက်အစီးမရှိစေဘဲ၊ အခကြေးငွေယူ ပို့ဆောင်ပေးသူ။

**friendly suit** နှစ်ဘက်သော အမှုသည်များ (ဥပမာကုမ္ပဏီနှစ်ခု)သည် အငြင်းပွားနေသော အချက်ကို ပြေလည်အောင် ရှင်းလင်းပေးသည်ကို လက်ခံကြရန်အတွက် သဘောတူထားကြပြီး ၎င်းရုံးသို့ အမှုပုံစံဖြင့် တင်သွင်းခြင်း။ ဥပမာ ကုမ္ပဏီနှစ်ခုသည် ပဋိညာဉ်ပါအချက် တစ်ခုကို ဥပဒေဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုပေးရန်အတွက် တရားရုံးသို့ အမှုပုံစံဖြင့် တင်သွင်းခြင်း၊ (တရားမကျင့် ထုံးဥပဒေအမိန့် ၃၆ ကြည့်ပါ။)

**friendly relations** ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံရေး။ (AGO)

**friendly witness** မိမိဘက်က တင်ပြသည့်သက်သေ။ ပြန်လှန်မေးခွန်းမေးခွင့်မရှိ။ မိမိအပေါ် ထိခိုက်နစ်နာမှုဖြစ်စေရန် ထွက်ဆိုလာပါက တရားရုံးသို့ တင်ပြ လျှောက်ထားပြီး ဆန့်ကျင်သက်သေအဖြစ် ကြေငြာကာ နိမိတ်ပြမေးခွန်းနှင့် ပြန်လှန်မေးခွန်းများ မေးမြန်းနိုင်သည်။

**friend of the court (amicus curie)** တရားရုံး၏မိတ်ဆွေ အကြောင်းခြင်းရာ သို့မဟုတ် ဥပဒေရေးရာ ပြဿနာနှင့်စပ်လျဉ်း၍ တရားရုံး၏မိတ်ဆွေအဖြစ် ကူညီရှင်းလင်း တင်ပြပေးသောရှေ့နေ။ (ရုံးတော်၏သဟာယ)

**fringe benefit** အလုပ်သမားသို့ လစာအပြင်ပေးသော အကျိုးခံစားခွင့်။ ဥပမာ – ကျန်းမာရေးနှင့် အသက်အာမခံထည့်ပေးခြင်း။ ထိုပေးငွေများအပေါ်တွင် အလုပ်သမားဘက်မှ အခွန်ပေးဆောင်ရခြင်းမရှိသကဲ့သို့ အလုပ်ရှင်ဘက်မှလည်း အခွန်ထမ်းဆောင်ရမည့်ငွေစာရင်းမှ ထုတ်နှုတ်ခွင့်ရှိသည်။

**frisk (v)** ဝှက်ထားသော လက်နက်များကို ရှာဖွေဖော်ထုတ်ခြင်း။

**frivolous (suit)(adj)** ဥပဒေအချက်အလက် ရှင်းရှင်းလင်းလင်း လုံလောက်အောင်မရှိဘဲ မခိုင်မာဘဲ တရားစွဲသော အရေးမယူလောက်သော။ အရေးမကြီးသော။ တရားပြိုင်ထံမှ ခြိမ်းခြောက်ငွေတောင်းရန်(သို့မဟုတ်) တရားပြိုင်အား အနှောက်အယှက်ဖြစ်စေရန် စွဲဆိုခြင်းဖြစ်သည်။





**frontier (n)** နယ်စပ်။ နိုင်ငံနှစ်နိုင်ငံအကြား၊ နယ်စပ်မျဉ်းအနီးရှိ ပိုက်နက်နယ်မြေ။

**frozen account** တရားရုံး၏ ခွင့်ပြုမိန့်မရမချင်း ငွေသွင်းငွေထုတ်ခွင့်မပြုသော ငွေစာရင်း။ (AGO)

**frustration (n)**- ပျက်ပြားစေခြင်း။

**frustration of contract** ပဋိညာဉ်များ ပျက်ပြားခြင်း။ တစ်ဖက်မှပဋိညာဉ်အတိုင်း ဆောင်ရွက်နိုင်မှု မရှိခြင်းသည်၊ ကြိုတင်မမြင်နိုင်သော အကြောင်းအချက်ကြောင့် သို့မဟုတ် မိမိအစိုးမရသော အကြောင်းအချက်ကြောင့် ပဋိညာဉ်ပျက်ပြားခြင်း။

ဥပမာ။ မောင်ဖြူနှင့်မနီတို့ ထိမ်းမြားကြရန် ရက်သတ်မှတ်ပြီး ပဋိညာဉ်ပြုထားသည်။ ထိုသတ်မှတ်ရက်မတိုင်မီ မောင်ဖြူမှာ ရူးသွပ်သွားသည်။ ထို့ကြောင့် လက်ထပ်ရန် ပဋိညာဉ်ပျက်ပြယ်သွားသည်။

**fugitive from justic** ပြစ်မှုထင်ရှား စီရင်ခံရသူ သို့မဟုတ် ပြစ်မှုဖြင့်စွတ်စွဲခံရသူသည် ဥပဒေဖြင့် အရေးမယူနိုင်ရန် ပုန်းကွယ်ခြင်း သို့မဟုတ် စီရင်ပိုင်ခွင့်နယ်မြေမှ ထွက်ပြေးတိမ်းရှောင်ခြင်းတို့ဖြင့် ဖမ်းဆီးမခံရအောင် သို့မဟုတ် ပြစ်ဒဏ် မကျခံရအောင် ရှောင်ရှားနေခြင်း။

**full age**--ဥပဒေအရ အရွယ်ရောက်သည့်အသက်။

**full bench**---စုံညီခုံရုံး။

**full powers**– အာဏာကုန်။

**functions**---လုပ်ငန်းတာဝန်များ။

**fundamental rights**--မူလအခွင့်အရေးများ။

**fundamental rules**---ဝန်ထမ်းစည်းမျဉ်းများ။

**furlough (n)**— စစ်မှုထမ်းခြင်းမှ သို့မဟုတ်အလုပ်အကိုင်မှ ခေတ္တအနားယူခွင့်၊ အားလပ်ခွင့်။

**furtherance (n)**---တိုးတက်ဖြစ်မြောက်စေခြင်း။

**future estate**--လတ်တလော ပိုင်ဆိုင်သည့်အခွင့်အရေး မရှိသေးသော်လည်း တစ်ချိန်သောအနာဂါတ်ကာလတွင် ပိုင်ဆိုင်လာနိုင်သည့်မရွှေ့မပြောင်းနိုင်သော ပစ္စည်း။



www.burmeseclassic.com

www.burmeseclassic.com



**future goods** –အနာဂါတ်ကုန်စည်။ အရောင်းအဝယ်ပဋိညာဉ်ပြုလုပ်ပြီးနောက် ရောင်းချသူမှပြုလုပ်ရန်၊ထုတ်လုပ်ရန်ကုန်စည်။ (ကုန်ရောင်း၊ဝယ်ဥပဒေ ပုဒ်မ၂(၆)

**future interest**– အနာဂါတ်အကျိုးစီးပွား ဥပမာ ဖွန်သည် ၎င်း၏သေတမ်းစာတွင် နေအိမ်ကို ညီမဖြစ်သူ မာရီယာအားပေးရန် ရေးသားထားသည်။ သို့ရာတွင်ခြွင်းချက်အနေဖြင့် ၎င်း၏ဇနီး ဟီလာရီသေဆုံးမှသာ ရယူရန်ပါရှိသည်။ ထို့ကြောင့် အိမ်အပေါ် မာရီယာ၏အကျိုးစီးပွားမှာ အနာဂါတ်အကျိုးစီးပွားဖြစ်သည်။



# G

**gag order**- စစ်ဆေးဆဲပြစ်မှု တရားမမှုများနှင့် စပ်လျဉ်း၍အများပြည်သူသို့ဖြစ်စေ၊ စာနယ်ဇင်းများသို့ဖြစ်စေ၊ မိမိထင်မြင်ချက်ကို ဝေဖန်ပြောဆိုခြင်း မပြုရန်၊ ရှေ့နေများနှင့် အမှုသည်များသို့ ထုတ်ဆင့်သည့်တရားသူကြီး၏ အမိန့်။

**gage (n)** အာမခံပစ္စည်း၊ အပေါင်ပစ္စည်း။

**gain** အကျိုးအမြတ်။ ငွေသို့မဟုတ် အဖိုးတန်ပစ္စည်းရရှိခြင်း။ သိမ်းယူရရှိခြင်း။ capital gain - ငွေအရင်းအနှီးကို ရောင်းချခြင်း၊ လဲလှယ်ခြင်းဖြင့် ရရှိသော အမြတ်။ **ordinary gain** -အရင်းအနှီးမဟုတ်သော ရပိုင်ခွင့်များကို ရောင်းချခြင်း၊ လဲအလှယ်ခြင်းဖြင့် ရရှိသောအမြတ်။ **wrongful gain** - ဥပဒေနှင့်အညီ ပိုင်ခွင့်မရှိ သော ပစ္စည်းကို မတရားသောနည်းဖြင့် ရယူခြင်း။ (ပြစ်မှု ဥပဒေပုဒ်မ ၂၃)

**gale(n)** ငှားရမ်းခ။

**gallows (n)** ကြိုးစင်၊ စက်တိုင်။ gallows bird -ကြိုးစင်တက်ရမည့်သူ။



www.burmeseclassic.com

www.burmeseclassic.com



**gambling (n)** လောင်းကစားခြင်း၊ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစားယူသည်ဖြစ်စေ မယူသည်ဖြစ်စေ လောင်းကစားခြင်းကိုဆိုလိုသည်။

**gambling place** လောင်းကစားပြုလုပ်သည့်နေရာ၊ လောင်းကစားအိမ်။

**game (n) (adj)** စည်းကမ်းချက်သတ်မှတ်၍ တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်ခွင့် ပြုခြင်း။ ရဲရင့်သော၊ တိုက်ရဲသော။

**gang (n)** ဒုစရိုက်ဂိုဏ်းအဖွဲ့အစည်း။

**gangster (n)** ဒုစရိုက်ဂိုဏ်းဝင်။

**gaol (n)** အကျဉ်းထောင်။ gaol bird လူမိုက်။ ထောင်မကြာခဏ ကျနေသူ။

goal break ထောင်ဖောက်ပြေးသည်။

**gaoler (n)** ထောင်ပိုင်။ (jailer)

**garnish (v)** အမှုနှင့်သက်ဆိုင်ခြင်း မရှိသောသူ (တတိယပုဂ္ဂိုလ်)လက်ဝယ်ရှိ မြီစားသို့ ပေးရန်ဖြစ်သော ငွေ/ပစ္စည်း (ကြွေးမြီ)ကို မြီစားထံမှ ရရန်ရှိသော မြီရှင်က ဝါရမ်းကပ်ခြင်း။

**garnishee (n)** ကြွေးလွှဲမိန့်ခံ မြီစား။ တရားရုံးသို့ ကြွေးဆပ်ရန် တာဝန်ရှိသူ သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာ ပေးဆပ်ရန်ဖြစ်၍ ၎င်းအား ရုံးတော်က ထိုကြွေးကို တရားရုံးသို့ မပေးဆပ်ရန် သို့မဟုတ် ပစ္စည်းကို မပေးအပ် ရန်နှင့် အဆိုပါကြွေး ပစ္စည်းကို ရုံးတော်သို့ပေးသွင်းရန် အမိန့်ချမှတ်ခြင်းခံရသူ။

**garnishee order** တရားရုံးတစ်ရုံးက လူတစ်ဦးတစ်ယောက်အား တရားရုံးသို့ ပေးဆပ်ရန် ကြွေးငွေ သို့မဟုတ် တရားရုံးပိုင်ဖြစ်၍ ၎င်းလက်ရှိမဟုတ်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ဝါရမ်းဖမ်းသောအခါ ထိုသူအား သို့မဟုတ် တရားရုံး၏ပစ္စည်းလက်ရှိဖြစ်သူအား ယင်းကြွေးသို့မဟုတ် ပစ္စည်း သို့မဟုတ် ဒီကရီနှင့်စရိတ်ငွေကို တရားရုံးသို့ မပေးဆပ်ဘဲ သို့မဟုတ်ပစ္စည်းမပေး အပ်ဘဲ ရုံးတော်သို့ပေးအပ်ရန် ချမှတ်သောအမိန့်။





**garnishment (n)** is the attachment of debts in the hand of third party အမှုနှင့် မသက်ဆိုင်သော အခြားသူတစ်ဦး လက်ဝယ်ရှိကြွေးမြီကို ဝါရမ်းဖမ်းခြင်း။ ဥပမာမြီစားရရန်ရှိသည့်လုပ်အားခများကို ကလေးထောက်ပံ့ ကြေးပေးရန်၊ အခွန်ကောက်ရန် စီရင်ချက်အရပေးရန်အတွက် ဝါးရမ်းဖမ်းခြင်း။

wrongful garnishment. မလျော်ကန်သော သို့မဟုတ် အကျိုး ပျက်စီးနစ်နာမှု ဖြစ်ပေါ်စေသော လျှောက်ထားတောင်းဆိုမှု။

**garrotte, garotte (v)** လည်မျိုးညှစ်၍ သတ်ရာတွင် အသုံးပြုသည့်သားရေ ကျစ်ကြိုး။ လည်ပင်းညှစ်၍ သတ်သည်။ လည်မျိုညှစ်သတ်လုယက်ခြင်း။

**gauntlet** သံချပ်လက်အိတ်ရှည်။ run the gauntlet. လူနှစ်တန်းကြားဖြတ် ပြေးသွားပြီး ထိုသူများ၏ ရိုက်နှက်မှုကိုခံယူရသောပြစ်ဒဏ်။

**gazette (n)** - အစိုးရထုတ်ပြန်သည့် ပြန်တမ်း

**genealogy (n)** - ဆွေစဉ်မျိုးဆက်ဖော်ပြသည့် ဇယား။ ဗီဇမျိုးစဉ်ဆက်ကို လေ့လာသော ပညာ။

**general agreement on tariffs and trade (GATT)**

အကောက်ခွန်နှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူ စာချုပ်။ စာချုပ်အဖွဲ့ဝင်များအကြား ကုန်သွယ်ရေးအတားအဆီးများကို နှစ်တကျလျှော့ချရန် သဘောတူကြသည်။ ၁၉၉၇ ခုနှစ်မှ စ၍ GATT သည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ WTO ၏ တာဝန်များဖြစ်လာသည်။

**general appearance** တရားရုံးရှေ့သို့ အမှုသည် ကိုယ်စားရှေ့နေမှ ပထမဦးဆုံးအကြိမ် ရောက်ရှိခြင်း။ ထိုသို့ ရောက်ရှိပြီးနောက် အမှု၏ နောက်ပိုင်း ရုံးချိန်းများတွင် တာဝန်ရှိလာသည်။ သို့သော် ရှေ့နေပြောင်းသွားလျှင်မူ တာဝန် ရှိပေ။

**general agent** လူတစ်ဦးက ၎င်း၏ကိုယ်စားဆောင်ရွက်ရန်ခန့်အပ်ထားသော အထွေထွေကိုယ်စားလှယ်။

**general assembly** - အထွေထွေညီလာခံ။

**general average** - ရေကြောင်းအာမခံဆိုင်ရာ ဝေါဟာရ။ ပင်လယ်ပြင်တွင် ဆုံးရှုံးမှု ပျက်စီးမှုကိစ္စရပ်များတွင် သုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



**general bequest** သေတမ်းစာပါ အမွေပေးသည့်ငွေကြေးပစ္စည်း A bequest of money in a will.
**general counsel** ကော်ပိုရေးရှင်းအတွက် အကြီးတန်းကိုယ်စားလှယ်။
**general clauses** ယေဘုယျစကားရပ်များ။
**general damages**---မည်သည့်အထူးဆုံးရှုံးမှုသို့မဟုတ် နစ်နာမှုကို သက်သေပြရန် မလိုဘဲ အကျုံးဝင်သည့် ယေဘုယျနစ်နာခ ါ. "
**general election** - အထွေထွေရွေးကောက်ပွဲ။
**general excecption** ကင်းလွတ်ရမြဲအချက်များ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၆ မှ ၉၅)
**general power or attorney** အထွေထွေကိုယ်စားလှယ်လွှဲစာ။
**general provisions** ယေဘုယျပြဋ္ဌာန်းချက်များ။
**general verdict**-အရှုံးအနိုင်ကိုသာဆုံးဖြတ်သော စီရင်ချက်။တရားမမှုတွင် မည်သူအနိုင်ရကြောင်း ပြစ်မှုများတွင် တရားခံအပြစ်ရှိကြောင်း သို့မဟုတ်မရှိကြောင်း ချမှတ်သောအမိန့်။
**generic** ပစ္စည်းတစ်ခုကို သီးသီးခြားခြား မဟုတ်ဘဲ အမျိုးအစား အများနှင့်ဆိုင်သော အမည်ကိုတပ်ခြင်း။ ထမင်းဆိုင်ဖွင့်ရာတွင် စိန်ထမင်းဆိုင်ဟု နာမည်မတပ်ဘဲ ထမင်းဆိုင်ဟု အမည်တပ်ခြင်း။ မူပိုင်ခွင့်အကာအကွယ်ကို မရနိုင်။ အမည်မှာ တစ်ဦးတစ်ယောက်ပိုင်ဟု သတ်မှတ်မရသောကြောင့် ဖြစ်သည်။
**generic name** ယေဘုယျအမည်။ ဥပမာ မော်တော်ကား၊ လေယာဉ်ပျံ
**genericide** ကုန်အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်သူသည် ၎င်း၏ကုန်အမှတ်တံဆိပ်အမည် ကို ဆုံးရှုံးသွားခြင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းအမည်သည် ကျယ်ကျယ်ပြန့်ပြန့် နှင့် ရွေးချယ်က ကန့်သတ်မှုမရှိသော အနေအထားသို့ ရောက်သွားခြင်းကြောင့် ဖြစ်သည်။ ဥပမာ escalater(ရွေ့လျားစက်လှေကား)ကို မူလက ကုန်အမှတ် တံဆိပ်ကာကွယ်မှုရှိခဲ့သော်လည်း နောက်ပိုင်းတွင် အထပ်မြင့်သို့ ရွေ့လျားသော စက်ကိရိယာကို ခေါ်ဝေါ်သော စကားလုံးဖြစ်လာ၍ မူလထုတ်လုပ်သူမှ မူပိုင်ခွင့် ဆုံးရှုံးသွားခြင်းဖြစ်သည်။ အခြားသော generic terms များမှာ lite beer. soft soap နှင့် cola စသည့် စကားလုံးများ ဖြစ်ကြသည်။





**genocide (n)** လူမျိုးတစ်မျိုးလုံးကို ကြိုတင်စီစဉ်မှုဖြင့် အစုလိုက်သတ်ဖြတ်ခြင်း။
**gentlemen's agrement** --စာဖြင့် ရေးသားထားခြင်း မရှိ၍ ဥပဒေအရ အကျိုးသက်ရောက်မှုမရှိ သော်လည်း ပါဝင်သူများ၏ ရိုးသားမှု ကိုယ်ကျင့်သိက္ခာရှိမှုအရ စိတ်ချရသည့် သဘောတူညီချက်။
**genuine (adj)**- စစ်မှန်သော၊ ပြောသည့်အတိုင်းမှန်သော။
**german (adj)**- မိဘ ဖတူမွေးသော ညီအစ်ကိုမောင်နှမများ။
**germane (adj)**--ဆီလျော်သော၊ စပ်ဆိုင်သော။
**gestation** - ကိုယ်ဝန်ဆောင်ကာလ။ မိခင်နောက် အိမ်ထောင်မပြုဘဲ ရက်ပေါင်း ၂၈၀ အတွင်းမွေးဖွားလျှင် ကွာရှင်းပြီး ယောကျ်ားနှင့်ရသည့် တရားဝင်သား ဖြစ်ကြောင်းအပြီးသတ်သက်သေခံချက်ဖြစ်သည်။ (သက်သေခံဥပဒေပုဒ်မ ၁၁၂)
**gift (n)** - အဖိုးစားနားမပါဘဲ မိမိပိုင်ငွေနှင့်ပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းခြင်း။ ပေးကမ်းခြင်း အမျိုးမျိုး။

(၁) အလိုအလျောက်အဖိုးစားနားမပါဘဲ ပေးကမ်းခြင်း။
(၂) သေခါနီးဆဲဆဲ ပေးကမ်းခြင်း။
(၃) သေတမ်းစာပြုလုပ်၍ ပေးကမ်းခြင်း။
(၄) စည်းကမ်းချက်ပါသော မေတ္တာဖြင့် ပေးခြင်း။

(ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၂၂မှ ပုဒ်မ ၁၂၉။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ)

**gift causa mortis**--သေခါနီးဆဲဆဲ ပေးကမ်းခြင်း။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သေခါနီးဆဲဆဲအချိန်၌ ပေးလျှင်လုံးဝတရားမဝင်ပါ။
**gift deed**-- မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်။
**gist (n)** --- လိုရင်းအချက်၊ အနှစ်ချုပ်။
**go bail (slang)**-- အာမခံငွေကိုတင်သွင်းခြင်းဖြင့် ဖမ်းဆီးခံရသည့်တရားခံအချုပ်မှ လွတ်ခြင်း သို့မဟုတ် စစ်ဆေးဆဲအမှု သို့မဟုတ် အယူခံတွင် အချုပ် တရားခံအားလွတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**go foward** - ဆက်လက်ဆောင်ရွက်သည်။ (ထမင်းစားချိန်လွန်ပြီး နောက်၊ တရားသူကြီးက တရားလိုအား အမှုကိုဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်။)

**golden parachute** ကော်ပိုရေးရှင်းနှင့် ၎င်း၏စီမံခန့်ခွဲသူအဆင့် အရာရှိကြီးတို့ သဘောတူညီချက်ထားရာတွင် ပိုင်ရှင်ပြောင်းလဲသွားလျှင် လည်းကောင်း ကုမ္ပဏီများပူပေါင်း သွားလျှင်လည်းကောင်းသို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို အလုပ်ဆုံးရှုံးလျှင်သော် ငွေပမာဏစိုစိုပိုပို (လျော်ကြေးအနေဖြင့်)ပေးရန် ထည့်သွင်းချုပ်ဆိုထားသောစာချုပ်။

**good behaviour** ကောင်းမွန်စွာကျင့်ကြံနေထိုင်ခြင်း။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၉)

**good cause** ဥပဒေအရ လုံလောက်သော အကြောင်းပြချက်။

**good will** နာမည်ကောင်းသတင်း။ ကိုင်တွယ်၍မရသော ရပိုင်ခွင့်ဖြစ်၍ ကုမ္ပဏီတစ်ခုကို ဝယ်ယူသူက ကုမ္ပဏီ၏ကျော်ကြားမှု အမည်ကောင်းအတွက် ငွေပေးရခြင်း။ ၎င်းသည် ရပိုင်ခွင့်တစ်မျိုးဖြစ်၍ လက်ကျန်ရှင်တမ်းတွင် နောက်ဆုံးဖော်ပြသည်။

**goods and chattels** မည်သည့် ပုဂ္ဂလိက ပိုင်ပစ္စည်းကို မဆို။ ပုဂ္ဂလိကပိုင် ကိုင်တွယ်၍ရသော ပစ္စည်းများ။

**good title** - ခိုင်လုံသောပိုင်ဆိုင်ခွင့်။

**govern** အုပ်ချုပ်သည်၊ ဩဇာလွှမ်းသည်၊ စိတ်ပိုင်းဖြတ်သည်။

**governing law**-- (also know as choice of law)ပဋိညာဉ်စာချုပ်များ ချုပ်ဆိုရာတွင် စာချုပ်ပါအငြင်းပွားမှုများကို မည်သည့်ပြည်နယ်ဥပဒေ (အမေရိကန်နိုင်ငံ)အရ ဆုံးဖြတ်ရမည်ကို ထည့်သွင်း ထားခြင်း။

**governor (n)**-- ဘုရင်ခံ။

**government (n)**--- နိုင်ငံတော်အစိုးရ။

**grace (days of grace) period** --ခွင့်လွှတ်ရခြင်း။ ပဋိညာဉ်အရ ဆောင်ရွက်ရမည့်နေ့ကို ကျော်လွန်၍ တိုးပေးရသောရက်များ။ ထိုနေ့ရက်အတွင်း မြီစားအနေဖြင့် ကြွေးမြီကို ပေးဆပ်နိုင်ပြီး အတိုးမပေးရပါ။ ဥပမာ-- များစွာသော





အကြွေးဝယ်ကဒ်ပြားစနစ်တွင် ဝယ်ယူသည့်ပစ္စည်းအပေါ် အတိုးမပေးရမီ ရက် ၂၀ မှ ၃၀ အထိ grace period ပေးလေ့ရှိသည်။ grace period အတွင်း ကျသင့်ငွေကို အပြည့်ပေးချေခဲ့လျှင် အတိုးမပေးရတော့ပေ။

**grade (v)** -ပြစ်မှုကျူးလွန်ခြင်း အထိပ်အနက်။ အဆင့်၊ အဆင့်အတန်း။

**graft (n)** - ယုံကြည်အပ်နှံထားသော ရာထူး၏လုပ်ပိုင်ခွင့်အပေါ် အခွင့်အရေးယူပြီး မရိုးဖြောင့်သောသဘောဖြင့် ငွေကြေးနှင့်ဥစ္စာပစ္စည်းများ ရယူခြင်း။ ငွေနှင့်ပစ္စည်းများကို ဥပဒေနှင့် မညီဘဲတရားမျှတမှုကင်းမဲ့စွာဖြင့် ရယူခြင်း။ တံစိုးလက်ဆောင်ရယူခြင်း။

**grant (v)** - ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ဂရုဲ၊ ဂရုဲပေးခြင်း ခွင့်ပြုခြင်း၊ လွှဲအပ်ခြင်း။

**grantee** အရောင်းအဝယ်စာချုပ်ဖြင့် အိမ်ခြံမြေပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးရာတွင် လက်ခံရရှိသူ။

**grantor** ပိုင်ဆိုင်ခွင့်ကို စာချုပ်စာတမ်းဖြင့် လွှဲပြောင်းပေးသူ။

**gratis** အခမဲ့ဖြစ်သော၊ အဘိုးစားနား မပါဘဲဆောင်ရွက်သော။

**gratification (n)** - ကျေနပ်နှစ်သိမ့်စေခြင်း၊ လုပ်ငန်းတစ်ခုအတွက် ကျေနပ်စေရန် တစ်စုံတစ်ရာကိုပေးခြင်း။ များသောအားဖြင့် ငွေသော်လည်းကောင်း အဖိုးတန်ပစ္စည်းကိုလည်းကောင်းပေးခြင်း။ မည်သည့်တံစိုးလက်ဆောင်ပေးခြင်းကို လက်ခံသော အစိုးရဝန်ထမ်းသည် ဥပဒေမဲ့ရယူခြင်း ဖြစ်၍လာဘ်ပေးလာဘ်ယူမှု ဖြင့် အရေးယူခြင်းခံရမည်။

**gratuitous (adj)**--အခမဲ့ရရှိသော။

**gratuitous deed**--- အဖိုးစားနား မပါသော စာချုပ်ပြုလုပ်ခြင်း။

**grave (adj)** အရေးကြီးသော၊ အိန္ဒြေကြီးသော၊ စိုးရိမ်ပူပန်သော။

(n) လူသေများမြှုပ်နှံရာသင်္ချိုင်း။

**grave and sudden provocation** သာမန်လူတစ်ဦး၏ စိတ်တွင် ရုတ်တရက် အကြီးအကျယ်ဒေါသထွက် အောင်ပြုမှုခံရသဖြင့် စိတ်ကို မချုပ်တည်းနိုင်သောပြုမှုမှု။ ဥပမာ လွန်ခဲ့သည့် ရက်က ရုတ်တရက်အကြီး အကျယ်ဒေါသဖြစ်အောင်ပြုခြင်းခံရသည်ဖြစ်စေ ကာမူ နောက်ရက်တွင်မှ ယင်းဒေါသကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်မွေးမြူခြင်းအား ဥပဒေကတရားရုံးက လက်မခံနိုင်ပေ။ (မောင်ဘသောင်းနှင့် ပထမ ၁၉၆၈ စစ်ခုရုံး ၁) မယားဖြစ်သူဖောက်ပြားနေသည်ကို လက်ပူးလက်ကြပ်မိသော လင်က၊ လင်ငယ်ကို သတ်သည့်ကိစ္စတွင် ရုတ်တရက်အကြီး အကျယ်ဒေါသထွက်အောင် ပြုခြင်းခံရသဖြင့် မချုပ်တည်းနိုင်ဘဲ ပြုသည်ဟု ဆိုရမည် (ဦးသက်ဖေရေး ပြစ်မှုဆိုင်ရာဥပဒေသိကောင်းစရာများ ပထမနှိပ်ခြင်း စာ ၅၂၃)

**gratuity (n)** အလုပ်သမားဖြစ်သူကို ၎င်း၏လုပ်သက်၊ သစ္စာရှိမှုနှင့် တာဝန်ကျေပွန်မှုအတွက် ပေးသောဆုကြေးငွေ။ကရုဏာကြေး။

**gravamen** တောင်းဆိုချက်၊ နစ်နာချက် သို့မဟုတ် တိုင်စာတို့၏ လိုရင်းအချက် သို့မဟုတ် အရေးကြီးသောအချက်။ ဥပမာ မော်တော်ယာဉ်မတော်တဆမှုတွင် ယာဉ်မောင်း၏ ပေါ့ဆမှု။

**grievance (n)** တိုင်စာ၏ အခြေခံအချက်များဖြစ်ပေါ်စေသော နစ်နာမှု၊ မှားယွင်းမှု၊ မတရားမှု။

**grift** ---ကျွမ်းကျင်လိမ်မာ သူတစ်ဦးက ၎င်း၏ကျွမ်းကျင်မှုကို အသုံးပြု၍ တရားမဝင်ငွေများရယူခြင်း။ (ဥပမာ ကွန်ပြူတာပညာ/ အီလက်ထရောနစ်ပညာများ အသုံးပြုခြင်း)

**grievous hurt** - အပြင်းအထန်နာကျင်စေမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀)

**gross income** အခွန်၊ ကင်းလွတ်ခွင့်နှင့် အခြားစရိတ်များ မနုတ်မီ ဝင်ငွေရလမ်းရှိသောနေရာများမှ ဝင်ရောက်လာသည့် ငွေစုစုပေါင်း။

**gross negligence** သတိထားမှု စောင့်ရှောက်မှု လျော့နဲ့ခြင်း။ အရမ်းပေါ့ဆခြင်း။

**ground** အကြောင်းပြချက် သို့မဟုတ် တောင်းဆိုခြင်း သို့မဟုတ် လျှောက်လဲချက်များ ဥပဒေဆောင်ဝင်အောင် အမှီပြုသည့်အချက်များ။ အခြေခံအကြောင်း။

**groundless (adj)** ခိုင်လုံသော အကြောင်းမရှိသော။ အခြေအမြစ်မရှိသော။

**guarantee (v)** အခြားသူတစ်ဦး၏ ကြွေးမြီသို့မဟုတ် တာဝန်တစ်ရပ်အတွက် အာမခံ ထားပြေးခြင်း။ အာမခံသည်။ ကတိပေးသည်။ အာမခံသူ။

**guatantor (n)** အာမခံပေးသူ သို့မဟုတ် ကြွေးမြီအတွက် အာမခံချက်ပေးသူ။





**guardian (n)** အရွယ်မရောက်သေးသူ သို့မဟုတ် မစွမ်းဆောင်နိုင်သူ၊ မသန်စွမ်း သူတို့၏ လူနှင့် ပစ္စည်းအပေါ် ဥပဒေအရ အုပ်ထိန်းခွင့်ရရှိသူ

**guardian ad litem** အရွယ်မရောက်သေးသူ သို့မဟုတ် မစွမ်းဆောင်နိုင်သူတို့၏ ကိုယ်စား၊ တရားရုံးတွင် အမှုရင်ဆိုင်ရန်အတွက် တရားရုံးက ခန့်အပ်သည့် အုပ်ထိန်းသူ (များသောအားဖြင့်) ရှေ့နေ natural guardian အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူ မိခင်/ဖခင်

**guadianship certificate** အုပ်ထိန်းခွင့်လက်မှတ်

**guilt** ပြစ်မှု

**guilty** ပြစ်မှုများတရားခံက ၎င်းအပေါ် စွပ်စွဲထားသောပြစ်မှုများကို ကျူးလွန်ကြောင်းဝန်ခံခြင်း၊ တရားခံအပေါ် စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှု ကျူးလွန်ကြောင်း တရားသူကြီးက ဆုံးဖြတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# H

**habeas Corpous (Latin) : you have the body** ရှေ့တော်သွင်းစာချွန်တော်အမိန့်။ Great writ ဟုလည်းခေါ်သည်။ ပြစ်မှုများတွင် အသုံးပြုသော်လည်း တရားမမှုများတွင် လည်း သုံးတတ်သည်။ လူတစ်ဦးတစ်ယောက်အား ချုပ်နှောင်ထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ အဆုံးအဖြတ်ပေးနိုင်ရန်အတွက် တရားရုံးရှေ့သို့ တင်ပို့စေရန် ချမှတ်သော အမိန့်ဖြစ်သည်။ ရည်ရွယ်ချက်မှာ နိုင်ငံသားတစ်ဦးကို အချုပ်အခြယ်မရှိ လွတ်လပ်စွာ နေထိုင်ခွင့်ကို အခြေခံဥပဒေအရ အကာအကွယ် ပေးရန် ဖြစ်သည်။ ရှေ့တော်သွင်းစာချွန်တော်အမိန့်ကြောင့် တရားရုံးက ကြားနာခွင့်ပေးသည့်အခါ ချုပ်နှောင်ခံထားရသူက ၎င်းကို ချုပ်နှောင်ထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း လျှောက်လဲချက်ပေးရန် အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

**habit (n)** မကြာမကြာပြုလုပ်လေ့ရှိသည့် အလေ့အထ၊ အလေ့အကျင့်။ ဥပမာ မူးယစ်ဆေးဝါးများကို စွဲလန်းသုံးစွဲခြင်း။ မုန့်အချိုများကို အမြဲတမ်းစားသောက်ခြင်း၊ ညနေတိုင်း အရက်သောက်သည့်အလေ့ရှိခြင်း။ တစ်ချိန်လုံးစီးကရက်ကို စွဲမြဲစွာ သောက်သုံးခြင်း။





**habit and repute** အလေ့အထနှင့် ကျော်ဇောသတင်း။ အဖြစ်အပျက်တစ်ခုသည် ထိုသို့ဖြစ်ပွားကြောင်း လူအများက နားလည်သဘောပေါက်ယုံကြည်ထားခြင်း။ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရပ်ကွက်အတွင်း ပွင့်ပွင့်လင်းလင်း ဘုရားသွားကျောင်းတက် အတူတကွနေထိုင်ကြလျှင် လူအများက အိမ်နီးနားခြင်းများက ၎င်းတို့မှာ တရားဝင်လင်မယားများ ဖြစ်ကြောင်း ခိုင်ခိုင် မာမာ နားလည် ယုံကြည်ထားခြင်းမျိုးဖြစ်သည်။

**habitability** လူနေထိုင်သော အဆောက်အဦး၏ ကြံ့ခိုင်မှုသည် နေထိုင်သောလူများ အတွက် ဘေးအန္တရာယ်ကင်းရှင်းအောင်၊ ကျန်းမာရေးနှင့် လုံခြုံရေးကင်းရှင်းအောင် အခြေအနေရှိခြင်း၊ အမေရိကန်နိုင်ငံတွင် ငှားရမ်းသည့် အဆောက်အဦးများနှင့် စပ်လျဉ်း၍ စည်းကမ်းဥပဒေများကို ပြည်နယ်အလိုက်ပြဌာန်းထားသည်။ လူနေထိုင်ခွင့်အနေအထားကို ပြည်နယ်တစ်ခုခြင်းအလိုက်ကွဲပြားမှုရှိသော်လည်း အခြေခံအားဖြင့် အပူပေးစက်၊ ရေပူစက်၊ ရေသွယ်တန်းမှု (တစ်နည်းအားဖြင့် လျှပ်စစ်နှင့် ရေလုံလောက်စွာရရှိမှု) စီမံထားရှိရပါသည်။

**habitat (n)** သဘာဝအလျောက် နေထိုင်ရာအရပ်ဒေသ။ ကျက်စားရာဒေသ။

**habitual** အလေ့အထဖြစ်သော၊ လုပ်လေ့ရှိသော၊ မှန်မှန်ဖြစ်သော။

**habitual (Offender) (Criminal )**

အမြဲတစ်စေ ပြစ်မှုကျူးလွန်လေ့ရှိသူ။ တစ်ဦးတစ်ယောက်သည် ပြစ်မှုကြီးများကို တစ်ခုထက်ပို၍ ပြစ်မှုကျူးလွန်သူ။ ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၂ နှင့် အခန်း ၁၇ ပါ ပြစ်မှုများအရ သုံးနှစ်ဖြစ်စေ၊ သုံးနှစ်ထက်ပိုသော ထောင်ဒဏ်ထိုက်သော ပြစ်မှုကို ပြစ်မှုထင်ရှားစီရင်ခံရပြီးလျှင် အဆိုပါအခန်းများပါ ပြစ်မှုနှင့် ပြစ်မှုထင်ရှား ထပ်မံကျူးလွန်ကြောင်း ပေါ်ပေါက်ပါက ကြီးလေးသောပြစ်ဒဏ် ချမှတ်နိုင်သည်။ (ပြစ်မှုပုဒ်မ ၇၅)

ပြစ်မှု အမြဲတစေ ကျူးလွန်လေ့ရှိသူတို့ကို ပြစ်မှုများ ထပ်မံကျူးလွန်ခြင်းမရှိစေရန် ခံဝန်ချုပ် ချုပ်ဆိုစေနိုင်ပါသည်။

**habitual receiver of stolen propery** ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် အမြဲတစေ လက်ခံလေ့ရှိသူ။



www.burmeseclassic.com

www.burmeseclassic.com



**hack** ကွန်ပြူတာလုပ်ဆောင်မှုစနစ်တစ်ခုအား အပြန်အတားပြုလုပ်လိုသော ရည်ရွယ်ချက်ဖြင့် ရပ်တန့်သွားအောင် ပြုလုပ်ခြင်း အဆိုပါစနစ်တစ်ခုသို့ ဝင်ရောက်ခြင်း။

**hacker** ကွန်ပြူတာကျွမ်းကျင်သူတစ်ဦးက အခြားသူတစ်ဦး၏ ကွန်ပြူတာစနစ်အတွင်းသို့ တရားမဝင် ဝင်ရောက်အမြတ်ထုတ်သူ။

**hackney carriage** တိရစ္ဆာန်ဆွဲသော လှည်း၊ ကုန်တင်လှည်း။ ခရီးသည်များ သယ်ယူပို့ ဆောင်ရန်အတွက် အငှားလိုက်သည့်မြင်းဖြင့်ဆွဲသောလှည်း။

(1917, The Yangon Hackney Carriage Act)

**half blood -** ဖအေတူမအေကွဲ၊ မအေတူ ဖအေကွဲ ညီတစ်ကိုမောင်နှမများ။ (မိဘ နှစ်ပါးအနက် တစ်ပါး၏ သွေးပါသူ) ဥပမာ A နှင့် B လက်ထပ်ပြီး သမီး E ရသည်။ C သည် A နှင့် ယခင်ဇနီး D တို့ လက်ထပ်ရာမှ မွေးဖွားသောသမီးဖြစ်သည်။ C နှင့် E သည် ဖတူမကွဲ ညီအမ ဖြစ်သည်။ အကယ်၍ B သည် ယခင်ခင်ပွန်းနှင့် သား F ရရှိခဲ့သော် F နှင့် E သည် မအေတူ ဖအေကွဲမောင်နှမဖြစ်သည်။

**half way**--ထောင်ထွက်/စိတ္တဇဆေးရုံမှ ဆင်းသည့်လူနာများအတွက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းသို့ ပြန်မဝင်မီ တစ်ထောက်စခန်းကြား ကျကျ ညှိနှိုင်းသဘောတူညီချက်။

**hallucination (n)** အာရုံခြောက်ချားခြင်း၊ ယောင်မှားခြင်း။ တစ်ဦးတစ်ယောက်သည် မှားယွင်းသော အာရုံသိမှုကြောင့် ပြင်ပအရာဝတ္ထုတစ်စုံတစ်ရာ တကယ်မရှိဘဲနှင့် ရှိနေသကဲ့သို့ ထင်ယောင်ထင်မှားဖြစ်ခြင်း။

Hallucination of sight အမြင်အာရုံယောင်မှားခြင်း။

Hallucination of hearing အကြားအာရုံယောင်မှားခြင်းတို့ ခွဲခြားသည်။ ဥပမာ မိမိအခန်းတွင်းသို့ မည်သည့်အရာမှမရှိဘဲ ကြွက်များ ဝင်လာသည်ဟုလည်းကောင်း တိတ်ဆိတ်နေသော အခန်းထဲတွင် လူမရှိဘဲ လူသံကြားနေသည်ဟုလည်းကောင်း အာရုံခြောက်ချားခြင်း။

**hand Loan** နှုတ်ဖြင့်ငွေချေးငှားခြင်း၊ ချေးငှားရယူရာတွင် စာချုပ်စာတမ်းသို့မဟုတ် စာဖြင့်ရေးသားထားချက်မပါရှိခြင်း။





**hand-note -** စာရွက်အပိုင်းအစလေးများပေါ်တွင် ရေးသား၍ တစ်ဦးမှ တစ်ဦးသို့ပေးခြင်း။

**hand sale** ထုံးတမ်းဓလေ့အရ လက်ဆွဲလှုပ်ရမ်းပြီး အရောင်းအဝယ်ပြုခြင်း၊ ပဋိညာဉ်ပြုခြင်းဖြင့် အရောင်းအဝယ်ကို အတည်ပြုသည်။

**handling charges** ကုန်တင်ကုန်ချခ

**hand writing** တစ်ဦးတစ်ယောက်၏ လက်ရေးကို လေ့လာသောပညာ။ စာရေးသားရာတွင် တစ်ဦးနှင့်တစ်ဦး ရေးသားပုံကွာခြားတတ်သည်။ စာလုံးအရွယ်၊ ပုံသဏ္ဌာန်၊ စာလုံးဆွဲပုံနှင့် တစ်ဦးချင်း မူပိုင်သဘောရှိနေသော ရေးသားခြင်းတို့ကို လေ့လာပြီး မည်သူရေးသားကြောင်း အဆုံးအဖြတ်ပေးနိုင်သည်။ လက်ရေးပါရဂူသည် အငြင်းပွားသည့် စာရွက်စာတမ်းပေါ်ရှိ လက်ရေးနှင့် သံသယဖြစ်ဖွယ် ပုဂ္ဂိုလ်၏ ယခင်ရေးသားခဲ့သည့် လက်ရေးဟောင်းများကို လည်းကောင်း ရုံးအရာရှိရှေ့တွင် အနေးအမြန် ပုံမှန်ရေးသားသော လက်ရေးများနှင့် တိုက်ဆိုင်၍လည်းကောင်း ထိုသူရေးသားခြင်း ဟုတ်မဟုတ် ထင်မြင်ချက်ပေးနိုင်သည်။

**handwriting expert** လက်ရေးလက်သားစစ်ဆေးသည့် ကျွမ်းကျင် ပညာရှင်။ လက်ရေး ပါရဂူ။

**hang -** ကြိုးပေးကွပ်မျက်သည်။ ခေါင်းငိုက်စိုက်ချသည်။

**harass -** သောကများအောင်ပြုလုပ်သည်။ အနှောင့်အယှက်ပေးသည်။

**harassment (n)** စိတ်အနှောင့်အယှက်ပေးခြင်း။

. တရားဝင်ပြစ်ဒဏ်ရရှိရန် တရားမျှတသည့် မျှော်လင့်ချက်မရှိသော တရားလိုဘက်မှ တင်ပြချက်။ မလိုအပ်ဘဲ အာဏာပိုင်များက ဖိနှိပ်မှုပြုခြင်း မနာလိုစိတ် သို့မဟုတ် အဆင့်အတန်း အသားအရောင်ခွဲခြားသော ရည်ရွယ်ချက်ဖြင့် အပြုအမူကို စေ့ဆော်ခြင်း။

sexual harassment -- ရုပ်ဝတ္ထုအားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ အလုပ်သမားကို ၎င်း၏အထက်အရာရှိက စိတ်အနှောင့်အယှက်ဖြစ်အောင် ဆက်ဆံခြင်း သို့မဟုတ် လိင်ခွဲခြား၍ အလုပ်မပေးခြင်း၊ ရာထူးတိုးမပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**harbour (n)** သင်္ဘောဆိပ်ကမ်း၊ စိတ်တွင်စေးမှတ်ထားသည်။

**harboring (harbouring)** ပြစ်မှုကျူးလွန်သူများနှင့် ဥပဒေမဲ့ဝင်ရောက်လာသော နိုင်ငံခြားသားများကို ဖမ်းဆီးခံရခြင်းမှ အကာအကွယ်ရစေရန်အကြံဖြင့် လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း၊ ခိုလှုံရာနေရာပေးခြင်း။

harbouring offender လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း၊ ခိုလှုံရာ နေရာပေးခြင်း ပြုလုပ်သူ။

**hard bargain** ခိုင်မာသော သဘောတူညီချက် (ပဋိညာဉ်စာချုပ်) ပဋိညာဉ်တစ်ခုပြုရာတွင် ခိုင်မြဲသော သဘောတူညီချက်ရရှိရန်အတွက် မလျော်ဩဇာသုံးပြီး သွေးဆောင်ခြင်း မပြုရန်နှင့် ခိုင်မာသောနှစ်ဦးနှစ်ဘက် ဆက်ဆံမှုဖြစ်စေရန်။ အောက်ပါအချက်နှစ်ချက်ကို ရှောင်ရှားရသမည်။ ၎င်းတို့မှာ (၁) တစ်ဖက်က အခြားတစ်ဖက်၏ စိတ်ကိုလွှမ်းမိုးနိုင်သော အခြေအနေရှိခြင်း (၂)အခြားတစ်ဖက် ထံမှ မလျော်ကန်သော အခွင့်အရေးကို ရရှိစေရန် အချက် (၁)ပါအခြေအနေကို အသုံးပြုခြင်း။ **(Contract Act sec.16)**

**hard case** --အမှုတစ်ခုကို တရားမျှတမှုရှိအောင် အကျိုးသက်ရောက်စေရန်အတွက် တရားသူကြီးတစ်ဦးသည် ချဲ့ထွင်စဉ်းစားရန် ဆန္ဒဖြစ်ခြင်း သို့မဟုတ် အငြင်း ပွားသည့် ပြဿနာပေါ်တွင် ဥပဒေ၏ ပဓာနကျမှုကို လျစ်လျူရှုခြင်း။ ထို့ကြောင့် hard cases make bad law ဟု ဆိုရိုးစကားဖြစ်ပေါ်စေသည်။ အမှုသည် တစ်ဖက်ဖက်အတွက် အခက်အခဲတွေ့ကြုံရသောမှုခင်း (AGO)

**hard currency** - ခိုင်မာသည့် ငွေကြေး၊ ငွေမာ (AGO)။ ငွေကြေးဈေးကွက်တွင် ဝယ်လိုအားမြင့်တက်သောငွေကြေး။ အချိန်ကြာမြင့်စွာ ငွေတန်ဖိုးမကျသော ငွေကြေး။ ဥပမာ အမေရိကန်ဒေါ်လာ၊ ဂျာမန်ဒွိုင်းမတ်နှင့် ဆွစ်ဇာလန်ဖရန့်။

**hard labour** အလုပ်ကြမ်းလုပ်ရခြင်း။ အချို့သောပြစ်မှုများတွင် ထောင်ဒဏ်ချမှတ် ရာ၌ အလုပ်ကြမ်းပါရှိသည်။ (ဥပမာ-အလုပ်နှင့်ထောင်ဒဏ် (၁)နှစ်။ ထောင်တွင်း ပြစ်ဒဏ်ကျခံနေစဉ် ထောင်ဥပဒေစည်းကမ်းချိုးဖောက်မှုအတွက် အလုပ်ကြမ်း ခိုင်းစေခြင်း)





**hardship** ဆင်းရဲခြင်း။ ဒုက္ခခံရခြင်း သို့မဟုတ် ကံဆိုးမိုးမှောင်ကျခြင်း။ အခက်အခဲ။

**harm** ထိခိုက်နစ်နာစေခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း။

bodily harm - ကိုယ်ခန္ဓာနာကျင်ခြင်း၊ ဒုက္ခရောက်ခြင်း၊ ခန္ဓာကိုယ် ယိုယွင်းစေခြင်း။ physical harm - မြေယာ၊ ပစ္စည်း ယိုယွင်းထိခိုက်စေခြင်း။ social harm- ပြစ်မှုဆိုင်ရာဥပဒေအရ ကာကွယ်ပေးထားသော လူမှုရေးဆိုင်ရာ ဧည်သည့်အကျိုးစီးပွားကိုမဆို ဆန့်ကျင်ဘက် အကျိုးသက်ရောက်စေခြင်း။

**harmless error** အမှုကို စစ်ဆေးဆုံးဖြတ်ခဲ့သည့်တရားသူကြီးသည် အဆိုပါအမှုတွင် အမှားအနည်းငယ်ပါဝင်သွားခဲ့ရာ၊ အယူခံဝင်ရောက်သွားသည့်အခါ၌ အယူခံရုံးက အမှုကို စီစစ်ကြည့်ရှုသည့်အခါ တွေ့ရှိသွားသည်။ ၎င်းကိုစီစစ်သုံးသပ်ကြည့်ရာတွင်အယူခံတရားလိုကို နစ်နာမှုရှိစေမည်မဟုတ်ကြောင်း၊ တရားမျှတမှု ကင်းမဲ့ပြီး ဘက်လိုက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း စီစစ်တွေ့ရှိသည်။ သို့အတွက် အဆိုပါအမှားကို ပြန်လည်ပြင်ဆင်၍ အမှုကို ဆက်လက်ဆောင်ရွက် သည်။(မအေးတည်ငြိမ်နှင့် ဦးကြည်လွင် ၁၉၈၇ မတစ ၉၉(၁၁၆)ကြည့်ပါ။) (ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင်နှင့် ဦးမျိုးသိန်းပါ ၂ ၁၉၉၁ မတစ ၉၃)

**harmony (n)** သဘောထားကိုက်ညီခြင်း၊ စည်းဝါးကိုက်ခြင်း။

**haulage (n)** ကုန်တင်ခြင်း၊ ကုန်ချခြင်းစရိတ်များအပါအဝင် ထရပ်ကားများ၊ ကုန်တင် ကားများဖြင့် တစ်နေရာမှ တစ်နေရာသို့ ကုန်စည်သယ်ယူပို့ဆောင်ခ။

**hazard** - ဘေးအန္တရာယ်ကျရောက်ခြင်း၊ စွန့်စားပြုလုပ်ခြင်း။

**hazardous substance** အဆိပ်ဖြင့် ညစ်ညမ်းနေသောအရာဝတ္ထု။ အန္တရာယ်ကျရောက်အုံ့ဆဲဆဲ ဓာတုဗေဒနှင့် အရောအနှောပစ္စည်းများ။

**hazard pay** အန္တရာယ်ဖြစ်ပွားစေတတ်သော အခြေအနေတွင် အလုပ်လုပ်ကိုင်သည့်အတွက် အထူးနစ်နာကြေး (အပိုကြေး) ပေးခြင်း။

**hearing (n)** အများပြည်သူရှေ့မှောက်တွင် တရားလိုတရားခံနှင့် ၎င်းတို့၏ သက်သေ များကို စစ်ဆေးကြားနာခြင်း။



www.burmeseclassic.com

www.burmeseclassic.com



-adjudicatory hearing ကလေးသူငယ်တရားရုံးတွင် စွပ်စွဲခံရသော ကလေးသူငယ်သည် ပြစ်မှုတွင် ပါဝင်ပတ်သက်ခြင်း ရှိ မရှိ ဆုံးဖြတ်နိုင်ရန် ကြားနာခြင်း။ (1986 BLR 137 (142) တွင် ကြားနာသည်ဟူသော စကားရပ်က တရားရုံးရှေ့တွင် ကြားနာရမည့် သူတစ်ဦးရှိကြောင်း ရည်ညွှန်းသည်။ ချေလွှာတင်သည့်ကိစ္စတွင် လက်ခံရန်ကိစ္စသာပါဝင်ပြီး ကြားနာသည့်ကိစ္စ အကျုံးမဝင်ကြောင်း ယုံမှားဖွယ်မရှိချေဟု သုံးသပ်ထားပါသည်။

**hearsay evidence** တစ်ဆင့်ကြားသက်သေခံချက်။ လူတစ်ဦးတစ်ယောက်သည် မိမိ၏ မျက်စိ၊ နား အစရှိသည့် အာရုံ (၆)ပါးနှင့် မိမိကိုယ်တိုင် ကြားမြင် တွေ့ထိခြင်း မဟုတ်ဘဲ အခြားသူတစ်ဦးထံမှ တစ်ဆင့်ကြားသိသည်ကိုလာရောက် ထွက်ဆိုခြင်း၊ တစ်ဆင့်ကြားသက်သေခံချက်မှာ သက်သေခံမဝင်။ သို့ရာတွင် ခြွင်းချက် ရှိပါသည်။ (သက်သေခံဥပဒေပုဒ်မ ၆၀ ကြည့်ပါ)

**heir (n)**-ကွယ်လွန်သူကျန်ရစ်သောပစ္စည်းများအပေါ်တွင် ဥပဒေနှင့် အညီ အမွေဆက်ခံပိုင်ခွင့်ရှိသော အမွေစားအမွေခံ။

**heir apparent** - ထီးနန်းဆက်ခံရမည့်သူ၊ အိမ်ရှေ့မင်းသား။ မိဘဘိုးဘွား အမွေရှင်များ ကွယ်လွန်ချိန်အထိ သက်ရှိထင်ရှားရှိနေသော အမွေဆက်ခံရန် ရပိုင်ခွင့် အခွင့် အရေးရှိသူ။ မုချအမွေခံထိုက်သူ (AGO)

**heir at law** - သက်ဆိုင်ရာဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူ။

**heir by custom** - ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသော အမွေစားအမွေခံ။

**heir in tail** - အလိုအလျောက် အမွေဆက်ခံသူ။

**heiress** - အမွေစားအမွေခံ အမျိုးသမီး။

**held** - စီရင်ဆုံးဖြတ်ချက်။ ဥပမာ "the court held that the contract was valid" ပဋိညာဉ်မှာ တရားဝင်ပဋိညာဉ်ဖြစ်ကြောင်း တရားရုံးမှ ဆုံးဖြတ်သည်။

**hence forth** - ယခုအချိန်မှစ၍

**hereafter** - အနာဂါတ်ကာလ၌





**hereby** - ဤအကြောင်းကြောင့်၊ ဤအနီးအား၌၊ ဤသို့အားဖြင့်

**hereditament** ရှေးဟောင်းအသုံးအနှုန်း။ တစ်ချို့သော သေတမ်းစာများနှင့် စာချုပ်များတွင်ရေးသားလေ့ရှိသည်။ အမွေဆက်ခံနိုင်သော မည်သည့်ပစ္စည်းကိုမဆို။

**hereditary (adj)**--မျိုးရိုးစဉ်ဆက်လိုက်သော။

**hereditary succession** သေတမ်းစာရေးသားခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် တရားဝင် သေတမ်းစာရေးသားခြင်းမရှိဘဲ သေဆုံးခဲ့လျှင်၊ ၎င်း၏ကျန်ရစ်သော အမွေ ပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ ခွဲဝေရမည်ကို သတ်မှတ်ထားသည့် ရိုးရာဓလေ့အရ အမွေဆက်ခံခြင်း။

**herein** - ဤနေရာ၌

**hereinafter** - နောင်တွင်

**hereinbefore** - အထက်က၊ ရှေးက

**herewith** - ဤအရာနှင့်အတူ

**heritable (adj)** - အမွေဆက်ခံနိုင်သော

**hierarchy (n)** - လုပ်ပိုင်ခွင့်အာဏာအဆင့်ဆင့်ရှိသော အဖွဲ့အစည်းတစ်ရပ်။

-hierarchy of government organization - နိုင်ငံတော်အစိုးရ၏ အဖွဲ့အစည်းအဆင့်ဆင့်

- hierarchy of responsibility - တာဝန်ခံရမှုအတိမ်အနက်

**high seas** မည်သည့်နိုင်ငံကမျှ မပိုင်ဆိုင်သော ပင်လယ်ရေပြင်။ နိုင်ငံတကာ ရေပိုင်နက်။

**high treason** နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း။

**high way** အဝေးပြေးလမ်းမကြီး။ အများပြည်သူဆိုင်ရာလမ်း။ ကျယ်ပြန့်ကာ အဓိကလမ်းမကြီးဖြစ်ပြီး မြို့တစ်မြို့နှင့် တစ်မြို့ကို ဆက်သွယ်ထားခြင်း၊ အများပြည်သူသုံးစွဲသည့် ကုန်းလမ်းနှင့်ရေလမ်း။

**hijacking** ရေယာဉ်/လေယာဉ် (အထူးသဖြင့်) များကို လက်နက်ကိုင်အဖွဲ့က ခိုးထွက်သွားနေစဉ် အပိုင်စီးခြင်း။ မောင်းနှင်နေသော ရထားကို အပိုင်စီးခြင်း။ မှန်လမ်းကြောင်းမှ အပိုင်စီးသူတို့ ညွှန်ပြရာသို့ ပြောင်းလဲမောင်းနှင်ရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများရယူရန် ကြိုးစားသလို၊ ခရီးသည်များကို ဓားစာခံအဖြစ် ဖမ်းဆီးပြီး ငွေသော်လည်းကောင်း၊ နိုင်ငံရေးအကြောင်းအချက်များကိုလည်းကောင်း တောင်းဆိုခြင်း။ **carjacking** - ခရီးသည်ပါမော်တော်ယာဉ်ကို အင်အားသုံး၍ ယူဆောင်သွားခြင်း၊ သို့မဟုတ် ခရီးသည်များနှင့် ယာဉ်မောင်းကို ကားအောက် ဆင်းစေပြီး ကားကိုယူဆောင်သွားခြင်း။ carjacking သည် car theft နှင့် ကွာခြားသည်။

**hire** - ငှားသည်၊ ငှားရမ်းသည် (အလုပ်သမားကို အခကြေးငွေဖြင့်) ငှားသည်။

**hire purchase** အရစ်ကျပေးဝယ်စနစ်။ အငှားဝယ်စနစ်၊ ငှားရမ်းဝယ်ယူသည့် စနစ်။ ပစ္စည်းတစ်ခုကိုဝယ်ယူရာတွင် ပစ္စည်းတန်ဖိုးအပြည့်အဝပေးချေရန်မလိုဘဲ၊ သတ်မှတ်ထားသောရာခိုင်နှုန်းကို ပေးချေကာ ကျန်ငွေကို အရစ်ကျပေးချေရခြင်း။ ဝယ်ယူသည့်ပစ္စည်းကို မိမိလက်ဝယ်ရယူထားရှိ အသုံးပြုနိုင်ပြီး သတ်မှတ်ထားသည့် အရစ်ကျငွေကို ပစ္စည်းတန်ဖိုးကျေသည်အထိ မှန်မှန်ပေးချေရန် ဖြစ်သည်။

ပစ္စည်း၏ပိုင်ဆိုင်မှုမှာ ရောင်းသူထံတွင်သာရှိနေပြီး နောက်ဆုံးအရစ်ကျငွေပေးချေပြီးမှသာ ပိုင်ဆိုင်ခွင့်မှာ ဝယ်သူထံသို့ရောက်ရှိသွားသည်။ နောက်ဆုံးအရစ်မပေးချေရသေးမီ စပ်ကြားပစ္စည်းကို တစ်ဆင့်ရောင်းချလိုက်ပါက ပြစ်မှုမြောက်သည်။

**hireling (n)** - အခကြေးငွေဖြင့် အငှားလိုက်သူ။ ကြေးစား။

**hiring** - အခကြေးငွေပေးငှားသည်၊ ငှားရမ်းခပေးသည်။

**hoarding** ---ပိုလျှံနေသော ကုန်ပစ္စည်းများသို့မဟုတ် ငွေကြေးများကို တစ်နေ့ တန်ဖိုးတက်လာမည်ဟုလည်းကောင်း ရှားပါးသွားမည်ဟုလည်းကောင်း မျှော်လင့်၍ သိမ်းဆည်းထားခြင်း။ ထိုသို့ သိမ်းဆည်းထားခြင်းဖြင့် ငွေကြေးဆိုပါက လည်ပတ်မှုမရှိခြင်း၊ ပစ္စည်းဆိုပါက လှောင်ထားခြင်းဖြင့် ဝင်ငွေမရခြင်းတို့ကြောင့် မိမိအတွက်လည်း အကျိုးမရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးမဲ့ ဖြစ်ပေါ်စေသည်။

**holder** ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ၊ စာချုပ်စာတမ်းများ၊ ရင်းနှီးမြှုပ်နှံထားသည့် အာမခံစာချုပ်များ၊ အစုရှယ်ယာများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို လက်ဝယ်ရှိသူ။





**holder in due course** ထိုက်သည့်အလျောက် လက်ရှိဖြစ်သူ။ ငွေပေးကတိလက်မှတ်တွင်ဖြစ်စေ၊ ငွေလွှဲလက်မှတ်တွင်ဖြစ်စေ၊ ချက်လက်မှတ်တွင်ဖြစ်စေ၊ ဆောင်ယူလာသူ သို့မဟုတ် ငွေလက်ခံမည့်သူ သို့မဟုတ် ထပ်ဆင့်လွှဲအပ်ခံရသူသို့ငွေပေးရန်ပါရှိလျှင် ၎င်းလက်မှတ်ကို လွှဲအပ်သူပိုင်ဆိုင်ခြင်း၌ တစ်စုံတစ်ရာ ချို့ယွင်းကြောင်း ယုံကြည်ရန်အကြောင်းလုံလောက်စွာ မရှိလျှင် လက်မှတ်တွင် ဖော်ပြထားသော ငွေကို ထုတ်ပေးရန် အချိန်မစေ့ရောက်မီ အထောက်အထားနှင့် လက်ဝယ်ပိုင်ဆိုင်ရရှိသူမည်သူမဆိုမရှိ။ ထိုက်သည့်အလျောက် လက်ရှိဖြစ်သူဖြစ်သည်။ (လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဥပဒေပုဒ်မ ၉ ကြည့်ပါ)

**holding** -(၁) တရားသူကြီးက ၎င်း၏စီရင်ချက်တွင် ဥပဒေပြဿနာ၏ အဓိက ကျသောအချက်ကိုထည့်သွင်း ဆုံးဖြတ်ခြင်း။ ထိုဆုံးဖြတ်ချက်အပေါ်တွင် မူတစ်ခု ကို ကောက်ချက်ချခြင်း။ (၂) မြေနှင့်အာမခံစာချုပ် စသည့်ပစ္စည်းများကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခြင်း။ (၃) ဦးပိုင်မြေ (AGO) (၄) စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံခြင်း။

**holding cell** တရားရုံးသို့ အချုပ်တရားခံအားခေါ်ဆောင်လာစဉ်ထားရှိသည့် တရားရုံးရှိ အချုပ်ခန်း။ အမှုကြားနာပြီးသောအခါ ထိုနေရာမှ တရားခံကို မူလအကျဉ်း ထောင်သို့ ပြန်ပို့သည်။

**holding company** ဦးပိုင်ကုမ္ပဏီ။ အခြားကုမ္ပဏီများကို ပိုင်ဆိုင်ထိန်းချုပ်ထားခြင်း။ ဦးပိုင်ကုမ္ပဏီသည် ကုမ္ပဏီများကို ထပ်မံဖွဲ့စည်းပြီး၊ ၎င်းတို့၏ ရှယ်ယာအများစုကို ပိုင်ဆိုင်ရယူထားသည့် ကုမ္ပဏီကြီးဖြစ်သည်။ လက်အောက်ခံကုမ္ပဏီများ သည် သူတို့၏ လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်သော်လည်း လိုအပ်သလို ဝင်ရောက်စွက်ဖက်နိုင်သည်။

**holding over** ငှားရမ်းသူက ငှားရမ်းထားသည့်ဥပစာကို သက်တမ်းကုန်ဆုံးသွား သော်လည်း ဆက်လက်၍ လက်ဝယ်ထားရှိခြင်း။ ထိုသို့လက်ဝယ်ထားရှိခြင်းကို အငှားချထားသူက ငှားရမ်းခကို လက်ခံလျှင် အငှားချထားခြင်းသည်၊ ပုဒ်မ ၁၀၆ တွင် သတ်မှတ်ထားသည့် အတိုင်းအငှားချထားခြင်းကို ထောက်ထား၍ တစ်နှစ်ပြီးတစ်နှစ် သို့မဟုတ် တစ်လပြီးတစ်လ ထပ်မံအငှားချထားရာ ရောက်သည်။ (ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၁၁၆)



www.burmeseclassic.com

www.burmeseclassic.com



**holding out** အစုစပ်လုပ်ကိုင်သူကဲ့သို့ ထင်မှတ်စေရန် ပြုလုပ်ခြင်း။
(The partnesship act sec 28 and the evidence act sec 115 to 117)

**holdover tenant** - ငှားရမ်းထားသည့် ဥပစာကို ငှားရမ်းကာလကုန်ဆုံးပြီးနောက် ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ ဆက်လက် လက်ဝယ်ထားသူ။ မြေရှင်အိမ်ရှင်က ငှားရမ်းသူကို အကြောင်းကြားစာပေးပို့ပြီး နှင်ထုတ်ခွင့်ရှိသည်။ (မြန်မာနိုင်ငံတွင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းကြီးကြပ်ရေး ဥပဒေနှင့်အညီသာဆောင်ရွက်ခွင့်ရှိသည်။)

**holographic will** ရေးသားသူကိုယ်တိုင် လက်ရေးဖြင့် ရေးသားပြီး နေ့စွဲတပ် လက်မှတ်ရေးထိုးထားသည့် သေတမ်းစာ။ များသောအားဖြင့် သက်သေမပါဝင်ပါ။ ပေးစာပုံစံမျိုးဖြစ်သည်။

**home** - လူနေအိမ်၊ ဇာတိမြေ၊ စောင့်ရှောက်ရေးဂေဟာ။

**home stead** - တစ်ဦးတစ်ယောက် သို့မဟုတ် မိသားဟစ်ခုက နေအိမ်အဖြစ် အသုံးပြုရန် ပိုင်ဆိုင်လက်ပယ်ထားရှိသော အိမ်နှင့်ဆက်စပ်နေသော အဖီနှင့်ယာမြေ။

**homicide (n)** - တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးကို သတ်ဖြတ်ခြင်း။ သေစေ ခြင်း။

(1) justifiable homicide.

(က)တာဝန်ရှိသည့်အရာရှိက သေဒဏ်ကျခံရမည့် တရားခံကို တာဝန်အရ ကြိုးပေးသတ်ဖြတ်ခြင်း။

(ခ)ဥပဒေနှင့်ညီသော ပြုလုပ်မှုကိုပြုခြင်း (ပြစ်မှုများမဖြစ်ပွားစေရန်နှင့် တရားခံပြေးကို ပစ်ခတ်ဖမ်းခြင်း)

(ဂ)လူကိုယ်ကို ကာကွယ်ခုခံရာတွင် သေစေခြင်း။ (ပြစ်မှုပုဒ်မ ၁၀၀)

(2) excusable homicide ကင်းလွတ်ခွင့်ရရှိသည့် လူကိုသေစေခြင်း။

(က) per infortunium သို့မဟုတ် by misadventure .တစ်ဦးတစ်ယောက်သည်၊ သူတစ်ပါးကို နာကျင်ထိခိုက်စေရန် ရည်ရွယ်ချက်မရှိဘဲ ဥပဒေနှင့်အညီ လုပ်ဆောင်ရာတွင် မတော်တဆသေစေခြင်း။





(ခ) (see defendendo) ကာကွယ်ခုခံပိုင်ခွင့်ကို ပြုမူရာတွင် လူကို သေစေခြင်း။

(3) felonious homicide

(က) မိမိကိုယ်ကို မိမိသတ်သေခြင်း။

(ခ) အခြားသူတစ်ဦးကို သေစေရာတွင်

(၁) လူသတ်မှု

(၂) လူသတ်မှုမမြောက်သော လူသေစေမှု။

(4) vehicular homicide မော်တော်ယာဉ်ကို ပေါ့ဆစွာမောင်းနှင် ခြင်း ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်းဖြင့် လူကိုတိုက်မိရာမှ သေစေခြင်း။

**honorarium (n)** ဉာဏ်ပူဇော်ခ၊ ချီးမြှင့်ငွေ။ (ရှေ့နေသရာဝန်များကို ပေးငွေ)

**honor (honour) (n)(v)** (လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း) တင်ပြလာသည့်အခါ လက်ခံခြင်း သို့မဟုတ် ပေးခြင်း။ အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်း၊ ချီးကျူးခြင်း။

**honourable (adj)** ဂုဏ်သိက္ခာနှင့်ပြည့်စုံသော၊ ဂုဏ်သရေရှိသော၊ မြင့်မြတ် သော။တရားသူကြီးများ၊ သံအမတ်ကြီးများ အစရှိသူတို့ကို ပေးသောဘွဲ့။

**hostage (n)** ဓားစာခံ။ အပြစ်ကင်းသော၊ ဘာမှမသိသော လူတစ်ယောက်ကို အခြားသူတစ်ဦး တစ်ယောက်က ဖမ်းဆီးပြီး သတ်မည်ဟုခြိမ်းခြောက်ခြင်း (သို့မဟုတ်)နှိပ်စက်ညှင်းပန်းမည်ဟုပြောဆိုခြင်းဖြင့်၊ ငွေတောင်းခြင်း၊ နိုင်ငံရေးအရ အခွင့်အရေးတောင်းခြင်း။

**hostile possession** မြေယာဌာနတွင် အမည်ပေါက်လျက်ရှိသော ပိုင်ရှင်၏ အခွင့်အရေးကို ဥပဒေမဲ့ဆန့်ကျင်ချိုးဖောက်၍ အိမ်ခြံမြေအစိတ်ပိုင်းအတွင်း ဝင်ရောက်ကျူးကျော် လက်ဝယ်ရယူရထားခြင်း။
(ထိုသို့ဆန့်ကျင်လက်ရှိထားခြင်း သည် ပိုင်ရှင်သိသည့် နေ့မှ (၁၂)နှစ်အတွင်း တောင်းဆိုခြင်းမပြုပါက ဆန့်ကျင်ဘက်လက်ရှိ ထားရာ ရောက်ပြီးပိုင်ရှင်အနေမှ တောင်းဆိုခွင့်ဆုံးရှုံးသွား သည်။)



www.burmeseclassic.com

www.burmeseclassic.com



**hostile witness** ဆန့်ကျင်ဘက်သက်သေအဖြစ် ကြေငြာခြင်းခံရ သူ။ သက်သေအဖြစ် တင်ပြသည့်ဘက်ကို ဆန့်ကျင်၍ထွက်ဆိုသည့်သက်သေ။ တရားရုံး၏ ခွင့်ပြုချက် ဖြင့် ပြန်လှန်မေးခွန်းများ မေးမြန်းနိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂၊ သက်သေခံဥပဒေပုဒ်မ ၁၄၅၊ ၁၅၅)

**hotch pot** အကျိုးခံစားခွင့်ရှိသူများအကြား သို့မဟုတ် အမွေဆိုင်များအကြား အမွေပစ္စည်းများကို အညီအမျှခွဲဝေပေးရန် (ဥပဒေနှင့်အညီရထိုက်သည်များကို ခွဲဝေပေးရန်)အတွက် မိမိတို့ရယူထားပြီးသည့်ပစ္စည်းများ ခွဲဝေရမည့်ပစ္စည်းများ အားလုံးကို စုပေါင်း၍ပြန်လည်ခွဲဝေပေးခြင်းဖြစ်သည်။ ထိုသို့ပြုရာတွင် အမွေဆိုင်အားလုံးက မိမိရရှိထားပြီးသော ပစ္စည်းများကို ဘုံပိုင်အဖြစ်ပြန်လည်ထည့်သွင်းရမည်။ မထည့်သွင်းပါက အခြားအမွေဆိုင်များ၏ ပစ္စည်းဝေစုကို ရယူပိုင်ခွင့်မရှိတော့။ ပစ္စည်းဆိုရာတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ငွေများ၊ အာမခံစာချုပ်များ အစရှိသည့် ပစ္စည်းမျိုးစုံဝင်သည်။

**hot pursuit** ပုံမှန်အားဖြင့် ရဲအရာရှိတစ်ဦးသည် တရားခံကို ဖမ်းဆီးရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ရဲလက်စွဲတို့အရ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ရာတွင် ပြစ်မှုကြီးများ ကျူးလွန်ထားသည့် တရားခံနောက်သို့ ရဲအရာရှိမှ လိုက်လံဖမ်းဆီးရာတွင် ပုဂ္ဂလိကနေအိမ်အတွင်း ပုန်းရှောင်နေကြောင်း သိရှိထားပါက ရှာဖွေဝါရမ်းရယူနေသည့် အချိန်တွင် တရားခံမှာထွက်ပြေးတိမ်းရှောင်နိုင်ခြင်း၊ သက်သေခံပစ္စည်းများဖျောက်ဖျက်ပစ်နိုင်ခြင်း ဖြစ်ဖွယ်ရှိလျှင် အဆိုပါအိမ်အတွင်းသို့ အင်အားသုံး၍ဖမ်းဆီးနိုင်ခြင်း။ (အပူတပြင်း လိုက်လံဖမ်းဆီးခြင်း: A.G.O)

**house arrest** တရားခံကို အကျဉ်းထောင်သို့ မပို့ဘဲ ၎င်း၏နေအိမ်တွင်ပင် ပြင်ပ ထွက်ခွာခွင့်မပေးဘဲ ကန့်သတ်ထားခြင်း။ နေအိမ်အကျယ်ချုပ်ချထားခြင်း။

**house breaking** အိမ်ဖောက်ထွင်းမှု။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၅တွင် ဖော်ပြထားသော နည်း ၆ နည်းအနက်တစ်နည်းနည်းဖြင့် ဝင်ရောက်ပြုလျှင် သို့မဟုတ် ပြစ်မှု ကျူးလွန်ရန်အလို့ငှာ ရောက်ရှိနေပြီး ပြစ်မှုကျူးလွန်ပြီးနောက် ထိုနေရာမှ အဆိုပါနည်း ၆ နည်းအနက် တစ်နည်းနည်းဖြင့် ထွက်ခွာလျှင် အိမ်ဖောက် ထွင်းမှုဖြစ်သည်။





- house breaking by night ညဉ့်အချိန်အိမ်ဖောက်ထွင်းမှု။

**house trespass** အိမ်ကျော်နင်းမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၂)
lurking house trespass - ပုန်းလျှိုးအိမ်ကျော်နင်းမှုပုဒ်မ ၄၄၃
lurking house trespass bynight - ညဉ့်အချိန်ပုန်းလျှိုးကျော်နင်းမှုပုဒ်မ ၄၄၄

**house hold** အိမ်ထောင်စုတစ်စုတည်းတွင် အတူနေထိုင်ကြသူများ။ ဆွေမျိုးတော်စပ်သူများဖြစ်နိုင်သလို၊ ဆွေမျိုးမတော်စပ်သူများလည်း ဖြစ်နိုင်သည်။ တစ်မိုးအောက်တွင် စုပေါင်းနေထိုင်ကြသူများ။

**house holder** မိသားစုတစ်စုကို အထောက်အကူပြုရသူ၊ အထောက်အပံ့ပြုနေသူ (တစ်ဦးတည်းသော်လည်းကောင်း အခြားသူနှင့်စုပေါင်း၍သော်လည်း အထောက် အပံ့ပြုရသူ) အိမ်ထောင်ဦးစီး။

**house of representives** (အမေရိကန်) အောက်လွှတ်တော်အမတ်များ

**hundi** ဟွန်ဒီ၊ ငွေလွှဲလက်မှတ်။

**hurt** နာကျင်စေမှု။ တစ်ဦးတစ်ယောက်အား ကိုယ်အင်္ဂါနာကျင်အောင် သို့မဟုတ် အနာရောဂါစွဲကပ်အောင် သို့မဟုတ် ချိနဲ့အောင်ပြုခြင်း (ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၁၉) grievoushurt အပြင်းအထန်နာကျင်စေမှု

- voluntarily causing hurt - မိမိအလိုအလျှောက် နာကျင်စေမှု။

- voluntarily causing hurt grievous - မိမိအလိုအလျှောက် အပြင်းထန်နာကျင်စေမှု။ - voluntarily causing hurt by dangerous weapons or means ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် သို့မဟုတ် မိမိအလို အလျှောက် နာကျင်စေမှု။ voluntarily causing grievous hurt by dangerous or means ဘေးဖြစ်စေတတ်သော လက်နက် ဖြင့် သို့မဟုတ် နည်းဖြင့် မိမိအလျှောက် အပြင်းအထန်နာကျင်စေမှု။

**hush money (slang)** တိတ်တိတ်နေရန်အတွက် ငွေပေးခြင်း။ သတင်းများပြန့်နှံ့ခြင်းမဖြစ်စေရန် ပေးသောငွေ။ နှုတ်ပိတ်ခ။

**hypothecate (v)** ချေးငွေအတွက် အာမခံအဖြစ် အပေါင်ပစ္စည်းပိုင်ဆိုင်မှုတို့ သို့မဟုတ် လွှဲပြောင်းပေးမှုတို့မရှိဘဲ ပေါင်နှံခြင်း။ တစ်နည်းအားဖြင့် အပေါင်ပစ္စည်း ကို မြီရှင်လက်ဝယ်မထားဘဲ မြီစားလက်ဝယ်တွင်ထားကာပေါင်နှံခြင်း။

**hypothesis (n)** တွေးဆချက်၊ မှန်းဆချက်။အနုမာနအယူအဆ။



www.burmeseclassic.com

www.burmeseclassic.com

# I

**ibid (latin) (short form of ibiden)** ထိုနေရာမှာပင်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း။ စာမျက်နှာတစ် မျက်နှာအတွင်း လတ်တလော ဖော်ပြခဲ့သည်ကို ညွှန်းသည်။ တူညီသော စာအုပ်တူညီသော စာမျက်နှာကို ညွှန်းသည်။ စာမျက်နှာကွဲပြားပါက သီးခြားပြဆိုသည်။

**iden sonas (latin) adj** အသံထွက်တူ စာလုံးပေါင်းမတူသော စကားလုံး။ ဥပမာ gene နှင့် jean ဥပဒေစာချုပ်ပါ စကားလုံးသည်။ အသံထွက်တူ၊ စာလုံးပေါင်းလွဲ မှားယုံဖြင့် စာချုပ်ပျက်ပြယ်ခြင်း မရှိကြောင်း အကာအကွယ်ပေးသည်။

**id (latin)** တူညီသော၊ အတိအကျ တူညီသော။

**identical** ထပ်တူထပ်မျှဖြစ်သော၊ တစ်ထပ်တည်းဖြစ်သော။

**identification (n)** - ခွဲခြားသိသာစေရန်ရွေးထုတ်ပြစေသည်။ (AGO)

**identification parade** တရားခံနှင့်အရပ်အမောင်း ကိုယ်လုံးကိုယ်ထည် ဆင်တူ ရုံးမှားရှိသော အခြားသူ (၉)ဦးနှင့်အတူ စီတန်းရပ်စေပြီး မြင်လျှင်မှတ်မိပါသည်ဆိုသော သက်သေကို ဖွတ်ဖွဲပြသစေခြင်း။





**identify (vb)** ပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းကိုခွဲခြားပြသစေခြင်း (သက်သေကို အခင်းဖြစ်လက်နက်အား ရွေးထုတ်ပြသစေခြင်း) မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားရွေး ထုတ်ခြင်း။

**idiot(n)** - ရူးသွပ်သူ၊ စိတ်မနှံ့သူ၊ စိတ်ဖောက်ပြန်သူ၊ မွေးရာပါစိတ်ရောဂါရှင်။

**ignorance of the law** (latin စကား ignorantialegis non excusat) ignorance of the law is no excuse. ဥပဒေကို မသိနားမလည်၍ ပြုလုပ်မိခြင်းကို ဥပဒေက ခွင့်မလွှတ်။

**ignorantia facti excusat (latin)** အကြောင်းခြင်းရာကို မသိနားလည်၍ ဆိုလျှင် ခွင့်လွှတ်သည့် (ignorance of fact may be an excuse)

**ignorantia juris** ဥပဒေကို မသိခြင်း။

**ignore (vb)** သတိမပေးခြင်း၊ အသိအမှတ်ပြုခြင်းတို့ကို ငြင်းပယ်ခြင်း။

**ill (adj)** ဆိုးသော၊ အပြစ်အနာအဆာရှိသော၊ သိစိတ်မမှန်သော၊ အချည်းနှီးဖြစ်သော။

**illegal (adj)** ဥပဒေနှင့်မညီသော၊ ဥပဒေနှင့်ဆန့်ကျင်သော (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃)

**illegal condition** ဥပဒေနှင့်ဆန့်ကျင်သော/ ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်သော/ တရားမျှတမှု ကင်းသောအခြေအနေ။

**illegal contracts** ဥပဒေအရပျက်ပြယ်ကြောင်း ကြေငြာထားသော/ ဥပဒေအရ တားမြစ်ထားသောပဋိညာဉ်များ။(ပဋိညာဉ်ဥပဒေ ပုဒ်မ ၂၃မှ ၃၀၊ ၃၆၊ ၆၅)

**illegitimate (adj)** ဥပဒေနှင့်ဆန့်ကျင်သော၊ တရားဝင်မဟုတ်သော၊ မမှန်သော ယုတ္တိမရှိသော။

**illegitimate child** တရားဝင်ထိမ်းမြားထားခြင်း မရှိဘဲ မွေးဖွားလာသော ကလေး။

**illicit (adj)** ဥပဒေအရတရားမဝင်သော၊ ဥပဒေအရပိတ်ပင်ထားသော ဥပမာ ဥပဒေက ပြစ်မှုဟုသတ်မှတ်ထားသော တရားမဝင်ကုန်များရောင်းဝယ်ခြင်း၊ တရားမဝင်ဟု သတ်မှတ်ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများလက်ဝယ်ထားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**illusory promise** သေချာရေရာခြင်း မရှိ၍ အရေးယူနိုင်ခြင်းမရှိသောကတိ။ ဥပမာ။ Aက အိမ်နီးနားချင်းဖြစ်သော မိသားစုတစ်ခုလုံး ခရီးဝေးထွက်ခွာမည့် B မိသားစုကို ၎င်း အနေဖြင့်သတိရပါက B စိုက်ပျိုးထားသော ပန်းခြံကိုတစ်ပတ်လျှင် သုံးကြိမ်ရေလောင်းပေးမည်ဟု ကတိပေးခဲ့သည်။ ခရီးထွက်ရာမှ B ပြန်ရောက်လာသည့်အခါ အဖိုးတန်သစ်ခွပန်းများ အပါအဝင်ပန်းပင်များ အားလုံးရေငတ်၍ သေကုန်ကြောင်းတွေ့ရသည်။ B သည် ၎င်း၏ပန်းခြံပျက်စီးဆုံးရှုံးမှုအတွက် A ထံမှ တရားစွဲလျှော်ကြေးတောင်းခွင့် မရပါ အဘယ်ကြောင့်ဆိုသော် အိမ်နီးချင်း A ပေးသောကတိသည်၊ သေချာရေရာခြင်းမရှိ၍ တရားရုံးတွင် တရားစွဲ ဆိုတောင်းခွင့်မရှိသောကြောင့်ဖြစ်သည်။

**illusory contract** နှစ်ဘက်သဘောတူညီချက်ပြုကြရာတွင် တစ်ဖက်သောအမှုသည်က အဖိုးစားနားအနေဖြင့် ကတိပြုရာ၌ အဆိုပါကတိမှာ မည်သို့မှ ပဋိညာဉ် ကိုဆောင်ရွက်ရန် တာဝန်ရှိစေသော ကတိမဟုတ်ခြင်း။

**illustration** -သရုပ်ဖော်ပုံများ ဥပဒေများဖြင့် ရှင်းလင်းခြင်း။

**immaterial (adj)** အရေးမပါသော အဓိကအချက် မဟုတ်သော။ တရားရုံး၌ အမှုကို စစ်ဆေးကြားနာရာတွင် တစ်ဖက်မှသက်သေခံ အထောက်အထားတင်ပြရာ၌ တစ်ဖက်မှကန့်ကွက်ရာ၊ အဆိုပါအထောက်အထားသည် အမှု၏ အငြင်းထွက် အကြောင်းအရာ မဟုတ်သည့်အပြင် အရေးယူလောက်သော သက်သေခံ အထောက်အထားမဟုတ်၍ ငြင်းပယ်ခြင်း။ အငြင်းမထွက်သော အချို့အချက်များကို သက်သေပြခြင်း။ တရားမမှုတွင် ကောက်ချက်နှင့်စပ်ဆိုင်ခြင်း မရှိသော သက်သေခံ ချက်တင်သွင်းခြင်းဖြင့် လက်ခံရန်ငြင်းပယ်ခံရခြင်း။

**immediate (adj)** ချက်ခြင်း၊ နှောင့်နှေးခြင်း မရှိသော၊ အနီးကပ်ဆုံး (သူ၏ အနီးကပ် ဆုံးအိမ်နီးချင်း) (his immediate neighbor)

**immediate relative** နီးနီးကပ်ကပ်ဆွေမျိုး အမေရိကန် လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အမေရိကန်နိုင်ငံသား၏ ဇနီး/ခင်ပွန်း။ အသက် ၂၁ နှစ်အောက်ရှိကလေး အမေရိကန်နိုင်ငံသားမှာ အသက် (၂၁)နှစ်ပြည့်ပြီးလျှင် ၎င်း၏မိဘအရင်းများ။ ၎င်းတို့အနေဖြင့် အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားခွင့် ရှိသည်။





**immigrant, illegal** နိုင်ငံအတွင်းတရား မဝင်ခိုးဝင်လာသူ။ immigrant နိုင်ငံအတွင်းသို့ အမြဲတမ်းအခြေချ နေထိုင်ရန်ဝင်ရောက်သူ။

**imminent (adj)** မကြာမီဖြစ်ပေါ်တော့မည့်၊ ကျရောက်အံ့ဆဲဆဲဖြစ်သော။

**imminent danger** ကျရောက်အံ့ဆဲဆဲ အန္တရာယ်။ (ဖြစ်နိုင်ချေအမြင့်မားဆုံးအဆင့်ရှိသော)

**immoral (adj)** အကျင့်သီလပျက်ယွင်းသော၊ အကျင့်စာရိတ္တနှင့်ပတ်သက်၍ အပြစ်ရှိ သော အရုက်အကြောက်ကင်းမဲ့သော။

**immoral contract** လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားနှင့် ဆန့်ကျင်သောပဋိညာဉ်။

**immoral purpose** အကျင့်သီလ ပျက်ယွင်းသော ရည်ရွယ်ချက်အလို့ငှာ (ပြည့်တန်ဆာ လုပ်ငန်း)

**immovable proterty** မရွှေ့မပြောင်းနိုင်သော ပစ္စည်း။ ၎င်းတွင် မြေ၊ မြေမှထွက်ပေါ် လာသော အကျိုးအမြတ်များ၊ မြေ၌စွဲကပ်နေသော အရာများ၊ မြေ၌အခိုင်အမာတွဲကပ်ထားသည့်အရာများ ။ ငါးရမ်းခတောင်းခံခွင့်၊ ဘိုးစဉ်ဆောင်ဆက်ချီးမြှင့်ငွေ၊ သွားလာပိုင်ခွင့်၊ ကူးတို့ဖြင့်ဖြတ်သန်းသွားလာပိုင်ခွင့်၊ ငါးဖမ်းခွင့်၊ မြေကွက်ပေါ်တွင် ကျင်းပသောဈေး၌ အခွန်ကောက်ခံခွင့်၊ ပေါင်နှံ ထားသော ပစ္စည်းရွေးနှုတ်ခွင့်၊ ချိတ်များစုဆောင်းခွင့် အစရှိသည် တို့ပါဝင်သည်။

**immunity (n)** ကင်းလွတ်ခြင်း၊ လုံခြုံခြင်း၊ စိတ်ချရခြင်း။ ပြည်သူ့ဝန်ထမ်းတစ်ဦးကို တာဝန်မှ/တာဝန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း။ ပြစ်ဒဏ်မှကင်း လွတ်ခွင့်။

constitutional immunity ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကင်းလွတ်ခွင့်။

diplomatic immunity သံတမန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သံတမန်တစ်ဦးပြစ်မှုကျူးလွန်ရာတွင် ဒေသနိုင်ငံ၏ဥပဒေများအရ စစ်ဆေးစီရင်ခြင်းမပြုနိုင်သည့်အခွင့်အရေးသာဖြစ်သည်။ မိမိရောက်ရှိနေသော နိုင်ငံ၏ လုံခြုံရေးကိုထိခိုက်စေသော ပြစ်မှုကျူးလွန်ပါက ဖမ်းဆီးပြီး မူရင်းနိုင်ငံသို့ ပြန်လည်ထွက်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



judicial immunity တရားသူကြီးတစ်ဦးအနေဖြင့် တရားစီရင်ရာတွင် သဘောရိုးဖြင့် လုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်လျှင်ရရှိသော ကင်းလွတ်ခွင့်။
official immunity ပြည်သူ့ဝန်ထမ်းက ဥပဒေအရ တာဝန်ရှိသည်ဟု သဘောရိုး ဖြင့် ယုံကြည်သဖြင့် ပြုလုပ်လျှင် ရရှိသောကင်းလွတ်ခွင့်။ (qualified immunity ဟုလည်း ခေါ်သည်။)
charitable immunity သာရေးနာရေးအဖွဲ့အစည်းများ၏ တရားမနစ်နာမှု တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်။

**imo** - "in the matter of" ၏ အတိုကောက်စကားလုံး။

**impact rule** (တရားမနစ်နာမှု) အရှိန်မထိန်းနိုင်၍ ဝင်ရောက်တိုက်မိရာတွင်၊ ထို တိုက်မိခြင်းသည် စိတ်ပျံ့လွင့်မှုအပေါ် အခြေပြု၍ ပေါ့လျော့ခြင်းကြောင့်ဖြစ်ပွားပါက ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ပေးလျော်စေခြင်း။

**impair (vb)** ပစ္စည်းသို့မဟုတ်ပစ္စည်း၏ အသုံးဝင်မှု တန်ဖိုးကိုလျော့ပါးစေသည်၊ နစ်နာစေသည်၊ ချို့တဲ့စေသည်။

**impairing the morals of a minor---** အရွယ်ရောက်ပြီးသူတစ်ဦး၏အရွယ်မရောက်သေးသူအပေါ် လိင်မှုကိစ္စ ပြုမူခြင်းဖြင့် ကိုယ်ကျင့်သိက္ခာပျက်ပြားစေခြင်း။ ဥပမာ ချစ်ကြိုက်ခြင်း။ ရာဂစိတ်ကို နှိုးဆွသော ဓာတ်ပုံများရိုက်ယူခြင်းနှင့် တဏှာရာဂနှိုးဆွသော ဓာတ်ပုံများ ပစ္စည်းများပြသခြင်း။

**impairment (n)** ယိုယွင်းစေခြင်း၊ အားနည်းစေခြင်း၊ ပျက်စီးစေခြင်း။

**impartial (adj)** ဘက်မလိုက်သော၊ မျက်နှာမလိုက်သော၊ ကိုယ်ကျိုးမငဲ့သော။

**impeach (v)** စွတ်စွဲပစ်တင်သည်။(၁)ယုံကြည်မှုကင်းမဲ့စေရန် ဥပမာ။ သက်သေသည် မယုံကြည် ထိုက်သူဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်း၏ထွက်ချက် မှာ ရှေ့နောက်မညီညွတ်ကြောင်း၊ တံစိုးလက်ဆောင်ရယူထားသူဖြစ်ကြောင်း စသဖြင့် စွတ်စွဲမေးမြန်းခြင်း။ (သက်သေခံအက် ဥပဒေပုဒ်မ ၁၅၅)။(၂)ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ များအရ စွတ်စွဲပြစ်တင်ခြင်း။(၃)တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းတစ်ဦးအား မသမာအမှု ပြုသည်ဟု စွတ်စွဲပြစ်တင်ခြင်း တရားစွဲခြင်း။
ဥပဒေအရ ဖယ်ရှားသည်၊ဖြုတ်ချသည်။

**impediment (n)** ပိတ်ပင်တားဆီးခြင်း။ တားမြစ်ချက်၊ အနှောက်အယှက်။





ဥပမာ အရွယ်မရောက်သေးသူနှင့် လက်ထပ်ထိမ်းမြားခြင်း။ (မြန်မာ့ဓလေ့ထုံးထမ်းဥပဒေ)

**imperfect obligation** ဥပဒေအရ အရေးမယူနိုင်သော တာဝန်ရှိမှုများ။

**imperfect title** မခိုင်လုံသော ပိုင်ဆိုင်ခွင့်။ မြေယာအရောင်းအဝယ်ပြုလုပ်ပြီးနောက် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသေးဘဲ မြေကိုလက်ဝယ်ရယူထားခြင်း။

**impersonation (n)** သူတစ်ပါးအယောင်ဆောင်ခြင်း။ ကိုယ်စားပြုခြင်း။ အခြားသူတစ်ဦးကဲ့သို့ ဟန်ဆောင်ခြင်း၊ အမျိုးသမီးတစ်ဦး၏ ယောကျ်ားဖြစ်ဟန်ဆောင်၍ အဆိုပါ အမျိုးသမီးနှင့် ကာမစပ်ယှက်ခြင်း (ပြစ်မှုဖြစ်သည်) မောင်စံတင်နှင့်ပထစ ၁၉၆၅ မတစ (ရုံးချုပ်)၁၈၂

**impertinent matter** အဆိုအချေများတွင် တောင်းဆိုခြင်း သို့မဟုတ် ချေပခြင်းကိစ္စနှင့် စပ်ဆိုင်ခြင်း မရှိသော အချက်များကို ထည့်သွင်းရေးသားခြင်း။ တစ်ဘက်သို့ ထိခိုက်နစ်နာစေသော အရေးအသား။ တရားဖြောင့်မှန်စွာစစ်ဆေးစီရင်ခြင်းကို နှောင့်နှေးစေသည့် အချက်များ ပြင်ဆင်ရန်၊ နှုတ်ပယ်ရန် တရားရုံးက အမိန့် ချခွင့်ရှိသည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်း ၁၆)

**implead (v)** တရားမကြောင်းအရ တရားစွဲဆိုခြင်း၊ ဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရ တရားစွဲဆိုသည်၊ ဖမ်းဆီးသည်။

**impleader** တရားမမှုများတွင် အခြားသူတစ်ဦးကို အမှုသည်အဖြစ် ထည့်သွင်းခြင်း။

၁။ တရားလိုမှတရားပြိုင်အပေါ် တရားစွဲဆိုထားရာတွင် တရားပြိုင်သည် အမှုရှုံးနိမ့်သွားပါက ၎င်းပိုင်ပစ္စည်းများကို တရားလိုမှ ဝါရမ်းကပ်ဇာရီပြုလုပ်ခြင်း မပြုနိုင်ရန်အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးထားသည်။ တရားစွဲဆိုပြီးနောက် တရားလိုမှ သိရှိသည့်အခါ အဆိုပါပစ္စည်းလက်ခံထားသူကိုပါ အမှုသည်အဖြစ် ထည့်သွင်းပေးရန်စွဲဆိုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၂။ တရားလိုမှတရားပြိုင်သို့ ပစ္စည်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုထားရာတွင် အဆိုပါပစ္စည်းပေါ်တွင် ပိုင်ရေးပိုင်ခွင့်ရှိသူက အမှုတွင်တတိယလူအဖြစ် ပါဝင်လာခြင်း။ (အမှုများပွားများ မလာစေရန် တရားရုံးက ဥပဒေနှင့်ညီညွတ်ပါက လက်ခံထည့်သွင်းသည်။)

**implication (n)** သဘောသက်ရောက်ခြင်း။ အဓိပ္ပါယ်ရှိခြင်း၊ ဆက်စပ်ပတ်သက်ခြင်း၊ အကျိုးသက်ရောက်ခြင်း။ အတိအလင်းဖော်ပြထားခြင်း မရှိသော်လည်း စိတ်ထဲတွင် သို့မဟုတ် အကြောင်းအချက်များအရ ဆင်ခြင်ကောက်နှုတ်ခြင်း။

**implied** စာဖြင့်ရေးသားထားခြင်း၊ သို့မဟုတ် ပြဋ္ဌာန်းထားခြင်း၊ အတိအလင်းဖော်ပြခြင်းမရှိသော။ ပတ်ဝန်းကျင်အကြောင်းခြင်းရာ အခြေအနေများမှ သိရှိပြီးဖြစ်သည့်အကြောင်းအချက်များအပေါ် ကောက်ချက်ဆွဲယူရခြင်း။

**implied consent** သွယ်ဝိုက်၍သဘောတူညီချက်ပေးရာရောက်ခြင်း။ အမှုအယာဖြင့် ပြသရာတွင်တစ်ဖက်မှသဘောတူညီချက်ပေးရာရောက်သည်ဟု မှတ်ယူနိုင်ခြင်း။ဥပမာ မုဒိန်းမှုများတွင် မိန်းကလေး၏ပြုမူချက် သည်သဘောတူခွင့်ပြုရာရောက်သွာခြင်း ဦးပန်းအေးနှင့်ပထစ၁၉၆၆ မတစ(ရုံးချုပ်) ၅၂၇

**implied contract** - ပဋိညာဉ်သဘောသက်သေဝင်သည့် သဘောတူညီချက်များ။

**implied malic**- သွယ်ဝိုက်သော မလိုတမာစိတ်၊ တရားမျှတမှုမရှိသော သို့မဟုတ် ခွင့်မလွှတ်နိုင်သောမှားယွင်းသောလုပ်ဆောင်ချက်ကိုရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်း။

**implied promise** --သဘောသက်ရောက်သောကတိ။

**implied warranty** ရေးသားခြင်းမရှိသော သို့မဟုတ် တိတိကျကျ ရှင်းရှင်းလင်းလင်း မပြောဆိုသော အာမခံချက်။

**implied warranty of fitness** သင့်လျော်သောပစ္စည်းဖြစ်ကြောင်း သွယ်ဝိုက်သောနည်းဖြင့် အာမခံချက်ပေးခြင်း ဝယ်သူက ကိစ္စတစ်ခုအတွက် အသုံးပြုရန်အတွက် ဝယ်ယူကြောင်း ပြောဆိုဝယ်ယူလျှင် အဆိုပါပစ္စည်းသည် ဝယ်ယူအသုံးပြုရန် သင့်တော်သော ပစ္စည်းဖြစ်ကြောင်း သွယ်ဝိုက်သောနည်းဖြင့်





အာမခံချက်ပေးခြင်းဖြစ်သည်။ ကုန်ရောင်းကုန်ဝယ်ဥပဒေအရ ကုန်စည်ရောင်းချရာတွင်---

၁။ မျိုးမည်ဖော်ပြချက်အရ ရောင်းချခြင်း။ ကုန်စည်မှာ မျိုးမည်ဖော်ပြချက်အတိုင်းဖြစ်စေရမည်ဟု သွယ်ဝိုက်သော အာမခံချက်ရှိသည်။

၂။ ရောင်းသူ၏ကျွမ်းကျင်မှုအပေါ် အားထား၍ဝယ်ယူခြင်း။ ရောင်းသူက ပစ္စည်းကိုရောင်းချရာတွင် ဝယ်သူသီးခြားကိစ္စအတွက် အလို ရှိသောပစ္စည်းဖြစ်ကြောင်း သွယ်ဝိုက်အာမခံချက် ပေးရာရောက်သည်။

၃။ နမူနာပြဝယ်ယူခြင်း။ နမူနာအများစုနှင့် အရည်အသွေး တူရမည်ဟု သွယ်ဝိုက်အာမခံချက် ပေးရာရောက်သည်။ ချို့ယွင်းချက်ကင်းရှင်းကြောင်းလည်း သွယ်ဝိုက်အာမခံရာရောက်သည်။ (ကုန်ရောင်းကုန်ဝယ် ဥပဒေပုဒ်မ ၁၅၊ ၁၆၊ ၁၇ အသေးစိတ်ကြည့်ပါ။)

ဥပမာ။ နာရီဆိုင်သို့ ဝယ်သူတစ်ရောက်လာပြီး ရေငုတ်ရာတွင် ခံနိုင်ရည်ရှိသော နာရီဝယ်လိုကြောင်း ရောင်းသူကိုပြောသည်။ ရောင်းသူက နာရီကို ရာင်းချခဲ့ရာတွင် အဆိုပါနာရီသည် ရေစိမ်ခံနှင့် ရေငုတ်ရာတွင် အသုံးပြုသော နာရီဖြစ်ကြောင်း သွယ်ဝိုက်သော အာမခံချက်ပေးရာရောက်သည်။ (ရောင်းသူ၏ကျွမ်းကျင်မှုအပေါ် အားထားဝယ်ယူခြင်း)

**import(v)** ကုန်ပစ္စည်းများကို နိုင်ငံရပ်ခြားမှတင်သွင်းခြင်း။

**impose (v)** အတင်းအကြပ် အခွန်စည်းကြပ်ကောက်ခံသည်။ အရေးပေါ်စစ်သားစုဆောင်းသည်။ အတင်းအကြပ်ဆောင်ရွက်သည်။

**impossibility (n)** မဖြစ်နိုင်သော။ impossibility act. လုံးဝမ ဖြစ်နိုင်သောကိစ္စကို ပြုလုပ်ရန် သဘောတူညီခြင်း။ ပဋိညာဉ်ပြုပြီးနောက် လုပ်ဆောင်ရန်ကိစ္စမှာ မဖြစ်နိုင်သော သို့မဟုတ် ကတိပြုသူအနေဖြင့် ကြိုတင်မသိ နိုင်သော ဖြစ်ရပ်များကြုံလာရသည့်အခါ ပဋိညာဉ်ကို ပယ်ဖျက်နိုင်သည်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၅၆ကြည့်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



**impound (v)** ၁။သိမ်းဆည်းခြင်း ပြစ်မှုဆိုင်ရာအမှုများတွင် တရားရုံးက သက်သေခံ ပစ္စည်းကို သိမ်းဆည်းထားခြင်း၊ အမှုပြီးဆုံးသည့်အခါ ပိုင်ရှင်ဖြစ်သူသို့ပြန်ပေးခြင်းသို့မဟုတ်(တရားမဝင်ဆေးဝါးများ)နိုင်ငံဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်း။

၂။ တံဆိပ်ခေါင်းမပေးဘဲ သို့မဟုတ် လျော့ဒဏ်မဆောင်ဘဲ စာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်မခံသင့်ဟု ယူဆလျှင် ထိုအကြောင်းကို ရေးမှတ်၍ ထိုစာချုပ်စာတမ်းလက်ရှိဖြစ်သူအား စာချုပ်စာတမ်းကို တင်ပြစေပြီး သိမ်းဆည်းနိုင်သည်၊ impound လုပ်နိုင်သည်။

၃။ စာချုပ်စာတမ်းတစ်စောင်သည် အတုဖြစ်သည့်အခါ တရားရုံးက သိမ်းဆည်းနိုင်သည် (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၄) (တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ နည်း ၈)

**imprison (v)** ပြစ်မှုကျူးလွန်သော တရားခံကိုပြစ်ဒဏ်အနေဖြင့် အကျဉ်းထောင်သို့ပို့ခြင်း။ အချုပ်ခန်းတွင် ချုပ်နှောင်ထားခြင်း။ အကျဉ်းချသည်။ ထောင်ချသည်။

**impisonment for one day** -ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်။

**improper (adj)** မမှန်ကန်သော၊ မသင့်တော်သော၊ ဥပဒေမဲ့၊ မရိုးသားသော၊ မှားယွင်းသော နည်းလမ်းမကျသော။

**improperly detained** မတရားဖြစ်စေ၊ နည်းလမ်းမကျဘဲဖြစ်စေ၊ ချုပ်နှောင်ထားခြင်း။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အရ တရားလွှတ်တော်မှလည်းကောင်း habeas corpus ရှေ့တော်သွင်းစာချွန်တော် အမိန့်အရလည်းကောင်း အချုပ်မှ လွှတ်စေရန်ဆောင်ရွက်နိုင်သည်။)

**improvement (n)** မြေသို့မဟုတ် အဆောက်အဦးကို ပြုပြင်ခြင်း အစားထိုးခြင်းဖြင့် မူလတန်ဖိုးကို မြင့်တက်လာစေခြင်း။ တိုးတက်စေသည်။ ပိုကောင်းစေသည်။

**impute (v)** ပတ်သက်ဆက်ဆိုင်သည်၊ ရိုးစွတ်သည်။ အခြားသူတစ်ဦး၏လုပ်ဆောင်မှုကြောင့် ပြစ်တင်ခံရခြင်း၊ တာဝန်ရှိလာခြင်း။ အဘယ်





ကြောင့်ဆိုသော် နီးကပ်သော ဆက်နွယ်မှုကြောင့်ဖြစ်သည်။ နီးကပ်သော ဆက် နွယ်မှုဆိုသည်မှာ မိဘနှင့်သားသမီး၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ၊ အလုပ်ရှင်နှင့် အလုပ် သမား သို့မဟုတ် စီးပွားရေးအတူလုပ်ကိုင်သူတို့ဖြစ်သည်။ ဥပမာ ယာဉ်မောင်း လိုင်စင်မရှိသော ကလေးတစ်ဦး၏ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား ရာတွင် မိဘများ၌ တာဝန်ရှိခြင်း။

**impugn** စိန်ခေါ်ခြင်း။ မေးခွန်းများ မေးမြန်းခြင်း (တစ်ဦးတစ်ယောက်၏ အကျင့်စာရိတ္တ မကောင်းကြောင်း။ အမှန်အကန်သတ်သေထွက် ချက်ပေးခြင်း ရှိမရှိ)

**impunity (n)** ပြစ်ဒဏ်မှကင်းလွတ်ခြင်း (သို့မဟုတ်)အကာအကွယ်ပေးခြင်း။ an exemption or protection from punishment.

**in absentia (latin)** ပျက်ကွက်ခြင်း။ တရားပြိုင်သည် အမှုစတင်စစ်ဆေးနေချိန် တရားရုံး ၏ ခွင့်ပြုချက်မရဘဲ တရားခွင်မှ ထွက်ခွာသွားပါက ပျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးခြင်း။

(တရားမကျင့်ထုံးဥပဒေ အမိန့် ၉ နည်း ၆(၁)(က)ထို့အတူ တရားပြိုင်အပေါ်သမ္မန်စာကို နည်းလမ်းတကျချမှတ်ပြီးကြောင်း အထောက်အထား ခိုင်လုံလျှင် တရားပြိုင်လာရောက်ခြင်းမရှိပါက အမှုကို တစ်ဘက်သတ်ဆောင်ရွက်နိုင်သည်။

**in action** တရားစွဲခြင်းဖြင့် (ပစ္စည်းကို)ပြန်လည်ရယူခြင်း(သို့)ကြိုးပမ်း၍ရရှိ နိုင်ခြင်း။

**inadmissible (adj)** ခွင့်မပြုသော၊ သက်သေခံအက်ဥပဒေအရ သက်သေခံဖြင့် လက်မခံ သော၊ ပယ်ချသော။

**inalienable** လွှဲပြောင်း၍မရသော၊ ယူဆောင်သွားရန်မဖြစ်နိုင်သော

**inalienable right** အခြေခံအခွင့်အရေးများ (၎င်းကို) ပိုင်ဆိုင်သူတစ်ဦးလက်မှ အခြားသူ တစ်ဦးသို့ လွှဲပြောင်းပေးပိုင်ခွင့်မရှိသော အခွင့်အရေး။

**in ambiguo** - သံသယဖြစ်ဖွယ်။

**in arrears** မပြေကျန်ငွေများ ငွားရမ်းခကြွေးကို တရားစွဲဆိုတောင်းခံရာတွင် စွဲဆိုငွေကိုတရားရုံးမှ ဒီကရီချပေးပြီးနောက် စွဲဆွဲချိန်မှဒီကရီကျသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိ အဆိုပါကာလကြွေးကျန်။
**in articulo mortis (lat)**သေခါးနီးဆဲဆဲ at the time of death
**in autre droit-** in another right အခြားသူ၏ အခွင့်အရေးအရ။
**inbanc (en banc - lat)-** by the full court. စုံညီခုံရုံးမှ။
**in blank--**လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းပေါ်တွင် ဗလာထပ်ဆင့် လက်မှတ်ရေးထိုးခြင်း။
**in camera. latin for in chambers**--တရားသူကြီး၏ ရုံးခန်းအတွင်းအမှုများကို စစ်ဆေးကြားနာခြင်း။အကယ်၍ တရားခွင့်၌ ကြားနာမည်ဆိုပါကလည်း တရားခွင်အတွင်းရှိနေသည့် အမှုနှင့်မစပ်ဆိုင်သော သူများကို ဖယ်ရှားပြီးမှ အမှုကိုစစ်ဆေးကြားနာခြင်း။

ထိုသို့ အများပြည်သူရှေ့မှောက် မစစ်ဆေးဘဲ တရားသူကြီးရုံးခန်းအတွင်းစစ်ဆေးရခြင်းမှာ တရားခံနှင့်သက်သေများ၏ အကျိုးငှာဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာ မုဒိန်းမှုတွင် ကာယကံရှင်မိန်းကလေးအား စစ်ဆေးခြင်း။ သက်သေမှ ငယ်ရွယ်သူကလေးဖြစ်နေခြင်း။
**incapacity (n)** ရုပ်ခန္ဓာ သို့မဟုတ် စိတ်နှင့်စပ်လျဉ်း၍ စွမ်းရည်များချို့တဲ့ခြင်း။ တစ်စုံတစ်ယောက်၏ဆောင်ရွက်မှုအပေါ် ဥပဒေအကျိုးသက်ရောက်မှုမှာ အရည် အချင်းချို့တဲ့ခြင်း။ ဒဏ်ရာရနေသော အလုပ်သမားသည် သူ၏အလုပ်ကို ဆောင်ရွက်ရာတွင် အရည်အသွေး မပြည့်ဝတော့ခြင်း။
**in capita -** တစ်ဦးတစ်ခြား။ တစ်သီးပုဂ္ဂလိက။
**incase -** မည်သို့ပင်ဖြစ်စေကာမူ။
**incendiarism (n)**လှို့ဆော်ဝါဒ။
**incendiary** တစ်ဦးတစ်ယောက် ကြိုတင်ကြံစည်၍ ပစ္စည်းကို ဥပဒေမဲ့မီးရှို့ခြင်း။ ဗုံး သို့မဟုတ် ဓါတုဗေဒပစ္စည်းများကို မီးစတင်လောင်ကျွမ်းစေရန် ပြုလုပ်ခြင်း။
**incest (n)**သွေးရင်းသားရင်းချင်း ထိမ်းမြားခြင်း။ တရားမဝင်ပြစ် မှုဖြစ်သည်။ တစ်ချို့ဓလေ့ထုံးတမ်းအရ ပျက်ပြယ်သော ထိမ်းမြားခြင်းဖြစ်သည်။ ၎င်းတွင် မိမိ၏မွေးစားကလေးကို ကိုယ်လက်နှိုးနှောခြင်းလည်း ပါဝင်သည်။





**in charge of** ထိန်းချုပ်မှုအောက်တွင် စီမံခန့်ခွဲမှုအောက်တွင်။
**inchief** အဓိက။ သက်သေကို တင်သွင်းသည့်ဘက်မှ စတင်စစ်ဆေးခြင်း။
**inchoate (adj)** အစပျိုးထားသော်လည်း ပြည့်စုံမှုမရှိသေးသော။ နည်းလမ်းတကျဆောင် ရွက်ရခြင်းမရှိသေးသော ပဋိညာဉ်။ တစ်စိတ်တစ်ပိုင်းသော ဆောင်ရွက်ရခြင်းသာ ရှိသေးသော။
**include** ပါဝင်သည်။
**in comformity with** နှင့်အညီ။
**in connection with** စပ်လျဉ်း၍။
**in curia (lat).** အများပြည်သူရှေ့မှောက်တွင် စစ်ဆေးဆောင်ရွက်ခြင်း။
**incustodia legis (lat)** ဥပဒေအရ ထိန်းသိမ်းထားခြင်းခံရသော။
**incident**(၁) ဆက်နွယ်မှုမရှိသော ကြုံကြိုက်ဖြစ်ပျက်မှု သို့မဟုတ် အဖြစ်အပျက်။
an incident of copy right infrigement. မူပိုင်ခွင့်ဖောက်ဖျက်သော အဖြစ်အပျက်။

(၂) အကြောင်းအရာပေါ်တွင် အခြေတည်သော။ လက်အောက်ခံဖြစ်သော၊ သို့မဟုတ် အကျိုးဆိုက်ရောက်သော အစိတ်အပိုင်း။

child support is a typical incident of divoce ကလေးစရိတ်ထောက်ပံ့ခြင်းသည် လင်မယားကွာရှင်းသည့်အကြောင်းအရာပေါ်လွှင် အခြေခံသော စံနမူနာနှင့်ကိုက်ညီသည့်အချက်ဖြစ်သည်။
**incidental (adj)** အဓိကအရာနှင့် ယှဉ်တွဲဖြစ်လာသော အကြောင်းအရာ။
**incidents of ownership** ပစ္စည်းပေါ်တွင် မည်သည့်ထိန်းချုပ်မှုကိုမဆို။ ပစ္စည်းကို ပေးကမ်းခဲ့လျှင်ပင် ပစ္စည်း၏ပိုင်ဆိုင်မှုကို ဆက်လက်ထိန်းချုပ်ထားခြင်း။ ဥပမာသင့်အနေဖြင့် တိုက်ခန်းကိုပေးခဲ့သော်လည်း အိမ်လခများလက်ခံနိုင်ခွင့်ကို ဆက်လက်ထားခြင်း။ ဥပဒေအရ ပေးကမ်းမှုကို မပြုလုပ်ပါ။
**incise wound** ပြတ်ရှဒဏ်ရာ။ ပြတ်ရှသောလက်နက်များဖြစ်သည့်ဓား၊ သင်တုံးဓား၊ ဓားရှည်၊ ပုဆိန်၊ တံစဉ် သို့မဟုတ် ပြတ်ရှသော အရာဝတ္ထုတစ်ခုခုဖြင့် ပြုလုပ်၍ရသော ဒဏ်ရာမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**incite (v)** မြောက်ပေးသည်၊ တိုက်တွန်းလှုံ့ဆော်သည့် ပြစ်မှုတစ်ခုကို ကျူးလွန် ရန် တစ်ဦးတစ်ယောက်ကို သွေးဆောင်သည်။ အားပေးခြင်းနှင့်အလား တူသည်။

**incitement** အခြားသူတစ်ဦးကို ပြစ်မှုကျူးလွန်လှုံ့ဆော်ခြင်း။

**inciter** အခြားသူပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သူ။

**include**--တစ်စုံတစ်ခု၏ အစိတ်အပိုင်းအဖြစ်။ အုပ်စုကြီးတစ်ခုတွင် လူတစ်ဦး တစ်ယောက်ပါဝင်ခြင်း၊ ပစ္စည်းတစ်ခုသည် ပါဝင်ခြင်း။

The word public includes any class of the public or any community. penal code sec 12. The word parson includes ......sec 11.

**in comformity with** နှင့်အညီ။

**in competence** မစွမ်းနိုင်ခြင်း၊ သတ်မှတ်ထားသော အရည်အချင်းနှင့် မပြည့်စုံ၍ တာဝန်ထမ်းဆောင်ရန် မသင့်တော်ခြင်း။

**income** ငွေပစ္စည်း သို့မဟုတ် အခြားစီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိခြင်း။ **income effect** ကုန်စည်တစ်မျိုး၏ ဈေးနှုန်းတက်သည့်အခါ ယင်းနှင့်ယှဉ်သည်။ အမှန်ဝင်ငွေကျဆင်းပြီး ဝယ်နိုင်စွမ်းအားနှင့် ဝယ်လိုအားကျ ဆင်းခြင်း။ ဈေးနှုန်းမတက်ဘဲ ဝင်ငွေကျဆင်းသည့်အခါ ဝယ်နိုင်စွမ်းအားနှင့် ဝယ်လိုအားကျဆင်းသည်.

**income tax** ဝင်ငွေခွန်။

**income statement** ဝင်ငွေခွန်ကြေငြာချက်။ အရှုံးအမြတ်စာရင်းဇယား

**incontinence (n)** အလွန်အကျူးကာမဂုဏ် လိုက်စားခြင်း။

**incorporation.** ကော်ပိုရေးရှင်းတစ်ခုဖွဲ့၍ လုပ်ငန်းလုပ်ရန် သက်ဆိုင်ရာ အာဏာပိုင်များထံမှ ခွင့်ပြုရယူသည့်လုပ်ငန်းစဉ်။ အမေရိကန်နိုင်ငံတွင် ထိုသို့ဖွဲ့စည်းသော အဖွဲ့အစည်းတစ်ခုသည် ၎င်း၏အမည်နောက်တွင် Inc စာလုံးပါသည်။

**inconsistent** ရှေ့နောက်မညီသော/ ဆန့်ကျင်သော။

**incorporeal property** မထိတွေ့နိုင်သောပစ္စည်းများ။ ကိုင်တွယ်၍မရသော ပစ္စည်းများ။ အထည်ကိုယ်ဒြပ်မရှိသောပစ္စည်းများ။။ ရုပ်ဒြပ်မရှိသောပစ္စည်းများ၊





**incorrigible** ပဲ့ပြင်ဆုံးမ မရသော။

**increment (n)** တိုးပွားခြင်း၊ အမြတ်ရခြင်း၊ ဝန်ထမ်းများလစာတွင် နှစ်စဉ်တိုးပွားငွေ (နှစ်တိုး)

**incriminate (v)** ပြစ်မှုမြောက်သော အကျင့်ပျက်ပြားမှုတွင် တာဝန်ရှိစေခြင်း။ အခြားသူ ကို ပြစ်မှုတွင်ပါဝင်ပတ်သက်ကြောင်း စွပ်စွဲသည်။ အမှုပတ်သည်။

**inculpate (v)** စွပ်စွဲသည်။ အပြစ်တင်သည်။

**inculpatory**-ပြစ်မှုဖြင့် စွပ်စွဲသည်။ အပြစ်တင်သည်။

**incumbent (adj)**--တာဝန်ကျရောက်သော၊ တာဝန်ရှိသော၊ ရာထူး လက်ကိုင်ရှိသော။

**incurable (adj)** ကုစား၍မရနိုင်သော။

**incurable insanity** ကုသ၍မရနိုင်သော စိတ်ဖောက်ပြန်ခြင်း။

**incurred (v)** The money spent actually တိတိကျကျငွေသုံးစွဲသည်။ ကြုံတွေ့ ရသည်၊ ခံစားရသည်၊ မိမိအပေါ်သို့ ကျရောက်စေသည်။

**indebtedness (n)**-ကြွေးမြီရှိခြင်း၊ ကြွေးမြီတင်ရှိခြင်းအခြေအနေ။

**indecent exposure** - အများပြည်သူရှေ့မှောက်တွင် မလျော်သော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှစ်ပြခြင်း၊ အထူးသဖြင့် လိင်အင်္ဂါများကို လှစ်ပြခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ (ခ) နှင့် ပုဒ်မ ၅၀၉)

**indecent liberties** မသင့်လျော်သောအပြုအမူဖြင့် (လိင်ကိစ္စအလို့ငှာ) ကလေးသူငယ်ကို ချဉ်းကပ်ခြင်း။

**in default of**-- ပျက်ကွက်သည့်အခါ

**indefeasible (adj)** ပြောင်းလဲရန် မစွမ်းဆောင်နိုင်သော သို့မဟုတ် ဖယ်ဖျက်ရန်အခွင့် အလမ်းမရှိသော

**indemnify (v)** ဆုံးရှုံးမှုအပေါ် သို့မဟုတ် ပျက်စီးမှုအပေါ် နစ်နာသူအား အာမခံချက် ပေးခြင်း

**indemnity (n)** အခြားသူတစ်ဦးတစ်ယောက်၏ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် လျော်ကြေးပေးရန် သဘောတူညီခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ A သည် B ထံမှ မြေကွက်ကို ဝယ်ယူသည်။ အဆိုပါမြေသည် မူလပိုင်ရှင် B အနေဖြင့် နှစ်ပေါင်းများစွာ အခွန်အခများကို ပေးဆောင်ခဲ့ခြင်းမရှိကြောင်း အရောင်းအဝယ်ပြုလုပ်စဉ်က မသိရှိခဲ့ပေ။ ထို့ကြောင့် A အနေဖြင့် ထိုမြေကွက်၏ အခွန်အခများကို ပေးဆောင်လိုက်ရသည်။ ထိုနစ်နာမှုအတွက် A အနေဖြင့် B ထံမှ လျော်ကြေးတောင်းပိုင်ခွင့်ရှိသည်။

**indenture** ---(၁)ယေဘုယျအားဖြင့် စာဖြင့်ရေးသားထားသော နှစ်ဘက်သဘော တူညီချက်။(၂)မြေယာစာချုပ်တစ်ခုတွင် နှစ်သက်သောပါဝင်သူများက တာဝန် အသီးသီးကို ဆက်လက်ဆောင်ရွက်ကြရန် သဘောတူကြခြင်း။ ဥပမာ တစ်ဦးက ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ပြီး ကျန်တစ်ဦးက အဆိုပါပစ္စည်းအပေါ်ပေးဆောင်ရမည့် အခွန်အခ များကို ပေးချေရန်ဖြစ်ခြင်း။ (၃)နှစ်ဦးထက်ပိုသောသူများ စာချုပ်တစ်စောင်ပြုရာတွင် ယခင်က မိတ္တူများ မပြုလုပ်ဘဲ ထိုစာချုပ်တစ်စောင်ကို ပိုင်း၍ရယူထားခြင်း။ ဥပမာ နှစ်ဦးဖြစ်လျှင် နှစ်ပိုင်းကိုခွေးသွားစိတ်များဖြင့် ပိုင်ထားပြီး ထိုနှစ်ခုဆက်စပ်၍မူရင်းစာချုပ်ဖြစ်အောင် ပြုခြင်း။ စာချုပ်ပါအဖွဲ့ ဝင်များလိမ်လည်အတုပြုမှု မလုပ်နိုင်ရန် ရှေးအခါကပြုလုပ်ခြင်းဖြစ်သည်။

**indeterminate (adj)** - အကန့်အသတ်မရှိသော၊ မသေချာသော။

**indeterminate sentence** ထောင်ဒဏ်ချမှတ်ရာတွင် နှစ်မည်မျှမှ မည်မျှအထိဟု ဖော်ပြခြင်း ထောင်ဒဏ်ကို နှစ်မည်ကျခံစေဟု ဖော်ပြမထားဘဲ အနည်းဆုံးမှ အများဆုံးထိကို သာဖော်ပြခြင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ အကျဉ်းသား၏ အကျင့်နှင့် စည်းကမ်းလိုက်နာမှု့ပေါ်မူတည်၍ အနိမ့်ဆုံးမှ အမြင့်ဆုံးပြစ်ဒဏ်ကြားကာလအတွင်း ထောင်မှလွှတ်ပေးနိုင်ခြင်း။ အကျဉ်းသားအနေဖြင့် စည်းကမ်းလိုက် နာခြင်းဖြင့်စောစောလွတ်ရန် မျှော်လင့်နိုင်ခြင်း။ နှစ်အကန့်အသတ်မရှိ unlimited နှင့် ကွဲပြားသည်။

**index number** ညွှန်းကိန်း၊ ဆန္ဒန်းကိန်း။

**indicate (v)** ညွှန်ပြသည်။ ညွှန်းသည်။ စာအုပ်ပါအကြောင်းအရာနှင့် တည်ရှိရာ စာမျက်နှာကို အက္ခရာစဉ်အရ စာရင်းပြုစုတင်ပြခြင်း။





**indicia (latin)** signs or to point out. ညွှန်ပြခြင်း သို့မဟုတ် အမှတ်အသားသည် တစ်စုံတစ်ရာမှာဖြစ်ကောင်းဖြစ်မည်ဟု ဖော်ပြသော။

**indictment (n)** တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော လူများကို ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည့် သို့မဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စကို ပျက်ကွက်သည်၊ (တွက်ပြေးတရားခံလာရောက် ရှောင်တိမ်းနေကြောင်း သိလျက်နှင့် သတင်းမပေး ဖုန်းကွယ်ထားသော)ဟု စွတ်စွဲသည်။

**indigent (adj)**-- ဆင်းရဲသားနွမ်းပါးသော။ ဘဝလိုအပ်ချက်များကို ခွမ်းဆောင်နိုင်သော၊သေဒဏ်ထိုက်သောပြစ်မှုဖြင့် စွတ်စွဲခံနေရသော တရားခံတစ်ဦးကို တရားစွဲဆိုတင်ပို့ခဲ့ရာတွင် ရှေ့နေငှားရမ်းခြင်း မပြုနိုင်ပါက နိုင်ငံတော်မှ အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးခြင်း။

**indignity**--သိက္ခာကျခြင်း၊ အရှက်တကွဲဖြစ်ခြင်း။

**indirect evidence**--ပတ်ဝန်းကျင်သက်သေခံချက်။

(သက်သေခံဥပဒေပုဒ်မ၅မှပုဒ်မ ၁၆)

**indispensable evidence**---မရှိမဖြစ်လိုအပ်သော သက်သေခံချက်။ တင်ပြသည့်အကြောင်းအချက်အပေါ် သက်သေပြရန် လိုအပ်သည့် သက်သေခံချက်။

**indispensable party**-- တရားရုံးမှ အပြီးသတ်အမိန့်ချမှတ်နိုင်ရန်အတွက် အမှုတွင် မပါမဖြစ်ပါဝင်ရမည့် တရားလို သို့မဟုတ် တရားပြိုင်များ (တရားမကျင့်ထုံးဥပဒေ အမိန့် ၁ နှင့် ၃)။

ဥပမာ (၁) ပစ္စည်းကို ပူးတွဲပိုင်ဆိုင်သူများသည် ပစ္စည်းကို လက်ရောက်ရရန် ပူးတွဲစွဲဆိုရမည်ဖြစ်သည်။

(၂) မောင်ဘသည် အိမ်နီးခြင်း မြေကွက်ပေါ်ရှိ သစ်ပင်တစ်ပင်မှာ ၎င်းဘက်ကိုကိုင်းညွတ်ပြီး နေအိမ်ကို အန္တရာယ်ဖြစ်ပေါ်စေ နိုင်၍ ဖယ်ရှားပေးရန် တရားစွဲဆိုရာတွင် သစ်ပင်ပေါက်ရာမြေကွက် ပိုင်ရှင်များအားလုံးကို တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုရမည် ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**individual (adj)** တစ်သီးတစ်ခြားဖြစ်သော၊ သီးသန့်ဖြစ်သော။
**indivisible (adj)** not separable into parts. အစိတ်အပိုင်း ကလေးများ အဖြစ်ခွဲထုတ်၍ မရသော။ (ဥပမာ an indivisible debt)
**indorse (v)** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအပေါ်တွင် ထပ်ဆင့်လက်မှတ် ရေးထိုးသည်။
**indorsee (n)** ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။ လွှဲအပ်ခံရသူ
**indorsement (n)** ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း ။လွှဲပြောင်းနိုင်သော စာချုပ်လက်မှတ် တစ်စုံတစ်ရာကို ရေးသားချုပ်ဆိုသူကဖြစ်စေ၊ လက်ရှိဖြစ်သူက ဖြစ်စေ၊ ၎င်းလက်မှတ်ကြောဘက်တွင်သော်လည်းကောင်း၊ မျက်နှာဘက်တွင် လည်းကောင်း အလွတ်စက္ကူကိုတွဲ၍သော်လည်းကောင်း၊ ၎င်းလက်မှတ်ကိုလွှဲပြောင်းရန် အလို့ငှာမူလ ရေးသားချုပ်ဆို သူအဖြစ်နှင့်မဟုတ်ဘဲ လက်မှတ်ရေးထိုးသည့်အခါ သို့မဟုတ် ၎င်းလွှဲပြောင်းနိုင်သော စာချုပ်လက်မှတ်အဖြစ် အပြီးသတ် ရေးသားချုပ်ဆိုရန် ရည်ရွယ်သည့်တံဆိပ်ခွန်စက္ကူတွင် ဆိုခဲ့သည့်အတိုင်း လက်မှတ်ရေး ထိုးသည့်အခါ ထပ်ဆင့်လက်မှတ်ရေးထိုးသည်ဆိုသည်။
**indorsement in blank** - ဗလာထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။
**indorsement in full** - အပြည့်အစုံထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။
restrictive indorsement - ကန့်သတ်ချက်ဖြင့်ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။
conditinal indorsement - ခြွင်းချက်ဖြင့် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။
**indorsement sans recours** - ထပ်ဆင့်လက်မှတ်ထိုးသူက မိမိကိုယ်ကို တာဝန်မှလွတ်ကင်းအောင်ရေးသည့်စာသား။
**induce (v)** သွေးဆောင်သည်။ မြူဆွယ်သည်။ တရားခံကိုပြစ်မှုကျူးလွန်ကြောင်း ဝန်ခံလာရန်တိုက်တွန်းသည်၊ သွေးဆောင်သည်။
**inducement (n)** (၁) ဖြားယောင်းသွေးဆောင်ခြင်း။ (၂) အဆိုအချေလွှာများတွင် ဖော်ပြပါရှိသော နိဒါန်း၊စကားချီး။
**indue and proper form** - သတ်မှတ်ထားသည့်အတိုင်း နည်းလမ်းတကျ။
**in due course of law** - တရားဥပဒေနည်းလမ်းအတိုင်း။
**indul gence** - လိုက်လျှောမှု၊ အာရုံခံစားစေသည်။





**inequitable** - မမျှတသော၊ မတရားသော။
**inevitable (adj)**---မလွှဲမရှောင်နိုင်သော၊ ကေန်ဖြစ်နိုင်သော၊ ရှောင်တိမ်း၍မရ။
**inescapable peril**--ဘစ်ဦးတစ်ယောက်၏ အကူအညီမရရှိဘဲ ရှောင်တိမ်းနိုင်ခြင်း မရှိသော အန္တရာယ်ကျရောက်ခြင်း။
**inesse (in es-ee also es-ay) (latin)** အမှန်တကယ်ရှိနေသောအရာ။
**in extremis (latin)** --သေခါနီးအချိန်၊ အဆုံးစွန်အနေအထား (in articulo mortis နှင့် ကွဲပြားသည် in extremis သည် အမြဲတန်းသေခါနီးအချိန်ကိုဆိုလိုခြင်း မဟုတ်) ကျရောက်အံ့ဆဲဆဲ သေခြင်းကိုရင်ဆိုင်နေရခြင်း။
**infamous (adj)**(လူပုဂ္ဂိုလ်)မကောင်းသတင်းဖြင့် ကျော်ဇောခြင်း။
**infamy (n)**—သက်သေခံချက်ပေးရန် သင့်လျော်ခြင်းမရှိသော။
**infancy (n)**--အရွယ်မရောက်သေးသူ၊ ရှေးဦးကာလကလေးဘဝ။ မည်သည့်ကိစ္စ မဆို ကနဦးအဆင့်များ။
**infanticide (n)** မွေးကင်းစကလေးကို သတ်ဖြတ်ခြင်း။ ကလေး၏မိဘကသည်လည်းကောင်း၊ မိဘများ၏သဘောတူညီချက်အရလည်းကောင်း ဖြစ်တတ်သည်။ မွေးကင်းစလေးကို သတ်ဖြတ်သူ။
**inference (n)** အကြောင်းခြင်းရာကို တက္ကဗေဒနည်းဖြင့် ဆင်ခြင်သုံးသပ်၍ အကျိုးကို ထင်ရှားအောင်လုပ်ခြင်း။
ဥပမာ A နှင့် B သည် အစစ်အမှန်ဖြစ်ခဲ့လျှင် C သည်လည်း အစစ်အမှန်ဖြစ်ရမည်။ if A and B are true, then C is.
**inferior court** လက်အောက်ခံတရားရုံး။
**infidelity (n)** အိမ်ထောင်ရေးဖောက်ပြားခြင်း၊ သစ္စာမဲ့ခြင်း။
**infirmity (n)** အသက်အရွယ် သို့မဟုတ် ရောဂါကြောင့်ခန္ဓာကိုယ်ချိနဲ့အားနည်းခြင်း (အသက်အာမခံလျှောက်ထားမှုနှင့် ပတ်သက်လာလျှင်) လျှောက်ထားသူ၏ ကျန်းမာရေးချို့တဲ့မှုသည် အသက်အာမခံထားခြင်းကို လက်ခံရန်အတွက် သူ၏ အနေဖြင့် အဟန့်အတားဖြစ်လာသည်။
**informal (adj)** ထုံးတမ်းစဉ်လာအတိုင်း မဟုတ်သော။



www.burmeseclassic.com

www.burmeseclassic.com



**informal pauperis (latin)** တရားလိုသည်တရားမမှုစွဲဆိုရာတွင် ထမ်းဆောင်ရမည့် တံဆိပ် ခွန်တန်ဖိုးကို ပေးဆောင်နိုင်ခြင်း မရှိသည့်အခါ၊ ကင်းလွတ်ခွင့်ပေးပါရန် လူမွဲအဖြစ်ဆောင်ရွက်ခွင့် ပြုရန်လျှောက်ထားခြင်း။

**information (n)**(၁) စာရွက်စာတမ်း၏အမည်။ တစ်ခါတစ်ရံပြစ်မှုဆိုင်ရာဦးတိုက် လျှောက်လွှာ (ပထမသတင်းပေးတိုင်ချက်)ဟု ခေါ်ပြီး တရားခံသည် မည်သို့ ပြစ်မှုကျူးလွန်ကြောင်း ဖော်ပြကာ အရေးယူပေးရန် တိုင်ကြားချက်ဖြစ်သည်။ ထိုပထမသတင်းပေးတိုင်ချက် first information report သည် တရားခံအနေဖြင့် မည်သည့်နေ့ရက်အချိန် မည်သည့်ပြစ်မှုကို ကျူးလွန်ကြောင်း ဖော်ပြထားသဖြင့် တရားခံမှ ၎င်း အပေါ်စွတ်စွဲချက်ကို သိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ FIR တွင် အသေးစိတ်ပါဝင်မည်မဟုတ်ပေ။

(၂) သတင်း၊ သတင်းပေးခြင်း၊ အကြောင်းကြားခြင်း။

**information technology** - သတင်းအချက်အလက်နည်းပညာ။

**informer (n)** - သတင်းပေးသူ၊ တိုင်းတန်းသူ၊ ရဲသို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများသို့ ပြစ်မှုကျူးလွန်မှု သို့မဟုတ် တစ်ဦးတစ်ယောက်အကြောင်းကို လျှို့ဝှက်သတင်းပေးသူ။

**infringement (n)** ဥပဒေဖောက်ဖျက်ခြင်း၊ ထိပါးခြင်း၊ ကျူးလွန်ခြင်း၊ မူပိုင်ခွင့်၊ ကုန်အမှတ် တံဆိပ်အပေါ်ဆင်တူရိုးမှားပြု၍ ထိပါးခြင်း။ ဥပမာ။ ကုန်အမှတ် တံဆိပ်သတိပေး ကြော်ငြာချက် တွင်ရေးလေ့ရှိသည်။

**in futuro (latin) (adv)** - နောင်အနာဂါတ်တွင်

**ingress, egress, and regress**--အငှားချထားခြင်းခံရသူက ပြဿနာဖြစ်နေသော မြေပေါ်သို့ ဝင်ရောက် ခွင့်၊ မြေပေါ်မှထွက်ခွာခွင့်နှင့် ပြန်လည်ဝင်ရောက်ခွင့်။

**inhabitants** – မှီတင်းနေထိုင်သူများ။

**in haec verba (latin in these words)** လုံးစေ့ပတ်စေ့။

**inherit (v)** တစ်ဦးတစ်ယောက် သေဆုံးသွားသည့်အခါ ကျန်ရစ်သောပစ္စည်းကို လက်ခံရရှိခြင်း။ သေတမ်းစာရေးသားခဲ့ခြင်း မရှိသောသေဆုံးသူ၏ ပစ္စည်းကို ကျန်ရစ်သော အဆက်အနွယ်များက အမွေဆက်ခံခြင်း မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံခြင်း။





**inheritance (n)** သေဆုံးသူနှင့်သက်ဆိုင်သော ဥပဒေများအရ အမွေဆက်ခံခြင်း။

**inheritors** သေဆုံးသူ၏ အမွေကိုဆက်ခံကြသူများ။

**inherent power**-ဌာန၊ ရာထူး၊ အဆင့်အတန်းတွင် အတိအလင်း အာဏာအပ်နှင်းထား ခြင်း မရှိသော်လည်း တာဝန်ထမ်းဆောင်သည့် အဆင့်အရ တရားမျှတမှုရရှိ အောင်ဆောင်ရွက်နိုင်သော မူလဘူတ အာဏာ။

**inhibition (n)** တားမြစ်ခြင်း။

**iniquitous (adj)** မတရားသော၊ တရားမျှတခြင်းမရှိသော အလွန်ယုတ်မာသော၊ အလွန်ဆိုးသွမ်းသော။

**injunction (n)** တားဝါးရမ်း၊ တားမြစ်မိန့်။ တားဝါးရမ်းနှစ်မျိုးရှိသည်။ ယာယီတား ဝါးရမ်း temporary injunctions နှင့် ထာဝစဉ် (အမြဲတန်း) တားဝါးရမ်း perpetual injunctions တို့ဖြစ်သည်။

(temporary injunctions ကို တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ မှ ၅ နှင့် perpetual injunction ကို သီးခြားသက်သာခွင့်အက်ဥပဒေအခန်း ၉ ပုဒ်မ ၅၂နှင့် ပုဒ်မ ၅၃ တို့တွင် လေ့လာပါ။)

mandatory injunction မလိုက်နာဘဲ မနေရသောတားမိန့်။

ဥပမာ ဆောင်းရာသီတွင် အိမ်ရှင်က အိမ်ငှားကို အပူဓာတ်မရစေရန် ပိတ်ပင်ထားသည်။ တရားရုံးသို့ အိမ်ငှားက လျှောက်ထားရာ တရားရုံးက အိမ်ရှင်အပေါ် အပူဓာတ်မရအောင် ပိတ်ပင်ထားခြင်းကို ပြန်ဖွင့်ပေးရန် (mandatory injunction) အမိန့်ချမှတ်လိုက်သည်။

**injuria absque damno** (latin) ဥပဒေအရ မှားယွင်းမှုဖြစ်သော်လည်း တရားတစ်ထုံးစွဲဆိုရန် အထောက်အထား မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုမှားယွင်းမှုမှမည်သည့်နစ်နာမှုမျိုးမဆို ပေါ်ပေါက်ခြင်း မရှိသောကြောင့်ဖြစ်သည်။

**injuria non excusat injuriam (latin)**. မှားယွင်းမှုတစ်ခုသည် အခြားတစ်ခုအတွက် အပြစ်မှလွတ်ခွင့်မရှိပါ။

**injury (n)** အကျိုးပျက်စီးနစ်နာစေခြင်း။ ပြုလုပ်ခြင်းဖြင့် အခြားသူ တစ်ဦးကို ထိခိုက်စေခြင်း သို့မဟုတ် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာစေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နစ်နာစေခြင်းသည် ရုပ်ခန္ဓာကိုယ်ကိုလည်းကောင်း ဂုဏ်သတင်းကျော်စောမှုကိုလည်းကောင်း ထိခိုက်စေခြင်း။ ဥပဒေအရ အခွင့်အရေးရပိုင်ခွင့်များ ဆုံးရှုံးခြင်းနှင့် ပဋိညာဉ်စာချုပ်ဖောက်ဖျက်ခြင်းဖြင့် ဆုံးရှုံးမှုများဖြစ်စေခြင်း။

**inmate (n)** ထောင်ကျအကျဉ်းသား။ အကျဉ်းထောင်အတွင်း ရောက်နေသူ၊ ဆေးရုံရောက်နေသူ၊ အခြားအဖွဲ့အစည်း တစ်ခုခုသို့ရောက်နေသူ။

**inns of court** အင်္ဂလန်နိုင်ငံရှိ ဝတ်လုံတော်ရဘွဲ့ပေးရာ မဟာဌာနကြီး(၄)ခု။inner temple,middle temple,lincoln's inn,gray's inn

**in mercy-(latin)** ပြစ်ဒဏ်နှင့် စပ်လျဉ်း၍တရားသူကြီး၏ ဆင်ခြင်တုံတရား

**innocence (n)** - အပြစ်ကင်းစင်ခြင်း။

**innocent (adj)** -ပြစ်မှုမှလွတ်ကင်းသော၊ အပြစ်ကင်းသော။

**innuendo(lat)**-- စာဖြင့်ရေးသားချက်ပါ ရိုးရှင်းသောမန်စကားလုံးများဟုတင်ရသည့် စကားလုံးများသည် အထောက်အထား မရှိဘဲ ဖွတ်ချွဲထားသော အသရေပျက် စေသည့် စကားလုံးများဖြစ်ကြောင်း လျှောက်ထားသူက ရှင်းလင်းတင်ပြခြင်း။

 - သွယ်ဝိုက်သော အဓိပ္ပါယ်ရစေသည်။ အသရေဖျက်မှုများတွင် တရားခံသည် အဓိပ္ပါယ်နှစ်ခွထွက်သော စကားလုံးများကို သုံး၍တရားလို၏ ဂုဏ်သရေကို ပျက်ယွင်းစေခြင်း။ ဥပမာ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများအနက် အသက်ရှင်လျက် မြို့တော်ဝန်ဟောင်းတစ်ယောက်သာ ကျန်ရှိခဲ့ရာ အသရေဖျက်သူက ယခင်မြို့တော်ဝန် (မည်သူဟုမပြော)သည် လူလိမ်တစ်ယောက်ဖြစ်ကြောင်းရေးသားခဲ့ခြင်း။ သူလိုလို ငါလိုလိုဖြစ်အောင် ပြောခြင်း။

**inoperative (adj)** - လုပ်ငန်းကိစ္စရပ်ဆိုင်းနေသော၊ ဥပဒေရပ်ဆိုင်းနေသော။

**in pais (law french in the country)** -တရားရုံး၏ပြင်ပ။ ဥပဒေဆိုင်ရာဆောင်ရွက်ချက်၏ပြင်ပ။

**in pari delicto (latin in equal fault)** - မှားယွင်းပြုမူချက်ခြင်း တူညီလျှင်။

**in pari materia (latin) in the same matter** တူညီသော အကြောင်းခြင်းရာ။

**in perpetuity** - အမြဲတမ်း:





**in personam (latin)** တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သော၊ သီးခြားလူပုဂ္ဂိုလ်အပေါ်တွင် သာအတည်ဖြစ်သော။

**in posse (latin)**လတ်တလောတည်ရှိမနေသော်လည်း နောင်ကာလ၌အချို့အခြေအနေ များအောက်တွင် ပေါ်ထွက်လာရန် အဆင်သင့်ဖြစ်နေသော။ ကောင်းသော အလားအလာ။ ဖြစ်နိုင်ချေရှိသော။

**inquest (n)** မသင်္ကာဖွယ်ရာပတ်ဝန်းကျင်တွင် သေဆုံးနေသူ သို့မဟုတ် အကျဉ်းထောင်အတွင်း သေဆုံးနေသူကို သေဆုံးရသည့်အကြောင်းရင်းအား သိရှိနိုင် ရန်အတွက် သေမှုသေခင်းစစ်ဆေးသည့်အရာရှိ သို့မဟုတ် ဆေးဘက်ဆိုင်ရာ အရာရှိမှ လိုအပ်လျှင်တရားသူကြီး၏ အကူအညီရယူပြီး စစ်ဆေးခြင်း။

**inre (latin)** - ထိုအကြောင်းနှင့် ပတ်သက်၍။ တစ်ဖက် မှယှဉ်ပြိုင်မည့်သူမပါရှိသော အမှုများကို ညွှန်းဆိုရာတွင် အတိုကောက်သုံးခြင်း။

ဥပမာ In re estate of Ruth Bently ဆိုလျှင် သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားသည့်အမှုတွင် Ruth Bently ၏ ပိုင်ဆိုင်သောပစ္စည်းများအကြောင်း အတိုကောက်သုံးစွဲဖြစ်သည်။

**in rem (latin )**အများနှင့်သက်ဆိုင်သော။in personam နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

**insane (adj)** - စိတ်နောက်သော၊ အသိတရားမရှိသော။

**insanity (n)** - စိတ်ရောဂါရှင်။

**insanity defence**-- စိတ်ပေါ့သွတ်နေပါသည်ဟု ခုခံချေပခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄)ဥပဒေအရဆိုလျှင် ပြစ်မှုကျူးလွန်စဉ်အချိန်က စိတ်ချို့ယွင်းနေမှသာ ပုဒ်မ ၈၄ နှင့် အကျုံးဝင်မည်ဖြစ်သည်။ သက်သေပြရန်တာဝန်မှာ တရားခံအပေါ် ကျရောက်သည်။

**insertion (n)** ထည့်သွင်းခြင်း၊ ပေါင်းစပ်ခြင်း၊ လက်နှိပ်စက်ရိုက်ထားသော သို့မဟုတ် လက်ရေးဖြင့် ရေးသားထားသော စာရွက်စာတမ်းပေါ်တွင် ထပ်ထည့်ခြင်း။ ယေဘုယျအားဖြင့် စာရွက်စာတမ်းတွင် ပါဝင်လက်မှတ်ထိုးသူများ၏ အဆိုပါ ထပ်ဖြည့်စာသားကို လက်မှတ်တို ထပ်ထိုးကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



**insider** –လူယုံ၊ အတွင်းလူ။

**insist (v)**--အတင်းအကြပ်လုပ်ဆောင်စေသည်။

**insolvency (n)** ကြွေးမြီများကို အပြည့်အဝ မပေးဆပ်နိုင်သူအဖြစ်ခံယူခြင်း။ ကြွေးမြီ များကို အချိန်စေ့ရောက်သောအခါ ပေးဆပ်နိုင်ခြင်း မရှိ၍ တရားရုံးတွင် လူမွဲအဖြစ်သတ်မှတ်ပေးပါရန် လူမွဲဥပဒေအရ လျှောက်ထားခံယူခြင်း။ ကြွေးမြီများကို စေ့ရောက်သော်လည်း မပေးဆပ်နိုင်သော လူပုဂ္ဂိုလ်သို့မဟုတ် ကုမ္ပဏီသည် မြီရှင်များကို ခေါ်ယူ၍ အခြေအနေကိုရှင်းပြကာ၊ မြီရှင်များက သဘောတူ အစီအစဉ်များရေးဆွဲခြင်းဖြင့် ကြွေးမဆပ်နိုင်သူပိုင်ပစ္စည်းများကို ခွဲဝေယူရန်ဖြစ်သည်။မြီရှင်များကသဘောမတူပါက ကြွေးမဆပ်နိုင်သော မြီစားသည် တရားရုံးသို့ သက်ဆိုင်ရာ လူမွဲခံယူမှု ဥပဒေအရ လူမွဲအဖြစ်ခံယူခွင့်ပြုရန် လျှောက်ထားပြီး လူမွဲအဖြစ်ခံယူပါက တရားရုံးက လူမွဲပိုင်ပစ္စည်းများကို မြီရှင်များအား အချိုးကျခွဲဝေပေးနိုင်သည်။(The Myanmar Insolvency act sec 6)

**insolvent (adj)(n)** ကြွေးမဆပ်နိုင်သော၊ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိ၍ လူမွဲအဖြစ် ခံယူသော/ ခံယူသူ။

**inspection of documents**---၁။စာချုပ်စာတမ်းများကိုကြည့်ရှုစစ်ဆေးခြင်း။ တရားမမှုများ၌ အဆိုအချေတွင်ဖြစ်စေ၊ အမှုသည်တို့၏ ကျမ်းကျိန်ချက်များတွင်ဖြစ်စေ၊ ရည်ညွှန်းထားသော စာချုပ်စာတမ်းများကို တစ်ဖက်မှ ကြည့်ရှုစစ်ဆေးနိုင်ခြင်း။(တရားမကျင့်ထုံးဥပဒေအမိန့်၁၁ နည်းဥပဒေ၁၅ မှ၁၈အထိ ကြည့်ပါ)

၂။ ပေါင်နှံသူသည် အပေါင်ပစ္စည်းအား ရွေးနုတ်ခွင့်ရှိနေသရွေ့ အပေါင်ခံသူ၏ လက်ဝယ်သို့မဟုတ် စီမံမှုအောက်ရှိ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို မိမိစရိတ်ဖြင့် စစ်ဆေးခွင့်ရှိသည်။(ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၆၀–ခ)

**inspection agency**--ကုန်ပစ္စည်း မှာယူတင်သွင်းထားသူက ဆိပ်ကမ်းသို့ ရောက်ရှိလာ သော ကုန်များကိုအရည်အသွေး မှန်မမှန်စစ်ဆေးပေးရန်အတွက် တာဝန်ပေးထားသော စစ်ဆေးရေးအေဂျင်စီအဖွဲ့။





**installation (n)** စက်ပစ္စည်းများကို တပ်ဆင်ခြင်း။ သက်ဆိုင်ရာနေရာတွင် စက်ရုံများ တည်ထောင်တပ်ဆင်ခြင်း။

**installment (n)**ကြွေးမြီများကို အရစ်ကျပေးချေခြင်း။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၀ နည်း ၁၁ အရဒီကရီတစ်ရပ်သည် ငွေပေးဆပ်ရန် အတွက် သာဖြစ်လျှင် ဥပဒေနှင့် ညီညွတ်ပါက တရားရုံးအား အရစ်ကျပေးဆပ်စေရန် အမိန့်ချနိုင်သည်။

**installment credit** အရစ်ကျအရောင်းချေးငွေ။ စားသုံးသူများသို့ မော်တော်ကား၊ စက်ကိရိယာစသည့် ဝယ်ယူရာတွင် အရစ်ကျပြန်လည်ပေးဆပ်နိုင်သော ချေးငွေ။

**installment contract** ဆောင်ရွက်မှုတစ်ခုကို အရစ်ကျဆောင်ရွက်ရန် သဘောတူညီချက် ဥပမာ၊ ငွေများ ကုန်စည်တင်ပို့ခြင်းများ သို့မဟုတ် ဝန်ဆောင် မှုများကို သတ်မှတ်ထားသော နောက်ဆုံးရက်အတွင်း အရစ်ကျဆောင်ရွက်ရန် ပဋိညာဉ် တစ်ရပ်ထားရှိခြင်း။

**installment sale** အရစ်ကျရောင်းခြင်း။ ဝယ်ယူသည် ကုန်စည်၏ သတ်မှတ်ထားသော ငွေအစိတ်အပိုင်းကို လက်ငင်းပေးချေပြီး ကျန်ငွေကိုသတ်မှတ်သည့် အကြိမ်အတိုင်း အရစ်ကျပေးချေရခြင်း။ ပစ္စည်း၏ပိုင်ဆိုင်ခွင့်မှာ ရောင်းသူထံတွင် ရှိနေပြီး ပစ္စည်းတန်ဖိုးကျေမှသာ ပိုင်ဆိုင်ခွင့်မှာဝယ်ယူသို့ ပြောင်းသွားသည်။

**instance (n)** ဖြစ်ပျက်မှု။ သာဓက ဤမြို့ငယ်လေးတွင် မနှစ်ကမော်တော်ကားခိုးမှု ၅၅ မှုရှိခဲ့ကြောင်း (There are 55 instances of reported auto theft ....) ထုတ်ပြန်ချက်အရ သိရသည်။

**instance, court of first**--မူလတရားရုံး။

**instance (v)** ဥပမာဖြင့်သရုပ်ပြခြင်း to illustrate by example.

**instant (adj)** ဤအရာ။ယခု (အမှု၊ စီရင်ချက်၊ အမိန့် ...) ယခုဆွေးနွေးနေသော။ ချက်ခြင်း။

**instigate (v)** နှိုးဆွခြင်း၊ လှုံ့ဆော်တိုက်တွန်းခြင်း၊ စိတ်လှုပ်ရှားအောင် တိုက်တွန်းခြင်း၊ တစ်ဦးတစ်ယောက်ကို မကောင်းမှုတစ်စုံတစ်ရာပြုလုပ်ရန် သွေးဆောင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**institute (v)** တရားရုံးသို့ အဆိုလွှာ၊ တရားစွဲဆိုလွှာများတင်သွင်း၍ တရားစွဲဆိုခြင်း ဝေဖန်ချက် (aconmentary) သို့မဟုတ် ရှင်းလင်းဖော်ပြချက် ဋီကာ (treatise)

**instruct (v)**–အမှုလိုက်ဦးဆောင်ရှေ့နေအား၊ ၎င်း၏လက်ထောက်မှ ဖြစ်စေ၊ အမှုသည်ကဖြစ်စေ၊ အကြံဉာဏ်ပေးခြင်း၊ အမှုဖြစ်စဉ်ပြောပြခြင်း။

– အမှုလက်ခံပြီး အမှုတွဲစီစဉ်သည့်ရှေ့နေက၊ တရားရုံးတွင်လိုက်ပါဆောင်ရွက်မည့်ရှေ့နေကိုအမှုအကြောင်းအရာ အသေးစိတ်နှင့်ဥပဒေရေးရာများကို ညွှန်ပြ၍လွှဲအပ်ခြင်း။

– အမှုသည်က ရှေ့နေကိုအမှုလိုက်ပါဆောင်ရွက်ရန် ကိုယ်စားလှယ်စာပေးခြင်း။

– မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သင်ကြားပေးခြင်း၊ ပြသပေးခြင်း။

**instrument (n)** ဥပဒေနှင့်အညီ စာဖြင့်ရေးသားထားသည့် စာချုပ်စာတမ်း၊ သေတမ်းစာ၊ သဘောတူကတိစာချုပ် အစရှိသူများ ....

**insubordination (n)** -အမိန့်မနာခံခြင်း။

**insufficient evidence** -အမိန့်တစ်စုံတစ်ရာချမှတ်နိုင်ရန် သက်သေခံအထောက်အထားများ မပြည့်စုံခြင်း။

**insufficient grounds** အကြောင်းတစ်စုံတစ်ရာ မလုံလောက်ဘဲ

(တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၅)

**insult (v)** စော်ကားပြောဆိုသည်။ ထိခိုက်နစ်နာစေသည်။

**insurance (n)** အသက် သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို အာမခံထားခြင်း။ အာမခံထားသူက အာမခံကုမ္ပဏီသို့ ပစ္စည်းသို့မဟုတ် အသက်ကို အာမခံထားရာတွင် ပရိမီယံငွေ သို့မဟုတ် အာမခံငွေကို ကြိုတင်ပေးသွင်းထားခြင်း။ အပြန်အလှန်အနေဖြင့် အာမခံကာလအတွင်း ပစ္စည်းဆုံးရှုံးလျှင်သော်လည်းကောင်း၊ အသက်ဆုံးရှုံးလျှင်သော်လည်း အာမခံကုမ္ပဏီက အာမခံထားသူ/အကျိုးခံစားခွင့်ရှိသူသို့ သတ်မှတ်ထားသော ငွေကြေးကိုပေးလျော်ခြင်း။ အာမခံ အမျိုးမျိုးရှိပါသည်။





**insurance policy** - အာမခံကုမ္ပဏီနှင့် အာမခံထားသူတို့ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

**insured** - အာမခံထားသော ပုဂ္ဂိုလ် သို့မဟုတ်အဖွဲ့အစည်း။

**insurer** - အာမခံထားသူ နစ်နာသူဆုံးရှုံးမှုများကို ပေးလျော်ရန်အာမခံသော ကုမ္ပဏီသို့မဟုတ် အာမခံသူ။

**insurrection (n)** သူပုန်ထခြင်း၊ ပုန်ကန်ခြင်း။ အစိုးရကို/ အာဏာပိုင်အဖွဲ့ကို ဆန့်ကျင်ခြင်း။

**intake day** တရားရုံးသို့ အမှုသစ်များတင်သွင်းလာသည့်နေ့။

**intangible (adj)** ထိတွေ့ကိုင်တွယ်၍မရသော။

**intangible property** ရုပ်ဝတ္ထုအနေဖြင့် မတည်ရှိသော ပုဂ္ဂလိကဆိုင်ရာပစ္စည်း၊ ဥပမာ စတော့လက်မှတ်များ၊ ငွေစုစာချုပ်များ၊ ဘဏ်၏ငွေးလက်မှတ်များ၊ ကုန်သွယ်ရေးလျှို့ဝှက်ချက်များ၊ အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များနှင့် ကုန်အမှတ်တံဆိပ် များ။

**intend (v)** ရည်ရွယ်သည်၊ ဆန္ဒရှိသည်။

**intendment** စာချုပ်စာတမ်း၏ အဓိပ္ပါယ်အမှန်။ ဥပဒေကို မှတ်ယူရခြင်း၊ တရားဝင်စာချုပ်တစ်ခု၏ ရည်ရွယ်ချက်အမှန်ကို ဆုံးဖြတ်ရမည့်သူ၏ မှန်းဆချက်။

**intention** ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ဆိုလိုသည့်အဓိပ္ပါယ်သဘောတရား။

**integrate (v)** အားလုံးကိုတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းသည်။ ပါဝင်သူအများ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်များကို တစ်ပေါင်းတည်းပြန်လည်ပြုလုပ် သည်။ နောက်ပြုလုပ်သော ပဋိညာဉ်သည် ယခင်ပဋိညာဉ်များကို လွှမ်းမိုးသည်။ နောက်ပိုင်းပါဝင်သူတစ်ဦးက ပဋိညာဉ်ကိုဆန့်ကျင်ခြင်း၊ ပဋိညာဉ်ပါစာ သားများကို ထပ်တိုးခြင်းမပြုလုပ်နိုင်တော့ပေ။

**inter alia** အခြားအရာဝတ္ထုများအကြား။ ဥပမာ the judge said, inter alia, that the time to file the action had passed.

**inter communal(adj)**လူမျိုးအုပ်စု အချင်းချင်းဖြစ်သော

**intercourse** စိတ်ကူးများ၊ ခံစားချက်များ၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း။ တစ်ဦးအကြောင်း တစ်ဦးသိရှိရန်၊ တစ်ဦးခြင်းစီနှင့်အဖွဲ့များအကြား



www.burmeseclassic.com

www.burmeseclassic.com



ဆက်နွယ်မှု။ စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ခြင်း။ ယောကျ်ားနှင့်မိန်းမသံဝါသပြုခြင်း။

**intellectual property** တစ်ဦးတစ်ယောက်၏ စိတ်ကူးဖန်တီးရာမှ ပေါ်ထွက်လာသော စာအုပ်များ တီထွင်မှုများ၊ စီးပွားရေးလျှို့ဝှက်ချက်များ၊ ကုန်အမှတ်တံဆိပ်များ စသည့် ဉာဏပစ္စည်းများ။ အသိဉာဏ်နှင့်ဆိုင်သော ပစ္စည်းများ။အသိဉာဏ်နှင့်ဆိုင်သော ပစ္စည်းများကို၊ မူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့် စသည့်တို့ကို intellectual property ဥပဒေတို့ဖြင့် အကာအကွယ်ပေးထားသည်။ intellectual property Right ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်။

**intent (n)(adj)** စေတနာ၊ ရည်ရွယ်ချက်။

**intention (n)** တစ်စုံတစ်ခုကို ပြုမူဆောင်ရွက်ရန် ရည်ရွယ်ချက်။

**intentional (adj)** ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်သော။ တမင်သက်သက်ပြုလုပ်သော။

**interdict (v)** to forbid or restrain တားမြစ်သည်၊ ထိန်းချုပ်သည်။

**inter parties** အဖွဲ့ဝင်များအကြား။

**interest (n)(v)** အတိုးငွေ၊ အကျိုးခံစားသည်။ ငွေကြေး သို့မဟုတ် ပစ္စည်းပေါ်တွင် အကျိုးခံစားခွင့်။ ငွေကြေးကို ငှားရမ်းသုံးစွဲသဖြင့် ငွေကြေးပမာဏ၏ ရာခိုင်နှုန်းကို အတိုးအဖြစ် အခပေးရခြင်း။

**interestedwitness--** စစ်ဆေးနေသောအမှုတွင် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားရှိနေသော သက်သေ။

**interference (n)--** အခြားသူ၏အရေးအရာကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်း။ ဟန့်တားခြင်း၊ ဆန့်ကျင်ဖီလာပြုခြင်းနှင့် အနှောက်အယှက်ပေးခြင်း။

**interim financing** ဘဏ္ဍာရေးစာရင်းအပြီးသတ် ရေးဆွဲမပြီးမီကာလတိုအပေါ်တွင် ကျရောက်သော အကြွေး။

**interim order (n)** ကြားဖြတ်အမိန့်။ အပြီးသတ်အမိန့် သို့မဟုတ် နောက်ထပ်အမိန့်တစ်စုံတစ်ရာချမှတ်ချိန်အထိ ယာယီထုတ်ပြန်ထားသော အမိန့်။





**interim dividend** နှစ်တစ်နှစ်၏အပြီးသတ်ခွဲဝေပေးမှု မပြုလုပ်သေးမီ ကြားဖြတ်အနေဖြင့် ပေးသောအမြတ်ငွေ။

**interim receiver** – ယာယီပစ္စည်းထိန်း။

**interlineation -** စာဖြင့်ရေးသားသည့် စာချုပ်စာတမ်းများ၊ သေတမ်းစာများနှင့် အခြားစာရွက်စာတမ်းများတွင် ရေးသားထားသည့် စာကြောင်းများကြား၌ စာသားများ ထပ်ဖြည့်ရေးသားခြင်း။ အလေ့အကျင့်ကောင်းတစ်ရပ်မှာ ဆိုသို့ဖြည့်စွက်ရေးသားခြင်းကို စာချုပ်ပါ ပုဂ္ဂိုလ်များအားလုံးက လက်မှတ်တိုများထိုးကြခြင်းဖြင့်လည်းကောင်း ပြန်လည်အသစ်ပြုလုပ်ပြီးအားလုံးက လက်မှတ်ထိုးခြင်းဖြင့်လည်းကောင်း စာချုပ်တရားဝင်စေပါသည်။

**interlocutory order, judgement , injunction---**ကြားဖြတ်သို့မဟုတ် သာယီ (တရားမမှုတွင် ကြားဖြတ်အမိန့်။ ကြားဖြတ်ဆုံးဖြတ်ချက်၊ ကြားဖြတ်တားပါးရမ်း အစရှိသည်။)

**interloper (n)** ကိုယ်နှင့်မဆိုင်ရာကို ဝင်၍ပါသူ။ တရားမဝင်ရောင်းဝယ်အောက်ကားခြင်း မမှန်မကန်ဝင်ရောက်စွက်ဖက်ခြင်း။

**intermediary (n)** နှစ်ဦးနှစ်ဘက် သဘောတူညီချက်ရရှိစေရန် ဝင်ရောက်ကူညီစေ့စပ် ဖြန်ဖြေပေးသူ။

**intern (n)(v)** အဆင့်မြင့်ကျောင်းသား။ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်း။ ပြီးမီ လုပ်ငန်းအတွေ့အကြုံရရှိစေရန် လက်တွေ့အလုပ်သင်အဖြစ် လုပ်ကိုင်နေသော ဘွဲ့ရခါစကျောင်းသား (ရှေ့နေအလုပ်သင်၊ ဆရာဝန်အလုပ် သင်)

တစ်ဦးတစ်ယောက် သို့မဟုတ် လူတစ်စုကို သီးခန့်ခွဲထားခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်း။

ဆရာဝန်မဖြစ်ခင်ဆေးရုံတွင် အလုပ်သင်ကာလ။ (internship)

**intermittent (adj)**အချိန်တိုကာလအတွင်း ရပ်လိုက်သွားလိုက်ဖြစ်နေသော။ ကြာမကြာရပ်သော သို့သော် အမြဲတစ်စေ သို့မဟုတ် ဆက်တိုက် မဟုတ်။

**international law--**အပြည်ပြည်ဆိုင်ရာဥပဒေ

**internal law** ပြည်တွင်းဥပဒေ

**internal revenue---** ပြည်တွင်းတွင် ကောက်ခံသောအခွန်။



www.burmeseclassic.com

www.burmeseclassic.com



**international arbitration**-- အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံး

**international court of justic (ICJ)**---နယ်သာလန်နိုင်ငံသည်ဟိတ်မြို့ (the hague) တွင် ရုံးထိုင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံး။ ၎င်းတရားရုံး ၏ အမိန့်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့သာ အယူခံတင်သွင်းခွင့်ရှိသည်။

**international criminal court** အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားရုံး။ ၁၉၈၈ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ အကြမ်း ဖက်မှုများကို ကြားနာဆုံးဖြတ်နိုင် ရန် တည်ထောင်ပေးသည်။

**international criminal police organization**---အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့။ interpol ဟုလည်းခေါ်သည်။ အဖွဲ့ဝင် များစုဝေးပြီး နိုင်ငံဖြတ်ကျော်မှုခင်းများကို သတင်းဖလှယ်ခြင်း။ ပူးပေါင်းဆောင် ရွက်ခြင်း။

**internecine (adj)** - အချင်းချင်းသတ်ဖြတ်ဖျက်ဆီးသော။

**interpleader suit**-- ကြားလူကစွဲဆိုသော အမှု။ လူတစ်ဦးက ပစ္စည်း သို့မဟုတ် ငွေကို လက်ဝယ်ရှိရာတွင် လာရောက်တောင်းဆိုသူအများ အနက် မည်သူ့ကိုပေးရမည် မသိဖြစ်နေသောအခါ ထိုတောင်းဆိုသူများ အားလုံးအပေါ် ကြားလူအဖြစ်တရားမမှု စွဲဆိုပြီး တရားရုံးအမိန့်နာခံခြင်း။ ကြားလူအနေဖြင့် တရားစရိတ်နှင့်အခြား စရိတ်မှတစ်ပါး အဆိုပါငွေနှင့် ပစ္စည်းအပေါ်တွင် အကျိုးသက်ဆိုင်ခွင့်မရှိသူ ဖြစ်သည်။

(တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၈နှင့် အမိန့် ၃၅)

**inter polate (v)** စာချုပ်စာတမ်းတစ်စောင်ပြီးပြည့်စုံပြီးမှစကားလုံးများ ထပ်ထည့်ခြင်း ထိုသို့ ထပ်ထည့်ခြင်းဖြင့် ပြောင်းလဲသွားခြင်း သို့မဟုတ် အဓိပ္ပါယ်ရှင်းလင်း သွားခြင်း။ မကောင်းသောအမြင်ဘက်မှ ကြည့်လျှင်စာချုပ်တွင် အဓိပ္ပါယ်ပြောင်း လဲသွားအောင် မှားယွင်းသောစကားလုံးများ အဆက် အစပ်မရှိသော စာလုံးများ ထည့်သွင်းခြင်းဖြင့် အဓိပ္ပါယ်ပြောင်းလဲနိုင်ခြင်း။

**interpretation (n)** အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း။ ဥပဒေနှင့်စာချုပ် များတွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုခြင်း။ အဓိပ္ပါယ် အမှန်ကို သိသာအောင် စီစစ်သည်။





**interrogatories**မေးခွန်းများကို စာဖြင့်ရေးသားဖြေခြင်း။တရားမမှုတွင် အမှုသည်တစ်ဦးကတစ်ဘက်အမှုသည်ထံမှအငြင်းပွားသော ပြဿနာ များနှင့် စပ်လျဉ်း၍ အဓိကကျသော အကြောင်းအချက်များကို သိရှိနိုင်စေရန်နှင့် ငြင်းချက် တစ်ရပ်ရပ် အတွက် မိမိသက်သေထူရန်ရှိသော အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ဝန်ခံချက်များရရှိရန်ဖြစ်သည်။(တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁)

**interspousal (adj)** - ခင်ပွန်းနှင့်ဇနီးသည်အကြား။

**intervener (n)** မိမိအတွက်ဖြစ်စေ၊ အများပြည်သူအတွက်ဖြစ်စေ၊ အမှုတွင် ဝင်ရောက် စွက်ဖက်သူ။ ဖြန်ဖြေသူ။

**intervention (n)** အမှုတွင် တတိယလူအဖြစ် တရားရုံး၏ခွင့်ပြုချက်အရ ဝင်ရောက်လာခြင်း။

**inter vivos (lat) inter vivos gift**-အသက်ထင်ရှားရှိသည်။ အသက် ထင်ရှားရှိနေဆဲ ပေးကမ်းခြင်း သို့မဟုတ် ရောင်းချခြင်း မဟုတ်သော လွှဲပြောင်းပေးခြင်း။ (သေတမ်းစာဖြင့် ပေးကမ်းခြင်းနှင့် ကွာခြားသည်။ သေတမ်းစာဖြင့်ပေးကမ်းခြင်းမှာပေးကမ်း သူသေမှသာ အကျိုး သက်ရောက်သည်။

**intestate (adj)** တရားဝင်သေတမ်းစာရေးသားခဲ့ခြင်းမရှိဘဲ သေဆုံးသူ။

**in the course of employment** (အလုပ်သမားလျော်ကြေးဥပဒေ) လုပ်ငန်းခွင်တာဝန်ထမ်းဆောင်နေစဉ် အတွင်း (ထိခိုက်ဒဏ်ရာရခြင်း/သေဆုံးခြင်း)

**in the event of a breach** စာချုပ်ဖောက်ဖျက်မှုပေါ်ပေါက်လာသည့်အခါ။

**in the light of** ထောက်ရှု၍။

**intimidation (n)**အနိုင်အထက်ပြုခြင်း၊ ခြောက်လှန့်ခြင်း။

**inter vires (lat)**within the power လုပ်ပိုင်ခွင့်ဘောင်အတွင်း။

**in toto (lat)in whole(adv)** အလုံးစုံသော၊ လုံးဝဥဿုံ။

eg. the company rejected the offer in toto

**intoxicant (n)** လူတစ်ယောက်ကို အသိစိတ်ဓာတ်လွတ်သွားစေသောအရာ။



www.burmeseclassic.com

www.burmeseclassic.com



**intoxication (n)** အရက် သို့မဟုတ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများကို သုံးစွဲခြင်းဖြင့် စိတ်နှင့်ရုပ်၏စွမ်းရည်ကို လျော့ပါးစေခြင်း။ မူးယစ်ခြင်း။

involuntary intoxication တစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒမပါဘဲ သို့မဟုတ် ထိုသူမသိရှိဘဲအရက်နှင့်မူးယစ်ဆေးဝါးများ တိုက်ကျွေးခြင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၅ အရ ထိုသို့တိုက်ကျွေးခံရ၍ မိမိပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကို မချင့်ချိန်နိုင်ဘဲ ပြစ်မှုကျူးလွန်မိပါက ကင်းလွတ်ခွင့်ရနိုင်ပါသည်။

**introduction (n)**နိဒါန်း၊ ပဏာမ

**intrusion (n)** ခွင့်ပြုချက်မရှိဘဲ ချင်းနင်းကျူးကျော်ဝင်ရောက်ခြင်း။ အခြားသူတစ်ဦး ၏ အေးချမ်းစွာနေထိုင်ခြင်း သို့မဟုတ် ဆိတ်ငြိမ်သောဘဝကို ပြင်းပြင်းထန်ထန် ကျူးကျော်ထိပါးခြင်း။

**inure (v)** -အကျွမ်းဝင်သည် ရင်းနှီးသည်။ တစ်စုံတစ်ယာက်၏ အကျိုးစီးပွား အတွက် ဆောင်ရွက်ပေးသည်။ (ပစ္စည်းခန်းနှင့်ဆိုလျှင်)အခွင့်အရေးပေးသည်။ အကျိုးသက်ရောက်သည်။

ဥပမာ Aသည် ပင်လယ်ကမ်းခြေအနီး အိမ်တစ်လုံး ဝယ်ယူသည်။ ထိုသို့ ဝယ်ယူရာတွင် အိမ်နီးချင်းပိုင်မြေထဲမှ ဖြတ်သန်း၍ ကမ်းခြေသို့ သွားခွင့်လည်းပါဝင်သည်။ ထိုသို့သွားလာခွင့်သည် အကျိုးသက်ရောက်သော A၏ အကျိုးစီးပွားဖြစ်သည်။ (The right of way is said, cryptically, "to insure to the benefit of A") inureကို enureဟုလည်းစာလုံးပေါင်းသည်။

**invalid (n) (adj)** မကျန်းမာခြင်း။ လူတစ်ဦးမှာ အပြင်းအထန် မကျန်းမမာဖြစ်ခြင်း။ အခြားမသန်မစွမ်းဖြစ်ခြင်း၊ ရုပ်သို့မဟုတ် စိတ်အခြေအနေချို့တဲ့ခြင်းကြောင့် နေစဉ်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများမလုပ်နိုင်ခြင်း။ ဥပဒေအရ စည်းနှောင်အား မရှိခြင်း။

**invalidity (n)** -နိုင်လုံမှုမရှိခြင်း။

**inveigle (v)** -လိမ်လည်လှည့်ဖြားခြင်းသို့မဟုတ် မရိုးမဖြောင့်ပြုလုပ်ခြင်းဖြင့် မြှောက်ပင့်လိမ်ညာခြင်း လှည့်ဖျားခြင်း။





**invent (v)** - တီထွင်သည်၊ အစပြုသည်။

**invention (n)** တီထွင်ခြင်း၊ အစပြုခြင်း။

**inventory (n)** -(၁) ကုန်ပစ္စည်းစာရင်း။ ပြန်လည်ရောင်းချရန် အတွက် စီးပွားလုပ်ငန်း(ကုမ္ပဏီ)က ပိုင်ဆိုင်သောပစ္စည်းများ၊ ၎င်းတွင် ကုန်ထုတ်လုပ်မှု၌ လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်ပြီး သိုလှောင်ထားသော ကုန်ချောများပါဝင်သည်။ အမေရိကန်အခေါ်အဝေါ်ဖြစ်ပြီး အင်္ဂလန်က stock ကုန်ပစ္စည်းလက်ကျန်ဟုခေါ်သည်။

(၂) [သေတမ်းစာအတည်ပြုခြင်း] သေဆုံးချိန်က သေဆုံးသူပိုင် ကျန်ရစ်သောပစ္စည်း စာရင်းအပြည့်အစုံ ၎င်းစာရင်းကို သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားရာတွင် တရားရုံးသို့ တင်ပြရခြင်း။ သေတမ်းစာအတည်ပြုသူ သို့မဟုတ် အမွေထိန်းက တင်ပြရန် တာဝန်ရှိသည်။

**invest (v)** - ငွေကြေးရင်းနှီးမြှုပ်နှံသည်။ အမြတ်ရရှိစေရန် ရည်မှန်း၍ မရွှေ့မပြောင်း နိုင်သော ပစ္စည်းများ၊ အာမခံစာချုပ်များ ဝယ်ယူစုဆောင်းထားခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများတွင် ငွေကြေးထည့်ဝင် ရင်းနှီးမြှုပ်နှံထားခြင်း။

**investment (n)** -အရင်းစိုက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း။

**investor (n)** -ငွေရင်းနှီးမြှုပ်နှံသူ။

**invitee (n)** - သူတစ်ပါး၏ဥပစာ၊ မြေယာ၊ စီးပွားရေးလုပ်ငန်းများတွင် ဖိတ်ခေါ်ချက် အရဝင်ရောက်လာသူ။ ဖိတ်ခေါ်မှုသည် အတိအလင်း တိုက်ရိုက်သော် လည်းကောင်း သွယ်ဝိုက်၍လည်းကောင်းဖြစ်နိုင်သည်။

**investiture (n)** - အခမ်းအနားဖြင့် ဘွဲ့အပ်နှင်းခြင်း၊ ရာထူးအပ်နှင်းခြင်း။

**investigation** တရားသူကြီးမှ ရွေးချယ်တာဝန်ပေးထားသောသူ သို့မဟုတ် ရဲအရာ ရှိတို့သည် သက်သေခံအထောက်အထားများ စုဆောင်းနိုင်ရန်အတွက် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းထောက်လှမ်းခြင်း။ စစ်ဆေးခြင်း မေးမြန်းခြင်း။အကြောင်းအချက်များကို သိသာအောင် ရှာဖွေစုံစမ်းခြင်း။ အမှုနှင့်စပ်ဆိုင်သော အချက်များကိုရှာဖွေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**invoice (v)(n)** ကုန်ရောင်းသူက ပြုစုသောစာရွက်စာတမ်း။ ၎င်းကို ဝယ်ယူထံပေး ပို့၍ငွေတောင်းခံသည့် ပြေစာဖြစ်သည်။ အရောင်းကုန်ပို့လွှာတွင် ပေးပို့လိုက် သောပစ္စည်းအမျိုးအစား အရေအတွက်ဈေးနှုန်းကျသင့်ငွေများကို ဖော်ပြထားသည်။

**inviolable (adj)**မဖြိုဖျက်နိုင်သော၊ ခိုင်မြဲသော၊ မကျူးလွန်ရသော။

**inviolate (adj)** မဖောက်ဖျက်မထိပါးသော၊ အစဉ်အဆက်ထိန်းသိမ်းထားသော။

**invoke (v)** - ဥပဒေကို ကိုးကားသည်။

**ipso facto (latin)by the fact it self** ထိုအချက်ကြောင့်ပင်။ မျက်မမြင်တစ်ဦးသည် ယာဉ်မောင်းလိုင်စင် ရရှိရန်မဖြစ်နိုင်ပေ။ A blind person, ipso facto, is not entitled to a driver's licence.

**ipse dixit (latin) he hinself said it.** သက်ဆိုင်သူကိုယ်တိုင် ပြောဆိုချက်အရ။

**I O U** abb: of I owe you ကြွေးမြီဝန်ခံချက်။

**irreconcilable (adj)** ဇွဲစပ်ကြေအေး၍မရသော၊ ညှိနှိုင်းမရသော။

**irregularity (n)**နည်းလမ်းမကျခြင်း။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၄၅ ၌ နည်းလမ်းမကျသော်လည်း ပျက်ပြယ်ခြင်း မရှိသောအမှုများ၊ နည်းလမ်းမကျ၍ ပျက်ပြယ်သည့် အမှုများစသည့် နည်းလမ်းမကျစစ်ဆေးစီရင်ထားသော မှုခင်းကိစ္စများကို ဖော်ပြထားပါသည်။

**irrelevance (n)** - မစပ်ဆိုင်ခြင်း။

**irrelevancy (n)** - တစ်စုံတစ်ရာသည် စပ်ဆိုင်ခြင်း မရှိသော။

**irrespective of**– ပဓာနမထားသော၊ ခွဲခြားမှုမရှိသော။

**irrevocable (adj)**မပြောင်းလဲနိုင်သော၊ နောက်ဆုံးအတည်ဖြစ်သော။

**issue (n)**(၁) ငြင်းချက်၊ ကောက်ချက်။ issue of fact အကြောင်းခြင်းရာဆိုင်ရာငြင်းချက်။ issue of law. ဥပဒေဆိုင်ရာငြင်းချက်၊ preliminary issue ပဏာမကောက်ချက်။





(၂) lineal descendants, offspring သားသမီးမြေးမြစ် အစဉ်အဆက်ဆင်းသက်ပေါက်ဖွားသူများ။

(၃) ဥပဒေရေးဆွဲရာတွင် စာကိုယ်စာပိုဒ်ငယ်ထက်သေးသော အစိတ်အပိုင်း ဥပမာ ပုဒ်မ ၂၀၀ (က)(ကက)ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

**itinerant (adj)** - တိုင်းခန်းလှည့်လည်သွားလာနေသော။ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာနေသော။



www.burmeseclassic.com

www.burmeseclassic.com

# J

**J** - တရားသူကြီး judge ကို အတိုကောက်ရေးသားသည့်စာလုံး။ ဥပမာ တရားသူကြီးဦးဘဆိုလျှင် honourable U Ba,J ဟုရေးလေ့ရှိသည်။ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးမှ တရားသူကြီးများကိုသာ သုံးလေ့ရှိသည်။

**jactitation**---အခြေအမြစ်မရှိသည့် စကားကို သူတစ်ပါးအကျိုးပျက်အောင် အနိုင်အမာပြောဆိုခြင်း (AGO)မင်္ဂလာဆောင်ထားသည်ဟု လိမ်လည်ပြောဆိုခြင်း။ ယောကျ်ားနှင့်မိန်းမနှစ်ဦးအနက် တစ်ဦးဦးက ၎င်းတို့နှစ်ဦးမှာ လက်ထပ်ထားပြီးဖြစ်ကြောင်း ကြွားဝါပြောဆိုခြင်း။ တစ်နည်းအားဖြင့် အိမ်ထောင်ကျနေကြောင်း ကျော်ဇောသတင်းဖြစ်နေမည်ဆိုလျှင်၊ နစ်နာသူက တရားစွဲဆိုခြင်းဖြင့်သာ ကုစားနိုင်မည်ဖြစ်သည်။

**jail (n)** အကျဉ်းထောင်၊ အကျဉ်းစခန်း။ အမှုစစ်ဆေးနေစဉ်လည်းကောင်း၊ ပြစ်ဒဏ်ကျခံပြီးသူများကိုလည်းကောင်း ထိန်းသိမ်းထားရန်နေရာ။ ရဲအချုပ်၌ ထိန်းသိမ်းထားလျှင် lock-up။ အမှုစစ်ဆေးစဉ်တရားရုံး အချုပ်ခန်း၌ထားလျှင် holding cell။ အမေရိကန်နိုင်ငံ၌ (၁၈)လ အောက်လျော့နည်းသည့်ပြစ်ဒဏ်





ကျခံရသူများထားရန်နေရာ work house နှင့် နှစ်ရှည်ပြစ်ဒဏ်ကျခံရသူများ ထားရန်နေရာကို federal correctional institution (FCI) မှ ဖွင့်ထားသော စခန်း။ ယခင်က prison သို့မဟုတ် penitentiaries ဟုခေါ်သည်။

**jail house lawyer**--အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေ သူတစ်ဦးသည် ထောင်အတွင်း ဥပဒေပညာကို လေ့လာလိုက်စားပြီး ဘဝတူအကျဉ်းသားများအား ဥပဒေပညာဖြင့်အကူအညီပေးခြင်း။ဥပမာ အယူခံလွှာများရေးပေးခြင်း။ ၎င်းအနေဖြင့် ဥပဒေပညာအလုပ်သင် chamber reading မရှိသည့်အပြင် ရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် လိုက်ပါဆောင်ရွက်ခွင့် licensed လည်း မရှိပေ။

**J D (juris doctor)** အမေရိကန်နိုင်ငံဥပဒေပညာသင်ကျောင်းများမှ အပ်နှင်းသောဘွဲ့လက်မှတ် doctor of jurisprudence or doctor of law.

**jaywalking**---စည်းမဲ့ကမ်းမဲ့လမ်းကို ဖြတ်ကူးခြင်း။ နမော်နမဲ့ဖြတ်ကူးခြင်း။

**jeopardy (n)**-- ပြစ်မှုကျူးလွန်ခြင်းအတွက် တရားစွဲဆိုတင်ပို့ခြင်းခံရပြီး အပြစ်ကျခံရတော့မည့် အခြေအနေ(အန္တရာယ်)နှင့် ရင်ဆိုင်နေရသူ။ အန္တရာယ်ကျရောက်ခြင်း။

**jettison (v)**--လေမုန်တိုင်းမိ၍ သင်္ဘောနစ်မြုပ်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော အခါ သင်္ဘောနစ်မြုပ်ခြင်းမှ ကာကွယ်ရန်ဝန်ပေါ့သွားစေရန်အတွက် သင်္ဘော ပေါ်မှ မလိုအပ်သော ကုန်ပစ္စည်းများရေထဲသို့ ပစ်ချစွန့်ပစ်သည်။

**jobber (n)**-- လက်ကားဒိုင်မှ ကုန်ပစ္စည်းများကို အထုတ်လိုက်၊ ဒါဇင်လိုက်၊ အပုံလိုက်အများဈေး (သက်သာသောဈေး)ဖြင့်ဝယ်ယူပြီး မိမိဆိုင်တွင်ဝယ်လာသည့်ပစ္စည်းများကို လက်လီတစ်ခုခြင်းဖြင့် ရောင်းချသူ။ middleman ဟုခေါ်သည်။ ဝယ်ရောင်း၊ ငွေချေးရှယ်ယာစာချုပ်တစ်မျိုးနှစ်မျိုးကို ဖောက်ချကိုင်တွယ်ရောင်း ဝယ်သူ။

**john doe**-- အမှုစတင်စွဲဆိုစဉ်က အမျိုးသားတရားခံ၏ အမည်ကို သေချာစွာမသိ သေး၍ အမှုတွဲတွင် ရေးသားထားသည့်စိတ်ကူးအမည်။ အဆိုပါလူမှာဆေးရုံတွင်သတိမေ့နေ၍လည်းကောင်း သေဆုံးသွား၍လည်းကောင်းရေးသားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမည်မသိ အမျိုးသမီးတရားခံဆိုလျှင် jane doe ဟုခေါ်သည်။ (အမေရိကန်) မြန်မာနိုင်ငံတွင် အမည်မသိ။ (စုံစမ်းဆဲ)ဟုရေးသားသည်။

**joinder**---ပေါင်းစပ်ခြင်း၊ ပူးပေါင်းခြင်း၊ အမှုတစ်ခုထဲတွင် များစွာသော အကြောင်း ခြင်းရာများ (သို့မဟုတ်)အမှုသည်များ ပေါင်းစပ်ခြင်း။

**joinder of cause of action** နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော အကြောင်းခြင်းရာများကို အမှုတစ်မှုထဲတွင် ပေါင်းစပ်ခြင်း၊ စုစည်းခြင်း၊ ပူးတွဲခြင်း။ ဥပမာ A က B အပေါ်အချင်းဖြစ်ဥပစာကို သုံးပုံတစ်ပုံပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် ကျန်ဥပစာကို အမွေပုံစီမံခန့်ခွဲပေးရန် စွဲဆိုသောအမှုတွင် B သည် အချင်းဖြစ်အကြောင်းအရာ နှစ်ရပ်စလုံးနှင့် ပူးတွဲအကျိုးသက်ဆိုင်လျက်ရှိ၍ A က B အပေါ် ခြားနားသောတရားစွဲဆိုရန် အကြောင်းများကို ပူးတွဲစွဲနိုင်မည်။(တရားမကျင့်ထုံးဥပဒေ အမိန့် ၂ နည်းဥပဒေ ၃)

**joinder of charges**--စွဲချက်အများကို ပူးတွဲခြင်း

(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊၂၃၉)

**joinder of issues** အမှုတွင်အဓိကအချက်အနေဖြင့် တရားခံသို့မဟုတ် တရားပြိုင်သည် တရားလို၏စွတ်စွဲချက်တစ်ချို့ သို့မဟုတ်အားလုံးကို ခုခံချေပခြင်း သို့မဟုတ် မည်သည့်အငြင်းပွားသည့် ဥပဒေဆိုင်ရာ ပြဿနာကိုသိရှိလာသောအခါ ခုခံခြင်း တစ်နည်းအားဖြင့်ဆိုသော် ခုခံမှုလမ်းကြောင်းများကို ပူးပေါင်းခြင်း။ ပုံမှန်အား ဖြင့် ထိုသို့ခုခံရေးလမ်းကြောင်းများ ပူးပေါင်းခြင်းသည် ပဏာမအမှုစစ်ဆေးပြီး စွဲချက်မတင်မီ တရားလိုဘက်သက်သေများကို စစ်ဆေးပြီးနောက် အမှုရပ်လုံး ပေါ်လာသည့်အခါတွင် ဖြစ်တတ်သည်။

**joinder of parties** အမှုသည်များသည် တရားလိုအနေဖြင့်လည်း တရားပြိုင်အနေဖြင့်လည်း အမှုတစ်မှုကို ပူးပေါင်းစွဲဆိုခြင်း (သို့)ပူးပေါင်းချေပခြင်း။ (တရားမကျင့်ထုံးဥပဒေအမိန့် ၁)

**Joint (adj) (adv)** ပူးတွဲ၊ ပေါင်းစပ်၊ ခွဲခြား၍မရသော၊ စုပေါင်းထားသော နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများ၏ လုပ်ငန်း/ပိုင်ဆိုင်မှုနှင့်အဆောက်အအုံများ။





**joint adventure** နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော သူများသည် ခရီးတစ်ခုကို အတူတကွသွားကြခြင်း သို့မဟုတ် အကျိုးအမြတ်ကို မရည်ရွယ်သော အလုပ်တစ်ခုကို လုပ်ကြခြင်းတို့၌ ထိုသို့သွားရာ လုပ်ကိုင်ရာမှ ဖြစ်ပေါ်လာသည့် မတော်တဆဖြစ်ခြင်း သို့မဟုတ် ကြွေးမြီများအတွက် အားလုံးတွင် တာဝန်ရှိခြင်း။

**joint family** ပူးတွဲမိသားစု။ ဟိန္ဒူပူးတွဲမိသားစု။ အကြီးအကဲတစ်ဦးတည်း၏ စီမံအုပ်ချုပ်မှုအောက်တွင် နေရသောပူးတွဲမိသားစု။

**joint and several** -နှစ်ယောက်သို့မဟုတ် နှစ်ယောက်ထက်ပိုသော တရားခံများအပေါ်ကြွေးမြီအတွက်နှင့် ပေါ့ဆမှုအတွက်ချမှတ်သော စီရင်ချက်နှင့် ပတ်သက်လာလျှင် မြီစားတစ်ဦးချင်းစီနှင့် တရားခံတစ်ဦးချင်းစီသည် ကြွေးမြီအားလုံး သို့မဟုတ် ပေါ့ဆမှုအတွက်ပေးလျော်ရမည့်လျော်ကြေး အားလုံးတွင် တာဝန်ရှိသည်။ တစ်ဦးလျှင်မည်မျှဟု သတ်မှတ်မပါရှိပါက တစ်ဦးချင်းစီတွင်မည်မျှတာဝန်ရှိကြောင်း အလေးမထားပေ။

ဥပမာ။ ။ငွေပေးကတိစာချုပ်ပါပေးရန် ငွေပမာဏအတွက်မြီစား တစ်ဦးထက်ပိုလျှင် ထိုကြွေးအတွက် မြီစားအားလုံးအတွက် ပူးတွဲတာဝန်ရှိသည်။ ဆိုလိုသည်မှာ မြီရှင်အနေဖြင့် ငွေများတောင်းခံရာတွင် အဆိုပါကတိစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးထားသောမည်သူ့ထံမှ မဆိုတောင်းယူနိုင်သည်။ အခြားဥပမာ တစ်ရပ်အနေဖြင့် A သည် စတိုးဆိုင်မှ ဆိုဒါပုလင်းများဝယ်ယူခဲ့ရာတွင် ဆိုဒါပုလင်းတစ်ချို့သည် ပါဝင်သည့်ဓာတ်ငွေ့ပွတက်လာခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးၾငင်းတွင် ဒဏ်ရာရှိသွားသည်။ A သည်ဆိုဒါရောင်းချလိုက်သော စတိုးဆိုင်ရှင်နှင့် ဆိုဒါများထုတ်လုပ်ရောင်းချသော ကုမ္ပဏီတို့ကို တရားစွဲသည်။ ပြစ်မှုထင်ရှားပါက စတိုးဆိုင်ရှင်နှင့် ကုမ္ပဏီတို့သည် လျော်ကြေးပေးရန် တာဝန်ရှိလာသည်။

**joint defendant**---ပူးတွဲတရားပြိုင် (co-defendant)

**joint liability** နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် ကြွေးမြီတောင်းဆိုမှု သို့မဟုတ် တရားရုံး၏ဆုံးဖြတ်ချက်အပေါ်တွင် ပူးတွဲတာဝန်ရှိခြင်း။ ကြွေးမြီ တောင်းခံသူအတွက် ထိုအချက်မှာ အရေးကြီးသောအချက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်း အားဖြင့်ဆိုသော် အုပ်စုတစ်ခုလုံး၏ တာဝန်ဖြစ်သည်။ ဥပမာ ဝန်ထမ်းA သည် နိုင်ငံတော်ကချပေးသော မြေကွက်ပေါ်၌ နေအိမ် တစ်လုံး ဆောက်လုပ်ရန် ဘဏ်မှ ငွေချေးယူရာတွင် အွန်ဒီမံစာချုပ်ပေါ်တွင် Aနှင့်အတူ A၏ဇနီး B ပါဝင်ရောက်လက်မှတ်ရေးထိုးရခြင်း။ ချေးငွေပြန်မဆပ်၍ ဥပဒေအရ အရေးယူ ရန်အကြောင်းပေါ်လာလျှင် Aနှင့် Bကိုပါ တရားစွဲနိုင်သည်။

**joint tortfeasors**----ပူးတွဲ၍တရားမ နစ်နာစေမှု ဖြစ်ပေါ်စေသူများ။ ၎င်းတို့ကြောင့်နစ်နာမှုများအတွက် တစ်ဦးချင်းသော်လည်းကောင်း ပူးတွဲ၍သော်လည်းကောင်း တာဝန်ရှိသည်။ မည်မျှမည့်သူက တာဝန်ရှိကြောင်း အရေးမထားဘဲအားလုံးထဲမှ တစ်ယောက်ချင်းစီသည် နစ်နာမှုအားလုံးအတွက် တာဝန်ရှိသည်။ ဥပမာ အမဲလိုက်ပါခွင့်မရှိသော သစ်တောကြိုးဝိုင်းအတွင်းတွင် Aနှင့် B သူငယ်ချင်း နှစ်ယောက်အမဲလိုက်ကြသည်။ ၎င်းတို့အနက် မည်သူပစ်လိုက်ကြောင်း မသိနိုင်သော ကျည်ဆံသည်လမ်းလွဲပြီး တောလမ်းအတွင်း လမ်းလျှောက်လာသော လူတစ်ဦးကို ထိမိ၍ ဒဏ်ရာရရှိသွားသည်။ မည်သူ့သေနတ်မှကျည်ဆံ (ဇလုံးကျည်၊ ၁၂ လုံးကျည်ခံသီးများ) မှန်းမသိသော်လည်း လျော်ကြေးပေးရန် ကိစ္စ၌ ၎င်းတို့နှစ်ဦးသည် ပူးတွဲ၍ တာဝန်ရှိသည်။

**joint tenancy**--နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် အိမ်ခြံမြေ သို့မဟုတ် အခြားပစ္စည်းကို အစုစပ်ပိုင်ဆိုင်ခြင်း။ အကယ်၍ အစုစပ် ပူးတွဲပိုင်ဆိုင်သူများထဲမှ တစ်ဦးသေဆုံးသွားသော် ကျန်အစုစပ်ပိုင် သူများက သေဆုံးသူ၏ပိုင်ဆိုင်မှု အစိတ်အပိုင်းကို ရယူသွားသည်။ နှစ်ဦးထဲက စုပေါင်းပိုင်ဆိုင်ခဲ့လျှင် ကျန်တစ်ဦးက အလိုအလျောက်အပြည့်အဝ ပိုင်ရှင်ဖြစ် လာသည်။ စုပေါင်းအများ ပိုင်ဆိုင်ခဲ့သော် နောက်ဆုံးအသက်ရှင်ကျန်ရစ်သူကသာ ပိုင်ရှင်အပြည့်အဝဖြစ်လာသည်။ (မြန်မာ့ခလေ့ထုံးတမ်းဥပဒေကို လိုက်နာရသူများနှင့် မသက်ဆိုင်ပါ။) (tenancy ကို အိမ်ငှားဆိုလျှင်) ပူးတွဲငှားရမ်းခြင်း။

**joint venture** ဖက်စပ်လုပ်ငန်း၊ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော သူများသည် အကျိုးအမြတ်အတွက်နှင့် ကန့်သတ်ထားသော လုပ်ငန်းလုပ်ကိုင်ရန် အတွက် ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်း။ အစုစပ်လုပ်ငန်းနှင့် အခြေခံအားဖြင့် တူညီသော်လည်း အစုရှယ်ယာများဖြင့် ဖွဲ့စည်းထားသော စီးပွားရေး





လုပ်ငန်းဖြစ်ပြီး ပါဝင်သူများက ငွေကြေးပိုင်ဆိုင်ခွင့်စသည့်တို့ ထည့်ဝင်ရသည်။ ၎င်းလုပ်ငန်းသည် အပြန်အလှန်အကျိုးပြုသော အမြတ်အစွန်းနှင့် အမြတ်ငွေရရှိမှုအတွက် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည်။

**joint work** ပူးတွဲလုပ်ငန်း (မူပိုင်ဥပဒေ)နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော စာရေးဆရာများသည် ပူးပေါင်းရေးသား၍ စာအုပ်ကိုထုတ်ဝေခြင်း။ ပါဝင်သောစာရေး ဆရာတစ်ဦးသည် အဆိုပါလုပ်ငန်းပေါ်တွင် တူညီသော မှတ်ပုံတင်အခွင့်အရေးနှင့် မူပိုင်အခွင့်အရေးများရရှိပြီး လုပ်ငန်းအတွင်း အစုခွဲဝေခြင်းကို အရေး မထားပေ။

**joint will**--နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများက သေတမ်းစာတစ်စောင်ထဲတွင် ပေါင်းစပ်ရေးထားခြင်း။

**judge** ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားရုံးမှ တရားသူကြီးများ ခရိုင်တရားရုံးမြို့နယ်တရားရုံးများမှ တရားသူကြီးများ လွှဲအပ်သည့်အငြင်းပွားမှုကို အပြီးအပိုင်ဆုံးဖြတ်နိုင်သည့် ခုံရုံးအဖွဲ့ဝင်များ။ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉)

**judge advocate general**--စစ်ဥပဒေချုပ်။

**judge advocate**--စစ်ဥပဒေချုပ်၏ လက်အောက်မှ စစ်ဖက်ဆိုင်ရာ အရာရှိ။

**judgement**--တရားစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏တရားသူကြီးက ၎င်းရှေ့တင်ပြလာ သော အမှုအခင်းပြဿနာကို အဆုံးဖြတ်ပေးခြင်း၊ စီရင်ချက်ချမှတ်ခြင်း။ ပြစ်မှုဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်မှာ တရားရှင်လွှတ်ခြင်း တရားသေလွှတ်ခြင်း၊ ပြစ်ဒဏ်ပေးခြင်းတို့ဖြစ်သည်။

(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း ၂၆)

တရားမမှုများတွင် တရားရုံးသည် အမှုကြားနာပြီးနောက် တရားခွင် အတွင်း ချက်ချင်းဖြစ်စေ၊ နောက်လာမည့် နေ့တွင်ဖြစ်စေ စီရင်ချက်ချမှတ်ရမည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၀)



www.burmeseclassic.com

www.burmeseclassic.com



**judegement creditor** - တရားမမှုတွင် အမှုနိုင်သောသူ။ တရားနိုင်။

**judgement debt** - တရားမမှုတွင် စီရင်ချက်ချမှတ်ပြီးနောက် ထွက်ပေါ်လာသည့်ကြွေးမြီ။

**judgement debtor** တရားမမှုတွင် အမှုရှုံးသောသူ။ တရားရှုံး။

**judgement in personam** တရားမမှုတွင် ချမှတ်သောစီရင်ချက်သည် အမှုတွင်ပါဝင်သော နှစ်ဘက်အမှုသည်များ အပေါ်တွင်သာ အကျိုးသက်ရောက်မှုရှိခြင်း။

**judgement in rem**--အမှုတွင်ပါဝင်သော နှစ်ဘက်အမှုသည် များသာမက အခြားသူများ အပေါ်တွင်ပါ အကျိုးသက်ရောက်မှုရှိစေသော စီရင်ချက်။

**judgement of affirmance** အောက်ရုံး၏စီရင်ချက်ကို လက်ခံသော အတည်ပြုသောအယူခံ တရားရုံး သို့မဟုတ်အဆင့်မြင့် တရားရုံး၏စီရင်ချက်။

**judicature** - တရားစီရင်ရေးအာဏာ။ တရားရေးဌာန။

**judicial** - တရားရေးနှင့်စပ်ဆိုင်သော။ တရားသူကြီး၊ တရားရုံးနှင့်တရားရုံးစနစ်ကိုရည်ညွှန်းသည်။

**judicial discretion** - တရားရုံး၏ဆင်ခြင်ပိုင်ခွင့်သုံးစွဲသော တရားစီရင်ရေးအာဏာ။ ၎င်းမှာ ဥပဒေနှင့်အကြောင်းအချက်များ ဘောင်အတွင်း လွတ်လပ်စွာ ဆုံးဖြတ်ချက်ချခြင်း။

**judicial decision** စီရင်ပိုင်ခွင့်အာဏာရှိသော တရားသူကြီးက ချမှတ်သည့်အမိန့် ဆုံးဖြတ်ချက်များ။

**judicial notice** တရားရုံးက သက်သေခံချက်ရယူရန် မလိုဘဲ လက်ခံနိုင်သော အကြောင်းခြင်းရာများ ဥပမာ နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေနည်း ဥပဒေများ။ (သက်သေခံအက်ဥပဒေပုဒ်မ ၅၆ ပုဒ်မ ၅၇ ကြည့်ပါ။)

**judicial proceeding** တရားသူကြီးမှ အမှုစစ်ဆေးကြားနာခြင်းစသည့် တရားရုံး၏ လုပ်ထုံးလုပ်နည်းများ။

**judicial sale** တရားရုံးမှရောင်းချခြင်း၊ တရားရုံး၏ကြီးကြပ်မှု အောက်၌ ရောင်းချခြင်း၊ ဘီလစ်မှရောင်းချခြင်း၊ ပစ္စည်းထိန်းမှရောင်းချခြင်း ထိုသို့ရောင်းချခြင်းမှာ စီရင်ချက် ဒီကရီအရရောင်းချခြင်းဖြစ်သည်။





**judicial seperation** တရားရုံးတွင် လင်မယားကွာရှင်းခြင်းတစ်မျိုး။ တရားရုံးကဒီကရီ ချမှတ်ပေးရာတွင် အကန့်အသတ်ဖြင့် ချမှတ်ပေးခြင်းဖြစ်သည်။ အဆိုပါဒီကရီအရ လက်ထပ်ထိမ်းမြားထားခြင်း (marriage) မှာ ပျက်ပြယ်သွားခြင်း မရှိသော်လည်း လင်နှင့်မယားသီးခြားစီနေထိုင်ရန်ဖြစ်သည်။ (mensa et thoro ဖြစ်သည်။)

**jump bail**---အာမခံရရှိထားသူတစ်ဦးသည် ရုံးချိန်းနေ့တွင် တရားရုံးသို့ လာရောက်ရန် အကြောင်းမဲ့ပျက်ကွက်ခြင်း။ ၎င်းအသုံးအနှုန်းမှာ အရပ်သုံးဝေါဟာရစကားဖြစ်သည်။ skipping bail ဟုလည်းခေါ်ဆိုသည်။ အာမခံရပြီးနောက် တရားခံ ထွက်ပြေးတိမ်ရှောင်နေခြင်း။ အာမခံကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

**jurat** (latin;) ကတိသစ္စာပြုလွှာ။ ကျမ်းကျိန်ဆိုချက်တွင် မည်သည့်နေရာ၊ မည်သည့်နေ့ရက်မည်သူ၏ရှေ့မှောက်တွင် ဤကတိသစ္စာပြုလွှာကို ပြုလုပ်ကြောင်း ဖော်ပြသည့်စာပိုဒ်။

**jure uxoris (latin)** -- ဇနီးမယား၏ အခွင့်အရေးရပိုင်ခွင့်။

**juris (latin) of law** - ဥပဒေဆိုင်ရာ

**juris doctor (JD)** အမေရိကန်ဥပဒေပညာသင်ကျောင်းများမှ ချီးမြှင့်သော ဥပဒေဆိုင် ရာပါရဂူဘွဲ့။

**juror** - ဂျူရီလူကြီးအဖွဲ့ဝင်။ ဂျူရီတာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသူ။ (သီးသန့်အမှုအတွက်သာ ရွေးချယ်ခံရခြင်း မဟုတ်သော)

**jurisdiction (n)**--စီရင်ပိုင်ခွင့်အာဏာ။ တရားမမှုများနှင့် စပ်လျဉ်း၍

၁။ နယ်မြေဒေသဆိုင်ရာစီရင် ပိုင်ခွင့်အာဏာ (ပုဒ်မ ၁၅၊၁၆၊၁၇၊၁၈)

၂။ လူပုဂ္ဂိုလ်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာ (ပုဒ်မ ၁၉)

၃။ ပစ္စည်းသို့မဟုတ် အမှုဖြစ်အကြောင်းခြင်းရာ ဆိုင်ရာစီရင်ပိုင်ခွင့် (ပုဒ်မ၂၀)

၄။ အမှုတန်ဖိုးငွေကြေးဆိုင်ရာစီရင်ပိုင်ခွင့်အာဏာ။

ပြစ်မှုများစီရင်ပိုင်ခွင့်အာဏာ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၂ကြည့်ပါ။

**jurisprudence (n)** ဥပဒေသိပ္ပံပညာ။ ဥပဒေကို စနစ်တကျလေ့လာခြင်း၊ ဝေဖန်ပိုင်းခြား ခြင်း။ အမျိုးအစားများခွဲ၍ လေ့လာခြင်း။ The study of the strucfure of legal system.



www.burmeseclassic.com

www.burmeseclassic.com



**jurist (n)** ဥပဒေပညာကျွမ်းကျင်တတ်မြောက်သော အတွေ့အကြုံရှိသော ဥပဒေပညာရှင်။

**jury** - ဂျူရီလူကြီး

**jus naturale (latin)** latin for natural law. သဘာဝဥပဒေ၊ သဘာဝတရားမျှတမှု၊ သဘာဝအမှန်တရားများမှ အခြေခံမူဝါဒများပေါ်ထွက်လာသည့်ဥပဒေ။

**justice** - တရားလွှတ်တော်တရားသူကြီး။

**justiciability (n)**တရားရုံးမှပြန်လည်သုံးသပ်ရန်အတွက် သင့်တော်သော သို့မဟုတ်သင့်တင့်လျောက်ပတ်သော အခြေအနေ သို့မဟုတ် အရည် အသွေး သို့မဟုတ် ကျိုးကြောင်းခိုင်မာကြောင်း ထင်ရှားစေမည့်အချက်။

**justifiable homicide** ဥပဒေနှင့်ညီသော ကိစ္စကိုဆောင်ရွက်ရာတွင် လူကိုသေစေခြင်း။ ဥပမာကာကွယ်ခုခံပိုင်ခွင့်ကိုကျင့်သုံးရာတွင် လူကိုသေစေခြင်း၊ ကြိုးမိန့်ကျသူ ကို တာဝန်အရကြိုးပေးရသောသူ။

**justification(n)**မှန်ကန်သော၊ထင်ရှားသည့်အထောက်အထားရှိခြင်း

**juvenile court** ကလေးသူငယ် တရားရုံး၊ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး ရုံးထိုင်သည့်တရားရုံး။ (ကလေးသူငယ်ဥပဒေ ပုဒ်မ ၂ (စ))

**juvenile delinquency** လူငယ်ဆိုးသွမ်းမှု။ အရွယ်မရောက်သေးသူသည် ပြစ်မှုကိုကျူးလွန်ခြင်း။ သာမန်အားဖြင့် အရွယ်ရောက်ပြီး သူဖြစ်ပါက ပြစ်မှုဥပဒေများနှင့်အရေးယူ ရမည်ဖြစ်သော်လည်း ကလေးသူငယ်ဖြစ်၍ ကလေး သူငယ် ဥပဒေအရသာ အရေးယူရခြင်း။

**juvenile offence**ကလေးသူငယ်မှုခင်း။ တည်ဆဲဥပဒေတစ်ရပ်ရပ် အ[...] ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သော ပြစ်မှု

**juvenile officer**-- ကလေးသူငယ်၏ လူမှုရေးကိစ္စအတွက် ဆောင်ရွက်ပေးရသော အရာရှိ။ လူမှုဝန်ထမ်းဌာနမှ တာဝန်ပေးအပ်ခံရသော အရာရှိ။





**juvenile offender**-- ပြစ်မှုကျူးလွန်တတ်သော ကလေးသူငယ်။

**juvenile petition**-- ကလေးသူငယ်မှာ ဆိုးသွမ်းသော လူငယ်ဖြစ်၍ ကလေးသူငယ် တရားရုံးမှ အရေးယူဆောင်ရွက်နိုင်ရန် တင်သွင်းလာသော လျှောက်လွှာ (တရားစွဲဆိုလွှာ)



www.burmeseclassic.com

www.burmeseclassic.com

# K

**k** (contract) ပဋိညာဉ်အတွက် အတိုကောက်ရေးသော စာလုံး။ ဥပဒေကျောင်းသားများနှင့် ရှေ့နေများ အသုံးပြုသည်။

**kangaroo court**--ဇန်းစကား။ ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော တရားရုံးသို့မဟုတ် ခုံရုံးများမဟုတ်။ ဆုံးဖြတ်ချက်မှာလည်း တရားဝင်စည်းနှောင်အားမရှိ။ ထောင်သားအချင်းချင်း ဥပဒေမဲ့ ခုံရုံးဖွဲ့၍ တရားစီရင်ခြင်းဖြစ်သည်။

**keeper (n)** ထိန်းသိမ်းစောင့်ရှောက်ရသူ။ အချုပ်တရားခံများကို စောင့်ရှောက်ရသူ။ ပစ္စည်းကိုထိန်းသိမ်းရသော ဂိုဒေါင်မှူး (store keeper)

**keep house** ကြွေးရှင်ကို ရှောင်တိမ်းပြီး နေအိမ်၌ ပုန်းနေခြင်း။ (ကြွေးမပေးနိုင်သော လူမွဲအဖြစ် ကြေငြာခံရမည်ဖြစ်သည်။)

**keeping the peace** ငြိမ်းချမ်းရေး မပျက်ပြားစေရန် ထိန်းသိမ်းခြင်း။





**key money** အိမ်ငှားအသစ်က အိမ်ရှင်သို့ပေးရသောလခ သို့မဟုတ် အာမခံအဖြစ် တင်သွင်းထားသော စဘော်ငွေ။ အပျောက်ငွေ။ ငှားရမ်းသော ပစ္စည်းအတွက် အာမခံအနေဖြင့် ကြိုတင်၍အပ်နှံပေးထားရသောငွေ။

**kick back** မလျော်ကြသောလွှမ်းမိုးရန်ဖြစ်စေ၊ လျှို့ဝှက်သော သဘောတူညီချက်အရဖြစ်စေ၊ နောက်ထပ်ဝယ်ယူရန် ဆွဲဆောင်သည့်အနေဖြင့်ဖြစ်စေ ရောင်းသူက ဝယ်သူထံမှရရှိထားသော ငွေကြေးထဲမှ တစ်စိတ်တစ်ပိုင်းကို ဝယ်သူသို့ပြန်ပေး ခြင်း။

ဥပမာ။ ပစ္စည်းအဝယ်တော် တစ်ယောက်သည် ကုန်သည်တစ်ဦးထံမှ ပစ္စည်းအမြောက်အမြားဝယ်ယူသည့်အခါ နောင်လည်းလာရောက်ဝယ်ယူရန်ဆွဲဆောင်သည့်အနေဖြင့်လည်းကောင်း ညှိနှိုင်းထားချက်အရလည်း ကောင်း ပေးချေငွေထဲမှ တစ်ချို့ကိုအဝယ်တော်သို့ ပေးခြင်း။တစ်နည်းအားဖြင့်တိတ်တဆိတ် ရာခိုင်နှုန်းအရ လာဘ်ငွေပေးခြင်း။

**kidnapping** လူခိုးမှု။ ပြည်ထောင်စုမြန်မာနိုင်ငံအပသို့ဖြစ်စေ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှဖြစ်စေ လူခိုးမှု။

(ပြစ်မှုဆိုင်ရာ အခန်း ၁၆ ပုဒ်မ ၃၅၉,၃၆၀,၃၆၁ နှင့် ၃၆၃ ကြည့်ပါ)

**kill time**--- အချိန်ကို တစ်နည်းနည်းဖြင့် အသုံးချနေသူ။

**kin (n)** ဆွေမျိုးသားချင်း၊ မိသားစု၊ သွေးသားတော်စပ်မှု၊ လက်ထပ်ထိမ်းမြားမှုကြောင့် သို့မဟုတ် မွေးစားမှုကြောင့် ဆွေမျိုးတော်စပ်ခြင်း။ သို့သော်များသောအားဖြင့် သွေးရင်းသားရင်းများကိုသာသုံးသည်။kin, kindred, kinship အဓိပ္ပါယ်တူသည်။

**kleptomania (n)**---- ခိုးတတ်သောအကျင့်ဆိုး၊ ခိုးတတ်သောဝါသနာ။ ငွေရေးကြေးရေးရည် ရွယ်ချက်ကြောင့် မဟုတ်ဘဲ ဝါသနာ/ အကျင့်ဆိုးကြောင့် သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း။စောရနက္ခတ်နှင့်ယှဉ်မွေးသူ။

**knock and announce rule** ရဲအရာရှိက တရားခံကိုဖမ်းဆီးရန် သို့မဟုတ် ပစ္စည်းရှာရန်အတွက် တံခါးခေါက်ပြီး အိမ်ရှင်သို့ ၎င်း၏ရာထူးအဆင့်ပြောပြ တံဆိပ်နှင့် ဝါရမ်းကိုပြသပြီးမှ အိမ်အတွင်းသို့ ဝင်ရောက်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



**knock down** လေလံပွဲတွင် အမြင့်ဆုံးဈေးပေးလာပြီးနောက် သုံးကြိမ်ပေးဈေးကို ကြေငြာ၍ နောက်ထပ်ဈေးပေးသူမရှိသည့်အခါ တူထုခြင်းဖြင့် အမြင့်ဆုံးလေလံ ဆွဲသူကိုအသိအမှတ်ပြုခြင်း။

**knock-off**—— သူတစ်ပါး၏အောင်မြင်နေသော ထွက်ကုန်ပစ္စည်းကို အရည်အသွေး နိမ့်ပစ္စည်းများဖြင့် အတုပြုလုပ်ပြီးအောင်မြင်နေသော ပစ္စည်းအမှတ်တံဆိပ်ထက် ဈေးလျှော့ရောင်းကာ အလဲထိုးခြင်း (slang) သတ်ရန်၊ ခိုးရန်၊ ဖောက်ထွင်း ခိုးယူမှုကျူးလွန်ရန်။

**know all men by these present** ကိုယ်စားလှယ်လွှဲစာများ၏ အစပိုင်းတွင် အချိန်ဒါန်းအဖြစ် ထည့်သွင်း ရေးသားလေ့ရှိသည်။ တစ်ခါတစ်ရံ စာချုပ်ချုပ်ဆိုရာတွင်လည်း အစပိုဒ်၌ သုံးလေ့ရှိသည်။

**know how** နားလည်တတ်ကျွမ်းမှု စက်မှုသို့မဟုတ် နည်းပညာတွင် လက်တွေ့ အောင်မြင်မှုအတွက် လိုအပ်သောသတင်းအချက်အလက်၊ ဗဟုတုတ၊ နည်းပညာနှင့် ကျွမ်းကျင်မှု။ ၎င်းတို့ ကုမ္ပဏီတစ်ခုက တီထွင်ထားပါက မြိုင်ဘက်များနှင့် မြိုင်ဆိုင်မှုကို အားသာစေပြီး ထိုနည်းပညာကို အခြားသူများသို့ ရောင်းချနိုင် သည်။

**knowingly (adv)** - သိလျက်နှင့်

**knowledge, scientific knowledge** သက်သေထွက်ဆိုရာတွင် သိပ္ပံဆိုင်ရာအချက်အလက်ဖြစ်ပါက ဘာသာရပ်ဆိုင်ရာ သင့်လျော်သော အသိပညာ အထောက်အကူရှိရမည်။

**knowledge of decree** ဒီကရီကိုသိသည့်အခါ တစ်ဘက်ဘက်ချပေးသည့် ဒီကရီကိုပယ်ဖျက် ပေးရေးအတွက် တရားပြိုင်က လျှောက်ထားရာတွင် ဒီကရီကိုချပေးသည့်နေ့ရက်ကစ၍ သို့မဟုတ် သမ္မာန်စာအတည်မဖြစ်သော အချက်တွင် လျှောက်ထားသူက ဒီကရီချပေးကြောင်း သိသည့်နေရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်းလျှောက် ထားရမည်။

(ကာလစည်းကမ်းသတ်ဥပဒေ အပိုဒ် ၁၆၄)

**knowledge requisite** -လိုအပ်သသောအသိပညာ။





# L

**label** - ကုန်အမှတ်တံဆိပ်၊ အမှတ်အသားတံဆိပ်၊ စာရွက်။

**labor/labour** - ကာယ ဉာဏအလုပ်၊ ကြိုးစားအားထုတ်ခြင်း။ သားဖွားခြင်း ဝင်ငွေ ရရှိရန်အလုပ်လုပ်ခြင်း။

**labour agreement** -- အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂတို့အကြား လုပ်ငန်းခွင်သာယာရေး လုပ်ခအကျိုးခံစားခွင့်၊ နစ်နာကြေးတို့နှင့်စပ်လျဉ်း၍ နှစ်ဘက်သဘောတူညီချက်။

**labour camp** - အကျဉ်းကျနေသူများကို ပို့ထားသောအလုပ်ကြမ်းစခန်း။

**labour dispute** - အလုပ်ရှင်အလုပ်သမား ပဋိပက္ခ။

**labourer**—— ကာယလုပ်သား။ အလုပ်ကြမ်းသမား။ ကန်ထရိုက်တာနှင့်တစ်ဆင့်ခံ ကန်ထရိုက်တာများက လုပ်ငန်းလိုအပ်ချက်အရ စုဆောင်း၍ ခိုင်းစေခြင်း။ ၎င်း အလုပ်သမားများသည် လုပ်ငန်း (စက်ရုံ)တစ်ခုတွင်ခန့်ထားသော အလုပ်သမား ဘောင်အတွင်းမဝင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**labour court** အလုပ်သမားပဋိပက္ခများကို ဖြေရှင်းပေးသည့်ခုံရုံး။ (မြန်မာနိုင်ငံတွင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (ဥပဒေအမှတ် ၅၊ ၂၈-၃-၂၀၁၂)အရ ဆောင်ရွက်လျက်ရှိပါသည်။)

**laches** (law french) တာဝန်ပေါ့လျော့ခြင်း၊ နှေးကွေးခြင်း။ ရပိုင်ခွင့်သို့မဟုတ် တောင်းဆိုမှုကို နည်းလမ်းတကျမဆောင်ရွက်ဘဲ အကြောင်းမဲ့နှောင့်နှေးခြင်း သို့မဟုတ် ပေါ့ဆခြင်း။

ဥပမာ။ A သည် မြေကွက်တစ်ကွက်ကို ၎င်းအနေဖြင့် ရှင်းရှင်းလင်းလင်း ပိုင်ဆိုင်သည်ဟု ယုံကြည်မှုရှိသောကြောင့် အဆိုပါမြေပေါ်တွင် ကွန်ဒိုမီဒီယံ တစ်ခုကိုတည်ဆောက်ပြီး အိမ်ခန်းရုံးခန်းအသီးသီးကို အငှားချထားခဲ့သည်။ A မှ ထိုသို့ဆောက်လုပ်နေစဉ် B သည် တစ်စုံတစ်ရာကန့်ကွက် ပြောဆိုခြင်း မရှိဘဲ နောက်ထပ် ၁၀နှစ်တိုင်တိုင် စောင့်စားနေသည်။ ထို့နောက် A အဆောက်အဦးဆောက်သည့် မြေမှာ ၎င်းပိုင် ၎င်းအကျိုးစီးပွားဖြစ်ကြောင်း အခိုင်အမာပြောဆိုလာသည်။

တရားရုံးက doctrine of laches တို့ ကိုးကားပြီး B ၏တောင်းဆိုလာမှုအပေါ်အကြောင်းပြချက် နှစ်ရပ်ဖြင့် ပယ်ချခဲ့သည်။ A သည် အဆောက်အဦးဆောက်နေမှန်း B သိပါလျက်နှင့် အဆောက်အဦးပြီး ဆုံးသည့်အထိ မည်သို့မျှ ပြောဆိုကန့်ကွက်ခဲ့ခြင်း မရှိကြောင်းနှင့် A သည် ငွေပေါင်းများစွာ အကုန်အကျခံထားရကြောင်း အကြောင်းပြပါသည်။ B အနေဖြင့် ကန့်ကွက်ပြောဆိုရန် အချိန်လုံလောက်စွာရသော်လည်း စည်းကမ်းနည်းလမ်းအတိုင်း ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်းလည်း တရားရုံးက အကြောင်းပြပါသည်။ သာနာညီမျှမှုသဘောတရားပေါ်တွင် အခြေခံဆုံးဖြတ်ခြင်းဖြစ်ပါသည်။

(မြန်မာနိုင်ငံတွင် ကာလစည်းကမ်းသတ်ဥပဒေ အပိုင်း ၄ လက်ရှိဖြစ်ခြင်းကြောင့် ပိုင်ရှင်မြောက်ခြင်း၊ အခန်း ပုဒ်မ ၂၈နှင့် အပိုဒ် ၁၄၄ တို့အရ တရားပြိုင်လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အခါမှစ၍ (၁၂)နှစ်ကျော်လွန်ပါက တရားလိုအနေဖြင့် ပိုင်ဆိုင်ခွင့် အခွင့်အရေး ဆုံးရှုံးသွားပါသည်။)

**laid down** - ချမှတ်ထားသည်။





**lame duck** - အရွေးခံကိုယ်စားလှယ်တစ်ဦးသည် နောက်သက်တမ်းရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားပြီးနောက် မူလသက်တမ်းကုန်သည်အထိ ရာထူးတွင်ဆက်လက် တည်ရှိခြင်း။

**land** - ကျယ်ကျယ်ပြန့်ပြန့်ဆိုလျှင် မြေ၊ မြေဆီမြေနှစ် သို့မဟုတ် မြေပြင်တို့ပါဝင်သည်။ ထပ်မံဖွင့်ဆိုရလျှင် မရွေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် နေအိမ်များ အဆောက်အအုံများပါဝင်သည်။ မြေယာဆိုသော စကားရပ်တွင် မြေမှထွက်ပေါ်လာသော အကျိုးကျေးဇူးများ မြေတွင်တွဲကပ်နေသော အရာများပါဝင်သည်။ Attached to the earth ဆိုရာတွင်

(က) သစ်ပင်ကြီးမှစ၍ မြေ၌ကပ်၍ ပေါက်သောအပင်ငယ်များကဲ့သို့ မြေ၌ စွဲကပ်တည်ရှိခြင်း။

(ခ) တံတိုင်းမှစ၍ အဆောက်အဦးများကဲ့သို့ မြေ၌တစ်စိတ်တစ်ဒေသ မြုပ်ဝင်တည်ရှိခြင်း။

(ဂ) စွဲကပ်သောအရာ၌ ထာဝရအကျိုးဖြစ်ထွန်းစေရန် မြုတ်ဝင်တည်ရှိသော အရာတွင် စွဲကပ်တည်ရှိနေခြင်းများ ပါဝင်သည်။

**land acquisition** - မြေသိမ်းယူခြင်း။

**land holder** - မြေပိုင်ရှင်။

**landing** - ကုန်တင်ကုန်ချပြုလုပ်ရန်၊ ခရီးသည် အတင်အချပြုလုပ်ရန် ဆိပ်ခံတံတား။

**landlady** – အိမ်ပိုင်ရှင် မြေပိုင်ရှင်အမျိုးသမီး။

**landlocked** - အခြားသူပိုင်မြေပေါ်မှ ဖြတ်သန်းခြင်းမှတစ်ပါး ပိတ်နေသောမြေ ကုန်းတွင်းပိတ်မြေ။

**landlocked state** ပင်လယ်ပြင်ထွက်ပေါက်မရှိသောနိုင်ငံ။

**landlord** အိမ်ရှင် မြေရှင်၊ အခြားသူကို အခကြေးငွေဖြင့် မိမိပိုင်သော ဥစ္စာကို ငှားရမ်းသူ။

**landlord and tenant (relationship)** အိမ်ရှင်နှင့် အိမ်ငှား (ဆက်သွယ်မှု)

land mark---မြေတစ်ကွက်၏ နယ်နမိတ်၊ မြေတိုင်းမှတ်တိုင်။သမိုင်းဝင်အရေးကြီးသော အဆောက်အဦးနေရာ



www.burmeseclassic.com

www.burmeseclassic.com



**land tenure** မြေယာပိုင်ဆိုင်ခွင့်၊ မြေကိုလက်ဝယ်ထားရှိ ပိုင်ခွင့်သည် မြေရှင်စနစ် အသုံးတစ်ရပ်ဖြစ်ပြီး မြေရှင်နှင့်မြေငှားတို့၏ ဆက်သွယ်မှုကို အဓိပ္ပါယ်သက် ရောက်စေသည်။

**lapidation** ကျောက်တုံးဖြင့် ပစ်ခတ်၍သတ်ရန် ပြစ်ဒဏ်ပေးခြင်း။ ရှေးကျသော ပြစ်ဒဏ်ပေးခြင်း တစ်မျိုးဖြစ်ပြီး မူဆလင်နိုင်ငံတစ်ချို့တွင် ကျင့်သုံးလေ့ရှိသည်။

**lapse (n)** ပျက်ပြယ်သည်၊ လက်လွတ်သည်၊ သတ်မှတ်ထားသော အချိန်အတွင်း ဆောင်ရွက်ခြင်းမရှိ၍ရပိုင်ခွင့် သို့မဟုတ် အခွင့်အရေးများ ဆုံးရှုံးသွားခြင်း။ သေတမ်းစာအရ အကျိုးခံစားခွင့် ရမည့်သူသည်၊ သေတမ်းစာရေးသား သူထက်စော၍ သေဆုံးလျှင် သေတမ်းစာဖြင့် ပေးကမ်းခဲ့ခြင်းမှာ အတည်မပြုနိုင်တော့ပါ။

ဥပမာ။ Aသည် ရက်ပေါင်း ၃၀ အတွင်းအိမ်တစ်လုံးကို ကာလပေါက်ဈေး ထက်လျော့နည်းသော ဈေးဖြင့် ဝယ်ယူရန်သဘောတူထားသည်။ ရက်ပေါင်း ၃၀ အတွင်း ဝယ်ယူနိုင်ခြင်း မရှိခဲ့လျှင် A၏ ရွေးချယ်ခွင့်မှာ လက်လွတ် သွားသည်။

**larceny (n)** သူတစ်ပါးပိုင်ပစ္စည်းကို ထိုသူ၏သဘောတူညီချက် မရရှိဘဲ ထိုသူ လက်လွတ်ဆုံးရှုံးစေရန် ရည်ရွယ်ချက်ဖြင့် ယူဆောင်သွားခြင်း။ ခိုးမှု၊ ဖောက်ထွင်းမှုစသည် (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၈ မှ ၃၈၂ ကြည့်ပါ။

grand larceny နှင့် petit larceny ဟူ၍ ပစ္စည်းတန်ဖိုးနှင့် ယူဆောင် သည့်ပုံစံ အပေါ်မူတည်၍ ခွဲခြားနိုင်သည်။

(မြန်မာနိုင်ငံတွင် ခိုးမှုကို ထိုသို့ခွဲခြားထားခြင်း မရှိသော်လည်း အသေးအဖွဲ့မှု ကိစ္စအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၅ အရ ကင်းလွတ်ခွင့် ရသည်။ ဥပမာ စိုက်ခင်းထဲမှ ဖရဲသီးတစ်လုံးကို ခိုးယူသွားခြင်း။)

**lascivious (adj)** ကာမဂုဏ်စိတ်အားကြီးသော၊ ကာမဂုဏ်ကျူး သော၊မလျှောက်ပတ်မဟင့်တယ်သော၊ရာဂစိတ်ကိုနှိုးဆွသော။

**lash (v)**-ကြိမ်ဒဏ်ပေးခြင်း။





**last resort**-နောက်ဆုံးအယူခံမှု ပြင်ဆင်မှုဝင်ရောက်ရာ တရားရုံး။ (ပြည်ထောင်စု တရားလွှတ်တော်ချုပ်)

**latent (adj)**- မမြင်ရသော၊ မပေါ်လွင်သော၊ ငုတ်နေသော။

**latent ambiguity**--မြင်သာထင်သာ မရှိသောဒွိဟဖြစ်မှု။ ၎င်းဒွိဟ ဖြစ်မှုကို ရှင်းလင်းရန် အတွက် သက်သေခံတင်ပြခွင့်ရှိသည်။ latent defect ဟုလည်းခေါ်သည်။

ဥပမာ။ A က B ကို ရန်ကုန်မြို့ရှိ ကျွန်ုပ်ပိုင်အိမ်ဟုရေးကာ စာချုပ်၍ ရောင်းချလိုက်သည်။ သို့ရာတွင် A၌ ရန်ကုန်မြို့တွင် အိမ်ပိုင်မရှိ။ အင်းစိန်တွင် အိမ်တစ်လုံးရှိသည်။ ထိုစာချုပ်ချုပ်ဆိုသည့် အချိန်မှစ၍ ထိုအိမ်တွင် B နေထိုင်လျက်ရှိသည်။ ထိုစာချုပ်သည် အင်းစိန်မြို့ရှိ အိမ်နှင့်သက်ဆိုင်ကြောင်း ထင်ရှားအောင်ပြရန်အတွက် အထက်အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ သက်သေခံတင်ပြခွင့်ရှိသည်။ (သက်သေခံဥပဒေပုဒ်မ ၉၅)

patent ambiguity (patent defect) စာချုပ်တွင် ပါရှိသည့်စကားရပ် သည် အဓိပ္ပါယ်မရှင်းလင်း၊ ချို့တဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလျှင် ရှင်းလင်းရန် သက်သေတင်ပြခွင့်မရှိ။

ဥပမာ။ A က B သို့ မြင်းတစ်ကောင်ကို ငွေကျပ်တစ်ထောင် သို့မဟုတ် တစ်ထောင့်ငါးရာနှင့် ရောင်းရန်သဘောတူစာချုပ်ရေးသားချုပ်ဆိုသည်။ အဆိုပါ တန်ဖိုးနှစ်ရပ်အနက် မည်သည့်တန်ဖိုးကိုပေးရမည်ဖြစ်ကြောင်း ပေါ်လွင်အောင် သက်သေတင်ပြခြင်း မပြုနိုင်။ (သက်သေခံဥပဒေပုဒ်မ ၉၃)

**laundering, money** - ငွေကြေးခဝါချခြင်း။

**law** - ဥပဒေပြုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေငြာထားပြီး၊ လူ့အသိုင်း အဝန်းက လိုက်နာရသော လူ့ကျင့်ဝတ်၊ ဥပဒေ။

**law-abiding** - ဥပဒေကို လေးစားလိုက်နာသော။

**law enforcement** ပြည်သူ့များ ဥပဒေကို လေးစားလိုက်နာစေရန် အရာရှိများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခြင်း။

**law firm** ပြည်သူ့ဝန်ထမ်း မဟုတ်သော ရှေ့နေများ စုပေါင်းတည် ထောင်ထားသည့်လုပ်ငန်း။



www.burmeseclassic.com

www.burmeseclassic.com



**lawful** – ဥပဒေနှင့်အညီ။

**lawful goods** -ဥပဒေနှင့်ညီသော ကုန်ပစ္စည်းများ။ လွတ်လပ်စွာ ထိန်းသိမ်း ရောင်းချနိုင်ခြင်း၊ ပြည်ပသို့ဥပဒေနှင့်အညီ တင်ပို့နိုင်ခြင်း။ တားမြစ်ထားသော ကုန်ပစ္စည်း မဟုတ်။

**lawless** -ဥပဒေကင်းမဲ့သော ဥပဒေကို မလေးစားမလိုက်နာသော။

**law office** ဥပဒေရုံး law officer ဥပဒေအရာရှိ။

**law practice** -ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း။

**law reports** -တရားစီရင်ထုံးများ။

**law review** ဥပဒေပညာဂျာနယ်။ အဆိုပါဂျာနယ်တွင် ဥပဒေသုတေသန ဆိုင်ရာ ဆောင်းပါးများ၊ ဥပဒေအကြောင်းအရာပေါ်တွင် ဝေဖန်သုံးသပ်ချက်များ စသည်တို့ကို ပါမောက္ခများ တရားသူကြီးများ၊ ဥပဒေအရာရှိများ ဥပဒေ ပညာရှင်များ ဥပဒေကျောင်းသားများ ပြင်ပရှေ့နေများ ပါဝင်ရေးသားကြသည်။

**law school**-ပဒေပညာသင်ကျောင်း။

**law suit** – အမှုအခင်း။ တရားမမှု

**lawyer** တရားရုံးများတွင် အမှုသည်အတွက် လိုက်ပါဆောင်ရွက်ခွင့်ရထား သော ရှေ့နေ။

**lay** -သာမန်၊ ဥပဒေနှင့်ဆေးပညာစသည်တို့တွင် ကျွမ်းကျင်မှုမရှိသော။

**lay days** သင်္ဘောများ ကုန်တင်ကုန်ချလုပ်ရာတွင် ဆိပ်ကမ်းမှ သတ်မှတ်ပေးသည့် ကြန့်ကြာကြေးမပေးဆောင်ရသော ရက်များ။

**layman**-(also lay person) သက်ဆိုင်ရာ ပညာရပ်တွင် ကျွမ်းကျင် ပညာရှင် မဟုတ်ခြင်း။

**lay witness** ကျွမ်းကျင်ပညာရှင် မဟုတ်သော သာမန်သက်သေ၊ ၎င်းအနေဖြင့် သက်သေထွက်ရာတွင် ထင်မြင်ချက်ပေးခွင့်မရှိ။

**leading case** စီရင်ထုံးအဓိကကျ၍ အရေးပါသော စီရင်ထုံးများ။

**leading questions**---နိမိတ်ပြမေးခွန်း။ မေးမြန်းသူ အလိုရှိသော အဖြေကိုဖြစ်စေ မျှော်လင့်သည့် အဖြေကိုဖြစ်စေရရှိအောင် အရိပ်အမြွက်ပြသော မေးခွန်းမျိုးကို ခေါ်သည်။ရေလာမြောင်းပေးမေးခွန်း။





**learned judge** ပညာရှိတရားသူကြီး။

**lease (v)(n)**မရွေ့မပြောင်းနိုင်သော မြေအိမ် အခန်းစသည်တို့ကို အချိန်ကာလ သတ်မှတ်၍ ငှားရမ်းခြင်း။ အငှားစာချုပ်။ နှစ်ဦးနှစ်ဘက်အကြား တစ်ဦး၏ ပစ္စည်းတစ်စုံတစ်ရာကို အသုံးပြုနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍နှုတ်ဖြင့် သို့မဟုတ် စာဖြင့်ပြုလုပ်သည့် သဘောတူညီချက် (ပဋိညာဉ်)။ ပစ္စည်းလွှဲပြောင်း ခြင်း ဥပဒေ ပုဒ်မ ၁၀၅ အရ လွှဲပြောင်းသောပစ္စည်းနှင့် စပ်လျဉ်း၍ ငှားယူသူ (lessee) က အငှားချထားသူ (lessor) သို့ ငှားရမ်းခပေးသည့်အတွက် သို့မဟုတ် ပေးမည်ဟုကတိပြုသည့်အတွက် သို့မဟုတ် အချိန်မှန်မှန်ဖြစ်စေ သတ်မှတ်ထား သော လ၊ ရက်၊ အချိန်ကာလများတွင် ဖြစ်စေ၊ ပေးမည့်ငွေ ပစ္စည်း (သီးနှံဝေစု) သို့မဟုတ် အဖိုးထိုက်တန်သည့်အခြား တစ်စုံတစ်ရာအတွက် သို့မဟုတ် ဆောင်ရွက်မည့် တစ်စုံတစ်ရာအတွက် လ၊ ရက်၊ အတိ အကျကန့်သတ်၍ဖြစ်စေ၊ ကန့်သတ်ရာသဘောသက်ရောက်၍ ဖြစ်စေ အခွဲထာဝရဖြစ်စေ စည်းကမ်း ချက်များအရ ထိုပစ္စည်း၏ အကျိုးခံစားခွင့် လွှဲပြောင်းပေးခြင်းဖြစ်သည်။

အဆိုပါ ဥပဒေပုဒ်မ ၁၀၇ အရ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နှစ်ပြီး တစ်နှစ်ဆက်လက်ငှားရမ်းခြင်း၊ သို့မဟုတ် တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း သို့မဟုတ် နှစ်စဉ်ငှားရမ်းခသတ်မှတ်၍ ငှားရမ်းခြင်းမျိုးကို စာဖြင့် ရေးသားပြီးမှတ်ပုံတင်၍ ငှားရမ်းရမည်။ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်းကို ပစ္စည်းလက်ရောက်ပေးအပ်၍ နှုတ်ဖြင့်ပြုလုပ်လျှင် ထိုငှားရမ်းခြင်းမှာ တစ်နှစ် အတွက်သာ တရားဝင်သည်။

**lease back (n)** ပစ္စည်းရောင်းချရာတွင် နားလည်မှုဖြင့် ရောင်းချခြင်း သို့မဟုတ် ပစ္စည်းရောင်းချရာတွင် ရောင်းချပြီးနောက် အဆိုပါပစ္စည်းကို ဝယ်သူ့ထံမှ ချက်ခြင်းပြန်လည် ငှားရမ်းနိုင်ရန်အတိအလင်း အခွင့်အရေးပေး ထားခြင်း။

**lease hold (n)** နှစ်ကာလအပိုင်းအခြားဖြင့် ပိုင်ဆိုင်ခွင့်ပေးထားသည့် မြေ။ စာချုပ်ဖြင့် ငှားရမ်းသုံးပိုင်ခွင့်။ ပတ္တာမြေ။ အစိုးရကသော်လည်းကောင်း၊ မြေသက်ဝယ်ရှိသော မြေပိုင်ရှင်ကသော်လည်းကောင်း အငှားချထားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**lease-purchase agreement** ဝယ်ယူရန်ရည်ရွယ်ချက်ဖြင့် ပစ္စည်းကို ငှားရမ်းခြင်း သဘောတူညီချက်။ ဝယ်သူသည်ချက်ခြင်း ငွေတစ်လုံးတစ်ခဲတည်း မသုံးစွဲရဘဲ အလီလီသာပေးရသော ငှားရမ်းဝယ်ယူခြင်း။ ဝယ်ယူသည် ပထမအရစ်ပေးသည့်အခါ ပစ္စည်းကို လက်ဝယ်ရရှိထားပြီး နောက်ဆုံးအရစ်ငွေ အကြေချေပြီးသောအခါမှ ပစ္စည်းအပေါ်တွင် ပိုင်ဆိုင်ခွင့်ကိုရရှိသည်။ hire purchase / installment purchase တစ်မျိုးဖြစ်ကာ အခွန်သက်သာမှုကိုပါ ဖြစ်စေပါသည်။

**least developing countries** ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၊ ၎င်းနိုင်ငံများသည် စီးပွားရေးအရ အလွန်ခေတ်နောက်ကျကျန်ခဲ့သော နိုင်ငံများဖြစ်သည်။ L.D.C ဟု အတို ကောက်သုံးသည်။

**leave (n) (v)** အခွင့်၊ ခွင့်ပြုချက်၊ ခွင့်ကာလ။ ထွက်ခွာသည်၊ စွန့်ပစ်သည်၊ လွှဲအပ်သည်။ သေတမ်းစာဖြင့် ပေးကမ်းသည်။ သေတမ်းစာဖြင့် အမွေပေးသည်။ ပြန်လာရန်ရည်ရွယ်ချက်မရှိဘဲ ထွက်ခွာခြင်း။

**leave and license** - ခွင့်ပြုချက်ဖြင့် နေထိုင်သူ။

**leave to appeal** - အယူခံဝင်ခွင့်တောင်းခံခြင်း။

**leave of court** -တရားရုံး၏ခွင့်ပြုချက်ကို တောင်းခံခြင်း။ ဥပမာ ကာလစည်းကမ်းသတ်ကျော်လွန်နေသည့်ကိစ္စ။

**leave to appear and defend**---လွှဲပြောင်းနိုင်သော စာချုပ်စာ တမ်းများနှင့် စပ်လျဉ်း၍ တရားလိုက တရားလွှတ်တော်မူလဘက်တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၇ အရတရား စွဲဆိုကြောင်းပါရှိသည့် အဆိုလွှာ တင်သွင်းလာသည့်အခါ တရားပြိုင်အနေဖြင့် အမှုသွားအမှုလာအရ အဖိုးစားနားနှင့် စပ်လျဉ်း၍ သက်သေပြရန်လိုအပ်တာဝန်ရှိကြောင်း။ အခြား အကြောင်းအရာများကြောင့်လည်းကောင်း ကျမ်းကျိန်စာတွင် ဖော်ပြ၍ တရားရုံးသို့ လာရောက်ခွင့်နှင့် ခုခံချေပခွင့်တောင်းခံခြင်း။

(တရားမကျင့်ထုံးဥပဒေအမိန့် ၃၇ နည်း ၃)

**leave to sue** တရားစွဲဆိုခွင့်တောင်းခံခြင်း။ တရားလိုက တရားရုံးတစ်ရုံးတွင် အဆိုလွှာတင်သွင်းရာ၌ အမှုစွဲဆိုရန်အကြောင်း (cause of





action) သည် ထိုတရားရုံး၏ စီရင်ပိုင်ခွင့်ဒေသအတွင်း ကျရောက်ခြင်း မရှိသော်လည်း တရားပြိုင်သည် ထိုတရားရုံး၏ စီရင်ပိုင်ခွင့် ဒေသအတွင်း နေထိုင်၍ စီးပွားလုပ်ကိုင်လျှင် သို့မဟုတ် တရားပြိုင်အများပါသော အမှုတွင် တရားပြိုင် တစ်ဦးဦးက ထိုတရား ရုံး၏ စီရင်ပိုင်ခွင့်ဒေသအတွင်း နေထိုင်လျှင် အမှုကို လက်ခံ စစ်ဆေးပေးရန် ခွင့်ပြုချက်တောင်းခံခြင်း။ (တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀)

**legacy** ပုဂ္ဂလိကပစ္စည်းနှင့် ငွေများကို သေတမ်းစာဖြင့်ပေးခြင်း။ device နှင့် ကွာခြားသည်။ device သည် real property ကို ညွှန်းသည် bequest သည် personal property ကို ညွှန်းသည်။

alternate legacy. သေတမ်းစာရေးသားသူက သေတမ်းစာဖြင့် အမွေရမည့်သူကို အမွေပစ္စည်းနှစ်ခု သို့မဟုတ် အများထဲမှ တစ်ခုကို ရွေးချယ်စေခြင်း။

\- conditional legacy. အဖြစ်အပျက် တစ်ခုပေါ်ပေါက်သည့်အခါ သို့မဟုတ် မပေါ်ပေါက်သည့်အခါအကျိုးသက်ရောက်စေသော သို့မဟုတ် ပျက်ပြားစေသော သေတမ်းစာအမွေပေးခြင်း။

\- contingent legacy. အကြောင်းအားလျော်စွာ ပေါ်ပေါက်လာနိုင်သော ကိစ္စအပေါ်တွင် ပေးသောသေတမ်းစာ။ ဥပမာ သေတမ်းစာရေးသူက ၎င်း၏မြေးဖြစ်သူအသက် ၂၁ နှစ် ပြည့်လျှင် .... ဟုရေးသားခြင်း။

dimonstrative legacy. ညွှန်ပြထားသော သေတမ်းစာအမွေ။ ဥပမာ ငွေရရှိနိုင်သော နေရာကို ညွှန်ပြထားသော လမ်းကြောင်း။ သေတမ်းစာရေးသားသူက တစ်စုံတစ်ခုသော ရုံပုံငွေ (သို့)အစုရှယ်ယာမှ ထုတ်ပေးရန် ရည်ညွှန်းထားသော အမွေပစ္စည်း။

general legacy. သေတမ်းစာရေးသားသူပိုင် အထွေထွေပစ္စည်းအားလုံး ထဲမှ သေတမ်းစာအရ အမွေခံရသူအားလုံးသို့ ရာခိုင်နှုန်းအားဖြင့် ပေးသော အမွေ။ အကယ်၍ ပေးရန်ငွေမှာ မလုံလောက်လျှင် အချိုးကျလျှော့ယူရသည်။

lapsed legacy. သေတမ်းစာရေးသူထက် အမွေရမည့်သူမှာ အရင်သေဆုံး သွားလျှင် သို့မဟုတ် သေတမ်းစာရေးသူတွင် ပေးရန်တာဝန်များသော ကျန်ရှိနေလျှင် အခွင့်အရေးဆုံးရှုံးသွားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



–pecuniary legacy. ငွေသက်သက်သာဖြစ်သော သေတမ်းစာဖြင့် ပေးသော အမွေ။

–residuary legacy. သေတမ်းစာရေးသားသူ ကျန်ရစ်သော အမွေပစ္စည်းထဲမှ သေတမ်းစာရေးသူပေးရန်ရှိသော ငွေများသေတမ်းစာအရ တိတိကျကျ သတ်မှတ်ထားသောငွေများ၊ အထွေထွေပစ္စည်းထဲမှ ပေးရန်သေတမ်းစာဖြင့် ညွှန်ပြထားသော အမွေများအားလုံးကို ပြေလည် အောင်ခွဲဝေပေးပြီးနောက် ကျန်ရှိသော ပိုင်ဆိုင်သောပစ္စည်း။

–specific legacy. သေတမ်းစာဖြင့် ပေးသော အခြားပစ္စည်းများနှင့် ကွဲပြားသည့်သီးသန့်ပစ္စည်း ဥပမာ လက်စွပ်ကွင်းတွင် သေတမ်းစာရေး သူ၏ အမည်ရေးထိုးထားသော ပတ္တာမြားလက်စွပ်။

-void legacy. ပျက်ပြယ်သော အမွေပစ္စည်းဥပဒေအရ မတည်ရှိသော သေတမ်းစာဖြင့်ပေးသော အမွေ။

**legal (adj)** - တရားဝင်သော၊ ဥပဒေနှင့်အကျုံးဝင်သော ဥပဒေနှင့် ညီညွတ်သော။

**legal action** - ဥပဒေအရ အရေးယူခြင်း၊ ဥပဒေအရ တရားစွဲဆိုခြင်း။

**legal age** - ဥပဒေအရ အရွယ်ရောက်သည့်အသက်။

**legal aid** - ဥပဒေအထောက်အကူပြု။

**legal assets** - မြီရှင်များသို့ ကြွေးဆပ်ရာတွင် အသုံးဝင်လာမည့် သေဆုံးသူပိုင် အခြေပစ္စည်းများ။

**legal custody** - ဥပဒေအရ ချုပ်နှောင်ဖမ်းဆီးခြင်း။

**legal capacity to sue** - တရားစွဲဆိုမည့်သူသည် စိတ်အခြေအနေ ကောင်းမွန်ခြင်း၊ ဥပဒေအရ သတ်မှတ်ထားသော အရွယ်ရောက်ခြင်း။ ပြစ်မှုတရာစွဲဆိုရန် အရည်အချင်းနှင့် ပြည့်မီသည်။

**legal duty** - ဥပဒေအရ တာဝန်ရှိခြင်း။ ဥပမာ တိုက်ခန်းအများပါဝင်သော တိုက်ပိုင်ရှင်သည် အများအသုံးပြုသော နေရာများဖြစ်သည့် လှေကားခွင် လူသွားစင်္ကြန် အစရှိသည့်နေရာများကို ကောင်းမွန်အောင်သန့်ရှင်းအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ အများသုံးနေရာရှိ မီးသီးများကျွမ်းနေပါက





လဲလှယ်ပေးရန်နှင့် မီးလုံးကျွမ်းနေကြောင်း အိမ်ငှားများကို အသိပေးရမည်။ မီးလုံးကျွမ်းခြင်းကြောင့် မှောင်နေ၍ အိမ်ငှား၌ ထိခိုက်မှုဖြစ်ပေါ်လာလျှင် ဥပဒေအရ တာဝန်ရှိမှုကို ချိုးဖောက်ရာရောက်၍ တိုက်ရှင်၌တာဝန်ရှိသည်။

**legal ethics** - တရားရုံးများအပေါ်တွင်လည်းကောင်း၊ အမှုသည်နှင့် ရှေ့နေ ဆက်ဆံရာ တွင်လည်းကောင်းရှေ့နေအချင်းချင်း ဆက်ဆံရာတွင်လည်းကောင်း ထားရှိရ မည့်ကျင့်ဝတ်သိက္ခာ။

**legal effect** - ဥပဒေအရ တရားဝင်အကျိုးသက်ရောက်မှု။

**legal entities** - တရားဝင်ရပ်တည်သော အဖွဲ့အစည်း။

**legal pratitioner** - တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ၊ အမြင့်တန်းရှေ့၊ စာချုပ်စတမ်းရှေ့နေ။

**legal representative** - တရားဝင်ကိုယ်စားလှယ် (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂)

**legal residence** - တရားဝင်အမြဲနေထိုင်ရာ အရပ်။

**legal right** - ဥပဒေပါ အခွင့်အရေး

**legal services** - အမှုသည်အတွက် ရှေ့နေကဆောင်ရွက်ပေးသော အလုပ်။

**legal tender** - နိုင်ငံတော်က ပြည်တွင်း၌လဲ့လှယ်သုံးစွဲရန် ထုတ်ဝေထားသောငွေ။

**legalese** - စာချုပ်စာတမ်းများတွင် ရှေ့နေများအသုံးပြုသော ဥပဒေစကား။

**legality** - ဥပဒေအရ တရားဝင်ခြင်း။

**legalize** - တရားဝင်စေသည့် ဥပဒေနှင့်အညီ ဖြစ်စေသည်။

**legatee** - သေတမ်းစာအရ အမွေဆက်ခံရရှိသူ။ အမွေစားအမွေခံ။

**legislation (n)** - ဥပဒေပြဋ္ဌာန်းခြင်း။ ဥပဒေပြုခြင်း။

**legislature (n)** - ဥပဒေပြုလွှတ်တော်

**legitimate (adj)** - တရားဝင်ဖြစ်သော၊ တရားဝင်လက်ထပ်ထားသည့် မိဘများမှ မွေးဖွားသော။

**legitimize (v)** - တရားဝင်ဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



**lemon law** - သတ်မှတ်အဆင့်ထက် နိမ့်သော မော်တော်ကားကို ဝယ်ယူမိသည့်အတွက် မော်တော်ကားဝယ်ယူသူကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ ရောင်းချသူအနေဖြင့် တစ်စီးအစားထိုးလဲပေးခြင်း၊ သို့မဟုတ် ဝယ်ရင်းတန်ဖိုးငွေကို အပြည့်အဝပြန်အမ်းခြင်းပြုရန်ဖြစ်သည်။

ထိုအတူပင် အရည်အသွေး မမီသော မည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဝယ်ယူမိသော ဝယ်သူကို အကာအကွယ်ပေးရန်အတွက် အကာအကွယ်ပေးသောဥပဒေ။

**lend** - ခေတ္တငှားထားသည်။ ငွေကို အတိုးဖြင့်ခေတ္တချေးငှားထားသည်။

**leniency** - ထောက်ထားညှာတာခြင်း၊ သက်ညှာခွင့်တောင်းခြင်း၊ လျော့ပေါ့စဉ်းစားပေးရန် တောင်းခံခြင်း (ပြစ်မှုထင်ရှားနေသည့်အခါတွင် တရားခံအပေါ် (အသက်ငယ်ခြင်း အိုမင်းမစွမ်းရှိခြင်း စသည့်တို့ကို ထောက်ထား၍) ပြစ်ဒဏ်ကို သက်ညှာစွာ ချမှတ်ပေးပါရန် လျှောက်ထားတောင်းဆိုခြင်း။

**lenity** - သနားခြင်း၊ ဂရုဏာထားခြင်း။

**lessee** - အိမ်ငှားမြေငှား၊ အိမ်ပိုင်ရှင် မြေပိုင်ရှင်ကို အခကြေးငွေပေး၍ နေထိုင် လက်ဝယ်ထားသူ။

**lesser included offence** - ကြီးသောအမှုဖြင့် တရားစွဲဆိုထားသော်လည်း တရားလိုဘက်မှ ခိုင်လုံသော အထောက်အထား မတင်ပြနိုင်သဖြင့် ငယ်သောပြစ်မှုဖြင့်သာ အပြစ်ပေးခြင်း။

အယူခံတရားလိုတိုင်းကပင် သေသူအပေါ် ဒဏ်ရာရအောင် ပြုလုပ်ခြင်းများသည် အပြင်းအထန်နာကျင်စေမှုဖြစ်အောင် ပြုလုပ်ခြင်းများဖြစ်သည်။ သို့ရာတွင် မည်သူကပြုလုပ်သော အပြင်းအထန်နာကျင်စေမှုကြောင့် သေဆုံးသွားရသည်ကို မပြောနိုင်သဖြင့် ထို့ကဲ့သို့ သေလောက်အောင်အပြင်းအထန်နာကျင်စေမှုပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒွိဟသံသယရှိသဖြင့် လူသတ်မှုဖြင့် အရေးမယူဘဲ အပြင်းအထန်နာကျင်စေမှုဖြင့်သာ အရေးယူ၍ အပြစ်ပေးလိုက်ခြင်း (သောင်းခိုင်ပါ ၄နှင့် ပထစ ၁၉၆၅ ပထစ ရုံးချုပ် ၉၆၂)

**lessor** - အငှားချထားသူ။ အိမ်၊ ခြံ၊ မြေအခန်းများကို ငှားရမ်းခယူ၍ အငှားချထားသူ။ အိမ်ရှင်၊ မြေရှင်။





**let (v)** - အငှားချသည်။ room to let အိမ်ခန်းငှားရန်ရှိသည်။

**letter of credit (L.C)**-ဘဏ်တစ်ခုက အခြားဆက်သွယ်ထားသော ပြည်ပရှိဘဏ်တစ်ခုသို့ ဖော်ပြပါပုဂ္ဂိုလ်ကိုငွေမည်မျှထုတ်ပေးရန်ပေးပို့သည့်စာ။ ၎င်းစာတွင် ဖော်ပြထား သောစည်းကမ်းချက်များ ပြည့်စုံလျှင် သတ်မှတ်ထားသောငွေကို ဖော်ပြထားသူသို့ ပေးရန်ဖြစ်သည်။ နိုင်ငံတကာပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် ငွေပေးချေသော စနစ်တစ်ခုအဖြစ် ကျယ်ပြန့်စွာ အသုံးပြုကြသည်။ ပို့ကုန်တင်ပို့သူများအား ကုန်မပို့မီဝယ်သူက ငွေကြေးတင်ပို့ပြီးဖြစ်ကြောင်း အကြောင်းကြားစာဖြစ်သည်။ ကုန်ပို့သူက bill of laden (B/L) ပြ၍ဘဏ်တွင်ငွေထုတ်ယူနိုင်သည်။

**letter of administration** တရားရုံးက သေဆုံးသူပိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း ၍ အမွေထိန်းသူကို ခန့်အပ်သည့်စာ။ အမွေထိန်းစာ။

**letter of credence** သံအမတ်ကြီးကတာဝန်ကျရာနိုင်ငံ၏အကြီးအကဲထံ ပေးအပ်ရသည့် သံအမတ်ခန့်အပ်လွှာ။

**letter of guardianship** အရွယ်မရောက်သေးသူ သို့မဟုတ် စိတ်အခြေအနေမကောင်းသူတို့ပိုင် ပစ္စည်းနှင့်လူကိုတရားရုံးက အုပ်ထိန်းခွင့်ပေးသောလက်မှတ်။

**letter licence** မြီစားအပေါ်သို့ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ သတ်မှတ်ပေးသောအချိန်ကာလအတွင်းလုပ်ငန်းကိုဆက်လက်ဆောင်ရွက်ရန်နှင့် ထိုအတောအတွင်း ကြွေးမြီနှင့်စပ်လျဉ်း၍ဥပဒေနှင့်အညီအရေးယူဆောင်ရွက် ခြင်းမပြုသေးဘဲ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း မြီရှင်အများကစုပေါင်းလက်မှတ် ရေးထိုးပေးထားသည့်စာ။ တစ်နည်းအားဖြင့် မြီစားများကိုငွေရှာနိုင်ရန် အခွင့် အရေးပေးခြင်းဖြစ်သည်။

**letters of patent** ဥပဒေတစ်ရပ်မဟုတ်သော်လည်း၊ ဥပဒေကဲ့သို့ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသောအခွင့်အမိန့်။

A government grant of the exclusive right to use an invention or design တီထွင်မှု သို့မဟုတ် ဒီဇိုင်းကိုအသုံးပြုရန် နိုင်ငံတော်က ခွင့်ပြုထားသောသီးသန့်လုပ်ပိုင်ခွင့်။



www.burmeseclassic.com

www.burmeseclassic.com



**letter of request** တရားစီရင်ရေးဆိုင်ရာအထောက်အကူပြုချက်များကို ပြည်ပတရားရုံးများမှ ရရှိနိုင်ရန်ရေးသားပေးပို့သော မေတ္တာရပ်ခံလွှာ။ များသောအားဖြင့် ပြည်ပတရားရုံး၏ စီရင်ပိုင်ခွင့်ဒေသတွင် နေထိုင်သောသက်သေ၏ အစစ်ခံချက်ကို ရယူပေးရန် သံရုံးများတစ်ဆင့် အကူအညီတောင်းခံသည့် မေတ္တာရပ်ခံလွှာ ဖြစ်သည်။ ၎င်းကို rogatory letters or letters rogatory ဟုလည်းခေါ်သည်။

**letter testamentary** သေတမ်းစာကိုအတည်ပြုဆောင်ရွက်နိုင်ရန် သေတမ်းစာအတည်ပြုသူ သို့ တရားရုံးက ထုတ်ပေးသည့်အမိန့်စာ။

**levy (v) (n)** အခွန်စည်းကြပ်သည်၊ အခွန်စည်းကြပ်ခြင်း၊ အစိုးရသို့ ပေးရသောအခွန် အခ။

**lewdness (n)** ကာမဂုဏ်လွန်ကျူးခြင်း။

**lex (latin)(n)** ပြဋ္ဌာန်းဥပဒေ

**lex domicili (lex domicilii) latin** လူတစ်ဦးတရားဝင်အမြဲတန်းနေထိုင်ရာတိုင်းပြည်နှင့်သက်ဆိုင်သော ဥပဒေ the law of the country where a person is domiciled.

**lex fori (latin)** အမှုစစ်ဆေးသည့်တရားရုံး၏ စီရင်ပိုင်ခွင့်နှင့်သက်ဆိုင်သောဥပဒေ။

**lexi loci ----** သက်ဆိုင်ရာဒေသ၏ဥပဒေ the law of the place

**lex loci contractus** ပဋိညာဉ်ချုပ်ဆိုရာဒေသ၏ဥပဒေ

**lex loci delicti** ပြစ်မှုကျူးလွန်ရာဒေသ၏ဥပဒေ The law of the place where the offence was committed.

**lex scripta** - ပြဋ္ဌာန်းဥပဒေ

**liable** - တာဝန်ရှိသော

**liability** – တာဝန်ရှိခြင်း၊ တာဝန်တစ်ရပ်ကိုဆောင်ရွက်ရန် သို့မဟုတ် ရှောင်ကြဉ် ရမည့်ကိစ္စတစ်ရပ်ကို ရှောင်ကြဉ်ရန် တာဝန်ရှိသည်။ လုပ်ကိုလုပ်ရမည့်တာဝန်။ ငွေပေးရန်အတွက် တာဝန်ရှိခြင်း။ တစ်ဦးတစ်ယောက်၏ ပြုမူဆောင်ရွက်ချက် အတွက် တာဝန်ရှိခြင်း (ပဋိညာဉ်ဆိုင်ရာတာဝန်ရှိခြင်း၊ တရားမနစ်နာမှုဆိုင်ရာ တာဝန်ရှိခြင်း ပြစ်မှုအတွက်တာဝန်ရှိခြင်း)ဥပမာ မနီသည် လမ်းဆုံတွင် မီးနီပြ ထားသည်ကို ဖြတ်မောင်းသဖြင့် တစ်ဖက်မှကားနှင့် တိုက်မိရာ ကားပေါ်မှာ ခရီးသည်နှင့် ယာဉ်မောင်းတို့ ဒဏ်ရာအနည်းငယ် ရရှိသွားသည်။ မနီသည်ပြစ်မှု ဆိုင်ရာဥပဒေအရ အရေးယူခံရမည့်အပြင် တရားမနစ်နာမှု အတွက်လည်း တာဝန်ရှိသည်။ Ma Ni has in curred tort liability for her action)

- accomplice liability ပူးတွဲတာဝန်ရှိခြင်း။ ပြစ်မှုတစ်ရပ်ကို လူတစ်ဦးက ကျူးလွန်ရာတွင်လည်းကောင်း၊ မကျူးလွန်မီလည်းကောင်း၊ ကျူးလွန် ပြီးနောက်ပိုင်းတွင်လည်းကောင်း ကျူးလွန်သူနှင့်အတူရှိနေခြင်း၊ အားပေးအားမြှောက်ပြုခြင်း ပြုသူသည် ကျူးလွန်သည့်မှုအတွက် ပူးတွဲတာဝန်ရှိသည်။

- liability by andorsement. လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် လက်မှတ်ရေးထိုးသူသည် ငွေပေးရန် တာဝန်ရှိပါသည်။

- accrued liability ပေးဆောင်ခြင်းမပြုခဲ့သော ကြွေးမြီ သို့မဟုတ် ကတိခံဝန်ချုပ်များကို လတ်တလောဘဏ္ဍာရေးနှစ်တွင် ထပ်မံပေါင်းစပ်ခြင်းဖြင့် တိုးပွားလာသော ပေးရန်တာဝန်။

- alternative liability. တစ်ဦးမဟုတ် တစ်ဦးတွင် တာဝန်ရှိခြင်း။ တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသောသူများက တရားမနစ်နာမှုကို ကျူးလွန်ကြ သည်။ တရားလိုအနေဖြင့် တရားပြိုင်များထဲမှတစ်ဦးဦးကကျူးလွန်ကြောင်းစွတ်စွဲသော်လည်း မည်သူပြုကြောင်း သက်သေပြနိုင်ခြင်း မရှိပေ။ ယခုကိစ္စတွင် တရားပြိုင်များဘက်သို့ သက်သေပြရန် တာဝန်မှာ ပြောင်းလဲသွားပြီး ၎င်းတို့ တစ်ဦးချင်းအနေဖြင့် မကျူးလွန်ကြောင်းသက်သေပြရမည်ဖြစ်သည်။ (resulting in a shifting of the burden of proof to each defendant.)

**civil liability**. – တရားမကြောင်းအရပေးရန် တာဝန်ရှိခြင်း။

**libel (n)** - စာဖြင့်လည်းကောင်း၊ ပုံဖြင့်လည်းကောင်း၊ အမှတ်အသားဖြင့်လည်းကောင်း အီလက်ထရောနစ်နည်းပညာဖြင့် ထုတ်လွှင့်မှုအရလည်းကောင်း တစ်ဦးတစ်ယောက်အပေါ်အသရေဖျက်ခြင်း။







www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ သတင်းစာဂျာနယ်တစ်စောင်တွင် ဆောင်းပါးရေးသူဦးနီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ယခင်က လာဘ်ယူမှုဖြင့် အပြစ်ပေးခံရသူဖြစ်ကြောင်း ရေးသားထားသည်ကို တွေ့ရသည်။ စုံစမ်းစစ်ဆေးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်၏ ပြိုင်ဘက်တစ်ဦးက ဆောင်းပါးရှင်ဦးနီကို မဟုတ်မမှန် သတင်းပေးပြီး ကိုယ်စားလှယ်၏ ဂုဏ်သိက္ခာကျဆင်း စေရန် ထိုးနှက်ချက်ဖြစ်ကြောင်း တွေ့ရှိလာရသည်။ ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေရန် ထိုသတင်းကို ရေးသားစေခဲ့ကြောင်း ပေါ်ပေါက်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်သည် မမှန်လုပ်ကြံသတင်းပေးသော ၎င်း၏ ပြိုင်ဘက်နှင့် ဆောင်ပါးရေးသူဦးနီကိုလည်းကောင်း မစီစစ်ဘဲထည့် သွင်းခဲ့သည့် ဂျာနယ်တာဝန်ခံအယ်ဒီတာကိုလည်းကောင်း အသရေ ပျက်စေသော လုပ်ရပ်ဖြင့် တရားစွဲဆိုနိုင်သည်။

**liberal (n)(adj)** - သဘောထားကြီးသော သဘောထားကြီးသူ။ တယူသန်မဟုတ်သော ပွင့်လင်းသော အတွေးအခေါ်သစ်များကို လက်ခံနိုင်သော။

**liberty (n)** - လွတ်လပ်ခွင့်၊ နှစ်သက်ရာလွတ်လပ်စွာ ရွေးချယ်လုပ်ပိုင်ခွင့် မဆင်မခြင် ပြုလုပ်ခြင်းမှ သို့မဟုတ် မလျော်သော ပြင်ပထိန်းချုပ်ထားခြင်းမှ လွတ်မြောက် ခြင်း။

**lincense (licence)** - လိုင်စင်ခွင့်ပြုသည်။ ခွင့်ပြုမိန့်။ ဥပမာ ဦးကသည် ဈေးဆိုင်သစ်တစ်ခုကို ဖွင့်လှစ်ခဲ့ရာတွင် အနီးရှိလုပ်ငန်းရှင်တစ်ဦးက ၎င်း၏ လွတ်နေသော မြေကွက်ပေါ်တွင် ဦးက၏ ကုန်ပစ္စည်းများကို ထားရန်ခွင့်ပြုခဲ့သည်။ သို့ရာတွင် အချိန်အကန့်အသတ်မရှိ မြေကွက်ကို အသုံးပြုရန်ခွင့်ပြုထားခြင်းတော့မရှိပါ။ ထို့အတူပင်ဦးကအနေဖြင့် ၎င်း၏ဈေးဆိုင်ကြီးကို ပြန်လည်ရောင်းချမည်ဆိုပါက အဆိုပါပစ္စည်းထားသော နေရာကိုပါထည့်သွင်းရောင်းချခြင်း မပြုရန်ဖြစ်သည်။

**licensee** - ခွင့်ပြုမိန့်ရသူ။ ခွင့်ပြုချက်ဖြင့်နေထိုင်သူ။ ဥပစာအတွင်းသို့ ဖိတ်ခေါ်ခြင်းဖြင့် ရောက်ရှိနေခြင်းမဟုတ်။ ဥပစာအတွင်းသို့ လာရောက်နေထိုင်ရန် ခွင့်ပြုချက်ပေးခြင်းဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် ဧည့်သည်လည်း မဟုတ်၊ အလုပ်သမားလည်း မဟုတ်၊ ကျူးကျော်သူလည်း မဟုတ်ပေ။ အတိအလင်း သို့မဟုတ် သွယ်ဝိုက်သောသဘောဖြင့် ဥပစာအတွင်းသို့ ဝင်ရောက်ခွင့်ပြုထားခြင်းသာဖြစ်ပြီး ခွင့်ပြုမိန့်ရရှိသူအနေဖြင့် ပိုင်ဆိုင်ခွင့်ကို ရရှိမည်မဟုတ်ဘဲ ဥပစာတွင် ၎င်း၏အကျိုးစီးပွားနှင့် သက်သာချောင်ချိမှုအတွက်သာ ခွင့်ပြုချက်ရခြင်းဖြစ်သည်။





**licentiate** - လိုင်စင်ရရှိသူ၊ လုပ်ငန်းခွင့်ပြုချက်လိုင်စင်ရရှိသူ။

**licentious (adj)**- အကျင့်သိက္ခာပျက်ယွင်းသော လိင်ကိစ္စများတွင် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့သော။

**licit (adj)** - ဥပဒေနှင့်ညီသော၊ ခွင့်ပြုထားသော၊ ဥပဒေအရ တားမြစ်ထားခြင်း မရှိသော။

**licitation** - ရောင်းချခြင်းအတွက် ကမ်းလှမ်းခြင်း လေလံပွဲတွင် ဝယ်ယူရန်အတွက် ဈေးကိုတင်ပြခြင်း။

**lie** - မမှန်မကန်ပြောဆိုခြင်း တလွဲဖော်ပြခြင်း၊ အရေးယူဆောင်ရွက်ပိုင်ခွင့်ရှိသည်။ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ **(Final appeal lies with the supreme court)** နောက်ဆုံးအယူခံသည် တရားလွှတ်တော်ချုပ်တွင်တည်ရှိသည်။

**lie detector test** - မုသားဖော်စက်ဖြင့်စစ်ဆေးခြင်း။ **polygraph** စက်ဟုခေါ်သည်။ တစ်ဦးတစ်ယောက်၏ သွေးဖိအားပြောင်းလဲမှုနှင့် အသက်ရှူမှု တုံ့ပြန်မှုတို့အပေါ် ကြည့်ရှုပြီးအဖြေထုတ်သည်။ **polygraph test** အဖြေများကို အမေရိကန်နိုင်ငံ ပြည်နယ်တော်တော်များများတွင် သက်သေခံအဖြစ် တင်သွင်းခွင့်မပြုပါ။

**lien** – သိမ်းယူထားပိုင်ခွင့်။ အခြားသူပိုင်ပစ္စည်းကို ကြေးမြီမကြေသေးသရွေ့ သိမ်းယူထားပိုင်ခွင့်။ လာရောက်တည်းခိုသူများ တည်းခိုခန်းခမပေးနိုင်သည့်အခါ တည်းခိုသူပိုင်ပစ္စည်းများကို တည်းခိုခန်းခပေးပြီးသည့်အထိ သိမ်းယူထားပိုင်ခွင့်။ သယ်ဆောင်သူသည် သယ်ဆောင်ခမရသည့်အခါ သယ်ဆောင်ပေးရသော ပစ္စည်းများကို သိမ်းယူထားပိုင်ခွင့်။ ကုန်ဖိုးမရသေးသော ရောင်းသူ၌ ကုန်စည်များကို သိမ်းယူထားပိုင်ခွင့်။ - ရာထူးအနွယ်ရာထူး။

**life assurance/insurance** - အသက်အာမခံ



www.burmeseclassic.com

www.burmeseclassic.com



**life beneficiary** - တစ်သက်တာအကျိုးခံစားခွင့်။ အပ်နှံထားသည့်ငွေထဲမှ ဝင်ငွေသို့မဟုတ် အခြားအကျိုးခံခွင့်ကို တစ်သက်တာလက်ခံရရှိခြင်း။

**life estate** ဘိုးဘွားပိုင်မြေကို တစ်သက်တာပေးခြင်း။ ဥပမာ။ အဘိုးဖြစ်သူက သူ၏နေ့ရာသိစံအိမ်ကို သမီးဖြစ်သူအား တစ်သက်တာနေထိုင်ရန်နှင့် နောက်ပိုင်းတွင် သူ၏မြေးသုံးယောက်ကို ဆက်လက်နေထိုင်ရန် စီစဉ်ခဲ့သည်။ သမီးဖြစ်သူအနေဖြင့် ၎င်း၏တစ်သက်တာသာ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ အကျိုးခံစားခွင့်ကို ကန့်သတ်ထားခြင်းဖြစ်သည်။

**life imprisonment** - တစ်သက်တစ်ကျွန်းထောင်ဒဏ်။

**life tenant** - အိမ်ငှားမြေငှားသည် ၎င်း၏တစ်သက်တာ ဥပစာတွင် အကျိုးခံစားနေထိုင်ခွင့်ရရှိခြင်း သီးစားချထားမှုမှာလည်း တစ်သက်တာ သီးစားချထားခံရခြင်း။

**lift** - ရုပ်သိမ်းသည်၊ ပယ်ဖျက်သည်၊ ငွေပေးဆပ်ခြင်းဖြင့် ကြွေးမြီသို့မဟုတ် အပေါင်ကိုပယ်ဖျက်သည်။

**likely to affect** - ထိခိုက်စေတန်ရာသော။

**likely to cause** - ဖြစ်စေတန်ရာသော။

**limit** - ကန့်သတ်ချက်။ အခွင့်အာဏာလုပ်ပိုင်ခွင့်အဝန်းအဝိုင်း။

**limitation of actions** - တရားစွဲဆိုရမည့် အချိန်ကာလကို သတ်မှတ်ထားခြင်း။

**limited company** လီမိတက်ကုမ္ပဏီ။ ပေးရန်တာဝန်ကန့် သတ်ထားသော ကုမ္ပဏီ။လုပ်ငန်းဆုံးရှုံးမှုများကို လုပ်ငန်း၏မတည်ရင်းနှီးအတိုင်းအတာ အတွင်းသာပေးဆပ်ရန်ကန့်သတ်ထားသော ကုမ္ပဏီ။

**limited jurisdiction** စီရင်ပိုင်ခွင့်အာဏာကို ကန့်သတ်ခြင်း။

**limited liability** ပေးရန်တာဝန် ကန့်သတ်ထားခြင်း။ ဥပမာ A သည် ကော်ပိုရေးရှင်း တစ်ခု၏ ရှယ်ယာ (၁၀)ခုကို တစ်ခုလျှင် ၅ ကျပ်ဖြင့် ဝယ်ယူထားသည်။ ကော်ပိုရေးရှင်းသည် ကြွေးများမဆပ်နိုင်၍ လူမွဲခံယူသည့်အခါ A အနေဖြင့် ၎င်းဝယ်ထားသော ရှယ်ယာ (၁၀)ခု၏ တန်ဖိုး ၅၀ကျပ်အတွက်သာ တာဝန်ရှိသည်။





**limited partnership** အစုဝင်တစ်ဦး၏ တာဝန်ရှိမှုကို ကန့်သတ်ထားသော အစုစပ်လုပ်ငန်း။ အစုစပ်လုပ်ငန်းတစ်ခုတွင် တာဝန်ရှိမှုကို ကန့်သတ်ထားသော အစုဝင်နှင့် အထွေထွေအစုဝင် (general partners) ဟူ၍ရှိရာ **general partners** ၏ ကိုယ်ပိုင်ပေးရန် တာဝန် (personal liability) မှာမူ အစုစပ်လုပ်ငန်း၏ ကြွေးများအတွက် တာဝန်ရှိမှုကို ကန့်သတ်ထားခြင်းမရှိပါ။ **limited partners** များသည် အစုစပ်လုပ်ငန်းများတွင် ဆုံးဖြတ်ချက်ပေးသော စီမံခန့်ခွဲမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်းမရှိပါ။ ၎င်းတို့ကို **passive investors** ဟုခေါ်သည်။

**lineal** တိုက်ရိုက်မျိုးရိုးဆင်းသက်ခြင်း။

**lineal consanguinity** တိုက်ရိုက်ဆင်းသက်သော သွေးရင်းမိသားစု။ ဥပမာ တစ်ဦးတစ်ယောက်၏ မိဘဘိုးဘွားအရင်းများ။ သားသမီးမြေးမြစ်များ။

**lineal descent** တိုက်ရိုက်ဆင်းသက်သော။

**line up** စီးတန်းပြသခြင်း။ ပြစ်မှုကျူးလွန်သည့်တရားခံတစ်ဦးကို မျက်မြင်သက်သေက မြင်လျှင်မှတ်မိပါသည်ဟု ပြောဆိုသည့်အခါ ရဲတာဝန်ရှိသူက (ပြစ်မှုဆိုင်ရာ တရားသူကြီးရှေ့မှောက်တွင်) မသင်္ကာတရားခံတစ်ဦးကို အခြားသူ ၆ ဦးနှင့် ရောနှော၍ တန်းစီခိုင်းထားပြီး သက်သေကိုစွတ်စွဲရွေးထုတ်စေခြင်း။

**link** ချိတ်ဆက်မှု။ ချိတ်ဆက်မှုတစ်ခုသည် **web page** တစ်ခုတွင်ရှိသော အကြောင်းအရာတစ်ခုကို ညွှန်ပြသော စကားလုံး၊ စကားစု၊ ဂရပ်ဖစ် ပုံရိပ်တစ်ခုခု ဖြစ်သည်။ **world wide web**တွင် လူအများက အကြောင်းအရာများကို ရှာဖွေမှုပြုလုပ်ရာတွင် အထောက်အကူပြုပေးသည်။

**liquid asset** ငွေဖြစ်လွယ်သော ပိုင်ဆိုင်မှုများ။ ၎င်းတို့မှာစတော့၊ ဘဏ်အပ်ငွေ၊ ငွေတိုက်စာချုပ်များ၊ အလွယ်တကူပြန်တောင်းနိုင်သော အကြွေးများ၊ ငွေဖြစ်လွယ်မှုမြင့်မားသော ပိုင်ဆိုင်မှုများ။

**liquidate** စီးပွားရေးလုပ်ငန်း၏ ရပိုင်ခွင့်များကို ထုခွဲရောင်းချပြီး လုပ်ငန်းမှပေးရန်ရှိသော ကြွေးများကိုပေးခြင်း။ ကျန်ငွေကို အစုရှယ်ယာရှင်များ၊ အစုဝင်များနှင့် အခြားရင်းနှီးမြုပ်နှံထားသူများကို ခွဲဝေပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**liquidated damages** အတိအကျသတ်မှတ်ထားသော လျော်ကြေး။ ပဋိညာဉ်တစ်ခုတွင် ဖောက်ဖျက်သူမှပေးရန် အတိအကျသတ်မှတ်ထားသော လျော်ကြေး။

**liquidation** ကုမ္ပဏီတစ်ခု (လုပ်ငန်းတစ်ရပ်ကို) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။ ထိုသို့ ဖျက်သိမ်းရာတွင်--

(၁) တရားရုံး၏အမိန့်ဖြင့်ဖျက်သိမ်းခြင်း။(၂) ကုမ္ပဏီ၏သဘောဆန္ဒဖြင့် ဖျက်သိမ်းခြင်း။(၃) ရုံးတော်၏ကြီးကြပ်မှုကို ခံယူလျက် ဖျက်သိမ်းယူ၍ရှိသည်။

**liquidator** ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် တာဝန်ပေးခြင်းခံရသူ။

**lis (lat)** ပုဂ္ဂိုလ်ရေးဆိုင်ရာအငြင်းပွားမှု (တရားမမှု)

**lis pendens (latin)** တရားရုံးတွင် မပြီးပြတ်သေးသောအမှု၊ စစ်ဆေးဆဲအမှု။

**list** အမှုခေါ်စာရင်း

**litigant** အမှုတစ်ခုစွဲဆိုရာတွင် တစ်ဖက်ဖက်မှပါဝင်သူ အမှုသည်။ (တရားလို တရားပြိုင်)

**litigation** တရားမမှု။

**litigator** တရားပြိုင်/တရားလိုများဘက်မှ တရားရုံးတွင်အမှုလိုက်ပါ ဆောင်ရွက်သော ရှေ့နေ။

**litigious (adj)** တရားတဘောင်ဖြစ်လိုသော၊ အမှုလုပ်သော၊ အကြောင်းအမျိုးမျိုးနှင့် တစ်ဦးတစ်ယောက်အပေါ် အကြိမ်ကြိမ်တရားစွဲဆိုသော။

**living together** တရားဝင်လက်မထပ်ဘဲ လင်မယားကဲ့သို့ အတူနေထိုင်ခြင်း။

**living trust** ယုံမှတ်အပ်နှံသူ သက်ရှိထင်ရှားရှိစဉ်ကပင် ယုံမှတ်အပ်နှံမှုကိစ္စရပ်များကို ဆောင်ရွက်စေခြင်း။ သေဆုံးသည့်အခါ သေတမ်းစာအတည်ပြု လုပ်ရခြင်းကို ရှောင်ရှားရန်နှင့် အခွန်လျှော့ကျစေရန်ဖြစ်သည်။ **inter vivos trust** ဟုလည်းခေါ်သည်။

**loan** ခေတ္တာသုံးစွဲရန်အတွက် အတိုးဖြင့်ရယူထားသောငွေ။

**loan agreement** ငွေချေးစာချုပ်။





**loan capital** ချေးငွေအရင်းအနှီး။ အများပိုင်ကုမ္ပဏီလီမိတက်သည် ၎င်း၏ ဒီဘင်ချာများကို ရောင်းချ၍ အများပြည်သူများထံမှ ချေးယူသည့်အရင်းအနှီး။

**loan sharking** အတိုးကြီးကြီးယူသော၊ မှုတမူမရှိသည့်အတိုးငွေကို ရယူသော ငွေချေးငှားသည့် လုပ်ငန်းကိုလုပ်ကိုင်ခြင်း။ ချေးငွေများပြန်မရပါက ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းဖြင့် ပြန်ရယူတတ်သည်။

**lobby (v) (n)** – ဥပဒေပြုအမတ်နှင့် တွေ့ဆုံစကားပြောသည်။ ဥပဒေပြုအမတ်ကို အထက်တန်းကျကျဧည့်ခံပြီး ထိုအမတ်၏မဲကို ဩဇာလွှမ်းမိုးနိုင်ရန် အားထုတ် သည်။ လွှတ်တော်အမတ်ကို မိမိလိုရာ ထောက်ခံပေးရန်ဆွယ်သည်။ ဥပဒေပြုလွှတ်တော်အမတ်များ မဲဆန္ဒရှင် ဧည့်သည်များနှင့်တွေ့ ဆုံသည့်အခန်း။

**local** ဒေသဆိုင်ရာ

**local action** ဒေသအလိုက်တရားစွဲဆိုသော အမှု။

**local bodies** ဒေသဆိုင်ရာအဖွဲ့အစည်းများ။

**local chattel** မြေတွင်စွဲကပ်နေသော ပုဂ္ဂလိကပိုင်ပစ္စည်း။

**local court** ဒေသဆိုင်ရာတရားရုံး။

**local government** ဒေသန္တရ အစိုးရ။

**location** လူသို့မဟုတ် ပစ္စည်း၏တည်နေရာကို တိတိကျကျဖော်ပြခြင်း။

**lock down** တရားခံထွက်ပြေးခြင်း၊ ရန်ရှင်းဆန့်ကျင်ဖြစ်ခြင်း (သို့မဟုတ်) အရေးပေါ်ကိစ္စဖြစ်ခြင်းကြောင့် တရားခံများကို ၎င်းတို့၏အချုပ်ခန်းအတွင်း ယာယီ ထိန်းချုပ်ထားခြင်း။

**lock out** အလုပ်သမားများနှင့် အလုပ်ရှင်တို့အငြင်းပွားမှုကြောင့် အလုပ်ရှင်က ၎င်း၏လုပ်ငန်းကို ပိတ်ထားခြင်း။

**locus (latin)** တစ်စုံတစ်ရာ ဆောင်ရွက်ရန်နေရာ (သို့) တည်ရှိရန်နေရာ။

**locus contractus** ပဋိညာဉ်ပြုလုပ်သည့်နေရာ။

**locus delicti** ပြစ်မှုကျူးလွန်သည့်နေရာ။

**locus in quo**----အမှုဖြစ်အကြောင်းအရာ ပေါ်ပေါက်သည့်နေရာ၊ပြစ်မှုကျူးလွန်သည့်နေရာ။



www.burmeseclassic.com

www.burmeseclassic.com



**locus poenitentiae** နောင်တရစေရန်အတွက် ထားရှိသောနေရာ၊ နောင်တရစေရန် အခွင့်အရေးပေးခြင်း။

**locus sigilli** စာချုပ်စာတမ်းများ တံဆိပ်ရိုက်သည့်နေရာဒေသ။

**locus standi (latin)**- အမှုတစ်ခုနှင့် စပ်လျဉ်း၍အရေးယူပိုင်ခွင့် သို့မဟုတ် သတ်မှတ်ထားသောနေရာတွင် ကြားနာခွင့်။

**lodge (v)** စွဲချက်၊ကန့်ကွက်လွှာတင်သည်၊ တိုင်တန်းသည်၊ အဆိုတင်သွင်းသည်။

**lodger** အခန်းငှားနေသူ၊ တည်းခိုသူ။

**lodging house** အခန်းငှားရမ်းသည့်အိမ်။

**log-book** ပင်လယ်ရေကြောင်းသွား သင်္ဘောများတွင် မလွဲမသွေ ထားရှိရမည့် ခရီးစဉ်မှတ်တမ်း။

**loiter (v)** လတ်လျားလတ်လျား အချိန်ဖြုန်းသည်။ အမေရိကန်နိုင်ငံပြည်နယ်နှင့်မြို့ကြီးများ အများစုတွင် ထိုသို့သော အချိန်ဖြုန်းနေသူများအတွက် တားမြစ်သည့်ဥပဒေ ထုတ်ပြန်ထားသည်။

**loss**--ဆုံးရှုံးခြင်း၊ အရှုံး၊ တန်ဖိုးလျော့နည်းခြင်း၊ မူလတန်ဖိုးမှာ ရောင်းချသည့် တန်ဖိုးထက်ကြီးမြင့်နေခြင်း။

**loss leader**--ဈေးလျှော့ရောင်းပစ္စည်း၊ အရှုံးခံ၍ရောင်းသောပစ္စည်း၊ ကုန်ပစ္စည်းတစ်ချို့ကို မူလတန်ဖိုးထက်ဈေးလျှော့ရောင်းခြင်းဖြင့် ဝယ်ယူသူများကိုအခြားပစ္စည်း များကို ဝယ်ယူလာစေရန် ဆွဲဆောင်ခြင်း။

**lost** ရှာမတွေ့သော ပျောက်ဆုံးနေသော။

**lottery** ကံစမ်းမဲ၊ ထီ။ နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိစေရန် ထီဖွင့်ခြင်း။

**lucid interval** စိတ်ဝေဒနာရှင်တစ်ဦးသည် စိတ်ကောင်းပြန်ဝင်သည့် (ပုံမှန်စိတ်ပြန် ဖြစ်လာသည့်) တိုတောင်းသော အချိန်ကာလ။

**lunatic** စိတ်ဝေဒနာရှင်။

**lunaticasylum**--စိတ်ဝေဒနာရှင်များအား ဆေးကုပေးရာနှင့်စောင့်ရှောက်ထားရာ ဆေးရုံနေရာ။ စိတ်ကျန်းမာရေးဆေးရုံ။

**lucrative (adj)** အမြတ်အစွန်းရှိသော။





**lump-sum payment** တစ်လုံးတစ်ခဲတည်းပေးငွေ။

**lurking house-trespass**---ပုန်းလျှိုးအိမ်ကျော်နင်းမှု။

**lynch** အကြမ်းဖက် လူအုပ်စုက မိမိတို့ဖာသာ ခုံရုံးတစ်ခုကိုတည်ထောင်ပြီး တရားဥပဒေကို မျက်ကွယ်ပြုကာ စီရင်ခြင်း၊ လူသတ်ကြိုးပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# M

**Mace** ကျိုင်းတုတ်။ တရားလွှတ်တော် တရားသူကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများထွက်တော်မူသည့်အခါ ဝန်ထမ်းတစ်ဦးက ရှေ့မှကိုင်ဆောင်လာသည့် အဆောင်အယောင်။ အထက်အစွန်းတွင် ဖုလုံးပါရှိသည်။

**mace bearer** ကျိုင်းကိုင်အရာရှိ။

**mace proof (v)** ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ရသည်။ To exempt from an arrest.

**machination (n)** မကောင်းမှုကို တိတ်တိတ်ပုန်းကြံစည် လုပ်ကိုင်ခြင်း။ အပြင်းအထန်ဆန့်ကျင်သော သို့မဟုတ် သစ္စာဖောက်သော ကြံရွယ်ချက်။ ပညာသားပါပါ ဖန်တီးထားသော အကြံအစည် သို့မဟုတ် လျှို့ဝှက်မှုပေါင်း ကြံစည်မှု။

**magisterial (adj)** တရားသူကြီး၏ လက္ခဏာ၊ အာဏာ(သို့)တာဝန်များ။ သြဇာအာဏာရှိသော။





**magistrate (n)** ပြစ်မှုဆိုင်ရာတရားသူကြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အပ်နှင်းထားသော အာဏာများကို ကိုင်တွယ်သုံးစွဲသည့် မည်သူမဆို။

**magna carta (magna charta)** ကြီးကျယ်မြင့်မြတ်သော လုပ်ပိုင်ခွင့်ရပိုင်ခွင့်များကို တရားဝင်ဖော်ပြထားသည့်စာတမ်း အင်္ဂလန်နိုင်ငံတွင် ၁၂၁၅ ခုနှစ်၌ ဂျွန်ဘုရင်က ၎င်း၏ နိုင်ငံသားများကို အင်္ဂလိပ်ဥပဒေ၏အောက်တွင် ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် အခြေခံအာမခံချက်ပေးသော လူ့အခွင့်အရေး ကြေငြာစာတမ်း။

**mail box rule** (ပဋိညာဉ်) ဦးမဲနှင့် ဦးဖြူတို့ ပဋိညာဉ်တစ်ရပ်ပြုလုပ်ရာတွင် ဦးမဲသည် စာတိုက်မှစာပို့ကာ ဦးဖြူ၏ အဆိုပြုချက်ကို လက်ခံသည်။ ဦးဖြူနှင့် စပ်လျဉ်း၍ စာကိုစာတိုက်တွင် ထည့်သည့်အခါတွင်လည်းကောင်း ဦးမဲနှင့် စပ်လျဉ်း၍ ဦးဖြူအနေဖြင့် စာလက်ခံရရှိသည့်အခါတွင်လည်းကောင်း လက်ခံ ကြောင်း အကြောင်းကြားမှုမြောက်သည်။

ဦးဖြူသည် မိမိ၏အဆိုပြုချက်ကို သံကြိုးစာဖြင့် ရုပ်သိမ်းသည်။ ဦးဖြူနှင့် စပ်လျဉ်း၍ သံကြိုးစာပို့သောအခါ အကြောင်းကြားမှုမြောက်သည်။ ဦးမဲနှင့်စပ်လျဉ်း၍ ဦးမဲသံကြိုးစာလက်ခံရရှိသည့်အခါ အကြောင်းကြားမှုမြောက်သည်။ ဦးမဲသည် လက်ခံခြင်းကို သံကြိုးစာဖြင့် ရုပ်သိမ်းသည်။ ဦးမဲနှင့် စပ်လျဉ်း ၍ သံကြိုးစာပို့သည့်အခါတွင်လည်းကောင်း ဦးဖြူနှင့်စပ်လျဉ်း၍ သံကြိုးစာသည် ၎င်းထံရောက်သည့်အခါတွင်လည်းကောင်း ဦးမဲရုပ်သိမ်းကြောင်း အကြောင်းကြား မှုမြောက်သည်။ (ပဋိညာဉ်အက်ဥပဒေ အခန်း ၁၌ အသေးစိတ်ကြည့်ပါ။)

**maim** ကိုယ်ခန္ဓာကို အပြင်းအထန်အနာတရဖြစ်စေခြင်း။ ၎င်းတွင် ကိုယ်ခန္ဓာကို ဖြတ်တောက်ခြင်း ချို့ယွင်းစေခြင်း၊ ရုပ်ဆင်းအင်္ဂါပျက်ယွင်းစေခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုကို ယိုယွင်းစေသော ညီသည့်အနာတရ ဖြစ်စေသော လုပ်ဆောင်ချက်မျိုးမဆိုပါဝင်သည်။ မူလရင်းမြစ်အားဖြင့် အင်္ဂလိပ်ရိုးရာ ဥပဒေအရ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်သော ခြေလက်များကို ဖြတ်တောက်ခြင်းဖြင့် အမြဲတစ်စေကိုယ် အင်္ဂါချို့တဲ့စေခြင်း ဖြစ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၂၀ ကြည့်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



**maintenance** ဘဝတစ်သက်တာတွင် လိုအပ်သော စားဝတ်နေရေးကို ထောက်ပံ့ခြင်း။ ဇနီးဖြစ်သူကို အဆက်အသွယ်မလုပ်၊ ကျွေးမွေးစောင့်ရှောက်ခြင်းမပြု၍ လင်ဖြစ်သူအပေါ် တရားစွဲဆိုရာ၊ တရားရုံးက မယားစရိတ်၊ ကလေးစရိတ်ပေးစေရန် အမိန့်ချခြင်း (ပြစ်ကျင့်ပုဒ်မ ၄၈၈နှင့် တရားမကြောင်းအရစွဲဆိုခြင်း။

– အမှုဆက်လက်တည်ရှိနေခြင်း၊ လက်ဝယ်ပစ္စည်းဆက်လက်ရှိနေခြင်း အဆောက်အဦးများကို ထိန်းသိမ်းမွမ်းမံခြင်း။

**maintenance in gross** လင်မယားကွဲကွာသည့်အခါ ယောကျ်ားဖြစ်သူက ဇနီးဟောင်းသို့ ပေးရမည့် ငွေကြေးကို တစ်လုံးတစ်ခဲတည်းပေးခြင်း သို့မဟုတ် အရစ်ကျပေးခြင်း။ လစဉ်မယားစရိတ် ကလေးစရိတ်ပေးခြင်းမျိုးမဟုတ်။

**majority** အရွယ်ရောက်ခြင်း။ ဥပဒေအရ လူကြီးတစ်ယောက်ကဲ့သို့ ပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ မဲပေးနိုင်ခြင်း။ အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်မည့် မိန်းကလေးသည် မုဆိုးမ သို့မဟုတ် တစ်ခုလပ်တစ်လင်ကွာ မဟုတ်လျှင် အသက်(၂၀)ပြည့်ရမည်။ အသက် (၂၀)မပြည့်သေးလျှင် မိဘသို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည်။ ဆန္ဒမဲထက်ဝက်ကျော်ကို ရရှိခြင်း

**make** ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ သဘောတူကတိစာချုပ်နှင့် ပဋိညာဉ်စာချုပ်ကဲ့သို့သော စာရွက်စာတမ်းများပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**maker** ချက်လက်မှတ်နှင့် ငွေပေးကတိစာချုပ်များအပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ဖော်ပြထားသည့်ငွေကို ပေးရန်တာဝန်ယူသူ။

**malfeasance** ဥပဒေနှင့်မညီသောကိစ္စကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခြင်း မတရားသော အပြုအမူကိုပြုသော၊ မသမာသော လုပ်ရပ်။ ပြည်သူတို့၏ ယုံကြည်မှုကို ဖျက်ကွယ်ပြု၍ ဥပဒေနှင့်မညီသောကိစ္စများကို မိမိအားအပ်နှင်းထား သည့် လုပ်ပိုင်ခွင့်များ အသုံးချ၍ ပြုမှုခြင်း။

ဥပမာ။ ဦးနီသည် လာမည့်ရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်ခံရမည်ဟု မျှော်လင့်ထားသည်။ ထို့ကြောင့် မဲဆွယ်ရံပုံငွေအတွက် အောကုမ္ပဏီမှ ငွေကြေးကို လက်ခံရယူထားသည်။ အပြန်အလှန်အနေဖြင့် ၎င်းအရွေးခံရသည့်အခါ အစိုးရအဖွဲ့မှ ချပေးသော ကန်ထရိုက်လုပ်ငန်းများရရှိစေရန် အကူအညီပေး





မည်ဟု ကတိကဝတ်ထားခဲ့သည်။ ဦးနီသည် ဥပဒေနှင့် မညီသောကိစ္စကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ရာရောက်သည်။

**malice** မလိုတမာစိတ်၊ ကလဲ့စားချေလိုသော စိတ်၊ ရန်ငြိုး၊ မကောင်းကြံစည်စိတ် အာဃာတထားရှိစိတ်။ မသမာသောရည်ရွက်ချက်ရှိသောစိတ်။

**malice aforethought** ပြစ်မှုမကျူးလွန်မီက ကျူးလွန်သူ၏ မသမာသော စိတ်ထား၊ စိတ်ဓာတ်။ လူသတ်မှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ လူသေမှုတွင် ထိုကဲ့သို့သော စိတ်မရှိပေ။ လူသတ်မှုတွင် စိတ်အခြေ အနေလိုအပ်ချက်မှာ (၁) သေစေရန်အကြံရှိရမည်။ (၂) ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှုကိုဖြစ်စေရန် အကြံဖြင့် ပြု၍သေစေခြင်း (၃)အရမ်းသို့မဟုတ် ပေါ့လျော့မှုဖြစ်စေကာမူ သေခြင်းရောက်အောင်ဖြစ်စေမည်ဟု သိရှိခြင်း။ (၄) ကြောက်မက်ဖွယ် ရာပြစ်မှုကြီးများ ကျူးလွန်ရန်ကြံရွယ်ချက်ရှိရမည်။

**malicious arrest** တစ်ဦးတစ်ယောက်ကို ပြစ်မှုကျူးလွန်သူမဟုတ်ကြောင်းသိနိုင်ရန် အကြောင်းရှိပါလျက်နှင့် မသမာသော စိတ်ထားဖြင့် ခိုင်လုံသော အကြောင်းမရှိဘဲ ပြစ်မှုဖြင့် ဖမ်းဆီးခြင်း။

**malicious mischief** အခြားသူတစ်ဦး၏ ပစ္စည်းကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ဆီးခြင်း ပျက်စီးစေခြင်း။

**malicious prosecution** မသမာသော ကြံရွယ်ချက်နှင့် ယုတ္တိမရှိသော အကြောင်းအချက်အပေါ် မူတည်၍ သူတစ်ပါးအား တမင်ထိခိုက်နစ်နာစေရန် အကြောင်းမရှိဘဲ တရားစွဲဆိုခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ နစ်နာသူက တရားစွဲဆိုနိုင်သည်) ဥပမာ။ မနီအနေဖြင့် ကွဲကွာနေသော ယောကျ်ားဖြစ်သူ ကိုမဲထံမှ ကွာရှင်းစရိတ်(လျော်ကြေး)နှင့် ကလေးထောက်ပံ့ကြေးများကို ရယူလိုသည်။ ထို့ကြောင့် ရှေ့နေတစ်ဦးထံသွားပြီး ၎င်းယောကျ်ားဖြစ်သူ ကိုမဲသည် ကလေးများအပေါ် အကြမ်းဖက်မှုကျူးလွန်သူဖြစ်ကြောင်း၊ ထို့ကြောင့် တရားဝင် ကွာရှင်းခွင့်နှင့် စရိတ်များရရှိအောင် တရားစွဲဆိုပေးရန် အမှုအပ်သည်။ တရားစွဲဆိုခဲ့သည်ရှိသော် မနီသည် **malicious prosecution** ကို ကျူးလွန်ရာ ရောက်သွားသည်။ ကွဲကွာနေသော ခင်ပွန်းသည်အနေဖြင့် မနီအပေါ် အမှုဖွင့်နိုင်သည်။



www.burmeseclassic.com

**malignant** မနာလိုဝန်တိုသော၊ ထိခိုက်စေသော။

**malignare** အသရေဖျက်ပြောဆိုခြင်း၊ ထိပါးပုတ်ခတ်ခြင်း။

**malpractice** ဖောက်လွဲဖောက်ပြန်ပြုခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်သည့် အမူအကျင့်။ ကျွမ်းကျင်ပညာရှင်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မသမာသော (သို့) ကျင့်ဝတ်သိက္ခာနှင့် မညီသော အပြုအမူကို ရည်ရွက်ချက်ရှိ၍ဖြင့်သော်လည်းကောင်း သို့မဟုတ် ဂရုမစိုက်၍သော်လည်းကောင်း သို့မဟုတ် မကျွမ်းကျင်မှုကြောင့်သော်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း။ ယေဘုယျအားဖြင့် ဆေးဆရာဝန်၊ ခွဲစိတ်ဆရာဝန်၊ သွားဆရာဝန်၊ ရှေ့နေ၊ စာရင်းကိုင်နှင့် ပြည်သူ့ ဝန်ထမ်းအရာရှိများသည် မိမိတာဝန်ကို ပေါ့ဆခြင်း၊ မထိမ့်မြင်ပြုခြင်းဖြင့် လူနာ နှင့် အမှုသည်များ၏ ယုံမှတ်ခံရမှုကို ဖောက်ဖျက်ရာရောက်သည့် အပြင် ထိုသူတို့မှာ နစ်နာမှုများခံစားရခြင်း။

ဥပဒေနယ်ပယ်တွင် ရှေ့နေတစ်ဦးတစ်ယောက်ကြောင့် နစ်နာမှုများ ကြုံတွေ့လာပါ တိုင်တန်းသူအနေဖြင့် ရှေ့နေမှာ အရည်အချင်းနှင့် ပြည့်ဝမှုမရှိကြောင်းနှင့် ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ခဲ့ပါက အမှုမှာ မရှုံးနိုင်ကြောင်း သက်သေပြရမည်။

**malum in se** (latin) သဘာဝတရားအရ လူ့ကျင့်ဝတ်နှင့်မညီသော ပြစ်မှုသို့မဟုတ် ဆောင်ရွက်မှု။ လူ့အသိုင်းအဝန်းက တားမြစ်ထားသော ပြစ်မှုများ ဥပမာ လူသတ်မှု၊ မုဒိန်းမှု။

**mandate** တရားရုံး၏အမိန့်။ အယူခံတရားရုံးက အောက်ရုံးသို့ ချမှတ်ထားသော အမိန့်များကို အသက်ဝင်အောင် ထိရောက်စွာဆောင်ရွက်ရန် (သို့)အယူခံရုံး တရားရုံး၏ ဆုံးဖြတ်ချက်အမိန့်များကို လိုက်နာရန် ညွှန်ကြားခြင်း။ တရားရုံး အမိန့်များအတည်ဖြစ်စေရန် တရားရုံးအရာရှိသို့ ညွှန်ကြားသည့်တရားရေး ဆိုင်ရာ အမိန့်။ အပ်နှံခံရသူက ၎င်းထံအပ်နှံထားသည့် ပစ္စည်းကို အခကြေး မယူဘဲ မေတ္တာဖြင့် စီမံဆောင်ရွက်ပေးရန် သဘောတူခြင်း။

**mandatory (adj)** ဥပဒေစည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အ မဖြစ်မနေလုပ်ရသော ဆောင်ရွက်ရန်တာဝန်ရှိသော။





**mandatory injunction** မလိုက်နာဘဲ မနေရသော တားမိန့်။ ဥပမာ အိမ်ရှင် သည် အိမ်ငှားဖြစ်သူကို ဆောင်းရာသီတွင် အပူဓာတ်မရစေရန် ပိတ်ပင်ထား သည်။ အိမ်ငှားက တရားရုံးသို့ တရားစွဲဆိုလျှောက်ထားရာ တရားရုံးက အိမ်ရှင် အပေါ် အပူဓာတ်ကို ပြန်ဖွင့်စေရန် မလိုက်နာဘဲ မနေရသော တားမိန့် (တားဝရမ်း)ကို ထုတ်ပေးလိုက်သည်။

**manifest (adj)** ရှင်းရှင်းလင်းလင်း သိသာထင်ရှားသော၊ ပေါ်လွင်သော၊ နားလည်လွယ်သော၊ သင်္ဘောသို့မဟုတ် လေယာဉ်တွင်ပါရှိသည့် ကုန်ပစ္စည်း စာရင်း သို့မဟုတ် ခရီးသည်စာရင်း။

**manifesto** ကြေငြာစာတမ်း၊ ဝါဒသဘောထားဖော်ပြချက်။ မူဝါဒ ကြေငြာစာတမ်း။

**manslaughter** လူသတ်မှုမမြောက်သော လူသေမှု။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ တွင် လူသတ်မှုမမြောက်သော လူသေမှုဖြစ်ရန် ခြွင်းချက် (၅)ခုကို ဖော်ပြထားပါသည်။

**mantraps** ကျူးကျော်သူများအား ဖမ်းရန်ပြုလုပ်သည့်ထောင်ချောက်။

**manual** လက်စွဲစာအုပ်။ လက်ဖြင့်ပြုလုပ်ရသော။

**manual labourer** ကာယလုပ်သား။

**manuscript** လက်ရေးမူ၊ ပုံမနှိပ်ရသေးသော စာကြမ်း။

**margin**– တစ်စုံတစ်ရာသော ပစ္စည်း၏ ဝယ်ဈေးနှင့်စရိတ် ပေါင်းရငွေနှင့် ရောင်းချသော ဈေးနှုန်းတို့ကွာခြားချက်။ ၎င်းကိုတစ်ခါတစ်ရံ အမြတ်အစွန်း profit margin ဟု ခေါ်ပြီး မကြာခဏ ရာခိုင်နှုန်းအားဖြင့်သာ ဖော်ပြလေ့ရှိသည်။ ဥပမာ ခဲတံတစ်ချောင်းကို ၅၀ ကျပ်ဖြင့် ဝယ်ပြီး ၁၀၀ ကျပ်နှင့် ပြန်ရောင်း လျှင် profit margin သည် ၅၀%ဖြစ်သည်။ margin seat မဲအနည်းငယ်ကာသီကာ ကပ်နိုင်သောနေရာ။

**marijuana** ဆေးခြောက်။ (မူးယစ်ဆေးဝါး)

**marine (n)** ကမ်းတက်တပ်သား (adj) ပင်လယ်ထွက်ဖြစ်သော ပင်လယ် နှင့် ဆိုင်သော ရေတပ်နှင့်ဆိုင်သော။ **mariner** သင်္ဘောသား။

**marine contract** သင်္ဘောစင်းလုံးငှား ပဋိညာဉ်။

www.burmeseclassic.com



**marine insurance** ရေကြောင်းအာမခံ။
**marital** အိမ်ထောင်ရေးနှင့်ဆိုင်သော။
**marital agreement** အိမ်ထောင်ပြုမည့်သူနှစ်ဦးတို့ ပစ္စည်းခန်းနှင့် စပ်လျဉ်း၍ အိမ်ထောင်မပြုမီ သဘောတူညီထားချက် (မြန်မာဓလေ့ထုံးတမ်း ဥပဒေကို လိုက်နာရမည့်သူများနှင့် မသက်ဆိုင်ပါ။)
**maritime** ရေကြောင်းသွားလာခြင်းနှင် သက်ဆိုင်သော။
**maritime court** ရေကြောင်းမှုခင်းဆိုင်ရာ တရားရုံး။
**maritime lien** ပင်လယ်ရေကြောင်းဆိုင်ရာ ကြွေးမြီလျော်ကြေး စသည်တို့အတွက် သင်္ဘောကုန်ပစ္စည်း၊ တန်ဆာခတို့ကို လိုအပ်သလို ဖမ်းဆီးတောင်းခံရယူပိုင်ခွင့်။ ပင်လယ်ရေကြောင်းဆိုင်ရာအခွင့်အရေး။ ပင်လယ်ရေကြောင်း အခွင့်အရေးသည် ပစ္စည်းတစ်ခုပေါ်တွင် ဆောင်ရွက်ပေးမှု သို့မဟုတ် ယင်းပစ္စည်းကြောင့် ထိခိုက်အနာတရဖြစ်မှုအတွက် ဥပဒေကြောင်းအရတောင်းခံ ရယူနိုင်သော အခွင့်အရေး တစ်ရပ်ဖြစ်သည် ယင်းအခွင့်အရေးမှာ အခြားသူတစ်ဦးယောက် ပိုင်ပစ္စည်းအပေါ်တွင် ရရှိသောအခွင့်အရေးဖြစ်သည်။ ပစ္စည်းကို လုံးဝပိုင်ဆိုင်သူထံမှ ထုတ်နှုတ်ယူသော အခွင့်အရေးဖြစ်သည်။
**mariticide** မိမိခင်ပွန်းကို သတ်သည့်ဇနီးမယား။
**mark** အမှတ်အသား၊ အခြားပစ္စည်းများနှင့်ကွဲပြားစေရန် ခတ်နှိပ်ထားသော ဖိနှိပ်ထားသော အမှတ်အသား။ စာမတတ်သူက လက်မှတ်မထိုးတတ်၍ ကြက်ခြေခတ်ရေးဆွဲပြီး လက်မှတ်အစားထိုးခြင်း ခပ်နှိပ်ခြင်း။ marksman -အဆင်မြင့်ကျွမ်းကျင်သော သေနတ်သမား။
**market** စီးပွားရေးအတွက် ကုန်ပစ္စည်းများ/ဆောင်ရွက်မှုများ ဝယ်ယူရောင်းချပေးသည့်နေရာ။ ဈေးကွက်။ foreign market ပြည်ပဈေးကွက်။
stock market စတော့ဈေးကွက်။
**marriage** လက်ထပ်ခြင်း၊ ထိမ်းမြားခြင်း။
**marriage license-** ယောကျ်ားမိန်းမစုံတွဲကို လက်ထပ်ပေးနိုင်အတွက် အာဏာပိုင်က ထုတ်ပေးထားသော လိုင်စင်။ လက်ထပ်ထိမ်းမြားပေးခွင့်ရသူ (**christian marriage act sec 9** ကြည့်ပါ)





**marshal**-----နယ်မြေကို ငြိမ်ဝပ်ပိပြားအောင် တာဝန်ယူရသော ရဲအရာရှိ။
**marshalling**— စုစည်းပြင်ဆင်သည်၊ စီစဉ်သည်၊ ခွဲခြမ်းဝေငှခြင်း။
**marshalling of assets** ကွယ်လွန်သူ၏ ကြွေးမြီကိုပေးဆပ်ရန် စီမံသတ်မှတ်ခြင်း။ မြီစားတစ်ဦး ပိုင်ပစ္စည်းများကို မြီရှင်အများက တောင်းဆိုရာတွင် အငြင်းပွားမှုပေါ်ပေါက်ပါက ကြွေးမြီပေးဆပ်ခြင်း အစီအစဉ်။ ဥပမာ။ TC ကုမ္ပဏီသည် လူမွဲခံယူသည့်အခါ ၎င်းအနေဖြင့် secured နှင့် unsecured မြီရှင်များသို့ ချေးငွေများ ပေးဆပ်ရန်ရှိနေသည်။ secured မြီရှင်များအနေဖြင့် ၎င်းတို့၏ ရရန်ကြွေးများအတွက် ဦးစားပေးတောင်းဆိုခွင့် [illegible]ပြီး unsecured မြီရှင်များမှာ secured မြီရှင်များကို ကြွေးဆပ်ပြီးမှသာ အခွင့်အရေးရနိုင်သည်။ secured မြီရှင်တစ်ဦးက TC ကုမ္ပဏီမှ ကွန်ပြူတာများကို ရလိုကြောင်း တောင်းဆိုသည်။ အဆိုပါ secured မြီရှင်သည် ၎င်း၏ ရရန်ရှိသော ကြွေးများအတွက် ကွန်ပြူတာများအစား အခြားပစ္စည်းများကို ပြောင်းလဲတောင်းဆိုခဲ့လျှင် unsecured မြီရှင်များ၏ အကျိုးကို ဆန့်ကျင်ဘက် အကျိုးသက်ရောက်စေလိမ့်မည်ဖြစ်သည်။ တရားရုံးအနေဖြင့် marshalling assets စည်းမျဉ်းအရ ကွန်ပြူတာများကိုသာ ရယူရန်ဖိအား ပေးနိုင်သည်။ [illegible]စည်းမျဉ်းအောက်တွင် မြီရှင်နှစ်မျိုးစလုံးသည် တောင်းဆိုမှုများကို ကျေနပ်စေ[illegible] အခွင့်အရေးကောင်းများ ရရှိစေနိုင်သည်။
**marshalling the evidence** အမှုတွဲတွင် တင်သွင်းလာမည့် အမှုသည် [illegible]ဦး၏ သက်သေခံအထောက်အထားများကို အစီအစဉ်ကျအောင် ဆောင်ရွက်ခြင်း။
**martial law** ယေဘုယျအားဖြင့် စစ်ဖြစ်နေခြင်း သို့မဟုတ် ပြည်တွင်း၌ [illegible] သောင်းကျန်း၍ မငြိမ်မသက်ဖြစ်နေခြင်းများ ပေါ်ပေါက်သည့်အခါ အရပ်ဘက်အုပ်ချုပ်ရေးဖြင့် ထိန်းချုပ်နိုင်ခြင်းမရှိသည့်အတွက် စစ်ဘက်မှ ဥပဒေဖြင့်ဝင်ရောက် ထိန်းချုပ်နိုင်ရန် စစ်အုပ်ချုပ်ရေး ဥပဒေထုတ်ပြန်ခြင်း။
**mary carter agreement** တရားလိုသည် တရားပြိုင်အများထဲမှ တစ်ဦးနှင့် သဘောတူညီမှုရရှိ၍ ၎င်းတို့အပေါ်ပြေငြိမ်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**master** အလုပ်ရှင်၊ အထက်လူကြီး၊ သင်္ဘောပွတိန်။ တရားရေးဝန်ထမ်း (ကဲ့သို့) parajudicial officer. ဥပမာ ဒိုင်လူကြီး၊ စာရင်းစစ်အရာရှိ၊ စစ်ဆေးရေးအရာရှိ ရာဖြတ်အရာရှိ ကော်မရှင်နာလူကြီး။ တရားရုံးရှေ့ရှိအမှုကို အကူအညီပေးရန် အထူးခန့်အပ်ခြင်းခံရသောသူ။ special master အငြင်းပွားပြဿနာတစ်ခုအတွက် တရားရုံးကို ကူညီရန် ခန့်အပ်ထားခြင်းခံရသူ။

master report. master မှ တရားရုံးသို့ တင်ပို့သည့်အစီရင်ခံစာ။ ဥပမာ– စာရင်းစစ်အစီရင်ခံစာ။ ကော်မရှင်နာလူကြီး၏ အစီရင်ခံစာ

**master and servant** အလုပ်ရှင်နှင့် အလုပ်သမား။ ၎င်းတို့ နှစ်ဦးကြား ဆက်ဆံမှု။ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း လုပ်ငန်းခွင်ပဋိညာဉ်ပြု၍ ဆက်နွယ်မှု။

**master in lunancy** စိတ်မနံ့ ရူးသွပ်သူများနှင့် ပတ်သက်၍ စုံစမ်းရေးအရာရှိ။

**material** အကောင်အထည်ရှိသော၊ အရေးကြီးသော အဓိပ္ပါယ်ရှိသော။

**material breach** အရေးပါသော ဖောက်ဖျက်မှု။ ဥပမာ - ပလပ်စတစ် ထုတ်လုပ်သည့် ကုမ္ပဏီနှင့် ကက်ဆက်ကုမ္ပဏီတို့ ပဋိညာဉ်စာချုပ်ချုပ် ဆိုရာတွင် ပလပ်စတစ် ကုမ္ပဏီမှ ကက်ဆက်ကုမ္ပဏီသို့ ပလပ်စတစ် ကက်ဆက် အိမ်များကို သင်္ဘောဖြင့် ၁၂ကြိမ် အပြီးတင်ပို့ရန်ချုပ်ဆို ထားသည်။ ပထမ (၃)ကြိမ် တင်ပို့ လိုက်သည့်အခါ ကက်ဆက်အိမ်များတွင် အပြစ်အနာအဆာရှိနေ၍ ပလပ်စတစ် ကုမ္ပဏီသို့ ပြန်လည်တင်ပို့ပေးခဲ့ရသည်။ ကက်ဆက် ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ ကုန်ထုတ်လုပ်မှုတွင် စီမံချက်မပြည့်မီ ဖြစ်ခဲ့ရသည်။ (၄)ကြိမ်မြောက် သင်္ဘောဖြင့် ကုန်များ ရောက်လာချိန်တွင်လည်း အရည်အသွေးမပြည့်မီဖြစ် နေခဲ့ရသည်။ ထို့ကြောင့် အရေးပါသော ဖောက်ဖျက်မှု material beach ဖြစ်ပေါ်ခဲ့ပြီး ကက်ဆက်ကုမ္ပဏီအနေဖြင့် ပဋိညာဉ်ကို ပယ်ဖျက်ရန် အခွင့်အလမ်းရှိလာသည်။ ထို့ပြင် ပလပ်စတစ်ကုမ္ပဏီကိုလည်း နစ်နာမှုအတွက် တရားစွဲဆိုရန် အခွင့်အရေး ရှိလာသည်။

**material issue** ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း အရေးပါသော ကောက်ချက်၊ ငြင်းချက်။





**material witness** အမှုတွင် အရေးပါသော သက်သေ။

**maternal** အမိကဲ့သို့သော၊ မိခင်နှင့်စပ်ဆိုင်သော၊ မိခင်စိတ်ရှိသော။

**matricide** မိမိ၏မိခင်အရင်းကို သတ်ဖြတ်သူ၊ သတ်ဖြတ်မှု။

**matrimony** ထိမ်းမြားလက်ထပ်ခြင်းနှင့် ဆိုင်သော။

**matrimonial action** အိမ်ထောင်ရေးဆိုင်ရာ တရားစွဲဆိုမှုများ၊ ဥပမာ ပြန်လည်ပေါင်းသင်းစေလိုမှု၊ လင်းမယားကွာရှင်းမှု။

**matter** ဆင်ခြင်စဉ်းစားရမည့်အကြောင်းအရာ။

**matter of fact** အကြောင်းခြင်းရာမှ ပေါ်ပေါက်လာသည့်ပြဿနာ။

**matter of law** ဥပဒေဆိုင်ရာ အကြောင်းအချက်။

**matter in deed** စာချုပ်စာတမ်းများဖြင့် သက်သေထူရမည့် အကြောင်းအရာ။

**matter in pais** လူသက်သေများဖြင့် သက်သေထူရမည့်အကြောင်းခြင်းရာ။

**matter of record** တရားရုံး၏ မှတ်တမ်းတွင်ရှိသော အရာအားလုံး။ ၎င်းတွင် သက်သေထွက်ချက်များ၊ သက်သေခံများ၊ စီရင်ထုံးများ လျှောက်လဲချက်များပါဝင်ပြီး မှတ်တမ်းတင်ထားခြင်းများ ဥပမာ ပြန်လှန်မေးခွန်း၌ ဒေါ်နီတွင် အခြားနာမည် ရှိသေးကြောင်း ဆုံးဖြတ်ရန်ပေါ်ပေါက်လာလျှင် ရှေ့နေမှ ဒေါ်နီ၏ အခြားနာမည်မှာ matter of record ဖြစ်ကြောင်း တရားရုံး မှတ်တမ်းတင်ထားပြီးဖြစ်ကောင်း ဖြစ်နိုင်ကြောင်းပြောကြားသည်။

**mature (v)** အချိန်စေ့ရောက်သည် (ကြွေးမြီ/ ဆောင်ရွက်ရန်တာဝန်)

**maturity (n)** အချိန်စေ့ရောက်ခြင်း။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများတွင် ပါရှိသည့်နေ့၌ အချိန်စေ့ရောက်ခြင်း။

တစ်ဦးတစ်ယောက်၏ အရွယ်ရောက်ခြင်း (များစွာသောကိစ္စများတွင် အသက် ၁၈နှစ်ပြည့်ရောက်သည့်အခါ အရွယ်ရောက်သည်။)

**may** ဖြစ်ဖွယ်ရာရှိသည်။ ဖြစ်နိုင်သည်။လုပ်ချင်လုပ်နိုင်သည်။

**may be -** ဖြစ်ကောင်းဖြစ်နိုင်ဖွယ်။

**may be call upon** တောင်းဆိုနိုင်သည်။

**may be inpeached** စောဒကတက်နိုင်သည်။

**may invoke** ကိုးကားတင်ပြနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**may presume** မှတ်ယူနိုင်သည်။ မှန်သည်ဟု မှတ်ယူနိုင်သည်။ သက်သေခံအက်ဥပဒေအရ အကြောင်းခြင်းရာ တစ်ခုသည် မှန်သည်ဟု မှတ်ယူနိုင်သည်ဆိုလျှင် ၎င်းအကြောင်းခြင်းရာသည် မမှန်ကြောင်း သက်သေမပြနိုင်သရွေ့ မှန်သည်ဟု မှတ်ယူနိုင်သည်။ သို့မဟုတ် မှန်ကြောင်းသက်သေတင်ပြရန် ဆင့်ဆိုနိုင်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၄)

**maxim--** ဆိုရိုးစကား။ **legal maxin** ဥပဒေ ဆိုရိုးစကား။ ဥပမာ **nemo dat qoud non habet** မိမိတွင် မရှိသည့်အခွင့်အရေးကို သူတစ်ပါးအား အပ်နှင်းနိုင်မည်မဟုတ်။

**mayhem (n)** ကိုယ်လက်အင်္ဂါချို့တဲ့ ဖျက်ဆီးမှု၊ ထိခိုက်အနာတရဖြစ်သော အကြမ်း ဖက်မှု၊ ဆူပူအကြမ်းဖက်မှု၊ ရှန်းရင်းဆန်ခတ် ရှုတ်ရှုတ်ထွေးထွေးဖြစ်ခြင်း၊ ဝရုန်းသုန်းကားဖြစ်ခြင်း။

**mayor** မြို့တော်ဝန်။

**mediately** သွယ်ဝိုက်၍၊ မှန်ကန်သည့်အချက်များမှ ဆင်ခြင်သုံးသပ်ခြင်း။

**mediation** ကြားဝင်ဖြန်ဖြေပေးခြင်း။ အငြင်းပွားသူများ အကြားတွင် ဝင်ရောက်၍ စေ့စပ်ပြေငြိမ်းပေးခြင်း။

**mediator** - ဖြန်ဖြေသူ စေ့စပ်သူ။

**medical** ဆေးပညာနှင့် စပ်လျဉ်းသော။

**medical emergency exception** (criminal law) (ပြစ်မှုဆိုင်ရာ) တစ်စုံတစ်ယောက်သည် အရေးပေါ်အကူအညီ အထောက်အကူ လိုအပ်လျက်ရှိကြောင်း ရဲအရာရှိသည် ကျိုးကြောင်းခိုင်လုံစွာ ဖြင့် ယုံကြည်မှုရှိသောအခါ အိမ်တွင်းဝင်ရောက်ရန်အတွက် ဝါရမ်းရယူရန် မလိုဘဲ ထိုအိမ်၏ ဝင်ပေါက်ကို ချိုးဖျက်ဝင်ရောက်နိုင်သည့် မူဝါဒ။

**medical jurisprudence** ဆေးဘက်ဆိုင်ရာ ဥပဒေသိပ္ပံပညာ။

**medical examiner--** ဆေးဘက်ဆိုင်ရာစစ်ဆေးသူအရာရှိ။ ၎င်းသည် coroner နှင့် လုပ်ငန်း ကွဲပြားသည် coroner မှာ သေမှုသေခင်း စစ်ဆေးရသော အရာရှိဖြစ်ပြီး medical examiner မှာ အခြားသော ဆေးဘက်ဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးရသော အရာရှိဖြစ်သည်။ မြန်မာနိုင်ငံတွင် medical





examiner တစ်ဦးတည်းက သေမှုသေခင်း အပါအဝင် အခြားဆေးဘက်ဆိုင်ရာ လုပ်ငန်း အားလုံးကို စစ်ဆေးရပါသည်။

**medicare—** ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု။ ဥပမာ–လူမှုဖူလုံရေး စီမံကိန်း။

**medical evidence** ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာ ပညာရှင်၏ ထွက်ချက်။

**memorandum** ပုံစံတကျရေးမှတ်ခြင်း မဟုတ်သော မှတ်တမ်း။ လုပ်ငန်းဆောင်ရွက်ချက်များကို ရေးသားထားသည့် မှတ်စုအကျဉ်းချုပ်။ ရည်ရွယ်ထားသည့် စာချုပ်၏အဓိကအချက်များကို ရေးမှတ်ထားသည့် မှတ်စု၊ စာချုပ်စာတမ်း အတိုချုပ် အမှာစာ၊ မှတ်တမ်း။

**memorandum decision** အမှုတွင် တရားရုံးက အတိုကောက်စာပိုဒ်ဖြင့် ရေးသားသောဆုံးဖြတ်ချက် (နေ့စဉ်မှတ်တမ်းဖြင့် ချမှတ်အမိန့်)။ ထိုဆုံးဖြတ်ချက်တွင် မည်သည့်အကြောင်းကြောင့် ဆုံးဖြတ်ရကြောင်း ရေးသားထားခြင်း မရှိပါ။ ထိုအကြောင်း ပြချက်ကို နောက်ပိုင်း အပြီးသတ်ရေးသားသည့် အခါမှသာ ပြည့်ပြည့်စုံစုံ ဖော်ပြလေ့ရှိသည်။

**memorandum of appeal** အယူခံလွှာ (AGO)

**memorandum of association** သင်းဖွဲ့မှတ်တမ်းဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ မူလကပင်ရေးဆွဲထားသော သင်းဖွဲ့မှတ်တမ်း (သို့)ကုမ္ပဏီဥပဒေ ပြဋ္ဌာန်းချက်များကိုလိုက်နာ၍ပြင်ဆင်ထားသော သင်းဖွဲ့မှတ်တမ်းကိုဆိုလိုသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ၂(၁၀) ကုမ္ပဏီမှတ်ပုံတင်ရာတွင် အခြေခံအထောက်အထားဖြစ်သည်။ ကုမ္ပဏီ၏အခြေခံကို အသေးစိတ်ရေးသားထားသည်။ ၎င်းတို့မှာ အမည်ပေး ရန်ကန့်သတ်ချက်ရှိမရှိ။ မှတ်ပုံတင်လိပ်စာ၊ ရည်ရွယ်ချက်၊ ကုမ္ပဏီ၏ မတည်အရင်းအနှီးများကို ရှယ်ယာအဖြစ်ဝယ်ယူထည့်သွင်းသူများ၏ အမည်မှတ်ပုံတင်နေရပ်လိပ်စာနှင့် လက်မှတ်များ ပါဝင်သည်။ **the articles of association** တွင် အရင်းအနှီးနှင့်ရှယ်ယာများ ဒါရိုက်တာရွေးချယ်မှုနှင့် တာဝန်များအရပ်ရပ်အစည်းအဝေးခေါ်ယူပုံ ဒီဗီဒင်များ ဝန်ထမ်းများခန့်အပ်ပုံ ငွေစာရင်းစာအုပ်ထားရှိပုံ...စသဖြင့် အသေးစိတ်ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**memorandum of evidince** သက်သေခံချက်အကျဉ်းချုပ်။
**memorandum of understanding** နားလည်မှုစာချွန်တော်။
**menacing** ခြိမ်းခြောက်မှု အန္တရာယ်၊ ခြိမ်းခြောက်ရန်ကြိုးစားခြင်း။
**mendacity (n) mendacious (adj)** သစ္စာမဲ့သော၊ မမှန်ကန်သော၊ မမှန်ကန်ခြင်း၊ လိမ်လည်ခြင်း၊ မုသားပြောခြင်း။
**mens (lat) (menz)** စိတ်အကြံ၊ ကြံရွယ်သော၊ အလိုဆန္ဒ။
**mensa et thoro** လင်မယားကွဲကွာခြင်း တစ်မျိုး bed and board. လင်မယားနှစ်ဦး တစ်ဦးနှင့်တစ်ဦးကွဲကွာနေထိုင်ရန် တရားရုံးက အမိန့်ချမှတ်ခြင်း။ သို့ရာတွင် လက်ထပ်ထားခြင်းမှာ ပျက်ပြယ်ခြင်းမရှိ။
**mens rea (latin)** **(guilty mind)** အပြစ်ကျူးလွန်ရန် ကြံရွယ်သောစိတ်ဓာတ်။ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်သောစိတ်ထား။
**mental cruelty** ရက်စက်သော စိတ်။ ကွာရှင်းနိုင်သော အခြေခံအချက်တစ်ရပ်ဖြစ်သည်။
**mental illness** စိတ်ဝေဒနာခံစားရခြင်း ဝေဒနာရှင်၏ လူမှုရေးနှင့်အခြားပတ်ဝန်းကျင်လူအများ၏ လူမှုရေးအတွက် လိုအပ်သောပြုစုစောင့်ရှောက်မှုနှင့်ကုသမှုကို သေချာစွာဂရုပြုပေးရသည့် စိတ်ရောဂါဝေဒနာ။
**mercantile agent** ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိုယ်စားလှယ်။
**mercantile law** ဥပဒေဘာသာရပ်တစ်ခု။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေ။ (ပဋိညာဉ်ဥပဒေ၊ လွှဲပြောင်းနိုင်သော စာချုပ်တစ်စာတမ်းများ ဥပဒေ .....အစရှိသည့်ဖြင့်)
**merchadise (n)(v)** စီးပွားရေးအရ ရောင်းဝယ်ဖောက်ကားသောကုန်ပစ္စည်း။ ကုန်သွယ်သည် ရောင်းဝယ်သည်။
**merchandise marks** စီးပွားရေးလုပ်ငန်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ထုတ်လုပ်သည့်/ရောင်းဝယ်သည့် ကုန်ပစ္စည်းများပေါ်တွင် ခတ်နှိပ်သည့်အမှတ်အသား ၎င်းတွင် ကိရိယာတန်ဆာပလာများ၊ ဉာဏဆိုင်ရာပစ္စည်းများ၊ ကုန်အမှတ်တံဆိပ်များ၊ ခေါင်းစဉ်လက်မှတ်အမည်၊ ရေးထိုးလက်မှတ်၊ စားလုံးများဂဏန်းများ၊ ၎င်းတို့တွဲထားသော အမှတ်အသားများပါဝင်သည်။





**merchant** အမြတ်အစွန်းရရှိရန်အတွက် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကိုလုပ်ကိုင်သူ။
**merchantable** ပုံမှန်ဈေးကွက်တွင် ပုံမှန်ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားမှုပြုနိုင်သော အရည်အသွေးနှင့် ပြည့်စုံသည့်ကုန်ပစ္စည်း။
**mercy killing** ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရပြီး ကုသရန် မဖြစ်နိုင်တော့သည့်သူကို ငြင်သာစွာအသက်ထွက်စေရန် သဘာဝအတိုင်း မဟုတ်ဘဲသေစေခြင်း။ ဝေဒနာခံစားနေရသည်ကို မမြင်ရက်သဖြင့် ကြင်နာမှုဖြင့် ပြုလုပ်သည် ဟုဆိုသည်။ တိရစ္ဆာန်နှင့်လူများကို ပြုလုပ်ရာတွင် လူကိုသေစေရာ၌ပြစ်မှုမြောက်သည်။ (see also euthanasia)
**merger (n)** ၁။ (ပြစ်မှု) ပေါင်းစပ်ခြင်း၊ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေခြင်း။ ဥပမာ A သည် B ကို အများပြည်သူဆိုင်ရာနေရာတွင် ဆဲရေး တိုင်းထွာပြီး လက်သီးဖြင့်ထိုးရာ မျက်နှာကို ထိမိပြီး ရောင်ကိုင်းသွားသည်။ A အပေါ်ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၃ ဖြင့် စွဲချက်တင်ရာ ပြစ်မှုထင်ရှား၍ ပုဒ်မ ၂၉၄အရ ထောင် (၁)လနှင့် ပုဒ်မ ၃၂၃အရ ထောင်(၃)လ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချသည်။ သို့အတွက် ပြစ်ဒဏ်အသေးသည် ပြစ်ဒဏ်အကြီးတွင် ပေါင်းစပ်သွားပြီး A အနေဖြင့် ထောင်ဒဏ် (၃)လသာ ကျခံရတော့သည်။ ၂။ ကုမ္ပဏီအကြီးနှင့် ကုမ္ပဏီအသေးတို့ သဘောတူလုပ်ငန်းပေါင်းစပ်ခြင်း။ A co သည် မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီကြီးဖြစ်သည်။ B coသည် ရောင်းဝယ်ရေးကုမ္ပဏီသာဖြစ်သည်။ A co သည် မော်တော် ယာဉ်ထုတ်သည့် လုပ်ငန်းအပြင် ကုန်ပစ္စည်းရောင်းဝယ်သည့် လုပ်ငန်းတို့လည်း စိတ်ဝင်စားသဖြင့် B co ကို ပူးပေါင်းလုပ် ဆောင်ရန် ကမ်းလှမ်းရာ B co က သဘောတူ၍ စီးပွားရေးအရ ပေါင်းစပ်ပြီး AB co အမည်ဖြင့် လုပ်ငန်းများ ဆက်လက်လုပ် ဆောင်ကြသည်။ A co ကြီးမှ B co အသေးနှင့် ပေါင်းစပ်ခြင်းကို merge လုပ်သည်ဟုခေါ်သည်။ တစ်နည်းအားဖြင့် ယခုကိစ္စမှာ vertical ပေါင်းစပ်ခြင်းဖြစ်ပြီး လုပ်ငန်းတူပေါင်းစပ်ခြင်းဖြစ်လျှင် horizantal ပေါင်းစပ်ခြင်း ဟုခေါ်သည်။ ထိုသို့လျှော့ချခြင်းမှာ အပြိုင်အဆိုင်လျှော့ချရန်နှင့် နေရာကျယ်ပြန့် စွာ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားခြင်းဖြင့် အမြတ်ပိုရရန်ပေါင်းစည်းခြင်း ဖြစ်သည်။ သိမ်းသွင်းခံရသူ၏ ကုမ္ပဏီအမည်နာမနှင့် ရပ်တည်မှုမှဆုံးရှုံးသွားသည်။ ပူးပေါင်းခြင်းကို ထောက်ခံသူများက ညံ့ဖျင်းသော စီမံခန့်ခွဲသူများလက်မှ စွမ်းဆောင်ရည်ရှိသူများလက်သို့ လွှဲပြောင်းရောက်ရှိစေသည်ဟု ဆိုကြသည်။ ၃။ A သည်မြေယာတစ်ခုကို သေဆုံးသည့်အထိ လက်ဝယ်ပိုင်ဆိုင်ပြီး သေဆုံးသည့်အခါ နှမဖြစ်သူ B မှ ဆက်လက်ပိုင်ဆိုင်မည်ဖြစ်သည်။ သို့သော် နှမဖြစ်သူ B သည် မြေယာကိုရယူရန် ဆန္ဒမရှိ၍ သူရမည့်အကျိုးစီးပွားကို ကြိုတင်ပြီးအစ်ကိုဖြစ်သူ A ကို ရောင်းချလိုက်သည်။ မြေယာမှ B အကျိုးခံစားခွင့်ကို ဝယ်ယူပြီးဖြစ်၍ A အနေဖြင့် သေဆုံးသည့်တိုင်မြေယာမှာ B ထံသို့ ဆင်းသက်မည်မဟုတ်တော့ပေ။ ထို့ကြောင့် လိုအပ်ပါက A အနေဖြင့် ထိုမြေယာကို ထုခွဲရောင်းချပိုင်ခွင့်ရှိလာသည်။ B ၏ အကျိုးစီးပွားသည် A ၏ အကျိုးစီးပွားနှင့် ပေါင်းစပ်သွားသောကြောင့် ဖြစ်သည်။

**merits (n)** တရားလိုက တောင်းဆိုသော အမျိုးမျိုးသော သက်သာခွင့်များရရှိ စေနိုင်သည့်အချက်များ သို့မဟုတ် တရားပြိုင်အနေဖြင့် ၎င်း၏ ခုခံရေးလမ်း ကြောင်းတွင် အနိုင်ရှိနိုင်သည့်အချက်များ

**mesne (french)** ကြားကာလ၊ အလယ်အလတ်၊ အစွန်းနှစ်ဘက်ကြား။

**mesne profits** ပိုင်ရှင်မှ ပစ္စည်းမတရားလက်လွှတ်နေစဉ်အတွင်း လက်ဝယ်ရှိသူ အနေဖြင့် မတရားရယူခံစားနေသော ကြားကာလအမြတ်အစွန်းများ။ ကြားကာလအမြတ်အစွန်းများဆိုသည်မှာ ပစ္စည်းကိုမတရားသဖြင့် လက်ရှိထားသူက သာမန်အားဖြင့် လုံ့လစိုက်ထုတ်ခဲ့လျှင် ရရှိနိုင်မည်ဖြစ်သော အမြတ်အစွန်းများနှင့်တကွ ယင်းအမြတ်အစွန်းများပေါ်တွင် ရလိုက်သည့် အတိုးတို့ကိုပါ ဆိုလိုရင်းဖြစ်သည်။ သို့ရာတွင် ပစ္စည်းကိုမတရားသဖြင့် လက်ရှိထားသူက ယင်းပစ္စည်းကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ဆောင် ရွက်မှုကြောင့် ရရှိသောအမြတ်အစွန်းများ ပါဝင်ခြင်းမရှိပေ။ {တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၁၂)}

**metes and bounds** မြေတစ်ကွက်၏ နယ်နမိတ်ကိုဖော်ပြရာတွင် ဧရိယာအလျားအနံနှင့် ထိုမြေကွက်နှင့်ထိစပ်နေသော ခြံနီးခြင်းများ၏ လားရာ အနေ





အနောက်တောင် မြောက်တို့ဖြင့် ဖော်ပြသည့်နည်းလမ်း။ ၎င်းသည် အိမ်နံပါတ်လမ်းနာမည် ရပ်ကွက်မြို့နယ်အမည်များ ဖော်ပြခြင်းထက် တိကျသည်။

**messuage ,** မြေအပါအဝင်အိမ်၊ လူနေအိမ်။

**middleman (n)(v)** လူတစ်ဦးသည် မြေပိုင်ရှင်တစ်ဦးထံမှ ဧရိယာကြီးမားသော မြေတစ်ကွက်ကို ငှားရမ်းပြီးနောက် အဆိုပါမြေကွက်၏ အစိတ်အပိုင်းတစ်ရပ်ကို အခြားသူတစ်ဦးသို့ မြေငှားခရယူပြီး ထပ်ဆင့်ငှားရမ်းလိုက်သည်။ ထိုမြေငှားသည် middleman ဖြစ်လာသည်။ ကြားလူ၊ ပွဲစား။

**migrate (v)** တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်း၊ အထူးသဖြင့် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ ရွှေ့ပြောင်းနေထိုင်ခြင်း။

**mileage log** စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော ယာဉ်၏ ခရီးသွားလာသော မိုင်များ မှတ်တမ်း။ နိုင်ငံ့ဝန်ထမ်းများ သက်သေများအတွက် တာဝန်ထမ်းဆောင်ရာတွင် သွားရောက်ရသည့်ခရီးအကွာအဝေးမိုင်။ ၎င်းအပေါ်တွင် စရိတ်ခံစားခွင့်ပြုသည်။

**militia (n)** ပြည်သူ့စစ်၊ စစ်တပ်နှင့်အလှမ်းကွာဝေးသော ဒေသများတွင် ပြည်သူများအား လေ့ကျင့်လက်နက်တပ်ဆင် ပေးထားသောတပ်။

**military (adj)(n)** စစ်တပ်နှင့်ဆိုင်သော စစ်တပ်စစ်ရေးလေ့လာမှု။

**military action** စစ်ရေးအရ ဆောင်ရွက်ချက်။

**military court** စစ်ဖက်ဆိုင်ရာတရားရုံး (**court martial** လည်း ကြည့်ပါ။)

**mimms order** ယာဉ်ထိန်းရဲအရာရှိက မော်တော်ဆိုင်ကယ်စီးနင်လာသူကို ရပ်တန့်ခိုင်းပြီး ဆိုင်ကယ်ပေါ်မှဆင်းခိုင်းခြင်း။ ဆိုင်ကယ်ကို ရပ်တန့်ခိုင်းခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိခဲ့လျှင် မော်တော်ဆိုင်ကယ်စီးသူကို ဆိုင်ကယ်ပေါ်မှ ဆင်းခိုင်းခြင်းသည်၊ ဥပဒေအရ အတိအကျညီညွတ်ရန်မလို။

**mineral** တွင်းထွက်ဓာတ်သတ္တု၊ သတ္တုတိုင်းသည် တွင်းထွက်ပစ္စည်းများ ဖြစ်သော်လည်း တွင်းထွက်ပစ္စည်းတိုင်းသည် သတ္တုမဟုတ်။

**mineral district** အဖိုးတန်ဓာတ်သတ္တုများ ထွက်ရှိတူးဖော်ရာနယ်မြေ။



www.burmeseclassic.com

www.burmeseclassic.com



**mineral right** ဓာတ်သတ္တုဆိုင်ရာ ရပိုင်ခွင့်။ ဓာတ်သတ္တုကို ရှာဖွေခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခွင့်အဆိုပါမြေမှ ဓာတ်သတ္တုတူးဖော်ခွင့် သို့မဟုတ် သတ္တုပစ္စည်းများ ထုတ်ယူခြင်းအပေါ် နိုင်ငြေး royalty ရယူပိုင်ခွင့်။

**ministeral (adj)** – ဝန်ကြီး၊ အမတ်များနှင့် ဆိုင်သော။ အဆင့်မြင့်အာဏာပိုင်မှဆောင်ရွက်သည့်အခါ ထိုဆောင်ရွက်ချက်သည် (တရားရေးအာဏာပိုင်အဖွဲ့မှ ဆောင်ရွက်ချက်မဟုတ်) ministeral act ဟု ဆိုသည်။ an act is said to be ministeral when it is done by a superior authority which not a judicial authority. အဆင့်မြင့်အရာရှိ၏ ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ရသော လက်အောက်ဝန်ထမ်း။ ဥပမာ တရားခွင်စာရေး၏ ministeral duties ထဲ၌ docket တွင် စီရင်ချက်များ မှတ်တမ်းတင်ခြင်းလည်း ပါဝင် သည်။

**minor (adj)** ငယ်သော၊ အရွယ်မရောက်သေးသော။

**minority (n)** ဥပဒေအရ အရွယ်မရောက်သေးခြင်း။ လူနည်းစု (အမတ်)

**minority government** အမတ်အနည်းငယ်အသာဖြင့် တက်လာသော အစိုးရ။

**minority right** လူနည်းစု အခွင့်အရေး။

**mipt** ဒင်္ဂါးသွန်းစက်ရုံ။

**minute** (၁) တရားရေးရာ အမှုတွဲ၏ အသစ်ရေးကူးထားသော မိတ္တူ သို့မဟုတ် အမှုတွဲတွင် အခြားရေးထွင်းထားချက်များဖြစ်သော အမှု့စတင်ပုံ စစ်ဆေးကြားနာပုံ နှစ်ဘက်ချေမျိုးနှင့် သက်သေများ ၎င်းတို့ထွက်ချက်များ စသည့်တရားခွင်စာရေးသို့မဟုတ် တရားသူကြီး၏ အခြားမှတ်တမ်းရေးသွင်းထားချက်များ။ (၂) ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေး ကော်ပီရေးရှင်းများ၌ ရှယ်ယာဝင်များ၏ သင်းလုံးကျွတ်အစည်းအဝေးများတွင် ပြောဆိုဆုံးဖြတ်ချက်များကို ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်း၏ အတွင်းရေးမှူးက မှတ်တမ်းတင်ထားသော အစည်းအဝေးမှတ်တမ်း။

**misadventure (n)** မတော်တဆဖြစ်ခြင်း သို့မဟုတ်က အကြောင်းမလှ၍ ဖြစ်ခြင်း။ မတော်တဆ သို့မဟုတ် လူကိုသေစေရန်မပါရှိဘဲ လူကိုသေစေ





ခြင်း၊ သေစေရန်ထိခိုက်နာကျင်မှုဖြစ်စေရန် ရည်ရွယ်ချက် မရှိဘဲဥပဒေနှင့်ညီသော ပြုလုပ်မှုကို သတိကောင်းစွာထား၍ ပြုရာတွင်မတော်တဆဖြစ်ပြီး လူကိုထိခိုက် နာကျင်စေခြင်း၊ သေစေခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၀ကြည့်ပါ)

**misapprehend (vt)** အဓိပ္ပါယ်ကောက်မှားခြင်း၊ အထင်အမြင်လွဲမှားခြင်း၊ မှားယွင်းသော အယူအဆ။

**misapplication** ရံပုံငွေ သို့မဟုတ် ပစ္စည်းကို မလျှော်မကန် ဥပဒေမဲ့ အသုံးပြုခြင်း။

**misappropriate (v)** ငွေအလွဲသုံးစားလုပ်သည်။ misappropriation - အခြားသူ၏ ပစ္စည်းကို သို့မဟုတ် ငွေကို မရိုးမဖြောင့်သော သဘောဖြင့်ကိုယ်ကျိုးအတွက် သုံးစွဲခြင်း။ ပြည်သူ့ဝန်ထမ်းများ ငွေကြေးအပ်နှံခံရသော ဘဏ္ဍာထိန်းများ သေသူ၏ပစ္စည်းကို သေတမ်းစာအရ အတည်ပြုသူများ အမွေထိန်းများနှင့် သူတစ်ပါး၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့်အခြားပုဂ္ဂိုလ်များတွင် အလွဲသုံးစား ပြုမှုများဖြစ်ပေါ်တတ်သည်။

**miscarriage of justice** တရားစီရင်ရေးတိမ်းစောင်းမှု၊ တရားရေးမဏ္ဍိုင်တိမ်းစောင်းခြင်း။ ပြစ်မှုအင်္ဂါရပ်များအပေါ်တွင် သက်သေခံအထောက်အထားလိုနေသော်လည်း တရားခံကိုအပြစ်ပေးခြင်းဖြင့် တရားစီရင်ရေးတွင် တိမ်းစောင်းမှုဖြစ်ပေါ်စေခြင်း။ **causing miscarriage** ကိုယ်ဝန်ပျက်စေခြင်း (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂)

**miscegenation (n)** အသားအရောင်ရှိသူနှင့် မရှိသူတို့အကြား လက်ထပ်ခြင်းဖြင့် သွေးနှောခြင်း သို့မဟုတ် အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ လက်မထပ်ဘဲ သဘောတူလိင်မှုကိစ္စကျူးလွန်ခြင်းကို လူဖြူနှင့်အသားအရောင်ရှိသူတို့ နှစ်ဦးအကြားပေါ်ပေါက်ခြင်း။ အမေရိကန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် ကော့ကေးရှန်းလူမျိုးများနှင့် အခြားလူမျိုးများ လက်ထပ်ပေါင်းသင်းခြင်း။

**miscellaneous provision** အထွေထွေပြဋ္ဌာန်းချက်များ။

**mischief** အကျိုးဖျက်ဆီးမှု။ (ပြစ်မှုပုဒ်မ ၄၂၅ မှ ပုဒ်မ ၄၄၀ အထိကြည့်)

**misconduct (n)** တာဝန်ဝတ္တရားပျက်ကွက်ခြင်း။ ဥပဒေနှင့်မညီသော သင့်လျော်သော ကိုယ်ကျင့်သိက္ခာ။ ရှေ့နေမှ မရိုးမဖြောင့်သော သဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးအပေါ်မမှန်မကန်ပြုခြင်း သို့မဟုတ် ပြစ်တင်ခြင်းဖြင့် တိုက်တွန်းဆွဲဆောင်မှုကို ပြုလုပ်ခြင်း။

**miscreant (n)** မတော်မတရားပြုလုပ်သူ (လူယုတ်မာ) အယူဝါဒဖောက်ပြန်သူ၊ လူဆိုး။

**misdemeanor** ထောင်ဒဏ်တစ်နှစ်အောက်သာ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှု။ အသေးအဖွဲ့ ခိုးယူမှု (အင်္ဂလိပ်ဥပဒေ၊ အမေရိကန်ဥပဒေတွင်) မူးယစ်သောက်စား ပြီး မော်တော်ယာဉ်မောင်းနှင်မှု။ သေးငယ်သော ရာဇဝတ်မှု။ **felony** ခေါ် ပြစ်မှုကြီးများထက်ငယ်သောပြစ်မှု။ များသောအားဖြင့် ဒဏ်ငွေပေးဆောင် စေခြင်း၊ ပစ္စည်းဘဏ္ဍာ သိမ်းခြင်း၊ သင်တန်းကျောင်းပို့ခြင်းများ ပြစ်ဒဏ်ချလေ့ရှိသည်။

**misdescription** – ပဋိညာဉ်ပါ အမှားအယွင်း သို့မဟုတ် မဟုတ်မမှန်ဖော်ပြခြင်းဖြင့် တစ်ဖက်မှပုဂ္ဂိုလ်ကို ထိခိုက်နစ်နာဆုံးရှုံးစေခြင်း လှည့်ဖျားခြင်းဖြင့် လမ်းမှားရောက်စေခြင်း။ အပ်နှံသူထံမှ ကုန်ပစ္စည်းလက်ခံရယူရာတွင် ယုံမှတ်အပ်နှံသူကပေးသော ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းထဲ၌ တိကျမှုမရှိသော ကုန်ပစ္စည်း၏ ပုံပန်းသဏ္ဌာန်ကို ရေးမှတ်ထားခြင်း။ အရောင်းအဝယ်စာချုပ်တွင် မြေယာနှင့် စပ်လျဉ်း၍ ဖော်ပြချက်များမတိကျခြင်း။

**misfeasance** ဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သော်လည်း မှားယွင်းသောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း။ ဆောင်ရွက်ရာတွင် မှားယွင်းခြင်း။ ဥပမာ ရှေ့နေတစ်ဦးသည်၊ အရေးကြီးသော စာရွက်စာတမ်းကို သတ်မှတ်ထားသော နောက်ဆုံးရက်မတိုင်မီ တရားရုံးသို့ တင်ပြရမည်ဖြစ်သော်လည်း ပေါ့ဆပြီး ရက်လွန်မှ တရားရုံးသို့ တင်ပြခြင်း။ စာရင်းကိုင်တစ်ဦးသည် ရည်ရွယ်ချက်မရှိသော်လည်း ၎င်းအမှုသည်၏ အခွန်ငွေကောက်ခံရမည့် နှစ်ချုပ်စာရင်းကို မှားယွင်းစွာရေးဆွဲပေးခြင်း။ ဆရာဝန်တစ်ဦးသည် လူနာအား ဆေးညွှန်းရေးပေးရာတွင် မတော်တဆမှားယွင်းသော ဆေးဝါးပါသွားခြင်း။

**misjoineder (of parties)** တရားမမှုတစ်မှုထဲတွင် တရားလိုသို့မဟုတ် တရားပြိုင်များကို မှားယွင်းပူးတွဲခြင်း၊ တရားစွဲဆိုရန် အကြောင်းအရာများကို မှားယွင်းပူးတွဲခြင်း။ (တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်းဥပဒေ ၉)





**misjoinder of charges.** စွဲချက်များမှားယွင်းပူးတွဲခြင်း။

**misnomer** စာချုပ်စာတမ်းတွင် အမည်နေရပ်သို့မဟုတ် ပစ္စည်းအမျိုးအမည်ကို မှားယွင်းဖော်ပြခြင်း။ အဆိုအချေများတွင် ထိုသို့မှားယွင်းချက်များကို တရားရုံးအနေဖြင့်တရားမျှတသော နည်းလမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ပြင်ဆင်ရန်ခွင့်ပြုနိုင်သည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်းဥပဒေ ၁၆၊ ၁၇)

**mispleading** အဆိုအချေတွင် အရေးပါသော အချက်၌မှားယွင်းစွာ ဖော်ပြခြင်း၊ ထိန်းချုပ်ခြင်း။ အမှုသည် တစ်ဦးဦးက ၎င်း၏အဆိုအချေတွင် မမှန်ကြောင်း သိရှိပါက သတ်မှတ်ထားသော ကာလအတွင်း တရားရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၆၊၇၊၈ ကြည့်ပါ။)

**misprision** (၁) အမှုကြီးများနှင့် စပ်လျဉ်း၍အမှုတွင် မပါဝင်သောသူများက သိလျက်နှင့်ဖုံးကွယ်ထားခြင်း၊ ထိန်ချန်ထားခြင်း လျှို့ဝှက်ထားခြင်း။
-clerical misprison - တရားရုံးမှတ်တမ်းမှ မြင်သာသော တရားခွင်စာရေး၏အမှား သို့မဟုတ် လိမ်လည်ရေးသွင်းမှုများ ပေါ့လျော့စွာဆောင်ရွက်မှုများ။
**misprision of felony** - တစ်ဦးတစ်ယောက် ပြစ်မှုကြီးများ ကျူးလွန်သည်ကို ဖုံးကွယ်ခြင်း၊ လျှို့ဝှက်ခြင်း။ ထုတ်ဖော်မပြောခြင်း။
**misprision of treason** - နိုင်ငံတော်အပေါ်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိန်ချန်ခြင်း။ (၂) အစိုးရအပေါ် အကြည်ညိုပျက်စေသော အပြုအမူဆောင်ရွက်ခြင်း။ (၃) ပြည်သူ့ဝန်ထမ်းက မိမိတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။ (၄) နားလည်မှုလွဲခြင်း၊ မှားယွင်းခြင်း။

**misreading** စာမတတ်သူ သို့မဟုတ် မျက်စိမမြင်သူ၏ ရေးထိုးမြဲလက်မှတ်ကိုလိမ်လည် လှည့်ဖျားရယူရန်အကြံဖြင့် စာချုပ်စာတမ်းတွင် ပါရှိသည့်အကြောင်းအရာများကို မမှန်မကန်ဖတ်ပြခြင်း။

**misrepresentation** မဟုတ်မမှန်သော အရာတစ်ခုကို မိမိကမှန်သည်ဟုယုံကြည်သော်လည်း တကယ်မှန်သည်မမှန်သည်ကို မစူးစမ်းဘဲ ဟုတ်မှန်သည်ဟုပြောဆိုခြင်း၊ သူတစ်ပါး၏အကျိုးပျက်စီးစေရန် လိမ်လည်လိုသော ရည်ရွယ်ချက်မရှိဘဲ မိမိဝတ္တရားပျက်ကွက်ခြင်းကြောင့် သူတစ်ပါး၏ အကျိုးခံ စားရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရားပျက်ကွက်စေခြင်း မည်သို့ပင် ရိုးဖြောင့်စွာပြုသော်လည်း သဘောညီညွတ်မှုတွင် ပါရှိသောအကြောင်းအရာနှင့် စပ်လျဉ်း၍ အဓိကအချက်ကို တစ်ဘက်သားအား မှားယွင်းအောင်ပြုစေခြင်း(ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၈)

**mistake** မှားယွင်းခြင်းအမှား။ ပဋိညာဉ်ပြုရာတွင် (၁) ပဋိညာဉ်တွင် ပါဝင်သော သဘောတူသူနှစ်ဦးစလုံးက အရေးပါသောအချက်ကို အယူအဆလွဲခြင်း။ (၂) ပဋိညာဉ်တွင်ပါဝင်သူတစ်ဦးက အကြောင်းခြင်းရာ တစ်ရပ်အတွက် သဘောတူခဲ့ပြီး ကျန်တစ်ဖက်က လုံးဝမတူသော အကြောင်းခြင်းရာအတွက် သဘောတူခဲ့ခြင်းဖြစ်လျှင် မူလအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍နှစ်ဦးစလုံး မှားယွင်းနေသည့်အလျောက် ပဋိညာဉ်မှာ ပျက်ပြယ်သည်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၀) **mistake of fact** အကြောင်းခြင်းရာကို လွဲမှားခြင်း။

**mistake of law** ဥပဒေကို အယူအဆလွဲခြင်း။

**mistrial (n)** မှားယွင်းသော တရားစွဲဆိုစီရင်မှု။ မှုခင်းအကျိုးအပြစ် အမှားအမှန်ကို မဆုံးဖြတ်ဘဲ တရားသူကြီးက အမှုကိုရပ်ဆိုင်းလိုက်ခြင်း၊ ထိုသို့ ရပ်ဆိုင်း လိုက်ခြင်းသည် လုပ်ထုံးလုပ်နည်း မှားယွင်းခြင်းကြောင့် သို့မဟုတ် အမှုစစ်ဆေး နေစဉ်အတွင်း အရေးပါသောမှားယွင်းမှုဖြစ်ပေါ်ခြင်းကြောင့် ဖြစ်သည်။

**misunderstanding (n)** နားလည်မှုလွဲခြင်း။ အမျိုးသားနှင့် အမျိုးသမီးတို့ နှစ်ဦးလက်ထပ်စဉ်က နှစ်ဦးနှစ်ဘက်ကြား နားလည်မှုလွဲမှားခဲ့ခြင်းသည် ထိမ်းမြားခြင်းကို ဖျက်သိမ်းရန်အခြေခံအချက်တစ်ရပ် ဖြစ်သည်။ (ခရစ်ယာန်ဘာသာဝင်များ) ဥပမာ။ တစ်ဦးက လက်ထပ်ထိမ်းမြားခြင်းဖြင့် သားသမီးများရယူရန် ဆန္ဒ ရှိသည်။ ကျန်တစ်ဦးက သားသမီးမယူလိုပေ။ ထို့ကြောင့် နားလည်မှုလွဲမှားခဲ့သည့်အတွက် တရားရုံးသို့ ထိမ်းမြားမှု ပယ်ဖျက်ရန်လျှောက်ထားရာတွင် အရေးကြီးသောအချက်ဖြစ်သည်။

**mitigate** တင်းမာမှုသို့မဟုတ် စိတ်လှုပ်ရှားမှုကို လျှော့ပါးစေသည်။

**mitigation of punishment/damages** ပြစ်ဒဏ်သို့မဟုတ် လျော်ကြေးကို လျှော့ပေါ့သတ်မှတ်ခြင်း။





**mixed** အမျိုးအစားမတူသော ပစ္စည်းများ လူများကို ရောနှောထားခြင်း။ ပေါင်းစပ်ထားခြင်းမဟုတ်။

**mixed currency** လှည့်ပတ်သုံးစွဲနေသော ငွေကြေးတွင်ဒင်္ဂါးများငွေစက္ကူများပါဝင်ခြင်း။

**mixed question of law and fact** ပြဿနာတစ်ရပ်သည် အကြောင်းခြင်းရာ သက်သက်မဟုတ်သကဲ့သို့ ဥပဒေကြောင်းသက်သက်လည်း မဟုတ်ပေ။

**mock trial** ဥပဒေကျောင်းသားများ၊ အလုပ်သင်ရှေ့နေများ သင်ယူလေ့ကျင့်နိုင်ရန် စီစဉ်ပြုလုပ်သော အမှုစစ်ဆေးသည့်သရုပ်ပြတရားခွင်။ (**moot court** လည်းကြည့်ပါ။)

**mode** ပြုလုပ်ပုံပြုလုပ်နည်း၊ ပြောဆိုပုံ၊ စနစ်၊ အပြုအမူ။

**moderator (n)** ခုံသမာဓိလူကြီး၊ အစည်းအဝေးတွင်သဘာပတိ။ အငြင်းပွားမှုတွင် နှစ်ဦးနှစ်ဘက်ကို တရားမျှတစွာအဆုံးအဖြတ်ပေးသူ။ စာစစ်သူများ အမှတ်ပေးရာတွင် တပြေးညီရှိမရှိစိစစ်ပေးရသူ။

**modification (n)** ပြုပြင်ပြောင်းလဲခြင်း။ ကွဲပြားခြားနားခြင်း။

**modify (v)** လုပ်နည်းလုပ်ဟန် (**The manner of operation**) ဆောင်ရွက်ပုံဆောင်ရွက်နည်း ဥပမာ။ အသက်ရှုမရ သေစေရန်အတွက် လူသတ်သမား၏ လုပ်နည်းလုပ်ဟန်မှာ ခေါင်းအုံးကို မျက်နှာတွင် ဖိကပ်ထားခြင်း။

**moiety** ထက်ဝက်။ တစ်ခုကို နှစ်ခုဝေရာတွင် ရသည့်တစ်စု။

**molest (v)** ဇလက္ကာရပြုလုပ်သည်။ ကိုယ်ထိလက်ရောက်စော်ကားသည်။

**molestation** ဇလက္ကာရပြုလုပ်ခြင်း။ ပြစ်မှုကျူးလွန်ရာတွင် ကလေးသူငယ်နှင့် လိင်မှုကိစ္စကျူးလွန်ခြင်း၊ ကျူးလွန်ခြင်းဆိုရာတွင် လိင်အင်္ဂါများကို ထိတွေ့သပ်ခြင်း၊ လိင်အင်္ဂါကို ဖော်ထုတ်ခြင်း၊ ညစ်ညမ်းဓာတ်ပုံများ၊ ရိုက်ကူးခြင်း၊ ဒိန်းမှုကျူးလွန်ခြင်း၊ လိင်မှုကိစ္စပြုရန်သွေးဆောင်ခြင်း စသည် ...။

**molliter manus imposuit (latin) The gentle laying upon of hands** . နှစ်ဘက်ရှိသည့်အနက် တစ်ဘက်က ၎င်းအနေဖြင့် လက်ရောက်မှုကျူးလွန်ရခြင်းမှာ မိမိကိုယ်ကို သို့မဟုတ် ပစ္စည်းကို ကာကွယ်ရန်ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အားကိုးလိုသည်ထက်ပိုမသုံးကြောင်း၊ ပြုပိုင်ခွင့်ရှိကြောင်း ထုချေတင်ပြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**money** ငွေကြေး။ ကုန်ပစ္စည်းဖလှယ်ရန် ကြားခံအဖြစ်အသုံးပြုသော နိုင်ငံတကာအသိအမှတ်ပြု ထုတ်လုပ်လက်ခံထားသည့်ငွေစက္ကူ၊ အကြွေစေ့၊ ငွေစက္ကူနှင့် အကြွေစေ့ပေါ်တွင် ဖော်ပြထားသော တန်ဖိုးတစ်စုံတစ်ရာကို လဲလှယ်နိုင်ကြောင်းမှတ်ယူထားသည်။

**money laundering** တရားမဝင်သောနည်းလမ်းဖြင့် ရရှိထားသည့်ငွေကြေးနှင့်ပစ္စည်းများအား တရားဝင်အောင်ပြုခြင်း။ ငွေကြေးခဝါချခြင်း။

**money lender** ငွေချေးစားသူ။ ငွေထုတ်ချေးသူ။

**money order** စာတိုက်ငွေပို့လွှာ။

**monogamy** တစ်လင်တစ်မယားစနစ်။

**monomania** အာရုံတစ်ခုကို အကြီးအကျယ်စွဲလန်းခြင်း။

**monopoly (n)** ကုတ်ထုတ်လုပ်မှုတွင် တစ်ဦးတည်းက လက်ဝါးကြီးအုပ်ထုတ်လုပ်ခြင်း။ ဈေးကွက်ကို ချုယ်လှယ်ခြင်း။ သတ်မှတ်ထားသည့်ဒေသတွင်း စီးပွားရေးဈေးကွက်တွင် တစ်ဦးတည်းက ထုတ်လုပ်ခြင်း ရောင်းချခြင်းဖြင့် ဈေးကွက်ကို ထိန်းချုပ်ထားခြင်း၊ ဦးစားပေးမှုကိုရရှိခြင်း (အထူးလုပ်ပိုင်ခွင့်ကို ရရှိခြင်း။)

**monopsony** ဈေးကွက်အခြေအနေကို ဝယ်သူတစ်ဦးတည်းက ချုပ်ကိုင်ထားခြင်း။

**moot (adj)** မရှင်းလင်းသော၊ စောဒကတက်ဖွယ်ဖြစ်သော စဉ်းစားစရာဖြစ်သော။

**moot court** သရုပ်ပြတရားရုံး။ ဥပဒေပညာသင်ကျောင်းများတွင် ဥပဒေကျောင်းသားများ အလေ့အကျင့်ဖြစ်စေရန်နှင့် သင်ကြားမှုအထောက်အကူဖြစ်စေရန်အတွက် သရုပ်ပြတရားရုံးများကို စီစဉ်ပြီး အထူးသဖြင့် အယူခံရုံးအဆင့်သို့တက်ရောက်လာနိုင်သည် စောဒကတက်ဖွယ် စဉ်းစားဆင်ခြင်ကြရဖွယ်ဖြစ်သော အမှုများကို နှစ်ဘက်လျှောက်လဲချက်ပေးခြင်းဖြင့် လေ့ကျင့်ပေးခြင်း။

**moot case** အချေအတင်အငြင်းပွားမှုများ ပြဿနာကိုဆွေးနွေးရန်အတွက် ရှေ့သို့ခြေလှမ်းလှမ်းခြင်း။ ဥပမာ **A** သည် **B** တက္ကသိုလ်-





အသား အရောင် ခွဲခြားကာ ဝင်ခွင့်မပေးကြောင်း တရားစွဲဆိုသည်။ အဆိုပါအမှုတရားရုံး ရှေ့ ရောက်သောအခါ **B** တက္ကသိုလ်က **A** မှာ ၎င်း၏ကျောင်းသားဖြစ်ကြောင်း ဝင်ခွင့်ပေးကြောင်း ဝန်ခံသည်။ **B** တက္ကသိုလ်၏ ထိုသို့ပြောဆိုလာမှုကြောင့် **A** နှင့် **B** ဖြစ်ပွားသောအမှုမှာ ပြီးပျက်သွားသည်။ **A** အနေဖြင့် ဝင်ခွင့်ရပြီး ဖြစ်၍ အသားအရောင်ခွဲခြား၍ ဝင်ခွင့်မပေးခြင်းအပေါ် တစ်စုံတစ်ရာ ပြောဆိုရန် အကြောင်းမရှိတော့ပေ။

**moral certainty** သံသယဖြစ်ဖွယ်မရှိသော သေချာမှု။ (**"be yond a reasonable doubt"**)

**morality** ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တ။

**moral obligation** လူတစ်ယောက်၏ မိမိအသိစိတ်ဓာတ်ပေါ်တွင် အခြေခံသော တာဝန်တစ်ရပ်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် တရားဝင် ဖိအားပေး၍ ဆောင်ရွက်သော တာဝန်တစ်ရပ် မဟုတ်ပေ။ a duty that is based only on one's conscience and that is not legally enforceable.

**moral turpitude** ကိုယ်ကျင့်တရားစက်ဆုတ်ရွံရှာဖွယ်ကောင်းခြင်း။

**moratorium (n)** ကြွေးမြီပေးဆပ်ရန် အချိန်စေ့ရောက်သော သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိသော ကိစ္စများကို တရားဝင်ရွှေ့ဆိုင်းပေးခြင်း။ ရွှေ့ဆိုင်းပေးသည့်အချိန်ကာလ။ ကြွေးမြီပေးဆပ်နိုင်ရန် လူမွဲမှုစွဲဆိုထားစဉ် ကာလကို ရပ်ဆိုင်းထားခြင်း။

**mortgage** အပေါင်၊ ပေါင်နှံခြင်း။ ချေးငွေ သို့မဟုတ် ကြွေးမြီပေးဆပ်နိုင်ရန်အတွက် ငွေကြေးတာဝန်အရ ဆောင်ရွက်နိုင်ရန်သီးခြား သတ်မှတ်ထားသည့် ရွှေ့မပြောင်းနိုင်သော ပစ္စည်း၏အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်းသည် ပင်လျှင် အပေါင်ဟုခေါ်ဆိုနိုင်သည်။(ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၅၈)

simple mortgage----- လက်မဲ့အပေါင်

mortgage by conditional sale စည်းကမ်းချက်ထား၍ ရောင်းချသောအပေါင်။

usufructuary mortgage အမြတ်အစွန်းအကျိုးခံစားခွင့်ပြုသည့် အပေါင်။

english mortgage အင်္ဂလိပ်အပေါင်။



www.burmeseclassic.com

www.burmeseclassic.com



equitable mortgage ပိုင်ဆိုင်ခွင့်ရှိသော စာချုပ်စာတမ်းများ အပ်နှံသည့် အပေါင်။
anomalous mortgage ထူးခြားသည့်အပေါင်။
**mortgagee** အပေါင်ခံသူ။
**mortgagor** ပေါင်နှံသူ။
**motion** တရားရုံးသို့ အမိန့်တစ်စုံတစ်ရာချမှတ်ပေးရန် စာဖြင့် သို့မဟုတ် နှုတ်ဖြင့် လျှောက်ထားခြင်း။ အမှုစစ်ဆေးနေစဉ်ကာလအတွင်း နှုတ်ဖြင့် လျှောက်ထားခြင်းပြုနိုင်သည်။ ဥပမာ သက်သေ၏ အစစ်ခံချက်ကို (တိုက်ရိုက်ခြင်း)ကန့်ကွက်ခြင်း သို့မဟုတ် သက်သေခံတင်သွင်းလာခြင်းကို ကန့်ကွက်ခြင်း။ တစ်ခါတစ်ရံ ကန့်ကွက်လွှာကို စာဖြင့်ရေးသားပြီး ထိုအထဲတွင် တစ်ဖက်မှ အစစ်ခံချက် သက်သေခံတင်သွင်းချက်ကို ဖယ်ချရန် မည်သည့်အကြောင်းကြောင့် လက်မခံရန်တို့ကို ဥပဒေအကိုးအကားများဖြင့် ရှင်းလင်းလျှောက်ထားခြင်း။
အခြားတစ်ဖက်မှ ပြန်လည်တုံ့ပြန်ရန်အခွင့်အလမ်းရှိသည်။ တရားရုံးက နှစ်ဘက်တင်ပြချက်များအပေါ် ခွင့်ပြုခြင်းပယ်ချခြင်းကို ဆုံးဖြတ်သည်။ နှစ်ဘက်ကြားနာပြီးလည်းကောင်း၊ မကြားနာဘဲနှင့်လည်းကောင်း ဆုံးဖြတ်ချက်ချနိုင်သည်။
**motion of censure** ပြစ်တင်ရှုံ့ချသည့်အဆို။
**mortis causa (latin)** သေလွန်သည့်အကြောင်းရင်း။
**most favoured nation clause** အထူးအခွင့်အရေး ရရှိသောနိုင်ငံဆိုင်ရာ စာပိုဒ်။
**motive** စေ့ဆော်ချက်၊ အကြောင်းရင်းစေတနာ။ မနာလိုမှု၊ လောဘထွက်မှု၊ ဂလဲ့စားချေမှုတို့က တစ်ဦးတစ်ယောက်ပြစ်မှုကျူးလွန်ရန် စေ့ဆော်သော အကြောင်းရင်း။
**movant** တရားရုံးက အမိန့်တစ်ရပ်ချမှတ်နိုင်ရန် လျှောက်ထားသူ။
**moveables** တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် နေရာချထားနိုင်သော။
**move** တရားရုံးသို့ အမိန့်သို့မဟုတ် တရားရေးဆိုင်ရာလုပ်ဆောင်မှုအတွက် လျှောက်လွှာတင်သွင်းခြင်း လွှတ်တော်တွင် အဆိုတင်သွင်းသည်။ To propose under formal parliamentary procedure.
**moving violation** ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်း။
**mug book** ပြစ်ဒဏ်ကျခံပြီး တရားခံများ၊မသင်္ကာတရားခံများကို မှတ်တမ်းပြုစုထားခြင်း။
**mug shot**--တရားခံများ ဖမ်းဆီးရမိပြီး နောက်တရားစွဲဆိုရာတွင် တရားခံ ချက်နှာကို ဓာတ်ပုံမှတ်တမ်းရယူခြင်း။
**mugging**--(နေအိမ်ပြင်ပတွင်) အင်အားသုံး၍ ခြိမ်းခြောက်၍ လုယက်ခြင်း။
**mulct (v)** ငွေဒဏ်ရိုက်၍ အပြစ်ပေးသည်။
**multifarious (adj)** အမှုသည်များမှားယွင်းပူးတွဲခြင်း။ အမှုတစ်မှုတည်း အခင်းဖြစ်အကြောင်းခြင်းရာများ၊ ကွဲပြားခြားနားသော အကြောင်းအရာများကို မှားယွင်း၍ ပူးတွဲစွဲဆိုခြင်း အမျိုးမျိုးကွဲပြားခြားနားသော။
**multilateral (adj)** အမှုသည် နှစ်ဦးထက်ပို၍ ပါဝင်ခြင်း။ အပြည်ပြည်ဆိုင်ရာ စာချုပ်တွင် နိုင်ငံအများပူးပေါင်းပါဝင်ခြင်း။
**multi-party system** ပါတီစုံစနစ်။ နိုင်ငံရေးပါတီအများပါဝင်သောစနစ်။
**multiplicity of action (suits)** တရားပြိုင်တစ်ဦးအပေါ် ရပိုင်ခွင့်တစ်မျိုးတည်း၊ ကောက်ချက်တစ်မျိုးတည်းအတွက် အမှုများခွဲစွဲခြင်း (တရားမကျင့်ထုံးဥပဒေ အမိန့် ၂ နည်းဥပဒေ ၂)
**municipal** စည်ပင်သာယာရေး။
**municipal court** စည်ပင်သာယာရေးတရားရုံး။
**municipal law** စည်ပင်သာယာရေးဥပဒေ။
**muniment of title** မြေယာပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ (စာချုပ်များဂရံ၊ တရားရုံးဆုံးဖြတ်ချက်၊ ပိုင်ဆိုင်ကြောင်း မြေပုံများ)
**murder** သေစေရန်အကြံဖြင့် သတ်ဖြတ်ခြင်း။ သေစေလောက်သော ဒဏ်ရာကျင့်မှုကို ဖြစ်စေရန် အကြံဖြင့်ပြုလုပ်သော လူကိုသေစေမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၉ မှ ပုဒ်မ ၃၀၁ ကြည့်ပါ။)
**felony murder** ပြစ်မှုကြီးများကျူးလွန်စဉ် လူသတ်မှု။






www.burmeseclassic.com

www.burmeseclassic.com



**mass murder** အစုလိုက်အပြုံလိုက် လူသတ်မှု။
**mutation** အပြောင်းအလဲ၊ ပြောင်းလဲခြင်း။
**mutatis mutandis (latin)** with the necessary changes being made. လိုအပ်သလို ပြောင်းလဲခြင်းနှင့်အတူ။
**mute** ဆိတ်ဆိတ်နေခြင်း၊ မဖြေဘဲနေခြင်း။
**mutiny** စစ်ပုန်ကန်မှု။ သင်္ဘောသားများက အထက်အရာရှိကို ပုန်ကန်၍သင်္ဘောအပိုင်စီးခြင်း။
**mutual** နှစ်ဘက်သော အမှုသည်များက အပြန်အလှန်အကျိုးခံစားခွင့် နားလည်မှုသို့မဟုတ် အပြန်အလှန်သဘောတူညီချက်။
**mutual assent** ပဋိညာဉ်တွင် နှစ်ဘက်သဘောတူညီချက်။
**mutual consent** ၎င်းစကားလုံးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၄)တွင် သုံးနှုန်းထားပါသည်။ နှစ်ဦးသဘောတူသီးခြား နေထိုင်ခြင်း။ (မယား စရိတ်ရခွင့်မရှိ)
**mutuality** တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တစ်စုံတစ်ရာကို ဆောင်ရွက်ပေးရန် တာဝန်ယူကြခြင်း။
**mutuum** ပစ္စည်းတစ်စုံတစ်ရာကို ခေတ္တအပ်နှံထားရာတွင် ပြန်လည်ပေးအပ်သည့်အခါ အမျိုးအစားတူပစ္စည်းကို အစားပြန်ပေးခြင်း။ (ရောင်းချသည် သို့မဟုတ် လဲလှယ်ခြင်းဟု သဘောသက်ရောက်ပြီး အပ်နှံခြင်းဟု မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပေးအပ်ထားသော ပစ္စည်းများမှာ ပြန်မရနိုင်တော့၍ ဖြစ်သည်။)



# N

**nab (v)** ရုတ်တရက် ဖမ်းသည်။ ပြစ်မှုကျူးလွန်စဉ်ဖမ်းဆီးသည်။
**nail a lie** ပြောဆိုချက်မှားကြောင်း သက်သေပြသည်။
**narc (slang)** မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်သည့်ရဲဟပ်ဖွဲ့။
**nakcoterrorism (n)** မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ရာဇဝတ်မှု (အကြမ်းဖက်မှု)
**narcotic -** မူးယစ်ဆေးဝါး၊ ဥပဒေနှင့်ထိန်းချုပ်ထားသော ဆေးဝါး။
**nationalism** အမျိုးသားရေးဝါဒ။
**nationality** လူမျိုး၊ နိုင်ငံသားဖြစ်ခြင်း။
**nationalization (n)** ဘဏ်လုပ်ငန်း၊ စက်မှုလုပ်ငန်းများ စသည့်လုပ်ငန်းကြီးများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်း။
**nationalize (v)** နိုင်ငံပိုင်ပြုလုပ်သည်။
**naturalize (v)** နိုင်ငံသားအဖြစ်ခံယူသည်၊ နေရာသစ်၌နေသားတကျရှိအောင် လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**natural child** တရားဝင်အကြင်လင်မယားမှ မွေးသောကလေး။

**natural heritage** သဘာဝအမွေအနှစ်။

**natural justice** သဘာဝတရားမျှတမှု။

**natural life** လူတစ်ဦး၏ သဘာဝသက်တမ်း။

**N.B (latin) nota bene.** စာရွက်စာတမ်းများတွင် အရေးကြီးသော အချက်ကို သတိထားမိစေရန် ဖော်ပြသည့်အတိုကောက် အမှတ်အသား။

**N.P** အတိုကောက်စာလုံး **notary public** နိုတြီပဗ္ဗလစ်။

**natural law** ကမ္ဘာဦးလူတို့၏ နိယာမဥပဒေ။ သဘာဝနိယာမတရား (ကမ္ဘာမြေဆွဲအားသည် သဘာဝနိယာမ တရားဖြစ်သည်။)

**natural obligation** ပြဋ္ဌာန်းထားခြင်း မရှိသော သဘာဝဥပဒေ (မိဘက သားသမီးကို ကျွေးမွေးစောင့်ရှောက်ခြင်း)

**natural rights** မွေးရာပါလူ့အခွင့်အရေးများ။

**near relations** နီးစပ်သော ဆွေမျိုး။

**necessaries** တစ်ဦးတစ်ယောက်၏ ဘဝရပ်တည်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာ။ များအားဖြင့် ကျန်းမာရေးနှင့် စားဝတ်နေရေးပြည့်စုံရမည်။ (ကလေးများ၏ လိုအပ်ချက်များတွင် အစားအစာ ပညာသင်ကြားရေး အဝတ်အစားနေထိုင်ရေးတို့လိုသည်။) လူနေမှုအဆင့်အတန်းအရ လိုအပ်ချက်များ (ဘီလျံနာတစ်ဦးအနေဖြင့် ဇိမ်ခံကား၊ ကိုယ်ပိုင်ထမင်းချက် စသည် လိုအပ်သည်)

**necessary inference** အကြောင်းပြချက် တစ်ရပ်သည်မှန်ကန်သည့် အပေါ်တွင် အခြေတည်ထားသည်ဆိုလျှင် သုံးသပ်ချက်ကောက်ချက် တစ်ရပ်သည် ပျက်ပြယ်စေနိုင်သည့် မဟုတ်ပေ။

ဥပမာ။ မြို့နယ်တစ်ခုအတွင်းရှိ ရတနာပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် လုယက်မှုတစ်ခုဖြစ်ပွားသည်။ ရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်သူကို တွေ့ရှိလိုက်သည်ဆိုသော မျက်မြင်သက်သေများအား ရဲမှုခင်းမှတ်တမ်းရှိ လုယက်မှုတရားခံများ၏ ဓာတ်ပုံကို ပြသပြီးရွေးထုတ်စေသည်။ မျက်မြင်သက်သေတစ်ဦးက A ကို လုယက်မှုတရားခံအဖြစ်ရွေးထုတ်ပြသည်။ A အပေါ်လုယက်မှုဖြင့် စွဲချက်မတင်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လုယက်မှုဖြစ်ပွားပါသည်ဆိုသည့် အချိန်က A သည် အကျဉ်းထောင် တစ်ခုအတွင်း နှစ်ရှည်ထောင်ဒဏ် ကျခံနေရသူဖြစ်၍ ပြစ်မှုကျူးလွန်ရန် မဖြစ်နိုင်ကြောင်း necessary inference ရှိနေခြင်းကြောင့်ဖြစ်သည်။

**necessary party** တရားမမှုတစ်ခုတွင် မပါမဖြစ်ပါဝင်ရမည့် အမှုသည်။ ဥပမာခွင့်ပြုချက်နှင့် ထားသူကိုနှင်လိုမှုတွင် တစ်ဦးထက်ပိုသော သူများက ခွင့်ပြုချက်ပေးခဲ့ရာတွင် တစ်ဦးက ရုပ်သိမ်းခဲ့သော်လည်း အခြားသူတို့က ဆက်လက်၍ ခွင့်ပြုခြင်းမျိုးရှိနိုင်သည်ဖြစ်၍ ထိုအမှုမျိုးတွင် တစ်ဦးတည်းက တရားမစွဲဘဲ ခွင့်ပြုချက်ပေးသူအားလုံးက တရားလိုပြုလုပ်၍ တရားစွဲဆိုရန် လိုသည်။ (ဦးကိုကိုနှင့် ဒေါ်တင်ကြွယ် ၁၉၉၈ မတစ (စုံညီ) ၁၄၁)

– ဇနီးဖြစ်သူက ခင်ပွန်းကို လင်မယားကွာလိုမှုနှင့် ပစ္စည်းခန်းခွဲဝေပေးရန်တရားစွဲဆိုရာတွင် ခင်ပွန်းဖြစ်သူ၏ မိခင်ကိုပါ တရားပြိုင်အဖြစ် ထည့်သွင်း၍ တရားစွဲသည်။ ပစ္စည်းတစ်ခုသည် မိခင်ဖြစ်သူ အမည်ပါနေ၍ ၎င်းအမည်ပေါက်ခြင်းမှာလည်း အမည်ခံသာဖြစ်နေ၍ ရှင်းလင်းရန်လိုအပ်သောကြောင့် ခင်ပွန်းဖြစ်သူ၏ မိခင်သည် လိုအပ်သော အမှုသည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။ (ဒေါ်အေးမြင့်ပါ ၂နှင့် ဒေါ်လှကြွယ် ၁၉၇၆ မတစ ၁၁၆)

**necessitas facit licitum quod alias non est licitum--** လိုအပ်ချက်ကြောင့် ဥပဒေနှင့်ညီညွတ်ခြင်းဖြစ်သည်။ လိုအပ်ချက်မရှိပါက ဥပဒေနှင့်ညီညွတ်မှုရှိနိုင်မည်မဟုတ်။

**necessitas non habet legem. (necessity needs no law.)** လိုအပ်သည်အခါတွင် ဥပဒေမရှိ။ လိုအပ်သည့်အခါတွင် ဥပဒေကို အလေးမထားနိုင်။

**necessity-----** တစ်ဦးတစ်ယောက်အပေါ် ပတ်ဝန်းကျင်ဖိအားများ ကျရောက်လာခြင်းကြောင့် ပြစ်မှုတစ်ရပ်ကို မလွှဲမရှောင်သာ ကျူးလွန်ရခြင်း။

defence of necessity ကို အင်္ဂလိပ်ဥပဒေတွင် လက်ခံထားသော်လည်း ပြစ်မှုများ တရားစွဲဆိုခြင်းတွင် ရှင်းလင်းခြင်းမရှိပေ။ သို့ရာတွင် အောက်ပါအရင်းခံကြောင့် တရားသေလွှတ်ရန် ဖြစ်လာသည်။

၁။ အကျဉ်းထောင် မီးလောင်စဉ်အကျဉ်းသားထွက်ပြေး လွတ်မြောက်ခြင်း။





www.burmeseclassic.com

www.burmeseclassic.com



၂။ သဘော်နှစ်မည့်ကို အရေးပေါ်ကာကွယ်ရန်အတွက် သဘော်ပေါ်ပါ ကုန်များကို ရေထဲပစ်ချခြင်း။

၃။ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် ခွဲစိတ်ဆရာဝန်က လူနာ မောင်ဖြူကို ခွဲစိတ်ကုသရာတွင် မောင်ဖြူသေဆုံးသော်လည်း ဆရာ ဝန်မှ သေစေရန်အကြံမရှိ၍ ပြစ်မှုကျူးလွန်ရာ မရောက်ခြင်း။

– ခိုးမှု သို့မဟုတ် လူသတ်မှု (သဘော်ပျက်၍ လူတစ်စုကျွန်းတစ်ကျွန်းရောက်ရှိနေလျှင် ငတ်မွတ်နေ၍ လူတစ်ယောက်ကို သတ်၍စားခြင်း) နိုင်ငံတော်ပုန်ကန်မှု စသည်တို့တွင် necessity of defence ကို မသုံးစွဲနိုင်ပါ။ လောင်ကျွမ်းနေသော မီးကိုငြိမ်းသတ်ပြီးအတွင်း၌ ပိတ်မိနေသော လူနှင့်ပစ္စည်းကို ကယ်ထုတ်ရန်အတွက် အိမ်ကိုဖျက်၍ ဝင်ရောက်ခြင်း ။မီးကူးစက်မှု မရှိစေရန် အနီးအနားရှိ အိမ်များကို ဖျက်ခြင်းတို့အတွက် တာဝန်မရှိ ။မီးလောင်နေစဉ် တာဝန်ကျရဲကားများ မီးသတ်ကားများ လူနာတင်ကားများအတွက် မီးပွိုင့်များကို ဖြတ်သန်းရာတွင် ကင်းလွတ်ခွင့်ရခြင်း။

– ပြစ်မှုဆိုင်ရာဥပဒေပါ ကင်းလွတ်ရမြဲ အချက်များပုဒ်မ ၈၁၊ ၈၈၊ ၉၄ ကြည့်ပါ။

**nefarious (adj)**အလွန်မတရားသော၊ ယုတ်မာဆိုးသွမ်းသော ဥပဒေမဲ့သော။

**negate (v)** ငြင်းဆန်သည်၊ ပျက်ပြယ်စေသည်။

**negative pregnant** အဓိပ္ပါယ်ဒွိဟရှိသော ငြင်းဆိုချက်။ အဆိုအချေများတွင် ငြင်းဆိုချက်များ၌ ဆန့်ကျင်ဘက်အဓိပ္ပါယ် သွယ်ဝိုက်ပါနေခြင်း။ ဥပမာ ကျွန်တော်သည် ပြီးခဲ့သည်အင်္ဂါနေ့က A ထံမှ ငွေ ၁၀၀ကျပ်ကို ခိုးယူခဲ့ခြင်း မရှိပါဟုငြင်းဆိုလျှင် အဓိပ္ပါယ်သက်ရောက်သည်မှာ အင်္ဂါနေ့တွင် ခိုးမှုမကျူး လွန်သော်လည်း အခြားရက်များတွင် ခိုးမှုကျူးလွန်နိုင်သည်ဟု မှတ်ယူ နိုင်ခြင်း။ ၂၀၀၇ ခုနှစ်က မောင်ကသည် ငွေတစ်သိန်းကို အလွဲသုံးစား လုပ်ခဲ့သည်ဟု စွပ်စွဲရာ 'မောင်က' ကငြင်းသည် ၂၀၀၇ ခုနှစ်တွင် ငွေတစ်သိန်းကို အလွဲသုံးစားပြုလုပ်ခဲ့ခြင်း မရှိကြောင်း ထုချေရာအဓိပ္ပါယ်သက်ရောက်သည်မှာ ၂၀၀၇ မှအပ နှစ်တစ်နှစ်တွင်ဖြစ်စေ တစ်သိန်းမဟုတ်ဘဲအခြား ငွေပမာဏကို ဖြစ်စေ အလွဲသုံးစားပြုနိုင်ကြောင်း ပေါ်ပေါက်နေသည်။





- literal denial တရားလိုက တရားခံသည် ဇူလိုင်လ (၅)ရက်နေ့တွင် အရက်ဆိုင်၌ ရှိနေကြောင်း စွပ်စွဲရာ တရားခံက ထိုနေ့တွင် အရက်ဆိုင်၌ ရှိမနေကြောင်း ငြင်းဆိုရာတွင် တရားခံအနေဖြင့် ၎င်းထက်စောသောရက် သို့မဟုတ် နောက်ကျ သောရက်၌ အရက်ဆိုင်၌ရှိနေကြောင်း ဝန်ခံရာရောက်သည်။

- conjunctive denial ပေါင်း၍ ငြင်းဆိုခြင်း။

**neglect (v)(n)** လျစ်လျူရှုသည်၊ ပယ်ဖျက်သည်၊ စွန့်ပစ်သည်။ ပစ်ထားခြင်း၊ ဂရုမထားခြင်း၊ တာဝန်ပျက်ကွက်သည်၊ ပေါ့လျော့သည်။

**negligence (n)** တာဝန်ပျက်ကွက်မှု၊ ပေါ့လျော့မှု၊ တာဝန်ပျက်ကွက်မှုကြောင့် အပြစ်ပေးခံထိုက်အောင် ပျက်ကွက်မှု။ သာမန်လူတစ်ဦးလုပ်ကိုင်ဆောင်ရွက်နိုင်သောကိစ္စကို ပျက်ကွက်မှုသို့မဟုတ် သာမန်လူတစ်ဦးအနေဖြင့် မပြုလုပ်သည့်ကိစ္စကို လုပ်ကိုင်ခြင်း။ အထူးကျွမ်းကျင်ပါသည်ဆိုသော ပညာရှင်တစ်ဦးသည် ၎င်းနှင့်ပူးတွဲပါဝင်သည့် အဖွဲ့ဝင်ကျွန်ပညာရှင်များကဲ့သို့ လုပ်ဆောင်နိုင်သည်ဟု မျှော်လင့်ထားပြီး၊ မလုပ်ဆောင်နိုင်ပါက ပညာရပ်ဆိုင်ရာ တာဝန်ပျက်ကွက်မှု ပင်ဖြစ်သည်။

ပြစ်မှုများတွင်လည်း ပေါ့လျော့မှုဖြစ်နိုင်သည် (မော်တော်ယာဉ် မတော်တဆဖြစ်မှု) ပေါ့လျော့မှုကြောင့် အရေးကြီးသော လူသတ်မှုမဖြစ်သည့် လူသေမှု ဖြစ်သည်။ gross negligence အနည်းငယ်သော လုံးလဝိရိယစိုက်ထုတ်မှု၊ သတိထားမှုချို့တဲ့ခြင်း သို့မဟုတ် ပေါ့ဆခြင်း။ မိမိကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းရမည့် တာဝန်မျိုးကို ပျက်ကွက်ခြင်း။

**contributory negligence.** နစ်နာသူ၏ ပေါ့ဆမှု၊ ထိခိုက်နစ်နာသူကိုယ်တိုင်က ပေါ့ဆမှု။

**comparative negligence.** တရားလိုကိုယ်တိုင်က ပေါ့ဆခြင်းကြောင့် တရားပြိုင်ထံမှ နစ်နာကြေးတောင်းရာတွင် အချိုးကျလျှော့ပေါ့ရရှိခြင်း။ ဥပမာ Aသည် ကားအသွားအလာ ရှုတ်ထွေးသောလမ်းကို ထရပ်ကားနှစ်စီးကြားမှ ဖြတ်ကူးသည်။ ထို့ကြောင့် Aနှင့် ထရပ်ကားမောင်းသူတို့၏ မြင်ကွင်းများမှာ ရှုပ်ထွေးသွားသည်။ ထရပ်ကားသည် အမြန်မောင်းနှင်ခြင်း မပြုသော်လည်း တောင်ဆင်းဖြစ်၍ အရှိန်ရှိနေသည်။ Aကို တိုက်မိသွားသည်။ အမှုစစ်ဆေးရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပေါ့ဆမှုတွင် A အနေဖြင့် ၃၀% ယာဉ်မောင်းမှာ ၇၀% ပေါ့ဆသည်ဟု ဆုံးဖြတ်သည်။ တရားလိုကိုယ်တိုင်ပေါ့ဆမှု သီအိုရီအရ A ၏ သာမန်ရနိုင်သောလျော်ကြေးမှာ ငွေတစ်သိန်းဖြစ်သော်လည်း ငွေခုနစ်သောင်းသာ ရရှိမည်ဖြစ်သည်။

**negotiable (adj)** လွှဲပြောင်းနိုင်သော။

**negotiable instrument** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဥပဒေပုဒ်မ ၄၊ ၅၊ ၆ အရလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများမှာ –

(၁) ငွေပေးကတိစာချုပ်

(၂) ငွေလွှဲစာချုပ်

(၃) ဆောင်ယူလာသူသို့ပေးရန် ချက်လက်မှတ်များကို ဆိုလိုသည်။

- negotiation - စေ့စပ်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း။

- negotiate--- လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းကို လက်ရောက်ဖြစ်စေ ထပ်ဆင့်လက်မှတ်ရေး ထိုး၍ဖြစ်စေ လွှဲပြောင်းခြင်း။ ဆွေးနွေးညှိနှိုင်းသည်။

- negotiator စေ့စပ်ဆွေးနွေးသူ။

**nemo dat quod non habet.** (latin) no one can give what he has not got. မိမိတွင် မရှိသည့်အခွင့်အရေးကို အခြားသူတစ်ပါးအား မအပ်နှင်းနိုင်။

**nemo debet bis vexari** (latin) no man ought to be twice vexed. အမှုဖြစ်အကြောင်းခြင်းရာ တစ်ခုတည်းပေါ်တွင် နှစ်ကြိမ်တရားစွဲဆိုခြင်း မပြုရ (တရားသေလွှတ်ခံရသော တရားခံအပေါ် ထိုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ နှစ်ကြိမ်တရားစွဲဆိုခွင့်မရှိ)

**nomo est heres viventis** (latin) no one is the heirs of a living person. အသက်ရှင်နေဆဲ လူတစ်ဦး၏ အမွေကိုမည်သူမျှ ရယူခံစားခွင့်မရှိ။

**nomo tenetur seipsum accusare** (latin) no one is bound to incriminate himself. မည်သူမျှ မိမိကို မိမိအတင်းအကြပ် မစွတ်စွဲစေရ။

**nemo est supra leges** (latin)No one is above the law. တရားဥပဒေ၏ အထက်တွင် မည်သူမျှမရှိရ။





**nemo punitur pro alieno delicto.** no man is punishable for others wrong. အခြားသူများ၏ အမှားအယွင်းများအတွက် မည်သူတစ်ယောက်တွင်မှ ပြစ်ဒဏ်ပေးခြင်း မခံရစေရ။

**net--** ကုန်ကျစရိတ်များ၊ အခွန်များ၊ တန်ဖိုးလျော့ငွေများ၊ အရှုံးများ၊ အခြားအသုံးစရိတ်များ ထုတ်နှုတ်ပြီးနောက် အသားတင်ကျန်ငွေ။

**net earnings** အလုပ်သမားတစ်ဦးအတွက် ၎င်း၏ ဝင်ငွေထဲမှ အမြတ်ခွန်၊ လူမှုဖူလုံရေးကြေး စသည့်စရိတ်များနှုတ်ပြီး အသားတင်ဝင်ငွေ။ တစ်ခါတစ်ရံ take home pay ဟု ခေါ်သည်။

**net assets value** အသားတင် အရင်းအနှီးပိုင်ဆိုင်မှု၊ ကုမ္ပဏီတစ်ခု၏ နှစ်ချုပ်စာရင်း balance sheet ကို ရေးဆွဲသည့်အခါ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဘယ်ညာထား၍ ရေးဆွဲကြသည်။ လက်ငင်းရပိုင်ခွင့် current assets နှင့် ပုံသေရပိုင်ခွင့် net assets များကို ပေါင်း၍ ပေးရန်တာဝန်များ နှုတ်လိုက်သောအခါ အကျန်ရပိုင်ခွင့်ကို အသားတင်ရပိုင်ခွင့်များ၊ အသားတင်အရင်းအနှီးပိုင်ဆိုင်မှုဟုခေါ်သည်။

**net income** အသားတင်ဝင်ငွေ၊ အခွန်ထမ်းဆောင်ပြီး (ဥပဒေအရ နှုတ်ပယ်ပိုင်ခွင့်များကို နှုတ်ပြီး) ဝင်ငွေ၊ အမြတ်။

**net profit** အသားတင်အမြတ်။

**neutrality** စစ်အတွင်းကြားနေခြင်း။တိုင်းပြည်နှစ်ခု စစ်ဖက်ဖြစ်ပွားနေချိန် အခြားတိုင်းပြည်တစ်ခုက မည်သည့်ဘက်မှ မပါဘဲကြားနေခြင်း။

**neutralization** ကြားနေအောင်လုပ်ခြင်း၊ ပျက်ပြယ်အောင်လုပ်ခြင်း၊ သက်သေမှတစ်ဘက်သို့ လိုက်ပါထွက်ဆိုရာတွင် တင်ပြသည့်ဘက် အကျိုးဆောင်မှ သက်သေ၏ထွက်ချက်ကိုပျက်ပြားအောင် ပြန်လှန်မေးခွန်းများ မေးမြန်းခြင်းဖြင့်ကြေးပမ်းခြင်း။

**neutralized state** ကြားနေအဖြစ်အသိအမှတ်ပြုခံနိုင်ငံ။

**nevertheless (adv & conj)** သို့သော်ငြားလည်း။

**new trial**---အယူခံရုံး၏ **အမိန့်**အရ မူလရုံး၌ ဒုတိယအကြိမ်ပြန်လည်စစ်ဆေးခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁ နည်း ၂၃ အရ မူလရုံးသည်



www.burmeseclassic.com

www.burmeseclassic.com



တွင် ပေါ့ဆမှုတွင် A အနေဖြင့် ၃၀% ယာဉ်မောင်းမှာ ၇၀% ပေါ့ဆသည်ဟု ဆုံးဖြတ်သည်။ တရားလိုကိုယ်တိုင်ပေါ့ဆမှု သီအိုရီအရ A ၏ သာမန်ရနိုင်သောလျော်ကြေးမှာ ငွေတစ်သိန်းဖြစ်သော်လည်း ငွေခုနစ်သောင်းသာ ရရှိမည်ဖြစ်သည်။

**negotiable (adj)** လွှဲပြောင်းနိုင်သော။

**negotiable instrument** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဥပဒေပုဒ်မ ၄၊ ၅၊ ၆ အရလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများမှာ –

(၁) ငွေပေးကတိစာချုပ်

(၂) ငွေလွှဲစာချုပ်

(၃) ဆောင်ယူလာသူသို့ပေးရန် ချက်လက်မှတ်များကို ဆိုလိုသည်။

- negotiation - စေ့စပ်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း။

- negotiate--- လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းကို လက်ရောက်ဖြစ်စေ ထပ်ဆင့်လက်မှတ်ရေး ထိုး၍ဖြစ်စေ လွှဲပြောင်းခြင်း။ ဆွေးနွေးညှိနှိုင်းသည်။

- negotiator စေ့စပ်ဆွေးနွေးသူ။

**nemo dat quod non habet.** (latin) no one can give what he has not got. မိမိတွင် မရှိသည့်အခွင့်အရေးကို အခြားသူတစ်ပါးအား မအပ်နှင်းနိုင်။

**nemo debet bis vexari** (latin) no man ought to be twice vexed. အမှုဖြစ်အကြောင်းခြင်းရာ တစ်ခုတည်းပေါ်တွင် နှစ်ကြိမ်တရားစွဲဆိုခြင်း မပြုရ (တရားသေလွှတ်ခံရသော တရားခံအပေါ် ထိုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ နှစ်ကြိမ်တရားစွဲဆိုခွင့်မရှိ)

**nomo est heres viventis** (latin) no one is the heirs of a living person. အသက်ရှင်နေဆဲ လူတစ်ဦး၏ အမွေကိုမည်သူမျှ ရယူခံစားခွင့်မရှိ။

**nomo tenetur seipsum accusare** (latin) no one is bound to incriminate himself. မည်သူမျှ မိမိကို မိမိအတင်းအကြပ် မစွတ်စွဲစေရ။

**nemo est supra leges** (latin)No one is above the law. တရားဥပဒေ၏ အထက်တွင် မည်သူမျှမရှိရ။





**nemo punitur pro alieno delicto.** no man is punishable for others wrong. အခြားသူများ၏ အမှားအယွင်းများအတွက် မည်သူတစ်ယောက်တွင်မှ ပြစ်ဒဏ်ပေးခြင်း မခံရစေရ။

**net--** ကုန်ကျစရိတ်များ၊ အခွန်များ၊ တန်ဖိုးလျော့ငွေများ၊ အရှုံးများ၊ အခြားအသုံးစရိတ်များ ထုတ်နုတ်ပြီးနောက် အသားတင်ကျန်ငွေ။

**net earnings** အလုပ်သမားတစ်ဦးအတွက် ၎င်း၏ ဝင်ငွေထဲမှ အမြတ်ခွန်၊ လူမှုဖူလုံရေးကြေး စသည့်စရိတ်များနုတ်ပြီး အသားတင်ဝင်ငွေ။ တစ်ခါတစ်ရံ take home pay ဟု ခေါ်သည်။

**net assets value** အသားတင် အရင်းအနှီးပိုင်ဆိုင်မှု၊ ကုမ္ပဏီတစ်ခု၏ နှစ်ချုပ်စာရင်း balance sheet ကို ရေးဆွဲသည့်အခါ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဘယ်ညာထား၍ ရေးဆွဲကြသည်။ လက်ငင်းရပိုင်ခွင့် current assets နှင့် ပုံသေရပိုင်ခွင့် net assets များကို ပေါင်း၍ ပေးရန်တာဝန်များ နုတ်လိုက်သောအခါ အကျန်ရပိုင်ခွင့်ကို အသားတင်ရပိုင်ခွင့်များ၊ အသားတင်အရင်းအနှီးပိုင်ဆိုင်မှုဟုခေါ်သည်။

**net income** အသားတင်ဝင်ငွေ၊ အခွန်ထမ်းဆောင်ပြီး (ဥပဒေအရ နုတ်ပယ်ပိုင်ခွင့်များကို နုတ်ပြီး) ဝင်ငွေ၊ အမြတ်။

**net profit** အသားတင်အမြတ်။

**neutrality** စစ်အတွင်းကြားနေခြင်း။တိုင်းပြည်နှစ်ခု စစ်ဖက်ဖြစ်ပွားနေချိန် အခြားတိုင်းပြည်တစ်ခုက မည်သည့်ဘက်မှ မပါဘဲကြားနေခြင်း။

**neutralization** ကြားနေအောင်လုပ်ခြင်း၊ ပျက်ပြယ်အောင်လုပ်ခြင်း၊ သက်သေမှတစ်ဘက်သို့ လိုက်ပါထွက်ဆိုရာတွင် တင်ပြသည့်ဘက် အကျိုးဆောင်မှ သက်သေ၏ထွက်ချက်ကိုပျက်ပြားအောင် ပြန်လှန်မေးခွန်းများ မေးမြန်းခြင်း ဖြင့်ကြိုးပမ်းခြင်း။

**neutralized state** ကြားနေအဖြစ်အသိအမှတ်ပြုခံနိုင်ငံ။

**nevertheless (adv & conj)** သို့သော်ငြားလည်း။

**new trial**---အယူခံရုံး၏ အမိန့်အရ မူလရုံး၌ ဒုတိယအကြိမ်ပြန်လည် စစ်ဆေးခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁ နည်း ၂၃ အရ မူလရုံးသည်



www.burmeseclassic.com

www.burmeseclassic.com



ပဏာမကောက်ချက်ပေါ်တွင်သာ မူတည်၍ ဆုံးဖြတ်သော ဒီကရီကို အယူခံရုံးက ပယ်ဖျက်ထားခဲ့သော် အယူခံရုံးသည် သင့်လျော်သည်ဟု ထင်မြင်လျှင် မူလရုံးသို့ ပြန်လည်စစ်ဆေးရန် လွှဲအပ်ပေးပို့နိုင်သည်။ မူလရုံးသည် အမှုတစ်ခုလုံး၏ အရည်အသွေးအရ ဆုံးဖြတ်ပြီး ကောက်ချက်အားလုံးကို သက်သေခံချက်အရ ဆုံးဖြတ်လျှင် ဤနည်းဥပဒေနှင့် မသက်ဆိုင်။

အမွေဆိုင်မြေနှင့် အိမ်ကို အမွေဆိုင်သားသမီးငါးဦးအနက် လေးဦးထံမှ ဝယ်သူက ကျန်တစ်ဦးကို ခွဲဝေပေးစေလိုမှုစွဲဆိုရာတွင် ရောင်းသူအမွေဆိုင်များအားလုံးကို အမှုသည်များအဖြစ်ထည့်သွင်း၍ ပြန်လည်စစ်ဆေးရန်။

(ဒေါ်စိန်ဖြူနှင့် မောင်တင်မြင့် ၁၉၆၃ မတစ ၉၆၁)

ပြစ်မှုများတွင်လည်း အမှုမှအပြတ်လွှတ်သည့်အမိန့်ကို အယူခံသည့် အမှုတွင် ၎င်းအမိန့်ကို ပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန်ဖြစ်စေ၊ ပြန်လည်စစ်ဆေးရန်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန်ဖြစ်စေ ညွှန်ကြားနိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၂၃ (၁)(က)(ခ))

**next friend** အနီးစပ်ဆုံးမိတ်ဆွေ၊ တရားမမှုတစ်မှုတွင် အရွယ်မရောက်သေးသူ၊ ရူးသွပ်သူစိတ်မနှံ့သူတို့၏ အကျိုးအတွက် ကိုယ်စားဝင်ရောက်ဆောင်ရွက်သူ။ ထိုသူသည် အုပ်ထိန်းသူအဖြစ် တရားရုံးက ခန့်အပ်ထားသူ မဟုတ်သလိုအဆိုပါ တရားမမှု၏ အမှုသည်လည်း မဟုတ်ပေ။ အနီးစပ်ဆုံးဆွေမျိုးလည်းဖြစ်နိုင်ပါသည်။ အရွယ်မရောက်သေးသူများနှင့် စိတ်ပေါ့သွပ်သူများကဖြစ်စေ၊ ၎င်းတို့အပေါ်ဖြစ်စေစွဲဆိုသော အမှုများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၂ တွင် ကြည့်ပါ။

**next of kin** ဆွေမျိုးရင်းချာ၊ သွေးရင်းသားရင်း၊ အနီးစပ်ဆုံးဆွေမျိုး။

**nexus** အဆက်အသွယ်၊ ဆက်စပ်မှု၊ အနှောင်အဖွဲ့။

**nisi (adj) (latin) ----** အပြီးသတ်မဟုတ်။ အကြွင်းမဲ့ပြည့်စုံခြင်းမဟုတ်။ အတည်မဖြစ်သေးသော ဒီကရီအမိန့်ချမှတ်ခြင်းခံရသူသည် သတ်မှတ်သော အချိန်ကာလအတွင်း မခုခံမချေပနိုင်လျှင် အတည်ဖြစ်သွားသည်။

**no fault** ၁။ အမေရိကန်နိုင်ငံရှိ လင်မယားကွာရှင်းခြင်း တစ်မျိုး။ လင်နှင့်မယားနှစ်ဦးစလုံးက ကွာရှင်းခွင့်ရှိရန် တစ်ဘက်မှအမှားကိုသက်သေမပြနိုင်ခြင်း





၂။ အာမခံစနစ်တစ်ခု။ ကားမတော်တဆပြစ်မှုတွင် လူအများထိခိုက်ဒဏ်ရာရရှိခဲ့ရာ ဒဏ်ရာရသူအားလုံးကို လျော်ကြေးပေးရာတွင် မည်သူ၏အမှားဟုမစဉ်းစားပေ။

ဥပမာ။ နံနက် ၁ နာရီခန့်တွင် မော်တော်ကားနှစ်စင်းတိုက်မှုဖြစ်ပွားသည်။ ဒရိုင်ဘာတစ်ဦးက အခြားဒရိုင်ဘာမှာ မီးနီကိုဖြတ်မောင်းကြောင်း အသီးသီး ပြောဆိုသည်။ no fault အာမခံစီမံကိန်း၏အောက်တွင် မည်သူသည် မီးနီကိုဖြတ်မောင်းခြင်းမှာ မစပ်ဆိုင်သောအချက်ဖြစ်သည်။ ထိုစီမံကိန်းအရ ဒရိုင်ဘာများသည် ဒဏ်ရာရခြင်းအတွက် မိမိထားရှိသော အာမခံကုမ္ပဏီမှ လျော်ကြေးငွေကိုရရှိမည်ဖြစ်သည်။

အကယ်၍ ဒဏ်ရာရရှိမှုမှာ များပြားလျှင်မှားယွင်းမှုသည် စပ်ဆိုင်သော အချက်ဖြစ်လာသည်။ အာမခံမှပေးနိုင်သော ငွေကြေးပမာဏထက်ပို၍ ရယူလိုသော ဒဏ်ရာရသူသည် မှားယွင်းမှုအပေါ်အခြေခံ၍ တရားမမှုကို စွဲဆိုရာ no fault စီရင်ပိုင်ခွင့်ရှိသော်လည်း ယေဘုယျအားဖြင့် အမှုကိုလက်ခံကြားနာသည်။ no fault စနစ်အောက်တွင် များစွာသောအမှုတို့သည် မည့်သို့ပင်ဆိုစေကာမူ တရားစွဲဆိုမှု မရှိတော့ဘဲ ပြေငြိမ်းသွားကြသည်။

**nolens volens (latin)** whether willing or unwilling စိတ်ပါသည်ဖြစ်စေ မပါသည် ဖြစ်စေ၊ သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ လိုလိုလားလား ရှိသည်ဖြစ်စေ မလိုလားသည်ဖြစ်စေ။

**nolle prosequi** -(latin )"not to wish to prosecute;"တရားစွဲဆိုရန်စိတ်မပါတော့ သောအမှုကို ဆက်လက်မစွဲဆိုတော့ကြောင်း တရားဝင်အကြောင်းကြားခြင်း။ တရားမမှုတွင်ဖြစ်စေ၊ ပြစ်မှုတွင်ဖြစ်စေ အမှုကိုဆက်လက်စွဲဆိုရန် ဆန္ဒမရှိတော့ ခြင်း။ အမှုကို ရုပ်သိမ်းခြင်း၊ တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်ကာလစည်းကမ်းသတ်ဥပဒေများကို အထောက်အထားပြု၍ အမှု ရုပ်သိမ်းခဲ့ခြင်းအပေါ် အဆိုပါအမှုနှင့်စပ်လျဉ်း၍ နောက်ထပ်အမှုစွဲဆိုရန် ပိတ်ပင် ခြင်းမရှိ။

unlike an acquittal a nolle prosequi does not bar a further



www.burmeseclassic.com

www.burmeseclassic.com



prosecution.(တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်းဥပဒေ ၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ ကြည့်ပါ။)

**nolo contendere.**( latin;) I do not wish to contend, fight or maintain (a defense) ခုခံပြောဆိုရန် ဆန္ဒမရှိ။ နိုင်ငံတော်မှ စွဲဆိုချက်အပေါ် တရားခံသည် ခုခံချေပရန် မရှိပေ။

**nominal (adj)** အမည်ခံဖြစ်သော၊ အရေးမကြီးသော။ တစ်ချို့မှာရာထူးလက်ခံရရှိထားပြီး အဆိုပါရာထူးတွင် လုပ်ငန်းမဆောင်ရွက်သော။ The king was a nominal figurehead because he had no power. ဘုရင်မှာ စည်းမျဉ်းခံဘုရင်ဖြစ်ပြီး ၎င်းတွင် အာဏာမရှိပေ။

**nomial damages** စတိလျော်ကြေးပေးခြင်း။ နစ်နာမှုကို အသိအမှတ်ပြုသည့်အနေဖြင့် အနည်းငယ်သော စတိလျော်ကြေးပေးခြင်း။ ပဋိညာဉ်ကိုဖောက်ဖျက်မှုကြောင့် သို့မဟုတ် တရားမနစ်နာမှုဖြစ်ကြောင်း ထင်ရှားသော်လည်း ပြန်လည်ရယူနိုင်လောက်အောင် ဆုံးရှုံးမှုမတွေ့ရ၍ (တစ်နည်းအားဖြင့် မပြောမလောက်သော နစ်နာထိခိုက်မှုသာ တွေ့ရ၍) စတိလျော်ကြေးသာပေးခြင်း။ ဥပမာ ငွေတစ်ကျပ်လျော်ကြေးပေးစေခြင်း။

**nominal partner** (ostensible partner) လူတစ်ဦးသည် အစုစပ်လုပ်ငန်းတစ်ခုတွင် အစုဝင်တစ်ဦး မဟုတ်သော်လည်း ၎င်း၏အမည်ကို လုပ်ငန်းတွင်အသုံးပြုစေခြင်း သို့ရာတွင် အဆိုပါလုပ်ငန်းမှ မည်သည့်အကျိုးစီးပွားမှာ မရရှိခြင်း။ အစုစပ်လုပ်ငန်းများတွင် ဝင်ရောက်စွတ်ဖက်လုပ်ကိုင်နေ၍ အများအမြင်တွင် အစုဝင်တစ်ဦးအဖြစ် ထင်မှတ်မှားခြင်းခံရသူ။

**nominal party** အမည်ခံအမှုသည်။ တရားမမှုတစ်ခုတွင် အကျိုးကျေးဇူးရရန်လည်းမရှိ တာဝန်မရှိသော်လည်း ဥပဒေအရ မပါမဖြစ်ထည့်သွင်းရသည့် တရားလိုဘက်သို့မဟုတ် တရားပြိုင်ဘက်မှပါဝင်လာသူ။ အမှုတွင် မပါမဖြစ်ပါဝင်ရန်လိုအပ်သည့်အမှုသည်များမှာ ၎င်းတို့ မပါလျှင်တရားရုံးက ထိရောက်သော ဒီကရီကို အလျဉ်းချမှတ်ခြင်း မပြုနိုင်သူများဖြစ်သည်။ ဥပမာ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာတွင် သားတစ်ဦးသည် မိဘများမသေမီကပင် အမွေဝေစုပြီးဖြစ်နေ၍ ၎င်းကိုချန်လှပ်ပြီး တရားစွဲဆိုရာ ထိုသားမပါဝင်ဘဲ





တရားစွဲဆိုခွင့်မရှိ၍ ၎င်းမှာ မပါမဖြစ်အမှုသည်အဖြစ် ပါဝင်မည်ဖြစ်သည်။

**nominate** ရွေးကောက်ခြင်း သို့မဟုတ် ခန့်အပ်ခြင်းတွင် လူတစ်ဦး၏ လူတစ်ဦးအမည်ကို စာရင်းတင်သွင်းခြင်း။

**nomination** အာဏာပိုင်သို့မဟုတ် အစိုးရက အဖွဲ့အစည်းသို့မဟုတ် ကောင်စီအတွက် မဲဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲဖြင့်လည်းကောင်း ရွေးချယ်ခြင်း မဟုတ်ဘဲ တစ်ခါတည်းအမည်စာရင်းပေးခြင်း။ လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးခံရန် အမည်စာရင်းတင်သွင်းခြင်း။

**nominee**---ရုံး၊ ရာထူး၊ တာဝန်အတွက် အမည်စာရင်းတင်သွင်းခံရသူ။ ဥပမာ A သည် B ထံမှ ပစ္စည်းတစ်ခုဝယ်ယူရန် သဘောတူခဲ့သည်။ ဝယ်သူနေရာတွင် A က အခြားသူတစ်ဦး၏ အမည်ကိုဖော်ပြရန် တောင်းဆိုရာ B က လက်ခံပြီး သဘောတူစာချုပ်တွင် ဝယ်သူနေရာ၌ A သို့မဟုတ် ၎င်းက အမည်စာရင်းတင်သွင်းသူ (ဥပမာ C) ဟု ရေးသားခြင်း။

**non compos mentis** (latin); not master of one's own mind. စိတ်မနှံ့ ခြင်း၊ စိတ်ဖောက်ပြန်ခြင်း မိမိ၏ကိုယ်ပိုင်အရေးအရာများ သို့မဟုတ် အမှုအခင်း များကို စီမံခန့်ခွဲရန် အရည်အချင်းမပြည့်စုံသူ။ မစွမ်းဆောင်နိုင်သူ။

**nomographer** ဥပဒေကြမ်းများ ရေးဆွဲသူ။ ဥပဒေကြမ်းများ ရေးဆွဲရာတွင် ကျွမ်းကျင်သူ။

**nomography** ဥပဒေရေးဆွဲရေး အတတ်ပညာ။

**non** (latin; not, no) မရှိ၊ မဟုတ်၊ တစ်ခါတရံ သီးခြားစကားလုံးအနေဖြင့် သုံးပြီး တစ်ခါတစ်ရံ ရှေ့ဆက်စကားလုံးအနေဖြင့် သုံးသည်။

**nonability** မိမိကိုယ်တိုင် တရားစွဲဆိုရန် မစွမ်းဆောင်နိုင်သူ။

**nonacceptance**-လက်မခံခြင်း၊ ပယ်ချခြင်း၊ ပဋိညာဉ်တွင် တစ်ဖက် မှ ကမ်းလှမ်းချက်ကို လက်မခံခြင်း။

**nonaccess** (မိသားစုဥပဒေ) ယောက်ျားနှင့်မိန်းမ ကိုယ်လက်နှီးနှောရန် အခွင့်အလမ်းမရှိခြင်း၊ nonaccess ကို ကလေးဖခင်အဖြစ် ကြေငြာပေးရန် စွဲဆိုမှုများတွင် ခုခံချေပခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**nonadmission** လက်မခံခြင်း။ သက်သေခံတင်သွင်းရာတွင် ဥပဒေနှင့်မညီ၍ လက်မခံခြင်း။

**non-alignment** ကြားနေရေးဝါဒစနစ်ကျင့်သုံးမှု။

**non-agression pact** မကျူးကျော်ရေးစာချုပ်။

**non-apperance**--တရားရုံးသို့ လာရောက်ရန်ပျက်ကွက်ခြင်း။ တရားရုံးရှေ့ရောက်ရှိနေသောအမှုတွင် တရားလို/တရားပြိုင်များချိန်းဆိုသော နေ့ရက်၌ လာရောက်ရန်ပျက်ကွက်ခြင်း။

**non bailable** အာမခံပေး၍မရသော။ တရားခံသည် လူသတ်မှုကျူးလွန်ကြောင်းဖြင့် စွတ်စွဲခံနေရ၍ အမှုအတောအတွင်း ယေဘုယျအားဖြင့် အာမခံမရနိုင်ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား ၂တွင် အာမခံမပေးနိုင်သောပြစ်မှုများကို ဖော်ပြထားပါသည်။

**non bailable offence** အာမခံမပေးနိုင်သောပြစ်မှု။

**non cognizable offence** ရဲအရေးယူပိုင်ခွင့် မရှိသောပြစ်မှု။

**non claim** အမှုသည်တစ်ဦးအနေဖြင့် မိမိ၏ရပိုင်ခွင့်ကို ကာလစည်းကမ်းသတ်ကာလအတွင်း တောင်းဆိုရန်ပျက်ကွက်ခြင်း။ အကျိုးဆက်အနေဖြင့် ရပိုင်ခွင့်ကိုတောင်းဆိုပိုင်ခွင့် မရှိတော့ပေ။

**non consent** လွတ်လပ်သော သဘောတူညီချက်မရှိခြင်း။ မုဒိန်းမှုများတွင် အချက်တစ်ရပ်အနေဖြင့် ကာယကံရှင်မိန်းကလေး၏ လွတ်လပ်သော သဘောတူညီချက်မရှိခြင်း။

**nondisclosure** ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း၊ ငြင်းဆိုခြင်း။

**nonfeasance (n)** ဆောင်ရွက်ရန်တာဝန်ရှိလျက်နှင့် မဆောင်ရွက်ဘဲပျက်ကွက်ခြင်း။

**non est factum** စာချုပ်စာတမ်းပြုလုပ်ခြင်းနှင့် ပတ်သက်၍ စွတ်စွဲခံရသော တရားပြိုင်က ထိုစာချုပ်မပြုလုပ်ရပါဟု ခုခံချေပခြင်း။

**non issuable plea** လျှောက်ထားတင်ပြချက်သည် မခိုင်လုံမပေါ်လွင်၍ တရားရုံးအနေဖြင့် ထိုက်သင့်ရာကိုဆုံးဖြတ်နိုင်ရန် ကောက်ချက်သို့မဟုတ်





ငြင်းချက်ထုတ်နိုင်လိမ့်မည်မဟုတ်။ ထိုသို့သော လျှောက်ထားတင်ပြချက်မှာ ရုပ်စဲသွားသည်။

**non joinder** တရားမမှုတစ်မှုတွင် အမှုသည်အဖြစ် ပါဝင်ရမည့်သူကို ထည့်သွင်းခြင်း၊ တရားလိုသို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်ရမည့်သူကို ထည့်သွင်းထားခြင်း မရှိလျှင် အမှုကိုပလပ်ခြင်းမပြုဘဲ လိုအပ်သည့်အမှုသည်ကိုထည့်သွင်းစေပြီး အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်းဥပဒေ ၉)

**non negotiable (adj)** သဘောတူညီချက်သို့မဟုတ် စည်းကမ်းချက်ကို ပြောင်းလဲ၍မရပါ။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း၊ ပေးအပ်ခြင်းဖြင့် လွှဲပြောင်း၍မရသော ငွေပေးကတိစာချုပ် ချက်လက်မှတ်စသည် .......

**non obstante veredicto**(latin) ဂျူရီဆုံးဖြတ်ချက်ဖြစ်သော် ငြားလည်း

**nonoccupier** သီးသန့်မြေအစိတ်အပိုင်းကို ပိုင်ဆိုင်ရထားခြင်း မရှိသော အဆိုပါ မြေပေါ်တွင် ဝင်ရောက်နေသူသည် ဖိတ်ခေါ်ထားချက်အရဖြစ်စေ၊ ခွင့်ပြုချက်အရဖြစ်စေ နေထိုင်သူသာဖြစ်ခြင်း။

**non prosequitur**-(latin) တရားလိုသည်အမှုကိုဆက်လက် ဆောင်ရွက်ဆေးခြင်း မပြု၍ တရားရုံးက တရားလိုကိုဆန့်ကျင်ပြီး စီရင်ချက်ချမှတ်သည်။

**non sequitur** (latin) ဖော်ပြချက်တစ်ရပ်သည် အခြားသော ဖော်ပြချက်တစ်ရပ်နှင့် ကြောင်းကျိုးဆက်စပ်မှုမရှိကြောင်း ညွှန်ပြသည်။

**non service** တရားမမှုသို့မဟုတ် ပြစ်မှုများတွင် သမ္မာန်စာ၊ ဝါးရမ်းစာ၊ ဆင့်ခေါ်စာများ အတည်မဖြစ်ခြင်း။

**nonsuit** ယေဘုယျအားဖြင့် တရားလို (အခွင့်အရေးတောင်းဆိုသူ)က စွဲဆိုထားသော အမှုကို ပြန်လည်ရုပ်သိမ်းခြင်း။ တရားမမှုတွင် တရားလိုသည် လုံလောက်သော သက်သေခံများကို တရားရုံးသို့ မတင်ပြနိုင်သောကြောင့် တရားရုံးမှ အမှုကိုပယ်ခြင်း။ သို့မဟုတ် တရားရုံးမှ တရားလိုဘက်သို့ အသာပေးနိုင်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် လုံလောက်သော ဥပဒေ အချက်အလက်များကို တရားလိုမှမတင်ပြနိုင်ခြင်းကြောင့် အမှုကိုပယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ မနီအနေဖြင့် အေစတိုးမှ ဝယ်ယူခဲ့သော အဝတ်လျှော်စက်သည် ချို့ယွင်းချက်များရှိနေသည်ဆိုကာ စတိုးဆိုင်ကို တရားစွဲသည်။ အမှုစတင်ချိန်တွင် မနီအနေဖြင့် အဆိုပါအဝတ်လျှော်စက်ကို အေစတိုးမှ ဝယ်ယူခဲ့ကြောင်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိပေ။ တရားရုံးက တရားလို မနီအပေါ် ဆန့်ကျင်ကာ nonsuit ဟု ကြေငြာပြီး မနီစွဲဆိုသော အမှုကိုပယ်ချလိုက်သည်။

**non transferable ticket.** လေယာဉ်လက်မှတ်များပေါ်တွင် ခရီးသည်၏ အမည်ကိုရေးသားထား၍ အဆိုပါခရီးသည်မှအပ အခြားသူစီးနင်းလိုက်ပါခွင့် မရှိခြင်း။ အခြားသူသို့လွှဲပြောင်း မပေးနိုင်ခြင်း။

**norm (n)** စံချိန်၊ မူဝါဒ၊ အဆင့်၊ အမျိုးအစား။

**noscitur a sociis** latin; it is known by its associats. ဥပဒေတစ်ရပ်တွင် စာလုံးနှစ်လုံးသို့မဟုတ် နှစ်လုံးထက်ပိုသော စာလုံးများသည် အုပ်စုတစ်ခုဖြင့် ပါဝင်သည့်အခါ၊ လုံးကောက်အဓိပ္ပါယ်ကို မယူရဘဲ ခြုံငုံ၍ အဓိပ္ပါယ်ကောက်ယူခြင်း၊ ဆက်စပ်၍အဓိပ္ပါယ်ကောက်ခြင်း ဖော်ထုတ်ခြင်း။

**not negotiable** လွှဲပြောင်းခြင်း မပြုနိုင်။ အထူးသဖြင့်ချက် လက်မှတ်များပေါ်၌ မျဉ်း ၂ ကြောင်း ကန့်လန့်ဖြတ်ထားပြီး မျဉ်းအတွင်း အထက်ပါစာသားကို ရေးသားပါက ချက်လက်မှတ်ပါ အမည်ရှင်သည် ထပ်ဆင့်လွှဲပြောင်းခြင်း မပြုနိုင်ဘဲ မိမိ၏ငွေစာရင်းသို့သာ ဖြည့်သွင်းနိုင်သည်။ ဤနည်းဖြင့် ချက်လက် မှတ်တစ်စောင်ကို ကာကွယ်နိုင်သည်။

**notarize** စာချုပ်စာတမ်းသက်သေခံအရာရှိ (notary public)က စာချုပ်စာတမ်းများကို တရားဝင်ဖြစ်အောင် ပြုလုပ်ပေးသည်။

**notary public** စာချုပ်စာတမ်းသက်သေခံအရာရှိ၊ စာချုပ်စာတမ်းဆိုင်ရာ ရှေ့နေ၊ စာချုပ်စာတမ်းမှန်ကြောင်း သက်သေခံတံဆိပ်ရိုက်ခတ်သည့် အရာရှိ နိုတြီပဗ္ဗလစ် မှတ်ပုံတင်အရာရှိ။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃၈ အရ ပြည်ထောင်စုတရားသူကြီးချုပ်က တရားရုံးချုပ် ရှေ့နေများအား ဒေသကန့်သတ်၍ နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများ ဆောင်ရွက် နိုင်ရန် နိုတြီပဗ္ဗလစ်များအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်သည်။





**noting** လက်မခံခြင်းကြောင့်ဖြစ်စေ၊ ငွေမပေးချေခြင်းကြောင့်ဖြစ်စေ၊ ကတိလက်မှတ်ကိုသော်လည်းကောင်း၊ ငွေလွှဲလက်မှတ်ကိုသော်လည်းကောင်း ငြင်းပယ်သည့်အခါ လက်ရှိဖြစ်သူသည် ငြင်းပယ်ခံရခြင်းအပေါ် နိုတြီပဗ္ဗလစ်အား မှတ်သားခိုင်းခြင်းကို **noting** ဟုခေါ်သည်။

နိုတြီပဗ္ဗလစ်သည် လက်မှတ်တွင်ဖြစ်စေ ပူးတွဲဇါစာရွက်အလွတ်တွင်ဖြစ်စေ ငြင်းပယ်ရသည့်အကြောင်းရင်း၊ ငြင်းပယ်သည့်နေ့စွဲ၊ ငြင်းပယ်ခြင်း၏ အကြောင်းအရာ စာချုပ်ကိုအတိအလင်း ငြင်းပယ်ခြင်းမရှိလျှင် လက်ရှိဖြစ်သူက အဘယ်ကြောင့် ငြင်းပယ်ကြောင်းနှင့် notary public ၏ အခကြေးငွေများကို noting ရေးမှတ်ထားခြင်း။

(လွှဲပြောင်းနိုင်သော စာချုပ်စတမ်းများအက်ဥပဒေများ အက်ဥပဒေပုဒ်မ ၉၉)

**note** အမှုတွဲတွင် တရားသူကြီးက ရေးသားထားသော မှတ်တမ်း (memorandum)။ တစ်ဦးက အခြားသူတစ်ဦးသို့ဖြစ်စေ လက်ဝယ်ရှိသူသို့ဖြစ်စေ စာဖြင့်ရေးသားပေးသည့် ငွေပေးရန်ကတိ။ note သည် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းကို လူနှစ်ဦးတည်းက ပြုလုပ်ခြင်းဖြစ်သည်။ သုံးဦးဖြစ်လျှင် draft ဖြစ်သည်။

- promissory note. ငွေပေးကတိစာချုပ်။ ငွေပေးကတိစာချုပ်ဆိုသည်မှာ ငွေတစ်စုံတစ်ရာကို တစ်စုံတစ်ယောက်သော သူသို့သာဖြစ်စေ၊ ၎င်းကအခွင့်လွှဲအပ်သူသို့သာဖြစ်စေ လက်မှတ်ဆောင်ယူလာသူသို့ဖြစ်စေ ပေးချေရန်စည်းကမ်းချက်တစ်စုံတစ်ရာ မထားဘဲရေးသားချုပ်ဆိုသူက လက်မှတ်ရေးထိုးထားသည့် ငွေပေးကတိစာချုပ်ဖြစ်သည်။

**not guilty** တရားရုံးတွင် တရားခံကအပြစ်မရှိကြောင်း ငြင်းဆိုခြင်း။ အကယ်၍ တရားခံအပေါ်စွဲချက်တစ်ရပ်ထက်ပို၍ တင်ရာတွင် တရားခံက စွဲချက်တစ်မျိုးကို ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုခြင်း။ တရားလိုမှတရားခံ ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းစွာသက်သေ မပြနိုင်၍တရားခံကို လွှတ်ခြင်း။

**not guilty by reason of insanity.** ပြစ်မှုဆိုင်ရာအမှုတွင် တရားခံက ၎င်းမှာပြစ်မှုကျူးလွန်ချိန်က မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မှန်မမှန်ကိုသော်လည်းကောင်း ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း မသိရှိခြင်း။ ထိုသို့မသိရှိရသည်မှာ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ခြင်း၊ ပြစ်မှုကျူးလွန်စဉ် စိတ်ချို့ယွင်းနေခြင်းတို့ကြောင့် အပြစ်မရှိပါဟု ထုချေခြင်း။ အကယ်၍ ပြစ်ဒဏ်မှအပြီးအပြတ်လွတ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ နှင့် တရားရုံးများလက်စွဲ အပိုဒ် ၅၀၉ ကို လိုက်နာရပါမည်။

**notice** အကြောင်းကြားခြင်း၊ အကြောင်းကြားစာ။ တစ်ဖက်မှအခြား တစ်ဖက်သို့ အကြောင်းကြားစာပေးပို့ခြင်း။

– averment of notice. တရားစွဲဆိုခြင်း မပြုမီအကြောင်းကြားစာပေးပို့ရန်လိုသော အမှုများတွင် အမှုစွဲဆိုသည့်အခါ အဆိုလွှာ၌အကြောင်းကြားစာကို နည်းလမ်းအတိုင်းဥပဒေနှင့်အညီ ပေးပို့ပြီးဖြစ်ကြောင်း ရေးသားတင်ပြချက်

- constructive notice. အကြောင်းကြားအသိပေးမှု မြောက်သည်ဟု အဓိပ္ပါယ်ကောက်ယူနိုင်သော အကြောင်းကြားစာ။ ဥပမာ A သည် B ၏ အိမ်ကိုဆေးသုတ်ပေးရသည့်အတွက် B ထံမှ ဆေးသုတ်ခကြွေးရရန်ရှိနေသည်။ တရားစွဲရန်လိုအပ်ချက် တစ်ရပ်မှာ A သည် B ကို တရားစွဲဆိုတောင်းခံတော့မည်ဖြစ်ကြောင်း အကြောင်းကြားပြီး မပြီးဖြစ်သည်။ B ကို အကြိမ်ကြိမ်ကြိုးစား ဆက်သွယ်ပြီးနောက် တွေ့ရှိသည့်အခါ အကြောင်းကြားစာကို B ၏ လက်ဝယ်သို့ ပေးအပ်နိုင်ခဲ့သည်။ ထို့ပြင် B ၏ လုပ်ငန်းဌာနသို့လည်းကောင်း B ၏ အိမ်တံခါးဝတွင်လည်းကောင်း အကြောင်းကြားစာပေးပို့ခဲ့သည့်အပြင် B ၏အိမ်တံခါးဝတွင်လည်း မိတ္တူတစ်စောင်ကို ကပ်ထားခဲ့သည်။ B အနေဖြင့် အကြောင်းကြားစာကို အရေးထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ အမှုအတွက် constructive notice လက်ခံရပြီး ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

- judicial notice. တရားစီရင်ရာတွင် တရားရုံးက သက်သေခံချက် မယူဘဲ ဥပဒေအလျောက် အသိအမှတ်ပြုမည့်အကြောင်းခြင်းရာများကို သက်သေထင်ရှားပြရန်မလို။ (သက်သေခံအက်ဥပဒေပုဒ်မ ၅၆၊ ၅၇)

**note verbal** အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင် ပေါ်ပေါက်ခဲ့သည့် အဖြစ်အပျက်များ၏ အကျဉ်းချုပ် (AGO)။





**notice of dishonour** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများတွင် လက်ခံရရှိသူက ငွေထုတ်ယူရာ ငြင်းပယ်ခံရလျှင် ထိုသို့ငြင်းပယ်ခြင်း အကြောင်းကို ၎င်းလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများအားလုံးအား ငြင်းပယ်ခံရကြောင်း အကြောင်းကြားစာပေးပို့ခြင်း။

(လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၉၃)

no notice of dishonour is necessary. အကြောင်းကြားစာပေးပို့ရန်မလိုကြောင်း အောက်ဖော်ပြပါ အကြောင်းအရာများတွင် မူငြင်းပယ်ကြောင်း အကြောင်းကြားစာ ပေးပို့ရန်မလိုပါ။

(၁) ကတိလက်မှတ်ဖြစ်၍ ၎င်းလက်မှတ်သည် လွှဲပြောင်းခြင်း မပြုနိုင်သောအခါ။

(၂) လက်မှတ်ရေးသားချုပ်ဆိုသူနှင့် လက်ခံသူသည် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်နေလျှင်။

(၃) အကြောင်းကြားစာပေးပို့ရန် လိုအပ်သည့်ပုဂ္ဂိုလ်မှာ ရှာ၍မတွေ့ခဲ့လျှင်။

(၄) လက်မှတ်တွင်ပါဝင်သူတစ်ဦးသည် ထိုသို့နို့တစ်စာမပေးခြင်းဖြင့် နစ်နာမှုမရှိခဲ့လျှင်။

(၅) နို့တစ်စာရရန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် မည်သည့်အခြေအနေတွင်မဆို ခြွင်းချက်မထားဘဲ ပေးချေရန်ကတိပြုထားခဲ့လျှင်။

(၆) လက်မှတ်တစ်စုံတစ်ရာကို ရေးသားချုပ်ဆိုသူသည် ငွေပေးချေပြီးဖြစ်သည့်အခါ။

(၇) ၎င်းလက်မှတ်နှင့် ပတ်သက်၍တာဝန်မှ ကင်းလွတ်စေပြီးဖြစ်သော ပုဂ္ဂိုလ်များဖြစ်ခဲ့လျှင် ငြင်းပယ်ကြောင်းနို့တစ်စာကို ပေးရန်မလိုတော့ချေ။

**notice to admit** တရားမမှုတွင် အမှုသည်တစ်ဦးသည် တစ်ဖက်အမှုသည်အား အကြောင်းခြင်းရာနှင့် ပတ်သက်၍ဖြစ်စေ၊ စာချုပ်စာတမ်းများနှင့် ပတ်သက်၍ဖြစ်စေ ဝန်ခံစေခြင်း။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂ ကိုကြည့်ပါ)

**notice to produce** ထုတ်ဖော်ပြသရန် အကြောင်းကြားခြင်း။ တရားမှုတွင် အမှုသည် တစ်ဦးဦး၏အဆိုအချေနှင့် ကျမ်းကျိန်လွှာများတွင် ရည်ညွှန်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော စာရွက်စာတမ်းများကို တင်ပြရန်တစ်ဖက်အမှုသည်က တရားမကျင့်ထုံးဥပဒေ နောက်ဆက်တွဲ (ဂ)ပုံစံအမှတ်(၇)အတိုင်း အကြောင်းကြား စာပုံစံဖြင့် တောင်းဆိုခြင်း (တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်းဥပဒေ ၁၆)

**notice to quit** ဖော်ပြထားသော နေ့ရက်တွင် ငှားရမ်းခြင်းကို အဆုံးသတ်ပြီး မြေရှင်မှ မြေငှားအား ငှားရမ်းထားသည့် ဥပစာမှ ဖယ်ရှားပေးရန် အကြောင်းကြားခြင်း (ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၁၀၆ နှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(ကမှစအထိ)နှင့် အညီ အကြောင်းကြားစာပေးရမည်။)

**notification (n)** အမိန့်ကြော်ငြာစာ။

**notorious possession** မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပွင့်ပွင့်လင်းလင်း မြင်သာအောင်လက်ရှိထားခြင်းဖြင့် ပိုင်ရှင်ဟု အထင်ရောက်စေခြင်း။ ပိုင်ရှင် ရှိမှန်းသိလျက်နှင့် ပိုင်ရှင်ကိုဆန့်ကျင်၍ လက်ရှိထားခြင်းသည် ပိုင်ရှင်က ကာလစည်းကမ်းသတ်ကာလ (၁၂)နှစ် အတွင်းအရေးယူဆောင်ရွက်ခြင်း မပြုပါက ပိုင်ရှင်မဟုတ်ဘဲ ပစ္စည်းပေါ်တွင် ရပိုင်ခွင့်ရှိလာခြင်း။

adverse possession ကိုလည်း ကြည့်ပါ။

**novation** ပဋိညာဉ်တစ်ရပ်တွင် မူလပါဝင်သူတစ်ဦးအစား အခြားသူတစ်ဦးကို ပဋိညာဉ်ပါ ကျန်လူများ၏သဘောတူညီချက်ဖြင့် အစားထိုးခြင်း။ မူလမြီစားသည် ကြွေးမြီကင်းလွတ်ခွင့်ရသွားပြီး အစားဝင်လာသူမှ ဒုတိယမြီစား ဖြစ်လာသည်။

ဥပမာ။ မောင်ဖြူသည် မောင်နီအားပဋိညာဉ်အရ ငွေပေးဆပ်ရန်ရှိရာ မောင်ဖြူ အစားမောင်ဝါအား မြီစားအဖြစ်လက်ခံရန် မောင်ဖြူ မောင်နီနှင့် မောင်ဝါတို့ သဘောတူကြသည်။ မောင်ဖြူက မောင်နီအား ပေးဆပ်ရန်ရှိသည့်ကြွေးမြီဟောင်း သည် ရပ်စဲသွား၍ မောင်ဝါက မောင်နီအားပေးရန် ကြွေးမြီသစ်အတွက် ပဋိညာဉ်ပြုရာရောက်သည်။ (ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၂)

**novelty (n)** တီထွင်ဆန်းသစ်မှုအတွက် လိုအပ်ချက်များ။ တီထွင်ဆန်း သစ်ခြင်းဆိုရာတွင် ယခင်ကနည်းပညာများ သို့မဟုတ် ထုတ်လုပ်ပြီး အနုပညာ များတွင် ပါဝင်ခြင်းမရှိသော ဆန်းသစ်တီထွင်မှုသာဖြစ်ရခြင်း။





**noxious (adj)** ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသော၊ ထိခိုက်စေသော ကျန်းမာရေးအတွက် ညီညွတ်ခြင်းမရှိသော၊ ဘေးဥပါဒ်ဖြစ်စေသော။

**nudum pactum** (nude contract) latin 'a bare contract.' မည်သည့်အဖိုးစားနားမှ ပါဝင်ခြင်း မရှိသော၊ အပြန်အလှန်ဆောင်ရွက်ပေးရန် မပါသော၊ အကျိုးသက်ရောက်အောင် မဆောင်ရွက်နိုင်သော။

**nugatory (adj)** အကျိုးသက်ရောက်မှု မရှိသော သို့မဟုတ်အင်အားမရှိသော တရားမဝင်သော ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော ပြဋ္ဌာန်း ဥပဒေသည် အကျိုးသက်ရောက်မှု မရှိသော ဥပဒေဖြစ်သည်။

**nuisance (n)** အနှောင့်အယှက်၊ ထိပါးမှု။ တစ်ဦးတစ်ယောက်သည် မိမိပစ္စည်းကို လွတ်လပ်စွာ အသုံးပြုနိုင်ခြင်းအပေါ် နှောက်ယှက်ခြင်း။ သာမန် သုံးရိုးသုံးစဉ် သုံးစွဲနေခြင်းကို အနှောက်အယှက်ဖြစ်စေခြင်း။

ဥပမာ။ မနီသည် တိုက်ခန်းတစ်ခန်းတွင် ငှားရမ်းနေထိုင်သည်။ မျက်နှာခြင်း ဆိုင်အခန်း၌ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ညဉ့်နက်သန်းခေါင် တွေ့ဆုံဆွေးနွေးငြင်းခုံကြပြီး နောက်နေ့တွင် သတင်းထုတ်ပြန်နိုင်ရန် အတွက် လက်နှိပ်စက်ရိုက်နှိပ်မှုကြောင့် မနီအနေဖြင့် အိပ်ချိန်တွင် အိပ်မရဘဲ အနှောက်အယှက်ဖြစ်ပေါ်ခဲ့ရသည်။ မနီအနေဖြင့် အဆိုပါ အဖွဲ့ကို တရားမနစ်နာမှုဖြင့် အရေးယူနိုင်သည်။ ၎င်းတို့၏ ညဉ့်နက် သန်းခေါင်ဆောင်ရွက်မှုသည် မနီကို အနှောက်အယှက်ဖြစ်စေသည်။

- abatement of nuisance ကြည့်ပါ။
- private nuisance လူတစ်ဦးတစ်ယောက်အား နှောင်ယှက်မှု
- public (common) nuisance အများပြည်သူအား နှောက်ယှက်မှု

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၆၈ တွင် အကျယ်ကြည့်ပါ။)

**null (adj)** တရားမဝင်သော၊ ပျက်ပြယ်သော၊ အချည်းနှီးဖြစ်သော။

**nulla bona (latin)** no good. မဆောင်ရွက်နိုင်ခြင်း။ ဥပမာ ထွက်ပြေး တိမ်းရှောင်နေသည့် တရားခံအပေါ်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ [illegible]အရ



www.burmeseclassic.com

www.burmeseclassic.com



လှူဖမ်းဝါရမ်းထုတ်ပြီး နောက်ရက်ပေါင်း ၃၀ အတွင်း တရားခံကို ဖမ်းဆီးရမိခြင်း မရှိသောအခါ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၈အရထိုသူပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဝါရမ်းဖမ်းသည့်အမိန့်ထုတ်ပြန်နိုင်သည်။ ထိုအမိန့်ကို အတည်ပြုရသူက ၎င်း၏ အုပ်ချုပ်မှုဒေသအတွင်း ထွက်ပြေးတိမ်းရှောင်နေသော တရားခံပိုင်ပစ္စည်းများကို ရှာဖွေမတွေ့ရှိ၍ ဝါရမ်းအတည်မပြုနိုင်သည့်အခါ တရားရုံးသို့ ဝါရမ်းအတည်မဖြစ်ကြောင်း nulla bona ဖြစ်ကြောင်း ပြန်သွင်းရခြင်း။

**nullification (n)** အကျိုးမဲ့စေခြင်း၊ ဥပဒေမသက်ရောက်ခြင်း။

**nullity (n)** အတည်မဖြစ်ခြင်း၊ တရားမဝင်ခြင်း၊ ဥပဒေအရ ပျယ်ပြယ်ခြင်း nullity of marriage လက်ထပ်မှုအထ မမြောက်ခြင်း။

**nunc pro tunc (latin)** now for then. တရားရုံး၏ ရှေ့လုပ်ပိုင်ခွင့်အာဏာ (မူလဘူတအာဏာ)များကို အသုံးပြု၍ဥပဒေအရ နောက်ကြောင်းပြန်အကျိုးသက်ရောက်စေခြင်း။

ဥပမာ။ ၁။ ရေးကူးရာတွင် မှားယွင်းသော အချက်များကို သိရှိသည့်အခါ ပြန်လည်ပြ...ပြင်ခြင်း။

၂။ လင်မယားနှစ်ဦးသည် စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ တရားရုံးသို့ ကွာရှင်းခွင့်စွဲဆိုရာ တရားရုံးက ကွာရှင်းခွင့်အမိန့်ချမှတ်ပေးလိုက်သည်။ သို့ရာတွင် တရားခွင်စာရေး၏ ပေါ့ဆမှုကြောင့် ထိုအမိန့်တွင် နေ့စွဲတပ်ရန် ကျန်ခဲ့ပြီး တရားသူကြီးမှလည်း လက်မှတ်ရေးထိုးရန်မေ့ကျန်ခဲ့သည်။ ၆ လခန့်ကြာသောအခါ တစ်ဦးမှာနောက်အိမ်ထောင်ပြုသွားသည်။ နောက်ပိုင်းတွင် ကွာရှင်းမိန့်ကို·တောင်းခံခဲ့ရာ ထိုကဲ့သို့ အမှားအယွင်းမှ တွေ့နေရ၍ တရားရုံးက ပထမအမိန့်ချသည့်နေ့စွဲကို ပြန်တပ်ပြီးတရားသူကြီးက လက်မှတ်ရေးထိုးပေးလိုက်သည်။ ထို့ကြောင့် ထပ်မံထိမ်းမြားခြင်းသည် လင်သို့မဟုတ် မယားရှိနေစဉ်အတွင်း ထပ်မံထိမ်းမြားမှုမဖြစ်တော့ပေ။ nunc pro tunc order အရ နောက်ကြောင်းပြန်အကျိုးသက်ရောက်သွားသည်။





**nuncupative (adj)(fr)** (latin) nun cupare. to call by name စကားဖြင့်ဖော်ပြခြင်း။ နှုတ်ဖြင့် ကြေငြာခြင်း။

**nupital (adj)** ထိမ်းမြားလက်ထပ်ခြင်းနှင့်ဆိုင်သော။



www.burmeseclassic.com

www.burmeseclassic.com

# O

**Oath (n)** ကျမ်းသစ္စာ၊ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ကတိသစ္စာပြုခြင်း။ အမျိုးမျိုးသော ကိစ္စရပ်များအတွက် တရားရုံး၌သက်သေထွက်ဆိုခြင်းများတွင် ကျမ်းသစ္စာကျိန်ဆိုခြင်းမှာ ဥပဒေအရလိုအပ်သည်။ ထိုသို့ကျမ်းကျိန်ရာတွင် ဘာသာရေးယုံကြည်မှုအပေါ်တွင် အခြေခံသည်။ ဘာသာရေးယုံကြည်မှု မရှိသူများအတွက် ကတိသစ္စာပြုကြရသည်။ သက်သေများသည် တရားရုံး၌ ထွက်ချက်မပေးမီ ကျမ်းကျိန်ဆိုရခြင်းရှိသကဲ့သို့ ပြည်သူ့ဝန်ထမ်းများသည်လည်း မိမိရာထူး၌ တာဝန်မထမ်းဆောင်မီပေးအပ်သော တာဝန်အပေါ်တွင် မှန်မှန်ကန်ကန်နှင့် ရိုးသားဖြောင့်မတ်စွာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မည်ဖြစ်ကြောင်း ကျမ်းကျိန်ဆိုရခြင်းများလည်းရှိသည်။ မြန်မာနိုင်ငံတရားရုံးများတွင် The Oath Act (1873) နှင့် တရားရုံးများလက်စွဲ အပိုဒ် ၇၃၊ ၇၄၊ ၇၅ တို့ကို လိုက်နာဆောင်ရွက်ရပါသည်။

**obedience (n)** ရိုးသေကျိုးနွံခြင်း၊ လိုက်နာခြင်း။





**obiter dictum** latin 'passing or incidental statements' အမှုနှင့်တိုက်ရိုက်မသက်ဆိုင်သော တရားသူကြီး၏မှတ်ချက်။ အမှုတစ်မှုကို တရားသူကြီးမှ စီရင်ချက်ချမှတ်ရာတွင် အမှုနှင့်မသက်ဆိုင်သော်လည်း ဥပဒေဆိုင်ရာပြဿနာတစ်ခုကို ခရီးသွားဟန်လွှဲမှတ်ချက်ပေးခြင်းဖြစ်သည်။ ဥပမာ အပေါင်စာချုပ်ကို မှတ်ပုံတင်မထားလျှင် အပေါင်ရွေးနုတ်လိုမှုကိုပယ်ရန်သာရှိရာ အချင်းဖြစ်စာချုပ်မှာ ဟန်ဆောင်စာချုပ်သာဖြစ်သည်ဟု အဆုံးအဖြတ်ပေးရန်မလိုအပ်ပေ။ အမှုတွင်မလိုအပ်ဘဲ ချမှတ်သောဆုံးဖြတ်ချက်သည် မီးမသေချာ။

(ဦးထွန်းချစ်နှင့် ဦးစိုးနိုင်၊ ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဆယ်ရာအွန်း ၂၀၀၂ မတစ (စုံညီ) ၃၄၇) ခရီးသွားဟန်လွှဲဆုံးဖြတ်ချက်သည် အမှုတွင် အဆုံးအဖြတ်ပေးရန်ရှိသော ပြဿနာနှင့် မသက်ဆိုင်ဘဲ အပိုသုံးသပ်မှုကို ခေါ်ဆိုသည်။

**object (n)** ရည်ရွယ်ချက်၊ ဝတ္ထုပစ္စည်း (v) ကန့်ကွက်သည်။

**object and purpose** ရည်မှန်းချက်နှင့်ရည်ရွယ်ရင်းကိစ္စ။

**objection (n)** ကန့်ကွက်ချက်

**objection in point of law** တရားပြိုင်ကခုခံရေးလမ်းကြောင်းအနေဖြင့် လျှောက်လဲချက်ပေးရာတွင် တရားလိုဘက်မှ အကြောင်းအချက်များ စွပ်စွဲထားခြင်းအပေါ် ဝန်ခံသော်လည်း တရားဥပဒေအရတောင်းဆိုပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ခြင်း။ (A defensive pleading by which the defendant admits the facts alleged by the plaintiff but objects that they do not make out a legal claim) တရားရုံးအနေဖြင့် ဥပဒေဆိုင်ရာငြင်းချက်ထုတ်နုတ်ပြီး အမကောက်ချက်အဖြစ် ကြားနာနိုင်သည်။

**objection to indictment** ပြစ်မှုတစ်ရပ်ဖြင့်စွဲဆိုခြင်းကို ကန့်ကွက်ခြင်း၊ တရားခံအနေဖြင့် တရားစွဲဆိုမှုအပေါ် ဥပဒေနှင့်မညီကြောင်း၊ ဆန့်ကျင်ကြောင်းကန့်ကွက်ခြင်း။ ဥပမာ တရားလိုတရားခံများသည် အခင်းဖြစ်ပွားသည့်နေ့ပ်လျှဉ်း၍ ပူးတွဲအမွေဆိုင်များဖြစ်ကြသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုထားသည်မှာ ဥပဒေအရမှန်ကန်သည်ဟု မဆိုနိုင်၍ အမှုကို

www.burmeseclassic.com



ချေဖျက်လိုက်သည်။ (ဒေါ်ခင်ခင် (ခ) ဒေါ်ခင်ခင်အေးပါ ၂နှင့် ပထစပါ ၂ ၁၉၈၉ မထစ ၁) ထိုကဲ့သို့ ဥပဒေနှင့်မညီဘဲ စွဲဆိုထားသောအမှုမျိုးကို ချေဖျက်ပေးရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ တရားလွှတ်တော်ချုပ်သို့ အထွေထွေလျှောက်လွှာတင်သွင်းရန်ဖြစ်သည်။

**objectionable matter** ဆန့်ကျင်ကန့်ကွက်ထိုက်သောအကြောင်းအရာ။ မဖွယ်မရာသော၊ နှစ်လိုဖွယ်မရှိသော၊ မတော်မတရားပုတ်ခတ်ပြောဆိုသော ညစ်ညမ်းသော၊ ငွေညှစ်ရန်ရည်ရွယ်သော စကားလုံးများဖြစ်လျှင် ဆန့်ကျင်ကန့်ကွက်ထိုက်သော စကားလုံးများဖြစ်သည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၅၁အရ ထိုစကားလုံးများဖြင့် မေးမြန်းခြင်းကို ကန့်ကွက်နိုင်သည်။

**objective (n)** (n) ရည်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက် (adj) ဓမ္မဓိဋ္ဌာန်ကျသော မှုကသောအရှိအတိုင်းဖြစ်သော၊ အဂတိတရားကင်းသော။ objectively (adv) ဓမ္မဓိဋ္ဌာန်ကျစွာ၊ အရှိအရှိအတိုင်း။ objectivity (n) ဓမ္မဓိဋ္ဌာန်ကျခြင်း။

**oblation (n)** ဘုရားသခင်အား ဆက်ကပ်ခြင်း၊ ပူဇော်ပသခြင်း။

**obligation (n)** တာဝန်သိစိတ်၊ ကတိဝန်ခံချက်၊ ဥပဒေအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ တစ်စုံတစ်ရာကိုဆောင်ရွက်ရန်တာဝန်ရှိခြင်း (သို့မဟုတ်) ရှောင်ကြဉ်ရန်တာဝန်ရှိခြင်း။ အစဉ်အလာအရ စည်းနှောင်ထားသည့် သဘောတူညီချက် သို့မဟုတ် တစ်စုံတစ်ရာသောငွေပမာဏကိုပေးရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် သို့မဟုတ် လူတစ်စုအတွက် တစ်စုံတစ်ရာကိုလုပ်ဆောင်ခြင်း။

**obligatory (adj)** ဥပဒေအရဖြစ်စေ၊ လူမှုကျင့်ဝတ်အရဖြစ်စေ၊ လိုက်နာ စောင့်ထိန်းအပ်သော၊ တာဝန်ရှိသော။

**obligee (n)** စာချုပ်ဖြင့်သူတစ်ပါးအား၊ တာဝန်ပေးသူ၊ ကတိရယူသူ သို့မဟုတ် မြီရှင်

**obligor (n)** စာချုပ်အရ တာဝန်ရှိသူ။ ကတိပေးသူ သို့မဟုတ် မြီစား။

**oblique (adj)** ဆင်ခြေလျှောတိမ်းစောင်းသော။ တိုက်ရိုက်မဟုတ်သော။ ပတ်ဝန်းကျင် (oblique evidence)





**obliteration (n)** သေတမ်းစာပါစကားလုံးများကို ဖယ်ရှားပစ်ခြင်း။ ဖျက်ပစ်ခြင်း။ ဖယ်ရှားခြင်း၊ တရားဝင်သည့်အချက်တစ်ရပ်မှာ ဖယ်ရှားပစ်သောစကားလုံးများသည် ဖတ်၍မရသောအနက်ဖော်ထုတ်၍မရသော စကားလုံးများဖြစ်နေလျှင် ထိုသို့ပြောင်းလဲပယ်ဖျက်ခြင်းကို သက်သေများရှေ့လက်မှတ်ရေးထိုးရမည်။

**obloquy (n)** လူပုံအလယ်အရှက်ခွဲခြင်း၊ ဆဲရေးခြင်း၊ အပြစ်တင်ခြင်း၊ ဂုဏ်သရေပျက်စေသောစကားလုံးသုံးခြင်း။

**obscene (n)(adj)** ရာဂစိတ်ကိုနှိုးဆွသော၊ ညစ်ညမ်းသော။

**obscene publications** ညစ်ညမ်းသောစာပေ၊ ဓါတ်ပုံများကို ရိုက်နှိပ်ထုတ်ဝေခြင်း (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ ကြည့်ပါ)

**obscenity (n)** တဏှာရာဂနှိုးဆွသောစကား၊ အပြုအမူ၊ ပန်းချီ၊ ရုပ်ရှင်၊ စာပေ၊ ပိုစတာစသည်များ။

**observance (n)** လိုက်နာစောင့်ထိန်းခြင်း၊ လေ့လာစောင့်ကြည့်ခြင်း။

**observe (v)** ဥပဒေကိုလိုက်နာသည်၊ ဥပဒေဓလေ့ထုံးတမ်းများကို လိုက်နာစောင့်ထိန်းသည်။

**obsolescence (n)** ပစ္စည်းတစ်ခုသည် ရုပ်ဝတ္ထုပျက်စီးခြင်းကြောင့်မဟုတ်ဘဲ နည်းပညာများ တိုးတက်လာပြီးပစ္စည်းအသစ်များ ထွက်ပေါ်လာသည့်အတွက် အသုံးဝင်မှုလျော့နည်းသွားခြင်း၊ တန်ဖိုးကျသွားခြင်း။

**obstruction of justic** တရားစီရင်ရေးကို အဟန့်အတားအနှောက်အယှက်ဖြစ်စေခြင်း။ ဥပမာ - ကန်ထရိုက်တာ A သည် လုပ်ငန်းရရှိရန် မသမာသောနည်းကိုအသုံးပြုခဲ့ကြောင်း တယ်လီဖုန်းမှတ်တမ်းကို B မှရရှိထားသည်။ အခြားကန်ထရိုက်တာတစ်ဦးဖြစ်သော C က ၎င်း၏ကန်ထရိုက်လုပ်ငန်းငြင်းပယ်ခံရခြင်းမှာ A သည် မသမာသောနည်းကိုအသုံးပြုသွားကြောင်း တရားစွဲဆိုသည်။ C သည် B ထံမှ A ၏တယ်လီဖုန်းမှတ်တမ်းကို ရလိုကြောင်းတောင်းဆိုရာ B အနေဖြင့်တယ်လီဖုန်းမှတ်တမ်းကို ဖျက်ဆီးပစ်ခြင်း၊ အခြားနည်းအသုံးမဝင်အောင်ပြုခြင်းများရှိပြီး မပေးခဲ့သော် B အပေါ် obstruction of justic အဖြစ် တရားစွဲဆိုနိုင်သည်။

**obviate (v)** အခက်အခဲကိုရှောင်ရှားသည်။ ကျရောက်မည်ကိုကြိုသိခြင်းနှင့် ကာကွယ်ခြင်း၊ အသုံးမဝင်အောင်ပြုလုပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**occupancy (n)** ဥပစာ သို့မဟုတ် ပစ္စည်းပေါ်တွင်ငှားရမ်းသူအဖြစ်လည်းကောင်း၊ ပိုင်ရှင်အဖြစ်လည်းကောင်း နေထိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်း။ (မြေ အိမ်စသည်များ)။ ပိုင်ရှင်မှစွန့်ပစ်ထားသောပစ္စည်း (မြေ သို့မဟုတ်အိမ်) ပိုင်ဆိုင်ခွင့်ကိုရယူရန် ရည်ရွယ်ချက်ဖြင့် ထိုပစ္စည်းပေါ်တွင် နေထိုင်ခြင်း၊ ထိုပစ္စည်းကိုသုံးစွဲခြင်း။

**occupant (n)** ငှားရမ်းသူ သို့မဟုတ် ပိုင်ရှင်အနေဖြင့်နေအိမ်တွင်နေထိုင်သူ သို့မဟုတ် အသုံးပြုသူ။ အသုံးပြုသူ/နေထိုင်သူဆိုရာတွင် စွန့်ပစ်ထားသောပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်ရရှိရန် ရည်ရွယ်ချက်ဖြင့် နေထိုင်သူ သို့မဟုတ် သုံးစွဲသူလည်းပါဝင်သည်။

**occupation (n)** အလုပ်အကိုင်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ဝယ်ထားခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ်အသုံးပြုခြင်း။ ရန်သူထိန်းချုပ်ထားသည့် နယ်မြေများကို စစ်တပ်မှသိမ်းယူခြင်း၊ ထိန်းချုပ်ခြင်း။ စစ်တပ်မှနယ်မြေသိမ်းပိုက်ထားသောကာလ။ သူတစ်ပါးအားပစ္စည်းလက်မဲ့ဖြစ်စေခြင်း၊ လက်လွှတ်စေခြင်း။

**occupational disease** လုပ်ငန်းခွင်ကြောင့် အလုပ်သမားများရရှိသည့်ရောဂါ။ ဥပမာ ဘတ္တရီလုပ်ငန်းခွင်တွင် ခဲဆိပ်သင့်ခြင်း။ မိုင်းအလုပ်သမားများ အဆုပ်ရောဂါတစ်မျိုး Black lung disease ဖြစ်ခြင်း။

**occupational hazard** တစ်ချို့သောလုပ်ငန်းခွင်ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ရခြင်း။ ဥပမာ ဆူညံသောစက်ပစ္စည်းများနှင့်အလုပ်လုပ်ရသော ဝန်ထမ်းသည် အကြားအာရုံဆုံးရှုံးခြင်း။

**occupier (n)** အိမ်ခြံမြေတို့ကို ပိုင်ရှင်ကဲ့သို့လည်းကောင်း၊ ငှားရမ်းသူကျူးကျော်သူအဖြစ်လည်းကောင်း လက်ရှိထားသူ။

**occupying tenant** အိမ်ရှင်အိမ်ငှားသဘောတူညီချက်အရ ဥပစာကို အခကြေးငွေပေး၍ လက်ရောက်ရယူအသုံးပြုသူ။

**occurence (n)** ဖြစ်ပျက်မှု၊ ပေါ်ပေါက်မှု၊ ဖြစ်ရပ်၊ အဖြစ်အပျက်။

**odium (n)** ကဲ့ရဲ့ခြင်း၊ ရှုံ့ချခြင်း၊ မုန်းတီးခြင်း၊ စက်ဆုတ်ရွံ့ရှာခြင်း၊ အပုတ်ချခြင်း။





**of counsel** တရားရုံးအမှုလိုက်ရှေ့နေအတွက်အမှုများကို ကူညီစီစဉ် ပေးသူ။ သို့ရာတွင် အဆိုပါအမှုနှင့်စပ်လျဉ်း၍ပင်မရှေ့နေအဖြစ် မှတ်တမ်း မဝင်ပေ။ အမှုတစ်မှုအတွက်လိုက်ပါဆောင်ရွက်ရန် ငှားရမ်းသည့်အခါ တရားရုံးအမှုလိုက်ရှေ့နေကို ပုံမှန်အားဖြင့် အကူအညီပေးရန်ဖြစ်သည်။

**offense (offence)** ဥပဒေကိုချိုးဖောက်မှု၊ ပြစ်မှု၊ ရဲအရေးပိုင်သောပြစ်မှုနှင့် ရဲအရေးမပိုင်သောပြစ်မှုဟူ၍ ခွဲခြားထားသည်။ ပြစ်မှုဆိုသော စကားရပ်တွင် ဥပဒေအရအရေးယူအပြစ်ပေးနိုင်သော ပြုလုပ်သူသာမက ပျက်ကွက်မှုများလည်းပါဝင်သည်။

**offences against property** ပစ္စည်းကိုထိခိုက်စေသောပြစ်မှုများ (ပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၇)

**offences against public order** အများပြည်သူဆိုင်ရာ အမိန့်များကို ဆန့်ကျင်သည့်ပြစ်မှုများ။ ဥပမာ လူစုခွဲရန်အမိန့်ပေးပြီးကြောင်း သိပါလျက် ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးတွင် ပါဝင်ခြင်းသို့မဟုတ် ဆက်လက်ပါဝင်နေခြင်း။

**offences against the person** လူပုဂ္ဂိုလ်အပေါ်ထိခိုက်စေသော ပြစ်မှုများ (ပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၆)

**offences against the state** အစိုးရကိုဆန့်ကျင်ကျူးလွန်သောပြစ်မှုများ (ပြစ်မှုဆိုင်ရာဥပဒေအခန်း ၆)

**offences relating to road traffic** ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဖောက်ဖျက်မှုများ။

**offender (n)** ပြစ်မှုကျူးလွန်သူ၊ ဥပဒေချိုးဖောက်သူ။

**offensive (adj)** ထိုးစစ်၊ စိတ်အနှောက်အယှက်ဖြစ်စေသော၊ တိုက်ခိုက်ရန်သော။ (n) တိုက်ခိုက်ရန်အနေအထား။

**offensive weapon** တစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်ကိုထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ပြုလုပ်ထားသောလက်နက် ဥပမာ--ဓား၊ သေနတ်၊ လက်ကိုင်တုတ်။

**offer (n)** ကမ်းလှမ်းချက်။ (v) ကမ်းလှမ်းသည်။ ကမ်းလှမ်းချက်ကို လက်ခံမှ ကတိဖြစ်သည်။ ပစ္စည်းဈေးနှုန်းများကို ဖော်ပြထားသော ကတ်



www.burmeseclassic.com

www.burmeseclassic.com



တလောက်သည် ထိုပစ္စည်းများအတွက် ကမ်းလှမ်းချက်မဟုတ်။ ကမ်းလှမ်းချက်ကို ဖိတ်ခေါ်ခြင်းသာဖြစ်သည်။ ဦးဘက မိမိ၏နာရီကို ကျပ် တစ်သောင်းနှင့်ရောင်းမည်ဟု ဦးနီကိုပြောခြင်းသည် ကမ်းလှမ်းချက်ဖြစ်သည်။

**offeree (n)** ကမ်းလှမ်းခြင်းခံရသူ။

**offering (n)** ပစ္စည်းတစ်စုံတစ်ရာကိုရောင်းချရန်ကမ်းလှမ်းခြင်း။

**offeror (n)** ကမ်းလှမ်းချက်ကိုပြုလုပ်သူ။

**office (n)** ရုံးခန်း၊ ရုံး၊ ဌာန။

**officer (n)** အဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုတာဝန်များကို ထမ်းဆောင်နိုင်ရန် အဖွဲ့အစည်း၏ဒါရိုက်တာအဖွဲ့ဝင်များက ရွေးချယ်ထားသည့် ပုဂ္ဂိုလ်အဆိုပါသည် ရာထူးနာမည်အားဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး ဖြစ်နိုင်သည်။

**office practitioner** ရုံးထိုင်ရှေ့နေ၊ ရှေ့နေရုံးခန်းတွင်အမှုတွဲကိစ္စများကို ပြီးစီးအောင်ဆောင်ရွက်ပေးပြီး တရားရုံးရှေ့တွင်လိုက်ပါခြင်းမပြုသော ရှေ့နေ။

**office of the attorney general** ပြည်ထောင်စုရှေ့နေချုပ်ရုံး။

**officer of the court** တရားစီရင်ရေးတွင် တာဝန်ထမ်းဆောင်သည့် ပုဂ္ဂိုလ်များ၊ တရားသူကြီးတရားရုံးစာရေး ဘီလစ်ရဲအရာရှိတို့အပြင် တရားခွင်တွင်လိုက်ပါဆောင်ရွက်နေသော ရှေ့နေကိုလည်း တရားရုံးအရာရှိအဖြစ် သတ်မှတ်သည်။ ရှေ့နေသည် တရားခွင်စည်းကမ်းကို လိုက်နာရမည်ဖြစ်သည့်အပြင် ပွင့်လင်းမှန်ကန်စွာ ပြောဆိုရမည်။ တစ်နည်းအားဖြင့်ဆိုသော် မိမိ၏အမှုသည်အနိုင်ရရှိရေးထက် အမှုမှန်ပေါ်ပေါက်ရေးကို တရားရုံးအပေါ်အကူအညီပေးနိုင်သူဖြစ်ရမည်။

**official** အာဏာပိုင်အဖွဲ့အစည်းက အသိအမှတ်ပြုထားသော အက်ဥပဒေ၊ စာရွက်စာတမ်းပစ္စည်းနှင့် အခြားမည်သည့်အရာမဆို။ ဥပမာ ကင်းထောက်များကိုင်ဆောင်သည့်ဓား၊ တံဆိပ်၊ အသင်းဝင်ကဒ်ပြား၊ ကင်းထောက်စည်းမျဉ်းများ။ ကော်ပိုရေးရှင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများမှ အရာရှိ။ ရုံးလုပ်ငန်းနှင့်ဆိုင်သော။ ex-officio ရာထူးအလျောက်ပါဝင်ခြင်း။





**official assignees** တရားရုံးကခန့်ထားသည့်ပစ္စည်းထိန်း (မြန်မာနိုင်ငံလူမွဲခံဥပဒေပုဒ်မ၅၆မှ ၆၀)

**official gazette** မြန်မာနိုင်ငံပြန်တမ်း။

**official liquidator** တရားရုံးက ခန့်ထားသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။ အထူးသဖြင့် စာရင်းနှင့်ဥပဒေပညာရှင်များကို ခန့်အပ်လေ့ရှိသည်။ (မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၇၅မှ ပုဒ်မ ၁၈၃ကြည့်ပါ)

**official receivers** တရားရုံးကခန့်ထားသောပစ္စည်းထိန်း။

**offset (v)** ခုနှိမ်သည်။ သေသည်။ ရင်းစားရစေသည်။ ကိုက်ညီအောင်ပြုလုပ်သည်။

**official secrert act** မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ (Myanmar Code vol 2 pg 182) အစိုးရရုံးရှိ လျှို့ဝှက်စာရွက်စာတမ်းများပြင်ပသို့ပေါက်ကြားပါက မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖြင့် အရေးယူခြင်းခံရမည်။

**offecial secret** အစိုးရရုံးလုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများကို အများပြည်သူမသိရှိစေလိုသည့်အချိန်အထိ လျှို့ဝှက်ထားခြင်း။

**omission (n)** ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။ ပျက်ကွက်ခြင်းသည် ပြစ်မှုဖြစ်သော်လည်း ပျက်ကွက်မှုတိုင်းသည် ပြစ်မှုမဟုတ်။ ဥပမာ ပြည်သူ့ဝန်ထမ်းသို့ စာတမ်းအမှတ်အသားတင်ပြရန် ဥပဒေနှင့်အညီ တာဝန်ရှိသူက မတင်ပြဘဲ ပျက်ကွက်ခြင်း။ တစ်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ ငါးရာကျပ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးအတွက်ဖြစ်စေ ချမှတ်ရမည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၅) ကလေးတစ်ဦးရေထဲကျသွားသည်ကို ဆင်းမဆယ်ဘဲ ရပ်ကြည့်နေခြင်း(ပျက်ကွက်ခြင်း) ၎င်းကိုပြစ်မှုဟု သတ်မှတ်၍မရပေ။ မော်တော်ယာဉ်မောင်းတစ်ဦးသည် အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားနေကြောင်း မြင်တွေ့သော်လည်း ၎င်းတွင် လက်ကိုင်ဖုန်းပါလျက်နှင့် အကြောင်းကြားပေးခြင်း၊ ဝင်ရောက်ကူညီပေးခြင်းမပြုခဲ့ပေ။ ထိုပျက်ကွက်မှုကြောင့် ဒဏ်ရာရသူတစ်ဦးမှာ အချိန်မီဆေးကုသမှုမခံရသဖြင့် သေဆုံးသွားသည်။ ဖြတ်သွားသူ မော်တော်ယာဉ်မောင်းသည် ဥပဒေအရသတင်းပေးကူညီရန်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မရှိသော်လည်း သေဆုံးမှုတွင် လူမှုရေးအရတာပန်ရှိလာသည်။ မတော်တဆမှုတွင် ကိုယ်တိုင်ပတ်သက်သော ယာဉ်မောင်းဖြစ်ပါက ဥပဒေအရတာပန်ရှိသည်မှာ ဧကန်ဖြစ်သည်။ ထိုအခါ သူ၏ပျက်ကွက်မှုမှာပြစ်မှုကြောင်း တရားမကြောင်းအရ အရေးယူခြင်းခံရနိုင်သည်။

**omnibus (adj) in omnibus (fr)** အားလုံးနှင့်ဆိုင်သော၊ ကမ္ဘာတစ်ဝှန်းနှင့်ဆိုင်သော၊ သဘာဝတရားနှင့်ဆိုင်သော၊ ရည်ညွှန်းထားချက်များနှင့်ဆိုင်သော၊ ယေဘုယျခြုံငုံဖော်ပြသော။ omnibus clause ယေဘုယျခြုံငုံဖော်ပြသော အပိုဒ်။ မော်တော်ယာဉ်အာမခံ။ ပေါ်လစီတွင် ကျယ်ကျယ်ပြန့်ပြန့်စီမံရေးဆွဲထားချက်အရ ပိုင်ရှင်၏ ခွင့်ပြုချက်နှင့်အတူ အာမခံထားသော ယာဉ်များနှင့်မောင်းနှင်သော ယာဉ်မောင်းများအားလုံးနှင့်အကျုံးဝင်သည်။

an omnibus volume စာရေးဆရာတစ်ဦး၏ စာပေပေါင်းချုပ်စာအုပ်။

**ondemand** တောင်းဆိုသည့်အခါပေးဆပ်ရန်ဝန်ခံသည့်ငွေချေးစာအုပ်။

**onerous (adj)** ဒုက္ခပေးသော၊ ကရိကထများသော၊ တာဝန်ပိသော ဝိရိယစိုက်ရသော ရရှိမည့်အကျိုးထက် ထမ်းဆောင်ရမည့်တာဝန်ကများနေခြင်း။

**onus probandi (latin)**-သက်သေပြရန်တာဝန် (သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁မှ ၁၁၄)

**open (adj)** ပေါ်လွင်ထင်ရှားသော၊ ကျော်ကြားသော၊ ရှင်းလင်းသော၊ အများမြင်သာသော၊ မကောင်းသတင်းဖြင့်ကျော်ဇောသော။ လူမြင်သူမြင် မလှို့ဝှက်သော။ (v) ဖွင့်သည် (စာရင်းဖွင့်သည်) open hearted (adj) စိတ်ကောင်းရှိသော။ open handed (adj) ရက်ရောသောလက်ဖွာသော။ open minded (adj) သဘောထားကြီးသော၊ သဘောထားပွင့်လင်းမျှတသော။ open contract ပစ္စည်းရောင်းချရေးပဋိညာဉ်တွင် ရောင်းသူဝယ်သူပစ္စည်းနှင့် ဈေးနှုန်းကိုသာ ဖော်ပြထားသည့် ပဋိညာဉ်။ စာဖြင့်ရေးသားထားပါက တရားဝင်သည်။ open court အများပြည်သူလာရောက်နားထောင်နိုင်သောတရားရုံး။ open cheque ဗလာချက်လက်မှတ်။ ဆောင်ယူလာသူသို့ ဘဏ်မှငွေထုတ်ပေးရန်။ open credit ဘဏ်မှဖောက်သည်စာရင်းဖွင့်ထားသူသို့ အာမခံမရှိဘဲ ငွေထုတ်ချေးခြင်း။ open policy အာမခံပစ္စည်းတန်ဖိုးတိတိကျကျ ကြေငြာခြင်း





မပြုရသေးသော ရေကြောင်းအာမခံ။ ပစ္စည်းတန်ဖိုးကို သေချာအောင် စုံစမ်းပြီးမှ တန်ဖိုးသတ်မှတ်ရန်ဖြစ်သည်။ open burning တောင်ယာမီးရှို့ခြင်း။

**operation (n)** အကျိုးသက်ရောက်စေခြင်း။ ရပိုင်ခွင့်နှင့်တာဝန်များသည် ဥပဒေအရအလိုအလျောက် အကျိုးသက်ရောက်ခြင်း။ ဥပမာ ခရစ်ယာန်ဘာသာဝင် အနေနှင့်ဘီသည် အိမ်တစ်လုံးကို ပူးတွဲပိုင်ဆိုင်သည်။ ပစ္စည်းမူဝါဒအရ တစ်ဦးသေဆုံးသောအခါ ကျန်တစ်ဦးမှ အဆိုပါပစ္စည်းကို တစ်ဦးတည်းပိုင်ဆိုင် ခြင်းဖြစ်သည်။ ဥပဒေအရ အလိုအလျောက်အကျိုး သက်ရောက်ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားမှုကို operation of law ဟုပြောဆိုလေ့ရှိသည်။

**opinion (n)** ထင်မြင်ချက်၊ ပညာရှင်၏သဘောထား။ ရှေ့နေက ပြဿနာပေါ်တွင် အကြံဉာဏ်ပေးခြင်း၊ တရားရုံးကရေးသားသော စီရင်ချက်တွင် အမှုအဖြစ်အပျက်အကျဉ်းချုပ်၊ ဖြစ်ပွားသည့်ပြဿနာပေါ်တွင် ဥပဒေကြောင်းအရရှင်းလင်းတင်ပြခြင်း၊ အဖြစ်အပျက်ပေါ်တွင် ဥပဒေကို အသုံးချခြင်းခြင်းစိတ်ဖြာခြင်းနှင့် နိဂုံးချုပ်များပါဝင်သည်။ အယူခံတရားရုံး၏ ဆင်ခြင်သုံးသပ်မှုတွင် မူလရုံး၏အမိန့်အပေါ်သုံးသပ်ခြင်း။ နောင်အလားတူအမှုများအတွက် လမ်းညွှန်စီရင်ထုံးပြုလုပ်ခြင်း။ သာမန်အားဖြင့် ပြင်ပသာမန်လူတစ်ဦးတစ်ယောက်၏ ထင်မြင်ချက်ကို တရားရုံးရှေ့၌ လာရောက်ထွက်ဆိုသောအခါ သက်သေခံမဝင်သော်လည်း ခြွင်းချက်ရှိပါသည်။ ကျွမ်းကျင်သူ၏ ထင်မြင်ချက်တွင် ဆရာဝန်၏စစ်ဆေးတွေ့ရှိချက်ဖြစ်ပါက ဆရာဝန်ကိုယ်တိုင် တရားရုံးရှေ့သို့လာရောက်ပြီး သေသူဒဏ်ရာရသူနှင့်စပ်လျဉ်း၍ မိမိထင်မြင်ချက်ကို သက်သေထွက်ချက်ပေးရပါမည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၃၂နှင့် ပုဒ်မ ၄၅မှ ပုဒ်မ ၅၁အထိလေ့လာပါ။)

**opponent (n)** ဆန့်ကျင်ယှဉ်ပြိုင်ရာတွင် တစ်ဖက်မှလူ၊ အတိုက်အခံပုဂ္ဂိုလ်၊ သက်သေခံတင်သွင်းရာတွင် ကန့်ကွက်သူ။

**opportunity (n)** အခွင့်အလမ်း၊ အခါအခွင့်နည်းလမ်းကောင်း။

**oppress (v) (n)** (v) ဖိနှိပ်ချုပ်ချယ်သည်။ နှိပ်စက်သည်။ ညှဉ်းပန်းသည်။ (n) အဖိနှိပ်ခံ၊ အချုပ်ချယ်ခံ။



www.burmeseclassic.com

www.burmeseclassic.com



**opprobrious (adj)** ပြစ်တင်ရှုံ့ချသော၊ အထင်အမြင်သေးသော၊ မှိုချိုး မှိုစ်ချိုးပြောသော။

**option (n)** ရွေးပိုင်ခွင့်။ သတ်မှတ်ထားသောအချိန်ကာလအတွင်း တစ်စုံတစ်ရာကို ပြုလုပ်ရန်သို့မဟုတ် မပြုလုပ်ရန်ရွေးချယ်ပိုင်ခွင့်။ အကျိုးသက်ရောက်သော ရွေးချယ်ပိုင်ခွင့်ကို ပဋိညာဉ်များတွင် တွေ့ရတတ်သည်။ (၎င်းမှာ အဘိုးစားနားအတွက်) သို့မဟုတ် စာချုပ်ချုပ်ဆိုရာ၌ သတ်မှတ်ချိန်တွင် လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်ရွေးချယ်ပိုင်ခွင့်။ ဖော်ပြထားသော ကာလအတွင်း သို့မဟုတ် သတ်မှတ်ထားသည့်နေ့၌ စတော့သို့မဟုတ် ရှယ်ယာများအား သတ်မှတ်ပိုင်းခြားထားသော ငွေပမာဏဖြင့် တစ်ဦးတစ်ယောက်ကို ဝယ်ရန်သို့မဟုတ် ရောင်းရန်ရွေးချယ်ပိုင်ခွင့်ကိုခွင့်ပြုခြင်း။

**oral (adj)** နှုတ်ဖြင့်ပြောဆိုသော။ oral admission နှုတ်ဖြင့်ဝန်ခံချက်။ oral agreement နှုတ်ဖြင့်သဘောတူညီချက်ပေးခြင်း။ oral argument တရားရုံးတွင်ရှေ့နေက ၎င်း၏အမှုသည်အတွက်နှုတ်ဖြင့်လျှောက်လဲချက်ပေးခြင်း။

**oral confession** ပြစ်မှုတစ်ခုတွင် တရားခံက ၎င်းတို့စွပ်စွဲထားသော ပြစ်မှု ကို ကျူးလွန်ခဲ့ကြောင်းနှုတ်ဖြင့်ထွက်ချက်ပေးခြင်း။

**oral contract** နှုတ်ပဋိညာဉ်။ နှစ်ဘက်အမှုသည်များက စာဖြင့်ရေးသားထားခြင်းမရှိသော သို့မဟုတ် လက်မှတ်ရေးထိုးခြင်းမရှိသော ပဋိညာဉ်။

**oral evidence** တရားရုံးရှေ့တွင် သက်သေကကျမ်းသစ္စာကျိန်ဆို၍ နှုတ်ဖြင့် ထွက်ဆိုချက်ပေးခြင်း။ နှုတ်သက်သေခံချက်များသည် တိုက်ရိုက်ဖြစ်ရပါမည်။ ဆိုလိုသည်မှာ မြင်နိုင်သည့်အကြောင်းကို ရည်ညွှန်းလျှင်ကိုယ်တိုင်မြင်ရမည်။ ကြားနိုင်သည့် အကြောင်းအရာကိုရည်ညွှန်းလျှင်ကိုယ်တိုင်ကြားရမည်။

(သက်သေခံအက်ဥပဒေ ပုဒ်မ ၆၀)

**order (v) (n)** အမိန့်ပေးသည်။ မှာကြားသည်။ စီစဉ်သည်။ တရားရုံးမှ ညွှန်ကြားချက်သို့မဟုတ် အမိန့်။ စီရင်ချက်ချမှတ်သည်ဟုလည်း သုံးနှုန်းသည်။ တရားရုံးကသာမန်အမိန့်ညွှန်ကြားတာလည်းဖြစ်နိုင်သည်။ ဥပမာ တရားရုံးရှေ့၌ သက်သေသည်ကလန်ကဆန်လုပ်ခြင်း၊ မထီတရိလုပ်ခြင်း ပြုနေသောသက်သေအား ကောင်းကောင်းမွန်မွန်ထွက်ဆိုရန်တရားရုံးကသတ် ပေးခြင်း။





ex-parte order တစ်ဖက်သတ်ချမှတ်သည့်အမိန့်။ final order အပြီးသတ်ချမှတ်သည့်အမိန့်။ interlocutory order ကြားဖြတ်အမိန့်။ preclusion order တားမြစ်အမိန့်။ ချက်လက်မှတ်တွင်ဖော်ပြထားသူသို့ ငွေထုတ်ပေးရန် ဘဏ်သို့ညွှန်ကြားချက်။ စတော့၊ ရှယ်ယာစသည်များတွင်ဝယ်ယူသူက ပွဲစားအား မည်သည့်အချိန်တွင် မည်သို့မည်ပုံဝယ်ယူရောင်းချပေးရန် ပေးသော ညွှန်ကြားချက်။

**ordinance (n)** တစ်ချက်လွှတ်အမိန့်၊ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်၊ အစိုးရက ထုတ်ပြန်သောအမိန့်ပြန်တမ်း စည်းမျဉ်း၊ စည်းကမ်းဥပဒေ။

**ordinary (adj)** ဖြစ်ရိုးဖြစ်စဉ်၊ အစဉ်အလာအတိုင်း။

**ordinary course of business** သာမန်လုပ်ရိုးလုပ်စဉ် စီးပွားရေးထုံးစံနှင့် လုပ်ကိုင်မြဲဘောင်အတွင်းမှ စီးပွားရေးလုပ်ငန်းကို စီမံခန့်ခွဲခြင်း။

**ordinary resolution** ကုမ္ပဏီအဖွဲ့ဝင်မဲပေးသူ ထက်ဝက်ကျော်၏ မဲအရေအတွက်ဖြင့်အဆုံးအဖြတ်ပြုခြင်း (သာမန်ဆုံးဖြတ်ချက်) သာမန်အစည်းအဝေးတွင် အမြတ်ဝေစုခွင့်ပြုခြင်း။ စာရင်းများလက်ကျန်ရှင်းတမ်းများနှင့် ဒါရိုက်တာများနှင့်စာရင်းစစ်များ၏ သာမန်အစီရင်ခံစာများကို စဉ်းစားခြင်း၊ အလှည့်ကျအနားယူသူများနေရာတွင် ဒါရိုက်တာများနှင့်အခြားအရာရှိများ ရွေးချယ်ခြင်းနှင့်စာရင်းစစ်များ၏ အခကြေးငွေများသတ်မှတ်ခြင်းတို့ကို အထက်ပါအတိုင်းဆုံးဖြတ်ရမည်။ (ကုမ္ပဏီဥပဒေနောက်ဆက်တွဲဇယား(က)စည်းမျဉ်း၅၀)

**oridnary pursuit**--- လုပ်ဆောင်မြဲအလုပ်။

**ordinary share** သာမန်ရှယ်ယာ။ ဒီဘင်ချာနှင့်ဦးစားပေးရှယ်ယာများကို အမြတ်ခွဲဝေပြီးမှ ရရှိနိုင်သောရှယ်ယာ။

**ore (n)** သတ္တုရိုင်း၊ ကျောက်ရိုင်း၊ သန့်စင်အချောမကိုင်ရသေးသော သတ္တု၊ ကျောက်။

ore tenus (latin) by word of mouth: Orally: by word of mouth (pleading carried on ore tenus) နှုတ်ဖြင့်။ လျှောက်လဲချက်ကို နှုတ်ဖြင့် ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



**organ (n)** လုပ်ငန်းအဖွဲ့အစည်း။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း။

**organ of state** နိုင်ငံတော်၏အဖွဲ့အစည်း။

**organ of state power** နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်း။

**organic law** တိုင်းပြည်၊ နိုင်ငံသို့မဟုတ် အဖွဲ့အစည်း၏အခြေခံဥပဒေ တရားစီရင်ရေးစနစ်သည်၊ ထိုဥပဒေအပေါ်တွင် အခြေခံသည်။ ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေ။

**organization (n)** အဖွဲ့အစည်း၊ အစည်းအရုံး၊ ဖွဲ့စည်းမှု။

**organize (v)** စည်းရုံးသည်။ ဖွဲ့စည်းသည်။

**organized crime** ဥပဒေမဲ့လုပ်ငန်းများကို လုပ်ဆောင်သောဒုစရိုက်ဂိုဏ်းအဖွဲ့အစည်း။ ၎င်းတို့လုပ်ငန်းစု (ဆင်ဒီကိတ်)ကြီးမှ ထိန်းချုပ်ပြီး ကျန်အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေးသည်။ ဥပမာ A မိသားစု၊ မာဖီးယားစသည်။ ၎င်းတို့သည် ဥပဒေမဲ့လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့်ဝင်ငွေရှာသည်။

**origin (n)** မူလဇစ်မြစ်၊ မူလအစ။

**orignial (adj)** မူလအစဖြစ်သော။

**original court** မူလတရားရုံး၊ အမှုစတင်ကိုင်တွယ်ကြားနာစစ်ဆေးသည့်တရားရုံး။

**original jurisdiction** မူလစီရင်ပိုင်ခွင့်အာဏာ။

**original text** မူလစာကိုယ်

**orphan (n)** မိဘမဲ့ကလေး။ မိဘနှစ်ပါးစလုံးသေဆုံး၍ ကျန်ရစ်ခဲ့သောကလေး။ orphanage မိဘမဲ့ကလေးများကို စောင့်ရှောက်ထားသည့်နေရာ။

**ostensible (adj)** အမည်ခံမျှသာဖြစ်သော၊ အပေါ်ယံကို ဖုံးကွယ်တင်ပြထားသော။

**ostensible owner** ပိုင်ရှင်ဟုထင်မှတ်ရသူ။

**ostensible partner** အစုစပ်လုပ်ငန်းတစ်ရပ်တွင် အစုဝင်တစ်ဦးမဟုတ်သော်လည်း ဝင်ရောက်စွက်ဖက်လုပ်ကိုင်နေသဖြင့် အစုဝင်တစ်ဦးဟုအောက်များထင်မှတ်ရသောသူ။ အစုစပ်လုပ်ကိုင်သူတစ်ဦးကဲ့သို့ တာဝန်ရှိလာသည်။ ထိုဟန်ဆောင်သူအပေါ်တာဝန်ရှိစေရန်မှာ (၁) နှုတ်ဖြင့်ပြောကြားခြင်းဖြင့်လည်းကောင်း၊ စာဖြင့်ရေးသားခြင်းဖြင့်လည်းကောင်း၊ ကိုယ်နှုတ်အမူအယာဖြင့်လည်းကောင်း၊ မိမိကိုယ်ကိုအစုစပ်လုပ်ကိုင်သူတစ်ဦးကဲ့သို့ ပြုမူပြောဆိုနေထိုင်ခြင်း၊ (၂) မိမိကိုယ်တိုင်မပြောသော်လည်း အခြားသူတစ်ဦးက ပြောသည်ကို သိလျက်နှင့်မငြင်းဆိုခြင်း (၃)လွဲမှားစွာယုံကြည်မိသူက အစုစပ်သို့ ငွေကြေးတစ်ရပ်ချေးထားခြင်းရှိရမည်။ ဟန်ဆောင်မှုပြုခြင်းသည် မိမိ၏ပြုမူချက်အပေါ်ငြင်းဆိုခွင့်ပိတ်ပင်ခံရမည်။ (အစုစပ်လုပ်ငန်းဥပဒေပုဒ်မ ၂၈၊ သက်သေခံဥပဒေပုဒ်မ ၁၁၅)

**oust (v)** မရွှေ့မပြောင်းနိုင်သောပစ္စည်းပေါ်မှတစ်ဦးတစ်ယောက်ကို မတရားဖယ်ထုတ်ခြင်း။ ပူးတွဲအိမ်ငှားသည် အိမ်ခန်းကိုသော့ပြောင်းခတ်ခြင်းဖြင့် ဒုတိယအိမ်ငှားကို အိမ်တွင်းဝင်မရအောင်ပြုလုပ်ခြင်း။ တစ်စုံတစ်ယောက်ကို အမွေပုံပစ္စည်းမှ မတရားလက်မဲ့ဖြစ်စေခြင်း၊ တရားဝင်အိမ်ငှားကို ဥပဒေနှင့်မညီဘဲဖယ်ရှားခြင်း၊ ပြည်သူ့ဝန်ထမ်းကိုရာထူးမှ ဖယ်ရှားခြင်း။

**out of court settlement** တရားမမှုများတွင် တရားရုံးကအမိန့်မချမီနှစ်ဘက်အမှုသည်များတရားရုံးပြင်ပ၌အမှုကိုပြေငြိမ်းကြခြင်း။

**out of court** တစ်ဦးတစ်ယောက်ကို out of court ဆိုလျှင် တရားရုံးအနေဖြင့် ထိုသူ၏အမှုအပေါ်ခံစားခွင့်များကို စဉ်းစားခြင်းမပြုဘဲ ပိတ်ပင်ထားခြင်းဖြစ်သည်။ တရားလိုမှ အမှုစွဲဆိုရာတွင် အခင်းဖြစ်အကြောင်းအရာပေါ်လျှင်ဖြစ်စေ၊ သို့မဟုတ် အခင်းဖြစ်အကြောင်းအရာမှာ အကျိုးမပြုကြောင်းတွေ့လျှင်ဖြစ်စေ၊ ထိုတရားလိုကို out of court ဟုပြောလေ့ရှိသည်။ ဆိုလိုသည်မှာ ထိုသူသည် တရားရုံးရှေ့တွင်ရပ်တည်နိုင်ခြင်းမရှိတော့ပေ။

**Outstanding (adj)** ကြွေးကျန်၊ မကောက်ခံရသေးသော။ (ရောင်းချရန်ကျန်နေ သေးသော ရှယ်ယာများ) လူသိရှင်ကြားထုတ်ဝေရောင်းချခြင်း။





www.burmeseclassic.com

www.burmeseclassic.com



- outstanding claim တောင်းရှင်းရန်ကျန်ရှိသောတောင်းဆိုငွေ။
- outstanding expenses ပေးရန်ရှိကုန်ကျစရိတ်များ။
- outstanding income ရရန်ရှိငွေများ။

**outrage (n)** ရိုင်းစိုင်းသောအပြုအမူ။ အစွမ်းကုန် ရက်စက်သောလုပ်ရပ်။

**overdraft (n)** ဘဏ်စာရင်းရှိငွေပမာဏထက်ပို၍ ထုတ်ယူငွေ။ ဘဏ်မှ ၎င်းထံငွေစာရင်းဖွင့်ထားသူ ဖောက်သည်အား လက်ငင်းငွေစာရင်းမှကာလ ဘစ်ခုအထိ အပ်ငွေထက်ပိုထုတ်ယူခွင့်ပေးခြင်း။

**over due (adj)** ငွေပေးချေရန်သတ်မှတ်ကာလထက်ကျော်လွန်နေသော။

**over rule (v)** ပြောင်းလဲပြင်ဆင်ဆုံးဖြတ်သည်။ ပယ်ချသည်။ တရားရုံးက တရားခံ၏ ကန့်ကွက်ချက်များကိုပယ်ချသည်။ တရားလွှတ်တော်ချုပ်က စီရင်ထုံးဖွဲ့သည့်အမှုတစ်ခုကို နောက်ချမှတ်သည့်စီရင်ဆုံးဖြတ်ချက်က လွှမ်းမိုးပြီး ပထမစီရင်ထုံးကို ပယ်ဖျက်လိုက်သည်။ မူလရုံးကချမှတ်ခဲ့သော စီရင်ချက်ကို ကွဲလွဲပယ်ဖျက်ခြင်း။ မူလအောက်ရုံးကချမှတ်ခဲ့သောအမိန့်အပေါ် အယူခံဝင်ရောက်ရာတွင် မူလရုံးအမိန့်အား ပယ်ဖျက်၍ ကွဲလွဲဆုံးဖြတ်ခြင်း။

**owe (v)** အကြွေးတင်သည်။ တာဝန်တစ်ရပ်တင်ရှိသည်။

**owelty** တန်ဘိုးကွဲပြားသည့်မြေနှစ်ကွက်ကို ပိုင်ရှင်နှစ်ဦးက သဘောတူလဲလှယ်ရာတွင် တန်ဖိုးများသည့်မြေကွက်ပိုင်ဆိုင်သူသို့ တန်ဖိုးနည်းမြေကွက်ပိုင်ဆိုင်သူက ငွေအလိုက်ပေးရခြင်း။ မြေကွက်ကိုခွဲဝေရာတွင် မြေဧရိယာမညီမျှပါက များသူက နည်းသူသို့ငွေအလိုက်ပေးရခြင်း။

**owner (n)** တစ်စုံတစ်ရာကိုဥပဒေနှင့်အညီ ပိုင်ဆိုင်သူ(သို့) မြေကွက်တွင်နာမည်ပေါက်သောသူ။

record owner မြေစာရင်းတွင်အမည်ပေါက်သောပိုင်ရှင်။

limited owner (အကန့်အသတ်ဖြင့်)ဘဝတစ်သက်တာမြေတွင်နေထိုင်ခွင့်ရသူ။

adjoining owner အခြားသူ၏မြေနယ်နမိတ်နှင့် ထိစပ်နေသောမြေကိုပိုင်သူ။





**ownership**—ပိုင်ဆိုင်မှု။

**oyez (oyers) (fr)** (အသံထွက် Oyes) တရားရုံးတွင် တိတ်ဆိတ်နေပါပြောခြင်း။ တရားရုံးစတင်တော့မည်ဆိုလျှင် တရားခွင်စာရေးက (oyes) ဟု တိတ်တိတ်နေကြရန်ပြောခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# P

**pacific (adj)** ငြိမ်းချမ်းစေတတ်သော၊ ငြိမ်သက်သော၊ ငြိမ်းချမ်းရေး လိုလားသော။

**pacifically (adv)** ငြိမ်းချမ်းစွာ၊ ငြိမ်သက်စွာ။

**pacification (n)** ငြိမ်းချမ်းစေခြင်း။ စစ်ဖြစ်ပွားနေသောနိုင်ငံများအကြား ငြိမ်းချမ်းရေးရယူခြင်း၊ အများပြည်သူငြိမ်းချမ်းရေးကိုပြန်လည်ထူထောင်ခြင်း ထကြွသောင်းကျန်းမှုကိုနှိမ်နင်း၍ ငြိမ်ဝပ်ပိပြားစေခြင်း။ ငြိမ်းချမ်းစေခြင်း

**pacifier (n)** ပြည်သူများဒေါသထွက်နေသည့်အခါ (သို့မဟုတ်) စိတ်အ နှောင့်အယှက်ဖြစ်နေသည့်အခါ ဒေါသပြေငြိမ်းအောင်နှစ်သိမ့်သည့်အရာ

**pacifism (n)** စစ်ပွဲများဖြစ်ပွားခြင်းမှာ မှားယွင်းသည်ဟုယုံကြည်သော ငြိမ်းချမ်းရေးဝါဒ၊ စစ်မဲ့ဝါဒ၊ စစ်သို့မဟုတ် အကြမ်းဖက်မှုသည် တရားမျှတ မှုမရှိဟု ယုံကြည်သောဝါဒ၊ စစ်ဆန့်ကျင်ရေးဝါဒ။

**pacifist (n)** စစ်မဲ့ဝါဒီ၊ ငြိမ်းချမ်းရေးဝါဒီ။





**pacify (v)** စိတ်ဒေါသထွက်နေသည့်အခါ စိတ်အနှောင့်အယှက်ဖြစ်နေသည့်အခါ ငြိမ်းချမ်းစေခြင်း၊ စိတ်ကျေနပ်မှုဖြစ်စေခြင်း။ စစ်မက်ငြိမ်းအေးစေသည်။ ငြိမ်းချမ်းရေးရစေသည်။ ချော့သိပ်သည်။

**pack (v)** မိမိလိုအပ်သောဆုံးဖြတ်ချက်ကို ရရှိစေရန် ခုံရုံးအဖွဲ့ဝင်များ၊ ဂျူရီလူကြီးများကို ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်း။

**pact (n)** နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများချုပ်ဆိုသည့် သဘောတူညီချက်။ နှစ်ဦးသို့မဟုတ် နှစ်နိုင်ငံထက်ပိုသောနိုင်ငံအများ သို့မဟုတ် အစိုးရအဖွဲ့အချင်းချင်း ချုပ်ဆိုကြသည့် (သဘောတူညီချက်) ပဋိညာဉ်စာချုပ်။

**pacta sunt servanda (latin)** agreements are to be kept: အပြည်ပြည်ဆိုင်ရာစာချုပ်များပါ သဘောတူညီချက်များကို လိုက်နာစောင့်ထိန်းခြင်း။ pacta sunt servanda သည် အပြည်ပြည်ဆိုင်ရာဥပဒေစာချုပ်များ၏ ထုံးတမ်းများတွင် အခြေခံအကျဆုံးဖြစ်သည်။ ထိုသဘောတူညီချက်များကိုလက်ခံဆောင်ရွက်ခြင်းမပြုလျှင် အပြည်ပြည်ဆိုင်ရာစာချုပ်မှာ အသုံးမဝင်တန်ဖိုးမရှိဖြစ်သွားမည်။

**pacta tertiis nec nocent nec prosunt (latin)** တတိယနိုင်ငံများ၏ သဘောတူညီမှုမပါဘဲ ၎င်းတို့အတွက်တာဝန်ကိုဖြစ်စေ ရပိုင်ခွင့်ကိုဖြစ်စေ အပြည်ပြည်ဆိုင်ရာစာချုပ်များသည် မဖန်တီးနိုင်ပါ။

**pactum (latin)** ပဋိညာဉ်၊ သဘောတူညီမှု၊ သဘောတူစာချုပ်၊ ၎င်းသဘောတူစာချုပ်မှာ အတင်းအကြပ်အတည်မပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အတိုးအနှုန်းမပါသောကြောင့်ဖြစ်သည်။ see also nudum pactum.

**pactum de non petend (latin)** တရားစွဲဆို၍မရသောသဘောတူညီချက်။

**paedopile (n)** ကလေးများနှင့်လိင်ဆက်ဆံရန် စိတ်ဝင်စားသောအမျိုးသား။ ကလေးများကို လိင်ဆက်ဆံမှုပြုရန်ဆွဲဆောင်သူ။ အသက် ၁၄နှစ်အောက် ကလေးများနှင့် လိင်မှုကိစ္စကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ သို့သော်အဆိုပါ ယောကျ်ားသည် အသက် ၁၃နှစ်အောက်မဟုတ်သော မိမိမယားနှင့် ကာမစပ်ယှက်ခြင်းမှာ ပြစ်မှုမမြောက်ပေ။ phedophilia (n) ကလေးများအပေါ် ကာမစိတ်တိမ်းညွတ်မှုရှိသောစိတ်။



www.burmeseclassic.com

www.burmeseclassic.com



**paid up capital** ကုမ္ပဏီမှအစုဝင်များအား ဝယ်ယူရန်ခွင့်ပြုထားသော သို့မဟုတ် ထုတ်ဝေထားသောရှယ်ယာများအတွက် ငွေပေးသွင်းခြင်း။ အစုဝင်များက ဝယ်ယူထားသောရှယ်ယာများအတွက် ကျန်ငွေကိုအပြည့်အဝပေးသွင်းပြီးဖြစ်လျှင် ထိုရှယ်ယာများကို Full paid up capital ဟုခေါ်သည်။ အကယ်၍ ကုမ္ပဏီက ရှယ်ယာတန်ဖိုးကိုအပြည့်အဝတောင်းခံခြင်းမပြုသေးဘဲ တစ်စိတ်တစ်ပိုင်းသာတောင်းခေါ်၍ ရှယ်ယာဝင်ကတောင်းခေါ်ငွေကိုသာ ပေးသွင်းထားလျှင် ထိုရှယ်ယာများကို partly paid up share ဟုခေါ်သည်။ ကုမ္ပဏီအနေဖြင့် ကျန်ရှိသောရှယ်ယာတန်ဖိုးကိုနောင်လိုအပ်မှ တောင်းခေါ်မည်ဖြစ်လျှင် uncalled capital ဟုခေါ်သည်။ fully paid up capital ကို စတော့ဈေးကွက်တွင် ရောင်းချနိုင်သည်။

**palimony** ယခင်ကအတူနေပြီးလက်မထပ်ခဲ့သောစုံတွဲတွင် ကျန်တစ်ဦးက တဘက်အမျိုးသမီးကိုစရိတ်ပေးရန် တရားရုံးအမိန့်ချမှတ်ခြင်း။

**pander (v) (n)** ပြည့်တန်ဆာရှာပေးသူ။ ပြည့်တန်ဆာအတွက် ပျော်ပါးမည့်သူကိုရှာပေးသောဖိမ်ခေါင်း (သို့) မိမိငွေကြေးရရှိရန်အတွက် မိန်းကလေးများအား ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်သွေးဆောင်ဖြားယောင်းသူ။ လိင်မှုကိစ္စဝါသနာထုံသူများကို ညစ်ညမ်းစာပေနှင့်ရုပ်ရှင်များအားဝယ်ယူရန်အတွက် ဆွဲဆောင်ရောင်းချခြင်း။

**panel (n)** ဂျူရီတာဝန်များကိုထမ်းဆောင်ရန်ရွေးချယ်ထားသောလူကြီးများစာရင်း။ အထူးခုံရုံးတွင် သီးခြားအမှုအားစစ်ဆေးကြားနာရန်ရွေးချယ်ထားသော တရားသူကြီးများ။ အယူခံမှုကိုကြားနာသောတရားသူကြီးများ။

**panel of chairman** သဘာပတိအဖွဲ့။

**panel attorney** အစိုးရစရိတ်ဖြင့်နှိမ်းပါးသောတရားခံများအတွက် လိုက်ပါဆောင်ရွက်ပေးသော ပြင်ပရှေ့နေ (တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ)

**paper (n)**--စက္ကူ၊ ရေးသားထားသော၊ ပုံနှိပ်ထားသောစာရွက်စာတမ်းများ၊ စာချုပ်များ court paper တရားရုံးသို့တင်သွင်းသော စာရွက်စာတမ်းများ။ ၎င်းထဲတွင် လျှောက်လဲချက်၊ အဆိုအချေများ၊ အကြောင်းကြားစာများ၊ သက်သေခံအဖြစ်တင်သွင်းသောစာရွက်စာတမ်းများ။ အစရှိသည် ...





bearer paper ဆောင်ယူထားသူသို့ ငွေပေးရန်လွှဲပြောင်းပေးနိုင်သော စာချုပ်စာတမ်းများ။ order paper ညွှန်ပြသူသို့သာပေးရန် သို့မဟုတ် ၎င်းမှလွှဲအပ်ခံရသူသို့သာ ပေးရန်ဖြစ်သော လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ။

**paper blockade** မထိရောက်သောပိတ်ဆို့မှု။

**paper hanger** (ဗန်းစကား) ငွေထုတ်မရသော ချက်လက်မှတ်ကို ရေးသားသူ။

**paper money** ငွေစက္ကူ။

**paper profit** စာရွက်ပေါ်မှအမြတ်။ မရရာသောအမြတ်။ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းတွင် အကျိုးသက်ရောက်မှုရှိသော်လည်း ငွေသားထုတ်ယူနိုင်ခြင်းမရှိ။ အခွန်ကိစ္စအတွက်သာဖြစ်သည်။ ဥပမာ ရှယ်ယာတစ်ခုသည် ၁၀၀ဝိ/–ကျပ်တန်သည်၊ ပေါက်ဈေး ၁၅၀ဝိ/–ကျပ်ဖြစ်သော် မရောင်းချသော်လည်း ပိုင်ရှင်သည် စာရွက်ပေါ်တွင်အမြတ် ၅၀ဝိ/–ကျပ်ရရှိနေပြီဖြစ်သည်။

**paper loss** (အာမခံစာချုပ်များ) ဈေးကွက်ပေါက်ဈေးထက်လျှော့၍ ရောင်းခြင်းဖြင့် အရှုံးပြခြင်း။ (ရောင်းဈေးမှာ ဝယ်ဈေးထက်များသော်လည်း ပေါက်ဈေး ထက်နည်းနေခြင်း။)

**par** စတော့ သို့မဟုတ် ဘွန်းတစ်ခု၏အမည်ခံတန်ဖိုး (သို့) ၎င်းအပေါ်တွင် ရေးထားသည့်တန်ဖိုး၊ ၎င်းမှာ ဝယ်ယူသူမှထုတ်ဝေသောကော်ပိုရေးရှင်းသို့ ပေးရသောငွေတန်ဖိုး။

**pardon (n)** (n) အပြစ်လွှတ်ခြင်း၊ သင်ပုန်းချေခြင်း (v) ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း။

**paralegal (n)** တစ်ဦးတစ်ယောက်သည် ဥပဒေလုပ်ငန်းလုပ်ကိုင်သော်လည်း၊ ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်၊ ဥပဒေအကြံဉာဏ်ပေးခွင့်လိုင်စင်မရှိသူ။ ၎င်းတို့သည် ဥပဒေရုံးခန်းများတွင် အလုပ်သမားအဖြစ်ခန့်အပ်ထားခြင်းခံရသူဖြစ်ပြီး တစ်ခါတစ်ရံရှေ့နေတစ်ဦး၏ ပုံမှန်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်ရသည်။ တစ်နည်းအားဖြင့်ဆိုသော် ရှေ့နေတစ်ဦးထံတွင် ရုံးတွင်း၌ ကူညီလုပ်ကိုင်ပေးရသူဖြစ်သည်။ Independent paralegals ဆိုသည် တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းလွတ်လွတ်လပ်လပ်ဆောင်ရွက်သူဖြစ်ပြီး တရားရုံးပုံစံများရေးချခြင်း၊ ပုံစံများဖြည့်သွင်းရာတွင် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ မည်သည့်တရားရုံးသို့တင်ရမည်ကို ညွှန်ပြခြင်း (မြန်မာနိုင်ငံတွင်လျှောက်လွှာစာရေး) စသည့်အမှုသည်များကို ကူညီဆောင်ရွက်ပေးသူ။

**paramount title** တူညီသောပစ္စည်းအပေါ်တောင်းဆိုမှု သို့မဟုတ် ပိုင်ဆိုင်မှုထက် ပိုမိုခိုင်မာသော (အဆင့်မြင့်သော)ပိုင်ဆိုင်မှု A title that is superior to another title or claim on the same property.

**paramour (n)** တိတ်တိတ်ပုန်းလင်မယား။ အိမ်ထောင်ဘက်များအဖြစ် ဥပဒေအရ အခွင့်အရေးမရှိ။

**parcel (n)** မြေအစိတ်အပိုင်းငယ်၊ အစိတ်စိတ်အပိုင်းခွဲခြားသည်။ စာချုပ်တွင် ပစ္စည်းသို့မဟုတ် မြေကွက်၏ဖော်ပြချက်။

**parent** မိရင်းဖရင်း၊ မွေးစားမိဘများလည်း အကျုံးဝင်သည်။ သို့ရာတွင် ပထွေး၊ မိထွေးများမပါဝင်ပါ။

**parceners** တစ်မိဘတည်းမှ ဆင်းသက်လာသူများသည် မိဘအမွေဖြစ်သည့် မြေအစရှိသော မရွေ့မပြောင်းနိုင်သော ပစ္စည်းများကို အတူပိုင်ဆိုင်ကြခြင်း။

**parliament** ဥပဒေပြုလွှတ်တော်

**parole (n)** ကတိခံဝန်ချုပ်ဖြင့်လွှတ်သည်။ (adj) နှုတ်ဖြင့်၊ စာဖြင့်ရေးသားခြင်း၊ မရှိသော။ evidence နှုတ်ဖြင့်သက်သေခံချက်ပေးခြင်း။ parol evidence rule ပဋိညာဉ်စည်းကမ်းချက်များကိုစာဖြင့်ရေးသားခြင်းဖြင့် အတိအလင်းကြေငြာပြီး နှစ်ဘက်ပါဝင်သူများက သဘောတူညီခဲ့ကြသည်။ ထိုရေးသားပဋိညာဉ်နှင့်တစ်ချိန်တည်းဖြစ်သော ထို့ထက်ရှေးကျသော နှုတ်သက်သေခံချက်သည် ထိုရေးသားပဋိညာဉ်ကို ပြောင်းလဲရန် သို့မဟုတ် ဆန့်ကျင်ရန်အတွက် သက်သေခံခွင့်မရှိပေ။ parol contract စာဖြင့်ရေးသားထားခြင်းမရှိသော ပဋိညာဉ် (သို့) အချို့အပိုင်းများသာစာဖြင့်ရေးသားထားသော ပဋိညာဉ်။

**parolee (n)** ခံဝန်ချုပ်ဖြင့် လွတ်မြောက်လာသောအကျဉ်းသား။





**parole revocation** တရားခံကို ခံဝန်ချုပ်ဖြင့်လွှတ်ပေးထားရာတွင် သတ်မှတ်ကာလအတွင်း ခံဝန်ချုပ်ပါလိုက်နာရန်အချက်များကို ဖောက်ဖျက်၍ ပြန်လည်အကျဉ်းထောင်သို့ပို့ခြင်း။

**parricide (n)** နီးစပ်သောဆွေမျိုးများကိုသတ်ခြင်း၊ မိဘကိုသတ်ခြင်း။

**part (n)** တစ်စိတ်တစ်ဒေသ၊ အစိတ်အပိုင်း။

**part owner** တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်မှု။

**part performance** တစ်ပိုင်းတစ်စဆောင်ရွက်ခြင်း။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုအရောင်းအဝယ်ပြုရာတွင် ဝယ်သူအနေဖြင့် အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ထိုက်သင့်သော အခွန်တံဆိပ်ခေါင်းကပ်ကာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်ဖြစ်သည်။ သို့ရာတွင် အကြောင်းကြောင့် ထိုသို့မဆောင်ရွက်ဘဲ အရပ်စာချုပ်ချုပ်ဆိုကာ ပစ္စည်းကိုလက်ရောက်ရယူထားတတ်သည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ တစ်ပိုင်းတစ်စဆောင်ရွက်ခြင်းဖြစ်၍ ဥပဒေအရလွှဲပြောင်းခြင်းမပြီးဆုံးသေးသဖြင့် ဝယ်သူအနေဖြင့် ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ခွင့်မရသေးပေ။ [ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃ (က) ]

**partial (adj)** တစ်ပိုင်းတစ်စဖြစ်သော။

**partial breach** ကျေနပ်အောင်မဆောင်နိုင်သော သို့မဟုတ် ပဋိညာဉ်ပျက်ပြယ်သည့်အဆင့်ထိ မရောက်သောပဋိညာဉ်စည်းကမ်းချက်များကို အသေးအဖွဲ့ပျက်ကွက်ခြင်း။ ထိုပျက်ကွက်မှုကို ငွေကြေးပေးခြင်းဖြင့် ပြေလည်စေခြင်း သို့မဟုတ် အခြားညှိနှိုင်းမှုများဖြင့် ပြေလည်မှုရအောင် ပြုလုပ်ခြင်းတို့ဆောင်ရွက်နိုင်သည်။ ဥပမာ – ပရိဘောဂအပြည့်အစုံပါသော အိမ်ငှားရမ်းမှုတစ်ခုတွင် အိမ်ရှင်သည် မွေ့ယာပေးရန်ကျန်နေသည်။ ထိုအခါ အိမ်ရှင်သည် မွေ့ယာပေးပြီးသည့်အထိ အိမ်လခကို ယာယီလျှော့ယူခြင်းဖြင့် အိမ်ငှားနှင့်ပြေလည်အောင်ဆောင်ရွက် နိုင်သည်။

**partial disability** အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုကြောင့် အမြဲတမ်းတစ်စိတ်တပိုင်းထိခိုက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေခြင်း။ ထိုသို့ဖြစ်ခြင်းကြောင့် အလုပ်သမား၏စွမ်းဆောင်ရည်မှာ လျော့ကျမှုကို ဖြစ်ပေါ်စေသည်။ (ဥပမာ ဘယ်ဘက်လက်ခလယ် အဆစ်တစ်ဆစ်ပြတ်သွားခြင်း)



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအလုပ်သမားကို ၎င်းဆောင်ရွက်နိုင်သောလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စေခြင်း။

**partial loss** (in marine insurance) တစ်ပိုင်းတစ်စဆုံးရှုံးပျက်စီးခြင်း။

**particeps (n)** (Latin) ပါဝင်ဆောင်ရွက်သူ၊ တစ်စိတ်တစ်ပိုင်းပိုင်ရှင်။

**particeps criminis** (Latin) partner in crime ကြံရာပါ သို့မဟုတ် ပြစ်မှုတစ်နည်းနည်းပါဝင်ပတ်သက်သူ။

**particulars of sale** ပစ္စည်းရောင်းချရန်အတွက် ရောင်းချသည့်ပစ္စည်းနှင့် စပ်လျဉ်း၍အချက်အလက်များဖော်ပြသည့်စာရွက်စာတမ်း။

**particular average** ဆုံးရှုံးမှုကို တစ်ဦးတည်းကျခံခြင်း။

**participate (v)** ပါဝင်သည်။ ပါဝင်ဆောင်ရွက်သည်။

**parties (n)** စာချုပ်ချုပ်ဆိုရာတွင် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ဆောင်ရွက်ရာတွင် ပါဝင်ကြသူများ။ ပြစ်မှုတွင်ဖြစ်စေ တရားမမှုတွင်ဖြစ်စေ ပါဝင်သည့် တရားလို၊ တရားခံ တရားပြိုင်များ။

**partition (n)** ခွဲဝေခြင်း၊ ပိုင်းခြားခြင်း။ ပစ္စည်းပေါ်တွင် ပူးတွဲအကျိုးခံစားခွင့်ရှိသူများက အိမ်အစုကိုခွဲဝေယူခြင်း။ ပူးတွဲပိုင်ဆိုင်သူများသည် ပစ္စည်းကို ခွဲဝေပေးရန် တောင်းဆိုပိုင်ခွင့်ရှိခြင်း။ Suit for partition လင်မယားနှစ်ဦး ကွာရှင်းပြီးနောက် သို့မဟုတ် ကွာရှင်းရန် တရားစွဲဆိုထားစဉ် နှစ်ဦးပိုင်ပစ္စည်းများကိုခွဲဝေပေးရန်စွဲဆိုမှု။ ပစ္စည်းခွဲဝေပေးစေလိုမှုတွင် အခင်းဖြစ်ပစ္စည်းကို တရားလိုနှင့် တရားပြိုင်များ၊ အကျိုးခံစားမှုသို့မဟုတ် အခွင့်အရေး အညီအမျှရှိရန်လိုသည်။ ထို့ပြင် အခင်းဖြစ်ပစ္စည်းတွင် တရားလိုနှင့်တရားပြိုင်တို့သည် အညီအမျှလက်ရှိဖြစ်စေရန်လိုသည်။ (၁၉၉၃ မတစ ၁၀၃)

**partner** အခြားသူတစ်ဦးတယောက်နှင့်ပူးတွဲအစုဝင်ထားသူ။ ဇနီး/ခင်ပွန်း အစုဝင်ဆိုသည်မှာအခြားသူတစ်ဦး သို့မဟုတ် အများနှင့်စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ပြီးရရှိမည့်အကျိုးအမြတ်ငွေများကို ခွဲဝေယူကြသူဖြစ်သည်။ limited partner လုပ်ငန်းမှအကျိုးအမြတ်ကို လက်ခံရယူသူဖြစ်သော်လည်း လုပ်ငန်း၏ စီမံခန့်ခွဲသည့်လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခြင်းမရှိသူ။ ထို့ကြောင့် ၎င်းအပေါ် အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံထားသည့် ငွေပမာဏအထိသာ





တာဝန်ရှိသောအစုဝင်ဖြစ်သည်။ (ယခုအခါ အစုစပ်လုပ်ငန်းတွင် ပေးရန်တာဝန်များကို အားလုံးစုပေါင်း၍သော်လည်းကောင်း တစ်ဦးခြင်းသော်လည်းကောင်း ပေးရန်တာဝန်ရှိသည်။ ကိုယ်ပိုင်ပစ္စည်းများပင် မလွတ်ကင်းနိုင်။ ပေးရန်တာဝန်မကျေပါက ကိုယ်ပိုင်ပစ္စည်းများနှင့်ပင် ပေးဆပ်ရသည်။)

**senior partner** ရှေ့နေအစုစပ်လုပ်ငန်းတွင် အတွေ့အကြုံရင့်ကျက်သော/အဆင့်မြင့်သောဦးဆောင်ရှေ့နေ။ silent partner (sleeping partner) လုပ်ငန်းစီမံခန့်ခွဲလုပ်ဆောင်ရာတွင် ပါဝင်ခြင်းမရှိဘဲ ခွဲဝေသည့်အမြတ်ငွေကိုသာရယူသူ။ secret partner အစုစပ်လုပ်ငန်းနှင့်ဆက်နွယ်သော်လည်း အများပြည်သူသိအောင် လျှို့ဝှက်ထားသည့်အစုဝင်။ surviving partner အစုဝင်နှစ်ဦး အစုစပ်လုပ်ငန်းလုပ်ကိုင်ရာတွင် တစ်ဦးသေဆုံးသွားပါက ကျန်ရစ်သောအစုဝင်။

**partnership** အစုစပ်လုပ်ငန်း။ အစုဝင်အားလုံးကဖြစ်စေ၊ ၎င်းတို့အနက် ၎င်းတို့အားလုံးအတွက် ဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းမှရရှိသည့်အမြတ်ငွေများကို ခွဲဝေယူကြရန် သဘောတူသူတို့ တစ်ဦးနှင့်တစ်ဦးဆက်ဆံခြင်းကို ဆိုလိုသည်။ (အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်း ဥပဒေပုဒ်မ ၄)

**partership at will** အလိုရှိသမျှသာ လုပ်ကိုင်ရန်တည်ထောင်ထားသော အစု စပ်လုပ်ငန်း (အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်းဥပဒေပုဒ်မ ၇) သက်တမ်းသတ်မှတ်မထားသော အစုစပ်လုပ်ငန်း (AGO)

**partnership agreement**--- အစုဝင်များ၏တစ်ဦးနှင့်တစ်ဦး လိုက်နာဆောင်ရွက်ရသောတာဝန်နှင့် ရပိုင်ခွင့်များ။ အစုဝင်များနှင့် အခြားသူတို့ဆက်နွယ်မှုမဟုတ်။

**pass (v)** ကြေငြာခြင်း၊ အကြံဉာဏ်ပေးခြင်း၊ စီရင်ချက်အမိန့်ချမှတ်ခြင်း။ ပစ္စည်းလွှဲပြောင်းခြင်း၊ ခွင့်ပြုခြင်း၊ ဥပဒေကြမ်းကို အတည်ပြုသည်။ ပြဌာန်းသည်။ ထုတ်ဝေသည်။ လွှဲပြောင်းသည်။ ဖြန့်ချိသည်။ ခွင့်ပြုချက်လက်မှတ်ရှိသည်။

**passin (adv)** (lat:) Here and there ဤမှ၊ ထိုမှ (ရည်ညွှန်းရာတွင်သုံးသည်။)



www.burmeseclassic.com

www.burmeseclassic.com



**passing off** ကုန်စည်အတုပြုလုပ်ရောင်းချမှု။ ကုန်စည်အတုပြုလုပ်မှု။ (AGO) အများပြည်သူကို နာမည်ကြီးကုန်အမှတ်တံဆိပ်ဟုထင်မှတ်စေပြီး မိမိ၏ကုန်ပစ္စည်းများကို ဝယ်ယူမိစေရန်ပြုခြင်း။

**passive trust** ယုံမှတ်အပ်နှံခြင်းခံရသူအနေဖြင့် တစ်စုံတစ်ရာပြုလုပ်ပေးရန် တာဝန်မရှိသောအပ်နှံခြင်း။

**passport (n)** နိုင်ငံကူးလက်မှတ်။ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံသို့ သွားရောက်ရန် ခွင့်ပြုပေးသောလက်မှတ်။

**pasture (adj)** တိရိစ္ဆာန်အစားအစာ၊ စားကျက်မြေ (v) စားကျက်ချသည်။

**past consideration** အတိတ်ကာလအဘိုးစားနား။ (AGO)

**patent (adj)** နားလည်လွယ်သော၊ သိသာထင်ရှားပေါ်လွင်သော။ (n) တီထွင်မှု မူပိုင်ခွင့်၊ မှတ်ပုံတင် မူပိုင်ခွင့်၊ ရပိုင်ခွင့်၊ ဦးစားပေးခွင့် လုပ်ပိုင်ခွင့်တို့ကို နိုင်ငံတော်မှ ခွင့်ပြုချက်ပေးခြင်း၊ ထိုသို့ပေးခြင်း၏တရားဝင် စာရွက်စာတမ်း၊ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်။

**patent ambiguity** စာချုပ်ပါစကားရပ်သည် အဓိပ္ပါယ်မရှင်းလင်း ambiguous သို့မဟုတ် defective ဖြစ်လျှင် ရှင်းလင်းရန်သက်သေ တင်ပြခွင့်မရှိ။ ဥပမာ – မြင်းတစ်ကောင်ကို ငွေ ၁၀၀၀ိ/– သို့မဟုတ် ငွေ ၁၅၀ိ/– ဖြင့် ရောင်းရန်စာချုပ်သည်။ မည်သည့်တန်ဖိုးကိုပေးရမည်ဖြစ်ကြောင်း သက်သေခံတင်ပြခွင့်မရှိ။ (သက်သေခံအက်ဥပဒေ ပုဒ်မ ၉၃)

**patentable invention** မူပိုင်ခွင့်လျှောက်ထားနိုင်သောတီထွင်မှု။

**patentee (n)** မူပိုင်ခွင့် မှတ်ပုံတင်ထားသူ။

**patent letter** စာချွန်တော်။

**paternal (adj)** ဖခင်နှင့်စပ်ဆိုင်သော။

**paternity suit** တရားဝင်အိမ်ထောင်မပြုဘဲနှင့်ရလာသော ကလေး၏ဖခင်ဖြစ်ကြောင်း တရားရုံးက မြွက်ဟကြေငြာပေးရန် မိခင်ဖြစ်သူက တရားစွဲဆိုခြင်း။ တစ်ခါတစ်ရံ ကလေး၏မိခင်က ငြင်းဆန်သည့်အခါ ဖခင်ဖြစ်သူကလည်း တရားရုံးကဆုံးဖြတ်ပေးရန် တရားစွဲဆိုတတ်သည်။ မျိုးရိုးဗီဇစစ်ဆေးနည်း genetic testing ပြုလုပ်လေ့ရှိသည်။ ဖခင်ဖြစ်ကြောင်း တရားရုံးက အမိန့်





ချမှတ်ခဲ့ပါက ဖခင်ဘဝအခွင့်အရေးများရှိပြီး ကလေးကိုထောက်ပံ့ခြင်း၊ ကလေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်၊ ကလေးထံ သွားရောက်ခွင့်ရရှိမည်ဖြစ်သည်။

**paternity test** ကလေးအဖေဟုတ်၊ မဟုတ် genetic testing လုပ်ခြင်း။ (D.N.A) စစ်ဆေးခြင်း။

**pathology (n)** ရောဂါဗေဒပညာ။ ရောဂါ၏ဇစ်မြစ်လက္ခဏာနှင့်ရောဂါ၏ သဘာဝကို လေ့လာသည့်ဘာသာရပ်။

**patrimony (n)** ဖခင်ဘက်မှ အမွေဆက်ခံခွင့်။ patrimonial (adj) ဖခင်ဘက်မှအမွေဆက်ခံသော။

**patron (n)** ဖေါက်သည်။ ဆိုင်တွင်ပုံမှန်လာရောက်ဝယ်ယူသူ၊ တစ်ဦးတစ်ယောက်ကို ကာကွယ်စောင့်ရှောက်ခြင်း အထောက်အပံ့ပြုခြင်း။ patronage (n) ထောက်ပံ့မှုအားပေးမှု အကာအကွယ်ပေးမှု။ အကူအညီပေးမှု။ လုပ်ငန်းမှာဖောက်သည်၊ အစိုးရ ရာထူးကြီးများတွင် ခန့်အပ်ခွင့်။နာယက။

**patronizing (adj)** အပေါ်စီး၊ အထက်စီးဖြင့်။ patronizing air အပေါ်စီးအထက်စီးလေသံဖြင့်နှိမ်သော။

**pattern (n)** နမူနာပုံစံ။

**pauper (n)** ဆင်းရဲနွမ်းပါးသူ၊ အလွန်ဆင်းရဲသောသူ၊ အလှူရှင်သို့မဟုတ် ပြည်သူမှ ငွေကြေးအထောက်အပံ့အကူအညီရရှိသူ။ တရားမမှုစွဲဆိုရာတွင် အမှု၏ အချင်းဖြစ်ပစ္စည်းနှင့်တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၀အရ ဝရမ်းကပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည့် ပစ္စည်းတို့ကို ချန်လှပ်၍ မိမိပိုင်ပစ္စည်းတန်ဖိုးငွေ ၅၀၀၀ိ/– ကျပ်မရှိသူကိုလည်းကောင်း မိမိပိုင်ပစ္စည်းမှာ ထမ်းဆောင်ရမည့် ရုံးခွန်ပမာဏအထိမရှိသူကိုလည်းကောင်း ဆိုလိုသည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၃၃ နည်း ၁)

**pawn (n)** ---အပေါင်ပစ္စည်း၊ သူတစ်ပါးထံမှ ငွေချေးယူရာတွင် အာမခံအနေဖြင့် ချေးယူသူက တင်သွင်းရသောကိုယ်ပိုင်ပစ္စည်း။

**pawnbroker (n)** အပေါင်ပစ္စည်းကို အာမခံအဖြစ်ရယူ၍ သတ်မှတ်ထားသော အတိုးနှုန်းဖြင့် ငွေချေးသောလိုင်စင်ရငွေချေးစားသူ။ pawnee အပေါင်ခံသူ။ pawner ပေါင်နှံသူ။



www.burmeseclassic.com

www.burmeseclassic.com



**payable (adj)** ငွေချက်ခြင်းပေးရန်လိုသော။ ငွေချက်ခြင်းပေးရမည်ဖြစ်သော။ ငွေပေးရန်တာဝန်ရှိသော။ payee လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းအရ ငွေလက်ခံယူမည့်သူ။ payer ပေးဆပ်သူ (payor ဟုလည်းစာလုံးပေါင်းသည်)

**pay as you earn** အပတ်စဉ်၊ လစဉ်လုပ်ခမှ ဝင်ငွေခွန်ကို နုတ်သွားခြင်း။

**payable on demand** ငွေပေးကတိစာချုပ်၊ ငွေလွှဲလက်မှတ်ဖြင့်ရယူထားသောကြွေးကို ငွေလက်ခံမည့်သူက တင်ပြတောင်းဆိုသည့်အခါပေးရမည်။

**payment (n)** ကြွေးမြီကိုပြေကြေအောင်ပေးဆပ်ခြင်း။ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများကိုငွေပေးအမိန့်အရပေးဆပ်ခြင်း။ advance payment ကြိုတင်ငွေပေးခြင်း။ balloon payment သာမန်အရစ်ကျငွေထက်များသောပမာဏကို နောက်ဆုံးအရစ်အနေဖြင့် ပေးဆပ်ခြင်းဖြင့် ကြွေးကြေသွားခြင်း။ conditional payment စည်းကမ်းချက်နှင့်အညီပေးဆပ်သည့်ငွေ။ down payment ပစ္စည်းဝယ်ယူချိန်တွင် ငွေလက်ငင်းပေးချေခြင်း။ lump sum payment တစ်လုံးတစ်ခဲတည်းပေးငွေ။

**payment in due course** ထိုက်သည့်အလျောက် ငွေပေးချေခြင်း။ လွှဲပြောင်း နိုင်သောစာချုပ်စာတမ်းများ လက်ဝယ်ရှိသူသို့ ထိုသူမည်သို့လက်ဝယ်ရှိနေခြင်းကို မကြည့်ဘဲငွေပေးသူက ရိုးဖြောင့်သော သဘောဖြင့် စေ့ရောက်သောနေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းတွင် ငွေပေးချေခြင်း။ လက်ဝယ်ရှိသူသည် မည်သည့်နည်းဖြင့် လက်ဝယ်ရှိနေကြောင်း ငွေပေးသူက စုံစမ်းခြင်း၊ စစ်မေးခြင်းမပြုဘဲ ငွေပေးချေခြင်း။

**payment into court** တရားမမှုများတွင် တရားလို၏ လျှောက်ထားတောင်းဆိုချက်နှင့်အညီ တရားရုံးသို့ တရားပြိုင်ကငွေပေးသွင်းခြင်း။ တရားရုံးသည် နှစ်ဘက်အမှုသည်များ၏သဘောတူပြေငြိမ်းချက်အရ ပေးသွင်းငွေကိုသက်ဆိုင်သူသို့ ပေးအပ်ပြီး အမှုကိုအဆုံးသတ်စေသည်။ သို့မဟုတ် တရားရုံး၏စီရင်ချက်ဖြင့်ပြေငြိမ်းစေသည်။

**pay or quit** အိမ်ရှင်က အိမ်ငှားအနေဖြင့် အိမ်လခများမပေး၍ သို့မဟုတ် ပေးရန် နောက်ကျနေ၍ ငွေပေးရန်နှင့် မပေးပါက ထွက်ခွာရန်ပေးသော





အကြောင်း ကြားစာ။ အိမ်ငှားကမပေးခဲ့သည်ရှိသော် အိမ်ရှင်အနေဖြင့် အိမ်ငှားကိုဖယ်ရှားရန် တရားစွဲဆိုနိုင်သည်။

**payent in kind** လုပ်အားခကိုငွေကြေးဖြင့်မပေးဘဲ ပစ္စည်းဖြင့်ပေးခြင်း။ (ဥပမာ ငွေကြေးအစား ဆန်၊ ဆီပေးခြင်း)

**payola** စီးပွားရေးလုပ်ငန်းတွင် အခွင့်အရေးရရှိရန်အတွက် သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ လျှို့ဝှက်၍ဖြစ်စေ၊ ငွေပေးခြင်း လာဘ်ပေးခြင်း။

**peace (n)** ငြိမ်းချမ်းရေး၊ ငြိမ်သက်ခြင်း၊ ရန်ငြိမ်းခြင်း။ peaceful (adj) ငြိမ်းချမ်းသော။ peacefully (adv) ငြိမ်းချမ်းစွာ။ peacefulness (n) ငြိမ်ငြိမ်သက်သက်ရှိခြင်း။

**peaceful settlement of disputes** အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်း။ (AGO) peace keeping ငြိမ်းချမ်းရေးကိုထိန်းသိမ်းသော။ (AGO)

**peaceable possession** မြေယာကိုငြိမ်းငြိမ်းချမ်းချမ်းလက်ရှိထားပိုင်ခွင့်။ တစ်ဆက်တည်း လက်ဝယ်ရှိခြင်းအပေါ် ဆန့်ကျင်ဘက်တရားစွဲဆိုခြင်းဖြင့်မနှောင့်ယှက်နိုင်။ မြေပေါ်ရှိ လက်ဝယ်ရှိသူကို နှင်ထုတ်ရန်ရည်ရွယ်ချက်ဖြင့်အခြားဆန့်ကျင်ဘက်တရားစွဲဆိုခြင်းမပြုနိုင်။ ဆန့်ကျင်ဘက်လက်ရှိထားပိုင်ခွင့်ရှိသွားသူကို မူလပိုင်ရှင်အစစ်က မည်သို့မျှမလုပ်နိုင်တော့ခြင်းဖြစ်သည်။

**peculation (n)** အလွဲသုံးစားပြုခြင်း၊ အထူးသဖြင့် ပြည်သူပိုင်ပစ္စည်းကိုအလွဲသုံးစားပြုခြင်း။

**pecuniary (adj)** ငွေရေးကြေးရေးနှင့်သက်ဆိုင်သော။ pecuniary jurisdiction ငွေကြေးဆိုင်ရာစီရင်ပိုင်ခွင့်အာဏာ။ pecuniary legacy အမွေအဖြစ်ပေးသောငွေ။

**pederasty (n)** လူငယ်ယောကျ်ားလေးတို့ကို ကာမစပ်ယှက်သည့် လူကြီး။ လူကြီးယောကျ်ားနှင့်ယောကျ်ားလေးလူငယ်ကာမစပ်ယှက်ခြင်း။

**pedigree (n)** ဆွေစဉ်မျိုးဆက်အတိုင်းမွေးဖွားဆင်းသက်ခြင်း။

**pedophilia** အရွယ်ရောက်ပြီးသူက ကလေးသူငယ်ကို ဇလက်ကာယပြုခြင်း၊ အနှောက်အယှက်ပြုခြင်း။ ကာမစပ်ယှက်သည့်အဆင့်အထိ ရောက်ရှိရန်မလို။



www.burmeseclassic.com

www.burmeseclassic.com



**peeping tom (n)** ကာမဆန္ဒကျေနပ်မှုရအောင် အခြားသူ (ဆန့်ကျင်ဘက်လိင်)ကို ချောင်းကြည့်သူ။

**penal (adj)** ပြစ်မှုထိုက်သင့်သော၊ ပြစ်မှု။

**penal action** ပြစ်မှု သို့မဟုတ်တရားမဆိုင်ရာအရေးယူ ဆောင်ရွက်ခြင်းများ။ A civil or criminal judicial proceeding.

**penal code** ပြစ်မှုဆိုင်ရာဥပဒေ။ (ရာဇသတ်ကြီးဥပဒေ)

**penalty (n)** ပြစ်ဒဏ် (AGO)ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်သူများအပေါ် ချမှတ်သောပြစ်ဒဏ်များမှ သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ်တို့ဖြစ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၃)၊ ပြစ်မှုကျူးလွန်သူများအပေါ် ချမှတ်သောပြစ်ဒဏ်များဖြစ်သော်လည်း တစ်ခါတစ်ရံ တရားမမှုများတွင်လည်း ချမှတ်လေ့ရှိသည်။ (ငွေဒဏ်/ထောင်ဒဏ်)

**pendente lite (lite pendente)** (Latin) အမှုဆုံးခန်းတိုင်မရောက်မီအချိန်အတွင်း ရေရေရာရာမသိသေးခင် သို့မဟုတ် တရားရုံးက အမိန့်မချမှတ်သေးမီ။ ဥပမာ – အိမ်ငှားသည် ငှားရမ်းနေသည့် ဥပစာတွင် အပူဓါတ်မရရှိအောင် ဓါတ်ငွေ့ပိုက်လိုင်းကို အိမ်ရှင်က ပိတ်ထား သည်ဆိုကာ တရားစွဲဆိုသည်။ အိမ်ငှားအနေဖြင့် အပူဓါတ်မရချိန်မှစ၍ အိမ်ရှင်အား အိမ်လခမပေးလိုပေ။ သို့သော် ဥပဒေအရ ပေးရန်တာဝန်ရှိနေ၍ အိမ်ငှားက ဘဏ်တွင်စာရင်းဖွင့်ပြီးပေးရန်ရှိသော အိမ်လခများကို အမှုအတော အတွင်း (pendente lite) ပေးသွင်းထားသည်။ အမှုပြီးဆုံးသွားသည့်အခါမှ တရားရုံးက အမိန့်ချမှတ်သည့်ငွေပမာဏ (ငှားရမ်းခ)များကိုပေးရန်ဖြစ်သည်။

**pending (adj)** မဆုံးဖြတ်ရသေးသော၊ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေသော။ (prep) မထိုင်မီအတောအတွင်း၊ စောင့်ဆိုင်းနေစဉ်ကာလအတွင်း။

**penitentiary (n)** နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော အကျဉ်းသားများအား ပြန်လည်ပြုပြင်ရေးစခန်း။ (adj) အကျဉ်းထောင်ရှိ နှစ်ကြီးအကျဉ်းသားများအား ပြန်လည်ပြုပြင်ပေးသော။

**penology (n)** ပြစ်မှုကျူးလွန်ပုံ၊ ပြစ်မှုများမဖြစ်ပွားအောင်ကာကွယ်ပုံ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံ၊ ပြစ်ဒဏ်ချခြင်းနှင့် မှန်ကန်သော ပညာရေးပေးလုပ်ကိုင်ခြင်းများကို လေ့လာသည့်ပညာရပ်။





**penregister-** စောင့်ကြည့်နေသည့် တယ်လီဖုန်းမှခေါ်ဆိုမှုများကို မှတ်တမ်းတင်ထားသည့် စက်ကိရိယာ။ တရားရုံးက ခွင့်ပြုလျှင် လုံခြုံရေးအဖွဲ့မှ ပြစ်မှုဆိုင်ရာစုံစမ်းမှုများတွင် အသုံးပြုနိုင်သည်။

**pension (n) (v)(n)** ပင်စင်လစာ၊ အငြိမ်းစားလစာ၊ ထမင်းပါကျွေးသည့် တည်းခိုခန်း/အဆောင် (adj) ပင်စင်လစာရထိုက်သော (v) လုပ်ငန်းခွင်မှ အနားယူစေသည်။ pensioner (n) အငြိမ်းစားလစာငွေရရှိသူ။

**peonage (n)** အကြွေးကြေရန်အတွက် မိမိစိတ်ဆန္ဒမပါဘဲ တရားမဝင် လုပ်ကိုင်ပေးရခြင်း။

**per annum (lat) (adj)** တစ်နှစ်အတွက်၊ တစ်နှစ်လျှင်။

**per [pur] Autre vie (latin)** အခြားသူတစ်ဦးအသက်ထင်ရှားရှိနေစဉ် ကာလအတွင်း သို့မဟုတ်ကာလအတွက်။

**per capita (latin)** တစ်ဦးခြင်းအလိုက်။ လူအများနှင့်ပိုင်းခြားသတ်မှတ်သည်။ ကျန်ရစ်သည်။ အမွေပုံပစ္စည်းကို အမွေဆက်ခံခွင့်ရှိသူများအား တစ်ဦးခြင်း တရားရုံးက per capita basis ဖြင့်ခွဲဝေပေးလိမ့်မည်။

**percipient witness** အမှန်တစ်ကယ်သိရှိထားသောအချက်များကို သက်သေကတရားရုံးရှေ့တွင်ထွက်ဆိုခြင်း။ ဥပမာ – မျက်မြင်သက်သေ။

**per curiam (adv & adj)** by the court as a whole တရားရုံးမှ တရားသူကြီးအားလုံးအတွက်တရားသူကြီးတစ်ဦးတည်းကအမိန့်ချမှတ်ခြင်း။

**per diem (latin) per day** အလုပ်သမား သို့မဟုတ် ကိုယ်စားလှယ်အတွက် နေ့စဉ်သုံးစွဲကုန်ကျစရိတ်ကို နေ့တွက်ဖြင့်ခွင့်ပြုခြင်း (များသောအားဖြင့် တာဝန်ဖြင့်ခရီးထွက်ခွာနေစဉ်အတွင်း) ထိုနေ့က ခရီးစရိတ်ကို နေ့တွက်ဖြင့် ခွင့်ပြုခြင်း။

**per se (latin)** ယင်း၏သဘာဝအတိုင်းပင် (AGO)

**peremptory (adj)** နောက်ဆုံး၊ အကြွင်းမဲ့ပြည့်စုံနိုင်မာသော၊ ငြင်း၍မရနိုင်အောင် ခိုင်မာသော။ အငြင်းမပွားသော။ အထွန့်တက်ခွင့်မရှိသော၊ ဆွေးနွေးခွင့်မပြုသော။ မလုပ်ဘဲ မနေရသော၊ ပျက်ကွက်ခြင်းမရှိစေရသော၊

**peremptory writ of mandate (or) mandamus** ဥပဒေအရ အပ်နှင်းထားသော အာဏာဖြင့်ဆောင်ရွက်ပေးရန်ရှိသည်ကို ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်း တစ်ခုကဖြစ်စေ မဆောင်ရွက်ပေးဘဲနေသည့်ကိစ္စများ၌ ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်ထုတ်ပေးသော စာချွန်တော်အမိန့်။

**peremptory norm** မလိုက်နာဘဲ မနေရသည့်ပုံစံ (AGO)

**perfect (adj)** ပြီးပြည့်စုံသော။ ပြီးမြောက်အောင်ဆောင်ရွက်သော အတင်းအကြပ်ပြုသော၊ ကောင်းမြတ်သော၊ ခြွင်းချက်မရှိသော။

**perfect trust** ဆောင်ရွက်ပြီးစီးသော ယုံမှတ်အပ်နှံခြင်း။ ပြီးပြည့်စုံသော ယုံမှတ်အပ်နှံခြင်း။ ယုံမှတ်အပ်နှံခြင်းသည် ပြီးပြည့်စုံခြင်းနှင့် နောက်ထပ် တစ်စုံတစ်ရာဆောင်ရွက်ရန်မပါဘဲ အကျိုးခံစား ခွင့်ရှိသူများက အတင်းအကြပ်ပြုနိုင်ခြင်း။

**perfect defence** ဥပဒေကြောင်းအရ ပြည့်စုံစွာတင်ပြထားသော တရားခံ၏ ခုခံချက်။

**perfidious (adj) (n)** သစ္စာမဲ့သော/ သစ္စာမဲ့ခြင်း။ perfidy (n) သစ္စာမရှိခြင်း။

**perfection (n)** ပြည့်စုံပြီးမြောက်စေခြင်း။ ချို့ယွင်းချက်ကင်းရှင်းခြင်း။

**perform (v)** ပဋိညာဉ်အရ တစ်ဦး၏တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း။

**performance (n)** ဆောင်ရွက်ခြင်း။ ပဋိညာဉ်ဆိုင်ရာတာဝန်များကို အောင်မြင်စွာအပြီးသတ်နိုင်ခြင်း။

**perjurer (v)** နိုတြီပဗ္ဗလစ်ရှေ့တွင်လည်းကောင်း၊ တရားရုံးတွင်လည်းကောင်း၊ ကျမ်းတိုက်ခွင့်ရအရာရှိရှေ့မှောက်တွင် လည်းကောင်း၊ ကျမ်းကျိန်ဆိုပြီးလိမ်လည်ထွက်ဆို။ ၎င်းသည်မမှန် သက်သေခံမှုဖြင့် အရေးယူခြင်းခံရမည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃) perjury မတရားထွက်ဆိုခြင်း၊ မုသားထွက်ဆိုခြင်း။

မနီအပေါ် လုယက်မှုဖြင့် တရားရုံးတွင် တရားစွဲဆိုသည်၊ အမှုစစ်ဆေးနေစဉ် မျက်မြင်သက်သေတစ်ဦးတည်းသာရှိသော ထိုအမှု သက်သေပြစ်မှုကျူးလွန်သူမှာ မနီမဟုတ်။ မနီ၏ရည်စား မောင်မြင့်သာဖြစ်ကြောင်း ထွက်ဆိုလာသည်။ ထို့ကြောင့် မနီမှာ အမှုမှလွတ်မြောက်သွားသည်၊ တရားလိုဘက်မှ ထပ်မံစုံစမ်းစစ်ဆေးရာတွင် မနီအမှုမှ သက်သေသည် မ





လွတ်မြောက်စေရန် မမှန်မကန်ထွက်ဆိုခဲ့ကြောင်း မနီ၏ရည်စားမောင်မြင့်မှာ ထိုအမှုနှင့်သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ သက်သေကို မမှန် သက်သေခံမှု perjury အတွက် တရားစွဲဆိုတင်ပို့နိုင်သည်။

**peril (n)** ကြီးမားသောဘေးအန္တရာယ်။ (V) ဘေးအန္တရာယ်ဖြစ်စေသည်။ အာမခံပေါ်လစီအရ လူသို့မဟုတ် ပစ္စည်းများအတွက် ဆုံးရှုံးနိုင်မှုအပေါ် အာမခံထားခြင်း။ အန္တရာယ်ရှိသောစွန့်စားမှု။

**permanent disablity** အမြဲတန်းမစွမ်းဆောင်နိုင်မှု၊ မသန်မစွမ်းဖြစ်မှု။

**permanent fixture** မြေတွင် အမြဲစိုက်မာစွာ စွဲကပ်ထားသော။ (ထိုအရာကို ဖယ်ထုတ်ပါက ပျက်စီးသွားနိုင်သည်၊ ဥပမာ – တိုက်အိမ်)

**permanent injunction (perpetual injunction)** အမြဲတမ်းတားမိန့်။ ထာဝရ တားဝရမ်း ။ အမြဲတန်းတားမိန့်ကို ပစ္စည်းတစ်စုံတစ်ရာ၌ မှတ်ပုံတင်ပြီး ကုန်အမှတ် တံဆိပ်အပါအဝင် တရားလို၏ဆိုင်ရာဆိုင်ခွင့် သို့မဟုတ် အကျိုးခံစားခွင့်ကို တရားခံက နှောက်ယှက်လျှင်ဖြစ်စေ သို့မဟုတ် နှောက်ယှက်မည်ဟု ခြိမ်းခြောက် လျှင်ဖြစ်စေ အောက်ပါအချက်များတွင် တရားရုံးက အမြဲတားမြစ်မိန့်ကို ထုတ်ပေးနိုင်သည်။

(က) တရားပြိုင်သည် တရားလိုအတွက် အချင်းဖြစ်ပစ္စည်းကို ယုံမှတ်အပ်နှံသူဖြစ်သည့်အချက်။

(ခ) နှောက်ယှက်ခြင်းကြောင့်ဖြစ်ပွားသည့် သို့မဟုတ် ဖြစ်ပွားမည့် လက္ခဏာရှိသည့် အမှန်တကယ်ဆုံးရှုံးနစ်နာမှုကို သိသာအောင် စုံစမ်းရန် သတ်မှတ်စံနှုန်းမရှိသည့်အချက်။

(ဂ) လျော်ကြေးပေးခြင်းဖြင့် လုံလောက်သောသက်သာခွင့်မရနိုင်သည့်အချက်

(ဃ) နှောက်ယှက်မှုအတွက် လျော်ကြေးရနိုင်ဖွယ်မရှိသည့်အချက်။

(င) အမှုအခင်းများထပ်မံပေါ်ပေါက်ခြင်းကို တားဆီးရန်အတွက် တားမြစ်မိန့်ချမှတ်ရန်လိုအပ်မည့်အချက်၊ တစ်ချက်ချက်နှင့်ပြည့်စုံရမည်။

(သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၅၄နှင့် အခန်း ၁၀ကိုလေ့လာပါ)

**permission (n)** သဘောတူချက်၊ ခွင့်ပြုချက်။ တစ်စုံတစ်ရာကို ဆောင်ရွက်ရန် ခွင့်ပြုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**permissive occupant** ခွင့်ပြုချက်ဖြင့်နေထိုင်သူ။

**permit (v)** ခွင့်ပြုသည်၊ ခွင့်ပြုလက်မှတ်။

**perpetuity (n)** အမြဲတန်း၊ အစဉ်အမြဲတည်ရှိခြင်း။

**perpetrate (v)** မတော်မတရားပြုကျင့်သည်။ ပြစ်မှုကျူးလွန်သည်။ မကောင်းမှုကျူးလွန်သည်။ perpetrator ပြစ်မှုကျူးလွန်သူ။

**perpetual lease** ထာဝစဉ်ငှားရမ်းခြင်း။

**perquisite (n)** တစ်ဦးတစ်ယောက်၏လစာသို့မဟုတ် ပုံမှန်လုပ်ခအပြင် အထူးအခွင့်အရေးသို့မဟုတ် အပိုပေးသည့်အကျိုးအမြတ်(ဆုလာဘ်ဆုကြေးငွေ)

**person (n)** တစ်ဦးတစ်ယောက်သောသူ။ သူတစ်ဦးဆိုရာတွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် လူအစုလည်းပါဝင်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၁)

**persona non grata (lat)** လက်မခံနိုင်လောက်သောပုဂ္ဂိုလ်။ နိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်သော ပြည်ပနိုင်ငံတစ်ခုမှ သံအဖွဲ့အဝင်တစ်ဦးကို လက်မခံနိုင်တော့ကြောင်း သက်ဆိုင်ရာနိုင်ငံသို့ပြန်သွားစေခြင်း။ သက်ဆိုင်ရာ နိုင်ငံမှ ပြန်ခေါ်ရန်ပျက်ကွက်လျှင် အိမ်ရှင်နိုင်ငံက သံအဖွဲ့အဝင်အဖြစ်အသိ အမှတ်မပြုတော့ဘဲ ပြည်နှင်ဒဏ်ပေးခြင်း။

**person in loco parentis** ကလေးမိဘနေရာတွင် ဝင်ရောက်ဆောင်ရွက်သူ ယာယီအားဖြင့် ဥပမာ – အဆိုပါကလေး၏ဆရာ၊ ဆရာမကသော် လည်းကောင်း၊ သို့မဟုတ် တိတိကျကျမဟုတ်သော ဥပမာ – မိထွေး ပထွေးများသော်လည်းကောင်း ဆောင်ရွက်ခြင်း။

**personable (adj)** ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရ သော အဖွဲ့အစည်းမှ ရရှိသည့်အနေထား။ ဥပမာ တရားရုံးတွင် လျှောက်လဲ တင်ပြခြင်း။ ပဋိညာဉ်စာချုပ်များ ချုပ်ဆိုခွင့်။

**personal effects** ပုဂ္ဂိုလ်ရေးပစ္စည်း။ သေတမ်းစာရေးသားသူ သေဆုံးသည့် အချိန်တွင်ပိုင်ဆိုင်သောပစ္စည်း။ ထိုအသုံးအနှုန်းကို ပုဂ္ဂိုလ်ရေးရာပစ္စည်းများနှင့် စပ်လျဉ်း၍ ညွှန်းဆိုရာတွင် သေတမ်းစာများ၌ တွေ့ရတတ်သည်။ ဥပမာ – ကျွန်ုပ်၏ပုဂ္ဂိုလ်ရေးပစ္စည်း (personal effects)များကို သမီးဖြစ်သူ အတွက်ချန်ရစ်ခဲ့ခြင်း။





**personal (adj)** ပုဂ္ဂိုလ်နှင့်ဆိုင်သော personal property ကိုယ်ပိုင်ပစ္စည်း။ ရွှေ့ပြောင်းနိုင်သောကိုယ်ပိုင်ပစ္စည်း။

**personal action** မည်သည့်အကြောင်းအချက်မှမဆို ပေါ်ပေါက်လာသော နစ်နာဆုံးရှုံးမှု သို့မဟုတ် ကြွေးမြီ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ပြန်လည်ရရှိရန် အတွက် အရေးယူဆောင်ရွက်ခြင်း။

**personal chattels** ကုန်ပစ္စည်း၊ ငွေ၊ ရွှေ့ပြောင်းနိုင်သော ကိုယ်ပိုင် ပစ္စည်းများ။

**personal rights** ကိုယ်ပိုင်အခွင့်အရေးများ၊ မွေးရာပါအခွင့်အရေးများ။

**personal injury** ပစ္စည်းကိုထိခိုက်မှုမဟုတ်သော လူတစ်ဦး၏ ကိုယ်ခန္ဓာ၊ စိတ်နှလုံးနှင့် စိတ်ခံစားမှုအပေါ်ထိခိုက်နစ်နာစေမှုများ။ ဥပမာ ဈေးထဲတွင် ငှက်ပျောခွံ တက်နင်းမိ၍ ခြေကျိုးခြင်း (သို့) လက်ကျိုးခြင်း (သို့) အဆစ် လွဲခြင်း (သို့) စုတ်ပြဲခြင်းစသည့် ခန္ဓာကိုယ်ဒဏ်ရာရမှုများ။ သို့ရာတွင် တော်ထားသောနာရီကွဲသွားခြင်းနှင့်မဆိုင်။

**personal injury recovery** တစ်ဦးတစ်ယောက်သည် ကိုယ်ခန္ဓာထိခိုက် နစ်နာခြင်း။ ဂုဏ်သတင်းထိခိုက်နစ်နာခြင်းစသည် ရုပ်နှင့်စိတ်ထိခိုက်မှုအတွက် အာမခံမှပေးလျော်ခြင်း သို့မဟုတ် လျော်ကြေးငွေရရှိအောင် တရားစွဲဆို တောင်းခံခြင်း။

**personal property** မြေနှင့်မြေတွင်တွဲကပ်နေသော အဆောက်အအုံများမှ အပအခြားသောပစ္စည်းများ၊ ဥပမာ မော်တော်ကားများ၊ ဘဏ်စာရင်းများ၊ လုပ်ခများ၊ အာမခံစာချုပ်များ၊ အသေးစားလုပ်ငန်းများ၊ ပရိဘောဂများ၊ အာမခံပေါ်လစီများ၊ လက်ဝတ်ရတနာများ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့် များ အိမ်မွေးတိရစ္ဆာန်များ၊ ရာသီအလိုက်ဝယ်ထားသော အားကစားလက်မှတ် များ။

**per stirpes (latin)( by the root)** သေဆုံးသူမျိုးရိုးစဉ်ဆက်၏ ဝေစုနှင့် အညီ အကျိုးခံစားခွင့်ရှိသူများအကြား အချိုးကျခွဲဝေပေးခြင်း၊ သေတမ်းစာ ရေးသားခြင်းမရှိဘဲ သေဆုံးသွားသည်။ k ၏ဇနီးမှာ k ၏အရင်သေဆုံးသည်။ တွင် သားသမီးသုံးဦးရှိပြီး တစ်ဦးမှာ k ၏အရင်သေဆုံးသည်။ သေဆုံးသူ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွင် ကလေးသုံးဦးကျန်ခဲ့သည်။ k ၏အမွေကိုခွဲဝေရမည်မှာ k ၏သားသမီး ၂ဦးနှင့် သေဆုံးသူသားသမီး၏ ကျန်ရစ်သောကလေးသုံးဦးတို့ခွဲရမည်ဖြစ်သည်။ ထို့ကြောင့် per stripes ခွဲဝေမှုအရ k ၏သားသမီး ၂ဦးမှာ တစ်ဦးလျှင် k ကျန်ရစ်ခဲ့သော ပစ္စည်း၏ ၃ပုံ၁ပုံစီရမည်ဖြစ်သည်။ k ၏ သေဆုံးသောသားသမီးမှာ သုံးပုံတစ်ပုံဝေစုရမည် ဖြစ်၍ k ၏မြေးသုံးဦးမှာ တစ်ဦးလျှင် k ကျန်ရစ်သောပစ္စည်းပေါ်တွင် ကိုးပုံ တစ်ပုံစီခံစားရမည်ဖြစ်သည်။ ဥပမာ (၂)သေတမ်းစာအရ A နှင့် B တို့သည် အမွေပစ္စည်းများကိုအညီအမျှ ခွဲဝေရရှိမည်ဖြစ်သည်။ ထိုခွဲဝေမှုအပေါ် စည်းကမ်းချက်ထားရှိသည်မှာ တစ်ဦးတစ်ယောက်သည် သေတမ်းစာရေးသားသူ (အမွေရှင်)ထက်အရင်သေဆုံးခဲ့သော် ထိုသေဆုံးသူ၏ သားသမီးများသည် သေဆုံးသူ၏အမွေကိုဆက်ခံပြီး အညီအမျှ အချိုးကျခွဲဝေယူရန်ပါရှိသည်။ အကယ်၍ A နှင့် B တို့သည် သေတမ်းစာ ရေးသားသူထက် အရင်သေဆုံးပြီးနောက် သေတမ်းစာရေးသားသူလည်း သေဆုံးသွားလျှင် A တွင် သားသမီးနှစ်ဦးကျန်ရစ်ပြီး B တွင် သားသမီးသုံးဦး ကျန်ရစ်သည်ဆိုပါစို့ equal share per stripes မှုအရ A ၏သားသမီးတစ်ဦးသည် A ရမည့်အမွေဝေစု၏လေးပုံတစ်ပုံကိုလည်းကောင်း B ၏သားသမီးတစ်ဦးသည် B ရမည့်အမွေဝေစု၏ခြောက်ပုံတစ်ပုံကို လည်းကောင်း အသီးသီးအချိုးကျ ခွဲဝေ ရရှိမည်ဖြစ်သည်။

**persionation (n)** သူတစ်ပါးအယောင်ဆောင်ခြင်း။ ပြစ်မှုဆိုင်ရာဥပဒေအရ သူတစ်ပါးအယောင်ဆောင်ခြင်းမှာ ပြစ်မှုဖြစ်သည်။

(၁) တပ်မတော်သားအယောင်ဆောင်ခြင်း ပုဒ်မ ၁၄၀

(၂) ပြည်သူ့ဝန်ထမ်းအယောင်ဆောင်ခြင်း ပုဒ်မ ၁၇၀

(၃) တရားလိုအယောင်ဆောင်ခြင်း၊ ဂျူရီလူကြီး၊ အဆတ်ဆာလူကြီး အဖြစ်အယောင်ဆောင်ခြင်း။

**persuasion (n)** တိုင်တွန်းဖျောင်းဖျခြင်း၊ ဆွဲဆောင်ခြင်း၊ ဩဇာသက်ရောက်ခြင်း၊ ကျိုးကြောင်းပြ၍ အခြားသူအပေါ်လွှမ်းမိုးအောင်ကြိုးစားခြင်း။

**persuading to murder** လူသတ်မှုကျူးလွန်အောင်သွေးဆောင်ခြင်း။

**pertinent (adj)** အချက်ကျသော၊ သက်ဆိုင်သော၊ စပ်ဆိုင်သော။





**perverse verdict** သက်သေခံအချက်အလက်များ၊ အထောက်အထားများကို ဆန့်ကျင်ပြီး ချမှတ်သည့် ဂျူရီလူကြီးများ၏ ဆုံးဖြတ်ချက်။ အမှုကို အသစ်ပြန်စစ်ရန်အတွက် ခွင့်ပြုရန်သင့်မြတ်သည်။

**petit (adj) (fr)** သေးငယ်သော၊ အရေးမပါသော။

**petition (n)** တရားရုံးသို့လည်းကောင်း၊ အစိုးရဌာနများသို့လည်းကောင်း၊ တင်သွင်းသောလျှောက်လွှာ involuntary petition မြီရှင်မှ တရားရုံးသို့ (လူမွဲတရားရုံးသို့) မြီစားဖြစ်သူအပေါ် လူမွဲအဖြစ်သတ်မှတ်ကြေငြာပေးရန် လျှောက်ထားသည့်လျှောက်လွှာ။ voluntary petition မြီစားဖြစ်သူက တရားရုံးသို့ (လူမွဲတရားရုံး) မြီရှင်ဖြစ်သူ၏။ လျှောက်ထားဆောင်ရွက်လာမှုအပေါ် အကာအကွယ်ပေးရန် လျှောက်ထားသည့်လျှောက်လွှာ juvenile petition တရားခံ၏ပြစ်မှုကျူးလွန်ခြင်းအပေါ် အရေးယူပေးရန် ကလေးသူငယ်တရားရုံးသို့လျှောက်ထားသည့် လျှောက်လွှာ။

**petition writer (n)** တရားရုံးမှခန့်အပ်ထားသော လိုင်စင်ရလျှောက်လွှာစာရေး။လျှောက်လွှာစာရေး။

**petitioner (n)** တရားရုံးသို့လည်းကောင်း အစိုးရဌာနများသို့လည်းကောင်း တရားစွဲဆိုလွှာ/ လျှောက်ထားအသနားခံစာတင်သွင်းသူ။

**petit larceny (petty larceny)** တန်ဖိုးသိပ်မကြီးသောပစ္စည်းများကို ခိုးယူမှု။ ဥပမာ – တန်းတွင်လှမ်းထားသော ရေလဲလုံခြည်ကိုခိုးသွားခြင်း။

**pettifogger (n)** ဥပဒေပညာ၊ အမှုလိုက်စွမ်းရည်၊ မှန်ကန်သောဆုံးဖြတ်ချက်သို့မဟုတ် မျှော်မြင်တွေးခေါ်တတ်မှု နည်းပါးသည့်ရှေ့နေ။

**picketing** အလုပ်သမားပဋိပက္ခများတွင် အလုပ်သမားများသည် ၎င်းတို့၏တောင်းဆိုချက်များကိုရရှိအောင် စာတန်းများကိုင်ဆောင်၍ စုဝေးလှည့်လည်ကြွေးကြော်ခြင်း။ လုပ်ငန်းခွင်၏အပြင်ဘက်တွင်ဆန္ဒပြခြင်း။

**pignorate (n)** အပေါင်အဖြစ်ပေးအပ်ခြင်း။

**pignus (n) latin pledge** ကြွေးမြီအာမခံအတွက် ကုန်ပစ္စည်းများကို သေးအပ်ထားခြင်း။

**pilferage (n)** အသေးအဖွဲ့ခိုးယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**pimp (n)** ပြည်တန်ဆာခေါင်း။

**pin money..** ဝတ်စားဆင်ယင်ရန်ငွေ။

**pink slip** (ဗန်းစကား) အလုပ်ရှင်က အလုပ်သမားအား ထုတ်ပစ်ကြောင်း အလုပ်မှရပ်နားထားကြောင်းအကြောင်းကြားစာ။

**piracy (n)** ပင်လယ်ပြင်တွင် လုယက်ခြင်း၊ သွေးဆောင်ခေါ်ယူခြင်းနှင့် အခြားပြစ်မှုများကို ကျူးလွန်ခြင်း။ အလားတူပင် လေယာဉ်ပေါ်တွင်လည်းကောင်း၊ အခြားယာဉ်များပေါ်တွင်လည်းကောင်း ကျူးလွန်ခြင်း။ airpiracy အင်အားသုံး၍လည်းကောင်း ခြိမ်းခြောက်၍လည်းကောင်း၊ လေယာဉ်အားသိမ်းပိုက်ထိန်းချုပ်ထားခြင်း။ လေယာဉ်ပျံသန်းနေစဉ် လေယာဉ်ကိုအပိုင်စီးခြင်း (hijacking) မူပိုင်ခွင့်ရှိသော စာမူများ၊ ရုပ်ရှင်ဗီဒီယိုနှင့်သီချင်းခွေများ၊ ကုန်အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ တရားမဝင်ခိုးကူးခြင်း၊ ပုံတူကူးချခြင်း။

**place of abode** လူတစ်ဦး၏နေထိုင်ရာအရပ်၊ တရားဝင်အမြဲနေထိုင်ရာအရပ်။

**place of business –** လုပ်ငန်းလုပ်ကိုင်ရာနေရာဒေသ။

**place of contraction** ပဋိညာဉ်စာချုပ် ချုပ်ဆိုရာတိုင်းပြည်။

**place of delivery** ရောင်းသူက ရောင်းချလိုက်သည့်ပစ္စည်းကိုပို့ပေးရမည့်နေရာ။ ပဋိညာဉ်တွင် အတိအကျဖော်ပြထားခြင်းမရှိလျှင် ရောင်းချသူလုပ်ငန်းလုပ်ကိုင်ရာနေရာသည် ပုံမှန်အားဖြင့် place of delivery ဖြစ်လာသည်။

**plagiarism (n)** သူတစ်ပါးရေးသားထားသော စာပေ၊ ရုပ်ရှင်ဗီဒီယို၊ ကုန်ပစ္စည်း များနှင့် အကြံဉာဏ်များကို ပုံတူကူးချပြီး မိမိကိုယ်ပိုင်တီထွင်သကဲ့သို့မှတ်ယူ စေသည်။ plagiarist (n) သူတစ်ပါး၏အတွေးအခေါ် စကားလုံးများကိုခိုးချသူ။

**plaint (n)** အဆိုလွှာ။ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့်(၇) အရ ရေးသားထားသော တရားရုံးမှ သက်သာခွင့်ချပေးရန် တောင်းဆိုသည့် လျှောက်လွှာ။

**plaintiff** တရားမမှုတွင် တရားလို။





**plea (n)** တရားခံမှ ၎င်းအပေါ်ပြစ်မှုဆိုင်ရာစွပ်စွဲချက်တွင် အပြစ်ရှိကြောင်း အပြစ်မရှိကြောင်း ခုခံချေပချက်၊ ထုချေချက်။ တရားပြိုင်၏ချေပလွှာ။ blind plea တရားရုံးမှဖြစ်စေ၊ တရားစွဲအဖွဲ့အစည်းမှဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ကမျှ သက်သာခွင့်ပေးမည်ဟု ကတိမထားသော်လည်း တရားခံက အပြစ်ရှိကြောင်း ဝန်ခံခြင်း။ not guilty plea စွဲတင်ထားသောပြစ်မှုနှင့်စပ်လျဉ်းက တရားခံအပြစ်မရှိကြောင်းငြင်းဆိုခြင်း။ တရားလိုဘက်မှ တရားခံပြစ်မှုကျူးလွန်ကြောင်းသံသယကင်းစွာအပြစ်ပေးနိုင်ရန်အတွက် ခိုင်ခိုင်မာမာသက်သေပြရမည်။ dilatory plea တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း၊ အမှုမှာရပ်ဆဲပြီးဆုံးရာရောက်နေကြောင်း၊ ယခင်ကတရားသေလွှတ်ဖူးကြောင်း၊ တရားခံမှားနေကြောင်း သို့မဟုတ် အခြားလုပ်နည်းလုပ်ထုံးများ မှားယွင်းနေကြောင်း ထုချေချက်။ insanity plea တရားခံမှာ စိတ်ရောဂါခံစားနေရကြောင်း အမှုကို ခုခံကာကွယ်ရန် မစွမ်းနိုင်ကြောင်း စသဖြင့်ခုခံချေပချက်။ peremptory plea တရားစွဲဆိုခွင့်ကိုတားမြစ်ထားသောအမှုဖြစ်ကြောင်း ထုချေချက်။ counter claim or setoff တရားလို၏ တောင်းဆိုမှုအပေါ် တန်ပြန်တောင်းဆိုခြင်း သို့မဟုတ် ခုနှိမ်ခြင်း။

**plead (v)** တရားမမှုများနှင့် လျှောက်ထားချက်များတွင် အဆိုအချေလျှောက်လွှာများတင်သွင်းသည်။ သို့မဟုတ်ပြင်းပြင်းထန်ထန်ခိုင်ခိုင်မာမာပြုလုပ်ခြင်း သို့မဟုတ်အမှုတွင် စွပ်စွဲပြောဆိုခြင်း။ ပြစ်မှုများတွင် တရားခံက ၎င်းအပေါ် စွပ်စွဲချက်များကိုတုံ့ပြန်ထုချေခြင်း။ အပြစ်မရှိကြောင်း လျှောက်လဲခြင်း။

**pleader (n)** ရှေ့နေ၊ အဆိုအချေများကိုပြုစုပေးသူ၊ အခြားသူတစ်ဦးတစ်ယောက်အတွက် တရားရုံးရှေ့တွင် ဥပဒေကြောင်းအရ အကျိုးဆောင်ပေးသူ။

**pleading (n)** အဆိုလွှာ သို့မဟုတ် ချေပလွှာများကိုခေါ်ဆိုသည်။ အဆိုအချေများကို မည်သို့မည်ပုံရေးသားရမည်ဖြစ်ကြောင်းတရားမကျင့်ထုံးဥပဒေအမိန့် ၆၊ ၇၊ ၈ တွင်ဖော်ပြထားပါသည်။

**pleas in bar** (peremptory plea) တရားလိုစွဲဆိုထားချက်များအပေါ် တရားပြိုင်ဘက်မှ အထူးအချက်အလက်များတင်ပြပြီး အမှုကိုဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း ပိတ်သိမ်းရန်ဖြစ်ကြောင်းခုခံချေပခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**plebiscite (n) US** ပြည်သူ့ဆန္ဒခံယူခြင်း

**pledge (n)** ငွေချေးငှားရာတွင် ပစ္စည်းတစ်စုံတစ်ရာကို အာမခံအဖြစ်အပ်နှံပြီး ချေးငှားခြင်း။ အကယ်၍ အချိန်စေ့ရောက်ပြီးနောက် ချေးယူထားသောငွေကိုပြန်လည်ပေးအပ်ခြင်း မပြုလျှင် အာမခံထားသောပစ္စည်းကို ငွေရှင်က သိမ်းယူနိုင်သည်။

**plenary (adj)** ပြည့်စုံသော၊ ပြီးပြည့်စုံသော၊ အစုံအညီ (အမိန့်၊ ကြားနာခြင်း၊ စစ်ဆေးခြင်း)များတွင် သုံးစွဲသည်။

**plenary action** အမှုကိုအစအဆုံးစစ်ဆေးခြင်း။

**plenary hearing** အမှုကို ဥပဒေနှင့်အညီအပြည့်အစုံကြားနာခြင်း။

**plene administravit** (lat) he has full administered စီမံအုပ်ချုပ်မှုအာဏာ အပြည့်အဝရှိသော။

**plenipotentiary (adj)** အာဏာကုန်လွှဲအပ်ခြင်းခံရသော။ တစ်စုံတစ်ရာကိုလုပ်ဆောင်ရန် အာဏာအပြည့်အဝရရှိသူ။

**poaching (n)** အမဲလိုက်ခြင်း၊ အားကစားအနေဖြင့် အမဲလိုက်ခြင်းကိုတားမြစ်ထားသောနယ်မြေအတွင်းသို့မဟုတ် ပုဂ္ဂလိကပိုင်မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အမဲလိုက်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်များကို ခိုးယူသတ်ဖြတ်ခြင်း။

(တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ, ၁၉၉၄ခုနှစ်ကိုကြည့်ပါ)

**poacher** တရား မဝင်မုဆိုး။

**poena (latin)** punishment, penalty အပြစ်ဒဏ်ပေးခြင်း၊ ပြစ်ဒဏ်။

**poison (n)** စားသုံးပါက လူ၏အသက်အန္တရာယ် သို့မဟုတ်ကျန်းမာရေးကိုယိုယွင်းစေသောအရာဝတ္ထုပစ္စည်း။

**poisonous substance** အဆိပ်ရှိသောအရာဝတ္ထု၊ အဆိပ်ရှိသောအရာဝတ္ထုဖြင့် လူ့အသက်အန္တရာယ်ဖြစ်စေပါက ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူခြင်းခံရမည်။ ပြစ်မှုဆိုင်ရာဥပဒေတွင်အဆိပ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၈၄၊ ပုဒ်မ ၃၂၄၊ ပုဒ်မ ၃၂၆၊ ပုဒ်မ ၃၂၈တို့တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။





**poison pill** ကုမ္ပဏီတစ်ခုကို ပြင်ပမှဝယ်ယူသိမ်းပိုက်ရန် ကြိုးပမ်းမှုကိုနည်းစေရန်အတွက် ပြုလုပ်သော နည်းလမ်း၊ ကုမ္ပဏီမှလက်ရှိအစုဝင်များနှင့် ဝန်ထမ်းများကို စတော့များအား အလွန်နိမ့်သောဈေးဖြင့်ဝယ်ယူရန် ကမ်းလှမ်းခြင်း။ ရှယ်ယာစတော့များကို အားပျော့ရန်ပြုလုပ်ခြင်း။ ထိုသို့ပြုလုပ်ခြင်းသည်ကုမ္ပဏီကို အခြားသူများဝယ်ယူရန်၊ ပေါင်းစပ် (merger)ရန်ပြုလုပ်သည့်အခါမျိုးတွင် ကာကွယ်ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်။

**police authorities (police force)** (မြန်မာနိုင်ငံ) ရဲတပ်ဖွဲ့. police post ရဲကင်း၊ police officer ရဲအရာရှိ။ police papers ရဲစက္ကူ။

police court ရဲတရားရုံး၊ ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ (၁၉၉၅) အခန်း ၇၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁အရ တည်ထောင်ထားသည့်တရားရုံး။

**policy (n)** မူဝါဒ၊ လမ်းစဉ်၊ အာမခံပဋိညာဉ်စာချုပ်။

**political asylum** နိုင်ငံရေးခိုလှုံခွင့်။ political pension နိုင်ငံရေးပင်စင်။

**political offense** နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်အစိုးရအား တိုက်ရိုက်ဆန့်ကျင်သည့်ပြစ်မှု ဥပမာ။ နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေခြင်း၊ နိုင်ငံတော်အား သူလျှိုပြုလုပ်မှု၊ political science နိုင်ငံရေးသိပ္ပံပညာရပ်။

**politician (n)** နိုင်ငံရေးသမား။

**polity (n)** နိုင်ငံအဖြစ်စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် အုပ်ချုပ်ပုံစနစ် (သို့) လူ့ဘောင်အဖွဲ့အစည်း။

**poll (n)** လူထုသဘောထားစစ်တမ်းကောက်ယူခြင်း။ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးမှု၊ မဲရေတွက်ခြင်း၊ အကြောင်းအရာတစ်ရပ်ပေါ်တွင်ပေးလာသည့်အကြံဉာဏ်များကို ကောက်ယူခြင်း။ ထိုသို့ဆောင်ရွက်ရာတွင် ကျဘမ်းကောက်ယူခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အစုအဖွဲ့ထဲမှ ကောက်ယူခြင်း။ အမျိုးတူ ကုန်များထုတ်လုပ်သောလုပ်ငန်းများ ပေါင်းစုထားသောအဖွဲ့၊ ဈေးနှုန်းကိုချုပ်ကိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုကို ထိန်းချုပ်ထားခြင်း။ အဖွဲ့ဝင်တစ်ဦးစီသည် မိမိရရှိသောခွဲတမ်းအရသာ ကုန်ထုတ်လုပ်ရသည်။ လုပ်ငန်းကြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ဆောင်ရွက်ရန်လုပ်ငန်းအများ ပေါင်းစုထားသည့်အဖွဲ့. အမြတ်နှင့်အရှုံးကို မိမိတို့ထည့်ဝင်ထားသောအစုရှယ်ယာတန်ဖိုးအလိုက်ရရှိခြင်း၊ ပေးဆပ်ရခြင်း။ ရွေးကောက်ပွဲတွင် မဲပေးသည်။ မဲများရေတွက်သည်။ မဲများရေတွက်သည့်နေရာနှင့် မှတ်တမ်းယူသည့်နေရာ။ ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း။ polling station or booth မဲရုံ၊ poll book မဲဆန္ဒပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်း။

**polyandry** (n) တစ်ချိန်တည်းလင်ယောကျ်ားတစ်ဦးထက်ပို၍ယူသောလုပ်ရပ်။

**polygamy (n)** မယားတစ်ယောက်မကယူခြင်း။ polygamist တစ်ပြိုင်တည်းမယားအများယူထားသူ။

**polygraph (n)** အလိမ်ဖော်စက်၊ ဇီဝဗေဒတုံ့ပြန်မှုအပေါ်အခြေခံထားသည်။ (ဥပမာ – သွေးတိုးနှုန်း၊ အသက်ရှူနှုန်းတို့ကို မေးခွန်းမေးမြန်း၍ဖြေကြားသည့်အခါ တိုင်းတာခြင်း)

**pool** စုစည်းသည်။ လောင်းကစားတွင်တွင်လောင်းကြေးငွေစုဆောင်းခြင်း။

**pornography (n)** ညစ်ညမ်းစာပေ၊ ရုပ်ပုံဓါတ်ပုံ၊ ရုပ်ရှင်စသည်ဖြင့်

**possee comitatus (latin)** for power of the country ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ရှိသူတစ်ဦးက ရာဇဝတ်သားကိုဖမ်းဆီးရန်အတွက် ကျန်းမာသန်စွမ်းသောနိုင်ငံသားတို့ကို ဆင့်ခေါ်ပြီး ၎င်းအားအကူအညီပေးစေခြင်း။ ဆင့်ခေါ်ခြင်းခံရသူသည် အဆိုပါအာဏာပိုင်၏အမိန့်ပေးမှုအောက်တွင် ဆောင်ရွက်နေစဉ် တရားဝင်အဆင့်တစ်ရပ်ကို ရရှိပိုင်ဆိုင်ထားသည်။ ဥပဒေ၏အကာအကွယ်ကိုရရှိမည်ဖြစ်သည်။ ဆင့်ခေါ်ခံရသူသည် အကူအညီမပေးဘဲနေလျှင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၇အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းက အကူအညီတောင်းလျှင် ပေးရမည့်ကိစ္စအချို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၊ ပုဒ်မ ၇၇၊ ပုဒ်မ ၁၂၈နှင့် ပုဒ်မ ၁၀၃တို့တွင် ဖော်ပြထားသည်။ တရားလိုဘက်မှ အကူအညီတောင်းခြင်းကို တရားခံက တမင်ပျက်ကွက်ကြောင်း သက်သေပြရမည်ဖြစ်ပြီး တရားခံမှလုံလောက်သောအကြောင်းကြောင့်ပျက်ကွက်ခြင်းဖြစ်ကြောင်း ထုချေနိုင်ပါသည်။

**port (n) (v)** ဆိပ်ကမ်း၊ သင်္ဘောများ ကုန်တင်ကုန်ချရန်နှင့် အခွန်ကောက်ခံရန်ဆိပ်ကမ်း။





**port authority** (မြန်မာ) ဆိပ်ကမ်းအာဏာပိုင်။

**portfolio (n)** ရင်းနှီးမြှုပ်နှံသူတစ်ဦး၏လက်ထဲတွင် အမျိုးမျိုးသောအာမခံစာချုပ်များနှင့် အခြားရင်းနှီးမြှုပ်နှံမှုများရှိနေခြင်း။ ခွဲဝေဖြန့်ကျက်ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး တစ်ခုမဟုတ်တစ်ခုအမြဲမြတ်နေစေရန်ဖြစ်သည်။

**porter (n)** ဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်များတွင် ခရီးသွားများ၏ဝန်စည်စလယ်များကို သယ်ဆောင်ပေးသူ။ ဟော်တယ်၊ ဆေးရုံအစရှိသည်တို့၌ ဝင်ပေါက်တွင်စောင့်ရသော တံခါးစောင့်။

**portion (n)** မိဘများက သို့မဟုတ် မိဘကဲ့သို့ စောင့်ရှောက်ခဲ့သူများက မိမိတို့၏သားသမီးများဘဝလမ်းတစ်လျှောက်ရပ်တည်နိုင်အောင် ပေးအပ်သည့် သို့မဟုတ် ချန်ထားခဲ့သည့် ငွေ၊ ပစ္စည်း။ သားသမီးများအတွက် ပညာသင်ကြားရေး၊ ထောက်ပံ့ကြေးစရိတ် သို့မဟုတ် သားသမီးများအနေဖြင့် ဝင်ငွေနည်းပါးသည့်အခါရပ်တည်နိုင်ရေးအတွက် လိုအပ်သောငွေကြေးကို ဖြည့်စွက်ထောက်ပံ့ကြေး။

**positive assertion** အခိုင်အမာပြောဆိုချက်။ positive evidence တိုက်ရိုက်သက်သေခံချက်။

**posse (latin)** ဖြစ်နိုင်ခြေ၊ အလားအလာ၊ အာဏာ၊ စွမ်းဆောင်ရည်။

**posse comitatus** (latin)( power of the country) နိုင်ငံ၏စွမ်းအား၊ ငြိမ်ဝပ်ပိပြားရေး၊ အေးချမ်းသာယာရေးအတွက် မြို့နယ်တာဝန်ရှိသူအား နိုင်ငံသားအစုအဖွဲ့ကအတူတကွအကူအညီပေးခြင်း။

**possess (v)** ပိုင်ဆိုင်သည်။ အုပ်ချုပ်သည်။ လက်ရောက်ရရှိသည်။ ထိန်းချုပ်မှု အောက်၌ ရှိနေသည်။

**possession (n)** ပိုင်ဆိုင်ခြင်း၊ လက်ဝယ်ရယူခြင်း၊ ပစ္စည်းလက်ရှိဖြစ်ခြင်း။ possession ဆိုသောစကားရပ်တွင် ဥစ္စာရမ်းခနှင့်အမြတ်ငွေများလက်ခံရရှိခြင်း သို့မဟုတ် ထိုသို့လက်ခံရရှိရန်အခွင့်အလမ်းတို့ရှိခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စိုးမိုးသောနယ်နမိတ်။ actual possession အမှန်တကယ်လက်ဝယ်ရရှိထားခြင်း သို့မဟုတ် ပစ္စည်းအပေါ်တွင် ထိန်းချုပ်ထားခြင်း။ bona fide possession ရိုးရိုးသားသားနှင့်ပစ္စည်းတို့လက်ဝယ်ရရှိထားခြင်း။ ၎င်းအနေဖြင့် အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုအငြင်းပွားနေသည်ကို မသိရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**constructive possession** ပစ္စည်းပေါ်တွင် စီမံခန့်ခွဲမှုရှိနေသော်လည်း အမှန် တကယ်လက်ဝယ်သိမ်းဆည်းထားမှုမရှိခြင်း။ ဥပမာ ဦးမဲ မောင်းနှင်လာသော မော်တော်ကားကိုရှာဖွေရာ မော်တော်ကားပေါ်ပါ သေတ္တာအိတ်အရှည်ထဲမှ တရားမဝင်လက်နက်ကိုရှာဖွေတွေ့ရှိသိမ်းဆည်းရမိ၍ ဦးမဲအပေါ်တရားမဝင် လက်နက်ကိုင်ဆောင်မှုဖြင့်အရေးယူသည်။ ဦးမဲက ထုချေသည်မှာ ၎င်းမှာ ကားမောင်းနေခြင်းဖြစ်ကြောင်း၊ သေနတ်မှာ သေတ္တာအတွင်းရှိနေပြီး သေတ္တာကိုလည်း သော့ခတ်ထားကြောင်း။ ထို့ကြောင့် သေတ္တာအိမ်မှာ အမှန်တကယ် လက်ဝယ်ရှိခြင်းမဟုတ်ကြောင်း ငြင်းဆန်သည်။ ထိုသို့ငြင်းဆန်ထွက်ဆိုသော်လည်း သေနတ်သိမ်းဆည်းရမိသည်မှာ အမှန်အကန်ဖြစ်ကြောင်း constructive possession အရ ၎င်းမှာတာဝန်ရှိကြောင်း ကားပေါ်တွင် ဦးမဲတစ်ဦးတည်းသာ ပါရှိပြီး သေနတ်ပါရှိသည့် သေတ္တာသော့မှာ ဦးမဲထံမှ ရရှိ၍ ၎င်း၏စီမံခန့်ခွဲမှု အောက်တွင်ရှိကြောင်း ပေါ်ပေါက်သဖြင့် ဦးမဲအပေါ်တရားစွဲဆိုနိုင်သည်။

criminal possession တားမြစ်ထားသော မူးယစ်ဆေးဝါးများ၊ လက်နက်များ၊ ခိုးရာပါပစ္စည်းများကို တရားမဝင်လက်ဝယ်ထားခြင်း။

derivative possession ပစ္စည်းကိုတရားဝင်လက်ရှိထားသော်လည်း ပိုင်ရှင်မဟုတ်ခြင်း (ဥပမာ အိမ်ငှား)

naked possession အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ လက်ဝယ်ရရှိထားခြင်း၊

peaceable possession - အနှောက်အယှက်ကင်းစွာဖြင့် လက်ဝယ်ပိုင်ဆိုင်ထားခြင်း။

adverse possession ဆန့်ကျင်လက်ရှိထားခြင်း။ ပိုင်ရှင်ဖြစ်သူက ကာလစည်းကမ်းသတ်အက်ဥပဒေအရ ၎င်းကိုဆန့်ကျင်လာသည့်အချိန်မှစ၍ (၁၂)နှစ်အတွင်း တောင်းဆိုခြင်းမပြုသဖြင့် လက်ရှိဖြစ်သူက နေခွင့်လက်ဝယ်ထားခွင့်ရှိလာခြင်း။

pedal possession မြေပေါ်တွင်နေထိုင်ခြင်း၊ မြေကိုပြုပြင်နေထိုင်ခြင်းဖြင့် အမှန်တကယ်လက်ဝယ်ရရှိလာခြင်း။ (မြေလွတ်မြေရိုင်းကို ခုတ်ထွင်ရှင်းလင်း၍ နေထိုင်ခြင်း)





possession of stolen goods ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် သာမန်လူတစ်ဦးအနေဖြင့် ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိနိုင်ရန်အကြောင်းရှိ လျက်နှင့် ပစ္စည်းကိုလက်ဝယ်ရယူထားခြင်း။

**possessory action** မရွေ့မပြောင်းနိုင်သော အိမ်မြေစသည်တို့ကို လက်ရောက် ရယူရန် တရားစွဲခြင်း။

**possessory warrant** ရှာဖွေပုံစံနှင့်အလားတူသော ဝါးရမ်းဖြစ်ပြီး တရားမမှုတွင် တရားလိုထံမှ မတရားရယူသွားခြင်းခံရသောပစ္စည်းကို ရှာဖွေရန်နှင့် ပြန်လည်ရယူရန်ထုတ်ပေးသောဝရမ်း။

**possibility (n)** ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် မသေချာသောအဖြစ်အပျက်။ ရွှေ့မပြောင်းနိုင်သော သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၏ မရေမရာသော အကျိုးစီးပွား။ bare possibility (naked possibility) အနာဂါတ်တွင် ပစ္စည်း ကိုရယူနိုင်လိမ့်မည်ဟု မျှော်လင့်ခြင်း သို့မဟုတ် ကံကြမ္မာကိုအားကိုးခြင်း။ ဥပမာ - သေတမ်းစာရေးသားသူ အသက်ရှင်နေသေး သော်လည်း သေတမ်းစာအရ မြေယာကိုအမွေဆက်ခံ နိုင်သည်ဟု မျှော်လင့် ထားခြင်း။ A possibility coupled with an interest ဥပဒေအရ အကျိုးခံစားခွင့်ရရှိနိုင်သော အလား အလာမျှော်လင့်ချက်။ remote possibility နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော အကြောင်းပေါ်တွင် အမှီပြုသော သို့မဟုတ် ရေရာမတိကျသောအဖြစ်အပျက်ပေါ်တွင် အမှီပြုသောကန့်သတ်ချက်။ ဖြစ်နိုင်ချေအလွန်နည်းပါးသော။

**possibility of a reverter** နောင်အနာဂါတ်ကာလတွင် သတ်သတ်မှတ်မှတ် ပြုထားသောကိစ္စရပ်ပေါ်ပေါက်လာသည့်အခါ နေထိုင်ခွင့် ပေးထားသော အိမ်ရာမြေကွက်ကို မူလနေထိုင်ခွင့်ပြုထားသူသို့ ပြန်လည် ပေးအပ်ရမည့် အနေအထား။ ဥပမာ - ဦးဖြူသည် အိမ်ရာမြေကွက်ကိုသမီးဖြစ်သူ မနီအား အိမ်ထောင် မပြုမချင်း အဆိုပါ မြေကွက်ပေါ်တွင် နေထိုင်ရန်နှင့် အိမ်ထောင်ပြုသည့်အခါ မြေကွက်ကိုပြန်ပေးရန် သဘောတူထား သည်။ အကယ်၍ မနီအနေဖြင့် အိမ်ထောင် ပြုသည့်အခါ အဆိုပါအိမ်ရာ မြေကွက်ကို ဖခင် ဦးဖြူသို့ပြန်ပေးရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**post (latin) after** (v) လူသိရှင်ကြားကြေငြာသည်။ အများပြည်သူဆိုင်ရာ နေရာတွင် နို့တစ်စာထပ်ခြင်းဖြင့်ကြေငြာသည်။ စာပို့သည်။ သတ်မှတ်ထားသောနေ့ရက်တွင် ငွေပေးသည်ကို မှတ်တမ်းတင်ထားကြောင်း ဖော်ပြသည်။ ဥပမာ – အကြွေးဝယ်ကဒ်ဖြင့် ဝယ်ယူသည့်ငွေအတွက် ငွေပေးချေသည့်အခါ နောင်တစ်ပတ်ငွေစာရင်းရှင်းတမ်းတွင် သင်၏ငွေစာရင်းသို့ပြောင်းထည့်ပြီးဖြစ်ကြောင်း ဖော်ပြလိမ့်မည်ဖြစ်သည်။

**postdated cheque (check)** ချက်လက်မှတ်ကိုအမှန်ရေးသည့်နေ့စွဲမတတ်ဘဲ မရောက်သေးသော ရက်စွဲကိုကြိုတပ်ထားခြင်း။ ချက်လက်မှတ်လက်ခံရရှိသူသည်။ ထိုနေ့စွဲမရောက်မီ ငွေထုတ်ယူခြင်းမပြုနိုင်ပါ။

**posterity** (n) နောင်လာနောက်သားများ၊ သားစဉ်မြေးဆက်နောင်ကာလမျိုးဆက်များ။

**post hoc** ဤအရာ၏နောက်တွင် အကျိုးဆက်။

**post mortem examination** သေဆုံးသူ၏အလောင်းကိုစစ်ဆေးခြင်း။ ထိုသို့ စစ်ဆေးရာတွင်ပြင်ပစစ်ဆေးခြင်းနှင့်အတွင်းအင်္ဂါများ ခွဲစိတ်စစ်ဆေးခြင်းတို့ရှိသည်။ ရည်ရွယ်ချက်မှာ သေဆုံးသူသည် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိရှိနိုင်ရန်၊ သေဆုံးသည့်အချိန်သိရှိနိုင်ရန်၊ သေဆုံးရသော အကြောင်းရင်းကိုသိရှိနိုင်ရန်။ မွေးကင်းစကလေးဖြစ်ပါက အသေမွေးခြင်း သို့မဟုတ် အရှင်မွေးပြီးမှသေဆုံးခြင်း၊သဘာဝအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ်သိရှိနိုင်ရန် အလောင်းကို စစ်ဆေးခြင်းဖြစ်သည်။

**posthumous award** ကျဆုံးသွားပြီးနောက် ချီးမြှင့်ခံရသော ဘွဲ့ထူးဂုဏ်ထူး (AGO)

**posthumous child** ဖခင်သေဆုံးပြီးနောက်ပိုင်းမှမွေးဖွားသောကလေး။ ကိုယ်ဝန် ဆောင်မိခင်ဖြစ်သူမှာ ကျန်းမာရေးဆိုးရွားမှုကြောင့် သေဆုံးသွားသော်လည်း ဝမ်းတွင်း၌ အသက်ရှင်နေသောကလေးကို စက်ကိရိယာအကူအညီဖြင့် မွေးဖွားပေးသောကလေး။ ထို့ကြောင့် မိခင်သေဆုံးပြီးနောက်မှ မွေးဖွားသောကလေးလည်းဖြစ်နိုင်သည်။





**postnuptial agreement** လင်နှင့်မယားပေါင်းသင်းနေစဉ်အတွင်းနှစ်ဦးသဘောတူပြုလုပ်ထားသော သဘောတူညီချက်။ ပေါင်းသင်းနေစဉ်အတွင်း တစ်ဦးဦးသေဆုံးလျှင် သို့မဟုတ် စိတ်အခန့်မသင့်၍ လင်မယားကွဲကွာခဲ့လျှင် တစ်ဦးပိုင်ပစ္စည်းအပေါ်တွင် ကျန်တစ်ဦးက ရပိုင်ခွင့်ကိုသတ်သတ်မှတ်မှတ်ပြုလုပ်ထားသော သဘောတူညီချက်။ (မြန်မာ့လေ့ထုံးတမ်းဥပဒေကို လိုက်နာရသူများနှင့်မသက်ဆိုင်ပါ။)

**posting** စီးပွားရေးလုပ်ငန်းရှိ ငွေစာရင်းလယ်ဂျာများတွင် စာရင်းပြောင်းခြင်း၊ စာရင်းရေးပညာတွင်စီးပွားရေးဆောင်ရွက်ချက်များကို သက်ဆိုင်ရာစာရင်းများသို့ စာရင်းသွင်းခြင်း။ ရာထူးနေရာချထားခြင်း။ အလုပ်ပေးခြင်း။

**postpone** (v) နောင်တစ်ချိန်ချိန်သို့ ရွှေ့ဆိုင်းထားခြင်း။

**postulate** (v) အမှန်အဖြစ်ယူသည်။ (n) မှန်ကန်သည်ဟုယူဆထားသောအဆို။

**pound** (n) သိမ်းဆည်းထားသောပစ္စည်းများကို လာရောက်မရွေးယူမီ သိမ်းဆည်းထားသည့်နေရာ။

**powers** လုပ်ပိုင်ခွင့်များ၊ အခွင့်အာဏာများ။ တစ်ဦးက အခြားသူတစ်ဦးသို့ ၎င်းအတွက် တစ်စုံတစ်ရာဆောင်ရွက်ပေးရန် သို့မဟုတ် အတိအကျသတ်မှတ်ပေးထားသော လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးရန် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်၊ တစ်စုံတစ်ရာကို ဆောင်ရွက်ရန် သို့မဟုတ် မဆောင်ရွက်ရန် ဒွမ်းရည်။ အခြားသူတစ်ဦးတစ်ယောက်ပေါ်တွင် လွှမ်းမိုးခြင်း။ ချုပ်ကိုင်ခြင်း သို့မဟုတ် ဩဇာညောင်းခြင်း။ appendant power ပူးတွဲပေးသောလုပ်ပိုင်ခွင့်။ beneficial power လက်ခံရရှိသူ၏အကျိုးအတွက်ပေးသောလုပ်ပိုင်ခွင့်။ concurrent power တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ဗဟိုအစိုးရတို့ကို ဥပဒေပြုရေးကဏ္ဍတွင် လွတ်လပ်စွာကျင့်သုံးခွင့်ပြုသော နိုင်ငံရေးအာဏာ။ general power အထွေထွေကိုယ်စားလှယ်လွှဲစာ။ အပ်နှင်းသူက အပ်နှင်းခြင်းခံရသူသို့ ၎င်း၏ကိုယ်စားလုပ်ငန်းအသီးသီးကို ဆောင်ရွက်ရန် အပ်နှင်းသည့်လုပ်ပိုင်ခွင့်အာဏာ။



www.burmeseclassic.com

www.burmeseclassic.com



inherent power ရမြဲလုပ်ပိုင်ခွင့်အာဏာများ။ အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စရပ်အတွက် တရားရုံး သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်က သင့်မြတ်သလိုဆောင်ရွက်ပိုင်ခွင့်။ quasi judicial power တရားစီရင်ရေးအာဏာသဘောသက်ဝင်သော အုပ်ချုပ်ရေးဆိုင်ရာအာဏာ (ဥပမာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးရုံးကဆောင်ရွက်ခြင်း) special power သတ်မှတ်ထားသောကိစ္စရပ်တစ်ခုအတွက် ၎င်း၏ကိုယ်စားဆောင်ရွက်ပေးရန်အပ်နှင်းထားသောကိုယ်စားလှယ်လုပ်ပိုင်ခွင့်အာဏာ power Attorney ကိုယ်စားလှယ်လွှဲစာ၊ အခြားသူတစ်ဦးတစ်ယောက်ကို မိမိကိုယ်စားဆောင်ရွက်ပေးရန် ဥပဒေနှင့်အညီအသိအမှတ်ပြုသည့်စာရွက်စာတမ်း။ ထိုသို့ကိုယ်စားလှယ်လွှဲစာပေးအပ်ရာတွင် အထွေထွေဆောင်ရွက်ရန် သော်လည်းကောင်း သတ်မှတ်ထားသည့်ကိစ္စကိုဆောင်ရွက်ရန်သော်လည်းကောင်းဆောင်ရွက်စေရန် ဖြစ်သည်။

**power of alienation** ပစ္စည်းတို့ရောင်းရန်၊ လွှဲပြောင်းပေးရန် ခွဲဝေပေးရန် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲရန်စွမ်းဆောင်နိုင်မှု။

**power of search** ဥပဒေနှင့်အညီ လူနှင့်ပစ္စည်းများကို ရှာဖွေပိုင်ခွင့် သာမန်လူများအနေဖြင့် ရှာဖွေခွင့်မရှိပါ။ သို့သော်ရာဇဝတ်တရားသူကြီးက ရှာဖွေဝရမ်း၊ ထုတ်ပေးရာတွင် ရဲအရာရှိကိုဖြစ်စေ အခြားအရာရှိကိုဖြစ်စေ ထုတ်ပေးလျှင်ရှာဖွေခွင့်ရှိသည်။ ထို့ပြင်တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သူသည် ရှာဖွေနိုင်ကြောင်း ရှာဖွေဝရမ်းထုတ်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါက ထိုသူများလည်း ဝရမ်းထုတ်ပေးခြင်းရှာဖွေခြင်းများ ပြုလုပ်နိုင်သည်။ (ဥပဒေ လောင်းကစားဥပဒေ)

**practicable (adj)** လက်တွေ့အသုံးပြုနိုင်သော လက်တွေ့ကျသော။

**practice (n)** တရားရုံးများတွင် ကျင့်သုံးသောလုပ်ထုံးလုပ်နည်းများ နည်းဥပဒေများ၊ပြစ်မှုတရားမမှုများတွင် လုပ်ထုံးလုပ်နည်းများ၊ကျင့်ထုံးများ နည်းလမ်းများလိုက်နာမြဲကျင့်စဉ်အလေ့အကျင့်။ court practice တရားရုံးကျင့်စဉ်။ practice of law ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း

**practitioner (n)** အတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အထူးသဖြင့် ဆရာဝန်များ၊ ရှေ့နေများ။





**praecipe (n)** (latin)( common) တရားခံအား တစ်စုံတစ်ရာကို ဆောင်ရွက် ရန်သို့မဟုတ် မည်သည့်အတွက် မဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းရန် စာချွန်လွှာအမိန့်ထုတ်ပြန်ခြင်း။

**prayer for relief** အဆိုအချေများရေးသားရာတွင် အဆုံးသတ်၌ တရားရုံးသို့ သက်သာခွင့်တောင်းဆိုခြင်း။

**preamble (n)** နိဒါန်း၊ ပမာဏ၊ စကားချီး၊ အစပျိုးခြင်း။

**precatory** ချုပ်နှောင်ထားခြင်း၊ စည်းနှောင်ဖွဲ့ခြင်းမရှိသော အကြံပြုချက် သို့မဟုတ် ထောက်ခံချက်၊ သေတမ်းစာနှင့် ပေးကမ်းခြင်း၊ယုံမှတ်အပ်နှံခြင်း၊ စာချုပ်များတွင် ပြုလုပ်သူ၏ဆန္ဒကို ဖော်ပြသည့်အနေဖြင့်ရေးသည်။ "I hope my daughter will keep the house in the family" ၎င်းစာသားမျိုးမှာ precatory ဖြစ်ပြီး အိမ်အမွေရသည့်သမီးကို ဥပဒေအရအမိန့်ပေးသည့်အနေအထားမျိုးမဟုတ်ပေ။ ဥပမာ – မိခင်ဖြစ်သူက သေတမ်းစာရေးသားခဲ့ရာတွင် လက်ရှိနေအိမ်ကို သားဖြစ်သူအားပေးရန်ပါရှိသည်။ အဆိုပါသေတမ်းစာတွင် အိမ်ကိုသားဖြစ်သူက ပြန်ရောင်းမည်ဆိုလျှင် မိသားစုဝင်ထဲမှ တစ်ဦးဦးကို ရောင်းချစေလိုကြောင်းပါရှိသည်။ ထိုအချက်မှ precatory language ဖြစ်သည်။ အကယ်၍သားဖြစ်သူက အိမ်ရောင်းလိုသည့်အခါ ဈေးပိုရမည့်အခြားသူသို့ ရောင်းချမည်ဆိုပါကလည်း မည်သို့ဖြစ်မည်ဟုမပါရှိချေ။ သားဖြစ်သူအပေါ် ဥပဒေအရချုပ်ကိုင်ထားမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်နိုင်ပေသည်။

**precedents (n)** ရှေးကဆုံးဖြတ်ပြီးသောအမှုများမှ လိုက်နာရန်ထုံးဖွဲ့ထားသည့် စီရင်ထုံးများ။ စီရင်ထုံးများသည် တရားစီရင်ရေးနယ်ပယ်တွင် အရေးကြီးဆုံးသော ဂရုပြုရမည့်လမ်းညွှန်ချက်များဖြစ်သည်။အစဉ်အလာ။

**precept (n)** ပညတ်မိန့်၊ ပညတ်သည့်အမိန့်။ ဒီကရီရသူ၏ လျှောက်ထားချက်အရ ဒီကရီချမှတ်သည့်တရားရုံးသည် မိမိ၏စီရင်ပိုင်ခွင့်နယ်မြေပြင်ပရှိ တရားရုံးပိုင်ပစ္စည်းများကို ဝရမ်းစွဲကပ်ပေးရန် ပစ္စည်းတည်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ ပညတ်မိန့်ထုတ်ပေးခွင့်ရှိသည်။ (တရားမကျင့်ထုံးဥပဒေပုဒ်မ၄၆)

**precis (n) (french)** အကျဉ်းချုပ်၊ အတိုချုပ်။

**precinct (n)** သီးသန့်သတ်မှတ်နေရာ၊ နယ်မြေသတ်မှတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



**predatory pricing** ကုန်ပစ္စည်းကိုအခြားသောကုမ္ပဏီများ၏ အလားတူကုန်ပစ္စည်းနှင့်ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာတွင် မိမိကုန်ကိုအရောင်းသွက်စေရန် ဈေးနှုန်းကိုလျှော့ချ၍ ရောင်းချခြင်း။ အခြားကုမ္ပဏီများကလည်း ဈေးလျှော့လိုက်ရောင်းရာတွင် မိမိကုန်ကို ထပ်မံဈေးလျှော့ပြီး ယှဉ်ပြိုင်ခြင်း။ ဈေးနှုန်းလျှော့ချမှုသည် အမြတ်မာဂျင်သုည (သို့) အနှုတ်အထိ (အရှုံးခံ၍) ရောက်အောင်ပြုလုပ်ခြင်း။ ထိုအခါ ယှဉ်ပြိုင်သည့်ကုမ္ပဏီများအနေဖြင့် ဈေးလျှော့ရောင်းရန် မတတ်နိုင်တော့ဘဲ ဈေးကွက်ထဲမှ ထွက်သွားရသည်။ ဈေးကွက်ကို တစ်ဦးတည်းလက်ဝါးကြီးအုပ်ထားရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ နောင်ယှဉ်ပြိုင်သူမရှိသည့်အခါမှ တဖြည်းဖြည်း ဈေးနှုန်း မြင့်ပြီးရောင်းချသည်။ ထိုသို့ပြုလုပ်ခြင်းသည်ကာလတို ဆောင်ရွက်သာ ဖြစ်ပြီး ထိုသို့ဆောင်ရွက်သော ကုမ္ပဏီကို အခြားနိုင်ငံ (ဗြိတိန်)များတွင် ဒဏ်ငွေတပ်ရိုက်နိုင်သည်။

**predecessor (n)** မိမိအရင်ဆောင်ရွက်ခဲ့သူ။ မြေယာတွင် ပိုင်ရှင်အမည်ပေါက် အဆက်ဆက်။

**pre-emption (n)** ဦးစွာဝယ်ပိုင်ခွင့်။ သူများအရင်ဝယ်ယူခွင့်။ မခွဲဝေရသေးသော အမွေပုံကို အမွေဆိုင်တစ်ဦးက ၎င်း၏ဝေစုအား ရောင်းချမည်ဆိုပါက ကျန်အမွေဆိုင်များအနေဖြင့် ထိုဝေစုကို ဦးစွာဝယ်ပိုင်ခွင့်ရှိသည်။ အကယ်၍ အမွေဆိုင်များကို အခွင့်အရေးမပေးဘဲ သူတစ်ပါးကိုရောင်းချခဲ့လျှင် ကျန်အမွေဆိုင်များက ထိုသူထံမှပြန်လည်ရောင်းချရန် တောင်းဆိုခွင့်ရှိသည်။

**prefer (v)** တရားခံကို တရားရုံးသို့အမှုစွဲတင်သည်။ စွဲချက်တင်သည်။

**preference (n)** မျက်နှာလိုက်ခြင်း၊ ဦးစားပေးခြင်း။ လူမွဲအမှုစွဲဆိုခြင်း မပြုမီ အတိအကျသတ်မှတ်ထားသောနေ့ရက်အတွင်း မြီစားမှ မြီရှင်သို့ ငွေပေးခြင်း။ ပုံမှန်စီးပွားရေးမြီရှင်များအတွက် သုံးလနှင့်လူရင်းမြီရှင်များဖြစ်သော မိတ်ဆွေများ မိသားစုဝင်များနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအတွက် တစ်နှစ် သတ်မှတ်သည်။ မြီရှင်တစ်ဦးကို အခြားမြီရှင်များကိုကျော်ပြီး ငွေပေးချေထားလျှင် လူမွဲမှုဘဏ္ဍာထိန်းသည်၊ ပေးထားသည့်ငွေများကိုပြန်ယူပြီး ကျန်မြီရှင်များနှင့်အတူတူခွဲဝေပေးနိုင်သည်။ (မြန်မာနိုင်ငံလူမွဲခံယူမှုဥပဒေ ပုဒ်မ ၅၄ကိုလည်းကြည့်ပါ။)





**preference share** ဦးစားပေးရှယ်ယာ။ ကုမ္ပဏီအမြတ်ဝေစုခွဲဝေရာတွင်ဖြစ်စေ၊ ကုမ္ပဏီဖျက်သိမ်း၍ ငွေရင်းပြန်ထုတ်ပေးရာတွင် ဖြစ်စေ သာမန်အစုရှယ်ယာများထက် ဦးစားပေးရယူခံစားခွင့်ရှိသည်။

**preferential payments** ဦးစားပေး၍ ပေးဆပ်ရမည့်ကြွေးမြီများ။ (ကုမ္ပဏီ ဥပဒေပုဒ်မ ၂၃၀နှင့် မြန်မာနိုင်ငံလူမွဲခံယူမှုဥပဒေ ပုဒ်မ ၆၁တို့ကို ကြည့်ပါ)

**pregnancy per alium** (latin by another) တရားဝင် လက်ထပ်ပေါင်းသင်း နေစဉ်အတွင်း မိမိခင်ပွန်းမှအပ အခြားသူနှင့် ပေါင်းသင်းမိ၍ ကိုယ်ဝန်ရှိလာခြင်း။ အကယ်၍ ခင်ပွန်းဖြစ်သူက အဆိုပါကိုယ်ဝန်နှင့် စပ်လျဉ်း၍အဖြစ်မှန်ကို သတိမမူခဲ့လျှင် ထိမ်းမြားခြင်းသည် ပျက်ပြယ်လိုက ပျက်ပြယ်နိုင်သော အခြေအနေတွင်ရှိသည်။

**prejudice (n)** တစ်စုံတစ်ယောက်၏ တရားဝင်ရပိုင်ခွင့်နှင့် တောင်းဆိုခွင့်များ ထိခိုက်နစ်နာဆုံးရှုံးစေခြင်း။ အလွန်အကျွံမျက်နှာလိုက်ခြင်း၊ မျက်စိမှိတ်ဘက်လိုက်ခြင်း။ အဖြစ်မှန်ကို မျက်ကွယ်ပြု၍ စီရင်ချက်ကို ကြိုတင်ပြင်ဆင်ထားခြင်း။

**without prejudice** နှစ်ဘက်အမှုသည်များ၏ စေ့စပ်ညှိနှိုင်းခြင်းအတွက် အပြန်အလှန်ပေးစာများတွင် သုံးသည့်စကားစုဖြစ်သည်။ နှစ်ဘက်အမှုသည်များ စေ့စပ်ညှိနှိုင်းရာတွင် ပြေလည်မှုမရရှိကြ၍ တရားရုံး၏အဆုံးအဖြတ်ကိုခံယူရန် တရားစွဲဆိုကြရာတွင် အပြန်အလှန်ပေးခဲ့ကြသည့်စာများကို သက်သေခံအဖြစ် တရားရုံးသို့မတင်ပြရန် သဘောတူထားချက်ဖြစ်သည်။ ထို့ပြင် ထိုပေးစာများအပေါ် မူတည်၍ တရားစွဲဆိုခွင့်လည်းမရှိပေ။ သို့ရာတွင် နှစ်ဘက်အမှုသည်များ ကျေနပ်ပါ သဘောတူပါက သက်သေခံအဖြစ်တင်ပြခွင့်ရှိသည်။ without prejudice save as to cost ဟုလည်း သုံးတတ်ပါသည်။ တရားစရိတ်အတွက် တရားရုံးတွင်စပ်ဆိုင်လာသည်။

**preliminary (adj)** ပဏာမ၊ အစပျိုးသော။ preliminary decree ပဏာမ ဒီကရီ။ အမှုသည်များ၏အခွင့်အရေးများနှင့် တာဝန်ရှိမှုများကိုသာ ကနဦး သတ်မှတ်ကြေငြာခြင်းဖြစ်ပြီး ယင်းတို့၏ အကျိုးသက်ရောက်မှုအတွက် ဆက်လက်ဆောင်ရွက်ရဦးမည့် ဒီကရီဖြစ်သည်။ (တရားမကျင့်ထုံးဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၂) preliminary enquiry ပဏာမစုံစမ်းစစ်ဆေးခြင်း။ preliminary issue - ပဏာမကောက်ချက် (ငြင်းချက်)။ preliminary point of law အကြောင်းခြင်းရာများကို ဆုံးဖြတ်ခြင်းမပြုမီ ဥပဒေဆိုင်ရာပြဿနာကိုကြားနာဆုံးဖြတ်ခြင်း။

**prematurity** တည်ရှိသောပတ်ဝန်းကျင်အချက်အလက်များအရ တရားလို၏အဆိုလွှာပါ မျှဉ်းသားထားသောအချက်များသည် တောင်းဆိုရန်အချိန်မကျရောက်သေးသောအချက်များဖြစ်သည်။

**premeditated (adj)** တင်ကူးကြံရွယ်သည်။

premises (n) အိမ်ဥပဒေ၊ အဆောက်အဦး (V) စကားပလ္လင်ခံသည်။ ပဏာမအနေဖြင့် ဖော်ပြသည်။

**premium (n)** အာမခံထားသူက၊ အာမခံကုမ္ပဏီသို့ အာမခံပေါ်လစီအတွက် ပေးသွင်းရသည့် အာမခံပရီမီယံကြေး/အာမခံကြေး။ ဆုငွေ၊ ချီးမြှင့်ငွေ၊ အိမ်ငှားမြေငှားက ငှားရမ်းသည့်ဥပစာနှင့်စပ်လျဉ်း၍ တစ်လုံးတစ်ခဲတည်းကြိုတင်ပေးငွေ။

**prenupital (adj)** လက်မထပ်မီ/အိမ်ထောင်မပြုမီ။ အိမ်ထောင်မပြုမီဖြစ်ပေါ်စေသော သို့မဟုတ် ပေါ်ပေါက်သော။

**prenupital agreement** လက်မထပ်မီ နှစ်ဦးနှစ်ဘက်သဘောတူညီချက်ပြုလုပ်ထားခြင်း။ premarital agreement, antenuptial agreement သို့မဟုတ် အတိုကောက်အားဖြင့် prenup ဟုလည်းခေါ်ဆိုသည်။

**preparation (n)**— ကြိုတင်ပြင်ဆင်ထားခြင်း၊ ပြစ်မှုကျူးလွန်ရန်ပြင်ဆင်ထားခြင်း။

**preparatory work** ကြိုတင်ပြင်ဆင်မှုလုပ်ငန်း။

**prerogative (n)** နိုင်ငံတော်သမ္မတ၏အထူးလုပ်ပိုင်ခွင့်အာဏာ။ အထူးလုပ်ပိုင်ခွင့်အာဏာ။ prerogative of mercy နိုင်ငံတော်မှပြစ်ဒဏ်ကို ကင်းလွတ်ခွင့်ပေးခြင်း။ လျှော့ပေါ့သည့်အနေဖြင့် ပြစ်ဒဏ်ကိုတစ်ပေါင်းတည်းပေးခြင်း။ ပြစ်ဒဏ်တစ်ရို့တစ်ဝက်ကို လျှော့ပေါ့ပေးခြင်း။ prerogative writ အမိုးရှင်္ဘာနများ၊ ပြည်သူ့ဝန်ထမ်းအရာရှိများ သို့မဟုတ် တရားရုံးများသို့ အမြင့်ဆုံးတရားရုံးမှ ထုတ်ပြန်သည့်အမိန့် (စာချွန်တော်)များ။





**prerogative orders** ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လက်အောက်ခံရုံးများ၊ ခုံရုံးများ တရားရေးဆိုင်ရာလုပ်ငန်းများ တရားရုံးသဘောသက်ဝင်နေသောလုပ်ငန်းများကို ကြီးကြပ်ရန်အတွက် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း။

**prescribe (v)** စည်းမျဉ်းသတ်မှတ်သည်။ ပြဋ္ဌာန်းသည်။ prescript ပြဋ္ဌာန်း ထားသော စည်းမျဉ်းဥပဒေ။

**prescription (n)** မြေပိုင်ရှင်၏အခွင့်အရေးကိုဆန့်ကျင်လျက် မြေယာပေါ်ရှိအကျိုးခံစားခွင့်များကို တဆက်တည်းပွင့်လင်းစွာရယူခံစားခြင်း။ အခြားသောမြေရှင်တစ်ဦးထံမှ မိမိအတွက်ရမြဲဖြစ်သော ရေမြေအလင်းရောင်စသည့် အကျိုးခံစားခွင့်များကို သတ်မှတ်သောအချိန်ကာလလွန်သည့်အထိ ပုံမှန်ဆက်လက်သုံးစွဲ။

**presentiment (n)** အချိန်စေ့ရောက်သည့်အခါ ငွေပေးကတိစာချုပ်ရှိသူကငွေပေးချေရန်အတွက် တောင်းဆိုခြင်း။ ဂျူရီလူကြီးများ၏ ဥပဒေအရစစ်ဆေးချက်အာဏာကို အသုံးပြု၍ တရားလိုအကျိုးဆောင်ရှေ့နေ (ဥပဒေအရာရှိ)၏သဘောတူညီချက်မပါရှိဘဲ တွေ့ရှိသည့်အကြောင်းအရာများနှင့် စပ်လျဉ်းပြီးတရားသူကြီးထံအစီရင်ခံတင်ပြခြင်း။

**presume (v)** မှန်သည်ဟုထင်မြင်ယူဆသည်။ မှတ်ယူသည်။ တရားရုံးကမှတ်ယူနိုင်ခြင်း။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄)

**presumption (n)** မှတ်ယူခြင်း (သက်သေခံအက်ဥပဒေပုဒ်မ ၉၀၊ ပုဒ်မ ၁၁၄) ဥပမာ (က)(ခ)(င)

conclusion presumption မငြင်းနိုင်အောင်မှန်ကန်သည်ဟုမှတ်ယူရခြင်း။

rebuttable presumption ဥပဒေအရတစ်ဖက်ဖက်မှ ပြန်လည်ချေပခွင့်ရှိသော မှတ်ယူရခြင်း။

**presumption of death** သေဆုံးပြီဟု မှတ်ယူရခြင်း။ လွန်ခဲ့သော နှစ်ပေါင်း ၃၀အတွင်းက အသက်ရှင်လျက်ရှိကြောင်း တင်ပြချက်ရှိလျှင် ထိုသူသေဆုံးကြောင်း ပြောသူက သက်သေထင်ရှား၊ ပြရန်တာဝန်ရှိသည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၀၈)]



www.burmeseclassic.com

www.burmeseclassic.com



**presumption of facts** အကြောင်းခြင်းရာအပေါ်မှတ်ယူခွင့်။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄)

**presumption of innocence** အပြစ်ရှိကြောင်း သက်သေ ထင်ရှားမပြနိုင်သရွေ့ တရားခံမှာ အပြစ်မရှိဟုမှတ်ယူရခြင်း။ အဆိုပါမှတ်ယူချက်အရ ပြစ်မှုများတွင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်းသံသယကင်းစွာဖြင့် အပြစ်ပေးနိုင်ရန် တရားလိုဘက်မှ သက်သေပြရန်တာဝန်ရှိသည်။

**presumption of legitimacy** လင်မယားနှစ်ဦးပေါင်းသင်းနေထိုင်စဉ်အတွင်း ကလေးမွေးဖွားလျှင် အဆိုပါယောကျ်ားမှာ ကလေး၏ဖခင်ဟုမှတ်ယူနိုင်ခြင်း။

**presumptive (adj)** ယုံကြည်ရန် သို့မဟုတ်မှတ်ယူနိုင်ရန်အတွက် လက်ခံနိုင်လောက်သောအချက်များကိုပေးခြင်း၊ မှတ်ယူခြင်းအပေါ်အခြေခံ၍။

**presumptive evidence** အခြားသောသက်သေခံချက်များက မမှန်ကန်ကြောင်း မပြနိုင်လျှင် မှန်ကန်ခြင်းနှင့် ပြီးပြည့်စုံကြောင်း မှတ်ယူနိုင်သောအချက်။

**prevail (v)** အမှုအနိုင်ရရှိသည်။ တောင်းဆိုသောသက်သာခွင့်ကိုရထိုက်သည်။

**prevarication (n)** မလိမ့်တပတ်ပြောခြင်း၊ သွယ်ဝိုက်ပြောခြင်း၊ အဓိပ္ပါယ်နှစ်မျိုး ထွက်အောင်ပြောခြင်း၊ လုပ်ကြံထွက်ဆိုခြင်း၊ မရေမရာလုပ်ခြင်း။

**prevention (n)** ကြိုတင်ကာကွယ်ခြင်း။

**preventive custody** ရှေ့လျှောက်ပြစ်မှုများမဖြစ်ပွားရလေအောင် ထိန်းသိမ်းထားခြင်း။

**preventive detension** တရားခံသည် ထွက်ပြေးမည်ဟုခြိမ်းခြောက်ခြင်း၊ နာကျင်စေမှုပြုလုပ်ရန် ကိုယ်အမှုအယာပြခြင်း။ အမှုစစ်ဆေးရန် စောင့်ဆိုင်းနေစဉ်အတွင်း ဆူပူနှောက်ယှက်မှုကိုပြုလုပ်မည်ဖြစ်ခြင်း သို့မဟုတ် စိတ်ရောဂါဝေဒနာခံစားနေပြီး စိတ်မမှန်၊ တခြားသူကို ထိခိုက်နာကျင်စေနိုင်လျှင် ချုပ်နှောင်ထားရန်ဖြစ်သည်။

**previous approval** ကြိုတင်အတည်ပြုချက် (AGO)

**previous conviction** ပြစ်ချက်ဟောင်း။





**prima facie (latin)( at firstview, on its face) case** ပြစ်မှုများတွင် တရားခံအပေါ်စွဲချက်တင်နိုင်လောက်သောလုံလောက်သောသက်သေခံချက်ရှိသည့်အမှု။ prima facie evidence လုံလောက်သော သက်သေခံချက်။

**primary (adj)** မူရင်း၊ မူလ၊ အခြေခံ။

**primary evidence** မူရင်းသက်သေခံချက်၊ မူလစာတမ်းအမှတ်အသား၊ စာတမ်းအမှတ်အသားကို အများအပြားချုပ်ဆိုရာတွင် ချုပ်ဆိုသည့်စာတမ်းအမှတ်အသားတစ်ခုစီသည် မူလသက်သေခံချက်ဖြစ်သည်။ စာတမ်းအမှတ်အသားကို မူရင်းခွဲအဖြစ် ချုပ်ဆိုလျှင် ချုပ်ဆိုသူလက်မှတ်ရေးထိုးထားသောစာတမ်းအမှတ်အသားသည် ၎င်းအပေါ်တွင် မူလသက်သေခံချက်ဖြစ်သည်။ စာတမ်းကိုတစ်ကြိမ်တည်းပုံနှိပ်ထားလျှင် တစ်ခုစီသည် မူလသက်သေခံချက်ဖြစ်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၆၀)

**prime minister** ဝန်ကြီးချုပ်။ မြန်မာနိုင်ငံတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များကို chief minister ဟုခေါ်သည်။ (တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၆)

**primogeniture (n)** အကြီးဆုံးသား၏အထူးသီးသန့်အခွင့်အရေး သို့မဟုတ် အနီးစပ်ဆုံးယောကျ်ားလေးဆွေမျိုးမှအမွေဆက်ခံခြင်း။

**principal (adj)** အလွန်အရေးကြီးသော၊ အဓိကဖြစ်သော။ ပြစ်မှုများတွင် ပြစ်မှုများကို အဓိကကျူးလွန်သော တရားခံ၊ စီးပွားရေးတွင် မူလချေးယူရရှိသော ငွေပမာဏ (ထိုအပေါ်တွင်အတိုးတွက်ယူသည်။ မိမိ၏ကိစ္စများကို မိမိကိုယ်စားသူတစ်ပါးအား စေခိုင်းသူအကြီးအကဲ။

disclosed principle - ကိုယ်စားလှယ်ခန့်ထား၍ဆောင်ရွက်နေသော အကြီးအကဲအဖြစ် လူသိရှင်ကြားရှိသူ။ partially disclosed principle မည်သူမှန်းမသိသော်လည်း အကြီးအကဲရှိမှန်းသိခြင်း။ undisclosed principle တတိယလူအနေဖြင့် ကိုယ်စားလှယ်နှင့်ဆောင်ရွက်နေသော်လည်း အကြီးအကဲမည်သူဖြစ်သည်ကို မသိရှိအောင်ဆောင်ရွက်ခြင်း။ ဥပမာ - ဦးမြင့်သည် A Co ၏ ကိုယ်စားလှယ်ဖြစ်သည်။ ဦးမြင့်သည် မြေကွက်များကို A Co ၏ ညွှန်ကြားချက်အရဝယ်ယူသူဖြစ်သည်။ မြေကွက်ရောင်းသူများသည် ဦးမြင့်နှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ပြုလုပ်၍ နောက်ကွယ်မှ A Co ရှိမှန်းမသိပေ။ A Co အနေဖြင့်လည်း မသိအောင် ဖုံးကွယ်ထားသည်။ A Co သည် undisclosed principle ဖြစ်သည်။ ထိုသို့ပြုရခြင်းမှာ A Co မှ ဝယ်ယူနေကြောင်းသိပါက ဈေးထိုးတက်သွားမည်ကို စိုးရိမ်၍ဖြစ်သည်။

**principle** အခြေခံစည်းမျဉ်း၊ မူဝါဒ။

**prior (adj)** ယခင်ပြစ်ချက်ဟောင်းအတွက် ဗန်းစကား၊ ပြစ်ချက်ဟောင်းရှိသော တရားခံအပေါ်နောက်ထပ်ကျူးလွန်သောပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ပါက တရားသူကြီးသည် ပြစ်ဒဏ်တိုးမြှင့်ချမှတ်သည်။

**prior inconsistent statement** သက်သေ၏ တရားရုံးရှေ့ထွက်ဆိုချက်နှင့် ရှေ့နောက်မညီသော ယခင်ကထွက်ဆိုချက်။ ရဲထံအစစ်ခံချက်နှင့် တရားရုံး ရှေ့အစစ်ခံချက်တို့ ကွဲလွဲထွက်ဆိုသဖြင့် ရဲထံစစ်ချက်နှင့် တိုက်ဆိုင်စစ်ဆေး ခြင်း။ သက်သေကို မယုံကြည်ထိုက်ကြောင်း စွပ်စွဲရာတွင်သုံးသည်။ ရဲထံ အစစ်ခံချက်ကို သက်သေခံအဖြစ်တင်သွင်း၍မရပါ။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂။သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ပုဒ်မ၁၅၅ကြည့်ပါ)။

**priority (n)** ဦးစားပေးခြင်း။ ဦးဆုံးဖြစ်ခြင်း။ ဦးစွာရခွင့်။ လူမွဲခံယူသော ကိစ္စများတွင် မြီရှင်တစ်ဦးသည် အခြားမြီရှင်များထက် ဦးစွာအကြွေးရယူပိုင်ခွင့်။

**prison (n)** အကျဉ်းထောင်၊ အကျဉ်းစခန်း။ **prison breach** ထောင်ဖောက်ထွက်ပြေးခြင်း။ **prison camp** စိတ်ချယုံကြည်ရသော အကျဉ်းသားများကိုထားသည့် လုံခြုံရေးမတင်းကြပ်သောအကျဉ်းစခန်း။ ၎င်းစခန်းအတွင်းရှိ အကျဉ်းသားများသည် နိုင်ငံတော်၏စီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်ရခြင်း။ (ဥပမာ – လမ်းဖောက်ခြင်း) **prisoner at the bar** အမှုရင်ဆိုင်နေရဆဲတရားခံ။ **prisoner of war** စစ်သုံ့ပန်း။

**privacy (n)** အနှောက်အယှက်ကင်းရှင်းမှု။ ဆိတ်ကွယ်ရာ။ တစ်ဦးချင်းသီးသန့်။

**private (adj)** ကိုယ်ပိုင်ဖြစ်သော၊ ပုဂ္ဂလိကဖြစ်သော။ **private road** ပုဂ္ဂလိကပိုင်မြေယာပေါ်ရှိ ကိုယ်ပိုင်လမ်း။ ပိုင်ရှင်ကသာအသုံးပြုပြီး လမ်းပြုပြင်





ခြင်း ကုန်ကျစရိတ်ကို ကိုယ်တိုင်ကျခံရပြီး စည်ပင်သာယာမှ ကျခံခြင်းမရှိပေ။

**private sector** အစိုးရ၏တိုက်ရိုက်ထိန်းချုပ်မှုမှ လွတ်ကင်းသော စီးပွားရေးလုပ်ငန်း (သို့) စက်မှုလုပ်ငန်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍ။

**privation (n)** စားဝတ်နေမှုဆင်းရဲခြင်း၊ အခက်အခဲ၊ အကျပ်အတည်း။ လက်မဲ့ဖြစ်ခြင်း၊ ရုပ်သိမ်းသွားခြင်း၊ သိမ်းယူသွားသည့်အခြေအနေ။

**private company** အများနှင့်မသက်ဆိုင်သောကုမ္ပဏီ။ အစုရှယ်ယာဝင် (၂)ဦးဖြင့် စတင်ဖွဲ့စည်းနိုင်ပြီး အစုရှယ်ယာဝင် (၅၀)ဦးထက်မပိုရချေ။ မြန်မာနိုင်ငံအနေအထားအရ မိသားစုဝင်အချင်းချင်း သို့မဟုတ် မိတ်ဆွေအပေါင်းအသင်းများစုပေါင်းတည်ထောင်ကြသည်။ ရှယ်ယာများကို ကြော်ငြာရောင်းချပိုင်ခွင့်မရှိပေ။

**private defence** လူနှင့်ပစ္စည်းများကို ကာကွယ်ခုခံပိုင်ခွင့်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆မှ ပုဒ်မ ၁၀၆အထိ)

**privatization (n)** နိုင်ငံတော်မှပိုင်ဆိုင်သော သို့မဟုတ် နိုင်ငံတော်မှထိန်းချုပ်ထားသော စီးပွားရေးလုပ်ငန်းများ၊မြေများ၊အဆောက်အဦးများကို တန်ဖိုးသင့်၍ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံသူများသို့ ခွဲဝေရောင်းချခြင်း။

**private international law** နိုင်ငံခြားနှင့် ဆက်နွယ်နေသောအမှုကို ပြည်တွင်းတရားရုံးက စစ်ဆေးစီရင်ရာတွင် အသုံးပြုသောဥပဒေ။

**privilege (adj)** အထူးအခွင့်အရေးရသော။ ဥပမာ နိုင်ငံသားတိုင်းသည် ဂျူရီတာဝန်ကိုလိုအပ်၍ ဖိတ်ခေါ်လျှင် ထမ်းဆောင်ရသည်။ သို့ရာတွင် ဆရာဝန်များကိုမူ အထူးအခွင့်အရေးပေးပြီး ထိုတာဝန်မှ ကင်းလွတ်ခွင့်ပြုသည်။ အဘယ်ကြောင့်ဆိုသော် ဆရာဝန်များသည် လူနာများအတွက် (၂၄)နာရီလိုအပ်နေသောကြောင့်ဖြစ်သည်။

**privilege, parliamentary** လွှတ်တော် (ကိုယ်စားလှယ်များ)၏အခွင့်အရေးများ (ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂)

**pirvilege from arrest** လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကျင်းပနေစဉ်အတွင်း သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။ privilege, attorney and client အမှုသည်နှင့်ရှေ့နေတို့ အမှုနှင့်စပ်လျဉ်း၍ ဆက်သွယ်ပြောဆိုမှုကို အမှုသည် သဘောမတူဘဲ ထုတ်ဖော်ပြောဆိုခွင့်မရှိ။

(သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၆, ၁၂၇)

**privity** အပြန်အလှန်အကျိုးခံစားခွင့်ရှိသော နှစ်ဦးနှစ်ဘက်အကြားဆက်ဆံဆောင်ရွက်ခြင်း။ privity of blood မိဘနှင့်အမွေခံသားသမီးအချင်းချင်း ဆက်ဆံရေး။ privity of contract ပဋိညာဉ်ပါအဖွဲ့ဝင်အချင်းချင်းဆက်ဆံမှု တစ်ဦးအပေါ်တစ်ဦး တရားစွဲဆိုရန် ခွင့်ပြုသော်လည်း တတိယပုဂ္ဂိုလ်ကတရားစွဲဆိုလာခြင်းကိုမူ ကာကွယ်ထားသည်။ privity of estate အိမ်ရှင်အိမ်ငှားနှင့် မြေရှင်မြေငှားတို့ အကြားဆက်ဆံရေး။

**privy (adj)** ပဋိညာဉ်သို့မဟုတ် အခြားနည်းဖြင့် အလုပ်တစ်ခုကို အကျိုးတူပူးပေါင်းဆောင်ရွက်။ **(n)** အကျိုးတူဆက်ဆံသူ ကြဲရာပါ။

**pro (latin)** အတွက်။

**prize (n)** စစ်ဖြစ်နေစဉ် အတောအတွင်းပင်လယ်ပြင် သို့မဟုတ် ဆိပ်ကမ်း၌ သိမ်းဆည်းရမိသော ရန်သူနိုင်ငံများ၏ သင်္ဘောများလေယာဉ်များ ကုန်ပစ္စည်းများ။

**prize court–** အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ စစ်အတွင်းဖမ်းဆီးရမိသော ပစ္စည်းများနှင့် စပ်လျဉ်း၍ဖြေရှင်းပေးသော တရားရုံး။ **prize law** သည် စစ်ဖြစ်နေသောနိုင်ငံများတွင် သိမ်းယူရန်အခွင့်အရေးရစေ[illegible] ရန်သူ့နိုင်ငံမှ ကုန်များသင်္ဘောများသာမက တားမြစ်ထားသော ပိတ်ဆို့ထားသော ကုန်များကို သယ်ယူလာသည်ဟု မသင်္ကာဖွယ်ရာကြားနေနိုင်ငံမှ သင်္ဘောများကိုလည်း သိမ်းယူခြင်း၊ တားမြစ်ပိတ်ဆို့ထားခြင်း ပြုနိုင်သည်။

**probate (n)** တရားရုံးက ထုတ်ပေးသော သေတမ်းစာအတည်ပြု လက်မှတ်။ သေတမ်းစာရေးသူသေဆုံးသွားသည့်အခါ ကျန်ရစ်သောငွေ[illegible] ပစ္စည်းများကို ထိန်းသိမ်းနိုင်အောင် စီရင်ပိုင်ခွင့်ရှိသည့် အာဏာရတရားရုံး[illegible] တံဆိပ်ရိုက်နှိပ်၍ မှန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးသော သေတမ်း[illegible] မိတ္တူနှင့်တကွ ပေးအပ်သောလက်မှတ်။ [အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ ၂([illegible]





**probation (n)** စမ်းသတ်တာဝန်ပေးခြင်း။ တရားရုံးက တရားခံကိုအကျဉ်းထောင်သို့မပို့ဘဲ သင်တန်းကျောင်းသို့ ပို့ခြင်း။ probation period အစမ်းခန့်ကာလ။ probation hostel ကာကွယ်စောင့်ရှောက်လိုသော ကလေးသူငယ်ကိုထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ဖွင့်လှစ်ထားသော အဆောင်၊ ကျောင်း၊ ရိပ်သာသို့မဟုတ် ဌာန။ (ကလေးသူငယ် ဥပဒေ၊ ၁၉၉၃ ခုနှစ်၊ ပုဒ်မ ၂ (၁၁)တွင် **home** ဟုသုံးပါသည်။)

**probation officer**--ကလေးသူငယ်ကြီးကြပ်သူအရာရှိ။ [၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂(၄)]

**probation termination**--သတ်မှတ်ကာလပြည့်သွား၍ အစမ်းခန့်ကာလပြီးမြောက်သွားခြင်း။ တရားရုံး၏အမိန့်အရ သင်တန်းကျောင်းတွင်နေထိုင်ရန်ကာလကုန်ဆုံးသွားခြင်း။ ပြန်လည်ရုပ်သိမ်းခြင်းဖြင့် ကုန်ဆုံးခြင်း။

**pro bono (latin) (adv &adj)**-pro bono publico ၏ အတိုကောက်ဘလုံး။ ရှေ့နေအကျိုးဆောင်ခ မရရှိဘဲ ဥပဒေဆိုင်ရာလုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးခြင်း။ တစ်ခါ တစ်ရံ ငွေကြေးမတတ်နိုင်သော အမှုသည်များအတွက် ဆောင်ရွက်ပေးခြင်း၊ လူမှုရေးကိစ္စများဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး လူငယ်ရေးရာ၊ အကြမ်းဖက်ခံရသော အမျိုးသမီးရေးရာ အခြားပညာရေးဆိုင်ရာ အဖွဲ့အစည်းများ လူ့ဒါန်းမှုဆိုင်ရာကိစ္စရပ်များတွင် အကျိုးဆောင်ခမယူဘဲ ရှေ့နေအဖြစ် ဆောင်ရွက်ပေးခြင်း။

**procedure (n)** လုပ်ထုံးလုပ်နည်း၊ ကျင့်ထုံး။

**proceeding (n)** အမှုတွဲ၊ အမှုဆိုင်ရာဆောင်ရွက်ချက်။ တရားမမှု ဖြစ်စေ၊ ပြစ်မှုဖြစ်စေ၊ အမှုစတင်သည့်မှနောက်ဆုံး အမိန့်ချသည့်အထိ ဆောင်ရွက်ချက်များပါရှိသောအမှုတွဲ။

**process (n)** ဆင့်စာ (AGO)။ အမှုသည်များ တရားရုံးရှေ့လာရောက်ရန် တရားရုံးမှ ထုတ်ဆင့်သည့်စာရွက်စာတမ်း (ဆင့်စာသမ္မာန်စာ)။ တရားရုံးမှ စွဲဆိုထားချက်ကို တရားခံမှလာရောက် ထုချေရှင်းလင်းရန်ဆင့်ခေါ်သည့်စာ။

- process server ဆင့်စာလုလင်။



www.burmeseclassic.com

www.burmeseclassic.com



**proclamation (n)** အများပြည်သူသိရှိရန်ထုတ်ပြန်ကြေငြာချက်။

**proctor (n)** ရေကြောင်းဆိုင်ရာဥပဒေတွင် ရှေ့နေကိုညွှန်းသည်။ အခြားသူတစ်ဦး၏ ကိုယ်စားလှယ်စာဖြင့် ထိုသူ၏အရေးအရာများကို စီမံခန့်ခွဲရသူ။ အမွေထိန်းစာထုတ်ပေးသော တရားရုံးသို့မဟုတ် ရေကြောင်းဆိုင်ရာတရားရုံးသို့မဟုတ် ခရိယန်ဘုရားကျောင်းနှင့်ဆိုင်သော ဘာသာရေးတရားရုံးများတွင် အခြားသူ၏ကိစ္စရပ်များကို အကျိုးဆောင်ပေးသူ။

**procurator** ဥပဒေအကျိုးဆောင်။

**procurator fiscal** စကော့တလန်နိုင်ငံဒေသဆိုင်ရာ တရားရုံး (sheriffcourt) တွင် ရှေ့နေချုပ်မှခန့်အပ်သော အရည်အချင်းပြည့်တရားလွှတ်တော်ရှေ့နေ (advocate and solicitor)

**procuration of women** ပြည်တန်ဆာအဖြစ်လုပ်စေရန် illicit intercourse မိန်းကလေးများကို မွေးစားခြင်း။

**production of document** တရားမမှုများတွင် အဆိုလွှာ၊ အချေလွှာပါအားကိုးအားထားပြုသော စာရွက်စာတမ်းများကို တရားရုံးသို့ တင်သွင်းခြင်း၊ ပထမအကြိမ်အမှုကြားနာသော ရက်တွင် မိမိတို့အားကိုးအားထားပြုသည့် မိမိလက်ဝယ်ရှိ (သို့)မိမိတို့၏ထိန်းသိမ်းမှုအောက်ရှိ စာချုပ်စာတမ်း သက်သေခံအားလုံးကိုလည်းကောင်း တရားရုံးက မိမိထံ တင်ပြရန်အမိန့်ချမှတ်ထားသော စာချုပ်စာတမ်းအားလုံးကိုလည်းကောင်း တင်ပြရမည်။ [တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ နည်းဥပဒေ ၁ (၁)] **profert** (အထက်ပါအတိုင်း)

**profess (v)** ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ကြေငြာသည်၊ ဝန်ခံသည်။

**profession (n)** အဆင့်မြင့်လေ့ကျင့်သင်ကြားထားပြီး ကျွမ်းကျင်မှုပြည့်စုံသော ပညာဖြင့်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခြင်း။

**proffer (v)** ကမ်းလှမ်းသည်။ တရားရုံးသို့သက်သေခံအဖြစ်ချက်ခြင်း လက်ခံပေးရန် တင်ပြတောင်းဆိုသည်။

**profit allocation** အမြတ်ခွဲဝေမှု။ **profit sharing** အလုပ်သမားများကို ဆွဲဆောင်ရန်အတွက် အသားတင်အမြတ်၏ အစိတ်အပိုင်းအချို့ကို အလုပ်သမားများသို့ ခွဲဝေပေးသည်။ ၎င်းသည် လုပ်ခအပြင်ချီးမြှင့်ငွေဖြစ်သည်။

**profit and loss account** ဘဏ္ဍာရေးနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် သက်ဆိုင်ရာကုမ္ပဏီက ရေးဆွဲရသော အရှုံးအမြတ်စာရင်း။

**proforma (adj)(adv)** (latin)( as a matter of form) ပုံစံတကျ၊ အမည်ခံသက်သက်။ စီးပွားရေးပညာတွင် ကြိုတင်ပို့ကုန်လွှာ (proforma invoice) proforma accounts ပုံစံဖြင့်သီးခြားပြစာရင်း။

**profama defendant** အဖြည့်ခံတရားပြိုင်။ အမည်ခံတရားပြိုင်။ တရားမမှုများ တရားစွဲ ဆိုရာတွင် တရားလိုက ၎င်းနှင့်သဘောထားကိုက်ညီသော အမှုတွင်မဖြစ်မနေ ပါဝင်ရမည့် လူများကို တရားပြိုင်စာရင်းတွင် ထည့်သွင်း၍ အမည်ခံတရား ပြိုင်အဖြစ်စွဲဆိုခြင်း။ ၎င်းတို့မှ အမှုစစ်ဆေးရာတွင် တရားလိုနှင့်တသားတည်း ဖြစ်၍ တရားလိုကိုထောက်ခံမည်ဖြစ်သည်။

**progeny (n)** သားသမီးများ၊ သားစဉ်မြေးဆက်၊ အမျိုးအနွယ်။

**pro hac vice**-(latin) ဤကိစ္စအတွက်သာ သို့မဟုတ် တိတိကျကျ သတ်မှတ်ထားသောကိစ္စအတွက်သာ။

**prohibit (v)** တားဆီးပိတ်ပင်သည်၊ ကန့်ကွက်သည်။

**prohibition (writ)** တားမြစ်စေ စာချွန်တော်အမိန့်။ တစ်စုံတစ်ရာသော ဆောင်ရွက်ချက်ကို ဥပဒေသို့မဟုတ် အမိန့်အရတားမြစ်ခြင်း။ မူလရုံးမှ ၎င်းကိုအပ်နှင်းထားသော အာဏာထက်ပိုသုံးခြင်းကို ကာကွယ်ရန် တရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့်အမိန့်။ တရားစီရင်ရေးအာဏာအပ်နှင်းခြင်း မခံရသောအရာရှိမှ တရားစီရင်ရေးအာဏာအသုံး ပြုခြင်းကိုကာကွယ်ရန်ထုတ်ပြန်သောတားမြစ်စေ စာချွန်တော်။ ယင်းအမိန့်သည် မပြီးပြတ်သေးသော မှုခင်းများနှင့်သာသက်ဆိုင်ပြီး တရားရုံး၏စီရင်ပိုင်ခွင့် အာဏာကိုကျော်လွန်ဆောင်ရွက်ခြင်းမှ ကြိုတင်ကာကွယ်ရန်ဖြစ်သည်။ ကျင့်ထုံးဥပဒေ၌ ကုစားနိုင်သည့် နည်းလမ်းများအတိအလင်း ပြဋ္ဌာန်းထားလျှင် တားမြစ်စေစာချွန်တော်အမိန့် မလျှောက်ထားနိုင်ပါ။ သို့သော် အောက်တရားခုံရုံးက မိမိအားနည်းလမ်းတကျအပ်နှင်းထားခြင်း မရှိသောစီရင်ပိုင်ခွင့်တစ်ခုကို အတင်းအသုံးပြုနေလျှင် တားမြစ်မိန့်တစ်ရပ် အထင်အရှားထုတ်ပေးနိုင်သည်။ (ရှမ်ဆန်နှင့်အနန္တာနှင့်

www.burmeseclassic.com



ရန်ကုန်မြို့အကောက်ခွန်ကော်လိပ်တော်အရာရှိ ၁၉၅၁ မတစ(လွှတ်ချုပ်)၂၈)

**prohibited degrees of relationship** ၁၉၅၅ ခုနှစ်၊ ဟိန္ဒူဘာသာဝင်များ ထိမ်းမြားခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၁ အရ သတို့သားနှင့် သတို့သမီးသည် (သူတို့နှင့်သက်ဆိုင်သည့် ဓလေ့ထုံးတမ်းအရ၊ သူတို့အချင်းချင်း ထိမ်းမြားနိုင်သည့် ဆွေမျိုးတော်စပ်မှုမှတစ်ပါး) သွေးသားတော်စပ်မှု၊ ဆွေမျိုးတော်စပ်မှုရှိလျှင် (sapindas ဖြစ်လျှင် တစ်မိတည်းမှ ဆင်းသက်လာပြီး ၅ နှင့် ၇ ဒီကရီကွာဝေးသူ)လက်ထပ်ထိမ်းမြားခြင်း မပြုရ။ ထိမ်းမြားလက်ထပ်ခဲ့လျှင်လည်း ပျက်ပြယ်သည်။ ဥပမာ လူတစ်ယောက်သည် ၎င်း၏အဖွား၊ အဒေါ်၊ တူမ မိန်းကလေးဖြစ်ပါက ၎င်း၏အဖိုး၊ ဦးလေး၊ တူတို့ဖြင့် လက်ထပ်ခြင်းမှာ တရားမဝင်။ ထို့အတူ မုဆိုးဖိုသည် ယောက္ခမမုဆိုးမနှင့် လက်ထပ်ခြင်းကိုလည်း တားမြစ်သည်။

**prohibited weapon** တားမြစ်ထားသော လက်နက်များ (arms act 1878, arms temporary amendant act 1951,1955)

**prohibition order** တရားလွှတ်တော်က လက်အောက်ခံတရားရုံးများ၊ ခုံရုံးများ၊ စီမံခန့်ခွဲရေးတွဲဖက်နေသော ရုံးများ **(quasi judicial)** မှ တာဝန်ရှိသူများအပေါ် ဥပဒေလုပ်ပိုင်ခွင့် **ultra vires** ကို ကျော်လွန်၍ မဆောင်ရွက်ရန်တားမြစ်မိန့် (ဆောင်ရွက်ခဲ့ပါက အမှုတွဲချေဖျက်နိုင်ပါသည်။)

**prolicide** ကလေးသူငယ်များကို သတ်ဖြတ်သူ။ ကလေးမမွေးမီ ကိုယ်ဝန်ဖျက်ချခြင်းနှင့်မွေးပြီးနောက် ဖျောက်ဖျက်မှု (ပြစ်မှုဆိုင်ရာဥပဒေ ၃၁၅)

**prolixity (n)** လိုအပ်သည်ထက်ပို၍ ရှည်လျားသော ထပ်၍ထပ်၍ပြောနေသော အမှုတွဲပါ ထွက်ချက်များ၊ ကျမ်းကိုးစာများနှင့် အခြားစာရွက်စာတမ်းများ။ ထိုသို့မလိုအပ်ဘဲ ရှည်လျားစွာထွက်ဆိုနေသောကိစ္စများကို သက်သေခံဥပဒေနှင့်အညီ ဖယ်ထုတ်ခြင်း တားမြစ်ခြင်းပြုနိုင်သည်။

**promiscuousness (n)** ကာမဂုဏ်တွင် မွေ့လျော်ခြင်း၊ ကာမဂုဏ်လိုက်စားရာတွင် မဆင်မခြင်ပြုလုပ်တတ်သော။

**promise (n)** ကတိပြုသည်။ ကတိ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂(ခ)အရ အဆိုပြုခြင်းခံရသူသည် ထိုအဆိုပြုခြင်းကို သဘောတူကြောင်း ပြန်ကြားသည့်





အခါ အဆိုပြုချက်ကို လက်ခံသည် မည်သည့်လက်ခံပြီးသော အဆိုပြုချက်သည် ကတိဖြစ်သည်။ ငွေပေးကတိစာချုပ်တွင် ရေးသားထားသော စကားရပ်များသည် ရေးဆွဲသူမှကြွေးကို ပေးရန်ရည်ရွယ်ကြောင်း ကတိပြုကြောင်း ဖော်ပြရာရောက်သည်။ တစ်စုံတစ်ရာကို ဆောင်ရွက်မည်ဖြစ်ကြောင်း သို့မဟုတ် ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်မည်ဖြစ်ကြောင်း ကြေငြာခြင်းသည်ကတိဖြစ်သည်။

**promisee (n)** ကတိရသူ။

**promisor (n)** ကတိပေးသူ ကတိပြုသူ။

**promissory note** ငွေပေးချေရန် ကတိစာချုပ် (လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၄)

**promotor (n)** ကမကထပြုသူ။ ကော်ပိုရေးရှင်း သို့မဟုတ် လုပ်ငန်းစုများကို စတင်တည်ထောင်သူ၊ ဥပဒေကြမ်းရေးဆွဲတင်ပြသူ။ **promotor** သည် ကုမ္ပဏီ၏ အစိုးရှယ်ယာများကို ပိုင်ဆိုင်သူလည်းဖြစ်သည်။ ၎င်းသည် ကုမ္ပဏီ၏ ယုံမှတ်အပ်နှံခံရသူဖြစ်သည်။ သူ၏လုပ်ငန်းစဉ်များထဲတွင် ရှေ့လုပ်ငန်းစဉ်များအတွက် စုစည်းခြင်း လုပ်ငန်း၏ငွေရေးကြေးရေး စီမံကိန်းရေးဆွဲခြင်း ပမာဏသဘောတူညီချက်များကို ညှိနှိုင်းပေးခြင်း။ ဥပဒေပညာရှင်များနှင့် ဒါရိုက်တာများကို ခန့်အပ်ခြင်း။ ကုမ္ပဏီအတွင်း ဥပဒေပညာရှင်များ ဘဏ်လုပ်ငန်းရှင်များ၊ အခြားလုပ်ငန်းကျွမ်းကျင် သူများပါဝင်သော်လည်း ၎င်းတို့နှင့်ဆိုင်ရာ လုပ်ငန်းများကိုသာ လုပ်ကိုင်သူများဖြစ်ကြ၍ **promotors** ဟု အသိအမှတ်မပြုပေ။

**prompt (adj)** အချိန်မီသော၊ အချိန်ဆွဲမထားသော (AGO)။ လျှင်မြန်သော၊ အဆင်သင့်ရှိသော။ (v) စေ့ဆော်သည် လှုံ့ဆော်သည်။

**prompting (n)** သတိပေးနှိုးဆော်ခြင်း။

**promptitude (n)** နှောင့်နှေးမှုမရှိခြင်း။

**promulgate (v)** အများသိရှိအောင် ထုတ်ပြန်ကြေငြာသည်။ ပြဋ္ဌာန်းသည်။ ဥပဒေသို့မဟုတ် ဒီကရီတစ်ရပ်ကို အာဏာသက်ရောက်အောင် ကြေငြာသည်။ **promulgation (n)** ကြေငြာခြင်း ပြဋ္ဌာန်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**pronounce (v)** လုပ်ရိုးလုပ်စဉ်ကြေငြာခြင်း (ဥပမာ စီရင်ချက်ဖတ်ပြခြင်း) **(adj)** ထင်ရှားပြတ်သားသော၊ တိကျသော။ **pronouncement (n)** ထုတ်ပြန်ကြေငြာချက်။

**proof** သက်သေခံ။ အထောက်အထား (**AGO**)။ သက်သေထူခြင်း၊ သက်သေပြခြင်း၊ သက်သေခံချက် သက်သေခံအထောက်အထား (ATT) အငြင်းထွက် အကြောင်းအရာ တစ်ရပ်သည် တည်ရှိကြောင်း မတည်ရှိကြောင်း တရားရုံးက လက်ခံနိုင်သည့်အထိ သက်သေခံအထောက်အထား တင်ပြနိုင်သည်။ ၎င်းတွင် သက်သေထွက်ချက်များ စာရွက်စာတမ်းအထောက်အထားများ၊ သက်သေခံ ဥပဒေအရ မှတ်ယူရမည့်အချက်များ၊ တရားရေးဆိုင်ရာအလေးဂရုပြုရမည့် အကြောင်းခြင်းရာများပါဝင်သည်။ ထို့အတူပင် တရားမမှုများတွင်လည်း တရားလို၏ အဆိုပါအချက်များကို မှန်ကန်ကြောင်းထောင့်မျိုးစုံမှ သက်သေထင်ရှားပြရမည်။

**proof beyond reasonable doubt** တရားခံသည် စွတ်စွဲထားသောပြစ်မှုကို ကျူးလွန်ကြောင်းသံသယကင်းရှင်း အောင် သက်သေပြရန်တာဝန်၊ ပြစ်မှုများတွင် ထိုအချက်မှာ စံအဖြစ်သတ်မှတ်ထားသော အချက်ဖြစ်သည်။ တရားလိုဘက်မှ သက်သေခံအထောက်အထားများသည် တရားခံပြစ်မှုကျူးလွန်ကြောင်း သံသယကင်းစွာ မတင်ပြနိုင်ပါက တရားခံကို တရားရုံးက ပြစ်ဒဏ်ချမှတ်မည် မဟုတ်ပေ။

**proper** သင့်တော်သော၊ မှန်ကန်မှုတသော၊ တိကျပြတ်သားသော **proper** parties အမှုတွင် အငြင်းပွားချက်များကို ဆုံးဖြတ်နိုင်ရန် ပါဝင်သင့် ပါဝင်ရမည့် အမှုသည်များ (တရားမကျင့်ထုံး ဥပဒေ အမိန့်၁ နည်း ၁ နှင့် ၃)

**property---**ပစ္စည်း၊ ပိုင်ဆိုင်မှု (**AGO**) ဂုဏ်သတ္တိအရည်အသွေး၊ ပိုင်ဆိုင်နိုင်သော၊ မည်သည့်ပစ္စည်းမဆို လူပုဂ္ဂိုလ် သို့မဟုတ် အသင်းအဖွဲ့က ပိုင်ဆိုင်သော မည်သည့် ပစ္စည်းမဆို။ ပစ္စည်းတွင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဟူ၍ရှိသည်။ ထို့ပြင်ကိုင်တွယ်၍ ရသောပစ္စည်းနှင့် ကိုင်တွယ်၍မရသော ပစ္စည်း(ဥပမာ အသိဉာဏ်ပစ္စည်း) ဟူ၍လည်းခွဲခြားနိုင်သည်။





**prophylactic(adj)** ကြိုတင်ကာကွယ်ရေးအတွက် ဥပဒေထုတ်သည်။ ကြိုတင်ကုသကာကွယ်သော။

**propin quity (n)** နီးစပ်သည့်အခြေအနေ၊ ဆွေမျိုးတော်စပ်ခြင်း သို့မဟုတ် မျိုးရိုး။

**proponent (n)** စတင်ပြုလုပ်ပြောဆိုသူ၊ အဆိုရှင်သေတမ်းစာ အတည်ပြုလက်မှတ်အတွက်စတင် အဆိုပြုသူ၊ အဆိုပြုချက်တင်သွင်းသူ။

**proposal** အဆိုပြုချက်၊ ကမ်းလှမ်းချက်

-proposition စဉ်းစားရန်တင်ပြချက်

-propose အဆိုပြုသည့်ကမ်းလှမ်းသည်

-proposer အဆိုပြုသူ ကမ်းလှမ်းသူ

**proportionality review** (ပြစ်မှု) အယူခံတရားရုံးအနေဖြင့် ၎င်း၏ ရှေ့မှောက်သို့ ရောက်ရှိလာသော မူလရုံးမှ သေဒဏ်စီရင်ထားသည့် အမှုကိုအဆိုပါ သေဒဏ်ချမှတ်ထားခြင်းသည် မူလရုံးအနေဖြင့် စိတ်ထင်ရာပြုလုပ်ထားခြင်း ရှိမရှိ ဥပဒေနှင့် အညီစီရင်ဆုံးဖြတ်ထားခြင်း ဟုတ်မဟုတ် ယခင်က အလားတူအမှုတွင် သေဒဏ်ကို အတည်ပြုထားခြင်း သို့မဟုတ် သေဒဏ်အမိန့်ကို ပယ်ဖျက်ပေးခဲ့ခြင်းတို့နှင့် နှိုင်းယှဉ်၍ဆင်ခြင် စဉ်းစားကာ မူလရုံးမှ သေဒဏ်အပြစ်ပေးထားခြင်းကို အတည်ပြုသင့်မသင့် စိစစ်ဆုံးဖြတ်ခြင်း။

**Proportionate (adj)** အချိုးကျဖြစ်သော၊ ဝေပုံကျသော။

**Propound (v)** ဆွေးနွေးရန်အချက်အဖြစ်တင်ပြသည်။ ဆွေးနွေးရန် သို့မဟုတ် အပေးအယူပြုလုပ်ရန်အတွက် အဆိုပြုချက်တင်ပြခြင်း။ (သေတမ်းစာသည်) အစစ်အမှန်ဖြစ်ကြောင်းတင်ပြခြင်း။

**proprietary (adj) US proprietory** ပိုင်ဆိုင်မှုနှင့်ပတ်သက်သော။

**proprietor (n)** လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းကို ပိုင်ဆိုင်သူ။

**pro-rata (adv)** အချိုးကျစွာ။ တိကျသောနှုန်း၊ အတိုင်းအတာသို့မဟုတ် အကျိုးစီးပွားနှင့်အညီ။



www.burmeseclassic.com

www.burmeseclassic.com



**prorate (v)** ပိုင်းခြားရန်၊ စည်းကြပ်ရန်သို့မဟုတ် အချိုးကျခွဲဝေရန်။

**porogation (n)** နောက်တစ်ရက်သို့ ရွှေ့ဆိုင်းခြင်း၊ ပြည်သူ့လွှတ်တော်ကို နောက်သက်တမ်းအထိ ရွှေ့ဆိုင်းခြင်း။

**prorogue (v)** ရွှေ့ဆိုင်းသည်၊ ဆိုင်ငံ့ထားသည်။ ပြည်သူ့လွှတ်တော် အစည်းအဝေးကို ရပ်ဆိုင်းထားခြင်း။

**proscription (n)** တားမြစ်ပိတ်ပင်ခြင်း။ တားမြစ်ပိတ်ပင်ထားသည့် အခြေအနေ။ ဝါရမ်းပြေးအဖြစ် ကြေငြာခြင်း၊ နှင်ထုတ်ခြင်း။ ကန့်သတ်ထားခြင်း။

**pro-se (adv&adj)**(latin)( for one self) မိမိကိုယ်တိုင်၊ ရှေ့နေမပါ။ တရားခံသည် ရှေ့နေမငှားဘဲ မိမိကိုယ်တိုင်ထုချေသည်။ **(n)** တရားရုံးအမှုတွင် ရှေ့နေ၏အကူအညီမပါဘဲ ကိုယ်တိုင်ဆောင်ရွက်ခြင်း။

**prosecute (v)** တရားစွဲသည်၊ အမှုကိုပြီးစီးအောင် ဆောင်ရွက်သည်။ တရားခံအပေါ်နိုင်ငံတော် ကိုယ်စားအစိုးရရှေ့နေက တရားစွဲသည်။

**prosecution (n)**---ပြစ်မှုကြောင်းအရ ပြစ်မှုကျူးလွန်သော တရားခံ အပေါ်သက်ဆိုင်ရာဥပဒေအရာရှိမှ တရားစွဲခြင်း။ ပြစ်မှုကြောင်းအရ တရားစွဲဆိုရာတွင် နစ်နာသူကိုယ်စားနိုင်ငံတော်မှ တာဝန်ယူ၍ တရားစွဲဆိုခြင်း။

**prosecutor (n)** ဥပဒေအရာရှိ။ နိုင်ငံတော်၏ကိုယ်စား ပြစ်မှုများတွင် လိုက်ပါဆောင်ရွက်သောသူ။

**prosecutrix (n)** ပြစ်မှုတွင်စွတ်စွဲသူ အမျိုးသမီး။

**prospective (adj)** နောင်အနာဂါတ်တွင်အကျိုးသက်ရောက်သော အသက်ဝင်လာသော၊ အလားအလာရှိသော။ **(v)** မျှော်လင့်စောင့်စားသည် သို့မဟုတ်ဖြစ်လာမည်ဟု ယုံကြည်ထားသည်။

**prospectus** လမ်းညွှန်စာအုပ်။ ကုမ္ပဏီများအသစ်ဖွဲ့စည်းသည့်အခါ အစုဝယ်မည့် ရင်းနှီးမြုပ်နှံသူများ သိရှိရန်လိုအပ်သည့် ကုမ္ပဏီ၏လုပ်ငန်းစဉ်များကို ထည့်သွင်းရေးသားသည့် လမ်းညွှန်စာအုပ်။ ၎င်းစာအုပ်ကို အများပြည်သူသိရှိရန်ဖြန့်ဝေထားသည်။ ပြည်သူများအနေဖြင့် ထိုစာအုပ် (စာတမ်း)ကို ဖတ်ရှုပြီး စိတ်ဝင်စားပါက ကုမ္ပဏီ၏ ရှယ်ယာများ ဒိဘင်ချာများကို ဝယ်ယူ ရင်းနှီးမြုပ်နှံနိုင်ခြင်း။





**prostitute (n)** လိင်မှုကိစ္စအလို့ငှာ မိမိ၏ခန္ဓာကိုယ်ကို ငွေကြေးပေးအပ်သူသို့ ထိုးအပ်သူ။ ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ။

**prostitution (n)** ပြည့်တန်ဆာလုပ်ငန်း။

**protanto (latin)** for so much or to that extend. တောင်းဆိုသည့်အပေါ် ငွေတစ်စိတ်တစ်ဒေသပေးခြင်း။ အကြွေးများကို အပြည့်မပေးဘဲ တစ်ချို့တစ်ဝက်ပေးခြင်းဖြင့် ပြေငြိမ်းစေခြင်း။ (the debt is protanto discharged) ဤမျှလောက်။ ဒီလောက်အထိ။ ပေးပြီးသမျှလောက်ပဲ။

**protected fauna and flora** ကာကွယ်ထားသည့် တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များ။

**protection (n)** ကာကွယ်စောင့်ရှောက်ခြင်း။ ပြည်ပနိုင်ငံသို့ ထွက်ခွာသည့် နိုင်ငံသားများနှင့် သင်္ဘောသားများအား နိုင်ငံကူးလက်မှတ်ပေးခြင်း ... ပြည်ပနိုင်ငံ ... 

**protectionism** ပြည်တွင်းဈေးကွက်တွင် အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအား ပြင်ပနိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်မှုကို တားဆီးကာ အခွန်တိုးမြှင့်ထားခြင်းနှင့်သွင်းကုန်ကန့်သတ်ထားခြင်း။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ။ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးခြင်း။

**protection order** ကာကွယ်ခြင်းအမိန့်။ ၎င်းအမိန့်မျိုးကို မြန်မာနိုင်ငံ လူမွဲဥပဒေပုဒ်မ ၃၁ တွင် တွေ့နိုင်သည်။ လူမွဲအဖြစ် စီရင်ခြင်းခံရသော သူတစ်ယောက်သည် မရိုးသား၍ မဟုတ်ဘဲ ကံမကောင်း၍ ပေးဆပ်ရန်ရှိသော ကြွေးမြီကို မပေးဆပ်နိုင်သော အနေအထားသို့ရောက်လာသည့်အခါ ၎င်းအား ဖမ်းဆီးခြင်း အကျဉ်းထောင်ချထားခြင်း မပြုရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကင်းလွတ်ခွင့်ပြုသော အမိန့်ချမှတ်နိုင်သည်။ (အသေးစိတ်ကို အဆိုပါ ဥပဒေပုဒ်မတွင်ကြည့်ပါ)

**protest** တိုင်တန်းချက်။ သဘောမတူကြောင်း ကန့်ကွက်ချက်၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သော ငွေလွှဲစာချုပ် သို့မဟုတ် ငွေပေးချေရန်



www.burmeseclassic.com

www.burmeseclassic.com



ကတိ လက်မှတ်ကို တင်ပြသည့်အခါ ငွေမပေး၊ လက်မခံကြောင်း ငြင်းပယ်ခံရလျှင် စာချုပ်စာတမ်းရှေ့နေ (နိုတြီပဗ္ဗလစ်) ထံ ပေးပို့ရမည်ဖြစ်သည်။ နိုတြီပဗ္ဗလစ်က ထိုငြင်းပယ်ခံရသောလက်မှတ်ကို သက်ဆိုင်သူထံ ထပ်မံတင်ပြပြီး ငွေတောင်းခံရမည်။ ထိုသို့တောင်းဆိုသော်လည်း ဆက်လက်ငြင်းပယ်နေလျှင် နိုတြီပဗ္ဗလစ်သည် အခြားအကြောင်းအရာများနှင့် လက်ခံရရှိသည့်အဖြေကို စာရွက်ပိုင်းပေါ်တွင် ငြင်းပယ်ခြင်း၏အကြောင်းရင်း ငြင်းပယ်သည့်နေ့စွဲ၊ ငြင်းပယ်ခြင်း၏ အကြောင်းအရာ၊ အတိအလင်းငြင်းပယ်ခြင်း မရှိလျှင် လက်ရှိဖြစ်သူက အဘယ်ကြောင့် ငြင်းပယ်ကြောင်းနှင့် နိုတြီ၏ အခကြေးငွေများကို ရေးမှတ်ထားခြင်းအား Noting မှတ်သားခြင်းဟုခေါ်သည်။ ထိုမှတ်သားခြင်းအပေါ် အခြေပြု၍ နိုတြီပဗ္ဗလစ်သည် သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရသည်။ ၎င်းသက်သေခံလက်မှတ်ကို protest ဟုခေါ်သည်။

protest for better securities ငွေလွှဲစာချုပ် သို့မဟုတ် ငွေပေးကတိစာချုပ် လက်ခံသူသည် လူမွဲဖြစ်သွားလျှင် တိမ်းရှောင်နေလျှင် သင့်လျော်သော အချိန်ကာလအတွင်းပေးရန်အတွက် ပိုမိုကောင်းမွန်သော အာမခံကို တောင်းပေးရန် နိုတြီပဗ္ဗလစ်ကို ညွှန်ကြားနိုင်သည်။ ပိုမိုကောင်းမွန်သော (ခိုင်လုံသော) အာမခံကို မရရှိလျှင် ယင်းအချက်များကို မှတ်သားပြီး သက်သေခံလက်မှတ်ထုတ်ပေးရန် နိုတြီပဗ္ဗလစ်ထံမှ တောင်းဆိုနိုင်သည်။ နိုတြီပဗ္ဗလစ်မှ ထုတ်ပေးသော အဆိုပါသက်သေခံလက်မှတ်ကို ပိုမိုခိုင်လုံသော အာမခံအတွက် သက်သေခံလက်မှတ် (protest for better securities) ဟုခေါ်သည်။

(လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဥပဒေ ပုဒ်မ ၁၀၀)

**protocol (n)** ဥပဒေမူကြမ်း သို့မဟုတ် စာရွက်စာတမ်းများ မှတ်တမ်း သို့မဟုတ် ဆွေးနွေးခြင်းတို့၏ ပထမမူလစာကြမ်း၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ထက်နိမ့်သော အပြည်ပြည်ဆိုင်ရာသဘောတူညီချက် အပြည်ပြည်ဆိုင်ရာ စာချုပ်များကို ပြင်ဆင်ရာတွင် တစ်ခါတစ်ရံ အသုံးပြုသည်။ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၏ သဘောတူညီချက်နှင့် စပ်လျဉ်း၍ အစည်းအဝေးမှတ်တမ်း။ နိုင်ငံချင်း သဘောတူစာချုပ်မချုပ်မီ စကားကမ်းလှမ်း နှီးနှောချက်ကို တင်ပြသည့်မှတ်တမ်း (AGO) သံတမန်ရေးရာ

**prove (v)** သက်သေထူသည်။ ယုံမှားဖွယ်မရှိ သေချာစေသည်။ ကျေး





လောက်သော သက်သေခံချက်များဖြင့် အကြောင်းအရာများ၊ အယူအဆများကို မှန်ကန်ကြောင်း သက်သေထူသည်။

**provided for (conj)** ဖြည့်တင်းပေးသည်။ provided that ဖြစ်ခဲ့လျှင်။ provided against ခုခံကာကွယ်သည်။ ကြိုတင်ပြင်ဆင်ထားသည်။ provided ဖြည့်တင်းသည်၊ ထောက်ပံ့သည်၊ ကူညီသည်၊ ပြဋ္ဌာန်းသည်၊ provider ထောက်ပံ့သူ ကူညီသူ၊ provided for ပြဋ္ဌာန်းထားသည်။

**provident fund** အိုနာစာရံပုံငွေ (မြန်မာနိုင်ငံတွင် ယခုမရှိတော့ပေ)

**provision (n)** ဥပဒေ၊ ပဋိညာဉ်နှင့် တစ်ခြားဥပဒေဆိုင်ရာ စာချုပ်များတွင် ပါရှိတတ်သည့် စာပိုဒ်၊ ကြိုတင်၍ စည်းကမ်းချက်အဖြစ် တောင်းဆိုသည်။

**provisional (adj)** ယာယီ၊ အခိုက်အတန့် a provisional injunction ယာယီတားဝါးရမ်း။ လိုအပ်ချက် အခြေအနေပေါ်မူတည်၍ဖြစ်သော၊ a provisional goverment အခြေအနေအရ ပေါ်ပေါက်လာသော အစိုးရယာယီအစိုးရ။

**proviso (n)** ခြွင်းချက်၊ ကန့်သတ်ချက်၊ စည်းကမ်းချက်၊ ဥပဒေများ၊ စာချုပ်စာတမ်းများတွင် ဖော်ပြပါရှိသော စည်းကမ်းချက်၊ အထူးပြဆိုချက် ရှင်းလင်းချက်၊ provided that ဟူသော အစစာလုံးဖြင့် စည်းကမ်းချက် ကင်းလွတ်ချက်များ၊ ဖြည့်စွက်ချက်များကိုရေးသားသည်။

**provocation (n)** အခြားသူတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် လှုံ့ဆော်ပေးခြင်း၊ စကားလုံး သို့မဟုတ် အမူအယာဖြင့် တစ်ဦးတစ်ယောက်၏ ခဵုးစားဆင်ခြင်ခြင်း (သို့မဟုတ်) မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်းတို့အပေါ် ထိခိုက်စေခြင်း၊ သြဇာညောင်းခြင်းတို့ကြောင့် ထိုသူအနေဖြင့် ပြစ်မှုကျူးလွန်ခြင်သော စိတ်ဖြစ်ပေါ်စေသည်။ မခိုင်လုံသော ကွာရှင်းလိုမှုတစ်မှုတွင် ကွာရှင်းခွင့်လျှောက်ထားခံရသူကို ဒေါသဖြင့် တုံ့ပြန်စေရန်ဖြစ်ပေါ်စေသည်။ ဥပမာ ဇနီးဖြစ်သူက ခင်ပွန်းအပေါ် တရားရုံးတွင် ကွာရှင်းခွင့်စွဲရာတွင် ၎င်း၏ခင်ပွန်းသည် ၎င်းအပေါ် စွန့်ပစ်ထားသဖြင့် ကွာရှင်းခွင့်ရလိုကြောင်း အကြောင်းပြသည်။ ခင်ပွန်းဖြစ်သူက အဆိုပါ အမှုကို ခုခံသည်မှာ ဇနီးဖြစ်သူကို စွန့်ပစ်ထားခြင်းမရှိကြောင်း၊ ဇနီးဖြစ်သူကသာ ဒေါသတကြီးနှင့် မိမိကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှ နှင်ချထားခြင်းဖြစ်ကြောင်း မိမိအနေဖြင့် အိမ်ကို ပြန်လာခွင့်မရကြောင်း၊ မမှန်မကန်စွပ်စွဲဆိုခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ပါသည်။ ခင်ပွန်းဖြစ်သူကို ထိုသို့ပြောဆိုရန် လှုံ့ဆော်သကဲ့သို့ဖြစ်နေခြင်း၊ ပြစ်မှုများတွင် တရားခံဖြစ်သူက မိမိကျူးလွန်ခဲ့ရသော ပြစ်မှု (လူသတ်မှု)သည် သေသူ၏ လှုံ့ဆော်မှု ဒေါသထွက်အောင်ပြုမှုကြောင့် ကျူးလွန်ခဲ့ရခြင်းဖြစ်ကြောင်းဖြင့် ပြစ်ဒဏ်ကို လျှော့လာစေရန်အတွက် ခုခံတင်ပြခြင်း။

**provost- marshel (n)** တပ်ထိန်းချုပ်

**proximate (adj)** အနီးကပ်ဆုံးဖြစ်သော၊ အလွန်နီးကပ်သောအချိန်

**proximity (n)** အချိန်၊ နေရာ၊ အစီအစဉ်၊ ဆွေမျိုးစသည်များ နီးကပ်သည့်အခြေအနေ။

**proxy (n)** အခြားသူ၏နေရာတွင် အစားဝင်ရောက် ဆောင်ရွက်ရန် အသိအမှတ်ပြုခြင်းခံရသူ။ ကုမ္ပဏီအစည်းအဝေးများတွင် ကိုယ်တိုင်တက်ရောက်ရန် ပျက်ကွက်ပြီး တစ်စုံတစ်ဦးအား ၎င်း၏ ကိုယ်စားတက်ရောက်၍ မဲပေးခွင့်ပြုသူ၊ အစုရှင်များ အစည်းအဝေးတွင် အစုရှင်၏မဲအတွက် ကိုယ်စားမဲပေးသူ။

**proxy marriage** နိုင်ငံရပ်ခြား စစ်စခန်းများတွင် တာဝန်ထမ်းဆောင်နေရသော သတို့သား သို့မဟုတ် သတို့သမီးအတွက် မင်္ဂလာဆောင်ရာတွင် ကိုယ်စားဝင်ရပ်ပေးရသူ။

**prudent (adj)** ပညာသတိရှိသော၊ မျှော်မြင်တတ်သော ရှေ့နောက်ဆင်ခြင်တတ်သော။

**prudent investor rule** သာမန်အမြော်အမြင်ရှိသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဝယ်ယူရင်းနှီးမြှုပ်နှံလိမ့်မည်ဖြစ်သော အာမခံစာချုပ်များကိုသာ ဝယ်ယူရင်းနှီးမြှုပ်နှံမည့် ယုံမှတ်အပ်နှံခြင်းဆိုင်ရာမူ။

ဥပမာ။ ဖခင်တစ်ဦးသည် မိမိသားဖြစ်သူ၏ ရှေ့ရေးအတွက် စိတ်အေးရစေရန် ဘဏ်တစ်ခုကို ဘဏ္ဍာထိန်း (ယုံမှတ်အပ်နှံခြင်းခံရသူ) အဖြစ် တာဝန်ပေးကာ ငွေများထည့်သွင်းပေးထားသည်။ သို့သော် ဘဏ်အား ထိုငွေများဖြင့် မည်သည့်ကိစ္စများတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း





သီးသန့်ညွှန်ကြားထားခြင်းမရှိပေ။ ထို့ကြောင့် ဘဏ်အနေဖြင့်အမြတ်များများရနိုင်သော်လည်း အရှုံးလည်းပေါ်ပေါက်နိုင်သည့် မသေချာသော စွန့်စားမှုဖြင့် ထိုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမပြုဘဲ **prudent investor rule** အရ အလွန်စိတ်ချရသော (အမြတ်နည်းပင်နည်းသော်လည်း) လုပ်ငန်းတွင်သာမြှုပ်နှံမည်ဖြစ်သည်။

**prurient (adj)** ကာမရာဂစိတ်များသော၊ အာသာငမ်းငမ်းတပ်မက်သော။

**pseudo (adj)** အဟုတ်အယောင်၊ မရိုးသားသော၊ **(n)** အယောင်ဆောင်သူ။

**psychedelic (adj)** စိတ်လှည့်စားမှုဖြစ်ပေါ်စေသော။

**psychological abuse** စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှု။

**psychopath** စိတ်ရောဂါရှင်၊ စိတ်ခြောက်ခြားနေသူ၊ စိတ်မငြိမ်မသက်ဖြစ်နေသူ။

**psychotropic substance** စိတ်ကိုပြောင်းလဲစေသော ဆေးဝါး၊ ကျန်းမာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်သည်ဟု ကြေငြာထားသည့်ဆေးဝါးများ။

**puberty (n)** အပျိုပေါက်၊ လူပျိုပေါက်၊ အရွယ်ရောက်။ ဥပဒေအရ လက်ထပ်နိုင်သော အရွယ်ရောက်ခြင်း။ (မြန်မာမလေ့ထုံးဥပဒေအရ မြန်မာဗုဒ္ဓဘာသာယောကျ်ားတစ်ယောက်သည် ကျန်းမာရေးနှင့်ပြည့်စုံလျှင် ခညသည့်အရွယ်တွင်မဆို လက်ထပ်နိုင်သော်လည်း မိန်းကလေးဖြစ်ပါက မုဆိုးမတစ်ခုလပ်တစ်လင်ကွာ မဟုတ်လျှင် အသက် ၂၀ ပြည့်ရမည်။ အသက် ၂၀ မပြည့်သေးပါက မိဘသို့မဟုတ်အုပ်ထိန်းသူ၏ သဘောတူညီချက်အရယူရမည်ဖြစ်သည်။)

**public (adj)** အများပြည်သူလူထုနှင့်ဆိုင်သော၊ **(n)** အများပြည်သူဆိုင်ရာနေရာ။

**public acts** အများပြည်သူတို့နှင့် ဆိုင်သောအက်ဥပဒေများ။ (သက်သေခံအက်ဥပဒေပုဒ်မ ၅၇ (၂))

**public records** အများပြည်သူနှင့် သက်ဆိုင်သည့်မှတ်တမ်းများ။

**public company** အများဆိုင်ကုမ္ပဏီ။ ပေးရန်တာဝန်ကိုကန့်သတ်ပြီး ရှယ်ယာကို အများပြည်သူသို့ ကြေငြာရောင်းချနိုင်သည်။ စတော့ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကွက်တင်ခြင်း မတင်ခြင်းနှစ်မျိုးရှိနိုင်သည်။ အများဆိုင်ပေးရန် တာဝန်ကန့်သတ်ခြင်းအတွက် public limited company ဟုထည့်သွင်းဖော်ပြရမည်။

**public defender** အများပြည်သူမှခန့်အပ်ထားသော ရှေ့နေသို့မဟုတ် ရှေ့နေ၏ဝန်ထမ်းများ ။ ၎င်း၏တာဝန်မှာ ဆင်းရဲသောပြစ်မှု တရားခံများကိုကိုယ်စားပြု၍ လိုက်ပါဆောင်ရွက်ပေးရန်ဖြစ်သည်။

**public document–** အများနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ။ အောက်ပါတို့၏ ဆောင်ရွက်ချက်ဖြစ်သော သို့မဟုတ်ဆောင်ရွက်ချက် မှတ်တမ်းများဖြစ်သော စာတမ်းအမှတ်အသား သို့မဟုတ် ဥပဒေများ၏ မှတ်တမ်းများ။ (၁)အချုပ်အခြာအာဏာပိုင် (၂)အစိုးရအဖွဲ့အစည်းနှင့် တရားရုံးများ (၃)ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများ။ ပုဂ္ဂလိကဖြစ်သော်လည်း အများနှင့်သက်ဆိုင်သော မှတ်တမ်းများအဖြစ် ထားရှိသောစာတမ်းအမှတ်သားများ။

**public domain** အစိုးရပိုင်မြေ။ မူပိုင်ခွင့်ဖြင့်ကာကွယ်ထားခြင်း မရှိသော ထုတ်ဝေခွင့်၊တီထွင်ခြင်းနှင့် လုပ်ငန်းစဉ်နယ်ပယ်။

**public mischief** ပြည်သူ့အကျိုးဖျက်ဆီးမှု ဥပမာ ရဲတပ်ဖွဲ့ထံ အမှုအခင်းဖြစ်ပွားနေသည်ဟု လိမ်လည်၍တယ်လီဖုန်းဆက်ခြင်း။ မီးလောင်နေပါသည်ဟု မီးသတ်တပ်ဖွဲ့သို့ဆက်ခြင်း။

**public nuisance** အများပြည်သူကို နှောက်ယှက်မှု။

**public place** အများပြည်သူဆိုင်ရာနေရာ။ အများပြည်သူဆိုင်ရာနေရာတွင် အရက်သေစာသောက်စား မူးယစ်ရမ်းကားခြင်း၊ ပြည်တန်ဆာများမြူဆွယ်ခြင်း။

**public prosecutor** အစိုးရရှေ့နေ (ဥပဒေဝန်ထမ်း)

**public policy** အများပြည်သူနှင့် ဆိုင်သောပေါ်လစီ။

**public property** ပြည်သူပိုင်၊ နိုင်ငံတော်ပိုင်ပစ္စည်း။

**public service** ဝန်ထမ်းအဖွဲ့အစည်းများ။

**public tranquility** အများပြည်သူအေးချမ်းသာယာရေး။

**publication (n)** ယေဘုယျအားဖြင့် အများပြည်သူသိရှိအောင် ကြော်ငြာခြင်း ကြေငြာခြင်း၊ ထုတ်ပြန်ကြေငြာခြင်း။ သူတစ်ပါး၏ဂုဏ်သရေကို စာဖြင့်ရေး





သားပုံနှိပ်၍ဖြစ်စေ တစ်နည်းနည်းဆက်သွယ်၍ဖြစ်စေ အသရေဖျက်ခြင်း။

**puffin (n)** ချဲ့ကားထားသော ထင်မြင်ချက်ကို ရေးသားတင်ပြခြင်း။ ရောင်းသူမှသို့မဟုတ် ရောင်းသူအတွက် လေလံပွဲတွင် လှို့ဝှက်ဈေးပေးခြင်း။

**puisne (adj)(law french)** ရာထူးငယ်သော၊ လက်အောက်ခံဖြစ်သော။

**puisne judges** ပြည်ထောင်စုတရားသူကြီးချုပ်မှအပ အခြားသောတရားသူကြီးများ။

**punishable (adj)** ပြစ်ဒဏ်ချမှတ်ထိုက်သော။

**punishment (n)** ပြစ်ဒဏ်။ ပြစ်ဒဏ်ဆိုရာတွင်သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်ငွေဒဏ်များပါဝင်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၃)

**punitive (adj)** အပြစ်ဒဏ်ပေးရန်ရည်ရွယ်သော၊ အပြစ်ဒဏ်ခတ်သော။

**pur autre vie (law: french)** အခြားသူ၏ ဘဝတစ်သက်တာ ကာလအတွက် သို့မဟုတ်ကာလအတွင်း။

**purchase (n)** ဝယ်ယူခြင်း။

**purchaseble (adj)** ဝယ်ယူရရှိနိုင်သော။

**purchaser** ပစ္စည်းဝယ်ယူသူ။

**purchase order** ကုန်ဝယ်အမှာစာ။

**purchasing power** ဖောက်သည်တစ်ဦး၏ ပစ္စည်းများဝယ်ယူနိုင်သောအား။

**purshases day book** ကုန်ဝယ်မှတ်တမ်း။ **purchase book** လည်းခေါ်သည်။

**purchase tax** ဝယ်ခွန်။

**purge (v)** မိမိအတွက်သို့မဟုတ် အခြားသူအတွက် အပြစ်မရှိကြောင်းတင်ပြခြင်း။ (တရားခံက တရားရုံးကိုမထေမဲ့မြင်ပြုမိသည့်အတွက် အပြစ်မှခွင့်လွှတ်ရန်တင်ပြခြင်း။)

**purport (v)** ဆိုလိုသည်၊ တောင်းဆိုသည်၊ ဝန်ခံသည်၊ ရည်ရွယ်သည်။ သဘောသက်ရောက်စေသည်၊ စာရွက်စာတမ်းတွင် နေ့စွဲမပါခြင်း၊ လက်မှတ်မပါခြင်းရှိသော်လည်း သေတမ်းစာအဖြစ် သဘောသက်ရောက်စေသည်။

**purpose (n)** ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ ပန်းတိုင်။



www.burmeseclassic.com

www.burmeseclassic.com



**pursuant (adj)** အစီအစဉ်အတိုင်းဖြစ်သော၊ လိုက်နာဆောင်ရွက်သော။
**pursue** မိအောင်လိုက်သည်၊ လိုက်လံရှာဖွေသည်။
**pursuer (n)**-လိုက်လံဖမ်းဆီးသူ။
**pursuit (n)**-လိုက်လံရှာဖွေခြင်း။
**purview (n)** ဥပဒေတစ်ရပ်၏အတိုင်းအတာ။ ဗဏ္ဍာမ နောက်မှ ဥပဒေတစ်ရပ်၏စာကိုယ်။
**putative (adj)** ယုံကြည်ရသော၊ သတင်းကြီးနေသော၊ အများမှတ်ယူရသော သမုတ်သော။
**putative father**- ဖခင်ဟုမှတ်ယူရသော။



# Q

**qua (kway)** latin: in the capacity of. ကဲ့သို့၊ အနေနှင့်၊ အဖြစ်။
**quaere (kweer-ee)** latin: inquire, qurey. examine စုံစမ်းသည်၊ မေးသည်၊ စစ်ဆေးသည်။
**qualification (n)** အရည်အချင်းသတ်မှတ်ချက်၊ အရည်အချင်းပြည့်မီခြင်း၊ သတ်မှတ်ထားသော အလုပ်အတွက်လိုအပ်သော အတွေ့အကြုံ၊ ကျွမ်းကျင်မှု။
**qualified (v)(adj)** အရည်အချင်းပြည့်မီကြောင်း အသိအမှတ်ပြုသည်။
qualify(v) အရည်အချင်းနှင့် ပြည့်စုံစေသည်။ (adj) အရည်အချင်းပြည့်မီသော၊ သတ်မှတ်ချက်ပြည့်မီသော၊ လိုအပ်သောအရည်အချင်းကို ပိုင်ဆိုင်ထားသော။ ကန့်သတ်သော၊ တားမြစ်သော၊ ချွင်းချက်ပြုသော qualifier(n) အရည်အချင်းနှင့်ပြည့်စုံသူ။
**qualified acceptance** ချွင်းချက်ဖြင့် လက်ခံခြင်း။ တစ်ပိုင်းတစ်စ လက်ခံခြင်း၊ စည်းကမ်းချက်ဖြင့် လက်ခံခြင်း။ ငွေလွှဲလက်မှတ်တစ်စောင်ကို ချွင်းချက်ဖြင့် လက်ခံခြင်းဆိုရာတွင် (၁)ဖော်ပြသတ်မှတ်ထားသော အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ရပ်ပေါ်ပေါက်မှသာ ငွေပေးချေမည်ဟု ဖော်ပြပါရှိလျှင် (၂) ငွေလွှဲလက်မှတ်တွင် ဖော်ပြပါရှိသည့် ငွေတာစိစိတ်တစ်ခေသကိုသာ ပေးရန်သဘောတူလျှင် (၃)သတ်မှတ်ထားသော နေရာဒေသတွင်သာ ငွေပေးချေရန် သဘောတူခဲ့လျှင် (၄) ငွေပေးချေရန် အချိန်ကိုဖော်ပြပါရှိလျှင် စသည်တို့ဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ(၇)အရဆိုလျှင် လက်ခံခြင်းသည် ချွင်းချက်မရှိ၊ အကန့်အသတ်မရှိဖြစ်ရပါမည်။

**qualified child** အသက် ၁၆ နှစ်အောက်ကလေး သို့မဟုတ် အသက် ၁၉ နှစ်အောက်ကျောင်းပညာရေးကို အချိန်ပြည့်တက်ရောက်နေပြီး အိမ်ထောင်မပြုရသေးသော ကလေးများသည် ကလေးစရိတ်ရရှိရန် လုံလောက်သည်။ ထိုအထဲတွင် မွေးစားသားသမီးများပါပင်သော်လည်းကောင်း မယားပါလင်ပါသားသမီးများမပါဝင်။

**qualified endorsement** လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများတွင် သီးခြားသတ်မှတ်ချက်ပါသော ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း။ ဥပမာ မိမိကိုယ်ကိုတာဝန်ရှိမှုမှလွတ်ကင်းစေလိုလျှင် ချက်လက်မှတ်နောက်ကျော၌ without recourse to me or sans recourse ဟုရေးသားပြီးမှ လက်မှတ်ရေးထိုးခြင်း။

**qualified ownership** အကန့်အသတ်နှင့် သို့မဟုတ် စည်းကမ်းချက်များနှင့်ပိုင်ဆိုင်ခြင်း ဥပမာ အေ ဖြစ်သူ၏ အဖွားက အေအတွက် မြေတစ်ကွက်ချန်ထားခဲ့ပြီး ထိုမြေနှင့် စပ်လျဉ်း၍ လိုအပ်ချက်ထည့်သွင်းထားသည်မှာ အေသည် ထိုမြေပေါ်တွင် မည်သည့်အခါမှ အဆောက်အဦး ဆောက်လုပ်ခြင်းမပြုရဟုပါရှိသည်။

**qualified privilege** ဥပဒေတာဝန်ဆောင်ရွက်မှု သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ဆောင်ရွက်မှုများကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်ထားမှသာလျှင် ထိုပြုလုပ်သူကို တရားစွဲဆိုခြင်းမှ လွတ်ကင်းရန် အခွင့်ထူးရရှိစေနိုင်မည်။

**qualified title** သီးခြားသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်ထားသောပိုင်ဆိုင်ခွင့်။

**qualified witness** အရည်အချင်းပြည့်သက်သေ။





**quango (n)** တစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ရသော အစိုးရမဟုတ်သော အဖွဲ့အစည်း ၎င်းအဖွဲ့မှ အဖွဲ့ဝင်တစ်ချို့သို့မဟုတ် အားလုံးကို နိုင်ငံတော်မှခန့်အပ်သည် (သို့သော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်းကောင်း၊ ဌာဆိုင်ရာဖွဲ့စည်းပုံအရလည်းကောင်း ခန့်အပ်ခြင်းမဟုတ်) ၎င်းအဖွဲ့သည် အများပြည်သူဆိုင်ရာ လုပ်ငန်းတစ်ချို့ကို ဆောင်ရွက်သည်။ သာမန်အားဖြင့် ပြည်သူ့ရံပုံငွေကို စီမံခန့်ခွဲခြင်း၊ အကြံပေးခြင်း ဆောင်ရွက်သည်။ ဥပမာ ကျောင်းသားရေးရာကိစ္စများ။

**quantum.** ဆုံးရှုံးနစ်နာမှုကြောင့် ရရှိသောငွေကြေးပမာဏ။

**quantum- meruit** (latin) ဆောင်ရွက်မှု လုပ်ဆောင်မှုအတွက် သင့်တင့်လျောက်ပတ်သော တန်ဖိုး။ သဏ္ဌာန်ဆောင် ပဋိညာဉ် (ပဋိညာဉ်သဘောသက်ရောက်သော) ဆက်ဆံမှုတွင် လုပ်ဆောင်မှု ပြုလုပ်ပေးခဲ့သော သူတစ်ဦးကို နစ်နာမှုအတွက် လျော်ကန်သော လျော်ကြေး ပေးရန် ထည့်သွင်းစဉ်းစားခြင်း။ လုပ်ဆောင်မှုကို ပြုလုပ်ပေးခဲ့ခြင်းကြောင့် သင့်တင့်လျောက်ပတ်သော လုပ်အားခအတွက် တောင်းဆိုခွင့်၊ ရပိုင်ခွင့်။ အခြားသူတစ်ဦးအပေါ် လုပ်ဆောင်ပေးခဲ့ခြင်းအတွက် ငွေကြေးရရန်ရှိသည်ကို ကတိအတိုင်းပေးအပ်ရန် အရေးယူဆောင်ရွက်ခြင်း။

ဥပမာ– ယာဉ်မတော်တဆဖြစ်မှုကြောင့် ဒဏ်ရာရပြီး သတိလစ်နေသော လူနာကို ပုဂ္ဂလိကဆေးရုံတစ်ရုံသို့ တင်ပို့ခဲ့ရာတာဝန်ကျ ဆရာဝန်က အရေးပေါ်ဆေးကုသမှုများ ပေးခဲ့ရသည်။ ဆေးကုသပေးမှုနှင့် သတိလစ်နေသော လူနာတို့သည် ဥပဒေအရ သွယ်ဝိုက်သောအားဖြင့် သဘောတူညီမှုပြုခဲ့ရာရောက်သည်။ ထို့ကြောင့် ဆရာဝန်သည် ၎င်း၏ ဆေးကုသပေးမှုကို quantum of meruit အရ လူနာထံမှ ငွေကြေးရရှိရန် တောင်းခံနိုင်သည်။

**quantum valebent** (latin:)ကုန်ပစ္စည်းများအတွက် ကျိုးကြောင်းဆီလျော်သောတန်ဖိုး။ တန်းဖိုးသတ်မှတ် မထားသောကုန်ပစ္စည်းများ၏ ရောင်းရငွေကိုတောင်းဆိုခြင်း။ သွယ်ဝိုက်သော ကတိထားခဲ့လျှင် တန်ဖိုးငွေအားလုံးကို ပေးရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**quarantine (n)** ကူးစက်ရောဂါဖြစ်ပွားနေသော လူနှင့်တိရိစ္ဆာန်များကို သီးခြားဖယ်ထုတ်ထားခြင်း အီတာလျံစကား quarantina မှ ဆင်းသက်လာသည်။

**quarantine leave** ကူးစက်ရောဂါဖြစ်ပွားနေသော ဝန်ထမ်းကိုပေးသောခွင့်ရက်။ ကူးစက်ရောဂါ ကာကွယ်ခွင့်သည် ဝန်ထမ်း၏မိသားစု အတူနေမိသားစု၌ ကူးစက်တတ်သော ရောဂါဖြစ်ပွားသောကြောင့် ဝန်ထမ်းကိုအလုပ်ခွင်သို့ မလာရောက်စေရန် တားမြစ်ထားသောအခါတွင် ခွင့်ပြုသော ခွင့်မျိုးဖြစ်သည်။ သာမန်အားဖြင့် (၂၁)ရက် အထိခွင့်ပြုရန်ဖြစ်ပြီး ထူးခြားသောကိစ္စများတွင် (၃၀)ရက်အထိ ခွင့်ပြုနိုင်သည်။ Fundamental Rules vol II appendix 17)

**quash (v)**ပယ်ဖျက်သည်၊ ချေဖျက်သည်၊ မူလရုံးမှချမှတ်သည့်အမိန့် ကို အထက်ရုံးက သုံးသပ်၍ ပယ်ဖျက်ခြင်း။ quash of proceeding မူလရုံးတွင် စွဲဆိုထားသော အမှုမှာဥပဒေနှင့်ညီညွတ်မှုမရှိ၍ တရားလွှတ်တော်ချုပ် မှ အမှုတွဲကို ပယ်ဖျက်ခြင်း။ ပုန်ကန်သူများကို ချေမှုန်းခြင်း။

**quasi-contract (n)** သဏ္ဌာန်ဆောင်ပဋိညာဉ်။ ပဋိညာဉ်သဘောသက်ရောက်ခြင်း။ ဥပမာ ကားပိုင်ရှင်သည် ၎င်း၏ ကားဘရိတ်ကို ပြုပြင်ပေးရန် ဝပ်ရှော့သို့ အပ်နှံခဲ့သည်။ စက်ပြင်ဆရာမှ ဘရိတ်ကိုပြုပြင်ရာတွင် ဘရိတ်ကို တိုက်ရိုက်ဆက်နွယ်နေသော အစိတ်အပိုင်း တစ်ခုကိုပါထည့်သွင်းပြုပြင်လိုက်သည်။ ဘရိတ်ကို ပြုပြင်ရန်အပ်နှံခြင်းဖြစ်ပြီး အခြားဆက်နွယ်နေသော အစိတ်အပိုင်းအား ပြုပြင်ရန်မပါရှိပေ။ သို့သော် ဘရိတ်ကို ပိုမိုကောင်းမွန်အောင် ထည့်သွင်းပြုပြင်ခြင်းဖြစ်သဖြင့် quasi contract သဘောအရ သွယ်ဝိုက်ပြီး အပ်နှံရာရောက်သဖြင့် ကားပိုင်ရှင်သည် စက်ပြင်ဆရာကို ထိုအတွက်ပါ ပြင်ခပေးရမည်ဖြစ်သည်။

**quasi judicial** တရားရုံးသဘောဆောင်သော စီမံခန့်ခွဲရေးအရာရှိ၏ တရားစစ်ဆေးချက်။ ဥပမာ မြို့ပြဆိုင်ရာငွေရမ်းခကြီးကြပ်ရေးဝန်၏ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရအပ်နှင်းထားသော အာဏာကို ကျင့်သုံးခြင်း။

**quarter-master genral** စစ်ထောက်ချုပ် (AGO)





**quay (n)**သင်္ဘောဆိပ်ကမ်း။ ကုန်းပေါ်တက်ရာလမ်း။

**queen's evidence** တရားလိုဘက်အတွက် တရားခံမှ သက်သေခံချက်ပေးခြင်း။ တနည်းအားဖြင့် တရားခံသည် ၎င်းမှာပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖြောင့်ချက်ပေးပြီး ၎င်း၏ပူးတွဲတရားခံများအပေါ် ဆန့်ကျင်၍ထွက်ဆိုခြင်း။ (အစိုးရသက်သေဖော်ကောင်၏ သက်သေခံချက်လည်း ထို့အတူပင်)သာမန်အားဖြင့် ၎င်း၏ထွက်ဆိုချက်ကို ထောက်ခံသက်သေခံချက်ရှိမှသာ တရားရုံးက စဉ်းစားမည်ဖြစ်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၂၄မှ၃၀) အဘယ်ကြောင့်ဆိုသော် ဖြောင့်ချက်ပေးသူက ၎င်း၏အခန်းကဏ္ဍကို လျှော့ချပြီး ပူးတွဲတရားခံအပေါ်လွှဲချတတ်၍ဖြစ်သည်။

**quell (v)**--နှိပ်ကွပ်နှိမ်နင်းသည်။ ငြိမ်ဝပ်ပိပြားစေသည်။

**query (n)** ဖြေရှင်းရန် အမေးပုစ္ဆာ။ အမှားအမှန်သိရန် မေးခွန်း။ (v)မေးခွန်းထုတ်သည်။

**quest (n)**--ရှာဖွေခြင်း။ စူးစမ်းခြင်း။

**question (n)** မေးမြန်းခြင်း၊ မေးခွန်းထုတ်ခြင်း၊ သက်သေအား တိုက်ရိုက်မေးမြန်းခြင်း၊ အငြင်းပွားသည့်ပြဿနာ၊ ဆုံးဖြတ်ချက်ချရန်ကိစ္စ။

categorical question (leading question) နိမိတ်ပြမေးခွန်းများပေးခြင်း။

cross examination (question)- တစ်ဖက်မှတင်ပြသည့် သက်သေကို တျခ်တစ်ဖက်မှ ပြန်လှန်မေးခွန်းများမေးခြင်း။

direct question - တိုက်ရိုက်စစ်မေးခြင်း။

**question of fact**--အကြောင်းခြင်းရာ ပြဿနာ question of law. ဥပဒေဆိုင်ရာပြဿနာ။

**quia timet**--(latin )နောင်တွင် ကိုယ်ပိုင်အခွင့် အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်နစ်နာနိုင်စရာအကြောင်းရှိလျှင် သက်သာ ရာရ စေခြင်းငှာ တားမြစ်မိန့်ထုတ်ပေးရန် စွဲဆိုမှု။

**quid pro quo** (latin) အပြန်အလှန်အဖိုး စားနား ဖလှယ်သည့်အရာ။ ပစ္စည်းတစ်ခုကို အခြားပစ္စည်းတစ်ခုနှင့်တူညီသောတန်ဖိုးသတ်မှတ်၍ လဲလှယ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**quit enjoyment**--ပစ္စည်းတစ်ခုပေါ်တွင် အနှောက်အယှက်ကင်းစွာ အေးအေးချမ်းချမ်း ရပိုင်ခွင့်။ ဥပမာ မြေရှင်ထံမှ ကုန်လှောင်ရုံတစ်ခုကို ကုမ္ပဏီမှငှားရမ်းခဲ့သည်။ ငှားရမ်းခြင်း စတင်သည့်ကာလတွင် အဆိုပါကုန်လှောင်ရုံတွင် ငှားရမ်းသူတစ်ဦးရှိနေကြောင်းသိရသည်။ ထိုသို့အခြား ငှားရမ်းသူရှိနေသည့်အတွက် ကုမ္ပဏီအနေဖြင့် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများရှိလာခြင်းကြောင့် ကုန်လှောင်ရုံကို အေးအေးချမ်းချမ်းငှားရမ်းရရှိမှုကို ပျက်ပြားစေသည်။

ငှားရမ်းသည့်စာချုပ်ချုပ်ဆိုရာတွင် ငှားရမ်းသည့်အဆောက်အအုံ ဥပစာကို အနှောက်အယှက်ကင်းစွာဖြင့် နေရာလွတ်ကို မြေရှင်မှ ငှားရမ်းခြင်းဖြစ်ကြောင်း စာပိုဒ်ကိုထည့်ချုပ်လေ့ရှိလာပါသည်။

**quit (adj)**-(အကြွေးများ၊ ဆောင်ရွက်ရန်တာဝန်များ၊ လူပုဂ္ဂိုလ်) ကင်းလွတ်သော၊ လွတ်ငြိမ်းသော။ (v) ရပ်စဲသည်၊ ပစ္စည်းပိုင်ဆိုင်မှုကို လက်လွှတ်သည်။ (အိမ်ငှားသည် အိမ်ရှင်ထံမှ ငှားရမ်းခြင်းရပ်စဲသော အကြောင်းကြားစာ (notice to quit) ကို ရရှိသော်လည်း ဖယ်ရှားရန်စိတ်မကူးပေ)

**quitam action** (latin). နိုင်ငံတော်အတွက် သို့မဟုတ် မိမိအတွက် တရားစွဲဆိုခြင်း။အောင်မြင်ခဲ့သော် တရားလိုအနေဖြင့် မှားယွင်းမှုတစ်ခုကို ဖော်ထုတ်နိုင်ခြင်းအတွက်ရရှိမည် ဆုကြေးပေါ်မှရာခိုင်နှုန်းအားဖြင့် ရမည်ဖြစ်ပြီးနိုင်ငံတော်အနေဖြင့်လည်း ရုံပုံငွေရရှိမည်ဖြစ်သည်။

**quittance (n)** ကြွေးမြီတာဝန်သို့မဟုတ် ဆောင်ရွက်ရန်တာဝန်မှ ကင်းလွတ်ခြင်း။ ကြွေးမြီပေးဆပ်ရန် တာဝန်မှကင်းလွတ်ခြင်းအတွက် သက်သေခံစာရွက်စာတမ်း။

**quorum (n)** စီးပွားရေးလုပ်ငန်း အစည်းအဝေးများတွင် အနည်းဆုံးတက်ရောက်ရမည့်ဦးရေ (ကိုရမ်ပြည့်သည်ဟု သုံးနှုန်းလေ့ရှိသည်။) တက်ရောက်ရမည့်လူဦးဦးရေအရေအတွက်ကို ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ ဖွဲ့စည်းပုံစာတမ်း၊ ကုမ္ပဏီစာတမ်း၊ ကုမ္ပဏီလုပ်ထုံးလုပ်နည်းများတွင် ဖော်ပြလေ့ရှိသည်။

**quota (n)** အချိုးကျ၊ ဝေပုံကျခွဲဝေမှု။





**quotation** ရှယ်ယာငွေချေးစာချုပ်များ ဈေးနှုန်းကို စတော့ဈေးကွက်တွင် တရားဝင်ဖော်ပြပေးခြင်း။ အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများကိုသာ ရှယ်ယာရှင်များ သိရှိနိုင်ရန်ဖော်ပြချိတ်ဆွဲပေးခြင်း ဖြစ်သည်။ စတော့ သို့မဟုတ် ငွေချေးစာချုပ်ပေါက်ဈေး။

**quo warranto** (latin)---အာဏာပိုင်မေး စာချွန်လွှာအမိန့်။ ရာထူးတစ်ခုခု (အစိုးရဌာန/ ကုမ္ပဏီ)တွင်ဖြစ်စေ၊ တောင်းဆိုချက် ဖြစ်စေ၊ မတရားသိမ်းပိုက်ထားလျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရသည် ဖြစ်စေ၊ လွတ်လပ်ခွင့်တွင်ဖြစ်စေ မည်သူသည် မည်သည့်အကြောင်းကြောင့် အထက်ပါ အခွင့်အရေးများကို ရယူခြင်းဖြစ်ကြောင်း ရုံးတော်က ကျေနပ်အောင် တင်ပြရန် ထုတ်ပြန်သော စာချွန်တော်။ မတင်ပြနိုင်ပါက ဤစာချွန်အမိန့်ဖြင့် ၎င်းအားထိုရာထူးကို အခွင့်အရေးမှ ဖယ်ရှားရန်ဖြစ်သည်။

**q.v** (abbr. latin quod vide) အပြန်အလှန်ညွှန်းဆိုခြင်း။ cross referencing.



www.burmeseclassic.com

www.burmeseclassic.com

# R

**race (n)** လူမျိုးအနွယ်မျိုးနွယ်စု၊ ဘိုးဘွားစဉ်ဆက် မျိုးရိုးဇစ်မြစ်။

**racism (n)** လူမျိုးရေးခွဲခြားမှုဝါဒ၊ မျိုးရိုးမြင့်မှ အထက်တန်းကျသည်ဟု ယုံကြည်သောဇာတ်ဝါဒ။ အခြားလူမျိုးများကို မတရားဖော်ကားဆက်ဆံခြင်း။

racial discrimination-- အသားအရောင် လူမျိုးဘာသာစကား၊ နိုင်ငံသား သို့မဟုတ် မျိုးနွယ်စုအပေါ် အခြေခံ၍ခွဲခြားဆက်ဆံခြင်း။

racial harassment---လူမျိုးရေးအကြမ်းဖက်မှု။

racial hatred--- လူမျိုးရေးမုန်းတီးမှု။

racist abuse----လူမျိုးရေးအကြမ်းဖက်မှု။

**rack (n)**-တရားခံမှဖြောင့်ချက်ပေးလာရန် ညှင်းပန်းနှိပ်စက်ခြင်း။

**racket (n)** စနစ်တကျဖွဲ့စည်းထားသော ပြစ်မှုကျူးလွန်မှု၊ ဥပမာ ခြိမ်းခြောက်၍ ကြောက်အောင်တမင်ပြုလုပ်ပြီး ငွေတောင်းယူမှု (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၃)။ မရိုးမဖြောင့်သော သဘောလှည့်ဖျားသော သဘောအစီအစဉ်ချ၍ ပြုလုပ်မှုသို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု။





**racketeer (n)** ခြိမ်းခြောက်လိမ်လည်၍ ငွေတောင်းယူသူ။ လိမ်လည်စီးပွားရှာသူ racketeering တရားမဝင်လုပ်ငန်းဖြင့် အသက်မွေးမှု။ ဥပဒေဆောင်ပြင်ပမှ လုပ်ကိုင်ချက်များ၊ ဥပမာ အဂတိလိုက်စားခြင်း၊ ငွေမဲခဝါချခြင်း၊ ပြည်တန်ဆာလုပ်ငန်းလုပ်ကိုင်ခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်း။ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်း (ပြစ်မှုများကို လုပ်ငန်းတစ်အနေဖြင့် ကျူးလွန်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကြီး)

၎င်းလုပ်ငန်းကြီးကို ပိုင်ဆိုင်ကြိုးကိုင်သူများမှာ ဥပဒေနှင့် မညီသောကိစ္စများကို ဆောင်ရွက်နေကြသူများဖြစ်ခြင်း။

**rack-rent** လိုအပ်သည်ထက်ပိုလွန်သော သို့မဟုတ် တရားလွန်ဖြစ်သော တနှစ်စာငှားရမ်းခ နီးနီးရှိသည့် မြင့်မားသောငှားရမ်းခ။

**raid (n)**-ရုတ်တရက်ဝင်ရောက် တိုက်ခိုက်ခြင်း၊ စစ်ဆေးခြင်း။ ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်း စီးနင်းခြင်း။

**rain maker (n)** မိတ်ဆွေအဆက်အသွယ်ကောင်း များစွာရှိသဖြင့် ရှေ့နေလုပ်ငန်းတွင် အောင်မြင်သူ။

**raise (v)**ပမာဏ သို့မဟုတ် တန်ဖိုးကို မြင့်တက်စေသည်။ (စက်မှုကုန်များတန်ဖိုးတက်လာသည်။) စုဆောင်းခြင်း၊ တိုးပွားလာခြင်း (အလှူငွေများတိုးပွားလာခြင်း) ဆွေးနွေးမှု သို့မဟုတ်အပေးအယူကို ဖြစ်ပေါ်စေသည်။ ရှေ့သို့ဆက်လက်တင်ပြသည်။ (အမှုသည်များက ၎င်းတို့၏အဆိုအချေတွင် အငြင်းထွက်မှုကိုတင်ပြသည်။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းပါ ငွေတန်ဖိုးကို လိမ်လည်ရန်ရည်ရွယ်ပြီး မြှင့်တင်ပြင်ဆင်တောင်းခံခြင်း။)

**ranger (n)** သစ်တောဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ထမ်း။ တောခေါင်း။ ကွန်မန်ဒိုတပ်ဖွဲ့။

**rank (n)** ရာထူးအဆင့်အတန်း (v) တန်းစီသည်။

**ransom (n)** တစ်ဦးတစ်ယောက်ကို ငွေရရှိရန်ဖမ်းဆီးပြီး ထိုသူပြန်လွတ်ရန်အတွက်ပေးရသည့်ငွေ။ ပြန်ပေးအားပေးရသည့်ငွေ။

**ransom bill** ဖမ်းဆီးခံရသော သင်္ဘောနှင့်ကုန်များကို ပြန်ပေးရန်အတွက် ပင်လယ်ဓားပြများအား ပေးရသည့်ငွေ။



www.burmeseclassic.com

www.burmeseclassic.com



**rape (v) (n).** မုဒိန်းမှု မုဒိန်းကျင့်ခြင်း၊ အဓမ္မပြုခြင်း၊ မုဒိန်းကျင့်သည်။ လင်ဖြစ်သူက ဇနီးဖြစ်သူကို ခွင့်ပြုချက်မရဘဲ အင်အားသုံး၍ စပ်ယှက်ခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅)

rape of the forest--သစ်တောကို အကြမ်းဖက်ကျော်နင်းမှု။

rap sheet (slang)--တရားခံတစ်ယောက်၏ မှုခင်းမှတ်တမ်း။

**rapin (n)**--အဓမ္မယူငင်ခြင်း၊ လုယက်ခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၀၊ ၃၉၂)

**rash (adj)**--အရမ်းပြုလုပ်သော၊ မဆင်မခြင်ပြုလုပ်သော။

**ratable (adj)**---အချိုးကျ (ratable distribution အချိုးကျခွဲဝေခြင်း) စွမ်းဆောင်နိုင်သော၊ မှန်းဆချက်။ အခွန်စည်းကြပ်နိုင်သော။ မြေယာ၏ လက်ရှိပေါက်ဈေးပေါ်တွင် အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း။

ratable value အခွန်ကောက်ရန်အတွက် ပစ္စည်းတန်ဖိုး။

**rate (n)** နှုန်းထား။ အကောက်ခွန်နှုန်း rate of exchange. နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား။

**ratification (n)**--- အတည်ပြုခြင်း။ ယခင်က ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ သဘောတူညီခြင်း။ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းပြုလုပ်နိုင်သည်။ အရွယ်မရောက်သေးသူနှင့် ပြုလုပ်သောပဋိညာဉ်သည် အတင်းအကြပ်လိုက်နာဆောင်ရွက်ရန် မပြုလုပ်နိုင်သော်လည်း ထိုသူအရွယ်ရောက်လာသည့်အခါ ဥပဒေအရ အတည်ပြုနိုင်သည်။ သို့မဟုတ် ပဋိညာဉ်ကို တစ်စုံတစ်ရာလိုက်နာခြင်း မပြုဘဲ အတည်ပြုရန်ငြင်းဆိုနိုင်သည်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၁)

x သည် z ၏ ကိုယ်စားလှယ်အနေဖြင့် y နှင့် ပဋိညာဉ်တစ်ရပ်ကို ချုပ်ဆိုသည်။ သို့သော် x ကို ပဋိညာဉ်စာချုပ်ချုပ်ဆိုရန် z က အာဏာအပ်နှင်းထားခြင်း မရှိပေ။ ထိုသို့ဖြစ်သော်ငြားလည်း z အနေဖြင့် ထိုပဋိညာဉ်အတည်ပြုခြင်း၏ အကျိုးဆက်ကို လက်ခံနိုင်သည် တစ်နည်းဆိုသော် မိမိအစားသူတစ်ပါးပြုထားသည်ကို လက်ခံနိုင်ခြင်းဖြစ်သည်။





**ratio decedendi**--(latin). ဆုံးဖြတ်ချက်ချ မှတ်ရာတွင် အကြောင်းပြချက်၊ အမှုတည်ဆောက်ရာတွင် အခြေခံအချက်။

**ratio legis.**---(latin)ဥပဒေကို ကျင့်သုံးရာတွင် အကြောင်းပြချက်။

**rational (n)**---ဆင်ခြင်တုံတရားနှင့်ညီသည့်အကြောင်း (adj) ကျိုးကြောင်းဆင်ခြင်မှုနှင့် ယှဉ်သော။

**ravish (v)**--- ယေဘုယျအားဖြင့် မုဒိန်းမှုနှင့်သံတူကြောင်းကွဲ။ အင်အားသုံး၍ ဖမ်းဆီးခြင်း သို့မဟုတ် လုမ်းဆွဲခြင်း။ အနိုင်အထက်ကာမရယူသည်။

**re (prep)**---ပတ်သက်စပ်လျဉ်း၍၊ ရည်ညွှန်း၍။

**real property**---(မြေယာ) မြေ၊ မြေတွင်စွဲကပ်ထားသော အဆောက်အအုံ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း။

**real estate.**-- မြေတွင် ဖြစ်နိုင်ဘွယ်ရာ အကျိုးစီးပွားအားလုံး။ သို့သော် ရွှေ့ပြောင်းနိုင်သော ပစ္စည်းသက်သက်၏ အကျိုးစီးပွားမပါဝင်။

**real security** ပစ္စည်းအပေါ်အာမခံ။ ပေါင်နှံခြင်း။ ဘိုးဘွားပိုင်မြေပေါ်တွင် မြေငှားခ ကျသင့်ငွေအတွက်အာမခံ။ မြေနှင့်စပ်လျဉ်း၍ ပြုလုပ်သော အာမခံခြင်းများ၊ ခံဝန်ချုပ်များ မြေယာနှင့်စပ်လျဉ်းသည့်အပေါင်စာချုပ်

**real evidence** အမှုတွင် အငြင်းထွက်အကြောင်းခြင်းရာနှင့် စပ်ဆိုင်သောပစ္စည်းကို သက်သေမှုရှင်းလင်းတင်ပြနေခြင်းထက် အဆိုပါပစ္စည်းကို ရုံးတော်မှစစ်ဆေးကြည့်ရှုနိုင်ရန် သက်သေခံအဖြစ် တင်သွင်းခြင်း။ စစ်ဆေးကြည့်ရှုရန်အတွက် သက်သေခံအဖြစ် တင်ပြသည့်ပစ္စည်းတွင် လူသတ်ရာတွင် အသုံးပြုသော လက်နက်များဓာတ်ပုံများ အသံဖမ်းထားသော တယ်လီဖုန်းအပြန်အလှန်ပြောဆိုမှုများပါဝင်သည်။ real evidence သည် demonstrative evidence အမျိုးအစားတစ်ခုဖြစ်သည်။

**realization (n)** ထုခွဲ၍ရယူခြင်း။ ရောင်းချရန် အဖိုးစားနားရယူခြင်း။ ငွေသားဟုတ်သည့် ပိုင်ဆိုင်သည့် ပစ္စည်းများကို ငွေသားအဖြစ် ထုခွဲခြင်း။

gain or loss realized. ပိုင်ဆိုင်သည့်ပစ္စည်းအပေါ်တွင် ဝယ်ဈေးနှင့် ရောင်းဈေးခြားနားချက်ကြောင့် အရှုံးအမြတ်ပေါ်ပေါက်ခြင်း။ ဥပမာ အခွန်ထမ်းတစ်ဦးသည် စတော့ရှယ်ယာတစ်ခုကို ၅ ဒေါ်လာနှုန်းဖြင့် ဝယ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)နှစ်ခန့်ကြာသောအခါ အဆိုပါစတော့ကို ထုတ်ရောင်းရာ ၁၅ ဒေါ်လာရသည်။ အခွန်ထမ်းသည် ပိုင်ဆိုင်ပစ္စည်းကို ထုတ်ရောင်းရာတွင် တစ်ခုလျှင် (၁၀)ဒေါ်လာအမြတ်ထွက်ပေါ်လာသည်။ ထို့ကြောင့် အခွန်ထမ်းဆောင်ရာတွင် စုစုပေါင်း အမြတ်ငွေပေါ်တွင် အခွန်ဆောင်ရမည်ဖြစ်သည်။

အကယ်၍ ထုတ်ရောင်းရာတွင် စတော့တစ်စောင်လျှင် (၁)ဒေါ်လာသာ ရမည်ဆိုပါက (၄)ဒေါ်လာအရှုံးပေါ်နေသည် အခွန်တွက်ချက်ရာတွင် အဆိုပါ အရှုံးငွေကို အခွန်ထမ်းဆောင်ရမည့် ဝင်ငွေထဲမှ ထုတ်နုတ်ပြီး တွက်ချက်ရမည်။

**realty (n)**---မရွှေ့မပြောင်းနိုင်သောပစ္စည်း မြေပေါ်အကျိုးခံစားခွင့်။ real property နှင့် တူညီသည်။

**real action**---မရွှေ့မပြောင်းနိုင်သော မြေ၊ လယ်၊ မြေ အဆောက်အဦး နှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်ရလိုမှု။

**real wrong**---မြေယာကို ထိခိုက်နစ်နာစေမှု An injury to the free hold.

**re-appointment**---re-appointment of an employee ဆိုလျှင် အနားယူထားပြီးဖြစ်သည့် ထိုအလုပ်သမားအား အလုပ်တွင် ထပ်မံခန့်ထားခြင်း နောက်တစ်ကြိမ်ခန့်ထားခြင်းဖြစ်သည်။

**reasonable (adj)**---ကျိုးကြောင်းဆင်ခြင်တတ်သော၊ သင့်လျော်သော၊ ယုတ္တိရှိသော၊ ယုတ္တိတန်သော လျော်ကန်သင့်မြတ်သော။

**reasonable care**—သာမန်လူတစ်ဦးတစ်ယောက်တွင် ရှိသင့်ရှိထိုက် သော ဂရုစိုက်မှု သတိတရား။

**reasonable doubt**---တရားခံအပြစ်ကျူးလွန်ကြောင်း သေသေချာချာ ထင်ရှားသိမြင်စေခြင်း မရှိသည့် သံသယဖြစ်စေမှု။ သို့မဟုတ် တရားခံသည် ပြစ်မှုကျူးလွန်မည် မဟုတ်ဟု အမှန်တကယ် ယုံကြည်ဖွယ်ရှိခြင်း။ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းသည့် သက်သေခံချက် (beyound the reasonable doubt) ရှိမှသာ အပြစ်ပေးရန်ဖြစ်သည်။ ဥပမာ လူဆိုးသည် သေသူကိုဓားဖြင့်ခုတ်သည်။ သက်သေ A ကို မကြည့်နဲ့ဆိုပြီး ဝပ်ထားခိုင်းသည်။ ဤကဲ့သို့ အလွန်ကြောက်ရလွန်းသော အခြေအနေမျိုးတွင် သက်သေ A က လူဆိုး၏ မျက်နှာကို မီးရောင်ဖြင့် မြင်လိုက်ရပါသည်ဟု ထွက်ဆိုခြင်း





မှာ ယုတ္တိမရှိဟု ယူဆသည်။ × × သေဒဏ်ထိုက်သော အမှုတို့တွင် သက်သေ တစ်ဦးတည်း၏ ထွက်ချက်ကို အထူးသဖြင့် ဝေဖန်ဆန်းစစ်ရန်ရှိသည်။ × × သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတစ်ဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ မသင့်လျော်ပေ။ ပြင်ပဥ္စအမှုမှန်သည် မှားသည်ကို ထည့်သွင်း မစဉ်းစားဘဲ တရားရုံးတော်ရှေ့မှောက်တွင် ထွက်ဆိုသော သက်သေခံချက်များ အပေါ်၌မူတည်၍ ၎င်းသက်သေခံချက်များကို ချိန်းဆပြီး တရားခံအားပြစ်ဒဏ် ချမှတ်ရသဖြင့် ထိုသက်သေခံချက်တွင် သံသယဖြစ်ပေါ်စေရန် အချက်အလက် များရှိပါက သံသယ၏အကျိုးကို တရားခံသာ ခံစားခွင့်ရှိသည်။ မောင်တင်မြ နှင့်ပထစ ၁၉၆၆ ပထစ (ရုံးချုပ်)၆၄၄

**reasonable despatch**--သင့်လျော်သော အမြန်နှုန်း (AGO)

**reasonable excuse**--- ခွင့်လွှတ်ရန်သင့်လျော်သော အကြောင်းပြချက်။

**reasonable force**-- မိမိကိုယ်ကို ကာကွယ်ရန်နှင့် မိမိ၏ပစ္စည်းကို ကာကွယ်ရန်အင်အားကို လိုသည်ထက်ပိုမသုံးဘဲ သင့်တော်သော အင်အား ကို သုံးခြင်း (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၇)

ဥပမာ မိတ်ဆွေဖြစ်သူနှင့် စကားပြောရင်းရန်ဖြစ်ကြရာတွင် မိတ်ဆွေဖြစ်သူက လက်သီးနှင့်ထိုးသောကြောင့် ဓားဖြင့်ပြန်ထိုးခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးချခဲ့ခြင်းဖြစ်သည်။ (မောင်စံထွန်းနှင့် ပထစ ၁၉၆၆ မတစ ၄၄၁)

**reasonable speed**----မော်တော်ယာဉ်တစ်စင်းကို အန္တရာယ်ကင်းရှင်းစွာ ဖြင့် မောင်းနှင်နိုင်သော အရှိန်နှုန်း။ ထိုအရှိန်နှုန်းတွင် ထည့်သွင်းစဉ်းစား ရမည်မှာ မော်တော်ကားလမ်း၏ လမ်းကြောအခြေအနေနှင့် အခြားပတ်ဝန်းကျင် အခြေအနေများ၊ ဥပမာ မိုးသည်းထန်စွာ ရွာသွန်းနေခြင်း၊ ဆီးနှင်း ထူထပ်စွာကျနေခြင်း၊ မြူဆိုင်းနေခြင်း၊ လမ်းကြောတွင် ယာဉ်များရှုတ်ထွေး ထူထပ်နေခြင်း၊ မိမိမောင်းနှင်သော မော်တော်ယာဉ်၏ စက်အခြေအနေကြံ ခိုင်မှု သို့မဟုတ် ရှေ့မြင်ကွင်းတို့ကို မော်တော်ယာဉ်မောင်းနှင်နေစဉ်ထည့်သွင်း စဉ်းစားရမည်။ လမ်းဘေးတွင် စိုက်ထူထားသော အမြန်နှုန်းသတိပေး မိုင်နှုန်း ထက်များသောအားဖြင့် လျှော့နည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



**reasonable time**---သင့်တော်လျှောက်ပတ်သည့် အချိန်ကာလ။ မျှော်မှန်းထားသော အခြေအနေတစ်ရပ်ပေါ်တွင် အခြေခံ၍ ပဋိညာဉ်ပါတောင်းဆိုချက်ကို ဆောင်ရွက်ရန်လိုအပ်သည့် အချိန်။

**reassurance (n)**--ထပ်မံစိတ်ချရလောက်အောင်ပြုခြင်း၊ ယုံကြည်စိတ်ချရမှုပြန်လည်ရရှိအောင်ပြုခြင်း။ တရားခံအပေါ်အာမခံထားသူတစ်ဦးက ရုပ်သိမ်းသွားသည့်အခါ တရားခံက တရားရုံး၏ယုံကြည်စိတ်ချရမှု ရစေရန်အခြားအာမခံသူတစ်ဦးကို အစားထိုးပေးခြင်း။

**rebate (n)**---ရောင်းချသည့်ဈေးပေါ်တွင် လျှော့ပေးငွေသို့မဟုတ် နှုတ်ပေးခြင်း။ တစ်ဆင့်ခံကန်ထရိုက်တာက မူလကန်ထရိုက်တာကြီးသို့ လျှော့နှုန်း (discount) ပေးခြင်းမှာ တရားမဝင်ပါ။ လျှော့နှုန်းပေးခြင်း၊ နှုတ်ပေးခြင်း။

**rebut (v)**— ပြန်လည်ချေပသည်။ ဆင်ခြေပြင်ငြင်းဆိုသည်။ သက်သေခံချက်၊ လျှောက်လဲချက် သို့မဟုတ် ဆန့်ကျင်သက်သေပြခြင်းဖြင့် ငြင်းဆိုခြင်း၊ ဆန့်ကျင်ခြင်းသို့မဟုတ် ပြန်လည်ချေပခြင်း အဆိုကိုချေပခြင်း၊ ဆန့်ကျင်ခြင်း၊ ပြန်လှန်သက်သေပြခြင်း၊ ပြန်လှန်လျှောက်လဲခြင်း။

**rebuttal (n)**——တရားရုံးတွင် တစ်ဖက်အမှုသည်၏ တင်ပြသော သက်သေခံချက် (သို့)လျှောက်လဲချက်ကို တစ်ဖက်မှဆန့်ကျင်ခြင်း ချေပခြင်း။ အမှုသည်တစ်ဦးကို ဆန့်ကျင်သက်သေခံတင်ပြရန် သို့မဟုတ် ချေပလျှောက်လဲချက်ပေးရန် အချိန်ပေးခြင်း။

**rebuttable presumption**——တစ်ဖက်အမှုသည်က အမှုကိုမြင်သာ သောအထောက်အထားရစေရန်စိတ်ချရသော အကြောင်းအချက်များမှ ကောက်ချက်ထုတ်ထားခြင်းကို ဆန့်ကျင်ဘက်သက်သေတင်ပြနိုင်ခြင်းဖြင့် လွှမ်းမိုးသွားနိုင်ကြောင်း မှတ်ယူခွင့်ရခြင်း။

**rebuttal witness**--တရားရုံးတွင် တင်ပြထားသော သက်သေခံအချက်များကို တစ်ဖက်အမှုသည်မှ ဆန့်ကျင်ထွက်ဆိုရန်ခေါ်ထားသည့်သက်သေ။

rebuttal evidence.---ချေပသည့် သက်သေခံချက်။ သက်သေတစ်ဦးသို့မဟုတ် ဆန့်ကျင်ဖက်အမှုသည်က တင်ပြသောသက်သေခံချက်အပေါ် ချေပငြင်းဆိုခြင်း ပြန်လှန်ကန့်ကွက်ခြင်း၊ ရှင်းလင်းတင်ပြခြင်း။ ချေပသည့်သက်





သေခံချက်များသည် အခြားသက်သေခံချက်များကို ဆန့်ကျင်ရန်အဆိုပြုခြင်းသို့မဟုတ် အကြောင်းခြင်းရာအပေါ် ဥပဒေရေးရာအပေါ် ယူဆချက်ကို ချေဖျက်ရန် တင်ပြသည့်သက်သေခံအထောက်အထား။

**recall (n)**---မဲအများစုဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ၎င်း၏တာဝန်မှ ရုပ်သိမ်းခြင်း။ ကုန်ထုတ်လုပ်သူမှ စားသုံးသူများကို ၎င်းတွင် ဝယ်ယူထားသော ကုန်များ၌ ချို့ယွင်းမှုရှိနေ၍ ပြုပြင်ရန်နှင့်အစားထိုးပေးရန်အတွက် ပြန်ပို့ပေးရန် မေတ္တာရပ်ခံခြင်း။ ဥပမာ မော်တော်ကား အားတွင် ဘရိတ် စနစ် ချို့ယွင်းချက်များ ရှိနေကြောင်း စစ်ဆေးတွေ့ရပြီးနောက် ဝယ်ယူထားသူများလက်ဝယ်ရှိ ကားများ ကို ကုမ္ပဏီမှပြန်သိမ်းခြင်း။

**recall witness**---ပြန်ခေါ်သက်သေ။ ဝါရမ်းမှုများတွင် တရားလိုဘက်မှ တင်ပြသည့်သက်သေများကို တရားခံကပြန်လှန်စစ်မေးခြင်း ပြုလုပ်ပြီးသော်လည်း စွဲချက်တင်ပြီးသည့်နောက် စစ်ဆေးပြီးတရားလိုပြသက်သေများကို ပြန်လည်ခေါ်ယူ၍ စစ်ဆေးလိုက စစ်ဆေးနိုင်ခွင့်ရှိသည်။

(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁))

**recaption (n)**--မိမိပိုင်ပစ္စည်းကို မတရားရယူသွားခြင်းခံရရာတွင် ဥပဒေကြောင်းအရ အကူအညီမယူဘဲ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ပြန်လည်ရယူခြင်း။

**recapture (v)**---ပြန်လည်ဖမ်းဆီးသည်။

**receipt (n)**---လက်ခံရရှိခြင်း၊ ရရှိငွေ၊ ပြေစာ၊ ငွေရပြေစာ၊ ငွေသို့မဟုတ် ပစ္စည်းကို လက်ခံရရှိကြောင်း ရေးသားလက်မှတ်ရေးထိုးထားသည့်ပြေစာ။

**receivable (adj)**----ရရန်ရှိသော၊ လုပ်ငန်းမှ ဖောက်သည်များသို့ ငွေတောင်းခံလွှာပေးပို့ပြီးဖြစ်သော်လည်း မရသေးသောငွေများ၊ ရရန်ရှိစာရင်း

**receiver (n)** ပစ္စည်းထိန်း။ တရားရုံးက အမှုစစ်ဆေးရာတွင် တရားမျှတ၍ အဆင်ပြေမှုရှိမည်ဟု ထင်မြင်ပါက စီရင်ချက် သို့မဟုတ် ဒီကရီမချမီဖြစ်စေချပြီးမှဖြစ်စေ ပစ္စည်းတစ်ခုတစ်ရာနှင့် စပ်လျဉ်း၍ပစ္စည်းထိန်းခန့်ထားနိုင်သည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၄၀နည်းဥပဒေ ၁(၁))

မြီစားတစ်ယောက်အား ကြွေးမဆပ်နိုင်၍ လူမွဲအဖြစ်အမိန့်ချချိန်တွင် သို့မဟုတ် အမိန့်ချခြင်းနောက်တွင် ထိုလူမွဲ၏ပစ္စည်းများကို ထိန်းသိမ်းရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပစ္စည်းထိန်းတစ်ယောက်ခန့်ထားနိုင်သည်။ (မြန်မာနိုင်ငံလူမွဲဥပဒေ ပုဒ်မ ၅၆)ပုဒ်မ ၆၉ အရ ရောင်းချခွင့်ကို အသုံးပြုပိုင်ခွင့်ရှိသော အပေါင်ခံသူသည် ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များကို ထောက်ထားလျှက် မိမိကဖြစ်စေ၊ မိမိကိုယ်စားဖြစ်စေ စာဖြင့်ရေးသား၍ အပေါင်ပစ္စည်း သို့မဟုတ်ပစ္စည်း၏ တစ်စိတ်ဒေသ၏ဝင်ငွေအပေါ် ပစ္စည်းထိန်းခန့်အပ်နိုင်သည်။ ဤပစ္စည်းထိန်းသည် တရားမကျင့် ထုံးဥပဒေအမိန့် ၄၀နည်း ၁ အရ ခန့်အပ်သော ပစ္စည်းထိန်းနှင့် မတူဘဲ ၎င်းကို အပေါင်ခံသူက ခန့်အပ်ခြင်းဖြစ်ပြီး ခန့်အပ်ထားသော ပစ္စည်းထိန်းသည် ပေါင်နှံသူ၏ ကိုယ်စားလှယ်ဖြစ်သည်။

(ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆၉-က(၁)

ပြစ်မှုများနှင့်စပ်လျဉ်း၍ ခိုးရာပါပစ္စည်းကို သိလျက်နှင့်လက်ခံသူ

**receivership (n)**---ပစ္စည်းထိန်း၏ စီမံခန့်ခွဲမှုအောက်တွင် ရောက်ရှိနေသည့်အခြေအနေ။ ဥပမာ A coသည် မြီရှင်များစွာကို ကြွေးများပေးရန်ရှိနေပြီး ၎င်းမှာပျမ်းမျှ အရောင်းစာရင်းကိုသာ ပြသနိုင်သည့်အနေအထားရှိနေသည်။ A co ကို ပစ္စည်းထိန်း၏ စီမံခန့်မှု အောက်သို့ထားရှိလိုက်သည်။ တရားရုံးက ပစ္စည်းထိန်းတစ်ဦးကိုခန့်အပ်ပြီး A co ၏ အသုံးစရိတ်များနှင့် ပစ္စည်းများကို စာရင်းကောက်ယူစေသည် တစ်ချိန်တည်းမှာပင် မြီရှင်များက ၎င်းတို့ရရန်ရှိသော ကြွေးမြီထဲမှ တစ်စိတ်တစ်ပိုင်းကို လက်ခံရယူပြီး ကျန်ကြွေးများကို ဖျက်သိမ်းပေးနိုင်သည်။

**receiving order**----လူမွဲခံယူသော အမှုစစ်ဆေးနေစဉ်အတွင်း မြီစား၏ပစ္စည်းများကို တရားရုံးကခန့်အပ်သော ပစ္စည်းထိန်း၏ စီမံ ခန့်ခွဲမှုအောက်တွင်ထားရန်အမိန့် ထုတ်ခြင်း။ ပစ္စည်းထိန်းက ပစ္စည်းများကို လက်ခံသိမ်းပိုက်ပြီး အမြန်ဖြေရှင်းကာ ကြွေးများကိုပေးဆပ်စေသည်။

**recent (adj)**--မကြာသေးမီကဖြစ်သော၊ လတ်တလောဖြစ်သော။

**reception (n)**--မြို့နယ်တစ်ခုတွင် စီရင်ပိုင်ခွင့် တစ်ချို့ရှိပြီး အခြားမြို့နယ်များတွင်လည်း စီရင်ပိုင်ခွင့်ရှိရာ တရားမကျင့်သုံးဥပဒေနှင့်အညီ တရားလိုရွေးချယ် စီရင်ပိုင်ခွင့်ဒေသကို တရားပြိုင်ကလက်ခံခြင်း။





**recess (n)**--တရားခွင်ခေတ္တရပ်နားခြင်း (နေ့လည်ထမင်းစားချိန်ခေတ္တရပ်နားခြင်း) လွှတ်တော်အစည်းအဝေးတစ်ခုကျင်းပပြီးချိန်တွင် နောက်အစည်းအဝေးမကျင်းပမီစပ်ကြားခေတ္တရပ်နားခြင်း။

**resession (n)**--ပယ်ဖျက်နှုတ်သိမ်းခြင်း။ သိမ်းပိုက်နယ်မြေပြန်ပေးခြင်း၊ စီးပွားရေးကျဆင်းမှု၊ (၂လ၊ ၃လ)ကာလအတွင်း ဆက်တိုက်ကျဆင်းခြင်း။

**recidivism (n)**--ပြစ်မှုကျူးလွန်သည့်ဘက်သို့ ပြန်၍ဦးတည်ခြင်း။ 'ပြစ်မှုကျူးလွန်ကျူးသည့်အလေ့အထ သို့မဟုတ် အကျင့်ဆိုးပြန်ကျင့်ခြင်း။

**recidivist (n)**--ဒုတိယအကြိမ်ပြစ်မှုကျူးလွန်လေ့ရှိသူ (သို့မဟုတ်)အမြဲတစေ ပြစ်မှုကျူးလွန်လေ့ရှိသူ။

**reciprocal (adj)**----အတုံ့အလှဲ့ အပြန်အလှန်။

reciprocal dealing-ဝယ်သူနှင့်ရောင်းသူ။ ရောင်းသူနှင့် ဝယ်သူတို့ကုန်ပစ္စည်းများကို အပြန်အလှန်အားပေးဝယ်ယူခြင်း။

**resiprocity (n)**အတုံ့အပြန်ပြုခြင်း။ လုပုဂ္ဂိုလ်များ၊ ကော်ပိုရေးရှင်းများ၊ နိုင်ငံများ၊ တိုင်းပြည်များ တစ်ဦးနှင့်တစ်ဦးအကြား တစ်ဖက်မှဦးစားပေးမှုရှိခဲ့လျှင် ကျန်တစ်ဖက်မှလည်း အပြန်အလှန်တုံ့ပြန်မှုရှိသည်။ စီးပွားရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနယ်ပယ်တွင် အပြန်အလှန်ဆောင်ရွက်သည့် ကိစ္စသည် မျှတသော ကုန်သွယ်မှုဟုခေါ်သည်။ (fair trade, bagger-my-neighbour policy စသဖြင့် ခေါ်ဝေါ်သည်။

**recital (n)**--- ပဋိညာဉ် သို့မဟုတ် စာချုပ်တွင်စာချုပ်ချုပ်ဆိုရခြင်း၏ နောက်ခံအကြောင်း အချက်များကို ပဏာမရှင်းလင်းပြဆိုသည့် အချက်များ။

**reckless (adj)**---ဂရုမစိုက်သော၊ အလေးမထားသော၊ မဆင်မခြင်ပြုလုပ်သော တာဝန်ကိုပေါ့လျော့သော။

**reckless disregard**----ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို ဂရုမစိုက်၊ အလေးမထားသော ပြုလုပ်မှု။ ဥပမာ မောင်နီသည် ဗျောက်အိုးကို အထုပ်လိုက်မီးရှို့ပြီး လူအုပ်အတွင်းပစ်ထည့်လိုက်သည်။ သူ၏လုပ်ရပ်သည် ထိခိုက်နာကျင်မှုဖြစ်နိုင်မဖြစ်နိုင်ကို ဂရုမထား။ အကယ်၍ တစ်ဦးတစ်ယောက်နာကျင်မှုဖြစ်စေခဲ့သော် ဥပဒေအရ အရေးယူခြင်းခံရမည်။ (သေနတ်ဖြင့်အမှောင်အတွင်း ရမ်းသန်းပစ်ရာ လူကိုထိမှန်ဒဏ်ရာရစေခြင်း။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈)



www.burmeseclassic.com

www.burmeseclassic.com



**reclamation (n)**—စီးပွားရေးအရအသုံးမချနိုင်သည့် မြေလွတ်မြေရိုင်း များကို တန်ဖိုးမြင့်တက်လာစေရန် ပြုပြင်ခြင်း။ (မြေရိုင်းများကို တောခုတ်ရှင်း လင်းခြင်း မြေညှိခြင်း ရေသွယ်မြောင်းများ ဖောက်ပေးခြင်း) ဝယ်သူထံသို့ ကုန်များတင်ပို့ပေးလိုက်သော ရောင်းသူသည်၊ ထိုဝယ်သူ လူမွဲခံယူသွားအခါ ပို့လိုက်သည့်ကုန်များကို ပြန်သိမ်းရန် အခွင့်အရေးမှာ အကန့်အသတ်နှင့် သာရှိခြင်း။ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးရှိသောအရာများ ပြန်ထုတ်ခြင်း။

**recognition (n)** အသိအမှတ်ပြုခြင်း၊ ဂရုပြုလေးစားခြင်း။

**recognise (v)** အသိအမှတ်ပြုသည်၊ မှတ်မိသည်။

**recognizance (n)** ကြွေးမြီရှိခြင်း အသိအမှတ်ပြုခြင်း၊ (acknowledgement of indebtedness) တစ်ဦးတစ်ယောက်က တစ်စုံတစ်ရာကို ဆောင်ရွက်ရန် သို့မဟုတ် အခြေအနေကိုစောင့်ကြည့်ရန် တရားရုံးကခေါ်သည့်အခါ လာရန် အကြွေးပေးရန်နှင့် အေးအေးချမ်းချမ်းနေထိုင်ပါမည်ဟု တရားရုံးတွင် ချုပ်ဆိုသည့်ခံဝန်ချုပ်။ အာမခံစာချုပ်။

**recollection (n)** ပြန်လည်အမှတ်ရစေခြင်း၊ ပြန်လည်သတိရစေခြင်း။

**recompense** ပြန်လည်ပေးဆပ်ခြင်း၊ လျော်ကြေးပေးခြင်း သို့မဟုတ် တစ်စုံတစ်ရာ အကြောင်းအတွက် (ထိခိုက်ခြင်း၊ ဆုံးရှုံးခြင်းအတွက်) ပြန်လျော်ပေးခြင်း။

**reconcilation** ပဋိပက္ခဖြစ်နေသော လူပုဂ္ဂိုလ်များအကြားပြန်လည်သင့်မြတ်စေခြင်း။ တရားလိုနှင့် တရားပြိုင်တို့ ညှိနှိုင်း၍ ပြေလည်ခြင်း။ လင်မယားမသင့်မတင်ဖြစ်၍ ကွာရှင်းခွင့်ရရှိရန် တရားရုံးတွင် တရားစွဲဆိုထားစဉ်အတွင်း နှစ်ဘက်ညှိနှိုင်းစေ့စပ်ခြင်းကြောင့် အဆင်ပြေသွားပြီး ပြန်လည်ပေါင်းသင်းသွားသည့်အတွက် တရားရုံးမှ စွဲဆိုထားသည့် အမှုကိုပယ်လိုက်ခြင်း။ ဘဏ်စာရင်းရှင်းတမ်းနှင့် ကုမ္ပဏီငွေပေးငွေယူ စာရင်းတို့ကိုက်ညှိခြင်း(bank reconcilation ဘဏ်စာရင်းနှင့် ကိုက်ညှိရှင်းတမ်း)

**reconsideration (n)** ပြန်လည်သုံးသပ်ခြင်း။ ပြန်လည်စဉ်းစားခြင်း၊ ပြန်လည်ဆင်ခြင်စဉ်းစားခြင်း။





**reconstruction (n)** ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း ပြန်လည်ပြုပြင် ပြင်ဆင်ခြင်း။

**reconversion** ပြန်လည်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်း။ The imaginary process by which a fictional conversion is considered not to have takenplace, the property is reconverted in law to the state that, in fact, it has always held.

**reconveyance (n)** မူလပိုင်ရှင် သို့မဟုတ် မူလလက်ဝယ်ရှိခဲ့သူထံ ပစ္စည်းတစ်ရပ်ကို (မြေ/ပိုင်ဆိုင်ခွင့်) ပြန်လည်လွှဲပြောင်းပေးခြင်း။

**record (n)** ပြီးခဲ့သော အဖြစ်အပျက်များကို ပြန်လည်သတိရစေရန်အတွက် မှတ်တမ်းတင်ထားခြင်း။ အမှုအစအဆုံးဖြစ်စဉ်ကို အတိုချုပ်ရေးမှတ်ချက်များ။ ၎င်းတွင် တိုင်စာများ၊ ရှာဖွေပုံစံများထွက်ချက်များ ကိုယ်တွယ်၍ရသော သက်သေခံပစ္စည်းများ၊ တရားမမှုတွင်အဆိုအချေများ၊ ထွက်ချက်များနှစ်ဘက်တင်သွင်းသည့်စာရွက် စာတမ်းများပါဝင်သည်။

record on appeal မူလအောက်တရားရုံးတွင် တင်သွင်းထားသော သက်သေခံအထောက်အထားများပါဝင်သည်။ ထိုအတူအဆိုအချေများ၊ အဆိုပြုချက်များ။ အမှုတွဲတွင် တင်သွင်းထားသော စာရွက်စာတမ်းများပါဝင်သည်။ အယူခံရုံးမှ သုံးသပ်နိုင်ရန်တင်ပို့ခြင်းဖြစ်သည်။

record keeper အမှုတွဲထိန်း။

record room အမှုတွဲခန်း။

record owner မြေစာရင်းတွင် အမည်ပေါက်သောပိုင်ရှင်။

**recorder (n)** အချိန်ပိုင်းတရားသူကြီးအဖြစ် ခန့်အပ်ခံရသော ဝတ်လုံတော်ရများ၊ ဥပဒေဆိုင်ရာကိစ္စများကို ရုံးထိုင်၍မှုခင်းများကို ဥပဒေအကြံဉာဏ်ပေးခြင်း၊ ပြင်ဆင်ခြင်းပြုသော ရှေ့နေများ၊ တရားရုံး၏ဆောင်ရွက်ချက်များကို အီလက်ထရောနစ်စက်ကိရိယာဖြင့်လည်းကောင်း၊ လက်ရေးတိုလက်နှိပ်စက်ဖြင့်လည်း မှတ်တမ်းတင်သော တရားရုံးအရာရှိ။

**recounter** အမှတ်မထင်တွေ့ဆုံခြင်း၊ အချေအတင်ငြင်းဆိုခြင်း၊ ယှဉ်ပြိုင်ပြောဆိုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**recoupment (n)** ကုန်ကျစရိတ်များကို ပြန်လည်ရရှိခြင်း၊ အချိန်ဆွဲရောက်သော တစ်စုံတစ်ရာ၏ အစိတ်အပိုင်းတစ်ရပ်ကိုလည်းကောင်း သို့မဟုတ် အားလုံးကိုလည်းကောင်း သာနာညီမျှမှုအတွက် ဆုတ်ကိုင်ထားခြင်း မပေးဘဲထားခြင်း။ တရားလိုရရှိမည့်နစ်နာကြေးထဲမှ တရားပြိုင်က ရသင့်သည့်ငွေကြေး (same transaction ဖြစ်ရမည်)ကို ခုနှိမ်ပေးခြေခြင်း။ လုပ်ငန်းတစ်ခုတည်းတွင် တရားလိုမှ ပဋိညာဉ်ချိုးဖောက်မှု သို့မဟုတ် တာဝန်ချိုးဖောက်မှုကြောင့် တရားပြိုင်မှ ၎င်း၏ နစ်နာကြေးကို တရားလိုတောင်းဆိုသည့် ငွေထဲမှနုတ်ယူခြင်း။

**recourse (n)** အားကိုးအားထားပြုခြင်း၊ အကူအညီတောင်းခံခြင်း၊ အကြံဉာဏ်တောင်းခံခြင်း။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းလက်ဝယ်ရှိသူသည်၊ အဆိုပါစာချုပ်စာတမ်းမှာ ငြင်းပယ်ခြင်းခံရပါက ရေးဆွဲသူထံဖြစ်စေ ထပ်ဆင့်လက်မှတ်ရေးထိုးသူထံမှဖြစ်စေ ငွေပေးဆပ်ရန်တောင်းဆိုပိုင်ခွင့်။

**recovery (n)** ပျောက်ဆုံးနေသော သို့မဟုတ် ယူဆောင်သွားသော ပစ္စည်းကို ပြန်လည်ရရှိခြင်း။ စီရင်ချက်အရဖြစ်စေ၊ ဒီကရီအရဖြစ်စေ ပြန်လည်ရရှိခြင်း။ အပြည့်အဝသို့မဟုတ် တူညီသော ပမာဏပြန်လည်ရရှိခြင်း။ တရားလိုသည် တရားမမှုစွဲဆိုခြင်းဖြင့် ငွေ၊ ပစ္စည်း၊ အခွင့်အရေးပြန်လည်ရရှိခြင်း။

**recrimination (n)** ပြန်လည်စွတ်စွဲခြင်း သို့မဟုတ် အချင်းချင်းအပြန်အလှန်စွတ်စွဲခြင်း။

**recross-examination** ပြန်၍ရှင်းလင်းမေးမြန်းရာတွင် တရားရုံး၏ခွင့်ပြုချက်ဖြင့် အကြောင်းအရာသစ်ကို မေးမြန်းခဲ့ပါက တစ်ဖက်အမှုသည် ပြန်လှန်မေးမြန်းခြင်း နောက်တစ်ကြိမ်ထပ်ရခြင်း။

**rectification (n)** စာချုပ်တွင်ပါဝင်သော နှစ်ဘက်ပုဂ္ဂိုလ်များ၏ တူညီသောရည်မှန်းချက်ကို မှားယွင်းဖော်ပြခဲ့ရာတွင် အမှန်သို့ရောက်ရှိအောင် ပြင်ဆင်ခြင်း။ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်၊ ငှားရမ်းခြင်းစာချုပ်၊ ပဋိညာဉ်စာချုပ်နှင့်မှတ်ပုံတင်ထားသော ကုမ္ပဏီများ ပြင်ဆင်ရန်ရှိပါက တရားရုံးသို့ ပြင်ဆင်လိုက လျှောက်ထားရမည်။ တရားရုံးသည် မိမိ၏စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ပြင်ဆင်ပေးနိုင်ရန် သတိကြီးစွာထားရှိပြီး ယုတ္တိရှိသော သက်သေခံချက်အပေါ်တွင်သာ စဉ်းစားပြီးပြင်ဆင်ပေးရမည်။





တရားရုံး၏ သဘောတူညီချက်မရဘဲ။ စာချုပ်ဝင်ပုဂ္ဂိုလ်အချင်းချင်း သဘောတူညီချက်ဖြင့် ပြင်ဆင်ပါက တတိယပုဂ္ဂိုလ်၏ ရပိုင်ခွင့်များအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။

**recusal** တရားသူကြီးသို့မဟုတ် အစိုးရရှေ့နေကို တာဝန်ယူဆောင်ရွက်ရမည့်အမှုတစ်ခု ဖယ်ရှားခြင်း သို့မဟုတ် မိမိအသိ တရားဖြင့် အဆိုပါ အမှုကို မကိုင်တွယ်ခြင်း။ အဘယ်ကြောင့်ဆိုသော် အဆိုပါအမှုနှင့် တစ်စိတ်တပိုင်း ပါဝင်ပတ်သက်နေသောကြောင့်ဖြစ်သည်။ ဥပမာ နှစ်ဘက်အမှုသည် တစ်ဦးဦး နှင့် စီးပွားရေးအရ ဆက်စပ်ခြင်း သို့မဟုတ် အမှုသည်တစ်ဦးဦးနှင့် ဆွေမျိုး တော်စပ်နေခြင်း။

**reddedum (n)** ငှားရမ်းမှုတွင် ခြွင်းချက်ကန့်သတ်ဖော် ပြထားသောစာပိုဒ် (AGO)။ အိမ်ငှားမြေငှား စာချုပ်တွင်ငှားရမ်းခ သတ်မှတ်ချက်နှင့်မည်သည့် အချိန်တွင် ပေးရမည်ကို ဖော်ပြသောစာပိုဒ်။

**redeem** အပေါင်ပစ္စည်းရွေးယူခြင်း။

**redemption** အပေါင်ပစ္စည်းကို ရွေးနုတ်ယူခြင်း၊ ပြန်၍ဝယ်ခြင်း။ သတ်မှတ်ထားသော တန်ဖိုးကိုပေးခြင်းဖြင့် ပစ္စည်းကိုပြန်လည်ရယူခြင်း သို့မဟုတ် ပြန်လည်သိမ်းယူခြင်း။ (လူမွဲဥပဒေ) မြီရှင်ဖိအားကြောင့် ပစ္စည်းကိုအတင်းအကြပ်အားပေးရောင်းချခဲ့ရာတွင် ပစ္စည်းဝယ်ယူထားသူထံမှ ပစ္စည်းပိုင်ရှင်မြီစားအနေဖြင့် ပြန်လည်ဝယ်ယူနိုင်ခွင့်၊ ပစ္စည်းကိုဆုံးရှုံးမှုမလိုလားသော ငွေချေးထားသူက လက်ကွက်နေသော အပေါင်ကြေးများကိုပေးဆပ်ခြင်း။

**red herring** ဥပဒေအရဖြစ်စေ အကြောင်းအချက်အရဖြစ်စေ မစပ်ဆိုင်သော။

**redirect examination** ထပ်မံ၍ အဓိကစစ်မေးခြင်း။ ပုံမှန်အားဖြင့် သက်သေများစစ်ဆေးရာတွင် သက်သေခံဥပဒေပုဒ်မ ၁၃၈ အရ သက်သေကိုတင်ပြသည့်ဘက်မှ အဓိကစစ်မေးခြင်း၊ နောက်တစ်ဖက်မှ ပြန်လှန်စစ်ဆေးခြင်း။ သက်သေကိုတင်ပြသည့်ဘက်မှ ပြန်လှန်စစ်မေးခြင်း အပေါ်တွင်ရှင်းလင်းစစ်ဆေးရပါမည်။ အကယ်၍ရှင်းလင်းစစ်ဆေးရာတွင် တရားရုံး၏ခွင့်ပြုချက်ဖြင့် အကြောင်းအရာအသစ်များ မေးမြန်းခြင်းမှာ အဓိကစစ်မေးခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာသစ်များ မေးမြန်းလာခြင်းအပေါ် တစ်ဖက်မှလည်း ထပ်မံ၍ ပြန်လှန်မေးခွန်းများ မေးမြန်းရန် အခွင့်အရေးရှိလာသည်။ see also recross examination.

**redress (n)** သက်သာရာရခြင်း။ ကုစားခြင်း။

**reductio ad absurdum (latin)** တက္ကဗေဒနည်းဖြင့် မှားယွင်းကြောင်း၊ အခြေအမြစ်မရှိကြောင်း မဖြစ်နိုင်ကြောင်း ဆက်စပ်ရှင်းပြခြင်း။

**reduction of share capital** အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း။ အစုရှယ်ယာဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော ကုမ္ပဏီသည် ယင်း၏ သင်းဖွဲ့စည်းမျဉ်းများက ခွင့်ပြု၍တရားရုံးတော်၏ အတည်ပြုချက်ရရှိလျှင် အထူးဆုံးဖြတ်ချက်ချမှတ်ပြီး တစ်နည်းနည်းဖြင့် မိမိ၏အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချနိုင်သည်။ (မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၅၅၊ ၅၆ ကြည့်ပါ။)

**redundancy payment** အလုပ်သမား၏ အပြစ်ကြောင့်မဟုတ်ဘဲ အလုပ်ဆုံးရှုံးမှုတွင် ဥပဒေအရ လျော်ကြေးရပိုင်ခွင့်ရှိခြင်း (အလုပ်ရှင်က အလုပ်သမားလျှော့ချခြင်းကြောင့် ဆုံးရှုံးခြင်း။ အလုပ်ရှင်အနေဖြင့် အလုပ်သမား အလုပ်သစ်ရှာဖွေနိုင်ရန် သင့်တော်သည့်အချိန်ကို အကြောင်းကြားစာဖြင့် အကြောင်းကြားထားရမည်)

**re entry (n)** ပြန်လည်လက်ဝယ်ရယူခြင်း။ မြေငှားစာချုပ်အရ ငှားရမ်းသူက တာဝန်ပျက်ကွက်မှုကြောင့် မြေပိုင်ရှင်သည် ငှားရမ်းထားသည့် ဥပစာကို ပြန်သိမ်းယူခြင်း။ ငှားရမ်းသူ ငှားရမ်းသည့်ဥပစာကို ရှင်းရှင်းလင်းလင်း စွန့်ခွာသွားလျှင် ပိုင်ရှင်ကပြန်လည်ရယူခြင်း အပေါင်စာချုပ်ကို အပေါင်ရွေးနုတ်ခွင့်ပိတ်ပင်သည့်အခါ ဘဏ်မှပြန်လည်ဝင်ရောက်လာခြင်း။

**re-examination (n)** ရှင်းလင်းစစ်မေးခြင်း။ တရားရုံး၏ရှေ့မှောက်တွင် တင်ပြသည့်သက်သေများကို တစ်ဖက်မှ ပြန်လှန်စစ်ဆေးပြီးသည့်အခါ ပြန်လှန်စစ်မေးခြင်းတွင် ပါရှိသော အကြောင်းခြင်းရာများကို ရှင်းလင်းစေရန် သက်သေတင်ပြသည့်ဘက်မှ ထပ်မံမေးမြန်းခြင်း။ တရားရုံး၏ ခွင့်ပြုချက်ဖြင့်





အကြောင်းခြင်းရာ အသစ်ကိုထည့်သွင်းမေးမြန်းလာပါက ဆန့်ကျင်ဘက်အမှုသည်က ထိုအကြောင်းအရာပေါ်တွင် နောက်ထပ်ပြန်လှန်စစ်မေးနိုင်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၃၈)

**referee (n)** ခုံသမာဓိလူကြီး။ တရားရေးသဘောဆောင်သော လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရသော အရာရှိ။ သီးသန့်ကိစ္စရပ်များအတွက် တရားရုံးကခန့်အပ်တာဝန်ပေးထားသော ပုဂ္ဂိုလ်။ ၎င်းအရာရှိသည် သက်သေခံချက်များရယူခြင်း၊ အငြင်းထွက်အခြင်းအရာများကို ဆုံးဖြတ်ချက်ချခြင်းနှင့် တွေ့ရှိချက်များကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း၊ တရားရုံးသည် ထိုအစီရင်ခံအပေါ်တွင် အခြေခံ၍စီရင်ချက်ချခြင်း။

**reference (n)** စေ့ဒကမှု။ တရားရုံးတစ်ရုံးသည် အမှုတွင်ပေါ်ပေါက်လာသော ဥပဒေအချက်အလက်နှင့် စပ်လျဉ်း၍ဒွိဟသံသယရှိခဲ့သော် တရားလွှတ်တော်၏ ထင်မြင်ချက်ရယူနိုင်သည်။ သို့သော် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၆ တွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှသာလျှင် ထိုသို့ဆောင်ရွက်ခွင့်ရှိသည်။ လွှဲအပ်လွှာတင်သွင်းရန် ပြဋ္ဌာန်းရခြင်းမှာ အယူခံဝင်ခွင့်မရှိသော အမှုတွင် တရားလွှတ်တော်၏ ထင်မြင်ချက်ကို ကြိုတင်ရရှိနိုင်စေရန်ဖြစ်သည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၄၆ (၁)။ ပုဒ်မ ၁၁၃)

**referendum (n)**—ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ။ နိုင်ငံရေးရာနှင့် စပ်လျဉ်း၍ ပြည်သူ့ဆန္ဒရယူခြင်း။

**referential (adj)**--ရည်ညွှန်းသော။

**referral (n)**--သတင်း၊ ဆောင်ရွက်မှု၊ အပေးအယူ သို့မဟုတ် ဆုံးဖြတ်ချက်အတွက် အခြားသူတစ်ဦးထံ ပို့ပေးခြင်း၊ လမ်းညွှန်ပေးခြင်း (အလုပ်သမားဥပဒေကျွမ်းကျင်သူထံ အမှုသည်ကို ပို့ပေးခြင်း လမ်းညွှန်ပေးခြင်း။)

**reform (v)**--ပြုပြင်ရန်၊ အမှန်ဖြစ်ရန်၊ အမှားကိုပြင်ရန်၊ မွမ်းမံရန်။

**refresher (n)**--ရှေ့နေခ ထပ်မံပေးရခြင်း။ သတ်မှတ်ထားသော ရှေ့နေခအပြင် အမှုသည်က ထပ်ပေးရခြင်း။

**refresher course**—မွမ်းမံသင်တန်း။



www.burmeseclassic.com

www.burmeseclassic.com



**refreshing memory**--သက်သေတစ်ဦးသည် အစစ်ခံနေစဉ်အတွင်း အစစ်ခံသည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ သတိရရှိစေရန် မိမိကိုယ်တိုင်ရေး မှတ်ထားသောစာများ၊ အခြားသူတစ်ဦးက ရေးသားထား၍အကြောင်း အရာဖြစ် ပွားဆဲအချိန်ကဖြစ်စေ၊ ထို့နောက် မကြာမီအချိန်ကဖြစ်စေ မိမိကိုယ်တိုင်ဖတ်ရှု ၍မှန်ကြောင်းသိရသည့်စာများကို ကြည့်ရှုနိုင်ခြင်း။ ထိုအတူ ပါရဂူတစ်ဦး သည် သက်ဆိုင်ရာအတတ်ပညာနှင့် စပ်လျဉ်းသောစာတမ်းများကို ကြည့်ရှု နိုင်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၅၉)

**reformatory (n)**---ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် ဖွင့်လှစ်ထား သည့် အကျင့်စာရိတ္တပြုပြင်ရေး သင်တန်းကျောင်း။

**refugee (n)**--ခိုလှုံသူ။ ဒုက္ခသည်။ စစ်ဘေးဒုက္ခသည်။

**refusal (n)**--တောင်းဆိုမှု သို့မဟုတ် ကမ်းလှမ်းမှုကို ငြင်းပယ်ခြင်း၊ ပယ်ချခြင်း။

**refute (v)**--အဆိုကိုချေပငြင်းဆိုသည်။ မှားယွင်းကြောင်းသက်သေပြရန်။

**regalia (n)**--အဆောင်အယောင်၊ ရာထူးအဆင့်ဖော်ပြသည့် အဆင်တန် ဆာ အစဉ်အလာအရ ရရှိသော အဆင့်အတန်း။

**regard (n)**--သတိထားကြည့်ရှုခြင်း။ အနီးကပ်ကြည့်ရှုခြင်း၊ ဂရုစိုက်မှု။

**regent (n)**--ဘုရင့်ကိုယ်စားအုပ်ချုပ်သူ။ တော်ဝင်မိသားစုလုပ်ငန်းများကို ဆောင်ရွက်ပေးသူ။ အုပ်ချုပ်သူသည် အရွယ်မရောက်သေးလျှင် သို့မဟုတ် ကျန်းမာရေးချို့တဲ့လျှင် အုပ်ချုပ်သူ (ဘုရင့်)ကိုယ်စားဆောင်ရွက်ရသူ။ ဗြိတိန် နိုင်ငံတွင် The regency acts 1937 နှင့် 1953 တို့အရ ဘုရင့်ကိုယ်စား အုပ်ချုပ်သူသည် ဘုရင့်နောက်ဆက်ခံမည့်သူ ဖြစ်ရမည်။ ထို့ပြင် အသက်ပြည့် ပြီး နေသဟာယ နိုင်ငံသားဖြစ်ကာ ဗြိတိန်နိုင်ငံတွင် တရားဝင်အမြဲနေထိုင် သူဖြစ်ရမည်။

**regicide (n)**--ဘုရင်ကိုလုပ်ကြံသတ်ဖြတ်ခြင်း။

**register (n)**--(n) နာမည်စာရင်းစာအုပ်။ လူပုဂ္ဂိုလ်နှင့် ပစ္စည်းစာရင်းကို မှတ်တမ်းတင်ထားသည့် စာအုပ်။ (v) မှတ်ပုံတင်သည်၊ အမည်စာရင်းပေးသွင်း သည်၊ မှတ်တမ်းတင်သည်။





**registrar (n)** မှတ်တမ်းထိန်း၊ မော်ကွန်းထိန်း၊ တရားလွှတ်တော်အတွင်း ဝန်၊ မှတ်ပုံတင်အရာရှိ ကုမ္ပဏီမှတ်ပုံတင်အရာရှိ။ လူမှုဲကိစ္စများ ဆောင်ရွက် ရသော တရားလွှတ်တော်မှ မှတ်ပုံတင်အရာရှိ။

**registered company** ကုမ္ပဏီအက်ဥပဒေအရ မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်း။ မှတ်ပုံတင်ကုမ္ပဏီအမျိုးအစားများမှာ လီမိတက်ကုမ္ပဏီ၊ ပုဂ္ဂလိကကုမ္ပဏီ၊အများဆိုင်ကုမ္ပဏီနှင့် ပေးရန်တာဝန်ကန့်သတ်ထားခြင်း မရှိသော ကုမ္ပဏီတို့ဖြစ်သည်။

**registry (n)**--မှတ်ပုံတင်ရုံး။ မှတ်တမ်းများထိန်းသိမ်းထားရန်ဌာန။

**regress (v)**--နောက်ပြောင်းဆုတ်ယုတ်သွားသည်။ ခေတ်နောက်ပြန်သည်။

**regular forces**-- အမြဲတန်းဖွဲ့စည်းထားသော စစ်တပ်။

**regular session**--ပုံမှန်အစည်းအဝေး။

**rehabilitation (n)**--(ပြစ်မှု)အကျဉ်းသားများ၏ အကျင့်စာရိတ္တကို ပြန်လည်ပြုပြင်ပေးခြင်း။ သို့မှသာ ပြစ်ဒဏ်မှလွတ်မြောက်ရာတွင် လူမှုပတ်ဝန်း ကျင်တွင် ဝင်ဆန့်ပြီးနောက်တစ်ကြိမ် ပြစ်မှုမကျူးလွန်စေရန်ဖြစ်သည်။

(သက်သေခံဥပဒေ) ပြန်လှန်စစ်ဆေးခြင်းဖြင့် ယိမ်းယိုင်သွားသော သက်သေကို ပြန်လည်တည့်မတ်ပေးခြင်း။ပြန်လည်ထူထောင်သည်။

**re-hearing (n)** – တရားဖြောင့်မတ် စီရင်နိုင်ရန် ထပ်မံကြားနာခြင်း။ တရားခံအပေါ်စွဲချက်တင်ရာတွင် အဓိက မှားယွင်းချက်တစ်ခုကြောင့် တရားခံက တစ်လွဲတစ်ချော်ခုခံရသဖြင့် အပြစ်ပေးခံရလျှင် အယူခံရုံးက ပြင်ဆင်မှုအာဏာကို အသုံးပြု၍ အမှုကို အသစ်တဖန်ပြန်စစ်ရန် အမိန့်ချမှတ်နိုင်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၂ နှင့် ပုဒ်မ ၄၃၉ (၁)(ပုဒ်မ ၄၂၃)

– တရားဖြောင့်မတ် စီရင်နိုင်ရန် အယူခံရုံးတွင် ဒုတိယအကြိမ်ကြား နာခြင်း သက်သေခံချက်များကို ထပ်မံကြားနာပြီး နှစ်ဘက်စလုံးမှ သက်သေခံ အသစ်များ တင်သွင်းခွင့်ရှိသည်။ များသောအားဖြင့် အယူခံရုံးသည် အကြောင်း ခြင်းရာအပေါ် မူလရုံးတွေ့ရှိချက်ကို ဝင်ရောက်စွတ်ဖက်ခြင်းမပြု။

**reimburse (v)** စိုက်ထုတ်ကုန်ကျငွေ ပြန်ထုတ်ပေးသည်။ ပြန်အမ်းသည်။

**reinstate (v)** မူလရာထူးတွင် ပြန်ခန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



**reinsurance (n)**--ထပ်မံအာမခံထားခြင်း အာမခံကုမ္ပဏီများ အကြား တွင် အန္တရာယ်ကိုခွဲဝေယူသည့် စနစ်ဖြစ်သည်။ ဥပမာ A အာမခံ ကုမ္ပဏီက လုပ်ငန်းတစ်ခုကို အာမခံလက်ခံပြီးနောက် အဆိုပါလုပ်ငန်း၏ အာမခံမှုကို B အာမခံကုမ္ပဏီသို့ ခွဲဝေအာမခံစေခြင်း။ အကယ်၍ လုပ်ငန်းဆုံးရှုံးပါက A နှင့် B အာမံကုမ္ပဏီများက ခွဲဝေပေးလျော်ခြင်းကြောင့် အာမခံကုမ္ပဏီများ အနေဖြင့် သက်သာစေရန်ဖြစ်သည်။

**rejection (n)**--ပဋိညာဉ်အရ ကမ်းလှမ်းချက်ကို ငြင်းပယ်ခြင်း။

**rejoinder (n)**--ပြန်လည်ချေပချက်။ အင်္ဂလန်နိုင်ငံတရားရုံးများ၏ လုပ်ထုံး လုပ်နည်းများအရ တရားပြိုင်က ဒုတိယအကြိမ် ချေလွှာတင်သွင်းခြင်းကို rejoinder ဟုခေါ်သည်။ အိန္ဒိယမြန်မာ ဥပဒေများတွင် additional written statement ဟုခေါ်သည်။ တရားပြိုင်က ချေပလွှာတင်သွင်းရာတွင် ၎င်း၏ချေလွှာ၌ ခုနိမ်ခွင့် set off ပါရှိလာပါက တရားလိုက ပြန်လည်ချေပချက် တင်သွင်းခွင့် ရှိသည်။ ထိုကိစ္စအတွက် တရားရုံး၏ ခွင့်ပြုချက်တောင်းခံရန် မလိုပေ။ ခုနိမ်ခွင့်ကိစ္စမဟုတ်ဘဲ တရားပြိုင်၏ ချေလွှာပါအခြား အချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ချေပချက် တင်သွင်းလိုလျှင် တရားရုံး၏ ခွင့်ပြုချက်တောင်းခံရမည်။ တရားပြိုင်၏ချေလွှာအပေါ် တရားလိုက ပြန်လည်ချေပခြင်းနှင့် စပ်လျဉ်း၍ တရားပြိုင်မှ ထပ်မံရှင်းလင်းချေပရန်ရှိပါက တရားရုံး၏ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုပါက တရားပြိုင်က ပြန်လှန်ချေဆိုချက် တင်သွင်းနိုင်သည်။

(တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၉)

**relation back** နောက်ကြောင်းပြန် အာဏာသက်ရောက်မှု။ နောက်ကျမှ ဆောင်ရွက်ထားခြင်းသည် စောစောပိုင်းကပင် ဖြစ်ဘိသကဲ့သို့ မှတ်ယူနိုင်ခြင်း။ (ဥပမာ အမွေထိန်းလက်မှတ်ထုတ်ပေးရာတွင် အမွေရှင် ကွယ်လွန်ချိန်က စတင်သည်ဟု မှတ်ယူရခြင်း။ ကြွေးမြီမဆပ်နိုင်ခြင်းကြောင့် လူမွဲအဖြစ် စီရင်သောအခါ ထိုသို့ စီရင်သောအမိန့်ကို ကြွေးမြီမဆပ်နိုင်ကြောင်း သို့မဟုတ် လူမွဲဖြစ်လိုကြောင်း လျှောက်ထားသည့်နေ့မှစ၍ အတည်ဖြစ်သည်ဟု မှတ်ယူရ ခြင်း။ ၎င်းကို နောက်ကြောင်းပြန် အာဏာသက်ရောက်မှုဝါဒ doctrine of relation back ဟု ခေါ်သည်။ (myanmar insolvency act sec 28 (7))





**relationship (n)**--ဆွေမျိုးတော်စပ်မှု၊ ကူးလူးဆက်ဆံမှု။

**relative**-ဆွေမျိုးညာတိ

**relative power**-မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍အငှားယူသူ၏ လုပ်ပိုင်ခွင့်များ

**relatively**-နှိုင်းယှဉ်ကြည့်လျက်

**release (n)**--ဆောင်ရွက်မှု၊ တာဝန်၊ တောင်းဆိုခြင်းမှ လွတ်ကင်းခြင်း။ ထိန်းချုပ်ခြင်း ဖမ်းဆီးထားခြင်းမှ လွတ်မြောက်ခြင်း၊ တရားစွဲဆိုခွင့်ကိုစွန့်လွှတ် ခြင်း၊ တောင်းဆိုပိုင်ခွင့်များကို စွန့်လွှတ်ခြင်း။ ပိုင်ဆိုင်ခွင့်တစ်ရပ်ကို စွန့်လွှတ်ခြင်း။

**relegation (n)** ဆုံးဖြတ်ရန် လွှဲပြောင်းခြင်း၊ အာဏာလွှဲခြင်း၊ ယာယီပြည်နှင် ဒဏ်ပေးခြင်း။ တာဝန်ပေးအပ်ခြင်း၊ ခန့်အပ်ခြင်း သို့မဟုတ် ကိုယ်စားလှယ်အဖွဲ့။

**relevant (adj)** -စပ်ဆိုင်သော၊ သက်ဆိုင်သော

**relevency (n)**--သက်သေခံဝင်ခြင်းနှင့် စပ်လျဉ်း၍ ဆန်းစစ်ခြင်း။ အကြောင်းခြင်းရာသို့မဟုတ် အငြင်းထွက်သည့်အကြောင်းခြင်းရာများနှင့် စပ်လျဉ်း ၍ စပ်ဆိုင်ခြင်း။ (သက်သေခံအက်ဥပဒေပုဒ်မ ၅ မှ ၁၆)

**reliable evidence**--ခိုင်လုံသော သက်သေခံချက်။

**reliance (n)**--အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ် ၏ ထွက်ဆိုချက်၊ ရေးသားဖော်ပြချက် သို့မဟုတ် ဆောင်ရွက်ချက်အပေါ်တွင် မှီခိုခြင်း ယုံကြည်အားကိုးခြင်း။

**relict (n)**--မုဆိုးမ၊ မုဆိုးဖို။

reliction - မြစ်ရေချောင်းရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျခြင်း။ မြစ်ရေချောင်းရေတို့ တဖြည်းဖြည်း တိုက်စားခြင်းဖြင့် နယ်နမိတ် လမ်းကြောင်း ပြောင်းလဲခြင်း။ မြေများပို့ကျခြင်းဖြင့် မြေဧရိယာတိုးလာခြင်း။

**relief (n)**--ငွေကြေးလိုအပ်သူများကို အထောက်အပံ့ပေးခြင်း။ အငှားချ ထားသော မြေကို အငှားချထားသူ သေဆုံးသွား၍ ဆက်ခံသူက မြေငှားခ ပေးခြင်း။ တရားမမှုတွင် တရားလိုလျှောက်ထား တောင်းဆိုသော သက်သာခွင့် ဥပမာ A သည် ကုန်ထုတ်လုပ်ငန်းရှင် တစ်ဦးထံ ထုတ်ကုန်ပစ္စည်း B ကို အရေအတွက် (၁၀၀)မှာယူခဲ့သည်။ ထုတ်ကုန် B မှာ အဆိုပါလုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းကသာ ထုတ်လုပ်သောကုန်ဖြစ်သည်။ ကုန်များထုတ်လုပ်ပြီးနောက် လုပ်ငန်းရှင်က A အနေဖြင့် ဈေးနှုန်းတိုးမပေးပါက B ပစ္စည်းကို မပေးပို့နိုင်ကြောင်းငြင်းဆိုသည်။ ထို့ကြောင့် A က လုပ်ငန်းရှင်အပေါ် တရားရုံးမှတစ်ဆင့် သက်သာခွင့်တောင်းဆိုသည်။ သက်သာခွင့်မှာ အဆိုပါ B ထုတ်ကုန်ပစ္စည်းကို အခြားမှဝယ်ယူရရှိသည့်တိုင်အောင် A သို့ပေးရန် သက်သာခွင့်တောင်းဆိုခဲ့သည်။

**religion (n)**--ယုံကြည်ကိုးကွယ်မှု။ ကိုးကွယ်သည့်ဘာသာ။

**relinquish (v)**--မျှော်လင့်ချက်စွန့်လွှတ်သည်၊ စွန့်ခွာသည်၊ နောက်ဆုတ်သည်။ relinquishment - ပစ္စည်းပေါ်တွင် တစ်ဦးတစ်ယောက်၏ အခွင့်အရေးကို စွန့်ခွာသည်။ လက်လျှော့သည်၊ စွန့်ခွာသည်။

**remainder (n)** ကြွင်းကျန်သော အကျိုးခံစားခွင့်။ တစ်စုံတစ်ယောက်က အကျိုးခံစားပြီးမှအခြား တစ်ဦးက အကျိုးခံစားခွင့်ရရှိသော မြေသို့မဟုတ် ကိုယ်ပိုင်ပစ္စည်းများ။

ဥပမာ။ အဖိုးဖြစ်သူဦးဘက ၎င်းပိုင်နေအိမ်ကို သားဖြစ်သူကိုဖြူ၏ တစ်သက်တာအတွက် နေထိုင်ရန်လွှဲပြောင်းပေးခဲ့ပြီး ကိုဖြူ သေဆုံးသောအခါ၊ မြေးအကြီးဆုံးဖြစ်သော မောင်မဲက ဆက်လက်နေထိုင် အကျိုးခံစားစေရန် စီမံထားခဲ့သည်။ မြေးဖြစ်သူ မောင်မဲသည် အဆိုပါအိမ်ကို အမွေဆက်ခံခွင့်ရှိသော လက်ကျန်ပစ္စည်း vested remainder အဖြစ် ဦးဘ၏ သားဖြစ်သူ ကိုဖြူ သေဆုံးမှသာရရှိမည်ဖြစ်သည်။ အကယ်၍ မောင်မဲသည် ဖခင်ဖြစ်သူကိုဖြူ၏ အရင်သေဆုံးပါက ၎င်းရခွင့်ရှိသော အဆိုပါအိမ်ကို ၎င်းရေးသားထားသည့် သေတမ်းစာအရ ခွဲဝေပေးရန်ဖြစ်သည်။

**remainderman (n)** လက်ကျန်အကျိုးခံစားခွင့်ရရှိသူ

**remand (n)** ရိမန်ဟု အသုံးတွင်နေသည်။ ချုပ်မိန့်။ ရဲတပ်ဖွဲ့က တရားခံကို ဖမ်းဆီးရမိပြီးနောက် (၂၄)နာရီအတွင်း တရားခံကို တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်း မရှိသည့်အခါ အမှုမှာလည်း ခိုင်မာလုံလောက်သည့် အခြေအမြစ်ရှိကြောင်း ယုံကြည်လောက်လျှင် သတ်မှတ်ထားသော ပုံစံကို ဖြည့်စွက်၍ တရားခံကို ဆက်လက်ချုပ်ထားခွင့်ပြုရန် တရားရုံးသို့တင်ပို့ပြီး တရားသူကြီးထံမှ ချုပ်မိန့်တောင်းခံရမည်ဖြစ်သည်။ ၎င်းကို ရမန်တောင်းသည်ဟု ဆိုသည်။





တရားသူကြီးက စွပ်စွဲခံရသော တရားခံအပေါ် စွဲဆိုသည့်ပြစ်မှုသည် ထောင်ဒဏ် (၇)နှစ်အောက်သာ ပြစ်ဒဏ်ချမှတ်နိုင်လျှင် ရမန်ကာလကို (၁၅)ရက်အထိလည်းကောင်း၊ ပြစ်ဒဏ် (၇)နှစ်အထက်ချမှတ်နိုင်သော အမှုဖြစ်လျှင် ရမန်ကာလကို (၃၀)ရက် အဖြစ်လည်းကောင်း တစ်ကြိမ်လျှင် ၁၅ ရက် ထက်မပိုဘဲ ချုပ်မိန့်ပေးနိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇)

**remanet** စစ်ဆေးနေဆဲ အမှုကိုရွှေ့ဆိုင်းခြင်း။

**remedial statutes** တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်သည့်ဥပဒေ

**remedy (n)** သက်သာခွင့်။ အခွင့်အရေး အကျိုးခံစားခွင့်နှင့် အမှန်ရောက်အောင်ပြုပြင်ခြင်းတို့ကို အတင်းအကြပ်လိုက်နာဆောင်ရွက်စေရန်ကုစားခြင်း။ အကျိုးသက်ရောက်မှုရှိစေခြင်း၊ အကာအကွယ်ပေးခြင်း။ အခွင့်အရေးများပြန်လည်ရရှိစေခြင်း (သို့)မှားယွင်းမှုများကို အမှန်သို့ရောက်စေခြင်းတို့အတွက် ဥပဒေအရ လိုအပ်သည့်မည်သည့် နည်းလမ်းများကိုမဆို အသုံးပြု၍ သက်သာခွင့်ရအောင် ပြုပေးခြင်း။ သက်သာခွင့်များကို အမှုစစ်ဆေးကြားနာပြီးနောက်စီရင်ချက်ချမှတ်ပြီး တရားရုံးက ခွင့်ပြုနိုင်ခြင်း၊ အမှုသည်များအချင်းချင်းသဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊ အလိုအလျောက်ဥပဒေအရ သက်သာခွင့်ရရှိခြင်း သက်သာခွင့် အမျိုးမျိုးရှိရာ တစ်ချို့သော သက်သာခွင့်များမှာ

| | |
|---|---|
| administrative remedy. | စီမံခန့်ခွဲမှု အာဏာအရ ဆောင်ရွက်ပေးသော သက်သာခွင့်။ |
| concurrent remedy. | အတည်မပြုရသေးသော သက်သာခွင့်နှင့် ပေါင်း၍ သက်သာခွင့်ပေးခြင်း။ |
| judicial remedy. | တရားရုံးတွင် အမှုစစ်ဆေးပြီး နောက်ခွင့်ပြုသော သက်သာခွင့်။ |
| self help remedy. | သက်သာခွင့်ရရန် တရားရုံးအကူအညီ မယူဘဲ မိမိဘာသာရယူခြင်း။ |

**remise (v)** စွန့်လွှတ်ခြင်း၊ ပေးဆပ်ခြင်း၊ လက်လျှော့ခြင်း။

**remission (n)** ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ချို့သို့မဟုတ် အားလုံးကို အဆုံးသတ်ခြင်း၊ ပယ်ဖျက်ခြင်းကြွေးများ သို့မဟုတ် အခွင့်အရေးများကို



www.burmeseclassic.com

www.burmeseclassic.com



မတောင်းဆိုတော့ခြင်း။ ပြစ်မှုကျူးလွန်ခြင်းကို ခွင့်လွှတ်ခြင်း၊သိမ်းယူခြင်း၊ပြစ်ဒဏ်ပေးခြင်းမှ လွတ်ငြိမ်းခွင့်ရခြင်း။ ထောင်ကျနေစဉ်၊ ထောင်အတွင်း ကောင်းမွန်စွာနေထိုင်ခြင်းကြောင့် အကျဉ်းထောင်လက်စွဲအရ လျှော့ရက်များရရှိခြင်း။ အမှုကို အထက်တရားရုံးက အောက်တရားရုံးသို့ လွှဲပြောင်းပေးခြင်း။

**remit (v)**--သင်ပုန်းချေခြင်း၊ ခွင့်လွှတ်ခြင်း၊ (ခင်ပွန်းဖြစ်သူ၏ အိမ်ထောင်ရေးဖောက်ပြားမှုကို ဇနီးဖြစ်သူက ခွင့်မလွှတ်နိုင် could not remit)ရပ်စဲသည်၊ လျှော့ပေါ့သည်၊ နေးကွေးသည် မူလရုံးသို့အမှုတွဲလွှဲပို့သည်။ (အမှုတွင်သက်သေခံချက်များထပ်မံရယူနိုင်ရန်အယူခံရုံးမှအမှုစစ်တရားရုံးသို့အမှုတွဲပြန်ပို့သည်။)

**remittitur**(lat: reduction)---လျှော့ချခြင်း။ လုပ်ထုံးလုပ်နည်းအရ ပေးသော ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်သည် ပျက်ပြယ်သွားခြင်း။ တရားရုံးသည် ဂျူရီအဖွဲ့၏ သဘောတူညီမှုကို ရယူခြင်းမရှိဘဲ အမှုတွင် ပေါ်ပေါက်ချက်အပေါ် အကျိုးသင့် အကြောင်းသင့် ကောက်ချက်ဆွဲယူဖော်ပြခြင်းဖြင့် လွန်လွန်ကဲကဲ ဆုံးဖြတ်ထားသော ဂျူရီအဖွဲ့၏ဆုံးဖြတ်ချက်ကို လျှော့ချလိုက်ခြင်း။

ဥပမာ အမှုတစ်ခုတွင် ဂျူရီအဖွဲ့က A ကုမ္ပဏီမှ B ကုမ္ပဏီသို့ ဒေါ်လာ (၇)သန်း နစ်နာကြေးပေးစေရန် ဆုံးဖြတ်ခဲ့သည်။ အမိန့်ချမှတ်မည့် တရားသူကြီးက အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ A ကုမ္ပဏီ၏မှားယွင်းလုပ်ဆောင်မှုသည် ထိုမျှနစ်နာကြေးပေးရန် သင့်တော်ပါမည်လောဟု သံသယဝင်နေသည်။ သို့သော် ဂျူရီအဖွဲ့၏ တွေ့ရှိချက်အပေါ်တွင်မူ သဘောတူ လက်ခံခဲ့သည်။ ထို့ကြောင့် တရားသူကြီးက နစ်နာကြေးငွေ ဒေါ်လာ(၇)သန်း အစား B ကုမ္ပဏီသို့ ဒေါ်လာ (၁)သန်း ပေးစေရန် ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်ကို လျှော့ချအမိန့်ချမှတ်လိုက်သည်။ အကယ်၍ B ကုမ္ပဏီအနေဖြင့် ဒေါ်လာ(၁)သန်းကို လက်မခံပါက ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကို ပယ်ဖျက်ပြီး အမှုကို အစမှပြန်စစ်ရန် အမိန့်ချခဲ့သည်။ (US judicial system)

remittance (n) ကုန်ပစ္စည်းအတွက် သို့မဟုတ် ဝန်ဆောင်မှုအတွက် အခြားသူတစ်ဦးကို ငွေပေးပို့ခြင်း။ ငွေပို့ရန်အတွက် ချက်လက်မှတ်ကို အသုံးပြုခြင်း။ တစ်ဦးမှ တစ်ဦးသို့ ငွေလွှဲပို့ခြင်း။





**remitter (n)** လူတစ်ဦးတွင် မြေကွက်တစ်ခုနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်နှစ်ရပ်ရှိသည်။ အဆိုပါ မြေကွက်ပေါ်သို့ ပိုင်ဆိုင်မှုအားနည်းသော စာချုပ်အရ တက်ရောက်နေထိုင်သည်။ ၎င်း၏ပိုင်ဆိုင်ခွင့်ကို ဥပဒေအရ စဉ်စားဆုံးဖြတ်ရာတွင်ရှေးကျပြီး ပိုမိုခိုင်မာသော ပိုင်ဆိုင်ခွင့်ကို အသုံးချကာ တက်နေသည်ဟု ဆုံးဖြတ် ပါသည်။ငွေလွှဲပို့သူ။

**remonstration (n)**--ကန့်ကွက်ခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်ခြင်း။

**remonstrance (n)**--ဆန့်ကျင်ခြင်း၊ နစ်နာခြင်းအတွက် အကြောင်းပြချက်များ တင်ပြခြင်း။ နိုင်ငံတော်၏ မူဝါဒ၊ လုပ်ငန်းစဉ်သို့မဟုတ် ဆောင်ရွက်ချက်များကို ဆန့်ကျင်ခြင်း။

**remote cause**--ဖြစ်ပျက်သော အဖြစ်အပျက်နှင့် တိုက်ရိုက်ဆက်နွယ်မှုမရှိဘဲ အလှမ်းကွာဝေးသော အကြောင်းအချက်။ (၎င်းဝေါဟာရကို law of tort for negligence တွင် သုံးလေ့ရှိသည်။)

**removal (n)**--- နေရာ၊ အဆင့်ဖယ်ရှားခြင်း၊ ထုတ်ပယ်ခြင်း။ အမှုကို အခြားသော စီရင်ပိုင်ခွင့်ဒေသတွင် စစ်ဆေးပါက နစ်ဘက်အမှုသည်များ အဆင်ပြေနိုင်မည်ဖြစ်သောကြောင့် တရားရုံးတစ်ခုမှ အခြားသော စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ခုသို့ အမှုကို လွှဲပြောင်းပေးခြင်း။ အစိုးရ ဝန်ထမ်းကို ရာထူးမှ ထုတ်ပယ်ခြင်း။

**remunerate (v)**---လုပ်အားခ၊ ဝန်ဆောင်ခ၊ လခပေးသည်။

remuneration (n) --လုပ်အားခ၊ လခ၊ လျော်ကြေး။

remunerative (adj)--ဝင်ငွေလစာကောင်းသော။

**render (v)**--- တရားခွင်တွင် ဆုံးဖြတ်ချက်အမိန့်ကို အများပြည်သူရှေ့တွင် နှုတ်ဖြင့်ချမှတ်ခြင်း။ ကူးပြောင်းစေခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း။ ဈေးရောက်သည့်အခါပေးခြင်း။

**rendition (n)**---တရားခံပြေးကို ဖမ်းမိသည့်အခါ ပြစ်မှုကျူးလွန်ခဲ့သည့် ဒေသနိုင်ငံများသို့ ပြန်ပို့ခြင်း။

**renege (n)**---- ပေးထားသည့် ကတိကိုဖောက်ဖျက်ခြင်း။ အာမခံချက်ကို ချုက်ကွက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**renegotiation (n)**---ခြားနားသော၊ ကွဲပြားသောစည်းကမ်းချက်များဖြင့် ထပ်မံညှိနှိုင်းခြင်း။

**renewal (n)**--- သက်တမ်းတိုးမြှင့်ခြင်း။ နောက်သက်တမ်း ကာလအတွက် ယခင်ကချုပ်ဆိုထားပြီး ဖြစ်သော ငှားရမ်းခြင်းစာချုပ် သို့မဟုတ် ငွေပေးကတိ စာချုပ်ကိုသက်တမ်းတိုးခြင်း ဆက်လက်အကျိုးသက်ရောက်စေခြင်း။ အာမခံ ပေါ်လစီများကို ကာလသက်တမ်းတစ်ခုမှ တစ်ခုအထိ တိုးမြှင့်ခြင်း။

**renounce (v)** ငြင်းဆိုသည်၊ လက်လျှော့သည်၊ စွန့်လွှတ်သည်။ (အမွေဆက်ခံရရှိမည့် ပစ္စည်းများကို) မတောင်းဆိုတော့ခြင်း။

**renouncing probate.** သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားသည်ကို လက်မခံဘဲ ငြင်းပယ်ခြင်း။

**rent (n)**----ငှားရမ်းခ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ဝယ်ထားရှိ အသုံးပြုမှုအတွက် လစဉ်သို့မဟုတ် နှစ်စဉ်မှန်မှန်ပေးရသော ငှားရမ်းခ။

**rent agreement**. ကာလတိုအတွက် အိမ်ရှင် (မြေရှင်)နှင့် အိမ်ငှား (မြေငှား) တို့ ချုပ်ဆိုသော ငှားရမ်းခြင်း စာချုပ်။ သက်တမ်းကုန်သည့်အခါ၊ အဆိုပါ ပဋိညာဉ်စာချုပ်ကို ပယ်ဖျက်ကြောင်း တစ်ဖက်ဖက်မှ အကြောင်းမကြားသရွေ့ ဆက်လက်အလိုအလျောက် သက်တမ်းတိုးသွားနိုင်သည်။

**rental** - ငှားရမ်းခြင်းအတွက် ပေးသော လက်ခံရရှိသော ငှားရမ်းခ။

rent assessment committee . ငှားရမ်းခကို သက်မှတ်သည့် ကော်မတီ။ ယခုအခါ စံငှားရမ်းခကို ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်သည်။

**rent officer** မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေအရ နိုင်ငံတော်မှ ခန့်ထားသော ငှားရမ်းခကြီးကြပ်ရေးဝန် rent controller.

**renunciation (n)** အတိအလင်း သို့မဟုတ် ဆိတ်ဆိတ်နေခြင်းဖြင့် အခွင့်အရေး တစ်ရပ်ကို အခြားသူသို့ လွှဲပြောင်းပေးခြင်း မရှိဘဲ စွန့်လွှတ်ခြင်း။ ပြစ်မှုကျူးလွန်ရန် အခွင့်မသာသေး၍ စွန့်လွှတ်ခြင်း။ ဥပမာ A သည် ဘဏ်တစ်ခုကို ဓားပြတိုက်ရန် ရွတ်ထွေးသော အစီအစဉ်တစ်ရပ်ကို ရေးဆွဲပြီး ကြံစည်နေသည်။ အစီအစဉ် စတင်မည့်နေ့ညနေဘက်တွင် ဘဏ်လုပ်ငန်း ပိတ်သော်လည်း ဘက်တိုက်မပိတ် ဘဲ အလုပ်သမားများက ဘဏ်တိုက်အတွင်း





ဘဏ်ကိုပြုပြင်နေကြောင်း လူအများရှုတ်ထွေးနေပြီး ဓားပြတိုက်ရန် အခွင့် မသာကြောင်း တွေ့ရှိရသည်။ A သည် ဘဏ်ဓားပြတိုက်မည့် အစီအစဉ်ကို ထပ်မံမပြုရသေးသော အချိန်အထိ ရွှေ့ဆိုင်းထားသည်။ A သည် ဘဏ်ဓားပြတိုက်မည့် အစီအစဉ်ကို မစွန့်လွှတ် သေးပေ (not renunciation) အခါ အခွင့်ကို စောင့်နေခြင်းဖြစ်သည်။ ကံတရား အခွင့်မကြုံမီ အစီအစဉ်သစ် မကြံစည်ရ သေးချိန်အထိသာ ဖြစ်သည်။ အကယ်၍ စိတ်ပြောင်းသွား မည်ဆိုပါက ဘဏ်၏မြေပုံကားချပ် (blue print) ကို ဖျက်ဆီးလိုက်မည်ဖြစ် သည်။ ထိုသို့ဖျက်ဆီးလိုက်ပါက စွန့်လွှတ်ခြင်းလိုအပ်ချက်နှင့် ကိုက်ညီမည် ဖြစ်သည်။

**renvoi (fr)**--sending back. သက်ဆိုင်ရာနိုင်ငံ၏ တရားဥပဒေအရ စီရင်ရန် လွှဲအပ်မှုလက်ခံစစ်ဆေးမှု (ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်သောအခါ) ပုဂ္ဂလိက အပြည်ပြည်ဆိုင်ရာဥပဒေအရ နိုင်ငံသားတစ်ဦးသည် အခြားတစ် နိုင်ငံတွင် အမြဲတန်းအခြေချနေထိုင်ပါက ထိုသူသေဆုံးသွားသောအခါ ကျန်ရစ် ပစ္စည်းကို မည်သည့်နိုင်ငံဥပဒေအရ အဆုံးအဖြတ် ပေးရမည်ကို စဉ်းစားသောမှု။ ဥပမာ အင်္ဂလန်နိုင်ငံဥပဒေအရ တစ်ဦးတစ်ယောက်သည် သေတမ်းစာရေး သားခြင်း မရှိဘဲသေဆုံးခဲ့ပါက ၎င်း၏ကိုယ်ပိုင်ပစ္စည်းများအပေါ် အမွေဆက်ခံ ခွင့်မှာ ၎င်းအမြဲနေထိုင်ရာ တိုင်းပြည်၏ ဥပဒေအရသာ ဆောင်ရွက်ရမည်ဖြစ် သည်။ အီတလီနိုင်ငံ၏ ဥပဒေအရ ကြည့်လျှင်သေဆုံးသူ၏ ပုဂ္ဂလိက ပစ္စည်းများအပေါ် အမွေဆက်ခံခွင့်သည် သေတမ်းစာရေးသားထားခြင်း မရှိလျှင် ထိုသူမည်သည့်နိုင်ငံသားဖြစ်ခြင်း အပေါ်တွင် ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် အီတလီနိုင်ငံတွင် အမြဲနေသည့်သေတမ်းစာ ရေးသားခဲ့ခြင်း မရှိသော အင်္ဂလန်နိုင်ငံသား သေဆုံးသည့်အခါ renvoi ပြဿနာပေါ် ပေါက်လာသည်။ အင်္ဂလိပ်ဥပဒေအရ အမြဲနေထိုင်ရာအရပ်သည် ဥပဒေဆိုင်ရာ ပြဿနာဖြစ်ပြီး အီတာလျှံဥပဒေအရ နိုင်ငံသားဖြစ်မှုသည် ဥပဒေဆိုင်ရာ ပြဿနာဖြစ်သည်။ ထိုအချက် နှစ်ချက်အပေါ်တွင် သက်ဆိုင်ရာ နိုင်ငံ၏ တရားဥပဒေအရ စီရင်ရန် လွှဲအပ်မှု လက်ခံစစ်ဆေးမှု ပေါ်ပေါက်လာမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**reparation (n)**-မှားယွင်းမှုအတွက် ပြန်လည်ပြင်ဆင်သည့် လုပ်ရပ်။ စစ်လျော်ကြေးပေးခြင်း။ စစ်ရှုံးသည့်နိုင်ငံက စစ်နိုင်သည့်နိုင်ငံသို့ စစ်အတွင်းပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခြင်း။

**repatriation (n)**-နိုင်ငံခြားသား တစ်ဦးကို မိခင်နိုင်ငံရင်းသို့ ၎င်း၏ ဆန္ဒအရ ပြန်ပို့ခြင်း

**repeal (n)** တည်ဆဲဥပဒေ တစ်ခု၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ရုပ်သိမ်းပယ်ဖျက်ခြင်း။ ထိုသို့ ပြုလုပ်သော်လည်း မူလဥပဒေဟောင်းဖြင့် ဆောင်ရွက်ထားမှုများကို ထိခိုက်မှုမရှိပေ။

**repleaded (v)** မူလတင်သွင်းထားသော အဆိုအချေများတွင် ပိပြင်မှုမရှိဟု ကာယကံရှင်များက ယုံကြည်သောကြောင့် နောက်ထပ်အဆိုအချေ အသစ်တင်သွင်းခြင်း၊ ပြင်ဆင်ခြင်း မတရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်းဥပဒေ (၁၇)အရ (၁)တစ်ဖက်အမှုသည် အားမတရားမှု မဖြစ်စေခြင်း (၂) အမှုသည်များအကြား အငြင်းပွားလျက်ရှိသော ပြဿနာအစစ်အမှန်တို့ကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် ပြင်ဆင်ခြင်းသာ ဖြစ်ရပါမည်။ တရားမကျင့်ထုံးဥပဒေအရ အဆိုအချေကိုသာ ပြင်ဆင်နိုင်ပါသည်။ အဆိုလွှာ အသစ်တင်မည်ဆိုလျှင် တရားရုံး၏ ခွင့်ပြုချက်ကို လျှောက်ထားတောင်းယူကာ အမှုကိုရုပ်သိမ်းပြီး အသစ်တဖန်ထပ်မံ စွဲဆိုခြင်းဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၃)

**replevin (n)**– တရားလိုပိုင်ပစ္စည်းများကို ဥပဒေမဲ့တရားပြိုင်က သိမ်းယူသွားခြင်းခံရ၍ တရားလိုမှ ၎င်းပစ္စည်းကို ပြန်လည်ရရှိရန်နှင့် သိမ်းပိုက်ထားစဉ်အတွင်း နစ်နာကြေးကိုရရှိရန် တရားစွဲ တောင်းခံခွင့်။ တရားရုံးမှမည်သူပိုင်ကြောင်း အမိန့်မချမီအတွင်း တရားလိုသည် တရားရုံးသို့ အာမခံတင်သွင်း၍ ပစ္စည်းကို လက်ဝယ်ထားခွင့်ရှိသည်။

ဥပမာ Aသည် သင်္ဘောနှင့်ပါလာသော ၎င်းပိုင် ကုန်ပစ္စည်းများကို သိုလှောင်ရုံတစ်တွင် ငှားရမ်းထည့်သွင်းထားကာ သိုလှောင်ရုံပိုင်ရှင်သို့ ငှားရမ်းခ (၃)လစာကြိုတင်ပေးထားခဲ့သည်။ အချိန်စေ့၍သွားရောက်ထုတ်ယူသည့်အခါ သိုလှောင်ရုံပိုင်ရှင်က ငှားရမ်းခမရသေးဆိုကာ ကုန်များထုတ်ယူခွင့် မပြုခဲ့ပေ။A အနေဖြင့်





သိုလှောင်ရုံခကြိုတင်ပေးပြီးဖြစ်ပါလျက်သိုလှောင်ရုံပိုင်ရှင်မှငှားရမ်းခပေးမှထုတ်ပေးမည်ပြောခြင်း အပေါ် A အနေဖြင့် ကုန်များပြန်ရရန်နှင့် နစ်နာကြေးရရှိရန် တရားစွဲဆိုတောင်းခံခွင့်ရှိလာသည်။

**reply (n)**---တရားမမှုတွင် တရားလို၏ ဖြေလွှာ (AGO)။ ပြန်လွှာ။ တရားမကျင့်ထုံးဥပဒေတွင် အဆိုလွှာချေပလွှာဟူ၍သာရှိပါသည်။ သို့သော် တရားရုံးကျင့်စဉ်အရ တရားရုံး၏ခွင့်ပြုချက်ဖြင့် ပြန်လွှာကို တရားလိုဘက်မှ တင်သွင်းလေ့ရှိပါသည်။ ယခုလက်တွေ့ တရားရုံးနယ်ပယ်တွင် ပြန်လွှာတင်သွင်းခြင်းမရှိတော့ပါ။ သို့သော် တရားပြိုင်ဘက်မှ တင်သွင်းသော ချေပလွှာတွင် ပြန်လှန်တောင်းဆိုမှုများရှိလာလျှင် တရားလိုဘက်မှ ပြန်လွှာဖြင့်တုံ့ပြန်နိုင်သည်။ နောက်ဆက်တွဲချေလွှာဟု ခေါ်သည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၈ နည်း ၈ ၊ နည်း ၉)

**report (n)**---အစီရင်ခံစာ၊ law report တရားစီရင်ထုံးများ။

reporter - တရားရုံးချုပ်စီရင်ချက်များမှ ထုံးဖွဲ့မှုများကို မှတ်တမ်းတင်သူ။

**representative (adj)**-- ကိုယ်စားပြုသော၊ ရွေးချယ်တင်မြှောက်ထားသော legal representative တရားဝင်ကိုယ်စားလှယ်။

**reprieve (v)**-- ပြစ်ဒဏ်ရွှေ့ဆိုင်းသည်။ ပြစ်ဒဏ်လျှော့ပေါ့သည်။ (AGO)

**reprisal (n)**--- လက်စားချေခြင်း။ တုံ့ပြန်ခြင်း။

**republic (n)**----သမ္မတ အုပ်ချုပ်သောနိုင်ငံ။ သမ္မတအုပ်ချုပ်သောစနစ်။

**repudiate (v)**--- ငြင်းပယ်သည်။ ဆောင်ရွက်ရန် တာဝန်ကို စွန့်လွှတ်သည်။ ပဋိညာဉ်ကို အတည်ပြုရန်ငြင်းဆိုသည်။

**repudiation (n)**----ပဋိညာဉ်တွင် ပါဝင်သူတစ်ဦးက အနာဂါတ်၌ ပဋိညာဉ်ကိုဆောင်ရွက်မည် မဟုတ်ကြောင်း သိရှိစေသည်ဟု စာသားဖြင့်လည်းကောင်း အမူအယာဖြင့်လည်းကောင်း ဖော်ပြခြင်း။ ပဋိညာဉ်ကို ပယ်ဖျက်မည်ဟု ခြိမ်းခြောက်ခြင်း။ ပဋိညာဉ်မှာ ပျက်ပြယ်နိုင်သော ပဋိညာဉ်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ချုပ်ဆိုစဉ်က အရွယ်မရောက်သေး၍ဖြစ်ကြောင်း ငြင်းဆိုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**repugnancy (n)**----စာချုပ်စာတမ်းပါ စည်းကမ်းချက်များ ရှေ့နောက် မညီညွတ်ခြင်း၊ ဆန့်ကျင်ကွဲလွဲခြင်း။

**reputation (n)** နာမည်သတင်း၊ ကျော်စောသတင်း။ နာမည်ကောင်းသတင်း ရှိသူဖြစ်ကြောင်း ထင်ရှားစေရန်ငှါးမှာ အကျင့်စာရိတ္တကောင်းကြောင်း သက်သေခံ တင်သွင်းနိုင်သည်။ သက်သေခံအက်ဥပဒေပုဒ်မ ၅၂အရ တရားမမှုများတွင် အကျင့်စာရိတ္တမှာ စပ်ဆိုင်ခြင်း မရှိသော်လည်း ပုဒ်မ ၅၅ အရ နစ်နာကြေး သတ်မှတ်ရာ၌ အကျင့်စာရိတ္တမှာ စပ်ဆိုသည်။ ပုဒ်မ ၅၃၊ ပုဒ်မ ၅၄ အရ ပြစ်မှုများတွင် တရားခံ၏အကျင့်စာရိတ္တကောင်းသည်ဆိုသော အချက်မှာ စပ်ဆိုင်ပြီး အကျင့်စာရိတ္တမကောင်းကြောင်းသည် ပြန်လည်ချေပရန်မှ တစ်ပါး စပ်ဆိုင်ခြင်းမရှိပေ။

**reputed ownership**— အများမှတ်ထင်ရသော ပိုင်ဆိုင်မှု။ လူမွဲခံယူသည့် အချိန်က လူမွဲခံယူသူ၏ လက်ဝယ်ရှိကုန်ပစ္စည်းများ၊ ပိုင်ဆိုင်ပစ္စည်းများသည်၊ ထိုသူပိုင်ပစ္စည်းများဟု မှတ်ယူနိုင်ပြီး ဆန့်ကျင်သက်သေ မပြနိုင်ပါက မြီရှင် များသို့ ခွဲဝေပေးနိုင်သည်။

**request (n)**---- တောင်းဆိုခြင်း၊ အသနားခံခြင်း၊ မေတ္တာရပ်ခံခြင်း။

**request for production**----- တရားမကျင့်ထုံးဥပဒေအရ အမှုမ စစ်ဆေးမီ တစ်ဖက်အမှုသည် လက်ဝယ်ရှိစာရွက်စာတမ်းများကို စစ်ဆေးကြည့် ရှုခွင့်ပြုရန်နှင့် မိတ္တူကူးယူခွင့်ပြုရန်စာဖြင့် ရေးသား၍ တရားရုံးသို့ လျှောက်ထား ခြင်း။ ထိုပြင် ပထမအကြိမ်အမှုကြားနာသော ရက်တွင် တရားရုံးသို့ စာရွက် စာတမ်းများ တင်ပြခြင်း၊ တင်းသွင်းခြင်းပြုရမည်။

(တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ ၁၂၊ ၁၃ လေ့လာရန်)

**requirement (n)**—— လိုအပ်ချက်၊ တောင်းဆိုချက်။

**requisition (n)** လိုအပ်သောအခြေအနေ၊ တောင်းဆိုရယူချက်။ ချောဆွဲခြင်း။ အိမ်ခြံမြေဝယ်ယူသူ အပေါင်ခံသူက အဆိုပါ အိမ်ခြံမြေမှာ အရှုပ်အရှင်း၊ အခြားအပေါင်အနှံရှိမရှိ၊ ခိုင်လုံမခိုင်လုံတို့ကို ရှေ့နေအား သက်ဆိုင်ရာဌာန များတွင် စစ်ဆေးစေခြင်း။ ပစ္စည်းပိုင်ရှင်သို့ လိုအပ်လျှင်ခိုင်လုံသော အထောက် အထားပေးရန်တောင်းဆိုခြင်း။ (requisition on title)





**res (latin)**---a thing သဘော်ကုန်၊ သယ်ယူပို့ဆောင်ခတို့ကို ခြုံ၍ခေါ်သော ဝေါဟာရ (AGO) အရာဝတ္ထုများ အကျိုးစီးပွားများ၊ ရာထူးအဆင့်အတန်း ယုံမှတ်အပ်နှံခြင်း၏အကြောင်း။ စတော့လက်မှတ်သည် ယုံမှတ်အပ်နှံခြင်း၏ အကြောင်းကိစ္စဖြစ်သည်။

**resale (n)**----ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း။ ဝယ်ယူသူတစ်ဦးထံ ပစ္စည်းကို ရောင်းချပြီး ဖြစ်သော်လည်း ဝယ်ယူသည် အရောင်းအဝယ် ပဋိညာဉ်ကို ချိုးဖောက်သည့်အတွက် အခြားသူတစ်ဦးသို့ ထပ်မံရောင်းချခြင်း။ ကုန်ထုတ်လုပ်သူ၊ လက္ကားရောင်းချသူများထံမှ ကုန်များ ဝယ်ယူပြီးနောက် စားသုံးသူသို့ လက်လီပြန်လည်ရောင်းချခြင်း။

**rescind (v)**----ပဋိညာဉ်ကိုရုပ်သိမ်းသည်၊ ပယ်ဖျက်သည်။ ပဋိညာဉ်ကို တစ်ဘက်သတ်ရုပ်သိမ်းပယ်ဖျက်ခြင်း သို့မဟုတ် သဘောတူညီချက်အရ ဖျက် သိမ်းခြင်း။

**rescission (n)**---ပဋိညာဉ်ကိုပယ်ဖျက်ခြင်းဖြင့် ပဋိညာဉ်တွင် ပါဝင်သူများ သည်၊ ပဋိညာဉ်မပြုလုပ်မီက အနေအထားသို့ ပြန်လည်ရောက်ရှိခြင်း။ ပဋိညာဉ်ကို ပယ်ဖျက်ခြင်းမှာ ပါဝင်သူများ၏ သဘောတူညီချက်ကြောင့်ဖြစ်စေ၊ တရားရုံး၏ ဒီကရီအရဖြစ်စေ ပယ်ဖျက်နိုင်သည်။ ပဋိညာဉ်ကို ပယ်ဖျက်နိုင် သော အခြေခံအကြောင်းရင်းမှာ သဘောတူညီချက်သည် ဥပဒေနှင့်မညီသော သဘောတူညီချက်ဖြစ်ခြင်း၊ လိမ်လည်၍ပြုလုပ်ထားခြင်း၊ အဘိုးစားနား (ကတိနှင့် ညီညွတ်သောအချက်) မပါရှိခြင်း၊ အရေးပါသောဖောက်ဖျက်မှု သို့မဟုတ် ဖျက်ကွက်မှုရှိခြင်း စသည်တို့ဖြစ်သည်။

**rescript (n)** အစိုးရကြေငြာချက်။ အဆင့်မြင့်ဆုံး အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို ရေးသားဖော်ပြချက်။ အယူခံရုံးမှ အောက်ရုံးသို့ ဒီကရီကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန် အမှုတွဲကိုပြန်ပို့ခြင်း။

**rescue (n)** လူသို့မဟုတ် ပစ္စည်းကို အန္တရာယ်ကျရောက်ခြင်းမှ ကယ်တင် ခြင်း။ ထိုသို့ကယ်တင်ရန် အထွေထွေတာဝန်တစ်ရပ် အနေဖြင့်ပေးထားခြင်း ရှိသော်လည်း ပင်လယ်ပြင်တွင် သင်္ဘောရေယာဉ်မှူးသည် အန္တရာယ်ကျရောက် နေသော လူများကို ကယ်တင်ခြင်း ပြစ်မှုကျူးလွန်သော တရားခံကို ဥပဒေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အညီချုပ်နှောင်ထားရာတွင် လွတ်မြောက်ရန် အင်အားသုံး၍ကယ်တင်ခြင်း၊ (ပြစ်မှုဖြစ်သည်။) ဖမ်းဆီးသိမ်းယူထားသော ပစ္စည်းကိုပိုင်ရှင်က အင်အားသုံးပြန်လည် ရယူခြင်း။အကယ်၍ မတရားသိမ်းဆည်းခံရသည်ဆိုပါက ပိုင်ရှင်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရယူမည်ဖြစ်ပါသည်။

**reservation (n)**----သီးသန့်ထားသည်။ သီးသန့်ထားသော မြေနေရာ၊ တပ်မြေ၊ ပန်းခြံ၊ သစ်တောကြိုးဝိုင်း။ မြေရောင်းချသည့် စာချုပ်တွင် ခြွင်းချက်ထားသော စာပိုဒ်။ ဥပမာ ပိုင်ရှင်က ခြံကိုပိုင်း၍ ရောင်းရာတွင် ဝယ်သူက ပိုင်ရှင်ဝင်ထွက်လာနိုင်ရန် လမ်းကိုချန်လှပ်ထားသည့် စာပိုဒ်။

reserve - ရံပုံငွေ၊ အရန်ဆောင်ထားသည်၊ သီးသန့်ထားသည်။

**reserve force** - အရန်တပ်ဖွဲ့။

**resettlement (n)** ပြန်လည်နေရာချထားခြင်း။

**res gestae (n)** latin: the thing done. အငြင်းပွားသည့် အဖြစ်အပျက်များသို့မဟုတ် ၎င်းနှင့်တစ်ပြိုင်တည်းဖြစ်သော အခြားအဖြစ်အပျက်များ၊ ကိစ္စတစ်ခုတည်းကဲ့သို့ ဆက်စပ်နေသော အဖြစ်အပျက်များ။ ဥပမာ A သည် လက်နက်စွဲကိုင် ဆူပူသောင်းကျန်းရာတွင် ပါဝင်ခြင်းကြောင့် နိုင်ငံတော်ကို စစ်ဖက်ပြိုင်ဆိုင်မှုဖြင့် စွဲဆိုခြင်းခံရသည်။ ထိုသို့ပြုရာတွင် ပစ္စည်းများ ဖျက်ဆီးခြင်း၊ တပ်မတော်ကိုတိုက်ခိုက်ခြင်း အကျဉ်းထောင်ဖောက်ခြင်းများ ပါဝင်သည်။ ထိုဖြစ်ပျက်သည့်နေရာများ၌ A မရှိသော်လည်း ထိုဖြစ်ပွားမှုများမှာ ပင်မအမှုကြီးတွင် အပါအဝင်ဖြစ်သောကြောင့် စပ်ဆိုင်သည်။

(သက်သေခံအက်ဥပဒေ ပုဒ်မ ၆)

**residence (n)** နေထိုင်ရာအိမ်။

**resident** - သတ်မှတ်ထားသော နေရာတစ်ခုတွင် နေထိုင်သူ၊ ထိုသူသည် နိုင်ငံသားလည်း ဖြစ်နိုင်သကဲ့သို့ အမြဲနေထိုင်သူလည်း ဖြစ်ချင်မှဖြစ်မည်။

-residence order - သားသမီး ထိန်းသိမ်းစောင့်ရှောက်ခွင့်အမိန့် (AGO)

**residual (adj)** ကြွင်းကျန်နေသော၊ လက်ကျန်ဖြစ်သော။

**residuary** လက်ကျန်ဖြစ်သော၊ အကြွင်းဖြစ်သော (AGO)

residuary **clause** အမွေမှလက်ကျန်ဖြစ်သော ပစ္စည်းများကို ဥပဒေနှင့်အညီ





အကျိုးခံစားခွင့်ရှိသူသို့ လွှဲပြောင်းပေးရန်ပါရှိသည့် သေတမ်းစာမှစာပိုဒ်။

residuary **beneficiary** - အခြားသော အကျိုးခံစားခွင့်ရှိသူများသို့ တိတိကျကျ ပေးထားခြင်း မရှိသည့် သေတမ်းစာပါ ကျန်ရစ်သောပစ္စည်းများကို လက်ခံရရှိသူ။ ဥပမာ A သည် ၎င်း၏အိမ်ကို B သို့လည်းကောင်း ကျန် ပစ္စည်းများကို C သို့လည်းကောင်း သေတမ်းစာရေးသားခဲ့လျှင် C သည် ကြွင်းကျန်ရစ်သော ပစ္စည်းများကို လက်ခံရရှိသူဖြစ်သည်။

residuary **bequest** - သေတမ်းစာဖြင့် အမွေပေးပြီးနောက် ကျန်ရစ်သော ပစ္စည်း၊ သေတမ်းစာရေးသား သူက မိမိပေးကမ်းလိုသူကို မည်သည့်ပစ္စည်းပေးမည်ဖြစ်ကြောင်း ဖော်ပြထားပြီးနောက် ကျန်ရစ်သော ပစ္စည်းများ။

ဥပမာ။ A က သေတမ်းစာရေးသားရာတွင် သူ၏နေအိမ်နှင့် စတော့ရှယ်ယာများကို ဇနီးဖြစ်သူသို့လည်းကောင်း ကျန်ရစ်သောအခြားပစ္စည်းများအားလုံး (everything else) ကို သမီးဖြစ်သူသို့လည်း ခွဲဝေပေးရန်ပါရှိလျှင် အခြားပစ္စည်းများအားလုံးသည် အမွေပုံမှ ကြွင်းကျန်ရစ်သော အမွေဖြစ်သည်။

residuary **legatee** - လက်ကျန်အမွေပစ္စည်းရထိုက်သူ။ ဥပမာ A သည် သေတမ်းစာကို ရေးသားရာ၌ ကျွန်ုပ်၏ ကြွေးမြီများကို ဆပ်ပေးရန်ဘဏ်တိုက်ရှိ ကျွန်ုပ်ငွေစာရင်းတွင် ငွေကြေးအလုံအလောက်ရှိမည်ဟု ယုံကြည်သည်။ ၎င်းငွေပေးဆပ်မှုကို B က တာဝန်ယူလုပ်ဆောင်ပေးရန်ဖြစ်သည်။ ငွေကြေးပေးဆပ်ပြီးနောက် ကျန်ငွေကို B ၏ သဘောအတိုင်း ရယူစေချင်သည်ဟု ပါရှိရာ B သည် ကြွင်းကျန်သည့် ပစ္စည်းကို ရထိုက်သူအဖြစ်သို့ ရောက်လာသည်။ (အမွေဆက်ခံခြင်း ဥပဒေ ပုဒ်မ ၁၀၂)

residuary **estate** သတ်သတ်မှတ်မှတ် သေတမ်းစာဖြင့် အမွေပေးထားခြင်းမရှိသော သေတမ်းစာရေးသူပိုင်ပစ္စည်းများမှ ကြွေးမြီများ အမွေဆက်ခံသူများ ပေးဆပ်နောက် ကျန်ရစ်သောပစ္စည်း။

**residue of the trial** အမှုတွင် စစ်ဆေးစီရင်ရန် ကျန်ရှိသောအပိုင်း

**residum**--အခြားသော ပစ္စည်းများကို ခွဲဝေယူဆောင်သွားကြပြီး နောက် ကျန်ရစ်သော ပစ္စည်းအစိတ်အပိုင်း။



www.burmeseclassic.com

www.burmeseclassic.com



**res ipsa loquitur**(latin). ဖြစ်ပျက်မှုက အမှန်ကို ဖော်ထုတ်နေခြင်း။ ဥပမာ။ မော်တော်ယာဉ်အရောင်းပြခန်းမှ ကားသစ် ဝယ်လာသူသည် ပထမ အကြိမ်စတင်မောင်းနှင်ရာတွင်ပင် ဘရိတ်ချို့ယွင်းမှု ကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရသည်။ ကားဝယ်သူက မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီသို့ ပေါ့သစွာမစစ်ဆေးဘဲ ကားကိုရောင်းထုတ်သည် ဆိုကာ ဘရိတ်ချို့ယွင်းမှုကို ထောက်ပြ၍ လျော်ကြေးတောင်းသည်။ မော်တော်ကား ကုမ္ပဏီသည် လျော်ကြေးမပေးလိုပါက res ipsa loquitur မူအရ ၎င်းတို့၏ ပေါ့ဆမှုကြောင့် မဟုတ်ဘဲ အခြားအချက်များကြောင့်သာ ယခုကဲ့သို့ မတော် တဆမှုဖြစ်ကြောင်း သက်သေတင်ပြရမည်ဖြစ်သည်။

**resignation (n)**--ရာထူးမှနှုတ်ထွက်ခြင်း။

**resisting arrest**--ဖမ်းဆီးရာတွင် ခုခံခြင်း။ ဥပဒေနှင့်မညီသော ဖမ်းဆီးခြင်းဖြစ်ပါက သင့်တော်သော အင်အားသုံး၍ ပြန်လည်ခုခံနိုင်သည်။ ဥပဒေနှင့်အညီ ဖမ်းဆီးခြင်းကို ခုခံမည်ဆိုလျှင် ရဲအရာရှိကို တာဝန်ဝတ္တရား နှောက်ယှက်မှုဖြင့် ထပ်မံအရေးယူခြင်းကိုပါ ခံရနိုင်သည်။ ရဲအရာရှိသည် အရပ်ဝတ်နှင့်လာရောက်ဖမ်းဆီးလျှင်ပင် ခုခံပိုင်ခွင့်မရှိပါ။ ကာကွယ်ခုခံပိုင်ခွင့် ကို အသုံးပြု၍ခုခံခြင်း မပြုနိုင်ပါ။ ခုခံပါက ဝတ္တရားနှောင်ယှက်မှုအပြင် လက်ရောက်မှုကိုပါ ကျူးလွန်ရာရောက်သွားပေမည်။

**res judicata**(latin) မီးသေဆုံးဖြတ်ချက်။ လူတစ်ဦးတစ်ယောက်အား တရားစွဲဆိုရာတွင် စီရင်ပိုင်ခွင့်အာဏာရှိသော ရုံးကအငြင်းပွားသော အကြောင်း အရာနှင့်စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ပြီးဖြစ်လျှင် အဆိုပါအမှုသည်များ သို့မဟုတ် တရားစွဲဆိုခွင့်ရှိသော ဆက်ခံစွဲဆိုသူများက တူညီသော အကြောင်း ခြင်းရာ တူညီသောသက်သာခွင့်တောင်းဆိုခြင်းဖြင့် တရားစွဲဆိုခြင်း အမှု စစ်ဆေးခြင်းမပြုရဟု တားမြစ်ထား ခြင်းဖြစ်သည်။

**res nova (latin) new thing.** ယခင်က မဆုံးဖြတ်ရသေးသော ဥပဒေ ပြဿနာ။





**resolution (n)** ကုမ္ပဏီအစည်းအဝေးတွင် အများ၏သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချခြင်း။ ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်။ လွှတ်တော် ဆုံးဖြတ်ချက်။

**respectable (adj)**--ရိုသေလေးစားထိုက်သော။

**respite (n)**-- သေဒဏ်ကို ခေတ္တဆိုင်းငံ့ထားခြင်း။ စီရင်ချက် မချမှတ်သေးဘဲ ရက်ရွှေ့ဆိုင်းခြင်း။ နှောင့်နှေးကြန့်ကြာခြင်း။ (AGO)

**respondeat ouster**--(latin) တရားခံ/ တရားပြိုင်က အမှုနှင့်မသက်ဆိုင်သော အချက်များတင်ပြ၍ ခုခံချေပချက် မပီပြင်သဖြင့် တရားရုံးမှ ထိုက်သင့်သော ခုခံချက်ကို တင်ပြစေရန်အမိန့်ချခြင်း။

**respondeat superior** (latin). အလုပ် သမားကဖြစ်စေ ကိုယ်စားလှယ်က ဖြစ်စေ လုပ်ငန်းသို့မဟုတ် အေဂျင်စီ၏ ဘောင်အတွင်းမှ မှားယွင်းသော ကိစ္စကိုကျူးလွန်ခဲ့လျှင် အလုပ်ရှင်သို့မဟုတ်အကြီးအကဲ၌ တာဝန်ရှိခြင်း။

**respondentia.** ရေကြောင်းဆိုင်ရာ ပဋိညာဉ်များအတွက်၊ သင်္ဘောနှင့် သင်္ဘောပေါ်ရှိ ကုန်များကို အာမခံထား၍ငွေချေးငှားခြင်း။

**res pirit domini.**(latin:) အရှုံးသည် ပိုင်ရှင်ပေါ်သို့ ကျရောက်သည်။

**responsibility (n)**---- တာဝန်ခံမှု။

**restitution (n)** မူရင်းအနေအထားသို့ ပြန်လည်ရောက်ရှိစေခြင်း။ ပစ္စည်း ကို မူလပိုင်ရှင်ထံသို့ ပြန်ပေးခြင်း။

restitution of conjugal right. လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းဆေလိုမှု

**restoration (n)** မူလအခြေသို့ ပြန်ရောက်ခြင်း၊ ပြန်လည်အပ်နှင်းခြင်း။ ပြန်လည်ထူထောင်ခြင်း။

**restraining order**----တားမြစ်စေအမိန့်။ အမိန့်ထုတ်ပေးရန် ကြားနာ ခြင်း အကြောင်းကြားခြင်း မရှိဘဲထုတ်ပေးခြင်း။ မူလအခြေအနေမှ ယိုယွင်း ပျက်စီးသွားမှုရှိမရှိ ကြားနာဆုံးဖြတ်ပြီးသည့် တိုင်အောင်ထုတ်ပေးထားခြင်း။ တားမြစ်စေအမိန့်သည် အမြဲတန်း သို့မဟုတ် ယာယီထုတ်ပေးရန် ကြားနာပြီး နောက် ဆုံးဖြတ်ရမည်။ နှစ်ဘက်တင်ပြချက်များကို ကြားနာပြီးဆုံးသည့် အချိန်အထိ ယာယီထုတ်ပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ ဒေသဆိုင်ရာ အစိုးရက ၎င်းစီမံခန့်ခွဲသည့်မြေပေါ်ရှိ သစ်ပင်များကို ခုတ်လှဲသစ်ထုတ်ရန် A ကုမ္ပဏီကို ခွင့်ပြုလိုက်သည်။ ထိုအခါ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ထိန်းသိမ်းရေးအဖွဲ့က တရားရုံးသို့သွားရောက်ပြီး သစ်ပင် များ ခုတ်လှဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးသွားမည်ဖြစ်ကြောင်းနှင့် ဒေသဆိုင်ရာ အစိုးရက ထိုသို့ခွင့်ပြုနိုင်ရန် လုပ်ကိုင်ခွင့်ရှိမရှိကိုလည်း ကြားနာ ပေးရန်နှင့် ကြားနာမှုမပြီးဆုံးမီအထိ တားမြစ်စေ အမိန့်တစ်ရပ်ထုတ်ပေးရန် လျှောက်ထားသည်။ ထို့ကြောင့် တရားရုံးက လျှောက်ထားချက်ကို လက်ခံပြီး ယာယီတားမြစ်စေ အမိန့်ထုတ်ပေးလိုက်သည်။

**restraint of marriage** အိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ကန့်သတ်ချုပ်ခြယ်ခြင်း။

**restraint of trade** ကုန်သွယ်မှု၌ တရားမဝင် ထိန်းချုပ်မှုသည် စီးပွားရေးလုပ်ဆောင်ရာတွင် လွတ်လပ်စွာ ပြိုင်ဆိုင်မှုကို လွှမ်းမိုးရာရောက်သည်။ သို့အတွက် ကုန်ထုတ်လုပ်မှုကို ထိန်းချုပ်ရာရောက်ပြီး ဈေးနှုန်းပေါ်တွင် အကျိုးသက်ရောက်မှုရှိလာသည်။ တစ်နည်းအားဖြင့် ဈေးကွက်ကိုထိန်းချုပ်ကာ စားသုံးကုန်နှင့် ဆောင်ရွက်မှုများကို ပျက်စီးစေသည်။ ထိုသို့ လုပ်ဆောင်ခြင်း သည် စားသုံးသူ၏ အကျိုးကို ထိခိုက်စေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် တရားမဝင်ကြောင်း နိုင်ငံအများက ကြေငြာလေ့ရှိသည်။

**restraint of princes-(in marine insurance)**--အာဏာပိုင်၏ အရေး ယူဆောင်ရွက်မှုများ (AGO) နိုင်ငံရေးအရ သို့မဟုတ် စီမံခန့်ခွဲမှုအရ ပြုလုပ်မှု ကြောင့် ဆုံးရှုံးခြင်း၊ နစ်နာခြင်းကို ဖြစ်ပေါ် စေခြင်း။ အဓိကရုဏ်း သို့မဟုတ် သာမန်တရားရေးဆိုင်ရာ လုပ်ငန်းစဉ်နှင့် ခြားနားသည်။ အဆိုပါပြုလုပ်မှုများ (ဥပမာစစ်အတွင်း)အစိုးရအရာရှိများ ၏ ပြုလုပ်မှုကြောင့် မဟုတ်ဘဲ တစ်ဦး တစ်ယောက်၏ တိုက်တွန်းမှုကြောင့် ပြုလုပ်နိုင်ခြင်း သို့မဟုတ် ၎င်းတို့၏ နိုင်ငံအကြီးအကဲမှ အတင်းအကြပ် ပြုလုပ်ခိုင်း၍ ပြုလုပ်ခြင်းဖြစ်နိုင်သည်။

**restriction (n)** စည်းကမ်းကန့်သတ်ခြင်း၊ ထိန်းချုပ်ခြင်း။

**restrictive indorsement** ချက်လက်မှတ်၊ ငွေလွှဲလက်မှတ်နောက် ကြော၌ လက်မှတ်ရေးထိုးရာတွင် ထပ်ဆင့်လွှဲပြောင်းခြင်း မပြုရန် ကန့်သတ်ချက် ကို ရေးသားဖော်ပြခြင်း။ ဥပမာ A သို့သာပေးရန် (pay A only)





**resummons** သမ္မာန်စာထုတ်ပြီးသော အမှုသည် သို့မဟုတ် သက်သေ ကို ဒုတိယအကြိမ်ထပ်မံထုတ်ခြင်း။

**resumption (n)**--ပြန်လည်ပြုလုပ်ခြင်း၊ ပြန်သိမ်းခြင်း။

**retain (v)**---မိမိအတွက် ဆက်လက်ထားရှိသည်။ သိမ်းဆည်းထားသည်။ ရယူထားသည်။

**retainer (n)** အမှုသည် လိုအပ်သည့်အခါတွင် သေချာစွာဆောင်ရွက်ပေး စေရန်အတွက် ရှေ့နေကို ကြိုတင်ပေးထားသည့် ရှေ့နေခ။ ရှေ့နေက အမှုသည် အား လစဉ်သို့မဟုတ် အမှုပြီးစီးသည့်အခါ မည်သို့ဆောင်ရွက်ထားကြောင်း ဆောင်ရွက်ခဲ့ကြောင်း ရှင်းတမ်းတင်ပြရသည်။ အချို့ရှေ့နေနှင့် အမှုသည်အကြား သဘောတူစာချုပ်ချုပ်ဆိုလေ့ရှိသည်။ အလုပ်ရှင်လိုအပ်ချိန်တွင် အခါအားလျော် စွာလာရောက် တာဝန်ထမ်းဆောင်သော အချိန်ပိုင်းအလုပ်သမား။

**retake (v)** ပြန်ယူသည်၊ ပြန်လည်သိမ်းပိုက်သည်။ ပြန်လည်ဖမ်းဆီး သည်။

**retaliate (v)** လက်စားချေသည်။ တုံ့ပြန်သည်။

**retire (v)** အငြိမ်းစားယူသည်။ နောက်ဆုတ်သည်၊ ထွက်ခွာသွားသည်။

**retirement** - အသက်ပြည့်၍လည်းကောင်း၊ လုပ်သက်ပြည့်၍လည်းကောင်း မကျန်းမာ၍လည်းကောင်း၊ အနားယူခြင်း။ ဆောင်ရွက်နေမှုများကို ရပ်ဆိုင်းခြင်း အကြွေးများကို ပေးဆပ်ခြင်းဖြင့် မြီစားစာရင်းမှ ပယ်ဖျက်ခြင်း ရပ်သိမ်းခြင်း။

**retirement benefits** - အငြိမ်းစားအကျိုးခံစားခွင့်။

**retraction (n)** ပြန်လည်ရုပ်သိမ်းခြင်း၊ အဆိုအချေများ၊ ကြေငြာချက်များ၊ ခွတ်စွဲချက်များ ဖြောင့်ချက်များ ကတိများစသည်တို့ ပြန်လည်ရုပ်သိမ်းခြင်း။ ပဋိညာဉ်စာချုပ်တွင် ကမ်းလှမ်းခြင်း ကတိပြုခြင်းများကို ပြန်ရုပ်သိမ်းခြင်း။ သေတမ်းစာကို အတည်ပြုပေးရန် ငြင်းပယ်ခြင်းကို ရုပ်သိမ်းခြင်း။ သူတစ်ပါး အသရေပျက်စေသော အသုံးအနှုန်းများကို ပြန်လည်ရုပ်သိမ်းပေးခြင်း။

**retraxit** တရားမမှုတွင် တရားလိုက မိမိစွဲဆိုထားသော တရားမမှု ကို မိမိဆန္ဒအလျောက် ရုပ်သိမ်းကြောင်း တရားခွင့်ရှေ့မှောက်တွင် တင်ပြခြင်း။ တရားရုံး၏ ခွင့်ပြုချက်ကို တောင်းခံခြင်း မပြုဘဲ။ မိမိဆန္ဒလျှောက်အမှုကို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သိမ်းကြောင်း တင်ပြရာ တရားရုံးက ရုပ်သိမ်းခွင့်ပြုလိုက်လျှင် တရားလို အနေဖြင့် တူညီသော တရားပြိုင်တူညီသော အမှုဖြစ်အကြောင်းခြင်းရာနှင့် ဒုတိယအကြိမ် တရားစွဲဆိုခွင့်မရှိတော့ပေ။

**retracted confession** တရားခွင့်ရှေ့ရောက်သည့်အခါ တရားခံက ၎င်းပေးခဲ့သော ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။ (ပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက်ကို ထောက်ခံနိုင်သော အခြားသက်သေခံချက် တစ်စုံတစ်ရာမရှိသည့် အခြေအနေမျိုးတွင် ယင်းဖြောင့်ချက်တစ်ခုတည်းကို အခြေပြု၍ စိတ်ချလက်ချအပြစ်ပေးရန်မဖြစ်နိုင်ပေ။ သို့သော် ပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက်ပါအချက်များသည် အမှုဖြစ်အကြောင်းခြင်းရာနှင့် ကိုက်ညီပြီးဖြောင့်ချက်ပါ အချက်များကို ထောက်ခံလျက်ရှိနေပါက မိမိအလိုအလျောက်ပေးသော ဖြောင့်ချက်ဟု ကောက်ယူရမည်။)

**retrenchment (n)** ဖြတ်တောက်လျှော့ချပစ်ခြင်း၊ လူအင်အားလျှော့ချခြင်း၊ ခြိုးခြံခြင်း retrench (v)

**retrial (n)** အမှုကို အသစ်တစ်ဖန်ပြန်လည်စစ်ဆေးခြင်း။ အစမှ ပြန်လည်စစ်ဆေးပါက ယခင်စစ်ဆေးခဲ့ပြီးသော ထွက်ချက်များ၊ စွဲချက်များကို ထည့်သွင်းစဉ်းစားရန်မလို။ အမှုကို အစမှပြန်စစ်ရန် သင့်မသင့်ဆိုသော အချက်ကို ချင့်ချိန်ရာတွင် ယခင်စစ်ဆေးခဲ့သော တရားသူကြီး၏ ဆောင်ရွက်ချက်များတွင် တရားခံအား သိသိသာသာ ထိခိုက်နစ်နာစေမှုရှိမရှိ အချက်ကို ဦးတည်သုံးသပ်ရမည်အပြင် အမှုများ မြန်မြန်နှင့်မှန်မှန် စီရင်ရမည်ဆိုသော အခြေခံအချက်ကို ထည့်သွင်းသုံးသပ်ရန်လိုသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၀ (၁)လေ့လာပါ)

**retribution (n)** ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်ပေးခြင်း။

**retrospesctive effect** နောက်ကြောင်းပြန်အာဏာ သက်ရောက်မှု (AGO) retroactive (adj) နောက်ကြောင်းပြန်အရေးယူသော။

**return (v)(n)** ရွေးကောက်ပွဲတွင် မဲအရေအတွက် မည်မျှစီရရှိကြောင်း တရားဝင်ထုတ်ပြန်ချက်။ အပတ်စဉ်လစဉ် အစီရင်ခံစာကို သတ်မှတ်ထားသော ပုံစံဖြင့် အထက်အရာရှိထံ တင်ပြခြင်း သမ္မာန်စာကိုသွားရောက်ဆင့်ဆိုပြီးနောက် အတည်ဖြစ်မဖြစ် မည်သို့ဆောင်ရွက်ခဲ့သည်ကို တရားသူကြီးထံ





အစီရင်ခံတင်ပြခြင်း။ ကုမ္ပဏီများ တစ်နှစ်တစ်ကြိမ် ကုမ္ပဏီမှတ်ပုံတင်အရာရှိထံ အစီရင်ခံတင်ပြခြင်း။ (မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၃၄) စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာ။ ကောက်ပဲသီးနှံများ ရိတ်သိမ်းခြင်း။ သိမ်းဆည်းခံရသော ကုန်ပစ္စည်းများကို ပြန်လည်ပေးခြင်း။

**returning officer** - ရွေးကောက်ပွဲတွင် ကြီးကြပ်ရသောအရာရှိ

**revalidation (n)** ထပ်မံအတည်ပြုခြင်း၊ ထပ်မံအခိုင်အမာပြုခြင်း။

**revaluation (n)** ငွေကြေးတန်ဖိုးပြန်လည်သတ်မှတ်ခြင်း။

**revenge (v)(n)** လက်စားချေသည်၊ လက်စားချေလိုစိတ်ရှိခြင်း။

**revenue (n)** အခွန်အကောက်။ ဥပဒေအရ နုတ်ပယ်ရမည့်ပေးရမည့်ငွေများကို မနုတ်ပယ်ရသေးသည့် အရပ်ရပ်ဝင်ငွေ သို့မဟုတ် လက်ခံရငွေများ။ ရင်းနှီးမြုပ်နှံထားမှုမှ ပြန်လည်ဝင်ရောက်လာသော ဝင်ငွေ။ ကုန်သွယ်ရေးလုပ်ငန်းလုပ်ဆောင်မှုမှ ရရှိသောဝင်ငွေ။

**revenue bill** ဝင်ငွေခွန်ဥပဒေကြမ်း။

**revenue stamp**-အခွန်တံဆိပ်ခေါင်း။

**revenue year** အခွန်ကောက်ခံသည့်ဘဏ္ဍာရေးနှစ်။

**reversal (n)** ပြောင်းပြန်ပြန်ခြင်း (AGO)၊ အောက်တရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံတရားရုံးက ပယ်ဖျက်ခြင်း (စီရင်ချက်၊ ဒီကရီ၊ အမိန့်ကိုပယ်ဖျက်ခြင်း)

**reversion (n)** ရာထူးလျှော့ခံရခြင်း။ ဥပဒေအရ မြေပေါ်တွင် ရရှိလာမည့် အနာဂတ်အကျိုးခံစားခွင့်များရှိရာတွင် မည်သည့်အခါ၌မဆို မြေပိုင်ရှင်သည် အခြားသူတစ်ဦးတစ်ယောက်သို့ တစ်သက်တာသို့မဟုတ် နှစ်ကာလအပိုင်းအခြားဖြင့် ပေးရာ၌ ထိုကာလများ ကုန်ဆုံးသည့်အခါ အကျိုးခံစားခွင့်များသည် မူလမြေပိုင်ရှင်ထံသို့ ပြန်ရောက်သွားခြင်း။ တစ်သက်တာငှားရမ်းထားသော မြေငှားသေဆုံးသည့်အခါ ငှားရမ်းမှုမှာ အလိုအလျောက်အဆုံးသတ်သွားပြီး မြေပိုင်ရှင်ထံပြန်ရောက်သွားခြင်း။

**revest (v)** မူလအခြေအနေသို့ ပြန်ရောက်သွားသည်။ မူလ ပိုင်ရှင်ထံ ပြန်ရောက်သွားသည်။ (AGO) အလှူရှင်ထံ ပစ္စည်းပိုင်ဆိုင်မှု ပြန်ရောက်သွားခြင်း (သို့)ယခင် ပိုင်ရှင်ထံ ပြန်ရောက်သွားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**review (n)**ပြန်လည်သုံးသပ်စစ်ဆေးခြင်း။ ဒီကရီချပေးခဲ့သော (သို့မဟုတ်) အမိန့်ချမှတ်ခဲ့သော တရားရုံးသည် (၁)အယူခံပင်ခွင့်ပြုထားသော် လည်း အယူခံမဝင်သော ဒီကရီ (၂)အယူခံဝင်ခွင့်မရှိသော ဒီကရီ သို့မဟုတ် အမိန့်တို့ကို နစ်နာမည်ဟု ထင်မြင်သူက လျှောက်ထားလာသည့်အခါ မိမိ အမိန့်ကို မိမိပြန်လည်သုံးသပ်နိုင်သည်။ (တရားမကျင့်ထုံးဥပဒေ ပုဒ်မ၁၄၄)

**revise (v)** ပြန်လည်စဉ်းစားသည်၊ ပြင်ဆင်တည်းဖြတ်သည်၊ ပြောင်းလဲပြုပြင်သည်။

**revision** ပြန်လည်ပြင်ဆင်ခြင်း၊ ပြန်လည်စိစစ်ခြင်း။

**revision case** ပြင်ဆင်မှု။

**revival (n)** လက်ရှိအသုံးပြုနေသော၊ ဆောင်ရွက်နေသော အခြေအနေ အတိုင်းပြန်ထားခြင်း။ ထိုသို့ဆောင်ရွက်ခြင်းသည် ရက်လွန်နေသော ပဋိညာဉ် သို့မဟုတ် အချိန်ဆိုင်းထားသော စီရင်ချက်ကို တရားဝင်စေခြင်း သို့မဟုတ် ဥပဒေအရ အကျိုးသက်ရောက်စေခြင်း။

**revivor**-ပြီးဆုံးခြင်း ရောက်နေသည်ကို ပြန်လည်ရှင်သန်စေခြင်း။ အဘယ်ကြောင့်ဆိုသော် အမှုသည်များအထဲမှ တစ်ဦးသေဆုံးခြင်း သို့မဟုတ် အခြား အခြေအနေများပေါ်ပေါက်နေခြင်း။

**revocation (n)** ပြန်လည်ရုပ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း (AGO)ပယ်ဖျက်ခြင်း။ အာဏာပိုင်က အပ်နှင်းထားသည်ကို ရုပ်သိမ်းခြင်း။ ယခင်က ပြုလုပ်ထားသော စာချုပ်စာတမ်းများ ပယ်ဖျက်ခြင်း ကမ်းလှမ်းချက်ကို ပြန်လည်ဖျက်သိမ်းခြင်း။ အကျိုးသက်ရောက်ခဲ့သော အဆိုပြုခြင်းခံရသူ၏ လက်ခံချက်ကို အဆုံးသတ်စေသည်။ ဥပမာ။ စတီးပိုက်ကုမ္ပဏီသည် ပိုက်ဟောင်းရောင်းသည့် ဆိုင်မှ အသုံးပြုပြီး ပိုက်များကို တစ်ပေလျှင် ၁၅ ကျပ်ဖြင့် ဝယ်ယူရန်ကမ်းလှမ်းခဲ့သည်။ ရောင်းချသူမှ ထိုအဆိုပြုချက်ကို လက်ခံခြင်း လက်မခံခြင်း အကြောင်းမပြန်ကြားရသေးမီ စတီးပိုက်ကုမ္ပဏီသည် မှားယွင်းသော ပိုက်အမျိုးအစားကို ဝယ်ယူရန် အဆိုပြုခဲ့မိခြင်းဖြစ်၍ ၎င်း၏အဆိုပြုချက်ကို ပြန်လည်ရုတ်သိမ်းကြောင်း ရောင်းချသူထံ အကြောင်းကြားလိုက်သည်။ ထိုအချိန်အထိ ရောင်းချသူမှ ပထမ အဆိုပြုချက်ကို အကြောင်းတစ်စုံတစ်ရာပြန်ကြား ရခြင်းမရှိသေး၍





အဆိုပြုချက် ပြန်လည်ရုပ်သိမ်းခြင်းမှာ အကျိုးသက်ရောက်မှုရှိသွားသည်။

သေတမ်းစာနှင့် စပ်လျဉ်း၍ သေတမ်းစာရေးသားသူက သေတမ်းစာတရား မဝင်ကြောင်း ပြောဆိုလျှင်ဖြစ်စေ သေတမ်းစာကို ဖျက်ဆီး၍ဖြစ်စေ၊ အသစ် တစ်ခုထပ်မံပြုလုပ်ခြင်းဖြင့်ဖြစ်စေ ပထမသေတမ်းစာကို ပယ်ဖျက်ရုပ်သိမ်းခြင်း။

**reward (n)**-ဆုချီးမြှင့်သည်၊ ဆုလာဘ်၊ ဆုငွေ (AGO)။ အကျိုး ကျေးဇူး။

**right (n)**-အခြေခံဥပဒေအရ လူတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်။ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသော ပဋိညာဉ်နှင့်ဆိုင်သော ဥပဒေနှင့်ဆိုင်သော ရပိုင်ခွင့် များ။ ငွေချေးသက်သေခံ လက်မှတ်ရောင်းဝယ်ရာတွင် ဦးစားပေးအနေဖြင့် စတော့ရှယ်ယာအသစ်များကို ဈေးကွက်ပေါက်ဈေးထက် နိမ့်သောဈေးဖြင့် ဝယ်ယူနိုင်ရန် ပေးသောအခွင့်အရေး (ယခင်ဝယ်ယူထားသော ရှယ်ယာရှင်များ ကို အသစ်ထပ်မံ ဝယ်ယူရန်ပေးသော အခွင့်အရေး)

**right of action** - တရားစွဲဆိုခွင့်။

**right of entry** - မရွှေ့မပြောင်းနိုင်သော ပစ္စည်းသို့မဟုတ် မြေပေါ်တွင် ငြိမ်းချမ်းစွာ ပြန်လည်ဝင်ရောက်ခွင့်။

**right of possession** - လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ သိမ်းဆည်းထားခွင့် သို့မဟုတ် အခြားနည်းအေးချမ်းစွာ ရယူခွင့် မရွှေ့မပြောင်းနိုင်သော မြေပေါ်သို့ ဝင်ရောက်ခွင့်နှင့် မတရားလက်ဝယ်ရှိသူကို နှင်ထုတ်ပိုင်ခွင့်။

**right of pre-emption** ဦးစွာဝယ်ယူခွင့် အခွင့်အရေး။

**right of way** - သူတစ်ပါးပိုင်မြေပေါ်တွင် ပဋိညာဉ်အရဖြစ်စေ၊ လုပ်ရိုးလုပ်စဉ် အရဖြစ်စေ ဖြတ်သန်းသွားလာပိုင်ခွင့်။

**right of search** - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၅၊ ပုဒ်မ ၁၆၆ အရ ရှာဖွေခွင့်။

**right of begin** - အမှုများကို စတင်စစ်ဆေးခွင့်။ ပြစ်မှုများတွင် တရားလို ဘက်မှသာ စတင်စစ်ဆေးခွင့်ရှိသော်လည်း တရားမမှုများတွင် သက်သေထူ ရမည့်တာဝန်ရှိသည့်ဘက်မှ တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ နည်းဥပဒေ ၁ အရ စတင်စစ်ဆေးသက်သေတင်ပြရမည်။



www.burmeseclassic.com

www.burmeseclassic.com



**rightful (adj)** ဥပဒေအရ ရပိုင်ခွင့်ရှိသော၊ မှန်တသော၊ ဥပဒေနှင့်ညီသော။
**rigid constitution**--ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေ။
**rigorous imprisonment**--အလုပ်ကြမ်းနှင့် ထောင်ဒဏ်။
**rigor mortis**--(latin:) stiffness of death.သေပြီးနောက် တောင့်လာခြင်း။ သေဆုံးပြီးနောက် အကြောများ ကြွက်သားများတောင့်တင်းလာခြင်း။
**riot (n)** အဓိကရုဏ်းဖြစ်ပွားမှု၊ ရုန်းရင်းဆန်ခတ်မှု။
riotous (adj) ရုန်းရင်းဆန်ခတ်ဖြစ်သော။
**riparian (adj)** မြစ်နားချောင်းနားကမ်းပါးနှင့် နီးသောနေရာတွင် နေသော။
**riparian proprietor** မြစ်ချောင်းနယ်နမိတ်နှင့် ထိစပ်နေသော မြေပိုင်ရှင်
**riparian states (adj)** မြစ်တဖက်တချက်ရှိနိုင်ငံများ။
**risk (n)** ဘေးအန္တရာယ် ဆုံးရှုံးနစ်နာမှုပေါ်ပေါက်ခြင်း။
**risk note.** ကုန်သယ်ဆောင်သူက သယ်ခကိုလျှော့ပေးရန် သဘောတူညီမှုဖြင့် ထုတ်ပေးသော လက်မှတ်။ အဆိုပါ လက်မှတ်ဖြင့် ကုန်များတင်ပို့ရာတွင် လမ်းခရီး၌ ကုန်များပျက်စီးဆုံးရှုံးပါက သယ်ဆောင်သူတွင် တာဝန်မရှိကြောင်း ကုန်ပို့သူက သိရှိပြီးဖြစ်သည်။
**robber (n)** လုယက်သူ၊ ဓားပြ။
robbery -လုယက်မှု ဓားပြမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ် ၃၉၀၊ ပုဒ်မ ၃၉၁)
**robe** ဝတ်ရုံ၊ တရားသူကြီးနှင့် ဥပဒေအရာရှိများ၊ ရှေ့နေများလုပ်ငန်းဆောင်ရွက်ရာတွင် ဝတ်ဆင်ရသည့် ဝတ်ရုံအဆောင်အယောင်။
**rocket docket** အလျင်အမြန်ဦးစားပေး ကြားနာစစ်ဆေးရသည့် အမှုများ။ ဥပမာ အမှုတစ်ခုကို သီးသန့်နေ့စဉ် ရုံးပိတ်ရက်မှတစ်ပါး ကြားနာ စစ်ဆေးခြင်း။
**roll (n)** တရားရုံး၏ မှတ်တမ်းသို့မဟုတ် အစိုးရဌာနများ၏ လုပ်ငန်း။ အခွန်ကောက်ခံရန်အတွက် တရားဝင်ကောက်ယူထားသော လူပုဂ္ဂိုလ်နှင့်ပစ္စည်းစာရင်း။
**root of title** မြေယာပိုင်ဆိုင်မှု အစဉ်အဆက်မှတ်တမ်း။
**rout (n)** ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးသည် ရုန်းရင်းဆန်ခတ်ဖြစ်စေရန် တူညီသော ရည်ရွယ်ချက်ဖြင့် တစ်စုံတစ်ရာပြုလုပ်ခြင်းကြောင့် ဖြစ်ပွားသည့်ပြစ်မှု။





**royalty** စာရေးဆရာသို့ဖြစ်စေ ကုန်ပစ္စည်းတီထွင်သူသို့ဖြစ်စေ မူပိုင်ခွင့်အတွက် ပေးရသော အခကြေးငွေ။ ထိုမူပိုင်ခကို တွက်ချက်ရာတွင် လိုင်စင်ဖြင့် ထုတ်လုပ်သည့်ဝင်ငွေရရှိမှု အပေါ်ရာခိုင်နှုန်းဖြင့် ပေးရသည်။
**rule** နည်းဥပဒေများ၊ တရားရုံး၏အမိန့်များ၊ နည်းဥပဒေများ၊ တရားရုံးလုပ်ထုံးလုပ်နည်းများ စည်းမျဉ်း (တရားခွင်တွင် သက်သေတစ်ယောက်ကို စစ်ဆေးနေစဉ် အမှုနှင့်စပ်ဆိုင်သော ကျန်သက်သေများကို ဝင်ရောက်နားမထောင်စေခြင်း။)
**rule of law.** တရားဥပဒေ စိုးမိုးရေး။
rule out ထည့်သွင်းစဉ်းစားခြင်း မပြု။
rule nisi တစ်ဖက်သတ်ချမှတ်သည့် တရားရုံးအမိန့်ကို ပယ်ဖျက်ပေးရန် လုံလောက်သော အကြောင်းမပြနိုင်ပါက တစ်ဖက်သတ်အမိန့်ကို တရားရုံးက အတည်ပြုမည်ဖြစ်သည်။
**ruling** စီရင်ထုံးများ။
**runaway** လူငယ်တစ်ဦးဥပဒေအရ အုပ်ထိန်းသူထံမှ ခွင့်ပြုချက်မရဘဲ ထွက်ပြေးပြီး အချိန်မီအတွင်း ပြန်လာရန်ပျက်ကွက်ခြင်း။
**running days** နိုင်ငံခြားကုန်တင်သင်္ဘောများ ဆိပ်ကမ်း၌ကုန်များ တင်ချရာတွင် ပြီးစီးရမည့် သတ်မှတ်ကန့်သတ်ထားသည့် ရက်များ။ ရက်ကျော်သွားပါက ဆိပ်ကမ်းအာဏာပိုင်ထံ ရက်လွန်ကြေးပေးဆောင်ရမည်ဖြစ်သည်။
**run with land** မြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်သို့မဟုတ် တာဝန်ရှိမှုကို လွှဲပြောင်းတာဝန်ပေးသော စာချုပ်။ ဥပမာ A သည် ၎င်းပိုင်မြေတစ်ဝက်ကို အခြားလုပ်ငန်းရှင်တစ်ဦးအား ရောင်းချလိုက်သည်။ ထိုရောင်းချလိုက်သော မြေပေါ်သို့ သွားရာတွင် A ဘက် အခြမ်းမြေပေါ်ရှိ လမ်းကျဉ်းကလေးမှ တစ်ဆင့်သာ ဝင်ထွက်၍ရသည်။ အရောင်းအဝယ် စာချုပ်တွင် ရောင်းလိုက်သည့် မြေပေါ်သို့ ထိုလမ်းလေးမှ တစ်ဆင့်ဝင်ထွက်ခွင့်ရှိကြောင်း ပါရှိသည်။ ထိုသဘောတူစာချုပ် (run with the land) အရ ရောင်းချခဲ့သည့် မြေကို ထပ်ဆင့်ဝယ်ယူသူအနေဖြင့် ဆက်လက်အသုံးပြုခွင့် ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**runner** ဥပဒေရုံးနှင့် တရားရုံးများအကြား အမှုတွဲများ စာများပေးပို့ရသော ဥပဒေရုံးမှ ဝန်ထမ်း။

**ruritanian (adj)** လျှို့ဝှက်လုပ်ကြံ အကောက်ကြံသော။



# S

ss—ပုဒ်မကိုအတိုကောက်ရေးသားသားသည့်စကားလုံးဥပမာ ss.1 (ပုဒ်မ ၁)

**sabotage (n)** – ဖျက်ဆီးခြင်း၊ ပျက်စီးခြင်း၊ သိလျက်နှင့်ကုန်ထုတ်လုပ်ငန်းကိုထိခိုက်စေရန်။ ဥပစာကို ပျက်စီးစေရန်။ နိုင်ငံတော် ကာကွယ်ရေးကို အထောက်အကူပြုရန် သို့မဟုတ် စစ်ပွဲအတွက် အထောက်အကူဖြစ်စေရန် ဖျက်ဆီးခြင်း။

– အလုပ်ရှင်၏ ပစ္စည်းများကို မလိုတမာစိတ်ဖြင့်လည်းကောင်း ကြိုတင်ကြံရွယ်စိတ်ဖြင့် လည်းကောင်း ဖျက်ဆီးခြင်း။ အလုပ်ရှင်၏ ပုံမှန်ကုန်ထုတ်လုပ်မှုအပေါ် နှောက်ယှက်ခြင်း ထိုကဲ့သို့သော လုပ်ငန်းများကို အလုပ်ရှင် အလုပ်သမား ပဋိပက္ခမှုတွင် တွေ့မြင်နိုင်သည်။ တစ်ခါတစ်ရံ နိုင်ငံရေးအကြောင်းပြချက်ဖြင့် ဆန္ဒပြရာမှ ဖြစ်ပွားတတ်သည်။

**saboteur (n)** အဖျက်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ။

**sadism (n)**— ကာမစပ်ယှက်ခံရသူ၏ ခန္ဓာကိုယ်ကို နာကျင်အောင်ပြုလုပ်ပြီးနောက်မှ ကာမစပ်ယှက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**safe conduct** ဖြတ်သန်းသွားလာခွင့်ပြုသော လက်မှတ်။ ရန်သူ၏နယ်မြေအတွင်း အစောင့်အရှောက်ပါ ကားတန်းဖြင့် ဖြတ်သွားခြင်း။ ထိုအတူ ထိုခရီးသို့ ဖြတ်သန်းသွားလာခွင့် စာရွက်စာတမ်းဖြင့်သွားခြင်း။

**safe custody** လုံခြုံစွာထိန်းသိမ်းစားရာနေရာ AGO

**safe deposit box** ဘဏ်၏ဖောက်သည်က ၎င်း၏အဖိုးတန်လက်ဝတ်ရတနာများ၊ စာရွက်စာတမ်းများကို ထည့်သွင်းထားသည့်သေတ္တာငယ်။ အဆိုပါ သေတ္တာကို ဘဏ်မှအခ ကြေးငွေရယူကာ လုံခြုံရာအခန်းတွင် သိမ်းဆည်းထားသည်။ ပုံမှန်အားဖြင့် သော့နှစ်ချောင်းထားရှိပြီး တစ်ချောင်းကို ဘဏ်မှ သိမ်းဆည်းထားကာ တစ်ချောင်းကို အပ်နှံသူက လက်ဝယ်ထားရှိသည်။

**safe guard** အကာအကွယ်၊ ကာကွယ်စောင့်ရှောက်သည်။

**safe at work** အလုပ်ရှင်တိုင်းသည် မိမိအလုပ်သမားများ အပေါ်သင့်တော်လျောက်ပတ်သော ကာကွယ်စောင့်ရှောက်မှုကို ပေးရန်တာဝန်ရှိသည်။ လုပ်ငန်းခွင်အတွင်း အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သက်သာချောင်ချိရေးများကို ဆောင်ရွက်ပေးရမည်။ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ထားရမည့် ကိစ္စများပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာမည့် အလုပ်သမား၏ နစ်နာထိခိုက်မှုကို အလုပ်သမားက အလုပ်ရှင်အား အလုပ်သမားဥပဒေများနှင့်အညီ တရားစွဲဆိုခွင့်ရှိသည်။

**safe pledge** တစ်ဦးတစ်ယောက်အား ရုံးချိန်းနေ့၌ တရားရုံးရှေ့သို့ လာရောက်စေရန် အာမခံမည့်သူကို သတ်မှတ်ပေးခြင်း။

**safety representatives** လုပ်ငန်းခွင်အတွင်း အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားသက်သာချောင်ချိရေးတို့အတွက် ဆောင်ရွက်နိုင်ရန် အလုပ်သမားများက မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များထဲမှ ရွေးချယ်ခန့်အပ်ထားသော ကိုယ်စားလှယ်။

**said (adj)** ဆိုခဲ့ပြီးသော၊ အထက်တွင် ဖော်ပြခဲ့ပြီးသော။

**salable (adj)** ပုံမှန်ဈေးကွက်၌ ရောင်းချရန်သင့်တော်သော၊ ပုံမှန်ရောင်းဈေးအတိုင်း။





**salary (n)** မိမိမှ သူတစ်ပါး၏ သို့မဟုတ်နိုင်ငံတော်၏ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သည့်အတွက် ရရန်သဘောတူထားသည့် လစာငွေ။ (အခြားနိုင်ငံများတွင်) လုပ်ကိုင်ဆောင်ရွက်သည့်အတွက် တစ်နှစ်မည်မျှဟု သတ်မှတ်ပေးငွေ။ လုပ်ကိုင်သည့် နာရီပေါ်တွင် အခြေပြုတွက်ချက်၍ ပေးသောငွေနှင့်ကွာခြားသည်။

**sale (n)**-ငွေကြေးအတွက် ပစ္စည်းသို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်း ပေးခြင်း။ ထိုသို့ပြုလုပ်ရာတွင် (၁)ရောင်းသူဝယ်သူများသည် ပဋိညာဉ်ပြုပိုင်ခွင့်ရှိသူများဖြစ်သည်။ (၂)ရောင်းမှုနှင့် ဝယ်သူတို့နှစ်ဦးနှစ်ဘက် သဘောတူညီမှုတစ်ရပ်ရှိရမည်။ (၃)အရောင်းအဝယ်ပြုလုပ်သော ကုန်ပစ္စည်းမှာ တရားဝင်အရောင်းအဝယ်ပြုလုပ်နိုင်သော ပစ္စည်းကိုလွှဲပြောင်းပေးရမည်။ (၄) ငွေကြေးကို လက်ငင်းပေးချေခြင်း သို့မဟုတ် အနာဂတ်တွင်ပေးချေခြင်း သို့မဟုတ် ပစ္စည်းလွှဲပြောင်းပေးရာတွင် ငွေပေးချေခြင်းရှိရမည်။ (ကုန်ရောင်းကုန်ဝယ်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၅)

- sale of good act, 1930 ၁၉၃၀ ပြည့်နှစ်ကုန်ရောင်းကုန်ဝယ်ဥပဒေ
- absolute sale — ပစ္စည်းပေးငွေပေးရောင်းခြင်း။
- auction sale — လေလံတင်ရောင်းချခြင်း။
- conditional sale — အခြေအနေတစ်ရပ်ရပ်အပေါ် (စည်းကမ်းချက်ဖြင့် ရောင်းချခြင်း။
- forced sale — ကြွေးမဆပ်နိုင်၍ မြီစားပိုင်ပစ္စည်းကို တရားရုံးအမိန့်ဖြင့် ရောင်းခြင်း။
- public sale — အများပြည်သူသိရန် ကြေငြာပြီးရောင်းချခြင်း။
- sale by description — အမျိုးအမည်ဖော်ပြချက်ဖြင့်ရောင်းခြင်း။
- sale by in stalment — အရစ်ကျရောင်းချခြင်း။
- sale by sample — နမူနာပစ္စည်းပြသ၍ ရောင်းချခြင်း (ပုဒ်မ ၇)
- sale proceeds — ကုန်ပစ္စည်းရောင်းရငွေ
- sale proclamation — ကုန်ရောင်းကြော်ငြာ
- sale contract — အရောင်းအဝယ်ပဋိညာဉ်စာချုပ်။



www.burmeseclassic.com

www.burmeseclassic.com



- sale tax ရောင်းခွန်။ ကုန်စည်ရောင်းချသော တန်ဖိုးပေါ်တွင် အခြေခံသော အခွန်ကောက်ခံသည့်စနစ်။ ရောင်းချသူကကျခံရမည်။ သို့သော်လည်း သွယ်ဝိုက်သောနည်းဖြင့် စားသုံးသူအပေါ်တွင်လည်းကျရောက်သည်။
- tax sale အခွန်မဆောင်လျှင် ပစ္စည်းကို သိမ်းယူပြီး ရောင်းချကာ အခွန်ကောက်ခံခြင်း။

**salvage (n)** သင်္ဘောများ၊ သင်္ဘောပါကုန်ပစ္စည်းများ ပင်လယ်ပြင်အတွင်း အန္တရာယ်ကျရောက်နေပါက ကယ်ဆယ်ခြင်း၊ ဆယ်တင်ခြင်း၊ အကူအညီပေးခြင်း ပြုသူကို ပေးရသောငွေကြေး။ အတိအလင်း သဘောတူညီချက်အရ ပေးဆောင်ရသော ဆယ်တင်ခလည်းဖြစ်နိုင်သည်။ (နစ်မြုပ်နေသော သင်္ဘော၊ ကုန်ပစ္စည်းကို ဆယ်တင်ပေးရန်ငှားရမ်းခ။ အတိအလင်း သဘောတူညီထားချက်မရှိလျှင် ဆယ်တင်ထားသော ပစ္စည်းများထဲမှ တရားရုံး၏သတ်မှတ်ချက်ငွေကြေးကိုပေးဆောင်ရမည်။ ၎င်းအနေဖြင့် ဆယ်ယူသည့်ပစ္စည်းများသည် အမှန်တကယ် အန္တရာယ်ကျရောက်နေပြီး ၎င်း၏ကျွမ်းကျင်မှုနှင့် စွမ်းဆောင်နိုင်မှုကြောင့် ဆယ်ယူရရှိခြင်းဖြစ်ကြောင်း ပြသရမည်။
အာမခံဥပဒေအရ ဆယ်ယူရရှိသည့်ပစ္စည်း တန်ဖိုးကို နုတ်ပယ်ရမည်။

**salvor (n)**---- သင်္ဘောပျက်ရာမှ ပင်လယ်ပြင်တွင် မျောပါနေသော ပစ္စည်းများကို ဆယ်တင်သူ။

**same (pron)**---ထပ်တူထပ်မျှဖြစ်သော၊ အလားတူသော၊ အတူတူဖြစ်သော။

**same-sex marriage** လိင်တူချင်း လက်ထပ်ထိမ်းမြားခြင်း။

**same transaction** လုပ်ငန်းဆောင်ရွက်ချက် တစ်ရပ်တည်း။

**sample (n)**--- နမူနာ။ပစ္စည်းအများထဲမှ ထုတ်ယူထားသော အဆိုပါပစ္စည်းကို ကိုယ်စားပြုသည့် ပမာဏအနည်းငယ်။ နမူနာယူထားသောပစ္စည်းသည် ကျန်ပစ္စည်းများနှင့် အရည်အသွေးတူညီကြောင်း သက်သေခံချက်ဖြစ်သည်။

**sanction (n)** - တရားစွဲဆိုရန်၊ သက်ဆိုင်ရာအာဏာပိုင်က ပေးရသောခွင့်ပြုမိန့်။ အပြည်ပြည်ဆိုင်ရာဥပဒေကို လိုက်နာစေရန် နိုင်ငံတစ်နိုင်ငံအား





ပိတ်ဆို့အရေးယူဆောင်ရွက်ခြင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်မှုအတွက် နိုင်ငံတစ်နိုင်ငံအား ပိတ်ဆို့အရေးယူဆောင်ရွက်ခြင်း။ ပြောလေ့ပြောထရှိသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေသည် အားနည်းလျက်ရှိကြောင်း အဘယ်ကြောင့်ဆိုသော် လုပ်ဆောင်နိုင်မှု အာဏာချို့တဲ့ပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်ကိုပင် နိုင်ငံတစ်နိုင်ငံမှ လက်ခံရန် အတင်းအကြပ်မပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စီးပွားရေးလုပ်ငန်းမှ သွားရောက်ရင်းနှီးမြှုပ်နှံမှုမပြုရန်နှင့် ထိုနိုင်ငံ၏ ထွက်ကုန်များကို ဝယ်ယူခြင်းမပြုရန်တားမြစ်ကြောင်း အမိန့်ထုတ်ခြင်း။
- ပြစ်မှုအတွက် အမိန့်ချမှတ်ခြင်း။

**sanctity of contract** ပဋိညာဉ်တွင် ပါဝင်ကြသူများသည် ပဋိညာဉ်ကို ဆောင်ရွက်သည့်အခါ ရိုးရိုးသားသားနှင့် သန့်သန့်ရှင်းရှင်း ဆောင်ရွက်ရမည်ဟူသောမှု။

**sanctuary (n)** ဥပဒေလက်လှမ်းမမီသော တရားခံများအတွက် လုံခြုံရာ၊ ခိုလှုံရာနေရာ။ ဘာသာရေးအဆောက်အအုံပရဝဏ်။ တောင်ရိုင်းတိရစ္ဆာန်ဘေးမဲ့တော။

**save (sanity)** စိတ်ကောင်းသော၊ စိတ်မှန်သော၊ စိတ်တည်ငြိမ်သော၊ စိတ်ချွတ်ယွင်းမှုမရှိသော။ အားလုံးသော လူများသည်၊ စိတ်အခြေအနေကောင်းမွန်ခြင်းမရှိကြောင်း သက်သေမပြနိုင်သရွေ့ စိတ်မှန်သည်ဟု ယူဆနိုင်သည်။ အကယ်၍ တရားခံကပြစ်မှုကျူးလွန်စဉ်က ရူးသွပ်နေသည်ဆိုလျှင် ရူးသွပ်နေကြောင်း တင်ပြရန်တာဝန်သည် တရားခံအပေါ်၌တည်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ နှင့် သက်သေခံအက်ဥပဒေ ပုဒ်မ ၁၀၅)

**sanity hearing**---ကြီးလေးသော ပြစ်မှုများဖြင့် စွတ်စွဲခံရသော တရားခံသည် စိတ်အခြေအနေ မမှန်သူမဟုတ်ပါဟုဆိုလာပါက ၎င်း၏စိတ် အခြေအနေမှာ ပုံမှန်ဟုတ်မဟုတ် တရားရုံးက ပဏာမစစ်ဆေးခြင်း။ အဆိုပါ စစ်ဆေးမှုမှာ အမှုကြီးကိုစစ်ဆေးခြင်း မဟုတ်ဘဲ အထောက်အပံ့အနေဖြင့် စစ်ဆေးခြင်းဖြစ်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆၄)



www.burmeseclassic.com

www.burmeseclassic.com



**satisfaction (n)**--ကျေနပ်ခြင်း၊ ပြေလည်ခြင်း၊ ကြွေးမြီများကို ပေးဆပ်ခြင်းအားဖြင့် တာဝန်ရှိမှုမှကင်းလွတ်ခြင်း။ တောင်းဆိုချက်များကို ပြီးမြောက်စေသည်။

**satisfaction of judgment**——တရားရုံး၏စီရင်ချက်အရ ဆောင်ရွက်ရန် တာဝန်ကို ဆောင်ရွက်ပြီးစီးသဖြင့် ကင်းလွတ်သွားခြင်း။ တရားရုံး၏စီရင်ချက်အရ ပေးဆပ်ရမည့်ငွေကိုပေးချေခြင်း အမှုတွဲတွင် တင်ပြထားသည့် စာရွက်စာတမ်းများအရ ပေးဆပ်ပြီးကြောင်း တွေ့ရခြင်း။

**save harmless**—— ဆုံးရှုံးခြင်း သို့မဟုတ် တာဝန်ရှိခြင်းမှ ကာကွယ်ခြင်း။ ဆောင်ရွက်ခဲ့သော ကိစ္စရပ်များအတွက် ကင်းလွတ်ခွင့်ပေးခြင်း။ အာမခံချက်ပေးခြင်း။ ပဋိညာဉ်တွင် တစ်ဘက်သော ပါဝင်သူက အခြားတစ်ဖက်မှ ပါဝင်သူသို့ တိကျသောဆုံးရှုံးမှုကို ပြန်လည်ပေးလျော်ရန် သဘောတူကြောင်း ကတိကဝတ်ရှိသည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း။

**save as otherwise provided** အခြားနည်းပြဋ္ဌာန်းထားသည်မှ တစ်ပါး။

**saving clause** ခြွင်းချက်အပိုဒ်။ စာချုပ်များ၊ ဥပဒေများပါခြွင်းချက်အပိုဒ်။

**scab (n)**—— အလုပ်သမားသမဂ္ဂ၏ ပဋိညာဉ်ပါသဘောတူညီချက်ကို ဆန့်ကျင်ပြီး အလုပ်လုပ်နေသော အလုပ်သမား။ သမဂ္ဂဝင်အလုပ်သမားများ သပိတ်မှောက်နေချိန်တွင် အစားဝင်လုပ်သော အလုပ်သမား။ သပိတ်မှောက်ရာတွင် မပါဝင်သော အလုပ်သမား။

**scandal (n)**---ဂုဏ်သိက္ခာကို ထိခိုက်စေသော ပြုမူပြောဆိုချက် (AGO) မကောင်း သတင်း၊ ကျော်မကောင်းကြားမကောင်း အပြုအမူ။ သွားပုတ်လေလွင့်ပြောခြင်း။

**scandalous matter**---အမှု၏မည်သည့်အဆင့်တွင် မဆို၊ အဆိုအချေများတွင် မလိုလားအပ်သော သို့မဟုတ် ဂုဏ်သိက္ခာကို ထိခိုက်စေသော အရေးအသားများကို တရားရုံးသည် မိမိသဘောအတိုင်းဖြစ်စေ၊ တစ်ဘက်အမှုသည်က လျှောက်ထားလာလျှင်ဖြစ်စေ၊ ထိုအကြောင်းအရာ စာသားများကို ထုတ်ပယ်ပစ်ရန် သို့မဟုတ် ပြင်ဆင်ရန်အမိန့်ချမှတ်နိုင်သည်။ (တရားမကျင့်ဥပဒေအမိန့် ၆ နည်းဥပဒေ ၁၆) ကျမ်းသစ္စာကျိန်ဆိုချက်များတွင် ပါရှိပါက





လည်းထုတ်ပယ်ရန် အမိန့်ချမှတ်နိုင်သည်။ တရားရုံး၌ အမှုစစ်ဆေးနေစဉ် တစ်ဖက်အမှုသည်က အသရေယုတ်စေသော မေးခွန်းများမေးမြန်းလာလျှင်လည်း တရားရုံးက တားမြစ်နိုင်သည်။ (သက်သေခံအက်ဥပဒေပုဒ်မ ၁၅၁)

**scene of crime** မှုခင်းဖြစ်ပွားရာနေရာ။ အခင်းဖြစ်ပွားရာ နေရာသို့ တရားရုံးကသွားရောက်စစ်ဆေးကြည့်ရှုခြင်း။ ရည်ရွယ်ချက်မှာ တရားရုံးရှေ့တွင်ထွက်ဆိုသော သက်သေများ၏ ထွက်ချက်များကို မှုတမှန်ကန်စွာ ဝေဖန်သုံးသပ် ဆုံးဖြတ်နိုင်ရန်အတွက်သာ ဖြစ်သည်။

(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉ ခ)

**schedule (n)** ဥပဒေပြုလွှတ်တော်မှ ပြဋ္ဌာန်းသော ဥပဒေများနှင့် စာချုပ်စာတမ်းများတွင် ဖော်ပြလေ့ရှိသော နောက်ဆက်တွဲဇယား၊ မူရင်းစာကိုယ်အသေးစိတ်အချက်များပါ ဖြည့်စွက်ချက်။ ရေးသားထားသော စာရင်း (သို့မဟုတ်)ကုန်ပစ္စည်းစာရင်း။ အစီရင်ခံစာ စာရွက်စာတမ်းများနောက်တွင်တွဲထားသော ဇယား။ ၎င်းတွင် စာရွက်စာတမ်းများတွင် ပါရှိသော အကြောင်းအရာများကို အသေးစိတ်ဖော်ပြထားခြင်း။ ဥပမာ ဇယား (၁)(၂)စသဖြင့်။

**scheme (n)**—စီမံချက်၊ လျှာထားချက်၊ စီမံကိန်း။ (v) စံမံကိန်းဆွဲသည်။

**schism (n)**—ဂုဏ်းကွဲခြင်း၊ အုပ်စုတွင်းကွဲခြင်း။ ဘာသာရေးဂိုဏ်းကွဲခြင်း။

**scienter (n)**—latin knowlingly. သိလျက်နှင့်၊ မဟုတ်မမှန် မှန်းသိလျက်နှင့်ကျူးလွန်ခြင်း ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ တစ်ချို့၌ သိလျက်နှင့် ကျူးလွန်ခြင်းဆိုသောအချက်မှာ ပြစ်မှုအင်္ဂါရပ်တစ်ရပ်ဖြစ်သည်။

**scintilla (n)**--(of evidence) အနည်းငယ်။ မျှော်မှန်းချက်၊ မှန်းဆချက်ဖြစ်သောသက်သေခံချက်။ထင်ရှားသောခိုင်မာသော သက်သေခံချက်ထက်အဆင့်နိမ့်သောသက်သေခံချက်

**scope (n)**---ရည်ရွယ်ရာ၊ အတိုင်းအတာ၊ ဘောင်၊ အကျယ်အဝန်း။

**scope of employment** --- အလုပ်ချိန်အတွင်း အလုပ်၏အတိုင်းအတာ (လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းဟုတ်မဟုတ်) ဥပမာ ဦးဘသည် အေကုမ္ပဏီမှ ဒရိုင်ဘာတစ်ဦးဖြစ်သည်။ တစ်နေ့တွင် အေကုမ္ပဏီ၏ တာဝန်ဖြင့် ဘီမြို့သို့ခရီးသွားရန်ထွက်လာသည်။ လမ်းခရီးတွင် ဦးဘနေထိုင်ရာ စီ



www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ဖြတ်သန်းရမည်ဖြစ်သည်။ ဦးဘသည် 'စီ' ရွာသို့ဖြတ်သန်းမောင်းနှင်ရာတွင် ဇနီးဖြစ်သူကို ဝင်ရောက်တွေ့ဆုံရန် ရည်ရွယ်ချက်ဖြင့် ရွာအတွင်းမောင်းဝင်လာသည်။ ရွာလယ်လမ်းအရောက် ကလေးတစ်ဦးကစားနေသည်ကို ဝင်ရောက်တိုက်မိသည်။ ၎င်းသည် အေ ကုမ္ပဏီ၏တာဝန်အရ ကားမောင်းနေသော်လည်း ကုမ္ပဏီလုပ်ငန်းနှင့်မသက်ဆိုင်သည့် (စီ)ရွာအတွင်းမှ ဇနီးဖြစ်သူကို ဝင်တွေ့ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အေကုမ္ပဏီသည် ယာဉ်တိုက်မှုတွင် တာဝန်မရှိ။ ဦးဘသည် ၎င်း၏တာဝန်နှင့် မသက်ဆိုင်သော (not in the scope of his employment) ကိစ္စကို ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။

**scrip (n)**---တန်ဖိုးရှိသော အရာကိုလက်ခံရယူရန် လက်ဝယ်ရှိသူက ရပိုင်ခွင့်ရှိသော စာရွက်စာတမ်းယာယီ အသုံးပြုရန် ထုတ်ဝေသည့်စက္ကူငွေ။ အစုရှယ်ယာ၊ ဒိဗင်ချာသက်သေခံလက်မှတ်။

**scrip issue**---ကုမ္ပဏီရှယ်ယာအသစ်များကို ၎င်းတို့၏ရှယ်ယာရှင်များသို့ ဝယ်ယူထားသည့်အချိုးအစား အလိုက်ခွဲဝေပေးခြင်း။ ရောင်းချခြင်း မဟုတ်ဘဲ ယခင်အမြတ်ဝေစုများမှ ကျန်ငွေဖြင့် ထပ်ပေးခြင်းဖြစ်သည်။

**script (n)**---မူရင်းအကြမ်း၊ မူရင်းလက်ရေးစာ၊ လက်ရေး၊ ဇာတ်ညွှန်း။ သေတမ်းစာဆိုင်ရာ စာရွက်စာတမ်းများ၊ သေတမ်းစာနောက်ဆက်တွဲ ..

**scrivener (n)** အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်အနေဖြင့် ပဋိညာဉ်စာချုပ်များနှင့် အခြားစာချုပ်စာတမ်းများ ရေးသားသူ။ အခြားသူ၏ ပစ္စည်းဥစ္စာဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ထိုသူ၏ကိုယ်စား အခကြေးငွေရယူပြီး ဆောင်ရွက်ပေးသူ။

**scroll (n)**---စာရွက်လိပ်၊ စာရင်း။ နောင်တစ်ချိန်မှ အပြီးသတ်မည့် မူကြမ်းသို့မဟုတ် မှတ်စု။

**scrutineer (n)** စီစစ်သူ (ago)။ ရွေးကောက်ပွဲသမာဓိဒိုင်။

**scrutiny (n)** အသေးစိတ်စစ်ဆေးခြင်း။

**seal (n)**---စာချုပ်စာတမ်းများပေါ်တွင် ဥပဒေအရ အကျိုးသက်ရောက်မှု ရှိစေရန် တံဆိပ်ခတ်နှိပ်ခြင်း၊ လက်မှတ်ရေးထိုးခြင်း။





private seal - တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့က အသုံးပြုသောတံဆိပ်။

public seal - ပြည်သူ့ဝန်ထမ်းသို့မဟုတ် အစိုးရအဖွဲ့အစည်းက စာချုပ်စာတမ်းများပေါ်တွင် မှန်ကန်ကြောင်း အထောက်အထားပြုသည့် အနေဖြင့်ခပ်နှိပ်သည့် တံဆိပ်။

စာအိတ်ပေါ်တွင် ချိတ်ပိတ်ခြင်း၊ လျှို့ဝှက်မှတ်တမ်းများ စာချုပ်များဖွင့်ဖောက်မကြည့်မိစေရန် ချိတ်ပိတ်ခြင်း။

**seal bid** - တင်ဒါပေးသွင်းသူ၏ စာအိတ်ကိုမဖွင့်မချင်း အသေးစိတ်အချက်အလက်များကို ရွေးချယ်သူများက မသိရှိနိုင်ပေ။ ထိုသို့တင်သွင်းလာသော စာအိတ်များကို အချိန်တန်သည့်အခါ ဖွင့်ပြီးစည်းမျဉ်းနှင့် ကိုက်ညီသည့်တင်ဒါပေးသွင်းသူကို ရွေးချယ်ခြင်း (ချိတ်ပိတ်တင်ဒါ)

**sealing record** - လျှို့ဝှက်ထားသည့် ပြစ်မှုမှတ်တမ်းများ၊ ကလေးသူငယ်ပြစ်မှုကျူးလွန်သူများ၏ မှတ်တမ်းများကို အများပြည်သူ မသိရှိစေရန် သိမ်းထားခြင်း။ တရားရုံးအမိန့်မရှိဘဲ ထိုမှတ်တမ်းများကို ကြည့်ရှုခွင့်မရှိပါ။

**search (n)** ဥပဒေနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသော ရဲအရာရှိသို့မဟုတ် ပြည်သူ့ဝန်ထမ်းက ပြစ်မှုနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထားများ သိမ်းဆည်းရန်၊ မသင်္ကာသူ တစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာကိုလည်းကောင်း၊ ပစ္စည်းကိုလည်းကောင်း ထိုသူနှင့် ဆက်စပ်သည့် နေရာဌာနများတွင်လည်းကောင်း သက်သေများနှင့် အတူရှာဖွေခြင်း။

body search ခန္ဓာကိုယ်ပေါ်ရှာဖွေခြင်း။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၂)

border search တိုင်းပြည်တစ်ပြည်၏ နယ်စပ်ဒေသများတွင် ဥပဒေအရ တားမြစ်ထားသော ကုန်ပစ္စည်းများတင်သွင်းခြင်း၊ ထုတ်သွားခြင်းနှင့် ထွက်ပြေးတိမ်းရှောင်လာသော တရားခံများကို ရှာဖွေခြင်း။

check point search တပ်စခန်းချရာနေရာများတွင် လုံခြုံရေးအရဖြတ်သန်းသွားလာ သူများကို ရှာဖွေစစ်ဆေးခြင်း။ မော်တော်ယာဉ်စစ်ဆေးရေး ရဲအရာရှိများက လမ်းတွင် မောင်းနှင်နေသော ယာဉ်များကို ဥပဒေနှင့်ညီ မညီစစ်ဆေးခြင်း။ ယာဉ်မောင်းသူသည် အရက်သေစာသောက်စားမူးယစ်နေသူ ဟုတ်မဟုတ်စစ်ဆေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**emergency search** - ရဲအရာရှိအနေဖြင့် ရှာဖွေဝါရမ်းကို တရားဝင်တောင်းခံနေပါက အချိန်ကြာမြင့်ပြီး ထိုကာလအတွင်း လူ့အသက်အန္တရာယ်ကိုလည်းကောင်း၊ ပစ္စည်းကိုလည်းကောင်း တရားခံထွက်ပြေးတိမ်းရှောင်မည့် အနေအထားရှိလျှင်လည်းကောင်း၊ သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရန် အချိန်ရမည်ဟု ယုံကြည်၍လည်းကောင်း ဝါရမ်းရယူခြင်း မပြုတော့ဘဲ အလျှင်အမြန် ရှာဖွေဖမ်းဆီးခြင်း။

exigent search အရေးပေါ်ရှာဖွေခြင်း။

**search warrant** ရှာဖွေအမိန့်၊ ရှာဖွေဝါရမ်း။ တရားသူကြီးက ရှာဖွေသူ အရာရှိကိုနေရာတစ်ခုတွင် သက်သေခံပစ္စည်းများ ရှာဖွေနိုင်ရန်အတွက် ထုတ်ပေးသည့်ဝါရမ်း။

**search form** ရှာဖွေပုံစံ။ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိသည့်အခါ ဖြည့်စွက်လက်မှတ် ရေးထိုးရမည့်ပုံစံ။ (ရှာဖွေခြင်းနှင့် စပ်လျဉ်း၍ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၆ မှ ၉၉ ကြည့်ပါ။)

**search witness** ရှာဖွေရာတွင် လိုက်ပါဆောင်ရွက်သော သက်သေ။ ရှာဖွေသက်သေ။

**seasonable (adj)** သဘောတူထားသည့် အချိန်အတွင်း၊ သင့်လျော်လျောက်ပတ်သည့်အချိန်အတွင်း။

**seaworthy (adj)** လေဒဏ်လှိုင်းဒဏ်ခံနိုင်သော၊ ပင်လယ်ခရီးသွားနိုင်ရန် ခိုင်ခံ့စိတ်ချရသော ပင်လယ်ဒဏ်ခံနိုင်သော

**secession (n)** ခွဲထွက်ခြင်း၊ ဂိုဏ်းခွဲခြင်း၊ နှုတ်ထွက်ခြင်း။

**seclude** တစ်သီးတစ်ခြားနေသည်။ ကင်းကင်းနေသည်။ ဟန့်တားပိတ်ပင်သည်

**secondary (adj)** ဒုတိယဆင့်ဖြစ်သော၊ တစ်ဆင့်လျော့သော။

**secondary evidence** ဒုတိယဆင့်သက်သေခံချက် (သက်သေခံဥပဒေပုဒ်မ ၆၃) ဒုတိယဆင့် သက်သေခံချက်ကို တင်ပြခြင်း (သက်သေခံဥပဒေပုဒ်မ ၆၅)





**second chair** တရားခွင်တွင် ဦးဆောင် ဆောင်ရွက်သော ရှေ့နေအား အကူအညီ ပေးရသည့်လက်ထောက် ရှေ့နေ။ ၎င်းသည် အချို့သော သက်သေများအား စစ်ဆေးပေးရခြင်း၊ အချို့ဥပဒေအကြောင်း အချက်ပေါ်တွင် လျှောက်လဲချက် ပေးရခြင်း။ အချို့သော သက်သေများအနေဖြင့် အမှန်ထွက်ဆိုနိုင်ရန် အရည်အသွေးရှိမရှိ ပဏာမစစ်ဆေးရခြင်း (voir dire)

**secret (n) (v)** အခြားသူများ မသိစေရန် ဖုံးကွယ်ထားသော။ သက်ဆိုင်သူများသာ သိခွင့်ရှိသော။ လျှို့ဝှက်စွာလွှဲပြောင်းခြင်း (ပစ္စည်း)။ ထိုသို့ပြုလုပ်ခြင်းမှာ ဖုံးကွယ်ထားရန် (သို့မဟုတ်)အရာရှိများနှင့် မြီရှင်များမတွေ့စေရန် သိမ်းဆည်းထားခြင်း။

**section (n)** စာချုပ်စာတမ်းများ ရေးသားရာတွင် အပိုဒ်ခွဲရေးသားခြင်း၊ အစိတ်အပိုင်း၊ ပုဒ်မ။

**secure creditor** အပေါင်ပစ္စည်းလက်ရှိဖြစ်သော မြီရှင်။ အာမခံရရှိထားသော မြီရှင်။ အာမခံရရှိထားသော မြီရှင်တစ်ဦးသည် ၎င်း၏မြီစားအား လူမွဲအဖြစ်စီရင်ချက်ချသည့်အခါ အခြားမြီရှင်များကဲ့သို့ မိမိရရန်ရှိသော ကြွေးမြီစာရင်းကို မတင်ပြဘဲအာမခံရထားသော ပစ္စည်းအပေါ် လုံးဝအားထား၍ နေနိုင်သည်။ (လူမွဲအက်ဥပဒေပုဒ်မ ၄၇ တွင် အသေးစိတ်ကြည့်ပါ။)

ငွေချေးထားသော မြီစားထံမှ ကြွေးမြီနှင့်စပ်လျဉ်း၍ ၎င်းကြွေးမြီကို ကာမိစေရန်အာမခံစာချုပ်များရယူထားခြင်း။ ၎င်းစာချုပ်များတွင် အပေါင်စာချုပ် အရောင်းအဝယ်စာချုပ်၊ ကုန်ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်လက်မှတ်စသည်တို့ ပါဝင်သည်။

**securities (n)** ငွေချေးသက်သေခံလက်မှတ်များ။ စတော့၊ ရှယ်ယာ၊ ဒီဘင်ချာ ငွေစုစာချုပ် သို့မဟုတ် အခြားသော ဒီဗွီဒင့် (သို့)အတိုးများလက်ခံရရှိနိုင်သည့် ရပိုင်ခွင့်များ ပစ္စည်းဝင်ငွေပိုင်ဆိုင်မှုအတွက် အထောက်အထား စာရွက်စာတမ်းများ။

**security (n)** လုံခြုံစိတ်ချရခြင်း၊ ကာကွယ်ခြင်း။ ခံဝန်ချုပ်၊ ချေးငွေအတွက် အာမခံပေးခြင်း သို့မဟုတ် အခြားသူတစ်ဦး၏ ကြွေးမြီသို့မဟုတ် တာဝန်တစ်ခုအတွက် အာမခံထားပေးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**sedition (n)** အကြည်ညိုပျက်အောင်ပြုခြင်း။ နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်အောင်ပြုခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄–က)

**seduction (n)** တစ်ဦးတစ်ယောက်သည် သမီးသို့မဟုတ် အခိုင်းအစေကို အကျင့်စာရိတ္တပျက်ပြားအောင် အကျင့်ပျက်အောင်ပြုလုပ်ခြင်း။ မိဘကဖြစ်စေ၊ ဆရာကဖြစ်စေ ထိုသူအပေါ်တရားစွဲဆို၍ လျော်ကြေးတောင်းနိုင်သည်။ အိမ်ထောင်မရှိသည့် အမျိုးသမီးတစ်ဦး၏ အကျင့်သီလကို ပျက်စီးအောင် ရဲဆောင်ခြင်း။ ထိုသို့ပြုရာတွင် သွေးဆောင်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း စသည်တို့ဖြင့် ကာမစပ်ယှက်မှုကို လုပ်ကိုင်စေခြင်း။

**seised (v)** ဥပဒေအရ မြေယာအိုးအိမ်ကို အမှန်တကယ်ပိုင်ဆိုင်မှု အခြေအနေ။ ဥပမာ ဖခင်ဖြစ်သူသည် အိမ်များစွာကို ပိုင်ဆိုင်ပြီး အားလုံးကိုငှား ရမ်းထားသည်။ အဆိုပါ အိမ်များကို သားဖြစ်သူသို့ လွှဲပြောင်းပေးလိုက်သည်။ ထို့ကြောင့် သားဖြစ်သူမှာ အိမ်များကို ဥပဒေအရ အမှန်တကယ်ပိုင်ဆိုင်လာသည်။

**seisin (n)** ဘိုးဘွားပိုင်မြေဥပစာကို လက်ဝယ်ရှိခြင်း။ ပိုင်ဆိုင်ခြင်း။

**seize (v)** လူသို့မဟုတ် ပစ္စည်းကို အင်အားသုံး၍သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း။ တစ်ဦးတစ်ယောက်က နေရာယူခြင်း။ ပစ္စည်းကို လက်ဝယ်ရရှိခြင်း။

**seizure (n)** သိမ်းယူခြင်း ဖမ်းဆီးခြင်း။

**self defence** ကာကွယ်ခုခံပိုင်ခွင့်။ လူကိုယ်နှင့်ပစ္စည်းများကို ကာကွယ်ခုခံခြင်း၊ အခြားသူ၏ ခန္ဓာကိုယ်နှင့်ပစ္စည်းများကို ကာကွယ်ခုခံခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆ မှ ၁၀၆ အထိ)

**self determination (n)**ကိုယ်ကိုယ်တိုင်ဆုံးဖြတ်တတ်ခြင်း၊ ကိုယ့်ကြမ္မာ ကိုယ်ဆုံးဖြတ်ခြင်း၊ ဖန်တီးခြင်း။

**self incrimination** ပြစ်မှုတွင် မိမိကိုယ်တိုင်ပါဝင်ပတ်သက်နေကြောင်း ညွှန်ပြသည့်သက်သေထွက်ချက်။

**sell**--ရောင်းချခြင်းဖြင့် ပစ္စည်းကိုလွှဲပြောင်းခြင်း။

**seller** - ပစ္စည်းရောင်းသူ၊ အရောင်းပဋိညာဉ်အရ ပစ္စည်းကိုလွှဲပြောင်းပေးသူ

**seller's lien** - ရောင်းသူ၏အခွင့်အရေး (ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ၅၅)





**semble**(law french) ထင်မှတ်ရသည်၊ ယူဆရသည်၊ တရားရုံး၏ စီရင်ချက်များတွင် အမှုနှင့်တိုက်ရိုက်မပတ်သက်လည်း သွယ်ဝိုက်ကောက်ယူနိုင်သော တရားရုံးအယူအဆကို ခရီးသွားဟန်လွှဲထည့်သွင်းဆုံးဖြတ်သည့်အခါ သုံးသော အသုံးအနှုန်း၊ မသေချာသော ဆင်ခြင်မှု သို့မဟုတ် အဓိပ္ပါယ်ကောက်ယူမှုတို့ နိဒါန်းပျိုးရာတွင်လည်း သုံးသည်။ (semble that the parties' intention was to create a binding agreement.)

**senility (n)** အသက်အရွယ်ကြီးရင့်ခြင်းကြောင့် စိတ်အခြေအနေ ယိုယွင်းခြင်း၊ ချိနဲ့ခြင်း သူငယ်ပြန်ခြင်း။

**senior (adj)** ပထမ၊ ဦးစားပေး။ လက်ထောက်တာဝန်ထက် ပိုကြီးခြင်း။ တစ်ဦးတစ်ယောက်ထက် အသက်ကြီးသူ၊ ရာထူးအဆင့်မြင့်သူ။ နာမည်တူသားအဖနှစ်ဦးတွင် အဖနာမည်နောက်၌ထည့်ခြင်း။ ဥပမာ george bush (sr)

**seniority (n)** အစီအစဉ်အလိုက်။ လုပ်သက်ရင့်သူကို ဦးစားပေးခြင်း၊ အခွင့်ထူးပေးခြင်း။

**sentence (n)(v)**---တရားခံအပေါ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် စီရင်ချက် ချမှတ်ခြင်း။ အပြစ်ဒဏ်ပေးသည်။ စီရင်ချက်ချသည်။

concurrent sentences တစ်ပေါင်းတည်းကျခံရသော ပြစ်ဒဏ်။ တရားခံသည် ပြစ်မှုတစ်ခုဖြင့် ထောင်ဒဏ် ၅နှစ်၊ နောက် ပြစ်မှုတစ်ခုဖြင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေ၊ ပြစ်ဒဏ်ကို တစ်ပေါင်းတည်းကျခံစေဟု အမိန့်၌ ပါရှိလျှင် တရားခံသည် စုစုပေါင်း ၁၅နှစ်သာ ပြစ်ဒဏ်ကျခံရသည်။

consecutive sentences -ပြစ်ဒဏ်များကို တစ်ခုပြီးတစ်ခုကျခံစေခြင်း။ ဥပမာ တရားခံကို ပြစ်မှုတစ်ရပ်အတွက် ၅ နှစ်နောက်ပြစ်မှုတစ်ရပ်အတွက် ၁၀ နှစ် တစ်ခုပြီးတစ်ခု ကျခံစေဆိုလျှင် တရားခံသည် ပြစ်ဒဏ်စုစုပေါင်း ၁၅နှစ် ကျခံရမည်။

| | |
|---|---|
| death sentence | သေဒဏ် |
| deferred sentence | ရွှေ့ဆိုင်းပြစ်ဒဏ် |
| life sentence | တစ်သက်တစ်ကျွန်းပြစ်ဒဏ် |



www.burmeseclassic.com

www.burmeseclassic.com



maximum sentence-ပြစ်မှုတွင် အမြင့်ဆုံးသတ်မှတ်ထားသည့်ပြစ်ဒဏ်
minimum sentence-ပြစ်မှုတွင် အနိမ့်ဆုံးချမှတ်ရမည့်ပြစ်ဒဏ်
**separable (adj)**-ခွဲခြားနိုင်သော၊ ပိုင်းဖြတ်နိုင်သော။
**separate (adj)** ပူးတွဲမဟုတ် ခွဲထားခြင်း။
**separate (v)** ယောကျ်ားနှင့်မိန်းမအတူနေထိုင်ခြင်းမှ ရပ်စဲသည်။
**separation (n)**အိမ်ထောင်ဘက်များ ခွဲခွာနေရန်ဥပဒေအရ သဘောတူညီချက်
**separate examination**---အမှုတစ်ခုတွင် သက်သေတစ်ဦးကို အခြားသက်သေများနှင့် ခွဲထားပြီးစစ်ဆေးခြင်း။
separate maintenance သီးခြားခွဲနေသော ဇနီးဖြစ်သူအား ခင်ပွန်းဖြစ်သူက ပေးသော ထောက်ပံ့ကြေး။
**separation of power** အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာ။ အာဏာ (၃)ရပ်ကို ခွဲဝေပိုင်းခြားခြင်း။
**sequester---(v)** သီးသန့်ထားသည်။ ဆိတ်ငြိမ်ရာသို့ သွားနေထိုင်သည်။ မှခွဲခြားထားသည်။ အခြားတစ်ဘက်ကို ထိန်းချုပ်သည်။ အခြားသက်သေများ စစ်ဆေးစဉ် ကျန်သက်သေများကို မကြားမမြင်နိုင်သည့် ရုံးခန်းပြင်ပ၌ နေစေခြင်း။ အမှုစစ်ဆေးနေဆဲ မည်သူပိုင်ဆိုင်ကြောင်း မဆုံးဖြတ်ရသေးမီ စပ်ကြား၊ အငြင်းပွားသည့် ပစ္စည်းကို တရားရုံးက သိမ်းဆည်းထားခြင်း။ မြီစား၏ ပစ္စည်းများကို ယာယီသိမ်းဆည်းသည်။
**sequestration (n)** တစ်ဦးတစ်ယောက်၏ ပစ္စည်းကို သိမ်းဆည်းထိန်းချုပ်ထားရန် တရားရုံးက တာဝန်ရှိသူကို အမိန့်ထုတ်ပြန်ညွှန်ကြားခြင်း။ အဆိုပါ အမိန့်မှာတရားရုံး အမိန့်အပေါ် မထေမဲ့မြင်ပြုသူကို ထုတ်ခြင်းဖြစ်သည်။ ထိုသူသည် တရားရုံး၏အမိန့် (တားဝါရမ်း)ကို လိုက်နာဆောင်ရွက်ခြင်းမပြု၍ဖြစ်သည်။ ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းသည် ထိုသူမှ တရားရုံးအမိန့်ကို လိုက်နာဆောင်ရွက်သည့်တိုင်ဖြစ်သည်။ မြီရှင်များ၏ အကျိုးငှာ မြီစားပိုင်ပစ္စည်းများကို တရားရုံးမှ အမိန့်ထုတ်ပြန်၍ သိမ်းဆည်းထားခြင်း။ သက်သေများကို ခွဲခြားထားခြင်း။ တစ်ဘက်ဘက်မှ အမှုသည်မှ တရားရုံးသို့ လျှောက်ထားချက်အရ သက်သေတစ်ဦးအား တရားရုံးကစစ်ဆေးနေစဉ် အမှုနှင့်





သက်ဆိုင်သော ကျန်သက်သေများ နားထောင်နေပါက နားထောင်ပြီး အစွမ်းထွက်ဆိုရန် သံသယရှိနေ၍ သီးခြားခွဲထုတ်ပြီး မမြင်မကြားနိုင်သည့် နေရာ၌ သွားနေရန်အမိန့်ထုတ်ပြန်ခြင်း။
**sequestrator (n)** ပစ္စည်းများကို အမိန့်အရ သိမ်းဆည်းထားရန် ခန့်အပ်ထားသည့် အရာရှိ၊ ပစ္စည်းကိုအမိန့်အရ သိမ်းဆည်းထားသူ။
**seriatim**--((latin) one after another တစ်ဦးပြီးတစ်ဦး၊ အစဉ်လိုက် အတိုင်းဆက်ခံသူ။
ဥပမာ။ ...might be discussed seriatim (ad seriatim) ဆိုလျှင် အစဉ်အတိုင်းတစ်ခုပြီးမှတစ်ခုကို ဆောင်ရွက်ရန် ...ဖြစ်သည်။
**servant (n)**--အလုပ်ရှင်၏ ထိန်းချုပ်မှုအောက်တွင် ညွှန်ကြားချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရသောသူ။ အလုပ်သမား၊ ဝန်ထမ်း၊ အစေခံ၊ ကျွန်၊ အိမ်ဖော်။
**serve (v)** ဥပဒေအရ သမ္မာန်စာထုတ်ခြင်း၊ အဆိုအချေနှင့် တရားရေးဆိုင်ရာ စာရွက်စာတမ်းများကို သက်ဆိုင်သူထံချအပ်ခြင်း။
**service (n)** (က) စာချွန်တော်၊ သမ္မာန်စာ၊ အကြောင်းကြားစာနှင့် အခြားတရားရေးဆိုင်ရာ စာရွက်စာတမ်းများကို ပေးပို့ခြင်း။
service by publication. တရားပြိုင်နေရပ်လိပ်စာပြောင်းသွားလျှင်လည်းကောင်း တရားပြိုင်ကို ရှာမတွေ့တော့လျှင်လည်းကောင်း သတင်းစာမှဖြစ်စေ၊ အခြားမီဒီယာမှဖြစ်စေ သမ္မာန်စာထုတ်ပြန်ခြင်း။
substitued service.--လူကိုယ်တိုင်သမ္မာန်စာချမည့်အစား ဥပဒေကခွင့်ပြုထားသော မည်သည့်နည်းဖြင့်မဆို သမ္မာန်စာချခြင်း။ ဥပမာ စာတိုက်မှပေးပို့ခြင်း။
personal service.--သမ္မာန်လုလင်က သမ္မန်စာကို သက်ဆိုင်သူထံ တိုက်ရိုက်ပေးပို့ခြင်း။မြေငှားဖြစ်သူက မြေရှင်၏အကျိုးအတွက် ၎င်းအား မြေငှားရမ်းထား ခြင်းအပေါ် ပြန်လည်ဆောင်ရွက်ပေးခြင်း။
**service business**---ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်း။ ဥပမာ ရေပိုက်ပြင်လုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ စာရင်းကိုင်လုပ်ငန်း။



www.burmeseclassic.com

www.burmeseclassic.com



**servitude (n)** ပိုင်ရှင်မဟုတ်ဘဲ ရရှိသည့်အခွင့်အရေးများ၊ ၎င်းတို့မှာ ရေမြေ အလင်းရောင် အကျိုးခံစားခွင့်များ easement အသုံးပြုခွင့်များ license နှင့် အကျိုးအမြတ်များ profit တို့ဖြစ်သည်။ ကျွန်ကဲ့သို့ မှီခိုနေရခြင်း။ ကျေးကျွန် ဘဝအတင်း အစေခံအလုပ်စေခိုင်းခြင်း။

**session (n)** ခုံရုံးထိုင်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ ညီလာခံကျင်းပခြင်း။ သင်တန်းကာလ။ တရားရုံးတွင် တရားသူကြီးများရုံးထိုင်၍ စစ်ဆေးကြားနာခြင်း။

**session, court of** - စက်ရှင်တရားရုံးတော်။ စက်ရှင်တရားရုံး သို့မဟုတ် ရာ ဘက်စက်ရှင်တရားရုံးများသည် ပြစ်မှုများနှင့်စပ်လျဉ်း၍ ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်မျိုးကို မဆိုချမှတ်နိုင်သည်။ သေဒဏ်အမိန့်ချမှတ်ပါက တရားလွှတ်တော်သို့ အတည်ပြုရန်တင်ပြရမည်။ လက်ထောက်စက်ရှင်တရားရုံးများသည် သေဒဏ်နှင့် (၇)နှစ်နှင့် အထက်ကျွန်းဒဏ်၊ ထောင်ဒဏ်များမှအပ ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်များကို မဆိုချမှတ်နိုင်သည်။

**set-aside (v)(n)** ပျက်ပြယ်သည်၊ ဖျက်သိမ်းသည်။ ရုံပုံငွေထဲမှ ရာခိုင်နှုန်းအနည်းငယ်ကို ဖယ်ထားသည်။ သတ်မှတ်ထားသော ကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်နိုင်ရန်ဖယ်ထားခြင်း။

**set-off (n)** ခုနှိမ်သည်။ ခုနှိမ်ခြင်း။ တရားလိုက တရားပြိုင်အပေါ် ငွေရလိုမှုစွဲဆိုရာတွင် တရားပြိုင်မှလည်း တရားလိုထံမှ ငွေများရရန်ရှိနေပါက တရားပြိုင်သည် တရားလိုထံမှ ၎င်းရရန်ရှိသော ငွေကိုတရားလိုတောင်းဆိုသည့် ငွေထဲမှခုနှိမ်ပေးရန် ချေပလွှာတွင်ဖော်ပြခြင်း (တရားမကျင့်ထုံးဥပဒေ အမိန့် ၈ နည်းဥပဒေ ၆ တွင်ကြည့်ပါ)

**settion (n)** အမှုကိုကြားနာရန်အတွက် အချိန်နှင့်နာရီကိုတရားရုံးက အတည်ပြုပေးခြင်း။

**settlement (n)** အမှုသည် အချင်းချင်း အငြင်းပွားမှု သို့မဟုတ် တရားစွဲဆိုထားမှုကို နှစ်ဦးသဘောတူညီချက်ဖြင့် အဆုံးသတ်စေခြင်း။ ပြေငြိမ်းကြခြင်း။ အခြေချနေထိုင်ခြင်း သေတမ်းစာအရ လုပ်ပိုင်ခွင့်ရှိသူက သေဆုံးသူ၏ ပစ္စည်းများကို ခွဲဝေပေးခြင်း။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုရောင်းသူက ဝယ်သူသို့





လွှဲပြောင်းပေးခြင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းသို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် သက်ဝင်သည့် အဆက်ဆက်အကျိုးစီးပွားများကို ဆက်လက်ခံစေရန်စီမံသည့် (အမွေဆက်ခံခြင်းအက်ဥပဒေတွင် အဓိပါယ် သတ်မှတ်ပိုင်းခြားသည့်သေတမ်းစာ သေတမ်းစာနောက်ဆက်တွဲမှတစ်ပါး) အခြားစာချုပ်စာတမ်းမျိုးကို ဆိုလိုသည်။ ပုံသေပေးအပ်သည့် စာတမ်း(သီးခြားသက်သာခွင့်ဥပဒေပုဒ်မ၃)

**settled land**–ပိုင်ရှင်တစ်ဦးပြီးတစ်ဦး အမွေဆက်ခံရန်သက်မှတ်ထားသော မြေ။

**settling day**--စတော့အိတ်ချိန်းတွင် အရောင်းအဝယ်များနှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းရန် နောက်ဆုံးသတ်မှတ်သော နေ့ရက်။ account day ဟုလည်း ခေါ်သည်။

**set-up (v)**--ထုချေသည်၊ ချေပသည်။ (လူသတ်မှုတွင် တရားခံသည် စိတ်ဝေဒနာခံစားနေရဖြစ်ကြောင်း ထုချေသည်။)

**settlor (n)**–a person who makes a settlement of property. မိမိ ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို စီမံနေရာချထားသူ။

**seven years' absence rule**–လူတစ်ဦးတစ်ယောက်သည် ခုနစ်နှစ်ကြာ သတင်းမကြားရလျှင် ဥပဒေအရ သေဆုံးပြီးဖြစ်သည်ဟု မှတ်ယူရမည်။ အသက်ရှင်လျက်ရှိနေသေးသည်ဟု ဆိုလာလျှင် ထိုပြောဆိုသူက ထိုသူသက်ရှင်လျက်ရှိကြောင်း သက်သေပြရန်တာဝန်ရှိသည်။ (သက်သေခံဥပဒေပုဒ်မ ၁၀၈)

**several (adj)** သီးခြားဖြစ်သော၊ တစ်သီးတစ်ခြားဖြစ်သော။ နှစ်ခုထက်ပိုသော်လည်း အများကြီးမဟုတ်။ အနည်းငယ်။

**severally (adj)** တစ်ဦးချင်း၊ ကိုယ်စီကိုယ်စီ။ ငွေပေးကတိစာချုပ် (note)တွင် ငွေတစ်ရပ်လုံးအတွက် တစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း ကတိပြုရာရောက်သည်။ ဖြစ်ရပ်တစ်ခုတည်းတွင် တရားပြိုင်တစ်ဦးထက်ပိုသော် စီရင်ချက်တစ်ခုလုံးအတွက် တရားပြိုင်များကိုယ်စီကိုယ်စီ တာဝန်ရှိသည်။ ထို့ကြောင့် တရားလိုအနေဖြင့် စီရင်ချက်ပါ ငွေများကို မည်သည့်တရားပြိုင်ထံမှမဆို တရားစွဲတောင်းဆိုခွင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**severalty** - လူတစ်ဦးသီးခြားပိုင်ဆိုင်မှုနှင့် ပစ္စည်းများ၊ မြေငှားသည်။ ငှားရမ်းထားသည့်ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပူးတွဲရပိုင်ခွင့် မဟုတ်ဘဲ တစ်ဦးတည်းသာ သီးခြားလက်ဝယ်ထားခွင့်ရှိသည်။

**severance (n)** ခွဲခြားခြင်း၊ အဆက်ဖြတ်ခြင်း၊ တသီးတခြားစီခွဲထုတ်ခြင်း။ ဥပမာ A သည် အခြား နာမည်ကြီးလူဆိုးနှစ်ဦးနှင့်အတူ ပူးတွဲတရားစွဲခြင်းခံရသည်။ ထို့ကြောင့် Aအနေဖြင့် ဂျူရီလူကြီးများ၏ စိတ်ထဲတွင် သက်သေခံချက်များကို အလေးမထားဘဲ နာမည်ကြီး လူဆိုးများ၏ အရိပ်လွှမ်းမိုးမှုဖြစ်နေမည်ကို စိုးရိမ်မကင်းဖြစ်နေသည်။ သီးခြားခွဲထုတ်စစ်ဆေးပေးမှ ၎င်း၏ အမှုတွင်တရားမျှတသည့် အခွင့်အလမ်းရှိနိုင်မည်ဟု ယုံကြည်သောကြောင့် တရားရုံးတွင် ၎င်း၏အမှုကို သီးခြားခွဲ၍ စစ်ဆေးပေးရန် လျှောက်ထားခဲ့သည်။

**severance pay**အလုပ်သမားတစ်ဦးသည် အလုပ်ရှင်နှင့် ချုပ်ဆို ထားသော ပဋိညာဉ်မကုန်ဆုံးမီ အလုပ်မှ ထုတ်ပယ်ခံရသော် ကျန်ရှိသည့် အလုပ်သက်တမ်းကာလအတွက် နစ်နာကြေး (လျော်ကြေးငွေ)ကို တရားစွဲဆိုတောင်းခံနိုင်သည်။

**sex (n)** လိင်၊ ပိုမအုပ်စု၊ လိင်ဆက်ဆံခြင်း။

sex offender. လိင်မှုကိစ္စကျူးလွန်သော တရားခံ။ ဥပမာ မုဒိန်းမှုတရားခံ မြန်မာနိုင်ငံတွင် လိင်တူချင်းဆက်ဆံမှုကို ဆက်ဆံခံရသူက သဘောတူခြင်းဖြစ်စေကာမူ ပြစ်မှုမြောက်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇)

sex worker.--ပြည့်တန်ဆာ၊ ခန္ဓာကိုယ်ကို ရောင်းနှီး၍ငွေရှာသူ။

sex abuse.--လိင်အလွဲသုံးစား ပြုမှု၊ မတရားပြုမှု။ အမျိုးသမီးသည် အရက်မူးလွန်ခြင်း အသိစိတ်ကင်းမဲ့နေခြင်းတို့ကြောင့် ပြန်လှန်ခုခံကာကွယ်ရန် မစွမ်းဆောင်နိုင်သည့်အခါ ကျူးလွန်သူသည် အကြမ်းဖက်အင်အားသုံး၍လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း ကာမစပ်ယှက်ခြင်း။

**sexual harassment** လိင်အရ အနှောက်အယှက်ပေးမှု၊ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ဖြင့်သော်လည်းကောင်း၊ လိင်ခွဲခြား၍လုပ်ငန်းခွင်တွင် နှောက်ယှက်မှု။ တရားရုံးက တရားမဝင်ခွဲခြားမှုဟု သတ်မှတ်သည်။

**sexual intercourse.** ကာမစပ်ယှက်ခြင်း။





**sexual relation.** လိင်ဆက်ဆံခြင်း၊ ကာမစပ်ယှက်ခြင်း မပြုသော်လည်း တစ်ဦးကို တစ်ဦးပွတ်သပ်ကိုင်တွယ်ခြင်း။

**sexism** ကျားမခွဲခြားဆက်ဆံခြင်း၊ လိင်အရအခွင့်အရေးခွဲခြားခြင်း၊ နှိမ်ခြင်း။

**shake down** ခြိမ်းခြောက်အကြမ်းဖက်ရာတွင် သုံးသောငွေ။ ရဲအရာရှိအနေဖြင့် ဖမ်းဆီးရာတွင် ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်း။

**shall** လိမ့်မည်။

**shall be considered** မှတ်ယူရမည်

**shall not impair--** ထိခိုက်ပျက်ပြားခြင်း မရှိစေရ။

**shall not prevent--**မပိတ်ပင်စေရ။

**sham (v)**--ဟန်ဆောင်သည် အတုလုပ်သည်၊ လှည့်စားသည်။

**sham pleading** အမှုတွင် ဆုံးဖြတ်ရမည့် အကြောင်းခြင်းရာ ကောက်ချက်နှင့် မသက်ဆိုင်ဘဲ တင်သွင်းလာသော ရှင်းရှင်းလင်းလင်း မှားယွင်းနေသော အဆိုအချေ ထိုသို့ တင်သွင်းလာခြင်းသည် မလိုအပ်သော အသရေပျက်စေသော မျှတစွာတရားစီရင်ရေးကို ထိခိုက်စေသော အနှောက်အယှက်ဖြစ်စေသော ကိစ္စများဖြစ်၍ တရားရုံးက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အမိန့်ချနိုင်သည်။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်းဥပဒေ ၁၆)

**sham defence** လုပ်ကြံဖန်တီးထားသော မမှန်ကန်သော အချက်များကို မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ခုခံခြင်း။

**sham transaction** အခွန်သက်သာစေရန် ငွေစာရင်းတွင် လိမ်လည်၍ သဘောတူညီချက် သို့မဟုတ် အပေးအယူကိစ္စများကို ဖော်ပြထားခြင်း။

**share (n)**--ကုမ္ပဏီတစ်ခု၏ မတည့်ရင်းနှီးငွေပေါ်တွင် အညီအမျှပိုင်းထားသော တန်ဖိုးတစ်ခု။ ယင်းတန်ဖိုးကို ပေးသွင်းပြီး ပိုင်ဆိုင်သည့်လက်မှတ်။ ကုမ္ပဏီ၏ နှစ်စဉ်အမြတ်ဝေစုကို ခွဲဝေပေးသောအခါ ရရှိနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းသောအခါ ပိုင်ဆိုင်မှုများ ထုခွဲရောင်းချရငွေများမှ အကြွေးအရပ်ရပ် နှုတ်ပြီး ကျန်ငွေကို အချိုးကျခွဲဝေရရှိမည်။ ရှယ်ယာတွင် တစိတ်တပိုင်းပေးသွင်းပြီး ရှယ်ယာနှင့် အပြည့်အဝပေးသွင်းထားသော ရှယ်ယာဟူ၍ရှိပြီး မဲပေးခွင့် မဲမပေးခွင့်သာမန်ဦးစားပေး ဒီဘင်ချာ စသဖြင့် ရှယ်ယာများကွဲပြားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



**share capital** အများပိုင်လီမိတက် ကုမ္ပဏီသည် သတ်မှတ်ထားသော ဥပဒေအရ အများဆုံးခေါ်ယူနိုင်သော အရင်းအနှီး အကန့်အသတ်ရှိသည် ထိုအကန့်အသတ်အရင်းအနှီးရှယ်ယာကို ခွင့်ပြုအရင်းအနှီးဟုခေါ်သည်။

**share certificate**--ကုမ္ပဏီပိုင်ဆိုင်မှု အစုရှယ်ယာများဝယ်ယူထားမှု တို့ကို ထုတ်ပေးသည့်လက်မှတ် (မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၈)

**share holder** ရှယ်ယာလက်မှတ်များ ပိုင်ရှင်။ ကုမ္ပဏီမှ အစုရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်ထားသူ အစုရှင်။ ဥပမာ။ ကုမ္ပဏီငယ်လေး တစ်ခုဖြစ်သော A co နှင့် စပ်လျဉ်း၍ ရှေ့တွင် အလားအလာရှိကြောင်း လုပ်ငန်းတိုးချဲ့၍ အမြတ်အစွန်းများ ရနိုင်ကြောင်း တွက်ဆပြီး ဦးဘသည် A co မှ ရှယ်ယာများကို ဝယ်ယူထားသည်။ထို့ကြောင့် A co ၏ အစုဝင် တစ်ဦးဖြစ်လာပြီး ကုမ္ပဏီပိုင်ဆိုင်ခြင်း၏ အစိတ်အပိုင်းဖြစ်လာကာ ရှယ်ယာ များအပေါ်တွင် အမြတ်ဝေစုရရှိနိုင်ခြင်း၊ ကုမ္ပဏီရေးရာများကို မဲပေးနိုင်ခြင်း စသည့် အခွင့်အရေးများရလာသည်။

**share warrant**-အစုလက်မှတ်။ အစုရှယ်ယာဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော ကုမ္ပဏီသည် ယင်း၏ သင်းဖွဲ့စည်းမျဉ်းများက ခွင့်ပြုပါက ငွေအပြည့်အဝပေးသွင်းပြီးဖြစ်သော အစုရှယ်ယာ သို့မဟုတ် စတော့နှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ကိုယ်ပိုင်တံဆိပ်ခတ်နှိပ်လျက် ဝရမ်းကိုထုတ်ပေးနိုင်သည်။ ဝရမ်းကိုင်ဆောင်သူသည် ဝရမ်းတွင်ဖော်ပြထားသည့် အစုရှယ်ယာ သို့မဟုတ် စတော့တို့ကို ပိုင်ရေးပိုင်ခွင့်ရှိသည်။မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၄၃(၁)

**sharp (adj)** · ပေါင်နှံခြင်း စာချုပ်စာတမ်းများတွင် ပါရှိသည့်စာပိုဒ်။ မြီရှင်မှ မြီစား၏ ပျက်ကွက်မှုအပေါ်တွင် အကျဉ်းချုပ်ချက်ခြင်း အရေးယူနိုင်ရန် လုပ်ပိုင်ခွင့်အာဏာရှိသော။

**ship (n)**--သင်္ဘော၊ ရေယာဉ် လှော်တက်ကို အသုံးမပြုဘဲ စက်ကိရိယာ တစ်မျိုးမျိုးကို အသုံးပြု၍ ရေပြင်တွင်သွားလာ ခုတ်မောင်းနေသော သင်္ဘော၊ ရေယာဉ်။





**ship's husband**--သင်္ဘောပိုင်ရှင်၏ အထွေထွေကိုယ်စားလှယ်။ များသောအားဖြင့် သင်္ဘော၏ ပူးတွဲပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူပိုင်ရှင်ကို ခန့်သည်။ ၎င်းသည် သင်္ဘော၏စီမံခန့်ခွဲရေးကိစ္စများဖြစ်သော သင်္ဘောသား များခန့်အပ်ခြင်း၊ သင်္ဘောပြုပြင်ထိန်းသိမ်းခြင်း၊ ကုန်ပစ္စည်းများတင်ပို့ခြင်း ငွေများလက်ခံ စာရင်းရှင်းခြင်းများပြုလုပ်သည်။ ယနေ့ကာလတွင် ၎င်းသည် စီမံခန့်ခွဲရေးဆိုင်ရာ အကြီးအကဲဖြစ်ပြီး ၎င်း၏လက်အောက်တွင် သီးခြား ဌာနခွဲများဖြင့် လုပ်ငန်းများခွဲခြားလုပ်ဆောင်စေသည်။

**shipment (n)** ရေကြောင်းဖြင့် ကုန်ပစ္စည်းများတင်ပို့ခြင်း။ လေယာဉ်ဖြင့် ကုန်စည်တင်ပို့ရာတွင်လည်း သုံးပါသည်။ အမေရိကန်နိုင်ငံတွင် လေယာဉ်ပျံကို ship ဟုသုံလေ့သုံးထရှိပါသည်။

**shipping (n)** သင်္ဘောကိုယ်စားလှယ်။ နိုင်ငံခြားတိုင်းပြည်မှ သင်္ဘောဖြင့် ဝင်ရောက်လာသော ကုန်များကိုလည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်သို့ သင်္ဘောဖြင့် ကုန်များတင်ပို့ရာတွင်လည်းကောင်း အကောက်ခွန်ဌာနတွင် ဆိပ်ကမ်းအာဏာပိုင်တို့မှ လိုအပ်သောစာရွက်စာတမ်းများ ပြုစုပေးရန်နှင့် ကုန်တင်ပို့ခြင်း၊ ကုန်ချခြင်းလုပ်များကို အခကြေးငွေရယူ၍ဆောင်ရွက်သူ။

**ship wreck (v)(n)** သင်္ဘောပျက်သည်၊ သင်္ဘောပျက်ခြင်း။ လေမုန်တိုင်းမိ၍လည်းကောင်း၊ ကျောက်ဆောင်တိုက်မိ၍လည်းကောင်း၊ သင်္ဘောထဲ ရေဝင်၍ပင်လယ်ထဲတွင် သင်္ဘောနစ်မြုပ်ခြင်း၊ သင်္ဘောပျက်ခြင်း။

**shop (n)** ဈေးဆိုင်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာဌာန၊ စက်ရုံ၊ ရုံး။

**shop books** ဈေးဆိုင်ပိုင်ရှင် ကုန်သည် စာရင်းကိုင်မှတစ်နေ့တာ ရောင်းဝယ်ရေးမှတ်တမ်းများကို လုပ်ရိုးလုပ်စဉ်အတိုင်ရေးသွင်းထားသော စာအုပ်များ (ငွေစာရင်းစာအုပ်၊ ကုန်ဝင်ကုန်ထွက်စာအုပ်၊ ကုန်ရောင်းကုန်ဝယ် စာရွက်စာတမ်းများ ..... အစရှိသည်)

**shop book rule** တစ်ဆင့်ကြားသက်သေခံချက်မှာ သက်သေခံမဝင်သော်လည်း ခြွင်းချက်အနေဖြင့် လုပ်ငန်းတစ်ခုတွင် လုပ်ကိုင်မြဲအလုပ်နှင့် စပ်လျဉ်း၍ထားရှိသော စာရင်းစာအုပ်များ၊ ပြေစာများရောင်းဝယ်ဖောက်ကားရာတွင် အသုံးပြုသော စာချုပ်စာတမ်းများကို သက်သေခံအဖြစ် တင်သွင်းသော



www.burmeseclassic.com

www.burmeseclassic.com



လျှင်လက်ခံနိုင်သည်။ ကိုယ်တိုင်ရေးသွင်းခြင်း မဟုတ်သော်လည်း လက်ရှိထိန်းသိမ်းထားသူ အနေဖြင့် တင်ပြ၍ သက်သေခံတင်သွင်းနိုင်သည်။

(သက်သေခံအက်ဥပဒေ ၃၂ (၂)

**shoplifting (n)** ဈေးဆိုင်၊ ကုန်ပစ္စည်းများကို ဈေးဝယ်ဟန်ဆောင်၍ ငွေပေးချေခြင်း မပြုဘဲ ယူ ဘင်သွားခြင်း (ခိုးယူသွားခြင်း)။ ခိုးမှုဖြင့် တရားစွဲဆိုပါသည်။ ပစ္စည်းကို ယူဆောင်သွားရာ စတိုးဆိုင်မှ အထွက်တွင် ဖမ်းဆီးခြင်းဖြင့် မရိုးမဖြောင့်ဘဲ ပစ္စည်းကိုယူသွားကြောင်း သက်သေထင်ရှားစေသည်။ စတိုးဆိုင်မှ ငွေကိုင်သည် ပစ္စည်းဝယ်ယူသူမှ ငွေလာချေရာတွင် ကျသင့်ငွေထက်ပစ္စည်းတန်ဖိုးကို သိလျှက်နှင့်လျှော့ယူခဲ့ရာ ၎င်းသည် ခိုးမှုကျူးလွန်ရာတွင် အားပေးကူညီသူအဖြစ် တရားစွဲဆိုခြင်းခံရနိုင်သည်။

**short title** လူအများသိနေသော ဥပဒေ၏ အတိုကောက်ခေါင်းစဉ်။ ဥပမာ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို မူးယစ်ဆေးဝါး ဥပဒေဟု အတိုကောက်ခေါ်ဝေါ်ခြင်း။ ခေါင်းစဉ်ငယ်။

**shut down (n)** စက်ရုံမှ ကုန်ထုတ်လုပ်မှုကို ရပ်ဆိုင်းခြင်း။ စက်ရုံပိတ်ခြင်း။ ယိုသို့ပိတ်ရခြင်းမှာ ကုန်အမှာစာများမရ၍လည်းကောင်း စက်များကိုပြန်လည်မွမ်းမံရန်လည်းကောင်း၊ အလုပ်သမားများ သပိတ်မှောက်၍လည်းကောင်း ဖြစ်နိုင်သည်။

**shyster (n) col;**ကိုယ်လိပ်ပြာကိုယ်မရှက်သော၊ လိမ်လည်လှည့် ဖျားသော၊ ကိုယ်ကျင့်သိက္ခမစောင့်သော လုပ်ငန်းများလုပ်သူ။ လုပ်ငန်းလုပ် ကိုင်ဆောင်ရွက်ရာတွင် ဖြတ်စားလပ်စား လုပ်သူ။ ဥပမာ လုပ်ငန်းလုပ်ရန် အတွက် ငွေ ၁၀၀ပေးသွင်းရမည်ဆိုလျှင် မိမိကိုအလုပ်အပ်သူအား ငွေ ၂၀၀ ဟု ပြော၍ ငွေ ၁၀၀ ကို ဖြတ်စားလပ်စားလုပ်သူ။

**sic (latin)( so, thus)adv**--ထိုသို့လျှင် ထိုအတိုင်း။

**side (n)**---အနီးအပါးမှာ။ လူတစ်ယောက်၏အနေအထား ဥပမာ the law is on our side ဥပဒေသည် ကျွန်ုပ်တို့ဘက်၌ရှိသည်။





**side bar.**--တရားခွင်အတွင်း တရားသူကြီးနှင့် ရှေ့နေတို့သက်သေခံကန့်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း။ အဆိုပါဆွေးနွေးချက်ကို စာရေးမှ လက်ရေးတိုဖြင့် မှတ်တမ်းတင်ထားပြီး အယူခံတင်သွင်းရန် အလို့ငှာအချော ပြန်ရေးထားသည်။

**sic utere tuo ut alienum non laedas laedas (latin)** မိမိအခွင့်အရေးကို သုံးသည့်အခါတွင် အခြားသူ၏အခွင့်အရေးကို မထိပါးပါနှင့်။ မိမိပစ္စည်းကို မိမိသုံးစွဲရာတွင် အခြားသူအပေါ် ထိခိုက်မှု မရှိပါစေနှင့်။ ဥပမာ A သည် ရောဂီတကိုဝါသနာပါ၍ည ၁၀ နာရီခန့်တွင် အသံချဲ့စက်တပ်ကာ သီချင်းဖွင့်နားထောင်ရာတွင်အိမ်နီးနား ချင်းများသည် ဆူညံသံဖြင့် အိပ်ရေးအနှောက်အယှက်ပြုခံရ၍မိမိပစ္စည်းမိမိဖွင့်နားထောင်ရာတွင် အခြားသူ၏အခွင့်အရေးကို ထိခိုက်စေအောင် မပြုရဟု ဆိုလိုရင်းဖြစ်သည်။ (အထက်ပါဆိုရိုးစကားကို အများပြည်သူနှောက်ယှက်မှုများတွင်သုံးလေ့ရှိသည်)။

**sight draft**---ချက်ခြင်းငွေထုတ်ပေးရန်အတွက် ငွေလွှဲလက်မှတ်။ ငွေလွှဲလက်မှတ်နှင့် ချက်လက်မှတ်ပါငွေပမာဏကိုပေးရန်။ညွှန်ကြားခြင်းခံ ရသူက လာရောက်တင်ပြလာသည့်အခါ ချက်ခြင်းငွေထုတ်ပေးရခြင်း။ after sight ဆိုသည်မှ လက်ခံပြီးနောက်ကို ဆိုလိုသည်။

**sign (n)(v)**--- အမှတ်အသား၊ သင်္ကေတ။ လက်မှတ်ရေးထိုးသည်။ တံဆိပ်နှိပ်သည်။

**signatory (adj)(n)** စာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးသော ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် စာချုပ်ကို သဘောတူသော သူဖြစ်လာခြင်း။ ဥပမာ နိုင်ငံရှစ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ရပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်းဖြင့် ထိုစာချုပ်ပါ စည်းကမ်းချက်များကို သဘောတူရာရောက်စေသည်။

**signature (n)** ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်း၊ ကြက်ခြေခတ်ခြင်း၊ စာချုပ်စာတမ်းတစ်စောင်ကို မှန်ကန်ကြောင်းထင်ရှားစေရန် ရည်ရွယ်၍ အမည်အမှတ်အသား သို့မဟုတ် စာများရေးသားခြင်း digital signature. facsimile signature unauthorized signature ဟူ၍ လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**signature page.** စာချုပ်တွင် စာချုပ်ဝင်များက လက်မှတ်ရေးထိုးထားသော စာမျက်နှာ။

**signify (v)** အဓိပ္ပါယ်သက်ရောက်စေသည် ညွှန်ပြသည်။

**signing judgement** စီရင်ချက်တွင် တရားသူကြီးက လက်မှတ်ရေးထိုးခြင်း။ တရားရုံးကစီရင်ချက်ချခြင်း။

**silence (n)** တိတ်ဆိတ်ခြင်း၊ ဆိတ်ဆိတ်နေခြင်း၊ စကားမပြောဘဲနေခြင်း။

silence partner (sleeping partner)အိပ်နေသော အစုရှင်။ လုပ်ငန်းတစ်ခုတွင် အစုရှင်အဖြစ် အစုများထည့်သွင်းထားသော်လည်း အဆိုပါလုပ်ငန်း၏ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသော အစုရှင်။ ၎င်းမှာ အဆိုပါလုပ်ငန်းတွင် အစုရှင်အဖြစ် ပါဝင်ကြောင်းအများမသိစေရန် ဖုံးကွယ်ထားတတ်သည်။

**similiter (latin;)( similarly)** တစ်ဖက်သောအမှုသည်၏ ငြင်းချက် သို့မဟုတ် လျှောက်လဲချက်ကို ကျန်တစ်ဖက်မှ စာဖြင့်ရေးသား၍ လက်ခံခြင်း။ တစ်ဖက်မှတင်ပြသော အကြောင်းခြင်းရာ ငြင်းချက်အပေါ် တစ်ဖက်မှလက်ခံကြောင်း သဘောတူကြောင်း ပုံစံတကျတင်ပြခြင်း။

**simple contract** နှုတ်ဖြင့်ပြုလုပ်သော ပဋိညာဉ်။ စာဖြင့်ရေးသားထားသော်လည်း တံဆိပ်ခတ်နှိပ်ခြင်း လက်မှတ်ရေးထိုးခြင်း။ မှတ်ပုံတင်ထားခြင်း မရှိသည့် ပဋိညာဉ်။

**simple hurt** သာမန်နာကျင်စေမှု။

**simple imprisonment** အလုပ်မဲ့ထောင်ဒဏ်။

**simple mortgage** အာမခံပစ္စည်းမဲ့အပေါင်။

**simple trust** ယုံမှတ်အပ်နှံခံရသည့် ပစ္စည်းကို သက်ဆိုင်သူမှ တောင်းဆိုလာသည့်အခါ ထိုသူသို့လွှဲပြောင်းပေးရန်မှတစ်ပါး ယုံမှတ်အပ်နှံခံရသူသည် မည်သည့်ဆောင်ရွက်ချက်မှ ဆောင်ရွက်ပေးရန်မလိုသော အပ်နှံမှု။

**simple larcency** သာမန်ခိုးမှု။

**simple negligence** သာမန်သတိပြုရမည့် ကိစ္စများကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။





**simpliciter (adv)latin;** ရိုးသားသော အပြုအမူ၊ တိုက်ရိုက်ချက်ခြင်း။

**simulated fact** မှားယွင်းသော လုပ်ဆောင်မှုကို လုပ်ဆောင်စေရန် ရည်ရွယ်သည့် လုပ်ကြံဖန်တီးထားသည့် အကြောင်းခြင်းရာ။

**simultaneous (adj)** တစ်ပြိုင်တည်းဖြစ်ပျက်သော။

**sine (si-nee)prep (latin)** မရှိဘဲ။

**sine die (si-nee di ee) (latin)** (without day) ရက်ချိန်းသတ်မှတ်ချက်မရှိ။ တရားရုံးက အမှုကို နောက်ရုံးချိန်းသတ်မှတ်ပေးခြင်း မရှိဘဲ ချိန်းဆိုခြင်း။

**sine prole (latin) without issue.**-ငြင်းချက်မရှိခြင်း။သားသမီးမရှိခြင်း။

**sine qua non (latin)** wihtout which not. မရှိမဖြစ်လိုအပ်သည့်အရာ။ မလုပ်မဖြစ်လုပ်ရမည့်အလုပ်၊လက်မလွှတ်နိုင်သောအခြေအနေ။ဥပမာ ဘက်တီသည်ရေခဲသေတ္တာအသစ်တစ်လုံးကို ဝယ်လာသည်။ ထို့ကြောင့် နေအိမ်ရှိရေခဲသေတ္တာအဟောင်းကို လျှပ်စစ်ပစ္စည်းအဟောင်းများ စွန့်ပစ်ရ မည့်နေ့တွင် လမ်းပေါ်သို့ စွန့်ပစ်လိုက်သည်။ သို့သော် စွန့်ပစ်လိုက်သော ရေခဲသေတ္တာမှ တံခါးနှင့်သော့ကိုဖြုတ်ထားရန်သတိမထားမိပေ။ကလေးတစ်ဦး သည် ထိုရေခဲသေတ္တာအတွင်း ဝင်ရောက်ဆော့ကစားရာမှ တံခါးပိတ်သွားပြီး ဒဏ်ရာပြင်းထန်စွာရရှိသွားသည်။sine qua non သည် ဘက်တီအနေဖြင့် ရေခဲသေတ္တာတံခါးနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဆောင်ရွက်ထားရန် ပျက်ကွက်မှုဖြစ်ပြီး ရေခဲသေတ္တာတံခါးသည် ဆွဲဆောင်မှုရှိသော ပတ်ဝန်းကျင်နှောက်ယှက်မှု (attractive nuisamce)ဖြစ်ပေါ်စေခဲ့သည်။

**single act**--လုပ်ရပ်တစ်ခုတည်း။

**sinking fund**-- မျှော်လင့်ထားသည့် အနာဂါတ်ပေးရန် တာဝန်များ၊ ပေးရန်ပုံမှန်စာရင်းပြောင်း ထားရှိသည့်ရံပုံငွေ။ ကြွေးဆပ်ရန်တစ်လုံးတစ်ခဲတည်းဖြစ်အောင် စုထားခြင်း သို့မဟုတ်ခွဲဆပ်ရန် ရံပုံငွေ။ ကြွေးများကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ကော်ပိုရေးရှင်းများ အစိုးရဌာနများက ရင်းနှီးမြုပ်နှံထားသော အကြွေးယူထားငွေများကို ပြန်လည်ပေးဆပ်ရန် စုဆောင်းထားခြင်း။

**sister ship**--ကုမ္ပဏီတစ်ခုတည်းပိုင် ပုံစံတူသင်္ဘော။



www.burmeseclassic.com

www.burmeseclassic.com



**sittings**--တရားရုံးထိုင်သည့် ကာလများ။
en banc sitting. စုံညီခုံရုံးဖြင့် ရုံးထိုင်ခြင်း။
in camera sitting--တရားသူကြီး၏ စဉ်းစားခန်း သို့မဟုတ် အများပြည်သူမကြားမမြင်နိုင်သော နေရာတွင် အမှုကိုကြားနာစစ်ဆေးခြင်း။ (ဥပမာ အိမ်ထောင်ရေးမှုခင်းများ၊ ကလေးသူငယ်မှုခင်းများကို စစ်ဆေးခြင်း။)
**situs (latin)**--နေရာဒေသ၊ ပစ္စည်းသို့မဟုတ် လူပုဂ္ဂိုလ်တည်ရှိရာနေထိုင်ရာဒေသ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၎င်းတို့တည်နေရာအရ မည်သည့် ဒေသတွင်ရှိကြောင်း ဆုံးဖြတ်နိုင်သော်လည်း ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ နှင့် ကိုင်တွယ်၍မရသော ပစ္စည်း(ဥပမာ ကြွေးမြီ)များကို မြီစားမြီရှင်တို့ နေထိုင်ရာ အရပ်ပေါ်တွင် တည်ရှိနေသည်။ တရားမမှုစွဲဆိုရာတွင် မည်သည့် စီရင်ပိုင်ခွင့် ဒေသတွင် ကျရောက်ကြောင်း တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ တို့ကို လိုက်နာဆောင်ရွက်ရမည်။
**skilled witness** ကျွမ်းကျင်သူ၊ ပါရဂူသက်သေ။ ဥပမာ– ဆရာဝန်၊ ဓာတု ဗေဒဝန်၊ လက်ရေးကျွမ်းကျင်သူ၊ လက်နက်ပါရဂူ၊ လက်ဗွေပါရဂူ၊ နိုင်ငံခြားမှ တရားဥပဒေ၊ သိပ္ပံဝိဇ္ဇာပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ။
**skiptracing agency** ပျောက်ဆုံးအဆက်အသွယ်မရသော ပုဂ္ဂိုလ်များ (အမွေခံ၊ မြီစား၊ ဇနီး၊ ခင်ပွန်း၊ သက်သေ၊ သားသမီး)၏ နေထိုင်ရာကို ရှာဖွေရာ တွင် လုပ်ငန်းကျွမ်းကျင်သော အေဂျင်စီ (သို့) အလွတ်စုံထောက်များ၊ ထိုကိစ္စမျိုး ကို သီးသန့်ဆောင်ရွက်ပေးသော အဖွဲ့များ။
**slander (n)**--သူတစ်ပါးအား အသရေပျက်စေသည့် ကိစ္စကို နှုတ်ဖြင့် လည်းကောင်း၊ လက်ဟန်ခြေဟန် အမူအယာဖြင့်လည်းကောင်း ပြုလုပ်ခြင်း။ အမူအယာဆိုရာတွင် အတိအကျပုံသဏ္ဌာန်သတ်မှတ်ထားခြင်းတော့ မရှိပေ။
(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ကြည့်ပါ။)
**slander of title**--ပစ္စည်းရောင်းချရာတွင် ရောင်းသူ၏ ပိုင်ဆိုင်မှုကို မသမာသောစိတ်ဖြင့် တလွဲဖော်ပြကာ ဆေဖန်ရှုချခြင်း၊ ပုတ်ခတ်ပြောဆိုခြင်း။
**sleeping partner** — silent partnerကြည့်ပါ။
**slip rule**—စီရင်ချက်သို့မဟုတ် အမိန့်များကို တရားသူကြီးက တရားခွင်





တွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးပြီးနောက် ပြန်လည်သုံးသပ်မှုတွင်ဖြစ်စေ၊ ပုဒ်မ ၁၅၁ အရ ခွင့်ပြုထားသော ကိစ္စတွင်ဖြစ်စေ၊ ပြင်ဆင်ခြင်းမှတစ်ပါး ပြောင်းလဲဖြည့်စွက်ခြင်း မပြုနိုင်ပါ။ (အမိန့် ၂၀ နည်း ၃)
　　ပုဒ်မ ၁၅၂ အရ စီရင်ချက်ဒီကရီနှင့် အမိန့်များတွင် စာအရေးအသား ဖြစ်စေဂဏန်းသင်္ချာနှင့်ဖြစ်စေ မတော်တဆဖြစ်မှု ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသော အမှားအယွင်းများကို ပြင်ဆင်နိုင်ရန် ခွင့်ပြုထားသည်။ ထိုသို့ပြင်ဆင်ရာတွင် တရားရုံးက မိမိသိရှိသဖြင့်ဖြစ်စေ၊ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ မည်သည့်အချိန်တွင်မဆို ထိုမှားယွင်းမှု clerical mistakes ကိုပြင်ဆင်နိုင်သည်။ (တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂)
**smuggling (n)** တားမြစ်ထားသော ကုန်ပစ္စည်းများကို အာဏာပိုင်များ ဖမ်းဆီးသိမ်းယူခြင်းမှ လွတ်ကင်းအောင်လည်းကောင်း၊ အကောက်ခွန်ဥပဒေအရ အခွန်ကောက်ခြင်းကို တိမ်းရှောင်ရန်လည်းကောင်း ခိုးသွင်းခိုးထုတ်လုပ်ခြင်း။
**sober (adj)** အရက်သေစာနှင့် မူးယစ်ဆေးဝါးများ သုံးဆောင်ထားခြင်း မရှိသော။ ပုံမှန်အရက်သေစာ မသုံးစွဲသော သို့မဟုတ် အသင့်အတင့်သာ သုံးစွဲ သော။ အရက်မမူးသော၊ ငြိမ်သက်တည်ကြည်သော။
**social security** လူမှုဖူလုံရေး (မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၅ အရ ၃၁–၈–၂၀၁၂ နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည်။)
**socialist legal system** ဆိုရှယ်လစ် ဥပဒေစနစ်။
**society (n)** အသင်းအဖွဲ့၊ လူမှုအဆောက်အအုံ၊ လူအဖွဲ့အစည်း။
**sodomy (n)** ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်ခြင်း (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇)
**soft law** စည်းနှောင်အားမရှိသော၊ အတင်းအကြပ်အကောင်အထည် မဖော်နိုင်သော။ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ညီလာခံများမှ ချမှတ်သည့်ဆုံးဖြတ်ချက်များ။
**soft ware** ကွန်ပြူတာပရိုဂရမ်ဖြစ်ပြီး မူပိုင်ခွင့်ရရှိနိုင်သည်။ ကွန်ပြူတာကို မည်သို့လုပ်ဆောင်ရမည်ဟု ခိုင်းစေသော ညွှန်ကြားချက်များ စုစည်းထားသည့်အရာ။



www.burmeseclassic.com

www.burmeseclassic.com



**solemnize (n)** လက်ထပ်ခြင်း၊ ပဋိညာဉ်ပြုခြင်း အစရှိသည်တို့ကို ထုံးတမ်းစဉ်လာနှင့်အညီ သက်သေများရှေ့မှောက်တွင် ပြုလုပ်ခြင်း။

**sole practitioner** ရှေ့နေတစ်ဦးသည် ရှေ့နေလုပ်ငန်းဆောင်ရွက်ရာတွင် တွဲဘက်သော်လည်းကောင်း လက်ထောက်ကိုသော်လည်းကောင်း မထားရှိဘဲတစ်ဦးတည်းဆောင်ရွက်ခြင်း။ sole proprietorship တစ်ဦးတည်းပိုင်လုပ်ငန်း။

**solicitation (n)** ပြစ်မှုကျူးလွန်ရာတွင် အားပေးအားမြှောက်ပြုခြင်း၊ သွေးဆောင်ခြင်း ဖြားယောင်းခြင်း တိုက်တွန်းခြင်း အကြံဉာဏ်ပေးခြင်း၊ အမိန့်ပေးခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် ပြစ်မှုကျူးလွန်စေရန် လှုံ့ဆော်တိုက်တွန်းခြင်း။

**solicite (v)** သွေးဆောင်သည်၊ မြှူဆွယ်သည်၊ တောင်းခံသည်။

**solicitor (n)** တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုဘဲ၊ အမှုများကို လက်ခံကာပြင်ဆင်ခြင်း၊ ဥပဒေများစုစည်းရှာဖွေခြင်း၊ အကြံဉာဏ်ပေးခြင်း၊ တရားရုံးတွင် လိုက်ပါသည့်ရှေ့နေများအတွက် စီစဉ်ပေးခြင်း။

**solidarity (n)** စည်းလုံးညီညွတ်မှု ကြွေးမြီများအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တာဝန်ရှိခြင်း။

**solitary confinement** အလုံထောင်ချခြင်း။ တိုက်ပိတ်ပြစ်ဒဏ်ပေးခြင်း။

**solvency (n)** ဇာရောက်ချိန်တွင် ကြွေးများကိုပေးဆပ်နိုင်ခြင်း။

**somnambulism (n)** အိပ်ပျော်နေစဉ်လမ်းလျှောက်ခြင်း။

**sororicide (n)** မိမိ၏ညီမ၊ နှမ အမအရင်းကိုသတ်မှု။

**sound (adj) (v)**ကျန်းမာရေးကောင်းသော၊ စိတ်အခြေအနေကောင်းသော ရောဂါကင်းသော (ကုန်ပစ္စည်း)ဈေးကွက်တင်ရန် အသင့်ဖြစ်နေသော။ ထင်မြင်စေသည်။

**sound card (n)**ကွန်ပြူတာတွင် ထည့်သွင်းအသုံးပြုသည့် အသံပိုင်းဆိုင်ရာ အီလက်ထရောနစ်ကဒ်ပြား။

**sound mind**--စိတ်ကျန်းမာရေး အခြေအနေကောင်းမွန်သော။

**sound sleep**--နှစ်နှစ်ခြိုက်ခြိုက်၊ ကောင်းစွာ





**sovereign (adj)** ဘုရင်သမ္မတနိုင်ငံတော်၊ တိုင်းပြည်၏အကြီးအကဲ

**sovereign power** အချုပ်အခြာအာဏာ။

**sovereign state** အချုပ်အခြာအာဏာပိုင်နိုင်ငံ။

**sovereignty (n)**---အထွဋ်အမြတ်ဖြစ်ခြင်း၊ အာဏာပိုင်ဖြစ်ခြင်း၊ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏အဆင့်အမြင့်ဆုံး နိုင်ငံရေးအာဏာပိုင်အဖွဲ့။ များစွာသော တိုင်းပြည်များတွင် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို သီးခြားအဖွဲ့အစည်းများက လွတ်လပ်စွာကိုယ် တွယ်ကျင့်သုံးကြသည်။ သို့ရာတွင် အပြန်အလှန်အာဏာထိန်းကြောင်းမှုများရှိသည်။

**speaker (n)** လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်နာယက။

**special administration** သေသူ၏ကျန်ရစ်သော ပစ္စည်းအများထဲမှ တစ်ချို့ကိုသာ ထိန်းသိမ်းရန် စီမံခန့်ခွဲပိုင်ခွင့်ပေးထားခြင်း။

**special region** --- အထူးဒေသ။

**special traverse** တစ်ဖက်အမှုသည်မှ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အထောက်အထားမရှိဘဲ စွတ်စွဲသည်ဟု လျှောက်ထားငြင်းဆိုခြင်း။ ထိုသို့ငြင်းဆိုရာတွင် နောက်ထပ်အကြောင်းအရာသစ်များ တင်သွင်းခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ငြင်းဆိုခြင်း။ တိကျမှန်ကန်ခဲ့လျှင် စွတ်စွဲချက်မှာ ခိုင်လုံကြောင်း တင်ပြနိုင်လိမ့်မည်မဟုတ်။

**special tribunal** -- အထူးခုံရုံး။

**special trust** ယုံမှတ်အပ်နှံခြင်း ခံရသူအပေါ် လိုက်နာရန်တာဝန်များ သတ်မှတ်ပေးထားခြင်းဖြင့် ယုံမှတ်အပ်နှံခြင်း။

**special verdict**--တရားရုံးက တရားခံသည် စိတ်ဝေဒနာခံစားနေသူဖြစ်ကြောင်း အကြောင်းပြ၍ အပြစ်မရှိကြောင်း အမိန့်ချခြင်း။

**specie (n)** လှည့်ပတ်သုံးစွဲနေသော ငွေ၏အခြေခံတန်ဖိုး။ ငွေဒင်္ဂါး၊ ငွေအကြေ ငွေစက္ကူ။

**specific (adj)** အတိအကျဖြစ်သော သီးသန့်သတ်မှတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



**specific legacy**.သေတမ်းစာရေးသားသူတစ်ဦးက မိမိပိုင်ပစ္စည်းများထဲက သီးခြားသတ်မှတ်ထားသည့် ပစ္စည်းတစ်ရပ်ကို တစ်ဦးတစ်ယောက်သော သူသို့ အမွေပေးခြင်း (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၁၄၂)

**specific performance** သီးသန့်ဆောင်ရွက်ချက်။ လူတစ်ဦးတစ်ယောက်အား ပဋိညာဉ်အရ ဆောင်ရွက်ရမည့်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ရန် တရားရုံးက အမိန့်ချခြင်း (သီးခြားသက်သာခွင့်အက်ဥပဒေ အခန်း ၂)

**specific relief act**---သီးခြားသက်သာခွင့်အက်ဥပဒေ။

**specification (n)**---အသေးစိတ်အချက်အလက်။ (မူပိုင်ခွင့်ဥပဒေ)မိမိတည်ထွင်ထားသော ကုန်အမှတ်တံဆိပ်ကို မူပိုင်ခွင့်လျှောက်ထားရာတွင် မိမိကုန်အမှတ်တံဆိပ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ ဖော်ပြခြင်း။

**specified reservations**---သီးသန့်ခြွင်းချန်ချက်များ။

**specified**---အသေးစိတ်ဖော်ပြသည်။ တိတိကျကျရည်ညွှန်းသည်။

**speculation (n)**---ဈေးနှုန်းအတက်အကျပေါ်တွင် အကျိုးအမြတ်ရရှိရန်မျှော်လင့်ချက်ဖြင့် ရောင်းဝယ်ခြင်း ဆင်ခြင်သုံးသပ်ခြင်း။ ဈေးကစားခြင်း။

**spinster (n)**---အပျိုကြီး၊ အပျိုဟိုင်း။

**spite fence**---အိမ်နီးချင်း၊ ခြံနီးချင်းမှ ရရှိမြဲဖြစ်သော ရေလေအလင်းရောင်နှင့် မြင်ကွင်းကို ကွယ်စေသော ခြံစည်းရိုးအား ထီးထီးကြီးတည် ဆောက်ခြင်းဖြင့် အိမ်နီးချင်းကို ဒေါသထွက်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း။ မစ္ဆေရစိတ်ဖြင့်ခြံကာခြင်း။

**split (v)**---အပိုင်းပိုင်းကွဲသွားခြင်း။

**splitting of the claim.**---တောင်းဆိုခွင့်ကိုခွဲခြမ်းခြင်း။ တရားလိုအနေဖြင့် တရားစွဲဆိုရမည့်အကြောင်းအရာများကို အစိတ်အပိုင်းများအဖြစ် ခွဲခြား၍ အစိတ်ပိုင်းတစ်ခုစီအတွက် သီးခြားစီတရားစွဲဆိုခွင့်မရှိပေ။

**spoliation (n)** ရည်ရွယ်ချက်ရှိရှိဖြင့် သက်သေခံစာရွက်စာတမ်းကို ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း ပြောင်းလဲခြင်း၊ ဖုံးကွယ်ထားခြင်း။ သက်သေပြနိုင်ပါက အဆိုပါကိစ္စပြုလုပ်သော တာဝန်ရှိသည့်အမှုသည်အတွက် သက်သေခံစာရွက်စာတမ်းမှာ အကျိုးမရှိပေ။ အကြမ်းဖက်၍ ရွှေ့ပြောင်းနိုင်သော ပစ္စည်းမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သိမ်းယူခြင်း။ စစ်အတွင်းလုယက်မှု။





**spouse (n)**--အိမ်ထောင်ဖက်၊ ခင်ပွန်း၊ ဇနီး။

**spouse abuse**--အိမ်ထောင်ရေးအကြမ်းဖက်နှိပ်စက်မှု။

**spurious (adj)** အစစ်အမှန်မဟုတ်သော၊ အတုအပဖြစ်သော၊ အရည်အချင်းမမီသော (ကုန်ပစ္စည်း)

**spy (n)(v)**--တိတ်တဆိတ် လျှို့ဝှက်စုံစမ်းသူ၊ သူလျှို

**squatter (n)** မြေကိုဥပဒေမဲ့လက်ဝယ်ရယူထားသူ။ သူတစ်ပါး ပိုင်မြေပေါ်တွင်ခွင့်ပြုချက် မရှိဘဲ ကျူးကျော်နေထိုင်သူ။ အစိုးရပိုင်မြေပေါ်တွင် ကျူးကျော်ဝင်ရောက်နေထိုင်သူ။

**stage (n)**--အများပြည်သူဆိုင်ရာ ကုမ္ပဏီမှ အသစ်ထုတ်ရောင်း လိုက်သော အာမခံစာချုပ်များကို ဝယ်ယူရန် လျှောက်ထားသူ။ ၎င်းမှာ ကုမ္ပဏီမှ ထိုသို့ထုတ်ရောင်းပြီး ရက်အနည်းငယ်အကြာတွင် မြင့်မားစွာဈေးတက် သွားမည်ဟု ယုံကြည်ချက်ဖြင့် ဝယ်ယူထားပြီး ဈေးတက်သည့်အခါ အလျှင်အမြန် အမြတ်ရရန် ပြန်လည်ရောင်းချမည်ဟု ရည်ရွယ်ချက်ရှိသူ။ ဈေးကစားသူ။ အမြတ်ရရန် စတော့ရှယ်ယာ ဝယ်ယူသူ။

**stake holder (n)**--ပစ္စည်းသို့မဟုတ် ငွေနှင့်စပ်လျဉ်း၍ အငြင်းပွား နေကြသော နှစ်ဦးသို့မဟုတ်နှစ်ဦး ထက်ပိုသောသူများသည် အငြင်းပွားသည့် ပစ္စည်းသို့မဟုတ် ငွေကိုအပ်နှံထားရန် သဘောတူရွေးချယ်ထားသော တတိယလူ (ကြားလူ)။ စီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုများအပြောက် အများဝယ်ယူ၍ ရင်းနှီးမြှုပ်နှံထားသူ။ လောင်းကြေးငွေများကို လက်ခံသိမ်းဆည်းထားသူ။

**stamp duty** တံဆိပ်ခေါင်းခွန်။ စာချုပ်စာတမ်းများ ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်လိုင်စင်များ တရားစွဲဆိုလွှာများ၊ လျှောက်လွှာများတွင် ထမ်းဆောင်ရသော အခွန်။

**stamp vendor** လိုင်စင်ရတံဆိပ်ခေါင်းရောင်းသူ။

**standard (n)** စံ။ ဓလေ့ထုံးတမ်းအရလည်းကောင်း၊ သဘောတူညီချက်အရလည်းကောင်း၊ ခွင့်ပြုချက်အရလည်းကောင်း စံနမူနာအဖြစ်လက်ခံခြင်း။

**standard rent.** မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေအရ၊ ကြီးကြပ်ရေးဝန်က သတ်မှတ်သော စံငှားရမ်းခ။



www.burmeseclassic.com

www.burmeseclassic.com



**standard form contract**.---စံအဖြစ်သတ်မှတ်ထားသော အသင့်ရိုက်နှိပ်ပြီး ပဋိညာဉ်စာချုပ်။

**standing orders**---အာမခံစာချုပ်စာတမ်းများ ရောင်းဝယ်သည့် လုပ်ငန်းတွင် သီးခြားဖော်ပြထားသည့် စတော့ရှယ်ယာကို သတ်မှတ်ထားသည့် အခြေအနေတစ်ရပ်တွင် ရောင်းဝယ်ခြင်းပြုရန် ညွှန်ကြားချက်။

အစိုးရက သို့မဟုတ် ပြည်သူ့လွှတ်တော်က ချမှတ်ခဲ့သော ဥပဒေနှင့် နည်းဥပဒေများ ၎င်းတို့ကို အမြဲတန်းလမ်းညွှန်ချက်အဖြစ် လိုက်နာရန်ချမှတ်ခဲ့ခြင်းဖြစ်သည်။ တည်ဆဲအမိန့် တည်ဆဲဥပဒေများ။

**standing timber**--ပင်ထောင်သစ်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဟု မသတ်မှတ်ပေ။

**standing mute** --(ပြစ်မှု)တရားခံက လျှောက်လဲတင်ပြရန် ငြင်းဆို ခြင်း။ standing mute သည် အပြစ်မရှိကြောင်း လျှောက်လဲချက်ပေးဘိသကဲ့ သို့ မှတ်ယူရခြင်း။ (တရားမမှုတွင် အမှုသည်နှင့်စပ်လျဉ်း၍) ကန့်ကွက်ရန် မရှိကြောင်းပြဆိုခြင်း။

**stare decisis (n)**(latin:) to stand by things decided. ယခင်က အလားတူအမှုများနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်၏ တရားရေးဆိုင်ရာ စီရင်ချက်များကို လက်အောက်ခံတရားရုံးက လိုက်နာဆောင်ရွက်ရန်ဖြစ်ခြင်း။

**state (n)**--နိုင်ငံ။ နိုင်ငံဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော အချုပ်အခြာပိုင်ဆိုင်မှုနှင့် ယင်းအချုပ်အခြာအာဏာရပ်၏ တည်ရှိနေမှုပင်ဖြစ်သည်။ နိုင်ငံတော်၏ ဝိသေသလက္ခဏာများမှာ အပြည်ပြည်ဆိုင်ရာဥပဒေအရ (၁)ပြည်သူများရှိခြင်း။ (၂)ဥပဒေအရ အုပ်ချုပ် မှုရှိခြင်း။ (၃) သီးခြားသတ်မှတ်ထားသော နယ်မြေရှိခြင်း။ (၄)အချုပ်အခြားအာဏာရှိခြင်းတို့ဖြစ်သည်။

**statement of claim**--တရားလိုမှတောင်းဆိုသည့်သက်သာခွင့် အသေးစိတ်ဖော်ပြခြင်း။ တရားလိုသည် မိမိတောင်းဆိုသည့် သက်သာခွင့်များကို ချန်လှပ်ခဲ့ပါက ထိုချန်လှပ်ခဲ့သော သက်သာခွင့်ကို ရရှိစေရန်နောက်ထပ်အမှုစွဲဆိုခွင့်မရှိ။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၇ နည်း ၇ နှင့် အမိန့် ၂ နည်းဥပဒေ ၂ ကို လေ့လာပါ။)





**statement of defence** တရားပြိုင်၏ချေပလွှာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၈)

**statement of fact** အမှုသည်များက အကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ဖြစ်စေ ဥပဒေပြဿနာနှင့် စပ်လျဉ်း၍ဖြစ်စေ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်းကို အမှုပုံစံဖြင့် စာပိုဒ်များခွဲ၍ တင်ပြပြီး တရားရုံး၏ထင်မြင်ချက်တောင်းယူခြင်း။ (တရားမကျင့်ထုံးဥပဒေ အမိန့် ၃၆)

**state of mind** လူတစ်ဦး၏စိတ်အခြေအနေ၊ အပြစ်ကျူးလွန်ရန် ကြံရွယ်သော စိတ်ဓာတ်ရှိမရှိ။

**status (n)** ဥပဒေအရ လူတစ်ဦးတစ်ယောက်၏ အခြေအနေ၊ အဆင့်အတန်းသတ်မှတ်ချက်။

**status quo**—(latin:)( the situation that currently exists) မူလအခြေအနေ အတိုင်းတည်ရှိသော (ပိုနေမြဲကျားနေမြဲ)

**status quo ante**—(latin: the situation that existed at the inception of a contract) မူလပဋိညာဉ်အတိုင်းတည်ရှိသော။

**statute (n)**--လွှတ်တော်မှအတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေ။

**statutory (adj)** --ဥပဒေအဖြစ် ပြဋ္ဌာန်းထားသော။

**statutory company**.--ဥပဒေအရဖွဲ့စည်းထားသောကုမ္ပဏီ။ ၎င်းတွင် ပုဂ္ဂလိကနှင့် အများနှင့်ဆိုင်သော ကုမ္ပဏီဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

**statutory declaration** ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ကြေငြာစာတမ်းကို တရားသူကြီး နိုတြီပဗ္ဗလစ်နှင့်အခြားကျမ်းသစ္စာတိုက်ခွင့်ရှိသော အရာရှိရှေ့တွင် တင်ပြခြင်း။ ၎င်းစာတမ်းကို တရားစီရင်ရေးဆိုင်ရာမှအပ ဖြစ်သောအမှုတွဲများတွင် အသုံးပြုပြီး တရားရုံးတွင် အသုံးပြုခြင်းမရှိပါ။ ကျမ်းသစ္စာကျိန်ဆိုချက်နှင့် အလားတူအကျိုးသက်ရောက်သည်။

**statutory tenant**.--မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေအရ ကြီးကြပ်ရေးဝန်ချုမှတ်ပေးသော အိမ်ငှား။

**statutory rape**—မုဒိန်းမှုတွင် မိန်းကလေး၏ အသက်ကိုဥပဒေက သတ်မှတ်ခြင်း။ မြန်မာနိုင်ငံတည်ဆဲ ပြစ်မှုဆိုင်ရာဥပဒေအရ မုဒိန်းမှုများတွင် အသက်



www.burmeseclassic.com

www.burmeseclassic.com



(၁၄)နှစ်အောက် မိန်းကလေး၏ သဘောတူညီချက်ဖြင့် ကာမစပ်ယှက်မှုပြုသော်လည်း မုဒိန်းမှုမြောက်သည် မိန်းကလေး၏ အသက်ကို ဥပဒေက သတ်မှတ်ပေးထားသည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅)

**stay (v)**---တရားရုံး၏ လုပ်ငန်းများရပ်ဆိုင်းစေခြင်း။ အမှုတွဲကို ရပ်ဆိုင်းထားရန် အမိန့်ရောက်ရှိလာသည့်အခါ တရားရုံးသည် နောက်ထပ်အမိန့် တစ်စုံ တစ်ရာမပါရှိဆဲ ဆက်လက်ဆောင်ရွက်ခွင့် မရှိခြင်း။

**stay of execution** ဒီကရီမှုများကိုရပ်ဆိုင်းခြင်း (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၂၆ မှ ၂၉)

**stay of proceedings** တရားမမှုဆက်လက်ဆောင်ရွက်ခြင်းကို ရပ်ဆိုင်းထားရန်တရားရုံးက အမိန့်ချခြင်း။ တူညီသော အချင်းဖြစ်အကြောင်းအရာ တူညီသော အမှုသည် တူညီသောတောင်းဆိုသည့် သက်သာခွင့်များရှိသော အမှုမျိုးကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးနှစ်ရုံးက တစ်ပြိုင်တည်းစစ်ဆေးခြင်း အတွက် တားမြစ်၍ နောက်စွဲသည့်တရားရုံးရှိအမှုအား ရပ်ဆိုင်းထားရန် အမိန့်ချခြင်း။ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀ အမိန့် ၃၂ နည်း ၁၀)

**steal (v)**--ခိုးယူသည်။

**stevedore (n)** သင်္ဘောကြီး ကုန်တင်ကုန်ချအလုပ်သမား။

**stevedoring charges** ကုန်တင်ကုန်ချအလုပ်သမားခ။

**stet (n)**(latin)( let it stand) တရားလိုအကျိုးဆောင်မှ ပြစ်မှုဖြင့် တရားစွဲဆိုထားခြင်းကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ချက်အရ တရားရုံးက အမှုကို ရောက်သည့်အဆင့်မှ ရပ်ဆိုင်းထားရန် အမိန့်ထုတ်ခြင်း။

stet processes သက်ဆိုင်ရာအမှုသည်များ၏သဘောတူညီချက်အရ တရားမမှုကို ရပ်ဆိုင်းထားခြင်း။

**stick up**--လက်နက်ကိုင်လုယက်မှုဖြစ်ပြီးလုယက်ခံရသူအနေဖြင့် လက်နက်ဖြင့်ခြိမ်းခြောက်ခံရခြင်း။

**sting (v)**-ဥပဒေဘက်တော်သား (ရဲတပ်ဖွဲ့ဝင်)များက လူဆိုးဂိုဏ်း အတွင်း အသွင်ယူဝင်ရောက်ပြီး ဥပဒေမဲ့ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးခြင်း။

**stipulate (v)** စည်းကမ်းသတ်မှတ်သည်။





**stipulation (n)** စည်းကမ်းသတ်မှတ်ချက်။ (တရားရုံးရှေ့တွင် ရည်ညွှန်းပြောဆိုသော အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍) သဘောတူညီချက်သို့မဟုတ် အထူးအခွင့်အရေးပေးခြင်းတို့ကို နှစ်ဘက်သောအမှုသည်များကလည်းကောင်း သို့မဟုတ် ၎င်းတို့၏ ရှေ့နေများကလည်းကောင်း ပြုလုပ်ခြင်း။

**stirps (n)**(latin:)မိသားစုအလိုက်မျိုးရိုး၊ ဘိုးဘွားများမှ ဆင်းသက်လာခြင်း strips, distribution per မိသားစုအမွေခွဲဝေရာတွင်သက်ဆိုင်ရာ ဓလေ့ထုံးတမ်းအရ ခွဲဝေခြင်း။

**stock (n)**ကုမ္ပဏီ သို့မဟုတ်ကော်ပိုရေးရှင်းတွင် ပါဝင်သူတို့ ဝယ်ယူထားသည့်ငွေပင် ငွေရင်းစု၊ အစိုးရကဖြစ်စေ၊ ဒေသန္တရ အာဏာပိုင်များကဖြစ်စေ၊ ပုံသေအတိုးနှုန်းဖြင့် ချေးယူသောငွေကိုလည်းခေါ်သည်။ အမှန်အားဖြင့် အစိုးရက ပြင်ပမှာကဲ့သို့ ငွေချေးယူသည်မဟုတ်။ ငွေချေးလိုက်သော သူသည် ချေးထားသော ငွေကို အလိုရှိသည့်အခါ ပြန်လည်တောင်းခံခြင်း မပြုလုပ်နိုင်ပါ။ သို့သော် သတ်မှတ်ထားသော ကာလအလိုက်သတ်မှတ်ထားသော နှုန်းအတိုင်း အတိုးရယူ ခံစားခွင့်ရှိသည်။ ထိုကဲ့သို့စတော့မျိုးကို အစိုးရအာမခံငွေလွှဲစာချုပ်ဟုခေါ်သည်။

မှတ်ပုံတင်ကုမ္ပဏီတစ်ခု၏ ရှယ်ယာများကို ပေါင်းစု၍စတော့တစ်ခုဟု ပြောင်းလဲသတ်မှတ်သည်။ များသောအားဖြင့် ၁၀၀ ဟူသော အရေအတွက်ကို တစ်ခုဟုခေါ်သည်။ တစ်ကျပ်တန်ရှယ်စုရေ (၁၀၀)ကို ကျပ် ၁၀၀ စတော့တစ်ခုဟုပြောင်းလဲလိုက်သည်။ သို့ကြောင့် ၅% စတော့ ၁၀၄ ဆိုလျှင် စတော့၏ လက်ရှိပေါက်ဈေးမှာ ၁၀၄ ကျပ်ဖြစ်ပြီး ၅% အတိုးရနေသည် ဟုဆိုလိုသည်။

၁၀၀ ကျပ် စတော့သည် ငွေသား ၁၀၀ ကျပ် မဟုတ်ဘဲ ကုမ္ပဏီ ငွေရင်း၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ၎င်းကိုပိုင်ဆိုင်သည့်အတွက် အတိုးရာခိုင်နှုန်းတစ်ခု ခံစားခွင့်ရှိသည်ကို သိထားရမည်။ ၁၀၄ ကျပ်မှာ ငွေသားဖြစ်၍ ငွေရင်း ၁၀၀ ကျပ်နှင့်တကွ ၎င်းနှင့်ဆက်စပ်သည့်အခွင့်အရေးတို့ကို ဝယ်ရန်အသုံးပြုခြင်းဖြစ်သည်။

**stock broker** စတော့ရောင်းဝယ်ရေးဌာနတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် စတော့များကို အရောင်းအဝယ်ပြုလုပ်ပေးသော ပွဲစားကြားခံလူ။



www.burmeseclassic.com

www.burmeseclassic.com



**stock ceritificate** ကုမ္ပဏီတစ်ခုတွင် စတော့မည်၍ မည်မျှပိုင်ဆိုင်ကြောင်း ထိုကုမ္ပဏီမှ ထုတ်ပေးသည့်သက်သေခံလက်မှတ်။

**stock exchange** အာမခံစာချုပ်များ ရောင်းဝယ်သည့်နေရာ။

**stolen property** ခိုးရာပါပစ္စည်း။ ခိုးယူခြင်းဖြင့်လည်းကောင်း၊ ခြောက်လှန့်တောင်းယူခြင်းဖြင့်လည်းကောင်း လုယက်ခြင်းဖြင့်လည်းကောင်း လက်ပြောင်းသွားသော ပစ္စည်းများနှင့် ပြစ်မှုမကင်းသော အလွဲသုံးစားပြုခြင်းခံရသော ပစ္စည်း သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်ကျူးလွန်ခြင်း ခံရသော ပစ္စည်းများသည် ခိုးရာပါပစ္စည်းဖြစ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀)

**stoppage in transit** လမ်းခုလပ်၌ ရောက်ရှိနေသော ကုန်စည်များကို ရပ်ဆိုင်းထားနိုင်ခြင်း။ ကုန်ရောင်းသူသည် ဝယ်သူထံကုန်များပို့ဆောင်နေစဉ် ကုန်များလမ်းခရီးတွင် ရှိနေခိုက်ဝယ်သူမှ ကုန်ဖိုးအပြည့်အဝပေးချေခြင်း မပြုလျှင် ဝယ်သူမှ လူမွဲဖြစ်သွားလျှင် လမ်းခရီးရှိ ကုန်များကို ရပ်တန့်သိမ်းဆည်းထားခွင့်ရှိသည်။ (ကုန်ရောင်းကုန်ဝယ်ဥပဒေ ပုဒ်မ ၅၀)

**stowaway (n)** ပင်လယ်ပြင်ထွက်သော သင်္ဘောပေါ်တွင် လျှို့ဝှက်ပုန်းအောင်း၍ လိုက်ပါသွားသူ။ ထိုသို့လိုက်ပါသွားခြင်းသည် ပြစ်မှုမြောက်သည်။

**strand (n)** ပင်လယ်ကမ်းခြေ၊ ရေကန်၊ မြစ်ချောင်းနံဘေး၊ ကမ်းပါး။

**stranding**--သင်္ဘောသောင်တင်နေသည်၊ ရပ်စဲနေသည်။

**stranger (n)** အမှုတွင်မသက်ဆိုင်သောသူ။ ဆောင်ရွက်မှုတစ်ခုတွင် မပါဝင်သောသူ။

**stranger in blood**--သွေးသားတော်စပ်မှုမရှိသူ။ ဆွေမတော်မျိုးမတော်။

**stratagem (n)** စစ်ပရိယာယ်၊ လှည့်ပတ်မှုမာယာ၊ အကျိုးကျေးဇူးရရှိရန်အတွက် လှည့်ပတ်မှုပရိယာယ်ဆင်မှု။

**straw man**--ပိုင်ရှင်အစစ်အမှန်ကို ဖုံးကွယ်ထားပြီး ပိုင်ဆိုင်မှုကိုအမည်ခံလွှဲပြောင်းပေးသူ။ အာရုံပြောင်းစေရန်ရည်ရွယ်၍ မှားယွင်းမှုကို အခြေခံ၍ပေးသောလျှောက်လဲချက်။





**street offence** အများပြည်သူသွားလာရာလမ်းပေါ်တွင် ဖြစ်ပွားသော ပြစ်မှု။ ဥပမာ တားဆီးပိတ်ပင်မှု။ ယာဉ်စည်းကမ်းလမ်းစည်းကမ်း မလိုက်နာမှု မြူဆွယ်မှု။

**strict liability** တာဝန်ပျက်ကွက်မှုပေါ့လျော့မှု သို့မဟုတ် တမင်သက်သက်နစ်နာထိခိုက်စေလိုမှု မရှိသော်လည်း အများပြည်သူလုံခြုံရေး ချိုးဖောက်မှုကိုဖြစ်စေသဖြင့် တာဝန်ရှိမှု။ ဥပမာ ကိုက်တတ်သော ခွေးကိုမွေးထားပြီး ကြိုးချည်မထားဘဲ လမ်းပေါ်လွှတ်ထားခြင်း။ ခွေးကိုက်ပါက ပိုင်ရှင်သည် ရည်ရွယ်ချက်မရှိသော်လည်း တာဝန်ရှိသည်။

**strike (n)** အလုပ်ရှင်ထံမှ ပိုမိုကောင်းမွန်သောလုပ်ခလစာ၊ အခွင့်အရေးများ၊ အလုပ်ခွင်တည်မြဲရေးစသည့် လူမှုဖူလုံရေးခံစားခွင့်များ ရရှိစေရန် မိမိအတွက်နှင့်အခြား အလုပ်သမားအတွက် ပူးပေါင်း၍ အလုပ်မလုပ်ခြင်း သို့မဟုတ် ဆန္ဒပြတောင်းဆိုခြင်း။ သပိတ်မှောက်ခြင်း။

**striking off** ရှေ့နေများလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများကို ဖောက်ဖျက်ပါက ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။ ထို့အတူ ဆရာဝန်များဖြစ်ပါက ဆေးကုသခွင့်လိုက်စင် ရုပ်သိမ်းခြင်း။ ကုမ္ပဏီများစာရင်း အမှန်တင်ပြရန်ပျက်ကွက်ခြင်း၊ အခွန်တိမ်းရှောင်ခြင်း ပြုပါက ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

**striking out defence**--တရားပြိုင်သည် တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စတွင်ဖြစ်စေ၊ တရားရုံးက တရားပြိုင်အပေါ် တစ်စုံတစ်ရာကို ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်ကိစ္စတွင်ဖြစ်စေ၊ တရားပြိုင်အနေဖြင့် ဆိုခဲ့သည့်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် မပြည့်မစုံဖြစ်လျှင် ၎င်း၏ချေပချက်ကို ဖယ်ထုတ်ခြင်းခံရမည့်အပြင် ခုခံချေပခြင်းမရှိသကဲ့သို့ အနေအထားသို့ ရောက်ရှိသွားစေမည်ဖြစ်သည်။ တစ်ဖက်သတ်အမှုကို ဆောင်ရွက်ရန်သင့်မသင့်ကိုမူ တရားရုံးက စဉ်းစားဆင်ခြင်နိုင်သည်။

(တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်းဥပဒေ ၂၁)

**subject (n) (adj)**--လက်အောက်ခံ၊ လက်အောက်ခံဖြစ်စေ၊ အကြောင်းအရာ။ သူတစ်ပါး၏ လက်အောက်တွင်ကျရောက်နေသော။



www.burmeseclassic.com

www.burmeseclassic.com



**subjection**--အတိုက်အခိုက်ခံရခြင်း၊ ဖိနှိပ်ခြင်း၊ လက်အောက်ခံပြုခြင်း။
**subject matter**ပညာရပ်။
**subject matter of the suit**-- တရားမမှုတွင် အမှုဖြစ်ပွားရင်း အကြောင်းအရာ။
**sub judice (latin)**--under a court---အမှုကြားနာစစ်ဆေးနေဆဲ။ ဥပမာ။ ရှေ့နေနှစ်ဦးသည် တရားရုံးရှေ့ကျရောက်စစ်ဆေးနေသော အမှု၌ မိမိတို့၏ အမြင်ကို လျှောက်လဲချက်အသီးသီးပေးကြသည်။ ရှေ့နေတစ်ဦးက လျှောက်လဲချက်ပေးရာတွင် စီရင်ထုံးများ၊ ဥပမာများကို တင်ပြ၍မိမိအမှု၏ အရေးကြီးသော အချက်ကိုသက်သေပြရန် ကြိုးစားသည်။ တစ်ဖက်ရှေ့နေက ကျန်တစ်ဖက်ရှေ့နေတင်ပြသော အချက်များကို အားနည်းစေရန်အတွက် ထိုရှေ့နေ တင်ပြလျှောက်ထားသော အချက်များသည် တရားရုံးရှေ့ရောက်နေ သော အမှု sub judice နှင့် သက်ဆိုင်မှုမရှိကြောင်း၊ ကွဲပြားခြားနားကြောင်း လက်မခံသင့်ကြောင်း တရားသူကြီးသတိပြုမိစေရန် ပြန်လှန်လျှောက်ထားခဲ့သည်။
**sub lease**--ထပ်ဆင့်ငှားရမ်းခြင်း။
**submit** --သြဇာခံသည်၊ ဝန်ခံသည်၊ တင်ပြသည်။
**submission**--တင်ပြခြင်း၊ ဝန်ခံခြင်း။ ပဋိညာဉ်ပါအဖွဲ့ဝင်များသည် ၎င်းတို့၏အငြင်းပွားမှုကို တတိယလူတစ်ဦးထံ အဆုံးအဖြတ်ခံယူရန် သဘောတူကြခြင်း။ ရှေ့နေမှနှုတ်ဖြင့်လည်းကောင်း စာဖြင့်လည်းကောင်း တင်ပြလျှောက်လဲခြင်း။
**submortgage (n)**--အပေါင်ခံသူ၊ အပေါင်ပစ္စည်းကို ထပ်မံပေါင်နှံခြင်း။
**···bordinate (adj)**-- လက်အောက်ခံ၊ အဆင့်နိမ့်သော။
**suborn (v)**-- ဥပဒေနှင့်မညီသော သို့မဟုတ်မှားယွင်းသော အပြုအမူကို ပြုလုပ်ရန်တစ်ဦးတစ်ယောက်ကို သွေးဆောင်ခြင်း (လှို့ဝှက်၍သော်လည်းကောင်း လာဘ်ငွေပေး၍သော်လည်းကောင်း)။ မှသားသက်သေခံရန် သွေးဆောင်ခြင်း။ အခြားသူထံမှ မမှန်ကန်သောထွက်ဆိုချက်ကိုရယူရန်။





**subornation of perjury**--မှားယွင်းသော ကျမ်းကျိန်ချက်ကို ပြုလုပ်ရန်အား ပေးတိုက်တွန်းခြင်း။ ကျမ်းကျိန်ဆို၍ မမှန်မကန်ထွက်ဆိုရန် အခြားသူတစ်ဦး တစ်ယောက်ကို သက်သေခံခိုင်းခြင်း။
**subpoena (n) latin under penalty.**--တရားရုံးရှေ့အမှု၌ သက်သေအဖြစ် မလွဲမသွေလာရောက် ထွက်ဆိုရန် တရားရုံးအရာရှိက ထုတ်ပြန်သော သမ္မာန်စာ။ အကယ်၍ သမ္မာန်စာကို မလိုက်နာပါက တရားရုံးအပေါ် မထေမဲ့မြင် ပြုမှုဖြင့် အပြစ်ပေးခံရနိုင်သည်။
**subrogation (n)**--လူစားထိုးခြင်း။ လူတစ်ဦးက အခြားသူတစ်ဦး၏ နေရာတွင် အစားထိုးဝင်ရောက်ခြင်းဖြင့် မူလလူ၏ရပိုင်ခွင့်နှင့်အခြား အခွင့်အရေးများကို ဆက်ခံခြင်း။ အပေါင်ခံသူတစ်ဦးထံတွင်ရှိသော အပေါင်ကြွေးကို စိုက်ထုတ်ပေးဆပ်သူသည် ထိုအပေါင်ခံသူ၌ ရထိုက်ခွင့်ရှိသော အခွင့်အရေးနှင့် အကျိုးခံစားခွင့်အားလုံးကို ဥပဒေအရ ခံစားခွင့်ရှိပါသည်။ သို့ရာတွင် တစိမ်းလူသို့မဟုတ် အခြားသူတစ်ယောက်က အပေါင်ပစ္စည်းအပေါ်တွင် အကျိုးခံစားခွင့် မရှိဘဲ မြီစားတစ်ဦး၏ ကြွေးကို ပေးဆပ်ခြင်းဖြင့် အပေါင်ခံသူအစားထိုးခွင့်မရပေ။ အစားထိုးခွင့်ရရှိသူသည် ရွေးနှုတ်ခဲ့သော ပေါင်နှံမှု၏ အပေါင်ခံသူအခွင့်အရေးကို အစားထိုးရရှိခြင်းဖြစ်သည်။

(ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၉၂)

**subscribe (v)**--ငွေကြေးထည့်ဝင်ရန် ကတိပြုသည်။ အားပေးထောက်ခံသည်။ တာဝန်ယူသည်။
**subscribing witness.**--စာချုပ်စာတမ်းများတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးသူ။
**subscriber**--ကော်ပိုရေးရှင်းတစ်ခု၏ မထုတ်ဝေရသေးသော မူလရှယ်ယာများအတွက် ဝယ်ယူရရှိရန်နှင့် ငွေပေးချေရန် သဘောတူသူ။
**subscription rights**--ကော်ပိုရေးရှင်းတစ်ခုသည် ရှယ်ယာအသစ်များ ထပ်မံခေါ်ယူသည့်အခါ မူလရှယ်ယာရှင်များသို့သာ ဝယ်ယူခွင့်ပေးသည့် အခွင့်အရေး။



www.burmeseclassic.com

www.burmeseclassic.com



**subsequent (adj)**--နောက်မှကပ်ပါလာသော၊ တစ်စုံတစ်ရာ၏ အကျိုးဆက်ဖြစ်သော။

**subsequent conduct** နောက်ဆက်တွဲအပြုအမူ။

**subsidiary (adj)**--ကူညီထောက်ပံ့သော၊ တစ်ဆင့်ခံဖြစ်သော၊ လက်အောက်ခံဖြစ်သော။မှီခိုဆက်သွယ်သော၊ကူညီထောက်ပံ့ခြင်း။

**subsidiary corporation**--ရှယ်ယာအများစုကို အခြားကော်ပိုရေးရှင်းတစ်ခုက ပိုင်ဆိုင်ပြီး ထိုကော်ပိုရေးရှင်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသောကော်ပို ရေးရှင်း။ ၎င်းတွင် ကော်ပိုရေးရှင်းတစ်ခု၌ရှိရမည်ဖြစ်သော ချာတာများ၊ ဥပဒေ များ ဒါရိုက်တာများရှိသော်လည်း ၎င်း၏စတော့များကို အခြားကော်ပိုရေးရှင်း တစ်ခုက ထိန်းချုပ်ထားသည်။ ထိန်းချုပ်ထားသော ကော်ပိုရေးရှင်းကို parent corporation ဟုခေါ်သည်။

**sub silentio** (latin)( under silence, silently) ဆိတ်ဆိတ်နေခြင်း။ တိတ်တဆိတ်လွှမ်းမိုးခြင်း။ ဥပမာ ပထမစောစောပိုင်းအမှုတွင် အိမ်ပိုင်ရှင်သည် မိမိအိမ်ရှေ့ရှိ နှင်းခဲထုကိုဖယ်ရှားရန် တာဝန်မရှိဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် အလားတူအမှုကို ပထမတရားရုံးထက် အဆင့်မြင့်သောတရားရုံးက ကြားနာပြီးနောက် အိမ်ပိုင်ရှင်သည် မိမိအိမ်ရှေ့ရှိ နှင်းခဲထုကို ဖယ်ရှားရန်တာဝန်ရှိကြောင်း ဆုံးဖြတ်လိုက်သည်။ နောက်အမှုသည် ပထမအမှုကို ရည်ညွှန်းထားခြင်းမပြုသော်လည်း လိုအပ်ဆက်နွယ်နေ၍ ပထမအမှုသည် အယူခံဝင်ရောက်ခြင်းမရှိ ဆိတ်ဆိတ်နေသော်လည်း (sub silentio)နောက် အမှုဆုံးဖြတ်ချက်က ပထမအမှုဆုံးဖြတ်ချက်ကို လွှမ်းမိုးသွားသည်။

**subsistence (n)**---အထောက်အပံ့။ အသက်ရှင်နေနိုင်မှု။

**subsistence allowance**----စားစရိတ်ခွင့်ပြုငွေ။

**substituted notice/ service** အခြားနည်းသမ္မာန်စာချခြင်း။ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၇နှင့် အမိန့် ၅)

**substitution (n)**----အခြားသူ၏နေရာတွင် နောက်တစ်ဦးကို အစားထိုးခြင်း။ (ပထမအမှုလိုက်ပါသော ရှေ့နေသည်အကြောင်း မညီညွတ်၍ နုတ်ထွက်သွားသည့်အခါ အမှုသည်ကအခြား ရှေ့နေတစ်ဦးကို အစားထိုးလိုက်ပါဆောင်ရွက်စေခြင်း)substitution of attorney.





**substance (n)** ဖြစ်ရသည့်အကြောင်း၊ အနှစ်သာရ။

**substantial evidence** အဓိကကျသော သက်သေခံချက်။

**substantial justice**-----ထင်ရှားသောတရားမျှတခြင်း။

**substantive law.**----အရင်းခံဥပဒေ။

**substantive cultra vires** အကြောင်းခြင်းရာအားဖြင့် ကျော်လွန်ခြင်း။

**sub-tenant (n)** တစ်ဆင့်ခံအိမ်ငှား။

**substraction (n)**---သေဆုံးသူ၏အမွေပစ္စည်းကို သိုသိုသိပ်သိပ်နှင့် အလွဲသုံးစားပြုခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄)

**subversion (n)**---ရှုံးနိမ့်ခြင်း၊ ပျက်စီးခြင်း၊ ဖျက်ဆီးခြင်း။

**succession (n)**--ရှေ့မှဆောင်ရွက်သွားသူ၏ ရာထူးအဆင့်နှင့် တာဝန်များကို တရားဝင်ဆက်ခံခွင့်။ သေဆုံးသူပိုင်ပစ္စည်းများကို သေဆုံးသူ၏ ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ ကျန်ရစ်ခဲ့သော သေတမ်းစာအရလည်းကောင်း အမွေဆက်ခံခွင့်။

**successor (n)**---အမွေဆက်ခံသူ၊ ရာထူးဆက်ခံသူ။

**succession certificate** ---အမွေဆက်ခံခြင်း လက်မှတ်။

**successiver sentences**---ပြစ်မှုဆိုင်ရာဥပဒေတွင် တရားခံတစ်ဦး သည် ပြစ်မှုတစ်ရပ်ထက်ပို၍ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက တရားသူကြီးသည် ပြစ်ဒဏ်တစ်ခုပြီးမှတစ်ခုကို ကျခံစေရန် အမိန့်ချခြင်း။ (တစ်ပေါင်းတည်းကျခံစေခြင်းမဟုတ်) ဥပမာ။ တရားခံသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၉၄/၃၂၄ ဖြင့် ပြစ်မှုထင်ရှားပါက ပုဒ်မ ၂၉၄ အရ ထောင်ဒဏ်(၁)လနှင့် ပုဒ်မ ၃၂၄ ထောင်ဒဏ် (၁)နှစ် သီးခြားစီကျခံစေဆိုလျှင် တရားခံသည် စုစုပေါင်းထောင်ဒဏ် ၁ နှစ်နှင့် ၁ လ ကျခံရမည်ဖြစ်သည်။

**sue (v)** တရားစွဲဆိုသည် တောင်းဆိုသည်။ တရားမမှုစွဲဆိုသည်။

**sufferance (n)** သည်းခံခြင်း၊ တယူသန်မဟုတ်ခြင်း။ တစ်ဦးတစ်ယောက်သည် ပိုင်ရှင်၏ခွင့်ပြုချက်မရရှိဘဲ မြေကိုလက်ဝယ်ရယူထားခြင်း၊ မြေငှားတစ်ဦးသည် မြေရှင်ထံမှနှစ်အပိုင်းအခြားဖြင့် မြေကိုငှားရမ်း၍ လက်ရှိရယူထားပြီး ငှားရမ်းကာလကုန်ဆုံးသောအခါ မြေရှင်၏သဘောတူခွင့်ပြုချက် နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မရယူတော့ဘဲ ဆက်လက်၍ မြေကိုလက်ရှိရယူထားခြင်း။ ၎င်းကို tenant at sufferance ဟုခေါ်သည်။

**sufferance wharf**—ဆိပ်ခံကိုခွင့်ပြုချက်ဖြင့် လုပ်ပိုင်ခွင့်ရယူထားပြီး အဆိုပါ ကုန်တင်ဆိပ်တွင် အခွန်ပေးဆောင်ရမည့် ကုန်များချခွင့်နှင့် သိုလှောင်ခွင့်ပေးထားခြင်း။ ထိုသို့ပေးထားခြင်းမှာ အခွန်ဆောင်ပြီးချိန်အထိ ဖြစ်သည်။

**sufficient cause**—(တရားစွဲဆိုရန်)လုံလောက်သောအကြောင်း။

**sufficient proof**—လုံလောက်သည့်အထောက်အထား။

**suffrage (n)**--- မဲဆန္ဒပေးခွင့်၊ ဆန္ဒမဲ။

**suicide (n)**--- မိမိကိုယ်ကို မိမိအကျိုးယုတ်စေခြင်း၊ မိမိကိုယ်ကိုမိမိသေကြောင်း ကြံခြင်း။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၉)

**suicide pact**—လူနှစ်ဦး မိမိတို့ကိုယ်ကို မိမိတို့သေကြောင်းကြံရန်သဘောတူညီကြခြင်း။ ဥပမာ သမီးရည်းစားနှစ်ဦး လက်တွဲ၍ တံတားပေါ်မှ ခုန်ချခြင်း သေကြောင်းကြံခြင်း။

**suicidal (adj)**—မိမိကိုယ်ကို မိမိအကျိုးယုတ်စေသော။

**sui generis (latin)**---- of its own kind. အတုမရှိပြိုင်ဘက်ကင်းသော။

**sui juis (latin)**----အရွယ်ရောက်ပြီး အရည်အချင်း ပြည့်သူ တစ်ဦး၏ အခြေအနေဖော်ပြချက်။ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော (AGO)။ ဥပဒေအရ လုပ်ပိုင်ခွင့်အပြည့်အဝရှိခြင်း (ATT) လူမှုရေးနှင့် လူ့အခွင့်အရေးကို အပြည့်အဝပိုင်ဆိုင်ထားသော။

**suit (n)**--တစ်ဦးတစ်ယောက်မှ၊ အခြားသူတစ်ဦးတစ်ယောက်သို့ ဥပဒေနှင့် အညီသက်သာခွင့်ကို ရရှိရန်တောင်းဆိုထားသော တရားမမှု။

**suitor (n)**—တရားစွဲဆိုသူ။ တရားလိုသို့မဟုတ်ရှေ့နေ။

**suit for accounts** စာရင်းရှင်းလင်းပေးစေလိုမှု။

**suit valuation (Act)** အမှုများတန်ဖိုးသတ်မှတ်သည့်ဥပဒေ

**suit money** တရားရုံးကခွင့်ပြုသော ရှေ့နေစရိတ်နှင့် တရားစရိတ်။

**sùmmary (adj)** အကျဉ်းချုပ်၊ အကျဉ်းနည်း၊ လိုရင်းအချက်။

**summary trial** ပြစ်မှုများကိုအကျဉ်းနည်းစီရင်ဆုံးဖြတ်ခြင်း။ (ပြစ်မှုကျင့်ထုံး ပုဒ်မ ၂၆၀မှ ၂၆၅)





**summary judgement** အကျဉ်းနည်းစီရင်ချက်ချမှတ်ခြင်း။ (အကျဉ်းနည်းစီရင်ချက်မှာ သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်၍ လိုရင်းကိုရေးမှတ်ကာ စီရင်ချက်ချခြင်း။

**summary jurisdiction** အကျဉ်းနည်းစစ်ဆေးစီရင်ပိုင်ခွင့်။

**summary offence**--အကျဉ်းနည်းစစ်ဆေးခွင့်ရှိသောပြစ်မှုများ။

**summary evidence**--သက်သေခံအကျဉ်းချုပ်။

**summing up** အမှုတွဲအကျဉ်းချုပ်နှင့် သက်ဆိုင်ရာဥပဒေများကို တင်ပြခြင်း။ အမှုစစ်ဆေးပြီးဆုံးသောအခါ ဂျူရီလူကြီးများကို အမှုဆောင်ရွက်ပုံ၊ သက်သေထွက်ချက် အကျဉ်းချုပ်နှင့် တင်သွင်းထားသည့်သက်သေခံ အထောက်အထားများ သက်ဆိုင်ရာဥပဒေများအား တရားသူကြီးက ရှင်းလင်းပြောကြားခြင်း။ ပေါင်းရုံးဖော်ပြချက်။

**summon (v)** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားရုံး၏ မည်သည့်တရားခွင်မည်သည့်အချိန်၌ လာရောက်ရန် တရားရုံးကဆင့်ခေါ်ခြင်း။ တရားမမှုများတွင် တရားပြိုင်များ သက်သေများ စာချုပ်စာတမ်းလက်ဝယ်ရှိသူများ အတူးကျွမ်းကျင်သူများ စသည့်တို့ကို တရားရုံးသို့လာရောက်ရန် ဆင့်ခေါ်သော သမ္မာန်စာ။

**summon case**—သမ္မာန်မှု (၆လထက်ပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆုံးဖြတ်နိုင်သော ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို သမ္မာန်မှုဟုခေါ်သည်။ မည်သည့်ပြစ်မှုများသည် သမ္မာန်မှုဖြစ်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား(၂)တွင် ဖော်ပြထားသည်။

**suo nomine (latin:)** in his own name. မိမိ၏ကိုယ်ပိုင်အမည်ဖြင့်။

**super cargo**--ကုန်သင်္ဘောပါ ကုန်စည်ရောင်းချရန် ကိုယ်စားလှယ်။ သင်္ဘောတင်ကုန်ပစ္စည်းများကို စောင့်ရှောက်ကြီးကြပ်ရောင်းချရန်အတွက် သင်္ဘောနှင့်တစ်ပါးတည်း ထည့်လိုက်သူ။ ကုန်ရောင်းဝယ်လုပ်ငန်းကို စီမံခန့်ခွဲ၍ သင်္ဘောနှင့်ပါလာသည့်အရာရှိ။ ၎င်းကိုစီးပွားရေး ကုမ္ပဏီများ သို့မဟုတ် ကုန်သည်များက ခန့်အပ်သည်။ ထွက်ကုန်များကို စောင့်ရှောက်ရန်နှင့် နေရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွင် အကောင်းဆုံးအကျိုးစီးပွားရရှိရန် ရောင်းချဖို့ဖြစ်သည်။ အပြန်ခရီးတွင် သင့်တော်သောကုန်များကို ဝယ်ယူ၍ သင်္ဘောပေါ်ပြန်တင်လာရန်ဖြစ်သည်။ ၎င်းသည် factors နှင့် ကွာခြားသည်။ factors မှာ နေရာအတိအကျရှိသူဖြစ်သည်။

**supersedeas (latin)** အမှုစစ်ဆေးနေခြင်းကို ရပ်ဆိုင်းထားရန် စာချွန်တော်အမိန့်ထုတ်ပြန် ခြင်း မူလအောက်ရုံးစီရင်ချက် ဒီကရီကို မချမှတ်မီမူလအခြေအနေအတိုင်းရှိ နေစေရန် စာချွန်တော်အမိန့်ထုတ်ပြန်ခြင်းဖြစ်သည်။

ပယ်ဖျက်သည်၊ ပျက်ပြယ်အောင်လုပ်သည်။ အစားထိုးသည်။ (၁၉၈၉ ခုနှစ်က ပြဋ္ဌာန်းအတည်ဖြစ်နေသည့်ဥပဒေကို ၁၉၉၆ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သည့်ဥပဒေက ပယ်ဖျက်လိုက်သည်။)

**superior courts**--အထက်တရားရုံးများ--(အစဉ်လိုက်ခရိုင်။ပြည်နယ် / တိုင်းဒေသကြီးလွှတ်တော်၊ တရားလွှတ်တော်ချုပ်။

**superior orders**--အထက်အရာရှိကပေးသော အမိန့်များ။

**supervening cause**--ပေါ့ဆမှု သို့မဟုတ် ချိုးဖောက်မှုသို့မဟုတ် အပြစ်မကင်းသောလုပ်ဆောင်မှုကို တရားခံက ကျူးလွန်ပြီး နောက်တွင်ရလဒ်ထွက်ပေါ်လာသည့် အကြောင်းရင်း။ အခြေအနေပြောင်းလဲမှု။

**supervision (n)**--ကြီးကြပ်ခြင်း၊ စီမံအုပ်ချုပ်ခြင်း။

**supervision order**--တရားရုံးက ထုတ်ပြန်သောအမိန့်ဖြစ်ပြီး ထိန်းသိမ်းမှုလိုအပ်သော ကလေးသူငယ်ကို ကြီးကြပ်ရေးအရာရှိ probation officer ၏ကြီးကြပ်မှုအောက်တွင် ထားရန်ထုတ်ပြန်သောအမိန့်။ (၁၉၉၃ ခုနှစ်ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၇)

**supervisor (n)** ကြီးကြပ်သူ၊ စီမံအုပ်ချုပ်သူ၊ မန်နေဂျာ၊ အလုပ်သမားမှူး။

**supervisory control** လက်အောက်ခံတရားရုံးများ၏ ဆောင်ရွက်ချက်များသည် မိမိကိုအပ်နှင်းထားသည့် အာဏာကိုပိုမိုလွန်ကဲစွာ သုံးထားခြင်းရှိမရှိနှင့် ထိုသို့ရှိပါက ပြန်လည်တည့်မတ်ပေးရန်နှင့် နောင်တွင် ထိုသို့မဖြစ်ရန် ညွှန်ကြား ခြင်းများကို အဆင့်မြင့်တရားရုံးများက ကွပ်ကဲခြင်း။

**supplement (n)** နောက်ဆက်တွဲဖြည့်စွက်ချက်။





**supplemental (adj)** ထပ်မံတင်ပြသော၊ လျော့နေသည်ကိုထပ်ဖြည့်သေ

**supplemental complaint**--နောက်ဆက်တွဲအဆိုလွှာ။ တရားပြိုင်ချေပလွှာတွင် ခုနိမ်ခွင့်တောင်းခံမှုပါရှိလာပါက ယင်းအချက်နှင့်စပ်လျဉ်တရားလိုက နောက်ဆက်တွဲအဆိုလွှာ (ပြန်လည်ချေပချက်)တင်သွင်းခွင့်ရှိခြ (တရားမ ကျင့်ထုံးဥပဒေ အမိန့် ၈ နည်းဥပဒေ ၉)

**supplementary agreement**--ဖြည့်စွက်ချက်စာချုပ်။

**supreme court**---တရားလွှတ်တော်ချုပ်။

**suppression (n)**--နှိုင်နင်းခြင်း၊ နှိပ်ကွပ်ခြင်း။ ဖိနှိပ်ခြင်း။

**suppression of documents**--တရားရုံးသို့မဟုတ် အစိုးရဌာနအသီးသသို့တင်ပြရန်သို့မဟုတ် သက်သေခံအဖြစ်တင်သွင်းရန် အဖိုးတန်စာရွက်စာတမ်းများသေတမ်းစာသို့မဟုတ် အလားတူစာရွက်စာတမ်းများကိုသို့မဟုမည်သည့်စာရွက်စာတမ်းတို့ကိုမဆို မရိုးမဖြောင့်သောသဘောဖြင့် ပျက်စီးအောမြုပြင်ခြင်း၊ ဖုက်သိမ်းခြင်း သို့မဟုတ် ဖတ်မရအောင်ပြုခြင်း။ ထိုသို့ပြုခြင်းသည အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်လျှင် သို့မဟုတ် တစ်စုံတစ်ဦးကို ဆုံးရှုံးနစ်နစေရန်ဖြစ်လျှင် ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရလုံးဖြစ်စေ ကျခံနိုင်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၄)

**suppression of evidence** အမှုတွင်သက်သေခံအဖြစ်တင်သွင်လာခြင်းအပေါ် တရားရုံးကလက်မခံပယ်ချခြင်း။ အဘယ်ကြောင့်ဆိုသေသက်သေခံစာရွက်စာတမ်းကို ဥပဒေမဲ့ရယူခဲ့ခြင်း။ ဥပမာဖြောင့်ချက်မှာ နှိပ်စကခြင်းကို မခံနိုင်၍ ပေးရသောဖြောင့်ချက်ဖြစ်ခြင်း။ ဥပဒေနှင့်မညီရှာဖွေခြင်းကြောင့်တွေ့ရှိရသော ဆေးဝါးများဖြစ်ခြင်း။

**surpa (latin:)**- အထက်တွင်ဖော်ပြထားသော။

**supra riparian** –မြစ်နားချောင်းနား အထက်ပိုင်း။ ၎င်းစာပိုဒ်ကို မြစ်ကမ်းအနီးရှိ မြေယာပိုင်ရှင်မှ ၎င်း၏မြေယာအနေအထား ဖော်ပြရာတွင် သုံးနှုန်းသည်။

**supremacy (n)** အထွတ်အထိပ်ဖြစ်ခြင်း အမြင့်ဆုံးအာဏာ၊ ဥပဒေတစ်ခုသို့မဟုတ် စာရွက်စာတမ်းတစ်ခုသည် အခြားတစ်ခုကိုလွှမ်းမိုးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**surety (n)**--အာမခံသူ၊ အာမခံချက်၊ အာမခံပစ္စည်း၊ အာမခံကြေး။ အခြားသူတစ်ဦး၏ ကြွေးမြီကိုပေးဆပ်ရန် သို့မဟုတ်အခြားသူတစ်ဦး၏ ဆောင်ရွက်ရန်တာဝန်ကို ဆောင်ရွက်ပေးရန်တစ်ဦးတစ်ယောက်မှ တာဝန်ယူမှု။ ဥပမာ ကော်ပိုရေးရှင်းတစ်ခုသည် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် ငွေလိုနေသဖြင့် ငွေချေးစာချုပ်များထုတ်ရောင်းရန် ဆန္ဒရှိသည်။ ဝယ်ယူသူများအနေဖြင့်လည်း အာမခံသူမရှိဘဲ ဝယ်ယူရန်ဆန္ဒမရှိကြောင်း ကော်ပိုရေးရှင်းမှ သိရှိထားသည်။ သို့အတွက် ကော်ပိုရေးရှင်းသည် ထုတ်ဝေမည့်ငွေချေးစာချုပ်များအတွက် အာမခံပေးမည့်သူ (surety) ကို ရှာဖွေရလိမ့်မည်ဖြစ်သည်။

**surmise (n)** အားနည်းသောသက်သေခံချက်အပေါ် အခြေခံသည့်စိတ်ကူး။ ရော်ရမ်းမှန်းဆသည်။ ခန့်မှန်းပြောဆိုသည်။

**surplus (n)** ပိုလျှံခြင်း၊ ပိုငွေ။

**surprise (n)** ရှောင်တခင်ပြုလုပ်ချက်။ လုံလောက်သော သတိပေးချက်မရှိဘဲဆောင်ရွက်မှုကြောင့် တစ်ဖက်တွင် မမျှော်လင့်သော အကျိုးသက်ရောက်မှုများဖြစ်ပွားခြင်း၊ တရားမကျင့်ထုံးဥပဒေတွင် ထိုပြုလုပ်ချက်မျိုးမဖြစ်စေရန် တတ်နိုင်သရွေ့ရေးဆွဲထားသည်။ တစ်ချို့သော ကိစ္စများတွင် အမှုစစ်ဆေးသော တရားသူကြီး၏ ဆင်ခြင်တုံတရားကိုခွင့်ပြုထားသည်။

(တရားမကျင့်သုံးဥပဒေအမိန့် ၁၁၊ ၁၂၊၁၃)

**surrebutter** တရားပြိုင်၏ဆင်ခြေပြခြင်းဆိုချက်ကို တရားလိုမှဖြေဆိုခြင်း၊ ပြန်ဖြေခြင်း။ (တရားမကျင့်ထုံးဥပဒေအမိန့် ၈နည်း ၉ကို လိုက်နာရပါမည်)

**surrender (n)** အခြားသူတစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု အုပ်စိုးမှုကို အလျှော့ပေးခြင်း ရပိုင်ခွင့်သို့မဟုတ် တောင်းဆိုခွင့်ကို လက်လျှော့လိုက်ခြင်း စွန့်လွှတ်ခြင်း။ ငှားရမ်းသူက ငှားရမ်းကာလမကုန်ဆုံးမီ မြေပိုင်ရှင်အား ပြန်လည်သိမ်းယူပါရန်နှင့် ငှားရမ်းခြင်းကို အဆုံးသတ်စေခြင်း။ လက်နက်ချသည် ပြန်အပ်သည်။

**surrender value** အာမခံထားသူတစ်ဦး၏ အချိန်မစေ့ရောက်မီ အာမခံပေါ်လစီ၏ တန်ဖိုး။ ထိုအချိန်မစေ့ရောက်မီ တန်ဖိုးတွက်ရခြင်းမှာ အာမခံထားသူသည် ပရီမီယံကြေးကို ဆက်လက်မပေးသွင်းနိုင်၍လည်းကောင်း





အခြားအကြောင်းများကြောင့်လည်းကောင်း ဖြစ်နိုင်ပြီး ပေးသွင်းပြီး ငွေကိုတစ်လုံးတစ်ခဲတည်းပြန်ပေးရန်နှင့် အာမခံပေါ်လစီကို စွန့်လွှတ်ကြောင်း တင်ပြခြင်း။ (အသက်အာမခံပေါ်လစီထား သူများတွင်ဖြစ်တတ်ပါသည်။)

**surrogate (n)** အခြားသူ၏ ကိုယ်စားဆောင်ရွက်ရန်ခန့်အပ်ခြင်းခံရသူ။ (A မရှိသော်လည်း A ၏ ဇနီးသည် A ၏ကိုယ်စားဆောင်ရွက်သည်။)

**surrogate mother** အငှားကိုယ်ဝန်ဆောင်မိခင်။ ကလေးမရနိုင်သောလင်မယား (A+B)အတွက် ကိုယ်ဝန်ဆောင်ပေးခြင်း။ တစ်ခါတစ်ရံ အငှားကိုယ်ဝန်ဆောင်မိခင် (C)၏ သားဥနှင့် ကလေးမရနိုင်သော စုံတွဲမှ ယောကျ်ား (A)၏ သုတ်သွေးကို (C)၏ သားအိမ်အတွင်း ထည့်သွင်းကာ ကလေးကို မွေးဖွားစေခြင်း။B ၏သားအိမ်တွင် ကိုယ်ဝန်မဆောင်နိုင်သည့်အခါ A+B လင်မယားတို့၏ မျိုးဥကို ပြင်ပတွင်သန္ဓေအောင်စေပြီး (C)၏ သားအိမ်အတွင်းထည့်သွင်း ကိုယ်ဝန်ဆောင်မွေးဖွားစေခြင်း။ (C) အနေဖြင့် အခကြေးငွေရယူပြီး ကိုယ်ဝန်ဆောင်ပေးခြင်းဖြစ်နိုင်သည်။ ကလေးမွေးဖွားပြီးနောက် (C)အနေဖြင့် ကလေးနှင့်ပတ်သက်၍ အစစအရာရာစွန့်လွှတ်ရမည်။

**surrogate parent**--ကလေး၏ မိခင်ဖခင် မဟုတ်သော်လည်း မိခင်ဖခင်နေရာတွင် ရပ်တည်ပြီး ကလေး၏အကျိုးအတွက် အစစအရာရာတာဝန်ယူသူများ ထိုသို့ တာဝန်ယူသူ(များ)သည် မိမိဆန္ဒအလျောက်သော်လည်းကောင်း တရားရုံးမှခန့်အပ်ပေးခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်သည်။

**surtax (n)** ဝင်ငွေမြင့်မားသူများကို ပုံမှန်သက်သာခွင့်များပါ standard tax အပေါ်တွင်ထပ်ဆောင်းကျသင့်သည့်အခွန်။ (ပုံမှန်)အခြေခံအခွန်ပေါ်တွင် ထပ်မံကောက်ခံသည့် ထပ်တိုးအခွန်။ တစ်ချို့သော ဝင်ငွေအပေါ်တွင် ထပ်မံကောက်ယူသည်။

**surveillance (n)**အနီးကပ်စောင့်ကြည့်ခြင်း၊ နားထောင်ခြင်းဖြင့် သက်သေခံအထောက်အထားများစုဆောင်းခြင်း။ထောက်လှမ်းခြင်း။

**survey (n)(v)** ယေဘုယျကြည့်ရှုဆင်ခြင်ခြင်း။ တန်ဖိုးဖြတ်ခြင်း၊ မြေတိုင်းခြင်း။အကြောင်းအရာတစ်ခုအပေါ်တွင် လူအများကြိုက်နှစ်သက်ခြင်း ရှိမရှိ မေးခွန်းများမေးမြန်းခြင်းဖြင့် လူထုစစ်တမ်းကောက်ယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**surveyor (n)** တန်ဖိုးဖြတ်အရာရှိ။ ရာဖြတ်၊ မြေတိုင်းစာရေး၊ ကြည့်ရှုဆင်ခြင်သူ။

**survival (n)(v)** အသက်မသေဘဲ ကျန်ခဲ့ခြင်း၊ အသက်မသေဘဲကျန်ရစ်သူ။ မသေဘဲကျန်ရစ်သည်။

**survivor (n)** အန္တရာယ်ဘေးဒုက္ခမှလွတ်မြောက်သူ။

**survivorship (n)** နှစ်ဦးပူးတွဲပိုင်ဆိုင်သော ပစ္စည်းတွင် တစ်ဦးသေဆုံးသွားသောအခါ ကျန်ရစ်သူက အားလုံးပိုင်ရှင်ဖြစ်သွားခြင်း။ ဤနေရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာရသူများအနေဖြင့် ပစ္စည်းတစ်ရပ်ကို လက်ထပ်ပြီးနောက် အတူပိုင်ဆိုင်လာကြရာတွင် တစ်ဦးသေဆုံး သည့်အခါ သြရသသားသမီး မကျန်ရစ်ပါက ကျန်တစ်ဦးက အားလုံးပိုင်ဆိုင်ခြင်း။ သေတမ်းစာရေးသားခွင့်ရှိသူနှစ်ဦး အတူပိုင်ဆိုင်သော ပစ္စည်းတွင်တစ်ဦးသေဆုံးပါက သေတမ်းစာမကျန်ရစ်ခဲ့လျှင် ကျန်တစ်ဦးကပိုင်ရှင်ဖြစ်လာခြင်း။

**suspect (n)(v)** ပြစ်မှုကျူးလွန်မည့်သူဟု မသင်္ကာသူ။ ပြစ်မှုကျူးလွန်ရန်ကြံစည်နေသည်ဟု မသင်္ကာခြင်း။

**sus law** ၁၉၆၁ ခုနှစ်ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ (မြန်မာနိုင်ငံတွင်တည်ဆဲ)ယင်းဥပဒေပုဒ်မ (၃)နှင့် ပုဒ်မ(၄)အရ ရဲအရာရှိတစ်ဦးအနေဖြင့် မသင်္ကာတရားခံများကို တရားသူကြီး၏အမိန့်နှင့် ဝါရမ်းမပါရှိဘဲ ဖမ်းဆီးခွင့်ရှိသည်။ ၂၄ နာရီထက်ပို၍ချုပ်နှောင်ခွင့်မရှိပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၄၊ ၅၅၊ ၅၆၊ ၅၇ တွင်လည်း လုပ်ပိုင်ခွင့်ပေးထားပါသည်။

**suspend (v)** ဆိုင်းငံ့ထားသည်။ ကျင့်ဝတ်သိက္ခာဖောက်ဖျက်သော ရှေ့နေများ၏ လိုက်ပါဆောင်ရွက်ခွင့်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း။

**suspense account** ယာယီစာရင်း။

**suspension (n)** ခေတ္တရပ်ဆိုင်းထားခြင်း။ (လုပ်ငန်းဆောင်ရွက်မှုကိုခေတ္တရပ်ဆိုင်းထားခြင်း ရာထူးမှခေတ္တချထားခြင်း။

**suspension of payment.** စီးပွားရေးနယ်ပယ်တွင် ပေးရန်ရှိငွေများကို အကြောင်းအမျိုးမျိုးကြောင့် မပေးဘဲဆိုင်းငံ့ထားခြင်း။





**suspicious (adj)** ယုံမှားသံသယရှိသော။

**sustain (v)** အထောက်အပံ့ဖြစ်စေသည်။ (အသက်ရှင်သန်ရေးအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ရရှိမှုမှာ အထောက်အပံ့ဖြစ်သည်။) အတည်ပြုသည် လုံလောက်သော ထောက်ပံ့မှု။

**sustainable development**-စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (ago)

**swear (v)** ကျမ်းကျိန်ဆိုသည်။

**swindle (v)** လိမ်ညာယူသည်၊ ထင်ယောင်ထင်မှားဖြစ်စေသည်။

**swing vote** အဆုံးအဖြတ်မဲ။

**symbolic (adj)** အမှတ်သင်္ကေတ။

**symbolic delivery** ပစ္စည်းများလွှဲပြောင်းပေးရာတွင် ကိုယ်စားပြုအမှတ်အသားပစ္စည်းကို အခမ်းအနားများတွင် သင်္ကေတအဖြစ်ပေးအပ်ခြင်း။ ဥပမာ ဆန်အိပ် ၁၀၀၀ လှူဒါန်းရာတွင် လှူဒါန်းပွဲ၌ဆန်တစ်ပြည်ဝင်အိတ်ငယ်ကို ဆန်အိပ် ၁၀၀၀ ကိုယ်စားပြုအနေဖြင့် ပေးအပ်ခြင်း။

**syndic (n)** တက္ကသိုလ်တစ်ခု၏/ကော်ပိုရေးရှင်းတစ်ခု၏အဖွဲ့ဝင်။

**syndicate (n)** ကုန်သည်အဖွဲ့၊ ကုမ္ပဏီငယ်များကို အပေါ်အောက်အဆင့်ဆင့် (သို့မဟုတ်)စုစည်းထားသည့်ကုမ္ပဏီ။ တစ်ဦးခြင်းသို့မဟုတ်ကုမ္ပဏီတစ်ခုခြင်း ဆောင်ရွက်ရန်မစွမ်းဆောင်နိုင်သော စီမံကိန်းလုပ်ငန်းများကိုလုပ်ဆောင်ရန် အတွက် စုဖွဲ့ပြီးဆောင်ရွက်သည့်အုပ်စု။

**synopsis (n)**– အကျဉ်းချုပ်။ဓာတ်လမ်းအကျဉ်းချုပ်။

**system (n)**--စနစ်။

**systematically (adv)** စနစ်တကျ။

**symbolical possesion** ---အမည်ခံလက်ဝယ်ရှိခြင်း။

**synod (n)**---သံဃာအစည်းအဝေး။ ခရစ်ယာန်ဘုန်းကြီးများ အစည်းအဝေးညီနိုင်းပွဲ။



www.burmeseclassic.com

www.burmeseclassic.com

# T

**table A** –ဇယား(က)အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ် ထားသော ကုမ္ပဏီကို စီမံအုပ်ချုပ်မှုအတွက် စည်းမျဉ်းများ။ (မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၊ ၁၇၊ ၁၈၊ ၇၉ နှင့် ပုဒ်မ ၂၆၆) စည်းမျဉ်း ၁၊ စည်းမျဉ်း ၂ စသဖြင့် သုံးနှုန်းပါသည်။

**table of cases** စီရင်ထုံးပြုသည့်အမှုများ။ ကိုးကားသည့်အမှုများကို အက္ခရာစဉ်အလိုက်ဖော်ပြခြင်း။

**tacit (adj)** အတိအလင်းမဟုတ်သော်လည်း သွယ်ဝိုက်၍။ ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူညီရာ ရောက်သော။ ပြောစရာမလိုဘဲ နားလည်သဘောပေါက်သော။ ပွင့်ပွင့်လင်းလင်း မဖော်ပြသော်လည်း အဓိပ္ပါယ်ပေါ်လွင်သော သဘောတူညီချက်သို့မဟုတ်ပဋိညာဉ်။

**tactics (n)** နည်းဗျူဟာများ၊ နည်းလမ်းများ။

**tail (n)** ပစ္စည်းကို သားစဉ်မြေးဆက်ခံခြင်း (AGO)။ မိမိမှဆင်းသက်သောသူများသာလျှင် အမွေဆက်ခံရန် ကန့်သတ်ချက်ရှိသော ပိုင်ဆိုင်ခွင့်ပစ္စည်းများ





**tail female** မိန်းမသားများသာ ကန့်သတ်၍အမွေဆက်ခံခြင်း။

**tail male** ယောက်ျားများသာ ကန့်သတ်၍အမွေဆက်ခံခြင်း။

**tail special** ပေးကမ်းခြင်းခံရသူ၏ သတ်မှတ်ထားသော အမွေခံများက ကန့်သတ်၍ အမွေဆက်ခံခြင်း။

**taint (n)** ပြစ်မှုကြီးကျူးလွန်သူကို ပြစ်ဒဏ်ချခြင်း။ ပြစ်မှုကြီးကျူးလွန်သူ။ taint (v) ညစ်ညမ်းစေသည်။ သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားစေသည်။

**tainted evidence** တရားဥပဒေနှင့်မညီဘဲ ရယူထားသော သက်သေခံချက်။ သက်သေခံပစ္စည်း။ ထိုသက်သေခံမျိုးကို fruit of the poisonous tree ဟု ခေါ်ပြီး သက်သေခံအဖြစ် တရားရုံးတော်သို့ တင်သွင်းခွင့်မရှိပါ။

**take (v)** လက်ဝယ်ရရှိသည်။ လက်ဝယ်ရယူသည်။ ဥပမာ သေတမ်းစာအရ မောင်ဖြူသည် မော်တော်ကားကို ရရှိလျှင် မောင်ဖြူသည် မော်တော်ကားကိုရယူခြင်း။ ပြစ်မှုဆိုင်ရာတွင် ခိုးယူခြင်းသည် ဥပဒေမဲ့လက်ဝယ်ရယူခြင်းဖြစ်သည်။

**take cognifance** အမှုကိုလက်ခံအရေးယူသည်။

**take back** ပြန်သိမ်းသည်။

**take care of** ကြည့်ရှုစောင့်ရှောက်သည်။

**take to the street** လမ်းပေါ်ထွက်ဆန္ဒပြသည်။

**take after** ဆင်တူသည်။

**take over** တာဝန်ယူဆောင်ရွက်ခြင်း။ ဦးစီးခြင်း။ ကုမ္ပဏီတစ်ခုက အခြားကုမ္ပဏီ တစ်ခုကို သိမ်းယူခြင်း။ ထိန်းချုပ်ခြင်း။ များသောအားဖြင့် ကုမ္ပဏီငယ်များကို သိမ်းယူပါသည်။ ကုမ္ပဏီငယ်များကို targert company ဟုခေါ်သည်။ merger နှင့်မတူပါ။ merger သည် ကုမ္ပဏီနှစ်ခုတန်းတူ ပူးပေါင်းခြင်းဖြစ်သည်။

**take over bid** ရည်ရွယ်ထားသည့်ကုမ္ပဏီမှရှယ်ယာများကို ရရှိစေရန် အတွက် ဈေးပြိုင်ပေးခြင်း ကမ်းလှမ်းခြင်း။ ငွေသားများပေးခြင်းဖြင့်လည်းကောင်း၊ အဆိုပါ ကုမ္ပဏီမှ ရှယ်ယာများကို လွှဲပြောင်းပေးစေခြင်းဖြင့်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သည်။ လုံလောက်သော ရှယ်ယာများရလျှင် ရည်ရွယ်ထားသည့် ကုမ္ပဏီ ၏ စီမံခန့်ခွဲမှုကို ထိန်းချုပ်ရန်ဖြစ်သည်။

**take the witness** သက်သေကို မေးခွန်းစမေးနိုင်ပါပြီဟု တရားခွင်တွင် တစ်ဖက်မှသက်သေကို စစ်မေးပြီးနောက် ကျန်တစ်ဖက်မှစတင်မေးမြန်းရန် ပြောသောစကား။

**tampering (v)** နည်းလမ်းတကျမဟုတ်ဘဲ မူလအနေအထားပျက်ယွင်းအောင် ပြုခြင်း။ သက်သေခံစာရွက်စာတမ်းများကို ပြင်ဆင်ခြင်း၊ စားသုံးကုန်များကို ဈေးပေါသောပစ္စည်းများနှင့် ရောနှောခြင်း။ သက်သေအားမမှန်ထွက်ဆိုစေရန် ဝင်ရောက်စွက်ဖက်လျှင်ပြစ်မှုဖြစ်သည်။

**tangible (adj)** ကိုင်တွယ်ထိတွေ့၍ရနိုင်သော။

tangible property အကောင်အထည်ဖြစ်ရှိသော ပစ္စည်း၊ ထိတွေ့နိုင်သော ပစ္စည်း။

**tapper (n)** အခြားသူတစ်ဦးထံ ငွေရလိုမှုအတွက် ချဉ်းကပ်သူ။ သူတောင်းစား။

**tantamount (adj)** သဘောသက်ရောက်သော၊ သဘောထားညီမျှသော အဓိပ္ပါယ်သက်ရောက်စေသော၊ အကျိုးသက်ရောက်တူညီစေသော။

**tariff (n)** အကောက်ခွန်နှုန်းထားစာရင်း (ago)။ သွင်းကုန်ထုတ်ကုန်များအပေါ်တွင် အကောက်ခွန်ဌာနမှ ကောက်ခံသော အခွန်နှုန်းစာရင်း custom tariff.

**tax (n)** အခွန်။ ရွှေ့ပြောင်းနိုင်သော ပစ္စည်း။ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်ဝင်ငွေပေါ်တွင် နိုင်ငံတော်မှစည်းကြပ်သည့်ငွေ။ အခွန်ငွေ။

ad valorem tax အထူးသဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းချရာတွင် ကာလတန်ဖိုးအပေါ် ကောက်ခံသည့်အခွန်။ ကာလတန်ဖိုးအပေါ် ပေးဆောင်ရသည့်အခွန်။

direct tax တိုက်ရိုက်အခွန်။





indirect tax သွယ်ဝိုက်ကောက်ခံသောအခွန်။ (ဥပမာ ယစ်မျိုးခွန်၊ စီးကရက်၊ အရက်စသည့်တို့အပေါ်တွင် စားသုံးသူက သွယ်ဝိုက်၍အခွန်ထမ်းဆောင်ရခြင်း။

gift tax မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုမေတ္တာဖြင့် ပေးကမ်းရာတွင် ထမ်းဆောင်ရသည့်အခွန်။

income taxဝင်ငွေခွန်။

payroll tax လုပ်ငန်းတစ်ခုတွင် အလုပ်သမားများကို ပေးသောလစာစာရင်းပေါ်တွင် အခြေခံ၍အလုပ်သမားများက ပေးရသောအခွန်ငွေ ဥပမာ။ လူမှုဖူလုံရေးထည့်ဝင်ငွေ။ ဝင်ငွေခွန်။

sales tax ရောင်းခွန်။ ကုန်ပစ္စည်းများရောင်းချသည့်အပေါ်တွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေပေါ်တွင်လည်းကောင်း ကောက်ခံခြင်း။

unemployment tax အလုပ်လက်မဲ့အာမခံကြေးကို ကာမိစေရန်အတွက် အလုပ်ရှင်များအပေါ် ကောက်ခံသည့်အခွန်။

value added tax -အခြေခံထုတ်လုပ်မှုမှ နောက်ဆုံး စားသုံးသူ လက်ထဲပို့ဆောင်သည့် ထုတ်လုပ်မှုအဆင့်အထိပြောင်းလဲပါဝင်သောexchange point တစ်ခုခြင်းတွင် ကောက်ခံသည့်အခွန်။ အဆင့်တစ်ခုခြင်း၏ အသားတင်ထုတ်ကုန်ပေါ်တွင် ကောက်ခံပါသည်။

stamp tax တံဆိပ်ခေါင်းခွန်။

**tax avoidance** အခွန်လျော့ပေါ့အောင် စီစဉ်ဆောင်ရွက်ခြင်း။

**tax evosion**--အခွန်တိမ်းရှောင်ခြင်း။

**taxation**– အခွန်စည်းကြပ်ခြင်း။

**telephome tapping**--တယ်လီဖုန်းလိုင်းများကို တွယ်ဆက်ထားခြင်းဖြင့် နှစ်ဘက်အပြန်အလှန်ပြောဆိုမှုများအား လျှို့ဝှက်စွာနားထောင်ခြင်း။ ထိုသို့နားထောင်ခြင်းမှာ တရားမဝင်ပါ။ သို့သော် ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်ခြင်းဖြစ်လျှင် ကင်းလွတ်ခွင့်ရှိသည်။ ....... except when authorised by the home secretary.

**tele working** အလုပ်သမားသည် ခေတ်မီအိုင်တီနည်းစနစ်ကို ကျင့်သုံး၍ နေအိမ်မှနေ၍ အလုပ်ရှင်၏အလုပ်များကို လုပ်ကိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**tenancy (n)**—အိမ်ငှားမြေငှားချထားခြင်း၊ သီးစားချထားခြင်း။ အိမ်ရှင်မြေရှင်တစ်ဦးသည် သဘောတူညီထားသည့် ကာလတစ်ခုအထိ အိမ်ပိုင်အိမ်မြေကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးထားပြီး ထိုသူမှလည်း အပြန်အလှန်အနေဖြင့် ငှားရမ်းခများ ပြန်ပေးရခြင်းဖြစ်သည်။ ငှားရမ်းခြင်း အမျိုးမျိုးရှိသည်။

**tenancy of sufferance**--ငှားရမ်းသည့်ကာလ ကုန်ဆုံးသော်လည်း ငှားရမ်း သူသည် ငှားရမ်းထားသည့်ဥပစာမှ ထွက်ခွာမပေးဘဲ ဆက်လက်ရှိနေထိုင်ခြင်း။ (၁၉၆၀ ပြည်ထောင်စုမြို့ပြဆိုင်ရာငှားရမ်းခကြီး ကြပ်ရေးအက်ဥပဒေအရ၊ ငှားရမ်း ကာလကုန်ဆုံးပြီးနောက် အိမ်ရှင်၏သဘောတူညီချက်မရဘဲ ဆက်လက်နေထိုင်ပါကကျူးကျော်သူမဟုတ် အိမ်ငှားသာဖြစ်သည်။ ပုဒ်မ ၂ (ဆ)

**tenancy at will**- အလိုရှိသမျှသာ ငှားရမ်းခြင်း။ အဆိုပါငှားရမ်းခြင်းစနစ် အရ အိမ်ငှားကဖြစ်စေ၊ အိမ်ရှင်ကဖြစ်စေ ဆက်လက်မငှားရမ်းလိုတော့ပါက ငှားရမ်းသည့်ကာလကို ရပ်ဆိုင်းနိုင်သည်။

**tenancy in common**-- နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော သူများသည် ဥပစာကို ပူးတွဲပိုင်ဆိုင်ခြင်း။ ပိုင်ဆိုင်မှုသည် အညီအမျှဖြစ်ချင်မှ ဖြစ်သည်။ သို့သော်ပစ္စည်းကို သီးခြားခွဲထုတ်ပိုင်ခွင့်မရှိ။ ပိုင်ရှင်တစ်ဦးက ၎င်းပိုင်အစုကို ရောင်းချခြင်း သို့မဟုတ် သေတမ်းစာဖြင့် ခွဲဝေခဲ့လျှင် ထိုသူသေဆုံးပါက ဆက်ခံသူက ၎င်းအစုကိုအရ ပိုင်ခွင့်အနေဖြင့် အလိုအလျောက် မရနိုင်ပါ။ သို့သော်သူ၏ ဥပစာအစိတ်အပိုင်း အဖြစ်သည်ရှိနေမည်။

**joint tenancy**- ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပြီး ပိုင်ဆိုင်သူတစ်ဦးဦးကွယ်လွန်လျှင် ကျန်တစ်ဦးက ထိုပစ္စည်းကိုဆက်ခံရသည်။

**tenancy for years**---အချိန်ကာလသတ်မှတ်၍ နှစ်အပိုင်းအခြားနှင့် ငှားရမ်းခြင်း။

**tenancy from year to year** နှစ်ချုပ်ငှားရမ်းခြင်း။

**tenant (n)**--အိမ်ငှားမြေငှား။ ၎င်းသည် တစ်ဦးချင်း၊ မိသားစုအလိုက် ဖြစ်နိုင်သလို ကုမ္ပဏီ၊ ရုံးခန်းများလည်းဖြစ်နိုင်သည်။

**tenant for life** အိမ်ကို သို့မဟုတ် မြေကို ငှားရမ်းသူတစ်သက်တာအတွက် ငှားရမ်းခြင်း ထိုသူသေဆုံးသည့်အခါ ငှားရမ်းခြင်းမှာ ရပ်စဲသွားသည်။





**tender (n)**--ကမ်းလှမ်းခြင်း (an offer) ကြွေးမြီသို့မဟုတ် တာဝန်ရှိမှုများကို ပြေလည်စေရန်အတွက် ငွေသို့မဟုတ် သီးခြားသဘောတူညီမှုများကို ပေးမည်ဟု ကမ်းလှမ်းခြင်း။ ကုန်ပစ္စည်းများကို ဝယ်ယူရန် သို့မဟုတ်ပေးသွင်းရန် ပုံသေဈေးနှုန်းကို ဖော်ပြပြီးတင်သွင်းရသော ယှဉ်ပြိုင်မှု။

legal tender ငွေကြေးဆိုင်ရာ ကြွေးမြီများကို ပေးဆပ်ရာတွင် လက်ခံနိုင်မည့် နိုင်ငံများအကြား လှည့်လည်သုံးစွဲနေသော ငွေကြေးနှင့် ဥပဒေအရ ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကြားခံအဖြစ် အသုံးပြုနေသော တရားဝင်ပစ္စည်း (ဥပမာ ရွှေ၊ ငွေ .....)

plea of tender တရားလိုသို့ပေးရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန် အသင့်ရှိပါပြီဟု တရားရုံးတွင် တရားပြိုင်က တင်ပြလျှောက်ထားခြင်း။ ဥပမာ ငှားရမ်းခကြွေးကျန်နှင့် စပ်လျဉ်း၍ အိမ်ရှင်မှဧရိယာမှုဖွင့်ရာတွင် တရားရုံးက ကြွေးပေးရန် အသင့်ရှိပါကြောင်း ဧရိယာမှုကို ဆက်လက်မဆောင်ရွက်သင့်ပါကြောင်း တရားရုံးတွင် လျှောက်ထားခြင်း။

**tender year** အသက်အရွယ်ငယ်လွန်းခြင်း။ (သက်သေခံဥပဒေပုဒ်မ ၁၈၈) အသက်အရွယ်ငယ်လွန်းပြီး မေးခွန်းများကို နားမလည်နိုင်လျှင်ဖြစ်စေ စဉ်းစားဆင်ခြင်နိုင်သောအဖြေများကို ဖြေဆိုနိုင်ခြင်း မရှိလျှင်ဖြစ်စေ သက်သေခံခွင့်မရှိပါ။

**tender of delivery** ဝယ်သူက ပစ္စည်းပို့ပေးရန်ညွှန်ကြားသည့်နေရာသို့ ရောင်းသူကပို့ပေးခြင်း။ ညွှန်ကြားချက်အတိုင်းပို့ပေးပါလျှက် ဝယ်သူက လက်ခံခြင်း မပြုလျှင် ပဋိညာဉ်ဖောက်ဖျက်ရာ ရောက်ပြီး တရားစွဲဆိုခြင်းခံရမည်ဖြစ်ကာ ဝယ်သူအနေဖြင့် ဥပဒေ၏အကာအကွယ်ကို မရနိုင်ပါ။ ဥပမာ S စာအုပ်ထုတ်ဝေ ရေးလုပ်ငန်းသည် ၎င်းတိုက်မှထုတ်သော စာအုပ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိနိုင် ရန်အတွက် ဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်နေသော B ဖြန့်ချိရေးနှင့် ဆက်သွယ်ကာ စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုသို့ သဘောတူခဲ့သည့်အတိုင်း B ညွှန်ပြသည့် သိုလှောင်ရုံသို့ စာအုပ်များကို သတ်မှတ်ထားသည့်အချိန်အတွင်းရောက်ရှိအောင် တင်ပို့လိုက်သည်။ S စာအုပ်ထုတ်သူသည် သဘောတူထားသည့်အတိုင်း တင်ပို့ခဲ့သော်လည်း B မှ ၎င်းသိုလှောင်ရုံသို့ ရောက်လာသော စာအုပ်များကို သယ်ထုတ်ပြီးဖြန့်ချိခဲ့ခြင်း မပြုခဲ့ပါ။ နှစ်ရက်ခန့်ကြာ သောအခါ



www.burmeseclassic.com

www.burmeseclassic.com



သို့လှောင်ရုံ မီးလောင်၍ S ပို့ခဲ့သော စာအုပ်များဆုံးရှုံးခဲ့ရသည်။ S သည် tender of delivery ကို ပြည့်စုံအောင် ဆောင်ရွက်ခဲ့သော်လည်း B ဖြန့်ချိရေး၏ ပျက်ကွက်မှုကြောင့် ဆုံးရှုံးခဲ့ရသည့်အတွက် B အနေဖြင့် ဆုံးရှုံးမှုကိုပေးလျော်ရမည်ဖြစ်သည်။

**tender offer** ကော်ပိုရေးရှင်းကြီးတစ်ခုက ၎င်းတို့ပိုင်သော စတော့ရှယ်ယာများကို မည်မျှရောင်းချမည်ဖြစ်ကြောင်း အရေအတွက်သတ်မှတ်လျက် အများပြည်သူများထံ ဈေးနှုန်းပေးနိုင်ရန် ကမ်းလှမ်းချက်ဖြစ်သည်။ ဈေးနှုန်းများတင်သွင်းလာကြရာတွင် သတ်မှတ်ထားသော ဈေးနှုန်းတက်နည်းပါက ထိုကမ်းလှမ်းသူကို ရောင်းချရန်တာဝန်မရှိပေ။ သတ်မှတ်ထားသော စတော့ရှယ်ယာအရေအတွက်သည် ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးပိုင်းကို ထိန်းချုပ်ခွင့်ရနိုင်သော အခွင့်အရေးဖြစ်ရပြီ တင်ဒါရသူသည် ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲရေးကို တာဝန်ယူခွင့်ရှိလာမည်။

**tenement (n)** အမြဲတန်းနှင့် တွယ်ကပ်သော ပစ္စည်း။ ၎င်းတွင် ဒြပ်ရှိနှင့် ဒြပ်မဲ့အခြေပစ္စည်းနှစ်မျိုးစလုံးပါဝင်သည်။ ယခုခေတ်အသုံးအနှုန်းအရ မြေပေါ်တွင်ဆောက်ထားသော အဆောက်အအုံများနှင့် လူနေထိုင်ရန် အငှားချထားရန် ဆောက်လုပ်ထားသော နေအိမ်များလည်း ပါဝင်သည်။ ထို့ပြင်ဒြပ်မဲ့ပစ္စည်းများဖြစ်သော မြေပေါ်ရှိ အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

**tenement house** အငှားချထားသည့် တိုက်ခန်းတွဲများ။ ငှားရမ်းခနည်းပါးသော တိုက်ခန်းများဖြစ်ပြီး ရေ/သန့်ဆောင်ရွက်ထားမှုများတွင် အနိမ့်ဆုံးအဆင့်သာရှိသည့် နေအိမ်ခန်းများ။

**tenendum** စာချုပ်များတွင် ရေးသားဖော်ပြလေ့ရှိသည့်စာပိုဒ်။ ပစ္စည်းသို့မဟုတ် ရာထူးလက်ရှိထားပိုင်ခွင့်နှင့် ထိုထားပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သို့ရမည် မည်သို့အသုံးပြုရမည်ကို ပြဆိုသောစာပိုဒ်ဖြစ်သည်။

**tenure (n)** လက်ဝယ်ထားပိုင်ခွင့်။ မြေယာနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေထု လေထု ရေထု တို့ပါဝင်သော နယ်နမိတ်သည် နိုင်ငံတော်ပိုင်သာဖြစ်သည်။ မြေအသုံးချခွင့်





နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ဘိုးဘွားပိုင် မြေ၊ ငှားရမ်းမြေ (ဂရံ)ဟူ၍ ရှိသည်။ ၎င်းမြေပေါ်တွင် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသည်။

အစိုးရဝန်ထမ်းများ ကျောင်းဆရာ/ဆရာမများနှင့် အခြားပုဂ္ဂလိကစက်ရုံအလုပ်ရုံရှိ အလုပ်သမားများသည် မိမိတို့ရာထူးတွင် တည်မြဲပိုင်ခွင့်ရှိသည်။ သို့သော် အရည်အချင်းမပြည့်ဝမှုကြောင့်လည်းကောင်း၊ လုပ်ငန်း၏ စီးပွားရေးကျဆင်းမှုကြောင့် လည်းကောင်းအလုပ်သမားများကို ဥပဒေနှင့်အညီ ဖယ်ရှားနိုင်သည်။

**term (n)** ကာလအပိုင်းအခြား။ စည်းကမ်းချက်၊ ရုံးထိုင်ကာလ။

**terms and conditions** စည်းကမ်းချက်နှင့် ကန့်သတ်ချက်များ။

**terms of agreement** သဘောတူညီချက်ပါ စည်းကမ်းချက်များ။

**terms of contract** ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များ။

**terms of inprisonment** ထောင်ဒဏ်ကာလ။

**terms of services** လုပ်ငန်းခွင့်စည်းကမ်းချက်များ။

**termination (v)(n)** အပြီးသတ်ခြင်း (သည်။) ရပ်စဲခြင်း (သည်။) ဥပမာ termination of the partnership by winding up affairs. အစုစပ်လုပ်ငန်းကို သဘောတူညီချက်အရဖြစ်စေ တရားရုံးအမိန့်အရဖြစ်စေ အစုစပ်လုပ်ငန်းဆိုင် ရာကိစ္စများ ပြေလည်အောင်ဆောင်ရွက်ပြီး၍ဖြစ်စေ ဖျက်သိမ်းခြင်းဖြင့် ရပ်စဲသွားသည်။အလုပ်မှရပ်စဲသွားသည်။

**termor (n)–** မြေသို့မဟုတ် ဒြပ်ရှိဒြပ်မဲ့ ပစ္စည်းကိုတစ်သက်တာဖြစ်စေ နှစ်ကာလအပိုင်းအခြား အလိုက်ဖြစ်စေ လက်ရှိရယူထားသူ။

**terre-tenant (n)** -- မြေကို အမှန်တကယ် လက်ရောက်ပိုင်ဆိုင် ထားသူ။

**territorial court**--ဒေသဆိုင်ရာတရားရုံး။ အမေရိကန်နိုင်ငံတွင် ဖွဲ့စည်းပုံအရ ကွန်ဂရက် လွှတ်တော်က တည်ထောင်ပေးထားသော တရားရုံး။ ၎င်းတရားရုံးသည် ဒေသဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံတော်ပိုင်ပစ္စည်းများအပေါ် ဥပဒေနှင့်နည်းဥပဒေများ ပြဋ္ဌာန်းခွင့်ရှိသည်။

**territorial jurisdiction** နယ်မြေဒေသဆိုင်ရာစီရင်ပိုင်ခွင့်။

**territorial integrity** နယ်မြေတည်တံ့ခိုင်မြဲရေး။



www.burmeseclassic.com

www.burmeseclassic.com



**territorial waters** နိုင်ငံတစ်နိုင်ငံ၏ ရေပိုက်နက်ပင်လယ် (ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ ၃/၇၇ နှင့် ပြင်ဆင်သည့်ဥပဒေ ၈/၂၀၀၈ ကြည့်ပါ။

**terrorism (n)** အကြမ်းဖက်ဝါဒ။ အမြင်မတူသော ဝါဒအပေါ် အခြေခံ၍ အကြမ်းဖက်ခြင်း အင်အားသုံးခြင်း။ သို့အတွက် ပြည်သူများအနေဖြင့် အထိတ်တလန့်နှင့် စိုးရိမ်မှုကိုဖြစ်စေသည်။ အကြမ်းဖက်မှုဆိုရာတွင် အင်အားသုံးခြင်းဖြင့် မငြိမ်မသက်မှုကို ဖြစ်ပေါ်စေပြီး လူတစ်ဦးတစ်ယောက် သို့မဟုတ် ပစ္စည်းများကို အကြီးအကျယ်ပျက်စီးဆုံးရှုံးစေခြင်း။ လူ၏အသက်အန္တရာယ်ကို ထိခိုက်စေခြင်း။ ပြည်သူလူထု၏ ကျန်မာရေး၊ လုံခြုံရေးကိုအန္တရာယ်ဖြစ်စေခြင်း။ နိုင်ငံတော်အစိုးရအပေါ် အင်အားသုံး၍လွှမ်းမိုးရန်နှင့် ပြည်သူလူထုကို ကြောက်ရွံ့စေပြီး အတင်းအကြပ်ပြုစေခြင်း။ ထိုအချက်နှစ်ရပ်စလုံးသည် မငြိမ်မသက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံရေးဘာသာရေးနှင့် အတွေးအခေါ်ဝါဒများအပေါ်အသာစီးရစေရန် အကြမ်းဖက်ခြင်းဖြစ်သည်။

**testament (n)** လူတစ်ဦးတစ်ယောက်သည် ၎င်းသေဆုံးသည့်အခါတွင် ၎င်းပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ခွဲဝေပေးရန် ဆန္ဒကိုဖော်ပြသည့် သက်သေခံစာသို့မဟုတ် ထောက်ခံစာ။ ၎င်းမှာ သေတမ်းစာ will နှင့် မတူပါ။ will မှာ မြေယာများကို ခွဲဝေပေးရန် စီစဉ်ထားမှုဖြစ်သည်။ မည်သို့ပင်ဆိုစေ will နှင့် testament မှာ ဆင်တူရိုးမားဖြစ်သည်။

**testamentary (adj)**testament နှင့် စပ်လျဉ်း၍

**testamentary guardiam**--သေတမ်းစာနှင့်ခန့်အပ်သော အသက် (၁၈)နှစ်အောက်ကလေးသူငယ်ကို အုပ်ထိန်းသူ။

testate သေဆုံးသည့်အခါ တရားဝင်ခိုင်လုံသော သေတမ်းစာထားခဲ့သူ။

**testator(n)**-သေတမ်းစာရေးသားသူ။ အမျိုးသမီးဖြစ်ပါက testatrix ဟုသုံးပါသည်။ ယခုအခါ ကျားမမရွေး testator ဟုသာသုံးပါသည်။

**testamentary disposition** သေဆုံးပြီးမှသာ ပေးကမ်းခြင်းအတည်ဖြစ်လာခြင်း။ ထိုသို့ပေးကမ်းထားခြင်းသည် စာချုပ်အရလည်းကောင်း မသေခင်ပေးကမ်းထားခြင်းလည်းကောင်း၊ သေတမ်းစာအရလည်းကောင်း ဖြစ်နိုင်





ပြီး သေဆုံးမှအကျိုးသက်ရောက်နိုင်သည်။ ဥပမာ ဖခင်ဖြစ်သူက ၎င်းအပ်နှံသော အစုလက်မှတ် ၁၀၀. ကို သားဖြစ်သူသို့ပေးကမ်းရန်အတွက် ရေးသားရာတွင် မိမိ၏ဘဝတစ်သက်တာနှင့် နောက်မှ သားဖြစ်သူသို့ဟု ပါရှိပါသည်။ သားဖြစ်သူအနေဖြင့် ဖခင်သေဆုံးမှသာ ထိုအစုလက်မှတ် ၁၀၀ ကို ရယူခံစားခွင့်ရှိသည် သားဖြစ်သူရရှိခြင်းသည် testamentary disposition ဖြစ်ပြီး ဖခင်မသေဆုံးမီသားဖြစ်သူအပေါ် အကျိုးသက်ရောက်မှုမရှိပါ။

**testate succession** သေတမ်းစာဖြင့် အခွင့်အရေးနှင့် ပစ္စည်းများကို ဆက်ခံခြင်း။

**testify (v)**--သက်သေအဖြစ်ကျမ်းကျိန်၍ ထွက်ချက်ပေးခြင်း။

**testimony (n)** မှုခင်းတွင် ကျမ်းကျိန်ဆို၍ဖြစ်စေ၊ ကတိသစ္စာပြု၍ဖြစ်စေ အရည်အချင်းပြည့်သက်သေက အစစ်ခံချက်ပေးခြင်း။

**theft (n)**--ခိုးမှု။ လူတစ်ဦးတစ်ယောက်၏ လက်ရှိမှ ထိုသူသဘောမတူဘဲ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို ယူရန်ကြံရွယ်၍ ထိုပစ္စည်းကို ရွှေ့စေလျှင်ခိုးမှုဖြစ်သည်။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၈)

**there about (adj)**--ထိုအချိန်မှုခန့်။ ထိုနေရာအနီး (ဇန္နဝါရီလပန်းခြံ သို့မဟုတ် ထိုနေရာအနီးတွင် Aကိုတွေ့ခဲ့သည်။

**there after (adv)** နောက်တွင်၊ ထိုနောက်မှစ၍ (A was there after arrested)

**there fore** (adv) ထို့ကြောင့် သို့ဖြစ်ရာ၊ ထိုအကြောင်းများ ကြောင့်။ (မဲပေးပိုင်ခွင့်ရှိသူများအရေအတွက် အပြည့်လာရောက်ခြင်း မရှိ။ ထိုကြောင့် (therefore) မဲဆန္ဒရယူနိုင်ခြင်း မရှိပါ။)

**there from (adv)**--ထိုနေရာမှ

**there in**--ထိုနေရာ၌၊ ဆက်စပ်သမျှ

**there in after (adv)**-- ယခုနောက်ဆက်တွင်ပါဝင်မှု၌

**there of**-ထိုအကြောင်းကို အခြေခံ၍

**there to**-ထိုအရာ



www.burmeseclassic.com

www.burmeseclassic.com



**there under (adv)--** ထိုမှအောက်တွင်

**there upon (adv)--** ထို့နောက်ချက်ခြင်း။

**thing (n)**---ပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများ၊ အရာဝတ္ထုများ။ ၎င်းတို့ကို သုံးမျိုးပိုင်းခြားနိုင်သည်။ (၁) မရွှေ့မပြောင်းနိုင်သော ပစ္စည်း။ ဥပမာ မြေယာ၊ သေတမ်းစာရေးသူ၏ ကိုယ်ပိုင်ပစ္စည်းများ ရထိုက်သောအမွေပစ္စည်းများ။ (၂) ပုဂ္ဂိုလ်ပိုင်ပစ္စည်း ရွှေ့ပြောင်းနိုင်သောပစ္စည်း။ ဥပမာ ကုန်ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် ပရိဘောဂများ၊ စတော့နှင့်ရှယ်ယာများ မူပိုင်ခွင့်များ။ (၃) ပုဂ္ဂိုလ်ဆိုင်ရာလက္ခဏာရှိသောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း။ ဥပမာ မြေယာပိုင်ဆိုင်မှုစာချုပ်၊ ကာလတစ်ခုအတွက် ငှားရမ်းခြင်းစာချုပ်။

တရားမဥပဒေတွင် နှစ်မျိုးခွဲခြားထားပြီး ဒြပ်ရှိပစ္စည်း corporeal နှင့် ဒြပ်မဲ့ပစ္စည်း incorporeal ဟူ၍ဖြစ်သည်။

**third party (n)** အပြင်လူ၊ ဘေးလူ။ အခြားယှဉ်ပြိုင်ဘက်ပုဂ္ဂိုလ်နှစ်ဦး အပြင်အခြားပုဂ္ဂိုလ်။ တရားမမှုစွဲဆိုစဉ်က တရားလိုတရားပြိုင်နေရာခြင်း မပါခြင်း။ သဘောတူစာချုပ်များချုပ်ဆိုစဉ်က မပါခြင်း၊ အခြားဆောင်ရွက်မှုများ တွင် မပါခြင်း။ သို့သော် နောင်ကျမှ ၎င်းတွင်အထက်က ဆောင်ရွက်မှုကြောင့် ၎င်းတွင်နစ်နာ မှုဖြစ်ပါစေသည်ဟုဆိုကာ ပါဝင်လာသူ။ မူလအမှုသည်မှအပ နောက်မှ ပါပင်လာသူ။ အာမခံကိစ္စတွင် third party insuramce သူတစ်ပါးထိခိုက်မှု အာမခံ။

**third party beneficiary**--ပဋိညာဉ်တွင်ပါဝင်ခြင်း မရှိသော်လည်း ထိုပဋိညာဉ်ကို ဆောင်ရွက်ခြင်းအားဖြင့် အကျိုးခံစားခွင့်ရရှိသူ။ ဥပမာ A က ၎င်းပိုင်မြေကို B သို့ရောင်းချရာတွင် မြေပေါ်ရှိကျူးကျော်ဝင်ရောက်နေသူ C ကို ဖယ်ရှားပေးမည်ဟု ကတိပြုခဲ့သည်။ A က C ကို နစ်နာကြေးပေး၍ ဖယ်ရှားခဲ့ရာ C သည် third party beneficiary ဖြစ်လာသည်။

**threat (n)**--ခြိမ်းခြောက်ခြင်း။ ပြစ်မှုဆိုင်ရာဥပဒေတွင် criminal intimidation ဟု ပြဆိုသည်။ သူတစ်ပါး၏ ခန္ဓာကိုယ်ကိုလည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း ဂုဏ်သရေကိုလည်းကောင်း ထိတ်လန့်ခြင်းဖြစ်





စေရန်အကြံဖြင့် နစ်နာစေမည်ဟုခြိမ်းခြောက်ခြင်း။(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၃)

**through lot**--လမ်းအဆုံးတွင် မေးတင်နေသောမြေကွက်။

**throw out**--ပလပ်ခြင်း၊ ပယ်ချခြင်း။

**thug (n)**--လူသတ်ဓားပြ။ ခိုးဆိုးလုယက်သတ်ဖြတ်သူ။

**tide land**--ဒီရေအတက်ဆုံးနှင့် ဒီရေအကျမျဉ်းနှစ်ကြောင်းကြားရှိမြေ။ ဒီရေအတက်အကျတွင် ရေလွှမ်းသွားလိုက် ကုန်းပေါ်သွားလိုက် စဉ်ဆက်မပြတ် ဖြစ်ပွားသောနေရာ tide water ဒီရေအတက်အကျရှိသော ရေပြင်။ ၎င်းဝေါဟာရမှာ ပင်လယ်ပြင်တွင် အသုံးမပြုသော်လည်း ပင်လယ်အော်များ၊ မြစ်များ၊ ပင်လယ်ကွေ့များတွင် သုံးနှုန်းသည်။

**tide way**--ဒီရေအမြင့်ဆုံးနှင့် အနိမ့်ဆုံးအကြားအတက်အကျ အမှတ်အသားများ။

**tiliage (n)**--စိုက်ပျိုးထွန်ယက်သောမြေ။

**till tapping (slang)**--ငွေကိုင်ထံမှ ငွေခိုးယူခြင်း။

**time (n)**--အချိန်ကာလ။ ပြစ်ဒဏ်ကျခံနေရသော အချိန်။

**-flat time**--ထောင်ဒဏ်ကျခံနေစဉ်လျှော့ရက်မရခြင်း။

**-good, time**--အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ စည်းကမ်းလိုက်နာခြင်း ကြောင့် ထောင်ဒဏ်တွင် လျှော့ရက်ရခြင်း။

**time barred**--ကာလစည်းကမ်းသတ်ကာလကျော်လွန်ခြင်း။

**time bargain**--ကုန်ပစ္စည်းတစ်ခုကို ရောင်းချခြင်း၊ ဝယ်ယူခြင်း ပဋိညာဉ်ပြုရာတွင် နောင်သတ်မှတ်ထားသော အချိန်၌ရောင်းဝယ်ရန်ဖြစ်ပြီး ထိုအချိန်တွင် ရောင်းဝယ်မည့်ဈေးနှုန်း။

**time deposite**--အချိန်ပိုင်းအပ်ငွေ။

**time extension**--အချိန်ကာလတိုးချဲ့ခြင်း။

**time frame**--အချိန်ကာလသတ်မှတ်ချက်။

**time policy**--လမ်းခုလတ်ရှိကုန်များနှင့် စပ်လျဉ်း၍ရှေကြောင်း အာမခံသည့် သတ်မှတ်ထားသော အချိန်ကာလအတွင်းသာ အတည်ဖြစ်စေခြင်း။ (များသော အားဖြင့် တစ်နှစ်နှင့်ရက်သုံးဆယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**time sharing**--ပစ္စည်း(အားလပ်ရက်တွင် အနားယူသော ကွန်ဒိုမီနီယံ)တစ်ခုကို ပူးတွဲပိုင်ဆိုင်ခြင်း သို့မဟုတ် ပူးတွဲငှားရမ်းထားခြင်းရှိရာ ပူးတွဲပိုင်ရှင်များက အလှည့်ကျတာဝန်ယူထားခြင်း။ ဥပမာ A,Bနှင့် Cတို့သုံးဦးသည် စားသောက်ဆိုင်တစ်ခုကိုပူးတွဲ ပိုင်ဆိုင်ပြီး တစ်နှစ်စီဆိုင်ကို တစ်ဦးတည်းက တာဝန်ယူရောင်းချကာ ထိုဆိုင်၏ ထိုကာလရောင်းရငွေ၊ ကုန်ကျငွေများကို တစ်ဦးတည်းကရယူကျခံရမည်ဖြစ်ပြီး အလှည့်မရောက်သေးသူနှစ်ဦးကို လစဉ်ထောက်ပံ့ကြေး (သတ်မှတ်ထားသည့်ထောက်ပံ့ကြေး) ပေးရန်ဖြစ်သည်။ ဆိုင်အရှုံးအမြတ်ကို ထိုကာလတာဝန်ယူထားသူက ရယူခံစားရမည်ဖြစ်သည်။

**title (n)**--ပိုင်ဆိုင်ခွင့်။ title deed (n) ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်း။ ဘွဲ့ထူး၊ ဂုဏ်ထူး ဥပဒေများ၏ ခေါင်းစဉ်၊ ခေါင်းစဉ်။

**title of suit**--တရားမမှုအမည်။

**toll (n)** အဝေးပြေးလမ်းမကြီးများတွင် လမ်းအသုံးပြုသူများအတွက် ပေးဆောင်ရသော အခကြေးငွေ။

**toll (v)** ပယ်ဖျက်သည်၊ ရုပ်သိမ်းသည်။ ဝင်ရောက်ခွင့်ကို ရုပ်သိမ်းသည်။ ရုပ်စဲသည်၊ ကာလစည်းကမ်းသတ်ကာလကို ရုပ်စဲသည်။အခြားသူ၏ ပစ္စည်းကိုသုံးစွဲခြင်းအတွက် အခပေးရခြင်း။

toll plaza-- လမ်းအသုံးပြုခ ကောက်ခံသည့်အဝေးပြေးလမ်းတစ်လျှောက်ရှိ ဝန်ဆောင်မှုလုပ်ငန်းနေရာ။

**tonnage (n)** သင်္ဘောမှ စုစုပေါင်းကုန်တင်နိုင်သည့် ခန့်မှန်းတန်ချိန်။ သင်္ဘော တင်ခကျသင့်ငွေ။

**tort (n)**တရားစွဲဆိုနိုင်သော မှားယွင်းမှု။ တရားမနစ်နာမှု၊ ကောက်ကျစ်ခြင်း မတရားပြုလုပ်ခြင်းအတွက် နစ်နာမှု။ လျော်ကြေးငွေသာ တောင်းဆိုနိုင်သော တရားမကြောင်းဆိုင်ရာနစ်နာမှု။ တရားမနစ်နာမှုသည် ပဋိညာဉ်ဖောက်ဖျက်မှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု သို့မဟုတ် ရာဇဝတ် မှုကျူးလွန်ခြင်းများနှင့် မတူပေ။

ဥပမာ မီးပုံးပျံစီး သူတစ်ဦးသည် ဦးဘ၏ခြံဝင်းအတွင်းသို့ ဆင်းသက်ရာ တွင်ကြည့်ရှုကြသူများက တိုးဝှေ့၍ ဦးဘ၏ခြံစည်းရိုးကို ချိုးဖောက်ဝင်ရောက်ကြသောကြောင့် ဦးဘ၏ ခြံစည်းရိုးပျက်စီးသွားသည့် ကိစ္စတွင်





မီးပုံးပျံစီးသူသည် ခြံစည်းရိုးပျက်စီးစေရန် အကြံမရှိသော်လည်း ပျက်စီးမှုအတွက် တရားမနစ် နာမှုအရ တရားစွဲဆိုခံရနိုင်သည်။

tort feasor--တရားမနစ်နာမှုကျူးလွန်သူ။

tortious --တရားမနစ်နာမှုမြောက်သော မတရားသော။

**torture (v)**--ကိုယ်ခန္ဓာ သို့မဟုတ်စိတ်ကို နှိပ်စက်ညှဉ်းပန်းသည်။

**total (adj)**--အလုံးစုံ၊ စုစုပေါင်းအပြည့်အဝ။

**total disability**-- အာမခံပဋိညာဉ်စာချုပ်များတွင် သုံးနှုန်းသောစကားလုံးဖြစ်သည်။ လုံးဝပျက်စီးဆုံးရှုံးခြင်း။ အလုပ်သမားတစ်ဦးသည် စိတ်ရောဂါရုပ်ခန္ဓာပါဆိုးရွားစွာပျက်စီးယိုယွင်းမှုကြောင့် မိမိ၏တာဝန်များကို မစွမ်းဆောင်နိုင်တော့ခြင်း။ အာမခံထားသော သင်္ဘောတစ်စီးလုံးဖြစ်စေ ကုန်များအားလုံးဖြစ်စေ ပျက်စီးဆုံးရှုံးသွားခြင်း။ ပိုင်ရှင်သည် အာမခံကုမ္ပဏီထံမှ အာမခံငွေကို ပြန်လည်ရပိုင်ခွင့်ရှိသည်။

**total loss**--အလုံးစုံပျက်စီးဆုံးရှုံးခြင်း။

**tout (n)**--အမှုပွဲစား၊နိုင်မည့်မြင်းကိုတစ်ပေးသူ၊ ဒလံ

**toxic substance**--အဆိပ်ရှိပစ္စည်း။

**toxicant (n)**--အဆိပ်၊ အဆိပ်ဖြစ်စေသော မည်သည့်အရာကိုမဆို။

**toxic waste**--အဆိပ်အတောက်ဖြစ်စေသော အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ။

**tract (n)** ကျယ်ပြန့်သောမြေကွက်။ ဝါဒရေးရာကြေငြာစာတမ်းငယ်။

**trade (n)** ကုန်သွယ်ရေး၊ ကုန်သွယ်ခြင်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း။ ဘာတာစနစ်ဖြင့်ကုန်ပစ္စည်းလဲလှယ်ခြင်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း။ စက်မှုလုပ်ငန်း၊ ကျွမ်းကျင်မှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း။

trade name--ဈေးကွက်တင်ရောင်းချသော ကုန်ပစ္စည်း၏အမည်။ ဥပမာ လန်းဆန်းခေါင်းကိုက်ပျောက်ဆေး၊ ၎င်းမှာ trade name ဖြစ်ပြီး chemical composition အနေဖြင့် paracetamol ပါဝင်ခြင်းဖြစ်သည်။

trade secret-- ကုန်သွယ်ရေးဆိုင်ရာလျှို့ဝှက်ချက်။ ယှဉ်ပြိုင်ဘက်ကုန်ထုတ်လုပ်သူများအပေါ် အသာစီးရစေရန်အတွက် မိမိ၏ထုတ်ကုန်တွင် ပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com



အမယ်များ၏အချိုး၊ ထုတ်လုပ်မှုတို့ကို လျှို့ဝှက်ထားပိုင်ခွင့်ရှိပြီး ပါဝင်သည့်ပစ္စည်း အမျိုးအမည် ထုတ်လုပ်သည့်နေ့၊ ကုန်ဆုံးသည့်နေ့များကို ဖော်ပြရမည်ဖြစ်သည်။

**trade disputes**--ဝါဏိဇ္ဇပဋိပက္ခမှု။

**trade union**-- အလုပ်သမားသမဂ္ဂ။

**trade mark (n)**--ကုန်သွယ်မှုဆိုင်ရာ အမှတ်တံဆိပ်။ စကားလုံး၊ စာပိုဒ်၊ ရုပ်ပုံ သို့မဟုတ်အခြားအမှတ်အသားကို ကုန်ထုတ်လုပ်ရာတွင် သို့မဟုတ် ကုန်များရောင်းချရာတွင် အခြားသူတို့ထုတ်လုပ်ရောင်းချသည့် ပစ္စည်းများနှင့် ကွဲပြားစေရန်တီထွင်ထားသော အမှတ်အသား။ အဓိကအချက်မှာ ထုတ်ကုန်၏ အရည်အသွေးကို အာမခံခြင်းဖြစ်သည်။

**tradition (n)**-- ဓလေ့ထုံးတမ်း၊ အစဉ်အလာ။

**traduce (v)** အတင်းပြောခြင်း။ သွားပုတ်လေလွင့်ပြောဆိုခြင်း။

**traffic (n)(v)** သယ်ယူပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်သည်။ ကူးသန်းရောင်းဝယ်သည် တရားမဝင်ကုန်ကူးခြင်း။ ဥပဒေနှင့် ဆန့်ကျင်သောရောင်းဝယ်မှု။

**traffic offences** ယာဉ်နှင့်စပ်လျဉ်းသော ပြစ်မှု။ အများပြည်သူသွားလာသော လမ်းများပေါ်တွင် မောင်းနှင်သည့်ယာဉ်များမှ ကျူးလွန်သောပြစ်မှုများ၊ ယာဉ်စည်း လမ်းစည်းကမ်းဖောက်ဖျက်ခြင်း။ အရက်သေစာသောက်စားမူးယစ်ပြီး ယာဉ်မောင်းခြင်း မကျွမ်းကျင်ခြင်းတို့ကြောင့် အခြားသူသေစေခြင်း ထိခိုက်ဒဏ်ရာရခြင်း ပစ္စည်းများဆုံးရှုံးမှုဖြစ်ပေါ်ခြင်း စသည့်ပြစ်မှုများ။

traffic control ယာဉ်ထိန်းခြင်း၊ ယာဉ်ထိန်းရဲမှယာဉ်ထိန်းခြင်း။

trafficking in persom လူကုန်ကူးခြင်း။

**transaction (n)** လုပ်ငန်းဆောင်ရွက်ခြင်း။

**transboundary crime** နယ်စပ်ဖြတ်ကျော်မှုခင်း။

**transcript**---လက်ရေးမှု။ နှုတ်ဖြင့်ပြောသော ထွက်ချက်ကို လက်ရေးဖြင့် ရေးသားခြင်း။

**transcribe**-ရေးကူးသည်၊ လက်နှိပ်စက်မိတ္တူ၊ အတိုချုပ်အမှိုပ်ပွါယ်ရေး သည်။

**transcription** ကူးရေးထားခြင်း။





**transfer (n)**-- တစ်ဦးတစ်ယောက်ကို နေရာတစ်ခုမှအခြား နေရာတစ်ခုသို့ ရွှေ့စေခြင်း။ ရောင်းချခြင်း ပေးကမ်းခြင်းဖြင့် လွှဲပြောင်းခြင်း။ မြေပိုင်ဆိုင်မှု အမည်လွှဲပြောင်းခြင်း တရားရုံးတစ်မှတစ်ရုံးသို့ အမှုလွှဲပြောင်းစစ်ဆေးခြင်း။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဥပဒေအရလွှဲပြောင်းခြင်း။ ထိုသို့လွှဲပြောင်းရာတွင် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းဖြင့်လည်းကောင်း၊ ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ ရပိုင်ခွင့်ကိုဥပဒေအရ လွှဲအပ်ခြင်းဖြင့်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို လွှဲပြောင်းနိုင်သည်။

**transfer of property act**-- ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ။

**transfer of shares**-- ရှယ်ယာများ၏ ပိုင်ဆိုင်မှုကိုလွှဲပြောင်းပေးခြင်း။

**transfer of payment**--အစိုးရကတစ်ဦးတစ်ယောက်သို့ ငွေပေးခြင်း။ ထိုသို့ငွေပေးခြင်းမှာထိုသူက နိုင်ငံတော်သို့ ပစ္စည်းများပေးသွင်းခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် မဟုတ်ဘဲ အလုပ်လက်မဲ့ဖြစ်နေ၍ အကျိုးခံစားခွင့်ပေးခြင်းဖြင့်လည်းကောင်း၊ ပင်စင်ခံစားငွေအဖြစ်လည်းကောင်း အထောက်အပံ့ဖြစ်စေရန် ပေးခြင်းဖြစ်သည်။

**transferable (adj)**--လွှဲပြောင်းနိုင်သော။

**transferee** လွှဲပြောင်းပေးခြင်းခံရသူ။

**transferor** ပစ္စည်း၏အကျိုးခံစားခွင့်များကို လွှဲပြောင်းပေးသူ။

**transient (adj)** ယာယီ။ အတည်တကျမဟုတ်သော။ တိုတောင်းသောအချိန်ကာလအတွင်းပျောက်ပျက်သွားသော။

**transient person** နယ်မြေဒေသအတွင်း ဥပဒေအရ တရားဝင်အခြေချနေထိုင်ခြင်း မဟုတ်သောသူ။

**transit (n)** ကုန်ပစ္စည်းများ သို့မဟုတ် ခရီးသည်များပို့ ဆောင်ရာတွင် ကြားစခန်း။ ကားပြောင်းစီးရန်၊ လေယာဉ်ပြောင်းစီးရန်ကြားစခန်း။

**transmit (v)** တစ်နေရာမှတစ်နေရာသို့ လူတစ်ဦးမှလူတစ်ဦးသို့ပေးပို့သည်။ လွှဲပြောင်းပေးသည်။ အသံလွှင့်ထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**transportation (n)**ကုန်များခရီးသည်များကို ပို့ဆောင်ခြင်း။ (ပြစ်မှု)
**transporation for life**– တစ်သက်တစ်ကျွန်းပြစ်ဒဏ်။ (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၇)

**trap (n)**ထောင်ချက်။ trap method ထောင်ခြောက်ဆင်၍ ဖမ်းဆီး ခြင်း။ (ဥပမာ လာဘ်တောင်းမှု မူးယစ်မှု)

**traverse (n)** အဆိုအချေများတွင် တစ်ဖက်အမှုသည်မှ တင်ပြသော အချက်များကို ငြင်းဆိုခြင်း။

general traverse--တစ်ဖက်မှစွတ်စွဲချက်အားလုံးကို ခြုံငုံမိအောင်ငြင်းဆိုခြင်း။

**traverser (n)** တစ်ဖက်မှစွတ်စွဲချက်ကို ငြင်းဆိုသူ။

**treachery (n)** သစ္စာဖောက်ခြင်း၊ ယုံကြည်မှုကိုဖောက်ဖျက်ခြင်း၊ ရန်သူကို အကူအညီပေးသည့်လုပ်ရပ်။

**treason (n)** နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု။ high treason နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း (ပုဒ်မ ၁၂၁)။ ဥပမာ။ အမေရိကန်နိုင်ငံသည် A နိုင်ငံနှင့်စစ်ဖက်ဖြစ်ပွားနေသည်။ အမေရိကန်နိုင်ငံသား လက်နက်ထုတ်လုပ်သူသည် B အဖွဲ့သို့ လက်နက်ရောင်းချရာတွင် B အဖွဲ့သည် A နိုင်ငံသို့ လက်နက်များလွှဲပြောင်းပေးမည်ကို သိလျက်နှင့် ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်လုပ်သူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ရာရောက်သည်။

**treasure trove** မြေအောက်ထဲတွင် မြှုပ်နေသော သို့မဟုတ် ပိုင်ရှင်မည်သူမှန်း မသိသော၊ မရှိသော နေအိမ်ထဲတွင်ရှိနေသော ရွှေ၊ ငွေ၊ ငွေစက္ကူ အဖိုးတန်ရတနာများ။ ၎င်းသည် lost property နှင့် ကွာခြားသည်။

(Treasure Trove Act, 1878; myanmar code vol x)

**treasury (n)** ဘဏ္ဍာတိုက်၊ ငွေတိုက်။

**treasury bill** ငွေတိုက်စာချုပ်များ (အစိုးရက ကာလတိုချေးငှားမှုအတွက် ထုတ်ဝေရောင်းချသည်။)

**treaty (n)** နှစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံထက်ပိုသော အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား မိမိတို့၏ ပြည်သူများအကျိုးငှာသဘောတူစာချုပ်ချုပ်ဆိုကြခြင်း။ နိုင်ငံတကာဆိုင်ရာစာချုပ် (ago)





**trespass** ကျော်နင်းမှု။

criminal trespass ပြစ်မှုမကင်းသော ကျော်နင်းမှု (ပြစ်မှုပုဒ်မ ၄၄၁)

house trespass အိမ်ကျော်နင်းမှု (ပြစ်မှုပုဒ်မ ၄၄၂)

lurking house trespass ပုန်းလျှိုးကျော်နင်းမှု (ပြစ်မှုပုဒ်မ ၄၄၃)

lurking house trespass by night ညဥ့်အချိန်ပုန်းလျှိုးကျော်နင်းမှု (ပြစ်မှုပုဒ် ၄၄)

**trespass vi et armis** (latin)( force and arm) ဥပဒေမဲ့လက်နက်ကိုင်ဆောင်ပြီး အင်အားသုံးကာကျူးကျော်ခြင်း။ ထိုသို့ ကျူးကျော်ခြင်းဖြင့် လူနှင့်ပစ္စည်းကို ထိခိုက်စေခြင်း။

**trespass ab initio** (latin)( trespass from the begining) ဥပဒေအရ ပေးထားသော အခွင့်အာဏာအရ ဥပစာအတွင်းသို့ ဝင်ရောက်ပြီးနောက် ဥပဒေနှင့်ဆန့်ကျင်၍ဆက်လက်နေခြင်း။ ဥပမာ တရားခံဖမ်းဆီးရန် သို့မဟုတ်ခိုးရာပါပစ္စည်း ရှာဖွေရန်ဝင်ရောက်ပြီး နောက်မှ ပေးထားသောအခွင့်အာဏာကို ကျော်လွန်သုံးစွဲခြင်း။

**trespasser (n)** ကျူးကျော်သူ။

**trial (n)**-အမှုအခင်းစစ်ဆေးခြင်း။

**trial court**---မူလပထမတရားစီရင်သော တရားရုံး။

**tribunal (n)**— အထူးတရားရုံး၊ ခုံရုံး၊ တရားခွင်။

**tripartite (adj)**--သုံးဦးချုပ်ဆိုသော။အပိုင်းသုံးပိုင်းရှိသော

**trivial (adj)**–အသေးအဖွဲဖြစ်သော၊ အရေးမပါလှသော။

**trover** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပိုင်ပစ္စည်းကို မတရားရယူသုံးစွဲ ခြင်းအတွက် ပိုင်ရှင်က နစ်နာကြေးတောင်းဆိုခြင်း။ အခြေခံအားဖြင့် တစ်ဦး တစ်ယောက်က ပစ္စည်းပျောက်ဆုံးသွားရာတွင် တွေ့ရှိသူက ၎င်း၏ကိုယ်ကျိုး အတွက် သုံးစွဲခြင်းအပေါ် တရားမနစ်နာမှုအရ လျော်ကြေးတောင်းခြင်းဖြစ်သည်။ သာမန်အားဖြင့် နစ်နာကြေးကို ပစ္စည်းတန်ဖိုးအပေါ်တွင် တွက်ချက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**true copy**—မိတ္တူမှန်။

**trust** ယုံကြည်စိတ်ချမှု။ တစ်ဦးနှင့်တစ်ဦးယုံကြည်မှုအပေါ် အခြေခံ၍ ပစ္စည်းတစ်ရပ်ရပ်ကို သို့မဟုတ်ပစ္စည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို ယုံကြည်အပ်နှံခြင်း။

**trustee (n)**--ယုံမှတ်အပ်နှံခြင်းခံရသူ၊ ဂေါပကလူကြီး။

**trustee in bankruptcy** လူမွဲဖြစ်သွားသူပိုင်ပစ္စည်းများကို လူမွဲ၏မြီရှင်များ အကျိုးအတွက် ထိန်းသိမ်းထားသူ။ လူမွဲပိုင်ပစ္စည်းများကို စာရင်းကောက်ယူပြီး ရောင်းချကာ မြီရှင်များအား တရားဝင်ခွဲဝေပေးရန် တာဝန်ရှိသည်။

**trusteeship (n)**--ကုလသမဂ္ဂကိုလိုနီဟောင်း နိုင်ငံငယ်လေးများကို စီမံအုပ်ချုပ်ခြင်း။

**turn coat (n)**--သစ္စာဖောက်၊ ဘက်ပြောင်းသူ။

turncoat witness တင်သွင်းသည့်ဘက်ကို ဆန့်ကျင်ထွက်ဆိုသည့် သက်သေ။

**turpis causa (latin)( a disreputable cause)** ဥပဒေနှင့်လည်း ဆန့်ကျင်ပြီး ကိုယ်ကျင့်တရားနှင့်လည်း မညီညွတ် သော အတိုးအစားနား (ATT)

**turpitute (n)**-- ဆိုးသွမ်းယုတ်မာခြင်း၊ စက်ဆုတ်ရွံ့ရှာဖွယ်ကောင်းခြင်း။

**tutelage (n)** အုပ်ထိန်းမှု။

**tycoon (n)** အောင်မြင်သော၊ ဩဇာရှိသောစီးပွားရေးလုပ်ငန်းရှင်။



# U

**uberrimae fidei** latin: of the utmost good faith. သဘောရိုးသက်သက် (ago)။ အစွမ်းကုန်ရိုးဖြောင့်ခြင်းသဘော။ ပဋိညာဉ်အဆင့်ကို ပြောရလျှင် ပဋိညာဉ်တွင်ပါဝင်သူ တစ်ဦးကအခြားတစ်ဖက်မှ ပါဝင်သူအား ချုပ်ဆိုသည့်အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ စပ်ဆိုင်သည့်အရေးပါသော အချက်များကို အခြေခံတာဝန်တစ်ရပ်နေဖြင့် ပွင့်ပွင့်လင်းလင်း ပြောကြားမှုပင်ဖြစ်သည်။ ထိုသို့ရိုးသားပွင့်လင်းစွာ မဖော်ပြပါက ပျက်ပြယ်နိုင်သော ပဋိညာဉ်ဖြစ်သွားမည်။ ဥပမာ အာမခံကုမ္ပဏီက အာမခံထားသူကို အာမခံနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း။

**UBI (latin:) where**--ဘယ်မှာလဲ။

**ubi supra (latin)** where stated above အထက်တစ်နေရာတွင် ဖော်ပြခဲ့သော။

**ubi quitous (adj)**--တချိန်တည်းနေရာအနှံ့အပြား၌ရှိနေသော နေရာတကာတွင် တွေ့ရသော။



www.burmeseclassic.com

www.burmeseclassic.com



**ubi jus ibi remedum** အကျိုးခံစားခွင့်တစ်ရပ်တည်ရှိနေလျှင် သက်သာခွင့်လည်းရှိရမည်ဖြစ်သည်။
that where a right exists there exists also a remedy.

**ukase (n)** နောက်ဆုံးကြေငြာချက် သို့မဟုတ်ဒိကရီ။ အဆိုပါ စကားလုံးသည် ရုရှားနိုင်ငံဇာဘုရင်လက်ထက်ပြဋ္ဌာန်း ကြေငြာသောအခါ အာဏာတည်သည့်အမိန့်။

**ultimate (adj)** အဆုံးစွန်သော၊ အမြင့်မားဆုံးသော။

**ultimate fact** တောင်းဆိုချက်သို့မဟုတ် ချေပချက်တွင် အရေးကြီးသောအချက်အလက်။ ဥပဒေအရ အပြီးသတ်အမိန့်ချမှတ်နိုင်ရန်အတွက် အရေးအပါဆုံးနှင့် အဆုံးအဖြတ်ပေးရမည့် အချက်များ။

**ultimatum (n)** နောက်ဆုံးရာဇသံ။ အပြီးအပြတ်ဖော်ပြသည့် ရည်ရွယ်ချက်။ အပြည်ပြည်ဆိုင်ရာဟာချုပ်များ၊ ပဋိညာဉ်များ၊ အလားတူစာချုပ်ညှိနှိုင်းရာတွင် နောက်ဆုံးနှင့်အတိအလင်းအဆိုပြုချက်ပြုလုပ်ခြင်း။

**ulterior intent** အခြားတစ်ပါးသော အာရုံစိုက်မှု။ ဥပမာသူခိုးတစ်ယောက်၏ လတ်တလော ဖြစ်နေသည့်စိတ်မှာ သူတစ်ပါး၏ ငွေကိုခိုးယူရန်ဖြစ်သည်သို့သော်အခြားအာရုံက (ulterior intent) အဆိုပါခိုးယူရရှိသော ငွေဖြင့်စားသောက်စရာများ ဝယ်ယူရန်ဖြစ်သည်။

**ultra vires (adj) (latin)**--မိမိကို အပ်နှင်းထားသောအာဏာ၊ လုပ်ပိုင်ခွင့်ထက်ပို၍သုံးသော၊ ကုမ္ပဏီတည်ထောင်စဉ်က တင်ပြရသည့် ၎င်းတို့၏ကြေငြာစာတမ်း သို့မဟုတ် ဥပဒေများတွင် အပ်နှင်းထားသော လုပ်ပိုင် ခွင့်ဘောင်ထက်ကျော်လွန်ပြီး ဒါရိုက်တာများက ဆောင်ရွက်ခြင်း။

**umpire (n)(v)** ခုံသမာဓိလူကြီး၊ ဒိုင်လူကြီး၊ ခုံသမာဓိလူကြီးများထံ တင်သွင်းသည့် အဆုံးအဖြတ်ခံယူ၍ ခုံသမာဓိလူကြီးများ သဘောတူညီမှု မရရှိပါက ဂုဏ်သရေရှိလူကြီးတစ်ဦးကို ခန့်အပ်ပြီး ၎င်းကကြားဝင်၍ အဆုံးအဖြတ်ရရှိရန်ဆောင်ရွက်ပေးရမည်သူ။ နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး။

**unanimous (adj)**--တညီတညွတ်တည်းဖြစ်သော၊ စိတ်ဝမ်းမကွဲသော (သဘော တူညီချက်)





**unauthorized(adj)**--ခွင့်ပြုချက်မရှိသော။ကုန်အမှတ်တံဆိပ်ကို ခွင့်ပြုချက်မရရှိဘဲ သုံးစွဲပါက (ကုန်အမှတ်တံဆိပ် ကြော်ငြာများတွင်ဤစာသားကိုသုံးလေ့ရှိသည်။)

**unavailability (n)**—သက်သေသည် သေဆုံးသွားလျှင်၊ ပျောက်ဆုံး နေလျှင် ဆင့်ခေါ်၍မရတော့လျှင် သို့မဟုတ် တရားရုံးကလာရောက်သက်သေ ခံရန် ကင်းလွတ်ခွင့်ပေးထားလျှင် အတည်မပြုနိုင်သောအခြေအနေ (သက်သေခံအက်ဥပဒေပုဒ်မ ၃၂ ကိုကြည့်ပါ)

**unavoidable accident** --မလွှဲမရှောင်သာဘဲ ဖြစ်ပွားရသော မတော်တဆမှု။ ဥပမာ လေပြင်းတိုက်ခတ်နေချိန် ကားမောင်းသွားစဉ်လမ်းဘေးမှသစ်ပင်လဲကျပြီး ကားပေါ်ပိသွား၍ ကားပေါ်ပါသူများ ဒဏ်ရာရသွားခြင်း။

**unbroken (adj)**--အဆက်မပြတ်ဖြစ်သော၊ တစ်ဆက်တည်းဖြစ်သော (ဆန့်ကျင်ဘက်လက်ရှိထားသူသည် တဆက်တစပ်တည်းလက်ရှိထားခြင်း။)

**uncertain (adj)**--မသေချာသော၊ ရိုးတိုးရိတ်တိတ်ဖြစ်သော၊ သံသယ ရှိသော
uncertainty (n)

**unclaimed (adj)**--မတောင်းဆိုတော့သော၊ ပိုင်ရှင်မပေါ်သော၊ မိမိနှင့်ဆိုင်ကြောင်းထုတ်ဖော်ခြင်းမရှိသော။

**unclaimed property**– ပိုင်ရှင်မဲ့ပစ္စည်း။

**unclean hands** --သာနာညီမျှမှုဆိုရိုးစကားတစ်ခုဖြစ်သည်။ တရားရုံး၏အကူအညီကို ရယူလိုသော သူသည်သန့်ရှင်းသော လက်ဖြင့်လာရောက်ရမည်။ တစ်နည်းအားဖြင့်ဆိုသော် မိမိ၏တောင်းဆိုမှုများသည် တစ်ဖက်သားအပေါ် ကျင့်ဝတ်သိက္ခာပျက်ယွင်းမှု မရှိခဲ့ကြောင်းဆိုလိုသည်။

**unconditonal discharge**--အကြောင်းခြင်းရာမှာ စည်းကမ်းချက်သတ်မှတ်ထားခြင်းမရှိဘဲ ပြီးဆုံးသွားခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ တစ်စုံတစ်ရာခံဝန်ချက်မပါဘဲ လွှတ်ပေးခြင်း။

**unconscionable (adj)**- ကျိုးကြောင်းမဆီလျော်သော သာတူညီမျှမှုမရှိသော. ဥပမာ အေးသည် ငှားဝယ်ရောင်းစနစ်ဖြင့် ဝယ်ယူထားသော မော်တော်ကားအတွက် လစဉ်အရစ်ကျပေးရန် ငွေအရေးတကြီးလိုအပ်နေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အေသည် ငွေရရှိရေးအတွက် ကုမ္ပဏီတစ်ခုတွင် အလွန်နည်းပါးသော ငွေကြေးဖြင့် ဝင်ရောက်လုပ်ကိုင်ရန် ပဋိညာဉ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ အဆိုပါ ပဋိညာဉ်သည် (unconscionable) ကျိုးကြောင်းမဆီလျော်သော ပဋိညာဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အေသည် ပဋိညာဉ်ချုပ်ဆိုစဉ်က ငွေကြေးအတွက် ဖိအားများခံစားနေရပြီး ကုမ္ပဏီသည် ထိုအကြောင်းပေါ်တွင် အခွင့်အရေးတစ်ရပ်ကိုအေထံမှ ရယူချုပ်ဆိုခဲ့သောကြောင့်ဖြစ်သည်။

**unconscionable bargain**--(catching bagain) မမျှတသော စည်းကမ်းချက်များထည့်သွင်းချုပ်ဆိုထားသည့် ပဋိညာဉ်။

**unconstituional (adj)**-- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သော သို့မဟုတ် ဝိရောဓိဖြစ်သော။

**under cover-agent**-- အသွင်ယူထားသောစုံထောက်။ ဥပမာ မူးယစ်ဆေးဝါးများရောင်းဝယ်နေကြောင်း သတင်းရ၍ စုံထောက်သည် မူးယစ်ဆေးဝါးဝယ်ယူသူအဖြစ် အသွင်ယူကာ ဝင်ရောက်ဖမ်းဆီးခြင်း။

**undersigned (n)**--စာချုပ်စာတမ်းများအဆုံးတွင် လက်မှတ်ရေးထိုး သူ။ ထိုသို့လက်မှတ်ရေးထိုးခြင်းဖြင့် စာချုပ်စာတမ်းပါ စည်းကမ်းချက်များကို သဘောတူရာရောက်သည်။

**understanding (n)**--နားလည်သဘောပေါက်ခြင်း။

**under submission**--တရားရုံးမှဆင်ခြင်စဉ်းစားသည်။

**under take**--တာဝန်ယူသည် တာဝန်ခံသည်။

**under taking** ကတိပြုခြင်း သဘောတူညီချက်၊ ဝန်ခံချက်၊ တာဝန်ယူခြင်း။

**under the influence**-- (driving while intoxicated) ယာဉ်မောင်းလေယာဉ်မောင်းများ အရက်နှင့်မူးယစ်ဆေးဝါးများသောက်စားပြီး ယာဉ်မောင်းနှင်ခြင်းဖြင့်ပြစ်မှုဖြစ်ခြင်း။ ထို့ကြောင့် မိမိကိုယ်ကိုလည်းကောင်း စိတ်ကိုလည်းကောင်းရှင်းလင်းစွာ ထိန်းချုပ်နိုင်ရန် သောက်စားခြင်းကို တားမြစ်ခြင်း။

**underwrite (v)** --ပစ္စည်းဆုံးရှုံးမှုမဖြစ်ပေါ်စေရန် အာမခံခြင်း။ ဥပမာ အေကုမ္ပဏီသည် နိုင်ငံဖြတ်ကျော်ပြီး မီးလောင်လွယ်သော ဓာတုဆေးရည်များကို ပို့ဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် လမ်းခရီးတွင် ပစ္စည်းဆုံးရှုံးမှုမဖြစ်ပေါ်





စေရန်အတွက် အာမခံကုမ္ပဏီတွင် အာမခံထားရာ အာမခံကုမ္ပဏီက စွန့်စားပြီး အာမခံလိုက်သည်။ အေကုမ္ပဏီက အာမခံကုမ္ပဏီတွင် အာမခံထားခြင်း။ (underwrite) အတွက် အာမခံကြေးများစွာ ပေးလိုက်ရသည်။

**under writer (n)**--အာမခံစာချုပ်များတွင် အာမခံသူအဖြစ် ပါဝင်ဆောင်ရွက်သူ။

**undisputed matter** အငြင်းမပွားသော အကြောင်းခြင်းရာ။

**undue (adj)**--အချိန်မစေ့ရောက်သေးသော၊ လက်ငင်းချေရန်မလိုသော။

undue influrence--မတရားသြဇာလွှမ်းမိုးခြင်း၊ မလျော်သြဇာသုံးခြင်း ပဋိညာဉ်ချုပ်ဆိုသူနှစ်ဦးနှစ်ဘက် ဆက်သွယ်ရာတွင် တစ်ဘက်ကအခြားတစ်ဘက်သူ၏ စိတ်ကိုလွှမ်းမိုးနိုင်သော အခြေအနေရှိ၍ ထိုအခြေအနေကို အသုံးပြု ကာ မလျော်သော အခွင့်အရေးကို ရယူပြီး မတရားအကျိုးခံစားမှုရစေရန် ချုပ်ဆိုစေခြင်းဖြစ်သည်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၆) ဥပမာ ဖခင်ဖြစ်သူသည် သားဖြစ်သူအရွယ်မရောက်သေးသူ အားငွေထုတ်ချေးခဲ့သည်။ သားဖြစ်သူ အရွယ်ရောက်လာသည့်အခါ ငွေချေးသည့်အပေါ် စာချုပ်ချုပ်ဆိုရာ တွင် အမှန်တကယ်ထုတ်ချေးငွေထက်ပိုပြီး ဖခင်၏သြဇာသုံးကာ သားဖြစ်သူကို လက်မှတ် ရေးထိုးစေသည်။ ဖခင်သည် မတရားသြဇာသုံးရာရောက်သည်။

**unencumbered (adj)** မည်သည့်တာဝန်မျှ သို့မဟုတ် မည်သည့် အနှောက်အယှက်မှ မရှိသော။

**unenforceable (adj)** (ပဋိညာဉ်)တရားဝင်သော်လည်း ဥပဒေအရ အတင်းအကြပ်လိုက်နာဆောင်ရွက်စေရန် မတတ်စွမ်းနိုင်ခြင်း (တရားရုံးရှေ့တွင် အတည်မပြုနိုင်ခြင်း) ဥပမာ ပဋိညာဉ်မှာ ပုံစံမကျခြင်း ကျသင့်သော တံဆိပ်ခေါင်းကပ်မထားခြင်း။

**unequivocal (adj)** ထင်ရှားပြတ်သားသော၊ ရှင်းလင်းတိကျသော အဓိပ္ပါယ်နှစ်ခုမထွက်သော။

**unfair competition** မတရားသော ယှဉ်ပြိုင်မှု။ ကုန်သွယ်ရေးလောက၊ စီးပွားရေးလောကတွင် မရိုးမဖြောင့်သော လိမ်လည်လှည့်ဖျားမှုများပါသော ယှဉ်ပြိုင်ခြင်း အခြားသူတစ်ဦးတစ်ယောက်ပိုင် ကုန်စည်များ ဝန်ဆောင်မှုများ၏



www.burmeseclassic.com

www.burmeseclassic.com



အမည်တံဆိပ် အခြားထင်ရှားသော အမှတ်အသားများကို စားသုံးသူများက ထင်ယောင်ထင်မှားဖြစ်စေရန် အတုပြုခြင်း၊ ဆင်တူယိုးမားပြုခြင်းဖြင့် မိမိထုတ်ကုန်ကို ရောင်းချခြင်း။

**unfit (adj)** ဆောင်ရွက်ချက်တစ်ခုအတွက် အသုံးချမှုတစ်မှုအတွက် မသင့်လျော်သော၊ အရည်အသွေးမပြည့်စုံသော၊ သုံးမရသော။ (ဝယ်သူက နမူနာနှင့်ကွဲလွဲ၍ အရည်အချင်းမမီသော ကုန်ပစ္စည်းများကို ရောင်းသူထံပြန်ပို့သည်။)

**uniform act** ပြည်နယ် တိုင်းမခွဲခြားဘဲ တပြေးညီကျင့်သုံးသော ဥပဒေ။ ဥပမာ ပြစ်မှုဆိုင်ရာဥပဒေ။

**unilateral (adj)** တစ်ဖက်သတ်ဖြစ်သော။

**unilateral contract** ပဋိညာဉ်တွင် တစ်ဘက်သောအမှုသည်က ကတိပေးခြင်း။ သို့မဟုတ် ဆောင်ရွက်မှုကို တာဝန်ယူခြင်း။

**union (n)** သမဂ္ဂ။ ပြည်ထောင်စု၊ ပေါင်းစည်းခြင်း။

**union shop** သမဂ္ဂအဖွဲ့ဝင်အလုပ်သမားများ အလုပ်လုပ်ကိုင်သည့်နေရာ သမဂ္ဂအဖွဲ့ဝင်မဟုတ်သည့် အလုပ်သမားများအနေဖြင့် ထိုနေရာတွင် အလုပ်လုပ်ကိုင်နိုင်ပြီး ၎င်းတို့အနေဖြင့် သမဂ္ဂတွင် ပါဝင်ရန်သဘောတူညီမှုရှိရန်လိုသည်။

**unit (n)**အခြေပြုသည့်အရာ၊ မူတည်သည့်အရာ။ ၎င်းကို ခွဲခြား၍မရပါ။ ဥပမာ ဆက်တီ settee တစ်စုံ။ ကုလားထိုင်တစ်လုံးချင်း ခွဲမရပါ။ ပြည်ထောင်စုအဖွဲ့ဝင်။(AGO)

**unity (n)**-သွေးစည်းညီညွတ်ခြင်း။

**unity of interest**--အားလုံးသောမြေငှားများ၏ အကျိုးစီးပွား လိုအပ်ချက်များသည်တူညီမှုရှိခြင်း။ (သက်တမ်းအသုံးပြုခြင်း)

**unity of possession** ပူးတွဲအိမ်ငှားတစ်ဦးခြင်းစီတွင် ပစ္စည်းအားလုံးပေါ်၌ ပိုင်ဆိုင်ခွင့်လက်ဝယ်ထားခွင့် အခွင့်အရေးအသီးသီးရှိသည်။

**unity of title**--ပူးတွဲအိမ်ငှားအားလုံးသည် စာချုပ်တစ်ရပ်တည်းပေါ်တွင် တူညီသော အကျိုးခံစားခွင့်များကိုရယူနိုင်သည်။ တူညီသောပိုင်ဆိုင်ခွင့် (AGO)

**unity of time**-- တစ်ချိန်တည်းမှာပင် ပူးတွဲအိမ်ငှားအားလုံး၏ အကျိုးစီးပွားသည် အတူတူရှိသည်။





**universal agent**--အကြီးအကဲဖြစ်သူ၏ စီးပွားရေးလုပ်ငန်းအားလုံး ကို ဆောင်ရွက်ပေးနိုင်သော ကိုယ်စားလှယ်။

**unjust (adj)**--တရားမျှတခြင်း မရှိသော။ တရားမျှတမှန်ကန်မှုကို ဆန့်ကျင်သော။

**unjust enrichment**--မတရားအမြတ်ထုတ်ခြင်း။ ဥပမာ အေသည် ဘီ၏နေအိမ်ပန်းခြံကို ပြုပြင်ပေးရန်အတွက် ပဋိညာဉ်တစ်ရပ်ပြုလုပ်ခဲ့သည်။ ဘီသည် အေသို့ငွေပေးချေခြင်း မပြုရသေးမီ သေဆုံးသွားသည် စီသည် ဘီ၏အိမ်ကို ဝယ်ယူခဲ့သည်။ စီသည် အေကို ပန်းခြံပြုပြင်ခပေးရမည်ဖြစ်သည်။ အကယ်၍ စီသည် အေသို့ ငွေမပေးပါက စီအနေဖြင့် အေအပေါ်တွင် မတရားအမြတ်ထုတ်ခြင်းဖြစ်ပြီး အေ၌ပန်းခြံပြုပြင်ခ ဆုံးရှုံးမည်ဖြစ်သည်။

**unlawful**--ဥပဒေနှင့်မညီညွတ်သော (ago)

**unlawful assembly**--ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး၊ ငါးဦးသို့မဟုတ် ငါးဦးထက်ပိုသောသူများသည် တူညီသောရည်ရွယ်ချက် တစ်ခုခုဖြင့် ဥပဒေကိုဆန့်ကျင်သော အစုအဝေး။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၁ မှ ၁၄၅)

**unlawful association**--မတရားအသင်း (အကြမ်းဖက်မှုကိုဖြစ်စေ၊ ငြိမ်းချောက်မှုကိုဖြစ်စေ ကျူးလွန်ရန်အားပေးသည့် သို့မဟုတ် ကူညီသည့် အသင်း (သို့မဟုတ်)အသင်းဝင်များက အဆိုပါအပြုအမူများကို ကျူးလွန်လေ့ရှိသော အသင်းနှင့်နိုင်ငံတော်သမ္မတက မတရားအသင်းအဖြစ် ကြေငြာထားသော အသင်း။ (မတရားသင်းအက်ဥပဒေပုဒ်မ ၁၅ (၂)(က)နှင့်(ခ))

**unlawful detainer**--မရွှေ့မပြောင်းနိုင်သောပစ္စည်းအပေါ်တွင် မူလက ဥပဒေနှင့်အညီ ဝင်ရောက်ခဲ့ပြီး အိမ်ရှင်မြေရှင်က ဖယ်နိုင်းသည်အချိန်တွင် ငှားရမ်း ထားသည့်ဥပစာကို ပြန်လည်အပ်နှံခြင်း မပြုဘဲဆက်လက်နေထိုင်လက်ဝယ် ထားသူ။

**unlawful detention**-- မတရားချုပ်နှောင်ထားခြင်း။

**unlawful entry**-သူတစ်ပါးပိုင်ဥပစာပေါ်သို့ လိမ်လည်လှည့်ဖျား၍ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ ပိုင်ရှင်၏သဘောတူညီချက်မရရှိဘဲဝင်ရောက်ခြင်း။

**unlimited**--အကန့်အသတ်မရှိသော။



www.burmeseclassic.com

www.burmeseclassic.com



**unlimited compamy** ပေးရန်တာဝန်များကို ကန့်သတ်ချက်မရှိသော ကုမ္ပဏီ။

**unliquidated damages** နစ်နာကြေးအတွက် ကြိုတင်သတ်မှတ်ထားခြင်း မရှိဘဲ တရားသူကြီး၏ဆင်ခြင်တုံတရားအရ ချမှတ်ပေးသော နစ်နာကြေး။

**unnatural offence**--ဓမ္မတာနှင့်ဆန့်ကျင်သော ပြစ်မှု။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇)

**unnatural will**--သေတမ်းစာရေးသားသူက ၎င်းပိုင်ဆိုင်သော ပစ္စည်းများကို ဆွေမျိုးသားချင်းများသို့ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမရှိ ခွဲဝေမပေးဘဲ တစ်စိမ်းများသို့သာ ခွဲဝေပေးသော သေတမ်းစာ။

**unnatural death**--သဘာဝမဟုတ်သော သေဆုံးမှု (ago)

**unpaid seller**--ကုန်ဖိုးမရရှိသေးသော ကုန်ရောင်းသူ။ ၎င်းသည် (၁)ကုန်စည် ပိုင်ဆိုင်ခွင့်ကို ဝယ်သူသို့လွှဲပြောင်းပေးပြီးသော်လည်း လက်ဝယ်တွင် ကုန်စည်ရှိနေပါက သိမ်းယူထားပိုင်ခွင့်။ (၂) ကုန်စည်များတင်ပို့ဆဲ ဝယ်သူလူမွဲခံယူသွားပါက ပို့ဆောင်ခြင်းရပ်ဆိုင်း၍ ငွေအပြေပေးချေသည့် အချိန်အထိကုန်စည်များကို သိမ်းယူထားပိုင်ခွင့်။ (၃) ရောင်းသူလက်ဝယ်ရှိ ကုန်စည်များသည် ပျက်စီးလွယ်သော ကုန်များဖြစ်နေပါက အခြားသူသို့လွှဲပြောင်းရောင်းပိုင်ခွင့်။ (၄) ပိုင်ဆိုင်ခွင့်ကို ဝယ်သူသို့မလွှဲပေးရသေးလျှင် ကုန်စည်များကို လက်ရောက်မပေးဘဲထားပိုင်ခွင့်ရှိသည်။ (ကုန်ရောင်းကုန်ဝယ်ဥပဒေ ပုဒ်မ ၄၆)

**unreasonable (n)**---ယုတ္တိမရှိသော မသင့်လျော်သော၊ လွန်ကဲသော ထင်ရာစိုင်းသောလုပ်ရပ်။

**unresponsive answer** --သက်သေသည် မေးမြန်းသော မေးခွန်း နှင့် စပ်ဆိုင်ခြင်းမရှိသော အဖြေကိုတုံ့ပြန်ဖြေဆိုခြင်း။

**unreviewable (adj)**-- ဥပဒေအရပြန်လည်သုံးသပ်ရန် မဖြစ်နိုင်သော (အယူခံတွင် တောင်းဆိုချက်အပေါ် ပြန်လည်သုံးသပ်ရန်မဖြစ်နိုင်သော။ the claim is unreviewable on appeal)

**unsound mind**--- စိတ်မတည်ငြိမ်သူ၊ ရူးသွပ်သူ၊ စိတ်မနှံ့သူ၊ စိတ်ပေါ့သွတ်သော။





**unsworn evidence**--ကျမ်းမကျိန်ဘဲ ထွက်ဆိုသည့်ထွက်ချက် ဥပမာ ကိုယ်ဝန်ဆောင်၏ ထွက်ချက်။

**untainted evidence**-- အပြစ်ကင်းစင်သော သက်သေခံချက်။

**unwritten law**--ရေးဆွဲပြဋ္ဌာန်းထားခြင်း မရှိသောဥပဒေ၊ စီရင်ထုံးများအပေါ် အခြေခံသောဓလေ့ထုံးတမ်းဥပဒေ။

**uphold** ---ထောက်ခံအားပေးသည်၊ အတည်ပြုသည်။

**upset price**--လေလံပစ်ရာတွင်ဆွဲဝယ်သူများထဲမှ ပထမဆုံးပေးသောဈေး (နောက်ထပ်တိုးမြှင့် လေလံမဆွဲပါက ထိုပထမဆုံးပေးသော ဈေးမှာအတည်ဖြစ်သွားသည်။)

**usage of trade** --ကုန်သွယ်မှုလုပ်ငန်းတွင် ကာလကြာမြင့်ပြီးအားလုံး က လက်ခံကျင့်သုံးနေသော အလေ့အထ။

**use (n)** --(latin မှ ဆင်းသက်လာဖွယ်ရှိသော စကားလုံး opus, benefit) အသုံးချခြင်း၊ တစ်စုံတစ်ရာကို လုပ်ကိုင်ခြင်း။ အကျိုးခံစား ခြင်း (သို့မဟုတ်) အမြတ်။ အခြားသူတစ်ပါး ပိုင်မြေကို လက်ဝယ်ရရှိထား သူက အကျိုးခံစားခွင့်။

**usher (n)**--ဧည့်ကြို၊ တံခါးစောင့်၊ တရားရုံးအစောင့်။

**usual (adj)** ဖြစ်ရိုးဖြစ်စဉ်၊ ထုံးတမ်းစဉ်လာအတိုင်းဖြစ်သော။

**usual covenants** စာချုပ်စာတမ်းများတွင် ပါလေ့ရှိသော စည်းကမ်းချက်များ။

**usucaption**--အချိန်ကာလကြာမြင့်စွာ အသုံးပြုခဲ့ခြင်း။ သူတစ်ပါးပိုင်မြေကို မိမိမှာ ပိုင်ရှင်ဖြစ်သကဲ့သို့ လက်ရှိထားခြင်း။ သို့ရာတွင် ခွင့်ပြုချက်ဖြင့်ထားခြင်း သို့မဟုတ် ငှားရမ်းထားသော ဥပစာကို အချိန်ကြာမြင့်စွာ မိမိပိုင်ဥပစာကဲ့သို့ လက်ရှိထားခြင်းတို့သည် ပိုင်ရှင်ကိုဆန့်ကျင်ဘက်ပြုရာ မရောက်ပေ။

**usufruct**--အခြားသူပိုင်ပစ္စည်းကို အသုံးပြုခွင့် အကျိုးခံစားခွင့်။

**usufructuary mortgage**--အမြတ်အစွန်းအကျိုးခံစားခွင့်ပြုသည့် အပေါင်။ အပေါင်ခံသူအနေဖြင့် အပေါင်ပစ္စည်းပေါ်မှ ငှားရမ်းခနှင့်အမြတ် အစွန်းတို့ကို အတိုးအတွက်ဖြစ်စေ၊ ငွေရင်းအတွက်ဖြစ်စေ အချို့ကိုငွေရင်းနှင့် အချို့ကို အတိုးအတွက်ဖြစ်စေ ခံစားခွင့်ရှိခြင်း။

(ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(ဃ))



www.burmeseclassic.com

www.burmeseclassic.com



**usura maritima (lat)** ပင်လယ်ရေကြောင်းခရီးအပေါ်မှ ရရှိအပ်သော အကျိုးအမြတ်။

**usurpation (n)** အခြားသူ၏နေရာ၊ ရုံးနှင့်လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေမဲ့မတရားရယူခြင်းနှင့် ထိုသို့ရယူကြောင်းမှတ်ယူရခြင်း။ အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ ပြုမူခြင်း။ (ATT)

**usur (n)**--ငွေကိုအတိုးဖြင့် ချေးငှားခြင်း။ မမျှတသော နှုန်းထားဖြင့် ချေးငှားခြင်း အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးခြင်း။

**utility**--အရည်အချင်းရှိသော လုပ်ဆောင်ချက်တစ်ချို့သည် အဖွဲ့အစည်းကို အကျိုးဖြစ်ထွန်းစေသည်။

**utilization (n)**--အသုံးချခြင်း။

**utter (v)**-- ပြည့်စုံသော၊ လုံးဝပြည့်စုံသော၊ အလုံးစုံ။

**uttering**-- ထိခိုက်နစ်နာမှုဖြစ်စေရန်၊ လိမ်လည်လှည့်ဖျားရန်ရည်ရွယ်၍ တန်ဖိုးမရှိသော သို့မဟုတ် မှားယွင်းသော စာရွက်စာတမ်းများကို တင်ပြသည့်ပြစ်မှု။

**uxor (latin) wife** ဇနီးမယား။

**uxoricide**-- မိမိ၏ဇနီးမယားကိုသတ်သူ။



# V

**V- versus** ၏ အတိုကောက်စာလုံး (latin : against) VS ဟုလည်း ရေးလေ့ရှိသည်။ ဆန့်ကျင်ဘက်ဟု အဓိပ္ပါယ်ရသည်။ အမှုတွဲများတွင် A vs B ဟုရေးသည်။ Aနှင့် B အမှုရင်ဆိုင်နေသည်ကို ဖော်ပြခြင်းဖြစ်သည်။ ထို့အတူ Verb ၏ အတိုကောက်စာလုံးဖြစ်သည်။

**Vacant (adj)** လစ်လပ်နေသော လက်ရှိမဟုတ်သော vacant သည် လုံးဝလွတ်လပ်နေသောဟု အဓိပ္ပါယ်ကောက်ယူပြီး unoccupied မှာ လက်ရှိမဟုတ်သောဟု တရားရုံးကခွဲခြားအဓိပ္ပါယ်ကောက်သည်။ vacant possession အိမ်လွတ် မြေလွတ် လူနေထိုင်ခြင်းမရှိသော အိမ်မြေ။ စွန့်ပစ်ထားသော မြေ၊ အမွေ ဆက်ခံသူတောင်းဆိုသူမရှိသောမြေ။

**vacate (v)** ပိုင်ဆိုင်မှုကို စွန့်လွှတ်သည်။ လက်ဝယ်ရှိမှုကို စွန့်လွှတ်သည်။ ထွက်သွားသည်။ ထွက်ခွာသည်။ (အိမ်ငှား သည် ငှားရမ်းထားသော ဥပစာကို စွန့်လွှတ်သွားသည်။ ပယ်ဖျက်သည်။ ပျက်ပြယ်သည်။ စီရင်ချက်ကို တရားရုံးက ပယ်ဖျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**Vacation (n)** တရားရုံး၏ ပထမသက်တမ်းအဆုံးနှင့် နောက်သက်တမ်းအစ ကြားကာလ ထိုကာလအတွင်း တရားရုံးသည် ရုံးထိုင်စစ်ဆေးခြင်းမပြုပါ။ အင်္ဂလန်နိုင်ငံတွင် အားလပ်ရက်များတွင် ရုံးမထိုင်၍ တရားရုံးပိတ်ရက်များဖြစ်စေသည်။

**vagrancy (n)** နေအိမ်အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းမှု အတည်တကျ မရှိဘဲ တစ်နေရာမှ တစ်နေရာသို့ လေလွင့်သွားလာနေခြင်း။

**vagrant** (adj) (n) အိုးမဲ့အိမ်မဲ့ဖြစ်သော၊ နေထိုင်စရာ အတည်တကျမရှိ၊ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာနေသူ လေလွင့်တတ်သော။

**vagabond** (adj) အခြေအနေမဲ့သူ တောင်းစားသူ။

**Vague (adj)** မတိကျမရေရာသော၊ ပြတ်ပြတ်သားသားမရှိသော အဓိပ္ပါယ်မသဲကွဲသော။

**Vagueness** (n) အနက် အဓိပ္ပါယ်အကျယ်အဝန်းကို သေသေချာချာ မသိနိုင်သော။ The phrase within a reasonable time ဆိုလျှင် reasonable မှာ မည်သည့်ကာလအချိန် အတိုင်းအတာကို ဆိုလိုကြောင်း မသိနိုင်ခြင်း။

**Valid (adj)** တရားဝင်သော ဥပဒေအရ ပြည့်စုံသော ခိုင်မြဲသော (a valid contract တရားဝင်ပဋိညာဉ်) ထိုက်တန်သောရလာဒ် (ဤအမှုတွင် တင်ပြထားသော အကြောင်းအချက် များအပေါ် အခြေပြု၍ ဥပဒေနှင့်အညီ အမိန့်ချနိုင်ခြင်း။ This is a valid conclusion based on the facts presented in this case validate တရားဝင်ဖြစ်စေသည်။ (AGO)

**Valuable Securtiy** အာမခံအဖြစ် တင်ပြသည့် အဖိုးတန်စာရွက်စာတမ်း (ဥပမာအိမ်ဂရံ) valuable consideration အဖိုးစားနားသည် ဥပဒေအရ တရားဝင်ဖြစ်ခြင်း။ တစ်ဖက်လူအတွက် ငွေကြေးဖြင့် တိုင်းတာနိုင်သော အကျိုးအမြတ်ရရှိနိုင်သလို အခြားတစ်ဖက်တွင်လည်း ငွေကြေးဖြင့် တိုင်းတာနိုင်သော နစ်နာမှုတွင် တာဝန်ရှိစေခြင်း။

**Valuable paper** အဖိုးတန်စာရွက်စာတမ်းများ ဥပမာ - သေတမ်းစာ စတော့ လက်မှတ်များ

**Valuation (n)** အရာဝတ္ထုများကို တန်ဖိုးဖြတ်ခြင်း။





**Value (n)** တန်ဖိုး၊ တစ်စုံတစ်ရာကို ငွေဖြင့်တိုင်းသည့်တန်ဖိုး၊ value added ထပ်တိုးတန်ဖိုး၊ ထုတ်လုပ်မှုဖြစ်စဉ်တွင် လုပ်ငန်းအဆင့်တစ်ဆင့်စီက ထည့်သွင်းလိုက်သော ကုန်ကြမ်းအစိတ်အပိုင်းများအပေါ် ထပ်တိုး၊ ထပ်ဖြည့် ထပ်ပေါင်းလိုက်သောတန်ဖိုး။ value added tax (vat) အခြေခံထုတ်လုပ်မှု စားသုံးသူအဆင့်အထိ ပြောင်းလဲပါဝင်သော exchange point အဆင့်တစ်ခု ခြင်းတွင် ကောက်ခံသည့်အခွန်။ အဆင့်တစ်ခုခြင်း၏ အသားတင်ထုတ်ကုန် (ထပ်တိုးတန်ဖိုး) ပေါ်တွင် ကောက်ခံပါသည်။ ဤစနစ်သည် လက်ရှိသွယ်ဝိုက် ခွန်ထက်ပိုမြင့်သည်။ ကုန်ပစ္စည်းဝန်ဆောင်မှုအပေါ် စည်းကြပ်သည့် အခွန် တန်ဖိုးဖြည့်အခွန် AGO။

**value judgement** ပုဂ္ဂိုလ်စွဲဖြင့် အကဲဖြတ်ခြင်း၊ ဖြစ်သင့်သည်၊ ကောင်းသည်ဟု အငြင်းပွားဖွယ်မရှိအောင် တန်ဖိုးဖြတ်မှု။

**value policy** အာမခံကုမ္ပဏီက အာမခံထားသည့်ပစ္စည်းနှင့် စပ်လျဉ်း၍ ဆုံးရှုံးပါက မည်မျှပေးလျော်မည်ဟု တန်ဖိုးသတ်မှတ်ချုပ်ဆိုသော အာမခံ ပေါ်လစီ။ ထိုပေါ်လစီမှာ ပစ္စည်းတန်ဖိုး သက်သက်သာဖော်ပြခြင်းမဟုတ်ဘဲ အာမခံထားသည့် ငွေပမာဏကို ဖော်ပြသည့်အပြင် ထိုငွေပမာဏမှာလည်း ပစ္စည်းခန့်မှန်းတန်ဖိုးထက်မများသော ငွေဖြစ်ရပါမည်။ ဥပမာ ၁၀၀ ကျပ်တန် ပစ္စည်းကို ၉၀ ကျပ်ဖြင့် အာမခံထားလျှင် ဆုံးရှုံးပါက ၉၀ ကျပ်ပြန်လျော် ရန်ဖြစ်ပြီး ၉၀ ကျပ်မှာ ခန့်မှန်းတန်ဖိုးထက်မများသော ပမာဏဖြစ်သည်။

**vandalism (n)** ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ပုံပျက်ပန်းပျက်ဖြစ်အောင်ပြုခြင်း။ ကြိုတင်ကြံရွယ်၍ဖြစ်စေ အသိဉာဏ်အမြော်အမြင်နည်းပါး၍ဖြစ်စေ၊ ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ပစ္စည်းများကိုဖျက်ဆီးခြင်း၊ အထူးသဖြင့် အနုပညာ ဆိုင်ရာပစ္စည်းများကိုဖြစ်စေ၊ ဗိသုကာဆိုင်ရာပစ္စည်းများကိုဖြစ်စေ စာပေရတနာ ကျမ်းဂန်များကိုဖြစ်စေ ဖျက်ဆီးခြင်း vandal (latin : vandalus) vandals ဟု လူသိများသော ယဉ်ကျေးမှုပစ္စည်းများကို ဖျက်ဆီးသည့် ရှေးခေတ်ဂျာမန် မျိုးနွယ်။

**variance (n)** ဆန့်ကျင်မှုဖြစ်ခြင်း၊ ကွဲလွဲခြင်း၊ ထွက်ချက်နှစ်ခု သို့မဟုတ် စာရွက်စာတမ်းများသည် တူညီရမည်ဖြစ်ပါလျက် ၎င်းတို့ခြင်း ကွဲလွဲနေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခြားနားနေခြင်း။ fatal variance အကျိုးပျက်စီးစေသော ကွဲလွဲချက်၊ ဥပမာ A သည် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ B ကို ၎င်းထံပါဆယ်ထုတ်တင်ပို့ရာတွင် ပျက်စီးမှုအတွက် တရားစွဲဆိုသည်။ တရားခွင်သို့ရောက်သောအခါ ထွက်ချက်ပေးရာတွင် ၎င်းအနေဖြင့် ပါဆယ်ထုတ်ကို လက်ခံရရှိခြင်း မရှိကြောင်းထွက်ဆိုသည့် တိုင်စာတွင် ပါဆယ်ထုတ်ပျက်ဆီးကြောင်းနှင့် ရုံးရှေ့ထွက်ချက်တွင် ပါဆယ်ထုတ်လက်ခံရရှိခြင်း မရှိကြောင်း ကွဲလွဲစွာ တင်ပြခြင်းသည် fatal variance ဖြစ်သည်။ A ၏ စွဲဆိုမှုမှာ ဆန့်ကျင်ကွဲလွဲနေ၍ ပလပ်ခြင်းခံရနိုင်သည်။ ရှေ့နောက်မညီသော အဆိုလွှာ/အချေလွှာများ။

**venal (adj)** အာဏာရာထူးကို အသုံးပြု၍ ငွေရစေရန် ပြုလုပ်သော လာဘ်စားသော၊ လာဘ်လာဘမျှော်ကိုးသော။

**vend (v)** ငွေကြေး သို့မဟုတ် အခြားတန်ဖိုးရှိသောအရာအတွက် အခြားသူသို့ လွှဲပြောင်းပေးခြင်း၊ ကုန်အသေးအဖွဲရောင်းခြင်း၊ အိမ်ခြံမြေရောင်းဝယ်ရေးတွင် သုံးလေ့မရှိပါ။

**vendee (n)** ဝယ်ယူသူ vandor ရောင်းချသူ။ ၎င်းစာလုံးနှစ်လုံးသည် vend မှ ဆင်းသက်လာသော်လည်း မည်သည့်အရောင်းအဝယ် လုပ်ငန်းတွင်မဆို (အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းများအပါအဝင်) သုံးနှုန်းသည်။

**vendetta (n)** ဆွေစဉ်မျိုးဆက်မိသားစုများအချင်းချင်း ရန်ငြိုးဖြင့် သတ်ဖြတ်ကလဲ့စားချေခြင်း။

**venial (adj)** ခွင့်လွှတ်နိုင်သော

**vendor's lien** ရောင်းသူ၏အခွင့်အရေး

**venture (n)** ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွင် စွန့်စား၍ အမြတ်ထွက်အောင် ပြုလုပ်ခြင်း၊ ဖက်စပ်လုပ်ငန်းတွင်ပါဝင်မှု။

**venue (n)** (law french coming) အမှုစစ်ဆေးရာတွင် ဖြစ်နိုင်သော သင့်တော်သောနေရာ (အမှုဖြစ်အကြောင်းအရာပေါ်ပေါက်သောနေရာနှင့် တရားမကျင့်ထုံးဥပဒေပါ တရားစွဲဆိုရန် ခွင့်ပြုထားသောနေရာ)

**varacity (n)** မှန်ကန်မှု၊ တိကျမှု၊ ရိုးသားမှု၊ varacious (adj) မှန်ကန်သော တိကျခိုင်မာသော





**verbal (adj)** စကားလုံးများဖြင့် ပြဆိုသောစကားဖြင့်ပြဆိုသော။

**verdict (n)** အမှုတွဲရှိအကြောင်းခြင်းရာပြဿနာနှင့် စပ်လျဉ်း၍ ဂျူရီအဖွဲ့မှ တွေ့ရှိချက် သို့မဟုတ် ဆုံးဖြတ်ချက်။ ဂျူရီမပါသော အမှုများတွင် တရားသူကြီးက အမှုတွဲရှိ အငြင်းပွားချက်များကို ဆုံးဖြတ်ခြင်း။

**verification (n)** နိုတြီပဗ္ဗလစ်ကဲ့သို့သော တရားဝင်ခန့်အပ်ထားသော အရာရှိတွင် သို့မဟုတ် ကျမ်းသစ္စာကျိန်ဆိုခွင့်ကို ပြုလုပ်ပေးပိုင်ခွင့်ရှိသည့် အရာရှိရှေ့တွင် စာချုပ်စာတမ်းပေါ်ရှိ ရေးသားပါရှိသော အကြောင်းအချက်များသည် မှန်ကန်ကြောင်း ကြေငြာ၍၊ ကျမ်းကျိန်ဆို၍ပြုလုပ်ခြင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် (၆)နည်းဥပဒေ ၁၅ တွင် အဆိုအချေများ၏ နိဂုံးပိုင်း၌ အထက်ရေးသား တောင်းဆိုချေပသည့်အချက်များသည် မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးခြင်း။

**verity (n)** အဆိုပြုချက်မှန်ကန်ကြောင်း၊ တကယ်ရှိခြင်း။

**versus (prep)** ဆန့်ကျင်ဘက် နှင့် A vs B.

**vest (v)** အခွင့်အာဏာအပ်နှင်းသည်၊ တစ်ဦးတစ်ယောက်ကို ပစ္စည်းပိုင်ဆိုင်ခွင့်အားပေးအပ်သည်။ vested သတ်မှတ်ဆုံးရှုံးသည်။ တိုးပွားဖြစ်ထွန်းသည်။ အကြွင်းမဲ့ရရှိသည်။ အကြောင်းအားလျော်စွာရရှိခြင်းမဟုတ်။ ယေဘုယျအားဖြင့် တစ်စုံတစ်ရာအတွက် ရပိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်သည်၊ ဖြစ်ပျက်မှုပေါ်တွင် မတည်ဘဲ တိကျသောအနာဂါတ်အဖြစ်အပျက်ပေါ်တည်ရှိခြင်း နောင်အနာဂါတ်ကာလတွင် မလွဲမသွေပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိမည့် အခွင့်အရေး။

**vested in possession** လက်ရှိအချိန်တွင် လက်ဝယ်ပိုင်ဆိုင်အသုံးချနိုင်ခြင်း

**vested in ownership** ပြီးပြည့်စုံသောပိုင်ဆိုင်မှု။ အကြွင်းမဲ့ပိုင်ဆိုင်မှု

**vesting order** ဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ကို တရားရုံးက အမိန့်ချမှတ်ပေးခြင်း။

**veto (n)** (latin I for bid) ဗီတိုအာဏာသုံးသည်ဟု ပြောလေ့ရှိသည်။ တစ်ဘက်မှ တင်ပြလာသည့်အကြောင်းကို လုပ်ပိုင်ခွင့်အာဏာလက်ဝယ်ရှိသူက မကြိုက်လျှင် တစ်ချက်လွှတ်ပယ်ချခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**vex (v)** စိတ်အနှောက်အယှက်ဖြစ်စေသည်။ မငြိမ်မသက်ဖြစ်စေသည်။

**vexation (n)** အနှောက်အယှက်ဖြစ်ခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်း၊ အာဃာတထားခြင်း၊ မစွေရစိတ်ထားခြင်း၊ ရန်ငြိုးထားခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုဖြစ်စေခြင်း။

**vexatious suit** လုံလောက်သောအကြောင်း အချက်မရှိဘဲ သူတစ်ပါးကို အကျိုးယုတ်စေလိုသောသဘောဖြင့် လုပ်ကြံ၍ တရားစွဲဆိုခြင်း။

(ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၀။ တရားမကျင့်ထုံးဥပဒေအမိန့် ၆ နည်းဥပဒေ ၁၆။ အဆိုအချေပါ မလိုအပ်သော အနှောက်အယှက်ဖြစ်စေသော စသည့်အချက်များကို ထုတ်ပယ်စေခြင်း၊ ပြင်ဆင်ခြင်း striking out pleadings)

**viable (adj)** ရှင်သန်နိုင်သော၊ ရပ်တည်နိုင်ရန် လွတ်လပ်စွာ စွမ်းဆောင်နိုင်သော။

**vicarious (adj)** အခြားတစ်ဦးတစ်ယောက်အတွက် လူတစ်ဦးက ပြုလုပ်ဆောင်ရွက်ပေးခြင်း သို့မဟုတ် ခံစားရခြင်း၊ သွယ်ဝိုက်၍။ ကိုယ်စားလှယ်၊လက်ထောက်အကူ

**vice (n)** အကျင့်သီလပျက်ယွင်းခြင်း၊ စာရိတ္တယိုယွင်းခြင်း၊ **vice (prep)** နေရာတွင်၊ အခြားသူ၏ကိုယ်စား၊ ရှေ့ဆက် prefix အနေဖြင့်။ ၎င်းနောက်မှ ရာထူးရှင်ကိုဆက်ခံရန် ဥပမာ– vice chairman ဒုတိယဥက္ကဋ္ဌ။ ဥက္ကဋ္ဌမရှိလျှင် ဥက္ကဋ္ဌရာထူးကို ဆက်ခံရန် ဥက္ကဋ္ဌလုပ်ငန်းဆောင်ရွက်ခြင်းများကို ကူညီရန် အထောက်အကူပြုရန်။

**vice versa** (lat adv) အပြန်အလှန် အညီမညီ။

**vicinage** (law french - neighborhood) အိမ်နီးခြင်း၊ ပတ်ဝန်းကျင်၊ အနီးကပ် ဆုံး၊ ပြစ်မှုကျူးလွန်သည့်နေရာ သို့မဟုတ် အမှုစစ်ဆေးသည့်နေရာ။

**vicious (adj)** အကုသိုလ်ပြုသော၊ ဆိုးသွမ်းယုတ်မာသော

**vicious propensity** တိရစ္ဆာန် စိတ်ဝင်ရောက်ခြင်းဖြင့် လူ၊ ပစ္စည်းများ၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေခြင်း။





**victim (n)** ပြစ်မှု၊ တရားမနစ်နာမှု၊ အခြားမှားယွင်းစွာ လုပ်ဆောင်မှုကြောင့် တစ်ဦးတစ်ယောက်တွင် ထိခိုက်နစ်နာခြင်း။နစ်နာဆုံးရှုံးသူ

**vide (v)** latin ရည်ညွှန်းပြသောစကား၊ ရည်ညွှန်းချက်၊ videinfra အောက်မှာကြည့်ပါ။ vide supra အပေါ်မှာကြည့်ပါ။

**videlicet** (latin to wit; that is to say) ထိုအချက်မှာ ယင်းအချက်မှာ၊ ထိုအချက်ကို ဖော်ပြရမည်ဆိုသော် ဆိုလိုသည်။ ထိုဟာသည် (vid ဟု အတိုကောက်ရေးသည်။)

**vie (french life)** ယှဉ်ပြိုင်သည်၊ စိမ်ခေါ်သည်၊ အံတုသည်။

**view (n)** ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ (ခ) အရ တရားသူကြီးသည် မည်သည့်တရားစီရင်ရေးအဆင့်၌မဆို ပြစ်မှုကျူးလွန်သည်ဟု အဆိုရှိသောနေရာသို့ဖြစ်စေ၊ သက်သေခံချက်များအရ မှန်မမှန် အကဲဖြတ်ရန်အလို့ငှာ ကြည့်ရှုရန် လိုအပ်သည်ဟု ထင်မြင်သည့် အခြားနေရာသို့ဖြစ်စေ အမှုသည်များကို အကြောင်းကြားပြီး သွားရောက်စစ်ဆေးကြည့်ရှုနိုင်သည်။ ထို့အတူ တရားမမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆ နည်းဥပဒေ ၉ နှင့် ၁၀ အရ ဒေသဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုနိုင်သည်။

**vile (adj)** ရက်စရာ၊ ကြောက်စရာ၊ ရွံ့မုန်းစရာဖြစ်သော

**vinculo matrimoni** အိမ်ထောင်ရေးတာဝန်အရ

**vigilance (n)** နိုးကြားသတိထားနေခြင်း၊ စောင့်ကြည့်နေခြင်း၊ သတိရှိခြင်း၊ အဆင်သင့်ရှိခြင်း။

**vindicate (v)** မသင်္ကာဖြစ်ခြင်း၊ အပြစ်ရှာခြင်း၊ အပြစ်တင်ခြင်း၊ သံသယဝင်ခြင်းတို့မှ ရှင်းရှင်းလင်းလင်း အမှန်တရားဖြစ်ပေါ်လာခြင်း။

**vindictive damage** -- တရားလို၏ နစ်နာမှုအတွက် လျော်ကြေးငွေကို ပြစ်ဒဏ်အနေဖြင့် တရားခံအားပေးစေခြင်း exemplary damages နှင့် အလားတူသည်။ ရည်ရွယ်ချက်မှာ အလားတူပြစ်မှုကျူးလွန်သူများကို ကျူးလွန်မှုမရှိအောင် ပညာပေးရန်နှင့် ထိရောက်ဟန့်တားမှုရှိစေရန်ဖြစ်သည်။

**village tract** --ကျေးရွာအုပ်စု (AGO)



www.burmeseclassic.com

www.burmeseclassic.com



**villenage (n)** မြေကျွန်လယ်ကျွန်ဖြစ်ပြီး မြေရှင်ထံတွင် အခိုင်းအစေအဖြစ် မြေကို ရယူလုပ်ကိုင်သူ။ ၎င်းအနေဖြင့် မြေရှင်များအတွက် အလုပ်လုပ်ပေးရခြင်း၊ စစ်တိုက်ပေးရခြင်း၊ မြေရှင်လိုအပ်သမျှကို လုပ်ကိုင်ခြင်းဖြင့် ပြန်လည် အလုပ်အကျွေးပြုရသည်။

**violation (n)**– ဥပဒေကို ချိုးဖောက်ခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်း၊ တာဝန်နှင့်အခွင့်အရေးကို ချိုးဖောက်ခြင်း။

**violence (n)** အင်အားသုံး၍ အကြမ်းဖက်ခြင်း violent (adj) အကြမ်းဖက်သော အင်အားသုံးသော။

**vir (n) (lat) man** ---အရွယ်ရောက်လူကြီး၊ ယောကျ်ား၊ ခင်ပွန်း။

**vires (n)**----သဘာဝစွမ်းအား၊ စွမ်းအားစု။

**vir et uxor (latin )** ယောကျ်ားနှင့်မိန်းမဇနီးမောင်နှံ။

**visa (n)**---နိုင်ငံကူးလက်မှတ်တရားဝင်မှုကို အသိအမှတ်ပြုခြင်း။ နိုင်ငံ တွင် တာဝန်ရှိသူများက နိုင်ငံအတွင်းဝင်ရောက်ရန်ထုတ်ပေးခြင်း၊ စာရွက်စာတမ်းပေါ်တွင် အမှတ်အသားတံဆိပ်ရိုက်နှိပ်ခြင်းဖြင့် စစ်ဆေးပြီးအတည်ပြုထောက်ခံချက်ပေးခြင်း။ ဗီဇာ ပြည့်ဝင်ခွင့်လက်မှတ်။

**vis -a-vis (pre: french)**--မျက်နှာခြင်းဆိုင်တွေ့ဆုံခြင်း။ မြို့ရှင်များ အချင်းချင်းမျက်နှာခြင်းဆိုင် တွေ့ဆုံကြပြီး ဦးစားပေးအဆင့်ကို ဆုံးဖြတ်ခြင်း။

**vis major (latin: a greater force, a superior force)(act fo god)** ဘုရားသခင်၏အလိုတော်အတိုင်း သဘာဝဘေး အန္တရာယ်ကျရောက်ခြင်း လေမုန်တိုင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း ရေကြီးခြင်း၊ အလွန်ကြီးမားသော အင်အား။ မလွန်ဆန်နိုင်သော အင်အား။

**vitiate (v)**--အင်အားပျော့သွားသည်၊ ပျက်ပြယ်စေသည်၊ ယိုယွင်းပျက်ပြားစေသည်။

**viva voce (latin with living voice)**--နှုတ်ဖြင့်ဖြေကြားခြင်း၊ မဲပေးသည့်ကိစ္စတွင် မဲပြားများမပေးရဘဲ အသံဖြင့်မဲပေးခြင်း။ သက်သေကို စစ်ဆေးရာတွင် သက်သေကနှုတ်ဖြင့်ဖြေကြားခြင်း။ နှုတ်ဖြေစာမေးပွဲ။





**viz (abl: latin videlicet)**--ထိုအကြောင်းမှာ ပြောလိုသည်မှာ။ ဥပမာ တရားပြိုင်သည် မှားယွင်းစွာ ပြောဆိုဆောင်ရွက်ထားခြင်း။ ဆိုလိုသည်မှာ စုစုပေါင်း ဝင်ငွေကိုတလွဲဖော်ပြခြင်း။ ပိုင်ဆိုင်မှု တန်ဖိုးများကို အလွဲဖော်ပြခြင်း၊ ဇနီးဖြစ်သူ၏ လက်မှတ်ကိုအတုခိုးခြင်းဖြစ်သည်။

**voice print**--လူတစ်ဦးတစ်ယောက်၏ အသံကို အဆိုပါလူပြောဆိုခြင်း ရှိမရှိစက်မှ စစ်ဆေးရာတွင် မျဉ်းကွေးများ ခရုပတ်ခွေများဖြင့် ထွက်ပေါ်ခဲ့သည်။ အဆိုပါလူကိုယ်တိုင်ပြောဆိုချက် မှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်သည်။ ဥပမာ လက်ဗွေပုံစံကဲ့သို့။ voice print များသည် လူတစ်ဦးချင်းစီတွင် လက်ဗွေပုံစံကဲ့သို့ သီးခြားပုံစံရှိသည်ဟု ယူဆသည်။ မြန်မာနိုင်ငံတွင် ညဥ့်အချိန် အိမ်တွင်း မှောင်မိုက်နေခိုက် တရားခံကိုမမြင်ရဘဲ အသံကြားရုံဖြင့် ထိုသူဖြစ်ပါသည်ဟု စွတ်စွဲခြင်းကို ထောက်ခံသက်သေမရှိဘဲ ပြစ်မှုထင်ရှားမစီရင်နိုင်ပါ။ ခိုင်လုံသော အထောက်အထား မဖြစ်နိုင်ဟုဆိုသည်။

**voice recognition**--လူတစ်ဦးချင်းစီ၏ အသံများကို ခွဲခြားနိုင်သော လျှပ်စစ်ကရိယာတစ်ခု၏စွမ်းရည်။

**void (adj)**--ပျက်ပြယ်သော၊ ဥပဒေအရအကျိုးသက်ရောက်မှု မရှိသော အတည်ပြု၍မရသော void ab initio အစတည်းက ပျက်ပြယ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂(ဆ)အရ ဥပဒေအရ ဆောင်ရွက်စေခြင်းမပြုနိုင်သော သဘောတူညီချက်သည် ပျက်ပြယ်သည်။ ယင်းပဋိညာဉ်မျိုးသည် ပြုလုပ်စဉ်ကပင်ပျက်ပြယ်နေသောကြောင့် အမှန်မှာပဋိညာဉ်မရှိသေးဘဲ သဘောတူညီချက် အဆင့်၌သာရှိသေးသည်ဟု ယူဆရမည်။

**voidable**-- ပျက်ပြယ်နိုင်သောပဋိညာဉ်။ ပဋိညာဉ်၌ချို့ယွင်းချက်ရှိနေ၍ အတည်ပြုဆောင်ရွက်နိုင်ခွင့်ရှိသူသည် ပဋိညာဉ်ကိုဆောင်ရွက်ရန်ငြင်းဆိုနိုင်သည်။ သို့မဟုတ် ၎င်း၏ဆန္ဒအလျှောက်ပဋိညာဉ်ကို အတည်ပြုလိုက ပြုနိုင်သည်။

**voidance (n)** ပျက်ပြယ်စေခြင်း၊ ဖျက်သိမ်းခြင်း၊ ပျက်ပြယ်အောင်လုပ်ခြင်း။

**voir dire (law french- to speak the fruth)**သက်သေသည် ထွက်ချက်ပေးရန် အရည်အချင်းပြည့်မီမှုရှိမရှိ ပမာဏမေးခွန်းများ မေးမြန်း၍ စစ်ဆေးခြင်း၊ ဥပမာ ကလေးသက်သေ။ တစ်ခါတစ်ရံ စိတ်ဖောက်ပြန်မှု ဖြစ်ပေါ်တတ်သည့်သက်သေ။



www.burmeseclassic.com

www.burmeseclassic.com



**volenti non fit injurin** (latin)--အန္တရာယ်ရှိမှန်းသိလျက်နှင့်သဘောတူညီချက်အရ ပြုလုပ်မှုကြောင့် ဒဏ်ရာရရှိခဲ့လျှင်ပြုလုပ်သူတွင် အပြစ်မရှိ။ ဥပမာ အနေနှင့်ဘီတို့ လက်ဝှေ့ထိုး သတ်ရန် သဘောတူညီကြ၍ ရုံသွင်းပြသရာ အေမှဘီကို လက်သီးနှင့်ထိုးသတ် မှုကြောင့် ဘီသေဆုံးလျှင် အေတွင်အပြစ်မရှိ။

**volition (n)**--တစ်ခုခုကို ရွေးချယ်ရန်သို့မဟုတ် ဆုံးဖြတ်ရန်စွမ်းရည်။ ကိုယ်ပိုင်ဆန္ဒ။

**voluntary (adj)**--မိမိဆန္ဒအရ ပြင်ပပယောဂမပါဘဲပြုလုပ်ခြင်း။

**voluntary confession** တရားခံက မိမိဆန္ဒအလျောက်ပေးသော ဖြောင့်ချက်။ တရားခံကို သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်း မရှိဘဲ ၎င်း၏ဆန္ဒအလျောက် ပေးသောဖြောင့်ချက်။(သက်သေခံအက်ဥပဒေ ပုဒ်မ ၂၄)

**voluntary liquidation** ဆန္ဒအလျောက် ဖျက်သိမ်းခြင်း။ ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၁၁ မှ ၂၁၈ အထိကြည့်ပါ။

**volunteer (n)** စေတနာ့ဝန်ထမ်း၊ လုပ်အားပေးကူညီသူ။

**vote (n)**--ဆန္ဒမဲပြား၊ ဆန္ဒပေးခြင်း၊ မိမိဆန္ဒကိုမဲပြားပေးခြင်းဖြင့် ဖော်ထုတ်ခြင်း။

**voter (n)**--ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ။

**voting (n)**--အကြောင်းအချက်တစ်ရပ်ကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် ဆန္ဒမဲပေးခြင်း။

**vouch (v)**--(အခြားသူ)အတွက် ဖြေကြားရန်။ ပုဂ္ဂိုလ်ရေးအရ ထောက်ခံခြင်း။ တာဝန်ယူအာမခံခြင်း။

**voucher (n)**--ငွေရပြေစာ၊ ငွေပေးသည်ကို အတည်ပြုသည့်စာရွက်။

**vow (n)**--အဓိဋ္ဌာန်ပြုခြင်း။ သန္နိဋ္ဌာန်ချခြင်း၊ ကတိသစ္စာပြုခြင်း။

**voyeur (n)**--အခြားသူများ လိင်ကိစ္စဆောင်ရွက်နေမှုများကို တိတ်တဆိတ် ချောင်းကြည့်၍ ကျေနပ်မှုရရှိသူ။ အတွဲချောင်း။

**voyeurism (n)**--အခြားသူများ လိင်ဆက်ဆံမှု ပြုနေခြင်းကို ချောင်းကြည့်ပြီး ဆန္ဒပြည့်ဝစေတတ်သော အပြုအမူ။



# W

**wage(n)**အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် ဝန်ဆောင်မှုပြုလုပ်ပေးမှုကြောင့် ပေးရသောအခကြေးငွေ။၎င်းအခကြေးငွေသည် လုပ်ကိုင်သည့်အချိန်ပေါ်တွင်လည်းကောင်း၊ကုန်ထုတ်လုပ်မှုအပေါ်တွင်လည်းကောင်း အခြေခံသည်။ အခကြေးငွေ၊လုပ်ခ။

**wager(n)**မသေချာသေးသောအဖြစ်အပျက်တစ်ရပ်ရပ်အပေါ် မူတည်၍ ငွေသို့မဟုတ်အဖိုးစားနားဖြင့် ခွန်းစား၍ လောင်းကစားခြင်း။လောင်းခြင်း။ မသေချာသေးသောအဖြစ်အပျက်တစ်ရပ်ပေါ်ပေါက်ပါက ငွေသို့မဟုတ် ကတိပြုထားသော အဖိုးစားနားကို ပေးရန်ကတိထားခြင်းဖြစ်သည်။

**wagerer**--လောင်းကစားသူ

**wagering contract**--လောင်းကစားခြင်းပဋိညာဉ်။(AGO)တပ်အပ်သေချာမသိနိုင်သော အကြောင်းတစ်ခုခုကို အမှိပြု၍ဖြစ်မည်မဖြစ်မည် စသဖြင့် တစ်ဘက်မှအဆိုပြုရာတွင် အဆိုပြုသည့် အတိုင်းဖြစ်လျှင် ကျန်တစ်ဖက် က ငွေဖြစ်စေ ငွေတန်ဖိုးကိုဖြစ်စေ ပေးရ၍မဖြစ်လျှင် အဆိုပြုသူက ကျန်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို ငွေဖြစ်စေ၊ပစ္စည်းတန်ဖိုးဖြစ်စေ ပေးရန်နှစ်ဖက်သဘောတူခြင်းမျိုးဖြစ်သည်။ အရှုံးအနိုင်အပေါ် မူတည်၍ ငွေရလိုမှုအတွက်မျှသာသဘောတူညီချက်မျိုးဖြစ်သည်။ ၎င်းပဋိညာဉ်မျိုးမှာ တရားမဝင်ပျက်ပြယ်သည်။ လောင်းကစားမှုတွင် အနိုင်ရသောငွေပစ္စည်းကို ရလိုကြောင်းတရားစွဲဆို၍မရနိုင်။ (ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၃၀)

**waif (n)**--သူခိုးက ထွက်ပြေးစဉ် ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့၍ ခိုးရာပါပစ္စည်းကို လွှင့်ပစ်ခဲ့ခြင်း။ ခိုးရာပါပစ္စည်းသိမ်းဆည်းရမိပြီး ပိုင်ရှင်က တောင်းဆိုခြင်း မပြုသေးမီနိုင်ငံတော်၏ လက်ဝယ်တွင်ထားရှိရမည်။ ပိုင်ရှင်က ၎င်း၏ပစ္စည်းဖြစ်ကြောင်း သက်သေပြနိုင်လျှင် ပြန်လည်ရယူပိုင်ခွင့်ရှိသည်။ ခိုးကိုးရာမဲ့ကလေး။ ပိုင်ရှင်မဲ့တိရစ္ဆာန်။

**waive (v)**အခွင့်အရေးကို စွန့်လွှတ်သည်၊ ရပိုင်ခွင့်တောင်းဆိုပိုင်ခွင့် ကို ဆက်လက်မဆောင်ရွက်ဘဲ စွန့်လွှတ်ခြင်း။သက်သေစာရင်းမှပယ်ဖျက်သည်။

**waiver (n)**ဥပဒေအရ အကျိုးခံစားခွင့်ရပိုင်ခွင့်ကို အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်ခြင်းဖြင့်ဖြစ်စေ မိမိ၏ဆန္ဒအလျောက်စွန့်လွှတ်သူ သို့မဟုတ် နောက်ပြန်ဆုတ်မှုပြုလုပ်သူ။ (variation of a contract) ပဋိညာဉ်တစ်ခု၏ အပြောင်းအလဲ။

**waiver of tort** အခြားသောကုစားမှုများကို ထောက်ထား၍တရားမနစ်နာမှုအတွက် လျော်ကြေးရရှိရန် တရားစွဲဆိုခြင်းကို စွန့်လွှတ်ခြင်း။

**walk (v) slang** လွတ်မြောက်ခြင်း။ တရားသေလွတ်ခြင်း။ (ခိုးမှုသုံးခုဖြင့်စွဲချက်တင်ထားသော်လည်း အကြိမ်တိုင်းလွတ်မြောက်သွားခြင်း (walked each time)

**wanton (adj)** အလွန်ပေါ့ဆသော၊ ဂရုမစိုက်သော။

**ward (n)** မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို သာမန်လူတစ်ဦး ကဲ့သို့ မစွမ်းဆောင်နိုင်သောကြောင့် ဥပဒေအရအုပ်ထိန်းခြင်းခံရသူ။ မစွမ်းဆောင်နိုင်သူ၏ ခန္ဓာကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းနိုင်ရန် အုပ်ထိန်းသူတစ်ဦးခန့်အပ်ရမည်။





မြို့တစ်မြို့တွင် ပညာရေးအုပ်ချုပ်ရေး မဲဆန္ဒနယ်ပယ်သတ်မှတ် နိုင်ရေးအတွက် ဒေသများပိုင်းခြားထားခြင်း (ရပ်ကွက်/ကျေးရွာအုပ်စုစသဖြင့်)

**warden (n)** အုပ်ထိန်းသူ၊ ကာကွယ်စောင့်ရှောက်သူ၊ အဆောင်မှူး။

**ward ship (n)** အရွယ်မရောက်သေးသူအား အုပ်ထိန်းစောင့်ရှောက်ခြင်း။

**ware house (n)** သွင်းကုန်များကို လက်ခံထားသော သိုလှောင်ရုံ။ ကုမ္ပဏီ၏လက်ကျန်ပစ္စည်းများ သိုမှီထားရာအဆောက်အအုံ။

**ware house receipt** သိုလှောင်ရုံမှူးက ၎င်း၏သိုလှောင်ရုံတွင် ကုန်များကိုလက်ခံထားကြောင်း အထောက်အထားအဖြစ် ထုတ်ပေးသော လက်မှတ်။ ၎င်းလက်မှတ်သည် ပါဝင်သည့်စည်းကမ်းချက်များပေါ်မူတည်၍ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်ရပ်ဖြစ်သည်။

**warning of a caveat** တားမြစ်မိန့်ထုတ်ပေးရန် လျှောက်ထားသူအား တရားရုံးတွင် လိုအပ်သည်များကို တင်ပြရန်တရားရုံးက ဆင့်ခေါ်သည့်အကြောင်းကြားစာ၊ နို့တစ်စာ။

**warrant (n)** အမိန့်စာ၊ ဝရမ်းစာ။ တရားရုံးကပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဖမ်းဆီးရန်ထုတ်ပြန်သည့်အမိန့်။ ရှယ်ယာသို့မဟုတ် ဘွန်း(စာချုပ်)တစ်ခုကို သတ်မှတ်ထားသောအချိန်အတွင်း သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူခွင့်ကိုပေးသော စာရွက်စာတမ်း။

**warrant of arrest** တရားခံ သို့မဟုတ် တရားရုံးအား ဖမ်းဆီးရန် ဝရမ်း။ဖမ်းဝရမ်း။

**warrant of attorney** တရားပြိုင်က ရှေ့နေတစ်ဦးဦးကို ၎င်း၏ကိုယ်စား တရားရုံးသို့သွားရောက်ရန်နှင့် တရားရုံးမှအမိန့်ချမှတ်သည်ကို ရယူရန်စာဖြင့်ရေးသားခွင့်ပြုချက်ပေးခြင်း။ ထိုပြင်တရားပြိုင်အနေဖြင့် တရားရုံး၏ဆောင်ရွက်ချက်အပေါ်ဝန်ခံမည်/လက်ခံမည်ဖြစ်ကြောင်း ရှေ့နေအားပေးဆပ်သည့် ကိုယ်စားလှယ်လွှဲစာ။

**warrant case** ဝရမ်းမှု။ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ခြောက်လထက်ပိုသော ထောင်ဒဏ်ထိုက်သောအမှု။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄ (ဓ)



www.burmeseclassic.com

www.burmeseclassic.com



**warrant trial** ဝါရမ်းမှုများအားစစ်ဆေးနည်း။

**warrant of attachment** ပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းစွဲကပ်ရန် ထုတ်ပေးသည့်ဝါရမ်းစာ။

**warrantee (n)** အာမခံခြင်း။ ရောင်းချသည့်ပစ္စည်းမှာ မှန်ကန်ကြောင်း အာမခံချက်။

**warrantor** ပစ္စည်းမှန်ကန်ကြောင်း အာမခံသူ၊ အာမခံချက်ပေးသူ။

**warranty** ကုန်ပစ္စည်းရောင်းချသူက ပေးသောအာမခံချက်။ ၎င်းရောင်းချသောပစ္စည်းသည် ကတိပေးထားသည့် အတိုင်းတည်ရှိနေမည်ဖြစ်ကြောင်း သတ်မှတ်သက်တမ်းကာလအတွင်း (ဝယ်ယူသုံးစွဲသူ၏ အပြစ်ကြောင့်မဟုတ်လျှင်) အစားပေးလျော်မည်ဖြစ်ကြောင်း အခမဲ့ပြုပြင်ပေးမည်ဖြစ်ကြောင်း အာမခံချက်။ ရေကြောင်းအာမခံတွင် ပင်လယ်ကူးသင်္ဘောသည် ပင်လယ်ပြင်တွင် သွားလာနိုင်ရန် ကြံ့ခိုင်မှုရှိကြောင်း အာမခံခြင်း။

**waste (n) (adj)** ပျက်စီးဆုံးရှုံးစေခြင်း။ အနာဂါတ်တွင် မြေကိုပိုင်ဆိုင်အကျိုးခံစားခွင့်ကို မျှော်လင့်လျက် အိမ်ခြံသစ်ပင်အစရှိသည်များကို ငှားရမ်းထားသူက တန်ဖိုးကျအောင် ပျက်စီးစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။ waste ကို (၁)ဥပဒေနှင့်အညီပြုလုပ်ခွင့်ရှိသော ပြုမူချက်များနှင့် (၂) သာနာညီမျှမှုတရားနှင့် ဆန့်ကျင်ပြုလုပ်ခြင်းဟူ၍ နှစ်မျိုးခွဲထားသည်။ ဥပဒေနှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသောပြုမူချက်များကို (က) မိမိသဘောအလျောက်ပြုလုပ်ခြင်း (ခ) ခွင့်ပြုချက်နှင့်အညီ ပြုလုပ်ခြင်းဟူ၍ ထပ်မံခွဲခြားထားသည်။ သာနာညီမျှမှုတရားနှင့် ဆန့်ကျင်ပြုလုပ်ခြင်းမှာ ငှားရမ်းနေထိုင်သူအပြောင်းအလဲများ ပြုလုပ်ခြင်းအားဖြင့် ငှားရမ်းထားသည့် ပစ္စည်းကိုအလွန်အကျွံပျက်စီးစေခြင်း။

**water right** သဘာဝချောင်းရေ၊ မြစ်ရေလယ်ယာစိုက်ပျိုးရေးအတွက် ပြုလုပ်ထားသော ဆည်ရေမြောင်းတို့မှ စွမ်းအင်နှင့်အိမ်တွင်းလိုအပ်ချက် (သောက်ရေချိုးရေ၊ ချက်ပြုတ်ရန်ရေစသည်) များကို အသုံးပိုင်ခွင့်။

**water course** မိမိမြေပေါ်မှ ဖြတ်၍ရေကိုစီးဆင်းခွင့်။ သို့ရာတွင် စနစ်တကျ ဘောင်များ၊ ကမ်းပါးများပြုလုပ်၍ စီးဆင်းစေခြင်း။





**watered stock** --ကော်ပိုရေးရှင်း၏စတော့ရှယ်ယာများကို ဈေးကွက်ပေါက်ဈေးထက်ပိုသော နှုန်းဖြင့်ထုတ်ဝေခြင်း။ ထိုစတော့များ၏ အမှန်တကယ်တန်ဖိုးကို ကုမ္ပဏီသည် ကုမ္ပဏီစာရင်းစာအုပ်များတွင် လျှော့ပြခြင်း။

**waveson**--သင်္ဘောပျက်စီးပြီး ပင်လယ်ပြင်တွင် မျောပါနေသော ပစ္စည်းများ

**way (n)**--လမ်းပန်း၊ ခရီး။

right of way ဖြတ်သန်းသွားလာခွင့်၊ အခြားသူပိုင်မြေကွက်ပေါ်မှ ဖြတ်သန်းသွားလာခွင့်။

private way သူတစ်ပါးပိုင်မြေပေါ်တွင် ပုဂ္ဂလိကဖြတ်သန်းသွားလာခွင့်။ (မြေကွက်ကြီး၏ နောက်ဖက်အခြမ်းကို ခွဲခြားရောင်းချရာတွင်၊ ထိုမြေပေါ်သို့ အဝင်အထွက်ပြုနိုင်ရန် ရှေ့မြေကွက်မှ လမ်းပေးရပြီး၊ ထိုလမ်းကို အနောက်ဖက်မြေကွက်နေသူက အသုံးပြုခွင့်ရသည်။

**way of necessity**--လိုအပ်ချိန်တွင် မဖြစ်မနေဖြတ်သန်းသွားလာမှ ရမည်ဖြစ်၍ တစ်ပါးမြေပေါ်မှခွင့်ပြုထားသော ဖြတ်သန်းသွားလာခွင့်။ (လိုအပ် ချိန်မှသာ ထိုအခွင့်အရေးကိုခံစားခွင့်ရှိသည်။)

**weapon (n)--သူတစ်ပါးအား**နာကျင်စေရန် သေစေရန်အသုံးပြုသည့် အရာဥပမာ သေနတ်၊ ဓါး။ **dangerous weapon** ဘေးဖြစ်စေတတ်သော လက်နက်ပြစ်မှု ပုဒ်မ၃၂၄/၃၂၆၊ **deadly weapon** သေစေတန်ရာသော လက်နက်။

**wear and tear** --သာမန်အသုံးပြုခြင်းအားဖြင့် အထိုက်အလျောက်ဟောင်းနွမ်းပျက်စီးမှု။ အိမ်ငှားစာချုပ်ချုပ်ဆိုရာတွင် ဥပစာပြန်အပ်နှံသည့်အခါ မူလအခြေအနေအတိုင်း ငှားရမ်းသူကပြန်အပ်ရန်တာဝန်ရှိသော်လည်း အထိုက်အလျောက်ဟောင်းနွမ်းပျက်စီးမှုကို မူလက်ခံရစမြဲဖြစ်သည်။

**weight of the evidence**--ပြစ်မှုတွင်ဖြစ်စေ တရားမမှုတွင်ဖြစ်စေ နှစ်ဘက်သက်သေများအပြိုင် သက်သေပြကြရာတွင် တစ်ဖက်က အခြားတစ်ဖက်ထက်သက်သေခံ အထောက်အထား ပိုမိုခိုင်မာမှု အလေးသာမှု။

**welfare (n)**--သက်သာချောင်ချိရေး။

**wharf (n)**--သင်္ဘောဆိပ်ခံတံတား၊ ကုန်တင်ကုန်ချပြုလုပ်ရာတံတား။



www.burmeseclassic.com

www.burmeseclassic.com



**whereas (conj)**--သော်လည်း။ (A သည် ၁၀း၀၈ တွင် အစိမ်းရောင်ဦးထုပ်ဆောင်းလျက် ရပ်နေသော်လည်း (whereas) သက်သေက A သည် ၁၀း၀၄ တွင် ထီးဆောင်းထားသည်ဟု ထွက်ဆိုခဲ့ခြင်း) စာချုပ်စာတမ်းများတွင် whereas ဟု နိဒါန်းမျိုးရေးတတ်သော်လည်း ယခုအခါ recitals သို့မဟုတ် preamble ဟု ရေးလေ့ရှိလာသည်။ whereas စာလုံးကို ဖယ်ထားလေ့ရှိသည်။

**white collar crime** အကြမ်းဖက်မှု ရန်ရင်းဆန့်ခတ်မှု မပါသောပြစ်မှု။ စီးပွားရေးလောကတွင် လိမ်လည်ခြင်း၊ မရိုးမဖြောင့်ပြုခြင်း ဖြစ်ပေါ်လာသော ပြစ်မှု။ ဥပမာ ဘဏ်ဒါရိုက်တာများအဖွဲ့က ၎င်းတို့၏ မိတ်ဆွေများနှင့် စည်းဝါးရိုက်ပြီး ဘဏ်မှနေ၍ ငွေတန်ဖိုးများစွာကို ထုတ်ချေးခဲ့သည်။ ငွေချေးသူများကလည်း နာမည်အတုများ လုပ်ငန်းအတုများဖြင့် ငွေများချေးယူကြသည်။ ဘဏ်ချေးငွေများ ပြန်မဆပ်သည့်အခါ ၎င်းတို့ကို လိုက်လံမရှာတွေ့နိုင်အောင်ဖြစ်သည်။ ဒါရိုက်တာအဖွဲ့မှ ချေးငွေများကို အတည်ပြုပြီး ငွေများမှာ ဘဏ်ဒါရိုက်တာများနှင့် ၎င်းတို့၏ မိတ်ဆွေများအကြားပြန်နှံ့ကုန်သည် ဤဖြစ်စဉ်မှာ white collar crime ဖြစ်ပြီး ပါဝင်ပတ်သက်သူများသည် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။

**white slave traffic act** (mann act) မိန်းမများနှင့် မိန်းကလေး များကို တနယ်မှတစ်နယ်သို့လည်းကောင်း နိုင်ငံရပ်ခြားတွင် ပြည့်တန်ဆာအဖြစ် ခိုင်းစားရန်လည်းကောင်း ပို့ဆောင်ခြင်း (မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ။ ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။)

**whole saler** လက္ကားရောင်းဝယ်ခြင်း။ ကုန်ထုတ်လုပ်သူထံမှ ကုန်များကို အများအပြားဝယ်ယူပြီး စားသုံးသူများထံ တစ်ဆင့်ပြန်လည် ရောင်းချနိုင်ရန် လက်လီရောင်းဝယ်သူများအား ခွဲဝေဖြန့်ဖြူးရောင်းချခြင်း။

**whole blood** ဖအေတူ မအေတူမှ မွေးဖွားလာသော ညီအစ်ကိုမောင်နှမ အရင်းများ။

**whore** ပြည့်တန်ဆာအမျိုးသမီး။





**will**--လူတစ်ဦးတစ်ယောက်က ၎င်းကွယ်လွန်သည့်အခါ ၎င်းပိုင်ပစ္စည်း များကို မည်သို့မည်ပုံခွဲဝေပေးရန် ညွှန်ကြားခဲ့သော သေတမ်းစာ။ သေတမ်းစာကိုစာဖြင့်ရေးသားပြီး သက်သေနှစ်ဦးက လက်မှတ်ရေးထိုးရန်လိုသည်။

**willful (adj)**--မတော်တဆဖြစ်ခြင်း မဟုတ်။ တမင်တကာပြုလုပ်သော ကိစ္စ။ ၎င်းစာလုံးကို wilful ဟုလည်း ရေးတတ်သည်။ ကြိုတင်ကြံရွယ်သော။

**winding up**--ကော်ပိုရေးရှင်း၊ အစုစပ်၊ ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ရပိုင်ခွင့်များကို စုစည်း၍စရိတ်များကို ပေးချေခြင်း။ မြီရှင်များ၏ တောင်းဆိုချက်ကြွေးများကို ပြေလည်စေခြင်း။ လက်ကျန်ရပိုင်ခွင့်များကို ခွဲဝေပေးခြင်း၊ ဖျက်သိမ်းရာတွင် အစုရှယ်ယာဝင်များကို ဦးစားပေးအဆင့်အလိုက် ငွေဖြင့်လည်းကောင်း ပစ္စည်းဖြင့်လည်းကောင်း ခွဲဝေပေးခြင်း။ (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အခန်း ၅ ကြည့်ပါ)

**wire tapping (n)**--အီလက်ထရောနစ်ပစ္စည်း သို့မဟုတ် စက်ကိရိယာကို သုံး၍ချောင်းပြီး နားထောင်ခြင်း တရားရုံးအမိန့်ဖြင့် ပုဂ္ဂိုလ်ရေးတယ်လီဖုန်းဆက်သွယ်မှုများကို တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ကြားဖြတ်နားထောင်လေ့ရှိသည်။

**withdrawal of charges**--ရုပ်သိမ်းခြင်း၊ ဆုတ်ခွာခြင်း၊ အမှုများကို တရားလိုကရုပ်သိမ်းခြင်း။ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၈/၃၄၅)

**without delay** ချက်ခြင်း။ ဥပဒေက ခွင့်ပြုထားသောအချိန်အတွင်း။

**without impeachment of waste**--ငှားရမ်းထားသူအနေဖြင့် အသုံးပြုခြင်းကြောင့် ယိုယွင်းချက်အပေါ် တာဝန်မရှိခြင်း။ အရေးယူဆောင်ရွက်မှုမရှိစေရခြင်း။ ၎င်းစာပိုဒ်ကို ငှားရမ်းသည့်စာချုပ်များတွင် ထည့်လေ့ရှိသည်။

**without recourse (adj)**--(ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းတွင်) နောက်တွင်ကပ်ပါလာသော လက်ဝယ်ရှိသူများတွင် တာဝန်မရှိစေခြင်း။

**witness (n)**--သက်သေ၊ နှုတ်သက်သေ။ မြင်သူ၊ ကြားသူ၊ အခြားအာရုံတစ်ခုခုဖြင့်သိသူ၊ ထင်မြင်ချက်ဖြစ်လျှင် ထိုထင်မြင်ချက်ပေးသူတို့က အစစ်ခံခြင်း။ တရားရုံးရှေ့တွင် ကျမ်းကျိန်ဆိုခြင်း၊ ကတိသစ္စာပြုခြင်းဖြင့် မိမိသိသောအခင်းဖြစ်အကြောင်းအရာများကို နှုတ်ဖြင့်သက်သေခံသူ။ မည်သူမဆိုသက်သေ



www.burmeseclassic.com

www.burmeseclassic.com



ခံခွင့်ရှိသော်လည်း အသက်အရွယ်ငယ်လွန်းခြင်း အိုမင်းမစွမ်းရှိခြင်း ကိုယ်ခန္ဓာရောဂါစွဲကပ်ခြင်း၊ စိတ်ရောဂါစွဲကပ်ခြင်းရှိလျှင်လည်းကောင်း မေးခွန်းများကို အကြောင်းနှင့်လျော်ညီစွာ ဖြေဆိုနိုင်ခြင်း မရှိလျှင်လည်းကောင်း သက်သေခံခွင့်မရှိပေ။ (သက်သေခံဥပဒေပုဒ်မ ၁၁၈)

witness stand-- တရားခွင်တွင် သက်သေကအစစ်ခံရာ၌ လာရောက်ထွက်ဆိုရသည့်နေရာ။

**wobbler (slang)---** ယိမ်းယိုင်သွားတတ်သူ။ သာမန်သို့မဟုတ်ကြီးလေးသောပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲချက်တင်နိုင်သောအမှု။ A crime that can be charged as either a felony or a misdemeanor.

**words of limitation–** လွှဲပြောင်းခြင်း၏ အကျိုးသက်ရောက်မှုကို ရှင်းပြသည့်မြေအရောင်းအဝယ်စာချုပ်တွင် ပါသောစကားလုံးများ

**words of purchase--** ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူနှင့် စပ်လျဉ်း၍ မြေအရောင်းအဝယ် စာချုပ်တွင်ဖော်ပြချက်။

**worker (n)--** အလုပ်သမား။

**working day** စနေ၊ တနင်္ဂနွေနှင့်တရားဝင်ရုံးပိတ်ရက်မဟုတ်သောနေ့များ။ တစ်ပါတ်အတွင်းတစ်လအတွင်း တစ်နှစ်အတွင်း အလုပ်လုပ်သောရက်များ။

**working hour**–အလုပ်လုပ်ချိန်။

work house--ထောင်တွင်းအလုပ်ရုံ။ အလုပ်နှင့်နှစ်တိုထောင်ဒဏ်ကျခံရသူများဝင်ရောက်လုပ်ကိုင်ရသည့် ထောင်တွင်းအလုပ်ရုံ။

**workmen's compensation**–အလုပ်သမားလျော်ကြေး၊ အလုပ်ခွင် အတွင်းတာဝန်ထမ်းဆောင်နေခိုက် အလုပ်နှင့်စပ်လျဉ်း၍ ထိခိုက်ဒဏ်ရာရခြင်း သေကြေခြင်းတို့အတွက် အလုပ်ရှင်က ပေးရသည့်လျော်ကြေး။

**worth (n)** ပစ္စည်းတစ်ခု၏ ငွေကြေးဖြင့်တိုင်းတာသောတန်ဖိုး။

**worthy of credit** ယုံကြည်ထိုက်သော။

**wounding (n)** ဒဏ်ရာရစေခြင်း (က) bruises of contusions အတွင်းကြေဒဏ်ရာ ဖူးယောင်ဒဏ်ရာ။

(ခ) abrasions ကုတ်ခြစ်ပွန်းပဲ့ဒဏ်ရာ၊ (ဂ) incised wounds ပြတ်ရှဒဏ်ရာများ။ (ဃ) punctured wounds ချွန်ထက်သော လက်နက်ဖြင့် ထိုးဖောက်





သောဒဏ်ရာ။ (င) lacerated wounds စုတ်ပြဲဒဏ်ရာ (စ) injuries from burns မီးလောင်ဒဏ်ရာ (ဆ) injuries from scalds အပူရည်လောင်ဒဏ်ရာ။ (ဇ) injuries from electricity burns ဓာတ်လိုက်၍ ရသောဒဏ်ရာ။

**wreck (n)** သင်္ဘောပျက်မှုကြွင်းကျန်ပစ္စည်းများ။ ship wreck သင်္ဘောသည် ပင်လယ်ပြင်တွင် မုန်တိုင်းမိ၍ဖြစ်စေ၊ ကျောက်ဆောင်နှင့် တိုက်မိ၍ဖြစ်စေ ပျက်စီးခြင်း။

**writ (n)** စာချွန်တော်အမိန့်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါစာချွန်တော်အမိန့် များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်။

(၂) အာဏာမေးစာချွန်တော်အမိန့်။

(၃) တားမြစ်စေစာချွန်တော်အမိန့်။

(၄) အာဏာပိုင်ပေးစာချွန်တော်အမိန့်။

(၅) အမှုခေါ်စာချွန်တော်အမိန့်။

**writ of summons** တရားမမှုတွင် တရားလို၏ စွဲဆိုချက်ကို တရားပြိုင်အား အသိပေးပြီး ၎င်းအား ဖြေရှင်းဆင့်ခေါ်သော စာချွန်တော်။

**write off** စာရင်းမှပယ်ဖျက်ခြင်း၊ အကြောင်းတစ်ခုခုကြောင့် သိုလှောင်ရုံအတွင်းရှိကုန်များ ပျက်စီးသွားသောအခါ စာရင်းမှပယ်ဖျက်ခြင်း။

**written admission** စာဖြင့်ဝန်ခံချက်

**written objection** စာဖြင့်ကန့်ကွက်ချက်

**written statement** တရားပြိုင်မှ တင်သွင်းသည့်ချေပလွှာ။

**wrong (adj)** အခြားသူ၏ဥပဒေအရ ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ဖောက်ဖျက်ခြင်း။ ဥပဒေအရဆောင်ရွက်ရမည့် တာဝန်ကိုချိုးဖောက်သော။

**wrongdoer** မတရားမှုကျူးလွန်သူ၊ အမှားပြုလုပ်သူ။

**wrongful confinement** မတရားချုပ်နှောင်ထားမှု။

**wrongful gain** မတရားရယူခြင်း။

**wrongful loss** မတရားဆုံးရှုံးခြင်း။

**wrongful restraint** မတရားတားဆီးကန့်ကွက်မှု။



www.burmeseclassic.com

www.burmeseclassic.com

# X

**X** စာမတတ်သူက လက်မှတ်ရေထိုးရာတွင် သုံးသည့်အမှတ်အသား။ ကြက်ခြေခတ်။

**x rated**-အရွယ်မရောက်သေးသော ကလေးသူငယ်များ မကြည့်ရန် တားမြစ်ထားခြင်း။

**xenelasia** နိုင်ငံခြားသားများ ပြည်တွင်း၌အခွင့်မရှိဘဲ အမြဲနေထိုင်မှုကို တားမြစ်သည့်အုပ်ချုပ်ရေး အခြေခံဥပဒေစလေ့ထုံးစံ(A G O)



# Y

**yard(n)** အိမ်ဆောက်ထားသည့်မြေပိုရှိသောခြံဝင်း။ကုန်ပစ္စည်းများသိုလှောင်ရာခြံဝင်း။

**year (n)** နှစ်၊ ခုနှစ်။ ခရစ်သက္ကရာဇ်ကို ရည်ညွှန်းသည်။

**year to year** နှစ်အလိုက် (ago)

**year and a day** တစ်နှစ်နှင့်တစ်ရက်သတ်မှတ်ခြင်း။ ဥပမာ ဇန်နဝါရီလ (၁)ရက်မှနောက်နှစ်ဇန်နဝါရီ (၁)ရက်နေ့အထိကို။

**yellow dog contract** အလုပ်လုပ်ရန်အတွက် အလုပ်ရှင်နှင့်အလုပ်သမားတို့အလုပ်သဘောတူစာချုပ်ချုပ်ဆိုရာတွင် အလုပ်သမားအနေဖြင့် အလုပ်သမားသမဂ္ဂနှင့်ဆက်သွယ်မှုမပြုလုပ်ရဟူသော အချက်ပါရှိခြင်း။ ထို yellow dog contract မှာ ဥပဒေအရ အကျိုးသက်ရောက်မှုမရှိ၊ အတည်မပြုနိုင်ပါ။

**yield (v)** အလျှော့ပေးသည်၊ လက်နက်ချသည်၊ ခွင့်လွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**youth** -- လူငယ်၊အသက် ၁၆နှစ်ပြည့်ပြီး အသက် ၁၈နှစ်မပြည့်သေးသောသူ။ ပဋိညာဉ်တစ်ရပ်ကို ချုပ်ဆိုရန် သတ်မှတ် အရည်အချင်း ပြည့်မီခြင်း မရှိသေးသောသူ။

**youthful offemder**-ပြစ်မှုကျူးလွန်သောလူငယ်။



# Z

**zealous witness** အမှုတွင်စိတ်ပါဝင်စားသော သက်သေ။

**zone (n)** ဇုန်နယ်မြေ။ နယ်မြေခွဲခြားသတ်မှတ်သည်။ စည်ပင်သာယာ လုပ်ငန်းများလုပ်ကိုင်ရာတွင် ဒေသအလိုက်စည်းမျဉ်းများ ထုတ်ပြန်နိုင်ရန်အတွက် ပိုင်းခြားထားခြင်း။

**zone of imployment** လုပ်ငန်းခွင်နေရာသတ်မှတ်ခြင်း။ လုပ်ငန်းတွင် ဝင်ပေါက်ထွက်ပေါက် နေရာများလည်း အပါအဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

KYITHAR



This is not the official definition. Terms apply to laws and procedures of criminal and civil. A quick-reference source for Law students. laymen and novices, in the field of Law.

**Justice Delayed Is Justice Denied**
**(Anonymous)**

KYITHAR

5200006
Ks 7,000

www.burmeseclassic.com